www.burmeseclassic.com



ကျေးဇူးတော်ရှင်

ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ဘုရားကြီး

ဘဒ္ဒန္တကုန္ဒောဘာသ မဟာထေရ် (အနိစ္စဆရာတော်)

ဟောကြားတော်မူသော

# ဓမ္မာနုပဿနာတရားတော်အနှစ်ချုပ်

အမှတ်စဉ်(၂)



www.burmeseclassic.com

ကျေးဇူးတော်ရှင်

ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ဘုရားကြီး

# ဘဒ္ဒန္တဣန္ဒောဘာသ မဟာထေရ် (အနိစ္စဆရာတော်)

ဟောကြားတော်မူသော

# ဓမ္မာနုပဿနာတရားတော်အနှစ်ချုပ်

အမှတ်စဉ်(၂)

သာသနာတော်နှစ် - ၂၅၅၃၊ ကောဇာသက္ကရာဇ် - ၁၃၇၁၊ ဝါဆိုလပြည့်၊ တနင်္လာနေ့။
ခရစ်နှစ် - ၂၀၀၉၊ ဇူလိုင်လ (၆)ရက်။

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၁၁၄၀၃၀၉

အဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၁၀၃၀၃၀၉

မျက်နှာဖုံးပန်းချီ - ဦးမြင့်မောင်

ထုတ်ဝေခြင်း - ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ဓမ္မဒါန

ထုတ်ဝေသူ - ဦးမောင်မောင်လှ

ရွှေနိုင်ငံ (၀၅၇၄၅)

အမှတ်(၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အဖုံးနှင့်အတွင်းပုံနှိပ် - ရွှေနိုင်ငံပုံနှိပ်တိုက်

အမှတ်(၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၅၅၄၄၇၄၊ ၅၄၈၀၄၂

“ ထုတ်ဝေသည့်စာအုပ် ကတ်တလောက် အညွှန်း ” (CIP)

၂၉၄.၃

ဘဒ္ဒန္တက္ကန္ဒောဘာသ မဟာထေရ် (အနိစ္စဆရာတော်)

ဓမ္မာနုပဿနာတရားတော်အနှစ်ချုပ်၊ အမှတ်စဉ် (၂) /

ဘဒ္ဒန္တက္ကန္ဒောဘာသမဟာထေရ် (အနိစ္စဆရာတော်)။ ရန်ကုန် - ရွှေနိုင်ငံစာပေ၊ ၂၀၀၉။

၃၅၂ မျက်နှာ၊ ၁၈.၄၂ × ၂၅.၄ စင်တီ။ (၁) ဓမ္မာနုပဿနာတရားတော်အနှစ်ချုပ်၊ အမှတ်စဉ် (၂)


♠ ဤစာအုပ်တွင်ပါရှိသောတရားတော်များကို မည်သူမဆို ကူးယူ၍ ဓမ္မဒါနပြုနိုင်ပါသည်။ ♠

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အမှတ်စဉ် | တရားခေါင်းစဉ်အမည် | စာမျက်နှာ |
|---|---|---|
| ၁။ | အတ္တကို ကြည့်ပါ တရားတော် | ၁ |
| ၂။ | ဝါဂွမ်းနှစ်ခုကောက်၍ထု နာမှုမရှိဥပေက္ခာ တရားတော် | ၁၅ |
| ၃။ | ဇာတိဖြစ်ရင် ဇရာမရဏဖြစ်တယ် တရားတော် | ၂၇ |
| ၄။ | အစေတနော၊ အဗျာကတော တရားတော် | ၃၉ |
| ၅။ | အဝိဇ္ဇာမရှိ လူမရှိ တရားတော် | ၅၀ |
| ၆။ | ပစ္စုပ္ပန်မှာ အဝိဇ္ဇာရှိတယ် တရားတော် | ၆၀ |
| ၇။ | စိတ်ကောင်းကြည်လင် ဝမ်းမြောက်လျှင် တရားတော် | ၇၄ |
| ၈။ | ပိယရုပ် သာတရုပ် မဟာဘုတ်ကွဲလျှင် တဏှာချုပ် တရားတော် | ၇၉ |
| ၉။ | ကိလေသာဟူ တွင်းရန်သူတို့ မပြုဝံ့ရှောင်း<br>ဝေးတော်မူကြောင်း တရားတော် | ၉၇ |
| ၁၀။ | ဥပါဒ် ဋီ ဘင် စ စဉ် အို သေ တရားတော် | ၁၁၀ |
| ၁၁။ | ပညတ်အာရုံ တရားတော် | ၁၂၂ |
| ၁၂။ | သမုဒယသစ္စာ ပဟာတဗ္ဗန္တိမေ တရားတော် | ၁၃၈ |
| ၁၃။ | သတ္တဌာန ကုသလ တရားတော် | ၁၅၄ |
| ၁၄။ | မျက်စိကမြင်တယ် မနောကမြင်တယ်<br>လူကမြင်တယ် တရားတော် | ၁၆၆ |
| ၁၅။ | ဝယမ္မောသင်္ခါရာ တရားတော် (နာဂစ်လေဘေးတရားတော်) | ၁၇၉ |
| ၁၆။ | ရူပီ – ရုပ်ရှိသော တရားတော် | ၁၈၉ |
| ၁၇။ | ရဟာတ်ပွေ တရားတော် | ၂၀၀ |
| ၁၈။ | ဝိညာဏ်လေးပါး တရားတော် | ၂၁၃ |
| ၁၉။ | မနောဓာတ် ဓမ္မဓာတ် တရားတော် | ၂၂၈ |
| ၂၀။ | စေတသိက်နဲ့ လူနဲ့ခွဲ တရားတော် | ၂၄၅ |
| ၂၁။ | ဘဝအင်္ဂါမသိရှာ သူဟာ အာဋ္ဌာရဖြစ်သတည်း တရားတော် | ၂၆၀ |
| ၂၂။ | သင်္ခတရုပ်နာမ်ကို အဟုတ်ဉာဏ်တင်စီးပြီ တရားတော် | ၂၇၃ |
| ၂၃။ | စိတ်ကို သိလျက်ရှုအံ့ တရားတော် | ၂၈၄ |
| ၂၄။ | တပေါ်စ ဖြဟ္မစရိယဥ္စ တရားတော် | ၂၉၈ |
| ၂၅။ | မိလိန္ဒပဉှာတရားတော် | ၃၀၇ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| အမှတ်စဉ် | တရားခေါင်းစဉ်အမည် | စာမျက်နှာ |
|---|---|---|
| ၂၆။ | ဓမ္မဋ္ဌိတိဉာဏ် တရားတော် | ၃၁၈ |
| ၂၇။ | ဒေါသငြိမ်းတာ နိဗ္ဗာန် တရားတော် | ၃၂၀ |
| ၂၈။ | ရေအို ရေဟောင်း သွန်းလောင်းပြီးသောလေ့ တရားတော် | ၃၂၁ |
| ၂၉။ | ဝိပဿနာဉာဏ်စဉ် ဆယ့်ခြောက်ပါး တရားတော် | ၃၂၃ |
| ၃၀။ | ဝိပဿနာဉာဏ်စဉ် ဆယ့်ခြောက်ပါး သံပေါက်လင်္ကာ | ၃၂၆ |
| ၃၁။ | ဆုံးမသြဝါဒ သံပေါက်လင်္ကာများ | ၃၂၇ |
| ၃၂။ | စုစည်းထားသည့် ကမ္မဋ္ဌာန်းနည်းများ | ၃၄၆ |


### ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ဘုရားကြီး ဘဒ္ဒန္တက္ကန္ဒောဘာသမဟာထေရ် (အနိစ္စဆရာတော်) ၏ ဆုံးမသြဝါဒသံပေါက်လင်္ကာ

၁၄ . ၄ . ၂၀၀၉ (သင်္ကြန်အကျနေ့)

- ငါ့ကိုမှီ၍ ဖြစ်ပေမယ့် ငါလုပ်တာမှ မဟုတ်ဘဲ။ သူ့ကိုမှီ၍ ဖြစ်ပေမယ့် သူလုပ်တာမှ မဟုတ်ဘဲ။

ငါနဲ့၊ လုပ်တာနဲ့ အတူတူလား၊ နှစ်ခုလား၊ အဲဒါက ဆင်ခြင်တာ၊ နှလုံးသွင်းတာ၊ ငါနဲ့ လုပ်တာနဲ့ မတူဘူး၊ **'ငါ့ကို'** ဆိုတာက မိစ္ဆာဒိဋ္ဌိ၊ **'လုပ်တာ'** က ငါလုပ်တာမဟုတ်ဘူး၊ သင်္ခါရ ကံက လုပ်တာ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်တယ်၊ အစွဲကြောင့် လုပ်တာဖြစ်တယ်၊ စွဲရင်ကံဖြစ်တယ်၊ လုပ်တာက သင်္ခါရ ကံ၊ လုပ်ကြောင်းက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ အဲဒါဆိုရင် **'သူငါ'** မရှိတော့ဘူး၊ **'သူငါ'** ရှိရင် မိစ္ဆာဒိဋ္ဌိ-သမုဒယသစ္စာ၊ **'သူငါ'** မရှိရင် သမ္မာဒိဋ္ဌိ-မဂ္ဂသစ္စာ။

- ကလေးတွေကိုမှီ၍ ဖြစ်ပေမယ့် ကလေးတွေလုပ်တာမှ မဟုတ်ဘဲ။

ကလေးတွေနဲ့၊ လုပ်တာနဲ့ အတူတူလား၊ နှစ်ခုလား၊ ကလေးတွေနဲ့ လုပ်တာနဲ့ မတူဘူး၊ **'ကလေးတွေ'** ဆိုတာက မိစ္ဆာဒိဋ္ဌိ၊ **'လုပ်တာ'** က ကလေးတွေလုပ်တာမဟုတ်ဘူး၊ သင်္ခါရ ကံက လုပ်တာ၊ ပက်ချင်တာက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကလေးတွေ ရေပက်တယ် မဟုတ်လား၊ စိတ်မဆိုးဘူးလား၊ စိတ်မဆိုးဖို့ ပြောနေတာ၊ စိတ်မဆိုးရင် နိဗ္ဗာန်ရောက်တယ်။

- ငါ့ကိုမှီ၍ ကြည့်ပေမယ့် ငါကြည့်တာမှ မဟုတ်ဘဲ။ ငါ့ကိုမှီ၍ ကြားပေမယ့် ငါကြားတာမှ မဟုတ်ဘဲ။ ငါ့ကိုမှီ၍ ကြံပေမယ့် ငါကြံတာမှ မဟုတ်ဘဲ။

- **'ငါ'**ဆိုတာက ဒိဋ္ဌိငါ၊ **'ငါ့'** ဆိုတာက လောဘငါ၊ **'ငါ့'** ဆိုတာက **'ငါ၏'** နဲ့ အတူတူပဲ။

- **'ယောဓမ္မံပဿတိ သောမံပဿတိ'**၊ **'ယော**-အကြင်သူသည်၊ **ဓမ္မံ**- ပဋိစ္စသမုပ္ပါဒ်တရားတော်ကို၊ **ပဿတိ**-မြင်၏။ **သော**- ထိုသူသည်၊ **မံ**- ငါဘုရားကို၊ **ပဿတိ**-မြင်၏'။

www.burmeseclassic.com

www.burmeseclassic.com

# (နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)[၃]

**အရဟံဂုဏ်တော်**

- ကိလေသာဟူ တွင်းရန်သူတို့ မပြုပွံ့ရှောင်း ဝေးတော်မူသော အကြောင်းကြောင့်လည်း **'အရဟံ-အရဟ'** မည်တော်မူ၏။

- သံသရာစက် ကန့်အကွက်ကို မဂ်လေးအောက်ထက် အမြောက်စက်ဖြင့် ဖျောက်ဖျက်နင်းချေ အတင်းမွှေလျက် ရှင်းစေခါထွက် အလာပျက်အောင် နာနာနှက်တော်မူ ပြီးထသော အကြောင်းကြောင့်လည်း **'အရဟံ-အရဟ'** မည်တော်မူ၏။

- လူနတ်ပြဟ္မာ သတ္တဝါတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း **'အရဟံ-အရဟ'** မည်တော်မူ၏။

- လောဘ ဒေါသ မောဟတည်းဟူသော ကိလေသာတို့ကို ညက်ညက်နုပ်နုပ် ခုတ်ထွင်ပယ်ရှားတော်မူပြီးသော အကြောင်းကြောင့်လည်း **'အရဟံ-အရဟ'** မည်တော်မူ၏။

- ပါပညစ်ကျုး မကောင်းမှုတို့ပြုဖို့နေရာ ဆိတ်ကွယ်ရာ မရှိတော်မူသော အကြောင်းကြောင့်လည်း **'အရဟံ-အရဟ'** မည်တော်မူ၏။

**သမ္မာသမ္ဗုဒ္ဓဂုဏ်တော်**

- အဘိညေယျာ၊ ပရိညာနှင့် ပဟာတဗ္ဗ သစ္ဆိကဟု မဂ္ဂဘာဝနာ လေးသစ္စာကို ဆရာမဆို အလိုလိုလျှင် မဂ်ဖိုလ်နှိုင်းထောက်မဖောက်မပြန် ဧကန်သိတတ် ကြောင်းတစ်စပ်ကြောင့် **'သမ္မာသမ္ဗုဒ္ဓေါ - သမ္မာသမ္ဗုဒ္ဓ'** မည်တော်မူ၏။

- သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်တည်းဟူသော ဥေ ယျမံ တရားငါးပါးကို ဆရာမဆို အလိုလိုလျှင် မဂ်ဖိုလ်နှိုင်းထောက်မဖောက်မပြန် ဧကန်သိတတ် ကြောင်းတစ်စပ်ကြောင့် **'သမ္မာသမ္ဗုဒ္ဓေါ - သမ္မာသမ္ဗုဒ္ဓ'** မည်တော်မူ၏။

**ဘဂဝါဂုဏ်တော်**

- ဣဿရိယ ဓမ္မ ယသ၊ သီရိ ကာမ ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသောကြောင့် **'ဘဂဝါ-ဘဂဝါ'** မည်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဣန္ဒောဘာသ မဟာထေရ် (အနိစ္စဆရာတော်) ၏ ဆုံးမဩဝါဒ သံပေါက်လင်္ကာများ

- **ယောစ ဗုဒ္ဓဉ္စ ဓမ္မဉ္စ သံဃဉ္စ သရဏံဂတော၊ စတ္တာရိ အရိယသစ္စာနိ သမ္မပ္ပညာယ ပဿတိ။**

**ယောစ**-အကြင်သူသည်၊ **ဗုဒ္ဓဉ္စ ဓမ္မဉ္စ သံဃဉ္စ သရဏံဂတော** - ဘုရား တရား သံဃာကို ဆည်းကပ်၍၊ **စတ္တာရိ**-ထိုသူသည်သစ္စာလေးပါးတရားကို၊ **သမ္မပ္ပညာယပဿတိ**-ဝိပဿနာ ပညာနှင့်မြင်၏။

- **ဗုဒ္ဓေါ သောဘဂဝါ ဗောဓနာယ၊ ဓမ္မံဒေသေတိ၊**
  **မုတ္တော သောဘဂဝါ မောစနာယ၊ ဓမ္မံဒေသေတိ၊**
  **တိဏ္ဏော သောဘဂဝါ တာရေနာယ၊ ဓမ္မံဒေသေတိ။**

ဗုဒ္ဓေါမြတ်စွာဘုရားသည် သစ္စာလေးပါးတရားကို သိတော်မူ၏၊ သံသရာမှ (ဝါ) ဒုက္ခသစ္စာမှ လွတ်မြောက်တော်မူ၏၊ သံသရာတစ်ဘက်ကမ်းကို ကူးမြောက်နိုင်ပါ၏၊ ထို့အတူ သတ္တဝါ များကိုလည်းသိစေတော်မူ၏၊ လွတ်မြောက်စေတော်မူ၏၊ ကူးမြောက်စေတော်မူ၏။

## ဒုက္ခသစ္စာအနက်လေးချက်


**ပီဠနာ သင်္ခတဋ္ဌောစ၊ တပေါ ဝိပရိဏာမနာ၊ ဒုက္ခသစ္စံ စတုဓ္ဓေဟိ၊ ဝိဘတ္တာဝိ မုနိံ နမေ။**

**ပီဠနာစ** - နှိပ်စက်ခြင်း အနက်လည်းကောင်း၊
**သင်္ခတဋ္ဌောစ** - ပြုပြင်ခံရခြင်း အနက်လည်းကောင်း၊
**သန္တာပေါစ** - ပူပန်ခြင်း အနက်လည်းကောင်း၊
**ဝိပရိဏာမောစ** - ဖောက်ပြန်ခြင်းအနက်လည်းကောင်း၊
**ဣတိ** - ဤသို့၊ **ဒုက္ခသစ္စံ** - ဒုက္ခသစ္စာကို၊ **စတုဓ္ဓေဟိ** - လေးပါးသောအနက်တို့ဖြင့်၊ **ဝိဘတ္တာဝိ** - ဝေဖန်၍ ဟောကြားတော်မူသော၊ **ဗုဒ္ဓံ** - မြတ်စွာဘုရားကို၊ **နမေ နမာမိ** - ရှိခိုးပါ၏။

- သက်တော်ထင်ရှားဘုရားရှိသေးတယ်၊ အမှားနဲ့အမှန်၊ ဘုရားဆို 'ဉာဏ်'၊ အမှားကို အမှန်မလုပ်နဲ့၊ တရားဆို 'နာမ်ရုပ်'ကွဲ့၊ ဟန်မလုပ်နဲ့ ဟော့၊ 'ကံ' ပြုတ်အောင် ကြိုးစားကြ။

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ဘုရားကြီး

# ဘဒ္ဒန္တ ကက္ကဒ္ဒောဘာသ မဟာထေရ်

## (အနိစ္စဆရာတော်)

တောဝိန္ဒာရာမကျောင်းတိုက်

ကုက္ကိုင်းလမ်းဆုံ၊ ကမ္ဘာအေးဘုရားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ပစ္စက္ကာလဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဣန္ဒောဘာသ မဟာထေရ် (အနိစ္စဆရာတော်) ၏ ဆုံးမဩဝါဒ သံပေါက်လင်္ကာများ

- ဝိပါကဝဋ်အချင်းချင်း ဆက်သွယ်လျှင်း မယွင်းကိလေသဝဋ်ဖြစ်သတည်း။
  ကိလေသဝဋ်သာဖြစ်လေပါ ကမ္မဝဋ်ဟာဖြစ်သတည်း။
  ကမ္မဝဋ်သာဖြစ်လေပါ ဝိပါကဝဋ်ဟာဖြစ်သတည်း။
- ဝိပါကဝဋ်အချင်းချင်း အဆက်သွယ်ကင်း အလျှင်းကိလေသဝဋ်မဖြစ်သတည်း။
  ကိလေသဝဋ်သာမဖြစ်ပါ ကမ္မဝဋ်ဟာ မဖြစ်သတည်း။
  ကမ္မဝဋ်သာမဖြစ်ပါ ဝိပါကဝဋ်ဟာ မဖြစ်သတည်း။
- ဝိပါကဝဋ်သာ မဖြစ်ပါ သူဟာ အရိယာဖြစ်သတည်း။
  ဝဋ်သုံးပါးသာ သိလိုက်ပါ လွတ်မှာ သေချာသည်။
  သုံးပါးအထက် ပို၍စွက် လွတ်ရက်မရှိပြီ။
- မျက်စိက ဝိပါကာ၊ ဆဲချင်တာက ကိလေသာ၊ ဆဲလိုက်တာက ကမ္မာ။
- ဆဲချင်တာက ကိလေသာ၊ ဆဲလိုက်တာက ကမ္မာ၊ အရသာရှိတာက ဝိပါကာ။
- ဆဲချင်ရုံသာဆဲချင်ပါ၊ မဆဲလိုက်ပါနဲ့၊ အဝိဇ္ဇာကြောင့်သာ ဆဲချင်တာ၊ ဝိဇ္ဇာမဆဲချင်။
- ဝိပဿနာဆိုတာ ဘယ်လိုဟာ ဘယ်မှာရှု၍ဖြစ်သနည်း။
  အပြစ်ဖြစ်ရာ ကံသုံးဖြာ၊ သေချာရှု၍ သိသတည်း။
  သေချာလေးသာ ရှုလိုက်ပါ၊ အာသဝေါဟာကုန်သတည်း။
  အပြစ်တွေသာ မဖြစ်ပါ၊ သူဟာအရိယာဖြစ်သတည်း။
- သူတစ်ပါးအပြစ်ကိုသာ ရှုလေပါ အာသဝဟာဖြစ်သတည်း။
  ကဲ့ရဲ့၍သာနေလေပါ မှတ်ပါ အာသဝေါတိုးသတည်း။
- မရိုးသား မဖြူစင် ဤအမြင် ဤတွင် ပုထုဇဉ်ဖြစ်သတည်း။
  ရိုးသားဖြူစင် ဤအမြင် ဤတွင်အရိယာဖြစ်သတည်း။
  အရိယာသာဖြစ်လေပါ ရိုးသားဖြူစင်ဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



# "အတုကိုကြည့်ပါ တရားတော်"

၂၃၊ ၉၊ ၂၀၀၇

## နာမ်ကမ္မဋ္ဌာန်း

သိတာက **'နာမ်'**၊ သိတာမှတစ်ပါး ဒီ့ပြင်ဟာတွေက **'ရုပ်'**၊ သိတာက **'နာမ်'**၊ မြင်တာတွေ အဲဒါတွေက **'ဝိညာဏ်'**၊ မြင်တာတွေ၊ ကြားတာတွေ၊ နံတာတွေ၊ စားတာတွေ၊ စိတ်ကူးတွေ အဲဒါက **'ဝိညာဏ်'**၊ စဉ်းစားတာတွေ စုံစမ်းတာတွေ ဆုံးဖြတ်တာတွေ အဲဒါတွေ **'နာမ်တွေ'**၊ **'နာမ်'**က အလုပ်လုပ်တယ်၊ **'ကုသိုလ်နာမ်၊ အကုသိုလ်နာမ်'**၊ **'နာမ်တွေ'**၊ မြင်တာလည်း**'နာမ်'**၊ သိတာ **'နာမ်'** ဆိုရင် အဲဒီ သိတာတွေမှန်သမျှ **'နာမ်'**၊ **'နာမ်၊ နာမ်'**လို့ ဆိုချင်ဆိုသွား၊ **'သိတယ်'**လို့ ဆိုချင်ဆိုသွား။

**'သိတယ်၊ သိတယ်'**၊ ဖြစ်တာတွေကို ဆိုချင်ဆိုသွား၊ အဲဒါ **'နာမ်ကမ္မဋ္ဌာန်း'** ပေါ့၊ **'နာမ်'**ကို ကွဲတယ်၊ **'နာမ်'**မှန်း သိတယ်၊ **'နာမ်'**၊ သိတာက **'နာမ်'** ဆိုလိုက်လို့ သိတာက **'နာမ်'** ဖြစ်သွားတယ်၊ ဒီ့ပြင် **'ရုပ်'** ကတော့ ဘာမှမလုပ်ဘူး၊ သိတာတွေက **'နာမ်'**၊ အိပ်ရာက နိုးကတည်းက **'နာမ်တွေ'** ပေါ့၊ အိပ်တာကလည်း **'နာမ်'** ပဲ၊ **'နာမ်တွေ'** ကို ကိုယ့်ကိုယ်ကို သွားရင်းမတ်တတ် ဘာဖြစ်တယ် **'နာမ်'**၊ မြင်တယ် **'နာမ်'**၊ စိတ်ဆိုးတယ် **'နာမ်'**၊ စကားပြောတယ် **'နာမ်'**၊ **'နာမ်'** ရှိလို့ စကားပြောနိုင်တယ်၊ **'ရုပ်'**ဆို စကားမပြောနိုင်ဘူး၊ **'ရုပ်'**ချည်းပဲ စကားပြောလို့မရဘူး။

## နာမ်လို့မယူလို့ရှိရင် လူလို့ဖြစ်သွားတယ်

လှုပ်တာက **'ဝစီဝိညတ်ရုပ်'**၊ စကားပြောတာက **'ရုပ်'**၊ စကားပြောတော့လှုပ်တယ်၊ အသံလည်း ဖြစ်တယ်၊ စကားပြောတာဟာ လှုပ်တာလည်းဖြစ်တယ်၊ အသံလည်းဖြစ်တယ်၊ **'လှုပ်တာ'**က **'ဝစီဝိညတ်ရုပ်'**၊ **'အသံ'**က **'အသံရုပ်'**၊ အဲဒီအသံနဲ့ လှုပ်တာကို စကားပြောတယ်လို့ ဆိုတာ အဲဒါက **'ပညတ်'**လို့ခွဲရတယ်၊ စကားပြောတာလည်း **'ပညတ်'**၊ လှုပ်တာက **'ရုပ်'**၊ ပါးစပ်လှုပ်မှ ပြောလို့ဖြစ်တယ်၊ ပါးစပ်ကလည်း ဝမ်းထဲက လှုပ်စေချင်တယ်၊ ဝမ်းထဲ မနေရာက လှုပ်စေချင်တော့ ပါးစပ်ကလှုပ်တယ်၊ စကားပြောချင်တယ်၊ ပြောချင်တယ်၊ အဲဒါ ဝမ်းထဲက ပြောချင်တယ်၊ အဲဒါ **'ဆန္ဒစေတသိက်'**၊ အဲဒါကို **'နာမ်'** လို့ယူရတယ်၊ **'နာမ် တေပညာသ'**လို့ ခေါ်တယ်၊ နာမ်ငါးဆယ့်သုံးပါးတဲ့၊ **'နာမ် တေပညာသ'** ရှိတယ်၊ အဲဒါ **'နာမ်'**လို့ယူ၊ **'နာမ်'** လို့ မယူလို့ရှိရင် **'လူ'**လို့ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



## မြင်တဲ့ထဲမှာ အတူကိုသိ

အခု ချောင်းဆိုးတာတွေ ဘာတွေ အသံဆို **'ရုပ်'**၊ အသံက **'ရုပ်'**ကိုး၊ အထက်ဆန်တဲ့ လေကို ချောင်းဆိုးတယ်လို့ခေါ်တယ်၊ ခေါ်တာက **'ပညတ်'**၊ **'ပညတ်'**တို့ **'နာမ်'**တို့ ကွဲရတယ်၊ **'ပညတ် နာမ် ရုပ်'** အဲလိုဆိုဆို ခွဲခွဲသွား၊ **'ပညတ် နာမ် ရုပ်'** အဲလိုလုပ်၊ အသံက **'ရုပ်'**၊ လှုပ်တာက **'ရုပ်'**၊ အဲလို မလှုပ်ဘဲနဲ့ ချောင်းဆိုးလို့ မဖြစ်ဘူး၊ အဲလို **'နာမ်ရုပ်'**၊ နာမည်တွေက **'ပညတ်'** အဲလိုခွဲ **'ပညတ် နာမ် ရုပ်'**။ လူတွေ နာမည်တွေ၊ မြို့တွေရဲ့နာမည်တွေ၊ နာမည်တွေ၊ ဒီလို ပုံကြီးတွေ လူပုံကြီးတွေ၊ ခွေးပုံကြီးတွေ၊ ဝက်ပုံကြီးတွေ ပုံစံကြီးတွေက **'ရုပ်'**၊ **'နာမ်နဲ့ရုပ်'**။ ပြီးတော့ **'ပညတ် နာမ် ရုပ်'** နာမည်တွေက **'ပညတ်'**၊ ပုံတွေက **'သဏ္ဌာန် ပညတ်'**၊ ဓာတ်ပုံထဲကပုံက အစ ဒီထိုင်တဲ့ပုံကြီးတွေ၊ ထိုင်တာပုံ၊ အဲလို အလုပ်လုပ်တာတွေက **'ပုံ'**၊ **'ပုံ'**ခေါ်တယ်။

**'ပုံ'**ဆိုတာ ဒြပ်ခေါ်တယ်၊ **'ဒြပ်'** ဆိုတာ ပညတ်ခေါ်တယ်၊ **'ပညတ် နာမ် ရုပ်'**၊ အဲလို ကွဲအောင်ဆိုဆိုပေး၊ ကိုယ့်ဟာကိုယ် ဆိုဆိုပေး၊ ဆိုဆိုပေးမှ သိတယ်၊ **'လူ'**၊ **'လူ'**ဆိုတာ ပညတ်၊ ယောကျ်ား မိန်းမဆိုတာ **'ပညတ်'**၊ အဲလိုသိ၊ ထိုင်တဲ့ပုံက **'ပညတ်'**။ သိတာက **'နာမ်'**၊ ထိုင်တာက **'ရုပ်'**၊ **'နာမ်ရုပ်'**၊ မြင်တာက **'နာမ်'**၊ မြင်တာကို**'သိ'**၊ မြင်တဲ့ထဲမှာ **'အတူကိုသိ'**၊ မြင်တဲ့ထဲမှာ တစ်ခါတည်း မြင်တဲ့ဟာတွေ ပုံတွေပေါ့၊ **'ပညတ်တွေ'** လှုပ်တာတွေ ဖွဲ့တာတွေပေါ့၊ ယိုစီးတာတွေပေါ့၊ အသားတွေ မာတာတွေ ပျော့တာတွေ **'ရုပ်တွေ'**၊ မြင်တဲ့ဟာတွေ၊ မြင်တာတွေကို တစ်ခုတည်း ရှုကြည့်လိုက်ပါဆိုတော့ ဟော မြင်တာတွေဟာ **'ရုပ်တွေ'**ပဲ၊

**'တူ'**တဲ့ဟာတွေ ရှုကြည့်တော့ မြင်တာတွေဟာဘာတုံး (ရုပ်တွေပါဘုရား)၊ **'ရုပ်တွေ'** ပဲလို့၊ **'မြင်စရာ့ဟာတွေ'**ပေါ့၊ **'မြင်တာတွေ မြင်စရာ့ဟာတွေ'**၊ မြင်တာတွေကတော့ **'နာမ်'**ပေါ့ ထားတော့၊ **'အတူ'**ကို ရှုလိုက်တယ်၊ **'အတူ'**ကို ရှုလိုက်ရတော့ မြင်တာတွေ၊ မြင်နေတဲ့ ဟာတွေက ယောကျ်ားကြီးတွေ၊ မိန်းမတွေ၊ အသံကြီးတွေ၊ နွားကြီးတွေ၊ ခွေးကြီးတွေပေါ့၊ အကုန်လုံး မြင်တယ်ပေါ့၊ မြင်တာတွေဟာ အားလုံး**'ရုပ်တွေ'**ပဲ။ **'ရုပ်တွေပါကလား'** ဆိုလိုက် စမ်း (ရုပ်တွေပါကလား)၊ မြင်စရာ့ဟာတွေပေါ့၊ အဲဒီဟာတွေ မြင်တဲ့ဟာတွေက **'အားလုံးရုပ်တွေပါကလား'** ဆိုလိုက်စမ်း (အားလုံးရုပ်တွေပါကလား)။

## အတူကိုကြည့်ပါ

**'အားလုံးရုပ်တွေပါကလား'** ဆိုတော့ တူတော့ မထူးတော့ဘူး၊ တူတာတွေ ဖြစ်သွား တယ်၊ **'အတူကို ကြည့်ပါ'** တဲ့၊ မြင်တဲ့နေရာတွေမှာ **'အတူကို ကြည့်ပါ'** တဲ့၊ ယောကျ်ားတွေ၊

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေဆိုတာ **'ကွဲ'**သွားတယ်၊ အဲဒါ **'အကွဲတွေ'** ခေါ်တယ်။ ခွေးတွေ၊ ဝက်တွေ၊ ကြက်တွေ၊ ငှက်တွေ၊ တောင်တွေ၊ အိမ်တွေ၊ ရုံးတွေ၊ ဂါတ်တွေ၊ စာသင်ကျောင်းတွေ၊ ဈေးတွေ အဲဒါတွေ ကွဲကွဲ ကွဲကွဲနေတော့ **'အမျိုးမျိုး'** ဖြစ်တယ်၊ အဲဒါ မျက်စိနဲ့ မြင်တဲ့ဟာတွေ ရုံးတွေ၊ ဂါတ်တွေနဲ့၊ လူတွေနဲ့၊ လူမှာလည်း **'အမျိုးမျိုး'**၊ မိန်းမတွေ၊ ယောကျ်ားတွေ၊ ကလေးတွေအပုံပဲ။ ခေါ်စရာတွေအပုံပဲ။ အဲဒါ မြင်တဲ့ဟာတွေက မြင်တာတွေ၊ အဲဒါတွေကို **'အတူ'**ကိုကြည့်ရတယ်၊ **'အတူတွေ'** ကို ကြည့်လိုက်တာ မြင်တာတွေကတော့ အပုံပဲ ဖြစ်နေတယ်၊ မြင်တာတွေကို အဲလို ခွဲခွဲ ပေးရတယ်၊ မြင်တာတွေက လူတွေမြင်တယ်၊ ယောကျ်ားတွေရော မိန်းမတွေရော၊ စာသင် ကျောင်းတွေရော၊ မော်တော်ကားတွေရော **'အမျိုးမျိုး'** မြင်တယ်၊ စားစရာတွေရော မြင်တယ်။

မြင်တဲ့ဟာတွေ **'အတူ'** ကိုကြည့်လိုက်တယ်၊ အခုလို အစိမ်း၊ အနီ၊ အဝါတွေ မြင်တာတွေ **'ကွဲ'** နေတယ်၊ **'ကွဲတာတွေ'**ကို မြင်တယ်၊ **'ကွဲတာတွေ'**ကို မြင်တာကို **'အတူကို ကြည့်ပါ'** တဲ့၊ ဟော **'အတူကိုကြည့်ပါ'**၊ မြင်တာတွေက **'ရူပါရုံတွေ'** ဖြစ်နေတယ်၊ **'ရူပါရုံ'** ဆိုတော့ ဘာတုံး (ရုပ်ပါဘုရား)၊ အေး **'ရုပ်တွေ'** လို့ မမြင်ဘူး၊ လူတွေ၊ ယောကျ်ားတွေ၊ မိန်းမတွေလို့ မြင်တယ်။

**မြင်တာကိုလည်း ကြည့်ပါ အတူကိုလည်း ကြည့်ပါ**

**'မြင်တာကိုလည်း ကြည့်ပါ၊ အတူကိုလည်း ကြည့်ပါ'**တဲ့၊ **'တူတာတွေ'** ကိုလည်း ကြည့်ပါတဲ့၊ **'တူတာတွေ'** ကြည့်ပါ၊ **'တူတာတွေ'** ကြည့်တော့ မြင်တဲ့ဟာတွေက **'အဆင်းတွေ'** မဟုတ်ဘူးလား၊ အဲဒါတွေက **'ရုပ်တွေ'** ဖြစ်သွားတယ်၊ ဘာတွေဖြစ်သွားတုံး (ရုပ်တွေဖြစ်သွားပါတယ်)။

**'မြင်တာတွေဟာ ရုပ်တွေပါကလား'**၊ အဲဒါ **'တူတာ'** ကြည့်လိုက်တော့ မထူးတော့ဘူး၊ ယောကျ်ားလည်း မဟုတ်ဘူး၊ ယောကျ်ားဆိုတော့ **'ရာဂ'** ဖြစ်တယ်၊ အင်္ကျီလှလှလေး ဆိုတော့ **'လိုချင်တာ'** ဖြစ်တယ်၊ ဝက်တွေဆိုတော့ ဝက်သား စားချင်တယ်နဲ့ မြင်တာတွေက **'အမျိုးမျိုး'** ဖြစ်သွားတယ်။ **'မြင်တာတွေကို အတူကိုကြည့်ပါ'** တဲ့၊ မြင်တာကိုလည်း ကြည့်ပါ၊ ကြည့်တော့ကြည့် အဲဒီမြင်တာတွေ ကြည့်လိုက်လို့ရှိရင် နောက်မှ **'အတူကို ကြည့်ပါ'** တဲ့။ **'အတူ'**ကို ကြည့်လိုက်တော့ ပဋ္ဌာန်းနဲ့ပြောမယ်ဆိုရင်တော့ မြင်တဲ့ဟာတွေက **'ရူပါရုံ'** ပဲ ဖြစ်နေတော့တယ်၊ **'ရူပါရုံ'**ဆိုတာ ရုပ်တွေဖြစ်နေတယ်၊ **'ရူပါရုံ'** ဆိုတော့ ဘာတုံး (ရုပ်တွေ ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်)၊ **'လူတွေ'** မဟုတ်တော့ဘူးတဲ့၊ ခုနတုန်းက မြင်တဲ့ဟာတွေက **'အမျိုးမျိုး'** မြင်နေတယ်၊ အဲဒါတွေက **'အမျိုးမျိုး'** မြင်တယ်ဆိုတော့ **'ကွဲပြား'** ပြီးတော့၊ **'ခြားနား'** ပြီးတော့၊ **'အထူးထူး'** ကိုမြင်နေတယ်၊ ဟုတ်တယ်မို့လား၊ မြင်တော့တစ်ခါတည်း လှျာထုတ်ပြောင်တာလည်း မြင်တယ်၊ ကဲ့ရဲ့တာလည်း မြင်တယ်၊ မနာလိုတဲ့ စကားတွေ ကဲ့ရဲ့တာကိုလည်း မြင်တယ်၊ မဲ့ပြီးကြည့်တာကိုလည်း မြင်တယ်၊ မဲ့ကြည့် ကြည့်တာကိုလည်း မြင်တယ်ပေါ့လေ၊ အဲဒါ **'အမျိုးမျိုး'** မြင်တယ်။

**အတူကိုကြည့်ပါ တစ်ခုတည်းကို ကြည့်ပါ**

**'အမျိုးမျိုး'** မြင်တော့ စိတ်ကလည်း **'အမျိုးမျိုးတွေ'**၊ စိတ်ဆိုးတာတွေရော ဘာတွေရော အကုန်လုံးဖြစ်သွားတာပေါ့၊ အဲဒါ **'အတူကိုကြည့်ပါ'** ဘာကိုကြည့်ရမတုံး (အတူကို ကြည့်ပါ)။ **'အတူကိုကြည့်ပါ၊ တစ်ခုတည်းကို ကြည့်ပါ'**၊ ကဲ **'မြင်တာ'**က ဘာတုံးဆိုတော့ **'အဆင်း'**၊ မြင်တာတွေ၊ အဲဒါ **'အတူ'**ကို ကြည့်လိုက်တာပဲ၊ **'မြင်တာတွေ'** ဘာတွေ ဖြစ်သွားတုံး၊ **'အဆင်းတွေ'** ဖြစ်သွားတယ်၊ **'အဆင်း'** က ဘာတွေ ဖြစ်တုံး (ရုပ်တွေဖြစ်သွားတယ်)၊ **'ရုပ်တွေ'** ဖြစ်သွားတယ်၊ ဩော် **'မြင်တာတွေက ရုပ်တွေပါကလား'** ဆိုလိုက်စမ်း (မြင်တာတွေက ရုပ်တွေပါကလား)၊ အဲဒီထဲက **'ထူး'**သေးလား (မထူးပါဘူးဘုရား)၊ **'တူ'** သွားတယ်၊ **'တူ'**သွားတော့မှ အဲဒါမှ စိတ်ဆိုးတာဖြစ်သေးလား (မဖြစ်တော့ပါဘူး)၊ **'ရုပ်တွေ'**ကို စိတ်ဆိုးလို့ ဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ **'ရာဂ'** လိုချင်လို့ရော ဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ အဲဒါ **'မတူတာ'** ဖြစ်သွားတယ် ဟုတ်ကဲ့လား၊ **'မတူတာ'** ဖြစ်တော့ **'ထူး'** ပြီးမြင်တာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ **'ခြားနား'** ပြီးတော့မြင်တာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲလို ကြည့်ရတာ ကြည့်ရတာ။

**မျက်စိက တဏှာဖြစ်တယ်**

**'စက္ခုလောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ'၊** မျက်စိက **'စက္ခုလောကေ ပိယရူပံ သာတရူပံ'** နဲ့ ချစ်စရာ့ရုပ်တွေ မုန်းစရာ့ရုပ်တွေ ဖြစ်သွားတယ်၊ အချစ်အမုန်းတွေ မျက်စိက ဖြစ်သွားတယ်၊ **'ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ'** အဲဒါ **'ဓမ္မာနုပဿနာ'**၊ မျက်စိက **'တဏှာ'** ဖြစ်တယ်၊ **'ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ'**တဲ့၊ အဲဒါ ဘာပြုလို့ **'တဏှာတွေ'** ဘာတွေဖြစ်လဲဆိုတော့ **'အမျိုးမျိုး'** မြင်လို့၊ ဘာပြုလို့ဖြစ်တုံး (အမျိုးမျိုးမြင်လို့ပါဘုရား)၊ လှတာတွေ ချောတာတွေဆိုတော့ **'အမျိုးမျိုး'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ လိုချင်စရာတွေ ဘာတွေ မမြင်ဘူးလား (မြင်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဘုရား)။ အဲဒါ မျက်စိက မြင်တော့မြင်တယ်၊ ဒါပေမယ့် **'အတူ'** ကြည့်သလား၊ **'ခြားနားတာ'** ကြည့်သလား (ခြားနားတာကြည့်ပါတယ်)၊ **'ခြားနားတာ'** ကြည့်တယ်၊ **'ခြားနားတာ'** ကြည့်တော့ ဘာတွေဖြစ်တုံး၊ **'ရာဂတွေ၊ ဒေါသတွေ'** ဖြစ်တယ်၊ မိန်းမတွေလို့မြင်တော့ မလိုချင်ဘူးလား (လိုချင်ပါတယ်)၊ **'ဒေါသ'**လည်း မဖြစ်ဘူးလား၊ မိန်းမတွေက နှုတ်သီးကစွာတော့ အဲလို စိတ်ဆိုးတဲ့ဟာတွေလည်း ဖြစ်တယ်၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲဒါ **'ခြားနားတာတွေ'** ကြည့်လို့တဲ့၊ ဘာပြုလို့ (ခြားနားတာတွေကြည့်လို့ပါဘုရား)။

**'မြင်တဲ့ဟာတွေက ရုပ်တွေ ပါကလား'**၊ အဲလိုကြည့် အဲလိုကြည့်တော့ တူမသွားဘူးလား၊ မော်တော်ကားကြီးကလည်းဘာတုံး (ရုပ်ပါဘုရား)၊ **'လူတွေ'** ကလည်းဘာတုံး (ရုပ်ပါဘုရား)၊ ကျောင်းတွေကလည်းဘာတုံး (ရုပ်ပါဘုရား)၊ ချောချော လှလှတွေလည်းဘာတုံး (ရုပ်ပါဘုရား)၊ အင်္ကျီတွေဘာတွေ၊ အမေရိကန်၊ ပျဉ်းမနားဆိုတာ ဘာတွေတုံး (ရုပ်ပါဘုရား)၊ **'ရုပ်တွေ'** ဖြစ်သွားတယ်၊ ချောတာ လှတာတွေ ရာဂ ဖြစ်စရာတွေ ဖြစ်သလား (မဖြစ်တော့ပါဘူးဘုရား)၊ **'ရုပ်တွေ'**လို့ ကြည့်လိုက်တယ်။ **'မြင်သမျှဟာတွေက ရုပ်တွေပါကလား'**။

**ဧကော ဓမ္မော**

**'မြင်တာကိုလည်းကြည့်ပါ'** ကြည့်တာက တဏှာတွေမရှိအောင် ကြည့်သွားတယ်၊ ဟုတ်ကဲ့လား၊ **'မြင် မြင်ကာမတ္တ'** ဆိုတာလည်း ကြားဖူးတယ်မဟုတ်လား၊ အဲလိုကြည့်ရတယ်၊ **'လူတွေ'**လို့ ယောကျ်ားတွေလို့ မိန်းမတွေလို့ မကြည့်ရဘူး၊ ဟုတ်ကဲ့လား။ **'မြင်တာကိုလည်း ကြည့်ပါ။ တူတာကိုလည်း ကြည့်ပါ'**။ အရင်တုန်းကတော့ **'ခြားနားတာတွေ'** ကို ကြည့်နေတယ်၊ အမေလို့လည်း မြင်တယ်၊ ဟို အမေရိကန်ကနေပြီးတော့ ဒီမြန်မာပြည်မှာရှိတဲ့ မအေကြီးလည်း မြင်တာပဲ၊ ညီမတွေ အကုန်လျှောက်မြင်တယ် ဟုတ်ကဲ့လား၊ ဟို ဒို့ပြင်လူ အမေတွေတော့ မမြင်ဘူး၊ ငြိုးတဲ့လူဆို မမြင်ဘူး၊ အဲလိုဆိုတော့ **'ခြားနားတာတွေ'** မမြင်ဘူးလား (မြင်ပါတယ်ဘုရား)။

**'ခြားနားတာတွေ'** ကို မမြင်နဲ့တဲ့၊ **'ခြားနားတာတွေ'**ကို မကြည့်နဲ့တဲ့၊ **'အတူကို ကြည့်ပါ၊ တူတာကိုကြည့်ပါ'**။ တူတာကို ကြည့်လိုက်တော့ **'ဧကော-** တစ်ခုတည်း**'** ဖြစ်သွားတယ်၊ တူတာတွေကြည့်ရင် ဘာဖြစ်သွားတုံး (ဧကော- တစ်ခုတည်း ဖြစ်သွားပါတယ်)၊ **'ဧကော ဓမ္မော'** ဆိုလိုက်စမ်း (ဧကော ဓမ္မော)၊ **'အဆင်း'** ပဲ သူမြင်ရတော့မယ်၊ ဟုတ်တယ်မို့လား၊ မျက်စိက မြင်တာလေ။

www.burmeseclassic.com

www.burmeseclassic.com



## အကြည့်မလွဲဘူးလား လွဲသလား

မြတ်စွာဘုရားကလည်း **'ရူပါရမ္မဏံ စက္ခုဝိညာဏ ဓာတုယာ'**လို့ မဟောဘူးလား (ဟောပါတယ်ဘုရား)၊ မြတ်စွာဘုရားက **'ဉာဏ်'** နဲ့ဟောတော့ သူ့မှာ **'ကိလေသာ'** မဖြစ်ဘူး၊ မင်းတို့က **'လူတွေ အမျိုးမျိုး'** ကြည့်၊ ယောက်ျားတွေ မြင်လိုက်၊ မိန်းမတွေ မြင်လိုက်၊ သားတွေ မြင်လိုက်၊ သမီးတွေ မြင်လိုက်၊ မော်တော်ကားတွေ မြင်လိုက်၊ ဒေါ်လာတွေ မြင်လိုက်၊ ရုံးတွေ မြင်လိုက်၊ အစိုးရတွေ မြင်လိုက်၊ ပုလိပ်တွေ မြင်လိုက်၊ ဂိတ်တွေ မြင်လိုက် ဒီလိုမမြင်ဘူးလား၊ မြင်တော့ ပြီးတာတွေ မဖြစ်ဘူးလား၊ အဲဒါ **'အထူးထူး'** ကြည့်တာတဲ့၊ ဘာကြည့်တာတုံး (အထူးထူး ကြည့်တာပါဘုရား)၊ **'အထူးထူး'**၊ **'အမျိုးမျိုး'** ကြည့်တာ။

အဲဒါ အကြည့်မလွဲဘူးလား လွဲသလား (လွဲပါတယ်ဘုရား)၊ ဘာဖြစ်အောင် ကြည့်တာလဲ၊ **'ရာဂ ဒေါသ'** ဖြစ်အောင်ကြည့်တာ၊ သူကြည့်တတ်ကဲ့လား (မကြည့်တတ်ပါဘူးဘုရား)။ **'ရာဂ ဒေါသ'** စိတ်ဆိုးတာတွေက ဘာတုံး (မကြည့်တတ်လို့ ဖြစ်တာပါဘုရား)၊ အဲလို ဂရုစိုက်ပါ၊ **'ကြည့်တော့ ကြည့်ပါ၊ မျက်စိနဲ့ ကြည့်ပါ၊ ထူးတာကို မကြည့်ပါနဲ့၊ ခြားနားတာကို မကြည့်ကြပါနဲ့၊ တူတာကို ကြည့်ပါ'**။

**'မျက်စိ'**နဲ့ မြင်တာတောင်မှ မြတ်စွာဘုရားက အဲလို၊ မြတ်စွာဘုရားက ပြောတော့ **'ရူပါရုံ'**ကို ကြည့်ရမှာ၊ **'အဆင်း'**ကို ကြည့်ရမှာ ဟုတ်တယ်မို့လား၊ ခုတော့ **'ခြားနား တာတွေ'** ကို မြင်မနေဘူးလား (မြင်နေပါတယ်)၊ **'ခြားနားတာတွေ'** ဆိုတော့ **'ကွဲပြားတာတွေ'**၊ **'မတူတာတွေ'**ကို ခေါ်တယ်၊ အခု **'လူတွေ'**ကို မြင်တာက **'တူတာ'**ကို မြင်တာလား၊ **'မတူတာ'**ကို မြင်တာလား (မတူတာကို မြင်တာပါဘုရား)၊ စိတ်ဆိုးစရာကို မြင်သလား၊ စိတ်ကောင်းစရာကိုမြင်သလား၊ ကဲဆိုးတာလည်းဆိုးတာပဲ၊ ကောင်းတာလည်းကောင်းသွားတယ်၊ ဟုတ်ကဲ့လား။

## ရုပ်တွေဖြစ်သွားတယ်

**မျက်စိနဲ့ ကြည့်ပါ၊ တူတာကို ကြည့်ပါ၊ 'တူတာ'** ကို ကြည့်လိုက်တော့ အကုန်လုံးလား၊ ခုနတုန်းက ရုံးတွေရော၊ ဂိတ်တွေရော၊ မော်တော်ကားတွေရော၊ ငွေတွေရော၊ အဖေတွေရော၊ အမေတွေရော၊ အကုန်ယောက်ျားတွေရော၊ ဘာတွေရော အဲဒါ **'အမျိုးမျိုး'** ကြည့်တာက **'အမျိုးမျိုး'** ဖြစ်တယ်၊ **'တူတာကို ကြည့်ပါ'** ဆိုတော့ အားလုံးဘာတွေတုံး ဆိုတော့ **'ရုပ်တွေ'** ဖြစ်သွားတယ်၊ ဘာတွေတုံး (ရုပ်တွေပါကလား)၊ **'အဆင်းတွေ'**၊ **'ရုပ်တွေ'**၊ **'အားလုံးကိုကြည့်ပါဆိုတော့ ရုပ်တွေဖြစ်သွားတယ်'**၊ **'ရုပ်တွေ'** ဖြစ်တော့ **'ခြားနား'**

www.burmeseclassic.com

www.burmeseclassic.com



သလား (မခြားနားပါဘူး)၊ **'မခြားနား'** တော့ ရာဂ ဒေါသ ဖြစ်သေးလား (မဖြစ်တော့ပါဘူး)၊ အဲဒါ **'မြင်ရုံပင် မြင်တာ'** မဟုတ်ဘူးလား၊ အဲတော့ **'ရာဂတွေ'** ဖြစ်သေးလား (မဖြစ်ပါဘူး)၊ အဲလို ကြည့်ရတယ်၊ ကြည့်တတ်ပြီလား (ကြည့်တတ်ပါပြီဘုရား)။

**'မျက်စိ'** နဲ့ ကြည့်တတ်ပြီလား (ကြည့်တတ်ပါပြီဘုရား)၊ ဘာကိုကြည့်ရမတုံး (ရုပ်ကို ကြည့်ရပါမယ်)၊ **'တူတာ'**ကို ကြည့်ရမယ်၊ ဘာတွေကို ကြည့်ရမတုံး (တူတာကို ကြည့်ရပါမယ် ဘုရား)၊ **'ခြားနားတာ'** ကို မကြည့်ရဘူး၊ ရေကြီးတာတွေ ကြည့်တယ်၊ ဆူနာမီတွေ ဘာတွေ ကြည့်တယ်၊ မုန်တိုင်းကြီးတွေရော ကြည့်တယ်၊ မြွေတွေရော ကြည့်တယ်၊ ခွေးတွေရော ကြည့်တယ်၊ **'အမျိုးမျိုး'** ကြည့်တယ် မကြောက်ဘူးလား၊ သေရမှာတွေရော ကြည့်တယ်၊ မကြည့်ဘူးလား၊ လူသေကောင်ကြီးကို လိုက်မပို့ကြဘူးလား (ပို့ကြပါတယ်ဘုရား)၊ ကြည့်တော့ မီးနဲ့ရှို့တော့ မကြောက်ဘူးလား (ကြောက်ပါတယ်ဘုရား)၊ အမျိုးမျိုးကို မကြည့်နဲ့တဲ့။

**'မျက်စိနဲ့ကြည့်ပါ၊ တူတာကိုကြည့်ပါ'**၊ **'ခြားနားတာတွေ'**ကို မကြည့်ရဘူး၊ **'ကွဲပြားတာတွေ'**ကို မကြည့်ရဘူး၊ **'ကွဲပြားတာတွေ'**ကိုကြည့်တော့**'ရာဂတွေ၊ ဒေါသတွေ'** ဖြစ်တယ်တဲ့၊ ရေကြီးပြန်ပြီ ဘာမကောင်းလို့ ညာမကောင်းလို့နဲ့၊ ဘာဖြစ်ပြန်ပြီ ဘာမကောင်းလို့ ညာမကောင်း လို့နဲ့ ဒီလို **'အမျိုးမျိုး'** ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်)၊ အဲဒါ ကြည့်တတ်လို့ ဖြစ်တာလား၊ မကြည့်တတ်လို့ ဖြစ်တာလား (မကြည့်တတ်လို့ပါဘုရား)။

## မျက်စိမြင်တုံ့ ရူပါရုံ လူ့ပုံမမှတ်ရ

မြတ်စွာဘုရားကြီးက မကြည့်တတ်ဘူးလား၊ ကြည့်တတ်လား (ကြည့်တတ်ပါတယ် ဘုရား)၊ ကြည့်တတ်တော့ သူဖြစ်သေးလား (မဖြစ်တော့ပါဘူး)၊ သူက **'ရူပါရုံ'** ပဲ မြင်တယ်။ **'မျက်စိမြင်တုံ့ ရူပါရုံ လူ့ပုံမမှတ်ရ'**၊ **'လူပြောတဲ့ပုံတွေ'** ကို မမှတ်နဲ့တဲ့၊ **'ရုပ်တွေ'** ပဲလို့၊ **'ရူပါရုံ'** ဆိုတာ **'အဆင်းတွေ'** ပဲလို့ မှတ်ပါတဲ့၊ ကြည့်တတ်ပြီလား (ကြည့်တတ်ပါပြီ)၊ အဲဒါလေးနဲ့ကို ပထမတန်းကောင်းတာ၊ **'တူတာကိုကြည့်ပါ'**၊ **'တူတာတွေ'** က ဘယ်လိုမြင်တုံးဆိုတော့ **'ရုပ်တွေ'** ကို သွားမြင်တယ်၊ **'အဆင်းတွေ'**က **'ရုပ်တွေ'** ပါကလား၊ မျက်စိမှိတ်ထားတော့ အဲဒီ ဟာတွေ မြင်သေးလား (မမြင်ပါဘူးဘုရား)၊ ခုနတုန်းက ထူးခြားတဲ့ ကွဲပြားတာတွေကို မြင်သေးလား (မမြင်တော့ပါဘူး)၊ အဲလို မမြင်တော့ဘူး၊ မြင်တော့လည်းဘာတုံး တူတာတွေကို ကြည့်တော့ **'မြင်ရင် မြင်ကာမတ္တ'** ပဲ ကြည့်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ကြည့်တတ်မှ ကိလေသာက မဖြစ်တယ်

တူတာတွေကြည့်တော့ ဘာဖြစ်သွားတုံး (မြင်ကာမတ္တဖြစ်သွားပါတယ်)၊ မြင်လို့စိတ်ဆိုးသလား (မဆိုးတော့ပါဘူး)၊ စိတ်မဆိုးလို့ရှိရင်၊ **'ဇွေထသာ တဏှာ ဥပ္ပဇ္ဇ မာနာ'၊ 'တဏှာတွေ'** ဘာတွေဖြစ်သေးလား (မဖြစ်တော့ပါဘူး)၊ အဲသလိုပြောတာ ကြည့်တတ်အောင်လို့၊ ယောဂီဆိုတာလည်း အဲသလို ကြည့်တတ်မှ **'ကိလေသာ'** က မဖြစ်တယ်၊ စိတ်ဆိုးတာတို့ စိတ်ပြေးတာတို့ မဟုတ်ဘူးလား၊ အဲသလို၊ **'မြင်တာကို ကြည့်ပါ၊ အတူကိုကြည့်ပါ၊ ထူးတာကို မကြည့်ပါနဲ့'။**

ယောက်ျားတွေကို မိန်းမတွေကမြင်ရင် ထူးတယ်မို့လား၊ ယောက်ျားတွေက မိန်းမတွေသွားမြင်တော့ မထူးဘူးလား (ထူးပါတယ်ဘုရား)၊ ချောတာကြီးတွေ လှတာကြီးတွေမြင်တော့ မထူးဘူးလား (ထူးပါတယ်ဘုရား)၊ အသားနက်ကြီးတွေ ကုလားကြီးတွေ ဘာကြီးတွေမြင်တော့ မထူးဘူးလား (ထူးပါတယ်ဘုရား)။

**'ထူးတာတွေကို မကြည့်ပါနဲ့၊ အတူကို ကြည့်ပါ'၊ 'အတူကို ကြည့်ပါ'** ဆိုတော့ မြင်တဲ့ဟာတွေက ဘာတွေဖြစ်သွားတုံး၊ **'ရုပ်တွေ'** ဖြစ်သွားတယ်တဲ့၊ ဒီနံရံတွေ ဘာတွေပေါ့လေ၊ မြင်တဲ့ဟာတွေက အကုန်ရုပ်တွေဖြစ်သွားတယ်။ **'အားလုံးမြင်တာတွေသည် ရုပ်တွေပါကလား'**။

## တူတာကို ကြည့်လိုက်တာနဲ့ အဘိဇ္ဈာ ဒေါမနဿ မဖြစ်ဘူး

မိန်းမလို့ မကြည့်နဲ့၊ ယောက်ျားလို့ မကြည့်နဲ့၊ ငယ်ငယ်လေး ချောတာကို မကြည့်နဲ့၊ လှတာကို မကြည့်နဲ့၊ မိန်းကလေးတွေ မကြည့်နဲ့၊ ရွှေကလေးတွေ မကြည့်နဲ့၊ အဲဒါ **'လိုချင်တာ'** ဖြစ်သွားတယ်၊ ယောက်ျားကြီးတွေလည်း မကြည့်နဲ့၊ **'မလိုချင်'** တဲ့ ယောက်ျားဖြစ်သွားတယ်၊ **'လိုချင်'** တဲ့ယောက်ျားလည်း ဖြစ်သွားတယ်။ **'လိုချင်တာ၊ မလိုချင်တာ'** ဘယ်သူတုံးဆိုတော့ လိုချင်တာက **'သူ'** ကလိုချင်တာ မဟုတ်ဘူး၊ **'တဏှာ'**က လိုချင်တာ၊ မလိုချင်တာက **'ဒေါသ'** ကမလိုချင်တာ၊ လောဘတွေ ဒေါသတွေဆိုတာက **'အဘိဇ္ဈာ ဒေါမနဿ'၊ 'တူတာကို ကြည့်လိုက်တာနဲ့ အဘိဇ္ဈာ ဒေါမနဿမဖြစ်ဘူး'၊** ဟို တူတာကို မကြည့်တော့ ချောတာ ကြည့်လိုက်တော့ မလိုချင်ဘူးလား (လိုချင်ပါတယ်)။ အရုပ်ဆိုးတာ ကြည့်လိုက်တာနဲ့ လိုချင်သေးလား (မလိုချင်တော့ပါဘူး)၊ အဲဒါ အခု ကြည့်တတ်သွားပြီလား (ကြည့်တတ်ပါပြီ)၊ ကြည့်တတ်တော့မှ စိတ်မဆိုးမှာ၊ ကဲ ကားကြီးကို ကျော်တက်သွားတယ်၊ တူတာကိုကြည့်တော့ ကျော်တက်တဲ့ကားကြီး ဘာကြီးတုံး (ရုပ်ကြီးပါဘုရား)၊ **'ရုပ်ကြီးတွေ'**လို့ အဲလို ရှုရတယ်၊ **'အဆင်'** ကိုးကွ။

www.burmeseclassic.com

www.burmeseclassic.com



## မျက်စိကမြင် မနှိုင်းယှဉ် ဤတွင် တရားရ

**'မျက်စိမြင်တုံ ရူပါရုံ လူ့ပုံမမှတ်ရ မျက်စိကမြင် မနှိုင်းယှဉ် ဤတွင် တရားရ'**။

အဲဒါ တရားရသွားတာပဲတဲ့၊ **'ထူးတာ'**ကို မမြင်ဘူး၊ **'တူတာ'**ကို မြင်လိုက်တာနဲ့ တရားရသွားတယ်တဲ့၊ ရိပ်မိလား၊ **'ရုပ်တွေ '**မြင်တော့ ရုပ်ကြီး **'ဒေါသ'**ရှိသေးလား (မရှိပါဘူး)၊ **'လောဘ'** ကောရှိသေးလား (မရှိပါဘူး)၊ **'ရာဂ'**ကော ရှိသေးလား (မရှိပါဘူး)၊ မုန်းတာကော ရှိသေးလား (မရှိပါဘူး)၊ ချစ်တာရောရှိသေးလား (မရှိပါဘူး)၊ အဲလို တူတာကို ကြည့်ပါတဲ့။

**'မျက်စိနဲ့ ကြည့်ပါ၊ မြင်တာကိုမြင်ပါ၊**

**တူတာကို ကြည့်ပါ၊ တူတာကို မြင်ပါ'**၊

အဲဒါမှ **'ပညာမြင်'** ခေါ်တယ်၊ ဘာခေါ်တုံး (ပညာမြင်ပါဘုရား)၊ လူတွေ၊ ဘာတွေ၊ ယောကျ်ားတွေ၊ အိမ်တွေ၊ တိုက်တွေ၊ ကားတွေ၊ ကြည့်တာက **'ဝိညာဏ်'** နဲ့မြင်တာ၊ ဘာနဲ့မြင်တုံး (ဝိညာဏ်နဲ့မြင်တာပါဘုရား)၊ ကဲ ကွဲပြီလား (ကွဲပါပြီဘုရား)၊ အရင်တုန်းက ကိုယ့်အိမ်မှာ ကိုယ် အဲလိုကွဲရဲ့လား (မကွဲပါဘူးဘုရား)၊ အဲလို ဆရာက ပြောပြမှကွဲတယ်၊ ကွဲတော့ကြည့်တတ်တယ်၊ ဘာဖြစ်သွား (ကြည့်တတ်သွားပါတယ်)၊ ကြည့်တတ်သွားတော့မှ **'ရာဂ ဒေါသ'** မဖြစ်တယ်၊ **'မြင်ရုံ မြင်ကာမတ္တ'** ဖြစ်တယ်တဲ့။

## မနှိုင်းယှဉ်တော့ ပရမတ်ဖြစ်သွားတယ်

**မျက်စိမြင်တုံ ရူပါရုံ လူ့ပုံမမှတ်ရ** မျက်စိကမြင် မနှိုင်းယှဉ် ဤတွင် တရားရ။

**'ရုပ်'** ဆိုတော့ **'ဟိုရုပ်'** ကလှတယ်၊ **'ဒီရုပ်'**က ချောတယ်နဲ့၊ အဲဒီ **'ရုပ်တွေ'**ဆိုတော့ **'အဆင်းတွေ'**ပေ့ါ၊ အဆင်းတွေ ရုပ်တွေဆိုတော့ နှိုင်းယှဉ်သေးသလား (မနှိုင်းယှဉ်တော့ပါဘူး)၊ **'လူတွေ'** ဖြစ်မှ နှိုင်းယှဉ်တာ၊ **'လူတွေ'** ဖြစ်ရင် နှိုင်းယှဉ်တယ်၊ **'ပညတ်တွေ'** ဖြစ်ရင် နှိုင်းယှဉ်တယ်၊ ဟုတ်ကဲ့လား၊ မနှိုင်းယှဉ်တော့ **'ပရမတ်'** ဖြစ်သွားတယ်တဲ့ ဟုတ်ကဲ့လား၊ အဲဒါ **'တရား'** ဖြစ်သွားတယ်၊ ဘာ တရားတုံးဆိုတော့ **'ဒိဋ္ဌေ ဒိဋ္ဌ မတ္တံတရား'၊ 'ရာဂ မဖြစ်တဲ့ တရား'**။

**'ရာဂ'** မဖြစ်ရင် ဘာဖြစ်တဲ့ တရားတုံးဆိုတော့ **'နိဗ္ဗာန်'** ဖြစ်တဲ့၊ **'ငြိမ်းအေးတဲ့ တရား'**တဲ့၊ ဘာတရားတုံး (ငြိမ်းအေးတဲ့တရားပါဘုရား)၊ ဘယ်လိုဖြစ်တာတုံးဆိုတော့ **'မျက်စိ'** က **'တူတာ'** မြင်လို့၊ မျက်စိက ဘာဖြစ်လို့တုံး (တူတာမြင်လို့ပါဘုရား)၊ **'တူတာ'**မြင်တာ ဘာကိုမြင်တုံး (ရုပ်ကိုမြင်တာပါဘုရား)၊ ယောကျ်ားတွေ၊ မိန်းမတွေကို မြင်တာမဟုတ်ဘူး၊ သားတွေ သမီးတွေက ပြိတ္တာဖြစ်အောင်လုပ်တာ၊ သားစွဲသေရင် ပြိတ္တာမဖြစ်ဘူးလား၊ ငွေစွဲ သေရင်

www.burmeseclassic.com

www.burmeseclassic.com



ပြိတ္တာမဖြစ်ဘူးလား၊ ဟိုနေ့ကကောင်မလေး ဆိတ်သားရောင်းတဲ့ကောင်မလေး၊ ဟို ပုဂံဘုရားဖူး၊ ပုဂံသွားတော့ ကားမှောက်လို့သေသွားတယ်၊ စမ်းချောင်းက ကောင်မလေး ဟိုနားလေးတင် သူ့မှာ နေစရာမရှိတော့ဘူး၊ နေစရာမရှိတော့ တစ်ခါတည်း ထနောင်းပင်ကြီး ရှိတဲ့ လူကြီးနားကပ်ပြီးတော့ ချော့မော့ပြီးတော့နေရတယ်၊ ကုသိုလ်တွေ ဘာတွေမရှိတော့ သေတော့ နေစရာမရှိတော့ဘူး၊ သူတကာ့နေရာသွားပြီး သူ့ချော့မော့ပြီးနေရတော့ သူဆင်းရဲ တာပေါ့၊ ထမင်းကလည်း စားစရာမရှိ နေစရာမရှိတော့ ဟိုပြေးရ ဒီပြေးရ၊ အဲလိုပြေးနေရတယ်၊ အဲဒါ ဘာပြုလို့တုံး၊ တူတာမကြည့်လို့။

**'ရုပ်'** ကို **'ရုပ်'**လို့ ကြည့်သေးလား (မကြည့်ပါဘူး)၊ **'ရုပ်'** လို့မကြည့်တော့ သူ ပြိတ္တာကြီး ဖြစ်သွားတယ်တဲ့၊ **'လူ'** ကို ကြည့်တော့ ဘယ်လိုကြည့်တုံး (လူလို့ ကြည့်တာပါဘုရား)၊ **'လူ'** လို့ကြည့်တော့ တစ္ဆေတွေ၊ သရဲတွေ၊ အဲလိုဖြစ်သွားတယ်၊ မကြည့်တတ်လို့၊ **'ရုပ်'**ကို **'ရုပ်'**လို့ ကြည့်တော့ အဲလိုဖြစ်သေးလား၊ အဲတော့မသေတတ်ဘူးလား (သေတတ်ပါတယ်ဘုရား)၊ **'ရုပ်'** လို့ဆိုပြီး သေရတယ်၊ **'လူတွေ'** လို့ဆိုပြီး သေရင်၊ အဲဒီ ထနောင်းပင်ကြီးမှာသွားပြီး သူတကာ့မှာ ကပ်ရပ်ပြီးနေရတယ်၊ ချော့မော့နေရတယ်၊ ပြီးတော့ ထမင်းကလည်း စားစရာ မရှိတော့ ရှာရသေးတယ်၊ ဟိုဘဝရောက်သွားပြီလေ၊ ဟိုဘဝမှာ ခုလို ဝယ်စားလို့လည်း ရတာ မဟုတ်ဘူး ဟိုဘဝမှာ၊ ဆန်ကလည်းမရှိဘဲ သူ့ဟာသူ စားရတဲ့ဟာ၊ ဟုတ်ကဲ့လား (မှန်လှပါဘုရား)။

### ကံက ထောက်ပံ့တဲ့ဘုံ

ဒီက **'ကမ္မထမ္ဘက'** တဲ့၊ **'ဥပထမ္ဘက'**၊ **'ကမ္မူပ ထမ္ဘက**- ကံက ထောက်ပံ့တဲ့ဘုံ'၊ ဘာဘုံလဲ (ကံက ထောက်ပံ့တဲ့ဘုံ)၊ **'ကံ'** ရှိမှ ဟိုမှာ စားရတယ်၊ **'ကံ'** ရှိမှ ဟိုကျမှ ထမင်းစားရတယ်။ သို့မို့လို့ရှိရင် ကိုယ့်ဒီကအရောင်းအဝယ် အလုပ်အကိုင် တွေနဲ့ သွားရော၊ ကိုယ်က မပေးမကျွေး မလှူခဲ့ဖူးတော့ ဟိုကျတော့ စားစရာ မရှိတော့၊ စားစရာကလည်းမရှိ၊ နေစရာကလည်းမရှိ၊ အခုလူတွေလိုပဲ ဟိုကြောက်ရ ဒီကြောက်ရနဲ့ ဟိုမှာ ရုက္ခစိုးတွေထုတဲ့ ရိုက်တဲ့သူတွေ ပိုပေါတယ်၊ ဒီကလူတွေကလည်း သူ့နေရာရောက်သွားရင် ထုတာ ရိုက်တာတွေ မရှိဘူးလား (ရှိပါတယ်ဘုရား)၊ ဟိုလည်းထုတာ ရိုက်တာတွေရှိတာပဲ၊ ဒီတော့ **'ဝဋ်'**ကျွတ်သေးသလား (မကျွတ်ပါဘူး)။

### ရာဂတွေ ဒေါသတွေ မဖြစ်ရင် မျက်စိထဲက နိဗ္ဗာန်ဖြစ်သွားတယ်

အခုလိုဆိုရင် **'ဝဋ်'** မကျွတ်ဘူးလား ကျွတ်သလား (ကျွတ်ပါတယ်ဘုရား)၊ အဲလိုကျကျ

www.burmeseclassic.com

www.burmeseclassic.com



နနကြီးစား၊ ရာဂတွေ ဒေါသတွေ မဖြစ်ရင် မျက်စိထဲက **'နိဗ္ဗာန်'** ဖြစ်သွားတယ်၊ ဘယ်က ဖြစ်သွားတုံး (မျက်စိထဲက နိဗ္ဗာန်ဖြစ်သွားပါတယ်)၊ မျက်စိထဲက နိဗ္ဗာန်ဖြစ်တာလို နားကလည်း ကြားတာကလည်း မနာလိုတာတွေ၊ ဆဲတာတွေ၊ ကဲ့ရဲ့တယ်ဆိုတဲ့ အသံတွေ မကြားဘူးလား (ကြားပါတယ်ဘုရား)၊ အဲဒီ **'အသံတွေ'** က ဘာတွေတုံး (ရုပ်တွေပါဘုရား)။

**'ကြားတော့ ကြားပါ၊ အတူကို ကြားပါ'၊** ကဲ့ရဲ့တာနဲ့ ချီးမွမ်းတာနဲ့ တူရဲ့လား (မတူပါဘူးဘုရား)။ ဆဲတာနဲ့ သီချင်းဆိုတာ တူရဲ့လား (မတူပါဘူးဘုရား)။ **'ရုပ်တွေ'**ကို **'မတူတာ'** မကြည့်ရဘူး၊ **'တူတာ'** ကို ကြည့်ရတယ်၊ ဟုတ်ကဲ့လား၊ ကဲ့ရဲ့တယ်၊ ဟိုက ရုပ်ဆိုးတယ်ပြောလိုက်ရင် မခံချင်ဘူး မဟုတ်လား (မှန်ပါ့ ဘုရား)။ အရုပ်ဆိုးတယ်လို့ ပြောတာကိုလည်း **'ရုပ်'** လို့ရှုရမှာပေါ့ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။ **'တူတာ'** ကို ရှုတော့ **'အသံ'** ကလည်း ဘာတုံး (ရုပ်ပါဘုရား)။ **'အသံ'**လို့ ရှုသေးလား၊ သူက **'ငါ့'** ကိုပြောတယ်၊ ငါက **'သူ့'** ပြောတယ်နဲ့ ဒီလိုမရှုဘူးလား (ရှုပါတယ်ဘုရား)။

## ကြားတော့ ကြားပါ အတူကိုကြားပါ

အဲဒါကို **'အမျိုးမျိုး'**ရှုတယ် ခေါ်တယ်၊ **'တူတာ'**ကို ရှုရဲ့လား၊ **'တူတာ'**ကို မရှုတော့ ဘာဖြစ်တုံး၊ **'ရာဂတွေ'** ဖြစ်တယ်၊ ဟုတ်ကဲ့လား၊ **'ကြားတော့ကြားပါ အတူကို ကြားပါ'**၊ **'တူတယ်'**ဆိုတာ **'အသံ'**ဆိုတာ **'ရုပ်တွေ'**မဟုတ်လား၊ **'အသံ'**ဆိုတော့ **'တူ'**နေတော့ ဘယ်သူ့ စိတ်ဆိုး မတုံး၊ အသံကိုကြားတော့ (မဆိုးပါဘူးဘုရား)၊ ဆဲတာကြားတော့ စိတ်မဆိုးဘူးလား (ဆိုးပါ တယ်ဘုရား)၊ ချစ်တယ်ပြောတော့ ကိုယ်ကမကြိုက်ဘူးလား(ကြိုက်ပါတယ်ဘုရား)၊ အဲဒါ ဘာပြုလို့တုံး၊ **'အသံ'**က ထူးသွားတယ်။ **'အသံ'** က ဘာဖြစ်သွားတုံး (ထူးသွားပါတယ် ဘုရား)၊ ထူးတာ **'အသံ'** ဆိုတာ ဘာတုံး **'ရုပ်'**၊ **'ရုပ်'**က **'ရုပ်ထူး'** ဖြစ်သွားတယ်၊ အဲဒီလို **'ဉာဏ်တွေ'** ဘာတွေပေါ်ရတယ်၊ ဒီလို နင်တို့ ရောင်းတာ ရောင်းတတ် ဝယ်တတ်တယ်၊ ထမင်းစားဖို့သာ လုပ်တတ်တယ်၊ **'ကိလေသာ'**မရှိအောင် မလုပ်တတ်ဘူး၊ မလုပ်တတ်တော့ ဖြစ် ဖြစ်နေတယ်၊ စိတ်ဆိုးတယ် ဟုတ်ကဲ့လား၊ အခု သွားရင်းလာရင်းတောင် စိတ်မဆိုးတော့ဘူး။

**ကြားတော့ ကြားပါ၊ အတူကို ကြားပါ၊**

**တစ်ခုတည်းကို ကြားပါ၊ အမျိုးမျိုး မကြားပါနဲ့၊ ပညတ်တွေကို မကြားပါနဲ့။**

အဲဒါ **'အတူတူ'** ပဲ၊ **'အတူတူကြားပါ'** ဆိုတာ **'အသံ'**ဆိုတော့ မတူဘူးလား။ ဆဲတာ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဘာတုံး (အသံပါဘုရား)။ ကဲ့ရဲ့တာကလည်း ဘာတုံး (အသံပါဘုရား)။ ချီးမွမ်းတာကလည်း ဘာတုံး (အသံပါဘုရား)။ သီချင်းဆိုတာကလည်း ဘာတုံး (ရုပ်ပါဘုရား)၊ အေး **'ရုပ်တွေပါကလား'**၊ **'ရုပ်တွေပါကလား'** ဆိုတော့ ဒီအသံကြီးက **'ဖြစ်ပျက်'**မသွားဘူးလား၊ နားကြီးကလည်း **'ဖြစ်ပျက်'** မသွားဘူးလား (သွားပါတယ်ဘုရား)။ အဲလို **'ဝိပဿနာ'** က အဲလို လုပ်မှ၊ သွားရင်းလာရင်းမှာ **'ဝိပဿနာ'** က ဖြစ်တာ။

ဟိုမှာ သွားထိုင်နေပြီး ဟိုဟာတွေကြံ ဒီဟာတွေကြံနဲ့ ကဲ **'ဝိပဿနာ'** ဖြစ်သေးလား (မဖြစ်ပါဘူး)၊ မဖြစ်တော့ဘူး၊ သူငြိမ်အောင် လုပ်ထားမှ ကောင်းပါတယ် ကောင်းပါတယ်နဲ့ ဖြစ်သွားတာ၊ ဒီလို **'ဉာဏ်'**မဖြစ်တော့ဘူး၊ ဟုတ်ကဲ့လား။ အခုဆိုရင် ရွာထဲနေရင်း **'ရာဂ'** ဖြစ်ဦး မလား (မဖြစ်တော့ပါဘူးဘုရား)။ **'တူတာကိုကြား'** အကြီးမက အငယ်မကို မာန်လိုက်ပြီ မဲလိုက်ပြီ ဘာကိုကြားရမတုံး **'တူတာကို ကြားရမယ်'** ဟုတ်ကဲ့လား၊ သူက ငါ့ဆိုတယ်၊ ငါက သူ့ဆိုတယ်၊ ဘာပြုလို့ ညာပြုလို့နဲ့ အဲလို ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဘုရား)။

**ထူးတယ်ဆိုတာ ရာဂဖြစ်တာ ထူးတယ်ခေါ်တယ်**

**'ကြားတော့ ကြားပါ၊ အတူကို ကြားပါ၊ ထူးတာကို မကြားပါနဲ့'**၊ **'အတူ'** ကို ကြားလိုက်တဲ့ အခါကျတော့ **'မထူးတာ'** ဖြစ်သွားတယ်။ **'အတူ'** ကြားတာဆိုတော့ ဘယ်လို ဖြစ်သွားတုံး (မထူးတာ ဖြစ်သွားပါတယ်ဘုရား)။ **'မထူးတာ'** ဖြစ်တော့ ထူးတာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ **'ထူးတယ်'** ဆိုတာ ရာဂမဖြစ်တာ ထူးတယ်ခေါ်တယ်။ **'ရာဂ'** ဖြစ်တယ် ဆိုတော့ မထူးတာကြီးဖြစ်သွားတယ် ဟုတ်ကဲ့လား။ ရိပ်မိလား၊ **'ဉာဏ်'** ထဲမှာဖြစ် သွားတာ **'ဉာဏ်'**ထဲမှာ ဖြစ်သွားတာ။

ကဲ့ရဲ့တာတွေ ကြားတယ်၊ ချီးမွမ်းတာတွေ ကြားတယ်၊ ဟိုက ဘာဖြစ်ပြီတဲ့ဆိုရင် ဒီကလည်းချီးမွမ်းစရာတွေ အံ့သြစရာတွေ ကဲ့ရဲ့စရာတွေ မပေါ်ဘူးလား (ပေါ်လာပါတယ်ဘုရား)။ အဲဒါ ဘာတွေ ညာတွေ ကြားလို့ဆိုတော့ **'အထူးထူးတွေ'** ကြားလာတယ်။ ရေတွေကြီးတာကြားတယ်၊ ဘယ်မှာလူတွေ ဘာဖြစ်နေတယ် ညာဖြစ်နေတယ်၊ ဘာမသွားနိုင်ဘူး ညာ မသွားနိုင်ဘူး၊ ဘာဈေးက ကြီးတာကိုး ဘာညာနဲ့ မဆိုဘူးလား (ဆိုပါတယ်ဘုရား)၊ အဲဒါ **'ကြားတော့ ကြားပါ၊ အတူကိုကြားပါ'**၊ **'အတူ'** ကိုကြားလိုက်တော့ အဲဒါတွေ ဖြစ်သေးလား (မဖြစ်တော့ပါဘူး)။ မဖြစ်တော့ ကိုယ့်မှာနိဗ္ဗာန် မရောက်ဘူးလား ရောက်သလား (ရောက်ပါတယ်ဘုရား)၊ **'ကြားရဲ့သားနဲ့နိဗ္ဗာန်ရောက်တယ်'**၊ ဘာဖြစ်တာတုံး (ကြားရဲ့သားနဲ့ နိဗ္ဗာန်ရောက်တယ်)၊ **'နံရဲ့သားနဲ့ နိဗ္ဗာန်ရောက်တယ်'** (နံရဲ့သားနဲ့ နိဗ္ဗာန်ရောက်တယ်)။

www.burmeseclassic.com

www.burmeseclassic.com



## မြင် မြင်ကာမတ္တ၊ ကြား ကြားကာမတ္တ

အဲဒါ **'မြင် မြင်ကာမတ္တ၊ ကြား ကြားကာမတ္တ'**။ အဲဒါ စာက ဒီလိုပြောနေပေမယ့် မြန်မာဆိုတာ အဲလိုပြောမှ တရားကတတ်တာကွ၊ သို့မို့ရှိရင် ပါဠိလိုချည်းပဲ ရွတ်ပြောနေတော့ မတတ်ပြန်ဘူး ဟုတ်တယ်မို့လား။ အဲလိုဆိုတော့ တတ်မသွားဘူးလား (တတ်သွားပါတယ်ဘုရား)၊ တစ်သက်လုံး သေတာတောင်မှ ပထမတန်းဖြစ်သွားတယ်။ ဟိုကျတော့ အဲလို တဏှာမတွေ၊ သရဲမတွေ မဖြစ်တော့ဘူး။ သို့မို့ခေါင်းပြောင်းသွားတယ် နင်တို့သိရဲ့လား၊ ခေါင်းက ကျွဲချိုကြီးနဲ့ အရုပ်ထဲမှာ သရဲကြီးတွေ အရုပ်ကြီးတွေ တပ်ထားတာ မမြင်ဘူးလား (မြင်ပါတယ်ဘုရား)၊ တရုတ်တွေမှာလည်း **'ခေါင်းကြီး'** က ဘာ့ခေါင်း နွားခေါင်း၊ **'ကိုယ်ကြီး'** က ဘာကိုယ်ကြီး မရှိဘူးလား၊ အဲဒါ **'စိတ်'** ဆိုတာ ခေါင်း၊ ခေါင်းက ပြောင်းသွားတယ်၊ အဲဒါကြောင့် အဲလိုမှတ်၊ သူ့ကို ဟိုက လှတဲ့သူတွေက မရိုက်ဘူးလား (ရိုက်ပါတယ်)၊ အဲဒါ ခံရတာပဲ၊ ဟိုဘဝရောက် တော့လည်း မကောင်းတာဖြစ်တာပဲ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။

## လူတောထဲက တရားကို အဲလိုဟောရတယ်

အဲလို မကြည့်တတ်တော့ လျှုတော့လှူပါရဲ့၊ တော်ကြာတော့ ကိုယ်က မကြည့်တတ်တော့ ငရဲပဲ ပြန်ဖြစ်တယ်။ ကိုယ်က ဒီက ကျောင်းမှာကျတော့ လှူပါရဲ့၊ အပြင်ဘက်ကျတော့ ဆဲရော၊ အဲဒါ ဘာပြုလို့ ဆဲတုံး။ ဆဲလည်း မဆဲရဘူး၊ ထူးလို့ မတူလို့ဆဲတာ၊ ဟုတ်တယ်မို့လား။ **'ရုပ်ကြီး'**ကပြောတယ်ဆိုတော့ဆဲသေးလား (မဆဲတော့ပါဘူး)၊ သူကပြောတယ်ဆိုတော့ မဆဲဘူးလား။ ဆန်စျေးကို နှိမ်ပြီး တော့ ချိုးပြီး အဖိုးလေးနည်းနည်းပေးပြီး ဝယ်လိုက်တော့ စိတ်မဆိုးဘူးလား (ဆိုးပါတယ်)။ မြင်ဖူးသလား ကြားဖူးသလားနဲ့ ဒီလိုမဆိုဘူးလား (ဆိုပါတယ်ဘုရား)။ အဲလိုဟာတွေ အဲလိုဟာတွေ။

လူတောထဲက တရားကို အဲလိုဟောရတယ်။ ပါဠိကြီးလို ဘာကြီးနဲ့ အဲလို ဟောတော့ ကဲ ဘယ့်နှယ်လုပ် တရားရမတုံး၊ တစ်နှစ်ဟောလည်း မရနိုင်၊ နှစ်နှစ်ဟောလည်း မရနိုင်၊ အပုံပဲဟောတယ်။ အခု ခဏလေးနဲ့မရဘူးလား၊ အဲလို မှတ်ထား။ ကိုယ်ကဘာပြုလို့ ဆဲချင်သတုံး၊ **'မတူ'**လို့ ဆဲချင်တယ်၊ **'ရုပ်ကြီး'** ပါဆိုတော့ **'တူ'**တော့ ဆဲသေးလား (မဆဲတော့ပါဘူး)။ မဆဲတော့ **'အနာဂါမ်'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ သည်းခံနိုင်တော့ **'အနာဂါမ်'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ အဲသလိုဟာမျိုးတွေ ပထမတန်းကောင်းတဲ့တရား။ နင်တို့ ရေးမှတ်ထား၊ အဲဒါကို ကိုယ်ဟာကိုယ် သွားတိုင်းလုပ်။

www.burmeseclassic.com

www.burmeseclassic.com



**တူတာကို နားဆောင်ပါ၊ တူတာကို ကြားပါ**

**'ကြားတော့ကြားပါ'**၊ မကြားနဲ့ဆိုလည်း ကြားမှာပါပဲ။ ဒါပေမယ့် ကိုယ်က **'တူတာကို ကြားပါ၊ မတူတာကို မကြားပါနဲ့၊ မထူးတာကိုကြားပါ၊ ထူးတာကို မကြားပါနဲ့'**၊ ထူးတာက **'အမျိုးမျိုး'** ပြောတာ၊ **'အမျိုးမျိုး'** ဆိုတာ **'ပညတ်တွေ'** ဖြစ်သွားတယ် မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။ ဒီတော့ ဆဲတာနဲ့ ကဲ့ရဲ့တာ မတူဘူး၊ သီချင်းဆိုတာနဲ့ အခုစကားပြောတာ၊ စကားပြောတာကလည်း **'မောဟ'** နဲ့ပြောတာ၊ နင်တို့ **'မတူတာတွေ'**ကို ပြောနေတာ။ **'ရုပ်'**ဆိုတော့ ပြောစရာရှိသေးလား (မရှိတော့ပါဘူး)၊ **'အသံ'**ဆိုတာ **'ရုပ်'**မဟုတ်ဘူးလား၊ အဲဒါ **'တူ'**သွားတယ်။ အကုန်လုံး တစ်ကမ္ဘာလုံး ပြောတယ်ဆိုတဲ့ဟာတွေက ဘာတွေတုံး ဆိုတော့ **'အသံ'** ပဲမို့လား (မှန်ပါ့ဘုရား)၊ **'အသံ'**ဆိုတာ ရုပ်မဟုတ်လား၊ **'ရုပ်'**ဆိုတော့ မတူဘူးလား (တူပါတယ်ဘုရား)။ **'တူ'**တော့ စစ်တွေဘာတွေဖြစ်ဦးမလား (မဖြစ်တော့ပါဘူး)၊ အဲဒါ ပထမ တန်းကောင်းတဲ့တရား ဟုတ်ကဲ့လား။

**'တူတာ'**ကို မကြည့်တော့ ဘာရှိမှတိုးတက်မယ် ဘာမယ်နဲ့၊ ဟိုက လက်နက်တွေစု ဒီကလက်နက်တွေစုနဲ့ လူတွေမကြောက်ကြဘူးလား (ကြောက်ပါတယ်ဘုရား)။ မစိုးရိမ်ကြဘူးလား (စိုးရိမ်ပါတယ်ဘုရား)။ အခုငါပြောတဲ့ဟာကြားတော့ စိုးရိမ်ဦးမလား (မစိုးရိမ်တော့ပါဘူး)။ **'ရုပ်တွေ'** သေတယ်၊ စိုးရိမ်တာရှိသေးလား (မရှိတော့ပါဘူး)၊ မစိုးရိမ်တော့ဘူး။ **'သောကပရိဒေဝ'** ဆိုတာ **'အာသဝေါတရား'**ခေါ်တယ်။ စိုးရိမ်တာတွေက ကြောက်မနေရဘူးလား၊ ဘယ်တော့ ဘာဖြစ်မှာတဲ့တုံး၊ သေတော့လည်း လူတွေသေတာ မဟုတ်ဘူး၊ သိတဲ့လူတွေ ဟုတ်တယ်မို့လား၊ အဲလို **'ဉာဏ်တွေ'**ထုတ်နေရတယ်နော်။

**နံတော့လည်း နံပါ၊ အတူကို နံပါ**

ကြမ်းပိုးတွေဆိုတော့ ချေပစ်လိုက်တော့ မနံဘူးလား (နံပါတယ်ဘုရား)။ နံတာတောင်မှ နမ်းကြည့်လိုက်သေးတယ်၊ ကြမ်းပိုးကြီးကို သတ်ပြီးတော့ နမ်းကြည့်လိုက်သေးတယ်၊ မသတ်နဲ့ ကြမ်းပိုးကြီးတွေကို ဟုတ်ကဲ့လား၊ အနံ့ပဲ ထွက်သွားတယ်။ **'နှာခေါင်းကနံတုံ ဂန္ဓာရုံ လူ့ပုံမမှတ်ရ။ နှာခေါင်းကနံလျှင် မနှိုင်းယှဉ် ဤတွင် တရားရ'**၊ **'ရုပ်'**ပါဆိုတော့ **'မထူး'**တော့ တရားရသွားတယ်တဲ့။ သို့မို့လို့ရှိရင် **'ထူး'**တော့ တရားမရဘူး။ ကဲ တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# "ဝါဂွမ်းနှစ်ခုကောက်၍ထု နာမှုမရှိ ဥပေက္ခာ တရားတော်"

၂၈. ၉. ၂၀၀၇

## မျက်စိတို့ အဆင်းတို့က ဥပါဒါရုပ်

မျက်စိတို့ နားတို့ နှာခေါင်းတို့ ဆိုတာက **'ဥပါဒါရုပ်'** ခေါ်တယ်။ မျက်စိတွေ၊ နားတွေ၊ နှာခေါင်းတွေက ဘာတွေခေါ်တယ် (ဥပါဒါရုပ်ပါဘုရား)။ **'ဥပါဒါရုပ်'** ရဲ့ **'အာရုံ'**ကလည်း လဲမှို့လို၊ ဂွမ်းလိုပဲဟာမျိုး၊ ဂွမ်းနှစ်ခု **'ဝါဂွမ်းနှစ်ခု ကောက်၍ထု နာမှုမရှိ ဥပေက္ခာ'**။

အခုဟာတွေ **'ဥပေက္ခာတွေ'** ဖြစ်နေတယ်။ အဲဒါ **'ဥပါဒါရုပ်'**၊ ဂွမ်းနှစ်ခုက **'ဥပါဒါရုပ်'**၊ ဟိုက **'ရူပါရုံ'** ကလည်း ဂွမ်းပဲ၊ **'မျက်စိ'**ကလည်း ဂွမ်းပဲ။ **'ဝါဂွမ်းနှစ်ခု'** ကို ဒီလိုဒီလို ကောက်ပြီးလည်း ထုလိုက်ရော၊ ဘယ့်နှယ့်မှ မနေဘူး။ အဲဒါ **'ဥပေက္ခာ'**ပဲ ဖြစ်တယ်။ အဲဒါကိုယ့်အစွမ်း **'ကိုယ်'** က ဥပေက္ခာဖြစ်တာမဟုတ်ဘူး၊ **'ငါ'** က ဥပေက္ခာ ဖြစ်တာမဟုတ်ဘူး၊ **'သူ'** လည်း ဥပေက္ခာ ဖြစ်တာမဟုတ်ဘူး၊ အဲဒါ **'ဝါဂွမ်းနှစ်ခု ကောက်၍ထု နာမှုမရှိ ဥပေက္ခာ'**။

အဲဒါ ဝါဂွမ်းနှစ်ခု ကောက်ထုသလိုပဲ၊ ကြည့်တယ်၊ ဘာကြည့်တယ်၊ အဲဒါ **'ဥပါဒါရုပ် အချင်းချင်း'** ထိတာ၊ အဲဒါ တို့ဒီက **'နားနဲ့ အသံနဲ့'** ထိတယ်၊ **'မျက်စိနဲ့ အဆင်းနဲ့'** လည်း ဥပေက္ခာ ဖြစ်တယ်၊ **'ဥပေက္ခာ ဓမ္မသဘာဝ'**ခေါ်တယ်၊ သို့မဟုတ်လို့ရှိရင် ဒီဥပေက္ခာကြီးက **'ငါ့ဥပေက္ခာကြီး'** မှတ်နေတတ်တယ် မဟုတ်ဘူး၊ **'ဥပေက္ခာ'** ဆိုတာ ဝေဒနာခေါ်တယ်၊ **'ဝေဒနာက္ခန္ဓာ'**၊ ဥပေက္ခာဆိုတာ ဘာခန္ဓာတုံး (ဝေဒနာက္ခန္ဓာပါဘုရား)။

## ဥပေက္ခာဆိုတာ ဝေဒနာက္ခန္ဓာ

**'ဥပေက္ခာ'** ဆိုတာ ဘာခန္ဓာတုံး (ဝေဒနာက္ခန္ဓာပါဘုရား)၊ **'ဝါဂွမ်းနှစ်ခု'** က ဘာ ခန္ဓာတုံး ရုပ်ခန္ဓာ၊ **'ဝါဂွမ်းနှစ်ခု'** က ဘာခန္ဓာတုံး (ရုပ်ခန္ဓာ)၊ အဲ **'ရုပ်'** က **'ရူပုပါဒါနက္ခန္ဓာ'**၊ အဲဒါကို **'ငါ'**လို့သိတယ် **'ငါ'** လို့မသိနဲ့၊ **'ရူပုပါဒါနက္ခန္ဓာ'**၊ **'ရုပ်-ဥပါဒါနက္ခန္ဓာ'** နှစ်ခုစပ်လိုက်တော့- **'ရူပုပါဒါနက္ခန္ဓာ'**၊ **'ဝေဒနုပါဒါနက္ခန္ဓာ'**။

အဲဒီဟာ **'ဒုက္ခသစ္စာ'** လို့ခေါ်တယ်၊ သူကဖြစ်တယ် ထိတယ်၊ ကဲ ထိတာလေးကလည်း မပြဘူး၊ **'ဝါဂွမ်းနှစ်ခုကောက်၍ထု နာမှုမရှိ ဥပေက္ခာ'**၊ အဲ **'ဥပေက္ခာ'** ဆိုတာ **'ဝေဒနာ'**ကို ခေါ်တယ်၊ **'ကောက်၍ထုတာ'** က ကြည့်တာခေါ်တယ်၊ ကြည့်တော့ဟိုက **'ရူပက္ခန္ဓာ-ရူပါရုံ'** ဒီက **'စက္ခု'**၊ **'စက္ခု'** ဆိုတော့ နာမှုမရှိဘူး၊ **'ဥပေက္ခာ'** ဆိုတော့ အဲဒီစိတ်ကလည်း **'ဥပေက္ခာ**

www.burmeseclassic.com

www.burmeseclassic.com



**စိတ်'** တဲ့။ **'ဥပေက္ခာ သဟဂတံ စက္ခုဝိညာဏံ'**၊ မြင်တဲ့စိတ်က စက္ခုဝိညာဏ်ကြီးဖြစ်သွားတယ်၊ **'ဥပေက္ခာနဲ့တကွဖြစ်တဲ့ စက္ခုဝိညာဏ်ကြီး'** ဖြစ်တယ်၊ အဲလိုသိမှ၊ အဲလိုမသိလို့ရှိရင် **'ငါ'** မြင်တယ်လို့ ဆိုတတ်တယ်၊ **'ငါ'** မြင်တယ်ဆိုရင် ဒီပြင်ဟာတွေ လုပ်နေပေမယ့် **'ငါကြီး'** ဖြစ်နေတော့ လူမပျောက်ဘဲ ဖြစ်နေတယ်၊ အဲဒီ **'အဆင်း'** တို့၊ **'မျက်စိ'** တို့က **'ဥပါဒါရုပ်'** လို့ခေါ်တယ်။

**မဟာဘုတ် အချင်းချင်းထိလို့နာတာ**

**'ကျောက်ခဲနှစ်ခုကောက်၍ထု'**၊ ဒင်းဆိုနာပြီ၊ အဲဒီ ခွေးတွေ ကိန်ကိန်နဲ့၊ ခွေးတွေ မရိုက်နဲ့၊ အဲဒါ နာသွားတယ်၊ ခွေးတွေ ကိန် ကိန်ကိန်နဲ့၊ လူကဒေါသလေးနဲ့ ကောက်ပြီးတော့ ပေါက်လိုက်တာပဲ၊ ဟိုမှာ နာလိုက်တာ တကိန်ကိန် အော်လို့ ပြေးတယ်၊ အဲဒါ နာလို့ပြေးတာ၊ နာတယ်ဆိုတာက **'ဒုက္ခဝေဒနာ'** ခေါ်တယ်၊ အဲဒါ **'ဥပါဒါရုပ်'** ကို လွန်သွားပြီးတော့ **'မဟာဘုတ်အချင်းချင်း'** ထိလို့နာတာ။

**'ဥပါဒါရုပ်ကိုလွန်၍မဟာဘုတ်အချင်းချင်းထိ၍ နာတာ'**၊ အဲဒါ **'သူ'** နာတယ်၊ **'ကိုယ်'** နာတယ် မဟုတ်ဘူး၊ **'ခွေး'** နာတာ မဟုတ်ဘူး၊ ခဲနဲ့ ကောက်ပေါက်လိုက်တယ်၊ ရိုက်လိုက်တယ်၊ နွားတွေလည်း ဒီလိုပဲ၊ ရိုက်လိုက်တယ်၊ နွားကြီး လည်း နာလိုက်တာ၊ ဒါကြောင့်မို့လို့၊ ဟို နွားတံကို သံထည့်ထားတယ်၊ တွန့်လိမ် တွန့်လိမ်နဲ့ အတော်ခံရ ခက်တာပေါ့၊ အဲဒါကြောင့် **'ကျောက်ခဲနှစ်ခု ကောက်၍ထု'**။ အဲ နာလို့အော်၊ ကိန်ကိန်နဲ့အော်တယ်၊ နာကြတော့ တွန့်သွားတယ်၊ မလုပ်ပါနဲ့လည်း မဆိုနိုင်ဘူး၊ မလုပ်ပါနဲ့ လို့လည်း ပါးစပ်ကမပြောနိုင်ဘူး၊ မရိုက်ပါနဲ့ဆိုလို့လည်း မရဘူး၊ တစ်ခါတည်း နာပြီးတော့သာ နေရတာပဲ၊ တစ်နေ့ နာရသလား ဆရာဆိုတော့ မသေမချင်း နာနေရတယ်။

**'ကျောက်ခဲနှစ်ခုကောက်၍ထု နာမှု အနန္တ'**၊ နာလို့မဆုံးတော့ဘူးတဲ့၊ အဲဒီခန္ဓာကြီးက **'ငါ့'** ထိုးတယ်၊ **'ငါ'**ကရိုက်တယ်၊ **'သူ'** က ရိုက်တယ်နဲ့ ဖြစ်သွားတော့ **'ဥပါဒါနက္ခန္ဓာ'** ဖြစ်သွားတယ်တဲ့၊ စင်စစ်တော့ အဲဒီ **'ဥပါဒါနက္ခန္ဓာ'** ဆိုတာ **'မဟာဘုတ်'** ဟုတ်တာနဲ့၊ **'မဟာဘုတ်'** မဟုတ်တာ အဲဒီနှစ်ခုတည်းရယ်။ စင်စစ် **'ဝါဂွမ်းနှစ်ခု'** ထုတာနဲ့၊ **'ကျောက်ခဲနှစ်ခု'**ထုတာ အဲဒီလို ကွာသလို **'ဥပါဒါရုပ်ချင်း'** ထုတာကတော့ ဝါဂွမ်းနှစ်ခုထုသလို၊ အဲ **'ထုတယ်'**ဆိုတာ **'ထိတာ'**ပေါ့၊ နှစ်ခုထိတော့ ဥပေက္ခာဖြစ်ပြီး စကားပြော၊ နောက်ကျတော့ **'သောမနဿ'** ဖြစ်ပြီးတော့ ကြိုက်ကြရော၊ **'ဒေါမနဿ'** ဖြစ်ပြီးတော့ စိတ်ဆိုးကြရော၊ အဲဒါ **'ကျောက်ခဲ'** ရောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



**စိတ်ဆိုးတယ် သဘောကျတယ်ဆိုရင် ကျောက်ခဲ ရောက်သွားပြီ**

စိတ်ဆိုးတယ်၊ သဘောကျတယ်ဆိုရင် အဲဒါကျောက်ခဲရောက်သွားပြီ၊ **'ဝါဂွမ်း'** က လွန်သွားပြီ၊ အဲလိုသိရတယ်၊ သို့မဟုတ်လို့ရှိရင် အောင်မာ **'ဝါဂွမ်းတွေ၊ ကျောက်ခဲတွေ'** လွန်သွားပြီ၊ **'ငါ'** ဖြစ်သွားတယ်။ **'ကျောက်ခဲက မဟာဘုတ်'**၊ ကျောက်ခဲကလေးခု၊ မဟာဘုတ်က လေးခု၊ ဥပါဒါရုပ်က နှစ်ဆယ့်လေးခု၊ လေးခုနဲ့ နှစ်ဆယ့်လေးခုနဲ့ပေါင်းတော့ နှစ်ဆယ့်ရှစ်ခု ဖြစ်တယ်တဲ့၊ လေးခုရောက်တော့ လေးခုက မဟာဘုတ်တဲ့၊ အဲဒီလေးခု ရောက်သွားလို့ရှိရင် **'တရား'** ရတယ်၊ **'မဟာဘုတ်'** က လွန်သွားတဲ့ အခါကျတော့ မဟာဘုတ် မရှိတော့ဘူး။

**မဟာဘုတ်ရှိသမျှတော့ နာလိမ့်မယ်**

**'နိဗ္ဗာန်'** ကျတော့ မဟာဘုတ်မရှိတော့ဘူး၊ **'မဟာဘုတ်'** မရှိရင် နာမှုမရှိတော့ဘူး၊ အဲဒါကြောင့် **'မဟာဘုတ်'** ရှိရင်တော့ နာလိမ့်မယ်၊ ကျောက်ခဲကြီး နှစ်ခုညှပ်၊ ဟာ ကြိတ်တယ်၊ လှည်းဘီးကြီးတွေ နင်းသွားတယ်၊ ကားဘီးကြီးတွေ နင်းသွားတယ်၊ ကြိတ်တယ်၊ ချေတယ်ဆိုတာ နာလို့မဆုံးဘူး၊ တချို့ကများ အဲဒီ သူခိုးတွေ ဘာတွေမဟုတ်ဘူး၊ ဟုတ်တယ်ဆိုတာ ဝါးညှပ် ဆိုတာသိလား၊ ဝါးကြီးကို ဒီလိုခွဲပြီး ခြေထောက်ထဲညှပ်ပြီးတော့မှ အဲဒါဝါးညှပ်ခေါ်တယ်၊ အမလေး ပေါက်ထွက်သွားတာ၊ အဲ့ဒါနာတာ၊ မယူဘူးလား၊ ယူသလား၊ ဟိုတုန်းက သူခိုး မေးတာ၊ သူခိုးစစ်တာ၊ ဒီကတော့ 'ဖမ်း'၊ 'ဖုန်း'နဲ့ ရိုက်တယ်၊ အဲဒါအသံနဲ့ ခြောက်တာ၊ အခုသူခိုးကို ခြောက်တာ၊ ရိုက်တာ၊ မခိုးပါဘူးဗျ၊ မခိုးပါဘူးဗျ၊ ဟိုက ဘယ်ယုံလိမ့်မတုံး။

အဲဒါ ဝါးညှပ်နဲ့လုပ်လိုက်တော့ အမယ်လေး ခိုးပါတယ်ခင်ဗျနဲ့ အဲလိုချက်ချင်း ပေါ်သွား တယ်၊ အဲဒါကြောင့် ရှင်ဘုရင်လုပ်ရတာလည်း၊ အဲဒီထဲသွင်းပြီးတော့ ဖိချလိုက်တာ၊ အမယ်လေး အရိုးတွေ ဘာတွေပေါ်ပြီး ပြတ်ပြီးတော့ နာလွန်းလွန်းလို့ တင်းခံလည်းမရဘူး၊ ခိုးပါတယ်လို့ ပြောလိုက်ခါမှပဲ၊ မခိုး ခိုးခိုး ခိုးပါတယ်လို့ပြော ထောင်ကျကရော၊ အဲဒါ အနာတော့ သက်သာ တယ်၊ မခိုးပါဘူး၊ ငြင်းလေ ညှပ်လေ၊ ကြာတော့ မခံနိုင်တော့ဘူး လူဆင်းရဲ ဖြစ်ရတာလည်း မကောင်းဘူး၊ ခိုးတယ်ဆိုတာ မကောင်းဘူး၊ အဲဒါ **'ခန္ဓာတွေ'၊** အဲလို **'ခန္ဓာတွေ'** ဒုက္ခ ရောက်တယ်၊ ငရဲကလည်း ဖြစ်တယ်၊ န္တွားတွေ ခွေးတွေကျ တိရစ္ဆာန်ဖြစ်တယ်၊ အဲဒါဘာတွေတုံး ဆို **'မဟာဘုတ် ဥပါဒါရုပ်'**၊ အဲဒါ မရောက်လို့၊ **'မဟာဘုတ် ဥပါဒါရုပ်'** မရောက်တော့ မယားကလိုချင်တယ်၊ ယောကျာ်းက လိုချင်တယ်၊ ကလေးတွေက မွေး၊ စားစရာကမရှိတော့

www.burmeseclassic.com

www.burmeseclassic.com



ခိုးတယ်၊ ခိုးတော့ အစိုးရဆီ ရောက်တယ်ပေါ့၊ ရောက်တော့ အဲလိုစစ်တယ်၊ ခံရတယ်၊ အခုတော့ လူချမ်းသာဖြစ်နေတုန်းတော့ သက်သာပါရဲ့၊ လူဆင်းရဲဖြစ်တော့ မသက်သာဘူး။

**မဟာဘုတ် ဥပါဒါရုပ် မရောက်လို့**

ဒါကြောင့် **'မဟာဘုတ်'**၊ အဲဒါ**'မဟာဘုတ်'** က ရုပ်၊ အခုထိုင်နေတဲ့ဟာက **'ရုပ်'**၊ အဲဒါက **'ကာယဝိညတ်ရုပ်'**၊ အဲဒါကလည်း **'ဥပါဒါရုပ်'** ပဲ။ အဲဒီထိုင်နေတော့လည်း **'ဥပေက္ခာ'**၊ **'ဝါဂွမ်းနှစ်ခုကောက်၍ထု နာမှုမရှိ ဥပေက္ခာ'**၊ အဲဒါလေးဆိုဆိုနေရတယ်။ အဲဒါထိုင်တာ **'ကာယဝိညတ်ရုပ်'** ခေါ်တယ်၊ လူမဟုတ်ဘူး၊ ယောကျ်ားမဟုတ်ဘူး၊ မိန်းမ မဟုတ်ဘူး၊ စကားပြောတာလည်းရုပ်ပဲ **'ဝစီဝိညတ်ရုပ်'**၊ အဲဒါ **'ရုပ်'** ကို လွန်ပြီးတော့ မကြံ ရဘူး။ ဘယ်သူက တရားဟောတယ်၊ ဘယ်သူက တရားနာတယ်လို့ ဒီလိုမရှိဘူး၊ **'ဝါဂွမ်းနှစ်ခု ကောက်၍ထု'** နေတာပဲ၊ **'ဥပါဒါရုပ်'**၊ **'ဝါဂွမ်းနှစ်ခုကောက်၍ထု နာမှုမရှိ ဥပေက္ခာ'**၊ အဲဒီ **'ဥပေက္ခာ'** က အနိစ္စပဲ၊ **'ဥပေက္ခာ'** ကို အနိစ္စမြင်မှ တစ်ခါတည်း နိဗ္ဗာန်ကိုမြင်တယ်။

အဲဒါ **'ရုပ်'** လို့မှတ်၊ တကယ့်လူကြီးလို့ မမှတ်နဲ့၊ တကယ့်လူကြီးလို့မှတ်ရင် **'ဒိဋ္ဌိ'** တို့၊ **'မာန'** တို့၊ **'လောဘ'** တို့ဖြစ်တယ်တဲ့၊ အဲဒါ **'ကျောက်ခဲနှစ်ခု'** လို့မှတ်ထား။ **'ကျောက်ခဲ နှစ်ခုကောက်၍ထု နာမှုအနန္တ'**၊ အဲဒီ ယောကျ်ားနဲ့ မိန်းမဆိုတာလည်း အဲဒီ **'ဥပါဒါန်'**၊ ဝါဂွမ်းနှစ်ခုကောက်၍ထုတာပဲ။ ကျောက်ခဲနှစ်ခုကောက်၍ ထုရင်တော့ သွေးတွေ ထွက်ပြီး နာသွားတယ်၊ **'ကျောက်ခဲ နှစ်ခုကောက်၍ထု နာမှုအနန္တ'**၊ နွားတွေ၊ ခွေးတွေလို ကိန်ကိန်နဲ့ အော်တယ်။ အဲဒါ **'ကျောက်ခဲနှစ်ခု ကောက်၍ထု'** လိုက်တာပဲ။ အဲလို ခွေးတွေဘာတွေ မထုနဲ့၊ ထုရင်နာတယ်၊ ကိုယ့်ကိုလည်း ခေါင်းတွေ၊ လောက်လေးခဲတွေနဲ့ ထုလိုက်ရင်နာတယ်၊ အဲဒီ **'ငါ'** ကို မှန်လိုက်ရင်နာတယ်၊ နာတာဟာ **'ငါ'**ဆိုပြီး စိတ်ဆိုးတယ်။ အဲဒီ **'ငါ'** ကို မှန်လိုက်ရင် စိတ်မဆိုးဘဲနေလိုက်လို့ရှိရင်၊ လောက်လေးခွ နဲ့ မှန်တာရှိသေးတယ်၊ တုတ်နဲ့ပစ်၊ ဓားနဲ့ခုတ်ရင် မသေသေးဘူးလို့ အဲလို **'အကောင်းမြင်ဝါဒ'** နဲ့ဆိုရင်လည်း နိဗ္ဗာန်ရောက်တယ်။ အဲလို အကောင်းမမြင်ဘဲ ဒေါသနဲ့ဆိုရင်လည်း ငရဲ ရောက်တယ်။

**အကောင်းမြင်ဝါဒနဲ့ ဆိုရင်လည်း နိဗ္ဗာန်ရောက်တယ်**

**'ဒေါသထွက်ရင် ငရဲရောက်၊ အကောင်းမြင်ရင် နိဗ္ဗာန်ရောက်'**၊ အေး **'အကောင်း မြင်'**ရတယ်။ သတ်မှမသတ်သေးဘဲနဲ့၊ ခဲနဲ့သာထုသေးတာ၊ ငါ့ကားကြီးကို ရှောင်သာတာက်

www.burmeseclassic.com

www.burmeseclassic.com



သေးတာ၊ တိုက်မှမသွားဘဲနဲ့ အဲသလို **'အကောင်းမြင်ဝါဒ'** ဆိုရင် နိဗ္ဗာန်ရောက်တယ်။ ရှင်ပုဏ္ဏမထေရ်ဟာ အဲသလိုနဲ့ပဲ နိဗ္ဗာန်ရောက်သွားတယ်တဲ့၊ ဒေါသထွက်တော့ တိုက်ဟဲ့ တိုက်ဟဲ့ဆို ခလုတ်ကြီးကိုရှာပြီး တိုက်တယ်၊ ခလုတ်တိုက်တာ လည်း **'ကျောက်ခဲနှစ်ခုကောက်၍ထု နာမှုအနန္တ'**၊ ခြေသည်းကြီးလန်သွားတယ်ဆို နာလိုက်တာ တစ်ခါတည်း၊ နာလို့ပတ်တီးကြီးစည်း၊ အဲလို ယောင်ကိုင်းနေလို့ရှိရင် စပါးလင်ပင်ကို ထုခြေပြီးအုံရင် ပျောက်တယ်တဲ့။

**ရူပါရုံကလည်း ဝါဂွမ်း၊ သဒ္ဒါရုံကလည်း ဝါဂွမ်း**

**'ရူပါရုံ'** ကလည်း ဝါဂွမ်း၊ **'သဒ္ဒါရုံ'** ကလည်း ဝါဂွမ်း၊ **'အာရုံခြောက်ပါးတွေ'** လည်း ဝါဂွမ်းတွေမှတ်၊ **'စက္ခု'** ကလည်း ဝါဂွမ်း၊ **'နား'** ကလည်း ဝါဂွမ်း၊ **'နှာခေါင်း'** ကလည်း ဝါဂွမ်း၊ **'လျှာ'** ကလည်း ဝါဂွမ်း၊ အဲဒါမှတ်၊ အဲဒါ **'ဥပါဒါရုပ်'** ခေါ်တယ်၊ ဘာရုပ်ခေါ်တယ် (ဥပါဒါရုပ်ပါဘုရား)။ ဝါဂွမ်းက **'မဟာဘုတ်'** မရှိဘဲနဲ့ ဝါဂွမ်းဖြစ်ကဲ့လား၊ ပြီးတော့ ကျောက်ခဲကရော **'မဟာဘုတ်'** မရှိဘဲနဲ့ ကျောက်ခဲဖြစ်ကဲ့လား၊ ကျောက်ခဲတို့ ဝါဂွမ်းတို့က **'မဟာဘုတ်'** ပါတယ်တဲ့။ ဝါဂွမ်းက နုတယ်တဲ့၊ အဲဒီ **'နုတဲ့ မဟာဘုတ်'** ကို ကြိုက်တော့ **'လောဘ'** ရှိတယ်၊ **'လောဘ'** ရှိတယ်တဲ့။ **'မာတဲ့မဟာဘုတ် ကျောက်ခဲ'** ကျတော့ မကြိုက်တော့ အော်တော့ **'ဒေါသ'** ဖြစ်တော့ ငရဲရောက်တယ်တဲ့၊ စပါးကြီးမြွေကြီးတွေ ဘာကြီးတွေဖြစ်တာက **'လောဘတွေ'** များလွန်းလို့ အဆိပ်တွေ များတယ်တဲ့၊ လောဘတွေ များလွန်းလို့ စပါးကြီးမြွေတွေ ဘာကြီးတွေ ဖြစ်တယ်တဲ့။ အဲဒါလည်း သူတကာ့ကို အဆိုးမဆိုနဲ့။

**ဝါဂွမ်းနှစ်ခုကောက်၍ထု နာမှုမရှိ ဥပေက္ခာ။**

**ကျောက်ခဲနှစ်ခု ကောက်၍ထု နာမှု အနန္တ။**

အဲဒီလို ဆို ဆိုနေရတယ်၊ **'ကျောက်ခဲ'** ဆိုတာက **'ကိုယ်'** မဟုတ်ဘူး၊ **'မဟာဘုတ်'** ခေါ်တယ်၊ **'ဝါဂွမ်း'** ကလည်း **'ကိုယ်'** မဟုတ်ဘူး၊ **'ဥပါဒါရုပ်'** ခေါ်တယ်၊ မျက်စိတွေ ဘာတွေ ကြည့်တဲ့အခါကျတော့ **'ကိုယ်'** လို့ထင်တတ်တယ် မဟုတ်ဘူး၊ **'ဥပါဒါရုပ်'** ခေါ်တယ်၊ **'မဟာဘုတ်'** ကို မှီပြီးတော့ ဖြစ်ရတဲ့ရုပ် **'ဥပါဒါရုပ်'၊** ဥပါဒါရုပ်အချင်းချင်း ဥပါဒါရုပ် ရုပ်ဥပါဒါ။ **'ဥပါဒါရုပ်'** ဆိုစမ်း (ဥပါဒါရုပ်)၊ **'ဥပါဒါရုပ်'**ကျတော့ ရုပ်ကိုနောက်ကထားတယ်။

**'ရုပ် ဥပါဒါနက္ခန္ဓာ၊ ရူပုပါဒါနက္ခန္ဓာ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ'**၊ အဲဒီ **'ဝါဂွမ်းတွေ'**ဟာ ဒုက္ခတွေတဲ့၊ မြတ်စွာဘုရားကမြင်တယ်၊ ဝါဂွမ်းတွေကို **'ဒုက္ခသစ္စာ'** လို့ မြင်တယ်၊ **'ဝါဂွမ်းနှစ်ခုကောက်၍ထု နာမှုမရှိ ဥပေက္ခာ'**။ အဲဒီ **'ဥပေက္ခာ ဝေဒနာ'** က **'ဖြစ်ပျက်'**သွားတယ်၊ အဲဒီဟာကို **'ဒုက္ခသစ္စာ'**လို့ ခေါ်တယ်၊ **'သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာပိဒုက္ခာ'**၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါက **'ဓမ္မစကြာတရားတော်'** ရဲ့ ဒုက္ခသစ္စာ၊ အခု **'ဒုက္ခသစ္စာ'**ကို ဖော်ပြရတာတဲ့၊ အဲဒီ **'ဥပေက္ခာဝေဒနာ'**လည်းဖြစ်ပြီး ပျက်မသွားဘူးလား၊ နောက်တစ်ခါဖြစ်တဲ့ အသစ်ခေါ်တယ်၊ အခု ဥပေက္ခာ၊ ဥပေက္ခာ၊ ဥပေက္ခာ၊ ဥပေက္ခာ မီးတောက်ကြီးလိုပေါ့။ မီးတောက်ကြီးကလည်း လင်း လင်း လင်း လင်း၊ အဲဒါ **'သန္တတိ'** ဆက်နေတယ်။ အဲဒီ **'ဥပေက္ခာ'** ကလည်း နာမှုမရှိ၊ နာမှုမရှိ၊ နာမှုမရှိ ဥပေက္ခာကြီးဖြစ်နေတယ်၊ တရစပ်၊ တရစပ်၊ အဲဒါကိုမြင်အောင်ကြည့်ရတယ်၊ **'ဉာဏ်'**နဲ့ကြည့်ရတယ်။

မြင်တယ် စတုန်းက **'ဥပေက္ခာ'**မဟုတ်ဘူး၊ အခုထိုင်နေတုန်း **'ဥပေက္ခာ'**၊ ဝါဂွမ်းနှစ်ခု ကောက်၍ထု ထုနေတယ်၊ ဟော **'မျက်စိ'**နဲ့ မြင်ရင် ထု၊ **'နား'** နဲ့ကြားရင် ထု၊ **'နှာခေါင်း'** နဲ့ ရှူ နေရင်လည်း အဲဒါထုနေတယ်၊ အဲဒါနာမှုမရှိရင် **'ဥပေက္ခာ'** ဖြစ်နေတယ်၊ လက်ကယား လိုက်တာ လို့ ကုတ်လိုက်ပြန်ရင်လည်း **'ဥပေက္ခာ'** ဖြစ်နေတယ်၊ ဝါဂွမ်းနှစ်ခုထုနေတယ်၊ အဲဒါ **'ပသာဒရုပ် ငါးပါး၊ ဝိသယရုပ် ခုနစ်ပါး'**။

ဝိသယရုပ် ခုနစ်ပါးကို အာရုံခေါ်တယ်။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ခေါ်တယ်။ ဖောဋ္ဌဗ္ဗာရုံကသုံးပါးရလို့ ဟိုကလေးပါးနဲ့ ပေါင်းလိုက်တော့ ခုနစ်ပါးဖြစ်သွား တယ်။ ပသာဒရုပ်က ငါးခုနဲ့ပေါင်းလိုက်တော့ ဆယ့်နှစ်ခုဖြစ်သွားတယ်။ အဲဒါ **'သြဠာရိကရုပ်'** ခေါ်တယ်။ အဲ **'သြဠာရိက'**၊ ဝါဂွမ်းနှစ်ခုတွေဖြစ်နေတယ်၊ ဝါဂွမ်းနှစ်ခုထုနေတာတွေကလည်း မြို့ထဲ၊ ရွာထဲမှာတွေ အဲဒါတွေကလည်း ပျော်နေကြတယ်၊ အဲဒါတွေကြောင့် စိတ်ဆိုးနေကြ တယ်။ မျက်စိက စိတ်မဆိုးဘူးလား၊ မြင်ရ၊ ကြားရတာ စိတ်မဆိုးဘူးလား၊ စိတ်ဆိုးတာ **'ဒေါမနဿ'** မဖြစ်ဘူးလား၊ **'ဒေါမနဿ သောမနဿ'** မဖြစ်ဘူးလား၊ အဲ့ မျက်စိကမြင် အဲဒီဟာတွေကို **'ဥပါဒါနက္ခန္ဓာ'**တဲ့။

အဲဒါကိုမြတ်စွာဘုရားက **'ဒုက္ခသစ္စာ'**လို့မြင်တယ်၊ ထိုင်နေတာလည်း **'ဝါဂွမ်းနှစ်ခု ကောက်၍ထု နာမှုမရှိ ဥပေက္ခာ'**၊ နာတဲ့အခါ ကျတော့ နာတယ်၊ ညောင်းတယ်ဆို ဒီလိုပြင်တာ၊ နာမှုမရှိရင် အဲလိုပဲ ထိုင်နေတာပဲ၊ **'ငါ'** ထိုင်နေတယ်လို့မှတ်မနေနဲ့၊ **'ဥပါဒါနက္ခန္ဓာကြီး'** ထိုင်နေတယ်၊ အဲလိုသိမှ **'ဒုက္ခသစ္စာ'** သိတယ်။ ပါဠိနဲ့ တရားဆိုတာ သိရတယ်၊ ပါဠိနဲ့ တရားက **'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ပိဒုက္ခာ'**၊ ဒုက္ခ အဆုံး ဆုံးတဲ့၊ **'အပ္ပိယေဟိ သမ္ပယောဂေါတွေ'** ဘာတွေဆိုတာလည်း အဲဒီဟာမျိုး၊ **'နာမှုမရှိရင် ဥပေက္ခာတွေ'**၊ နာမှုရှိလာတဲ့ အခါကျတော့ **'သောမနဿ ဒေါမနဿ'** ဖြစ်သွားတယ်၊ **'မဟာဘုတ်'** ရောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ **'သောမနဿ ဒေါမနဿ'** ဖြစ်ရင် **'မဟာဘုတ်'** ရောက်လို့။ **'ဥပေက္ခာ'** ဖြစ်နေလို့ရှိရင် **'ဥပါဒါရုပ်'** နဲ့ ထိနေလို့၊ **'သောမနဿ ဒေါမနဿ'** ဖြစ်လို့ရှိရင် **'မဟာဘုတ်'** ရောက်လို့၊ မြင်လား၊ **'သောမနဿ ဒေါမနဿ'** ဆိုတော့ တဏှာ ဆိုတော့ **'မဟာဘုတ်'**၊ **'အာပေါတွေ'**က အရည်မထွက်ဘူးလား၊ အရည်ထွက်တာက **'တဏှာ'** ဆိုတာက **'သောမနဿ ဒေါမနဿ'** ဖြစ်လို့ ထွက်တာ၊ မျက်ရည်ငိုတော့လည်း မျက်ရည်တွေ မထွက်ဘူးလား၊ အဲလို **'အာပေါ'** ဖြစ်တယ်။ **'သောမနဿ'** ဖြစ်တော့လည်း **'အာပေါ'** ဖြစ်တာပဲ။ အဲဒါ **'အာပေါ'** မရောက်ဘူးလား၊ အဲဒါ နာမှုမရှိဘူး **'ဥပေက္ခာ'** မကတော့ဘူး၊ **'သောမနဿ ဒေါမနဿ'** ဖြစ်သွားတယ်။

**'ဣတ္ထိဘာဝ ပုမ္ဘာဝ'**၊ အဲဒီ **'ဣတ္ထိဘာဝ ပုမ္ဘာဝ'** ဆိုတာကလည်း ဥပါဒါရုပ်ပဲတဲ့။ **'ဣတ္ထိဘာဝ ပုမ္ဘာဝ'** ဆိုတာဘာရုပ်တုံး (ဥပါဒါရုပ်ပါဘုရား)။ **'ဥပါဒါရုပ်'**လို့မှတ်၊ **'ဥပါဒါရုပ်'** ဆိုတာ ဝါဂွမ်းနှစ်ခု၊ **'ဝါဂွမ်း နှစ်ခုကောက်၍ ထု'**နေကြတယ်တဲ့။ အခုထိုင်နေတာတွေ **'ဝါဂွမ်းနှစ်ခုကောက်၍ထု'** နေတာ၊ အောက်က **'ဖောဋ္ဌဗ္ဗာရုံ'**၊ အထက်ပေါ်က **'ကာယ ပသာဒ'**၊ **'ကာယပသာဒ'** ကလည်း ဝါဂွမ်း၊ အောက်ကထိတာ မနာသေးလို့ရှိရင် ဝါဂွမ်း၊ **'မနာ'**ဝါဂွမ်း၊ **'နာ'**ကျောက်ခဲ၊ အဲလိုမှတ်ထား မဟုတ်လို့ရှိရင် ကျောက်ခဲနဲ့ထိရင် နာတာနဲ့၊ အောက်မေ့လို့ရှိရင် အနာပျောက်သွားပြီး အဲဒီ ငိုတာတွေ ပျောက်သွားတယ်၊ ကျောက်ခဲနဲ့ ထုလို့နာတာ ဟဲ့ အဲလိုဆိုရတယ်၊ ကျောက်ခဲနှစ်ခု။ **'ကျောက်ခဲနှစ်ခု ကောက်၍ထု နာမှုအနန္တ'**။

**'အနန္တ'** ဆိုတာက ဖြစ်ပျက်ပြီးတော့နေတာ မဆုံးတော့ဘူးလို့ပြောတာ၊ အဲဒီ **'မဆုံး'** တော့ဘူးဆိုရင် **'ဝဋ္ဋဒုက္ခ'**၊ အဲဒါ **'ဆုံး'**သွားတယ်ဆိုလို့ရှိရင် **'ဝဋ္ဋဒုက္ခ'** မရှိတော့ဘူး။ အဲလို **'ဉာဏ်'** က၊ ဒါ့ကြောင့် **'မျက်စိ'**က ဥပါဒါရုပ်လား၊ မဟာဘုတ်လား (ဥပါဒါရုပ်ပါဘုရား)။ **'စက္ခုံ အနိစ္စတော ဒုက္ခတော'**လို့ မဆိုဘူးလား။ **'စက္ခု'**ကို မျက်စိလို့မြင်သေးလား မမြင်ဘူး၊ အဲဒါကြောင့် **'အဝိဇ္ဇာ'** ဖြစ်တယ်တဲ့။ အခုတရားမရတာ ဘယ်သူ့အပြစ်တုံး၊ **'အဝိဇ္ဇာအပြစ်'**။

**'မျက်စိ'** က ဥပေက္ခာမဖြစ်ဘူးလား၊ ဥပေက္ခာ၊ မျက်စိဖွင့်တိုင်း ဖွင့်တိုင်း **'အနိစ္စ'** မဖြစ်ဘူးလား၊ အဲဒီ **'အနိစ္စ'**ကိုသိမှ **'ဥပေက္ခာ'**လည်း အဲသလို **'အနိစ္စ'**။ စောစောက ဝါဂွမ်း တစ်ခုနဲ့ ဝါဂွမ်းတစ်ခု၊ **'ရူပါရုံဝါဂွမ်း'** နဲ့ **'မျက်စိဝါဂွမ်း'**နဲ့ ထိလိုက်တာ၊ အဲဒါ **'စက္ခုသမ္ဖဿ'** ခေါ်တယ်၊ **'စက္ခုသမ္ဖဿဇာ ဝေဒနာ'**၊ **'စက္ခု သမ္ဖဿဇာ -** စက္ခုသမ္ဖဿကြောင့်ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



စက္ခုသမ္ဖဿဆိုတော့စောစောက ဝါဂွမ်းတစ်ခုနဲ့ ဝါဂွမ်းတစ်ခု၊ **'ရူပါရုံဝါဂွမ်း'**တစ်ခုနဲ့ **'မျက်စိဝါဂွမ်း'**နဲ့ ထိလိုက်တာ၊ အဲတာ **'စက္ခုသမ္ဖဿ'** ခေါ်တယ်။ အဲဒါကားနဲ့ထိထိ ထိထိ နေတာက **'အနိစ္စ'**ခေါ်တယ်။ **'ဝေဒနာဝါဂွမ်းနှစ်ခု ကောက်၍ထု နာမှုမရှိ ဥပေက္ခာ'**၊ ဟော အခု**'နား'**နဲ့ **'အသံ'**နဲ့ကလည်း နာမှုမရှိဘူး၊ **'ဥပေက္ခာ'**။ အဲဒါလည်း ကောက်၍ ထု၊ **'ဝါဂွမ်းနှစ်ခု'** ထိထိနေတာကို **'သိတယ် သိတယ်'၊ 'ထိတယ် ထိတယ်'**၊ အဲဒီဟာကို ချုပ်ငြိမ်း သွားလို့ရှိရင် အဲဒါနိဗ္ဗာန်ရောက်တယ်၊ **'ဝါဂွမ်းနှစ်ခု'** ထိနေတယ်လို့ အဲလို မှတ်၊ ဒ့ါကြောင့် **'ဥပေက္ခာ'** ဖြစ်တယ်၊ **'ဥပေက္ခာဝေဒနာခံစားတယ်'**၊ လောကီမဟုတ်လို့ရှိရင် **'ဥပေက္ခာ ဝေဒနာ'** ခံစားနေတာပဲ။ အဲလို **'ဉာဏ်တွေ'**သွားတယ်။ **'ဉာဏ်တွေ'**သွားမှ ကံတွေမရောက်တာ။ **'ဉာဏ်တွေ'** ကထုတ်ရတယ်။ အဲဒီဟာ လေးနှစ်ခု ဆိုဆိုနေ။

**'ဝါဂွမ်းနှစ်ခုကောက်၍ထု နာမှုမရှိ ဥပေက္ခာ'**။

အခု **'ဥပေက္ခာဝေဒနာ'**ခံစားရတယ်၊ **'ဥပေက္ခာဝေဒနာ'**ခံစားရတယ်လို့ **'ဝေဒနာနုပဿနာ'**ပေမယ့် အဲဒီ **'ဝါဂွမ်း'**မှန်းမသိလို့ရှိရင် အဲဒါ **'ငါ'**ခံစားတယ်လို့ ဖြစ်ချင် ဖြစ်သွားတယ်၊

**'ရူပါရုံ'**ကလည်း ဝါဂွမ်း၊ **'စက္ခု'**ကလည်း ဝါဂွမ်း။

**'အသံ'**ကလည်း ဝါဂွမ်း၊ **'သောတ'**ကလည်း ဝါဂွမ်း။

**'အနံ့'**ကလည်း ဝါဂွမ်း၊ **'နှာခေါင်း'**ကလည်း ဝါဂွမ်း။

**'ပထဝီ တေဇော ဝါယော- ဖောဋ္ဌဗ္ဗ'** ကလည်း ဝါဂွမ်း၊ **'ကာယ'**ကလည်းဝါဂွမ်း။

အဲဒါ **'ဝါဂွမ်းနှစ်ခု ကောက်၍ထု နာမှုမရှိ ဥပေက္ခာ'** ဖြစ်သည်သာ။ ပထဝီနဲ့ အာပေါတို့ တေဇောတို့ရောက်တော့ **'ပထဝီ'**နာသွားတော့ **'အာပေါ'**က သွေးတွေထွက်တယ်၊ ဓားနဲ့ အသားနဲ့ ခုတ်လိုက်ရင် ဓားထိသွားပြီဆိုပါတော့ သွေးတွေထွက်သွားတာ ဘာဖြစ်လို့တုံးဆို တော့ **'အာပေါတွေ'**ထွက်လာတယ်ခေါ်တယ်၊ ဒါပေမယ့် အဲဒါ **'ငါ'**ခုတ်တယ်၊ **'သူ'**ခုတ်တယ်နဲ့ ဒေါသတွေဘာတွေထွက်လာတော့ အကုသိုလ်တွေ ဖြစ်သွားတယ်။ **'ဒေါသ'** မဖြစ်တော့တာ **'ဥပါဒါနက္ခန္ဓာ'** မှန်းသိလို့ သို့မဟုတ်လို့ရှိရင် **'လူ'**မှန်းသိလို့ရှိရင်နာတယ် **'လူတွေ'** ဆိုရင် နာတယ်။ **'ဥပါဒါနက္ခန္ဓာ'**မှန်းသိရင် မနာဘူး၊ **'မဟာဘုတ်'**မှန်းသိရင် မနာဘူး၊ နာပေမယ့် ဒေါသ မထွက်ဘူး၊ ဒေါသမထွက်တာ ဘာခေါ်သတုံး၊ နိဗ္ဗာန်၊ ဒေါသမထွက်တာ ဘာခေါ်သတုံး (နိဗ္ဗာန်ပါဘုရား)။ အဲဒါ ပါဠိက **'ဒေါသက္ခယော'**ခေါ်တယ်၊ ဒေါသမထွက်ဘူး။ **'ရုပ်ကြီး'**က သွေးတွေ မထွက်ဘူးလား (ထွက်ပါတယ်ဘုရား)၊ **'ငါမဟာဘုတ်'**ကွ၊ **'ရုပ်'** ရှိမှန်းသိအောင်လို့ **'မဟာဘုတ်'**

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ **'အာပေါ'**မဟုတ်လား၊ သွေးဆိုတာကလည်း **'အာပေါ'**၊ ဟို အဖြူသွေး ကလည်း **'အာပေါ'**၊ **'အာပေါ'**လို့ သိသေးလား၊ မသိဘူး၊ ယောက်ျား မိန်းမလို့ သိတော့ **'တဏှာတွေ'** ဖြစ်တယ်။ **'အာပေါ'**လို့သိရင် **'တဏှာ'** ဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)။ **'ရုပ်'**ကိုသိရတယ်။

**'ရူပေစ**- ရုပ်ကိုလည်း **ပဇာနာတိ**- သိ၏'၊ **'ရုပ်'** မှန်းသိရင် မဖြစ်ဘူးတဲ့။ **'ရုပ်'** မဟုတ်ဘူး၊ လူတွေလို့ သိနေလို့ဖြစ်တာတဲ့။ **'လူတွေ'** သိရင် အဝိဇ္ဇာလို့မှတ်ထား။ အဲဒါကြောင့် **လူမရှိသော စိတ်** (လူမရှိသောစိတ်) အဲဒီကိုရောက်ရတယ်။ အဲဒီကိုရောက်မှ တစ်ခါတည်း **'နိဗ္ဗာန်'**ကရောက်ရောက်သွားတယ်၊ အဲလိုဟာတွေ ရောက်ရတယ်။ တုတ်နဲ့ခုတ် ဓားနဲ့ခုတ်လိုက်တော့ သွေးတွေ မထွက်ဘူးလား (ထွက်ပါတယ်ဘုရား)။ သွေးကဘာတွေတုံး (အာပေါ)၊ **'အာပေါ'**ကို သွေးလို့ ဆိုတော့ လူဖြစ်မသွားဘူးလား၊ **'အာပေါ'** လို့ဆိုရင် လူဖြစ်သေးလား (မဖြစ်တော့ဘူးဘုရား)။ အဲဒါ **'မဟာဘုတ်'** ရောက်သွားတာ၊ အဲဒါ **'ဒေါသ'**မကုန်ဘူးလား။

ဒေါသကုန်တာဟာ **'နိဗ္ဗာန်'**၊ ဒေါသဖြစ်တာက **'ဒုက္ခသစ္စာ'**၊ **'ဖြစ်တာ'** ကို ဒုက္ခသစ္စာ ခေါ်တယ်။ **ဖြစ်ဖြစ်သမျှ ဒုက္ခသစ္စာ** (ဖြစ်ဖြစ်သမျှဒုက္ခသစ္စာ)၊ အဲဒီလိုပဲ သွေးထွက်ချင် ထွက်ချင် နေတယ်။ မထွက်ချင်ဘူးလား၊ ကဲ **'ရာဂ'**လုပ်တော့ သွေးတွေ မထွက်ဘူးလား၊ ထွက် ချင်နေ တယ်။ အဲဒါ **'သမုဒယသစ္စာ'**ခေါ်တယ်။ **'ဖြစ်ချင်ပါကသမုဒယ ဒုက္ခဖြစ်ကြောင်းမှတ်'** (ဖြစ်ချင်ပါကသမုဒယ ဒုက္ခဖြစ်ကြောင်းမှတ်)၊ **'ဖြစ်တဲ့သွေး'**လို့ သိသေးလား မသိဘူး။

**'ကျောက်ခဲနှစ်ခု ကောက်၍ထု နာမှုအနန္တ'**။

အဲဒါလည်း**'အာပေါ မဟာဘုတ်တွေ'** ထွက်သွားတာကို အဲဒါသွေးထွက်တယ်လို့ ခေါ်တယ်တဲ့။ ရုပ်-ဒါကြောင့် **'မဟာဘုတ်'** ကြောင့် **'ဒုက္ခ'** ဖြစ်တယ်တဲ့။ ဒါကြောင့် **'မဟာဘုတ်'** မရှိမှ **'သုခ'** ဖြစ်တယ်။ **'ယတ္ထ**- အကြင်နိဗ္ဗာန်၌၊ **အာပေါစ ပထဝီ တေဇော ဝါယော**- အာပေါသည်လည်းကောင်း၊ ပထဝီသည်လည်းကောင်း၊ တေဇောသည်လည်းကောင်း၊ ဝါယောသည် လည်းကောင်း၊ **နဂါဓတိ**- ထောက်ရာ တည်ရာ မရဘူး**'** တဲ့။ **'အနုတ္ထူလံ သုဘာ သုဘံ-** အငယ် အကြီး ကောင်းမကောင်း**'** အဲလိုမရှိဘူးတဲ့၊ အဲဒီကျမှ **'ပထဝီ'** မရှိတာကို သိတယ်။ သို့မဟုတ်လို့ ရှိရင် **'ပထဝီ'** နဲ့နေတယ်။ အဲဒီဟာကို မှတ်ထား။

## သုခုမရုပ်ရောက်တော့ မနောဒွါရ ရောက်သွားတယ်

အခု ဘာဝေဒနာခံစားနေသတုံး (ဥပေက္ခာဝေဒနာပါဘုရား)။ **'ဝါဂွမ်းနှစ်ခု ကောက်၍**

www.burmeseclassic.com

www.burmeseclassic.com



**ထု'** သာယာမှုရှိက **'သောမနဿ'**၊ **'ဝါဂွမ်းနှစ်ခုကောက်၍ထု'** လိုက်တာနဲ့ပဲ သာယာမှု ရှိသွားတယ်တဲ့၊ အဲဒါ **'ဝါဂွမ်းနှစ်ခုကောက်၍ထု'** လိုက်တာ၊ **'ဣတ္ထိ ဘာဝရုပ်'** ဆိုတော့ သုခုမရုပ် ဖြစ်သွားတယ်။ **'ဣတ္ထိ ဘာဝရုပ်'** ဆိုတော့ ဘာရုပ်ဖြစ်သွားသလဲ (သုခုမရုပ် ဖြစ်သွား ပါတယ်ဘုရား)။ **'သုခုမရုပ်'** ဖြစ်သွားတော့ သူကဘယ်ကိုရောက်သွားသတုံးဆိုတော့ **'မနော ဒွါရ'** ရောက်သွားတယ်၊ အဲဒါ **'သုခုမရုပ်'**သိပြီလား။

**'ဩဠာရိကရုပ်'**က ဒီအပြင်ဘက်တင် ဖြစ်နေတယ်၊ ဟုတ်ကဲ့လား၊ အပြင်ဘက်တင် ဖြစ်နေတော့ သူကဥပေက္ခာပဲဖြစ်တယ်၊ **'ဣတ္ထိဘာဝ ပုမ္ဘာဝ'** ရောက်တော့ အတွင်းရောက် သွားတယ်၊ **'သုခုမရုပ်'** ရောက်သွားတယ်။ **'ဣတ္ထိဘာဝ ပုမ္ဘာဝ'** ရောက်သွားတယ်။ **'ဣတ္ထိဘာဝ ပုမ္ဘာဝရုပ်'**က ဘာရုပ်တုံး (သုခုမရုပ်)၊ အာပေါ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ အဲဒီဟာတွေက **'သုခုမရုပ်'** ဖြစ်သွားတယ်၊ **'သုခုမရုပ်'** ဖြစ်တော့ ဘယ်ဒွါရနဲ့ဆိုင်တုံး၊ **'မနောဒွါရ'** နဲ့ ဆိုင်တယ်။ အခုဟာကတော့ **'ဩဠာရိကရုပ်'** ဆိုတော့ အပြင်ဘက်နဲ့ ဆိုင်တယ်။

**'အပြင်ဘက်ဝါဂွမ်း အတွင်းဘက်ဝါဂွမ်း ဝါဂွမ်းနှစ်ခုမှတ်'**၊ အဲဒါမှလည်း သိတယ်၊ မိန်းမတွေ၊ ယောကျ်ားတွေဆိုတာဘာတုံး၊ အတွင်းဝါဂွမ်း၊ အဲလိုကို မသိတာ၊ ရူပါရုံ သဒ္ဒါရုံတွေက ဘာဝါဂွမ်းတုံး (အပြင်ဝါဂွမ်း)၊ အဲဒါ **'ဩဠာရိကရုပ်'** ခေါ်တယ်။ ဒါ့ကြောင့် မြတ်စွာဘုရားက **'ဣတ္ထိရူပံ- ဤဟာရုပ်'** ဆိုတာ မြတ်စွာဘုရားက ရုပ် ကိုသေချာသိတာ။

### မြတ်စွာဘုရားက ရုပ်ကိုသေချာသိတာ

မြတ်စွာဘုရားက **'ဤဟာရုပ်'** ဆိုတာ သူက**'ရုပ်'**ကို သေချာသိတာ၊ မြတ်စွာဘုရားက ဒါ့ကြောင့် သူ့ **'ရာဂ ဒေါသ'** ကမဖြစ်တာ၊ ဒီက**'ရုပ်'**ကို သေချာကို မသိသေးလို့ အဲ့ဒါက ဖြစ်နေတာ၊ အခု**'ရုပ်'**ကိုသိသွားပြီ။

**'အတွင်းဝါဂွမ်း အပြင်ဝါဂွမ်း ဝါဂွမ်း နှစ်ခုမှတ်'**။

**'အတွင်းဝါဂွမ်း'**က သုခုမရုပ် သောဠသ၊ **'အတွင်းဝါဂွမ်း'** ကဘာတုံး (သုခုမရုပ်- သောဠသ)၊ **'အပြင်ဝါဂွမ်း'** ကဘာတုံး (ဩဠာရိက ရုပ်--- ဒွါဒသ)၊ **'အတွင်းဝါဂွမ်းက သုခုမရုပ် သောဠသ'**၊ ဒါ အရေအတွက်ပဲရှိသေးတယ်။ တကယ်သိအောင် **'သောဠသ'** သိအောင် လုပ်ရမယ်။ တကယ် သိမှ **'ဣတ္ထိရူပံ'**၊ **'ဣတ္ထိရူပသ သမုဒယော'**ကိုသိတယ်၊ သို့မဟုတ်လို့ရှိရင်

www.burmeseclassic.com

www.burmeseclassic.com



သိချင်လိုက်တာမှ အလွန်ပဲ၊ တစ်ခါတည်းအစိတ် အစိတ်မရောက်ဘူး။ သူတို့မှာ အထက်မှာ ရောက်နေတယ်။ အောက်ကဟာတွေ မသိဘူး၊ **'ဝါဂွမ်းနှစ်ခု'** မှန်းသိလားလို့ မေးပါဦး၊ မသိတော့ဘူး။

**အတွင်းဝါဂွမ်း အပြင်ဝါဂွမ်း ဝါဂွမ်းနှစ်ခုမှတ်။**

**အတွင်းကျောက်ခဲ အပြင်ကျောက်ခဲ ကျောက်ခဲနှစ်ခုမှတ်။**

**'ကျောက်ခဲ'**ကလည်း **'ကံ'**ကြောင့်ဖြစ်တဲ့ ကျောက်ခဲလည်းရှိတယ်၊ **'စိတ်'** ကြောင့် ဖြစ်တဲ့ ကျောက်ခဲလည်းရှိတယ်၊ ဟောဒီမှာ **'စိတ်'**ကြောင့် လက်သီးတွေ ဘာတွေဆုတ်လိုက်ရင် မမာဘူးလား။ အဲဒါ **'စိတ်'**ကြောင့်ဖြစ်တဲ့ **'ပထဝီ'**ခေါ်တယ်။ ဟိုလက်ဖဝှ့သမားတွေ ဘာတွေ၊ လက်သီးတွေ ဘာတွေ မမာဘူးလား၊ အဲဒါတွေက **'ပထဝီ'** ခေါ်တယ်။

စိတ်ကြောင့်ဖြစ်တဲ့ ပထဝီ ခေါ်တယ်။ မော်တော်ကားလည်း မာတာပဲ။ အဲဒါ **'ဝါဂွမ်းနှစ်ခု'** ရှိတယ်လို့ပဲမှတ်၊ **'မနော'**ထဲက ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ လူတွေ၊ ယောကျ်ားတွေ၊ မိန်းမတွေ၊ သားတွေ၊ သမီးတွေ အောက်မေ့ပြီဆို ဘာဝါဂွမ်းလဲ (အတွင်းဝါဂွမ်း ပါဘုရား)၊ **'အတွင်းဝါဂွမ်း'**က သုခုမရုပ် သောဋ္ဌသ၊ အာပေါ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ဇီဝိတရုပ် အာဟာရရုပ် ပရိစ္ဆေဒရုပ်၊ အဲဒီ ရုပ်တွေပြီးတော့မှ ကာယဝိညတ် ဝစီဝိညတ်။

အခုထိုင်နေတာတွေ **'ကာယဝိညတ်'**ခေါ်တယ်။ စကားပြောတာက **'ဝစီဝိညတ်'** ခေါ်တယ်။ အဲဒါ **'သုခုမရုပ်'**ထဲပါနေလို့ ထိုင်တာကို ထိုင်တယ်လို့ပဲ သိတာ၊ **'ဝိညတ်'**လို့ မသိသေးဘူး၊ **'ကာယဝိညတ်'**လို့ခေါ်တယ်၊ ထိုင်တယ်လို့ သူတကာ သိစေတာကို **'ဝိညတ်'**ခေါ်တယ်။

**'ဝိညာပေတီတိ ဝိညတ္တိ'**၊ **'ဝိညာပေတိ** -သိစေတတ်တယ်၊ **ဣတိတသ္မာ**- ထို့ကြောင့်၊ **ဝိညတ္တိ**-ဝိညတ်မည်၏၊ **ကာယေန**-ကိုယ်ဖြင့်၊ **ဝိညတ္တိ-** သိစေသည်တည်း၊ **ကာယဝိညတ္တိ**-ကိုယ်ဖြင့် သိစေသည်'။ ကိုယ်ဖြင့် ထိုင်တယ်လို့ သူတကာသိတာကို **'ကာယဝိညတ်ရုပ်'** ခေါ်တယ်၊ အဲဒါက **'အတွင်းဝါဂွမ်း'**၊ ဟုတ်ကဲ့လား၊ ရူပါရုံ သဒ္ဒါရုံတွေက **'အပြင်ဝါဂွမ်း'**၊ **'ဝါဂွမ်းနှစ်ခု'** ထိတဲ့အခါမှာ နာသေးသလား၊ မနာတော့ **'ဥပေက္ခာ'** ဖြစ်တယ်၊ ဟုတ်ကဲ့လား။

**ဝါဂွမ်းနှစ်ခု ကောက်၍ထု နာမှုမရှိ ဥပေက္ခာ၊**

**ကျောက်ခဲနှစ်ခု ကောက်၍ထု နာမှုအနန္တ။**

အဲ ခွေးတွေဆို ကိန် ကိန်၊ နွားတွေဆို တွန့် တွန့် သွားတယ်၊ မြွေကြီးတွေလည်း တွန့်

www.burmeseclassic.com

www.burmeseclassic.com



တွန့်သွားတယ်။ ဓားနဲ့ ခုတ်လိုက်တော့ ပြတ်သွားတယ်၊ တစ်ပိုင်းပြတ်ကြီးတွေ ဖလပ် ဖလပ်နဲ့၊ ဒါကြောင့်မို့ သူတကာတွေ ဘာတွေ မလုပ်နဲ့လို့။ အဲ့ဒါ **'ဒေါသ'** ရှိတာက အဲလို **'ဥပါဒါရုပ်'** မှန်းမသိလို့။

**ဒေါသရှိတာက ဥပါဒါရုပ်မှန်း မသိလို့**

မြွေကြီးဖြစ်နေတာလည်း အဲဒီဟာတွေဖြစ်နေတာ၊ လူကြီးဖြစ်တယ်ဆိုတာလည်း အဲဒီဟာတွေ **'ဥပါဒါရုပ်တွေ'** ဖြစ်နေတာ၊ နိဗ္ဗာန်ရောက်တယ်ဆိုတာက အဲဒါ **'မဟာဘုတ်၊ ဥပါဒါရုပ်တွေ'** မဖြစ်တာကိုခေါ်တယ်။ ဒါ့ကြောင့် ဒါဖြစ်မှန်းမသိကြလို့ **'ဒုက္ခသစ္စာ'** မှန်း သိအောင်လို့ ပြောနေရတာ အဲလိုမှတ်ထား။

အဲဒီ **'ဥပါဒါရုပ်'** ရှိတော့ ဖြစ်တာမရှိဘူးလား၊ **'ဥပါဒါရုပ်တို့၊ မဟာဘုတ်တို့'** ရှိတော့ ဖြစ်တာမရှိဘူးလား (ရှိပါတယ်ဘုရား)။ **'ရူပါရုံတို့၊ ဩဇာရိကရုပ်တို့၊ သုခုမရုပ်တို့'** ရှိတော့ ဖြစ်တာ မရှိဘူးလား (ရှိပါတယ်ဘုရား)။ အဲ **'ရုပ်'** မှာ အကျဉ်းချုပ်လိုက်တော့ **'ဖြစ်တာ ရှိတာ'**နဲ့ **'ဖြစ်တာ မရှိတာ'**။

**'ရုပ်'**ဆိုရင် ဖြစ်တာရှိတာတဲ့။ **'စိတ်'**ဆိုရင်လည်း ဖြစ်တာရှိတယ်တဲ့။ အဲ **'နိဗ္ဗာန်'** ဆိုရင် ဖြစ်တာ မရှိဘူးတဲ့။ ဟော အကျဉ်းချုပ်လိုက်တော့ **'ဖြစ်တာ ရှိတာ'**နဲ့ **'ဖြစ်တာ မရှိတာ'** ခေါ်တယ်။ ဖြစ်တာရှိရင် ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)၊ ဖြစ်တာမရှိရင် ဘာသစ္စာတုံး (နိရောဓ သစ္စာပါဘုရား)။

အေး အဲဒီ **'ရုပ်တွေ'**လွန်သွားရင် **'လောကုတ္တရာ'** ဖြစ်သွားပြီ၊ **'နိရောဓသစ္စာ'** ဖြစ်သွားတယ်၊ **'ဝါဂွမ်းနှစ်ခု'** ကလည်း ကောက်၍မထုတော့ဘူး၊ **'ကျောက်ခဲ နှစ်ခု'** ကလည်း ကောက်၍မထုတော့ဘူး၊ ဟော **'ဥပေက္ခာ'** လည်း မဖြစ်တော့ဘူး၊ **'ဒုက္ခ ဒေါမနဿ'** လည်း မဖြစ်တော့ဘူး၊ အဲလိုမှတ်တဲ့။

ကဲ--- တော်ကြဉီးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# "ဇာတိဖြစ်ရင် ဇရာ မရဏဖြစ်တယ် တရားတော်"

၄. ၁၀. ၂၀၀၇

## မြင် ကြား နံ့ လျက် တွေ့ သိချက် ဆက္ကဝိညာဏ် မှတ်

**'ဝိညာဏေ သတိ'**၊ **'ဝိညာဏေ'**၊ **'ဝိညာဏ်'**ဆိုတာ စိတ်ခြောက်ခု၊ မျက်စိတွေ၊ နားတွေ၊ နှာခေါင်းတွေ၊ လျှာတွေ၊ ကိုယ်တွေ အဲဒါကိုခေါ်တယ်၊ **'ဆက္ကဝိညာဏ်'**၊ **'ပစ္စုပ္ပန် ဝိညာဏ်'** ပေါ့။ မျက်စိတွေ၊ နားတွေ၊ လျှာတွေ၊ ကိုယ်တွေ၊ စိတ်ရောပါတယ်၊ အဲဒါ ဝိညာဏ် **'ဆက္က ဝိညာဏ်'** ခေါ်တယ်၊ **'ဝိညာဏ်နဲ့နာမ်'**၊ **'ဝိညာဏ် နာမ်ရုပ်'**မှာ ဝိညာဏ်၊ အခု **'မျက်စိမြင်တယ်'** ဆိုတာ ဝိညာဏ်ခေါ်တယ်၊ **'မျက်စိမြင်တယ်'**ကို ဘာခေါ်တုံး (ဝိညာဏ်ပါဘုရား)၊ အဲဒါ **'လူ'** ဟုတ်သေးလား (မဟုတ်ပါဘူးဘုရား)၊ အဲ့လိုကစပြီး သိရတယ်။

**'မျက်စိမြင်တယ်'** ဆိုတာ ဝိညာဏ်၊ **'မြင်တယ်'**ဆိုတာဘာတုံး (ဝိညာဏ်ပါဘုရား)၊ သေချာသိရတယ်။ **'ပဋိစ္စသမုပ္ပါဒ်'**မှာ သာမညလေးကိုသိလို့ ဘုရားမဖြစ်ဘူး။ အဲ့လိုပဲ သာမည လေးသိလို့က တရားမကောင်းဘူး၊ ပထမတန်း **'ဝိညာဏ်'** ဆိုတာ **'ဝိညာဏေ သတိ နာမရူပံ ဟောတိ'**၊ **'ဝိညာဏေ**- ဝိညာဏ်သည်၊ **သတိ**- ရှိခဲ့သော်၊ **နာမရူပံ**- နာမ်ရုပ်သည်၊ **ဟောတိ**- ဖြစ်၏'။ အဲဒါ ပါဠိခေါ်တယ်။ ဘုရားဟောခေါ်တယ်။ **'ဝိညာဏ်'** ရှိရင် နာမ်ရုပ်ရှိတယ်။ **'ဝိညာဏ်'** ရှိရင်ဘာရှိတုံး (နာမ်ရုပ်ရှိပါတယ်ဘုရား)။ **'ဝိညာဏ်'**ဆိုတာ ဘယ်ဟာတုံးဆိုရင် မျက်စိတွေ၊ နားတွေ **'မြင် ကြား နံ့ လျက် တွေ့ သိချက် ဆက္ကဝိညာဏ်မှတ်'**။

**'ဆန္န သမူဟော ဆက္ကော'**တဲ့။ **'ဆန္န**- ခြောက်ခုတို့၏၊ **သမူဟော**- အပေါင်းသည်၊ **ဆက္ကော**- ခြောက်ခုတို့၏အပေါင်း'၊ **'မျက်စိရယ် နားရယ် နှာခေါင်းရယ် လျှာရယ် ကိုယ်ရယ် စိတ်ရယ်'**၊ အဲဒီ ခြောက်ခုကို **'ဆက္က'** ခေါ်တယ်။ ခြောက်ခုကို ဘာခေါ်တုံး (ဆက္ကခေါ်ပါတယ် ဘုရား)၊ **'ဆန္န**- ခြောက်ခုတို့၏၊ **သမူဟော**- အပေါင်းသည်၊ **ဆက္ကော**- ခြောက်ခုတို့၏ အပေါင်း'၊ ခြောက်ခု မရှိဘူးလား၊ အဲဒါ **'ဝိညာဏ်'** ခေါ်တယ်။ ခြောက်ခုက ဘာတုံး(ဝိညာဏ် ပါဘုရား)။ **'ဝိညာဏ်'**က ဝိညာဏ်ပဲနော်၊ သိရုံပဲ မြင်ရုံပဲ ကြားရုံပဲ နံရုံပဲ၊ အဲဒါ **'ဝိညာဏ်'** ခေါ်တယ်။

## စေတသိက်မှု နာမ်ဟုယူ ရုပ်မှုကမ္ဘာ

**'ဝိညာဏ်'** ပြီးတော့ နာမ်ရုပ်၊ **'ဝိညာဏ်'** ပြီးတော့ ဘာတုံး (နာမ်ရုပ်ပါဘုရား)၊ **'ရုပ်'**

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်၊ **'နာမ်'**က စေတသိက်ခေါ်တယ်။ **'နာမ်'**က စေတသိက်ဆိုတာ **'သညာ'**ကလည်း စေတသိက်၊ လူဆိုတာ ဘာတုံး-**'သညာ'၊** ယောက်ျားဆိုတာ ဘာတုံး (သညာပါဘုရား)၊ မိန်းမဆိုတာဘာတုံး (သညာပါဘုရား)၊ တုံးတွေ တိုင်တွေဆိုတာ ဘာတုံး (သညာပါဘုရား)၊ ကျောင်းတွေ အိမ်တွေဆိုတာဘာတုံး (သညာပါဘုရား)၊ အဲဒီ **'သညာ'**ဆိုတာ ဘာတုံး (နာမ်ပါဘုရား)၊ အဲ့လို သိရဲ့လား။ အခုသိပြီ မဟုတ်လား။ **'လူ'**ဆိုတာ ဘာတုံး (သညာပါ ဘုရား)။ **'သညာ'**ဆိုတာ ဘာတုံး (နာမ်ပါဘုရား)။ **'ဝိညာဏ် နာမ်'၊ 'ဝိညာဏ်နဲ့နာမ်'** ကွဲပြီလား (ကွဲပါပြီဘုရား)။

ဈေးရောင်းတယ် ဘာတုံး (နာမ်ပါဘုရား)။ ဈေးဘာတုံး (နာမ်ပါဘုရား)။ ကျောင်းဆိုတာ ဘာတုံး (နာမ်ပါဘုရား)။ ရုံးဆိုတာ ဘာတုံး (နာမ်ပါဘုရား)။ မအေ၊ ဖအေဆိုတာဘာတုံး (နာမ်ပါဘုရား)၊ အဲဒါ **'နာမ်'၊** ရုပ်မိပြီလား။ အရင်တုန်းက ကွဲရဲ့လား (မကွဲပါဘူးဘုရား)။ သမီးဆိုတာဘာတုံး (နာမ်ပါဘုရား)။ အမေရိကန်ဆိုတာဘာတုံး (နာမ်ပါဘုရား)။ **'သညာ'** မဟုတ်ဘူးလား။ **'နာမ်'**ထဲမှာ သညာမပါဘူးလား (ပါပါတယ်ဘုရား)။ **'နာမ်'** ထဲမှာ ဝေဒနာ မပါဘူးလား (ပါပါတယ်ဘုရား)။ ငါ့သမီးလေး အမေရိကန်မှာ ဆိုတော့ **'စိတ်'**ကမပျော်ဘူးလား (ပျော်ပါတယ်ဘုရား)။ ပျော်လို့အားမရဘူးလား (အားရပါတယ်ဘုရား)၊ အဲဒါ **'သောမနဿ ဝေဒနာတွေ'** ပေါ့။ **'ဝေဒနာ'** ကဘာတုံး (နာမ်ပါဘုရား)။

**'စေတသိက်မူ နာမ်ဟုယူ ရုပ်မူ ကမ္ဘဇာ'၊** အဲဒါ ရှေးတုန်းကတည်းက စပ်ထားတဲ့ ဟာမျိုး။ ဒီလိုသိမှ တရားကသိတာ၊ ဩော် ဩော် အမေရိကန်ဆိုတာ **'နာမ်'**ပါပဲလား။ သမီးလေးဆိုတာ **'နာမ်'**ပါပဲလား။ အဲဒါသိသွားပြီးတော့ 'အမေရိကန်နဲ့' 'ဆက္ကနဲ့' သွားထိတယ်။ **'နာမရူပေ သတိ သဠာယတနံဟောတိ'၊ 'နာမရူပေ**- နာမ်ရုပ်သည်၊ **သတိ**- ရှိခဲ့သော်၊ **သဠာယတနံ**- သဠာယတနသည်၊ **ဟောတိ**- ဖြစ်၏'။

အဲဒီမျက်စိတွေ ဘာတွေပေါ့၊ **'သဠာယတန'** ခေါ်တယ်၊ စာက အဲလိုစိတ်တယ်၊ သိတာက အဲ့လို **'သိ'**တဲ့အခါကျမှ **'မသိတာတွေ'**က နေရာမရှိတော့ဘူး၊ **'သိတာ'**က **'ဝိဇ္ဇာဉာဏ်' 'သမ္မာဒိဋ္ဌိ'၊ 'ပဋိစ္စသမုပ္ပါဒ်'**သိတာ ဘုရားတောင်ဖြစ်သေးတယ်၊ ဒီမှာတရားမရဘဲ နေပ့ါမလား၊ အခု **'ဈေးနဲ့ နာမ်'** ကွဲတော့ သံယောဇဉ်ရှိသေးလား (မရှိပါဘူးဘုရား)။ အဲသလိုဖြစ်သွားတယ်၊ ရိပ်မိလား၊ **'ဈေးနဲ့ သံယောဇဉ်'**။ **'လူ'**ဆိုတာဘာတုံး (နာမ်ပါဘုရား)။ အဲလို အရင်ကသိလား (မသိပါဘူးဘုရား)။ **'မသိတာ'**ဘာတုံး (အဝိဇ္ဇာပါဘုရား)။ **'အဝိဇ္ဇာ'** ဆိုတာဘာတုံး နာမ်ပဲ၊ **'မောဟ စေတသိက်'၊ 'အဝိဇ္ဇာ'** ဆိုတာဘာတုံး (မောဟစေတသိက်ပါဘုရား)။ အဲဒါ **'နာမ်'**

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလား။ **‘စေတသိက်မူ နာမ်ဟုယူ၊ ရုပ်မူကမ္မဇာ’**၊ မျက်စိတွေ နားတွေ**‘ကမ္မဇရုပ်’** ဟုတ်ရဲ့လား၊ မိန်းမတွေ ယောကျ်ားတွေလည်း **‘ကမ္မဇရုပ်’** ခေါ်တယ်၊ ဣတ္ထိဘာဝ ပုမ္ဘာဝဆိုတာ ဘာရုပ်တုံး (ကမ္မဇရုပ်ပါဘုရား)၊ မျက်စိတွေ နားတွေက ဘာရုပ်တုံး (ကမ္မဇရုပ်ပါဘုရား)၊ **‘ကမ္မဇရုပ်’** မှန်းသိတော့ **‘ငါ’** ဟုတ်သေးလား။ ဘယ်သူက မြင်တာတုံး (မျက်စိက မြင်တာပါဘုရား)။ **‘မျက်စိ’** ဆိုတာ မြင်ရင်ဘာတုံး (ဝိညာဏ်ပါဘုရား)။

**‘မြင် ကြား နံ လျက် တွေ့ သိချက် ဆက္ကဝိညာဏ်မှတ်’**၊ **‘ဝိညာဏ်’** ဘယ်နှစ်ပါး ရှိသတုံး (ခြောက်ပါးရှိပါတယ်ဘုရား)။ **‘မြင်တာတွေ’** ဘာတွေတုံး (ဝိညာဏ်ပါဘုရား)။ **‘ဝိညာဏ်’**ကို **‘ငါ’** မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား)။ အခုမှတ်သေးလား (မမှတ်တော့ပါဘူး ဘုရား)။ **‘ဝိညာဏ်’**၊ **‘ဤဟာ ဝိညာဏ်’**၊ အဲလိုဆိုတော့ **‘ဝိညာဏ်’**ကို **‘ငါ’** လို့မှတ်သေးလား (မမှတ်တော့ပါဘူးဘုရား)။

မိုးကုတ်ဆိုတာ ဘာတုံး (နာမ်ပါဘုရား)။ **‘နာမ်တရားတွေ’** ဟုတ်တယ် မဟုတ်လား၊ တရားတွေကို **‘နာမ်’** ကိုလည်း ငါတို့တရားပဲ၊ ဘယ်သူ့တရားပဲလို့ စွဲတတ်တယ်။ မုံလယ်ဆိုတာ ဘာတုံး (နာမ်ပါဘုရား)။ **‘နာမ်’**ဆိုတော့ စွဲသေးလား (မစွဲတော့ပါဘူးဘုရား)။ **‘နာမ်’** မှန်းမသိဘဲ တကယ်သွားလုပ်တော့ မစွဲဘူးလား (စွဲပါတယ်ဘုရား)။ **‘ဦးဘခင်’**ဆိုတာ ဘာတုံး (နာမ်ပါဘုရား)။ အဲလိုသိတော့ စွဲသေးလား (မစွဲတော့ပါဘူးဘုရား)။ **‘ဝိညာဏ်- နာမ်’** အဲဒီ နှစ်ခုတည်း သိတာတောင် ပထမတန်း မကောင်းဘူးလား။ **‘ဝိညာဏ်’**က ဘယ်ဟာတုံး (ခြောက်ခုပါဘုရား)။ **‘ဝိညာဏ်’**က ဘယ်ဟာတုံး။

**မြင် ကြား နံ လျက် တွေ့ သိချက် ဆက္ကဝိညာဏ်မှတ်။**

**စေတသိက်မူ နာမ်ဟုယူ၊ ရုပ်မူကမ္မဇာ**

အဲဒါ လယ်တီဆရာတော်၊ ဝိပဿနာ ဒီလိုစုံရတယ်။ စုံမှ အမျိုးမျိုးပြောတော့၊ ကိုယ်လည်းဆရာမဟုတ်ဘူး။ ဆရာတွေထား၊ အဲ့လိုပြောတော့ **‘ဥပါဒါန်’**လည်းကင်းတယ်။ သို့မို့ ဆိုရင် ငါက ဆရာကြီး၊ ငါက အတော်ကြီးနဲ့ ဒီလိုမှတ်တတ်တယ် မဟုတ်ဘူး။ သူတကာပြောလို့ သိတာတွေ။ မြင်းခြံဆိုတာ ဘာတုံး (နာမ်ပါဘုရား)။ အထက်အညာဆိုတာ၊ နတ်တွေ၊ ပြဟ္မာတွေဆိုတာ ဘာတုံး (နာမ်ပါဘုရား)။ စေတသိက်မှာ **‘သညာ’**မပါဘူးလား (ပါပါတယ်ဘုရား)။ **‘ဝေဒနာ’**မပါဘူးလား (ပါပါတယ်ဘုရား)။ **‘စေတနာ’**မပါဘူးလား (ပါပါတယ်ဘုရား)။ **‘ကေဂ္ဂတာ’** မပါဘူးလား (ပါပါတယ်ဘုရား)။ **‘ဟေတုပစ္စယော’**ဆိုတာဘာတုံး နာမ်ပဲ၊ **‘လောဘ’**၊

www.burmeseclassic.com

www.burmeseclassic.com



**'ဒေါသ'**လို့ မဆိုဘူးလား၊ အဲဒီဆိုတာတွေ ဘာတုံး (နာမ်ပါဘုရား)။**'ကားတွေ'** ဆိုတာဘာလဲ၊ နာမ်ပဲ၊ နာမ်မှန်းမသိတော့ **'ငါ'**လို့ဆိုတယ်။ **'ဒိဋ္ဌိ'** ဘယ်သူ တုံး (နာမ်ပါဘုရား)။ **'ဒိဋ္ဌိ'**ဆိုတာ စေတသိက်၊ **'စေတသိက်မူ နာမ်ဟုယူ'**၊ အဲဒီ နာမ်လေး မရှိတာကိုဘဲ **'သောတာပတ္တိမဂ်'** လို့ဆိုတယ်။ **'ဒိဋ္ဌိ'** နာမ်ကလေးဟုတ်ရဲ့လား။ အဲဒီဟာလေး ကွဲတော့ **'ဒိဋ္ဌိ'**ကို **'ငါ'**လို့ယူသေးလား (မယူတော့ပါဘူးဘုရား)။ **'စေတသိက်'** ကို **'ငါ'**လို့ယူ သေးလား (မယူတော့ပါဘူးဘုရား)။ **'စေတသိက်'** ဆိုစမ်း (စေတသိက်)၊ စိတ် စေတသိက် ရုပ် နိဗ္ဗာန်၊ အဲဒီထဲမှာ ဒီပြင့်ဟာတွေ ရှိသေးလား၊ မရှိတာကိုသိ။

**'မရှိတာကိုမြင်၊ ရှိတာကို ကြဉ်တတ်တဲ့၊ ပုထုဇဉ်ကန်း'၊** ပုထုဇဉ်နဲ့အရိယာ အဲလို ဆိုတော့ မကွဲသွားဘူးလား (ကွဲပါတယ်ဘုရား)။ အဲသလို ကိုယ့်ကိုယ်ကိုသိရတယ်။ ဆရာက ပြောလည်းသိတယ်။ ဘုရားကပြောလည်းပဲသိရတယ်။ ဘုရားမပြောဘဲနဲ့သိသလား (မသိပါဘူး ဘုရား)။ ဆရာမပြောဘဲ သိတာ ပစ္စေကဗုဒ္ဓါပဲရှိတယ်။ ဘုရားရော၊ ပစ္စေကဗုဒ္ဓါရော သူတို့မှာ ဆရာမပြောဘဲ နဲ့သိတယ်။

**'မြင် ကြား နံ လျက် တွေ့ သိချက် ဆက္ကဝိညာဏ်မှတ်'၊** မြင်ရင်မသိဘူးလား (သိပါတယ်ဘုရား)။ ကြားရင်မသိဘူးလား (သိပါတယ်ဘုရား)။ နံရင်မသိဘူးလား (သိပါတယ် ဘုရား)။ တွေ့ရင်မသိဘူးလား (သိပါတယ်ဘုရား)။ အဲဒါဘယ်သူတုံး (ဝိညာဏ်ပါဘုရား)။

**ဝိညာဏေ သတိ နာမရူပံ ဟောတိ။ ဝိညာဏေ အသတိ နာမရူပံ နဟောတိ။**

**'ဝိညာဏေ**- ဝိညာဏ်သည်၊ **သတိ**-ရှိခဲ့သော်၊ **နာမရူပံ**- နာမ်ရုပ်သည်၊ **ဟောတိ**-ဖြစ်၏၊ **ဝိညာဏေ**- ဝိညာဏ်သည်၊ **အသတိ**- မရှိခဲ့သော်၊ **နာမရူပံ**- နာမ်ရုပ်သည်၊ **နဟောတိ**-မဖြစ်**'**။

**'စေတသိက်မူ နာမ်ဟုယူ'**၊ အဲဒီ **'နာမ်'** ဟာ ဘာကြောင့်ဖြစ်သတုံး။ ဘာရှိလို့ ဖြစ်တာတုံး **'ဝိညာဏ်'** ရှိလို့ဖြစ်တာ။ အဲဒီ**'စေတသိက်'**ဟာ ဘာရှိလို့ဖြစ်တာတုံး (ဝိညာဏ်ရှိလို့ပါဘုရား)။ အဲလိုသိတာ ဒီလိုသိမှ **'ဝိညာဏ်'** ရှိရင် နာမ်ရှိတယ်။ **'ဝိညာဏ်'** မရှိရင် နာမ်မရှိဘူး။ **'နာမ်ရုပ်'** မဖြစ်တာဘာတုံး နိဗ္ဗာန်၊ **'နာမ်ရုပ်'** မဖြစ်တာ ဘာတုံး (နိဗ္ဗာန်ပါဘုရား)။ ဘာဖြစ်လို့ **'နာမ်ရုပ်'** မဖြစ်သတုံး (ဝိညာဏ်မဖြစ်လို့ပါဘုရား)။ အဲလို ပါဠိနဲ့သွားရတယ်။ ပါဠိဆိုတာ ဘယ်သူက ဟောသတုံး (ဘုရားဟောပါဘုရား)။ အဲလိုဘုရားဟောတော့ အခုဘုရားမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)။ အဲသလိုလည်း သိရတယ်။ အခုဘုရားဟောတာတွေ ဟောတော့ဘုရား မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)။ **'လူ'**ဟောတာနဲ့ **'ဘုရား'** ဟောတာတူသလား (မတူပါဘူးဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**'ဝိညာဏေ သတိ နာမရူပံ ဟောတိ'**၊ အနက်ပေးစမ်း (ဝိညာဏေ- ဝိညာဏ်သည်၊ သတိ- ရှိခဲ့သော်၊ နာမရူပံ- နာမ်ရုပ်သည်၊ ဟောတိ- ဖြစ်၏)။ အဲဒါ ဘုရားဟောတာတွေ သိတယ်မဟုတ်လား၊ ဘုရားဟောတာသိတော့ ဘုရားမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)။ အဲလိုရှိတယ်မှတ်။ ဘုရားကြီးက **'ရောင်ခြည်တော်ကြီး'**နဲ့လို့ စိတ်ထဲမရှိဘူးလား (ရှိပါတယ်ဘုရား)။ အဲလို **'ရောင်ခြည်တော်ကြီး'**နဲ့ စိတ်ထဲ ရှိနေရင် **'နီဝရဏ'** ရှိသလား (မရှိပါဘူးဘုရား)။ **'နီဝရဏ'**မရှိရင် **'နီဝရဏ'** မကင်းဘူးလား (ကင်းပါတယ်ဘုရား)။ အဲဒါ ဘုရားဟောနေတာ။ ဘုရားဟောနေတယ်လို့စိတ်ထဲက **'သဒ္ဓါ'** ပေါ့။ ဘုရားဆိုတာ **'သဒ္ဓါ'**၊ ဘုရားဆိုတာဘာ တုံး (သဒ္ဓါပါဘုရား)။ ဒကာမကြီးတို့ထဲရှိတဲ့ **'သဒ္ဓါတရား'** ဆိုတာဘာတုံး၊ စေတသိက်၊ **'သဒ္ဓါ'** ဆိုတာဘာတုံး (စေတသိက်ပါဘုရား)။ အဲဒီစေတသိက်ကလေး **'သဒ္ဓါ'** ရှိရင်ဘုရားရှိတယ်။

ဘုရားမယုံဘူးလား၊ ယုံသလား (ယုံပါတယ်ဘုရား)။ ယုံရင်ဘုရားရှိတာပေါ့။ မယုံရင် ရှိရဲ့သားနဲ့တောင် ဘုရားရှိတုန်းက တိတ္ထိတွေမရှိဘူးလား (ရှိပါတယ်ဘုရား)။ ပူရာဏကဿပ၊ မက္ခလိဂေါသာလတို့ ဟုတ်ရဲ့လား။ သူတို့မှာဘုရားရှိသလား (မရှိပါဘူးဘုရား)။ အခုလူတွေ ရော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)။ အဲလို ဂရုစိုက်ရတယ်။ ဘာရှိလို့ရှိတာတုံး၊ ပါဠိရှိလို့ရှိတယ်။ ဘာဖြစ်လို့ပါဠိကရှိသတုံး စောင့်ရှောက်ထားလို့ ဒကာကြီးတို့ကလည်း စောင့်ရှောက်ထားလို့ ဟုတ်ရဲ့လား။ ဟိုကတည်းက နှစ်ပေါင်း ၂၅၀၀ ကြီးတောင် စောင့်ရှောက်တာ နည်းသလား (မနည်းပါဘူးဘုရား)။

**ဝိညာဏေ သတိ နာမရူပံ ဟောတိ**

ဒီတရားဟာ ဘုရားရှိတုန်းကတရား။ **'ဝိညာဏေ သတိ နာမရူပံ ဟောတိ'**၊ ရမှ တစ်လုံးရရင်ကိုရတယ်။ တစ်လုံးရရင် သေခါနီးအဲသလို **'ဝိညာဏေ သတိ'**နဲ့၊ ဝိညာဏ် မရှိတော့ဘူး။ ဟိုဘဝ မကူးတော့ဘူး၊ ဘယ်လောက်ဟန်သွားတုံး တစ်လုံး တည်းနဲ့ ဟန်ပါတယ် ဆိုမှပဲ။ **'ဝိညာဏေသတိ နာမရူပံ ဟောတိ၊ ဝိညာဏေ အသတိ နာမရူပံ နဟောတိ'၊** အဲလိုဟုတ်သွားတာပေါ့။ တစ်လုံးတည်းနဲ့ဟန်တာ **'ပဋိစ္စသမုပ္ပါဒ်'**၊ နည်းတဲ့ဟာမဟုတ်ဘူး၊ **'ပဋိစ္စသမုပ္ပါဒ်ဉာဏ်'**ဆိုတာ ဘုရားဉာဏ်၊ **'ပဋိစ္စသမုပ္ပါဒ်ဉာဏ်'**ဆိုတာဘယ်သူ့ဉာဏ်တုံး (ဘုရားဉာဏ်ပါဘုရား)။ ဘယ်သူက ဟောတာတုံး (ဘုရားဟောတာပါဘုရား)၊ အဲဒါမှ **'တရား ဉာဏ်'** မြင်တာ ပါဠိလိုရရမယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဝိညာဏေ သတိ နာမရူပံ ဟောတိ၊ ဝိညာဏေ အသတိ နာမရူပံ နဟောတိ၊**
**မြင် ကြား နံ လျက် တွေ့ သိချက် ဆက္ကဝိညာဏ်မှတ်**
**စေတသိက်မူ နာမ်ဟုယူ ရုပ်မူ ကမ္မဇာ**

အဲဒါလေးလည်း ရရဦးမယ်၊ ဒါလေးမရရင် မေ့တတ်တယ်။ ဟိုဟာရရင် ဒါမရရင်လည်း ကိစ္စမရှိပါဘူး။ သိရင်ပြီးတာပါပဲ။ **'ဆက္ကဝိညာဏ်'**ကို အရင်မှတ်ထား၊ ဟိုဟာက ပဋိသန္ဓေ ဝိညာဏ်၊ စုတိဝိညာဏ်နဲ့ ဘာဝိညာဏ်နဲ့ရှိသေးတယ်။ သေတဲ့ဟာကို **'စုတိဝိညာဏ်'**တဲ့။ ပဋိသန္ဓေနေတဲ့ဟာကို **'ပဋိသန္ဓေဝိညာဏ်'**တဲ့။ အခုဖြစ်တဲ့ဟာကို **'ပဝတ္တိဝိညာဏ်'**တဲ့၊ အဲ့လို ဝိညာဏ်ခေါ်တယ်။ စဉ်းစားတာကို ဘာဝိညာဏ်၊ ညာဝိညာဏ်တဲ့ပေါ့။ အဲဒါ အသာထားဦး။

**ဝိညာဏေ သတိ နာမရူပံ ဟောတိ။**
**ဝိညာဏေ အသတိ နာမရူပံ နဟောတိ။**

အနက်ပေးလိုက်စမ်း (ဝိညာဏေ- ဝိညာဏ်သည်၊ သတိ- ရှိခဲ့သော်၊ နာမရူပံ- နာမ်ရုပ်သည်၊ ဟောတိ- ဖြစ်၏)။

**'ပဋိစ္စသမုပ္ပါဒ်'** ဝမ်းထဲရှိရင် စေတီထိုက်တယ်တဲ့။ **'ပဋိစ္စသမုပ္ပါဒ်'** ဝမ်းထဲရှိရင် ဘာဖြစ်တုံး (စေတီထိုက်ပါတယ်ဘုရား)၊ စေတီထိုက်တယ်တဲ့။ အဲဒါကြောင့် မယ်ကြီးအို ဘိုးကြီးအို သီတင်းကျွတ်ကျတော့ ဝတ်ချခံပါရော။ ဝတ်ချခံတော့ **'ပဋိစ္စသမုပ္ပါဒ်'**လည်း ဝမ်းထဲမရှိတော့ သီလဂုဏ်ရှိတဲ့သူတွေက ဝတ်ချသွားရင် မယ်ကြီးအို ဘိုးကြီးအိုတွေ အနိစ္စ ဒုက္ခရောက်သွားရော။

**ဝိညာဏေ သတိ နာမရူပံ ဟောတိ၊ ဝိညာဏေ အသတိ နာမရူပံ နဟောတိ။**

## ဥပါဒါန်ဝိညာဏ် ကမ္မဝိညာဏ် ဝိပါက်ဝိညာဏ်

မြင်တာ ဝိညာဏ် မြင်တာ ဘယ်သူတုံး (ဝိညာဏ်ပါဘုရား)၊ ကြားတာ ဘယ်သူတုံး (ဝိညာဏ်ပါဘုရား)၊ နံတာဘယ်သူတုံး (ဝိညာဏ်ပါဘုရား)၊ ကဲ ဒကာကြီး ဒကာမကြီးရှိသေးလား (မရှိပါဘူးဘုရား)။ ဝိညာဏ်က **'ဥပါဒါန်ဝိညာဏ်၊ ကမ္မဝိညာဏ်၊ ဝိပါက်ဝိညာဏ်'**။ ကဲ ဘယ်လောက်ဟန်ထားတုံး။ **'ဥပါဒါန်ဝိညာဏ်'**၊ **'ဥပါဒါန်'** ရှိတဲ့ ဝိညာဏ်က ဟိုလူတွေ ရှိတယ်။ နတ်တွေရှိတယ်။ အမေရိကန်ရှိတယ်။ ဘာရှိတယ် နာမည်တွေ ရှိတယ်လို့ သည်လို ယူထားလိုက်လို့ရှိရင် **'ဥပါဒါန်'**မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား)။ အဲဒီ **'ဥပါဒါန်'** နဲ့ သေရင် အဲဒီဝိညာဏ်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ အဲဒါကို **'ဥပါဒါန် ဝိညာဏ်'**၊ ဘာဝိညာဏ်တုံး (ဥပါဒါန်ဝိညာဏ်)။ **'ဥပါဒါန်ဝိညာဏ်'**မရှိမှ၊ **'နာမ်ရုပ်'** မရှိမှ၊ **'ဝိညာဏ်'** သိပြီလား (သိပါပြီဘုရား)။ **'ဥပါဒါန်ဝိညာဏ်'**၊ **'ဥပါဒါန်ဝိညာဏ်'**နဲ့ **'နာမ်'** အတူတူပဲ၊

www.burmeseclassic.com

www.burmeseclassic.com



**'ဥပါဒါန်'**ဆိုတာ အဲဒီစိတ်က **'ဝိပလ္လာသစိတ်'** ဖြစ်သွားတယ်။ **'စိတ်'**က ဖောက်ပြန်သွား တယ်။ အခုမျက်စိကမြင်တယ် မဟုတ်လား။ **'စိတ်'**က ဖောက်ပြန်သွားတော့ ယောကျ်ားဆိုတော့ မလိုချင်ဘူးလား။ အဲဒါမျိုး ဖြစ်သွားတဲ့ဟာ အဲဒီဝိညာဏ် **'ဥပါဒါန်ဝိညာဏ်'**၊ ဘာဝိညာဏ်တုံး (ဥပါဒါန်ဝိညာဏ်)၊ ယောကျ်ားဆိုတာ ဘာဝိညာဏ်တုံး (ဥပါဒါန်ဝိညာဏ်)။ မိန်းမဆိုတာဘာတုံး (ဥပါဒါန်ဝိညာဏ်)၊ နာမည်ဆိုတာဘာတုံး (ဥပါဒါန်ဝိညာဏ်)၊ အဲလိုကွဲမှ မကွဲလို့ အဲ့လိုဖြစ်ဖြစ်နေတာ။

**'ကမ္မဝိညာဏ်'**၊ ကဲ **'စိတ်'**ထဲတင် အလုပ်မလုပ်ဘူးလား။ **'စိတ်'** ထဲတင် စိတ်မကူးဘူးလား။ အဲဒါ ဘာဝိညာဏ်တုံး **'မနောကံဝိညာဏ်'**၊ **'မနောကံ'** ကိုယ့်ဖြစ်လို့ ဖြစ်မှန်းသိသလား (မသိပါဘူးဘုရား)။ အဲဒါဘယ်သူကဆိုတာ **'ငါ'**လုပ်တယ်ဆိုပြီး **'ငါ'** က ဖုံးနေတာ၊ **'ငါ'**မရှိတဲ့ သူကမှ အဲဒါတွေ အကုန်သိတယ်။ **'ငါ'** ရှိတဲ့သူက **'ငါ'** ကဖုံးထားတော့ သိသလား (မသိပါဘူးဘုရား)၊ အဲဒါ ဘယ်သူဖုံးတုံး (ငါဖုံးတာပါဘုရား)။ **'ဥပါဒါန် ငါ'**၊ **'ဥပါဒါန်'** ဆိုတာ ဘာတုံး ဒိဋ္ဌိ၊ **'ဒိဋ္ဌုပါဒါန်'**။

**'ဥပါဒါန်ဝိညာဏ်၊ ကမ္မဝိညာဏ်'**၊ အမေရိကန်ရှိတယ်၊ မန္တလေးရှိတယ်ဆိုရင် ဘာဝိညာဏ်တုံး (ဥပါဒါန်ဝိညာဏ်ပါဘုရား)။ **'ဥပါဒါန်ဝိညာဏ်'** ရှိတော့ မသွားချင်ဘူးလား (သွားချင်ပါတယ်ဘုရား)။ အဲဒါ **'ကမ္မဝိညာဏ်'** စေတနာကလည်း ဝိညာဏ်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ **'စိတ်'**နဲ့ **'စေတသိက်'**ကို အဲလိုခွဲရတယ်။

**'စိတ် စေတသိက် ကွဲအောင်ကြိတ် တိဟိတ်မဂ်ခေါ်ပေ'**

**'ဥပါဒါန်'**ဆိုတာဘာတုံး (ဒိဋ္ဌိပါဘုရား)။ မျက်စိမြင်တာတွေ ကြားတာတွေကလည်း ဥပါဒါန်ပဲ၊ **'ကာမုပါဒါန်'**၊ **'ဥပါဒါန်ဝိညာဏ်**-ဥပါဒါန်နဲ့တကွဖြစ်တဲ့ဝိညာဏ်'၊ အနော်ရထာကနေ ကမ်းနားဈေးသွား ဈေးမရောင်းဘူးလား (ရောင်းပါတယ်ဘုရား)။ အဲဒါ ဘာဝိညာဏ်တုံး (ဥပါဒါန်ဝိညာဏ်ပါဘုရား)။ လူလား ယောကျ်ား မိန်းမလား (မဟုတ်ပါဘူးဘုရား)၊ **'ကံ'** ပေါ့၊ ဈေးရောင်းတာ **'ကံ'**မဟုတ်ဘူးလား။ အဲသလိုဟာတွေ ပြောပြလို့သိရင် ပထမတန်း ဖြစ်သွားတယ်။ မြတ်စွာဘုရားက ပါရမီတွေဖြည့်လို့ သူဟာသူ သိသွားတာ၊ ငါတို့ လူသိုက်တွေကလည်း အဲလိုသိရမှာ။ အဲ့လိုဟောမှပဲ အဲ့လိုသိတယ်၊ အဲ့လို မဟောရင် အဲ့လို မသိဘူး။ **'ဥပါဒါန်ဝိညာဏ်'** ဆိုတော့ အမေရိကန်ရောက်ဦးမှာလား (မရောက်ပါဘူးဘုရား)။ ကမ်းနားဈေးရောက်သွားပြီး ငါးကြီးဖြစ်ဦးမှာလား (မဖြစ်တော့ပါဘူးဘုရား)။ ကမ်းနားဆိုတော့ ရေနားနီးတာကိုအောင်မာဖြစ်တယ်၊ ရှင်ဥပဂုတ် အမေဘယ်ကဖြစ်တယ် မှတ်တုံး မစ္ဆဒေဝီတဲ့။ တစ်ခါကလည်း

www.burmeseclassic.com

www.burmeseclassic.com



ငါးကြီးထဲဝင်လာတော့ ငါးကြီးက သေသွားတော့ တံငါက မိတော့ ငါးကသေတာ သေတယ်။ ဗိုက်ကြီးက လှုပ်နေတယ်။ အဲဒါ **'ပစ္ဆိမဘဝိက'**က မသေဘူး၊ အဲလိုမှတ်။ ဒီငါးကြီးကို ရှင်ဘုရင်သွားဆက်တာ၊ ရှင်ဘုရင်ကြီးက ပညာရှိမေးတော့ဗိုက်ကြီးက လှုပ်တယ်ဆိုတော့ နောက်ကျောကခွဲလိုက်တော့ ကလေးလေးတွေ့တာ ဘုရင်ကြီးလည်း သား သမီးမရှိဘူး။ တစ်ခါတည်း သဘောကျသွားတယ်။ ဒါပေမယ့် သူကလှကလှနဲ့ ငါးကဖြစ်တဲ့ ဝိညာဏ်ကလေး၊ လူကလေး အဲဒါဘာလူမှတ်တုံး၊ **'ဥပါဒါန် ဝိညာဏ်'**၊ ငါးကလည်း လူမမွေးဘူးလား (မွေးပါတယ်ဘုရား)။

ချင်းက အင်္ဂလိပ်ကလေးမွေးတယ်သိလား။ ဖြူဖြူဖွေးဖွေးလေး ချင်းမကြီးက မွေးထားတာ၊ သူကထင်းခွေသွားတော့ လေယာဉ်ပျံက ပျက်ကျတော့ သစ်ပင်နားမှာ ကပ်နေတာ။ ဒကာမကြီးက ထင်းခွေသွားတော့။ ဒကာမကြီးနောက်လိုက်နေတာ။ ချင်းမကြီးထဲဝင်သွားတယ်။ အင်္ဂလိပ်လေး ဖြူလို့ဖွေးလို့ ချင်းမကြီးထဲ ဝိညာဏ်ဝင်တယ်။ ဝိညာဏ်သိရဲ့လား (သိပါတယ်ဘုရား)။ အခု ဝိညာဏ်ဆိုတာ တစ္ဆေတွေ ဘာတွေဆိုတာ အဲလို ဝိညာဏ်တွေ **'ဥပါဒါန် ဝိညာဏ်'**၊ ဘာဝိညာဏ်တုံး (ဥပါဒါန်ဝိညာဏ်ပါဘုရား)၊ အဲလို ဘာဝိညာဏ်မှန်း ညာဝိညာဏ်မှန်း မသိဘူးကွ၊ တို့လူမျိုးက **'ပဋိစ္စသမုပ္ပါဒ်တွေ'** လည်းသိရဲ့။

**'ဥပါဒါန်ဝိညာဏ် ကမ္မဝိညာဏ်၊ ဥပါဒါန်ဝိညာဏ် ဥပါဒါန်ပစ္စယော၊ ဥပါဒါနေ သတိ ကမ္မံဟောတိ၊ ဥပါဒါနေ သတိ ဘဝေါဟောတိ'**၊ ဒါ **'ပဋိစ္စသမုပ္ပါဒ်'** ပဲ၊ **'ပဋိစ္စသမုပ္ပါဒ်'** မသိတော့ ဟိုလိုဖြစ် ဒီလိုဖြစ်နဲ့ ဖြစ်တယ်။ ကဲ ရိပ်မိပြီလား (ရိပ်မိပါတယ်ဘုရား)။

**မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ်ကို နှလုံးသွင်းတယ်**

**နာမရူပေ သတိ သဠာယတနံ ဟောတိ၊ နာမရူပေ အသတိ သဠာယတနံ နဟောတိ။** ပေဖတ်ရတယ်။ သဝေထိုးနဲ့ နေရတယ်။ လက္ခဏာအနက် ခေါ်တယ်။ သဝေထိုးနဲ့ နေရတယ် သို့ဝိဘတ်။

**ဇာတိယာ သတိ ဇရာမရဏံ ဟောတိ၊ ဇာတိယာ အသတိ ဇရာမရဏံ နဟောတိ။** အခုတရားနာတွေကဘာတွေတုံး (ဇာတိပါဘုရား)၊ **'ဇာတိယာ သတိ ဇရာ မရဏံ ဟောတိ'** (ဇာတိယာ သတိ ဇရာမရဏံ ဟောတိ)၊ ဒါပဲရှိတယ်။ **'ပဋိစ္စသမုပ္ပါဒ်'** ဆိုတာ တရားဟောတယ်၊ တရားနာတယ်ဆိုတာဒါပဲ။ **'ဖြစ်တာ'** ရှိရင် **'ပျက်တာ'**မရှိဘူးလား (ရှိပါတယ်ဘုရား)။ **'နား'**က မဖြစ်ဘူးလား မပျက်ဘူးလား (ပျက်ပါတယ်ဘုရား)။ ဘာဖြစ်လို့ **'ပျက်'**တုံး၊ **'ဖြစ်တာ'** ရှိလို့ **'ပျက်တာ'** ရှိတယ်။ ဘာဖြစ်လို့ ပျက်တုံး (ဖြစ်တာရှိလို့ ပျက်တာရှိပါတယ်ဘုရား)။ အဲဒီ **'ပဋိစ္စ**

www.burmeseclassic.com

www.burmeseclassic.com



**သမုပ္ပါဒ်'** အပိုင်းလို့ဆိုတာ ဒါရရင်ပြီးနေတဲ့ဟာပဲ၊ **'ဝိစိကိစ္ဆာ'**ကို မရှိဘူး၊ အခု တရားနာတာ ဘယ်သူတုံး၊ **'ဇာတိ'**က နာနေတယ် မဟုတ်ဘူးလား၊ **'ဇာတိ'**ဆိုတာ ဘယ်သူတုံး၊ **'နာမ်ရုပ်'** ပေါ့၊ ထားပါတော့၊ **'နာမ်ရုပ်'**ရှိမှ ဇာတိရှိမှာပေါ့၊ မဟုတ်ဘူးလား၊ ကဲ **'နာမ်ရုပ်'** ရှိလျှင် **'ဇာတိ'** မရှိဘူးလား (ရှိပါတယ်ဘုရား)။

ကဲ **'နားတွေ'**က ဇာတိမဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ **'ဇာတိ'** ရှိရင် ဘာရှိတုံး **'ဇရာ မရဏ'** ရှိတယ်။ **'ဇာတိ'** ရှိရင်ဘာရှိတုံး (ဇရာ မရဏရှိပါတယ်ဘုရား)။ ဇာတိပြီးတော့ **'နားတွေ'**က မပျက်ဘူးလား ပျက်သလား (ပျက်ပါတယ်ဘုရား)။ ကဲ ဝိပဿနာ ဘယ်သွား ရှာတုံး၊ **'ပဋိစ္စသမုပ္ပါဒ်'**မှာ ရှာရတယ်။

**'ပဋိစ္စသမုပ္ပါဒံ**- ပဋိစ္စသမုပ္ပါဒ်ကို၊ **မနသာကာသိ**- နှလုံးသွင်းတော်မူ၏'။ မြတ်စွာ ဘုရားက **'ပဋိစ္စသမုပ္ပါဒ်'** ကို နှလုံးသွင်းတယ်။ ဒကာမကြီးတို့က အနိစ္စ ဒုက္ခတွေ ဘာတွေ လုပ်နေ၊ **'ဇာတိ'**ရှိရင် ဇရာ မရဏရှိတယ်။ သူက တရားထိုင်နေတယ်။ ငှက်ကလေးတွေ က မအော်ဘူးလား အော်တော့ သူ့နားကမကြားဘူးလား(ကြားပါတယ်ဘုရား) ကြားတော့ ဘယ်နှယ့်နေတုံး၊ ပျက်သွားတယ်၊ အဲဒါ **'ဖြစ်ပျက်'** ပဲ၊ **'အနိစ္စတွေ'** ပေါ့။

ဩော် **'နား'**ဆိုတာလည်း အနိစ္စ၊ **'မျက်စိ'**ဆိုတာလည်း အနိစ္စပဲပေါ့၊ **'နှာခေါင်း'** ဆိုတာလည်း အနိစ္စ၊ နှာခေါင်းဆိုတာလည်းဘာတုံး (အနိစ္စပါဘုရား)။ ဘာဖြစ်လို့ အနိစ္စဖြစ်တုံး **'ဇာတိယာ သတိ'**ပေါ့။ **'ဇာတိယာ သတိ ဇရာမရဏံဟောတိ'**၊ စိုးရိမ်ခြင်းဖြစ်တယ်။ ငိုကြွေးခြင်းဖြစ်တယ်။ ပရိဒေဝတွေဖြစ်တယ်။ အဲဒါဘာလုပ်တာတုံး- **'ဇာတိဖြစ်တာ'**၊ ဘာခေါ် တုံး (ဇာတိဖြစ်တာပါဘုရား)။ ငိုတာမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ မဖြစ်ဘဲနဲ့ ငိုလို့ ဖြစ်သလား (မဖြစ်ပါဘူးဘုရား)။ **'သောကေ သတိ'**၊ စိုးရိမ်စရာရှိရင် မငိုဘူးလား (ငိုပါတယ် ဘုရား)။ စိုးရိမ်စရာလည်း မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ **'ဖြစ်'**ရင်ဘာဖြစ်တုံး၊ **'ဇရာမရဏ'** ဖြစ်တယ်။ စိုးရိမ်စရာ ဖြစ်ရင်ကော (ဇရာမရဏ ဖြစ်ပါတယ်ဘုရား)။ စိုးရိမ်စရာကြီးကရော မြဲသလား (မမြဲပါဘူးဘုရား)၊ ကဲ မမြဲဘူး။ ဘာဖြစ်လို့ စိုးရိမ်တုံး **'အာသဝေါတရား'** ရှိလို့ စိုးရိမ်တယ်။ ဘာဖြစ်လို့ စိုးရိမ်တယ် (အာသဝေါတရားရှိလို့ စိုးရိမ်တယ်)၊ လူတွေရှိလို့စိုးရိမ်တယ်၊ **'ဒိဋ္ဌုပါဒါန်နဲ့ အာသဝေါ'**အတူတူပဲ၊ **'ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါ ဒုပါဒါန်'**၊ **'ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ'**။ ကဲ **'ဒိဋ္ဌာသဝ'**က မစိုးရိမ် ဘူးလား (စိုးရိမ်ပါတယ်ဘုရား)။ ဘာဖြစ်လို့ စိုးရိမ်တာတုံး **'ဒိဋ္ဌာသဝ'**က ရှိလို့ စိုးရိမ်တယ်ဆိုတာ **'အာသဝေါ'** ခေါ်တယ်။ စိုးရိမ်တယ်ဆိုတာ ဘာတုံး (အာသဝေါပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**'အဝိဇ္ဇာ သမုဒယာ အာသဝ သမုဒယော'**၊ အဲဒါ **'အဝိဇ္ဇာ'**ရှိလို့ စိုးရိမ်တယ်။ စိုးရိမ်တော့ **'လူ'** မရှိဘူးလား (ရှိပါတယ်ဘုရား)။ ဆန်တွေ ရေစိုသွားတယ်၊ မစိုးရိမ်ဘူးလား (စိုးရိမ်ပါတယ်ဘုရား)၊ ဘယ်သူ့ကြောင့်တုံး ဆန်ရေစိုလို့ပေါ့။ ဆန်ရှိထဲက **'လူ'**ကရှိနေပြီ၊ **'နာမ်ရုပ်'** မဟုတ်တော့ဘူး၊ မဟုတ်ဘူးလား။ **'ပဋိစ္စသမုပ္ပါဒ်'** က လူတွေမပါဘူး၊ စိုးရိမ်တယ် ဆိုတာ လူတွေနဲ့ သွားနေတယ်မဟုတ်လား (မှန်ပါ့ဘုရား)။ **'လူတွေ'**ဆိုတာ ဒိဋ္ဌိမဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ **'ဒိဋ္ဌိ'**ဆိုတာ ဒိဋ္ဌာသဝ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။

**'လူတွေ'**မရှိရင် ဒိဋ္ဌာသဝရှိသေးလား (မရှိပါဘူးဘုရား)။ အဲဒါက ပထမတန်းကို **'မြစ်ချင်းပြီးတရား'**၊ ဘာမှန်းလည်းမသိ ညာမှန်းလည်း မသိဘဲနဲ့ နာနေကြတယ်၊ သိလို့နာသလား၊ မသိဘဲနဲ့ နာသလား (မသိဘဲနဲ့နာပါတယ်ဘုရား)၊ ယှဉ်ပြောရတယ်။ ဘာရှိလို့ စိုးရိမ်တာလဲ (လူရှိလို့ပါဘုရား)၊ ဟုတ်တယ်၊ **'လူ'**ဆိုတာ ဘာတုံး (ဒိဋ္ဌိပါဘုရား)။ အဲလိုမေး မေးကြည့်ရတယ်။ မိန်းမတွေဆိုတာဘာတုံး (ဒိဋ္ဌိပါဘုရား)၊ ယောကျ်ားတွေဆိုတာဘာတုံး (ဒိဋ္ဌိပါဘုရား)။ ဘာယူတုံး ဒိဋ္ဌိ၊ ယောကျ်ားတွေ မိန်းမတွေရှိရင် ဘာယူတုံး (ဒိဋ္ဌိယူပါတယ်ဘုရား)၊ **'ဒိဋ္ဌာသဝ'**။

**အာသဝေါယာစ ယောဂါစ တယောဂန္ထာစ ဝတ္ထုတော၊**

**ဥပါဒါနာ ဒုဝေဝုတ္တာ အဋ္ဌနီဝရဏာသိယုံ**။ အဲဒါလေးက စထားတာ။ **'ဥပါဒါန်'**တို့ **'အာသဝေါ'** တို့ဆိုတာ လူတွေကို ခေါ်တယ်။ **'လူတွေ'**ဆိုတာ ဘယ်မှာရှိတုံးဆိုတော့ မျက်စိတွေ နားတွေ ဝိညာဏ်မှာရှိတယ်။ အဲဒါ ဝိညာဏ်က **'ကမ္မဝိညာဏ်၊ ဥပါဒါန်ဝိညာဏ်'**။ ယောကျ်ားတွေ မိန်းမ တွေလိုချင်လို့ရှိရင် **'တဏှာဝိညာဏ်'**ပေါ့။ **'ပဋိစ္စသမုပ္ပါဒ်'** ထဲပါတဲ့ ဝိညာဏ်၊ အလွတ်မဟုတ်ဘူး။ လူတွေ ဆိုတော့ အလွတ်တွေးတယ်၊ မဟုတ်ဘူး၊ ဒါက **'ပဋိစ္စသမုပ္ပါဒ်'**နဲ့ ကြံရတယ်၊ ဟုတ်ရဲ့လား။

**ဥပါဒါန်မရှိရင် ဘဝမရှိတော့ဘူး**

**'ဥပါဒါနေသတိ ဘဝေါ ဟောတိ၊ ဥပါဒါနေအသတိ ဘဝေါ န ဟောတိ'**။

**'ဘဝေါ'**ဆိုတာ ကံခေါ်တယ်၊ **'ကမ္မဘဝ'** ဟုတ်ရဲ့လား။

**ဥပါဒါနေသတိ ကမ္မဘဝေါ ဟောတိ၊ ဥပါဒါနေအသတိ ကမ္မဘဝေါ နဟောတိ၊** အဲလို နှုတ်ကတက်နေရတယ်။

**အဝိဇ္ဇာယ သတိ သင်္ခါရာ ဟောတိ၊ အဝိဇ္ဇာယ အသတိ သင်္ခါရာ နဟောတိ။**

**သင်္ခါရေသု သတိ ဝိညာဏံဟောတိ၊ သင်္ခါရေသု အသတိ ဝိညာဏံ နဟောတိ။**

www.burmeseclassic.com

www.burmeseclassic.com



**ဝိညာဏေ သတိ နာမရူပံ ဟောတိ၊ ဝိညာဏေ အသတိ နာမရူပံ နဟောတိ။**

အဲလို **'ဝိညာဏ်'**ဖြစ်လို့ နာမ်ရုပ်ဖြစ်တယ်။ အဲလိုမှတ်ထား၊ **'ဝိညာဏ်'** ဖြစ်ရင် နောက်ဘဝ ဖြစ်မယ်။ **'ဝိညာဏ်'**မဖြစ်ရင် နောက်ဘဝမဖြစ်ဘူးတဲ့၊ **'ကမ္မဝိညာဏ်'**တို့ **'ဥပါဒါန် ဝိညာဏ်'** တို့၊ အဲဒါ ဘုရားသင်ပေးတဲ့ အသင်ပေး၊ အဲဒါကို ဒကာမကြီးတို့က ရအောင်ဆိုရမယ်။ အဲဒီ ဆယ့်နှစ်ခုကို ရ ရမယ်။ ပေါင်းတော့ နှစ်ဆယ့်လေးခုဖြစ်သွားတာပေါ့။ အဲဒီ ဆယ့်နှစ်ခုက ရ ရမယ်။ ပါးစပ်မလှုပ်ရင် မဆိုဘူး၊ မရဘူး၊ ရမှ။

**ဝိညာဏေ သတိ နာမရူပံ ဟောတိ၊ ဝိညာဏေ အသတိ နာမရူပံ နဟောတိ။**

**နာမရူပေ သတိ သဠာယတနံ ဟောတိ၊ နာမရူပေ အသတိ သဠာယတနံ နဟောတိ။**

**သဠာယတနေ သတိ ဖဿော ဟောတိ၊ သဠာယတနေ အသတိ ဖဿော နဟောတိ။**

**ဖဿေ သတိ ဝေဒနာ ဟောတိ၊ ဖဿေ အသတိ ဝေဒနာ နဟောတိ။**

**ဝေဒနာယ သတိ တဏှာ ဟောတိ၊ ဝေဒနာယ အသတိ တဏှာ နဟောတိ။**

ဝေဒနာကျတော့ ယနဲ့သွားရတယ်။ ဣတ္ထိလိင်ဖြစ်လို့၊ သူကရေးချနဲ့ ဆုံးတဲ့ဟာကို ရေးချနဲ့ဆုံးတဲ့ သဒ္ဒါမို့လို့ တဏှာမလုပ်ရဘူး၊ တဏှာယလို့လုပ်ရတယ်။

**တဏှာယ သတိ ဥပါဒါနံ ဟောတိ၊ တဏှာယ အသတိ ဥပါဒါနံ နဟောတိ။**

**ဥပါဒါနေ သတိ ကမ္မဘဝေါ ဟောတိ၊ ဥပါဒါနေ အသတိ ကမ္မဘဝေါ နဟောတိ။**

**ကမ္မ ဘဝေ သတိ ဇာတိ ဟောတိ၊ ကမ္မ ဘဝေ အသတိ ဇာတိ နဟောတိ။**

**ဇာတိယာ သတိ ဇရာမရဏံ ဟောတိ၊ ဇာတိယာ အသတိ ဇရာမရဏံ နဟောတိ။**

**'ဇရာ မရဏေ သတိ'**၊ ကဲ ဆုံးပြီ **'ဇရာ မရဏ'** ရှိလို့ရှိရင် ဇာတိရှိလို့ပဲ ပြန်စရတယ်။ **'ဇရာ မရဏ'** ကသေပြီ၊ သေတော့ နောက်ဇာတိ **'ဇာတိ'**မဖြစ်ဘူးလား၊ **'ဇာတိ'** ပြန်စ။

**ဇရာမရဏေ သတိ ဇာတိ ဟောတိ၊ ဇရာမရဏေ အသတိ ဇာတိ နဟောတိ။**

အဲဒီ **'ဇရာ မရဏ'** မရှိတဲ့အခါမှာ ဇာတိမရှိတော့ဘူးဆိုမှ အဲဒါနိဗ္ဗာန်ရောက် သွားတယ်။ ပါးစပ်ကလေးထဲတင် ပြီးသွားတယ်။ အဲဒီအတိုင်း သွားရမှာပဲ၊ အဲဒီစာနဲ့ ပါဠိနဲ့ အတိုင်း သွားရမယ်။ အဲလိုဆိုမှ **'ပဋိစ္စသမုပ္ပါဒ်'**သိတယ်။ ဒီတော့မှ **'ဝိစိကိစ္ဆာ'**မရှိဘူးဆိုရင် **'ဒိဋ္ဌိ'**လည်း မရှိတော့ဘူး။ **'ဝိစိကိစ္ဆာနဲ့ ဒိဋ္ဌိ'**က မုန့်လုံးရေပေါ်နဲ့ ထန်းလျက်လိုပဲ၊ ထန်းလျက် ရှိရင် မုန့်လုံးရေပေါ်ရှိတယ်။ မုန့်လုံးရေပေါ်ရှိရင် ထန်းလျက်ရှိတယ်။ ထန်းလျက်မရှိရင် မုန့်လုံး ရေပေါ် မရှိတော့ဘူး၊ အဲဒါ **'ဒိဋ္ဌိ'** မရှိရင် **'ဝိစိကိစ္ဆာ'**လည်း မရှိဘူး၊ အဲလိုမှတ်ထား။ ရပြီလား၊ ကဲ ဆိုကြည့်စမ်း--- **'ဇာတိယာ သတိ'** (ဇာတိယာ သတိ ဇရာမရဏံ ဟောတိ၊ ဇာတိယာ

www.burmeseclassic.com

www.burmeseclassic.com



အသတိ ဇရာမရဏံ နဟောတိ)၊ **'ဥပါဒါနေ သတိ'** (ဥပါဒါနေ သတိ ကမ္မဘဝ ဟောတိ၊ ဥပါဒါနေ အသတိ ကမ္မဘဝ နဟောတိ)။

အိမ်ကျရင်ရတဲ့လူကို အဆိုခိုင်းပြီး သင်ရတယ်။ အဲဒါတွေသင်မှ တရားလည်းတတ်တယ်။ စာလည်းတတ်တယ်။ သို့မဟုတ်ရင်တရားလည်းမတတ်ဘူး၊ စာလည်း မတတ်ဘူး။ အဲလို ပါဠိမရလို့ရှိရင် မေ့တယ်။ အဲဒါကတော့ မမေ့တော့ဘူး။ မမေ့တော့ **'ဇာတိ'**ရှိရင် **'ဇရာ မရဏံ'** ရှိတာပဲ၊ အခုကြားတော့ မရှိဘူးလား၊ ကြားတာရှိရင် ပျက်တာရှိတယ်။ မကြားလည်းရှိတာပဲ၊ **'ငါ'**မကြားလို့ ဆိုလို့ရမလား (မရပါဘူးဘုရား)။ ကြားတာမရှိလို့ **'ငါ'**လည်းမရှိတော့ဘူးပေါ့၊ အဲဒါလေးဆိုတာနဲ့ **'ဒိဋ္ဌိ'**ပျောက်တယ်။ တကယ်ပျောက်လားဆိုတော့ ပျောက်တယ်။ ဘုရားတောင်မှ ပျောက်တာ၊ ကိုယ်မပျောက်ဘဲနေပဲ့မလား။ ဘုရားလည်း **'သတိ'**နဲ့စတာ။

**ပဋိစ္စသမုပ္ပါဒ် ဉာဏ်**

**ဇာတိယာ သတိ ဇရာမရဏံ ဟောတိ၊ ဇာတိယာ အသတိ ဇရာမရဏံ နဟောတိ။**

**'ကမ္မဘဝေသတိ'**၊ အဲဒါလေးများ **'ကမ္မဘဝ'**၊ **'ကံ'**ဆိုတာ **'မနောကံလေး'**ဆိုပါတော့ အဲဒီ **'မနောကံလေး'** က လူမရှိဘဲနဲ့ အဲဒီ **'မနောကံ'**ဖြစ်မလား (မဖြစ်ပါဘူးဘုရား)၊ စဉ်းစားကြည့်ပါ။ သားသမီးမရှိဘဲနဲ့ **'မနောကံ'** ဖြစ်မလား (မဖြစ်ပါဘူးဘုရား)။ **'သားသမီး'** ဆိုတာ ဘယ်သူတုံးဆိုမှ ဥပါဒါန်တဲ့၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။ **'ဥပါဒါန်'**ပြီးမှ **'ကံ'**ဟုတ်ရဲ့လား၊

**'ကံ'**ဆိုမှ ကာယကံ ဝစီကံ မနောကံ၊ ဟောဒီပါးစပ်ကလေး ဟောဒီနားကလေးတင်ရှိတာကို မတွေးတတ်ဘူး၊ မတွေးတော့ သွားပြီး ဟိုလိုလုပ် ဒီလိုလုပ် လုပ်တယ်။ လုပ်တော့ ဦးနှောက်တွေ ဘာတွေ ဟိုဟာပြုသွားတတ်တယ်။ အဲလို အသိနဲ့သွားတယ်။ ဟုတ်တယ် မဟုတ်လား။ ဟိုဟာက **'သမာဓိ'**နဲ့သွားတယ်၊ ဘာနဲ့သွားတုံး (ဉာဏ်နဲ့သွားပါတယ်ဘုရား)။ ဘာဉာဏ်တုံး (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)။ **'ပဋိစ္စသမုပ္ပါဒ် ဉာဏ်'**က သူတကာပြောလို့လား၊ ပါဠိဆိုလို့လား (ပါဠိဆိုလို့ပါဘုရား)။ ပါဠိရရင် တကယ်ရတဲ့ဟာ၊ မဟုတ်ဘူးလား။ ဒါကြောင့် ရအောင်သင်ပေးနေတာ။

ကဲ--- တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# "အဇေတနော အဗျာကတော တရားတော်"

၅. ၁၀. ၂၀၀၇

## ဇာတိဆိုတာဖြစ်တာ

**'ဇာတိ'၊ 'ဇာတိပိ'**၊ အခုဖြစ်နေတာ၊ အာယတနဖြစ်တယ်။ အဲဒါ **'အာယတနဇာတိ၊ ခန္ဓဇာတိ၊ ဓာတုဇာတိ၊ သစ္စဇာတိ'၊ 'ဇာတိ'**ဆိုတာဖြစ်တာ။ အခုဖြစ်နေတယ်၊ ခေါင်းက ဖြစ်တယ်၊ မျက်စိကဖြစ်တယ် နားကဖြစ်တယ်၊ ကိုယ်ကြီးကလည်း ဖြစ်တယ်၊ ဖြစ်တာကို **'ဇာတိ'** ခေါ်တယ်၊ **'ခန္ဓဇာတိ'** ခေါ်တယ်။

## ဖြစ်တာမရှိရင် နိဗ္ဗာန်

**'နိဗ္ဗာန်'** မှာ ဘာပြုလို့ ရာဂမရှိသတုံး၊ **'ရာဂ'** မရှိတာကို နိဗ္ဗာန်ခေါ်တယ်၊ ဘာပြုလို့ **'နိဗ္ဗာန်'**မှာ **'ရာဂ'** မရှိသတုံးဆိုတော့ **'ဖြစ်တာ'** မရှိလို့ ရာဂမရှိတာ။ **'ဖြစ်တာ'** ရှိရင် **'ခန္ဓာ'၊ 'ဖြစ်တာ'** မရှိရင် **'နိဗ္ဗာန်'**၊ အဲဒီလို ခွဲရတယ်။ **'ဖြစ်နေတယ်'** ဆိုရင် အဲဒါ ဇာတိပဲ။ **'ဇာတိ'** ရှိရင် ခန္ဓာ၊ **'ခန္ဓာ'** ရှိရင် **'ရာဂ'** ဖြစ်တယ်။ **'ခန္ဓာနဲ့ ရာဂနဲ့'** အတူတူပဲ။ **'နိဗ္ဗာန်'**မှာ ရာဂမရှိဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ **'ခန္ဓာ'**မရှိလို့။ **'ခန္ဓာ'** ရှိရင် **'ဖြစ်တာ'** ရှိတယ်။ အဲဒါကို **'ဇာတိပိဒုက္ခာ'**လို့ ခေါ်တယ်၊ **'ဖြစ်တာ'** ရှိလို့။

## ဇာတိဟာ ဒုက္ခသစ္စာပဲ

**'ဇာတိပိဒုက္ခာ ဇရာပိဒုက္ခာ မရဏံပိဒုက္ခံ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ'**တဲ့။ အဲဒါတွေက **'ဖြစ်တာ'** ရှိလို့ဆိုတာ မျက်စိတွေ နားတွေ နှာခေါင်းတွေ ဖြစ်တာရှိလို့ ဇာတိရှိတယ်။ **'ဇာတိ'**ဟာ ဒုက္ခ၊ ဒုက္ခသစ္စာလို့ခေါ်တယ်။ အဲလိုသိရတယ်။ **'ဖြစ်တာ'** ခန္ဓာ ဖြစ်တာ၊ အာယတနဖြစ်တာ၊ ဓာတ်ဖြစ်တာ၊ သစ္စာဖြစ်တာ။

**'ဖြစ်တာ'**ဆိုရင် **'ဇာတိပိဒုက္ခာ'**။ **'နိဗ္ဗာန်'** မှာ ဇာတိမရှိဘူး။ **'ဇာတိ'**- ဖြစ်တာရှိတာနဲ့ **'အဇာတိ'**- ဖြစ်တာမရှိတာ အဲလို နှစ်ခုမှတ်ထား၊ **'ဖြစ်'**လို့ရှိရင် ခန္ဓာဖြစ်တာ၊ လူဖြစ်တာ ယောကျ်ားဖြစ်တာ မိန်းမဖြစ်တာ မဟုတ်ဘူး။ **'ခန္ဓာ'** ဖြစ်တာခေါ်တယ်၊ **'ခန္ဓာ'**ကမှ ဒုက္ခသစ္စာ ခေါ်တယ်၊ **'ဒုက္ခသစ္စာ'**ဟောတဲ့နေရာမှာ အဲဒီ **'ဇာတိပိဒုက္ခာ'** ဆိုတာ ဓမ္မစကြာမှာဟောတယ်။

## ဖြစ်လိုတာက လူနဲ့တွဲနေတယ်

**'ခန္ဓာ'** ကိုဖြစ်တာခေါ်တယ်၊ ဖြစ်ချင်တယ်၊ အဲဒီကျမှ **'တဏှာ'**ဖြစ်သွားတယ်၊ **'သမုဒယ**

www.burmeseclassic.com

www.burmeseclassic.com



**သစ္စာ**'ပေါ့၊ အခုစကားပြောလိုတယ်၊ နားထောင်လိုတယ်။ အဲဒါ **'လိုတာတွေ'** ပါ ပါလာတယ်။ မျက်စိကလည်း မြင်လိုတယ်၊ နားကလည်း ကြားလိုတယ်၊ အဲဒါ **'သမုဒယ'** ခေါ်တယ်။ ဖြစ်လိုတယ်၊ ဖြစ်တယ်။ **'အတိတ်ဘဝ'** ကလည်း ဖြစ်လိုတယ်၊ **'အတိတ်'**က ဖြစ်လိုလို့ အခု ဖြစ်လာတယ်၊ အဲလို ဂရုစိုက်ရတယ်၊ ဘာဖြစ်လိုတုံးဆိုတော့ **'လူ'**ဖြစ်လိုတယ်။ **'ခန္ဓာ'**ကို ဖြစ်လိုတာမဟုတ်ဘူး၊ ဖြစ်လိုတာက လူနဲ့တွဲနေတယ်၊ သတ္တဝါနဲ့တွဲနေတယ်၊ နတ်ဖြစ်လိုတယ်၊ လူချမ်းသာဖြစ်လိုတယ်။လူဆင်းရဲတော့မဖြစ်လိုဘူး။ **'ဖြစ်တာ'**ဆိုရင် ဒုက္ခသစ္စာ၊ **'ဖြစ်လိုတာ'**က သမုဒယသစ္စာ၊ အဲဒါ ဂရုစိုက်ရတယ်။

**အတိတ်က ဖြစ်လိုလို့ အခုဖြစ်လာတယ်**

**'အတိတ်'** က **'ဖြစ်လို'** လို့ **'အခု'** ဖြစ်လာတယ်။ အဲလိုလည်း ဂရုစိုက်ရတယ်။ **'ဣဓပုရိမ'၊ 'ဣဓ'**က ဤလူ့ဘုံ၊ အခုပစ္စုပ္ပန်ကို **'ဣဓ'** ခေါ်တယ်။ **'အတိတ်'**က ဘဝကျတော့ **'အတီတ ဘဝသ္မိံ-** အတိတ်ဘဝ'၊ **'ပုရိမဘဝသ္မိံ-** ရှေးဘဝ'။

ဘာကဖြစ်ခဲ့ ဖြစ်ခဲ့ **'ဖြစ်လို'** တဲ့ဟာတွေ ပါပါလာတယ်။ **'ဖြစ်လိုတယ်'** ဆိုလို့ရှိရင် သတ္တဝါတွေဖြစ်တယ်၊ သတ္တဝါပါလာတယ်၊ **'ဖြစ်လိုတယ်'** သတ္တဝါရှိလာမှ ဖြစ်လိုတာရှိတယ်။ ခန္ဓာတွေ ဓာတ်တွေ အာယတနတွေကျတော့ **'မဖြစ်လို'** တော့ဘူး၊ ဒုက္ခမှန်းသိတော့ **'မဖြစ်လို'** ဘူး၊ အနိစ္စ ဒုက္ခ အနတ္တ ခန္ဓာတွေမှန်းသိရင် **'မဖြစ်လို'**ဘူး။

လူတွေ ဘာတွေဆိုရင်တော့ ဖြစ်လိုတယ်၊ အဲလို ဂရုစိုက်၊ ဖြစ်လိုတယ်ဆိုတာ လူဖြစ်လာတယ်၊ လူမို့လို့ဖြစ်လိုတယ် နတ်တွေဖြစ်လိုတယ်၊ တိရစ္ဆာန်တွေ ခွေးတွေ ဝက်တွေတော့ မဖြစ်လိုဘူး၊ **'ဖြစ်လိုတယ်'**ဆိုရင် အခုလည်း ဖြစ်လိုရင်သိရတယ်။ ဖြစ်လိုလို့ရှိရင် တဏှာကိုး။ **'ယာယံတဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂ သဟဂတာ တတြ တတြာ ဘိနန္ဒိနီ'၊ 'ထိုထိုအာရုံ'** တို့မှာ နှစ်သက်တယ်။ **'အာရုံ'** ကိုနှစ်သက်တယ်။ **'အာရုံ'**ကို အာရုံလို့ မသိဘူး။

**ဖြစ်လိုမှုက သမုဒယသစ္စာ၊ ဖြစ်မှုက ဒုက္ခသစ္စာ**

အခု **'အသံ'**ဟာ သဒ္ဒါရုံပဲ၊ **'သဒ္ဒါရုံ'**ဆိုတာ ဖြစ်တာပျက်တာပဲ၊ အဲဒါခန္ဓာပဲ၊ ခန္ဓာမှန်းမသိဘူး၊ လူရယ်လို့ သိတယ်၊ **'ရူပါရုံ'**ဟာ ရုပ်ပဲ၊ ဒါပေမယ့် **'ရူပါရုံ'** လို့ မသိဘူး။ **'လူ'** လို့သိတယ်၊ အဲဒါလေးတစ်ခုပဲ၊ သတ္တဝါတွေမှာ- **'ဖြစ်လိုမှု'**နဲ့ **'ဖြစ်မှု'**၊ ဖြစ်လိုမှုက **'သမုဒယ သစ္စာ'**၊ ဖြစ်မှုက **'ဒုက္ခသစ္စာ'**။ အတိတ်ဘဝက **'အဝိဇ္ဇာ'၊ 'အာရုံ'** မှန်းမသိဘူး၊ လူတွေလို့ သိတယ်၊ နတ်တွေလို့သိတယ်၊ **'သင်္ခါရနိမိတ်'**လို့ မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



**အဝိဇ္ဇာကို အဝိဇ္ဇာမှန်းမသိဘူး**

**'သင်္ခါရ'**ဆိုတာ ပြုပြင်တယ်။ ပြုပြင်တဲ့ အာရုံတွေ ခေါင်းတွေ ပြုပြင်တယ်။ လက်တွေ ခြေတွေ ပြုပြင်တယ်။ ပြုပြင်လို့ ဖြစ်လာတဲ့ အာရုံတွေ၊ အဲဒါ **'သင်္ခါရနိမိတ်'** ခေါ်တယ်။ **'အာရုံ'** ခေါ်တယ်။ စကားပြောပြီဆိုရင် အာရုံမှန်းမသိတော့ဘူး၊ **'လူ'**လို့ သိသွားတယ်။ စကားပြောကတည်းကိုက လူလို့သိတာ၊ **'အဝိဇ္ဇာ'**ကို အဝိဇ္ဇာမှန်း မသိဘူး၊ စကားပြောချင်တယ်။ ပြောတယ်ဆိုရင် အဲဒါ**'လူ'**မို့လို့ ပြောချင်တာ။

ဒါကြောင့် **'ပြောချင်ရုံသာပြောချင်ပါ၊ မပြောလိုက်ပါနဲ့၊ အဝိဇ္ဇာကြောင့်သာ ပြောချင်တာ ဝိဇ္ဇာ မပြောချင်'** လို့စပ်ထားတာ။ **'ရုပ်'**ကို ဘယ်နှယ့်လုပ် ပြောချင်သလဲ။ **'ရုပ်'** ဆိုတော့ ပြောချင်တာမရှိဘူး။ **'လူ'** ဆိုတော့ ပြောချင်တယ်။ အဲလိုဟာမျိုး ဖြစ်သွားတယ်။ ဒါကြောင့် **'တဏှာ'** အလိုလိုက်တယ်။

**စင်စစ် ဇာတိ ဇရာ မရဏာပဲ**

**ဖြစ်ချင်ပါက သမုဒယ၊ ဒုက္ခ ဖြစ်ကြောင်းမှတ်။**

**ပြောချင်ပါက သမုဒယ၊ ဒုက္ခ ဖြစ်ကြောင်းမှတ်**-တဲ့။

ချုပ်တာကို **'နိရောဓ'** ခေါ်တယ်။ **'ဖြစ်တာ'**မရှိတာကို **'နိဗ္ဗာန်'** ခေါ်တယ်။ စကားပြောချင်တယ်။ ဘာလုပ်ချင်တယ် အဲဒါ **'ဇာတိပိဒုက္ခာ'** ပဲ၊ **'ဇာတိပိဒုက္ခာ'**ဆိုတာ ဓမ္မစကြာမှာ ပါတယ်။ ဒါကြောင့် ဖြစ်သမျှတွေ **'ဖြစ်ဖြစ်သမျှ ဒုက္ခသစ္စာ'**ဆိုတာ အဲဒါ ဖြစ်လိုမှု၊ ဖြစ်လိုမှု ဆိုရင် **'လူ'** ဖြစ်သွားပြီ၊ **'မျက်စိ'**ကလည်း လူမြင်တာပဲ။ **'နား'**ကလည်း လူပဲ။ **'အသံ'**လို့ မသိတော့ဘူး၊ **'လူ'** ပဲ သိတော့တယ်။

**'မျက်စိ'** မြင်တော့လည်း **'အဆင်း'**လို့ မသိဘူး၊ **'လူ'**လို့ပဲ သိတော့တယ်။ **'အဆင်း'** က ဖြစ်နေတယ်၊ အဲဒါ **'ဖြစ်ပျက်'**ပဲ လို့ ဒီလိုမသိဘူး၊ စင်စစ် ဇာတိ ဇရာ မရဏာပဲ၊ ဖြစ်နေတယ်၊ သေနေတယ်၊ သေနေတာ မရဏာပဲ၊ ပျက်နေတယ်၊ အခုထိုင်နေရင်းမတ်တတ် ပျက်နေတယ်၊ အဲဒါ **'ရုပ်တွေ'**။ ငယ်ထိပ်ထားလိုက်ပါလား၊ မပျက်ဘူးလား ပျက်သလား၊ ရင်ခေါင်းတွေ ထားလိုက်၊ လက်မောင်းတွေ ဘယ်နေရာဖြစ်ဖြစ်ထားလိုက်၊ **'ရုပ်တွေ'**ထားလိုက်၊ **'ဝေဒနာတွေ'** ထားလိုက်၊ **'ခန္ဓာ'** ဆိုရင် ဇာတိရှိတယ်။ ရှေးဘဝက အဲလို **'ဇာတိ'**ကို မသိခဲ့လို့ **'ဇာတိ'**ကို လိုချင်တယ်။ **'ဇာတိ'**ဆိုတာ ဒုက္ခသစ္စာ၊ အခုကြားတယ် ကြားတယ်ဆိုတာလည်း **'ဒုက္ခသစ္စာ'** ကကြားတာ။ **'ခန္ဓာ အာယတန ဓာတ် သစ္စာ'** ကြည့်ပါလား၊ **'ခန္ဓာ'**လို့လည်းခေါ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



**'အာယတန'** လို့လည်းခေါ်တယ်၊ **'ဓာတ်'**လို့လည်းခေါ်တယ်၊ **'သစ္စာ'**လို့လည်းခေါ်တယ်၊ **'ရုပ်နာမ်'**လို့လည်းခေါ်တယ်၊ အကျဉ်းချုံးလိုက်တော့ **'ဖြစ်တာပျက်တာ'** ပဲ။ ကြားတယ်ဆိုတာ **'ရုပ်နာမ်'**ပဲ၊ မြင်တယ်ဆိုတာလည်း **'ရုပ်နာမ်'**ပဲ။ အဲလိုဆိုမှ သတ္တဝါတို့ လူတို့ မယူမှ၊ သတ္တဝါတို့ လူတို့ကို **'အတိတ်'**က ယူခဲ့တယ်။

**ရှေးက ဖြစ်တုန်းကတည်းက မောဟဖြစ်ခဲ့တယ်**

**'အတိတ်'**က ဘာတုံး၊ **'ပုရိမဘဝသ္မိံ မောဟော အဝိဇ္ဇာ'** ဆိုလိုက်စမ်း (ပုရိမဘဝသ္မိံ မောဟော အဝိဇ္ဇာ)။ အဲဒီဟာကြောင့် လူကြီး ယောက်ျားကြီး မိန်းမကြီး ခွေးကြီး ဝက်ကြီး နတ်ကြီးတွေ ဘာတွေဖြစ်လာတာ။ ရှေးကဖြစ်တုန်းကတည်းက **'မောဟ'** ဖြစ်ခဲ့တယ်။ အဲဒါကြောင့် **'အဝိဇ္ဇာ'** ခေါ်တယ်။

**'ပုရိမဘဝသ္မိံ မောဟော အဝိဇ္ဇာ ဣဓ ပဋိသန္ဓိယာ ပစ္စယော ဟောတိ'။**

**'ဣဓ**- ဤဘဝ၌၊ **ပဋိသန္ဓိယာ**- ပဋိသန္ဓေနေခြင်း၏၊ **ပစ္စယော**- အကြောင်းသည်၊ **ဟောတိ**- ဖြစ်၏၊ **ပုရိမဘဝသ္မိံ**- ရှေးဘဝ၌၊ **မောဟော**- မသိခြင်းသည်၊ **မောဟော-** သစ္စာဟူ၍ မသိခြင်းသည်၊ **အဝိဇ္ဇာ**- အဝိဇ္ဇာမည်၏**'** တဲ့။

**'မောဟော**- သစ္စာဟူ၍ မသိခြင်းသည်'၊ **'ဖြစ်တာ'**ကို **'ဒုက္ခသစ္စာ'**လို့ မသိဘူး၊ **'ချုပ်တာ'** ကိုလည်း **'နိရောဓသစ္စာ'**လို့ မသိခဲ့ဘူး၊ ချုပ်မှနိဗ္ဗာန်ရောက်မယ်။ **'နိရောဓသစ္စာ'** ရောက်မယ်လို့ ရှေးတုန်းကမသိခဲ့လို့ အခုဖြစ်တယ်။ **'ပုရိမ ဘဝသ္မိံ မောဟော အဝိဇ္ဇာ'၊ 'ပုရိမ ဘဝသ္မိံ**- ရှေးဘဝ၌ **မောဟော**- မသိခြင်းသည်' လူတွေလို့သိတာ၊ သစ္စာလေးပါးတို့ ခန္ဓာတို့ အာယတနတို့ ဓာတ်တို့ သစ္စာတို့ မသိဘူး၊ လူတွေ ယောက်ျားတွေ မိန်းမတွေ ခွေးတွေ ဝက်တွေ အဆောက်အဦးတွေ ဘာတွေ **'သဏ္ဌာနနိမိတ်တွေ'**ကို သိတယ်တဲ့။

**'လူတွေ'**ဆိုတာ **'သဏ္ဌာနနိမိတ်'**၊ ထမင်းစားလို့ လူဖြစ်နေတာ အစာစားလို့ နွားဖြစ်နေတာ၊ အစာမစားရင် နွားတွေလည်း သေတာပဲ။ အခုဟာက ကံ စိတ် ဥတု အာဟာရ ခေါ်တယ်။ **'အာဟာရ'** မစားရရင် **'လူတွေ'** မရှိတော့ဘူး။ သေနတ်တွေမှန်ကုန်ရင် သေကုန်ရင်လည်း **'လူတွေ'** မရှိတော့ဘူး၊ အဲလို **'လူတွေ'** ရှိတယ်လို့ သေပေမယ့်လည်း **'လူတွေ'**လို့ **'အာရုံ'**ထဲမှာ ထင်နေတယ်၊ အဲဒါ **'သဏ္ဌာနနိမိတ်'** ခေါ်တယ်။ အဲဒီ **'အာရုံတွေ'** ထင်နေရင်ရှိတာပဲ။ မော်လမြိုင်ကျွန်းဆိုတာ **'အာရုံတွေ'** ထင်နေတယ်။ အဲဒီမှာ ဆွေမျိုးတွေ ရှိတယ်။ အဲဒီလို ထင်တယ်၊ အဲဒါ **'သဏ္ဌာနနိမိတ်'** ခေါ်တယ်။ ဘာခေါ်တုံး (သဏ္ဌာနနိမိတ်ပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



လူတွေရှိတယ်။ ဆွေမျိုးတွေရှိတယ်။ ဥယျာဉ်တွေရှိတယ်။ ငါတို့ဟာတွေရှိတယ်။ ငါတို့ဆွေမျိုးတွေရှိတယ်။ အဲလိုဟာကို **'သင်္ခါရနိမိတ်'** လို့ ခေါ်တယ်။

**ဤဘဝ ပဋိသန္ဓေနေခြင်းရဲ့ အကြောင်း**

**'ပုရိမ ကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ၊ ဣဓ ပဋိသန္ဓိယာ ပစ္စယော ဟောတိ'**

**'ဤဘဝ ပဋိသန္ဓေနေခြင်းရဲ့အကြောင်း'** ပဲတဲ့၊ အဲဒါတွေ ရ ထားမှဖြစ်မယ်။ သို့မို့ဆိုရင် မဖြစ်ဘူး၊ ပေါ့ပေါ့လည်း နေတတ်တယ်။ အခုစကားပြောတာတွေကို **'မောဟော'**လို့ မသိဘူး။ **' ကမ္မဘဝသ္မိံ '** စကားပြောတာ- **'ကမ္မဘဝ'**၊ စကားမပြောဘဲနေရင် **'ဥပပတ္တိဘဝ'**။

**'ကမ္မဘဝ ဥပပတ္တိဘဝ'၊ 'ဥပပတ္တိဘဝ'**ဆိုတာ ဒီကိုယ်ကြီး။ စကားပြောတယ်၊ **'ကံ'** လုပ်တယ်ဆိုတာ **'ကမ္မဘဝ'** ခေါ်တယ်။ အဲဒီလိုကို ရှေးက မသိခဲ့ဘူးတဲ့။

**'ပုရိမ ဘဝသ္မိံ မောဟော အဝိဇ္ဇာ၊ ဣဓ ပဋိသန္ဓိယာ ပစ္စယော ဟောတိ'။**

**'ဣဓ**- ဤဘဝ၌၊ **ပဋိသန္ဓိယာ**- ပဋိသန္ဓေနေခြင်း၏၊ **ပစ္စယော**- အကြောင်းသည်၊ **ဟောတိ**- ဖြစ်၏'လို့ မသိခဲ့ဘူး။ အခုတော့ အဲလို သိလိုက်လို့ ရှိရင် နောင်မဖြစ်တော့ဘူး။ အဲလိုဟာ အရေးကြီးတယ်။

**အသိလွဲခဲ့တာတွေ မောဟော ခေါ်တယ်**

**'ပုရိမ ကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ၊ ဣဓ ပဋိသန္ဓိယာ ပစ္စယော ဟောတိ'။**

**'ပုရိမ ဘဝသ္မိံ**- ရှေးဘဝ၌၊ **မောဟော**- မသိခြင်းသည်'၊ **'သစ္စာလေးပါး'**လို့ မသိဘူး၊ **'ပဋိစ္စသမုပ္ပါဒ်'**လို့ မသိဘူး၊ **'ရုပ်နာမ်'**လို့ မသိဘူး၊ **'ခန္ဓာငါးပါး'** မသိဘူး၊ **'အာယတန ဆယ့်နှစ်ပါး'** မသိဘူး။ **'ဓာတ်တစ်ဆယ့်ရှစ်ပါး'** မသိဘူး၊ **'သစ္စာ'**လို့ မသိဘူး၊ **'လူတွေ'** လို့ သိတယ်၊ ယောကျ်ား မိန်းမတွေလို့ သိတယ်။ ရွာတွေလို့သိတယ်။ ဆွေမျိုးတွေလို့ သိတယ်။ လူတွေလို့သိတယ်။ အသိလွဲခဲ့တာတွေကို **'မောဟော'**ခေါ်တယ်။ အခုလည်း **'နာမည်တွေ'**ကို တကယ့်လူတွေ မှတ်နေတာ။ နာမည်က မအုန်းဆိုရင် တကယ့်လူကြီး မှတ်နေတာ။ တကယ့် မအုန်းဆိုပြီး သူ့ကိုယ်သူလည်း မှတ်နေတယ်။ နာမည်လို့ မသိဘူး။

**အဖြစ်တွေ စုတာကို ခန္ဓာခေါ်တယ်**

**'ဖြစ်တာ'**ကို **'ခန္ဓာ'**လို့ သိရမယ်၊ **'အာယတန'**လို့ သိရမယ်၊ **'ဓာတ်'**လို့၊ **'သစ္စာ'**လို့ သိရမယ်။ **'ဖြစ်တာ'**ဘာတုံး (ခန္ဓာပါဘုရား)။ **'အာယတန'**ဆိုတာ နားက မကြားဘူးလား (ကြားပါတယ်ဘုရား)။ **'နား'** ကဘာတုံး အာယတန။ နားက မကြားဘူးလား (ကြားပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား)။ **'မစု'** ဘူးလား (စုပါတယ်ဘုရား)၊ **'အဖြစ်တွေစုတယ်'**၊ နားကြားတယ်၊ စကား ပြောတယ်ဆိုတာ **'အဖြစ်တွေစုတာ'**။ အဖြစ်တွေစုတာကို **'ခန္ဓာ'**ခေါ်တယ်။ အဖြစ်တွေစုတော့ မပျော်ဘူးလား (ပျော်ပါတယ်ဘုရား)။ **'အဖြစ်တွေ'** မစုတော့ ပျော်သလား (မပျော်ပါဘူး ဘုရား)။ မပျော်တော့ ငြီးငွေ့တယ်။ **'ငြီးငွေ့'**တော့ မဖြစ်ချင်ဘူး။ အဲဒီလိုဟာတွေ သွားတယ်။

**ဒုက္ခသစ္စာဖြစ်တာ ဒုက္ခသစ္စာလို့ သိသလား**

**'ပုရိမ ဘဝသ္မိံ မောဟောအဝိဇ္ဇာ၊ ဣဓ ပဋိသန္ဓိယာ ပစ္စယော ဟောတိ'။**

အဲဒါတွေရအောင် အဲဒီလိုသိမှ ဆင်ခြင်မယ်၊ သို့မို့ မဆင်ခြင်ဘူး၊ ရှေးတုန်းက **'လူတွေ'**လို့သိခဲ့တယ်။ ခန္ဓာ အာယတန ဓာတ် သစ္စာလို့ မသိခဲ့ဘူး။ **'ဒုက္ခသစ္စာ'** ဖြစ်တာ ဒုက္ခသစ္စာလို့ သိသလား မသိခဲ့ဘူး၊ အဲဒါ **'မောဟော'**၊ **'ဖြစ်တာ ဒုက္ခသစ္စာ'။**

**'ဇာတိပိ ဒုက္ခသစ္စာ၊ ဇရာပိ ဒုက္ခသစ္စာ၊ ဗျာဓိပိ ဒုက္ခသစ္စာ၊ မရဏံပိ ဒုက္ခသစ္စာ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခသစ္စာ၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခသစ္စာ၊ ယံ ပိစ္ဆံ န လဘတိ ဒုက္ခသစ္စာ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခသစ္စာ'။**

အဲဒီလို မသိခဲ့ဘူး။ ဘယ်နှစ်ခုတုံး၊ ရှစ်ခု။ အဲဟို ဘဝက အဲဒီ ရှစ်ခုကို **'ဒုက္ခသစ္စာ'**လို့ မသိခဲ့ဘူး။ **'ဇာတိ'**အခု နားကမကြားဘူးလား (ကြားပါတယ်ဘုရား)၊ **'ကြားတာ'** ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။ **'ဒုက္ခသစ္စာ'**လို့ မသိကြဘူး။ **'သုခ'**လို့ ထင်ကြတယ်။ စင်စစ် **'အနုပ္ပါဒေါ'** မှ၊ **'သုခံ'** ပဲ။ **'ဥပ္ပါဒေါ ဒုက္ခံ အနုပ္ပါဒေါ သုခံ'**၊ **'ဥပ္ပါဒေါ**- ဖြစ်ခြင်းသည်၊ **ဒုက္ခံ**- ဒုက္ခမည်၏၊ **အနုပ္ပါဒေါ**- မဖြစ်ခြင်းသည်၊ **သုခံ**- သုခမည်၏'၊ **'ဇာတိ'** ကို ဒုက္ခသစ္စာ ခေါ်တယ်၊ ဖြစ်တာက ဒုက္ခ ဖြစ်သွားတယ်။ ရှစ်ခုမှတ်ထား။ **'မဖြစ်တာ'**ကို နိဗ္ဗာန်ခေါ်တယ်။ မကြားရဘဲနဲ့ ငြိမ်နေရင် နိဗ္ဗာန်မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။

**'ဣဓ ဘဝသ္မိံ မောဟော အဝိဇ္ဇာ၊ အနာဂတေ ပဋိသန္ဓိယာ ပစ္စယော ဟောတိ'။**

**'ဣဓ ဘဝသ္မိံ**- ဤဘဝ၌၊ **မောဟော**- မသိခြင်းသည်၊ **အဝိဇ္ဇာ**- အဝိဇ္ဇာ မည်၏။ **အနာဂတေ**- နောင်အခါ၌၊ **ပဋိသန္ဓိယာ**- ပဋိသန္ဓေနေခြင်း၏၊ **ပစ္စယော**- အကြောင်းသည်၊ **ဟောတိ**- ဖြစ်၏'။ အဲလို ဆိုလိုက်ရုံပဲ၊ အဲလိုလည်း တစ်ခါမှ မရခဲ့ဘူး၊ ဟုတ်လား။ အဲလိုသိမှ အဲလို ချမပေးရင် မသိဘူး၊ ဒီဘဝမှာ **'ဇာတိ'** ဖြစ်တာကို ဒုက္ခသစ္စာလို့ မသိဘူးဆိုရင် နောက်ဘဝဖြစ်မှာပဲ၊ **'ဇာတိ'** ဖြစ်မှာပဲ။ **'ဇာတိ'**ကို ဒုက္ခသစ္စာလို့ မသိလို့ နောက်ဘဝ ဖြစ်မှာ၊ အခု **'နားကြားတာ'** ဘာတုံး- ဇာတိ၊ **'မျက်စိမြင်တာ'** ဘာတုံး- ဇာတိ၊ အလုပ်လုပ်တာတွေ ဘာတုံး- ဇာတိ။ **'ဇာတိ'** မရှိဘဲနဲ့ အလုပ်လုပ်လို့ ဖြစ်ရဲ့လား (မဖြစ်ပါဘူးဘုရား)။ အလုပ်လုပ်တာ

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ **'ဇာတိ'** ခေါ်တယ်။

**ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာ**

**'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခသစ္စာ'**၊ **'ပဉ္စုပါဒါနက္ခန္ဓာ'** ဆိုတာ မျက်စိမြင် နားကြားတွေ နှာခေါင်းတို့ လျှာတို့ ဒွါရခြောက်ခုက **'ခန္ဓာငါးပါး'** ဖြစ်တာ။ အဲဒါ **'ဥပါဒါနက္ခန္ဓာ'** ခေါ်တယ်၊ ဘာခေါ်တုံး (ဥပါဒါနက္ခန္ဓာ ခေါ်ပါတယ်ဘုရား)။ **'မျက်စိ'** မြင်တာ ဥပါဒါနက္ခန္ဓာ၊ **'နား'** ကြားတာက ဥပါဒါနက္ခန္ဓာ၊ **'နှာခေါင်း'**က နံတာ ဥပါဒါနက္ခန္ဓာ၊ **'လျှာ'**က စားတာ ဥပါဒါနက္ခန္ဓာ၊ **'ကိုယ်'** က ထိတာ ဥပါဒါနက္ခန္ဓာ၊ **'စိတ်'**က ကြံတာ ဥပါဒါနက္ခန္ဓာ။ အဲဒါ **'ဥပါဒါနက္ခန္ဓာ'** ခေါ်တယ်။ **'ခန္ဓာငါးပါး'**ဟာ ဒုက္ခသစ္စာဆိုရင် မျက်စိတွေ နားတွေ နှာခေါင်းတွေက **'ခန္ဓာငါးပါး'** ဖြစ်တာ။ မျက်စိတွေ နားတွေ နှာခေါင်းတွေက ဘာဖြစ်တုံး (ခန္ဓာငါးပါး ဖြစ်ပါတယ်ဘုရား)။ သားတွေ သမီးတွေ ဖြစ်သလား (မဖြစ်ပါဘူးဘုရား)။ အဲဒီလိုသိမှ **'ခန္ဓာငါးပါး'** မှန်းသိတယ်၊ **'ဒုက္ခသစ္စာ'** မှန်း သိတယ်၊ အဲဒါ **'ဓမ္မစကြာဒုက္ခသစ္စာ'** ခေါ်တယ်။

**'ချင်တာ'မှန်သမျှ သမုဒယသစ္စာ**

**'ဒုက္ခသစ္စာ'**က ဖြစ်တာကိုသိတော့ ဒီမျက်စိတွေ နားတွေ နှာခေါင်းတွေက ဘာဖြစ်လို့ ဖြစ်သတုံးဆိုမှ **'ဖြစ်လိုမှု'**ကြောင့် ဖြစ်ချင်တယ်၊ ကြားချင်တယ်၊ မရှိဘူးလား (ရှိပါတယ်ဘုရား)။ 'ကြားချင်လို့ နားပြင်နေတယ်ဆိုတာ' အဲဒါတွေပေါ့။ **'မြင်ချင်တာ'** မရှိဘူးလား (ရှိပါတယ်ဘုရား)၊ **'ကြားချင်တာ'** မရှိဘူးလား (ရှိပါတယ်ဘုရား)၊ **'နမ်းချင်တာ'**မရှိဘူးလား (ရှိပါတယ်ဘုရား)၊ **'စားချင်တာ'**ရော မရှိဘူးလား (ရှိပါတယ်ဘုရား)၊ **'ထိချင်တာ'**ရော မရှိဘူးလား (ရှိပါတယ်ဘုရား)၊ **'ကြံချင်တာ'**ရော မရှိဘူးလား (ရှိပါတယ်ဘုရား)၊ အဲဒီ **'ချင်တာ'** မှန်သမျှ သမုဒယသစ္စာ၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။ **'သမုဒယသစ္စာ'**၊ အဲဒါမရှိမှ **'နိရောဓသစ္စာ'** ခေါ်တယ်။

**သစ္စာလေးပါးကို သိမှ**

**ပုရိမ ကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ၊ ဣဓ ပဋိသန္ဓိယာ ပစ္စယော ဟောတိ၊**
**ဣဓ ဘဝသ္မိံ မောဟော အဝိဇ္ဇာ၊ အနာဂတေ ပဋိသန္ဓိယာ ပစ္စယော ဟောတိ။**

အဲဒါ ဒကာကြီးတွေ ဒကာမကြီးတွေရအောင် လုပ်ရမယ်နော်၊ ရေးရေးထားပြီးရအောင် လုပ်ရမယ်နော်၊ ဒါမှ 'ဩော် ဟိုဘဝတုန်းက မသိခဲ့လို့ အခုဖြစ်တယ်၊ နောက်ဒီဘဝမှာ မသိလို့

www.burmeseclassic.com

www.burmeseclassic.com



ရှိရင်လည်း နောင်ဖြစ်ဦးမှာပဲ'လို့ သိလို့ရှိရင်၊ ကဲ ဖြစ်ဦးမလား (မဖြစ်တော့ပါဘူးဘုရား)၊ သိတာက ဘာသစ္စာတုံး (မဂ္ဂသစ္စာပါဘုရား)၊ မသိတာက ဘာတုံး (မောဟောပါဘုရား)။ မသိတာက **'မောဟော'**ပေါ့၊ အဲဒါမှ သစ္စာလေးပါးသိတာ၊ **'ဖြစ်ကြောင်း'** က ဘာသစ္စာတုံး၊ သမုဒယသစ္စာ၊ **'ဖြစ်ချင်တာ'**က ဘာသစ္စာတုံး သမုဒယသစ္စာ၊ အဲလို သစ္စာ လေးပါးကိုသိမှ အလုပ်လုပ်ရတယ်၊ ဩော် သစ္စာလေးပါးတွေပဲဆိုတော့ သစ္စာလေးပါးကို ဖြစ်ချင်တဲ့သူ ရှိသလား၊ မဖြစ်ချင်တဲ့သူ ရှိသလား၊ **'သစ္စာလေးပါး'** ဆိုရင် ဖြစ်ချင်သေးလား (မဖြစ်ချင်ပါဘူးဘုရား)။

လူတွေ ယောက်ျားတွေ မိန်းမတွေဆိုတာ **'လောဘ'**၊ **'လောဘ'** က ဘာသစ္စာတုံး သမုဒယသစ္စာ၊ **'လူတွေ'** မရှိဘူးဆိုတော့ **'လောဘ'** ရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အဲဒါ **'သမုဒယသစ္စာ'** မရှိတော့ဘူး၊ **'ဖြစ်တာ'** ကို ဒုက္ခသစ္စာ ခေါ်တယ်၊ **'ဖြစ်တာ'**ဆိုတာ အခုကြားနေတာလည်း ဖြစ်တာပဲ၊ မြင်တာလည်း ဖြစ်တာပဲ၊ **'ဖြစ်'** ပြီးတော့ **'ပျက်'** တယ်၊ **'ဇရာ မရဏ'** အဲလို သွားရတယ်၊ **'ဖြစ်ပျက်'**လို့ ဆိုချင်ဆို၊ **'အနိစ္စ'** လို့ ဆိုချင်ဆို အတူတူပဲ၊ **'ဖြစ်ပျက်'** ဆိုရင် ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

**'ဖြစ်ဖြစ်သမျှ ဒုက္ခသစ္စာ၊ ဖြစ်လိုမှုက သမုဒယသစ္စာ၊ ဖြစ်ချင်လိုမှု ပယ်စွန့်ပြု၊ ချုပ်မှု နိရောဓာ'။**

**'ဖြစ်ချင်တာလေး'**ကို ပယ်စွန့်လိုက်တာလေးပဲ မဂ္ဂသစ္စာ၊ **'ဖြစ်ချင်တာလေး'**မရှိဘူး ဆိုရင် **'မဂ္ဂသစ္စာ'** ဖြစ်သွားပြီ၊ အဲဒါနဲ့ ချုပ်သွားတယ်၊ အဲဒါ **'ခန္ဓာ'** ချုပ်တာ ရိပ်မိရဲ့လား၊ **'ခန္ဓာ'**ဆိုတာ **'စိတ်'** ကလည်း ခန္ဓာပဲ၊ **'စိတ်'** က ဘာခန္ဓာတုံး ဝိညာဏက္ခန္ဓာ၊ **'ဝေဒနာ'**ကရော-ဝေဒနာက္ခန္ဓာ၊ **'သညာ'** ကရော သညာက္ခန္ဓာ၊ **'သင်္ခါရ'** ကရော - သင်္ခါရက္ခန္ဓာ၊ **'သင်္ခါရက္ခန္ဓာ'** ဆိုတာ သင်္ခါရလေး၊ **'နိဗ္ဗာန်'**မှာ သင်္ခါရမရှိဘူး၊ ဒါကြောင့် တဏှာမရှိတာ။ **'ခန္ဓာ'**မှာတော့ သင်္ခါရရှိတယ်၊ **'ခန္ဓာ'** မှာဘာရှိသလဲ (သင်္ခါရရှိပါတယ်ဘုရား)၊ အဲဒါကြောင့် တဏှာရှိတယ်၊ **'သင်္ခါရ'** မရှိရင် ကောင်းသလား၊ ကြက်သားတွေ ဘာတွေ ပြင်မချက်ရင် ကောင်းသေးလား၊ ကြက်သားတွေချက်တယ် မဟုတ်လား၊ မပြင်ဘဲနဲ့ ဆီတွေ ဆားတွေမထည့်ဘဲနဲ့ ကောင်းသလား (မကောင်းပါဘူးဘုရား)။ **'တဏှာ'** ကောင်းတယ်ဆိုတာလည်း အဲလိုပြင်လို့ကောင်းတာ၊ ဘာလို့ကောင်းတုံး (ပြင်လို့ကောင်းတာပါဘုရား)၊ အဲဒါ **'သင်္ခါရက္ခန္ဓာ'**၊ အဲလို **'သင်္ခါရက္ခန္ဓာ နိဗ္ဗာန်မှာမရှိဘူး'**၊ အဲဒါကြောင့် **'အဇာတိ'** ဖြစ်တယ်၊ **'ဖြစ်ခြင်း'** ကိုမရှိဘူး။

**'ဖြစ်ဖြစ်သမျှ ဒုက္ခသစ္စာ၊ ဖြစ်လိုမှုက သမုဒယသစ္စာ၊ ဖြစ်ချင်လိုမှု ပယ်စွန့်ပြု၊ ချုပ်မှု နိရောဓာ၊ ဤလေးခု သိမှု သောတာပန်'**၊ အဲဒီ **'သစ္စာလေးပါး'** သိလိုက်တာနဲ့

www.burmeseclassic.com

www.burmeseclassic.com



သောတာပန်ဖြစ်သွားတယ်၊ လူတွေလို့ ယောကျ်ားတွေလို့ မိန်းမတွေလို့ မသိရဘူး **'သစ္စာလေးပါး'**သိရတယ်၊ အဲလိုမှ **'သောတာပတ္တိမဂ်'** ဖြစ်တယ်တဲ့၊ **'သောတာပန်'**ဆိုတာ ဘာ သိရတုံး (သစ္စာလေးပါး သိရပါတယ်ဘုရား)။ **'လူတွေ'** လို့ မသိရဘူး။

**'ဖြစ်လို့မှု'** ဘယ်ကလာတုံးဆို **'ခန္ဓာ'** ကဖြစ်တယ်၊ စကားပြောချင်တယ် ဖြစ်တယ်၊ မြင်တယ် ဖြစ်တယ်၊ **'နိဗ္ဗာန်'** မှာ အဲလိုဖြစ်တာမရှိဘူး၊ ဟုတ်တယ် မဟုတ်လား။ ဒါကြောင့် **'ဆံပင်'** ဆိုလိုက်စမ်း (ဆံပင်)၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ဖြစ်တာဘာတုံး (ဒုက္ခသစ္စာပါဘုရား)၊ **'ဝိညာဏ်ကလေး'**က သိတာလေးက ဆံပင်လို့ သွားဆိုလိုက်တာ အဲဒါ **'ဒုက္ခသစ္စာ'၊ 'ဖြစ်တာ'** ဖြစ်သွားတယ်။

## ဒုက္ခသစ္စာမှန်း သိအောင် ဆိုဆိုနေရတယ်

ရှေးကတောရဆောက်တည်တယ်ဆိုတာ၊ **'ဆံပင် အစေတနော အဗျာကတော သုညော ပထဝီဓာတု'၊** ကဲ - ပထဝီဓာတ်ပဲ၊ **'ဆံပင် အစေတနော'** စိတ် စေတနာ မရှိဘူးတဲ့၊ ဆံပင်ဟာ စိတ် စေတနာရှိလား (မရှိပါဘူးဘုရား)၊ စိတ် စေတနာ မရှိတာက **'ရုပ်'**၊ စိတ် စေတနာ မရှိတာဘာတုံး (ရုပ်ပါဘုရား)၊ စိတ် စေတနာရှိတာဘာတုံး (နာမ်ပါဘုရား)၊ အဲလို နာမ်မှန်း ရုပ်မှန်း သိရတယ်။ ဆံပင်လို့ဆိုတော့ **'နာမ်'** ဖြစ်တာ မဟုတ်ဘူးလား၊ ဆံပင်လို့မရှိတော့ ဆံပင်လို့ ဆိုရ သေးလား (မဆိုရပါဘူးဘုရား)၊ အဲလို **'မဖြစ်တာ'** က နိရောဓသစ္စာ ဟုတ်လား၊ ဒုက္ခသစ္စာမှန်း သိအောင် ဆိုဆိုနေရတယ်။

**'ဆံပင် အစေတနော အဗျာကတော'၊ 'အဗျာကတော'** ဆိုတာ ကုသိုလ် အကုသိုလ် မဟုတ်ဘူးတဲ့၊ **'အဗျာကတော** - ကုသိုလ် အကုသိုလ် မဟုတ်ဘူး၊ **အစေတနော-** စိတ် စေတနာ မရှိဘူး'၊ ဆံပင်တွေလိုပဲ အသားတွေလည်း ဒီလိုပဲ၊ **'မံသံ** - အသား'၊ **'မံသံ-** အသား၊ **အစေတနော-** စိတ် စေတနာ မရှိဘူး၊ **အဗျာကတော-** ကုသိုလ် အကုသိုလ် မဟုတ်ဘူး'၊ **'အသား'** က ကုသိုလ် အကုသိုလ် မဟုတ်ဘူးလို့ ဆိုလိုက်လို့ရှိရင် အဲဒီ **'စိတ်'**ကလည်း ကုသိုလ် အကုသိုလ် မဟုတ်ဘူးဆိုရင် အဲဒါ နိဗ္ဗာန်ရောက်သွားတော့တာပဲ၊ **'ကုသလာ ကုသလံဇဟာ- ကုသိုလ် အကုသိုလ် မရှိဘူး'၊ 'အဗျာကတ၊ သုည'၊ 'သုညဓာတ်ကြီး'** ဖြစ်တယ်၊ ကုသိုလ် အကုသိုလ်မရှိရင် **'သုညတဓာတ်ကြီး'** ဖြစ်တယ်၊ အဲလို ဆိုပေးရတယ်၊ **'အသား'** သိတယ် မဟုတ်လား၊ ကိုယ့်တစ်ကိုယ်လုံးမှာ အသားတွေမရှိဘူးလား (ရှိပါတယ်ဘုရား)။ **'မံသံ-**အသား၊ **အစေတနော-**စိတ် စေတနာမရှိဘူး၊ **အဗျာကတော-**ကုသိုလ် အကုသိုလ်မရှိ၊ **သုညော-**သတ္တဇီဝမှဆိတ်၏၊ **ထဒ္ဓလက္ခဏော-**ကြမ်းတမ်းသောလက္ခဏာ ရှိ၏'။ အဲဒီလိုဆိုနေတာကို

www.burmeseclassic.com

www.burmeseclassic.com



**'ဘာဝနာ'** ခေါ်တယ်၊ အဲဒီလိုဆိုတော့ **'မဖြစ်ချင်'** တော့၊ **'မဖြစ်'**ဘဲ ဖြစ်သွားတယ်၊ အသား အရေ အရိုး၊ အဲဒီလို ဆိုနေတာနဲ့ပဲ အဲဒီလို ချုပ်သွားတယ်လို့ မှတ်ထား၊ **'ချုပ်တာက နိရောဓသစ္စာ၊ ချုပ်ကြောင်းက မဂ္ဂသစ္စာ'** အဲလိုဆိုမှ ချုပ်တယ်၊ အဲလိုဆိုတော့ ငယ်ထိပ် ထားတော့ ငယ်ထိပ် ဘာကြီးတုံး (အရေပါဘုရား)၊ **'အရိုး'** လည်း မပါဘူးလား (ပါပါတယ် ဘုရား)။ **'အဋ္ဌိ-** အရိုး၊ **အစေတနော-** စိတ် စေတနာမရှိ'၊ **'အရိုး'**မှာ စိတ် စေတနာ မရှိဘူးတဲ့၊ **'မတ္ထလုင်္ဂ** - ဦးနှောက်၊ **အစေတနော** - စိတ် စေတနာမရှိဘူး'၊ **'ဦးနှောက်'** မှာ စိတ် စေတနာ မရှိဘူးတဲ့ **'ရုပ်'**၊ **'ဦးနှောက်'**က **'အဗျာကတော** - ကုသိုလ် အကုသိုလ် မဟုတ်ဘူး၊ **သုညော-** သတ္တဇီဝမှ ဆိတ်၏'၊ အဲဒီလိုဆိုမှ **'နိဗ္ဗာန်'** ရောက်တယ်၊ သို့မဟုတ်လို့ရှိရင် ဒီလိုအတိုင်း နေလို့တော့ **'နိဗ္ဗာန်'** မရောက်ဘူး၊ **'စေတနာ'** မှန်းလည်း မသိဘူး၊ **'စေတနာ'**ကို **'နာမ်'** လို့လည်း မသိဘူး၊ အဲဒီလို ဖြစ်သွားတယ်၊ ဒါကြောင့် အဲဒါ ဆိုရမယ်။

**အဗျာကတမှန်း မသိဘူး**

**'အဋ္ဌိ-** အရိုး၊ **အစေတနော-** စိတ် စေတနာမရှိ၊ **အဗျာကတော -** ကုသိုလ် အကုသိုလ် မဟုတ်'၊ အဲဒီ **'အရိုးကြီး'** က ကုသိုလ် အကုသိုလ် မဟုတ်သလို၊ အဲဒီ **'စိတ်ကြီး'** ကလည်း **'ကုသိုလ် အကုသိုလ် မဟုတ်ဘူး'** လို့ဆိုရင် ဘယ်ရောက်သွားတုံး **'နိဗ္ဗာန်'** ရောက်သွားတယ်၊ **'ကုသိုလ်'**ဆိုရင် ဘယ်သွားမတုံး နတ်ပြည်၊ **'အကုသိုလ်'** ဆိုရင် ဘယ်သွားမတုံး ငရဲပြည်၊ အဲဒီလို သွားမယ်။ **'စိတ် စေတနာ'** ဆိုတာက ကုသိုလ် အကုသိုလ် မဟုတ်ဘူးလား၊ **'အဗျာကတော'** ဒီ ဆံပင်တွေ အသားတွေ အရိုးတွေကလည်း **'အဗျာကတော'** မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)၊ အဲဒါ ကိုယ့်ကိုယ်ကို **'အဗျာကတ'** မှန်းသိမှ မသိလို့ရှိရင် ကုသိုလ် အကုသိုလ်နဲ့ သွားပြန်ရော မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ **'ကုသိုလ် အကုသိုလ်'**က ဘာတုံး သင်္ခါရ၊ **'သင်္ခါရ'** ဘာကြောင့်ဖြစ်တုံး အဝိဇ္ဇာကြောင့်၊ ကဲ အခု **'အဝိဇ္ဇာ'** ရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အဲဒီ **'အဗျာကတ'** လို့ ဆိုလိုက်ရင် **'အဝိဇ္ဇာ'** မရှိတော့ဘူး။

**စိတ် စေတနာ သွားရှိတာကို ရာဂခေါ်တယ်**

**'မံသံ-**အသား၊ **အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ'** အဲဒီလို ဆိုလိုက်ရင် တစ်ခါတည်းနဲ့ နိဗ္ဗာန်ရောက်သွားတယ် ဟုတ်လား၊ ရှေးတုန်းက အဲဒီလို ဆိုလိုက်တာ အရှင်နန္ဒ ရဟန္တာ ဖြစ်သွားတယ်၊ မဆိုခင်က ဖြစ်ခဲ့သလား (မဖြစ်ခဲ့ပါဘူးဘုရား)၊ တစ်ခါတည်း ဇနပဒကလျာဏီကို မလိုချင်ဘူးလား(လိုချင်ပါတယ်ဘုရား)၊ လူမထွက်ချင်ဘူးလား (ထွက်ချင်ပါတယ်ဘုရား)၊ အခုထွက်ချင်သေးလား (မထွက်ချင်တော့ပါဘူးဘုရား)၊ ဘာဖြစ်လို့

www.burmeseclassic.com

www.burmeseclassic.com



မထွက်ချင်တုံး၊ **'မံသံ**- အသား၊ **အစေတနော-** စိတ် စေတနာ မရှိဘူး'၊ ကောင်မလေးရဲ့ **'အသား'**က စိတ် စေတနာရှိသလား (မရှိပါဘူးဘုရား)၊ ဒကာကြီးက သွားပြီး **'စိတ် စေတနာ'** သွားရှိလိုက်တာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)၊ **'အစေတနော'** (အစေတနော)၊ အဲ့လိုဆို သို့မို့လို့ရှိရင် ဘယ်သူက **'စိတ် စေတနာ'** ရှိတာတုံး၊ ဒကာကြီးကသွားရှိတာ၊ ဟိုက **'စိတ် စေတနာ'** ရှိသလား (မရှိပါဘူးဘုရား)၊ သူ့ဘာသာသူ အသားကြီးက **'စိတ် စေတနာ'** မရှိဘူး၊ ကောင်မလေးတွေကလည်း ဟို ယောကျ်ားလေးတွေကိုသွားပြီး ဘာသွားရှိတုံး (စိတ် စေတနာ သွားရှိပါတယ်ဘုရား)၊ အဲဒီ **'စိတ် စေတနာ'**သွားရှိတာကို ရာဂခေါ်တယ်၊ **'စိတ် စေတနာ'**မရှိဘူးဆိုရင် ရာဂရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အဲဒါ **'နိဗ္ဗာန်'** ရောက်သွားတာ ခေါ်တာပေါ့။

**သွားရင်းလာရင်း ဆိုပေး**

အဲဒါ **'အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ'** လို့ ဆိုရတယ်၊ အဲဒီလို **'ဆံပင်'** က ရုပ်၊ **'ပထဝီ'** ကလည်း ရုပ်ပဲ၊ ဒကာကြီးတို့လည်း **'ရုပ်'** ပဲလို့ သိရတယ်၊ **'ရုပ်'**မှာ ဇာတိရှိတယ်၊ **'နိဗ္ဗာန်'**မှာ ဇာတိမရှိဘူး၊ ခန္ဓဇာတိမရှိဘူး၊ အဲဒါကို နိဗ္ဗာန် ခေါ်တယ်၊ အဲလိုဆိုပေး၊ **'အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ'** လို့ သွားရင်းလာရင်း ဆိုပေး၊ ဟုတ်ကဲ့လား **'နိဿတ္တော နိဇ္ဇီဝေါတွေ'** ဖြစ်ကုန်ရော၊ အဲဒါမှ **'နိဗ္ဗာန်'** ရောက်တယ်၊ **'နိဗ္ဗာန်'**ရောက်ရင် ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)၊ **'ဆိုတာ'** က ဘာသစ္စာတုံး (မဂ္ဂသစ္စာပါ ဘုရား)၊ **'ဖြစ်တာ'**မရှိတာ ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)၊ **'မဖြစ်ကြောင်း'** က ဘာ သစ္စာတုံး (မဂ္ဂသစ္စာပါဘုရား)၊ အဲဒီလိုဆိုပေး ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)၊ ငယ်ထိပ်ထားရင်လည်း အဲလိုလေး ဆိုပေးရတယ်။ အမယ်လေး နာလိုက်တာနဲ့ နာတာနဲ့ ငါ့ သေတော့မှာလားဆိုပြီး **'ငါကြီး'** ရှိနေတယ်၊ ဟုတ်ကဲ့လား၊ **'ငါ'** မရှိမှ ဟုတ်လား (မှန်ပါ့ဘုရား)၊ **'အဋ္ဌိ-** အရိုး၊ **မတ္ထလုင်္ဂ-** ဦးနှောက်၊ **ဥဒရိယံ-** အစာသစ်၊ **ကရီသံ -** အစာဟောင်း၊ **အန္တံ-** အူမ'၊ အဲဒါလည်း **'နိဿတ္တော နိဇ္ဇီဝေါ'** ဆိုပေး။

**'အူမ- အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ'** ကားမောင်းရင်းလည်း ဆိုပေး၊ အဲလိုဆိုရင် လွတ်သွားရော။ ကဲ --- တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# " အဝိဇ္ဇာမရှိ လူမရှိ တရားတော် "

၆. ၁၀. ၂၀၀၇

## အာယတန ဆိုတာက ဖြစ်တဲ့နေရာ ပျက်တဲ့နေရာ

ဖြစ်တဲ့ - နေရာက၊ မျက်စိတို့ အာယတနတို့ ခန္ဓာတို့က **'အာယတန'**၊ မျက်စိတွေ နားတွေ နှာခေါင်းတွေ လျှာတွေ အဲဒါ **'သဠာယတန'** လို့ ခေါ်တယ်၊ ဟိုလူတွေဘာတွေလို့ ထင်တတ်တယ်၊ လူတွေ ဘာတွေ ယောကျ်ားတွေ မိန်းမတွေ သတ္တဝါတွေပေါ့၊ အဲဒီဟာတွေက ထင်တတ်တယ်၊ အဲဒါက အာရုံငါးပါး၊ **'အညာဏ လက္ခဏာ အဝိဇ္ဇာ'** ဆိုတာ **'အညာဏ'၊ 'အဝိဇ္ဇာ'** ဟာ သိရမယ့်ဟာတွေ မသိတဲ့ဟာကို **'အဝိဇ္ဇာ'**လို့ ခေါ်တယ်။ အခု ကြားတာတွေက **'သဠာယတန'**၊ **'သဠာယတန'**က **'ကုသလာ ကုသလံဇဟံ'၊ 'ခန္ဓာ'** ဖြစ်သွားတယ်။ **'ခန္ဓာ အာယတန'၊ 'အာယတနခန္ဓာ'**၊ အဲလိုဆို အာယတန ခန္ဓာ၊ ခန္ဓာ အာယတန ဆိုတာ သိခဲတယ်၊ **'အာယတနခန္ဓာ'**လို့ ဆိုလိုက်၊ ဒါမှ **'မျက်စိ'**က အာယတန **'စက္ခာယတန'**၊ မျက်စိက အဲဒီ **'ဖြစ်တာ'** ဖြစ်သွားတယ်၊ အဲဒါ **'ခန္ဓာ'** ဖြစ်သွားတယ်၊ **'မျက်စိ'**က ခန္ဓာ၊ **'နား'**က ခန္ဓာ၊ အာယတနခန္ဓာ၊ အဲဒီလိုလုပ်လိုက် **'ခန္ဓာအာယတန'** လို့ဆို ဆိုလာကြတာမသိဘူး၊ **'အာယတန ခန္ဓာ'** လို့ ဆိုလိုက်တော့ သိသွားတယ်။

**'အာယတန'**က၊ **'စက္ခာယတန'**က ဖြစ်တဲ့နေရာတွေကိုခေါ်တယ်၊ **'အာယတန'** ဆိုတာက ဖြစ်တဲ့နေရာ၊ ပျက်တဲ့နေရာ အဲဒါ အာယတန၊ အဲဒါကြောင့် ဖြစ်တယ်၊ ပျက်တယ်၊ ဖြစ်တာက **'ဇာတိ'**၊ ပျက်တာက **'ဇရာ မရဏ'**၊ အခုကြားတဲ့အခါ၊ မြင်တဲ့အခါ အဲဒါ ဖြစ်ရာ ပျက်ရာ၊ အဲဒါ **'အာယတန'** ခေါ်တယ်၊ **'ဒွါရ'** လို့လည်း ခေါ်တယ်။ **'အာယတန ခန္ဓာ'** လို့ခေါ်၊ **'ခန္ဓာ အာယတန'** လို့ မခေါ်နဲ့၊ တစ်ခါတည်း ပြီးသွားတယ်၊ ဖြစ်ရာ ပျက်ရာ၊ ဘာတွေ ဖြစ်သတုံးလို့ဆိုတော့ **'အာရုံတွေ'** ဖြစ်တာပေါ့၊ **'အာရုံ'** က **'ရုပ်'**၊ **'အာရုံ'** မှန်းမသိဘူး၊ လူတွေလို့ သိတယ်လို့ဆိုရင် အဲဒါ **'အညာဏ လက္ခဏာ အဝိဇ္ဇာ'။ 'အဝိဇ္ဇာ-** အဝိဇ္ဇာသည်၊ **အညာဏလက္ခဏာ-** မသိခြင်းလက္ခဏာရှိ၏'။

## လူတွေလို့သိရင် အဝိဇ္ဇာ

**'အဝိဇ္ဇာ'**က ဖြစ်တာ ပျက်တာကို မသိဘူး၊ ဖြစ်တာ ပျက်တာက **'ဒုက္ခသစ္စာ'** ခေါ်တယ်၊ ဖြစ်တာ ပျက်တာလို့ မသိဘူး၊ လူတွေ ယောကျ်ားတွေ မိန်းမတွေလို့ သိတယ်၊ အဲဒီ **'အာယတန'**က မျက်စိတွေ နားတွေက ရုံးတွေ ဂါတ်တွေ လူတွေ ပြောတဲ့ဟာတွေကို

www.burmeseclassic.com

www.burmeseclassic.com



သိတယ်၊ ပြောတဲ့ဟာက **'သဒ္ဒါရုံ'**ဆိုတော့ **'အာရုံ'**ကို၊ အာရုံက **'ရုပ်'** ခေါ်တယ်၊ မျက်စိနဲ့ မြင်တာက **'ရူပါရုံ'**၊ **'ရုပ်'** အဆင်းခေါ်တယ်၊ နားနဲ့ကြားတာက အသံ သူလည်း **'ရုပ်'** ပဲ၊ နှာခေါင်းနဲ့ နံတာက အနံ့ **'ရုပ်'** ပဲ၊ နမ်း နမ်းကြည့်တယ် **'ရုပ်'** ပဲ၊ အနံ့ဟာ **'ရုပ်'** ပဲ၊ ဒါပေမယ့် **'ရုပ်'** လို့ မသိဘူး၊ **'လူ'**လို့ သိတယ်၊ အဲဒါ မသိရမယ့်ဟာ သိရင် **'အဝိဇ္ဇာ'**။

**'အညာဏ လက္ခဏာ အဝိဇ္ဇာ'၊ 'အဝိဇ္ဇာ** -အဝိဇ္ဇာသည်၊ **အညာဏလက္ခဏာ-** မသိခြင်း လက္ခဏာရှိ၏'၊ **'သစ္စာလေးပါး'** လည်း မသိဘူး၊ **'ပဋိစ္စသမုပ္ပါဒ်'**မှန်းလည်း မသိဘူး၊ မျက်စိတွေ နားတွေဆိုတာ **'ပဋိစ္စသမုပ္ပါဒ်'** ခေါ်တယ်၊ မျက်စိတွေ **'စက္ခုဉ္စ ပဋိစ္စ'**၊ မျက်စိက **'ပဋိစ္စ သမုပ္ပါဒ်'**၊ နားကလည်း **'ပဋိစ္စသမုပ္ပါဒ်'**။ မျက်စိက **'စက္ခုဉ္စ ပဋိစ္စ'** ခေါ်တယ်၊ **'စက္ခုဉ္စ-** စက္ခုပသာဒကိုလည်း၊ **ပဋိစ္စ-** စွဲ၍' အဲဒီလိုခေါ်တယ်၊ **'ပဋိစ္စ'**ဆိုတာ စွဲ၍၊ **'သမုပ္ပါဒ်'** က ဖြစ်တာ၊ **'စွဲ၍ဖြစ်တာ'**၊ အဲဒီ **'စွဲ၍ဖြစ်တာကြီး'**ကို လူတွေ ယောကျ်ားတွေ မိန်းမတွေလို့ မသိနဲ့၊ **'ပဋိစ္စသမုပ္ပန္န'** လို့သိ။ **'ပဋိစ္စသမုပ္ပန္န'**က ကြားတဲ့ဟာ မြင်တဲ့ဟာ၊ မြင်တာ **'ပဋိစ္စ သမုပ္ပန္န'** ခေါ်တယ်၊ အဲ မျက်စိနဲ့ ရူပါရုံအဆင်းက **'ပဋိစ္စ သမုပ္ပါဒ်'** လို့ခေါ်တယ်၊ **'ပဋိစ္စ သမုပ္ပါဒ်'- 'ပ'** နဲ့ဟာက အကြောင်း၊ **'ပဋိစ္စ သမုပ္ပန္န'- 'နငယ်'** နဲ့ဟာက အကျိုး။

**ပစ္စုပ္ပန်ကာလ ဒုက္ခသစ္စာ**

**'စက္ခုဉ္စ ပဋိစ္စ၊ ရူပေစ ဥပ္ပဇ္ဇတိ'** ပဲ၊ **'ရူပါရုံ'** အဆင်းက ရူပါရုံ၊ **'အဆင်း'**က **'အလင်း'** ကြောင့် အဆင်းဖြစ်သွားတယ်၊ အဲဒီလို **'ပဋိစ္စသမုပ္ပါဒ်'**ကို မသိတာကို **'အဝိဇ္ဇာ'** လို့ ခေါ်တယ်၊ **'ပဋိစ္စသမုပ္ပါဒ်'** လည်းမသိဘူး၊ သူကဖြစ်တာ ပျက်တာလည်း မသိဘူး၊ ဖြစ်တာ ပျက်တာ မသိတာက **'သစ္စာ'** ကိုမသိတာ၊ ဖြစ်တာ ပျက်တာက **'ဒုက္ခသစ္စာ'**၊ လူတွေလို့ သွားသိလိုက်တော့ **'သမုဒယ'** ဖြစ်သွားတယ်၊ ချစ်တာတွေ ခင်တာတွေ မုန်းတာတွေ ဖြစ်သွားတယ်၊ သမုဒယနဲ့ ဖြစ်တာ ပျက်တာက **'ဒုက္ခသစ္စာ'**၊ **'ဒုက္ခသစ္စာ'** ဆိုတာ တခြားမကြည့်ရဘူး၊ **'ပစ္စုပ္ပန်ကာလ'** ကြည့်ရတယ်၊ ပစ္စုပ္ပန်ကာလတဲ့၊ **'ပစ္စုပ္ပန်ကာလ ဒုက္ခသစ္စာ'**။

အခု ပြောဆို ကြားနာ မြင်ပြုနေရတာတွေက **'ပစ္စုပ္ပန်ကာလ'** ခေါ်တယ်၊ အဲဒီ **'ပစ္စုပ္ပန်ကာလ'**က ဘယ်ဟာတွေတုံးဆရာ့ဆိုမှ **'နာမ်ရုပ်'**တဲ့၊ **'သဠာယတန'**တဲ့၊ **'ဖဿ ဝေဒနာ'**တဲ့၊ **'သဠာယတန'**ပါတယ်။ မျက်စိတွေ နားတွေဟာ အဲဒါ **'ပစ္စုပ္ပန်'** တဲ့၊ **'ပစ္စုပ္ပန် ကာလ'**တဲ့၊ ပြီးတော့ ဖြစ်တာ ပျက်တာ **'ဒုက္ခသစ္စာ'**လို့ ခေါ်တယ်၊ အဲဒီ **'ဒုက္ခသစ္စာ'** မသိဘူးဆိုမှ အလယ်ခေါင်မှာ **'အဝိဇ္ဇာ တဏှာ'** ဖြစ်သွားတယ်၊ အလယ်ခေါင်မှာ **'အဝိဇ္ဇာ တဏှာ'** ပါတယ်၊ အလယ်ခေါင်က **'အဝိဇ္ဇာ တဏှာ'**ကို ပင့်ကူအိမ်ကြီးလိုပေါ့။ ပင့်ကူကအိမ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားတယ်၊ အပေါက်ဝမှာ တံခါးပေါက်ဝမှာ၊ လိုဏ်ဂူအပေါက်ဝတွေမှာ အမှျင်တွေနဲ့ လုပ်ထားတယ်၊ အဲဒါ ပင့်ကူအိမ်လို့ခေါ်တယ်၊ အဲဒါမှ သူက အလယ်ခေါင်ကနေပြီးတော့ ယင်ကောင်လေးတွေ ဘာလေးတွေတိုးလို့ရှိရင် အဲဒီနေရာက လှုပ်တယ်၊ သူက အဲဒီနေရာ သွားစားတယ်၊ စားပြီးတော့ ကိုယ့်နေရာ ကိုယ်ပြန်နေတယ်၊ အဲဒီလိုတဲ့။

**ကာယဂတာ သတိ**

အဲဒါကို **'သိတယ် သိတယ်'** လို့ ဆိုပေးရင်လည်း တရားရတယ်၊ ငယ်ထိပ်ထားရင်လည်း တရားရတယ်၊ ပခုံးစွန်းတွေ ဂျိုစောင်းတွေ လည်ပင်းတွေ ပါးတွေ နဖူးတွေထားရင်လည်း တရားရတယ်၊ သူ့ကို **'ကာယဂတာသတိ'** ခေါ်တယ်၊ အဲဒီ **'ကာယဂတာသတိ'** က ခဏလေး မဟုတ်ဘူး၊ **'ယေတံ ဒိဝါစ ရတ္တောစ'** တဲ့၊ ညတွေရော နေ့တွေရော၊ ညရောထားရတယ်၊ နေ့ရောထားရတယ်။ **'ကနီရေတွက် ဆရာသက် ထိပ်ထက်ကွက်၍ထား'**တဲ့။ ကနီက ရေတွက်တာ၊ ထွက်သိ ဝင်သိ 'တစ်'၊ ထွက်သိ ဝင်သိ 'နှစ်'အဲဒီလို လုပ်ရတယ်၊ **'ကနီရေတွက် ဆရာသက် ထိပ်ထက်ကွက်၍ထား'**၊ သူတို့ကတော့ **'ပဋိစ္စသမုပ္ပါဒ်'** မပြောတော့ဘူး၊ အဲဒီလို အလုပ်ခိုင်း တာပဲ၊ ငါတို့က အလုပ်ခိုင်းတာ မဟုတ်ဘူး၊ အဲဒါတွေက **'ကာယဂတာသတိ'** ခေါ်တယ်လို့ ယောဂီတွေကို ပြောပြတော့ ယောဂီတွေက လုပ်ချင်တယ်၊ နားလည်သွားတယ်။

အဲဒါ ဆရာသက်ကြီးက တစ်ခါတည်း တစ်ဆယ့်သုံးနှစ်ကြာတယ်၊ ထွက်လေ ဝင်လေတွေ လုပ်လာတာ၊ တစ်ခါတည်း သူတို့ဆောက်ထားတဲ့ ဇရပ်ကြီး တန်ဆောင်းကြီးမှာ ဆင်းတုတော်လေး တည်ထားတယ်၊ သူတို့သားအမိက သူတို့ရွာ တန်ဆောင်းကြီးထဲမှာ အဲဒီမှာ သူ့မိသားစုရောပါတယ်။ အဲဒီမှာ ဆရာသက်ကြီးဇနီး ဘယ်သူ ဒေါ်ရင်ပေါ့လေ၊ သမီးဘယ်သူ မလှည့်နဲ့ ကောင်းမှုဆိုတော့၊ ဘုရားကြီးသွားအောက်မေ့လိုက်တာ တစ်ခါတည်း သမီးလေးက သေသွား တာကိုး၊ သမီးလေးက မရှိတော့ဘူး၊ ငယ်ငယ်တုန်းကတည်းက သေသွားတယ်၊ အပျိုပေါက်ကလေး အဲဒါတင် သူငိုတာ။ ဟာ ငါ တရားတွေလုပ်လာပြီးငိုတာ၊ ငါ ဒီလောက်ကလေးတောင်မှ သမီးတွေ၊ သားတွေနဲ့ သံယောဇဉ်ရှိသကိုးဆိုပြီး အိမ်မပြန်တော့ဘဲ အဲဒီဇရပ်ပေါ်တင် အားထုတ်လိုက်တာ၊ ရှုလိုက်တဲ့ဟာက ရှုတာက များသွားတော့ ငယ်ထိပ်ရောက်သွားတယ်၊ ရှုလိုက်တာ နှာခေါင်း နားတင် မရောက်တော့ဘူး၊ ငယ်ထိပ်ရောက်သွားတယ်၊ အဲဒီ ငယ်ထိပ်ရောက်တော့မှ လှုပ်တာ ပြုတာတွေ မြင်လာတာကိုးဗျ၊ အဲဒါကျမှ **'ကနီရေတွက် ဆရာသက် ထိပ်ထက်ကွက်၍ထား'** ဆိုတာက ငါတို့ စပ်ထားတာ၊ အဲဒါ **'ပထဝီ'**ပဲ။ **'ကာယေ'**- ကိုယ်၌၊ **ဂတာ** - ရောက်သော၊ **သတိ** - သတိသည်၊ **ကာယဂတာ သတိ**- ကိုယ်၌ရောက်သော

www.burmeseclassic.com

www.burmeseclassic.com



သတိ'၊ **'သတိ'**က **'ကိုယ်'**ကိုရောက်ရတယ်၊ အဲဒါ **'ကာယဂတာ သတိ'** ပဲ၊ အဲဒီ **'သတိကြီး'** နဲ့ပဲ တရားရတော့တာပဲ၊ အဲဒါ ငယ်ထိပ်ရောက်တော့ ငယ်ထိပ်က လှုပ်တာရှားတာပေါ့၊ မာတာတွေရော တင်းတာတွေရော တိုးတာတွေရော၊ ဟာ ငယ်ထိပ်ကြီး ခေါင်းကြီး ပေါက်ကွဲတော့မတတ် အဲဒီလောက်ထိအောင် **'ဝေဒနာတွေ'** က တက်တယ်။ **'ဝေဒနာတွေ'**က တစ်ကိုယ်လုံး အောက်ကြည့်လိုက်တော့လည်း **'ဝေဒနာတွေ'** လှုပ်လှုပ်ရွရွ မွမွညက်ညက်တွေနဲ့ တစ်ခါတည်း အဲဒီလို ဖြစ်သွားတယ်၊ အဲဒါ **'ကာယဂတာ သတိ'** ခေါ်တယ်၊ အဲဒီဟာ **'ဒိဝါစ ရတ္တောစ'** တဲ့၊ နေ့ရော အဲလိုလုပ်ရတယ် ညရောအဲလို လုပ်ရတယ်၊ အဲဒါ **'သတိ'** ခေါ်တယ်၊ **'ကာယဂတာ သတိ'** ခေါ်တယ်၊ **'ကာယဂတာသတိ'**။

သို့မို့ဆိုရင် **'ကာယ'** ဆိုတာက **'ကာယပသာဒ'** ရတယ်၊ လှုပ်တာ ရှားတာတွေက **'ဖောဋ္ဌဗ္ဗာရုံ'** ရတယ်၊ ပထဝီ တေဇော ဝါယောရတယ်၊ **'ကာယ'**က ကာယပသာဒ အကြည် ရတယ်၊ **'ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ'** ဆိုရင် အဲဒါ **'အာယတန'** ရောက်သွားတယ် ပဋိစ္စ သမုပ္ပါဒ်။ **'ကာယ'**နဲ့ **'ခေါင်း'**မဟုတ်ဘူး၊ **'ကာယ'**နဲ့ **'ဖောဋ္ဌဗ္ဗ'**ရတယ်၊ ငါ့ခေါင်း သူ့ခေါင်း မဟုတ်ဘူး၊ အဲဒါကို အကြည့်ခိုင်းတာ၊ အာရုံပြုတော့ **'သိတာကနာမ် ထိုင်တာကရုပ်'** ဆိုတော့ ထိုင်ရင်း မတ်တတ် ငယ်ထိပ်ကြီး ကြည့်လိုက်တာ၊ အဲဒါ ရုပ်ပဲ၊ ထိုင်တာက **'ရုပ်'**၊ ငယ်ထိပ် ကြည့်တာလည်း **'ရုပ်'**၊ ကြည့်လိုက်တာက **'နာမ်'**၊ **'နာမ်ရုပ်'**၊ အဲဒီလို ကွဲသွားတယ်၊ **'ငါ'** မဟုတ်ပါလား ဘာလားနဲ့ပေါ့၊ အဲဒါ **'ပဋိစ္စသမုပ္ပါဒ်'** ခေါ်တယ်၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုပြီးတော့ အဲဒါကို **'ပစ္စုပ္ပန်ကာလ'** တဲ့၊ **'ဒုက္ခသစ္စာ'**တဲ့၊ အဲဒါ ဖြစ်တာ ပျက်တာ ခေါ်တယ်၊ ငယ်ထိပ်ကြီးလို့မခေါ်နဲ့၊ ဖြစ်တာ ပျက်တာလို့ ခေါ်ရတယ်၊ **'ကာယာနုပဿနာ ကာယဂတာသတိ'** ခေါ်တယ်။

**'ကာယေ'** - ကိုယ်၌၊ **ဂတာ** - ရောက်သော၊ **သတိ** - သတိသည်၊ **ကာယဂတာသတိ**- ကိုယ်၌ရောက်သော သတိ'၊ **'ကိုယ်'**၌ ရောက်တယ်၊ ဖောင်းတယ်၊ ပိန်တယ်ဆိုတာ ကလည်း **'ကိုယ်၌ရောက်တဲ့ သတိ'** လုပ်ရတယ်၊ ဟို ဗိုက်ကြီးသွားမလုပ်ရဘူး၊ ဗိုက်ကြီးတွေ ဘာတွေ၊ ငယ်ထိပ်ကြီးတွေ သွားမကြည့်ရဘူး၊ သူကနေရာကို **'ကာယာယတန'** ပဲ။ **'ကာယာယတန'** ဆိုတာ **'ပသာဒရုပ် ကာယပသာဒရုပ်'** ရတယ်၊ လှုပ်တာ ရှားတာက **'ဖောဋ္ဌဗ္ဗာရုံ'** လို့ ခေါ်တယ်၊ ဖောင်းတာ ပိန်တာတို့က **'ဝါယော'** ခေါ်တယ်၊ ဗိုက်ကြီးက **'ပထဝီ'** ခေါ်တယ်၊ ပူတာ နွေးတာက **'တေဇော'** ခေါ်တယ်၊ အဲဒါ ဗိုက်က **'ဖောဋ္ဌဗ္ဗာရုံ'** ခေါ်တယ်၊ အဲဒါ ဗိုက်ကြီးက **'ကာယာယတန'** ခေါ်တယ်၊ အဲဒီလိုလုပ်မှ။ သို့မို့ဆိုရင် **'ပညတ်'** ဖြစ်သွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူက **'ဒုက္ခသစ္စာ'**၊ အဲဒီ ဗိုက်ကြီးတို့ ဘာကြီးတို့ သိသွားလို့ရှိရင်လည်း **'ပဋိစ္စသမုပ္ပါဒ်'** အဝိုင်းကြီးရဲ့ အလယ်ခေါင်မှာ **'အဝိဇ္ဇာ တဏှာ'** ပါတယ်၊ အဲဒီ **'ဒုက္ခသစ္စာ'** မသိတော့ **'အဝိဇ္ဇာ'** ဖြစ်သွားတယ်။ **'အဝိဇ္ဇာ တဏှာ၊ ဒုက္ခ သစ္စာ၊ ပစ္စုပ္ပန် ကာလ၊ သဠာယတန'**။အဲဒါ **'ပဋိစ္စသမုပ္ပါဒ်ကြီး'** ဖြစ်သွားတယ်၊ **'ခန္ဓာကိုယ်ကြီး'** ကိုယ့်ကိုယ်ကိုကြီး၊ ကိုယ့်ကိုယ်ကို ကြီးက **'လူ'** မဟုတ်တော့ဘူး၊ **'ဒုက္ခသစ္စာ'** လို့ ဆိုရင်လည်းမှန်တယ်၊ **'ဖြစ်တာ ပျက်တာ'** ဆိုရင်လည်း မှန်တယ်၊ **'သဠာယတန'** ဆိုလည်းမှန်တယ်၊ **'ကာယဂတာသတိ'** ဆိုလည်း မှန်တယ်၊ နံရိုးကြီးတွေ ဗိုက်ကြီးတွေ အောက်က ဖင်တုံကြီးတွေ ဘာတွေ အဲဒါတွေ ရောက်သွားရင်၊ အဲဒါ **'ကာယဂတာသတိ'** ဆိုတာ ကိုယ့်ကိုယ်ကြီးက ကောင်းတာမဟုတ်ဘူး၊ မက်စရာလည်း မဟုတ်ဘူး၊ အဲလိုသိ သွားတယ်တဲ့၊ အဲဒါ **'ကာယဂတာသတိ'** လို့ခေါ်တယ်၊ အဲဒီလိုသိမှ။

**အာယတန ခန္ဓာ**

**'အညာဏလက္ခဏာ အဝိဇ္ဇာ'**၊ အဲဒီ **'ပဋိစ္စသမုပ္ပါဒ်'**အဝိုင်းကြီးကိုလည်း၊ မသိဘူးလို့ ခေါ်တယ်၊ **'ပဋိစ္စသမုပ္ပါဒ်'** မှန်း မသိဘူး၊ ကိုယ့်ကိုယ်ကြီးကို လူလို့သိတယ် ယောကျ်ားလို့ သိတယ် မိန်းမလို့သိတယ်၊ အဲလိုသိရင် **'အဝိဇ္ဇာ'** ဖြစ်သွားတယ်၊ **'ပဋိစ္စသမုပ္ပါဒ်'** သိတယ်၊ **'ကာယဂတာသတိ'** သိတယ်ဆိုရင် **'အဝိဇ္ဇာ'** မရှိဘူး၊ **'ဝိဇ္ဇာ'** ဖြစ်သွားတယ်။ ဒါ့ကြောင့် ဓမ္မစကြာကျတော့ **'ဝိဇ္ဇာဥဒပါဒိ'** လို့ဆိုတယ်၊ အဲဒါ **'ဖြစ်တယ်'** ဆိုတာ **'ဇာတိ'**၊ **'ပျက်တယ်'** ဆိုတာ **'ဇရာ မရဏ'** ကိုခေါ်တယ်၊ **'ဖြစ်တာ၊ ပျက်တာတွေ'** ဖြစ်နေတယ်၊ **'ဖြစ်တာ ပျက်တာကြီး'**က ဘာတုံးဆိုတော့။

**'အာယတန ခန္ဓာ၊ ခန္ဓာ အာယတန'**၊ **'အာယတန ခန္ဓာ'**၊ **'အာယတန'**က တစ်ဆယ့် နှစ်ပါးဖြစ်တယ်၊ **'ဓာတ်'**ဆိုတော့ ဝိညာဏ်ထည့်လိုက်တော့ တစ်ဆယ့်ရှစ်ပါးဖြစ်သွားတယ်၊ အဲဒါ **'ဖြစ်တာ ပျက်တာ'** ဖြစ်တော့ **'ဒုက္ခသစ္စာ'** ဖြစ်တယ်၊ **'ပစ္စုပ္ပန်'**၊ ကဲ ပြီးပြီ၊ ပြီး မသွားဘူးလား၊ အခု **'ဒက်'** ဆိုတာ ပစ္စုပ္ပန်၊ **'ဒက်'** ဆိုတာ ဘာတုံး (ပစ္စုပ္ပန်)၊ **'ကြားတယ်'**ဆိုတာ ဘာတုံး (ပစ္စုပ္ပန်)၊ **'မြင်တယ်'**ဆိုတာ ဘာတုံး (ပစ္စုပ္ပန်)၊ **'ပစ္စုပ္ပန်'** ဆိုတာ ဘာတုံး၊ ပစ္စုပ္ပန် ကာလ၊ **'ပစ္စုပ္ပန်'** ဆိုတာ ဘာတုံး (ပစ္စုပ္ပန်ကာလ)၊ **'ကာလ'**ဆိုတာ ဘာတုံး **'အချိန်'**၊ **'အချိန် နေရာ သဘာဝ'**၊ **'ပစ္စုပ္ပန်'**ဆိုတာ ဘာတုံး **'ကာလ'**၊ **'ပစ္စုပ္ပန်'** ဆိုတာဘာတုံး (ကာလ)၊ **'အာယတန ခန္ဓာ'** ဆိုတာဘာတုံး **'နေရာ'**၊ **'အာယတနခန္ဓာ'** ဆိုတာ ဘာတုံး (နေရာ)၊ **'အချိန် နေရာ'** **'အချိန် နေရာ'** က **'အချိန်ကြီး'** ဟာ **'သဘာဝကြီး'** မဟုတ်ဘူးလား၊ နေကြီးကို ဖွဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပူတာကြီးကိုစွဲပြီး **'အချိန်'** ဖြစ်နေတယ်၊ အဲဒါ **'သဘာဝ'** ခေါ်တယ်၊ ဘာခေါ်တုံး (သဘာဝ)၊ **'လူတွေ'** ဟုတ်သေးလား (မဟုတ်ပါဘူး)။

**အချိန် နေရာ သဘာဝါ အဟံ ငါမပါ**

အချိန်ရယ် နေရာရယ်က၊ နေရာက **'အာယတန ခန္ဓာ'၊** အာယတနခန္ဓာက ဘာတုံး (နေရာ)၊ စက္ခာယတနလို့ခေါ်တယ်။ **'မျက်စိ'**က ဘာတုံး (စက္ခာယတန)၊ **'နား'**က ဘာခေါ်တုံး (သောတာယတန)၊ **'နှာခေါင်း'**က ဘာခေါ်တုံး (ဃာနာယတန)၊ **'လျှာ'**က ဘာခေါ်တုံး (ဇိဝှါယတန)၊ **'ကိုယ်ကြီး'**က ဘာတုံး 'ကာယာယတန' လို့ခေါ်တယ်။ **'စိတ်ကြီး'**က ဘာတုံး (မနာယတန)၊ အဲဒါ **'ဖြစ်ရာ'** မဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊ **'ဖြစ်ရာ'**က ဘယ်ကဖြစ်တုံးဆိုရင် **'နေရာ'**က ဖြစ်တယ်၊ ဘယ်ကဖြစ်တုံး (နေရာကဖြစ်တယ်)၊ **'ပစ္စုပ္ပန်ကာလ'**၊ **'အာယတနနဲ့ ခန္ဓာ'**၊ အဲဒါက နေရာ။ **'အချိန် နေရာ သဘာဝါ အဟံ ငါ မပါ'**၊ အဲဒါ **'ပဋိစ္စသမုပ္ပါဒ်'**၊ **'ဒုက္ခသစ္စာကြီး'၊** ဖြစ်ပျက်နေတယ်လို့ အဲဒီလိုသိမှ **'အဝိဇ္ဇာ'**မရှိဘူးတဲ့။ အဲဒီလိုဆိုရင် ဘာမရှိတုံး (အဝိဇ္ဇာ မရှိပါဘူး)၊ အဲ **'အဝိဇ္ဇာ'**မရှိဘူးလို့ မှတ်ရတယ်၊ အဲဒါ။ **'အဝိဇ္ဇာ**- အဝိဇ္ဇာသည်၊ **အညာဏ လက္ခဏာ**- ပဋိစ္စသမုပ္ပါဒ်ကို မသိခြင်း လက္ခဏာရှိ၏'၊ **'ပဋိစ္စသမုပ္ပါဒ်'** ထဲမှာ **'ကာလ'** မပါဘူးလား (ပါပါတယ်ဘုရား)၊ **'ဒုက္ခသစ္စာ'**လို့ မပါဘူးလား (ပါပါတယ်ဘုရား)၊ ပြီးတော့ အလယ်ခေါင်က ဝင်ရိုးကြီးလို **'အဝိဇ္ဇာ တဏှာ'** မပါဘူးလား (ပါပါတယ်ဘုရား)၊ အဲဒီ **'ပဋိစ္စသမုပ္ပါဒ်'**ကို မသိလို့၊ **'အဝိဇ္ဇာ'**က မသိလို့ **'တဏှာ'** ဖြစ်တာတဲ့။

**တဏှာ နိရောဓော နိဗ္ဗာနံ**

**'အဝိဇ္ဇာ'** မသိလို့ ဘာဖြစ်တုံး (တဏှာဖြစ်တာပါဘုရား)၊ **'အဝိဇ္ဇာ'**သိလို့ရှိရင် တဏှာ ဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ အဲဒီနေရာတင် **'နိဗ္ဗာန်'**က၊ **'အဝိဇ္ဇာ'**မဖြစ်ရင် တဏှာ မဖြစ်ဘူး၊ **'တဏှာ နိရောဓော နိဗ္ဗာနံ'**၊ အဲဒီနေရာမှာ အဲလိုသိလိုက်လို့ရှိရင် **'တဏှာ'** မရှိတော့ဘူး၊ **'တဏှာ'**ကဘာလို့ မရှိတုံးဆို **'လူ'**မရှိလို့၊ **'တဏှာ'**က ဘာလို့မရှိတုံး (လူမရှိလို့ပါ ဘုရား)၊ **'အဝိဇ္ဇာမရှိ လူမရှိ ငြိမ်း၏ ထိုနိဗ္ဗာန်'**၊ အဲဒါ **'အချိန် နေရာ သဘာဝါ'**၊ အဲဒါလေး သိတာတောင် တော်တော်ကောင်းသွားတယ်၊ **'အချိန်နဲ့နေရာ'**က ဘယ်ဟာတုံး (သဘာဝ)၊ **'ပစ္စုပ္ပန်ကာလ'**ကဘာတုံး၊ အချိန်၊ **'သဠာယတန'** က ဘာတုံး (နေရာ)၊ **'အာယတနခန္ဓာ'**၊ **'အချိန်နဲ့ နေရာ'** က **'သဘာဝ'** မဟုတ်လား၊ အဲဒီထဲမှာ **'အဟံ'**ဆိုတဲ့ **'လူ'**ရောရှိသေးလား (မရှိပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**'ငါကြီး'က ပဋိစ္စသမုပ္ပါဒ်ဖြစ်သွားတယ်**

**'ပဋိစ္စသမုပ္ပါဒ်သိရင် ငါ မရှိဘူး'**၊ အဲဒီ **'ပဋိစ္စသမုပ္ပါဒ်'**ထဲမှာ ဒုက္ခသစ္စာ သမုဒယ သစ္စာ မပါဘူးလား (ပါပါတယ်ဘုရား)၊ အဲဒါမသိဘူးလား (သိပါတယ်)၊ သိသွားတယ်၊ **'အာယတန'** ဆိုတာဖြစ်တဲ့နေရာ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊ အေး ဖြစ်တဲ့နေရာ၊ ဘာ နေရာတုံး (ဖြစ်တဲ့နေရာ)၊ သဠာယတန **'သဥ္စာတိဒေသ'**တဲ့၊ **'ဖြစ်တဲ့နေရာ'**၊ အဲဒါ **'အာယတန'** ခေါ်တယ်၊ **'မျက်စိတွေ'**ဟာ ဖြစ်တဲ့နေရာ၊ **'နားတွေ'**ဟာ ဖြစ်တဲ့နေရာ၊ **'နှာခေါင်းတွေ'**ဟာ ဖြစ်တဲ့နေရာ၊ **'လျှာတွေ'**ဟာ ဖြစ်တဲ့နေရာ၊ **'ကိုယ်ကြီး'**ဟာ ဖြစ်တဲ့နေရာ၊ **'စိတ်'**ကလည်း ဖြစ်တဲ့နေရာ။

အဲဒီ **'မနော'**က ဖြစ်တယ်၊ **'မနော'** ကဖြစ်တဲ့ နေရာက ဘယ်ရောက်သွားတုံးဆိုတော့ **'အဝိဇ္ဇာ တဏှာ'** ရောက်သွားတယ်၊ အဝိုင်းကြီးရဲ့အလယ်ခေါင်မှာ **'အဝိဇ္ဇာ တဏှာ'** မပါဘူးလား (ပါပါတယ်)၊ အဲဒီ**'အဝိဇ္ဇာ'** ပါလို့ တဏှာဖြစ်တာ၊ **'အဝိဇ္ဇာ'** ဖြစ်လို့ တဏှာဖြစ်တာ၊ **'အဝိဇ္ဇာ'** မဖြစ်ရင် တဏှာမဖြစ်ဘူး၊ **'မျက်စိတွေ'**က ဘာခေါ်တုံး (နေရာပါဘုရား)၊ နေရာ **'သဠာယတန'** ဟုတ်လား၊ **'အချိန် နေရာ သဘာဝ အဟံ ငါ မပါ'** (အချိန် နေရာ သဘာဝ အဟံ ငါ မပါ)။

ဘယ်သူကြီးတုံး၊ **'ပဋိစ္စသမုပ္ပါဒ်ကြီး'**၊ ဘယ်သူကြီးတုံး (ပဋိစ္စသမုပ္ပါဒ်ကြီးပါဘုရား)၊ **'ဒုက္ခသစ္စာ'**၊ ဟုတ်ကဲ့လား၊ ဘယ်သူကြီးတုံး (ဒုက္ခသစ္စာပါဘုရား)။ **'ပဋိစ္စသမုပ္ပါဒ်၊ ဒုက္ခသစ္စာ၊ ပစ္စုပ္ပန်ကာလ'**၊ တစ်ခါတည်း တန်းမသွားဘူးလား (တန်းသွားပါတယ်ဘုရား)၊ **'လူတွေ'** ရှိသေးလား (မရှိတော့ပါဘူး)၊ **'ဉာဏ်'**ထဲမှာ ပျောက်မသွားဘူးလား (ပျောက်ပါတယ်)၊ **'ဉာဏ်'** ထဲမှာ **'အဝိဇ္ဇာ'** မရှိတော့၊ **'အဝိဇ္ဇာ'**က ပျောက်သွားတယ်ဆို၊ **'ဝိဇ္ဇာ'** ရှိသွားတယ်၊ **'အဝိဇ္ဇာ'** မရှိရင် ဘာရှိတုံး (ဝိဇ္ဇာရှိသွားပါတယ်ဘုရား)၊ **'အဝိဇ္ဇာ'** ရှိတော့ လူတွေ ရှိတယ်၊ **'အဝိဇ္ဇာရှိ လူတွေရှိ လှုပ်၏စိတ်ထဲမှာ'** (အဝိဇ္ဇာရှိ လူတွေရှိ လှုပ်၏ စိတ်ထဲမှာ)။ အဲဒါ **'အဝိဇ္ဇာ'**ရှိရင် တဏှာရှိတာပဲ။ အဲဒီ **'အဝိဇ္ဇာ'**မရှိရင် တဏှာကို မရှိတော့ဘူး။ ဘာဖြစ်လို့ မရှိတုံး၊ **'လူ'**မရှိလို့ ဘာဖြစ်လို့ မရှိတုံး (လူမရှိလို့)။ **'အဝိဇ္ဇာမရှိ လူမရှိ ငြိမ်း၏ စိတ်ထဲမှာ'**၊ **'ပစ္စုပ္ပန်'**၊ မငြိမ်းဘူးလား၊ ကြည့်လည်း ကြည့်ရုံပဲ၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ **'လူတွေ'** ဆိုတော့ ကြည့်လည်းကြည့်ရုံလို့ ဖြစ်သေးလား။ အဲလိုဖြစ်တယ်။ သူကချောတယ် ကိုယ်လှတယ်နဲ့ အဲလို ဖြစ်သွားတယ်။ အဲဒါဂရုစိုက်၊ ဟုတ်တယ်မို့လား (မှန်ပါ့ဘုရား)။ အဝိုင်းကြီး ထဲမှာ မျက်စိထဲ မြင်ကြည့်၊ အဝိုင်းကြီးထဲမှာ **'ပစ္စုပ္ပန်ကာလ'** မပါဘူးလား (ပါပါတယ်ဘုရား)။

**'ဝိညာဏ် နာမ်ရုပ် သဠာယတန'** မပါဘူးလား (ပါပါတယ်ဘုရား)။ သဠာယတနနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖဿ၊ ပြီးတော့မှ ဒုက္ခသစ္စာလို့ မပါဘူးလား (ပါပါတယ်ဘုရား)။ ပြီးတော့မှ အလယ်ခေါင်မှာ **'အဝိဇ္ဇာ တဏှာ'**လို့ မပါဘူးလား (ပါပါတယ်ဘုရား)။ အဲဒီ **'အဝိဇ္ဇာကြီး'**က **'ပဋိစ္စသမုပ္ပါဒ်'** မှန်း မသိဘူး၊ **'ဒုက္ခသစ္စာ'** မှန်းလည်း မသိဘူး၊**'ပစ္စုပ္ပန်ကာလ'**လည်း မသိဘူး၊ **'ဖြစ်ရာ ပျက်ရာ'** လည်း မသိဘူး၊ မသိရင် ဘာတုံး **'အဝိဇ္ဇာ'**။ **'အဝိဇ္ဇာ'**ဖြစ်ရင် ဘာဖြစ်တုံး **'တဏှာ'**ဖြစ်တာ၊ ဟို **'တဏှာ'**က ဟိုတဏှာဖြစ်မှ မဟုတ်ဘူး၊ **'လူ'**ဖြစ်ရင်ကို တဏှာဖြစ်နေတယ်၊ **'လူ'**ဖြစ်ရင် ဘာဖြစ်တုံး (တဏှာဖြစ်ပါတယ်ဘုရား)၊ **'လူ'** ရှိနေသေးရင် တဏှာဖြစ်တယ်၊ **'လူ'**မရှိပါဘူး ဆိုရင် တဏှာဖြစ်လို့ ဖြစ်သေးသလား (မဖြစ် တော့ပါဘူး)၊ အဲဒါ မပြတ်ဘူးလား ပြတ်သလား (ပြတ်ပါတယ်)၊ အဲဒါ မှတ်ထား၊ **'လူ'**ရှိနေတာ အဝိဇ္ဇာရှိလို့၊ အလယ်ခေါင်မှာ မပါဘူးလား၊ အဲဒါ **'လူ'** ရှိတာ ဘာဖြစ်လို့တုံး (အဝိဇ္ဇာရှိလို့)။

**သဠာယတန ခန္ဓာ**

ဒီက **'သဠာယတန'** ဆိုတာက ဖြစ်တဲ့နေရာ၊ မျက်စိတွေ နားတွေက ဘာတုံး (ဖြစ်တဲ့ နေရာ)၊ ဘယ်**'အချိန်'**မှာ ဖြစ်တုံး၊ **'ပစ္စုပ္ပန်ကာလ'**၊ ဘယ် **'အချိန်'** မှာ ဖြစ်တုံး (ပစ္စုပ္ပန်ကာလ)၊ **'မနောကြီး'**ကလည်း အတိတ်မှာမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲ မနောကြီးကကျတော့ **'အတိတ်'**ကလည်း ဖြစ်တယ်၊ **'အနာဂတ်'**မှာလည်း မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဟုတ်ကဲ့လား၊ **'ဖြစ်တဲ့နေရာ'** ဘာတုံး (သဠာယတန)၊ **'သဠာယတနနဲ့ ခန္ဓာ'**၊ **'ခန္ဓာ အာယတန'** ဆို မသိဘူး၊ **'သဠာယတန ခန္ဓာ'**။ အဲဒီ **'သဠာယတနခန္ဓာ'** မှန်းသိလို့ရှိရင် ဒီက **'အဝိဇ္ဇာ'** ရှိသေးသလား (မရှိတော့ပါ ဘုရား)၊ **'အဝိဇ္ဇာ'** မရှိရင် လူရှိသေးသလား (မရှိတော့ပါဘုရား)၊ **'လူ'** မရှိတော့ဘူး၊ ဒီတော့ **'ဒုက္ခသစ္စာ'**ရော ရှိသေးသလား (မရှိတော့ပါဘုရား)၊ **'ခန္ဓာ'**ရော ရှိသေးလား (မရှိတော့ပါ ဘုရား)၊ **'ခန္ဓာ'** မရှိတဲ့နေရာ **'နိဗ္ဗာန်'**၊ ခန္ဓာမရှိရင်ဘာတုံး (နိဗ္ဗာန်)။ **'ခန္ဓာ'**က မီးလောင်စာကြီး၊ **'ခန္ဓာ'** ရော မရှိဘူး၊ **'အာယတန'**ရော မရှိဘူး၊ ရိပ်မိလား၊ အဲဒီ **'ပဋိစ္စသမုပ္ပါဒ်ကြီး'**မရှိတာ နိဗ္ဗာန်ကိုခေါ်တယ်၊ **'ပစ္စုပ္ပန်ကာလ'** ရော **'ဉာဏ်'** ထဲမှာ ရှိသေး သလား (မရှိတော့ပါဘုရား)၊ **'ဉာဏ်'** ထဲမှာ၊ ဟုတ်ပြီလား၊ အဲဒီလိုမှတ်ထား။

**ပဋိစ္စသမုပ္ပါဒ်၌ သိသောဉာဏ်သည် ဝိဇ္ဇာမည်၏**

**'သဠာယတန၊ ပစ္စုပ္ပန်ကာလ၊ ဒုက္ခသစ္စာ၊ အဝိဇ္ဇာ၊ တဏှာ'**၊ အဲဒါ **'ပဋိစ္စသမုပ္ပါဒ်'**ပဲ၊ အဲဒါကြောင့် **'အဝိဇ္ဇာ တဏှာ'**ကြောင့် ဘာရှိနေတုံး၊ **'လူ'** ရှိနေတာ၊ **'အဝိဇ္ဇာ တဏှာ'** ကြောင့် ဘာရှိနေတုံး (လူရှိနေတာ)၊ **'ကာယ'**လည်း ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**'ကိုယ်၌ရောက်တဲ့သတိ'** ရှိနေကတည်းကကို **'အဝိဇ္ဇာ'** မရှိတော့ဘူး၊ **'ကာယ**- ကိုယ်၌ရောက်တဲ့သတိ**'** မရှိဘူးဆိုရင် မိန်းမကြီးကလည်း ရှိသေးတယ်၊ ယောကျ်ားကြီးကလည်းရှိသေးတယ်၊ **'ကိုယ်၌ရောက်တဲ့သတိ'** ရှိသွားပြီဆိုရင် မိန်းမကြီးလည်း မရှိဘူး၊ ယောကျ်ားကြီးလည်းမရှိဘူး၊ **'သဠာယတန'** ရောက်သွားတယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။ **'အချိန်နေရာသဘာဝ'**ကို စဉ်းစားတတ်ပြီလား **'ပဋိစ္စသမုပ္ပါဒ်ကြီး'** လည်း ပြတ်မသွားဘူးလား (ပြတ်သွားပါတယ်ဘုရား)၊ အဲဒီလို စဉ်းစားရတယ်၊ အဲဒါကို **'ပဋိစ္စသမုပ္ပါဒ်ဉာဏ်'** ခေါ်တယ်။

**'ပဋိစ္စသမုပ္ပါဒေ ဉာဏံ'** ၊ **'ပဋိစ္စသမုပ္ပါဒေ**- ပဋိစ္စသမုပ္ပါဒ်၌၊ **ဉာဏေ**- သိသောဉာဏ်သည်၊ **ဝိဇ္ဇာ**- ဝိဇ္ဇာမည်၏**'**၊ **'ဝိဇ္ဇာ ဥဒပါဒိ'** ပဋိစ္စသမုပ္ပါဒ်ကိုသိတဲ့ဉာဏ် ဖြစ်သွားတယ်ဟုတ်ကဲ့လား၊ ဝမ်းထဲတင် နိဗ္ဗာန်ရောက်သွားတယ်သိရဲ့လား၊ **'လူ'**လည်း မရှိဘူး၊ **'တဏှာ'** လည်း မရှိတော့ဘူး၊ ဝမ်းထဲ မရောက်ဘူးလား ရောက်သလား (ရောက်ပါတယ်ဘုရား)။**'လူ'** လည်းမရှိဘူး၊ **'တဏှာ'**လည်း မရှိဘူးဆိုတာ ဘယ်ကပြောတာတုံး၊ ဝမ်းထဲကပြောတာ၊ **'လူ'** လည်းမရှိဘူး၊ **'တဏှာ'**လည်း မရှိဘူးဆိုတာ ဘယ်ကပြောတာတုံး (ဝမ်းထဲကပြောတာ)၊ ဝမ်းထဲကဆိုတာ ဘာတုံး၊ **'မနာယတန'**၊ **'ဝမ်းထဲက'** ဆိုတာ ဘာတုံး (မနာယတန)။

အဲဒီလို တောက်လျှောက်ကို **'ပဋိစ္စသမုပ္ပါဒ်'**ကို ပါဠိနဲ့ ဘာနဲ့ သေချာကို သိရတယ်၊ ဟုတ်တယ် မဟုတ်လား (မှန်ပါ့ဘုရား)၊ အဲဒီလိုဆိုမှ ပိုင်တယ်၊ သို့မို့ဆိုရင် ယောင်တယ်၊ ဘာတုံး (ယောင်တယ်)၊ သူများယောင်လို့ ကိုယ်ကယောင်တယ်၊ သူများယောင်ရင် (ကိုယ်က ယောင်တယ်)၊ အခုလိုသိတော့ သူများယောင်သလို ယောင်သေးသလား (မယောင်တော့ပါဘူး)၊ သူများယောင်သလို မယောင်ရဘူး၊ ကိုယ့်ဟာကိုယ် တစ်ခါတည်းအသိ၊ အခု ကြားရုံတင်ကြားတာ မလုပ်နဲ့နော် မျက်စိတွေ နားတွေက ဘာတုံး **'သဠာယတန ခန္ဓာ'** ဟုတ်ပြီလား။ **'သဠာယတန ခန္ဓာ'** ဆိုတာဘာတုံး (နေရာ)၊ **'နေရာ'** ဆိုတာ အချိန်မရှိဘူးလား (ရှိပါတယ်ဘုရား)၊ **'ပစ္စုပ္ပန်ကာလ'** ပြီးတော့မှ **'ဒုက္ခသစ္စာ'** လို့ မဆိုဘူးလား (ဆိုပါတယ်ဘုရား)၊ **'ဒုက္ခသစ္စာ'** အဲဒါ ဖြစ်ရာ ပျက်ရာ။

**လူမရှိရင် အဝိဇ္ဇာ တဏှာ မဖြစ်ဘူး**

**'ဒုက္ခသစ္စာ'** ဆိုတာဘာတုံး (ဖြစ်ရာ ပျက်ရာ)၊ **'ဖြစ်ရာ ပျက်ရာ'**ဆိုတာ သဠာယတနကြီးမဟုတ်လား (မှန်ပါ့ဘုရား)၊ **'သဠာယတနကြီး'**က ဘာသစ္စာတုံး (ဒုက္ခသစ္စာ)၊ **'ဒုက္ခသစ္စာကြီး'** သွားဖြစ်တယ်၊ **'ဒုက္ခသစ္စာကြီး'** ဖြစ်နေလို့ရှိရင် ဒီထဲမှာ အဝိဇ္ဇာ တဏှာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ **'အဝိဇ္ဇာ'**က ဘာဖြစ်လို့ ဖြစ်တာတုံး၊ **'သဠာယတန'** လို့ မသိဘူး၊ **'လူ'** လို့

www.burmeseclassic.com

www.burmeseclassic.com



သိတယ်၊ **'သဠာယတန'** လို့ သိသေးသလား (မသိပါဘူးဘုရား)။ **'လူ'**လို့ မသိဘူးလား (သိပါတယ်ဘုရား)၊ **'ယောကျ်ား'**လို့ မသိဘူးလား (သိပါတယ်ဘုရား)၊ **'မိန်းမ'** လို့ မသိဘူးလား (သိပါတယ်ဘုရား)၊ အဲဒီလို သိတာကဘာတုံး- **'အဝိဇ္ဇာ'**၊ အဲဒီလို သိတာကဘာတုံး (အဝိဇ္ဇာ)၊ **'အဝိဇ္ဇာ'** ရှိတော့ လူမရှိဘူးလား (ရှိပါတယ်ဘုရား)၊ **'လူ'** ရှိရင် မိန်းမမရှိဘူးလား (ရှိပါတယ်ဘုရား)၊ အဲဒါက **'တဏှာ'** ဖြစ်သွားတယ်၊ အခုမဖြစ်ပေမယ့် လူသာရှိနေရင် နောင် **'ဖြစ်မှာ'** ဟုတ်တယ်မဟုတ်လား၊ အခုဟာက လူမရှိဘူးဆိုရင် နောင်မှာ ဖြစ်ဦးမှာလား **'မဖြစ်မှာ'**၊ **'မဖြစ်မှာ'** ဆိုရင် နိဗ္ဗာန်မရောက်ဘူးလား ရောက်သလား (ရောက်ပါတယ်ဘုရား)။

**'လူ'** ရှိနေရင် ဖြစ်မှာ၊ **'လူ'** ရှိနေရင်ဘာတုံး (ဖြစ်မှာ)၊ **'လူ'** ရှိနေရင် မိန်းမ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ယောကျ်ားရော မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ **'အဝိဇ္ဇာ တဏှာ'**ရော အလယ်ခေါင်က မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ဖြစ်တော့ **'ဒုက္ခသစ္စာ'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ **'ဒုက္ခသစ္စာ'** ဖြစ်တော့ မျက်စိတွေ နားတွေက မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ မျက်စိတွေ နားတွေက **'ပစ္စုပ္ပန်'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲဒီလို။ **'အချိန်နေရာ သဘာဝ အဟံ ငါ မပါ'**၊ အဲဒါ **'ငါ'** မရှိဘူးဆိုတော့ လူရောရှိသေးသလား (မရှိတော့ပါဘူးဘုရား)၊ **'အဝိဇ္ဇာ တဏှာ'**ရော ရှိသေးလား (မရှိတော့ပါဘုရား)၊ **'ဒုက္ခသစ္စာ'**ရော (မရှိတော့ပါဘုရား)၊ အဲဒီလို ဖြစ်သွားတယ်၊ အဲဒီလို ပိုင်ပိုင်စီးစီးကို လုပ်တတ် ပြောတတ်ရတယ်၊ ဟုတ်ကဲ့လား အဲဒါလေးကို ခဏခဏမှတ်၊ မျက်စိထဲမြင်အောင် ခဏခဏ ကြည့် ဟုတ်ကဲ့လား။

အဲဒါ **'ပဋိစ္စသမုပ္ပါဒ်'** မြင်သွားတယ်၊ **'ဒုက္ခသစ္စာ'** လည်း မြင်သွားတယ်၊ **'နိရောဓသစ္စာ'** လည်း မြင်သွားတယ်၊ **'ဒုက္ခ'** မရှိရင် ဘာတုံး (နိရောဓပါဘုရား)၊ **'ဒုက္ခ'** က ဘာလို့ရှိတုံး၊ **'လူ'** ရှိလို့၊ **'ဒုက္ခ'** က ဘာဖြစ်လို့ရှိတုံး (လူရှိလို့ပါဘုရား)၊ **'အဝိဇ္ဇာ တဏှာ'**က အလယ်ခေါင်မှာ မရှိဘူးလား (ရှိပါတယ်ဘုရား)၊ **'ပဋိစ္စသမုပ္ပါဒ်'**အဝိုင်းထဲမှာ အလယ်ခေါင်မှာ **'အဝိဇ္ဇာ တဏှာ'** မရှိဘူးလား (ရှိပါတယ်ဘုရား)၊ အဲဒါ **'လူ'** ရှိရင် **'အဝိဇ္ဇာ တဏှာ'** ရှိတယ်၊ **'လူ'** မရှိရင် (အဝိဇ္ဇာ တဏှာ မရှိပါဘူးဘုရား)။ **'သဠာယတန'**လည်း ဖြစ်ပျက်၊ **'ဖြစ်ပျက်တာတွေ'**ထဲ **'ငါ'** ပါသေးလား (မပါတော့ပါဘူး ဘုရား)၊ အဲဒါ ပထမတန်း ဖြစ်သွားတာပဲ။

ကဲ---တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## "ပစ္စုပ္ပန်ထဲမှာ အဝိဇ္ဇာရှိတယ် တရားတော် "

၇. ၁၀. ၂၀၀၇

**စိတ်က ဝိညာဏ်၊ စေတသိက်က နာမ်**

မြင်တာတွေ ကြားတာတွေ သိတာတွေ၊ အဲဒါ **'ဝိညာဏ်'**ခေါ်တယ်၊ **'ဝိညာဏ် နာမ်ရုပ်'** သဘောလေးတွေပဲကွဲတယ်၊ **'ဝိညာဏ်'** က သိတယ် သိတဲ့သဘော၊ ဘယ်အရာ မဆို သူက **'သိရုံမျှသိတဲ့သဘော'**၊ **'ဝိညာဏ်'** ဆိုရင် ကြားရုံမျှ **'ပစ္စုပ္ပန်ကာလ'** အဲလောက် ရှိတယ်။ ဒို့ပြင်ဟာ ပိုသွားတာက **'နာမ်'**၊ **'စေတသိက်'** ခေါ်တယ်၊ လောဘ ဒေါသ ရဇ္ဇန ဒုဿန မုစ္ဆန စေတန၊ **'စေတနတွေ'**က ကြံတာ၊ ကိုယ့်ကိုယ်ကို သိရတယ်၊ ကြံသလား ကြံရင် ကြံတယ်၊ တွေးရင်တွေးတယ်၊ စိတ်ကူးရင် စိတ်ကူးတယ်၊ စဉ်းစားရင် စဉ်းစားတယ် အောက်မေ့ တယ် အမှတ်ရတယ်၊ အဲဒါတွေက **'နာမ်'**၊ အဲဒီ **'ဝိညာဏ်'**တို့၊ **'နာမ်'**တို့၊ **'ရုပ်'**တို့။

**'ဝိညာဏ် နာမ်ရုပ် ပုံကိုနုတ်၍ နာမ်ရုပ်ပီပြင်'**။

**'ပုံ'** ဆိုတာ ပညတ်၊ **'နာမ်'**ကလည်း အဲဒီပညတ်နဲ့မှ ဖြစ်တတ်တယ်၊ ဂရုစိုက်ရတယ်၊ **'ဝိညာဏ်'**၊ **'ဝိညာဏ်'**ကတော့ ကြားပြီ၊ ဟော ဝိညာဏ်၊ **'ဝိညာဏ်နဲ့ နာမ်နဲ့'** ခွဲ၊ **'ဝိညာဏ်'** က **'ဒွါရ'** ထဲမှာ သိ၊ စက္ခု သောတ ဆိုတဲ့ **'ဒွါရတွေ'** မှာ သိတဲ့ဟာ၊ မြင်တာ ကြားတာတွေ **'မနော'** ကတော့ ကြံတဲ့ဟာ၊ အဲလို ကိုယ့်ကိုယ်ကို သိသိပေးရတယ်၊ **'ဝိညာဏ်'** ဆိုတာ သူတကာ့ချည်း အကြည့်များတယ်၊ သူ တကာ့ကို ဂရုမစိုက်နဲ့၊ ကိုယ်ကြားတဲ့ဟာဂရုစိုက်၊ ဘယ်လိုကြားတယ်၊ ဘာကြောင့် ကြားတယ်၊ ဘာကိုကြားတယ်၊ အသံကိုကြားတယ်၊ အသံက ဘယ်လိုအသံ၊ အသံကိုကြားတယ်၊ အသံက သေနတ်သံ ခွေးဟောင်သံ ကျားဟိန်းသံ၊ အဲဒီလို ကွဲသွားပြီဆိုရင်၊ အဲဒါ **'သညာ'** နဲ့ သိတဲ့ ဝိညာဏ်။

**'စေတသိ** - စိတ်၌၊ **ဘဝင်** - ဖြစ်သည်တည်း၊ **စေတသိကံ** - စိတ်၌ဖြစ်သည်'။

**'စိတ်၌'** ဖြစ်တဲ့ဟာတွေကို **'စေတသိက်'** ၊ **'စိတ်'** က စိတ်။ **'စေတသိ** - စိတ်၌၊ **ဘဝင်** - ဖြစ်သည်တည်း၊ **စေတသိကံ** - စိတ်၌ဖြစ်သည်'၊ **'စိတ်'**ကပင်ရင်း၊ **'စိတ်၌'** ဖြစ်တဲ့ ဟာက စေတသိက်၊ အဲလိုခွဲရတယ်၊ ကြားပြီးရင်မခံချင်တာ သဘောကျတာ အဲဒါ **'စေတသိက်'**၊ **'ကြားတာ'** က ဝိညာဏ် စိတ်၊ အဲလိုခွဲ၊ **'မြင်တယ်'** မြင်တာက ဝိညာဏ်၊ **'မြင်'** ပြီးရင် ဘယ်လို၊ အဲဒါက စေတသိက်။ **'စိတ် စေတသိက် ကွဲအောင်ကြိတ် တိဟိတ် မဂ်ခေါ်ပေ'**၊ စိတ်နဲ့စေတသိက်မကွဲရင် **'ငါ'**လို့ ထင်တတ်တယ်၊ ဒါကြောင့် တို့ကစပ်ပေးတာ၊ စိတ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



စေတသိက်၊ **‘စေတသိ-** စိတ်၌၊ **ဘဝင် -** ဖြစ်သည်တည်း၊ **စေတသိကံ -** စိတ်၌ဖြစ်သည်’။ **‘စေတသိက်’**က **‘စိတ်’** ရှိမှဖြစ်တယ်၊ **‘စေတသိက်’**က နာမ်၊ ဒါကြောင့် **‘ဝိညာဏနိရောဓာ နာမရူပနိရောဓော’**၊ ဘုရားကျတော့ **‘ဝိညာဏ်’**ချုပ်ရင် **‘နာမ်ရုပ်’** ချုပ်တယ်၊ အဲဒီ **‘ဝိညာဏ်’**၊ **‘စိတ်’**ချုပ်ရင် **‘စေတသိက်’**ချုပ်တယ်၊ သိတာလေးချုပ်သွားရင် ဘာမှအမှတ်မရတော့ဘူး၊ အဲဒါကြောင့် **‘ဝိညာဏ် နာမ်ရုပ်’၊** မြတ်စွာဘုရားလည်း အဲဒီဟာနဲ့ပဲတရားကောင်းတယ်။

တို့လူသိုက်တွေက ဘယ်လိုဖြစ်နေတုံး၊ **‘စိတ်နဲ့စေတသိက်’** မကွဲသေးဘူး၊ မြတ်စွာဘုရားက **‘ဝိညာဏသမုဒယာ နာမရူပသမုဒယော’၊ ‘ဝိညာဏပစ္စယာ နာမရူပံ’** တဲ့၊ **‘ဝိညာဏ်’**ကြောင့် **‘နာမ်ရုပ်’** ဖြစ်တယ်ဆိုတော့ **‘ဝိညာဏ်နဲ့ နာမ်နဲ့’** မကွဲတော့ ဟော **‘လူတွေ’** ဘာတွေဖြစ်သွားတယ်၊ ဒါကြောင့် **‘ဝိညာဏ်နဲ့နာမ်’** ကွဲအောင်လုပ်၊ **‘ဝိညာဏ်’**က စိတ်။ **‘စေတသိ-**စိတ်၌**၊ ဘဝင်-**ဖြစ်သည်တည်း**၊ စေတသိကံ -**စိတ်၌ ဖြစ်သည်’။

**‘စိတ်’**က ဝိညာဏ်**၊ ‘စေတသိက်’**က နာမ်၊ အဲလိုကွဲအောင်လုပ်၊ ဒါမှ **‘ဝိညာဏ ပစ္စယာ နာမရူပံ’**၊ **‘ဝိညာဏ်’** ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ အဲလိုသိမယ်၊ အဲလိုမကွဲရင် **‘ဒိဋ္ဌိ’**က **‘ငါ’** ဝင်လာတယ်၊ ခွဲလိုက်လို့ရှိရင် **‘ငါ’** မဝင်တော့ဘူး၊ အဲဒါ ဂရုစိုက်မှ ဝိညာဏ်နဲ့ နာမ်၊ **‘ဝိညာဏ်’**က စိတ်၊ **‘နာမ်’**က စေတသိက်၊ မြတ်စွာဘုရားက **‘သဘာဝ’**ကို နာမည်ပေးတာနော်၊ **‘သဘာဝ’**ကို နာမည်မှည့်တာဟာ မြတ်စွာဘုရား ဗုဒ္ဓ၊ **‘ဗုဒ္ဓ စိန္တေ အနုပ္ပန္နေ’** တဲ့၊ **‘တေသံ သဘာဝ ဓမ္မာနံ နာမမတ္တံ န နာယတိ’** တဲ့၊ **‘သဘာဝတရား’**ကို နာမည်ပေးတတ်တာ မြတ်စွာဘုရားပဲရှိတယ်၊ အဲဒါကို ဂရုစိုက်။ **‘ဝိညာဏ်နဲ့ နာမ်’**ဟာ **‘ဝိညာဏ်’**မသိရင် နာမ် မသိဘူး၊ **‘ဝိညာဏ်’** မသိဘဲနဲ့ **‘နာမ်’** မသိဘဲနဲ့ ပညာရှိလုပ်လို့လည်း မဖြစ်ဘူး၊ ‘ဝိညာဏ်နဲ့ နာမ်ခွဲပြောပါဆရာ’ ဆိုတော့ မပြောတတ်တော့ဘူး။

**ဝိညာဏ်၊ နာမ်ရုပ် နှစ်ခုတည်းနဲ့ ပဌမတန်းဖြစ်တယ်**

**‘ဝိညာဏ ပစ္စယာ နာမရူပံ၊ ‘ဝိညာဏ ပစ္စယာ**- ဝိညာဏ်ဟူသောအကြောင်း ကြောင့်၊ **နာမရူပံ**- နာမ်ရုပ်သည်၊ **ဟောတိ** - ဖြစ်၏’။ **‘ဝိညာဏ နိရောဓာ၊ နာမရူပ နိရောဓော၊ ‘ဝိညာဏ နိရောဓာ**- ဝိညာဏ်ချုပ်ခြင်းကြောင့်၊ **နာမရူပနိရောဓော** - နာမ်ရုပ် ချုပ်ခြင်းသည်၊ **ဟောတိ** - ဖြစ်၏’။ အဲဒါ **‘ဝိညာဏ်’**၊ **‘ဝိညာဏ်’**ဆိုတာ မျက်စိက မြင်တယ်၊ နားက ကြားတယ်ဆိုတဲ့ **‘စေတသိ** - စိတ်၌၊ **ဘဝင်** - ဖြစ်သည်တည်း၊ **စေတသိ ကံ** - စိတ်၌ ဖြစ်သည်’၊ **‘စိတ်’** က စိတ်၊ **‘စိတ်’** ၌ ဖြစ်တာက စေတသိက်။ **‘စေတသမ္ပယောဂ’** ခေါ်တယ်၊ **‘စိတ်၌အမြဲယှဉ်ခြင်း’**ဟာ

www.burmeseclassic.com

www.burmeseclassic.com



**'စေတသိက်'** ခေါ်တယ်၊ **'အဝိနာဘာဝ'** ခေါ်တယ်၊ **'စိတ်'** ၌ အာရုံလည်းတူတယ် ဝတ္ထုလည်းတူတယ် ယှဉ်ပုံယှဉ်ခြင်းလည်းတူတယ်၊ အဲဒါ **'သမ္ပယောဂ နည်း'**။ **'ဧကုပ္ပါဒ ဧကနိရောဓ ဧကာရမ္မဏ'**၊ **'ဧကာရမ္မဏ-** စိတ်နဲ့တူတဲ့အာရုံလည်းရှိရတယ်၊ **ဧကုပ္ပါဒ-** စိတ်၌တကွဖြစ်တယ်၊ **ဧကနိရောဓ**- စိတ်နဲ့တကွ ချုပ်သွားတယ်'၊ ချုပ်တာဟာလည်း **'စိတ်'** ဖြစ်ရမယ်၊ ခေါင်းလှည့်တာဟာ **'စိတ်'** မဟုတ်ဘူး၊ ခေါင်းလှည့်တယ်၊ လှုပ်တယ် ဆိုတာ- **'ရုပ်'**၊ အဲလိုကို သေချာသိရတယ်၊ လှည့်လိုက်တယ်ဆိုတာဟာ လှုပ်တာဟာ **'ရုပ်'**၊ **'စေတသိက်'** မဟုတ်ဘူး။

### စိတ်ကသိရုံပဲသိတယ်

**'စေတသိ** - စိတ်၌၊ **ဘဝင်**-ဖြစ်သည်တည်း၊ **စေတသိကံ**- စိတ်၌ဖြစ်သည်'။ **'စိတ္တာနု ပရိဝတ္တိနော ဓမ္မာ-** စိတ်နဲ့အတူ ဖြစ်သွားတယ်'၊ **'စိတ်နဲ့အတူ'**ဆိုတာ စိတ္တဇရုပ်ကလည်း လက်သီးနဲ့ ထိုးလိုက်ရင် ချက်ချင်းရောက်သွားတယ်၊ 'တယ်' ဆိုတာနဲ့ ဒီလိုထိုးလိုက်လို့ ရှိရင် **'စိတ်နဲ့အတူ'**ဖြစ်တာ၊ **'ရုပ်'**ကလည်း အတူဖြစ်တယ်၊ **'စေတသိက်'** ကလည်းအတူဖြစ်တယ်၊ **'ရုပ်'**က စိတ္တဇရုပ် မတူဘူး၊ လှုပ်တယ် လှည့်တယ် မော့တယ် ငုံ့တယ်၊ အဲဒါ **'ရုပ်'** ခေါ်တယ်။

**'စေတသိက်'** က ရုပ်မဟုတ်ဘူး၊ **'စိတ်'**က သိရုံပဲသိတယ်၊ 'အဲဒီလိုသိတာ ဆရာ ဘယ်လိုအကျိုးရှိသတုံး' ဆိုတော့ **'သိရုံပဲသိတယ်'**ဆို ဒေါသမထွက်ဘူး၊ သို့မို့ဒေါသထွက်တယ်၊ သိရုံမသိတော့ **'ငါ'** သိတယ်၊ အဲဒါကို ဂရုစိုက်ရတယ်။ **'ငါ'** သိတာ ဖြစ်သွားတယ်။ **'သိရုံသိရင်၊ 'ငါ'** သိတာမဖြစ်ဘူး၊ **'စိတ်'** သိတာဖြစ်တာ၊ ဒ့ါကြောင့်၊ **'ဉ္ဉတိ ဝိညာဏံ-** ဤဟာဝိညာဏ်၊ **ဉ္ဉတိဝိညာဏာ သမုဒယော-** ဤဟာဝိညာဏ် ဖြစ်ကြောင်း'။

မြတ်စွာဘုရား တရားကအလွန် လေးစားရတယ် လေးနက်တယ်၊ အဲဒါကြောင့် **'စိတ်နဲ့စေတသိက်'**၊ **'ခံပြင်းတယ်'**၊ အဲဒါ ဘာတုံး **'စေတသိက်'**၊ **'ကြားတယ်၊ ခံပြင်းတယ်'**၊ ကြားတာကဘာတုံး(စိတ်ပါဘုရား)၊ ခံပြင်းတာကဘာတုံး (စေတသိက်ပါဘုရား)၊ အဲဒီလို ကွဲရမယ်၊ ဒါက အကုသိုလ်မို့လို့၊ **'ကြားတယ်၊ သဘောကျတယ်'**၊ ကြားတာဘာတုံး (စိတ်ပါဘုရား)၊ သဘောကျတာဘာတုံး (စေတသိက်ပါဘုရား)၊ အဲဒီလို --အဲဒီလို၊ **'ကြားတယ်၊ ခင်တယ်'**၊ ကြားတာဘာတုံး (စိတ်)၊ ခင်တာဘာတုံး (စေတသိက်)၊ အဲဒီလို ကွဲရမယ်။

### မြင်ရင်မြင်ရုံ ကြားရင်ကြားရုံ

**'ရုပ်'**ကတော့ လှုပ်တာ၊ **'စေတသိက်'** က သဘောကျတာ ဒီလိုမသိဘဲနဲ့၊ ကြားရင်

www.burmeseclassic.com

www.burmeseclassic.com



ကြားရုံ မြင်ရင်မြင်ရုံအတိုင်း မသိနိုင်ဘူး၊ **'ဝိညာဏေ ဝိညာဏမတ္တံ'** ဆိုတာ အဲဒီလိုဟာမျိုး၊ ဒီလို သာမညလေး မဟုတ်ဘူး၊ အဲဒီလို ကွဲရတယ်။ **'ဝိညာဏ်နာမ်ရုပ်'**၊ ဝိညာဏ်နဲ့ နာမ်နဲ့ ခွဲရမယ်၊ အဲဒီလိုခွဲ၊ ဒါမှ သိတော့သိတယ် မကြိုက်ဘူး၊ သိတော့သိတယ် ကြိုက်တယ်၊ ကြိုက်တာက **'ရဇ္ဇန'**၊ ကြိုက်တာက ဘာတုံး (ရဇ္ဇနပါဘုရား)၊ မကြိုက်ဘူးက ဘာတုံး **'ဒုဿန'**၊ မကြိုက်ဘူးက ဘာတုံး (ဒုဿနပါဘုရား)၊ ပြစ်မှားတယ် မလိုချင်ဘူး ဟုတ်လား၊ ငြိုးတယ် မုန်းတယ်၊ အဲဒါက **'စေတသိက်'**၊ ငြိုးတယ် မုန်းတယ်ကဘာတုံး (စေတသိက်ပါဘုရား)၊ **'စေတသိက်'** မှန်းမသိတော့ 'ငါငြိုးတယ်' ဖြစ်သွားတယ်။

**'ဝိညာဏ် နာမ်ရုပ်'** နှစ်ခုတည်းနဲ့ ပထမတန်းဖြစ်တဲ့ဟာတွေ၊ အဲဒီလို မသိလို့ရှိရင် **'ဝိညာဏ်'** ကလည်း **'ငါ'**၊ **'နာမ်'**ကလည်း **'ငါ'**၊ **'ရုပ်'** ကလည်း **'ငါ'** ဆိုတော့ **'ဒိဋ္ဌိ'** လွတ်သေးလား (မလွတ်ပါဘူးဘုရား)၊ **'ဒိဋ္ဌိ'** မလွတ်တော့ ဘယ့်နှယ်လုပ် သံသရာလွတ်မတုံး အဲဒီလိုဟာမျိုး၊ အဲဒါလေးကို ဂရုစိုက်ရတယ်။

**စိတ်နဲ့ စေတသိက်ကွဲရင် မဂ္ဂဖြစ်တယ်**

**'ဝိညာဏ် နာမ်ရုပ်'** --ဆိုစမ်း (ဝိညာဏ် နာမ်ရုပ်)၊ **'စေတသိက်မူ နာမ်ဟုယူ ရုပ်မူကမ္မဇာ'**၊ **'စေတသိက်'** ကို နာမ်လို့ခေါ်တယ်၊ **'သိတာကနာမ်'**၊ **'သိတာကနာမ်'** လို့ဆိုတာက **'သိတာ'**က ဝိညာဏ်၊ **'စေတသိက်'** က နာမ်၊ အဲဒီ **'နာမ်'** မဖြစ်အောင်လို့ ရိပ်မိလား၊ **'စိတ်'**နဲ့လည်းသူက **'ဧကုပ္ပါဒ ဧကနိရောဓ ဧကာရမ္မဏ'**၊ **'ဧကာရမ္မဏ -** စိတ်နဲ့တူတဲ့ အာရုံရှိတယ်၊ **ဧကုပ္ပါဒ** - စိတ်နဲ့အတူ ဖြစ်တယ်'၊ ကြားတာနဲ့ ကောင်းတာနဲ့အတူ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ မကောင်းဘူးလို့ဆိုရင် ထပြန်တယ်၊ ဘာမှတ်လို့တုံး အဲလိုဟာတွေ၊ အဲလိုထပြန်တယ်ဆိုတာ ဘယ်သူတုံး (စေတသိက်ပါဘုရား)။ **'စေတသိက်'** ဆိုတာ **'ဒုဿန'**၊ ဘာခေါ်တုံး (ဒုဿနပါဘုရား)၊ 'ပြစ်မှားခြင်း လက္ခဏာ' ရှိတယ် ဟုတ်ကဲ့လား၊ အဲဒီလိုသိတာမျိုး၊ ဒါကြောင့် နှစ်လုံးတည်းနဲ့ ဟန်တဲ့ဟာမျိုး။

**'စိတ် စေတသိက် ကွဲအောင်ကြိတ်'** ဆို--(စိတ် စေတသိက်ကွဲအောင်ကြိတ်)၊ ကွဲပြီလား (မကွဲပါဘူးဘုရား)၊ အဲဒီလိုမကွဲပဲနဲ့ ကိုယ့်ကိုယ်ကိုတတ်တယ် ပြုတယ်လည်း မလုပ်ရဘူး ဟုတ်ကဲ့လား၊ မာနကြီးတယ်ခေါ်တယ်၊ ဟုတ်ကဲ့လား၊ မတတ်ဘဲနဲ့ အတတ်လုပ်တယ် ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ မသိဘဲနဲ့ အသိလုပ်တယ်၊ ဒါ **'သဘာဝအသိ'** ဘာခေါ်တုံး (သဘာဝအသိ ပါဘုရား)၊ **'သဘာဝအသိ'** ခေါ်တယ်။ **'သဘာဝ'**ဆိုတာဘာတုံး **'ပရမတ်'**၊

www.burmeseclassic.com

www.burmeseclassic.com



**'သဘာဝ'** ဆိုတာဘာတုံး (ပရမတ်ပါဘုရား)၊ **'ပရမတ္ထ ဉာဏဿ အတ္တော ဂေါစရော'**ဆိုတာ **'မြတ်သော ဉာဏ်ရဲ့ အာရုံ'၊** ဘာရဲ့ အာရုံတုံး (မြတ်သောဉာဏ်ရဲ့အာရုံပါဘုရား)၊ အကုသိုလ်က မယုတ်ဘူးလား (ယုတ်ပါတယ်ဘုရား)၊ အဲဒီလို ကွဲကွဲပြားပြား သိအောင်လုပ် ဟုတ်ကဲ့လား။ **'ဝိညာဏ်၊ နာမ်ရုပ်'၊ 'ဤဟာဝိညာဏ်၊ ဤဟာနာမ်၊ ဤဟာရုပ်'၊** အဲလို ကွဲရမယ်။

**ဝိညာဏ် နာမ်ရုပ် ကွဲရမယ်**

**'ဤဟာဝိညာဏ်'၊ 'ဝိညာဏ်'** သိရဲ့လား၊ **'ဝိညာဏ်'**ဘာတုံး၊ မြင်ရုံ ကြားရုံ၊ ဟုတ်တယ် မဟုတ်လား၊ **'မြင်ရုံ ကြားရုံ နံရုံ စားရုံ ထိရုံ သိရုံ'၊** ရိုပ်မိပြီလား သိရုံသိရတယ်၊ အဲဒါ **'ဝိညာဏ်'**။ **'စိတ်ဆိုးတယ်၊ စိတ်ညစ်တယ်'**၊ အဲဒါဘာတုံး (စေတသိက်ပါဘုရား)၊ **'စေတသိက်'**၊ အဲဒီလို သိရတယ်။ သို့မို့လို့ဆိုရင်၊ **'စိတ်ဆိုးစိတ်ညစ် ကိုယ့်ကြောင့်ဖြစ် ပယ်ပစ်သူတကာ'** အဲဒီဟာ နှစ်လုံးတည်းနဲ့ အဲလိုဟန်နိုင်တဲ့အကြောင်း၊ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ **'ဝါဂွမ်းနှစ်ခု ကောက်၍ထု နာမှုမရှိ ဥပေက္ခာ'** အဲဒါကို ဘာမှတ်တုံး **'စိတ်နဲ့ စေတသိက်'** ကွဲအောင် လုပ်ပေးတာ၊ ဘာလုပ်တာတုံး (စိတ်နဲ့ စေတသိက်ကွဲအောင် လုပ်ပေးတာပါဘုရား)။ **'စိတ်နဲ့ စေတသိက်'**ကွဲရင် ဘယ်လို ဖြစ်သတုံး **'မတ္တ'** ဖြစ်တယ်။ **'စိတ်နဲ့ စေတသိက်'** ကွဲရင် ဘယ်လို ဖြစ်တုံး (မတ္တဖြစ်ပါတယ်ဘုရား)။

**အာရုံနဲ့စိတ် ကွဲအောင်ကြိုတ်**

**'ဝိညာဏ် နာမ်ရုပ် ပုံကိုနုတ်၍ နာမ်ရုပ်ပီပြင်'။**

**'ပုံ'** လည်းရှိတယ်၊ **'နာမ်'**ထဲမှာ ပုံပါတယ်။ **'နာမ်'**ထဲမှာ ဘာပါသတုံး (ပုံပါပါတယ်ဘုရား)။ **'ရာဂ'** ဖြစ်တယ်ဆိုတာ ဘယ်လို ပုံတုံး၊ သိရဲ့လား၊ ပုံကြီးနဲ့ပဲ။ **'ရာဂ'** ဖြစ်ရင် ဘာနဲ့တုံး (ပုံကြီးနဲ့ပါဘုရား)။ အဲလို ဆရာ မပြောတော့ မသိတော့ အဲလိုဖြစ်တယ်။ သိတော့ **'ရာဂ'** ဖြစ်မှန်းသိတယ်။ **'ပုံ'** နုတ်လိုက်တော့ ရာဂဖြစ်သေးသလား (မဖြစ်တော့ပါဘူးဘုရား)။ **'ရာဂနဲ့ ပုံနဲ့'**ဟာ မတူဘူးလား တူသလား (တူပါတယ်ဘုရား)။ အဲဒါ **'အာရုံ'** ခေါ်တယ်။ **'ကေပ္ပါဒ -** စိတ်နဲ့တကွဖြစ်ခြင်း၊ **ကေနိရောဓ -** စိတ်နဲ့တကွ ချုပ်ခြင်း၊ **ကောရမ္မဏ -** စိတ်နဲ့တူသော အာရုံ'၊ အဲဒီ **'စိတ်နဲ့တူတဲ့ အာရုံ'** က **'စေတသိက်'**က လုပ်ပေးလိုက်တဲ့ **'အာရုံ'** ဖြစ်သွားတယ်၊ **'စိတ်'**ကတော့ ဒီအတိုင်း ဒီအတိုင်းပဲ၊ ရိပ်မိရဲ့လား ရိပ်မိအောင်လို့ ပြောနေတာ။ **'ရာဂ'** ဖြစ်တဲ့ နေရာမှာ **'စိတ်'** ကအာရုံကို လုပ်လိုက်တယ်။ **'လောဘက ရာဂ'**၊ ဒီလိုမကွဲလို့၊ ကွဲလိုက်တာနဲ့ တပြိုင်နက်တည်း ပထမတန်းဖြစ်သွားတယ်၊ ဟုတ်တယ် မဟုတ်လား။ **'ရာဂနဲ့ အာရုံ'**၊

www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိပြီလား၊ **'အာရုံ'**က အာရုံပဲ၊ **'ရာဂ'**က ရာဂပဲ၊ **'အဲဒီအာရုံကြောင့် အဲဒီရာဂဖြစ်တယ်'**၊ ဘာတုံး ဆိုလိုက်စမ်း (အဲဒီအာရုံကြောင့် အဲဒီရာဂဖြစ်တယ်)၊ **'စိတ်နဲ့တူသော အာရုံ၊ စိတ်နဲ့တူသော ဝတ္ထု'**။ အဲဒီ **'စိတ်'**က ဘယ်မှာဖြစ်တုံးဆို **'မနော'** မှာဖြစ်တယ်။ အဲဒီ **'စိတ်'** က ဘယ်မှာဖြစ်တုံး (မနောမှာဖြစ်တယ်)။ **'လောဘ'**က မနောမှာ ဖြစ်တယ်၊ **'မျက်စိ'**မြင်တာက စက္ခုမှာဖြစ်တယ်၊ **'လိုချင်တာ'**က ရာဂ မနောမှာဖြစ်တယ်၊ **'စိတ်ဆိုးတာ'**ကလည်း မနောမှာဖြစ်တယ်၊ မြင်တာနဲ့ စိတ်ဆိုးတာနဲ့ကွဲပြီလား (ကွဲပါပြီဘုရား)။ အဲဒီလို ကွဲရတယ်၊ အဲဒါကြောင့် **'သာမည'** မလုပ်နဲ့၊ **'သာမည'** မနာနဲ့၊ ဟုတ်တယ်မဟုတ်လား အဲလိုပြောရတာ။

**'ဝိညာဏ်၊ နာမ်ရုပ်၊ ဤဟာဝိညာဏ်၊ ဤဟာနာမ်၊ ဤဟာဝေဒနာ၊ ဤဟာသညာ၊ ဤဟာသင်္ခါရ'**၊ **'ဝေဒနာ'**နဲ့ **'သညာ'**က တစ်မျိုးစီ။ **'သညာ'**က **'အာရုံ'**နဲ့ မှတ်သိတယ်။ **'ရာဂ'** ဖြစ်ရင် အဲဒီ**'အာရုံ'**နဲ့ မမှတ်မိဘူးလား (မှတ်မိပါတယ်ဘုရား)။ မမှတ်မိရင် အဲဒီ**'ရာဂ'** မဖြစ်ဘူး၊ အဲဒီလို လုပ်ရတယ်ဆိုတာမှတ်မိမှ **'ရာဂ'** ဖြစ်တယ်။ အဲဒီလို ဂရုစိုက်ရတယ်။ ဒါမှ ဒါက **'စေတသိက်'**၊ **'ရာဂ'**က ဘာတုံး စေတသိက်၊ **'ရာဂ'** ကဘာတုံး (စေတသိက်)။

**'စိတ်'**က ဒီအတိုင်းပဲဆိုတာ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)။ **'စိတ်နဲ့ ရာဂ'**ကွဲပြီလား (ကွဲပါပြီဘုရား)။ ဒါ့ကြောင့် **'ဤဟာသင်္ခါရ'** ဆိုလိုက်စမ်း (ဤဟာသင်္ခါရ)၊ အဲဒီလို ရှုရတာ **'ဤဟာသင်္ခါရ'** ဒါတွေပဲ။ ငါ့စိတ်ထဲဖြစ်တာသင်္ခါရ ရောင်းတာ၊ ဝယ်တာတွေဘာတွေပေါ့၊ ပြုပြင်တာ အဲဒါသင်္ခါရတွေပဲ။ **'ဆန်တွေ'** ဘာတွေဟာ ဘာတွေလဲ **'သညာ'**။ မျက်စိက မြင်တာ **'ဆန်'** မဟုတ်ဘူး မြင်ရုံပဲ မြင်တယ်။ ဖြူတာပဲ မြင်တယ်။ **'မျက်စိ'** က ဘယ်လိုမြင်တုံး ဆန်ကို မြင်ရင် (ဖြူတာ မြင်ပါတယ်ဘုရား)။ ကဲ ရိပ်မိပြီလား။ ပေါ်ဆန်းမွှေးတို့ ဒီပြင်ငစိန်ကြီးတို့ ဘာတို့ဆိုတာက ဘာနဲ့မြင်တာတုံး **'သညာ'** နဲ့မြင်တာ၊ ဘာနဲ့မြင်တာတုံး (သညာနဲ့မြင်တာပါ ဘုရား)။ အဲဒီလို မကွဲဘူးလား ကွဲသလား (ကွဲပါတယ်ဘုရား)။ အဲဒီလို ဂရုစိုက်ရတယ်။

ဒါကြောင့် **'ဤဟာဝိညာဏ်၊ ဤဟာသညာ'**၊ **'ဤဟာ ဝိညာဏ် ဖြစ်ကြောင်း'** က--- **'ဖြစ်ကြောင်း'** ရှိသေးတယ်။ **'ဖြစ်ကြောင်း'** က **'ဤဟာဆန်'** (ဤဟာဆန်)၊ **'ဆန်'** လို့သိတာနဲ့ **'ပထဝီ'** လို့သိတာနဲ့ တူသေးသလား (မတူတော့ပါဘူးဘုရား)။ ကဲ **'ပထဝီ'** ဆိုတာ **'ဆန်'**၊ ကိုင်ကြည့်တော့ မာတဲ့ဟာက **'ပထဝီ'** မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ **'ဆန်'** ဆိုတာက ဘာတုံးဆိုတော့ **'သညာ'** ဖြစ်သွားတယ်။ ဆန်ဆိုတာဘာတုံး (သညာပါဘုရား)။ **'မာတယ်'** ဆိုတာ ဘာတုံး (ပထဝီပါဘုရား)။ **'ပထဝီ'** ဆိုတာဘာတုံး **'ပရမတ်'**၊ **'ပထဝီ'** ဆိုတာ ဘာတုံး

www.burmeseclassic.com

www.burmeseclassic.com



(ပရမတ်ပါဘုရား)၊ **'ပရမတ်'**ဆိုတာ ဘာနဲ့သိတာတုံး **'ဉာဏ်'**နဲ့သိတာ၊ **'ဆန်'**ဆိုတာ ဘာနဲ့သိတာတုံး (သညာနဲ့သိတာပါဘုရား)။ အဲဒီလို ကွဲတယ်။ အဲဒီလို ဆရာကပြောတော့မှ သိတယ်။ အဲဒါလည်း ဘုရားကပြောလို့ ဟုတ်ကဲ့လား။

**ဤဟာဝိညာဏ်၊ ဤဟာနာမ်၊ ဤဟာရုပ်၊ ဤဟာသညာ၊ ဤဟာဝေဒနာ၊ ဤဟာစေတနာ၊ ဤဟာဝိတက်၊ ဤဟာကာမဝိတက်၊ ဤဟာဗျာပါဒဝိတက်၊ ဤဟာဝိဟိံသာဝိတက်၊ ဤဟာအကုသိုလ်ဝိတက်၊ ဤဟာက္ကဿာ၊ ဤဟာမစ္ဆရိယ။**

ကောင်မလေးတစ်ယောက်မြင်တယ်၊ ကောင်မလေးအချင်းချင်း မြင်တယ်၊ နှုတ်ခမ်းကြီးမဲ့သွားတယ်၊ နှုတ်ခမ်းကြီးမဲ့တာဘာတုံး **'ရုပ်'**၊ နှုတ်ခမ်းမဲ့တယ်ဆိုတာသိလား၊ ကောင်မလေးအချင်းချင်းမြင်တယ်၊ ဗိုလ်မှူးကြီးသမီးက ဟိုကောင်မလေးက ဟိုကသွားရဲ့၊ ဒီက ဒီလို သွားတယ်၊ နှစ်ယောက်ချင်းဆုံလိုက်တာ၊ ဟာ မျက်ခွက်ကြီးက အရင်ကလှနေတာ မလှတော့ဘူး၊ မဲ့သွားတယ်။ ငါကဒီကကြည့်နေတာ၊ ဟိုကောင်မလေးက ဟိုကသွားတယ်၊ ဒီကောင်မလေးက ဒီကသွားတယ်၊ ဟုတ်တယ်၊ သူတို့ နှစ်ယောက်ချင်း ဆုံလိုက်တဲ့အခါ မဲ့သွားတယ်၊ အဲဒါဘာတုံး - **'က္ကဿာ မစ္ဆရိယ'** ဟုတ်ကဲ့လား၊ သို့မို့ မျက်နှာလေးလှလှလေးလာကြတာပဲ။ ဟိုကလည်း လှတာပဲ၊ ဒီကလည်း လှတာပဲ၊ သူတို့ချင်းဆိုင်တဲ့အခါကျ မလှကြီးဖြစ်သွားတယ်။ အဲဒါ မလှတာ ဘာတုံး စေတသိက်၊ မလှတာဘာတုံး (စေတသိက်ပါဘုရား)၊ အဲဒီလို ---

**စိတ် စေတသိက် ကွဲအောင်ကြိတ် တိဟိတ် မင်္ဂခေါ်ပေ။**

**အာရုံနဲ့စိတ် ကွဲအောင်ကြိတ် တိဟိတ် မင်္ဂခေါ်ပေ။**

**အာရုံနဲ့တွဲ စိတ်ကိုခွဲ မနည်းကြိုးစားလေ။**

**'အာရုံ'**ကို ပြောင်းပစ်ရတယ်။ အဲဒီလိုဆိုင်ပြီဆို 'မေတ္တာ' 'မေတ္တာ' နဲ့ ဆိုချင်ဆို၊ ဟုတ်ကဲ့လား။ လူမဟုတ်ဘူး ယောကျ်ားမဟုတ်ဘူး မိန်းမ မဟုတ်ဘူးလို့ ဆိုချင်ဆို၊ 'ဤဟာ ဝိညာဏ်'လို့ ဆိုချင်ဆို၊ အဲလိုဆိုမှ အဲဒီဟာ တည့်သွားတယ်။ သို့မို့ရှိရင် ဟိုနားထိအောင် ဟိုတစ်ယောက်နဲ့ တွေ့မှပဲ သူ့မှာအကောင်း ဖြစ်သွားတယ်။ ဟိုတစ်ယောက်နဲ့မတွေ့ရင် အကောင်းမဖြစ်သေးဘူး။ ဟိုမှာလည်း အဲလို အလှချင်းတူမယ်ဆို အမဲ့ချင်းဆိုင်ပြန်ရော။ နတ်ပြည်လည်းဖြစ်တယ်၊ အဲလို ကြောင့်ကြလိုက်ရင် တစ်ခါတည်း ငရဲရောက်သွားရော။ ဟုတ်တယ် နတ်ဆိုတာ စိတ်ပဲရှိတာ။ **'စိတ်' 'ဝိပါက် စိတ်'** က နတ်ခေါ်တယ်။ တစ္ဆေတို့ ဒါကြောင့် တစ္ဆေတွေ ရွတ်လိုက်လို့ရှိရင် ထွက်ပြေးတာ၊ အုတ်ခဲနဲ့တိုက် သေတာ သေတယ်၊ ဂါထာမရွတ်လိုက်နဲ့၊ ဒီလို ရွတ်ရင်သေဟာယ်၊

www.burmeseclassic.com

www.burmeseclassic.com



သေရင် သူတကာ့စေတနာပါလို့ရှိရင် ကိုယ်ငရဲရောက်တယ်၊ အဲဒီလိုမှတ်ထား။

**စိတ်နဲ့စေတသိက် ကွဲအောင်ကြိုတ်**

**'ဤဟာ ဝိညာဏ်'**၊ **'ဝိညာဏ်'** သိပြီလား (သိပါပြီဘုရား)။ မြင်ရုံမြင်တယ် မမှဲ့ဘူး။ အဲဒီလိုဆိုရင် တရားမရဘူးလား ရသလား (ရပါတယ်ဘုရား)၊ ရတယ်။ ဒါကြောင့် **'ဝိညာဏ် မတ္တ'** ဖြစ်သွားတယ်၊ **'သိကာ မတ္တ'** ဖြစ်သွားတယ်။ ရဇ္ဇန ဒုဿန မရှိတော့ဘူးတဲ့၊ **'ဇော'** ဖြစ်သွားတယ်၊ အဲဒါ **'ဝီထိ'** သိတာ။ တရားဆိုတာ အဲဒီလိုသိရင် အဲဒီလိုဟန်တယ်လို့ပြောတာ၊ ဒါပြောတာ။ အခုတော့ ရမ်းသန်း ပမ်းသန်း သူတကာယောင်လို့ ဆိုတာလည်း မဖြစ်ရဘူး၊ ဟုတ်တယ် မဟုတ်လား။ အဲဒီလို ကိုယ့်ဟာကိုယ် သိရမယ်။ သာမညလေး၊ ဆရာကပြောတာ နာရုံလောက်လေး၊ ဂါထာလေး သာခု သာခု ခေါ်ရုံလောက်လေးမဟုတ်ဘူး။ ပထမတန်းဖြစ်မှ ဟုတ်ကဲ့လား။ **'ဝိညာဏ်နဲ့ နာမ်နဲ့'** ကွဲပြီလား (ကွဲပါပြီဘုရား)၊ ကွဲရင်ဟန်တယ်။ ငြိုးစရာကြီး မြင်တော့ မြင်တယ် မြင်တာနဲ့ ငြိုးတာနဲ့၊ ခုနတုန်းက ငြိုးစရာဖြစ်သွားတယ်။ စင်စစ်ကငြိုးစရာ မဟုတ်ဘူး။ **'အဆင်း'**ဆိုတာ ဘာတုံး ရူပါရုံ၊ **'အဆင်း'** ဆိုတာဘာတုံး (ရူပါရုံပါဘုရား)။

**'ဤဟာရုပ်'**၊ အဲဒီလိုဆိုမှ မှန်တယ်။ **'ရုပ်'** လို့မဆိုဘဲနဲ့ **'အဆင်းကြီး'** လူဖြစ်နေရင် မှန်ရဲ့လား (မမှန်ပါဘူးဘုရား)။ အဲဒီနေရာမှာ၊ **'ပစ္စုပ္ပန်ကာလ နာမ်ရုပ်'**၊ **'ပစ္စုပ္ပန်ကာလ ဒုက္ခသစ္စာ'**၊ **'အဝိဇ္ဇာ တဏှာ'**၊ အဲဒီ **'အဝိဇ္ဇာ တဏှာ'**မရှိအောင် မြင်တဲ့ဟာမျိုး ရိပ်မိပြီလား။ အဲဒီမြင်တာထဲမှာ **'အဝိဇ္ဇာ တဏှာ'**ပါတယ်။ ကြားတာထဲမှာ **'အဝိဇ္ဇာ တဏှာ'** ပါတယ်။ **'ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ပစ္စုပ္ပန်ကာလ၊ ဒုက္ခသစ္စာ'**၊ **'အဝိဇ္ဇာ တဏှာ'**၊ မြင်တာထဲမှာ **'အဝိဇ္ဇာ တဏှာ'**ပါတယ်။ **'အဝိဇ္ဇာ တဏှာ'** မပါအောင် ကြည့်တဲ့နည်း ရိပ်မိ ရဲ့လား။ ဒါကြောင့် **'စိတ်နဲ့ စေတသိက်'** ကွဲရင် **'အဝိဇ္ဇာ'** မပါဘူး၊ သို့မဟုတ်ရင် **'အဝိဇ္ဇာ'** ပါတယ်။ **'အဝိဇ္ဇာ တဏှာ'** ပါတယ်။ **'တဏှာ'**က လိုချင်တယ် မလိုချင်ဘူးလား (လိုချင်ပါတယ် ဘုရား)။ **'အဝိဇ္ဇာ'**က **'လူ'** လို့မှတ်တယ်။ **'အဝိဇ္ဇာ'**ကဘာတုံး (လူလို့မှတ်ပါတယ်ဘုရား)။ **'တဏှာ'**က ဘာလို့မှတ်တုံး လိုချင်တယ်။ ခုနတုန်းကတော့ မုန်းသွားတယ်။ ခုနတုန်းက ဘာဖြစ် သွားတုံး (မုန်းသွားပါတယ် ဘုရား)။ **'ဒေါသ'** ဖြစ်သွားတယ်၊ **'ဒုဿန'** ဖြစ်သွားတယ် ရိပ်မိရဲ့လား (ရိပ်မိပါတယ်ဘုရား)။ တရားဆိုတာ အဲဒီလို နာမှမှတ်တာ၊ ဂရုစိုက်ရတယ် ဟုတ်ကဲ့လား။

**'မြင်တာ'** နဲ့ **'မုန်းတာ'**နဲ့ တူသလား (မတူပါဘူးဘုရား)၊ မတူတာကို မတူဘူးလို့ ထားရတယ် ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ **'မုန်းတာ'** ကောင်းသလား ဆိုးသလား (ဆိုးပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား)။ **‘ဆိုးတယ်’**ဆိုတာ အကုသိုလ်မဟုတ်လား (ဟုတ်ပါတယ်ဘုရား)။ **‘ကုသလာ ကုသလံ ဖယာံ’**၊ အဲဒီလို **‘ကုသိုလ် အကုသိုလ်’**ကိုတောင်ပယ်ရဦးမယ့် ဟာတွေ ဟုတ်တယ်မဟုတ်လား။ ဒီလို ဒါတွေမက်နေလို့ မဖြစ်တော့ဘူး ဟုတ်ကဲ့လား၊ မက်နေရင် ဟိုဘဝရောက်မှာ၊ မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။ အခုဟာက **‘အဝိဇ္ဇာ’** ဆိုတာ ကောင်းသလား (မကောင်းပါဘူးဘုရား)။ **‘တဏှာ’** ဆိုတာ ကောင်းသလား (မကောင်းပါဘူးဘုရား)။ အဲဒီ **‘ဒုက္ခသစ္စာ’** ဆိုတာ ကောင်းသလား (မကောင်းပါဘူးဘုရား)။ အဲဒီထဲမှာပါနေတယ်။

**‘ပစ္စုပ္ပန် ဝိညာဏ် နာမ်ရုပ်’**၊ **‘ဝိညာဏ် နာမ်ရုပ်’**ဟာ **‘ပစ္စုပ္ပန်’**ထဲမှာ ရှိနေတယ်။ **‘ဝိညာဏ် နာမ်ရုပ်’**ဟာ ဘာထဲမှာ ရှိနေတယ် (ပစ္စုပ္ပန်ထဲမှာရှိပါတယ်ဘုရား)၊ **‘ပစ္စုပ္ပန်’**ထဲမှာ ဘာသစ္စာဖြစ်နေတုံး ဒုက္ခသစ္စာ။ **‘ဒုက္ခသစ္စာ’**ဟာ ဘယ်ဟာနဲ့လာတုံး တဏှာနဲ့ လာနေတယ်။ **‘အဝိဇ္ဇာ တဏှာ’**နဲ့ လာနေတယ်။ အဲဒါကို **‘ဤဟာဒုက္ခသစ္စာ’** ဆို (ဤဟာဒုက္ခသစ္စာ)။ အဲဒီလို ဆို ဆို သွားရတယ် ဒါမှ ဒုက္ခသစ္စာမှန်းသိမယ်။ **‘ပစ္စုပ္ပန်ကာလဒုက္ခသစ္စာ’**၊ **‘ပစ္စုပ္ပန်’** ဆိုတာဘာတုံး (ဒုက္ခသစ္စာပါဘုရား)။ **‘ပစ္စုပ္ပန်’** ဆိုတာ ဘာတုံး နာမ်ရုပ်၊ **‘ပစ္စုပ္ပန်’**ဆိုတာ ဘာတုံး (နာမ်ရုပ်ပါဘုရား)။ **‘နာမ် ရုပ်’** လည်း ဟုတ်တယ်။ **‘ဒုက္ခသစ္စာ’**လည်း ဟုတ်တယ်။

**‘ပစ္စုပ္ပန်’**ဆိုတာ ဘာတုံး **‘ဝိညာဏ်၊ နာမ်ရုပ်’**၊ **‘ပစ္စုပ္ပန်’** ဆိုတာ **‘အဝိဇ္ဇာ၊ တဏှာ’**၊ လေးခုဖြစ်တယ်၊ အဲဒါ မဖြစ်အောင်သင်ပေးရတာ ပထမတန်းဖြစ်အောင် သင်ပေးရတာ။ **‘ဝိညာဏ်၊ နာမ်ရုပ်၊ ပစ္စုပ္ပန် ၊ ဒုက္ခသစ္စာ ၊ အဝိဇ္ဇာတဏှာ’**၊ အဲဒီ **‘ဝိညာဏ်’**ဟာ **‘တဏှာ’** ထဲလည်းပါတယ်၊ **‘အဝိဇ္ဇာ’** ထဲလည်းပါတယ်၊ ရိပ်မိလား **‘ဝိညာဏ်’**ဆိုတာ ဘာထဲပါတုံး **‘အဝိဇ္ဇာ တဏှာ’** ထဲပါတယ်။ **‘ဝိညာဏ်’** ဆိုတာ ဘာထဲပါတုံး (အဝိဇ္ဇာ တဏှာထဲ ပါပါတယ် ဘုရား)။ **‘အဝိဇ္ဇာ တဏှာ’**ထဲပါတယ်၊ အခု**‘လူ’** မြင်လိုက်ရင် မလိုချင်ဘူးလား (လိုချင်ပါတယ် ဘုရား)။ အဲဒါ **‘တဏှာ’** ထဲပါတယ်။ **‘လူ’** လို့မမြင်ဘူးလား (မြင်ပါတယ်ဘုရား)။ အဲဒါ ဘာတုံး **‘အဝိဇ္ဇာ’**ထဲ ဖြစ်တယ်။ **‘အဝိဇ္ဇာ တဏှာ’** လူလို့မြင်တာ။

**အဝိဇ္ဇာမရှိ လူမရှိ ငြိမ်း၏ စိတ်ထဲမှာ။**

**အဝိဇ္ဇာရှိ လူတွေရှိ လှုပ်၏ စိတ်ထဲမှာ။**

ဒီက ပထမတန်းစပ်ထားတဲ့ဟာ **အဝိဇ္ဇာမရှိ လူမရှိ** (အဝိဇ္ဇာမရှိ လူမရှိ)၊ **‘လူ’**ဆိုတာ ဘာတုံး သိလား -**‘နာမ်’**၊ **‘လူ’**ဆိုတာဘာတုံး (နာမ်ပါဘုရား)။ **‘ဖောက်ပြန်တာ’**ဘာတုံး ရုပ်၊ **‘ဖောက်ပြန်တာ’** ဘာတုံး (ရုပ်)၊ **‘စေတသိက်’** မရှိဘဲ၊ **‘နာမ်’**မရှိဘဲ လူဖြစ်သလား (မဖြစ်ပါဘူး ဘုရား)။ ကဲ **‘စေတသိက်’** က လူလို့ မှတ်မထားဘူးလား (မှတ်ထားပါတယ်ဘုရား)။ မှတ်ထား

www.burmeseclassic.com

www.burmeseclassic.com



တာ ဘာတုံး **'နာမ်'၊ 'စေတသိက်'**။

**ပစ္စုပ္ပန်ကာလ ဒုက္ခသစ္စာ၊ သူ့အထဲ အမြဲ အဝိဇ္ဇာပါ**

ဒါကြောင့် အဲဒါကွဲအောင် ပြောနေတယ်။ **'စေတသိက်မူ နာမ်ဟုယူ'** ဒူဘိုင်းတို့ အမေရိကန်တို့ တရုတ်တို့ဆိုတာ ဘာတွေတုံး (နာမ်တွေပါဘုရား)။ **'နာမ်တွေ'** ဖြစ်တော့ ကဲ **'နာမ်'**ဟာ ပစ္စုပ္ပန်မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ အဲဒီ **'နာမ်'** သိတာ အဝိဇ္ဇာလား၊ ဝိဇ္ဇာလား (အဝိဇ္ဇာပါဘုရား)။ **'အဝိဇ္ဇာ'** ဖြစ်တော့ **'တဏှာ'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ သွားချင်တာတွေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ အဲဒီလို ပိုက်ဆံရတာတွေရော မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ အဲလိုဟာတွေ အဲလိုဟာတွေ။ ဒါတွေကို လွှန်မြောက်တယ် ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။

**'ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ ပစ္စုပ္ပန်ကာလ ဒုက္ခသစ္စာ၊ သူ့အထဲ အမြဲ အဝိဇ္ဇာပါ'**၊ အဲဒါ **'ပဋိစ္စသမုပ္ပါဒ်'** ရဲ့ ဂါထာပဲ၊ အဲဒီအထဲမှာပဲ **'အဝိဇ္ဇာ တဏှာ'** ပါတယ်၊ ရိပ်မိလား (ရိပ်မိပါတယ်ဘုရား)၊ **'ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ ပစ္စုပ္ပန်ကာလ ဒုက္ခသစ္စာ၊ သူ့အထဲ အမြဲ တဏှာပါ'** အဲဒီထဲမှာ **'တဏှာ'**နဲ့ **'အဝိဇ္ဇာ'** ပါနေတယ်၊ ဘာဖြစ်လို့ပါတုံးဆိုတော့ **'အာသဝ'** ရှိလို့။

**'အာသဝ သမုဒယာ အဝိဇ္ဇာ သမုဒယော'**၊ အဲဒီ **'အာသဝ'**က**'လောဘ ဒိဋ္ဌိ မောဟ'** ဆိုတဲ့ **'အာသဝေါ'** ပါနေလို့ သူ့မှာ အဝိဇ္ဇာ တဏှာပါနေတယ်၊ **'အာသဝေါ'** မရှိရင် အဲဒီအဝိဇ္ဇာနဲ့ တဏှာမရှိဘူး၊ ရိပ်မိလား (ရိပ်မိပါတယ်ဘုရား)၊ အဲဒါပထမတန်းဖြစ်အောင်လုပ်နေတာ ဟုတ်တယ်မဟုတ်လား (မှန်ပါ့ဘုရား)။

**'ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ ပစ္စုပ္ပန်ကာလ ဒုက္ခသစ္စာ၊ သူ့အထဲ အမြဲ အဝိဇ္ဇာပါ'**၊ အဲဒါ ပထမတန်းဖြစ်သွားတာပဲ၊ **'အဝိဇ္ဇာ'** မပါရင် **'ပဋိစ္စသမုပ္ပါဒ်'** ဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ **'အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော'** (အဝိဇ္ဇာ နိရောဓာ သင်္ခါရ နိရောဓော)၊ အဲဒီလို သင်ပေးလိုက်တော့ ပထမတန်းမကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။ အဲဒီလို ဖြစ်အောင်သင်တာ ဟုတ်တယ် မဟုတ်လား (ဟုတ်ပါတယ်ဘုရား)။ ဆိုလိုက်စမ်း (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ ပစ္စုပ္ပန်ကာလ ဒုက္ခသစ္စာ၊ သူ့အထဲ အမြဲအဝိဇ္ဇာပါ)၊ **'အမြဲအဝိဇ္ဇာပါတယ်'**ဆိုတော့၊ **'အမြဲအဝိဇ္ဇာ မပါအောင်'၊ 'လူတွေ'** မမြင်ခဲ့ **'အဆင်း'** မြင်ရတယ်၊ **'လူတွေ'** မမြင် ဘာတုံး (အဆင်းမြင်ရပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**'ဆဲတာမဟုတ် အသံဟုတ်၊ ဆဲတာဟုတ် အယုတ်တမာ'၊ 'ဆဲတာ'**မဖြစ်ရဘူး၊ **'ဆဲတဲ့အသံ'** မကြားရဘူး၊ **'သဒ္ဒါရ နိရောဓော'** ဟုတ်ကဲ့လား။ **'အသံ'** တော့ ကြားရတယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ **'မြင်'** တော့မြင်ရတယ်၊ **'မဲ့တာ'** မပါရဘူး (မှန်ပါ့ဘုရား)၊ အဲလို မှတ်ထား၊ အဲလိုဟာက **'ဉာဏ်တွေ'** များလာတဲ့အခါ ပေါ်လာတဲ့ အခါကျတော့ အဲလိုဖြစ်သွား တယ်၊ ဘုရားတောင် ဖြစ်သေးတာပဲ၊ ဒါ ဘုရားသင်ပေးတဲ့တရား နည်းတာ မဟုတ်ဘူး၊ အဲဒီဟာ သိရင်ဘုရားတောင်ဖြစ်တယ်၊ ဒါကြောင့် **'ပဋိစ္စသမုပ္ပါဒံ အနုလောမ ပဋိလောမံ မနသာကာသိ'**၊ **'ပဋိစ္စသမုပ္ပါဒံ-** ပဋိစ္စသမုပ္ပါဒ်ကို၊ **အနုလောမ ပဋိလောမံ-**အနုလုံပဋိလုံအပြန်အလှန်၊ **မနသာကာသိ-** နှလုံးသွင်းတော်မူ၏**'**။

မြတ်စွာဘုရား နှလုံးသွင်းတာ အဲလိုသွင်းတာတဲ့၊ ဒီလိုမသွင်းရင် မစုံဘူး၊ ကဲ စုံရဲ့လား (စုံပါတယ်ဘုရား)၊ **'ပစ္စုပ္ပန်'**မှာ အဝိဇ္ဇာပါမှန်းသိလား (သိပါတယ်ဘုရား)၊ အခုမပါအောင် သိရမယ်၊ သွားတာ**'ရုပ်'** ဟုတ်လား (မှန်ပါ့ဘုရား)၊ ထိုင်တာက ဘာတုံး (ရုပ်ပါဘုရား)၊ မြင်တာ ဘာတုံး (နာမ်ပါဘုရား)၊ မြင်တာနဲ့ ရုပ်နဲ့ ဟုတ်လား။ **'စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ စိတ်နဲ့တကွ ဖြစ်တဲ့ဝေဒနာ'**။ ဟိုက**'တကွ ဖြစ်တာ'**ကိုဆိုတာ၊ **'တကွ ဖြစ်တာ'** က **'သဟဇာတ နိဿယ'**၊ **'တကွ ဖြစ်တာ'** ဘာတုံး (သဟဇာတ နိဿယ)။

ဟိုက**'စိတ်ကြောင့် ဖြစ်တယ်'**ဆိုတာ **'သမုဋ္ဌာန်'၊ 'စိတ်ကြောင့် ဖြစ်တယ်'**ဆိုတာ ဘာတုံး (သမုဋ္ဌာနပါဘုရား)၊ **'သမုဋ္ဌာန်'**ဆိုတာ **'အကြောင်းကြောင့်ဖြစ်တဲ့အကျိုး'** ခေါ်တယ်၊ ဟုတ်ကဲ့လား၊ ဟိုက **'တကွ ဖြစ်တဲ့အကျိုး'** ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အဲလို **'မှီလို့ ဖြစ်တဲ့အကျိုး'**၊ ဒါတွေထားဦး။ ဆိုလိုက်စမ်း-**'ဝိညာဏ် နာမ်ရုပ်'** (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ ပစ္စုပ္ပန်ကာလ ဒုက္ခသစ္စာ၊ သူ့အထဲ အမြဲ အဝိဇ္ဇာပါ)၊ အဲဒါကို **'ပစ္စုပ္ပန်၊ ပစ္စုပ္ပန်'**လို့ ဆိုရင်လည်း အဲဒီ **'ဝိညာဏ် နာမ်ရုပ်'**ကို သိတယ်၊ **'ပစ္စုပ္ပန်'**မဟုတ်ဘဲနဲ့ ဟို**'အတိတ်တွေ'** လျှောက်တွေးနေပြီး မနေ့ကဘယ်လောက်မြတ်တယ်၊ ဟိုနေ့က ဘယ်လောက် မြတ်တယ်ဆိုတော့၊ ကဲ အဲဒါက **'ရုပ်နာမ်'**၊ ဟုတ်သေးလား (မဟုတ်တော့ပါဘူးဘုရား)။

**'လူတွေ'** ဖြစ်သွားတယ်၊ အဲဒါကို ခွဲပြောတာ၊ အဲဒါ **'သညာ'၊ 'ဤဟာ သညာ'** လို့ဆိုရင် မမှန်ဘူးလား (မှန်ပါတယ်ဘုရား)၊ **'ဤဟာသညာ'** ဟုတ်သေးလား **'ငါ'** ဟုတ်သလား၊ **'သညာ'**က ခန္ဓာ၊ **'ငါ'**က ဒိဋ္ဌိ၊ **'သညာ'**က ဘာတုံး (ခန္ဓာပါဘုရား)၊ **'ငါ'**ကဘာတုံး (ဒိဋ္ဌိပါဘုရား)၊ **'ဒိဋ္ဌိ'** ကပ်နေတယ်၊ အဲဒီ **'ဒိဋ္ဌိ'** ကိုခွာမှ **'ဒိဋ္ဌိ ဥစ္ဆိန္ဒနံ'** ခေါ်တယ်၊ **'ငါ'**ရောင်းတာမဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



**'ငါ'**ဝယ်တာ မဟုတ်ဘူး၊ **'နာမ်ရုပ်'** မဟုတ်ဘူးလား။

**'ပစ္စုပ္ပန်ကြီး'**က ရောင်းနေတာ၊ **'ပစ္စုပ္ပန်'**ဆိုတာ ဝိညာဏ်ရှိတော့ အသက်မရှိ ဘူးလား (ရှိပါတယ်ဘုရား)၊ **'ပစ္စုပ္ပန်ကြီး'** မရှိရင် မသေဘူးလား (သေပါတယ်ဘုရား)၊ သေလည်း သေတယ်၊ ဟိုဘဝလည်း မရောက်ဘူးဆိုရင်၊ ဒီ **'ဝိညာဏ်'** ဘယ်ရောက်တုံး (နိဗ္ဗာန် ရောက်ပါတယ်ဘုရား)၊ နိဗ္ဗာန်ရောက်မယ်၊ အလွန်နီးစပ်တဲ့ ဟာမျိုး၊ ဟုတ်ကဲ့လား (ဟုတ်ပါ တယ်ဘုရား)။ အဲဒါကို ပြောနေတာ၊ **'ပစ္စုပ္ပန်'** လို့ ဆိုချင်ဆို **'မြင်တယ်'**လို့ ဆိုချင်ဆို၊ **'ပစ္စုပ္ပန်'**၊ **'ပစ္စုပ္ပန်'** မမြင်ဘူးလား (မြင်ပါတယ်ဘုရား)၊ **'ပစ္စုပ္ပန်'** ဆိုနေရင်းမတ်တတ် ဒေါသမလာဘူး။ **'ပစ္စုပ္ပန် ပစ္စုပ္ပန်၊ မြင်တယ် မြင်တယ်'**၊ **'ပစ္စုပ္ပန် ပစ္စုပ္ပန်'**၊ **'ပစ္စုပ္ပန်'** ထဲမှာမြင်တယ်၊ **'အတိတ်'** ဖြစ်သွားရင် အဲဒီမြင်တာ မရှိတော့ဘူး၊ ရိပ်မိပြီလား (ရိပ်မိပါတယ်ဘုရား)၊ **'အတိတ်နဲ့ ပစ္စုပ္ပန်'** ဟုတ်ကဲ့လား (မှန်ပါဘုရား)၊ **'အတိတ်နဲ့ ပစ္စုပ္ပန်'** ဆိုတာ ဘာတုံး၊ **'ကာလ'**၊ **'အတိတ်နဲ့ ပစ္စုပ္ပန်'** ဆိုတာဘာတုံး (ကာလပါဘုရား)၊ အဲဒီ **'ပစ္စုပ္ပန်'**ဆိုတာ ကာလ။ **'အချိန် နေရာ သဘာဝ အဟံ ငါမပါ'**။

### ဖြစ်ရာကို အာယတနခေါ်တယ်

အဲဒီ **'မျက်စိ'**ထဲက **'သင္ဂာယတနတွေ'**ဟာ ဘာတွေတုံး **'ဖြစ်ရာ'**၊ မျက်စိတွေ နားတွေ က ဘာတွေတုံး (ဖြစ်ရာပါဘုရား)၊ **'ဖြစ်ရာ'**ကို **'အာယတန'** ခေါ်တယ်၊ **'ဖြစ်ရာ'**ကို ဘာခေါ် တုံး (အာယတန ခေါ်ပါတယ်ဘုရား)၊ လူမဟုတ်ဘူး ယောက်ျားမဟုတ်ဘူး၊ **'အာယတနခန္ဓာ'** **'အာယတန'**ဆိုတာ ခန္ဓာမဟုတ်ဘူးလား၊ **'အာယတန'** ဆိုတာ **'ဖြစ်ရာ'**ခေါ်တယ်။ ကဲ အမေရိကန်၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ဘယ်ကဖြစ်တုံး၊ **'မနော'**က ဖြစ်တယ်၊ **'မနာယတန'**၊ ဒူဘိုင်း မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ဘယ်ကဖြစ်တုံး (မနောကဖြစ်တာပါ ဘုရား)၊ **'မနော'** ကဖြစ်တာဘာတုံး (မနာယတနပါဘုရား)။

**'မျက်စိကဖြစ်ရင် စက္ခာယတန'၊ မျက်စိက ဖြစ်ရင်** (စက္ခာယတန)၊ **နားကဖြစ်ရင်** (သောတာယတန)၊ **နှာခေါင်းကဖြစ်ရင်** (ဃာနာယတန)၊ **လျှာကဖြစ်ရင်** (ဇိဝှါယတန)။ **မျက်စိကဖြစ်ရင်** (စက္ခာယတန)၊ **'စက္ခာယတန'** မှန်းသိအောင်လုပ်၊ သို့မို့ရှိရင် **'ငါ'**က ဖြစ်တယ်လို့ ပြောတယ်၊ မျက်စိကမြင်ရင် **'စက္ခာယတန'**၊ နားကကြားရင် **'သောတာယတန'**၊ **'ကြားတဲ့နေရာ'**ကို အဲဒါခေါ်တယ်လို့ ပြောတာ၊ အဲဒါ **'အာယတန'** မှန်းသိရင် စူဠသောတာပန် ဖြစ်တယ်၊ **'အာယတန'** မှန်း သိလိုက်တာနဲ့ စူဠသောတာပန်ဖြစ်တယ် သောတာပန်အငယ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါမှ **'ချုပ်တာ'**သိလိုက်ရင် တကယ့်ပထမတန်း သောတာပန် ဖြစ်တယ်၊ **'နား'**မချုပ်ဘူးလား၊ အခုကြားရင် မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား)၊ ဘာချုပ်တာတုံး၊ သဠာယတနချုပ်တာ၊ ဘာချုပ်တာတုံး(သဠာယတနချုပ်တာပါဘုရား)၊**'သဠာယတနနိရောဓာ ဖဿနိရောဓော'**။

အဲဒါ **'နိဗ္ဗာန်'**ရောက်သွားတာပေါ့၊ အောင်မာ မျက်စိကြီးကပြူးပြီး ကြည့်နေလိုက်တာ၊ အဓိပ္ပါယ်လည်းမသိ ဘာလဲမသိဘဲနဲ့၊ ဒါ့ကြောင့် စာနဲ့ရေးဟဲ့ ရေးဟဲ့လို့ ပြောတာ၊ ရေးမှ တိကျတယ် ဖတ်တဲ့ဟာက ဖူး (Full) ဖြစ်တယ်၊ ဖူး (Full) ဟုတ်ကဲ့လား၊ ပြည့်ဝတဲ့လူဖြစ်တယ်။ **'ပစ္စုပ္ပန်'**နဲ့ အတူတူပဲ ဟုတ်ကဲ့လား၊ **'မြင်တယ်'** ဆိုရင်လည်း ဆိုရတယ်၊ **'ပစ္စုပ္ပန် ပစ္စုပ္ပန်'** ဆိုလည်းသွားရတယ်၊ **'ပစ္စုပ္ပန်'**ထဲမှာ ဟိုဟာတွေ ဝင်လာလို့ရှိရင် အဲဒါ ရာဂဝင်တယ်၊ **'ပစ္စုပ္ပန် ပစ္စုပ္ပန်'** ဆိုတာ ရာဂ ဒေါသမဝင်ဘူး ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အဲဒါ **'အဝိဇ္ဇာ တဏှာ'**က ဒီအထဲရှိနေတယ်၊ ဒါ သူတကာ့ ပြောတာမဟုတ်ဘူး၊ **'ပဋိစ္စသမုပ္ပါဒ်'**မှာ အဝိုင်းကြီးထဲမှာ မပါဘူးလား (ပါပါတယ်ဘုရား)၊ အဝိုင်းကြီးက ဟို ဆရာတော်သင်ထားတဲ့အမှတ်၊ ဟိုဟာက မြတ်စွာဘုရားက သူ့မှာ ဘယ်အဝိုင်းကြီးမှ မပါဘူး၊ အဲဒါသိတာ ဟုတ်တယ် မဟုတ်လား (မှန်ပါ့ဘုရား)၊ အဲဒါ **'ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ ပစ္စုပ္ပန်ကာလ ဒုက္ခသစ္စာ၊ သူ့အထဲ အမြဲအဝိဇ္ဇာပါ'**။

**'အဝိဇ္ဇာ'**ပါနေတယ်၊ အဲဒါမျိုးသိအောင်လို့ အဲဒါလေးဆိုတာနဲ့ကို နတ်ပြည် ရောက်တာ သေချာတယ်၊ ဒီ့ပြင်ဟာထက် သေချာတယ်၊ **'ဒုက္ခသစ္စာ'**၊ **'ဒုက္ခသစ္စာ'**ဆိုတာ ပစ္စုပ္ပန်ကာလကို ခေါ်တယ်၊ **'ဒုက္ခသစ္စာ'** ဆိုတာဘာတုံး (ပစ္စုပ္ပန် ကာလကို ခေါ်ပါတယ်ဘုရား)၊ **'ပစ္စုပ္ပန်'**မရှိဘဲနဲ့ ဒုက္ခသစ္စာဖြစ်သလား (မဖြစ်ပါဘူးဘုရား)၊ အဲလိုကို **'ဉာဏ်'**ကကောင်းတယ်၊ **'ဒုက္ခသစ္စာ'**ကို ဖြစ်မယ်လို့သာသိတယ်၊ ဘာလို့မသိတော့၊ ကဲ အဲလိုပဲ ဖြစ်ဖြစ်နေတယ် ဟုတ်ကဲ့လား။ **'ဒုက္ခသစ္စာ'** ဆိုတာ ဘာကာလတုံး၊ ပစ္စုပ္ပန်ကာလ၊ **'ဒုက္ခသစ္စာ'**က ဘာကာလတုံး (ပစ္စုပ္ပန် ကာလပါဘုရား)၊ **'ဒုက္ခသစ္စာ'**ဆိုတာ ဘာတွေတုံး - **'ဝိညာဏ်'**၊ **'ဒုက္ခသစ္စာ'**က ဘာတွေတုံး (ဝိညာဏ်ပါဘုရား)၊ **'ဒုက္ခသစ္စာ'**ဆိုတာဘာတုံး - **'နာမ်ရုပ်'**၊ **'ဒုက္ခသစ္စာ'** ဆိုတာ ဘာတုံး (နာမ်ရုပ်ပါဘုရား)၊ **'ဒုက္ခသစ္စာ'**ဆိုတာ ဘာတုံး - **'သဠာယတန'**၊ **'ဒုက္ခသစ္စာ'**ဆိုတာဘာတုံး (သဠာယတနပါဘုရား)၊ **'ဒုက္ခသစ္စာ'** ဆိုတာ ဘာတုံး -**' ဖဿ'**၊ **'ဒုက္ခသစ္စာ'**ဆိုတာဘာတုံး (ဖဿပါဘုရား)၊ **'ဒုက္ခသစ္စာ'**ဆိုတာဘာတုံး - **'ဝေဒနာ'**၊ **'ဒုက္ခသစ္စာ'**ဆိုတာဘာတုံး (ဝေဒနာပါဘုရား)၊ အဲလို သိတာက **'ပဋိသမ္ဘိဒါ ပတ္တ'** ခေါ်တယ်၊ **'ပဋိသမ္ဘိဒါ အဘိညာဉ်'** ခေါ်တယ်၊ **'ဝိညာဏ် နာမ်ရုပ်'**၊ **'ဝိညာဏ်'**လို့သိတာဘာတုံး ဒုက္ခသစ္စာ။

www.burmeseclassic.com

www.burmeseclassic.com



**'ဝိညာဏ်'**လို့သိတာဘာတုံး (ဒုက္ခသစ္စာပါဘုရား)၊ **'နာမ်ရုပ်'**လို့သိတာဘာတုံး (ဒုက္ခသစ္စာပါဘုရား)၊ **'သဠာယတန'** လို့သိတာ ဘာတုံး (ဒုက္ခသစ္စာပါဘုရား)၊ **'ဖဿ'**လို့ သိတာ ဘာတုံး (ဒုက္ခသစ္စာပါဘုရား)၊ **'ဝေဒနာ'**လို့သိတာဘာတုံး (ဒုက္ခသစ္စာပါဘုရား)။ **'ဒုက္ခသစ္စာ'** လို့သိရတယ်၊ **'ဝေဒနာ'**သိရင် တဏှာဖြစ်သွားတတ်တယ်၊ **'ဒုက္ခသစ္စာ'** သိတော့ တဏှာ မဖြစ်တော့ဘူး၊ **'ဝေဒနာနိရောဓာ တဏှာနိရောဓော'** ဖြစ်တယ်၊ ပထမတန်း မကောင်းဘူးလား ကောင်းသလား (ကောင်းပါတယ်ဘုရား)၊ အဲလို မသိတော့ ချာလည်လည်နဲ့ ဖြစ်ဖြစ်နေတာ၊ အဲဒါမျိုး ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။

**ပစ္စုပ္ပန်ကာလထဲမှာ ဖြစ်တယ် ပျက်တယ်**

**'ဒုက္ခသစ္စာ'**ဆိုတာ ပစ္စုပ္ပန်ကာလ၊ **'ဒုက္ခသစ္စာ'** ဆိုတာဘာတုံး (ပစ္စုပ္ပန်ကာလပါ ဘုရား)၊ အဲဒီလို **'ပစ္စုပ္ပန်ကာလ'**ကို၊ **'ဖြစ်တာ ပျက်တာ'**ကလည်း **'ပစ္စုပ္ပန်ကာလ'** လို့ဆိုရင် အတိတ်နဲ့ ပစ္စုပ္ပန်ဟာ **'ပစ္စုပ္ပန်'** ပြီးရင်ဘာတုံး အတိတ်၊ **'ပစ္စုပ္ပန်'** ပြီးရင်ဘာတုံး (အတိတ်ပါ ဘုရား)၊ **'အတိတ်'** ပြီးရင်ဘာတုံး (အနာဂတ်ပါဘုရား)။ အဲဒီလို **'ကာလ'**သိသွားတော့၊ **'ဒီကာလ'** ထဲမှာ ဖြစ်တဲ့ဟာမျိုး၊ ဘယ် **'ကာလ'** မှာဖြစ်တုံး (ဒီကာလမှာဖြစ်ပါတယ်ဘုရား)၊ **'ကြားတာ'** ဘယ် ကာလမှာ ဖြစ်တုံး (ပစ္စုပ္ပန်ကာလမှာပါဘုရား)၊ **'မြင်တာ'** ရော ဘယ်ကာလမှာ ဖြစ်တုံး (ပစ္စုပ္ပန် ကာလမှာပါဘုရား)၊ ကဲ **'ငါ'** ရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အဲလို **'ကာလ'**ထဲမှာ **'ပစ္စုပ္ပန် ကာလ'**ထဲမှာ မြင်တာရှိတယ်၊ **'ပစ္စုပ္ပန်ကာလ'**ထဲမှာ ဘာရှိတုံး (မြင်တာရှိပါတယ်ဘုရား)၊ **'မြင်တယ်'**ဆိုတာက **'ဤဟာဝိညာဏ်'**၊ **'ဤဟာဝိညာဏ်ဖြစ်ကြောင်း'**- ဟောဒီ **'သဠာယတနနဲ့ အာရုံ'**၊ **'ဝတ္ထုနဲ့အာရုံ'**-အဲဒါ **'ဝိညာဏ်ဖြစ်ကြောင်း'**၊ **'ဝတ္ထုနဲ့အာရုံ'**ဘာတုံး(ဝိညာဏ် ဖြစ်ကြောင်းပါဘုရား)။ **'စက္ခုဝတ္ထု ရူပါရုံ ဝိညာဏ်ဖြစ်ကြောင်း'**၊ အဲဒီ **'အလင်းတွေ'** ဘာတွေ ကလည်း အဲဒီ အကြောင်းပါသေးတယ်၊ **'ဤဟာ ဝိညာဏ်၊ ဤဟာ ဝိညာဏ်ဖြစ်ကြောင်း'**၊ **'ဝိညာဏ်ဖြစ်ကြောင်း'**ကဘာတုံး-**'ရုပ်'**၊ **'ဝတ္ထုနဲ့အာရုံ'** က ဘာတုံး-**'ရုပ်'**၊ မဟုတ်ဘူးလား (မှန်ပါ့ ဘုရား)။ ကဲ --- တော်ကြပြီးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## “ စိတ်ကောင်း ကြည်လင် ဝမ်းမြောက်လျှင် တရားတော်”

**သူဌေးဖြစ်ရ လူ့ဘဝ ဆိုတာ စိတ်သူဌေးကိုပြောတာ**

**‘စိတ်ကောင်းကြည်လင် ဝမ်းမြောက်လျှင်’** ဆိုတာ စိတ်က**‘ကောင်းတာ’**ရယ်၊ စိတ်က **‘ကြည်လင်တာ’**ရယ်၊ **‘ဝမ်းမြောက်တာ’**ရယ်ကို ပြောတာနော်။ စိတ်ကောင်းကောင်း ထားရတယ်၊ သူတကာစိတ်ဆိုးလည်း မဆိုးရဘူး၊ စိတ်ကြည်ကြည်လင်လင် ထားရတယ်၊ စိတ်ထဲမှာ အနှောင့်အယှက်တွေ မရှိရဘူး၊ ဝမ်းမြောက်ရတယ်၊ ဝမ်းမနည်းရဘူး၊ ဝမ်းနည်းတာကို မတတ်နိုင်တဲ့ ဒေါသခေါ်တယ်။

**စိတ်ကောင်း ကြည်လင် ဝမ်းမြောက်လျှင် သုံးအင်ပုည ပြည့်စုံကြ။**
**ပုညပြည့်စုံ လူနတ်ဘုံ သူဌေးဖြစ်ရ လူ့ဘဝ။**

စိတ်ကောင်းတာရယ် စိတ်ကြည်လင်တာရယ် ဝမ်းမြောက်တာရယ်၊ အဲဒီ သုံးပါးနဲ့ ပြည့်စုံရင် **‘ကုသိုလ်ကောင်းမှု’**နဲ့ ပြည့်စုံတယ်တဲ့၊ **‘သူဌေးဖြစ်ရ လူ့ဘဝ’** ဆိုတာ **‘စိတ်သူဌေး’** ကို ပြောတာ၊ စိတ်မဆင်းရဲတော့ဘူး။

**သူလည်းရုပ်နာမ် ကိုယ်လည်းရုပ်နာမ်**

**‘စိတ်ဆိုးစိတ်ညစ် ကိုယ့်ကြောင့်ဖြစ် ပယ်ပစ်သူတကာ’၊** စိတ်ဆိုးတယ် စိတ်ညစ်တယ်ဆိုတာ သူတကာကြောင့် မဟုတ်ဘူးတဲ့၊ **‘ကိုယ့်ကြောင့်’** ဖြစ်တယ်၊ **‘ကိုယ်’** ရှိရင် စိတ်က ညစ်တတ်တယ်၊ **‘ကိုယ်’** မရှိရင် စိတ်က မညစ်တော့ဘူး၊ **‘ကိုယ့်ကြောင့်’** ဖြစ်တယ်၊ **‘ကိုယ်’** မရှိနဲ့၊ ကိုယ်တွေ ငါတွေ မထားနဲ့။ **‘မြင်တာ’**က မျက်စိ၊ **‘ကြားတာ’**က နား၊ **‘နံတာ’**က နှာခေါင်း၊ **‘စားတာ’** က လျှာ၊ **‘ထိတာ’** က ကိုယ်၊ **‘ကြံတာ’** က စိတ်၊ အဲဒါကို **‘ငါ ’** လုပ်ရင် စိတ်ညစ်တယ်တဲ့၊ အဲဒါတွေကို **‘ငါ’**လို့ မလုပ်နဲ့ ဟုတ်လား။

တချို့က **‘ငါ့’**နှယ်နော် စိတ်ညစ်လိုက်တာနဲ့၊ အဲလို ညည်းကြတယ်၊ အဲဒါ **‘ငါ’** ရှိလို့ **‘ငါ’** မရှိနဲ့၊ သူလည်း **‘ရုပ်နာမ်’**ပဲ၊ ကိုယ်လည်း **‘ရုပ်နာမ်’**ပဲ၊ အဲဒါကို **‘ငါ’** လို့ မသိမ်းပိုက်နဲ့၊ မသိမ်းပိုက်လို့ရှိရင် စိတ်မညစ်တော့ဘူး၊ သူလည်း **‘ရုပ်နာမ်’**၊ ကိုယ်လည်း **‘ရုပ်နာမ်’**၊ အဲဒီ **‘ရုပ်နာမ်’**ကို **‘ငါ ငါ့ဥစ္စာ’** လို့ သိမ်းပိုက်လိုက်လို့ စိတ်ဆိုးတွေ စိတ်ညစ်တွေ ဖြစ်တာ။ **‘အဟံ တိဝါ မမံတိဝါ’၊ ‘အဟံတိဝါ** -ငါဟူ၍လည်းကောင်း၊ **မမံတိဝါ** - ငါ၏ ဥစ္စာဟူ၍လည်းကောင်း၊ **ဂဟဏာ ဘာဝေန** -ယူခြင်းမရှိသည်၏ စွမ်းအားဖြင့်**’၊ ‘ငါ ငါ့ဥစ္စာ’** လို့ မယူခဲ့လို့ရှိရင်တဲ့ အဲ့ဒူတွေ

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးတဲ့၊ အပူတွေရှိတော့ **'ငါ'** ဆိုတော့ စဉ်းစားတတ်တယ်၊ **'ငါ'** ဖြစ်သွားတယ်၊ စဉ်းစားတာကို **'ငါ'** လို့ မယူနဲ့၊ မြင်တာတွေ ကြားတာတွေကိုလည်း **'ငါ'**လို့မယူနဲ့၊ **'ငါ'**လို့ ယူလို့ရှိရင် စိတ်ညစ်တတ်တယ်။ **'စိတ်ဆိုး စိတ်ညစ် ကိုယ့်ကြောင့်ဖြစ်'**၊ မျက်စိက စိတ်ဆိုး တာမဟုတ်ဘူး၊ နားကလည်း စိတ်မဆိုးဘူး၊ **'ငါ'**က စိတ်ဆိုးတယ် ဟုတ်ကဲ့လား၊ **'ငါ'**မရှိရင် စိတ်မဆိုးတော့ဘူး၊ အဲလိုမှတ်ထားနော်၊ **'ငါ'** ဆိုတာက ဒိဋ္ဌိခေါ်တယ်။

**ပစ္စုပ္ပန်ထဲမှာ အကြောင်းမရောက်ရင် အနာဂတ်မှာ အကျိုးမရှိ**

**'ကြဒါနိ ဖလပဉ္စကံ'**- ဤပစ္စုပ္ပန်တွင် အကျိုးငါးပါးရှိတယ်၊ **'ကြဒါနိ ဟေတပဉ္စကံ'** - ဤပစ္စုပ္ပန်ကလည်း အကြောင်းငါးပါးရှိပါတယ်တဲ့။ အဲဒါ စိတ်ညစ်တာတွေက စိတ်ဆိုးတာတွေ က ငါတွေက ဒိဋ္ဌိတွေက အဲဒီ အဝိဇ္ဇာတို့ တဏှာတို့ ဥပါဒါန်တို့ဆိုတာ **'ပစ္စုပ္ပန်အကြောင်းတွေ'** တဲ့ အဲဒါတွေမရှိရဘူးတဲ့၊ **'ပစ္စုပ္ပန်မှာ အကျိုးငါးပါး'**ဆိုတာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာကိုခေါ်တယ်။ အဲဒီ**'ပစ္စုပ္ပန်'**ထဲမှာ **'အကြောင်း'** မရောက်အောင် ဂရုစိုက်ရတယ်၊ ပစ္စုပ္ပန်ထဲ **'အကြောင်း'** မရောက်လို့ရှိရင် **'အာယတိံ ဖလပဉ္စကံ'** ဆိုတာ နောင်မှာ **'အနာဂတ် မှာ အကျိုး'**မရှိတော့ဘူးတဲ့၊ အဲလိုမှတ်ထား။

ပစ္စုပ္ပန်မှာ **'အကြောင်း'** ဖြစ်တတ်တယ်တဲ့။ **'အကြောင်း'**က ဘယ်သူတုံးဆိုတော့ **'စိတ်ဆိုး စိတ်ညစ် ကိုယ့်ကြောင့်ဖြစ်'** တဲ့၊ **'စိတ်'**က ဝိပါက်၊ **'စိတ်'**က အကျိုးငါးပါး၊ **'စိတ်'**ကတော့ အကျိုးပဲ၊ ပြီးတော့ **'စိတ်ဆိုး စိတ်ညစ်တာ'** က အကြောင်းငါးပါးဖြစ်သွားတယ်တဲ့၊ အကြောင်းငါးပါးကြောင့် စိတ်ညစ်တယ်၊ အကြောင်းငါးပါး မရှိရင် စိတ်မညစ်တော့ဘူး ဟုတ်လား၊ စိတ်မညစ်လို့ရှိရင် **'နိဗ္ဗာန်'**လို့ ခေါ်တယ်။

**'စိတ်ဆိုးစိတ်ညစ် ကိုယ့်ကြောင့်ဖြစ်'**၊ **'ကိုယ်'** ဆိုတာ **'ဒိဋ္ဌိ'**ကို ခေါ်တယ်၊ **'ဒိဋ္ဌိ'** ဆိုတာ အဝိဇ္ဇာ တဏှာရှိမှ ဒိဋ္ဌိရှိတယ်၊ **'အဝိဇ္ဇာ တဏှာ'** ဆိုတာလည်း **'လူတွေ'** ရှိမှ အဝိဇ္ဇာ တဏှာရှိတယ်၊ စိတ်ထဲမှာ **'လူတွေ'**လို့ မထားရဘူး၊ ဟုတ်ကဲ့လား **'လူတွေ'**လို့ ထားရင် အဝိဇ္ဇာ တဏှာဖြစ်တယ်တဲ့၊ **'အဝိဇ္ဇာ တဏှာ'**ဖြစ်ရင် စိတ်ဆိုးစိတ်ညစ် ဖြစ်တယ်တဲ့၊ စိတ်ဆိုးစိတ်ညစ် ဆိုရင် **'ကိုယ့်ကြောင့်'** ဖြစ်သွားတယ်တဲ့။ **'ကိုယ်'** ရှိသွားတယ်။ ရှေးတုန်း ကတော့ မြတ်စွာဘုရား လက်ထက်တုန်းက **'ကိုယ်'** မရှိဘူး ဟုတ်ကဲ့လား၊ **'ကိုယ်'**မရှိတော့ စိတ်ဆိုး စိတ်ညစ်တွေ မရှိတော့ဘူး၊ **'စိတ်ဆိုး စိတ်ညစ်'** မရှိလို့ရှိရင် စိတ်ကောင်း ကြည်လင်တွေ ဖြစ်သွားတယ်တဲ့၊ **'စိတ်ကောင်း ကြည်လင်'** ဖြစ်သွားလို့ရှိရင် နိဗ္ဗာန်ရောက်တော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



**ငါလို့မယူရင် လွတ်မြောက်သွားတယ်**

**'စိတ်ဆိုး စိတ်ညစ် ကိုယ့်ကြောင့်ဖြစ် ပယ်ပစ်သူတကာ'**၊ သူတကာရယ်လို့ မဟုတ်ဘူး၊ သူတကာကို အပြစ်တင်တတ်တယ်၊ အပြစ်လည်းတင်မနေနဲ့ တော့၊ **'ငါ'** လို့လည်း မသိမ်းပိုက်နဲ့၊ အပြစ်ရှိလာရင်လည်း **'ငါ'** လို့မသိမ်းပိုက်နဲ့၊ အပြစ်မရှိလည်း **'ငါ'** လို့မသိမ်းပိုက်နဲ့၊ အဲလို ဒီအတိုင်းပဲနေ **'ငါ'** လို့ သိမ်းပိုက်လိုက်တော့ စိတ်ဆိုးစိတ်ညစ် ဖြစ်တတ်တယ်။

**'စိတ်ဆိုး စိတ်ညစ် ကိုယ့်ကြောင့် ဖြစ်'**-စိတ်ဆိုး စိတ်ညစ်က ကိုယ့်ကြောင့်ပဲ။ **'ကိုယ်'**ဆိုတာ **'ငါ'** ပါပဲလား၊ မျက်စိ မြင်တာလည်း **'ငါ'**၊ နားကြားတာလည်း **'ငါ'**၊ ဒီလို ယူထားကြတာ မဟုတ်ဘူးလား၊ အဲလို **'ငါ'** လို့ သိမ်းပိုက်ထားကြတာ၊ **'အနာဒါန ဘာဝေန**-ငါဟူ၍မယူနဲ့' တဲ့၊ ထိုင်နေတာလည်း **'ငါ'** လို့မယူနဲ့၊ ထသွားတာလည်း **'ငါ'**လို့မယူနဲ့။

**'ဂဟဏာဘာဝေန**- မယူသည်၏စွမ်းအားဖြင့်၊ **ဝိမောက္ခော-** လွတ်မြောက်၏**'**တဲ့။ **'ငါ'** ကလွတ်မြောက်သွားတယ်၊ ရိပ်မိလား၊ ဘယ်ထဲ ဘာဖြစ်သွားသွား **'ငါ'** က လွတ်မြောက်ရင် လွတ်မြောက်တာပဲ၊ ဘာမဆို **'ငါ'** မလွတ်မြောက်ရင် သူ့ထောင်သူ သူ့ဟာသူ လုပ်တာတဲ့၊ ဒေါက်တာအာနိုးကလေ လူတွေက ကိုယ့်ထောင် ကိုယ့်ဟာကိုယ် လုပ်နေကြ တယ်တဲ့၊ အဲဒါ ဘယ်သူတုံးဆိုတော့၊ ကိုယ့်ဟာကိုယ် လုပ်တာ၊ **'ငါ'** ခေါ်တယ်။

**စိတ်ဆိုး စိတ်ညစ် ကိုယ့်ကြောင့်ဖြစ် ပယ်ပစ် သူတကာ**
**စိတ်ညစ် ပယ်ချိုး စိတ်မဆိုး ရောက်ရိုး နိဗ္ဗုတာ။**

**'နိဗ္ဗုတာ'**ဆိုတာက လွတ်မြောက်တာကိုခေါ်တယ်၊ **'မောက္ခော နိရောဓော နိဗ္ဗာနံ'** တဲ့၊ **'မောက္ခ**- လွတ်မြောက်တာ'၊ **'စိတ်ရဲ့ လွတ်မြောက်ခြင်း'**ကို ခေါ်တယ်၊ စိတ်ကို ဘယ်သူက ဖမ်းထားတုံး၊ ယူထားတုံးဆိုတော့ **'ငါ'** က ယူထားလို့၊ အဲဒါကြောင့် သူ့ကိုမလွတ်မြောက်နိုင်ရင် သူက တော်ကြာကျ ဟိုဟာ မကောင်းဘူးလေး ဒီဟာ မကောင်းဘူးလေးနဲ့ စဉ်းစားတယ်၊ အဲဒါ ဘယ်သူတုံးဆိုတော့ **'ငါ'**၊ **'ငါ'**ဆိုတာ ' I ' ---။

**'မျက်စိကမြင် မနိုင်းယှဉ် ဤတွင်တရားရ၊ နားကကြားလျှင် မနိုင်းယှဉ် ဤတွင်တရားရ'**၊ ဘယ်သူကကြားတုံး (နားကကြားတာပါဘုရား)၊ ဘယ်သူ့နားတုံး **'နာမ်ရုပ်ရဲ့ နား'**၊ **'ငါ့နား'**မဟုတ်ဘူးနော်၊ ကြားတာက နားကကြားတာ၊ ဒါကြောင့် **'အနတ္တာ'** ငါမဟုတ်၊ **'ငါ'**လို့ မသိမ်းပိုက်တာကိုခေါ်တယ်။ မြင်တာကရော ဘယ်သူကမြင်တုံး (မျက်စိကပါဘုရား)၊ နံတာကရော ဘယ်သူက နံတုံး (နှာခေါင်းကပါဘုရား)၊ ဘယ်သူကစားတုံး (လျှာကပါဘုရား)၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူက ထိတုံး (ကိုယ်က ထိတာပါဘုရား)၊ ဘယ်သူကကြံတုံး (စိတ်ကပါဘုရား)၊ အဲဒါကို **'ငါ'**လို့ သိမ်းပိုက်ထားကြလို့ မသိမ်းပိုက်နဲ့၊ သူ့ဟာသူကြံ သူ့ဟာသူဆိုလို့ရှိရင် ဘာမှမဟုတ်ဘူး၊ သူ့ဟာသူ လွတ်မြောက် သွားတယ်တဲ့။

**စိတ်နဲ့အာရုံနဲ့ မပေါင်းသင်းဘဲနေလိုက်ရင် လွတ်မြောက်သွားတယ်**

ကိုယ့်ဟာကိုယ် စဉ်းစားတယ် ဟုတ်လား၊ စဉ်းစားတာက **'စိတ်နဲ့ အာရုံနဲ့'** တွေ့တော့ စဉ်းစားတယ်၊ **'စိတ်နဲ့ အာရုံနဲ့'**တွေ့တော့၊ အဲဒီ **'စိတ်နဲ့ အာရုံနဲ့'** ကို မပေါင်းသင်းဘဲ နေလိုက်လို့ ရှိရင် သူ့ဟာသူလွတ်မြောက်သွားတယ်၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)။

**'ရူပါရုံ သဒ္ဒါရုံ ခြောက်အာရုံ ခေါ်တုံဟိုဘက်ကမ်း'** ရူပါရုံ သဒ္ဒါရုံတွေ၊ မြင်တဲ့ဟာ ကြားတဲ့ဟာတွေက ဟိုဘက်ကမ်းတဲ့၊ **'လူတွေ'** မဟုတ်ဘူးတဲ့။

**ရူပါရုံ သဒ္ဒါရုံ ခြောက်အာရုံခေါ်တုံ ဟိုဘက်ကမ်း။**

**မျက်စိ နား နှာ လျှာ ကိုယ် မန ခြောက်ဒွါရခေါ်ကြ ဒီဘက်ကမ်း။**

မျက်စိတွေ နားတွေက ဒီဘက်ကမ်း၊ ရူပါရုံတွေက ဟိုဘက်ကမ်း၊ **'ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းနဲ့'** သွားပြီးတော့ **'ငါ'** လို့မယူရဘူး၊ ဟုတ်ကဲ့လား။ **'အဟံတိဝါ** - ငါဟူ၍လည်းကောင်း၊ **မမံတိဝါ** - ငါ၏ဥစ္စာဟူ၍လည်းကောင်း၊ **ဂဟဏာဘာဝေန** - ယူခြင်းမရှိသည်၏ စွမ်းအားဖြင့်၊ **ဝိ ဒရထာ**- ပူပန်ခြင်းမှ ကင်းကြကုန်၏**'**တဲ့။

**အပူကင်းချင်ရင်**

**'ဟိုဘက်ကမ်း ဒီဘက်ကမ်း'**ကို **'ငါ'** လို့မယူလိုက်လို့ရှိရင် အပူကင်းတယ်တဲ့။

**'ကမ်းပါးကိုမူ ငါမယူ ထိုသူအပူကင်းသတည်း'**၊ **'အပူ'**ကင်းချင်ရင် ဟိုဟာက ဟိုဘက် ကမ်း၊ ဒီဟာက ဒီဘက်ကမ်း လို့ဆိုလိုက်ရင် ပြီးသွားတာပဲ၊ မင်းတို့ကတော့ လူမှုရေးတွေ ဘာတွေနဲ့ မကောင်းဘူးလေး၊ ကောင်းတယ်လေးနဲ့ အဲလို ဖြစ်နေကြတယ် ဟုတ်ကဲ့လား၊ **'နိဗ္ဗာန်'** ရောက်တယ်ဆိုတာ ဘယ်လိုဟာတုံး ဆရာ့ ဆိုတော့၊ စိတ်ညစ်တာတွေ မရှိတာတဲ့၊ စိတ်ဆိုတာ လောကီဆိုတာ ညစ်တတ်တယ်၊ အဲဒါ မညစ်အောင် ကိုယ့်ဟာကိုယ် ရှင်းရတယ်။

**စိတ်ကောင်း ကြည်လင် ဝမ်းမြောက်လျှင် သုံးအင်ပုည ပြည့်စုံကြ။**

**ပုညပြည့်စုံ လူနတ်ဘုံ သူဌေးဖြစ်ရလူ့ဘဝ။**

**စိတ်ဆိုး စိတ်ညစ် ကိုယ့်ကြောင့်ဖြစ် ပယ်ပစ်သူတကာ။**

www.burmeseclassic.com

www.burmeseclassic.com



**သူ့ကြောင့် ကိုယ့်ကြောင့်**

**'သုတကာ'**ဆိုတာကလည်း၊ **'အဝိဇ္ဇာ'** ရှိရင် သုတကာရှိတယ်၊ **'အဝိဇ္ဇာ'** မရှိရင် သုတကာ မရှိဘူး၊ **'တဏှာ'** ရှိရင် သုတကာရှိတယ်၊ **'တဏှာ'**မရှိရင် သုတကာမရှိဘူး။

**စိတ်ဆိုး စိတ်ညစ် ကိုယ့်ကြောင့်ဖြစ် ပယ်ပစ်သုတကာ**

**စိတ်ညစ် ပယ်ချိုး စိတ်မဆိုး ရောက်ရိုး နိဗ္ဗူတာ။**

စိတ်မဆိုးဘူး စိတ်မညစ်ဘူးဆိုရင် အဲဒါ **'နိဗ္ဗာန်'**ရောက်သွားတယ်၊ စိတ်ဆိုး စိတ်ညစ် တယ်ဆိုတာ သုတကာကြောင့် ကိုယ့်ကြောင့် သူ့ကြောင့်နဲ့၊ **'သူ့ကြောင့် ကိုယ့်ကြောင့်'**ဆိုတာ ဘာလဲဆိုတော့ **'အဝိဇ္ဇာ တဏှာ ဥပါဒါန်'**ပဲ။ **'သူ့ကြောင့် ကိုယ့်ကြောင့်'**မရှိရင် အဲဒီ **'အဝိဇ္ဇာ တဏှာ ဥပါဒါန်'** မရှိတော့ဘူး၊ **'အဝိဇ္ဇာ တဏှာ ဥပါဒါန်'** မရှိရင်လည်း၊ **'သူ့ကြောင့် ကိုယ့်ကြောင့်'** မရှိတော့ဘူး။ **'အဝိဇ္ဇာ တဏှာ ဥပါဒါန်'**မရှိရင် စိတ်ဆိုးတာလည်းမရှိဘူး၊ စိတ်ညစ်တာလည်း မရှိဘူး၊ အဲဒါ **'နိဗ္ဗာန်'** ရောက်သွားတယ်တဲ့၊ **'နိဗ္ဗာန်'**မှာ ဒီလိုဒုက္ခမျိုး စိတ်ဆိုးစရာမရှိဘူး စိတ်ညစ်စရာ မရှိဘူးတဲ့၊ အဲဒါ **'နိဗ္ဗာန်'**ပဲ။

**ကိုယ်သာနာပါစေ စိတ်မနာစေနဲ့**

**'စိတ်ကောင်း ကြည်လင် ဝမ်းမြောက်လျှင်'**၊ စိတ်ကောင်းတယ် စိတ်ကြည်လင်တယ် ဝမ်းမြောက်တယ်ဆိုလို့ရှိရင် ဒါဟာ **'ရောဂါ'** မရှိဘူး၊ စိတ်မကောင်းဘူး၊ စိတ်မကောင်းလို့လည်း **'ရောဂါ'**ဖြစ်၊ **'ရောဂါ'** ဖြစ်လို့လည်း စိတ်မကောင်း အဲလို ဖြစ်တတ်တယ်၊ အဲဒါ ဘာရောဂါတုံး ဆိုတော့ **'စိတ်ရောဂါ'** ခေါ်တယ်။ **'စိတ်'**မှာလည်း ရောဂါရှိတယ်၊ **'လူ'**ရောဂါက ဒီ**'ကိုယ်'** ရောဂါကြီးက အစာမတည့်လို့ ရှိရင် မတည့်တာစားရင် ရောဂါဖြစ်တယ်၊ **'စိတ်ရောဂါ'** ကလည်း မတည့်တာ **'အယောနိသော မနသိကာရ'** ပေါ့၊ မတည့်တာ ကြံမိလို့ရှိရင် သူလည်းရောဂါ ဖြစ်တယ်၊ **'စိတ်'**လည်းရောဂါရှိတယ်၊ **'ကိုယ်သာနာပါစေ စိတ်မနာစေနဲ့'** အဲလိုတွေသိမှ စိတ်မနာတော့ဘူး။

တပည့်တော်တို့၏ ဤအလှူသည် သူ့ကြောင့် ကိုယ့်ကြောင့် မရှိသော၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်မရှိသော၊ နိဗ္ဗာန်အကျိုးငှာ ဖြစ်ပါစေသတည်း၊ ဤကောင်းမှုကို အမိ အဖ ဆရာသမား အစထား၍ ဝေနေယျတို့အားလည်း အမျှပေးပါကုန်၏၊ အားလုံးအမျှရကြ၍ သာဓုအနု မောဒနာ ခေါ်နိုင်ကြပါစေကုန်သတည်း၊ အားလုံး အမျှ အမျှ အမျှ ယူတော်မူကြပါ ကုန်လော့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## " ပိယရုပ် သာတရုပ် မဟာဘုတ်ကွဲလျှင် တဏှာချုပ် တရားတော် "

၁၀ . ၁၂ . ၂၀၀၇

### မျက်စိနဲ့မြင် အဆင်းမြင် လူမြင်အာသဝ

**'အဆင်း'**၊ **'အဆင်း'**က ဘာတုံးလို့ဆိုတော့ အလင်းကြောင့်သာ အဆင်းဆိုတာ ရှိတယ်။ **'အလင်းကြောင့်သာ မြင်ရပါ မှတ်ပါ အဆင်းမှတ်'**၊ ကဲ 'အဆင်း' ဆိုတာ အလင်း မရှိဘဲနဲ့ ဒီလူကြီးဘာကြီး ပုံကြီးတွေ တိုက်ကြီးတွေ မြင်ရလား (မမြင်ရပါဘူးဘုရား)၊ မမြင်ရဘဲနဲ့ အဆင်းဖြစ်ရဲ့လား(မဖြစ်ပါဘူးဘုရား)၊ မြင်ရတာက 'အဆင်း'ဆိုတာက အလင်းကြောင့်မြင်ရတယ်၊ တိုက်ကြီး တာကြီးတွေ မမှတ်နဲ့၊ ဟိုတုန်းထဲက မှားလာတာ၊ မိန်းမတွေ ယောက်ျားတွေလို့လည်းမြင်ရတယ်၊ အဲဒါတွေက **'မျက်စိ'** နဲ့ မြင်တာ မဟုတ်ဘူး၊ **'မျက်စိ'** နဲ့ မြင်တာက အဆင်းမြင်တာ၊ ဒါမှ **'မျက်စိနဲ့မြင် အဆင်းမြင် လူမြင် အာသဝ'**။

**'အာသဝေါတရား'**က ဘာဖြစ်လို့ဖြစ်တုံးဆိုတော့**'အဆင်း'**မမြင်ဘူး၊ **'လူ'** မြင်လိုက်တာ၊ **'အဆင်း'**ကလည်း ဘာကြောင့်မှန်း သူတို့မတွေးဘူး၊ **'အလင်း'**ကြောင့်သာ **'အဆင်း'** မြင်တာ ဟုတ်ကဲ့လား၊ **'လူတွေ'**ကို မဟုတ်ဘူးလို့ ဆိုရတယ်၊ **'မျက်စိ'**နဲ့ မြင်ရတယ် ယောက်ျားတွေ မြင်ရတယ် မိန်းမတွေမြင်ရတယ် ခွေးတွေမြင်ရတယ်လို့ စိတ်က ဒီလိုမှတ်နေတာကိုက **'ဉာဏ်'**က မပါဘူးလေ၊ **'မျက်စိ'**နဲ့မြင်တဲ့နေရာမှာ ရိုးရိုးပဲမြင်လိုက်တာပဲ၊ အမေ အဖေကလည်း ပြောမပြ တတ်တော့ ငယ်ငယ်က အဲလိုပဲ ထင်တယ်။

### ဓမ္မာနုပဿနာလည်း သိလိုက်ရော တစ်ခါတည်း ဟန်သွားတယ်

**'အလင်းကြောင့်သာ မြင်ရပါ မှတ်ပါ အဆင်းမှတ်'**၊ **'ရူပေစ -** အဆင်းတို့ကိုလည်း၊ **ပဇာနာတိ-** သိ၏' လို့ဆိုတော့ **'အဆင်း'** မသိဘဲနဲ့ **'ဓမ္မာနုပဿနာ'**က မဖြစ်ဘူး၊ **'ဓမ္မာနုပဿနာ'**လည်း သိလိုက်ရော တစ်ခါတည်းဟန်သွားတယ်၊ အခု**'အဆင်း'**ကြောင့် မြင်ရတယ်ဆိုတာ လူတွေ ယောက်ျားတွေ မိန်းမတွေ ကိုယ့်ယောက်ျားရယ် ကိုယ့်မိန်းမရယ် ဆိုတာ မရှိတော့ဘူး၊ ရိပ်မိရဲ့လား၊ အဲဒီ တရားအတိုင်းသာ ဖြစ်မယ်ဆိုလို့ရှိရင် ယောက်ျားဆိုတာလည်း အလင်းရှိမှ ယောက်ျားဖြစ်သွားတယ် ဟုတ်ကဲ့လား။

### ကြံလေ မြတ်စွာဘုရားတရားက ကောင်းလေ

ကြံကြည့်လေ ကြံလေ မြတ်စွာဘုရား တရားကကောင်းလေ၊ မကြံဘဲနဲ့တော့ တရား

www.burmeseclassic.com

www.burmeseclassic.com



အရသာမရဘူး၊ **'ဓမ္မရသ'**ဆိုတာ သေက္ခပုဂ္ဂိုလ်တွေရတယ်၊ **'ဝိမုတ္တိအရသာ'**က ဘုရား ရဟန္တာရဲ့ အရသာ၊ အခုဟာက **'ဓမ္မအရသာ'**ဆိုတာ သေက္ခ ပုဂ္ဂိုလ်မှာရတယ်၊ အဲဒီတရားနဲ့ နေရင် အလွန်ပျော်ရွှင်တာ ပီတိတွေ ဘာတွေဖြစ်တယ်။ ဘယ်ဟာ **'အဆင်း'**ခေါ်တုံး (အလင်းကြောင့်သာ အဆင်းခေါ်ပါတယ်ဘုရား)၊ **'အလင်း'** ကြောင့်သာ ယောက်ျားကြီးတွေ မိန်းမကြီးတွေ သစ်ပင်ကြီးတွေ ခွေးကြီးတွေ ဝက်ကြီးတွေ မမြင်ရဘူးလား (မြင်ရပါတယ်ဘုရား)၊ အဲဒီ မြင်ရတာက **'အဆင်း'** ကိုမြင်ရတာ၊ **'အလင်း'**ကြောင့် အဆင်း၊ ဒီကိုယ်ကောင်ကြီး ရှိပေမယ်လို့ **'အလင်း'**ထိုးမှ အဆင်းမြင်ရတယ်၊ စာလုံးဖတ်တယ်ဆိုတာလည်း **'အလင်း'**နဲ့မှ စာလုံးကို ဖတ်လို့ရတယ်၊ စာလုံးဟာ **'အလင်း'** ကြောင့်ဖြစ်တဲ့ စာလုံးဆိုတော့၊ အဲဒါ **'အဆင်း'**၊ **'မျက်စိ'**နဲ့ ဆိုရင် **'အဆင်း'**ပဲဖြစ်ရတယ် စာလုံးမဟုတ်ဘူး။

**သံသရာမှာ မိရိုးဖလာအတိုင်း ဟိုကူး ဒီကူး ကူးတာ**

အဲလိုကျမှ အမှန်သိသွားတယ် အခုသိပြီလား၊ အဲလို အရေးကြီးတယ်၊ တရားလုပ်တယ် တရားလိုက်တယ်ဆိုတာ အဲဒီလိုမှ၊ ကဲ မျက်စိထဲမယ် ကိုယ့်ရှေ့မှာ ရှေ့ကလှလှလေးဆိုတော့ မလိုချင်ဘူးလား (လိုချင်ပါတယ်ဘုရား)၊ အဲဒါ **'အဆင်း'** ဟုတ်သေးလား (မဟုတ်ပါဘူးဘုရား)၊ **'အဆင်း'** ဆိုဘယ်သူလိုချင်မတုံး ဘယ်သူမှ မလိုချင်ဘူး။ လှလှလေးက နေ့လည်မဟုတ်ဘူး ဆိုတော့ **'အလင်း'** မရှိဘူးဆိုတော့ လှလှလေး ကလည်းရှိသေးလား (မရှိပါဘူးဘုရား)၊ **'အလင်း'**မပါရင် ဒီလှလှလေးရှိသေးလား (မရှိပါဘူးဘုရား)၊ အဲလို သိအောင်ကို တော်တော် ပြောယူရတယ်၊ အဲဒါ **'အလင်း'**ကြောင့် မျက်စိက မြင်တယ်၊ မမြင်ဘူးလား (မြင်ပါတယ်ဘုရား)။

မြင်လိုက်လို့ ကိုင်ကြည့်လိုက်စမ်း ဘာတွေ့တုံး (ချောတာ ကြမ်းတာတွေတွေ့တယ်)၊ မြင်လိုက်လို့ မြင်တာကို မကိုင်မိဘူး၊ **'အဆင်း'**ကို ကိုင်လို့ရလား (မရပါဘူးဘုရား)၊ **'မျက်စိ'** နဲ့သာဆိုင်တာ၊ အဲလို သိရတဲ့ဟာ ပထမတန်းအသိ၊ ဒီလိုမသိဘဲနဲ့ဆိုတော့ သံသရာမှာ မိရိုး ဖလာအတိုင်း ဟိုကူး ဒီကူး ကူးတာ။

**အဲလိုသိရင် နိဗ္ဗာန်ရတယ်**

**'မြင်လိုက်လို့ ကိုင်လိုက်ပါ မြင်တာကို မကိုင်မိ'**၊ အရင်တုန်းကလည်း မြင်တာကို **'ငါ'** မြင်တယ်၊ ကိုင်မိတာကြီးလည်း **'ငါကြီး'**လို့ ဒီလို ထင်သွားတယ်၊ ကိုင်လိုက်တော့ နောက်ကျော ကုန်းကြီးကိုင်တယ်၊ ဘာတွေ့ (ချောတာ ကြမ်းတာတွေ့တယ်)၊ ပါးကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကိုင်လိုက်တယ်၊ ဘာတွေ့(ချောတာ ကြမ်းတာ တွေ့ပါတယ်ဘုရား)၊ **‘လူ’**တွေ့တာလား၊ **‘ဖောဋ္ဌဗ္ဗ’**တွေ့တာလား (ဖောဋ္ဌဗ္ဗတွေ့တာပါ ဘုရား)၊ ကဲ **‘ဖောဋ္ဌဗ္ဗအာရုံ’**ကို **‘လူ’**လို့ဆိုတော့ မမှားဘူးလား မှားသလား (မှားပါတယ်ဘုရား)၊ မှားတာကဘာတုံး(အဝိဇ္ဇာ)၊ မှားတာက ဘာတုံး(အဝိဇ္ဇာပါဘုရား)။ သူ့ကိုချစ်လိုက်တော့ ကြိုက်လိုက်တော့ **‘လောဘ’**မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ အဲဒါ ဘာတုံး (တဏှာ)၊ **‘တဏှာ’**တို့၊ **‘သင်္ခါရ’**တို့ ကုသိုလ် အကုသိုလ် ဖြစ်သွားတယ်၊ ဒါကြောင့် အဲသလိုမျိုး သိလို့ရှိရင် အလွန်သံသရာကြီး ကို မလည်ချင်ဘူး၊ ဒီလိုမှန်းမသိတော့မှ ပျော်တယ်၊ **‘နိဗ္ဗာန’**တောင်မရဘူး၊ အဲလိုသိရင် **‘နိဗ္ဗာန’**ရတယ်။

**တဏှာဒိဋ္ဌိ ကပ်သောကံ**

ကဲ **‘စက္ခုဥ္စ ပဇာနာတိ’** ဆိုစမ်း (စက္ခုဥ္စ ပဇာနာတိ)၊ **‘မျက်စိ’**ကို သိရဲ့လားဆိုတော့ သိပ့်၊ **‘မြင်’**တဲ့ဟာက မျက်စိ၊ ဒီလို မဟုတ်ဘူး။

**တဏှာ ဒိဋ္ဌိ ကပ်သောကံ အမှန် မိန်းမတွေ ယောက်ျားတွေ ဖြစ်သတည်း။**
**မျက်စိ နား နှာ လျှာ ကိုယ်လည်းပါသတည်း။**

အဲဒါ ကိုယ်လည်းပါတယ်၊ ဟဒယကြီးရော ရုပ်ရော၊ **‘ကံ’**ကြောင့် ဖြစ်တဲ့ရုပ်ပဲ၊ **‘ဟဒယ’၊** ဝမ်းထဲက နှလုံးကလည်း **‘ကံ’** ကြောင့်ဖြစ်တာ၊ အဲဒါ မွေးကတည်းက **‘ဟဒယ’**ရယ်၊ **‘ကာယ’**ရယ်၊ **‘ဘာဝ’**ရယ် သုံးခုပါတယ်၊ **‘ဘာဝ’**က ယောက်ျား မိန်းမဖြစ်ဖို့၊ **‘ကာယကြီး’**က ခေါင်းကြီးနဲ့ ကိုယ်ကြီးနဲ့ဖြစ်ဖို့၊ အဲဒါ **‘တဏှာ ဒိဋ္ဌိ ကပ်သောကံ’** ဆိုတာက အရင်တုန်းက ကိုယ်က ယောက်ျားရော မိန်းမရော ဟိုဘဝကတည်းက စွဲလမ်းလာတယ်၊ အဲဒီ**‘တဏှာ ဒိဋ္ဌိ ကပ်တဲ့ကံ’**နဲ့ ပြုတဲ့ကံရဲ့အကျိုးက ဥပါဒါန်တို့၏အစီးအပွား၊ **‘တဏှာ ဒိဋ္ဌိ’**ဆိုတာက ဥပါဒါန်၊ **‘တဏှာ ဒိဋ္ဌိ’**ဆိုတာကဘာတုံး (ဥပါဒါန်ပါဘုရား)။

**ဥပါဒါန်တို့၏ အစီးအပွား**

**‘ဥပါဒါနာနံ ဟိတာ ဥပါဒါနိယာ’၊ ‘ဥပါဒါနာနံ**- ဥပါဒါန်တို့၏၊ **ဟိတာ**- အစီးအပွားသည်၊ **ဥပါဒါနိယာ**- ဥပါဒါန်တို့၏ အစီးအပွား၊ ကံရဲ့အကျိုး**’၊** အဲဒီ **‘မျက်စိ’** ဆိုတဲ့ အကြည်ဓာတ် ကလေးဟာဘာတုံး၊ ဥပါဒါန်ရဲ့ အစီးအပွား၊ ကံရဲ့အကျိုး၊ **‘ကံရဲ့အကျိုး’** ဆိုတာ ဝိပါက်၊ **‘ကံရဲ့အကျိုး’** ဆိုတာဘာတုံး (ဝိပါက်ပါဘုရား)၊ **‘ဝိပါက်’**ဆိုတာ အဗျာကတ၊ **‘ဝိပါက်’**ဆိုတာ ဘာတုံး (အဗျာကတပါဘုရား)၊ **‘ကုသိုလ် အကုသိုလ် မဟုတ်တာ’** ကိုခေါ်တယ်၊ **‘မျက်စိ’**က

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ် အကုသိုလ် မဟုတ်ဘူး။ အဲလိုသိမှ ယောက်ျားလေးတွေ မိန်းမလေးတွေ မြင်လာတော့ **'ရာဂ'**တို့၊ **'တဏှာ'**တို့ ဖြစ်တော့ ကုသိုလ် အကုသိုလ် ဖြစ်သွားတယ်၊ **'ကုသိုလ် အကုသိုလ်'** ဖြစ်လိုက်၊ **'မျက်စိ'** ဖြစ်လိုက်၊ **'မျက်စိ'**က ကုသိုလ် အကုသိုလ် ဖြစ်လိုက်၊ မျက်စိဖြစ်လိုက်နဲ့ သံသရာမှာ လည်ကြတယ်တဲ့။

**အတ္တ အတ္တနိယတွေ ဖြစ်သွားတယ်**

**'စက္ခုဥ္စ ပဇာနာတိ'၊ 'စက္ခုဥ္စ-** မျက်စိကိုလည်း၊ **ပဇာနာတိ** - သိ၏**'၊** အဲလိုမသိခဲ့လို့ အဲလိုဖြစ်လာတယ်၊ အဲလိုမှတ် မသိတော့ **'အဝိဇ္ဇာ'** ဖြစ်တာပေါ့၊ **'စက္ခု'**ကို စက္ခုမှန်းမသိတော့ အဝိဇ္ဇာဖြစ်တော့ **'ငါ'** ဖြစ်သွားတော့၊ **'ငါ့မျက်စိ'** ဖြစ်သွားတော့၊ **'အတ္တ၊ အတ္တနိယတွေ'** ဖြစ်သွားတယ်၊ အဲဒီ **'အတ္တ၊ အတ္တနိယတွေ'**က **'ကမ္မဇရုပ်'**၊ ဘာရုပ်တုံး (ကမ္မဇရုပ်ပါဘုရား)၊ **'မျက်စိ'**က ဘာရုပ်တုံး (ကမ္မဇရုပ်ပါဘုရား)၊ ကဲ **'ငါ'** နဲ့ဆိုင်သလား (မဆိုင်ပါဘူးဘုရား)၊ **'တဏှာ ဒိဋ္ဌိ'**တို့နဲ့သာလုပ်လို့ မျက်စိကဖြစ်တာ။

အဲဒါ မြတ်စွာဘုရားက **'စက္ခုဥ္စ ပဇာနာတိ'**၊ **'စက္ခု'** ဆိုတာ ကံကြောင့်ဖြစ်တဲ့ ဝိပါက်၊ **'ဥပါဒါန်၏အစီးအပွား၊ ကံရဲ့အကျိုး'**၊ **'အဗျာကတ-** ကုသိုလ် အကုသိုလ်မဟုတ်တာ**'**၊ အဲဒါက ကုသိုလ် အကုသိုလ် မဟုတ်တာသာ ဟုတ်တယ်၊ အဲဒါက ကုသိုလ်၊ အကုသိုလ်တော့ သူကဖြစ်တယ်၊ **'မျက်စိ'**က ကုသိုလ် အကုသိုလ် မဖြစ် ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ဘာပြုလို့ ဖြစ်တုံး၊ ခုနက **'မျက်စိ'**ကို မသိလို့၊ မသိတာက **'အဝိဇ္ဇာ'၊ 'မျက်စိ'** ရှိရင် အဝိဇ္ဇာကရှိလို့။

**ပိယရုပ် သာတရုပ်ဆိုတာ မဟာဘုတ်ရုပ် မဟုတ်ဘူး**

**'မြင်လိုက်လို့ ကိုင်လိုက်ပါ မြင်တာကို မကိုင်မိ'၊** အိပ်နေရင်း မတ်တတ် နဖူးလေး စမ်း ဘာလေးစမ်းနဲ့ ဘာကိုစမ်းမိသတုံး၊ မာတာ ချောတာ၊ မာတာ ချောတာက **'လူ'**လား၊ **'ပထဝီ'**လား (ပထဝီပါဘုရား)၊ အဲလိုဆိုတော့ **'လူ'** ရှိသေးလား (မရှိပါဘူးဘုရား)၊ အဲလို **'လူ'** မရှိရင် **'တဏှာ'** ရှိသေးလား (မရှိပါဘူးဘုရား)၊ အဲဒီ **'တဏှာ'**က **'ပိယရုပ်'**က ဖြစ်တာတဲ့။ **'စက္ခုလောကေ ပိယရူပံ သာတရူပံ'၊ 'စက္ခုလောကကြီး'** မှာ အဲဒီလို **'ပိယရုပ် သာတရုပ်'** ဆိုတာ **'မဟာဘုတ်ရုပ်'** မဟုတ်ဘူး၊ **'လောဘမူ'**တို့ **'အဝိဇ္ဇာ'** တို့ကြောင့် ဖြစ်တဲ့ရုပ်၊ ဒါကြောင့် ချစ်ကြ ခင်ကြတာ၊ ချစ်တာခင်တာ **'ပိယရုပ် သာတရုပ်'**ကို ခေါ်တယ်၊ ချစ်ကြ ခင်ကြတာ ဘာရုပ်တုံး (ပိယရုပ် သာတရုပ်ပါဘုရား)၊ **'ပိယရုပ် သာတရုပ်'** ဆိုတာ ဒီ **'မဟာဘုတ်'၊** ပထဝီ တေဇော မဟုတ်ဘူး၊ သူက ချစ်မှ ကြိုက်မှ ပေါ်လာတဲ့ ရုပ်ကြီး။

www.burmeseclassic.com

www.burmeseclassic.com



**'ပိယရူပံ သာတရူပံ ရူပံ နရူပက္ခန္ဓော'**၊ အဲဒါ **'ခန္ဓယမိုက်'**က အဲဒီရုပ်က **'သမုတိသစ္စာရုပ်'**၊ **'ပရမတ်ရုပ်'** မဟုတ်ဘူး၊ **'မဟာဘုတ်'**တို့ကျမှ ပရမတ်ဖြစ်သွားတယ်၊ သူက **'စ စဉ် အို သေ'** နဲ့ တစ်ခုက သုံးခုကြောင့်ဖြစ်တယ်၊ သုံးခုက တစ်ခုကြောင့်ဖြစ်တယ်ဆိုတဲ့၊ အမြဲမပြတ်ဖြစ်နေတဲ့ ရုပ်ကြီး၊ အဲဒါ **'ပထဝီရုပ်'** ခေါ်တယ်၊ ကိုင်ကြည့်လိုက်လို့ စမ်းမိတယ်၊ **'မာတာ'** စမ်းမိတာကို နဖူးကြီးလို့ သွားခေါ်လိုက်သေးတယ်၊ **'မာတာ ပထဝီ'**၊ အဲဒီ **'ပညတ်တွေ'** ကဖုံးတယ်၊ နဖူးကြီး ဆိုတော့ **'မာတာ'** ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား)၊ **'နဖူး'**က မာတာလား **'ပထဝီ'**က မာတာလား (ပထဝီကမာတာပါဘုရား)၊ အဲသလို ပျောက် ပျောက်သွားတယ်။

**မြင်လိုက်လို့ ကိုင်လိုက်ပါ မြင်တာကို မကိုင်မိ**

**'မြင်လိုက်လို့ ကိုင်လိုက်ပါ၊ မြင်တာကို မကိုင်မိ'**။

နဖူးကြီးကိုင်ကြည့်တယ်၊ စမ်းကြည့်တယ်၊ ဖျားတော့ ပူတာ မတွေ့ဘူးလား (တွေ့ပါတယ် ဘုရား)၊ **'ပူတာ'**ဟာ နဖူးလား (တေဇောပါ ဘုရား)၊ မိန်းမတွေ ယောကျ်ားတွေ ကောဟုတ်လား (မဟုတ်ပါဘူးဘုရား)၊ အဲလိုကို မဟုတ်တာကို အဟုတ်သွားလုပ်တယ်၊ ဒါကြောင့် **'စက္ခု'**ကို မသိသေးဘူး၊ **'ကာယ'**လည်း မသိသေးဘူး ဟုတ်ကဲ့လား၊ မသိတာ ဘာတုံး (အဝိဇ္ဇာပါဘုရား)။

**'မြင်လိုက်လို့ ကိုင်လိုက်ပါ၊ မြင်တာကို မကိုင်မိ'**။

အဲဒါလေးလည်း ဆို ဆိုပေး၊ ဒါမှ မိန်းမ ယောကျ်ားမဟုတ်မှန်းသိတယ်၊ သို့မို့ရင် မိန်းမ ယောကျ်ားက တစ်သံသရာလုံး သိလာတော့ **'ရာဂ'** ကလည်း တစ်ခါတည်း၊ သူပါလာပြီဆို **'ရာဂ'** ကလည်း ပါလာတာ၊ **'ရာဂ'**က ဘယ်သူ့ကြောင့်ပါတုံးဆိုတော့ **'ပိယရူပံ သာတရူပံ'** ကြောင့်။

**မာတယ်လို့ဆိုတော့ တဏှာမဖြစ်ဘူး**

**'ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ'**။

အဲဒီ နေရာက **'နဖူး'**က တဏှာဖြစ်သွားတယ်၊ **'မာတယ်'**လို့ဆိုတော့ တဏှာမဖြစ်ဘူး ဟုတ်လား။ **'ဧတ္ထေသာ တဏှာ နိရုဇ္ဈမာနာ နိရုဇ္ဈတိ'**၊ **'မျက်စိ'**ကကို ချုပ်တယ်၊ နိဗ္ဗာန်ဟာ အဲလိုမှတ်ထား- **'နိရောဓော'**။

**'နိရောဓော တိခေါ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု၊ စက္ခုံဥဒပါဒိ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ'**၊ အဲလိုဟာလေးတွေ ဆိုဆိုပေးမှ ရရပေးမှ ဒါမှယောဂီ အလည်ဖြစ်တယ်၊ သို့မို့ရင်မှားတယ်။

www.burmeseclassic.com

www.burmeseclassic.com



**တဏှာမဖြစ်အောင်ကတော့ ပိယရုပ်မဖြစ်မှ**

**'ခေါင်း'**ကိုင်လိုက်တော့ ဘာတွေ့တုံး (မာတာတွေ့ပါတယ်ဘုရား)၊ **'မာတာ'** တွေ့သလား၊ **'ခေါင်း'**လို့ခေါ်သလား (မာတာတွေ့ပါတယ်ဘုရား)၊ **'မာတာ'**ကို **'ခေါင်း'**လို့ခေါ်တယ်၊ ဒီတော့ **'အဝိဇ္ဇာ'**မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)၊ အဲဒီ **'အဝိဇ္ဇာ'** ဘယ်ကဖြစ်တုံး ဆိုတော့ **'ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ'**။

ခေါင်းတို့ လက်တို့ နဖူးတို့ ကိုယ်ကြီးတို့ ဘာကြီးတို့ဆိုတာ အဲဒါကြီးက **'ပိယရုပ် သာတရုပ်ကြီး'**ခေါ်တယ်၊ ဘာခေါ် (ပိယရုပ်ခေါ်ပါတယ်ဘုရား)၊ **'ပိယရုပ်ကြီး'** ရှိနေမှတော့ သူ **'တဏှာ'** ဖြစ်တော့တာပေါ့၊ **'တဏှာ'** မဖြစ်အောင်ကတော့ **'ပိယရုပ်'**မဖြစ်မှ၊ **'ပိယရုပ်'**က မျက်စိကလည်း ဖြစ်တတ်တယ်၊ ဘာလို့ဖြစ်မှန်း မသိဘူး၊ မသိတော့ ခဏ ခဏ ဖြစ်နေတော့ ခဏ ခဏ သူ့နောက်ပါသွားပြီး သူခိုင်းသလို လုပ်ရတယ်၊ **'တဏှာ'** ခိုင်းသလို မဟုတ်ဘူးလား၊ **'တဏှာ'** ကဘယ်သူတုံး၊ ဆရာကြီး၊ ဆရာကြီးခိုင်းသလို လုပ်ရတယ်၊ **'ကိုယ်ကြီး'**က ဘာဖြစ်နေတုံး တပည့်ကြီး ဖြစ်သွားတယ်၊ တပည့်မှန်းသိရဲ့လား၊ ဘယ်သူ့တပည့်တုံး (တဏှာရဲ့တပည့်ပါဘုရား)၊ အင်း တဏှာရဲ့တပည့်။

**အလင်းကြောင့် မြင်တဲ့ဟာကို အဆင်းလို့ခေါ်တယ်**

**'မြင်လိုက်လို့ ကိုင်လိုက်ပါ မြင်တာကို မကိုင်မိ'**၊ **'မြင်တာ'**က ဘာတုံး **'အဆင်း'**၊ **'မြင်တာ'**က ဘာတုံး (အဆင်းပါဘုရား)။ **'အလင်းကြောင့်ပင် အဆင်းမြင်'**၊ **'အလင်း'** ရှိမှ အဆင်းရှိတယ်၊ **'အဆင်း'** ဆိုလို့ရှိရင် အလင်းကြောင့် မြင်တဲ့ဟာကို **'အဆင်း'**လို့ခေါ်တယ်၊ **'အလင်းနဲ့အဆင်း'**က မီးတောက်နဲ့ မီးရောင်လိုပဲ၊ **'အလင်း'** ဆိုတာက တေဇောပဲ မီးပဲ၊ နေကြီးကလည်း မီးပဲ၊ ဒီမီးထွန်းတာလည်း လျှပ်စစ်မီးပဲ၊ ကိုယ်ငွေ့ကလည်း မီးပဲ။ ဟိုလို ထွက်လေဝင်လေ လုပ်နေတာက **'သမာဓိ'**နော်၊ အခုဟာက**'ပညာ'** နော်၊ **'ပညာပုဗ္ဗင်္ဂမံ သမထံ ဘာဝေတိ'**၊ **'ပညာ'**က ကာမကိလေသာရှင်းပြီးမှ ကိလေသာကုန်ပြီးမှ သမာဓိလုပ်ရင် ပထမတန်းဖြစ်တဲ့ **'သမာဓိ'**၊ အခုတော့ တစ်ခါတည်း **'ကိလေသာ'**က ဆွဲ ဆွဲသွားတော့ **'သမာဓိ'** ကမဖြစ်ဘူး။ လုပ်တာကလည်း **'သမာဓိ'**လုပ်တယ်၊ **'ဉာဏ်'**အလုပ် မလုပ်ဘူး၊ ဘာလို့ **'အဆင်း'** ဖြစ်တယ်ဆိုတာသိလား (အလင်းကြောင့်ပါဘုရား)၊ ခုမှသိတာပါ၊ အရင်တုန်း ကတော့ အလည်ကြီးလုပ်နေတာ၊ **'အလင်း'**မရှိဘဲနဲ့ အဆင်းဖြစ်ရဲ့လား (မဖြစ်ပါဘူးဘုရား)၊ **'အဆင်း'** မရှိဘဲနဲ့ မြင်သလား (မမြင်ပါဘူးဘုရား)၊ **'မြင်တာ'**ဘယ်သူတုံး (မျက်စိပါဘုရား)၊ **'စက္ခု'**။

www.burmeseclassic.com

www.burmeseclassic.com



**သမုတိသစ္စာရုပ်**

**'စက္ခုလောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာတဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ'၊ 'တဏှာ'** ဖြစ်တယ်ဆိုရင် **'တဏှာ'**လည်း အဲဒီနေရာချုပ်တာပဲ၊ **'မြင်လိုက်လို့ ကိုင်လိုက်ပါ'**၊ မြင်တာက ဘယ်သူ့မြင်သတုံး **'အဆင်း'** မြင်တယ်ဆိုမှ မှန်တယ်၊ မိန်းမကြီး ယောကျ်ားကြီးလို့ မြင်လို့ရှိရင် မမှန်ဘူး၊ အဲလိုလည်း ဂရုစိုက်ရတယ်၊ အခု **'မျက်စိ'**က ဘာမြင်သတုံး၊ မိန်းမတွေ ယောကျ်ားတွေကို မြင်တယ်၊ မိန်းမတွေ ယောကျ်ားတွေလို့ မြင်လို့ရှိရင် အဲဒါ **'ပိယရုပ် သာတရုပ်'** ခေါ်တယ်၊ **'သမုတိသစ္စာရုပ်'**၊ **'ပိယရုပ် သာတရုပ်'**ဆိုတာ ဘာရုပ်တုံး (သမုတိသစ္စာရုပ်ပါဘုရား)။ မိန်းမတွေ ယောကျ်ားတွေက **'ရာဂ'** ဖြစ်မယ့်ရုပ် သိရဲ့လား၊ သွားစမ်းကြည့်တော့ နဖူးကြီးသွားစမ်းကြည့်တော့ မိန်းမဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဘုရား)၊ **'မာတာကြီး'**က ဘာတုံး (ပထဝီပါဘုရား)၊ **'မာတာကြီး'**ကို မိန်းမတွေ သွားမလုပ်ဘူးလား၊ အဲဒါ **'မာတာကြီး'**က **'ပထဝီ'**ကို မိန်းမတွေ သွားလုပ်တယ်။

**အလင်းကြောင့် အဆင်းဖြစ်လာတယ်ဆိုတာ ဥပါဒါရုပ်**

**'ပိယရူပံ သာတရူပံ ရူပံ နရူပက္ခန္ဓော'**၊ **'ရူပက္ခန္ဓာ'**ဆိုတာ မာတဲ့ဟာကိုခေါ်တယ်၊ **'ရူပက္ခန္ဓာ'** ဆိုတာ ဘာခေါ်တုံး (မာတာကို ခေါ်ပါတယ်ဘုရား)၊ မာတာ ပျော့တာ ပူတာတို့က ရုပ်၊ **'ဓာတ်လေးပါး'**လေ၊ ဟောဒီ **'မီး'** ဆိုတာလည်း ရုပ်၊ **'အလင်း'**ကြောင့် အဆင်းဖြစ်လာတယ်ဆိုတာ **'ဥပါဒါရုပ်'** ရိပ်မိပြီလား။ အဲလိုတွေသိမှ မြတ်စွာဘုရားက သိစေလိုလို့ **'စက္ခုဥ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ'** ... 

**'စက္ခုဥ္စ ပဇာနာတိ'**လို့ အဲလို ပြောပြတာ အဲဟို အဋ္ဌကထာဆရာကမှ အဲဒီ **'မျက်စိအကြောင်း'** ဖွင့်ပြတယ်၊ နင်တို့ အဋ္ဌကထာစာအုပ်ကို မကြည့်တတ်တော့၊ ဘာကို **'အဆင်း'** ခေါ်မှန်းလည်း မသိဘူး၊ ပြီးတော့ **'လူ'**လို့ချည်းပဲ ခေါ်ခေါ် နေတော့ ဟိုအပြင်ဘက်ကျတော့ စကားတွေပြော ဘာတွေပြော၊ အဲ **'လူ'**မှတ်လို့ ပြောတာ။

**အဲဒါ ပိယရုပ် သာတရုပ်ခေါ်တယ်**

**'စကားတွေပြော ဘာတွေပြော လူတွေမှတ်လို့ပြော တသောသော'**၊ **'အဝိဇ္ဇာ'** မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)၊ စကားပြောတာ **'အဝိဇ္ဇာ'** ဖြစ်လို့ ဖြစ်မှန်းမသိ၊ အဲဒါ **'ပိယရုပ်'**ခေါ်တယ်၊ စကားပြောရင်း မတ်တတ် ချစ်ခင်မသွားဘူးလား မိတ်ဆွေတွေ ဘာတွေ ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဘုရား)၊ အဲဒါ **'ပိယရုပ် သာတရုပ်'** ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**'ပိယရူပံ သာတရူပံ ရူပံ နရူပက္ခန္ဓော'၊** နဖူးလေး စမ်းကြည့်လိုက်၊ နို့လေးတွေ စမ်းကြည့်တော့ မပျော့ဘူးလား (ပျော့ပါတယ်ဘုရား)၊ ပျော့တာဘာတုံး (ပထဝီပါဘုရား)၊ **'ပထဝီ'** လို့ ခေါ်သေးလား၊ ကိုင်တဲ့ လူကလည်း သဘောကျ၊ ဟိုခံရတဲ့ သူကလည်း သဘော မကျဘူးလား၊ အဲဒါ **'ပိယရုပ်သာတရုပ်'** ခေါ်တယ်၊ ဘာခေါ်တုံး (ပိယရုပ် သာတရုပ် ခေါ်ပါတယ်ဘုရား)၊ **'ကိုယ်'**ကလည်း သွားကိုင်တယ်၊ **'သူ'**ကလည်း သွားကိုင်တယ်၊ ဘာကိုင်တုံး **'ပထဝီ'**ကိုင်ရင်၊ ရာဂ ဒေါသဖြစ်ပွဲမလား (မဖြစ်ပါဘူးဘုရား)၊ **'ပိယရုပ် သာတရုပ်ကြီး'** သွားကိုင်တယ်၊ ဘာကိုင်တုံး (ပိယရုပ် သာတရုပ်ပါဘုရား)။ **'ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ'၊ 'ဧတ္ထ'**- ဤပိယရုပ် သာတရုပ်၌၊ **တဏှာ-** တဏှာသည်၊ **ဥပ္ပဇ္ဇမာနာ**- ဖြစ်သည်ရှိသော်၊ **ဥပ္ပဇ္ဇတိ**- ဖြစ်၏'။ **'မိန်းမကြီး'**လို့ဆိုလို့ **'တဏှာ'** ဖြစ်တာ၊ **'ပထဝီကြီး'** ဆိုရင်ဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)။

**တဏှာချုပ်ရင် အဲဒီက စ ချုပ်တာ**

**'မြင်လိုက်လို့ ကိုင်လိုက်ပါ၊ မြင်တာကို မကိုင်မိ'၊ 'မြင်တာ'**ဟာ မမှားဘူးလား မှားသလား (မှားပါတယ်ဘုရား)၊ မှားရင်ဘာတုံး (အဝိဇ္ဇာပါဘုရား)၊ အင်း **'အဝိဇ္ဇာ'** ပြီးတော့၊ **'တဏှာ'** လုပ်တော့၊ မလုပ်လိုက်ဘူးလား (လုပ်လိုက်ပါတယ်ဘုရား)၊ **'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'** အဲလိုမှန်း သိတော့ လုပ်သေးလား (မလုပ်ပါဘူးဘုရား)။

**'ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ နိရုဇ္ဈမာနာ နိရုဇ္ဈတိ'**၊ ကဲ **'တဏှာ'**ချုပ်ရင် အဲဒီက စချုပ်တာ၊ ကဲ တို့လူသိုက်ဖြစ်ပုံနဲ့ အတ္တနဲ့ အဲလို၊ အဲဒီ ထိအောင်လုပ်စမ်း၊ ဘာလေး ညာလေး တပြောပြော၊ ဟိုပြောဒီပြောနဲ့ မလုပ်နဲ့၊ အဲဒါ **'စက္ခုံ ပဇာနာတိ'**ကို ဟောနေတယ်။

**တဏှာ ဒိဋ္ဌိကပ်သောက်**

**'စက္ခုံ** - မျက်စိကိုလည်း**'၊ 'မျက်စိ'** ဆိုတာက မျက်စိအကြည်လေးကိုခေါ်တယ်၊ အဲဒီ အကြည်လေးက **'တဏှာ ဒိဋ္ဌိ ကပ်သောက်'** (တဏှာ ဒိဋ္ဌိ ကပ်သောက်)၊ အခုနတုန်းက **'တဏှာ ဒိဋ္ဌိ'**ဆိုတာလည်း တခြားမဟုတ်ဘူး၊ နဖူးစမ်းတော့ နဖူး **'တဏှာ ဒိဋ္ဌိ'** ပဲ၊ ပထဝီ ကျတော့ **'တဏှာ ဒိဋ္ဌိ'** ရှိသေးလား(မရှိတော့ပါဘူးဘုရား)။ မြတ်စွာဘုရားတို့ကျတော့ **'မာတာ ပျော့တာ'** ပဲသိတယ်၊ **'နဖူး'**မသိဘူး၊ ဒကာမကြီးတို့က နဖူးတို့ ပါးတို့သိတယ်၊ ကဲ **'ပထဝီ'**ထဲမှာ နဖူးရှိသလား၊ **'ပထဝီ တေဇော'** ထဲမှာ နဖူးပါသလား (မပါပါဘူးဘုရား)၊ မပါဘဲနဲ့ ဘာကြောင့် သိသတုံး (အဝိဇ္ဇာကြောင့်ပါဘုရား)၊ အဲဒါ **'အဝိဇ္ဇာ'** ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## မိစ္ဆာသက်ပွကြီးဖြစ်နေတယ်

**'နဖူး'**တို့၊ **'ပထဝီ'** တို့ဟာ ဒုက္ခသစ္စာ၊ **'ဒုက္ခသစ္စာကြီး'** ကို **'ပိယရုပ် သာတရုပ်'** သွားလုပ်တယ်၊ အဲသလိုများ ကြံဖူးသလားပြောပါ (မကြံဖူးပါဘူးဘုရား)၊ ကြံမှမကြံတတ်ဘဲနဲ့၊ ဘာဖြစ်လို့ မကြံတတ်လည်းဆိုတော့ **'အဝိဇ္ဇာ'** ကြောင့် မကြံတတ်ဘူး၊ **'သမ္မာသက်ပွ'** ဟုတ်သေးလား (မဟုတ်ပါဘူးဘုရား)၊ **'သမ္မာသက်ပွ'** မဟုတ်ဘဲနဲ့ နိဗ္ဗာန်သွားလို့ ရောက်သလား (မရောက်ပါဘူးဘုရား)၊ **'မိစ္ဆာသက်ပွကြီး'** ဖြစ်နေတယ်၊ ဘာပြုလို့တုံးဆိုတော့ **'စကျွ'**ကို မသိလို့။

## ပိယရုပ်နဲ့ ပထဝီကွဲပြီလား

**'တဏှာ ဒိဋ္ဌိကပ်သောကံ'**၊ အဲဒီနဖူးတို့ ပါးတို့ ရင်ဘတ်တို့ ခေါင်းတို့ဆိုတာ-**'မနုဗျဥ္စန-**ကိလေသာကို ဖြစ်စေတတ်တဲ့ရုပ်**'**၊ အဲဒါက မျက်စိက ဖြစ်တဲ့ရုပ် **'က္ခန္ဓေ'**ကို မစောင့်တာနဲ့၊ အဲဒီ**'တဏှာ'**နဲ့ **'ပိယရုပ်'** ဆိုတာနဲ့ အတူတူပဲ၊ စင်စစ်က **'မာတာ'**က ပထဝီ။ **'ပထဝီ'**ရောက်မှ ရုပ်ရောက်တယ်၊ **'ပိယရုပ်နဲ့ ပထဝီ'** ကွဲပြီလား၊ ဥပမာ - ခေါင်းတို့ နဖူးတို့ ခြေတို့ လက်တို့ဆိုတာ ဘာရုပ်တုံး၊ မိန်းမတို့ဆိုတာ ပိယရုပ်၊ ဘာရုပ်တုံး (ပိယရုပ်ပါဘုရား)၊ ပထဝီ တေဇော ဝါယောက ဘာရုပ်တုံး (မဟာဘုတ်ရုပ်ပါဘုရား)၊ **'မဟာဘုတ်'** အဲဒါမှ **'ရူပက္ခန္ဓာ'** ခေါ်တယ်။

**'ပိယရူပံ သာတရူပံ ရူပံ နရူပက္ခန္ဓော၊ ရူပက္ခန္ဓော ရူပဥ္စေဝ ရူပက္ခန္ဓောစ'**၊ အဲဒါ **'ရုပ်'**လည်း ဟုတ်တယ်၊ **'ရုပ်'** ဆိုတာဘာတုံးဆိုတော့ ပထဝီ တေဇော၊ **'ရုပ်'**ဆိုတာဘာ တုံး(ပထဝီ တေဇောပါဘုရား)၊ **'ပထဝီ'**ဆိုတာမာတာ၊ ပထဝီ ဆိုတာဘာတုံး (မာတာပါဘုရား)၊ အဲဒီ **'မာတာ'**နဲ့၊ **'ပညတ်'**နဲ့၊ **'ပရမတ်'**နဲ့ အဲလိုကွဲမှ၊ နဖူးတို့ ခေါင်းတို့က မမာဘူးလား (မာပါတယ်ဘုရား)၊ အရိုးတို့က (မာပါတယ်ဘုရား)၊ **'မာတာ'**က ဘာတုံး (ပရမတ်ဘုရား)။ နဖူးတို့ ပါးတို့ ခေါင်းတို့ဆိုတာဘာတုံး(ပညတ်ပါဘုရား)၊ **'ပညတ်'**မှာ ပိယရုပ် သာတရုပ်ရှိတယ်၊ အဲဒါ **'သမုတိရုပ်'** ဟုတ်လား မှတ်ထားနော်၊ **'ပထဝီ'**နဲ့တူသလား(မတူပါဘူးဘုရား)၊ မတူဘဲနဲ့ သူက **'ပထဝီ'**ရှိလို့ ဖြစ်လာတယ်၊ အဲဒါ **'ပိယရုပ် သာတရုပ်'** ခေါ်တယ်၊ **'ပိယရုပ် သာတရုပ်'**မရှိမှ နိဗ္ဗာန်ရောက်တယ်၊ အဲဒါလေးကိုပြောပြတဲ့သူက နည်းနည်းရှားလို့ အဲဒါကို ရေလည်နေရတယ်။

## ဓမ္မာနုပဿနာလေး ဖတ်ဖတ်ပေးရတယ်

**'နဖူး'**က ဘာရုပ်တုံး (ပိယရုပ်)၊ **'မာတာ'**ကဘာတုံး (မဟာဘုတ်ပါဘုရား)၊ အင်း အဲဒီလို **'မဟာဘုတ်'** သိရင် ပိယရုပ်ဖြစ်သေးလား(မဖြစ်ပါဘူးဘုရား)၊ မဖြစ်ရင်**'တဏှာ'**ရော ဖြစ်သေးလား

www.burmeseclassic.com

www.burmeseclassic.com



(မဖြစ်ပါဘူးဘုရား)၊ အဲဒါမြတ်စွာဘုရား တရားနဲ့မကိုက်ဘူးလား၊ ကိုက် သလား (ကိုက်ပါတယ်ဘုရား)၊ အဲသလိုကိုက်မှ တရားဖြစ်တယ်၊ အဲလိုမှတ်ထား။ **'ဓမ္မာနုပဿနာ'** ကျတော့ တစ်ခုမှမဟန်တတ်ဘူး၊ ဟန်ပေးရတယ် ဟုတ်ကဲ့လား၊ ပါဠိလေးတွေ ဘာလေးတွေ၊ **'ဓမ္မာနုပဿနာလေး'** ဖတ်ဖတ်ပေးရတယ်၊ အဲဒါ **'သစ္စပဗ္ဗ'** ခေါ်တယ်၊ ဘာခေါ်တုံး (သစ္စပဗ္ဗခေါ်ပါတယ်ဘုရား)၊ **'ပိယရူပံ သာတရူပံ'** တဏှာတို့ ဘာတို့ ပါတာကိုး။ **'တဏှာ'**ဟာ ဘာကြောင့်ဖြစ်မှန်း သိပြီလား (သိပါပြီဘုရား)။

## ပညတ်မဟုတ်ရင် ပရမတ်ဆိုရင် တဏှာမဖြစ်ဘူး

**'နဖူး'**သိတာနဲ့ **'မဟာဘုတ်'**သိတာနဲ့ **'မဟာဘုတ်'** ဖြစ်ရင် တဏှာဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ **'နဖူး'**ဆိုတော့ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲဒါ **'ပညတ်'** ဖြစ်ရင် တဏှာဖြစ်တယ်၊ **'ပညတ်'** မဟုတ်ရင် **'ပရမတ်'**ဆိုရင် တဏှာမဖြစ်ဘူး။ အဲလို **'တဏှာ'** မဖြစ်အောင်က အဲလို **'စက္ခုဥ္စ ပဇာနာတိ'** လုပ်ရတယ်၊ အဲလို **'ရူပေစ ပဇာနာတိ'** လုပ်ရတယ်၊ **'ပဇာနာတိ'**ဆိုတာ သိတယ်၊ ကဲ အရင်တုန်းက **'အဆင်း'** ဆိုတာ ဘာကြောင့်မှန်း မသိတော့၊ နဖူးကို မြင်ဖို့ဟာ ဒီက **'အလင်း'** မထိုးဘဲနဲ့ နဖူးကိုမြင်ရရဲ့လား (မမြင်ရပါဘူးဘုရား)၊ **'နဖူးကြီး'** က ဘာကြီးတုံး **'အဆင်းကြီး'** ဖြစ်သွားတယ်၊ **'နဖူးကြီး'**က ဘာကြီးတုံး (အဆင်းကြီးပါဘုရား)။

**'အဆင်း'** ကို **'အဆင်း'**လို့ ခေါ်သလား၊ **'နဖူး'**လို့ ခေါ်သလား (နဖူးလို့ ခေါ်ပါတယ်ဘုရား)၊ ပြောမှသိတယ်၊ **'အဆင်း'**ကို နဖူးကြီးလို့ ဒကာမကြီးတို့က မလုပ်ဘူးလား လုပ်သလား (လုပ်ပါတယ်ဘုရား)၊ မမှားဘူးလား မှားသလား (မှားပါတယ်ဘုရား)။ အဲဒါ **'ပိယရုပ် သာတရုပ်'** ဖြစ်သွားတာပဲ၊ ကိုယ့်အဖြစ်နဲ့လည်း မကိုက်ဘူးလား ကိုက်သလား (ကိုက်ပါတယ် ဘုရား)၊ ဘိုးကိုက်ကြီးတွေပေါ့၊ ဘိုးကိုက်ကြီးတွေ မကိုက်ကြီးတွေ ဖြစ်သွားတယ်၊ လူတွေပြောတိုင်း၊ ဒါကြောင့် 'လူပြောတာကို မယုံနဲ့ လျှော်ကြိုးလည်း မစီးနဲ့' ဆိုတာ အဲဒါ ပြောတာပေါ့။

## တဏှာဒိဋ္ဌိ ကပ်သောကံ အမှန် မိန်းမတွေ ယောက်ျားတွေဖြစ်သတည်း

**'မျက်စိမြင်တုံ ရူပါရုံ လူ့ပုံမမှတ်ရ'** လူပြောတဲ့ပုံတွေ မမှတ်နဲ့ဆိုတာ အဲဒါပြောတာပေါ့၊ သို့မို့ **'ဂမ္ဘမေ့မှောတွေ'** ဖြစ်ကုန်တာပေါ့၊ အဲဒါ **'စက္ခု'**ဆိုတာက **'တဏှာဒိဋ္ဌိ ကပ်သောကံ အမှန် မျက်စိ နား နှာ လျှာ လည်း ပါသတည်း'**၊ **'တဏှာဒိဋ္ဌိ ကပ်တဲ့ကံ'**က လုပ်လိုက်တာ ခုနတုန်းက နဖူးတွေ ပါးတွေကို ယောက်ျား မိန်းမလို့ လုပ်လိုက်တော့ **'တဏှာဒိဋ္ဌိ'** ကပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



**'ကံ'** လုပ်လိုက်တော့ အဲဒီကလေးလေး မွေးပါရော မျက်စိလေးပါလာတယ် ဆိုပါတော့၊ အဲဒီ မျက်စိက ဘာလုပ်တဲ့ ကံကြောင့်ရသတုံး။ **'တဏှာဒိဋ္ဌိ ကပ်သောကံအမှန် မိန်းမတွေ ယောကျ်ားတွေ ဖြစ်သတည်း'၊ 'တဏှာဒိဋ္ဌိ ကပ်တဲ့ကံ'** ပါတော့ မျက်စိတွေ မပါဘူးလား (ပါပါတယ်ဘုရား)၊ **'မျက်စိတွေ'** က ဘာအကျိုးတုံး ကံအကျိုး၊ **'မျက်စိတွေ'** က ဘာအကျိုးတုံး (ကံအကျိုးပါဘုရား)၊ **'ကံအကျိုး'** ဆိုတော့ ဝိပါက်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ **'ဝိပါက်'** ဆိုတော့ အဗျာကတ၊ သူက **'အဗျာကတ'**ဆိုတော့ ကိလေသာတွေကို မဖြစ်ဘူး၊ ဒါပေမယ့် ဖြစ်စရာအကြောင်းဖြစ်တယ်၊ **'မျက်စိ'**ပါမှ ကောင်းတယ်နဲ့ လုပ်လိုက်တော့ သူတို့လည်းလိုချင်ကြတယ်၊ **'လိုချင်တာ'** က တဏှာ၊ **'ရတာ'** က ဘာတုံး ဒုက္ခ။

**'လိုချင်တာ'** က ဘာတုံး (တဏှာ)၊ **'ရတာ'**က ဘာတုံး (ဒုက္ခ)၊ အဲလိုပြောတာ ဘာဖြစ်လို့ လိုချင်တုံး၊ **'မသိလို့ လိုချင်'**၊ မမြင်ဘူးလား စွန်းလွန်းဆရာတော်တရားက အခုမှ ကိုက်တာ၊ **'နဖူး'**မှန်း **'ပထဝီ'**မှန်းသိပြီလား (သိပါပြီဘုရား)။ **'ကိုယ်ကြီး'**က ဘာကြီးတုံး၊ ပထဝီ၊ **'မာတာတွေ၊ ပျော့တာတွေ'** က ဘာကြီးတွေတုံး (ပထဝီပါဘုရား)၊ ကိုယ်ကြီးတွေ ခါးကြီးတွေ ပေါင်ကြီးတွေ မိန်းမတွေ ယောကျ်ားတွေဆိုတာ ဘာကြီးတုံး- **'ပညတ်'**ကို ခေါ်တာ၊ အပေါင်းကြီး ဖြစ်သွားတယ်လေ၊ **'ပထဝီ'** က **'အာပေါတွေ'** နဲ့ ပေါင်းလိုက်တော့ အတုံးအခဲဖြစ်သွားတယ်။

## ရှေ့နောက်တို့၏ မပြတ်ဖြစ်သည်အဖြစ်ကြောင့်

**'ပုရိမ ပစ္ဆိမာနံ**- ရှေ့နောက်တို့၏'၊ အဲဒါလေးကို သင်သင်ပြီး ရေးထားဖို့ကောင်းတယ် သို့မို့ရင် မမှတ်မိဘူး၊ **'ရှေ့နောက်တွေ'** အခုဖြစ်နေတယ် ဟုတ်ကဲ့လား၊ **'ထိုင်တာ'** ရှေ့နောက်၊ **'ထိုင်တာ'** ဘာတုံး(ရှေ့နောက်ပါဘုရား)၊ **'ရှေ့နောက်တွေ'** က ထိုင်နေတာ။ **'ပုရိမ ပစ္ဆိမာနံ**- ရှေ့နောက်တို့၏၊ **နိရန္တရတာယ**- မပြတ်သည်၏ အဖြစ်ကြောင့်'။ဟိုမီးကြီးလင်းနေတာ ဘာဖြစ်နေတာတုံး **'ရှေ့နောက်တို့၏ မပြတ်သည်၏အဖြစ်ကြောင့်'** ဆိုလိုက်စမ်း (ရှေ့နောက်တို့၏ မပြတ်သည်၏ အဖြစ်ကြောင့်)၊ အဲလိုလေး ဆို ဆို ပေးမှ၊ ဒါဆိုပါဆို လေကြီး ရှူရှူနေတော့ ဘယ့်နှယ့်လုပ် **'ဉာဏ်တွေ'** မဖြစ်တော့ဘူး။

ဟော **'တဏှာ'** ဖြစ်ရင် ပိုဖြစ်တယ်၊ ရေထဲခုန်ချအောင်တောင်ဖြစ်တယ်၊ **'သမာဓိ'** လွတ်များလို့ရှိရင် တစ်စွဲတည်းစွဲနေလို့၊ အဲဒါကြောင့် **'ရာဂတွေ'**က ပိုကြီးနေတယ်၊ ဟုတ်ကဲ့လား၊ **'ဖြစ်ပျက်'**ဆိုရင် **'ရာဂ'**က ပိုမကြီးဘူး၊ တစ်ခါတည်းမြွေက ဖားခဲသလိုလုပ်တော့ **'ရာဂ'** က ပိုကြီးတော့ အသက်လည်း မနှမြောတော့ဘူး၊ တစ်ခါတည်း ဖအေ မအေဆိုလည်း တော်လှန်တော့တာပဲ၊ ကဲ တော်ကြာ ဝဋ်လိုက်ဦးမှာ ရှိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



### တဏှာမရှိချင်ရင် ပထဝီတေဇော ဝါယောနဲ့နေ

**'တဏှာဒိဋ္ဌိ'** ကပ်ပုံကိုသိပြီလား၊ နဖူးကြီးရော မိန်းမကြီးဖြစ်သွားတာ **'တဏှာဒိဋ္ဌိ'** ကပ်သွားတာပဲ၊ **'နဖူးကြီး'**ကလည်း ပထဝီ တေဇောကြီး၊ **'နဖူးကြီး'** က ဘာကြီးလဲ (ပထဝီ တေဇောကြီးပါဘုရား)၊ **'ပါးကြီး'**ကလည်း ဘာကြီးတုံး (ပထဝီ တေဇောပါဘုရား)၊ **'နှာခေါင်းကြီး'** ကလည်း ဘာကြီးတုံး(ပထဝီ တေဇောပါဘုရား)။ အကုန်လုံးကရှိတာ၊ **'ပထဝီ တေဇော'** ကမှ **'ရူပက္ခန္ဓာ'** မည်တယ်တဲ့၊ **'ပထဝီ တေဇော'**က ဘာခေါ်တုံး (ရူပက္ခန္ဓာပါဘုရား)၊ **'ပထဝီ တေဇော'** မဟုတ်တဲ့ရုပ်က ဘာခေါ်တုံး **'ပိယရုပ် သာတရုပ်'**၊ အဲဒါကြောင့် ဒကာမကြီးတို့ **'တဏှာ'** ဖြစ်တာ၊ သူတကာကို သွားပြီးတော့ အတ္တာမဖြစ်ရဘူး၊ **'တဏှာ'**ဘာကြောင့်ဖြစ်တုံး **'ပိယရုပ် သာတရုပ်'** ကြောင့်ဖြစ်တာ ဟုတ်ကဲ့လား။

အခု **'ပထဝီ'**မှန်း၊ **'ပိယရုပ် သာတရုပ်'** မှန်းသိပြီလား၊ **'တဏှာ'** ဖြစ်ချင်ရင် **'ပိယရုပ် သာတရုပ်'**နဲ့နေ၊ **'တဏှာ'**မရှိချင်ရင် **'ပထဝီ တေဇော ဝါယော'** နဲ့နေ ဟုတ်ကဲ့လား။

### လက္ခဏာသိမှ နာမ်နဲ့ရုပ်ပေါ်တယ်

**'မာတာ ပျော့တာ'** ဘယ်သူတုံး (ပထဝီပါဘုရား)၊ အဲဒါကို **'လက္ခဏာ၊ ရသ၊ ပစ္စုပ္ပဋ္ဌာန်၊ ပဒဋ္ဌာန်၊ အမှန်နာမ်နဲ့ရုပ်'**၊ **'လက္ခဏာ'**သိမှ နာမ်နဲ့ရုပ်ပေါ်တယ်၊ သို့မို့ရင် **'နာမ်'** မှန်းလည်းမသိဘူး၊ **'ရုပ်'**မှန်းလည်း မသိဘူး ဟုတ်ကဲ့လား၊ အဲလို မသိတော့ **'အဝိဇ္ဇာ'** ဖြစ်တယ်၊ **'မျက်စိ'** နဲ့ ကြည့်လိုက်တော့ **'အဝိဇ္ဇာတွေ'** ဖြစ်သွားတယ်၊ အဝိဇ္ဇာဖြစ်ရင် **'တဏှာ'** ရောဖြစ်တာပေါ့၊ **'သူငါ'** ဖြစ်ပြီ၊ **'တဏှာ'** ဖြစ်ပြီ၊ ပြီးတော့ လူလည်လုပ်ပြီး ဟိုပြောဒီပြော၊ သူ့တော့ တဏှာကြီးနဲ့ပြောနေ မဟုတ်ဘူးလား။

### ဒါမှဆရာကောင်းတပည့် ပန်းကောင်းပန် ဖြစ်မှာပေါ့

ကဲ **'တဏှာ'** ရှိရင် လူယုတ်မာလား လူကောင်းလား (လူယုတ်မာပါဘုရား)။ ဟိုဟာတွေ သွားလုပ်တော့ လူယုတ်မာဖြစ်တာပေါ့။ **'အနိစ္စကောင် ဒုက္ခကောင် ဘာမှန်းလည်းမသိ ညာမှန်းလည်းမသိ'**၊ ဒါနာမည်ပေးတာ --- ဆိုစမ်း (အနိစ္စကောင် ဒုက္ခကောင် ဘာမှန်းလည်း မသိ ညာမှန်းလည်းမသိ)၊ အဲဒါ **'အနိစ္စကောင် ဒုက္ခကောင်'** ဖြစ်သွားတာပဲ၊ အခု **'အနိစ္စကောင် ဒုက္ခကောင်'** ဖြစ်သေးလား၊ ဘာမှန်းမသိ ညာမှန်းမသိ ဟုတ်သေးလား (မဟုတ်တော့ပါဘူး)။ ဒါမှ 'ဆရာကောင်းတပည့် ပန်းကောင်းပန်' ဖြစ်မှာပေါ့၊ သို့မို့ရင် တစ်မျိုးကြီး၊ တရားတွေတော့

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပါရဲ့ **'ရာဂတွေ'**ကပိုကြီးနေ၊ ပိုမကြီးဘူးလား ကြီးသလားပြောစမ်း၊ **'သမာဓိတွေ'** လုပ်လာတော့၊ စူးစိုက်ရင် **'ပိယရုပ် သာတရုပ်'**က ကြာကြာကြီးဖြစ်တော့ **'တဏှာတွေ'** ဖြစ်ကုန်တာ၊ **'တဏှာ'** ဘာကြောင့်ဖြစ် (ပိယရုပ် သာတရုပ်ကြောင့်ဖြစ်ပါတယ်ဘုရား)၊ **'ပိယရုပ် သာတရုပ်'** ဆိုတာ မိန်းမကြီးနဲ့ ပထဝီနဲ့ အဲလိုကွဲတာ။

## အဝိဇ္ဇာလမ်းကြီး ပယ်လိုက်တော့ ဝိဇ္ဇာလမ်းကြီး မဖြစ်ဘူးလား

နဖူးတွေ ခေါင်းတွေ ပါးတွေက မပျော့ဘူးလား (ပျော့ပါတယ်ဘုရား)၊ **'ပျော့တာ'** ဘာတုံး၊ ပျော့တာ ပထဝီ၊ ဒကာကြီးတို့က ပျော့တာမကြိုက်ဘူးလား ကြိုက်သလား (ကြိုက်ပါတယ်ဘုရား)၊ ကြိုက်သွားတယ်၊ အဲဒါ **'ပိယရုပ် သာတရုပ်'**၊ ဘုရား တရားအတိုင်း ဖြစ်တာ ဒကာကြီးတို့ အပြစ်မဟုတ်ဘူး၊ ဒါတရားတွေဖြစ်နေတာ၊ ဘာဖြစ်နေတုံး (တရားတွေ ဖြစ်နေပါတယ်ဘုရား)။ ဒါ **'သံသရာတရား'** ဖြစ်နေတာ၊ **'ပဋိစ္စသမုပ္ပါဒ်တရားကြီး'** ဖြစ်နေတယ် ဟုတ်ကဲ့လား၊ တရားတွေဖြစ်တာ ဘယ်လမ်းသွားတုံးဆိုတော့ **'အဝိဇ္ဇာလမ်း'**က သွားနေတယ်၊ ဘယ်က သွားနေတုံး (အဝိဇ္ဇာလမ်းက သွားနေပါတယ်ဘုရား)၊ အဲဒီ **'အဝိဇ္ဇာ လမ်းကြီး'** ပယ်လိုက်တော့၊ **'ဝိဇ္ဇာလမ်းကြီး'** မဖြစ်ဘူးလား (ဖြစ်သွားပါတယ်ဘုရား)၊ **'သမ္မာဒိဋ္ဌိ လမ်းကြီး'** အဲဒါကို ပြောပြနေတာ ဟုတ်တယ်မဟုတ်လား။

## မာတာ ပထဝီ ဖြစ်ပြန်ပြီ ဖြစ်ပြန်ပြီ

နဖူးကြီးတွေ ပါးကြီးတွေက ဘာကြီးတွေတုံး **'ပိယရုပ် သာတရုပ်'**၊ မမာဘူးလား မာသလား (မာပါတယ်ဘုရား)၊ **'မာတာ ပျော့တာ'** ဘာတုံး(ပထဝီပါဘုရား)၊ အဲဒါ **'လက္ခဏာ'** ခေါ်တယ်။ **'မာခြင်းလက္ခဏာ ပျော့ခြင်းလက္ခဏာ'**၊ ကိုင်စမ်းကြည့်ပါလား၊ **'မာတာပထဝီ ဖြစ်ပြန်ပြီ ဖြစ်ပြန်ပြီ၊ မာတာပထဝီ ဖြစ်ပျက်၊ အနိစ္စအမြဲမရှိကုန်'**၊ အေး အဲသလို လုပ်ရတယ်၊ တို့ငယ်ငယ် တုန်းက ကထိန်သွားခင်းတာ ဘုန်းကြီးက အဲဒီတရား ဟောလိုက်တယ်၊ ငါတို့ ဘာမှန်းမသိ ညာမှန်းမသိနဲ့ ပြန်လာရတယ်၊ ပြန်လာတော့ 'ဘယ်နှယ့်တုံး ခင်ဗျားတို့ တရားကြီးက ဘယ်လို တရားကြီးတုံး မာတာ ပထဝီ၊ ဖြစ်ပြန်ပြီ ဖြစ်ပြန်ပြီ'။

ငါတို့ ဘာသိမှာတုံး သုံးလေးဝါလောက်ရသေးတယ်၊ စာတွေကျက်တုန်း၊ သင်္ဂြိုဟ်တွေ ဘာတွေကျက်တုန်း၊ ဘာမှလည်း မသိဘဲနဲ့ သူတကာလုပ်သလို သွားလုပ်တာ၊ ဟိုကတော့ ဘုရားလိုဏ်ဂူကြီးထဲနေတာ၊ တကယ့်တရား အခုမှ ဟန်မှန်းသိတယ်၊ ဟန်မှန်းသိတော့

www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းက **'မာတာ ပထဝီ'** ဆိုတာ ဟုတ်ပါကလား၊ **'မာတာ ပထဝီ'**ဆိုတာ မဟုတ်ဘူးလား ဟုတ်သလား (ဟုတ်ပါတယ်ဘုရား)၊ **'မာတာ ပထဝီ'** ဖြစ်နေတာကို ဒီလိုဘာမှန်းမသိဘူး ဟုတ်လား၊ **'မာတာပထဝီ ဖြစ်ပြန်ပြီ ဖြစ်ပြန်ပြီ'၊** အခု လက်ကြီးလှုပ်တာ ဘာဖြစ်တာတုံး၊ **'မာတာပထဝီ ဖြစ်ပြန်ပြီ ဖြစ်ပြန်ပြီ'**၊ လှုပ်တာရဲ့အခြေခံ ဟုတ်ကဲ့လား၊ အဲလို နဖူးနဲ့ မာတာနဲ့ လူတွေနဲ့ ကွဲပြီလား (ကွဲပါပြီဘုရား)၊ **'လူတွေ'**က ဘာရုပ်တုံး (ပိယရုပ် သာတရုပ်ပါဘုရား)၊ နဖူးတွေ ပါးတွေ ပေါင်တွေ ခါးတွေက မမာဘူးလား မပျော့ဘူးလား (မာပါတယ် ပျော့ပါတယ် ဘုရား)၊ အဲဒီ **'မာတာ ပျော့တာ'** ဘာတုံး (ပထဝီပါဘုရား)၊ ခါးလို့ မခေါ်ဘူးလား (ခေါ်ပါတယ် ဘုရား)၊ ဗိုက်လို့ မခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား)၊ အဲဒါ **'ပိယရုပ် သာတရုပ်'** ဖြစ်သွားတယ်။

## ရူပက္ခန္ဓာ ဥပါဒါနက္ခန္ဓာ

**'ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ'၊** အဲဒီ **'တဏှာ'**ဆိုတာ မိန်းမတွေ ယောကျ်ားတွေ ခါးတွေ ပေါင်တွေကြောင့် ဖြစ်တာ၊ **'ပျော့တာ မာတာ'** ကြောင့် ဖြစ်သလား (မဖြစ်ပါဘူးဘုရား)၊ **'ပျော့တာ မာတာ'**ကြောင့် မဖြစ်ဘူး၊ **'ပျော့တာ မာတာ'**က ပထဝီ၊ **'မာတာပထဝီ ပျော့တာပထဝီ ဖြစ်ပြန်ပြီ ဖြစ်ပြန်ပြီ'၊** ဗိုက်ကြီးက ပျော့တယ် မဟုတ်လား၊ ပေါင်ကြီးက ပျော့တယ်လို့ ဆိုသလား၊ ပေါင်ကြီးလို့ ဆိုသလား၊ ပေါင်ကြီးလို့ဆိုရင် ဘာရုပ်တုံး (ပိယရုပ် သာတရုပ်ပါဘုရား)၊ **'မာတယ် ပျော့တယ်'** ဆိုရင် ဘာရုပ်တုံး (ပထဝီပါ ဘုရား)၊ အေး **'မဟာဘုတ်'**၊ အဲဒါကမှ **'ရူပက္ခန္ဓာ'** ခေါ်တယ်၊ ဟိုဟာက **'ဥပါဒါနက္ခန္ဓာ'** ခေါ်တယ်၊ ဟိုဟာက ဘာခန္ဓာ (ဥပါဒါနက္ခန္ဓာပါဘုရား)။

## ဥပါဒါန်တို့၏ အစီးအပွား

**'ဥပါဒါနာနံ ဟိတံ ဥပါဒါနိယံ'၊ 'ဥပါဒါနာနံ'**- ဥပါဒါန်တို့၏၊ **ဟိတံ**- အစီးအပွားသည်၊ **ဥပါဒါနိယံ**- ဥပါဒါန်တို့၏ အစီးအပွား**'၊** မျက်စိတို့ နားတို့ နှာခေါင်းတို့ လျှာတို့ အဲဒီကိုယ်တို့ မိန်းမတို့ ကာယပသာဒတို့ ဣတ္ထိဘာဝတို့ ပုမ္ဘာဝတို့ဟာ ဘာတုံးဆိုတော့ **'ဥပါဒါန်ရဲ့ အစီး အပွား'**၊ **'တဏှာဒိဋ္ဌိ'** မရှိဘဲ အဲဒီ မျက်စိတွေ မဖြစ်ဘူး၊ မိန်းမတွေ ယောကျ်ားတွေ မဟုတ်ဘူး လား၊ အဲဒါတွေကို သင်ပြနေရတာ၊ ပထမတန်းလေးနက်တဲ့ အဘိဓမ္မာတွေ ဟုတ်ကဲ့လား အဲလိုမှတ်ထား၊ ပေါ့ပေါ့ဆဆ မလုပ်နဲ့ တကယ်ဖြစ်တယ်။ **'စက္ခုလောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာတဏှာ နိရုဇ္ဈမာနာ နိရုဇ္ဈတိ'၊ 'ဧတ္ထ-** ဤစက္ခုလောက၌၊ **တဏှာ**- တဏှာသည်၊

www.burmeseclassic.com

www.burmeseclassic.com



**နိရုဇ္ဈမာနာ** - ချုပ်သည်ရှိသော်၊ **နိရုဇ္ဈတိ**- ချုပ်၏**’**၊ **‘တဏှာ’**ချုပ်တော့ ဘာရတုံး၊ နိဗ္ဗာန်ရတယ်၊ **‘တဏှာ’**ချုပ်တော့ဘာတုံး (နိဗ္ဗာန်ပါဘုရား)၊ အဲဒီကို သွားနေတာ **‘မနော’**ကလည်း အဲဒီလို ချုပ်လိုက်ရင် ပထမတန်း ဖြစ်နေတဲ့ဟာကို လေးလေး စားစားမလုပ်ဘူးလား လုပ်သလား (မလုပ်ပါဘူးဘုရား)၊ အဲလို **‘ပထဝီ ပထဝီ’** ဆိုသွား ဟုတ်လား၊ **‘တဏှာ’**မဖြစ်ရင် နိဗ္ဗာန်ရောက်ပြီ **‘မာတာ ပထဝီ ဖြစ်ပြန်ပြီ ဖြစ်ပြန်ပြီ’**၊ အခုထိုင်နေတာ **‘မာတာ ပထဝီတွေ’** ဖြစ်နေတာ။

ပေါင်ကြီးတွေ ခါးကြီးတွေ၊ ‘ညောင်းလိုက်တာဟဲ့ ခါးညောင်းလိုက်တာဟဲ့’ ဆိုရင် ဘာရုပ်တုံး (ပိယရုပ် သာတရုပ်ပါဘုရား)၊ ပျော့တာကြီးက ပူတာကြီးတွေက **‘မဟာဘုတ်’**၊ **‘မဟာဘုတ်’**နဲ့ **‘ပိယရုပ် သာတရုပ်’** ကွဲပြီလား(ကွဲပါပြီဘုရား)၊ ကွဲရင် **‘တဏှာ’** မဖြစ်တော့ဘူး၊ **‘တဏှာ’** မဖြစ်ရင် နိဗ္ဗာန်ရောက်ပြီ၊ လွယ်လွယ်လေးရယ်၊ အဲဒါ **‘သစ္စပဗ္ဗ’** ခေါ်တယ်၊ **‘စက္ခုလောကေ’**၊ **‘လောက’** ဆိုတာ **‘ဖြစ်ပျက်တာ’**ကို လောကခေါ်တာကိုး၊ **‘မျက်စိ’**နဲ့ ဆိုင်ရာကြီးပေါ့၊ အုပ်ချုပ်တယ်ဆိုတာ **‘စက္ခုန္ဒြေ’** ကိုဟုတ်လား၊ **‘ဣန္ဒြိယ’** ဆိုတာ မျက်စိက အစိုးရတယ်။

မျက်စိက အစိုးရလို့ **‘စက္ခုန္ဒြေ’** ဆိုတာ **‘စက္ခုလောက’**နဲ့ အတူတူပဲ၊ အဲဒါသာ မှတ်ထား၊ မာတာ ပျော့တာတွေ ပျောက်သွားပြီးတော့ နဖူးတွေ ပါးတွေ မိန်းမတွေ ယောကျ်ားတွေ နာမည်တွေ ရောက်သွားပြီဆိုရင် အဲဒါ **‘ပိယရုပ် သာတရုပ်’** ရောက်သွားပြီလို့ မှတ်ထား၊ ပြီးတော့ **‘အလင်းရှိမှ အဆင်းရှိတယ်’** လို့လည်းမှတ်ဦး။

**အလင်းမရှိအဆင်းမရှိ**

**‘ရူပေစ ပဇာနာတိ’**၊ **‘ရူပါရုံ’**ဆိုတာ သိပြီလား၊ **‘ရူပါရုံ’**ဆိုတာ မှောင်နေရင် ဒီလို ချောချောလှလှကို မြင်ရသေးလား(မမြင်ရပါဘူးဘုရား)၊ လင်းနေတော့ ချောချောလှလှတွေ မမြင်ဘူးလား (မြင်ပါတယ်ဘုရား)၊ **‘အလင်း’** ရှိတော့ အဆင်းမရှိဘူးလား (ရှိပါတယ်ဘုရား)၊ အဲဒါကို **‘အဆင်း’** ခေါ်တယ်။

**အလင်းကြောင့်သာ အဆင်းသာ သူဟာဖြစ်ရသည်။**
**အလင်းမရှိ အဆင်းမရှိ ကဝိမှတ်ရာတည်း။**

ဟောဒီမီးကြီးမရှိလို့ရှိရင်၊ **‘မီး’**ဆိုတာ ဘာတုံး (တေဇောပါဘုရား)၊ **‘တေဇော’** ဆိုတာ တစ်လောင်တည်း လောင်မနေဘူးလား၊ တစ်ပူတည်း ပူမနေဘူးလား (ပူနေပါတယ်ဘုရား)၊ ပူပြန်ပြီ၊ ပူတာဟာ **‘တေဇော’** ဟုတ်ကဲ့လား၊ **‘ဖြစ်ပြန်ပြီ ဖြစ်ပြန်ပြီ’**နဲ့နေတာ၊ အဲဒါကြောင့် အဲဒါ **‘အဆင်း’**က အလင်းကိုယူတယ်။

www.burmeseclassic.com

www.burmeseclassic.com



**မဟာဘုတ်ရောက်သွားတော့ မနောဝိညာဏ်ဆိုတော့ တဏှာမဖြစ်ဘူး**

**'အသံ'**ကျတော့ လှုပ်တာကို **'ဝါယော'**လို့ ယူရတယ်၊ **'ဝါယော'** ရှိမှ ပါးစပ်လှုပ်မှ အသံဖြစ်တယ်၊ **'သောတဇ္ဇ ပဇာနာတိ'** အကုန်လျှောက်သိရတယ်၊ **'မနော'**လည်း သိရတယ်၊ အဲဒါတွေက **'ပိယရုပ် သာတရုပ်'** ဖြစ်ပြီးတော့ အဲဒါတွေက **'တဏှာ'** ချုပ်တာလည်း အဲဒီက ချုပ်တာ ဘာခက်တာမှတ်လို့၊ တစ်ခါတည်း အခက်ကြီးလုပ်နေတယ်၊

**'ပိယရုပ် သာတရုပ်'** ဆိုတာ ချုပ်တဲ့နေရာမှာ **'ဓမ္မာနုပဿနာ'**ကမှ အဲဒါချက်ချင်းပါတယ်၊ **'ပိယရုပ် သာတရုပ်'** မှန်းသိပြီဆိုရင် **'မဟာဘုတ်'** ရောက်ရော၊ ဟော**'မဟာဘုတ်'** ရောက်သွားတော့ **'မနောဝိညာဏ်'** ဆိုတော့ တဏှာမဖြစ်ဘူး၊ အဲဒီအသိက သစ်ပင်ကြီး ခါးနဲ့ခုတ်တော့ ဘယ်လိုနေတုံး ပြတ်သွားတယ်၊ ပြတ်ရုံပဲပြတ်တယ် သစ်ပင်ကဘာမှ မဖြစ်ဘူး၊ အဲလို မျက်စိက မြင်ရုံမြင်တယ်၊ မိန်းမမှန်း ယောကျာ်းမှန်း မသိဘူး ဟုတ်တယ် မဟုတ်လား အဲဒါမျိုးကို။

**နိရုဇ္ဈမာနာ နိရုဇ္ဈတိ**

**'စက္ခုလောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ နိရုဇ္ဈမာနာ နိရုဇ္ဈတိ'**။

အဲဒီ**'မျက်စိ'**က တဏှာချုပ်သွားတဲ့ဟာ၊ အဲလိုခေါ်တယ်၊ ကဲ သားလေးလို့ ချစ်သေးလား၊ သမီးလေးလို့ကော ချစ်သေးလား၊ အရက်လို့ ချစ်သေးလား၊ အရက်က ဘာရုပ်တုံး (ပိယရုပ်သာတရုပ်ပါဘုရား)၊ အရည်လား သူက၊ 'အရက်'က ခေါ်တဲ့ဟာ၊ ခါးလို့မူးလို့ ခေါ်တဲ့ဟာ။ စင်စစ် အရည်ဆိုရင် ဘာတုံး **'အာပေါ'**၊ အရည်ဆိုရင် ဘာတုံး (အာပေါပါဘုရား)၊ ယိုစီးတယ်ဆိုတာ ဘာတုံး **'အာပေါ'**၊ ယိုစီးတာက **'အာပေါ'**၊ ဖွဲ့စည်းတာကလည်း **'အာပေါ'**၊ အေး အဲလိုမှတ်၊ ဟိုဟာတွေမမှတ်နဲ့၊ ကျင်ငယ်တွေ ဘာတွေဟာ ဖွဲ့စည်းတာတွေ၊ ကျင်ငယ်တွေ ထွက်လည်း ထွက်တယ်၊ ဖွဲ့လည်း ဖွဲ့တယ်၊ မဟုတ်ဘူးလား၊ ကျင်ငယ်မရှိလည်း သေရော။

**မသိတာက ရာဂလုပ်သလို မသိတာ မဟုတ်ဘူး**

**'ပိယရုပ် သာတရုပ်'** မှတ်ထားနော်၊ **'မဟာဘုတ်နဲ့ ပိယရုပ်'** ကွဲလိုက်လို့ရှိရင် **'ရုပ်နှစ်ခု'** ကွဲသွားတော့ ဒါက **'တဏှာ'** ဖြစ်တဲ့ရုပ်၊ ဒါက **'တဏှာ'** ချုပ်တဲ့ရုပ် မရှိဘူးလား၊ ဒီက **'တဏှာ'** ဖြစ်တဲ့ ဝိညာဏ်၊ ဟိုက **'တဏှာ'** မဖြစ်တဲ့ ဝိညာဏ်၊ အဲလိုမျက်စိတွေ နားတွေက ဖြစ်သွားတယ်၊ ကိုယ်ကြီးနဲ့ ထိတော့လည်း ထိရုံပဲ ထိတယ် **'မသိဘူးပေါ့'**၊ **'မသိတာ'**က ရာဂလုပ်သလို မသိတာ မဟုတ်ဘူး **'မသိတာ'** ခေါ်တယ်။ ရာဂလုပ်ချင်တာကို ဒကာမကြီးတို့က

www.burmeseclassic.com

www.burmeseclassic.com



မသိဘူးလား သိတယ်၊ လုပ်ချင်တာတွေရော ဖြစ်သွားတယ်၊ **'မနော'**က သိရုံသိတယ် မလုပ်ဘူး၊ သိအောင် ပြောနေရတာ ဟုတ်ကဲ့လား၊ 'မြင် မြင်တဲ့အတိုင်း၊ ကြား ကြားတဲ့အတိုင်း'၊ မကြားဖူးဘူးလား မြင်သာမြင်တယ် မသိဘူး၊ ဒီအတိုင်းသွား အခုဖြင့်သိလိုက်တာ။

သိလိုက်တာ ဘာသိတာရှိတုံးဆိုတော့ 'မအတ္တာကြီးလာပြီ၊ ကိုအတ္တာကြီးလာပြီ လူကြီးမိတ်ဆွေကြီးလာပြီနဲ့ မသိရမယ့်ဟာကို သိတာ'၊ **'ပထဝီ တေဇော'**သိလား (မသိပါဘူးဘုရား)၊ **'ပထဝီ တေဇောကြီး'** လာပြီလို့ ရှိသလား (မရှိပါဘူးဘုရား)၊ အဲလို စိတ်ထဲက ကိုယ့်ဟာကိုယ်ဉာဏ်တွေထုတ်၊ ငါပြောသလိုပြော၊ အဲဒါ တရားရတဲ့ဟာ၊ **'မျက်စိ'**လည်း ဘာကြောင့်ဖြစ်တယ်ဆိုတာသိပြီလား (သိပါပြီဘုရား)။

**ပိယရုပ် သာတရုပ် မဟာဘုတ်ကွဲလျှင် တဏှာချုပ်**

**'တဏှာဒိဋ္ဌိ ကပ်သောက်'** (တဏှာဒိဋ္ဌိကပ်သောက်)၊ အဲဒါ စာလို မဟုတ်ဘူးနော်၊ ဒါက **'တဏှာဒိဋ္ဌိ'** ကပ်လို့ နဖူးကိုစမ်းတယ်ဆိုရင် နဖူးကြီးဆိုရင် **'တဏှာ'** ဖြစ်သွားပြီ၊ နှာခေါင်းလေးက လုံးချောလေးဆိုရင် **'တဏှာ'** ဖြစ်သွားပြီ၊ နှာခေါင်းလေးက မမာဘူးလား (မာပါတယ်ဘုရား)၊ **'မာတာ'** ဘာတုံး (ပထဝီပါဘုရား)၊ အဲလိုဆိုတော့မှ **'ရုပ်'** ရောက်တယ်၊ ဟိုက **'ပိယရုပ် သာတရုပ်'**။

**'ပိယရုပ် သာတရုပ် မဟာဘုတ်၊ ကွဲလျှင် တဏှာချုပ်'**၊ အဲဒါ သင်ပေးရသေးတယ်၊ အခု ကွဲပြီလား (ကွဲပါပြီဘုရား)၊ မကွဲတဲ့ ဒကာကြီးတွေ ဒကာမကြီးတွေ ရှိသလား၊ **'ပိယရုပ် သာတရုပ်'** ကွဲပြီလား (ကွဲပါပြီဘုရား)၊ နဖူးကြီး ပါးကြီး ပေါင်ကြီးဆိုတော့ ချစ်စရာတွေ ဖြစ်မသွားဘူးလား (ဖြစ်ပါတယ်ဘုရား)၊ **'တဏှာ'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ **'တဏှာ'** ဖြစ်တဲ့ ရုပ်က **'ပိယရုပ် သာတရုပ်'**၊ **'မာတာ ပထဝီ'** ဆိုတော့ ချစ်သေးလား (မချစ်ပါဘူးဘုရား)၊ **'တဏှာ'** မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား)။ **'ပိယရုပ် သာတရုပ် မဟာဘုတ် ကွဲလျှင် တဏှာချုပ်'**၊ အဲဒါတွေ ဆိုဆိုပြီး ကွဲစမ်း၊ ပထမတန်းဖြစ်အောင်၊ ငါပြောသလိုလိုက်ဆို၊ **'မျက်စိတွေ၊ နားတွေ'**က အကြည်လေးကို ခေါ်တယ်၊ **'ရူပါရုံ'**ကလည်း အလင်းကြောင့် ထိုးလိုက်တော့ မိန်းမကြီးဖြစ်သွားတယ်၊ ဒါပေမယ့် မိန်းမကြီးလို့ဆိုပြီး ကိုင်လိုက်လို့ရှိရင် မိန်းမမဟုတ်တော့ဘူး၊ **'ပထဝီ တေဇော'** ပဲ သွားတွေ့တယ်။

**တဏှာနိုင်ငံကြီးဖြစ်သွားတာ**

**'မြင်လိုက်လို့ ကိုင်လိုက်ပါ မြင်တာကို မကိုင်မိ'** မိန်းမကြီး ယောကျ်ားကြီး သွားကိုင်မိတယ်၊ ဘယ်သူသွားကိုင်မိသတုံး၊ မဟာဘုတ် ကိုင်မိတယ်လို့ ဆိုသလား၊ စင်စစ်က

www.burmeseclassic.com

www.burmeseclassic.com



**'မဟာဘုတ်'** ကို ကိုင်မိတာကို **'မဟာဘုတ်'** ကိုင်မိတယ် မဆိုဘူး၊ မိန်းမကြီး ယောက်ျားကြီး ကိုင်မိတယ်လို့ ဆိုတော့ **'တဏှာ'**က ဘယ်ချုပ်လိမ့်မတုံး၊ **'တဏှာနိုင်ငံကြီး'** ဖြစ်သွားတာ၊ **'တဏှာ'**ဆိုတာ ပိယရုပ် သာတရုပ်က လာတာ၊ ရိပ်မိလား(ရိပ်မိပါတယ်ဘုရား)၊ **'ပိယရုပ်နဲ့ သာတရုပ်'**၊ **'ပိယရူပံ သာတရူပံ ရူပံ နရူပက္ခန္ဓော'**၊ **'ရူပက္ခန္ဓော'**၊ အဲဒါတွေက စာလို ဖြစ်နေပြီး စာလိုဟောဟောနေကြလို့ အဲသလိုဖြစ်တာ၊ စာလို မဟောရဘူး၊ တကယ်ဖြစ်သလို ဟောရတယ်၊ ဟုတ်တယ်မဟုတ်လား၊ အဲဒါမှ ပထမတန်းဖြစ်တာ။ ကဲ **'နှာခေါင်းလေး'** က လှတာလား၊ **'ပထဝီ တေဇော'**က လှတာလား၊ **'နှာခေါင်း'**ကို လှတယ်လို့ဆိုတာ၊ **'ပထဝီ တေဇော'**ကို လှတယ်လို့ဆိုသလား (မဆိုပါဘူးဘုရား)၊ လှတယ်လို့ မဆိုတော့ ကြိုက်တာတွေ ဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)။

**ပိယရုပ် သာတရုပ် မဟာဘုတ်၊ ကွဲလျှင် တဏှာချုပ်။**

**ပိယရုပ် သာတရုပ် မဟာဘုတ်၊ မကွဲလျှင် တဏှာယုတ်။**

**'တဏှာယုတ်တွေ'** ဖြစ်တယ်၊ မဖြစ်ဘူးလား ဖြစ်သလားဆိုတော့ စုံစမ်းကြည့်၊ မိန်းမတွေရော ယောက်ျားတွေရောဖြစ်တယ်၊ နဖူးတွေ ဘာတွေကိုင်ရင် **'မာရင်'** ဘာတုံး (ပထဝီပါဘုရား)၊ **'ပထဝီ'**ကကို နဖူးဖြစ်နေတယ်ဆိုတာ သိရဲ့လား၊ **'ပထဝီ'** က နဖူးဖြစ်နေတယ်၊ **'ပထဝီ'** က ဘာဖြစ်တုံး (နဖူးဖြစ်နေပါတယ်ဘုရား)၊ **'ပထဝီ'**ဆိုတော့ အရင်းမရောက်ဘူးလား (ရောက်ပါတယ်ဘုရား)၊ **'နဖူး'**က ဘာတုံး၊ နောက် **'ပိယရုပ် သာတရုပ်'** က မွမ်းမံတဲ့အရုပ်ကလေးလိုပေါ့၊ မွမ်းမံတဲ့ရုပ်က **'ပိယရုပ် သာတရုပ်'**၊ အခု ပန်းချီဆွဲတဲ့ဟာတွေက ဟိုလို ဟာတွေက **'ပိယရုပ် သာတရုပ်တွေ'** ပေါ့။

**မုန်း ချစ်က တဏှာ့ကြောင့်၊ တဏှာဆိုတာ မုန်း ချစ်**

မုန်းရင်လည်း **'ပိယရုပ် သာတရုပ်'** ပဲ။ **'မုန်းရင်'** ဘာတုံး (ပိယရုပ် သာတရုပ်ပါ ဘုရား)။ **'ချစ်ရင်'** လည်းဘာတုံး (ပိယရုပ် သာတရုပ်ပါဘုရား)။ **'မုန်း ချစ်'**က တဏှာ့ကြောင့်၊ **'တဏှာ'** ဆိုတာ မုန်း ချစ် ဟုတ်လား၊ **'တဏှာကြီး'** က မုန်းပြီဆိုတော့ ကြည့်တောင် မကြည့် ချင်ဘူး၊ အရင်တုန်းကတော့ ချစ်လိုက်တာ မချစ်ဘူးလား (ချစ်ပါတယ်ဘုရား)၊ နောက်တော့ မုန်းပြီဆိုတော့ ချစ်သေးလား (မချစ်တော့ပါဘူးဘုရား)၊ အဲဒါလည်း **'တဏှာ'** ပဲ၊ နိဗ္ဗာန်ဆိုတာ မုန်း ချစ် ပယ်ရမယ် ဆိုတာလည်း ငါရသေးတယ် နောက်ကျမှ။ ကဲ--- တော်ကြဦးစို့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



## “ကိလေသာဟူ တွင်းရန်သူတို့ မပြုဝံ့ရှောင်းဝေးတော်မူကြောင်းတရားတော်”

၃၀. ၁၂. ၂၀၀၇

### သင်္ခတဆိုတာ အပြုပြင်ခံရတယ်

**‘သင်္ခတ’** ဆိုတာ အပြုပြင်ခံရတယ်၊ သူတကာရှိမှ သူတကာ အကြောင်းရှိမှ **‘သင်္ခတ’** ခေါ်တယ်၊ **‘သပစ္စယာ’** ခေါ်တယ်၊ **‘စိတ်တို့ စေတသိက်တို့ ရုပ်တို့’**ဆိုတာ **‘သင်္ခတ’** ခေါ်တယ်၊ စိတ်တို့ စေတသိက်တို့ ရုပ်တို့ဆိုတာ အခေါ်အဝေါ်တွေ။ ပြီးတော့ **‘စိတ်’**ဆိုရင် ဒွါရတို့ အာရုံတို့ ဝိညာဏ်တို့၊ **‘စိတ်’**ဆိုရင် ဒွါရ အာရုံပါရတယ်၊ **‘ဒွါရ’** က နား၊ **‘အာရုံ’**က အသံ၊ **‘နား’** က **‘ဒွါရ’** လို့လည်း ခေါ်တယ်၊ **‘ဝတ္ထု’** လို့လည်းခေါ်တယ်၊ **‘ကြားတာ’** ကမှ **‘စိတ်’**၊ အဲလိုခွဲရတယ်၊ ဒွါရ အာရုံ စိတ်ပြီးတော့မှ **‘ဖဿ’** တို့ **‘ဝေဒနာ’** တို့ ဖြစ်တယ်။

**‘ဒွါရ’** မှန်းသိရတယ်၊ သောတဒွါရ သောတဝတ္ထုပေါ့၊ ပဋ္ဌာန်းလိုပြောမယ်ဆိုရင် **‘နိဿယ-** မှီရာ**’**တို့၊ **‘အာရုံ’**က အမျိုးကကို အာရုံမျိုး၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံတို့ဆိုတာ၊ **‘အာရုံ’** ကအမျိုးအစား၊ သဟဇာတတို့ နိဿယတို့ဆိုတာလည်း အမျိုးပဲခေါ်တယ်၊ **‘ပဋ္ဌာန်း’**မှာ သူ့အမျိုးနဲ့သူ၊ အာရုံက ဝတ္ထုနဲ့မတူဘူး၊ **‘နိဿယ’**က မှီရာရုပ်၊ **‘အာရုံ’**က အာရုံရုပ်၊ မတူဘူး။ **‘ဝတ္ထု’** မရှိဘဲနဲ့ အာရုံလုပ်လို့မဖြစ်ဘူး၊ ဒီကုလားထိုင်တွေ ဘာတွေက **‘အာရုံ’** သာလုပ်ရတယ်၊ **‘ဝတ္ထု’** လုပ်မရဘူး၊ **‘အာရုံ’** က အာရုံတစ်မျိုး၊ **‘အာရုံ’** က အာရုံအမျိုးအစား သူ့ဟာသူနေတယ်၊ ဝတ္ထုက **‘နိဿယ’**၊ မျက်စိတို့ နားတို့ နှာခေါင်းတို့ လျှာတို့နဲ့ ကာယ ပသာဒတို့က ဝတ္ထု၊ သူ့အမျိုးနဲ့သူ သူ့အမျိုးနဲ့သူကို **‘အာရုံ’**က ကျလာမှ၊ **‘အာရုံ’** ကထိလာမှ၊ **‘ဝိညာဏ်’** ဆိုတာဖြစ်တယ် အဲလိုမှတ်၊ အဲလိုဖြစ်တယ်ဆိုတာ **‘သင်္ခတ’** ခေါ်တယ်။

**‘သင်္ခတ’** ဆိုတာ အပြုပြင်ခံရတယ်၊ သူတကာရှိမှ သူတကာ အကြောင်းရှိမှ **‘သင်္ခတ’** ခေါ်တယ်၊ **‘သပစ္စယာ’** လို့ ခေါ်တယ်၊ စိတ် စေတသိက် ရုပ်တို့လည်း ဒီလိုပါပဲ၊ ရုပ်ကလည်း **‘ပထဝီ’-** မာတာ ပျော့တာဆိုလို့ရှိရင် ဒီ့ပြင်သုံးပါးရှိမှ မာတာတို့ ပျော့တာတို့ ဖြစ်နိုင်တယ်။ ဥပမာ-ရေ အာပေါ၊ **‘အာပေါ’** များလို့ရှိရင် **‘ပထဝီ’** ကပျော့သွားတယ်၊ ပါးတို့ ပေါင်တို့ ပျော့တာ ဖြစ်သွားတယ်၊ မာတော့လည်း ရေနည်းပေးလိုက်ရင် မာသွားတယ်၊ အဲဒါ **‘ပထဝီ’**၊ မာတာ ပျော့တာတောင်မှ ဒီ့ပြင်ဟာတွေရဲ့ **‘အပြုပြင်’**ခံရတယ်၊ အဲဒီ **‘အပြုပြင်’** ခံရတာကို **‘သင်္ခတ’**လို့ ခေါ်တယ်၊ ဒကာကြီးတို့ ဒကာမကြီးတို့ မဟုတ်ဘူးလို့ အဲဒီလို သိသွားအောင် မာတာ ပျော့တာ တောင်မှ ရေတွေ **‘အပြုပြင်’** ခံရတယ်၊ ရေရယ် တေဇောရယ် လေရယ်ပေါ့ ရေချည်းပဲလည်း မနေနိုင်ဘူး။ လှိုင်းတွေ ဘာတွေထအောင် ငါးတွေက အောက်ဆီဂျင်ရှုရတယ်၊ **‘အောက်ဆီဂျင်’**

www.burmeseclassic.com

www.burmeseclassic.com



က **'တေဇော'**၊ ရေထဲမှာလည်း တေဇောတွေရှိတယ်၊ ငါးတွေက အောက်ဆီဂျင်တွေရှူတာ၊ ရေတွေ ရှူတာမဟုတ်ဘူး၊ လူတွေ ဘာတွေ သတ္တဝါတွေ အသက်ရှူရတာလည်း အောက်ဆီဂျင် တေဇောခေါ်တယ်၊ ဝါယောရော အာပေါရော ပါရတယ်၊ **'အာပေါ'**က **'နိုက်ထရိုဂျင်တွေ'**ပေ့ါ၊ **'အာပေါ'** ပါမှ မာတာပျော့တာ ဖြစ်တယ်၊ သူတို့လည်းပါရတယ်၊ သူတို့များရင် **'အာပေါ'** များရင် ပျော့သွားတယ်၊ **'အာပေါ'** နည်းရင် မာလာရော။

**'တေဇော'**များရင် **'ပထဝီကြီး'**က ခြောက်သွားရော၊ **'ပထဝီကြီး'**ကိုလည်း **'သင်္ခတ'** ခေါ်တယ်၊ သူတကာ ပြုပြင်မှ မာတာ ပျော့တာဖြစ်တယ်၊ သူ့ချည်းပဲ မတတ်နိုင်ဘူး၊ အဲဒါကို **'သင်္ခတ'** လို့ခေါ်တယ်၊ အဲဒါ **'ရုပ်'**၊ **'ရုပ်'**လည်းပဲ အပြုပြင်ခံနေရတယ်၊ **'သင်္ခတ'** လို့ခေါ်တယ်။ **'သပစ္စယာ'**-အကြောင်းရှိလို့၊ အကြောင်းမရှိ မဟုတ်ဘူး **'ပထဝီ'** ခေါ်တာ ရုပ်ပဲ၊ **'အာပေါ'** လည်း ဒီလိုပဲ ဒို့ပြင် သုံးပါးကပြုပြင်ပေးရတယ်၊ ဒါကြောင့် **'တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ'** လို့ခေါ်တယ်၊ အဲဒါတွေရထားမှ ပထဝီ အာပေါ တေဇော ဝါယောကို **'သင်္ခတ'**မှန်း သိရတယ်၊ သို့မို့လို့ရှိရင် **'သင်္ခတ'**မှန်း မသိဘူး၊ **'အသင်္ခတ'** ဆိုတာက သင်္ခတမှန်း သိမှ၊ **'သင်္ခတ'** ဆိုတာ အပြုပြင်ခံရတယ်။

**သတ္တဝါမဟုတ် လူမဟုတ်**

**'စိတ်'** လည်း ဝတ္ထုရယ် အာရုံရယ်ရှိမှ စိတ်ဆိုတာဖြစ်တယ်၊ **'ဝတ္ထု အာရုံ'** မရှိဘဲနဲ့ စိတ်ဆိုတာမဖြစ်ဘူး၊ **'စိတ်'** ဟာ ဝတ္ထု အာရုံ ပြုပြင်လို့ဖြစ်လာတော့ သူလည်း **'သင်္ခတ'**ပဲ၊ အဲလို **'သင်္ခါရ သင်္ခတ'**ပေ့ါလေ၊ **'သင်္ခတ'** လို့မှတ်ထား၊ အဲဒီလို ဆို ဆိုနေရတယ်၊ ကြားပြီးတော့ ဆိုဆိုနေရတယ်၊ စာသင်တာခေါ်တယ်၊ **'ပရိယတ္တိသာသနာ'**ခေါ်တယ်၊ အဲဒီအတိုင်း နှလုံးသွင်းတာက **'ပဋိပတ္တိ'** ဖြစ်သွားတယ်၊ နောက် **'လူ'** မဟုတ်ဘူးဆိုတာ သိသွားတော့ **'ပဋိဝေဓ'** ဖြစ်သွားတယ်၊ အခုဟာက စာသင်တာ **'ပရိယတ်'** ခေါ်တယ်၊ အဲလိုကြားဖူးမှ **'သင်္ခတ'**မှန်း သိသွားတော့ **'သတ္တဝါ'** မဟုတ်ဘူး၊ **'လူ'** မဟုတ်ဘူးဆိုတာ သိသွားတယ်၊ အဲဒါ **'ပရိယတ်'** ခေါ်တယ်၊ **'တရားနာတဲ့ ကုသိုလ်'**လည်းခေါ်တယ်။

တရားမနာရင်တော့ ဒါတွေမှန်းမသိတော့ ငါပဲ သူပဲနဲ့ ရန်ဖြစ်လားနဲ့ ဒေါသတွေရော မောဟတွေရော၊ အခုတော့ အဲဒီလို**'သင်္ခတ'** မှန်းသိတော့ **'မောဟ'** မရှိဘူးတဲ့၊ သူတကာ ပြုပြင်မှဖြစ်တယ်၊ ဖြစ်ပြီးပျက်တယ်၊ ဒါပဲ အဲဒါကို ဖြစ်ပျက်၊ 'သူတကာပြုပြင်မှ ဖြစ်တယ်၊ ပြီးရင် ပျက်တယ်' ဒါက မြန်မာလို။ ပါဠိလိုက **'ဟုတွာ အဘာဝတော အနိစ္စံ'** တဲ့။ **'ဟုတွာ** - ဖြစ်ပြီး၍ **အဘာဝတော** - မရှိခြင်းကြောင့်၊ **အနိစ္စံ** - အနိစ္စမည်၏**'**။

www.burmeseclassic.com

www.burmeseclassic.com



**ဒုက္ခသစ္စာအနက်လေးချက်**

**'သူတကာပြုပြင်မှု'** ဆိုတော့ သင်္ခတ - သင်္ခါရ၊ **'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'** ဆိုတာ ပြုပြင်မှုဖြစ်တဲ့ဟာတွေ **'အဝိဇ္ဇာ'** ပြုပြင်တယ်၊ **'တဏှာ'**ပြုပြင်တယ်၊ **'ဥပါဒါန်'** ပြုပြင်တယ်၊ **'ကံ'** ပြုပြင်တယ်၊ အဲ **'စိတ်'**ကလည်း **'သင်္ခတ'**၊ အဲဒီလိုမှတ်ထား၊ အပြုပြင်ခံရတယ်၊ **'ပြုပြင်တယ်'** ဆိုရင် သူ့ချည်းပဲမနေနိုင်ဘူး၊ **'ဖောက်ပြန်'**သွားရတယ်၊ အဲ ပြုပြင်တော့ ဖြစ်တာပျက်တာတွေ **'အနှိပ်စက်'** ခံရတယ်၊ အဲဒါက **'ပီဠန'** ခေါ်တယ်၊ **'သင်္ခတ'** ဖြစ်လို့ရှိရင် **'ဝိပရိဏာမ'** ဖြစ်သွားတယ်၊ ဖောက်ပြန်သွားတယ်။ ကြားပြီးတော့ ပျက်သွားတယ် **'သင်္ခတ'** နှိပ်စက်တယ်၊ အဲဒီဖောက်ပြန်တဲ့ဟာတွေက ခဏ-ခဏ ဖြစ်တယ်၊ ခဏ-ခဏ ပျက်တယ်၊ အဲဒါ **'သင်္ခတ'**၊ ပြီးတော့ သူက ဇာတိ ဇရာ မရဏလည်းပါလာတယ်၊ ဒါကြောင့် သူက အိုမှာ နာမှာ သေမှာတွေကို **'ပူပန်'** ရတယ်၊ အဲဒီလိုဟာမျိုး အဲဒါတွေကျမှ **'လက္ခဏာ'** ဖြစ်သွားတယ်၊ **'ဒုက္ခသစ္စာ'**ရဲ့ အနက်သဘော လက္ခဏာ အဲလိုဖြစ်သွားတယ်။

အဲလိုဖြစ်သွားမှ စိတ် စေတသိက် ရုပ်က **'ဒုက္ခသစ္စာ'**၊ **'သင်္ခတ'**၊ **'သင်္ခတ'**က ဒုက္ခသစ္စာ မှန်းသိသွားတော့မှ မလိုချင်တော့ဘူး၊ လောဘမရှိတော့ဘူး၊ **'ဒုက္ခသစ္စာ'**သိမှ သမုဒယကို ပယ်တယ်ဆိုတာ အဲလိုဟာမျိုး၊ စိတ်ဖြစ်ဖြစ် ရုပ်ဖြစ်ဖြစ် ပထဝီ ဖြစ်ဖြစ် အဲဒါ **'သင်္ခတ'** ဖြစ်တယ်၊ ဖြစ်အောင်လုပ်ရတယ်၊ **'ပထဝီ'**ဆိုလည်း ဓာတ်သုံးပါးပြုပြင်မှုဖြစ်တယ်၊ ပထဝီဖြစ်တယ်၊ ဓာတ်သုံးပါးမပြုပြင်ရင် မဖြစ်ဘူး၊ ရေတွေ လေတွေ မီးတွေရှိမှ မြေကြီးတွေကရှိတာ။

ကိုယ့်ကိုယ်ကိုက **'အဇ္ဈတ္တ'**ခေါ်တယ်၊ ဗဟိဒ္ဓကျတော့ **'ဗဟိဒ္ဓ'** ခေါ်တယ်၊ ဗဟိဒ္ဓမြေကြီးတွေလည်း ဒီလိုပဲ ရေတွေ တောတောင်တွေ သစ်ပင်တွေ၊ အဲဒါ မာတဲ့ဟာမှန်သမျှမြေတွေ မြေကြီးတွေခေါ်တယ်၊ မြေကြီးတွေအောက်က ရေတွေရှိတယ်၊ ရေက ပင့်တင်မထားရင် အဲဒီ မြေကြီးက ပြိုကျသွားတယ်၊ တောင်တွေပြိုတယ်၊ ရေခဲတောင်တွေပြိုတယ်၊ အဲလို အောက်ထဲမှာ ချိုင့်ခေါင်းကြီးတွေ လှိုဏ်ခေါင်းကြီးတွေ၊ ရွှေတိဂုံဘုရား အောက်ကြီးထဲမှာတောင်မှ လှိုဏ်ခေါင်း ကြီးတွေနဲ့၊ တစ်နေ့နေ့ ပြိုကျသွားရင် အဲဒါတွေက အနိစ္စ ဒုက္ခတွေက အဲလိုဟာမျိုးတွေ အဲဒီလိုသဘောကိုသိတော့ **'မပူပန်'**တော့ဘူး။

**'သန္တာပ'**က ပူပန်ခြင်း အနက်သဘော အဲလိုပျက်သွားရင် ပူပန်တတ်တယ်၊ **'ပီဠနာ သင်္ခတသန္တာပ၊ တပေါဝိပရိဏာမနာ၊ ဒုက္ခသစ္စံ စတုဗ္ဗိဓံ၊ ဝိဘတ္တာဝိ မုနိန္ဒမေ'၊ 'ပီဠနာ သင်္ခတသန္တာပ'၊ 'ပီဠနာ'**က နှိပ်စက်ခြင်း၊ **'သင်္ခတသန္တာပ'** က အပြုပြင်ခံရခြင်း၊ **'ပီဠနာ သင်္ခတ သန္တာပ'** သုံးခေါက်လောက်ဆိုလိုက်စမ်း (ပီဠနာသင်္ခတသန္တာပ)၊ **'တပေါ ဝိပရိဏာမနာ'** (တပေါ

www.burmeseclassic.com



ဝိပရိဏာမနာ)၊ **'ဒုက္ခသစ္စံစတုတ္ထေဟိ'** (ဒုက္ခသစ္စံ စတုတ္ထေဟိ)၊ **'ဝိဘတ္တာဝိ မုနိနမေ'** (ဝိဘတ္တာဝိ မုနိနမေ)၊ ပြန်စ - **'ပီဠနာသင်္ခတ ဒွေဘစ၊ တပေါဝိပရိဏာမနာ၊ ဒုက္ခသစ္စံ စတုတ္ထေဟိ ဝိဘတ္တာဝိ မုနိနမေ'** (ပီဠနာသင်္ခတဒွေဘစ၊ တပေါဝိပရိဏာမနာ၊ ဒုက္ခသစ္စံစတုတ္ထေဟိ ဝိဘတ္တာဝိ မုနိနမေ)။ **'ပီဠနာစ-** နှိပ်စက်ခြင်းအနက်လည်းကောင်း၊ **ပီဠနာစ-** နှိပ်စက်ခြင်းသဘော လည်းကောင်း' ဆိုလိုက်စမ်း (ပီဠနာစ- နှိပ်စက်ခြင်း အနက်လည်းကောင်း၊ ပီဠနာစ - နှိပ်စက်ခြင်း သဘောလည်းကောင်း)၊ သူ့သဘောကကို အဲလိုဖြစ်နေတော့ ဒကာကြီးတို့ ဒကာမကြီးတို့ ခံရတယ်လို့ ထင်တယ်၊ ငိုရတယ်။

ဒကာမကြီးတို့က ခံရတယ်ဆိုတော့ ငိုကြတယ်၊ စံရတယ်ဆိုတော့ ပျော်ကြတယ်၊ သောကပရိဒေဝတွေ၊ သောကမရှိရင်လည်း နိဗ္ဗာန်ရောက်တော့တာ၊ ဒါကြောင့် အဲလို သင်ပေးတာ၊ **'ပီဠန'**က အိုတယ်ဆိုတာ နာတယ်ဆိုတာ၊ **'ဖြစ်တဲ့ဟာတွေ၊ ဖြစ်မယ့်ဟာတွေ'** ဆိုတော့ ပူရတယ်၊ နှိပ်စက်ခံရတာ နှိပ်စက်မှာကို **'ပူပန်'**ရတယ်။ **'ပီဠန'**က - နှိပ်စက်တယ်၊ **'သင်္ခတ'**က - ပြုပြင်ခံရတယ်၊ **'တပေါ'**က - ပူပန်ရတယ်၊ **'ဝိပရိဏာမ'**က - ဖောက်ပြန်တယ်၊ အဲဒါ **'ဒုက္ခသစ္စာရဲ့အနက်'**၊ ဒုက္ခသစ္စာမှာ အဲဒီလိုသဘောရှိတယ်တဲ့၊ မရှိဘဲနဲ့ ဖြစ်ပျက်တာ လေးချည်း ရှိနေလို့မဖြစ်သေးဘူး၊ အနက်လေးချက်ရှိရတယ်။

**'ဒုက္ခသစ္စာအနက်လေးချက်၊ သမုဒယသစ္စာ အနက်လေးချက်၊ နိရောဓသစ္စာ အနက် လေးချက်၊ မဂ္ဂသစ္စာအနက် လေးချက်၊ သစ္စာအနက် တစ်ဆယ့်ခြောက်ချက်'**၊ အဲလို လေးခု လေးစုစီသွားရတယ်၊ **'ဒုက္ခသစ္စာ'**ဆိုတာက အဲဒီ **'ပီဠန'** နှိပ်စက်တာက စတယ်၊ အဖြစ်အပျက် တွေက နှိပ်စက်တယ်၊ **'သင်္ခတ'**က အပြုပြင်ခံဆိုတော့ ကျွန်နဲ့သခင်လိုပဲ၊ နွားနဲ့ နွားအရှင်လို၊ ဟော နွားကြီးလည်း အရှင်က ခိုင်းရင်ထရပြန်ပြီ၊ ဝပ်နေရင် မထချင်ဘဲနဲ့ ထရပြန်ပြီ၊ ခိုင်းပြန်ပြီ၊ ကြိုးနဲ့ချည်ထားရင် သွားချင်ပေမယ့် မသွားရဘူး၊ အရှင်က ရိုက်ပြန်လည်း ခံရတာပဲ၊ ငေါက်ပြန်လည်း ခံရတာပဲ၊ အဲသည်လို အနှိပ်စက်ခံရတာ။

**'သင်္ခတ'** ဆိုတာ စိတ် စေတသိက် ရုပ်တွေခေါ်တယ်၊ **'ရုပ်တွေ'**ဆိုတာလည်း ပါးတွေ ကပျော့တာ **'ပထဝီတွေ'** ခေါ်တယ်၊ ပထဝီ အာပေါ တေဇော ဝါယောကိုလည်း သိထားအုံး၊ အဲဒါမှ **'ရုပ်'** ဆိုတာ သင်္ခတ၊ မင်းတို့က လူတွေ နွားတွေ ခွေးတွေဆိုတာ **'ရုပ်'** ကလွတ်လို့ မဖြစ်ဘူး၊ အဲဒါကြောင့် **'သင်္ခတ'**ထဲပါတယ်၊ **'သင်္ခတ'** ထဲပါတော့ သူတို့လည်း ဒုက္ခသစ္စာ ဖြစ်သွားတယ်။ ဒါကြောင့် **'ဒုက္ခံတေဘူမကံဝဋ္ဋံ'၊ 'ဒုက္ခသစ္စာ'**က စရတယ်၊ **'ဒုက္ခသစ္စာ'** ဆိုတာ အနက်လေးချက်ရှိတယ်၊ စိတ် စေတသိက် ရုပ်ခေါ်တယ်၊ ဒကာကြီး ဒကာမကြီးတို့လည်း

www.burmeseclassic.com

www.burmeseclassic.com



စိတ် စေတသိက် ရုပ်ပါတယ်၊ **'သင်္ခတ'** ခေါ်တယ်၊ တစ်လုံးတည်းသိတာတောင် တော်တော်ကောင်းတယ်၊ တစ်လုံးတည်းနဲ့ ဟန်သွားတယ်။ **'သင်္ခတ'** ဆိုရင် ဘာလုပ်ရတယ် (အပြုပြင်ခံရပါတယ်ဘုရား)၊ အပြုပြင်ခံရတာ ဘာကြီးနဲ့ တူတယ် (နွားကြီးနဲ့တူပါတယ်ဘုရား)၊ အဲလိုပြုပြင်ခံရတာ နွားကြီးနဲ့တူတယ်၊ နွားကြီးကို သခင်က ပြုပြင်သလိုပဲ၊ ခိုင်းသလိုပဲ ဖြစ်ရတယ်၊ ဖြစ်ချင်သလို မဖြစ်ရဘူး၊ သူတကာ့ သဘောအတိုင်းဖြစ်ရတယ်၊ အဲဒီတော့ မဆင်းရဲဘူးလား ဆင်းရဲသလား (ဆင်းရဲပါတယ်ဘုရား)။

အင်း ကတုံးရိတ်အုံးဆို ကောင်မလေးတွေ ကတုံးရိတ်ထားရတယ်၊ သူတို့သမီးထက်ခိုင်းတဲ့ ကောင်မလေးက လှချင်လှနေတာ၊ ကတုံးလေးရိတ်ပေးလိုက်တော့ မလှတော့ဘူး၊ အခိုင်းလေး ဖြစ်သွားတယ်၊ အဲသလို ဟာမျိုးတွေ။ **'ပီဠနာ သင်္ခတဋ္ဌောစ'** --- ဆိုလိုက်စမ်း (ပီဠနာသင်္ခတဋ္ဌောစ၊ တပေါဝိပရိဏာမနာ၊ ဒုက္ခသစ္စံ စတုဗ္ဗေဓဟိ၊ ဝိဘတ္တာဝိ မုနိနမေ)၊ အဲဒါသစ္စာလေးချက်၊ တစ်ခုတည်းရတာတောင် အတော်ကောင်းတယ်၊ သို့မို့ဆိုရင် လူတွေ မိန်းမတွေ ယောကျ်ားတွေ နတ်တွေပဲလို့ မြင်တတ်တယ်၊ **'ဒုက္ခသစ္စာ'** မမြင်ဘဲနဲ့ ဟိုဟာတွေ မြင်တော့ **'မောဟ'၊ 'အဝိဇ္ဇာ'** ဖြစ်တယ်။

ဒါကြောင့် မြတ်စွာဘုရားက **'ဓမ္မစကြာ'** ဟောတယ်၊ သတ္တဝါတွေ **'သင်္ခတ'** ကစတယ်၊ **'သင်္ခတ'** က စိတ် စေတသိက် ရုပ်မှန်းသိမှ၊ **'ပထဝီ'** ဆိုရင် ရုပ်၊ **'ပထဝီ'**ဆိုရင် ဓာတ်သုံးပါးက ပြုပြင်ရတယ်၊ ဓာတ်သုံးပါးနည်းသလို များသလို၊ သူလည်း ပထဝီလည်း မာတာ ပျော့တာတွေ ဖြစ်တယ်၊ သူတကာတွေရဲ့ တည်ရာတွေဖြစ်တယ်၊ စားပွဲတွေ ကုလားထိုင်တွေ ကျောင်းတွေ ဘာတွေက မြေကြီးပေါ်တည်ရတယ်။ **'ပတိဋ္ဌာနတ္တေန-** တည်ရာဟူသောအနက် သဘောကြောင့်၊ **ပထဝီ-**ပထဝီဟုမည်၏**'**၊ ဒီ့ပြင်ဟာတွေ တည်ရတယ်၊ ပါးကြီးတို့ ပေါင်ကြီးတို့ ပျော့တဲ့ နေရာတွေ၊ **'ပထဝီ'**ကို **'အာပေါ'**များလို့ ပျော့ရတယ်၊ **'အာပေါ'** နည်းရင် မာတယ်၊ ပျော့လို့ ပျော့အိကြီးမဖြစ်အောင် **'တေဇော'** က မီးကင်ပေးလိုက်တော့ ခြောက်သွားတယ်၊ နည်းနည်း မီးကင်ရင် နည်းနည်း ခြောက်၊ များများမီးကင်ရင် များများခြောက်သွားတယ်၊ ထမင်းလိုပေါ့၊ အဲဒါ ပထဝီ ဝါယောက လည်း အဲဒီထဲပါသေး၊ ကျန်တဲ့ဟာ သူ့ရဲ့အကြောင်း။

**'တေသ ဘူတတ္တရ ပဒဋ္ဌာနံ'**၊ **'တေသဘူတတ္တရ** - ကြွင်းကျန်သော ဓာတ်သုံးပါးသည်၊ **ပဒဋ္ဌာနံ** - နီးစွာသောအကြောင်းဖြစ်၏**'** တဲ့၊ အဲလို အကြောင်းကို သိရတယ်၊ **'ပထဝီ'** မှာ ဓာတ်သုံးပါးအကြောင်းခံလို့ ပထဝီ ဖြစ်နေတယ်၊ **'ပထဝီ'**ဆိုတာ ပါးတွေ နှာခေါင်းတွေ မာတဲ့ နေရာက ခေါင်းတွေအရိုးတွေဆိုတာ ပထဝီခြောက်လို့ အာပေါနည်းလို့ ခြောက်တာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုသိမှ **'နိရောဓ'**ဆိုတဲ့ **'အသင်္ခတ'**ကို သိတယ်၊ အဲဒီဟာတွေက အရင်လုပ်ရတယ်၊ **'သင်္ခတ'** အပြုပြင်ခံရတယ်၊ ပြီးတော့ **'သင်္ခတ'** ဆိုတာ ဖောက်ပြန်တတ်တယ်၊ **'သင်္ခတ'** ဆိုတာ ဘာလုပ်တတ်တုံး (ဖောက်ပြန်တတ်ပါတယ်ဘုရား)၊ ပြုပြင်ပြီးတော့ ပျက်မသွားဘူးလား (ပျက်သွားပါတယ်ဘုရား)၊ အဲဒါ **'ဝိပရိဏာမ'** ခေါ်တယ်။ အဆိုက အစဉ်အတိုင်းမကျဘူး၊ **'သင်္ခတ'**က အရင်စတယ်၊ **'ဝိပရိဏာမ'** က နောက်ပြီးတော့ အဖြစ်အပျက်တွေက နှိပ်စက်ပြီး တော့ပူပန် မပူဘူးလား၊ မြေကြီးပြိုကျမှာကို မပူပန်ရဘူးလား၊ တီကောင်တွေ မြေကြီးပြိုကျမှာ ကြောက်တော့ ဝအောင်မစားဘူးတဲ့။

**'ပီဠနာသင်္ခတဋ္ဌောစ'**၊ **'ဒုက္ခသစ္စံ'**- ဒုက္ခသစ္စာကို၊ **စတုဓ္ဓေဟိ**- လေးပါးသောအနက်တို့ဖြင့်၊ **ဝိဘတ္တာဝိ** - ဝေဖန်၍ဟောကြားတော်မူအပ်သော၊ **ဗုဒ္ဓံ**- မြတ်စွာဘုရားကို၊ **နမေ နမာမိ**- ရှိခိုးပါ၏'၊ တို့ ငယ်ငယ်တုန်းက အဲဒါတွေရတယ်၊ အဲဒါ ရှိခိုးတယ်၊ တစ်ခါတစ်ခါလည်း ရှိခိုးတယ်။ **'ပီဠနာသင်္ခတဋ္ဌောစ'** ဆိုလိုက်စမ်း အကုန်ရအောင် (ပီဠနာ သင်္ခတဋ္ဌောစ၊ တပေါ ဝိပရိဏာမနာ၊ ဒုက္ခသစ္စံ စတုဓ္ဓေဟိ ဝိဘတ္တာဝိ မုနိန်နမေ)။

**'ပီဠနာစ** - နှိပ်စက်ခြင်းအနက်လည်းကောင်း၊ **သင်္ခတဋ္ဌောစ** - ပြုပြင်ခံရခြင်း အနက်လည်းကောင်း၊ **သန္တာပေါစ** - ပူပန်ခြင်း အနက်လည်းကောင်း၊ **ဝိပရိဏာမောစ** - ဖောက်ပြန်ခြင်း အနက်လည်းကောင်း၊ **ဣတိ** - ဤသို့ **ဒုက္ခသစ္စံ** - ဒုက္ခသစ္စာကို၊ **စတုဓ္ဓေဟိ**- လေးပါးသောအနက်တို့ဖြင့်၊ **ဝိဘတ္တာဝိ** - ဝေဖန်၍ ဟောကြားတော်မူသော၊ **ဗုဒ္ဓံ** - မြတ်စွာဘုရားကို၊ **နမေ နမာမိ**- ရှိခိုးပါ၏'။

**ဒုက္ခသစ္စာ သိတော့ ဒီပြင် သစ္စာတွေရော သိသွားတယ်**

အဲဒါဆိုသွားရင် ဘေးကင်းရန်ကင်းလည်းဖြစ်တယ်၊ ဒုက္ခသစ္စာလည်းသိတယ်၊ ကိုယ်ဆင်းရဲတာတို့ စိတ်ဆိုးတာတို့က **'ဒုက္ခဝေဒနာ'** ခေါ်တယ်၊ ကာယိက ဒုက္ခ၊ စေတသိက ဒုက္ခကို **'ဒုက္ခသစ္စာ'** မခေါ်ဘူး၊ **'ဒုက္ခ'** လို့ခေါ်တယ်၊ ကိုယ်စိတ်ဆင်းရဲတာကို **'ဒုက္ခ'**လို့ ခေါ်တယ်၊ စိတ် စေတသိက် ရုပ်ကျမှ **'ဒုက္ခသစ္စာ'** ခေါ်တယ်၊ အဲလို နှစ်ခုကွဲတယ်။ ဒါကြောင့် **'ဝေဖန်'**ရတယ်၊ အဲလို **'ဝေဖန်'**ရင် **'ပဋိသမ္ဘိဒါပတ္တ'** ဆိုတဲ့ ရဟန္တာဖြစ်တယ်၊ အဲဒါ **'ဝေဖန်တာ'** ကိုခေါ်တယ်၊ အဲလို **'ဝေဖန်'** ဟောကြားလို့ရှိရင် **'ဝေဖန်'** ပြီးတော့ နာ၊ အိမ်ရောက်ရင် **'ဝေဖန်'** ပြီးတော့ကြံ၊ အဲလို **'ဝေဖန်'** ပြီးတော့ပွား၊ အဲလို **'ဒုက္ခသစ္စာ'** သိတော့ ဒီပြင် သစ္စာတွေ ရော အကုန်သိသွားတယ်၊ **'သစ္စာ'** တစ်ခုသိရင် အကုန်သိသွားတယ်၊ ဒါကြောင့် ကျကျနနလေး

www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်၊ အဲဒီလိုမှတ်ထား။ **'သန်တ'** က အရင်စ၊ **'သန်တက ပြုပြင်ခံရခြင်းအနက်လည်း ကောင်း'** ၊ ထမင်းစားဟဲ့ဆို စားရတယ်၊ ပထဝီ တေဇော၊ **'တေဇော'** လောင်ရော ဝမ်းထဲမှာ ထမင်းကမရှိတော့ဘူး၊ ရေတွေ ခန်းကုန်ရော၊ အဲဒါမစားရဘူးဆိုရင် မသက်သာဘူး၊ အခု ထမင်းကလေးရှိလို့ သက်သာနေတာ၊ တောထဲမှာသူပုန်တွေ ဘာတွေနဲ့ ထမင်းလေး ဘာလေးမရှိဘူးဆိုရင် အနိစ္စ ဒုက္ခရောက်ပြီ၊ နှိပ်စက်ပြီ၊ ပြုပြင်ခံရပြီ၊ သေတော့မှာလည်း ပူပန်ပြီ၊ အခု အိုတယ် နာတယ် သေတော့မှာ ပူပန်ပြီ၊ ပြီးတော့ **'ရုပ်တွေ'** ကလည်း ဖောက်ပြန်ပြီ၊ အဲဒါတွေနဲ့ နေရတယ်၊ အဲဒါ မသိတော့ ဟိုပူဒီပူနဲ့ အဲလိုဖြစ်သွားတယ်၊ အဲဒီလို မှတ်ထား။

ဆိုစမ်း--- **'ပီဠနာသန်တဋ္ဌောစ'** (ပီဠနာသန်တဋ္ဌောစ၊ တပေါ ဝိပရိဏာမနာ ဒုက္ခသစ္စံ စတုတ္ထေဟိ၊ ဝိဘတ္တာဝိ မုနိနမေ)၊ အဲဒါ ရအောင်ကို လုပ်ရမယ်၊ မရဆုံး လူကို အရင်ဆိုခိုင်းမယ်၊ ဘယ်သူဆိုလိုက်စမ်းဆို ရရမယ်၊ အဲဒါရမှ တရားနာတာနဲ့လည်း ကိုက်သွားမယ်၊ သေချာနာလား မနာလားဆိုတာ၊ အဲဒါ နောက်ကဆိုလိုက်စမ်းဆို ဆိုရမယ်။

**ပဋိသမ္ဘိဒါပတ္တဆိုတာ**

အဲဒါရမှ **'ပီဠနာသန်တဋ္ဌောစ'** ဆိုလိုက်စမ်း (ပီဠနာ သန်တဋ္ဌောစ တပေါ ဝိပရိဏာမနာ ဒုက္ခသစ္စံ စတုတ္ထေဟိ၊ ဝိဘတ္တာဝိ မုနိနမေ)၊ အဲဒါဘုရားရှိခိုးလည်း ဖြစ်တယ်၊ ဒုက္ခသစ္စာလည်း သိတယ်၊ သို့မဟုတ်ရင် **'ဒုက္ခသစ္စာ'**ဆိုတာ ဖြစ်ပျက်- ဖြစ်ပျက်နဲ့တင် မဟုတ်ဘူး၊ အဲလိုအစုံသိမှ ဘုရားလိုပဲသိတာ၊ ရှင်အာနန္ဒာလို ရှင်သာရိပုတ္တရာလို အဲလို **'ပဋိသမ္ဘိဒါပတ္တ ရဟန္တာ'**ဆိုတာ အဲဒီလို ခွဲခြမ်းပြီးတော့ အစုံသိတာကိုခေါ်တယ်။

သာမညလေးနားလည်ပြီး သိနေရုံလောက်ကတော့ သူတို့ထဲမှာ လူတိုင်းသိတယ်၊ နှစ်ဆယ့်လေးသင်္ချေ၊ ဗိုလ်ခြေခြောက်ဆယ်ကုဋေတစ်သိန်း၊ အဲဒီထဲက **'ပဋိသမ္ဘိဒါပတ္တ'**က နည်းနည်းဖြစ်သွားတယ်၊ **'တေဝိဇ္ဇ'**တို့၊ **'ဆဠာဘိညာ'** တို့က ဒုတိယလိုက်သွားတယ်၊ ပရိသတ်ထဲမှာ ခွဲခြားပြီးရတဲ့ သူက **'ပဋိသမ္ဘိဒါပတ္တ'** ဖြစ်သွားတတ်တယ်၊ တစ်ချို့နောက်မှဖြစ်သွားတယ်၊ အဲ နောက်က နှေးနှေးဖြစ်တဲ့သူက နေယျတို့ ဘာတို့ဖြစ်ပြီး ဘုရားနဲ့တွေ့ပေမယ့် မရလိုက်ဘူး၊ မရတဲ့သူတွေအတွက် ဒီတရားတွေ ချန်ထားခဲ့ရတာ၊ ဒါကြောင့် နှေးနှေးမလုပ်နဲ့၊ သစ္စာလေးပါးမှာ အနက်ဘယ်နှစ်ချက်ရှိတုံး (တစ်ဆယ့်ခြောက်ချက်ပါဘုရား)၊ လေးချက်ရဲ့သဘောနဲ့ **'ဒုက္ခသစ္စာ'**ကို သိရတယ်၊ အဲဒါကြောင့် သူလည်းသိလို့ **'ဗုဒ္ဓ'** လို့ခေါ်တယ်၊ ဒုက္ခလေးကို **'ဝေဖန်'**ဟောတာ၊ ဘာလို့ ဝေဖန်တာတုံးဆိုတော့ သူ့သဘောနဲ့သူမဖြစ်ဘူး၊ **'အနတ္တ'**။

www.burmeseclassic.com

www.burmeseclassic.com



**'သဒ္ဓါ'**ဆိုတာအဲဒါတွေနဲ့ နှိပ်စက်နေတယ်၊ ဖောက်ပြန်တာကို နှိပ်စက်မှာပေ့ါ၊ ပြီးတော့ ပူလည်းပူပန်ရတယ်၊ သေတော့မယ်ဆို ပူပန်ပြီ၊ အဲဒါလေး သိလိုက်တော့ မပူပန်ဘူး၊ မပူပန်ရင် ဘာဖြစ်သွားတုံး၊ နိဗ္ဗာန်ရောက်သွားတယ်၊ အဲလိုဟာမျိုး ပါးကြီးပေါက်သွားပြီ၊ အမယ်လေးဆိုပြီး မပူပန်ဘူးလား၊ မငိုဘူးလား၊ သူ့ဟာသူနေတယ်၊ ဒူးကျိုးတယ်၊ ပေါင်ကျိုးတယ်၊ အဲဒါတွေနဲ့ပဲ နေတာပဲ၊ အခု နာတာတွေက နှိပ်စက်နေတယ်၊ လုပ်ပါဟဲ့ လုပ်ပါဟဲ့ဆို ပြုပြင်ရတယ်၊ **'သဒ္ဓါ'** က ပြုပြင်ခံရတယ်၊ ကုတင်ကြီးတွေ ဝယ်ပေးရတယ်၊ သက်သာအောင် Nurse ခေါ်ပေးရတယ်၊ အဲလိုသိရတယ်။ ဒါကြောင့် ဆိုစမ်း--- **ပီဠနာသင်္ခတဋ္ဌောစ** (ပီဠနာသင်္ခတဋ္ဌောစ တပေါ ဝိပရိဏာမနာ ဒုက္ခသစ္စံ စတုဗ္ဗိဓံ ဘိသမေတိ ဝိဘတ္တဝါဒီ မုနိ နမေ)၊ **'ဒုက္ခသစ္စာ'**ကို အဲဒါလေး ရ ထားတာနဲ့ကို ကိုယ့်ဟာကိုယ် **'ဝေဖန်'** ရင်ရသွားတယ်။

မြတ်စွာဘုရားတောင် **'ဝိဘတ္တဝါဒီ'**-ဝေဖန်၍ ဟောကြားတော်မူသော၊ **ဗုဒ္ဓံ** - မြတ်စွာ ဘုရားကို၊ **နမေ နမာမိ** - ရှိခိုးပါ၏' ဆိုတော့၊ ဩော် **'ဒုက္ခသစ္စာ'** ဆိုတာ ဒီလိုပါပဲလား၊ အဲဒီလို နှိပ်စက်တယ်၊ ထမင်းမစားဘဲ နေကြည့်စမ်း၊ နှိပ်စက်တယ်လား၊ မနှိပ်စက်ဘူးလားလို့၊ အဲဒီလို နှိပ်စက်တာပဲ၊ ဘာလို့နှိပ်စက်လည်းဆိုရင်တော့ သူကဖောက်ပြန်ပြီးတော့ ကုန် ကုန်ပြီး ပျက်စီးနေတယ်၊ ရှေ့ကဖြစ်ပြီး နောက်ကပျက်၊ ရှေ့ကပျက်ပြီး နောက်ကဖြစ်ကုန်ပြီ အသစ် အဟောင်း ပြောင်းလဲနေတယ်၊ **'အနိစ္စ'**။

**'ပထဝီ'** ကြည့်လည်း အသစ်အဟောင်း ပြောင်းလဲနေတယ်၊ **'အာပေါ'** လည်း အသစ် အဟောင်း ပြောင်းလဲနေတယ်၊ **'တေဇော'**လည်း အသစ်အဟောင်း ပြောင်းလဲနေတယ်၊ ထိတဲ့ **'ပထဝီ'** ကလည်း အသစ်အဟောင်း ပြောင်းလဲတယ်၊ **'ဒုက္ခသစ္စာ'** ကို အဲလိုသိမှ၊ မနေ့က ကောင်ကလေး ဝစီပိတ် တစ်လကျင့်တာ ဟိုဟာတွေမြင်တယ်၊ ဒီဟာတွေ မြင်နဲ့ တုန်တုန် ခိုက်ခိုက်ဖြစ်တယ်၊ အဲလိုဖြစ်ရင် **'ကိုယ်နဲ့ စိတ်နဲ့'** ခွာရတယ်၊ မန္တလေးရှိတဲ့ လူတွေမေတ္တာပို့၊ ရန်ကုန်ရှိတဲ့ လူတွေမေတ္တာပို့ **'စိတ်နဲ့ ရုပ်နဲ့'** မကပ်နဲ့ အဝေးကို မေတ္တာပို့ရတယ်၊ အဲလိုဆို ဟော တစ်ခါတည်း ပျောက်သွားတယ်၊ ၁၈နှစ်၊ ၁၉နှစ် ရှိသေးတယ် ကောင်လေး၊ ဂိုအင်ကာ ဆီမှာ တစ်လ ဝစီပိတ် လုပ်လိုက်တာ အဲလို ဖြစ်သွားတယ်၊ အဲလိုမျိုးတွေ ဂရုစိုက်၊ **'ကိုယ်နဲ့ စိတ်နဲ့'** ပူးရင် တရားက ထူးတယ် အဲလိုဖြစ်တတ်တယ်။ ပထဝီ တေဇော ဝါယော မရောက်ဘဲ ဟိုဟာမြင်ဒီဟာမြင် ဒကာမကြီး တစ်ယောက် ဆိုရင် ဝမ်းဗိုက်ထဲမှာရှိတဲ့ ကလေးလေးတောင် မြင်ရတယ်၊ ညကျ တစ္ဆေတွေသရဲတွေက သူ့ကိုဆွဲဆွဲခေါ်သွားတယ်၊ အဲဒီပထဝီ တေဇော အာပေါ ကို မသိဘဲနဲ့ **'မနောတွေ'** ဘာတွေ ရောက်သွားတယ်၊ အဲဒီလို **'သမထ'** ဖြစ်သွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အခုလိုသိတော့ မရောက်တော့ဘူး မဖြစ်တော့ဘူး အဲလိုမှတ်ထား၊ တရားလိုချင်ရင် **'ပထဝီ'** လုပ်ရတယ်၊ **'ပထဝီ'** မှာ အကောင်မရှိဘူး၊ တစ္ဆေတွေ သရဲတွေ မမြင်ရဘူး၊ **'ပထဝီ'**ဆိုတာ ချောတာကြမ်းတာကိုရှုရတယ်၊ **'ပထဝီ'** အောက်မှာ ရေရှိတယ်၊ **'ရေ'** အောက်မှာ လေတွေ ရှိတယ်၊ **'လေ'** အောက်မှာ အာကာသရှိတယ်၊ ကမ္ဘာကြီးကို ပြောထားတယ်၊ အဲဒါတွေမှီပြီး အလုပ်လုပ်ကြတယ်၊ ဂျာမနီ ၁၂၆၇ ခုနှစ်က ရွှေတိဂုံဘုရားမှာလာပြီး ဗုဒ္ဓဘာသာလေ့လာတယ်၊ အခု ငြိမ်နေရင် **'သမာဓိတွေ'** ဘာတွေဖြစ်ပြီး အဲလို မြင်တတ်တယ်။ **'ပထဝီ'** ဆိုတာ မာပျော့တာ၊ အဲဒီလို မာပျော့တာဆိုပေမယ့် ခတ်သုံးပါးက ပြုပြင် ထားလို့ သူဟာ **'သန္တတ'**၊ **'စိတ်'** လည်း အဲလိုပဲ၊ **'စေတသိက်နဲ့ ရုပ်'**လည်း အဲလိုပဲ၊ **'စိတ်'**လည်း အာရုံနဲ့ဝတ္ထု မရှိဘဲ စိတ်က မဖြစ်ဘူး၊ **'ဝတ္ထု'** ရှိပြန်လည်း လူသေကောင်ကြီး **'အာရုံ'** မရှိတော့ **'စိတ်'** ကမဖြစ်ပြန်ဘူး၊ **'စိတ်'** ဆိုတာကလည်း သူတကာပြုပြင်မှ ဖြစ်တဲ့ဟာ၊ အဲဒါကြောင့် **'သန္တတ'**သို့မို့ဆိုရင် **'ငါ့စိတ်၊ ငါ့စိတ်'**နဲ့ ဒေါသကြီးတယ်၊ အဲလိုမှတ်ထား၊ **'စိတ်'**လည်း ဘာအပြုပြင်ခံရတုံး (အာရုံနဲ့ဝတ္ထုပါဘုရား)၊ **'အာရုံနဲ့ဝတ္ထု'** မရှိဘဲနဲ့ စိတ်ဖြစ်သလား (မဖြစ်ပါဘူးဘုရား)၊ အဲလိုမှတ်ထား။

**'အာရုံ'** ပြောင်းရင်လည်း ပြောင်းတတ်ရတယ်၊ မပြောင်းတတ်ရင် မဖြစ်ဘူး၊ အခု လေလေး ရှုနေ၊ လေလေးရှုရင် တွန်းတိုးတာကို ရှုရတယ်၊ အဲလိုထိုင်နေရင် တောင့်တင်းတာ။ **'တောင့်တင်းဝါယော၊ တွန်းတိုးဝါယော၊ လှုပ်ရှားဝါယော'**၊ မလှုပ်မယှက်နေတာက **'တောင့်တင်းဝါယော'**၊ လှုပ်ရှားတာက **'လှုပ်ရှားဝါယော'**၊ ထိုင်နေတာကို ပြုပြင်လို့လှုပ်ရှားရတယ်၊ အဲလိုလည်း သိပေးမှ မဟုတ်ရင် **'ငါ'** လှုပ်ရှားတတ်တယ်၊ **'ငါ'** တော်တယ်၊ တစ်ခါတည်း ချန်ပီယံရအောင် လက်ဝှေ့ထိုးရတယ်၊ အတော်ဆုံးဖြစ်အောင် ပြုပြင်ရတယ်၊ ပူတာနွေးတာလည်း ဒီလိုပဲ သူ့ချည်းပဲမပူနိုင်ဘူး၊ မီးတွေ ထင်းတွေ မရှိဘဲနဲ့ ပူမလား။

**'ပထဝီ'**မရှိဘဲ ဒီတေဇော ပူလို့ဖြစ် သလား၊ ဉာဏ်က အဲလိုကြံကြံပေးရတယ်၊ မဟုတ်ရင် သမာဓိကြီးနဲ့ဖြစ်သွားတော့ ငြိမ်ပြီး ဟိုကောင်လေးလို ရင်တုန်ဘာတုန် ဖြစ်သွားတတ်တယ်၊ အဲဒီကျတော့မှ အမယ်လေး အမယ်လေးနဲ့ဖြစ်သွားတယ်၊ အဲဒီလို ရင်တုန်နှလုံးတုန်ဖြစ်ရင်လည်း **'လှုပ်ရှားဝါယော'**။ အဲဒါ ဘာဝါယောလဲ (လှုပ်ရှားဝါယောပါဘုရား)၊ **'လှုပ်ရှားဝါယော'** ဆိုတာ သူတကာ မရှိဘဲ လှုပ်နိုင်ပါ့မလား (မလှုပ်နိုင်ပါဘူးဘုရား)၊ **'တေဇော'** မရှိဘဲနဲ့ လှုပ်နိုင်ပါ့မလား၊ ဟော **'တေဇော'** ရှိအောင် ရေလေး ဘာလေး ထသောက်လိုက်ရတယ်၊ တုန်တုန် ခိုက်ခိုက် ဖြစ်နေရင် ဘာလုပ်ရမှန်းမသိ ဖြစ်နေတတ်တယ်၊ အဲလိုအကြံပေး၊ တရားလုပ်ရင်းမတတ်တဲ့ ဆရာဝန်တောင် လုပ်တတ်မယ်၊ သို့မို့ဆို မလုပ်တတ်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



## ကိလေသာကို သတ်တာက မဂ်စိတ်ခေါ်တယ်

**'ဓာတ်သဘောတွေ'**သိရတယ်၊ **'လှုပ်ရှားဝါယော ယိုစီးအာပေါ်'**၊ ကျင်ငယ်တွေ ဘာတွေ စွန့်တယ်၊ အဲဒါ **'ယိုစီးအာပေါ်'**၊ ပြီးတော့ ပါးတွေဘာတွေ အလုံးအခဲဖြစ်နေတာ **'ဖွဲ့စည်းအာပေါ်'**၊ အဲလို **'ကိုယ်ကြီး'** ကို အလုံးအခဲဖြစ်အောင် လုပ်တာကဘယ်သူတုံး (ဖွဲ့စည်း အာပေါ်ဘုရား)၊ **'ငါ့'**ဘာသာလုပ်ပြီး၊ **'ငါ့'**ဘာသာ လက်ကြီးတွေဖြစ်နေတယ် မှတ်နေတယ်၊ မဟုတ်ဘူး **'ဖွဲ့စည်း အာပေါ်'**၊ **'ဖွဲ့စည်းတယ်'** ဆိုတော့ ပထဝီမရှိဘဲဖြစ်မလား (မဖြစ်ပါဘူးဘုရား)။ **'ဖွဲ့စည်းအာပေါ်'**၊ ခေါင်းကြီးတွေ ဘာကြီးတွေ မြင်ရတာ ဘယ်သူ့ကြောင့်တုံး၊ **'ဖွဲ့စည်း အာပေါ်'**၊ ဖွဲ့စည်းအောင် **'ပထဝီ'** မရှိဘဲနဲ့ သူ့ချည်း **'ဖွဲ့စည်း'** လို့ရသလား၊ အဲဒီလို **'ဉာဏ်'** ကလေးထုတ်မှ၊ **'ဉာဏ်'**ကမှ ကိလေသာကိုပယ်တာ၊ **'ဉာဏ်'**မရှိရင် ကိလေသာမပယ်ဘူး၊ ကိလေသာက အလွန်ဝင်ချင်တာ စောင့်နေတာ၊ **'ဉာဏ်'** ရှိတော့ ကိလေသာက မဝင်ရဘူး၊ မဝင်နိုင်ဘူး။ ကိလေသာလည်းပါးရော၊ နိဗ္ဗာန်ဆိုတာက **'အသင်္ခတ'** ဟော့ဆိုတဲ့ပြီး၊ အဲဒီ **'အသင်္ခတ'** လည်း အာရုံပြုရော ကိလေသာ ဝေးတဲ့စိတ်က **'မဂ်ဉာဏ်'** ဖြစ်သွားတယ်၊ ဘာဖြစ်သွားတုံး (မဂ်ဉာဏ်ဖြစ်သွားပါတယ်ဘုရား)၊ ကိလေသာကို သတ်တာက **'မဂ်စိတ်'** ခေါ်တာကိုး။

## တည်နေရုံမျှ ရှုနေက သမထစျာန်ခေါ်သည်

**'အလုံးအခဲ'** ကိုမြင်တာ၊ **'အာပေါ်'** ကြောင့် အလုံးအခဲကြီးမြင်ရတာ **'ဖွဲ့စည်းအာပေါ်'**၊ အဖွဲ့အစည်းခံရတာက ဘယ်သူတုံး (ပထဝီပါဘုရား)၊ **'ပထဝီကြီး'**က ဖွဲ့စည်းခံရတယ်၊ **'အာပေါ်ကြီး'**က ဖွဲ့စည်းတယ်၊ ကဲ သူတို့ မပြုပြင်ဘူးလား၊ အဲဒါကို **'သင်္ခတ'** ခေါ်တယ်၊ **'ပထဝီကြီး'**လည်း အပြုပြင်မခံရဘူးလား၊ ပြုပြင်ခံရတယ်၊ ဒါကြောင့် သူ့မှာ **'ဖွဲ့စည်း အာပေါ်'** ဖြစ်တယ်၊ မယိုစီးဘူးဆိုရင် ဖွဲ့စည်းတာဖြစ်တယ်၊ အဲဒီလို နှစ်ခု နှစ်ခုမှတ်ထား၊ အဲလို **'မာတာနဲ့ ပျော့တာ'**၊ **'တောင့်တင်းတာ၊ တွန်းတိုးတာ'**၊ **'တေဇော'**လည်း **'ပူတာ၊ အေးတာ'**နဲ့ နှစ်ခု အဲလို မှတ်ထား၊ တည်နေရုံမျှရှုနေက သမထ စျာန်ခေါ်သည်၊ **'ဉာဏ်- ဉာဏ်'**၊ **'တည်နေရုံမျှ ရှုနေက သမထစျာန်ခေါ်သည်'**၊ ဉာဏ်လေးက အဲလိုထုတ်တော့မှ ကိလေသာကမရှိဘူး၊ ကိလေသာမှ ဝေးတယ်။ **'ကိလေသာဟူ တွင်းရန်သူတို့ မပြုဝံ့ရှောင်း ဝေးတော်မူသော အကြောင်း ကြောင့် အရဟံ-အရဟာ မည်တော်မူ၏'**၊ ကဲ **'အရဟံ'** ဆိုတာက ရဟန္တာဖြစ်တယ်၊ ဘာဖြစ်လို့ ဖြစ်သတုံး - ကိလေသာတွေ ဝေးလို့၊ **'အရဟံ-** အရဟာမည်တော်မူ၏**'**၊ ကဲ ကိလေသာတွေ အနားကပ်နိုင်သေးလား (မကပ်နိုင်ပါဘူးဘုရား)။ မြတ်စွာဘုရားနား မကပ်နိုင်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့လည်း အဲဒီလိုပဲ ပါးကြီးမရှိဘူး၊ ပါးကြီးမရှိတော့ နမ်းချင်စိတ်ရှိသေးလား၊ နမ်းချင်တာက **'ကိလေသာ'**၊ ပါးကြီးက **'ဝတ္ထု'**၊ အဲလို **'အာရုံ'** အဲဒီလိုဖြစ်သွားတယ်၊ ဝတ္ထု အာရုံနဲ့ နမ်းချင်တာ အဲလိုစိတ်ဖြစ်သွားတယ်၊ **'ဝတ္ထု၊ အာရုံ'**၊ အဲဒီ **'စိတ်'** ဖြစ်သွားတယ်၊ ဖြစ်သွားတယ် ဆိုတော့ ပျက်သွားတာပေါ့၊ အဲဒီတော့ **'သင်္ခတ'** ဖြစ်သွားတာပေါ့။ **'စိတ်'** ဖြစ်သွားတယ် ဆိုတာက **'ဥပ္ပါဒ'**၊ စိတ်ဖြစ်သွားတယ်၊ အရင်က နမ်းချင်တဲ့ **'စိတ်'**လည်းမဖြစ်ဘူးဆိုတော့ မပျက်ဘူးပေါ့၊ အဲဒါ **'အသင်္ခတ'** ဖြစ်သွားတယ်၊ **'နိဗ္ဗာန်'** ဆိုတာ အဲလိုဟာမျိုးနဲ့ရောက်တာ။ တည်တည် ငြိမ်ငြိမ်ကြီးနဲ့ဆို စောစောက ဟိုကောင်လေးလို ဖြစ်သွားမှာပေါ့၊ ဟိုဟာတွေ မြင် ဒီဟာတွေမြင် ဘာပြုလို့တုံးဆိုတော့ လူတွေ ယောကျ်ားတွေ မိန်းမတွေရှိနေလို့ အဲဒါတွေ မြင်ပြီး ကြောက်သွားတယ် အဲလိုမှတ်ထား။ ဒါကြောင့် **'တရား'** ဆိုတာ အဲဒါတွေ မမြင်အောင် လုပ်ရတာ အဲဒီတော့ ပါးမရှိဘူးဆိုတော့ နမ်းချင်တဲ့ **'ကိလေသာ'** ရှိသေးလား (မရှိတော့ပါဘူး ဘုရား)။ ဘာပြုလို့တုံးဆိုတော့ ခွဲလို့၊ တစ်ခုကိုတစ်ခုမှီဖြစ်ရတယ်၊ **'ဖွဲ့စည်းအာပေါ်'**။

မဖွဲ့စည်းဘဲနဲ့ ပါးတွေ ခေါင်းတွေဖြစ်သလား၊ ဘယ်သူကြောင့်ဖြစ်သတုံး (ဖွဲ့စည်း အာပေါ်ကြောင့်ပါဘုရား)၊ **'ဖွဲ့စည်းအာပေါ်'** ကြောင့်ဖြစ်တဲ့ ပထဝီမြေကြီး၊ **'ပထဝီမြေကြီး'** အောက်က ရေတွေရှိနေလို့ မြေကြီးတည်နေတာ၊ **'ရေတွေ'**အောက်က လေခံနေတယ်၊ အဲဒီ **'လေကြီး'** ကွဲလိုက်တော့ အိုဇုန်းခံသလိုပဲ လေတွေခံ၊ အဲဒါ ပြိုကျလိုက်တော့ 'ဝေါ' ဆို အကုန် ပြိုကျကုန်တာ အကုန်အနိစ္စ၊ အကုန်သေတာ၊ ဒုက္ခရောက်ကုန်တာ၊ ပထဝီ အာပေါ တေဇော ဝါယောတွေ၊ အဲဒါမျိုးတွေ တွေ့လာတဲ့အခါ ပူပန်တတ်တယ်။ **'ပူပန်'** ဆိုစမ်း (ပူပန်)၊ **'ပူပန်'**ရင် တရားမရဘူး၊ **'မပူပန်'** ဘူးဆိုရင် တရားရတယ်၊ အဲဒါ **'ဒုက္ခသစ္စာအနက်'**၊ ဒါကြောင့် **'ပီဠနာ သင်္ခတဌောစ'** ဆိုစမ်း (ပီဠနာ သင်္ခတဌောစ၊ တပေါ ဝိပရိဏာမနာ ဒုက္ခသစ္စံ စတုဗ္ဗေဓဟိ၊ ဝိဘတ္တာဝိ မုနိန်မေ)၊ အဲဒီလို **'ဒုက္ခသစ္စာအနက်'** လေးချက်ရှိတယ်၊ အဲဒါကို ဂရုစိုက်ပြီးရှု။

**'ပီဠနာ'** က နှိပ်စက်တယ်၊ **'သင်္ခတ'** က ပြုပြင်ခံရတယ်၊ **'သန္တာပ'** က ပူပန်တယ်၊ **'ဝိပရိဏာမ'** က ဖောက်ပြန်တယ်၊ အခု **'မပူပန်ဘူး'** ဆိုတာသိလို့ မပူပန်တာ၊ မသိတာက **'မောဟ'**၊ မပူပန်တာက နိဗ္ဗာန်ရလို့မဟုတ်ဘူး၊ သိပြီးမပူပန်တာ **'မပူပန်'**မှ နိဗ္ဗာန်ရတယ်၊ အဲလိုမှတ်ထား၊ လူကြီးတို့၊ သစ်ပင်ကြီးတို့ရှိတာတွေ ဘာပြုလို့ရှိတာတုံး၊ **'အာပေါ်'** ကြောင့် ရှိတာ၊ **'အာပေါ်'** က ပျံ့နှံ့စေတတ်တယ်၊ ပွားစေတတ်တယ်၊ ဖွဲ့စည်းတတ်တယ်။ **'ဖွဲ့စည်း အာပေါ်၊ ယိုစီးအာပေါ်'**၊ အဲဒီလို သွေးလည်းယိုတာပဲ၊ **'ယိုစီးအာပေါ်'** မှန်း မသိတော့ဘူး၊ မိန်းမကြီးက

www.burmeseclassic.com

www.burmeseclassic.com



မိန်းမ ဓမ္မတာနဲ့ ဘာညာနဲ့ဖြစ်ကုန်ရော အဲဒါ **'အာပေါ'**၊ အာပေါမှန်းလည်း မသိတော့၊ အာပေါများလို့၊ ဘာပြုလို့ အာပေါများလည်းဆိုတော့ ပထဝီနည်းသွားလို့၊ အာပေါ များသွားတယ်၊ ပိန်ချည့် သွားတော့ ရောဂါတွေ ဘာတွေရ၊ အဲလိုမသိဘူး၊ **'မသိတာ'**က အကြောင်း၊ **'ဖြစ်တာ'** က အကျိုး၊ အဲလိုတွေ သိသွားတော့၊ **'ကိလေသာတွေ'** မရှိဘူး။ **ကိလေသာဟူ တွင်းရန်သူတို့** ဆိုစမ်း (ကိလေသာဟူ တွင်းရန်သူတို့ မပြူဝံ့ရှောင်း ဝေးတော်မူသော အကြောင်းကြောင့် အရဟံ- အရဟ မည်တော်မူ၏)၊ အဲဒါ သူဟာသူဖြစ်တဲ့ **'အနက်'**၊ သူဟာသူဖြစ်တဲ့ **'ဂုဏ်'**၊ **'အရဟံ'** ဆိုတာ လူတွေပေးတဲ့အနက် မဟုတ်ဘူး၊ သူ့ဟာသူ **'ကိလေသာတွေ'** ဝေးလို့၊ ဘာပြုလို့လဲဆို **'သစ္စာအနက် တစ်ဆယ့်ခြောက်ချက်'** သိလို့၊ အခု **'သစ္စာအနက်လေးချက်'** ကို သင်ရသေးတယ်၊ အဲဒါတွေကို ဆိုလည်းဆိုပါ ရလည်းရပါ၊ ဆိုစမ်း ငါးခေါက် (ပီဠနာသင်္ခတဒ္ဓောစ တပေါဝိပရိဏာမနာ ဒုက္ခသစ္စံ စတုဒ္ဓေဟိ ဝိဘတ္တာဝိ မုနိနမေ)[၅] လိုက်ဆို၊ ဘိုးကြီးအိုတွေ မယ်ကြီးအိုတွေ လိုက်ဆို။

**'ဝေဖန်'** ဟောတယ်ဆိုတာ၊ ကိုယ့်ဟာကိုယ်လည်း **'ဝေဖန်'**ရတယ်၊ အဲဒါမှ **'သစ္စာအနက်'**သိတယ်၊ အဲဒါမှ ကိလေသာတွေဝေးတယ်၊ **'ကိလေသာဟူ'** ဆိုလိုက်စမ်း (ကိလေသာဟူ တွင်းရန်သူတို့ မပြူဝံ့ရှောင်း ဝေးတော်မူသော အကြောင်းကြောင့် အရဟံ - အရဟ မည်တော်မူ၏)။ **'အရဟံ'** သူ့ဟာသူ ရတဲ့ **'ဂုဏ်'** တဲ့ ဘယ်သူကမှပေးတဲ့ ဘွဲ့မဟုတ်ဘူး၊ အဲလို **'ဂုဏ်'** ရှိမှ တရားရတယ်တဲ့၊ သူတကာပေးတဲ့**'ဂုဏ်'**နဲ့ တရားမရဘူးတဲ့၊ အဲလိုမှတ်ထား၊ အဲဒီ **'အရဟံ'** ဆိုတာ သူတကာပေးတဲ့ **'ဂုဏ်'** မဟုတ်ဘူး၊ သူ့ဟာသူရတဲ့ သူရတဲ့**'ဂုဏ်'**၊ ဘာပြုလို့ ကိလေသာ ဝေးတုံးပြောစမ်း၊ **'သစ္စာအနက်'**သိလို့၊ ဘာပြုလို့ ကိလေသာဝေးတုံး (သစ္စာအနက် သိလို့ပါ ဘုရား)။ **'အာပေါ'** ဖွဲ့လို့ ခေါင်းတွေ ခြေတွေ လက်တွေ ပေါင်တွေ ဖြစ်နေတာ။

ကဲ **'အာပေါ'** မဖွဲ့ရင် ပေါင်တွေ လက်တွေ ခြေတွေရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ ပေါင်တွေ လက်တွေ ဘာလို့ရှိတုံး (အာပေါဖွဲ့လို့ပါဘုရား)၊ **'အာပေါ'** ဖွဲ့လို့ ပေါင်တွေ ပါးတွေ ခေါင်းတွေ လက်တွေ ဖြစ်တယ်ဆိုတော့၊ သူ့စိတ်ထဲ ပေါင်တွေ ပါးတွေ ခေါင်းတွေ လက်တွေ ရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ **'အာပေါဓာတ်သဘော'** ပဲရှိတော့ ကိလေသာ မဝေးဘူးလား (ဝေးပါတယ်ဘုရား)၊ ဝေးတော့ ဘာဖြစ်သွားတုံး (အရဟံဖြစ်သွားပါတယ်ဘုရား)။ အဲဒီလို ဒကာကြီးတို့လည်း အဲဒီအတိုင်း ဖြစ်ရမှာ၊ အဲဒီလိုသာ သူလို **'ဝေဖန်'**၊ ဘာပြုလို့ အပြုပြင်ခံရလဲ (သင်္ခတမို့ပါဘုရား)၊ **'သင်္ခတ'**မို့ အပြုပြင်ခံရတယ်၊ **'သင်္ခတ'**ဆိုတော့ **'အပြုပြင်'** ခံရရုံပဲလား၊ **'အနှိပ်စက်'** ကော မခံရဘူးလား (အနှိပ်စက်ခံရပါတယ်ဘုရား)၊ မပူကော **'ပူပြုပ်'**

www.burmeseclassic.com

www.burmeseclassic.com



ရဘူးလား (ပူပန်ရပါတယ်ဘုရား)၊ **'မဖောက်ပြန်'** ဘူးလား (ဖောက်ပြန်ပါတယ်ဘုရား)၊ ပူလည်း ပူပန်တယ်၊ ဖောက်လည်း ဖောက်ပြန်တယ် ဆိုတော့ သူဟာ ချမ်းသာသလား ဆင်းရဲသလား (ဆင်းရဲပါတယ်ဘုရား)၊ **'ဆင်းရဲတဲ့သစ္စာ'**၊ ဒါကြောင့် သူ့ကို **'ဒုက္ခသစ္စာ'** လို့ ခေါ်တာ၊ **'ဒုက္ခသစ္စာ'** လို့ သိသွားတယ်။ အဲလို **'လေးပါးသောအနက်'** နဲ့သာဝေဖန်၊ **'ပီဠန'**က နှိပ်စက်နေတယ်၊ **'အာပေါကြီး'** နှိပ်စက်နေတယ်၊ ပါးကြီးကို သူတကာက ဓားနဲ့ခုတ်ချလိုက်တော့ ပဲ့သွားတော့ မနာဘူးလား၊ အဲလိုဖြစ်မှာတွေကို မပူပန်ရဘူးလား **'ပူပန်'** ရတယ်၊ အခုက ခေတ်ကောင်းနေလို့ ခေတ်မကောင်းရင် ပါးကြီး ဓားနဲ့ခုတ်လိုက်ရင် ပဲ့ပြီးသွေးတွေ ထွက်လာ တယ်၊ ကြောက်ရတယ်၊ **'ပူပန်'**ရတယ်၊ **'ဒုက္ခသစ္စာရဲ့အနက် လေးချက်'** ခေါ်တယ်၊ မပူပန် ရတော့ဘူးဆိုတော့ **'ကိလေသာဟူ တွင်းရန်သူတို့'** ဆိုစမ်း (ကိလေသာဟူ တွင်းရန်သူတို့ မပြုဝံ့ရှောင်း ဝေးတော်မူသောအကြောင်းကြောင့် အရဟံ-အရဟာ မည်တော်မူ၏)၊ အဲလို **'ဂုဏ်'**နဲ့ သိရတယ်၊ **'ဒုက္ခသစ္စာ'** သာ သိလိုက်ပါ၊ ဒီ့ပြင်ဟာ မရှိတော့ဘူး၊ ပါးလည်းမရှိနဲ့ ပါးဘာကြောင့် ဖြစ်တယ် (အာပေါကြောင့်ပါဘုရား)၊ **'အာပေါ'**က ပြုပြင်ထားလိုက်တာ၊ ဟုတ်ကဲ့လား။

**ပထဝီဓာတ်ကြဲ အာပေါတွဲ၍ အခဲကိုမြင် လူဟုထင် ဤတွင် သက္ကာယ ဒိဋ္ဌိဖြစ်သတည်း**

အဲလို တစ်ခုတစ်ခုသိသွား၊ ချောတာကြမ်းတာလည်း **'ပထဝီကြီး'**က အာပေါနည်းလို့ **'ပထဝီဓာတ်ကြဲ အာပေါတွဲ၍ အခဲကိုမြင် လူဟုထင်၊ ဤတွင် သက္ကာယဒိဋ္ဌိ ဖြစ်သတည်း'**။ ကဲ ဒါထက်ကောင်းတာ ဘာရှိအုံးမတုံး၊ **'ပထဝီကြဲ'** ပြီး **'အာပေါတွဲ'**လို့ **'လူတွေ'** ဖြစ်နေတယ်၊ ခွေးတွေရော သတ္တဝါတွေ ယောကျ်ားတွေရော မိန်းမတွေရော အဲဒါ **'ပထဝီ၊ ပထဝီ'** လို့ဆိုနေတော့ ယောကျ်ား မိန်းမရှိသေးလား (မရှိတော့ပါဘူးဘုရား)။ ယောကျ်ား မိန်းမ မရှိတော့ သက္ကာယရှိသေးလား(မရှိတော့ပါဘူးဘုရား)၊ မရှိတော့ **'ငါ'** ရှိသေးလား (မရှိတော့ ပါဘူးဘုရား)၊ မရှိတော့ **'ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ'** ရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အဲဒါ **'ပထဝီ ဓာတ်ပေါက်သွားတာ'**။ **ဓာတ်တစ်လုံး ကိုယ်မှာကျေလျှင်၊ ဟို ဘဝါ ဘဝေ ကရွတ်ကင်း မလျှောက်ရတော့ဘဲ၊ အို နာ သေ ဆိုတဲ့ ဝဋ်ဇာတ်ခင်း ပျောက်ကြပါပေ့၊ အမှောင် မသမ်းတဲ့ ဓမ္မာအခြေ လင်းရာမှာဖြင့်၊ အောင်နန်း အမတပြည်လွှတ်မယ့် လမ်းစဉ်ကြီး အစစ်၊ ဖြစ်ပါလေတော့သတည်း။** ကဲ --- တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# "ဥပါဒ် ဌီ ဘင် စ စဉ် အို သေ တရားတော်"

၃၁. ၁၂. ၂၀၀၇

## မဟာဘုတ်မြင်ရင် နိဗ္ဗာန်ကို မြင်တာပဲ

**'မဟာဘုတ်'**ရယ်၊ **'ဥပါဒါနက္ခန္ဓာ'**ရယ်၊ **'အာယတန'**ရယ်၊ **'ယံကိဉ္စိ သမုဒယ ဓမ္မံ'** ရယ်၊ အဲဒါတွေကတရားတွေ၊ **'သုဝိသုဒ္ဓ'** ခေါ်တယ်၊ မြတ်သော နိဗ္ဗာန်ကို မြင်တယ်၊ **'မဟာဘုတ်'** မြင်ရင် နိဗ္ဗာန်ကိုမြင်တာပဲ၊ **'အာယတန'** မြင်ရင်လည်း နိဗ္ဗာန်ကို မြင်တာပဲ၊ **'ဥပါဒါနက္ခန္ဓာ'**မှန်း သိရင်လည်း နိဗ္ဗာန်ကိုမြင်တာပဲ၊ **'ယထာဘူတံ'**တဲ့၊ **'ဟုတ်တိုင်းမှန်စွာ'** ဆိုတော့ **'အနိစ္စ ဒုက္ခ'**နဲ့ **'အကြောင်းအကျိုး'** ပဲ။

**'ယထာဘူတ'** ဆိုတာ အနိစ္စ ဒုက္ခ၊ ငါ ငါ့ဥစ္စာ ငါ့ကိုယ်မဟုတ်တာ၊ အဲဒါ ဆင်ခြင်ဖို့ အကြောင်း၊ **'အနိစ္စ ဒုက္ခ အနတ္တ'** ကိုမြင်မှ ငါ ငါ့ဥစ္စာ ငါ့ကိုယ်ရယ်၊ **'ငါ'** မဟုတ်မှန်းသိမှ၊ **'ငါ့ဥစ္စာ'** မဟုတ်မှန်းသိမှ၊ **'ငါ့ကိုယ်'** မဟုတ်မှန်းသိမှ၊ **'အနိစ္စ ဒုက္ခ အနတ္တ'** မှန်းသိမှ အဲဒါမှ **'ယထာဘူတ'** ကျတယ်၊ **'အကြောင်းအကျိုး'** သိမှ အဲလိုမှ ယထာဘူတကျတယ်၊ **'ယထာဘူတ တွေ'** မြင်ပြီး **'နိဗ္ဗိန္ဒ'**တို့ ရောက်သွားတယ်၊ ငြီးငွေ့သွားတယ်၊ မပျော်တော့ဘူး၊ **'မဟာဘုတ်'** ရောက်ရင်လည်း ရောက်တယ်။

## မာတာ ပျော့တာ ပထဝီပါ

ခေါင်းတို့ ဘာတို့ကိုင်ကြည့် လက်နဲ့စမ်းကြည့်ရင် မာတာတွေ့တယ်၊ လက်တို့ ခြေတို့ မတွေ့ရဘူး၊ ကိုင်စမ်းကြည့် မာတာနဲ့ ပျော့တာ၊ ခုတာခံတာ ကြမ်းတာ ချောတာ၊ **'ပထဝီ ဓာတ်တစ်လုံးကျေရင်'** လည်း ဒီပြင်ဟာတွေ အကုန်ဟန်တာပဲ၊ အများကြီးမလိုက်နဲ့၊ အာပေါ ဖြစ်ဖြစ် ဝါယောဖြစ်ဖြစ် တေဇောဖြစ်ဖြစ် **'ဓာတ်တစ်လုံး ကိုယ်မှာကျေလျှင်'** ဆိုတာ ပထဝီ အာပေါ တေဇော ဝါယော တစ်ခုခုကို ကျေရင်ဟန်တယ်။

ခေါင်းကိုင် စမ်းကြည့်ရင် မာတယ်၊ **'မာတာက ပထဝီ'** မာတာကခေါင်း မဟုတ်ဘူး၊ ခေါင်းမရှိဘူးဆိုမှ **'သုညတ'** ရောက်သွားတယ်၊ **'မာတာက ပထဝီ'** အဲဒါအလွယ်ကူဆုံးပဲ၊ ကိုင်စမ်းကြည့်ရင် မာတယ်။ **'မျက်စိ'**နဲ့ ကြည့်ရင်မြင်တယ်၊ အဲဒါ အဖြူ အနီ အဝါ၊ အဲဒါက **'အဆင်း'**၊ **'နား'**နဲ့ ထောင်ကြည့်ရင် အထဲကလှုပ်တာ တိုးတဲ့အသံလေးတွေက **'သမာဓိ'** ရှိရင် ကြားရတယ်၊ ဝီဝီဝီဝီ-စီစီစီစီ နားထဲကမြည်တာပဲ၊ ရင်ခေါင်းထဲကလည်း မြည်တာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုင်စမ်းကြည့် **'မာ'**တယ်၊ ခြေဖျားကနေ ဆံဖျားရောက်အောင် **'မာ'**တယ်၊ သုံးပါးကြောင့် တစ်ပါး**'မာ'**တယ်၊ **'မာတာ ပထဝီ'**ဆိုရင် သုံးပါးကြောင့် မာတာဖြစ်သွားတယ်၊ **'အာပေါ'**များရင် ပျော့တယ်၊ **'အာပေါ'** နည်းရင်မာတယ်၊ **'ဉာဏ်တွေ၊ ဉာဏ်တွေ'၊** မာတာလည်းမာမာ မာမာနဲ့၊ ပျော့တာလည်း ပျော့ပျော့ ပျော့ပျော့နဲ့။

**ပထဝီမရှိတာဟာ နိဗ္ဗာန်ဖြစ်သွားတယ်**

**'ယတ္ထ အာပေါစ ပထဝီ တေဇော ဝါယော နဂါဓတိ'၊** **'ယတ္ထ** - အကြင် နိဗ္ဗာန်၌၊ **အာပေါစ** - အာပေါသည်လည်းကောင်း၊ **ပထဝီစ** - ပထဝီသည်လည်းကောင်း၊ **တေဇောစ** - တေဇောသည်လည်းကောင်း၊ **ဝါယောစ** - ဝါယောသည်လည်းကောင်း၊ **နဂါဓတိ** - ထောက်ရာတည်ရာမရ'။ အဲဒါ **'ပထဝီ'** တို့က **'သဉ်တစာတ်'** ခေါ်တယ်၊ **'ရုပ်'** ထဲပါတယ်၊ မာတဲ့ဟာ ပျော့တဲ့ ဟာကမှ **'သဘော'၊ 'ပိယရုပ်'** မဟုတ်တော့ဘူး၊ **'လောဘမူ'** မရှိတော့ဘူး၊ **'လောဘမူ'** မရှိတော့ ပိယရုပ်တို့ သာတရုပ်တို့ မပါတော့ဘူး၊ သူက **'မဟာဘုတ်'**ဆိုတဲ့ ရုပ်၊ **'ရူပက္ခန္ဓာ'**ဆိုရင် လက္ခဏာမှာလာစုတယ်၊ မာတာ ပျော့တာမှာ လာစုတယ်၊ အဲဒါ **'သဘာဝ'၊ 'သဘာဝ'**မှာ လက္ခဏာစုတယ်၊ အဲဒါကြောင့် **'စုတာ'**ကိုခန္ဓာခေါ်တယ်၊ **'ရုပ်'** ကရုပ်၊ **'လက္ခဏာ'**ချင်းတူလို့။ ဘယ်ကလာလာ-**'အတိတ်'** က ပထဝီဖြစ်ဖြစ်၊ **'အနာဂတ်'** ပထဝီဖြစ်ဖြစ်၊ **'အဇ္ဈတ္တ'** ဖြစ်ဖြစ်၊ **'ဗဟိဒ္ဓ'**ကလည်း ပထဝီ၊ အဲလို ဉာဏ်ကထုတ်ရတယ်၊ **'ဟီန'** ယုတ်ညံ့တဲ့ဟာလည်း ပထဝီ၊ **'မြတ်'**တဲ့ဟာလည်း ပထဝီ၊ **'ပထဝီ'**ဆိုတော့ အယုတ်အလတ်အမြတ်မရှိတော့ဘူး၊ အသေးအမွှား လုံးလုံးတွေ ခဲခဲတွေ ပြားပြားတွေလည်း မရှိတော့ဘူး၊ **'ပထဝီ'**ဆိုရင် အဲဒီလိုရှုမှ လုံးလုံး ပြားပြားတို့ နိမိတ်သဏ္ဌာန်တို့ပါလာရင် အဲဒါပထဝီ မဟုတ်တော့ဘူး၊ သဏ္ဌာန်မရှိဘဲ **'မာတဲ့ သဘောလေး'**မှ။

**'ကွင်းကျန်သော အကြောင်းသုံးပါး'၊** ဓာတ်သုံးပါး အာပေါ တေဇော ဝါယော က ထောက်ပံ့မှ **'တေသဘူတတ္တရ ပဒဋ္ဌာနံ- နီးစွာသောအကြောင်း'၊** ဒီပြင်ဟာတော့ ကံ စိတ် ဥတု အာဟာရတွေတော့ ပါတာပေါ့၊ **'နီးစွာသောအကြောင်း'၊** **'ကံ'** ကြောင့်ဖြစ်လို့ရှိရင် အဲဒီပထဝီက **'ဥပါဒိန္နကပထဝီ'၊** ပထဝီဆိုရင်ပဲ ကြံလို့မကုန်နိုင်ဘူး၊ အဲဒါ **'စိန္တာမယဉာဏ်'** ခေါ်တယ်။ တကယ်**'ပထဝီလေး'** ရောက်နေပြီဆိုရင် **'ဖြစ်ပျက် ဖြစ်ပျက်'**နဲ့ အဲလိုလေး နေတော့ လောကကြီးမရှိတော့ဘူး၊ ပထဝီ တေဇော ဝါယော အာပေါ ထောက်ရာမရတော့ဘူး ဆိုမှ **'နိဗ္ဗာန်'၊ 'ပထဝီ'** မရှိတာဟာ နိဗ္ဗာန်ဖြစ်သွားတယ်၊ အဲလိုရှုမှ မဟုတ်ရင် ဟိုဟာတွေထင်

www.burmeseclassic.com

www.burmeseclassic.com



ဒီဟာတွေထင် ထင်တတ်တယ်၊ ဒုက္ခတွေ ဝေဒနာတွေကို **'သခ်ီရုပေက္ခာ'** ထားပြီးရှု။ အရိုးတွေ အသားတွေ မဟုတ်တော့ဘူး၊ **'ပထဝီ'** မြင်အောင်လို့ နာမည်နဲ့ပြောတာ၊ အရိုးတွေ အသားတွေ **'သုံးဆယ့်နှစ်ကောဋ္ဌာသ'** ထဲမှာ နှစ်ဆယ်က**'ပထဝီ'**၊ အသားတို့ အရိုးတို့ အူတို့ မာတာနဲ့ ပျော့တာပဲရတယ်၊ ရိုးတွင်းခြင်ဆီ ဦးနှောက်တို့လည်း **'ပထဝီ'**၊ **'ပထဝီ'** မရှိလည်း မဟုန်ဘူး၊ အဲဒီ **'ပထဝီကြီး'** မရှိမှ **'အာကာသကြီး'** လိုဖြစ်သွားတယ်၊ နှာခေါင်းနားထားကြည့် ငယ်ထိပ်နားထားရင် ပေါက်သွားတယ်၊ ဘာဖြစ်တယ်ဆို လန့်သွားတယ်၊ ငယ်ထိပ်တွေ မဟုတ်ဘူး၊ **'မာတဲ့သဘောလေး'** ပဲကြည့်မှ၊ **'ပညတ်တွေ'** မပျောက်ရင် **'ဥပါဒါနက္ခန္ဓာ'** ဖြစ်သွားတယ်၊ **'အနုပါဒါနက္ခန္ဓာ'**ကျမှ **'ဥပါဒါန်မစွဲတဲ့ခန္ဓာ'**။

**'ပထဝီ'**ဆိုတော့ **'ဒိဋ္ဌုပါဒါန်'** မစွဲတော့ဘူး၊ **'ပထဝီ'**ဆိုတော့ **'ကာမုပါဒါန်'**လည်း မစွဲတော့ဘူး၊ **'အဆင်း'**ဆိုတော့စွဲတယ်၊ **'အဆင်း'**က ပထဝီကိုမှီနေရတဲ့ရုပ်၊ **'ပထဝီ'** ရောက်ရင် အဲဒီအဆင်းတွေ ဘာတွေလွှန်သွားတယ်၊ **'ပထဝီ'** မှီမှ အဆင်းဖြစ်ရတယ်၊ **'ဥပါဒါရုပ်'** ခေါ်တယ်။ နိဿယပစ္စည်း၊ နိဿယပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ အညမညတို့ သဟဇာတတို့၊ အဲဒါ **'ပထဝီ'** အဲလိုမှ ငြိမ်းသွားတယ်၊ **'ပထဝီ'** ကိုလည်း အဲလိုဉာဏ်လေးနဲ့ လူမရှိ ယောကျ်ားမရှိ မိန်းမမရှိ၊ အဲဒါ **'ပထဝီ'** ရောက်လို့ ဟိုဘဝလည်းမရှိ၊ ဒီဘဝလည်း မရှိ၊ ကိလေသာလည်းမရှိ၊ **'ကိလေသာ'** မရှိတာက ပထဝီရောက်ရင် မရှိတော့ဘူး၊ အဆင်းတို့ မိန်းမ ယောကျ်ားတို့မှ **'ကိလေသာ'** ရှိတာ၊ အဲဒါ **'ပထဝီ'** ပဲ၊ သွေးထွက်လည်း **'ပထဝီ'**ပဲ၊ အဲလို ရှုမှ **'စတုန္နံ မဟာဘူတာနံ သမုဒယဋ္ဌ အတ္ထင်္ဂမဋ္ဌ'** အဲလို တက်လာတယ်။

## သန္တတိကနေ သဏ္ဌာန်ဖြစ်သွားတယ်

**'စတုန္နံ မဟာဘူတာနံ သမုဒယဋ္ဌ အတ္ထင်္ဂမဋ္ဌ'**၊ **'မဟာဘုတ်'**-ခတ်ဆိုရင်ဆိုရင် မမြဲဘူး၊ အခုမီးလိုပဲပေါ့၊ အဲဒီ**'တေဇော'**ထဲလည်း **'ပထဝီ'** ပါတာပဲ၊ တရားဟောနေတဲ့ထဲလည်း **'ပထဝီ'**ပါတာပဲ၊ **'ပထဝီ'**ရောက်အောင် သမာဓိနဲ့ရှု၊ လောကီ သမာဓိတောင်မှ ဧကဂ္ဂတာကျမှ၊ **'ဧကဂ္ဂတာ'** ကမှ သမာဓိခေါ်တာ၊ အဲဒီ သမ္မသနနဲ့ ဥဒယဗ္ဗယ၊ **'သမ္မသန'**က အခြေခံ၊ အခုဟာက သမ္မသန၊ **'ဥဒယဗ္ဗယ'**က အခြေခံ အဲလိုသုံးသပ်ရတယ်၊ ဘင်္ဂတို့ အာဒီနဝတို့ မုဥ္စိတုကမျတာတို့ဆိုတာတွေက အထက်ဉာဏ်တွေ **'အဘိညာ'** ခေါ်သွားတယ်၊ **'ဉာဏ်'** ခေါ်သွားတယ်၊ **'ဝိပဿနာဉာဏ်'** ခေါ်သွားတယ်။ **'ငါ'** မဟုတ်ပုံ၊ **'မမြဲ'** ပုံ၊ အကြောင်းသုံးပါး ကြောင့် မာတယ်လို့ထင်ရင်လည်း စင်စစ် မာမာ-မာမာနဲ့ မီးလိုပေါ့ ပူလို့ချည်းပဲ၊ မာလို့ချည်းပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မာတာနဲ့ နောက်မာတာ မတူဘူး၊ ရှေ့မာတာနဲ့ နောက်မာတာ မပြတ်ဖြစ်နေတော့ **'ကေဘူတာနံ ဝိယ'** ဆိုတော့ တစ်ပေါင်းတည်း ကဲ့သို့ ဖြစ်သွားတော့ နဖူးတို့ ပါးတို့ ခေါင်းတို့ ဖြစ်နေတာ၊ နဖူးမရှိဘူး၊ တမာထဲမာနေတာ **'သန္တတိ'** ခေါ်တယ်၊ **'သန္တတိ'**ကနေ သဏ္ဌာန် ဖြစ်သွားတယ်၊ **'ဃန'** အခဲဆိုတော့ သဏ္ဌာန် ဖြစ်သွားတယ်။ အဲဒါကြောင့် နဖူးဖြစ်သွားတယ်၊ ခေါင်းဖြစ်သွားတယ်၊ လက်ဖြစ်သွားတယ်၊ ခြေထောက် ဖြစ်သွားတယ်၊ အဲဒါ **'သန္တာန်'**က သဏ္ဌာန်ဖြစ်သွားတယ်၊ **'သဏ္ဌာန်'** ဆိုတော့ အခဲဖြစ်သွား တယ်၊ **'အခဲ'** ကျမှ အလုံးတို့အခဲတို့ အဲဒါတွေက သဏ္ဌာန်ဖြစ်သွားတယ်၊ အဲဒီ **'သဏ္ဌာန်'** ကြောင့် ဒိဋ္ဌိနဲ့တဏှာဖြစ်တယ်၊ လောဘဆိုတဲ့ တဏှာဖြစ်တာ၊ **'သဏ္ဌာန်'**မရှိမှ ဒိဋ္ဌိနဲ့တဏှာ မဖြစ်တာ၊ အဲဒီ **'ဝိပဿနာ'** နယ်ပယ်က **'ဒိဋ္ဌိ'**မရှိဘူး။

**'တေသဘူတတ္တရ ပဒဋ္ဌာနံ-** ကြွင်းကျန်သော မဟာဘုတ်က နီးစွာသောအကြောင်း**'**၊ **'တေဇော'**က ပထဝီကိုဖြစ်စေတယ်၊ မာတာတို့ ရင့်ကျက်တာတို့ ဖြစ်စေတယ်၊ ကြွင်းကျန်သော ဓာတ်တို့ကို ရင့်ကျက်စေတယ်၊ **'တေဇော'**က ပထဝီကိုလည်း မာအောင်လုပ်တတ်တယ်။ ရွှံ့တွေ နေပူလှန်းတော့ ခြောက်သွားတယ်၊ ခြောက်ပြီးမှ အုတ်ဖိုထဲထည့်လိုက်တော့ မီးတွေနဲ့ကျ မာသွားတယ်။ **'မာတာ'**ဟာ တေဇောကြောင့် မာတာ၊ **'တေဇော'**ကလည်း ပူ ပူလို့ပဲနေတယ်၊ **'မာတာ'**ကလည်း မာ မာ မာ လို့နေတယ်၊ **'စ စဉ် အို သေ'**၊ **'အနိစ္စတာ'**ဆိုတာ **'သန္တတိ'** လိုပဲ၊ **'ရုပ်ရဲ့လက္ခဏာ'**လို့ခေါ်တယ်၊ ကုန်းလိုက်တယ်၊ ကွလိုက်တယ်၊ လေရှူလိုက်တယ်၊ ယပ်တောင် ခတ်လိုက်တယ်၊ အဲဒီ အစလေးဟာ **'ဉပစယရုပ်'** ခေါ်တယ်၊ **'လူ'** မဟုတ်ဘူး၊ ယောက်ျား မိန်းမ မဟုတ်ဘူး၊ **'ဓာတုကမ္မဋ္ဌာန်း'** ခေါ်တယ်၊ **'သစ္စကမ္မဋ္ဌာန်း'** လည်းခေါ်တယ်။

အဲဒီ **'ပထဝီ'**ဟာ တေဇောကြောင့်မာတာ တေဇောနည်းရင်ပျော့တယ်၊ အုတ်ထဲမှာ အဖျက်ကလည်းပါတယ်၊ ဆီးဖြူကိုင်း သွားမထည့်နဲ့ အဲဒီ အုတ်တွေမကျက်တော့ဘူး၊ ဆီးဖြူသား မပါရဘူး၊ အဲလိုအဖျက်တွေလည်းရှိတယ်၊ အဲလို အုတ်က မီးနဲ့လုပ်တော့မာသလို ခေါင်းပေါ်က အရိုးကြီး၊ ဦးခေါင်းခွံက မီးတွေများလို့ မာလာတာ၊ အုတ်က အရင်ကရွှံ့ဆိုတော့ အပျော့၊ ရေနဲ့နှယ်ပြီးတော့ ပုံစံချထားတယ်၊ အဲဒါ မာအောင် လေသလပ်ခံ၊ နေပူလှန်းပြီးမှ မီးနဲ့ဖုတ် ရသေးတယ်၊ တစ်ခါတည်း ခေါင်းထက်မာသေးတယ်၊ အရိုးထက်မာသေးတယ်၊ နှစ်ရက် သုံးရက် လောက် မီးနဲ့ဖုတ်တာဟာ တစ်ပတ်ဆိုတော့ အုတ်ခဲဖြစ်သွားတယ်။ မွေးကာစကလေး လေးခေါင်းတွေ သွားမနှိပ်နဲ့ နှိပ်ရင် ခေါင်းတစ်ခြမ်း ပိန်ကလေး သွားဖြစ်တယ်၊ ခေါင်းလေးတွေ သွား သွားမကိုင်နဲ့ မနှိပ်နဲ့ မွေးကာစ ကလေးလေးကို နှိပ်လိုက်ရင် ပိန်ပြီး ပျော့ပျော့ကလေး၊

www.burmeseclassic.com

www.burmeseclassic.com



လုံးလုံးကလေးနေအောင် မာတဲ့ခေါင်းအုံးပေါ်တောင် မတင်နဲ့၊ တစ်လ နှစ်လ နုဖတ်ဖတ်ကလေးတွေက အရည်လေးတွေလိုပဲ အဲဒါပြားချပ် သွားတတ်တယ်၊ လုံးလုံးနဲ့ လှအောင်သာသာလေးကိုင်ရတယ်။ အဝတ်တွေထူထူကြီးနဲ့ အဲလိုမှ ခေါင်းလေးတွေ မပြားအောင် အမေတွေ အဖေတွေ အကိုင်မတတ်လို့ ခေါင်းတစ်ခြမ်း ပိန်လေးတွေ၊ အဲဒါကြာတော့ သူကလည်းတစ်ခါတည်း မီးလိုပဲ၊ **'ဥသွာတေဇော'**တို့ ဖျားတဲ့ မီးတွေလိုပဲ၊ အပူချိန် ၁၀၄ ဒီဂရီဖာရင်ဟိုက်နဲ့ ဘာနဲ့၊ အဲဒီကလေး ဖျားသေးတာ၊ ပူသေးတာ၊ အဲ မွေးပြီး ခြောက်လလောက်မှ သွားငုတ်တုတ် လူငုတ်တုတ် နည်းနည်းထိုင်နိုင်တယ်၊ အဲဒါ နည်းနည်းမာလာလို့၊ အဲဒါအပြင်က လေထဲပါတဲ့ **'တေဇော'** ကြောင့် အရိုးတွေမာလာတယ်၊ အဲဒါလည်း **'တေဇော'** ကြောင့် မာတာ၊ **'ငါ့ကိုယ် ငါ့သဘော'**နဲ့ မာတာ မဟုတ်ဘူး၊ **'ငါ'**မဟုတ်ဘူး၊ **'တေဇော'**ကြောင့် မာတာ၊ **'တေဇော'** နည်းတာကြောင့် ပျော့တယ်။

**ပဝတ္တ သန္တတိ ဖြစ်စဉ်**

အဲဒီမှာ **'အာကာသ'**က ခြားသေးတယ်၊ **'အာကာသ'**က ရှစ်ခုမှ ကလာပ်တစ်ခု၊ **'ကလာပ်'** တစ်ခုနဲ့တစ်ခုကြားမှာ၊ နှမ်းတောင်း ပဲကြီးတောင်းထဲကို ရေထည့်ထားသလို၊ အောက်ထဲ ယိုကျတယ်၊ အဲလို အကြားအပေါက်တွေရှိတာ၊ ချွေးတွေ ထွက်တာကို **'အာကာသ'** ခေါ်တယ်၊ အဲဒီအပေါက်ငယ်တာလေးကစပြီး အကြီးကြီးထိ ပေါက်တယ်၊ နားပေါက်ကြီးတို့ အဲဒါ **'အာကာသ'** ခေါ်တယ်၊ **'ကလာပ်'** ခြားတာခေါ်တယ်။ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ၊ အဲဒါကို **'အဋ္ဌကလာပ်ရှစ်ခု'** ခေါ်တယ်၊ အသံနဲ့ကျတော့ **'သဒ္ဒနဝက ကလာပ်'**ခေါ်တယ်၊ အဲဒါ **'အသံ'** ထဲမှာလည်း **'တေဇော'** ပါတယ်၊ လောင်လောင်ပြီး အသံက တစ်၊ နှစ်ဆိုမရှိတော့ဘူး၊ တစ်ပြီးရင် နှစ်၊ **'ဗုဒ္ဓံ'**ဆိုလိုက်ရင် **'ဗုဒ်'** ဆိုရင် **'ဓံ'** မရောက်ဘူး၊ အဲဒါ **'ပဝတ္တသန္တတိ'** ဖြစ်စဉ်။

**'တေဇောကြီး'**က အစဉ်ဖြစ်တာက ပျက်သွားတယ်၊ **'ပဝတ္တသန္တတိ'** ဖြစ်စဉ်၊ ဖြစ်တာက ပျက်သွားပြီ၊ အဲဒီ **'ဖြစ်ပျက်'**က အစဉ် ဖြစ်သွားတယ်၊ အဲဒါက**'ဖြစ်စဉ်'**၊ ဖြစ်တာက **'ဥဒယ'**၊ **'ဝယ'**ဆို ပျက်သွားပြီ၊ **'ဖြစ်ပျက်'** စဉ်တဲ့ဟာကို ဖြစ်စဉ်၊ **'စဉ်တာ'**က သန္တတိပညတ်၊ **'ဖြစ်တာ'** က ပရမတ်၊ **'ဖြစ်ပျက်'** ပရမတ်၊ အရင်က ဖြစ်တာမရှိတော့ဘူး၊ **'သန္တတိ'** ရှေ့နောက် အဲလိုမှ ဉာဏ်ကောင်းတာ၊ ဉာဏ်ကောင်းမှ ကံကောင်းတာ။ **'ဉာဏ်'** မကောင်းရင် မောဟထဲ ရောက်သွားရော၊ **'မောဟ'** ဆိုကတည်းက အကုသိုလ် ဖြစ်သွားတယ်၊ အဲတော့ **'ကံ'** မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ **'ကံ'** မကောင်းဘဲနဲ့ အသက်ရှည်နေတာ၊ အခုဟာက ဉာဏ်ကောင်း အသက်ရှည်၊ **'အစဉ်'**က အခုထိုင်နေတဲ့ဟာ -အစဉ်ကြီးခေါ်တယ်။ **'ထိုင်တာ'**က ဘာတုံးဆိုတော့ ဝိကာရရုပ် ဝိညတ်ရုပ်၊ သဏ္ဌာန ဝိကာရ၊ **'သဏ္ဌာန'** ဆိုတာက စိတ် စေတသိက် ဝိကာရ၊ **'နိပ္ဖန္နရုပ်'** တစ်ဆယ့်ရှစ်ပါးကို **'သဏ္ဌာန'** ခေါ်တယ်၊ အဲဒါမြတ်စွာဘုရား သိတာ၊ သူတကာလည်း သိရမှာပဲ၊ သဏ္ဌာန ဝိကာရ လက္ခဏာ နိဗ္ဗာန် ပညတ်၊ **'ဥဿ ယျံ့ခံတရား'** ခေါ်တယ်၊ စိတ် စေတသိက်လည်း သိရမယ်။ **'နိပ္ဖန္နရုပ်'** တစ်ဆယ့်ရှစ်ပါး ကမ္မဇရုပ်ပေါ့၊ မျက်စိတွေရော၊ မျက်စိတွေ နားတွေ လက်တွေမှာ **'ပထဝီ'** ပါတယ်၊ **'ပထဝီ'** ကို လက်လို့ခေါ်တယ်၊ ပျော့တာကို လက်လို့ခေါ်တယ်၊ လက်လို့ဆိုတာ အမိဝမ်းတွင်းမှာ (၄၉)ရက်လောက်ရောက်တော့ အဖုအထစ်ကြီးတွေ ဖြစ်လာ တာ၊ မိန်းမပုံ ယောက်ျားပုံ ကိုယ်ကြီးတွေ၊ အဲဒါက အမိဝမ်းတွင်းက **'ဇလာဗုဇပဋိသန္ဓေ'** ခေါ်တယ်၊ ငရဲတွေ နတ်ပြည်တွေကျ ချက်ချင်းရောက်သွားတာ၊ အဲဒါသိတဲ့လူက ချက်ချင်း အမှတ် ရတယ်၊ သို့မို့ရင် အမှတ်မရဘူး၊ ပြောမှ အမှတ်ရတယ်။

## ဥပါဒါန်မရှိဘူးဆိုရင် အဲဒီပထဝီရှုတဲ့နေရာမှာတင် ချုပ်တယ်

ပဉ္စင်းလေးတစ်ပါး တရားအားထုတ်ရင်းမတ်တတ်သေသွားတော့ နတ်ပြည်ရောက် သွားတာ သူ့ကိုယ်သူ ရဟန်းလို့ပဲထင်နေတယ်၊ နတ်သမီးတွေကိုလည်း ထင်းခွေလာတဲ့ ရေခပ် လာတဲ့သူတွေလို့ပဲ အောက်မေ့နေတယ်၊ ဣန္ဒြေကောင်းတယ်ဆိုပြီး မှန်ကြီးထောင်ပြလိုက်မှ သူကနတ်ဝတ်နတ်စားတွေနဲ့ ဖြစ်နေတာ၊ အဲလို **'ပထဝီဓာတ်'**အကြောင်းပြောရင် ရှုတတ် အောင်လို့လည်းနာ၊ ဒါမှ ရှုတတ်တယ်၊ **'ဖြစ်တာ'**က ခန္ဓာ၊ **'စဉ်တာ'**က ပညတ်၊ **'အစဉ်'** ရှိသွားပြီဆို သံသရာလည်တယ်၊ **'အစဉ်'** မရှိဘူး၊ **'ဖြစ်ပျက်'**တင်ပဲဆို အဲဒီနေရာတွင်ချုပ်တယ်၊ **'ဥပါဒါန်'** မရှိဘူးဆိုရင် အဲဒီ **'ပထဝီ'** ရှုတဲ့နေရာတင်ချုပ်တယ်၊ လူတွေ ယောကျ်ားတွေ မိန်းမတွေ စိတ်ထဲရှိနေရင် မချုပ်ဘူး။

**'ဥပါဒါန်'**က ဖြစ်ကြောင်း၊ **'တေသဘူတတ္တရ ပဒဋ္ဌာန်'** ဆိုတဲ့ကြွင်းကျန်သော ဘူတရုပ်သုံးပါးက ဖြစ်ကြောင်း၊ အဲဒီ **'ပထဝီ'** ကို လူလို့ ယောကျ်ား မိန်းမလို့ထင်တော့ **'ဥပါဒါန်'** စွဲသွားတယ်၊ အဲဒါ ပထဝီတွေပဲ၊ **'ငါ့ကိုယ် ငါ့ဉစ္စာ'**လို့မလုပ်မှ အစွဲမရှိဘူး၊ **'အစွဲ'**မရှိမှ မှန်တယ်၊ **'အစွဲ'** ရှိရင် စုန်းပူးသလိုပဲ၊ ပကတိလူမဟုတ်တော့ဘူး၊ **'တဏှာ ဒိဋ္ဌိ'** ဖြစ်ရာပျော်တယ်၊ စုန်းပူးသလိုပဲ စင်စစ်က **'ငါ'**ရော **'သူ'**ရော မရှိဘူး၊ **'ငါ့ကိုယ်'** လည်းမရှိဘူး။ **'နေတံမမှ နေသောဟမသ္မိ နမေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ'**၊ အဲလိုကျမှ **'ယထာဘူတ'**၊

www.burmeseclassic.com

www.burmeseclassic.com



**‘ငါ’**မရှိမှ၊ **‘ငါ’** လည်းမရှိဘူး **‘ငါ့ကိုယ်’** လည်းမရှိဘူး၊ အဲဒီ **‘ပထဝီ’** မာတာကို တေဇောနဲ့လုပ်မှ အုတ်ဖုတ်လို့ မာသလို ခေါင်းကမာတယ်၊ **‘မာတာပထဝီ’** ဆိုမှ ယောကျ်ား မိန်းမက မရှိတာ၊ သို့မဟုတ်ရင် မျက်စိဖွင့်လိုက်ရင်ကို **‘ဥပါဒါန်’** ဖြစ်သွားပြီ။

## တကယ့်ဉာဏ်ထဲမှာ ‘လူ’ မရှိမှ ဒိဋ္ဌိကလည်းမရှိဘူး

တကယ့် **‘ဉာဏ်’**ထဲမှာမရှိမှ၊ ကြားဖူးလို့ တရားဟောရင်လည်း ဖြစ်နေတာပါပဲ၊ တကယ်က **‘ဉာဏ်’** ထဲမှာ ဆင်ခြင်တော့လည်း မရှိဘူး၊ အဲဒါမှ **‘ဒိဋ္ဌိ’** ကလည်းမရှိဘူး၊ **‘သက္ကာယဒိဋ္ဌိ’** မရှိ၊ မိန်းမမရှိ ယောကျ်ားမရှိ ကိုယ်မရှိ၊ အဲဒီ **‘ပထဝီ’** ရောက်အောင် အဲဒီ **‘ကိုယ်’** မရှိမှ၊ လက်လည်းမရောက်နဲ့၊ **‘မာ’**တဲ့ဟာသာလုပ်၊ သတိပဋ္ဌာန်ကျ လက်လှုပ်တာတွေ ရော ဘာတွေရောလုပ်ရတယ်၊ **‘မာတာ’**တစ်ခုတည်း လုပ်တယ်ဆိုတော့ ပေါက်ရောက်လွယ် တယ်၊ ဒါကြောင့် **‘မာတာ’** တစ်နေရာလေးပဲ၊ ခြေထောက်နဲ့ နင်းအုံးတော့ **‘မာတာလေး’** တွေ့သွားတော့ အုတ်ခဲကို မီးဖုတ်လို့ မာသလိုပဲ၊ ခေါင်းကြီးတွေ လက်ကြီးတွေ အရိုးကြီးတွေ ပေါင်ကြီးတွေက အုတ်ခဲလို့ မှတ်ထား၊ မီးဖုတ်တော့မာတယ်။

## ငါမဟုတ်တာသည်ပင်လျှင် အတ္တက အနတ္တဖြစ်သွားတယ်

အပြင်က လေက အပူပါတယ်၊ ဒါကြောင့် **‘လေပူ’** လို့ခေါ်တယ်၊ အဲဒါ **‘တေဇော’** ပေါ့၊ ကြာလာတော့ အရိုးတွေက မာတယ်၊ နောက်ကြာလာတော့ ပျော့သွားပြန်ရော၊ ပွသွားပြန်ရော၊ အသက် ၆၀၊ ၇၀ ကျတော့ **‘ဟာနိဒသက’** ခေါ်တယ်၊ ယုတ်တယ်၊ မတိုးတက် တော့ဘူး၊ အသားတွေ အရေတွေ ကျုံးလွယ်တယ်၊ အခု အသက် ၂၀၊ ၃၀၊ ၄၀၊ ၅၀ အထိ တိုးတက်သေးတယ်ဆိုတော့ အသက် ၆၀ ကျတော့ အစိုးရအလုပ်လည်း အလုပ်မခိုင်းတော့ဘူး၊ နွားအိုကြီးတွေ ကျွဲအိုကြီးတွေ အနားပေးလိုက်တော့တယ်။

ကောသလမင်းရဲ့ဆင်ကြီးက အရင်တုန်းက စစ်ပွဲမှာအလွန်နိုင်တယ်၊ အိုတော့ သူ့ကို မသုံးတော့ဘူး၊ တစ်ခါတည်းပစ်ထားတယ်၊ ပစ်ထားတော့ ဟိုနားသွားလိုက်၊ ဒီနား သွားလိုက် နဲ့ဆိုတော့ ရွံ့ဗွက်ကြီးထဲနစ်ကရော၊ ရွံ့ဗွက်ကြီးထဲနစ်တော့ တစ်ခါတည်း သူမထနိုင်တော့ဘူး၊ နောက်တော့ တစ်ခါတည်း ဆင်ဆရာကြီးသွား ပြောရတယ်။ ဆင်ကြီးက စစ်ဆင်ကြီးဆိုတော့ စစ်တိုက်တဲ့နေရာမှာလို စည်တွေ မောင်းတွေနဲ့ ခရာသံပေးလိုက်တော့ စိတ်ကြွလာတယ်၊ အဲဒါနဲ့ တစ်ခါတည်း စစ်ချီပြီး သွားလိုက်တာ သူ့နားကဖြတ်ပြီးတော့ မောင်းလိုက်တော့ တစ်ခါတည်း

www.burmeseclassic.com

www.burmeseclassic.com



ရှန်းချလိုက်တာ ရှံ့ဗွက်ထဲက တက်လာတယ်၊ အဲသလိုပဲ **'အာရဗ္ဘ ယုဥ္ဇထ ဗုဒ္ဓသာသနေ ဓုနာထ'** အားထုတ်၊ **'ငါ သူတွေ'** မကပ်စေနဲ့။ ခေါင်းမာတာ အရိုးမာတာ အုတ်ဖုတ်သလိုပဲ၊ မာတဲ့ဟာ **'ငါ'**၊ **'ငါ့ကိုယ်'** မလုပ်နဲ့၊ **'ငါ့ဥစ္စာ'** မလုပ်နဲ့၊ **'မာတာ ပထဝီ ဖြစ်ပြန်ပြီ ဖြစ်ပြန်ပြီ'**၊ ဖြစ်ဖြစ်နေတယ်လို့မှတ်၊ အခု လက်လှုပ်တာတွေ စကားပြောတာတွေ **'မာတာ ပထဝီ'** ပါတာပဲ။ ဒါကြောင့် **'ခတ်တစ်လုံး ကိုယ်မှာကျေလျှင်'**၊ မာတာလေး ကျေသွားရင်ကိုပဲ **'ငါ'** မဟုတ်တော့ဘူး၊ **'ငါ့ဥစ္စာ'**၊ **'ငါ့ကိုယ်'** မဟုတ်တော့ဘူး၊ **'ငါ'** မဟုတ်တော့ဘူး၊ **'ငါ'** မဟုတ်တာသည် ပင်လျှင် အတ္တက **'အနတ္တ'** ဖြစ်သွားတယ်၊ **'နိဗ္ဗာန်'** ရောက်သွားတယ်၊ အတ္တက **'အနတ္တ'** ဖြစ်သွားတယ်၊ **'ငါ'** မဟုတ်ဘူးဆိုတော့ **'မာန'** မရှိတော့ဘူး၊ **'ငါ့ဥစ္စာ'** မဟုတ်တော့ဘူးဆိုတော့ **'တဏှာ'** မရှိတော့ဘူး၊ **'ငါ့ကိုယ်'** မဟုတ်ဘူးဆိုတော့ **'ဒိဋ္ဌိ'** မရှိတော့ဘူး၊ အဲသလိုသွားတယ်။

## သန္တတိဖြစ်သွားရင် ပညတ်ဖြစ်သွားပြီ

အဲဒီ **'ပထဝီကြီး'** က နှိပ်စက်နေတယ်၊ တော်ကြာ ထမင်းဆာပြန်ပြီ၊ တော်ကြာ ရေချိုး ရပြန်ပြီ၊ အဲဒီ **'မာတာကြီး'** ကိုပဲ မသေအောင်မုန့်တွေစားရ ထမင်းတွေစားရ လူမှုရေးတွေ လုပ်ရ၊ **'မာတာကြီး'** ဂရုစိုက်ရ၊ ဆန်ရောင်းရ၊ အဲဒါ **'မာတာကြီး'** ရှိလို့၊ **'မာတာကြီး'** ကို ငါမဟုတ်ဘူးဆိုတော့ နိဗ္ဗာန်ရောက်သွားရော၊ **'မာတာကြီး'**လည်း မရှိတော့ဘူး၊ **'မာတာကြီး'** ကဖြစ်တာ၊ **'အစဉ်'** ခေါ်တယ် **'ဖြစ်စဉ်'**၊ အဲဒါကို **'ပဝတ္တ သန္တတိ'** လို့ခေါ်တယ်၊ **'မာတာကြီး'** က စဉ်နေတယ်၊ ခေါင်းတွေ လက်တွေ ဆံပင်တွေက **'စဉ်'** နေတယ်၊ ခြေထောက်တွေကလည်း **'စဉ်'** တယ်၊ အဲဒီ လှုပ်တာတွေက **'စဉ်'** နေတယ်၊ နေရာမရွေ့ဘူး အဲလိုမှတ်ထား၊ ခေါင်းကြီး မလှုပ်နဲ့ မမော့နဲ့၊ အဲဒီ **'ပထဝီ'** ဟာ လှုပ်လိုက်လို့ရှိရင် **'စဉ်'** သွားပြီ။

**'သန္တတိ'** ဖြစ်သွားရင် ပညတ် ဖြစ်သွားပြီ၊ **'ပညတ်'** မဖြစ်အောင် သာသာလေးလှုပ်၊ **'ဖြစ်စဉ်'**၊ အဲဒါ **'ပဝတ္တ သန္တတိ'**၊ **'အစဉ်'**က ပုဂ္ဂိုလ်ဖြစ်သွားတယ်၊ **'ဖြစ်တာ'**က ခန္ဓာ၊ **'ခန္ဓသန္တာနော ပုဂ္ဂလော'** အဲလို အဘိဓမ္မာက အလွန်ကောင်းတဲ့ဟာ၊ **'ခန္ဓာ'** ကဖြစ်နေတယ်၊ ဖြစ်နေတယ်၊ အခု လက်လှုပ်တဲ့ဟာ 'ဖြစ်နေတယ် ဖြစ်နေတယ်'ဆို၊ မဆိုရင်လည်း သတိက မေ့သွားတတ်တယ်၊ ထိုင်နေတယ် လှုပ်နေတယ် လှုပ်နေတယ်၊ အဲဒါဖြစ်တာ လှုပ်လိုက်ရင်ကိုပဲ ပျက်ပြီး နေရာမရွေ့ဘဲ ပျက်တယ်၊ အဲဒီ**'ပထဝီ'** မာတာကြီးက **'ဥပစယ'** နဲ့ပျက်တယ်၊ **'သန္တတိ'**နဲ့ ပျက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**'ဥပစယ သန္တတိ ဇရတာ အနိစ္စတာ'**၊ **'ဥပစယ** - စဖြစ်ခြင်း၊ **သန္တတိ** - အစဉ်ဖြစ်ခြင်း၊ **ဇရတာ** - ယိုင်လဲခြင်း၊ **အနိစ္စတာ** - မမြဲခြင်း**'၊** အဲဒါ **'လက္ခဏာရုပ်'** ခေါ်တယ်၊ လှုပ်ရှား တာတွေက **'ဝိကာရရုပ်'** ခေါ်တယ်၊ စကားပြောတာ သွားလာတာတွေကို **'လူတွေ'**လို့ မမှတ်နဲ့၊ **'လူတွေ'** လို့မှတ်ရင် **'အတ္တ'** ဖြစ်သွားတယ်၊ **'ပုဂ္ဂိုလ်'** ဖြစ်သွားတယ်၊ **'အစဉ်'** ဖြစ်သွားတယ်။ **'ခန္ဓသန္တာနေ-** ခန္ဓာ အစဉ်**'၊** **'ပဝတ္တသန္တတိ-**ဖြစ်စဉ်'၊ **'ဖြစ်တာ'**က ခန္ဓာ၊ **'အစဉ်'**က ပုဂ္ဂိုလ်၊ လက်တွေ မ လိုက်တာလေးနဲ့တင် **'အစဉ်တွေ'** လက်ကြီးကိုင် 'မ'သွား၊ အဲဒါ **'ပုဂ္ဂိုလ်'** ဖြစ်သွားတယ်၊ မိန်းမတွေ အပ်တွေချုပ်လိုက်တယ်၊ ပန်းတွေထိုးလိုက်တယ်၊ သနပ်ခါးတွေ လိမ်းလိုက်တယ်၊ **'အစဉ်'** ဖြစ်သွားတော့ **'ပုဂ္ဂိုလ်'** ဖြစ်သွားတယ်။

**ဥပါဒ် ဌီ ဘင် စ စဉ် အိုသေ**

အဲဒါကို **'စ စဉ် အို သေ'**၊ **'စတာက- ဥပစယ၊ စဉ်တာက- သန္တတိ၊ အိုတာက- ဇရတာ၊ သေတာက- အနိစ္စတာ'**၊ **'ရုပ်'**က အဲလို သွားနေတယ်၊ ဘယ်သွားလဲဆို သချိုင်း သေဖို့ **'ပဝတ္တိ မရဏ'** ခေါ်တယ်၊ အခုကတော့ **'ခဏ မရဏ'** ခေါ်တယ်၊ နတ်တွေကတော့ **'စုတိမရဏ'**၊ အဲဒီ **'မရဏ'** ဆီသွားတယ်၊ ဟိုဘက်မကူးရင် **'ဉာဏ်'** နဲ့မကူးမှ **'ပဋိသန္ဓေ'** မရှိတော့ဘူး၊ ပုဂ္ဂိုလ်သတ္တဝါ မရောက်လို့ရှိရင်ကိုပဲ **'ပဋိသန္ဓေ'** မနေတော့ဘူး၊ ပုဂ္ဂိုလ်သတ္တဝါက **'ပညတ်'** ဖြစ်သွားတယ်၊ ပုဂ္ဂိုလ်ဖြစ်ရင် **'ပဋိသန္ဓေ'** ကူးတယ်၊ ခန္ဓာတင်ပဲဆိုရင် **'ပဋိသန္ဓေ'** မကူးဘူး၊ ခန္ဓာကဖြစ်ခြင်း၊ ပျက်ခြင်းပဲရှိတယ်၊ **'စ စဉ် အို သေ ဥပါဒ် ဌီ ဘင်'** ပဲရှိတယ်။

**'နာမ်ခန္ဓာက ဥပါဒ် ဌီ ဘင်၊ ရုပ်ခန္ဓာက စ စဉ် အို သေ'**၊ အဲဒီ **'ဥပါဒ် ဌီ ဘင် စ စဉ် အို သေတွေ'** နဲ့ သွားနေကြတယ်၊ အဲလိုသာ အိမ်ရောက်ရင် လည်းစွဲမြဲတယ်၊ ပုဂ္ဂိုလ်သာ မရှိနဲ့ **'ပဋိသန္ဓေ'** မနေဘူး၊ အဲဒါ **'ရဟန္တာ'** ဖြစ်တာ။ **'ပဝတ္တ သန္တတိ'**၊ **'ပဝတ္တ သန္တတိ-** ဖြစ်စဉ်သည်၊ **ယနော** - အခဲမည်၏**'**၊ အဲဒါ **'သက္ကာယ'** ဖြစ်သွားတယ်၊ **'သက္ကာယ'** ဖြစ်ရင် ကိလေသာဖြစ်သွားတယ်၊ **'သက္ကာယ'** မဖြစ်ရင် ကိလေသာ မဖြစ်ဘူး၊ မိန်းမသက္ကာယ ယောကျ်ား သက္ကာယ ကိုယ်သက္ကာယ ပါးသက္ကာယ နှာခေါင်းသက္ကာယ၊ **'သက္ကာယ'** ဖြစ်ရင် ဘာသက္ကာယမှ မကောင်းဘူး၊ **'သက္ကာယ'** ဖြစ်ရင် ကိလေသာဖြစ်တယ်၊ **'သက္ကာယ'** ကလည်း သန္တာန်ကြောင့် ဖြစ်တာ။ အဲဒါ **'ဖြစ်ပျက်၊ ဖြစ်ပျက်'** နဲ့ သာနေ၊ **'အနိစ္စ'** နဲ့သာနေ၊ **'ပုဂ္ဂိုလ်'** မရောက်စေနဲ့၊ တစ်နာရီဖြစ်ဖြစ် တစ်မိနစ်ဖြစ်ဖြစ် **'ပုဂ္ဂိုလ်'** မရောက်အောင် နေသွားမယ်ဆိုရင် **'ပဋိသန္ဓေ'** မရှိတော့ဘူး၊ ဘာပြုလို့လဲဆိုတော့ **'ပုဂ္ဂိုလ်'** မရှိလို့၊ **'အစဉ်'** မရှိလို့ ဟုတ်ကဲ့လား၊ **'အစဉ်'**

www.burmeseclassic.com

www.burmeseclassic.com



ကို ပုဂ္ဂိုလ်ခေါ်တယ်၊ **'ခန္ဓသန္တာနော ပုဂ္ဂလော'**၊ မြတ်စွာဘုရားက သုံးလုံးတည်းနဲ့ တရားပြသွားတာ၊ မြတ်စွာဘုရားက တရားဟောတာ သူ့စကားက အနှစ်ပါတယ်၊ တစ်လုံးလေး မပစ်ရဘူး၊ **'ကေဝလ ပရိပုဏ္ဏံ'** ခေါ်တယ်၊ သန့်ရှင်းစင်ကြယ်တယ်၊ သူ့စကားက သူ့တရားက **'သာဓု ခေါပနတတ္တာ ရူပတ္တေကာ ဒဿနံ ဟောတိ'** တရားနာရဖို့ မဆိုထားနဲ့ သူ့ဖူးရရင်ကိုပဲ တော်တော်ကောင်းတယ်၊ စင်ကြယ်တယ်၊ မြတ်တယ်တဲ့။ ခု **'ပုဂ္ဂိုလ်'** ပဲသိနေတယ်၊ **'ခန္ဓာ'** မသိဘဲဖြစ်နေတယ်၊ **'ခန္ဓာ'** ဆိုတာ **'ဖြစ်၊ ဖြစ်'** လို့ ဆို ဆို၊ **'ဇာတိ'** လို့ ဆို ဆို၊ **'ဒုက္ခသစ္စာ'**လို့ ဆို ဆို၊ **'ဇာတိပိဒုက္ခသစ္စာ'** လို့ပဲ ဆို ဆို၊ **'အနိစ္စ'** လို့ပဲ ဆို ဆို၊ **'ဖြစ်တာလေး'**သာကြည့်ကြည့်ဆို၊ **'အစဉ်'** မရောက်စေနဲ့၊ **'အစဉ်'**လည်းရောက်ရော **'စိတ်'** ထဲကကို **'ပုဂ္ဂိုလ်'** ရောက်သွားတယ်၊ **'ဖြစ်၊ ဖြစ်'** စိတ်ထဲက အဲလိုလေးဆို ဆိုနေ ထွက်တာ ဝင်တာလည်း ဖြစ်တာပျက်တာပဲ၊ အဲဒါ **'အစဉ်'** မရောက်နဲ့၊ **'အစဉ်'** ရောက်ရင် ပုဂ္ဂိုလ်ရောက် သွားတယ်၊ **'အစဉ်'** မရောက်ဘဲနဲ့ ချုပ်သွားတယ်ဆိုရင် **'နိရောဓသစ္စာ'** ရောက်သွားတယ်။

**ခန္ဓာနဲ့အစဉ်ကွဲဖို့လေးပဲ**

**'အစဉ်'**ရောက်သွားတော့ **'ပုဂ္ဂိုလ်'** ရောက်သွားတော့ လောဘတို့ ဒိဋ္ဌိတို့ မာနတို့ ဖြစ်သွားတယ်၊ **'သဏ္ဌာန်'** ရောက်ရင် ဘာတုံး (လောဘ ဒိဋ္ဌိ မာန ဖြစ်သွားပါတယ်ဘုရား)၊ **'ခန္ဓာ'** တင်နေရင် **'လောဘ ဒိဋ္ဌိ မောဟ'** မရောက်တော့ဘူး၊ **'မာန'** မရောက်တော့ဘူး။ **'ခန္ဓ သန္တာနော ပုဂ္ဂလော'**၊ **'ခန္ဓ သန္တာနော** - ခန္ဓာအစဉ်သည်၊ **ပုဂ္ဂလော** - ပုဂ္ဂိုလ်မည်၏'။ **'ပုဂ္ဂိုလ်'** ဖြစ်မှ စကားပြောတာ၊ **'တဏှာ မာန ဒိဋ္ဌိ'** ကြောင့် စကားပြောတာ၊ **'ခန္ဓာ'** ဖြစ်စဉ်က မပြောဘူး၊ အဲဒီလောက် မြတ်စွာဘုရားက သမာဓိကောင်းတာ၊ **'ပဝတ္တ သန္တတိ**- ဖြစ်စဉ်'၊ ဒီကျတော့ **'ဃနော'** ဖြစ်သွားတယ်။

ပဋ္ဌိစ္စသမုပ္ပါဒ်ကျ **'ခန္ဓာနဉ္စ ပဋိပါဋိ ဓာတု အာယတနာနဉ္စ၊ အဗ္ဗောစ္ဆိန္နာ၊ ပဝတ္တမာနာ၊ သံသာရောတိ၊ ပဝုစ္စတိ'**၊ **'ခန္ဓာနဉ္စ ဓာတု အာယတနာနဉ္စ -** ခန္ဓာ ဓာတ် အာယတန တို့၏၊ **အဗ္ဗောစ္ဆိန္နာ**- မပြတ်၊ **ပဝတ္တမာနာ** - ဖြစ်သော၊ **ပဋိပါဋိ** - အစဉ်ကို၊ **သံသာရောတိ**- သံသရာ ဟူ၍၊ ဖြစ်ပျက် ပြောင်းလဲအစဉ်ဟူ၍၊ **ဝုစ္စတိ**- ဆိုအပ်၏'၊ **'ခန္ဓာ အာယတနဓာတ်'** တို့ရဲ့ **'အစဉ်'** ကိုခေါ်တယ်၊ လှုပ်လိုက်ရင် **'အစဉ်'** ဖြစ်သွားတယ်၊ ကြည့်လိုက်ရင်ပဲ **'အစဉ်'** ဖြစ်သွားတယ်၊ အစက ခန္ဓာ၊ **'မျက်စိ'** ကလည်း အာယတနပါပဲ၊ **'မျက်စိ'** က စက္ခုဓာတ်ပါပဲ၊ အစကတော့ **'ခန္ဓာ'**၊ နောက်မှ **'အစဉ်'** ဖြစ်သွားတော့မှ **'ပုဂ္ဂိုလ်'** ဖြစ်သွားလို့

www.burmeseclassic.com

www.burmeseclassic.com



**'ဒိဋ္ဌိ'** နဲ့ပျော်တာ၊ **'တဏှာ'** နဲ့ပျော်တာ၊ **'ခန္ဓာ'**ကျ မပျော်ဘူး၊ ငြီးငွေ့သွားတော့ ချုပ်သွားတယ်၊ အဲလောက်လေးကို **'ခန္ဓာနဲ့အစဉ်'** ကွဲဖို့လေးပဲ။

**ခန္ဓာက ဖြစ်၊ ပုဂ္ဂိုလ်က စဉ်၊ ဖြစ်စဉ်။**

**အစဉ်မရှိရင် ပုဂ္ဂိုလ်မရှိ။**

**'ခန္ဓာ'**ဟာ ခန္ဓာပဲ၊ **'ခန္ဓာ'** ကတော့ နိရောဓသစ္စာ ရောက်သွားတယ်၊ ချုပ်သွားတယ်၊ မရှိဘူး၊ မရှိတာကလည်း **'ပုဂ္ဂိုလ်'** ဆိုတဲ့ အစွဲအလမ်းမရှိမှ နိဗ္ဗာန်၊ **'ပုဂ္ဂိုလ်'** ကို အစွဲအလမ်း ခေါ်တယ်၊ **'ပုဂ္ဂိုလ်'** ကိုဘာခေါ်တယ် (အစွဲအလမ်းခေါ်ပါတယ်ဘုရား)၊ **'ခန္ဓာနဲ့ အစဉ်'** အဲဒါ တွေက ဂရုစိုက်၊ အဲဒီ **'ခန္ဓာ'**မှာ **'ပထဝီဓာတ်'** တစ်လုံးတည်းဆိုရင် ရုပ်ခန္ဓာခေါ်တယ်။

**သံသရာမရှိချင်ပါဘူးဆိုရင် အစဉ်ဖြတ်**

သိတာကလည်း **'ပထဝီ'** သာသိနေပေ့စေ၊ ယောကျ်ား မိန်းမ လူတွေလို့ မသိနဲ့ အဲလိုစိစ် အဲလိုကောင်းတာ၊ ကမ္မဋ္ဌာန်းဘက်ကတော့ ဘာမှ မသိ၊ ထိ တည်ရုံပဲရှိနေတော့ **'အသိ'**က နည်းနေတော့ အခုလိုသိပြီး လုပ်လိုက်တော့ ပထမတန်း ကောင်းသွားတယ်၊ အဓိပ္ပါယ်က **'ဖြစ်စဉ်'** ကို **'အစဉ်'** မရှိအောင်လုပ်တာ၊ **'ဖြစ်တာ'** ကလည်းဖြစ်ပြီး ပျက်နေတယ်၊ **'သံသရာ'** ဆိုတာကလည်း ခန္ဓာ အာယတနဓာတ်တို့ရဲ့ဆိုတော့ များများသွားတယ်။

**'အဗ္ဗောစ္ဆိန္နာ-'** မပြတ်၊ **ပဝတ္တမာနာ-** ဖြစ်သော၊ **ပဋိပါဋိ-** အစဉ်ကို၊ **သံသာရောတိ-** သံသရာဟူ၍၊ **ဝုစ္စတိ-** ဆိုအပ်၏'၊ **'သံသရာ'** မရှိချင်ပါဘူးဆိုရင် **'အစဉ်'** ကိုဖြတ်လိုက်ရုံပဲ၊ **'သံသရာ'** မရှိချင်ပါဘူးဆို ဘာကိုဖြတ်ရမယ် (အစဉ်ကိုဖြတ်ရပါမယ်ဘုရား)၊ **'အစဉ်'** ဆိုတာ ဘာတုံး (ပုဂ္ဂိုလ်ပါဘုရား)၊ ယောကျ်ားပုဂ္ဂိုလ် မိန်းမပုဂ္ဂိုလ်နဲ့ လင်ရယ် မယားရယ်နဲ့ အဲလို စဉ်ကြ ဆက်ကြတော့ ဘုရားတို့ သုဒ္ဓေါဒနမင်းကြီးတို့လို နိဗ္ဗာန်မရောက်ဘဲနေတာပေါ့။ သန္တတိ အမတ်ကြီးတို့လို **'အစဉ်'** ဖြတ်လိုက်ရင် **'အစဉ်'** ပြတ်သွားလို့ **'ပုဂ္ဂိုလ်'** ပြတ်သွားရင် နိဗ္ဗာန် ရောက်သွားတာပဲ၊ စိတ်ထဲတင် စိတ်ထဲတင် ဝေးတာမဟုတ်ဘူး။

**ခန္ဓ သန္တာနော ပုဂ္ဂလော။**

**အစဉ်ကိုသာ ဖြတ်လိုက်ပါ ပုဂ္ဂိုလ်ဖြတ်တာ ဖြစ်သတည်း။**

**ပုဂ္ဂိုလ်ဖြတ်လျှင် တဏှာမဝင်။**

**'ဒိဋ္ဌိ'**လည်း မဝင်တော့ဘူး၊ **'ပုဂ္ဂိုလ်'** ဖြတ်လိုက်ရင် ဒိဋ္ဌိမရှိတော့ တဏှာရော မာနရော

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူး၊ အဲ အဲလိုလေး ဂရုစိုက်နော်၊ အဲဒါမှ ဟန်တယ်၊ သို့မို့လို့ရှိရင် ပါဠိအခြေခံမပါ ဘာမပါနဲ့လုပ်ရတာ သိပ်မဟန်ဘူး၊ ခုဆိုရင် လုပ်ချင်သလို လုပ်လို့ရတယ်။

**ကမ္မဋ္ဌာန်းခြောက်ကျောင်း**

ကမ္မဋ္ဌာန်းခြောက်ကျောင်းရှိပါသည်။

**'မျက်စိ'**ကလည်း ကမ္မဋ္ဌာန်းကျောင်း--- ဆိုစမ်း (မျက်စိကလည်း ကမ္မဋ္ဌာန်းကျောင်း)

**'နား'** ကလည်း ကမ္မဋ္ဌာန်းကျောင်း (နားကလည်း ကမ္မဋ္ဌာန်းကျောင်း)

**'နှာခေါင်း'**ကလည်း ကမ္မဋ္ဌာန်းကျောင်း (နှာခေါင်းကလည်း ကမ္မဋ္ဌာန်းကျောင်း)

**'လျှာ'**ကလည်း ကမ္မဋ္ဌာန်းကျောင်း (လျှာကလည်း ကမ္မဋ္ဌာန်းကျောင်း)

**'ကိုယ်'**ကလည်း ကမ္မဋ္ဌာန်းကျောင်း (ကိုယ်ကလည်း ကမ္မဋ္ဌာန်းကျောင်း)

**'မနော'**ကလည်း ကမ္မဋ္ဌာန်းကျောင်း (မနောကလည်း ကမ္မဋ္ဌာန်းကျောင်း)

**'မျက်စိ'**က ဖြစ်စဉ် (မျက်စိက ဖြစ်စဉ်)

**'နား'**ကလည်း ဖြစ်စဉ် (နားကလည်း ဖြစ်စဉ်)

**'နှာခေါင်း'**က ဖြစ်စဉ် (နှာခေါင်းက ဖြစ်စဉ်)

**'လျှာ'**ကလည်း ဖြစ်စဉ် (လျှာကလည်း ဖြစ်စဉ်)

**'ကိုယ်'** ကလည်း ဖြစ်စဉ် (ကိုယ်ကလည်း ဖြစ်စဉ်)

**'မနော'** ကလည်း ဖြစ်စဉ် (မနောကလည်း ဖြစ်စဉ်)

**'ဖြစ်စဉ်'**မှာ အဲဒီ တစ်ခုကနေဖြတ်၊ **'အစဉ်'** သာ မလာစေနဲ့ အဲဒီ တရားရပြီ၊ **'အစဉ်'** လာ သေးတယ်ဆိုရင် **'အစဉ်'** က စင်္ကာပူသွားလိုက်ရ၊ အမေရိကန်သွားလိုက်ရ၊ ဟာ မနေ့က အမေရိကန်သွားတဲ့တစ်ယောက်က စကားပြောနေရင်း တစ်ယောက်က အထုပ်ဆွဲသွား၊ ဟာ သိန်းပေါင်း ၄၅-၅၀ လောက်ပါသွားတယ်၊ အဲလို ဒုက္ခတွေရော သုက္ခတွေရောဖြစ်တယ်၊ အဲလိုဂရုစိုက်ရတယ်၊ တော်ကြာကျ သောကတွေရော ပရိဒေဝတွေရော အဲလိုဖြစ်တတ်တယ်။

ကဲ --- တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# " ပညတ် အာရုံ တရားတော် "

၂၉. ၁. ၂၀၀၈

**မျက်စိကမြင်တာ ရူပါရုံ မနောထဲပေါ်မှ ဓမ္မာရုံ**

မြတ်စွာဘုရားက **'ရူပေစ**- ရူပါရုံတို့ကိုလည်း၊ **ပဇာနာတိ**- သိ၏' ဆိုတော့ **'မျက်စိ'** က ပေါ်တာ **'ရူပါရုံ'**ပဲထားရတယ်၊ ဒိဗ္ဗပြင်ဟာတွေမဟုတ်ဘူး၊ **'မနော'** ထဲပေါ်မှ **'ဓမ္မာရုံ'**၊ **'ပရိသတ်ကြီး'**၊ **'ပရိသတ်ကြီး'** ဆိုတော့ မျက်စိနဲ့မြင်တာ **'မျက်စိ'**နဲ့မြင်ရင် ရူပါရုံပဲ လုပ်ရတယ်၊ ဝမ်းထဲက ပြောစရာရှိတာပြောမှ ပြောတာက **'ဓမ္မာရုံ'** ဖြစ်သွားတယ်၊ အဲဒါ ဂရုစိုက် **'အာရုံ'** ကိုသိရမယ်ဆို၊ **'အာရုံ'** ပဲသိရမယ်၊ လူတို့ ယောက်ျားတို့ မိန်းမတို့သိတာက **'ရူပါရုံ'** မဟုတ်ဘူး၊ **'ရူပါရုံ'** ဆိုတာ အဆင်း၊ **'အဆင်း'** ဆိုတာ **'အဋ္ဌကလာပ်ရုပ်'** ထဲပါတယ်၊ ဝဏ္ဏ ဂန္ဓ ရသ သြဇာ အဲဒါတင်ယူရမယ်၊ မဟုတ်ရင် တဏှာတို့ ဥပါဒါန်တို့ဖြစ်တယ်၊ ဝေဒနာ တဏှာ ဥပါဒါန်က **'မျက်စိ'** ကလည်း ဖြစ်တယ်၊ ဒါကြောင့် **'မျက်စိ'** ကမြင်တာ ရူပါရုံပဲဖြစ်ရမယ်လို့ **'ရူပါရုံ'** တင်ထားတော့ ဥပါဒါန်မရှိတော့ဘူး၊ **'ဥပါဒါန်'** မရှိတော့ ကံမရှိတော့ဘူး၊ **'ရူပါရုံ'**ကို သိလိုက်တာနဲ့ပဲ၊ မြတ်စွာ ဘုရား တရားက ပထမတန်း ဖြစ်သွားတယ်။

**မနောကမှ ပိယရူပံ သာတရူပံ**

**'မျက်စိ'** နဲ့မြင်တာ **'ရူပါရုံ'။** ပရိသတ်ကြီးဆိုတော့ တရားပွဲကြီး ဘာကြီးတို့ အဲဒါ **'ဓမ္မာရုံ'** ဖြစ်သွားတယ်၊ **'မနော'** ရောက်သွားတယ်၊ အဲလို စကားပြောလို့ဖြစ်တာက **'ဓမ္မာရုံ'** ဖြစ်သွားတယ်။ **'မျက်စိမြင်တုံ ရူပါရုံ'**၊ **'ရူပါရုံ'**လို့ပဲသိမှ၊ **'ရူပါရုံ'**ဆိုတာ ဝဏ္ဏ အဆင်း၊ **'အဆင်း'** ဆိုတာ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ သြဇာ၊ အဲဒီ **'အဋ္ဌကလာပ် ရုပ်'** ရှစ်ပါးကိုမမေ့နဲ့။ အဲဒါမေ့သွားရင် **'ရူပါရုံ'**မှန်း မသိတော့ဘူး၊ **'ရူပါရုံ'**မှန်းမသိတော့ရင် **'ဓမ္မာနုပဿနာ'** မသိတော့ဘူး။ **'ဓမ္မာနုပဿနာ'**မသိတော့ရင် **'စက္ခု လောကေ ပိယရူပံ သာတရူပံ'** မသိတော့ဘူး၊ **'စက္ခုဝိညာဏ်'**က ရူပါရုံမြင်တော့၊ **'စက္ခုလောကေ ပိယရူပံ သာတရူပံ'**မဖြစ်ဘူး၊ အဲ ပရိတ် သတ်ကြီးများတယ်ဆိုတော့ သဘောကျ၊ အဲဒါတွေက **'ပိယရူပံ သာတရူပံ'** ဖြစ်သွားတယ်၊ **'မနော'** ကမှ **'ပိယရူပံ သာတရူပံ'** အဲလိုခွဲ၊ အဲဒါလေး တစ်ခုပဲ လိုတာ၊ **'ရူပေစ** - ရူပါရုံတို့ကိုလည်း၊ **ပဇာနာတိ** - သိ၏**'**။

**ဓမ္မာနုပဿနာဉာဏ်ဆိုတာ သူ့ဟာတဲ့အတိုင်းလေး သိရုံပဲ**

**'ရူပါရုံ'** အဆင်းကိုပဲသိရမယ်၊ ပရိတ်သတ်ကြီးတို့ ဘယ်သူတွေလာတယ်၊ ဘယ်သူတွေ မလာဘူးလို့ အဲလိုမလုပ်ရဘူး၊ အဲလို မလုပ်တော့ မငြိမ်းဘူးလား၊ **'ရူပါရုံ'**လို့ သိတာနဲ့ကို

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းနေတယ်၊ သို့မဟုတ်လို့ရှိရင် ဟိုဟာပြောရ ဒီဟာပြောရ၊ အဲလို အဲဒါ **'ရူပေစ ပဇာနာတိ'** ရဲ့အကျိုး၊ မြတ်စွာဘုရားရဲ့တရားက တစ်လုံးတည်းနဲ့ကို အရာရောက်တယ်၊ **'မျက်စိ'**နဲ့ မြင်တာ ကလည်း သူတကာမဟုတ်ဘူး၊ **'စက္ခု'**ကိုခေါ်တာ။ **'စက္ခု'**ဆိုတာကတော့ **'အဋ္ဌကလာပ်'**ထဲကို **'ဇီဝိတနဲ့ပသာဒ'**ထည့်လိုက်ရင် **'စက္ခုဒသက ကလာပ်'** ဖြစ်သွားတယ်၊ အဲဒီ **'စက္ခု'** ဖြစ်သွားရင် ရုပ်ရူပါရုံက စက္ခုထဲ ရောက်သွားရင် **'အာရုံ'**က **'ဒွါရ'**ထဲရောက်သွားလို့ တိုက်ဆိုင်သွားရင် **'ဝိညာဏ်'** ဖြစ်သွားတယ်၊ **'စက္ခုဝိညာဏ်'**ဆိုတာ မြင်တာဖြစ်သွားတယ်၊ အဲလို **'ဉာဏ်---ဉာဏ်'**၊ အဲဒါ **'ဓမ္မာနုပဿနာဉာဏ်'**၊ **'ဓမ္မာနုပဿနာ ဉာဏ်'** ဆိုတာ သူပြောတဲ့အတိုင်းလေးသိရုံပဲ၊ သိဖို့ကလည်း ဒီလို ကြားဖူးနေရင် ဘာမှ မခဲယဉ်းဘူး။

**'ကုဗ္ဗဝိ-** ဤလောက၌လည်းကောင်း၊ လူ့လောက၌လည်းကောင်း၊ **ဟုရံဝိ-** တမလွန် လောက၌လည်းကောင်း'၊ တမလွန်လောက၌ ဖြစ်ရင်လည်း၊ **'အနုပါဒိယာမာနော**-မစွဲလမ်းမူ၍'၊ အဲဒီလူတွေ နတ်တွေ ခွေးတွေ ဝက်တွေဆိုတာလည်း **'ရူပါရုံ'**ခေါ်တာပဲ၊ အဲဒီ **'ရူပါရုံတွေ'**ကို ကောင်းတယ်ဆိုပြီး တောင့်တနေတယ်၊ အဲဒီလိုဟာမျိုး၊ မတောင့်တရင် **'တဏှာ'** မရှိဘူး၊ **'မသိ'**လို့ တောင့်တတာ၊ **'မသိ'**တော့ လိုချင်ဆိုသလိုပေါ့၊ အဲလိုမျိုး **'မသိ'**တော့ တောင့်တတယ်။

### မြင်စရာက ရူပါရုံ၊ ခေါ်စရာက ဓမ္မာရုံ

**'ဓမ္မာနုပဿနာ'** ကလွဲပြီးတော့ ကျန်တာနဲ့ စဉ်းစားရင်များတယ် ခက်တယ်၊ **'ဓမ္မာ နုပဿနာ'** နဲ့ စဉ်းစားရင်လွယ်တယ်၊ အဲလိုမှတ်ထား။ **'ဓမ္မာနုပဿနာနဲ့သာ စဉ်းစားပါ တရားဟာလွယ်သတည်း'**၊ **'ဓမ္မာနုပဿနာ'** နဲ့သာ စဉ်းစားလိုက် ဘာမှမခက်ဘူး၊ **'ဓမ္မာ နုပဿနာ'** က အဲဒါတွေ ကို ခြုံပြီးခေါ်တာ၊ **'ဓမ္မာ နုပဿနာ'**က **'မနော'**ရောက်သွားတယ်၊ **'မနော ဓမ္မာရုံ'** ပေါ့၊ စားစရာတွေ ခွက်တွေ မြင်တဲ့ဟာတွေ **'မြင်တဲ့ဟာတွေ'**က **'အဆင်း'** ခေါ်တယ်၊ **'ခေါ်စရာတွေ'**က **'ပညတ်'** ဆိုတော့ **'မနော'** ရောက်သွားတယ်၊ **'မြင်စရာ'** နဲ့ **'ခေါ်စရာ'** အဲလို ခွဲရတယ် ကွဲရတယ်။

**မြင်စရာက ရူပါရုံ၊ ခေါ်စရာက ဓမ္မာရုံ၊ မြင်စရာနဲ့ ခေါ်စရာ နှစ်ဖြာကွဲသတည်း။**

အဲလိုများ ခွဲဖူးလား၊ မခွဲဖူးဘူး၊ **'ဓမ္မာနုပဿနာ'**က အလွယ်လေးပဲ၊ ကဲ **'ခေါ်စရာ'** မှန်းသိလိုက်တော့ ခေါ်လိုက်တော့ **'သံယောဇဉ်'** ရှိသေးလား (မရှိပါဘူးဘုရား)၊ **'သံယောဇဉ် ကိုလည်း သိရမယ်'** ဆိုတာ အဲဒါပြောတာ၊ တမလွန်လောကဆိုတာလည်း **'ခေါ်စရာ'**ပဲ၊ မျက်စိနဲ့ အခုမမြင်ရပဲ အနာဂတ်ကို တွေးမျှော်ပြီးခေါ်နေတာ၊ ဘယ်လိုလှတယ်၊ ဘယ်လို ဆင်းရဲတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ခေါ်တယ်ဆိုတာ တွေးလို့ဖြစ်တာ **'တွေးခေါ် မျှော်မြင်'** ဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)၊ **'ဓမ္မာရုံ'** ဆို ဘာစိတ်တုံး (မနောပါဘုရား)၊ **'မနော နဲ့ ဓမ္မာရုံ၊ 'ဓမ္မေစ**- ဓမ္မာရုံတို့ကိုလည်း၊ **ပဇာနာတိ-** သိ၏' ဆိုတော့ **'ဓမ္မာရုံ'** သိလိုက်တာ ပြီးသွားတာပဲ၊ **'သံယောဇဉ်'** မရှိတော့ဘူး၊ သို့မဟုတ်ရင် အောင်မလေး ဘာဖြစ်မှကောင်းမှာ၊ ငါလူ့အောက် ရောက်လို့ မကောင်းဘူး ငရဲကျလိမ့်မယ်၊ အဲဒါခေါ်တာ စိတ်ကူးတွေဖြစ်ကုန်ရော၊ စိတ်ကူးတွေ ဖြစ်တော့ **'ဥပါဒါန်တွေ'** ဖြစ်ကုန်ရော။

**မစွဲလမ်းတဲ့ပုဂ္ဂိုလ်ဆိုရင် သာမညဿဘာဂီ**

**'အနုပါဒိယာမာနော**- မစွဲလမ်းမူ၍'၊ **'က္လစံဝါ**- ဤလောက၌လည်းကောင်း၊ **ဟုရံဝါ**- တမလွန်လောက၌လည်းကောင်း၊ **အနုပါဒိယာမာနော-** မစွဲလမ်းမူ၍'။ ကဲ အဲဒီ **'မစွဲလမ်း'**တဲ့ ပုဂ္ဂိုလ်ဆိုရင် **'သာမညဿဘာဂီ'** ဘုရားရဟန္တာဖြစ်ခြင်း အလို့ငှာ အဖို့ရှိတယ်တဲ့၊ တရားရဖို့၊ အခု ပစ္စုပ္ပန်မှာလည်း **'စွဲလမ်း'** နေတယ်၊ အနာဂတ်မှာလည်း **'စွဲလမ်း'** နေတယ်ဆိုတော့ သူ**'သာမည'** ဖြစ်ဖို့ တရားရဖို့အဖို့မရှိဘူး၊ **'သာမည'**ဆိုတာ ဘုရား ရဟန္တာခေါ်တယ်၊ **'အာသဝေါ'** ကုန်တာကို ခေါ်တယ်၊ **'သမနဿ ဘာဝေါ သာမညံ'** လို့ ဒီလို ဝိဂြိုဟ် ပြုရတယ်၊ ဒါကြောင့် ရဟန်းရဲ့အဖြစ်ဆိုရင် **'အရဟတ္တဖိုလ်ပုဂ္ဂိုလ်'** ကိုခေါ်တယ်။

**'အရဟတ္တဖိုလ်ပုဂ္ဂိုလ်'** ဆိုတော့ ပထမတန်း၊ **'မစွဲလမ်းဘူး'**ဆိုတော့ **'အရဟတ္တဖိုလ်'** မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)၊ ဘာလို့ဖြစ်သလဲ (မစွဲလမ်းလို့ပါဘုရား)၊ ဒီလောကရော ဟိုလောကရော မစွဲတာ **'မစွဲလမ်း'** နဲ့၊ **'သာမညဿ ဘာဂီ'**တဲ့၊ တစ်ခါတည်း တရားရခြင်းအဖို့ ဖြစ်သွားတယ်၊ ကဲ **'စွဲလမ်းတာ'**က ဘာဖြစ်လို့တုံး ဆိုတော့ **'အာရုံ'** ကိုမသိလို့။

**စက္ခုဉ္စ ပဇာနာတိ၊ ရူပေစ ပဇာနာတိ၊ မနဉ္စ ပဇာနာတိ**

**'မျက်စိ'**နဲ့ မြင်တာက ဘာအာရုံတုံး (ရူပါရုံဘုရား)၊ **'ရူပါရုံ'** ဆိုတာဘာတုံး (အဆင်းပါဘုရား)၊ **'ဝဏ္ဏ'** ယူရတယ်၊ **'ဝဏ္ဏ'**ဆိုတာ ဝဏ္ဏ ဂန္ဓ ရသထဲကဟာ၊ **'မျက်စိ'** ကမြင်တာ ရူပါရုံ၊ **'အဆင်း'**ကိုမြင်တာ၊ **'လူတွေ'** မြင်တာမဟုတ်ဘူး၊ **'လူတွေ'**ဆိုရင် **'မနော'** ရောက်သွားပြီ၊ အဲလိုကွဲမှ **'စက္ခုဉ္စ ပဇာနာတိ'** နဲ့လည်းကိုက်တယ်၊ **'ရူပေစ ပဇာနာတိ'** နဲ့လည်းကိုက်တယ်၊ **'မနဉ္စ'**နဲ့လည်း ကိုက်တယ်၊ မကိုက်ဘဲနဲ့ တစ်ခါတည်းယူထားလို့ မဖြစ်ဘူး၊ အဲဒါဘယ်သူ့ ဘယ်သူလိုသတုံး၊ ကိုယ်လိုလို့ တရားမရတာ၊ ကဲ **'မျက်စိ'** နဲ့ မြင်တာက ရူပါရုံ၊ **'ပရိသတ်ကြီး'** ဆိုတာက ဓမ္မာရုံ၊ ဒီလို ကွဲသွားတယ်၊ ချောတယ် လှတယ်ဆိုတာ ဘာအာရုံတုံး (ဓမ္မာရုံပါ ဘုရား)၊ တကယ်ကတော့ ဘာတုံး (ရူပါရုံပါဘုရား)၊ အဲဒီလိုကွဲထားတာ ဒါ ပထမတန်း

www.burmeseclassic.com

www.burmeseclassic.com



စာသင်တာပဲ၊ အဲဒါ **'ပရိယတ်'** ခေါ်တယ်၊ အဲဒီအတိုင်းနေရင် **'ပဋိပတ်'** ဖြစ်တယ်၊ တော်ကြာကျ **'ကတဉာဏ်'** ဆိုတာ **'ပဋိပတ်'** ပြီးသွားတယ်၊ **'ပဋိဝေဓ'** ရောက်သွားတယ်၊ အဲဒါမှငြိမ်းတာ။

**'သစ်ပင်ကြီး'** ဆိုတာ ဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)၊ **'မိန်းမတွေ'** ဆိုတာ ဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)၊ **'အဆင်း'** က ဘာအာရုံတုံး (ရူပါရုံပါဘုရား)၊ အဲလို **'ရူပေစ ပဇာနာတိ'** နဲ့ **'မနဥ္စ ပဇာနာတိ '** အဲလိုကွဲလိုက်တော့ အရင်တုန်းက မကွဲတော့ 'သံယောဇဉ်တွေ'၊ **'ဥပါဒါန်တွေ'** ဖြစ်တယ်၊ အခုကွဲလိုက်တော့ ဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)၊ အဲလို နှစ်ခုနှစ်ခု ကွဲရတယ်၊ ဒါကြောင့် **'စက္ခုဥ္စ ပဇာနာတိ'** လို့ခေါ်တယ်၊ **'ရူပေစ ပဇာနာတိ'** လို့ခေါ်တယ်၊ ကျောင်းဆရာဆိုတာ ဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)၊ ကျောင်းဆရာလုပ်တယ်ဆိုတာ ဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)၊ လုံချည်စိမ်းက ဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)၊ အစိမ်း ကမှ ဘာအာရုံတုံး (ရူပါရုံပါဘုရား)။

အေး - အဲလိုကွဲရင် အောင်မာ တော်တော်သဘောကျစရာကောင်းတာ၊ အဲလိုကွဲရင် ဘယ်တော့မှ **'သံယောဇဉ်တွေ'** ရော၊ **'ဥပါဒါန်တွေ'**ရော မရှိတော့ဘူး၊ **'မျက်စိနဲ့ မြင်တုံ ရူပါရုံ'** အဲဒါလေးကိုင်ထား၊ **'မျက်စိ'** နဲ့ မြင်တာကလွဲရင် ဓမ္မာရုံဖြစ်သွားတယ်၊ **'ဓမ္မာရုံလေး'** ဆိုတော့ စွဲလမ်းစရာရှိသေးလား (မရှိပါဘူးဘုရား)၊ **'လုံချည်စိမ်းလေး'** ဆိုတော့ မစွဲလမ်းဘူးလား (စွဲလမ်း ပါတယ်ဘုရား)၊ **'မနော'** က ဓမ္မာရုံကိုသိတာဆိုတော့ စွဲလမ်းသေးလား (မစွဲလမ်းပါဘူးဘုရား)၊ **'မနော'** က မစွဲလမ်းတော့ **'ဘဝ'** ဖြစ်ဖို့လိုသေးလား (မလိုပါဘူးဘုရား)။ အခုပစ္စုပ္ပန်လည်း **'ကံ'** ဖြစ်ဖို့လိုသေးလား (မလိုပါဘူးဘုရား)၊ **'ဥပါဒါန ပစ္စယာ'** ဆိုစမ်း (ဥပါဒါနပစ္စယာ)၊ ဘာတုံး (ဘဝေါပါဘုရား)၊ **'ကမ္မဘဝေါ'** ခေါ်တယ်၊ အဲလို **'အာရုံ'** ကို မသိတော့ ကာယကံ ဝစီကံ မနောကံတွေဖြစ်တယ်။

**'အာရုံမသိ ဝေမတိကြောင့်၊ မသိခြင်းရာ ရှင်းရှင်းကွာအောင်၊ စောဒနာပုဒ် ဆောင်ကာ ထုတ်အံ့'၊** အဲ **'ပန'** ကို အနက်ပေးတဲ့ဟာ ခေါ်တယ်၊ **'အာဘော်မမိ ဝေမတိကြောင့်'** မြတ်စွာ ဘုရားရဲ့ **'အာဘော်'** ကိုသာမိလိုက်၊ **'ဝေမတိ'** ဆိုတာ ဝိစိကိစ္ဆာကိုခေါ်တာ၊ **'ဝေမတိ'**ဆိုတာ ဘာခေါ်တုံး (ဝိစိကိစ္ဆာကိုခေါ်တာပါ ဘုရား)၊ **'မတိ'** ဆိုတာက ပညာ၊ **'ဝေ'** ဆိုတာက ဝေနေတာ၊ ထူးထူးခြားခြားတွေ စိတ်ထူးထူးခြားခြားတွေဖြစ်နေတာ၊ မိန်းမကြီး ဟုတ်လေသလား၊ ယောကျ်ားကြီး ဟုတ်လေသလား၊ **'ရာဂ'** ကတော့ မဖြစ်ချင်ဘူး၊ ဒါပေမယ့် မိန်းမဟုတ်တယ် ထင်ပါရဲ့၊ ယောကျ်ားဟုတ်တယ် ထင်ပါရဲ့ ဆိုတော့ **'ရာဂတွေ'** တစ်ခါတည်း ဖြစ်ကုန်ရော၊ အဲဒါ **'ဝေမတိ**- ဝိစိကိစ္ဆာ**'** ကိုခေါ်တယ်၊ **'မျက်စိ'** နဲ့ မြင်တာ **'ရူပါရုံ'** ပဲ၊ ယောကျ်ားလည်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ မိန်းမလည်း မဟုတ်ဘူးဆိုတော့ ကဲ **'ဝေမတိ'** ရှိသေးလား (မရှိပါဘူးဘုရား)။ အဲဒီလိုဟာ ကိုယ့်ဘာသာမေး ကိုယ့်ဘာသာ ဖြေရမှာ၊ မြတ်စွာဘုရားကလည်း ခွင့်ပြုထားတာ **'သန္နိဋ္ဌိကော'**၊ **'ဧဟိပဿိကော'** ဆိုတာ ကိုယ်တွေ့ပဲ ဖြစ်ရမှာ။

**ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာက မုန့်လုံးရေပေါ်နဲ့ ထန်းလျက်လိုပဲ**

**'မသိခြင်းရာ ရှင်းရှင်းကွာအောင် စောဒနာပုဒ် ဆောင်ကာထုတ်အံ့၊ မသိခြင်းရာ ရှင်းရှင်းကွာအောင် ပန မေးပါဦးအံ့'**။ အဲဒါကျမ်းဂန်နဲ့ စကားပြောတာ မသိရင်မေးရတယ်၊ အဲဒါမှ **'ဝိစိကိစ္ဆာ'** မရှိတော့ဘူး၊ **'ဝိစိကိစ္ဆာ'** မရှိရင် ဒိဋ္ဌိလည်းမရှိတော့ဘူး၊ **'ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ'** က မုန့်လုံးရေပေါ်နဲ့ ထန်းလျက်လိုပဲ၊ **'ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ'** က ဘာနဲ့တူတုံး (မုန့်လုံးရေပေါ်နဲ့ ထန်းလျက်လိုပါပဲဘုရား)၊ **'ဝေမတိ'** မရှိရင် ဒိဋ္ဌိလည်း မရှိတော့ဘူး၊ **'ဒိဋ္ဌိ'** မရှိရင် ဝိစိကိစ္ဆာ လည်းမရှိတော့ဘူး၊ အဲလိုမှတ် ဟုတ်ကဲ့လား။

**မြစ်ရေစီးသလို ရှေ့မှာ နောက်မှာ**

**'ခေါင်းကြီး'** က ဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)၊ **'မြင်ရတဲ့ဟာ'**က ဘာအာရုံတုံး (ရူပါရုံပါဘုရား)၊ **'မာတဲ့ဟာ'**က ဘာအာရုံတုံး (ပထဝီပါဘုရား)၊ အေး ပထဝီပေါ့၊ **'နဖူးကြီး'** ကိုင်ကြည့် မမာဘူးလား (မာပါတယ်ဘုရား)၊ **'မာတာ'** က ဘာအာရုံတုံး (ပထဝီပါဘုရား)၊ အဲဒီ **'ပထဝီ'**က လည်း တစ်သက်မှတစ်ခါတည်း မာတာမဟုတ်ဘူး။ **'မြစ်ရေကြီးစီးသလို၊ ရှေ့မှာ နောက်မှာ၊ ရှေ့ပျော့ နောက်ပျော့၊ ရှေ့စိတ် နောက်စိတ်'**၊ အဲလိုမြင်မှ အနန္တရ၊ သမနန္တရလည်းရောက်တယ်၊ ပြီးတော့ သဟဇာတ၊ အညမည လည်းရောက်တယ်၊ အာရမ္မဏလည်း ရောက်တယ်၊ အဲဒီဟာကို အာရုံပြုတယ်၊ **'ရှေ့မှာ နောက်မှာ'** ကို အာရုံပြုတော့ ကဲ **'လူ'** ရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ **'အနိစ္စဆိုတာ ရှေ့မှာက ရှေ့စက္ကန့်'** ဆိုစမ်း (အနိစ္စဆိုတာ ရှေ့မှာက ရှေ့စက္ကန့်)၊ အတိတ်ခေါ်တယ်၊ **'ရှေ့မှာ'** ကဘာတုံး (အတိတ်ပါဘုရား)၊ **'နောက်မှာ'** ကဘာတုံး (ပစ္စုပ္ပန်ပါဘုရား)။ **'အနန္တရနိရုဒ္ဓါ-** အခြားမဲ့ချုပ်ကုန်ပြီးကုန်သော၊ **စိတ္တစေတသိကာ-** စိတ် စေတသိက်တို့သည်၊ **ပစ္စုပ္ပန္နာနံ**- ဖြစ်ဆဲဖြစ်ကုန်သော၊ **စိတ္တ စေတသိကာနံ-** စိတ် စေတသိက်တို့အား၊ **အနန္တရပစ္စယေန**- အနန္တရပစ္စည်းဖြင့်၊ **ပစ္စယော**- ကျေးဇူးပြုသည်၊ **ဟောတိ** - ဖြစ်၏**'**။ အနန္တရရယ် နတ္ထိလည်း ဒီလိုပဲ၊ ရှေ့မှာတာဆို နောက်မာတာ ဖြစ်သွားတယ်၊ **'ရှေ့မာတာသာ မရှိပါ နောက်မာဖြစ်သတည်း၊ ရှေ့ရေသာ မဖြစ်ပါ နောက်ရေ ဖြစ်သတည်း'**၊ ရေစီးတဲ့ အခါလိုမျိုး။ မီးတောက်လည်းဒီလိုပဲ၊ ထိုင်နေလည်း ရှေ့မှာ နောက်မှာ၊ ရှေ့ပျော့ နောက်ပျော့၊

www.burmeseclassic.com

www.burmeseclassic.com



ကဲ မိန်းမကြီးရှိသေးလား (မရှိပါဘူးဘုရား)၊ **'ရှေ့ပျော့ နောက်ပျော့'** ဆိုတော့ **'ပရမတ်'** မရောက်ဘူးလား(ရောက်ပါတယ်ဘုရား)၊ အဲဒီမှာ**'အတုံးအခဲ'** မရှိဘူးနော်၊ **'ရှေ့မာ နောက်မာ'** ဆိုတာ မှုန်မှုန်မွှားမွှား ဒီနေရာကနေ ဟိုနေရာ ထိပါသွားတာမျိုးမဟုတ်ဘူးနော်၊ **'အနုတ္တုလုံ သုဘာသုဘံ'** ဆိုတာ အနုမြူ ရှေ့အနုမြူက နောက်ကျမှပျက်တာ မဟုတ်ဘူး၊ အရင်ပျက် ပျက်သွားတယ် ဟုတ်ကဲ့လား၊ အဲဒါ **'ဘင်ဉာဏ်'** လို့ဆိုတယ်၊ အဲဒါမြစ်ရေကြီး စီးသလို၊ သဲကမ်းပါး ပြိုကျသလို၊ ပြုန်းပြုန်း ပြုန်းပြုန်းနဲ့ ခန္ဓာကိုယ်ကြီးက အဲလိုဟာကြီး လို့မှတ်ထား။

အဲဒါ တည်တည်တံ့တံ့ကြီးဖြစ်နေရတော့ ယောက်ျားကြီး မိန်းမကြီးဖြစ်တယ်၊ ဒီလို မြစ်ရေကြီးလို အရင်စီးတာကို မိန်းမကြီးလို့ ခေါ်လို့ရသလား (မရပါဘူးဘုရား)၊ နောက် စီးတဲ့ မြစ်ရေကို မိန်းမကြီးလို့ခေါ်လို့ရသလား (မရပါဘူးဘုရား)၊ အဲဒီလို ဉာဏ်ထဲမှာ **'ပရမတ်ကြီး'** က တည်တံ့နေ၊ အဲလို မမြဲတာကြီး တည်တံ့နေရင် အဲဒီ **'မမြဲတာကြီး'** ချုပ်သွားရင် အဲဒီ မမြဲတာကြီးရဲ့ **'မြဲတာ'**က နိဗ္ဗာန်ရောက်သွားတယ်၊ ဖြစ်ပျက်ကိုမြင်မှ၊ **'ဖြစ်ပျက်'**က **'သင်္ခတဓာတ်'** ခေါ်တယ်၊ အဲဒီ **'သင်္ခတဓာတ်'** ဖြစ်မှ **'အသင်္ခတ'** ဆိုတဲ့ မဖြစ် မပျက်တဲ့ဟာကို **'လက္ခဏာလေး'** ပဲကွာတယ်၊ **'သင်္ခတ'** ကဖြစ်တယ်၊ **'အသင်္ခတ'** က မဖြစ်တယ်။

အဲလို **'လက္ခဏာလေး'** ကွာတယ်၊ အဲဒါလေးကို **'ဉာဏ်'**နဲ့ရှုရတယ်၊ အဲဒါတစ်ခါတည်းကို ရောက်သွား တယ်၊ **'ဉာဏ်လေး'** နဲ့တင်ပေးလိုက်တာ၊ မြတ်စွာဘုရားက**'မနော'**ကို **'အနန္တရနိရုဒ္ဓါ**- အခြားမဲ့ချုပ်ကုန်ပြီးသော၊ **စက္ခုဝိညာဏံ**-စက္ခုဝိညာဏ်သည်လည်းကောင်း၊ **တံသမ္ပယုတ္တကာစ**- ထိုစက္ခုဝိညာဏ်နှင့် ယှဉ်ကုန်သော၊ ဖဿဝေဒနာအစရှိသော ခုနစ်လုံးသော စေတသိက် တို့သည်လည်းကောင်း၊ **မနောဓာတုယာ** - မနောဓာတ်အား၊ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်း ဒွေးအား'၊ အဲဒါ **'ဆင်ခြင်တာ'** ဖြစ်သွားတယ်၊ **'ဆင်ခြင်တာနဲ့ လက်ခံတာ'**၊ **'အာရုံ'**ကို **'မနောဓာတ်'** ခေါ်တယ်- **'မနောဓာတုယာ'**၊ **'ပဉ္စဒွါရာဝဇ္ဇန်း'**- **'ငါးအာရုံ'** မှာဆင်ခြင်တာကို ပဉ္စဒွါရာဝဇ္ဇန်းကိုခေါ်တာ။

**ငါးအာရုံမှာ ဆင်ခြင်တာ သူဟာ ပဉ္စဒွါရာဝဇ္ဇန်း ဖြစ်သတည်း**

**ငါးအာရုံမှာဆင်ခြင်တာ သူဟာ ပဉ္စဒွါရာဝဇ္ဇန်းဖြစ်သတည်း။**
**ရူပါရုံသာမြင်လိုက်ပါ သူဟာစက္ခုဝိညာဏ် ဖြစ်သတည်း။**
**အသံကိုသာ ကြားလိုက်ပါ သူဟာသောတဝိညာဏ်ဖြစ်သတည်း။**
**အနံ့ကိုသာနံလိုက်ပါ သူဟာ ဃာနဝိညာဏ်ဖြစ်သတည်း။**

www.burmeseclassic.com

www.burmeseclassic.com



အဲလိုအခေါ်မတတ်ရင် **'ငါ'** ဖြစ်သွားတယ်၊ အဲလို အိမ်ရောက်တော့လည်း ကိုယ်ဟာကိုယ်ဆိုတတ်အောင် သင်ပေးတာ၊ ဒီမှာတုန်းကတော့ **'နံတာ ဃာနဝိညာဏ်'** ပဲ၊ ဟိုထဲကျတော့ **'ငါ'** ဖြစ်သွားတာကို **'ဝိညာဏံ အတ္တတော သမနုပဿတိ'**၊ **'ဝိညာဏ်'**ကို အတ္တဖြစ်သွား တယ်။ **'ဝိညာဏ်ကြီး'**က အတ္တဖြစ်သွားတယ် ဘယ်သူတရားမရတာတုံး၊ **'အတ္တ'** ဖြစ်တဲ့လူ တရားမရဘူး၊ **'အတ္တ'** မဖြစ်တဲ့လူ တရားရတယ်။ အဲသလောက်လေးကွာတယ်၊ ဘာမှမခက်ဘူး၊ ကွာချင်ရင် ဘုရားတစ်ဆူခြားတောင် မသိဘူး၊ လွယ်ချင်ရင် ဟော **'ယေဓမ္မာ'**လို့ ဆိုလိုက်တာနဲ့ တရားရသွားတယ်။ **'ယေဓမ္မာ'** ဆိုတာ အဲဒီ မျက်စိတွေ နားတွေကို ဒုက္ခသစ္စာလို့ အကုန်လုံးခြုံပြောတာ၊ ဆင်ခြင်လိုက်တဲ့အခါ **'စက္ခုဝိညာဏ်'** ရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အေး **'နာမ်'** ကျတော့ကို အဲလို **'မရှိတဲ့ဟာ'** က ကျေးဇူးပြုတယ် ဟုတ်ကဲ့လား။

**'စတ္တာရော မဟာဘူတာ**- လေးပါးသောမဟာဘုတ်တို့သည်၊ **ဥပါဒါယရူပါနံ**- နှစ်ဆယ်သော ဥပါဒါရုပ်တို့အား'၊ အခုကျတော့ **'လေးပါးသော ဥပါဒါရုပ်တို့အား'**၊ ဝဏ္ဏ ဂန္ဓ ရသ ဩဇာလေးပါးပဲ၊ အဋ္ဌကလာပ်ထဲမှာတောင် **'မဟာဘုတ်'** က **'ကျေးဇူးပြု'**လို့၊ **'ဥပါဒါရုပ်'** ဝဏ္ဏ ဂန္ဓ ရသ ဩဇာက **'ကျေးဇူးခံ'** ပြီး၊ **'ကျေးဇူးပြုတာ'**က အကြောင်း၊ **'ကျေးဇူး ပြုခံရတာ'** က အကျိုး၊ အေး အဲလိုသိရတယ်။

### မနောပညတ် စိတ်ဓာတ်ဝိညာဏ်

ဒီတော့မှ လူတွေဘာတွေဆိုတာက **'မနောပညတ် စိတ်ဓာတ်ဝိညာဏ်'** ဆိုတာ၊ **'ဝိညာဏ်'**က သံယောဇဉ်၊ **'ဝိညာဏ်'**ကို သံယောဇဉ်လို့ ခေါ်တယ်၊ **'သံယောဇဉ်'** ဖြစ်သွားတယ်။

**ဝိညာဏ်ဖြစ်လျှင်သံယောဇဉ် အစဉ်ဓမ္မာနုပဿနာ၊**

**ဝိညာဏ်တွေသာဖြစ်လိုက်ပါ သံယောဇဉ်ဟာဖြစ်သတည်း။**

ကဲ အနောက်အမေရိကန်ဆိုတော့ ဘာဖြစ်တာတုံး၊ **'ဝိညာဏ်'** ဖြစ်တာ၊ လူသေကောင်က အမေရိကန်လို့ ဖြစ်သေးလား၊ စက်ာပူလို့ဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)။ စက်ာပူလို့ဖြစ်တာ ဘာဖြစ်တာတုံး၊ **'ဝိညာဏ်'** ဖြစ်တာ၊ **'ပညတ်'**နဲ့ **'ဝိညာဏ်'**၊ အဲဒီလိုပဲ **'မနော'** ထဲကို အာရုံရောက်လာတာ၊ **'ဥပ္ပန္န'** ဖြစ်သွားတာ၊ **'ဥပ္ပန္န'**၊ **'ဥပ္ပါဒ'**ဆိုတာက ဖြစ်ခြင်း **'သင်္ခတ'**၊ မဖြစ်တယ်ဆိုတာက **'အသင်္ခတ'**၊ အဲလောက်လေးကွာတာကိုပဲ အလွန်ခြားနေတာ။ **'စက်ာပူ'**က ဘယ်သူ့အာရုံတုံး (မနောရဲ့အာရုံပါဘုရား)၊ **'မနောအာရုံ'** ဆိုတာ ဘာ အာရုံတုံး (ဓမ္မာရုံပါဘုရား)၊ **'ဓမ္မေစပဇာနာတိ'**၊ **'ဓမ္မေစ**- ဓမ္မာရုံတို့ကိုလည်း၊ **ပဇာနာတိ**- သိ၏'။

www.burmeseclassic.com

www.burmeseclassic.com



ဘာအာရုံတုံး **'ပညတ်အာရုံ'** ဖြစ်သွားတယ်၊ **'မနောရဲ့အာရုံ'** ဟုတ်ကဲ့လား၊ အခေါ် အဝေါ်ကို ဘာပြုလို့တုံး၊ အခေါ်ဖြစ်သွားတယ်၊ **'နံသမ္ဗုဏ္ဏံ ယရံ ထွောတိ နဂရံ'၊ 'ဣစ**-ဤအရပ်၌၊ **သမ္ဗုဏ္ဏံ**- ပြည့်သော၊ **ယရံ** - အိမ်သည်'။ **'ဣစ** - အရှေ့တောင်အာရှ၌**'၊ 'ဣစ'**ကို **'၌'** လို့ အဓိပ္ပါယ်ပေးတယ်၊ ရှေ့ကဘယ်ဟာ စွဲစွဲ၊ သဒ္ဒါကြီးကိုပြောတာ၊ **'နိရုတ္တိ'** ကိုပြောတာပါ၊ နိရုတ္တိကိုသိမှ **'နိရုတ္တိ ပဋိသမ္ဘိဒါ'၊ 'ခွဲ၍ ယူတတ်တာ'**ကို **'ပဋိသမ္ဘိဒါ'** လို့ခေါ်တယ်၊ စိတ်ထဲမှာ ခွဲမှ မခွဲဘဲကိုမနေနဲ့ ခွဲလို့ကွဲသွားပြီဆိုရင် ဟန်ပြီ၊ အဲလိုမှတ်၊ စက်ဘ္ပပူဆိုရင်သိပြီလား၊ ဝေလဆိုရင် ဘာတုံး **'ပညတ်အာရုံတွေ'၊ 'မျက်စိနဲ့သာမြင်လိုက်ပါ သူဟာရူပါရုံ ဖြစ်သတည်း'**။

**'ရူပါရုံ'**နှင့် **'ဓမ္မာရုံ'** အဲလိုခွဲ၊ ဒီတော့မကွဲဘူးလား ကွဲသလား (ကွဲပါတယ်ဘုရား)၊ အခုလို ကွဲရင် **'သံယောဇဉ်'** ဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)၊ **'ဓမ္မာရုံ'** ဆိုတော့ စိတ်ဖြစ် သွားတယ်၊ **'ဓမ္မာရုံ'**က မနောရောက်သွားတယ်၊ **'မနော'**ကို အာရုံရောက်တော့ စိတ်ဖြစ်သွား တယ်၊ **'မနော'** ဆိုတာ ဘာတုံး **'ဒွါရ'၊ 'အာရုံ'**ဆိုတာဘာတုံး **'အာရုံ'၊ 'စိတ်'** ဖြစ်သွားရင် သံယောဇဉ် ဖြစ်သွားတယ်၊ ရိပ်မိပလား။ **'မနဉ္စပဋိစ္စာနာတိ၊ ဓမ္မေစပဋိစ္စာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိသံယောဇနံ'၊ 'မနောနဲ့ ဓမ္မာရုံ'**တွဲပြီးတော့ သံယောဇဉ်ဖြစ်တာ၊ **'ငါ့ကလေး'** ဟိုမှာရှိတယ်၊ အဲဒါဒိဋ္ဌိ၊ **'ငါ'** ဆိုတော့ ဘာတုံး ဒိဋ္ဌိ၊ **'ကလေး'** ဆိုတာဘာတုံး၊ **'အတ္တနိယ'၊ 'ငါ'** ဆိုတာဘာတုံး **'အတ္တ'၊ 'ကလေး'**ဆိုတာဘာတုံး (အတ္တနိယပါဘုရား)။

**'အတ္တ အတ္တနိယ'** ဆိုတာဘာတုံး (သံယောဇဉ်ပါဘုရား)၊ ဘာသံယောဇဉ်တုံး (ဒိဋ္ဌိ သံယောဇဉ်ပါဘုရား)၊ အဲလို စကားပြောထဲကိုက **'သံယောဇဉ်'**ရှိတယ်၊ အဲလို သိနေတော့ **'သံယောဇဉ်'** ရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ **'မနော'**မှန်းလည်းသိတယ်၊ **'ဓမ္မာရုံ'** မှန်းလည်း သိတယ်။ ကဲ **'မနော'** လည်းသိတယ်၊ **'ဓမ္မာရုံ'**မှန်းလည်းသိတော့ **'အာရုံ'**မှန်းလည်းသိတော့ **'သံယောဇဉ်'** ဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)၊ သူ့ဟာသူ ရှိတာပဲ၊ သူ့ဟာသူဆိုတော့ **'အတ္တ'** ရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ **'အနတ္တ'** ဖြစ်သွားတယ်၊ **'အနတ္တ'**ဆိုတော့ ဘာဖြစ် သွားသလဲ **'နိဗ္ဗာန်'** ဖြစ်သွားတယ်၊ **'သံယောဇဉ်'** မဖြစ်တော့ဘူး၊ အဲသလို ခွဲရတယ်။

**မနောပညတ် စိတ်ဓာတ်ဝိညာဏ် သံယောဇဉ်။**

**မနောပရမတ် စိတ်ဓာတ်မဂ္ဂင် နိဗ္ဗာန်ဝင်။**

**ပဋိသမ္ဘိဒါ လေးမျိုး**

**'မျက်စိ'**နဲ့ မြင်တာ ဘာအာရုံတုံး (ရူပါရုံပါဘုရား)၊ **'မျက်စိ'** နဲ့ မမြင်ဘဲ ခေါ်ရတဲ့အာရုံက

www.burmeseclassic.com

www.burmeseclassic.com



ဘာအာရုံတုံး(ဓမ္မာရုံပါဘုရား)၊ အဲလိုကွဲရတယ်၊ ဒါမှ **'ရူပေစပဇာနာတိ ဓမ္မေစပဇာနာတိ'**၊ ဒီလိုမြတ်စွာဘုရားက **'ပဇာနာတိ'** ဆိုတာခွဲတာ၊ **'ခွဲတယ်'**ဆိုတာ ပဋိသမ္ဘိဒါ၊ **'သဒ္ဒါ'** နဲ့ခွဲရင် နိရုတ္တိ ပဋိသမ္ဘိဒါ၊ **'အကြောင်း'**နဲ့ခွဲရင် ဓမ္မပဋိသမ္ဘိဒါ၊ **'အကျိုး'** နဲ့ခွဲရင် အတ္ထပဋိသမ္ဘိဒါ၊ **'ဉာဏ်တွေ'** နဲ့ ဆင်ခြင်လိုက်လို့ရှိရင် ပဋိဘာနပဋိသမ္ဘိဒါ၊ အဲလို ဉာဏ်သုံးရတယ်၊ ဉာဏ်မသုံး ဘဲနဲ့ တစ်ခါတည်းကြီး သိပြီ သိပြီမလုပ်နဲ့၊ ခွဲကို နေရတယ်၊ ခွဲမှ သံယောဇဉ်တို့ ရာဂတို့ မရှိတော့ဘူး။ မခွဲရင်တစ်ခါတည်း အပေါက်ရှာပြီးတော့ ဟိုကဝင်ဒီကဝင်၊ ကဲ အိမ်လုံအောင် မမိုးရင် မိုးတွေ မယိုဘူးလား (ယိုပါတယ်ဘုရား)၊ အဲသလိုပဲ **'စိတ်'**ကို **'ပညာ'** နဲ့ခေါင်အုပ် မထားရင် **'တဏှာတွေ'** ကယိုတယ်၊ ဘယ်မှာယိုသလဲဆိုရင် **'မနော'**မှာ၊ **'မနော'** ဘယ်လိုဖြစ်သွားသလဲဆိုရင် စိတ်ကူး သွားတယ်၊ **'မနော'**ဘယ်လို ဖြစ်သွားလဲ (စိတ်ကူးသွားပါတယ်ဘုရား)။

**'စိတ်'**ဆိုတာသိရဲ့လား၊ **'စိတ်'**လို့ဆိုလိုက်ကတည်းက **'ဓမ္မာရုံနဲ့မနော'** ဆိုစမ်း (ဓမ္မာရုံနဲ့ မနော)၊ **'ဓမ္မာရုံနဲ့မနော'** ဖြစ်လိုက်လို့ရှိရင် သံယောဇဉ်ဖြစ်တယ်။ **'မနောလောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာတဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ နိဝိသမာနာ နိဝိသတိ'၊ 'မနော လောကကြီး'** ရောက်သွားရင် တဏှာမဖြစ်ဘူးလား၊ အဲသလို စိန်ထုပ်ကြီး တစ်ပြည်သား လောက်ရှိတယ် ဆိုတော့ ဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)၊ သိန်းလေးဆယ် ဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)၊ စက်ဘာပူဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)၊ သားသမီးက ဘာ အာရုံတုံး (ဓမ္မာရုံပါဘုရား)၊ အေး **'ဓမ္မာရုံ'**မှန်းသိရတယ်။ မြတ်စွာဘုရားက **'ဓမ္မာရုံလို့သိပါ'** လို့ ပြောတယ်၊ ဒကာကြီးတွေ ဒကာမ ကြီးတွေက သားသမီးလို့သိတယ်၊ ရွှေတွေ ငွေတွေသိတယ်၊ အဲလိုဆိုတော့ မြတ်စွာဘုရားက **'ဓမ္မာရုံလို့သိပါ'** ဆိုတော့ ကိုက်သလား၊ မကိုက်ဘူးလား (မကိုက်ပါဘူးဘုရား)၊ အေး အဲသလို ဖြစ်သွားတယ်။

**'မျက်စိနဲ့မြင်တာ အဆင်းပါခေါ်တာ ပရိသတ်ကြီး'၊ 'မျက်စိနဲ့မြင်တာ အဆင်းပါ'၊ 'အဆင်း'** က ဘာအာရုံတုံး (ရူပါရုံပါဘုရား)၊ **'ရူပါရုံ'**ဆိုတော့ လောဘကြီးသေးလား (မကြီးပါဘူးဘုရား)၊ **'ပရိတ်သတ်ကြီး'** က ဘာ အာရုံတုံး (ဓမ္မာရုံပါဘုရား)၊ **'ပရိတ်သတ်ကြီး'** ဆိုတော့ ဝမ်းမသာ ဘူးလား (ဝမ်းသာပါတယ်ဘုရား)၊ ဝမ်းသာတော့ **'လောဘကြီး'**တော့ တရားက မရှိတော့ဘူး၊ ဟော ခေါ်တဲ့ **'ဓမ္မာရုံ'** ပဲလို့သိတော့ **'လောဘ'**မကြီးတော့ဘူး၊ အဲလို မကြီးတဲ့ ပရိတ်သတ်ကမှ တရားရတယ်တဲ့။

**ဝမ်းသာဝမ်းနည်း ထိုအထဲ အမြဲ လောဘ ဒေါသ မောဟတွေ ပါသတည်း**

လောဘတွေကြီးသွားတာဟာ စည်ကားလိုက်တာ ဘာကြီးကနဲ့ အဲလိုမလုပ်နဲ့၊ အဲလို

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရင်လောဘဖြစ်သွားရော၊ ဝမ်းသာရင် မဖြစ်ဘူးလား၊ **'ဝမ်းသာ ဝမ်းနည်း ထိုအထဲ'** (ဝမ်းသာ ဝမ်းနည်း ထိုအထဲ)၊ ဘာတွေပါတုံး (လောဘ ဒေါသတွေ ပါပါတယ်ဘုရား)၊ အေး လောဘ ဒေါသတွေပါတယ်။

**'ဝမ်းသာဝမ်းနည်း ထိုအထဲ အမြဲ လောဘ ဒေါသ မောဟတွေ ပါသတည်း'။**

ဝမ်းသာဝမ်းနည်းတွေ မဖြစ်နဲ့၊ ကဲ ငွေတွေ ထီတွေပေါက်တယ်၊ ဝမ်းမသာဘူးလား၊ ကဲ ငွေတွေ သူများယူသွားပြီဆိုတော့ ဝမ်းမနည်းဘူးလား (ဝမ်းနည်းပါတယ်ဘုရား)၊ အင်း ကိုယ့်သားသမီးတွေရော သူတကာယူသွားရင် အဲဒီလိုပဲဖြစ်တယ်၊ သူဌေးကြီးက ယူသွားတယ်ဆိုတော့ဝမ်းသာပေ့ါ၊ သူတောင်းစားက ယူသွားတယ်ဆိုတော့ ဝမ်းနည်းပေ့ါ၊ အဲဒီဝမ်းသာဝမ်းနည်းမရှိရင် အဲဒီထဲဘာတွေရှိသတုံး နိဗ္ဗာန်ရှိတယ်၊ ဘယ်ရောက်သွားတုံး (နိဗ္ဗာန်ရောက်သွားပါတယ်ဘုရား)။

**'ဝမ်းသာဝမ်းနည်းသာမရှိပါ သူဟာ နိဗ္ဗာန်ရောက်သတည်း'။**

## မြတ်စွာဘုရားက ဝိဘဇ္ဇ စိစစ်ရတယ်တဲ့

ဝမ်းသာဝမ်းနည်းက ဘာအာရုံတုံး-**'ပညတ် အာရုံ'**၊ အဲလို စိစစ်နော်၊ မစိစစ်လို့ရှိရင် ဘာမှန်းမသိဘူး၊ မြတ်စွာဘုရားက စိစစ်ရတယ်တဲ့၊ **'ဝိဘဇ္ဇ'** စိစစ်ရတယ်၊ **'ဓမ္မဝိစယ'**တဲ့၊ **'ဓမ္မဝိနိစ္ဆယ'** လို့လည်းခေါ်တယ်၊ တရားစိစစ်ရတယ်၊ ဟောပြီးရင် စဉ်းစားပေးရမယ်၊ သူဟောတာ ဟုတ်လား မဟုတ်ဘူးလားလို့ အဲလိုစိစစ်ရတယ်၊ မဟုတ်ရင် အဟောလွဲတာတွေ ယူသွားရင် အနိစ္စဒုက္ခရောက်တယ်၊ ဒီကတော့ ဘုရားဟောတဲ့အတိုင်းကို ဟောနေတယ်၊ တစ်လုံးမလွဲရဘူး အဲလိုမှတ်ထား။ ဝမ်းသာဝမ်းနည်းက ဘယ်သူ့အာရုံပြုသတုံး **'ပညတ်'**၊ အာရုံပြုပုံက ဟိုနေ့က ရွှေချောင်းကြီးနှစ်ချောင်း၊ အိမ်လည်သွားနေတုန်း တစ်ခါတည်း ယူသွားလိုက်တာ ၅၄ သိန်းဖိုးကြီး၊ တစ်ခါတည်းယူသွားတယ်၊ ကဲ ဝမ်းနည်းသလား ဝမ်းသာသလား (ဝမ်းနည်းပါတယ်ဘုရား)၊ အဲဒါ ဘာပြုလို့ဝမ်းနည်းတုံး (ပညတ်ကိုအာရုံပြုလို့ပါဘုရား)၊ ရွှေချောင်းကြီး ၅၄သိန်းဖိုးဆိုတော့ တစ်ဆယ်သားလောက်ရှိတာပေ့ါ၊ အပေါက်ပိတ်ပြီးတော့ အိမ်လည်သွားသတဲ့၊ ပြန်လာတဲ့အခါ ဗီရိုလှပ်ကြည့်တော့ မရှိတော့ဘူးတဲ့၊ အဲဒါတိုင်ထားသတဲ့၊ ဘယ်သူယူသတုံးပြောစမ်း၊ လူတွေ ယူတယ်ဆိုရင် ဒါလည်းပညတ်တွေ ဝမ်းမနည်းဖို့ ရတော့ ဝမ်းသာမလာဘူးလား (ဝမ်းသာပါတယ်ဘုရား)၊ အဲဒါ ဘာအာရုံတုံး (ပညတ်အာရုံပါ ဘုရား)၊ ဝမ်းသာဝမ်းနည်း မရှိဘူးဆိုတော့ ဘာအာရုံပြုသတုံး (နိဗ္ဗာန်အာရုံပြုပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ဆိုတာ အဲလိုမျိုး၊ **'အနက္ခာတံ'**၊ မခေါ်ရတဲ့ Undeclare မျိုး ဟုတ်ကဲ့လား Truth mentally **'ယောနိသော မနသိကာရ'** နဲ့ နှလုံးသွင်းလိုက်တာ ရိပ်မိရဲ့လား၊ အောင်မာ ကိုယ့်နားရှိတာ ရှိမှန်းသိရဲ့လား (မသိပါဘုရား)၊ မသိတာက ဘာတွေဖုံးလို့တုံး (အဝိဇ္ဇာဖုံးလို့ပါ ဘုရား)၊ အောင်မာ ငါးပိဖုတ်တောင် ဆရာမပြရင် နေရာကျတာ မဟုတ်ဘူး၊ လုံးလုံးကြီးဖုတ်ရင် ကျက်ကဲ့လား (မကျက်ပါဘူးဘုရား)၊ ပြားပြားလေးလုပ်ပြီးတော့ဖုတ်ရင် မကျက်ဘူးလား၊ (ကျက်ပါတယ်ဘုရား)။ ဝမ်းသာဝမ်းနည်းတာတောင် ကဲ ဘာမှန်းသိသလား၊ ဘာပြုလို့ ဝမ်းသာ သတုံး (ပညတ်ကိုအာရုံပြုလို့ပါဘုရား)။

**ပညတ် နိဗ္ဗာန် ထိုနှစ်တန် မှတ်ရန်ဓမ္မာရုံ**

**'ဓမ္မေစ ပဇာနာတိ'၊ 'ဓမ္မေစ-** ဓမ္မာရုံ တို့ကိုလည်း၊ **ပဇာနာတိ-** သိ၏'။ **'ဓမ္မာရုံ'**က ပညတ် ဓမ္မာရုံ၊ နိဗ္ဗာန်ဓမ္မာရုံ၊ **'ပညတ် နိဗ္ဗာန် ထိုနှစ်တန် မှတ်ရန် ဓမ္မာရုံ'၊** ကဲ**'ပညတ်'**ကလည်း ဓမ္မာရုံ၊ **'နိဗ္ဗာန်'** ကလည်း ဓမ္မာရုံ၊ ဝမ်းသာတာက ဘာအာရုံတုံး (ပညတ်အာရုံပါဘုရား)၊ ဝမ်းနည်း တာကရော ဘာအာရုံတုံး (ပညတ်အာရုံပါဘုရား)၊ ဝမ်းလည်း မနည်း၊ ဝမ်းလည်းမသာဆိုတော့ ဘာအာရုံတုံး (နိဗ္ဗာန်အာရုံဓမ္မာရုံပါဘုရား)၊ ဘာပြုလို့ နိဗ္ဗာန်အာရုံ ဖြစ်သတုံး **'ပညာ'** ရှိလို့၊ **'ပညာ'**ဆိုတာ အဲလိုခွဲခြမ်းလို့ မရိပ်မိဘူးလား (ရိပ်မိပါတယ်ဘုရား)၊ ဝမ်းသာဝမ်းနည်း အဲလို မှတ်ထား။ ကဲ **'မျက်စိ'**နဲ့မြင်တာက ဘာကိုမြင်တုံး ခုနတုန်းကရွှေချောင်းကြီး မြင်တာ (ရူပါရုံပါ ဘုရား)။ **'မျက်စိ'**နဲ့ မြင်တာ စက္ခုဝိညာဏ်၊ သိန်းလေးဆယ်လို့ခေါ်တာ မဟုတ်လား၊ **'မျက်စိ'** နဲ့ မြင်တာ ဘာအာရုံတုံး (ရူပါရုံပါဘုရား)၊ **'ရူပါရုံ'**ဟုတ်ကဲ့လား၊ သိန်းလေးဆယ်က ဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)၊ အဆင်းတွေကို ယူသွားတယ်၊ ခိုးသွားတယ်ဆိုတော့ ဝမ်းနည်းသေးလား (မနည်းပါဘူးဘုရား)၊ ဟုတ်ကဲ့လား အဲလို **'ဉာဏ်'**၊ **'နိဗ္ဗာန်'** ဆိုတာက ဉာဏ်။

**အမှားနဲ့အမှန် ဘုရားဆိုဉာဏ်**

**အမှားနဲ့အမှန်၊ ဘုရားဆို ဉာဏ်၊ အမှားကို အမှန်မလုပ်နဲ့၊ တရားဆို နာမ်ရုပ်ကွဲ့၊**
**ဟန်မလုပ်နဲ့ဟေ့၊ ကံပြုတ်အောင် ကြိုးစားကြ။**

အမှားကို အမှန်မလုပ်နဲ့၊ တရားဆို **'နာမ်ရုပ်'**ကို ပြောနေတာ၊ ခက်တာ မဟုတ်ဘူး၊ သိရုံလောက်ကလေး အဲဒါသိတာ၊ သိတယ်ဆိုတာ ဘာပစ္စည်းတုံး **'မဂ္ဂပစ္စည်း'**။

**'မဂ္ဂင်္ဂါနိမဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ၊ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော'၊** **'မဂ္ဂပစ္စယောတိ-** မဂ္ဂပစ္စယောဟူသည်ကား၊ **မဂ္ဂင်္ဂါနိ-** မဂ္ဂင်ရှစ်ပါးတို့သည်၊ **မဂ္ဂ သမ္ပယုတ္တကာနံ-**

www.burmeseclassic.com

www.burmeseclassic.com



မဂ်နှင့်ယှဉ်ကုန်သော စိတ် စေတသိက်တို့အား၊ **မဂ္ဂပစ္စယေန**- မဂ္ဂပစ္စည်းဖြင့်၊ **ပစ္စယော**- ကျေးဇူးပြုသည်၊ **ဟောတိ**- ဖြစ်၏'။ အဲဒါ **'မဂ္ဂပစ္စည်း'**ခေါ်တယ်၊ **'ဈာနပစ္စည်း'** တို့ဆိုတာ အဲလိုမျိုးခေါ်တယ်၊ ဟုတ်ကဲ့လား ရိပ်မိလား။

**မျက်စိမြင်တဲ့ ရူပါရုံ၊ ပညတ်သိတဲ့ ဓမ္မာရုံ**

**မျက်စိနဲ့သာမြင်တုံပါ သူဟာရူပါရုံဖြစ်သတည်း။**

**ပညတ်ကိုသာ သိလေပါ သူဟာ ဓမ္မာရုံ ဖြစ်သတည်း။**

**ဝမ်းနည်းဝမ်းသာ ဖြစ်လေပါ သူဟာ သံယောဇဉ်ဖြစ်သတည်း။**

**ဝမ်းနည်းဝမ်းသာ မရှိပါ သူဟာနိဗ္ဗာန်ရောက်သတည်း။**

ကဲ ဘယ်လောက်ဟန်ထားတုံး၊ ကဲ သိန်းလေးဆယ်ကြီး ယူသွားတယ် ဝမ်းမနည်းဘူးလား(ဝမ်းနည်းပါတယ်ဘုရား)၊ ဘာပြုလို့နည်းတုံး **'ပညတ်နဲ့ဓမ္မာရုံ'** ကြောင့်၊ ဒီလိုသိလိုက်တဲ့အခါကျ ဝမ်းမနည်းဘဲ နေနိုင်သလား မနေနိုင်ဘူးလား (နေနိုင်ပါတယ်ဘုရား)။ အိုပြီးသေသွားပြီတဲ့၊ လက်ထဲဘာမှမရှိတော့ဘူး၊ အိမ်ကြီးတွေ ဥယျာဉ်ကြီးတွေ မော်တော်ကားကြီးတွေ ကျန်နေတယ်၊ ကဲ ဘယ့်နှယ့်လုပ်မလဲ၊ ဟို ဒကာမကြီး စိန်တွေကို မသုံးဘဲနဲ့ ထားပစ်ခဲ့တယ်၊ သားသမီးလည်းမရှိ ဘာလည်းမရှိ ဟုတ်ကဲ့လား၊ ပေးရမှာလည်း နှမြော၊ ကျွေးရမှာလည်းနှမြော၊ အဲလိုနှမြောပြီးသေသွားတော့၊ အဲလို နှမြောတော့ စိန်ကြီးကို အမှတ်မရဘူးလား အမှတ်ရလား (အမှတ်ရပါတယ်ဘုရား)၊ ခုနတုန်းကလို ဝမ်းမနည်းဘူး ဆိုရင်တော့ နိဗ္ဗာန်ရောက်သွားမှာ။ မနေ့က ဒကာမကြီးက အသက် ၈၄ နှစ်ရှိပြီ၊ ယူနန်က ဒကာမကြီး၊ (၃၈)နှစ်ကတည်းက ပုတီးစိတ်တာ ဟုတ်ကဲ့လား၊ (၃၈)နှစ် ဆိုဟန်တတ်တယ်၊ အဲဒါဂရုစိုက်၊ (၃၈)၊ (၃၉) အဲဒီနား၊ သူ ဒါတွေ ဘာမှမတွေးဘူး မေးကြည့်တာ၊ သူက **'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'** ကို အဲဒါပုတီးစိပ်တာတဲ့၊ သူက ဘာမှကို မလိုချင်တော့ဘူး၊ ဘာမှမဖြစ်ဘူး၊ အေး သူသမာဓိဖြစ်ပြီး ဉာဏ်ကောင်းသွားပြီကွလို့ ငါပြောလိုက်တယ်။

**'သမာဟိတော ယထာဘူတံ ပဇာနာတိ'**၊ **'သမာဟိတော**- တည်ကြည်သောပုဂ္ဂိုလ်အား၊ သမာဓိရှိသောပုဂ္ဂိုလ်အား၊ **ယထာဘူတံ** - ဟုတ်တိုင်းမှန်စွာ၊ **ပဇာနာတိ-** သိ၏'။

**'ရူပါရုံနဲ့ဓမ္မာရုံ'** ကွဲတာဟာ **'ယထာဘူတ'** မကျဘူးလားကျလား (ကျပါတယ်ဘုရား)။ ဘာပြုလို့ကျတုံးဆိုတော့ **'သမာဓိ'** ရှိလို့၊ ဘာပြုလို့တုံး (သမာဓိရှိလို့ပါဘုရား)၊ **'သမာဓိ'** နဲ့ သိတဲ့ဟာမျိုးလို့ အဲလိုမှတ်ထား၊ ခုကွဲပြီလား (ကွဲပါပြီဘုရား)၊ **'ရူပါရုံနဲ့ ဓမ္မာရုံ'**၊ **'သဒ္ဒါရုံနဲ့ ဓမ္မာရုံ'** (သဒ္ဒါရုံနဲ့ ဓမ္မာရုံ)၊ **'ရူပါရုံ'**က ဘယ်ကျေးဇူးပြုတုံး (စက္ခုဝိညာဏ်ပါဘုရား)၊ **'ဓမ္မာရုံ'**က

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကျေးဇူးပြုတုံး (မနောဝိညာဏ်ပါဘုရား)၊ အဲလို ကွဲအောင် ဂရုစိုက်။

**ပညတ် နိဗ္ဗာန် ထိုနှစ်တန် မှတ်ရန် ဓမ္မာရုံ။**

**စိတ် စေတသိက် ကောင်းဆိုးစိတ် မှတ်ပိမ့် ဓမ္မာရုံ။**

**ပသာဒ သုခုမ ထိုနှစ်ဝ မှတ်ကြ ဓမ္မာရုံ။**

ဝမ်းနည်းတာ စိတ်ကောင်းလား စိတ်ဆိုးလား (စိတ်ဆိုးပါဘုရား)၊ ဝမ်းမနည်းတာ စိတ်ဆိုးလား စိတ်ကောင်းလား (စိတ်ကောင်းပါဘုရား)၊ ကောင်းတယ် ဆိုးတယ်၊ စိတ်ဆိုတာ **'ဓမ္မာရုံ'** ပဲတဲ့ ဟုတ်ကဲ့လား၊ နိဗ္ဗာန်ကလည်း **'ဓမ္မာရုံ'** ပဲ၊ ကောင်းတဲ့ဆိုးတဲ့ စိတ်ကဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)၊ **'သင်္ခတဓမ္မာရုံ'**၊ ကောင်းတဲ့ ဆိုးတဲ့စိတ်က ဘာအာရုံတုံး (သင်္ခတဓမ္မာရုံပါဘုရား)၊ **'နိဗ္ဗာန်'**က ဘာအာရုံတုံး (အသင်္ခတဓမ္မာရုံပါဘုရား)။ **'ပညတ်'** က ဘာအာရုံတုံး- **'သင်္ခတလို့လည်းမဆိုရ၊ အသင်္ခတလို့လည်းမဆိုရ'**၊ ပညတ်ကလေး နာမည်ကလေး၊ ပရိတ်သတ်ကြီးလို့ ခေါ်တဲ့ဟာတွေ၊ ခုနကလေ (၅၄) သိန်းလေ၊ **'သင်္ခတလို့လည်းမခေါ်ရ၊ အသင်္ခတလို့လည်းမခေါ်ရ'**၊ အဲဒါ **'နဝတ္တဗ္ဗရမ္မဏ အာရုံ'** တဲ့။

### ဓမ္မဝိစယသမ္ဗောဇ္ဈင် သန္တာန်တွင် ရှိ မရှိ သိအောင်အားထုတ် တရားအလုပ်

အဲလို **'ပညတ်တွေ'**၊ **'ပရမတ်လို့မဆိုအပ်'**တဲ့ အာရုံကို **'နဝတ္တဗ္ဗရမ္မဏအာရုံ'**၊ **'အသင်္ခတ'** လို့ မဆိုအပ်တဲ့ဟာကို **'နဝတ္တဗ္ဗ'** လို့ခေါ်တယ်၊ **'အသင်္ခတ'** လို့ မဆိုအပ်တာကို ဘာခေါ်တုံး (နဝတ္တဗ္ဗပါဘုရား)၊ ကဲ ဒါယကာ ဒါယိကာမကြီးတို့ **'ဝတ္တဗ္ဗ'** ကို အာရုံပြုသလား၊ **'နဝတ္တဗ္ဗ'** ကို အာရုံပြုသလား (နဝတ္တဗ္ဗကို အာရုံပြုပါတယ်ဘုရား)၊ အေး တရားဆိုတာ ဒီလို **'ဓမ္မဝိစယ'** ခေါ်တယ်၊ **'ဓမ္မဝိစယသမ္ဗောဇ္ဈင်'**။

**'ဓမ္မဝိစယသမ္ဗောဇ္ဈင် သန္တာန်တွင်ရှိမရှိ သိအောင်အားထုတ် တရားအလုပ်'**။

**'ဓမ္မဝိစယသမ္ဗောဇ္ဈင်'**ကလည်း တရားကိုခွဲခြမ်းဝေဖန်ပြီး ဟောလည်း ဟောရတယ်၊ ကြံလည်း ကြံရတယ်၊ အဲဒါမှ နှမြောတာတွေ တွန့်တိုတာတွေ၊ အကုန်ပြုတ်သွားတယ်၊ သို့မဟုတ်ရင် မပြုတ်ဘူး၊ ပြုတ်ချင်ရင် အဲလိုလုပ်ရတယ်။

### သင်္ခတအာရုံနဲ့ အသင်္ခတအာရုံ

ခုတော့ **'အာရုံ'**ကွဲပြီလား (ကွဲပါပြီဘုရား)၊ မျက်စိနဲ့ ကိုယ့်ကိုယ်ကိုကြီး ကြည့်လိုက်တော့ ဘာတွေမြင်တုံး အင်္ကျီတွေ လည်ပင်းတွေ ခေါင်းတွေမမြင်ဘူးလား၊ ခြေထောက်တွေ ခြေသည်းတွေ၊ **'မျက်စိ'**နဲ့မြင်တာ ဘာတုံး (ရူပါရုံပါဘုရား)၊ ခြေသည်းတွေ လက်သည်းတွေ အသားတွေ

www.burmeseclassic.com

www.burmeseclassic.com



အရိုးတွေဆိုတော့ ဘာ **'အာရုံ'** တုံး (ဓမ္မာရုံပါဘုရား)၊ အဲ **'ဓမ္မာရုံ'**။

**'ရူပါရုံနဲ့ဓမ္မာရုံ နှစ်ဖုံကွဲသတည်း၊ နှစ်ဖုံကွဲတာသိလေပါ သူဟာရာဂမရှိဖြစ်သတည်း'**။

ကဲ **'ရူပါရုံ'** တင် အာရုံပြုလိုက်တော့ **'မြင်ကာမျှသိ ရူပါရုံလို့သာသိ'**၊ **'ရူပါရုံနှင့် ဓမ္မာရုံ နှစ်ဖုံကွဲသတည်း'**၊ အင်္ကျီကြီးက အညိုရောင် **'အညိုရောင်'**ကို ဘာအာရုံခေါ်သတုံး (ရူပါရုံပါဘုရား)၊ **'အဖြူကြီး'** က ဘာအာရုံတုံး (ရူပါရုံပါဘုရား)၊ **'အင်္ကျီကြီး'** ဆိုတော့ ဘာ အာရုံတုံး (ဓမ္မာရုံပါဘုရား)။ **'ဓမ္မာရုံနဲ့ ရူပါရုံ'**ကွဲပြီလား (ကွဲပါပြီဘုရား)၊ လူတွေ ဘာတွေ အိမ်ကြီးတွေ တိုက်ကြီးတွေ အလုပ်ကြီးတွေက ဘာအလုပ်ကြီး ညာအလုပ်ကြီးနဲ့ အဲလို မခေါ်ရဘူး ဝန်ကြီးချုပ်တွေ မခေါ်ရဘူးလား၊ **'ခေါ်ရတဲ့ဟာ'** ဘာအာရုံခေါ်သတုံး (ဓမ္မာရုံပါ ဘုရား)၊ ဘာဓမ္မာရုံတုံး (ပညတ်ဓမ္မာရုံပါဘုရား)။

**'ဖြစ်ပျက်'**သွားတဲ့ဟာကမှ **'မနော'၊ 'ပရမတ်အာရုံ'** ဟုတ်ကဲ့လား၊ **'သင်္ခတ'** က အခုပြော နေတဲ့ဟာ၊ ဖြစ်ပျက်နေတဲ့ဟာ၊ **'အသင်္ခတ'**က မဖြစ်မပျက်တဲ့ဟာက အဲဒီနားမှာ ရှိတယ်၊ ဟုတ်ကဲ့လား၊ **'သင်္ခတ'** ဆိုတာ ဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)၊ **'လောကီ ဓမ္မာရုံ'**၊ ဘာအာရုံတုံး (လောကီဓမ္မာရုံပါဘုရား)၊ **'အသင်္ခတ'** ဆိုတာ ဘာအာရုံတုံး (လောကုတ္တရာ ဓမ္မာရုံပါဘုရား)၊ အဲလို **'အာရုံ'** ကိုခွဲရတယ်၊ **'ဓမ္မာရုံ'** ချင်းတော့တူတယ်ပေါ့၊ **'မနဉ္စ ပဇာနာတိ'**၊ **'မနဉ္စ**- မနော ကိုလည်း၊ **ပဇာနာတိ**- သိ၏'၊ **'မနော'**ဆိုတာက ဘဝင်စိတ်၊ **'ဘဝင်စိတ်'**က မဟာဝိပါက်စိတ်က ရှစ်ခု၊ ဥပေက္ခာသဟဂုတ်သန္တီရဏ နှစ်ခု၊ အဲဒါက **'ဘဝင်စိတ်'** ခေါ်တယ်၊ **'ကာမဝိပါက်'** ခေါ်တယ်၊ **'ဥပေက္ခာ သဟဂုတ် သန္တီရဏ'** က ကုသလာဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ၊ အကုသလာဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏ၊ **'အကုသလာဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ'** က ငရဲသွားတဲ့ ဘဝင်စိတ်၊ ငရဲသွားတဲ့ ဝိပါက်စိတ်၊ အကုသလာဝိပါက် ဥပေက္ခာ သန္တီရဏ။ **'ကုသလာဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ'**၊ အဲဒါအဟိတ်စိတ်တွေ၊ **'ကုသလာ ဝိပါက် ဥပေက္ခာ သန္တီရဏ'** က ပိုလီယိုရောဂါလေးတွေ အစွန့် အ အလေးတွေ၊ သုဂတိ အဟိတ်ကလေးတွေ၊ လူချမ်းသာ သားသမီးလေးတွေမြင်ဖူး၊ ကြားဖူးရဲ့လား၊ မံမံခေါ်တယ်၊ ပါးစပ်က မံမံအပြင် အသံမထွက်ဘူး၊ **'ကုသလာဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ'**။

**'အကုသလာဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ'**၊ အဲဒါ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတာ အပါယ်လေးဘုံသွားတဲ့စိတ် ဘာစိတ်တုံး (အပါယ်လေးဘုံ သွားတဲ့စိတ်ပါ ဘုရား)၊ အဲဒီစိတ်ဟာ **'မနော'** ထဲမှာ မရှိဘူးလား ရှိသလား၊ အဲလို အကုသိုလ်နဲ့နေရင် ငရဲသွားတဲ့ စိတ်၊ အကုသိုလ်ဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏ။ ကုသလာဝိပါက် ဥပေက္ခာ သဟဂုတ်

www.burmeseclassic.com

www.burmeseclassic.com



သန္တီရဏ၊ အဲဒါ **'အဟိတ်စိတ်'၊** ကုသလာဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏ၊ အဲဒါတွေက **'ပဋိသန္ဓေစိတ်'**ခေါ်တယ်၊ **'ဘဝင်စိတ်'** က ဘဝင် ဖြစ်နေတုန်းခေါ်တယ်၊ ပဋိသန္ဓေနေမယ့်အခါ အဲဒါတွေနဲ့ရောသွားတယ်၊ ဒါကြောင့် ကိလေသာ တွေ မဖြစ်စေနဲ့။

**'ကိလေသာတွေ'** ဖြစ်တာက ဉာဏသမ္ပယုတ်လား၊ ဉာဏဝိပ္ပယုတ်လား(ဉာဏ ဝိပ္ပယုတ်ပါဘုရား)၊ ဉာဏဝိပ္ပယုတ်က လေးခု၊ ဉာဏသမ္ပယုတ်လေးခု၊ အဟိတ်စိတ်နှစ်ခု၊ ရှစ်ခုနဲ့ နှစ်ခုနဲ့ပေါင်း (ဆယ်ခုပါဘုရား)၊ အဲဒါ **'ကာမ ပဋိသန္ဓေ'** ခေါ်တယ်၊ ဘာခေါ် (ကာမ ပဋိသန္ဓေပါ ဘုရား)၊ အိပ်နေတုန်းတော့ **'ဘဝင်စိတ်'** လို့ခေါ်တယ်၊ မအိပ်တော့ဘူး သေခါနီးပြီ ဆိုရင် အဲဒီဟာနဲ့သွားရင် **'အကုသလာဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ'** နဲ့သွားရင် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်သွားတယ်၊ အင်းဆက်ကလေးက ဆင်ကြီးတိုင်အောင် တိရစ္ဆာန်ခေါ်တယ်။

အဲလိုမခွဲဘဲနဲ့ အသိမလိုက်ဘဲနဲ့ လူပြောသူပြောတွေလျှောက်လုပ် ဘာမှန်းမသိ ညာမှန်း မသိနဲ့ဆိုရင် သိန်းလေးဆယ်ကို တစ်ခါတည်း ဘာအာရုံမှန်း မသိ၊ တကယ့်ငွေကြီးမှတ်နေ၊ တကယ့်အိမ်ကြီး တိုက်ကြီးလို့မှတ်ပြီး **'မနော'** က အာရုံပြု၊ အဲဒီအခါမှာ တောက်တဲ့ကြီးတို့၊ ပိန်ညှောင်တို့၊ အဲဒါ **'အကုသလာဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ'၊** သိလား၊ မသိလို့ ဟိုဟာကိုအာရုံပြုရင်၊ အုတ်တိုက်ကြီးမှာ အိမ်မြှောင်ကြီးတို့ တောက်တဲ့ကြီးတို့ လိပ်ပြာကြီးတို့ အဲဒီနားမှာကပ်နေတာ။ ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ်၊ အကုသလာ ဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏ၊ အခုတော့ ချမ်းသာတယ်၊ နောက်တော့ အဲဒါတွေ စွဲသွားမယ်ဆိုရင် **'ပညတ်နိမိတ်ကြီး'** မဟုတ်လား၊ ငရဲနဲ့မနီးဘူးလား နီးလား (နီးပါတယ်ဘုရား)၊ အဲလို **'ပရမတ်'** လည်း အာရုံ မပြုတတ်ဘူး၊ အာရုံမပြုနိုင်ဘူး၊ **'ရူပါရုံ'** ဆိုတာဘာတုံး (ပရမတ်ပါဘုရား)၊ နေရာ ရွေ့ပြီး ပျက်သလား၊ မရွေ့ဘဲပျက်သလား (မရွေ့ဘဲပျက်ပါတယ်ဘုရား)၊ **'ရူပါရုံ'** နဲ့ **'စက္ခုဝိညာဏ်'** နေရာမရွေ့ဘဲ ခုပျက်ပျက်နေတယ်။

**'နား'** ကလည်း ကြားကြားပြီးပျက် ပျက်မနေဘူးလား (ပျက်နေပါတယ်ဘုရား)၊ အဲဒါ **'ပရမတ်'**ဆိုတာ နေရာမရွေ့ဘူး၊ နေရာမရွေ့မှ **'အစ္စုတိ'** ဆိုတဲ့ နိဗ္ဗာန်ရောက်တယ်၊ နေရာ ရွေ့ပြီးပျက်ရင် ဒါ **'သန္တတိ'** ပဲ၊ အဲဒီ သန္တတိက ဘာနဲ့အတူနေသလဲဆိုတော့ **'ဘဝင်'** ဆိုတဲ့စိတ်က **'အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ'**၊ အဲဒီဟာက **'အပါယ်လေးပါး ဒုဂ္ဂတိအဟိတ်'**၊ **'ဒုဂ္ဂတိအဟိတ်'** ခေါ်တယ်။ **'ကုသလာဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ'**၊ **'ကုသလာ ဝိပါက်'** ဆိုတာ အဟိတ်စိတ်နော်၊ **'သန္တီရဏ'** ဆိုတာ စုံစမ်းတာလေးတွေရှိတယ်၊ ဟိုနှုတ်ခမ်းမွေး လေးတွေပါတဲ့ဟာ တိရစ္ဆာန်လေးတွေစုံစမ်း စုံစမ်းမသွားဘူးလား၊ အဲလို **'စိတ်'**ကလည်း

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းတယ်၊ ဘယ်ဟာကောင်းတယ် ညာဟာ ကောင်းတယ်နဲ့ စုံစမ်း စုံစမ်းသွားတယ်။လူချမ်းသာဝမ်းထဲကိုဝင်ချင်တယ်၊ စုံစမ်းတော့ လူချမ်းသာဝမ်းထဲဝင်သွားရော၊ အဲဒါ **'ကုသလာ ဝိပါက် ဥပေက္ခာသဟဂုတ် သန္တိရဏ'**နဲ့ ဝင်သွားရင် မျက်စိလည်းမပါဘူး၊ နားလည်း မကြားဘူး၊ ဒုက္ခိတလေး မွေးလာတတ်တယ်၊ အဲဒါ **'ကုသလာဝိပါက် ဥပေက္ခာသဟဂုတ် သန္တိရဏ'**။

အဲဒါ **'ပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိစိတ်'**၊ အဲဒီ **'စိတ်တွေ'** ဘယ် အာရုံပြုသတုံး၊ ငရဲတို့ သိန်းလေးဆယ်တို့ **'လောဘ'**က ဘယ်အာရုံပြုတုံး (သိန်းလေးဆယ်ပါဘုရား)၊ **'ဒေါသ'**က ဘယ်အာရုံပြုတုံး (ဆဲဖူးတဲ့သူ အာရုံပြုပါတယ်ဘုရား)၊ မသင့်မြတ်တဲ့ ယောကျ်ားချင်း မိန်းမချင်း၊ အိမ်နီးချင်းတွေ ဓမ္မာသောကဖြစ်ရင် ဘယ်သူ့သွား အာရုံပြုတုံး၊ ဒကာမကြီးနဲ့ မသင့်မြတ်တဲ့သူဆီ အာရုံပြုရင် ဘယ်ရောက်သွားတုံး၊ **'ဥပေက္ခာသဟဂုတ် သန္တိရဏ'**၊ **'မဟာဝိပါက်စိတ်'** ရှစ်ခုထဲမှာလေးခုက ဉာဏဝိပ္ပယုတ်၊ လေးခုကဘာလဲ (ဉာဏဝိပ္ပယုတ်ပါဘုရား)၊ **'ဉာဏ ဝိပ္ပယုတ်'** က ရုပ်လည်းမလှဘူး၊ ဘွဲ့လည်းမရဘူး၊ ရုပ်ကလည်းဆိုး၊ ပိုက်ဆံကလည်းမရှိဘူး ဆိုတော့ ခိုင်းတာတွေ အကုန်လုပ်ရတယ်၊ မကောင်းတာတွေ အကုန်လျှောက်လုပ်ရတယ်။ အဲဒါတွေက **'ဉာဏဝိပ္ပယုတ် စိတ်လေးပါး'** ၊ **'ဉာဏသမ္ပယုတ် စိတ်လေးပါး'**၊ အဲဒါဘာတုံး ဆိုတော့ **'ပရမတ်'**၊ အဲဒါဘာတုံး (ပရမတ်ပါဘုရား)၊ အဲဒီ **'ပရမတ်'**က ဘာတုံးဆိုတော့ **'စိတ်'**၊ သူ့ရဲ့အကြောင်းက ဘာတုံးဆိုတော့ **'အာရုံ'**၊ **'ဉာဏဝိပ္ပယုတ်'** က မိန်းမတွေ ယောကျ်ားတွေ ရာဂဖြစ်ဖို့ သွားသွား တွေးတယ်။

**'လောဘ'** ဖြစ်ဖို့သာ တွေးလေပါ ဉာဏဝိပ္ပယုတ်ဖြစ်သတည်း။

**'ဒေါသ'** ဖြစ်ဖို့သာ တွေးလေပါ ဉာဏဝိပ္ပယုတ်ဖြစ်သတည်း။

**'မောဟ'** ဖြစ်ဖို့သာ တွေးလေပါ ဉာဏဝိပ္ပယုတ်ဖြစ်သတည်း။

**'ပဇာနာတိ'**သာ ဖြစ်လေပါ ဉာဏသမ္ပယုတ်ဖြစ်သတည်း။

အဲ **'ဉာဏဝိပ္ပယုတ်'** ဖြစ်တာတွေ သိပြီလား၊ **'ဉာဏသမ္ပယုတ်'** ကတော့ ခုနတုန်းက **'အာရုံ'** ကိုလည်းသိရမယ်၊ **'စက္ခု'** ကိုလည်းသိရမယ်၊ **'မနော'**ကိုလည်းသိရမယ်၊ သူက **'ပဇာနာတိ'** ဖြစ်ရင် **'ဉာဏသမ္ပယုတ်'** ဖြစ်တယ်။

**ပဇာနာတိသာ ဖြစ်လေပါ ဉာဏသမ္ပယုတ် ဖြစ်သတည်း။**

အဲလို ခွဲပြတော့ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## " သမုဒယသစ္စာ ပဟာတဗ္ဗန္တိ မေ တရားတော် "

၇. ၂. ၂၀၀၈

### စွန့်ရတဲ့ဟာ ဘယ်သူလဲဆိုတော့ ဥပါဒါန်တွေပေါ့

**'စာဂေါ'**တဲ့၊ **'စာဂေါ'**ဆိုတာက စွန့်ရတယ်၊ **'စာဂေါ'** ဆိုတာ စွန့်ရတဲ့ဟာ **'အစွဲ အလမ်း'** တွေကို စွန့်ရတယ်၊ **'ဥပါဒါန်တွေ'**ပေါ့၊ **'ဥပါဒါန်တွေ'**မထားရဘူး စွန့်လိုက်လို့ရှိရင် ရှင်းသွားတယ် မစွန့်ဘဲနေလို့ရှိရင် **'အယူ'**၊ **'စာဂ'**ဆိုတာ စွန့်ရတယ် စွန့်မှ၊ **'အယူတွေ'**ပေါ့၊ **'စိတ်ကူးတွေ'**ပေါ့၊ **'ဥပါဒါန်တွေ'**ပေါ့။

အဲဒါ **'စွန့်ရတယ် စွန့်ရတယ်'**၊ **'စွန့်ရမယ် စွန့်ရမယ်'**ဆိုတာ ရှေးတုန်းက ငါမသိဘူး ဓမ္မစကြာကို မြန်မာလို ပြောရင်ပေါ့၊ **'စွန့်ရမယ်'**ဆိုတာ ရှေးတုန်းက ငါမသိဘူး အဲဒီလိုဟာမျိုး၊ ဓမ္မစကြာကို မြန်မာလိုပြောတာ **'စွန့်ရမယ်'**၊ ယောက်ျားတွေ မိန်းမတွေရော ပြီးတော့ ကာမဂုဏ်တွေရော ဘာတွေရောပေါ့ တဏှာတွေရော စွန့်ရမယ်။ **'စွန့်မယ်၊ စွန့်တယ်၊ စွန့်ပြီ၊ စွန့်ပြီး'** လို့ဆိုရင် ဒါကိစ္စပြီးသွားတယ်။

### စိတ်ကူးတွေ လောကီအလုပ်တွေ ဒါတွေ စွန့်လိုက်လို့ ရှိရင် ချက်ချင်း ချမ်းသာသွားတယ်

ကိုယ့်ဝမ်းထဲရှိတဲ့ မကောင်းတာတွေကို စွန့်ရမယ်၊ **'ပဟာတဗ္ဗန္တိမေ - စွန့်အပ်၏'**ဟု၊ **'ဥပါဒါန်'**စွန့်ရမယ်၊ **'တဏှာ'**လည်းစွန့်ရမယ်၊ စိတ်ကူးတွေ လောကီအလုပ်တွေ ဒါတွေ စွန့်လိုက်လို့ရှိရင် ချက်ချင်း ချမ်းသာသွားတယ်၊ မစွန့်နိုင်သေးဘူးဆို ဟော မြတ်စွာဘုရားက **'စွန့်အပ်တဲ့ဟာ'** စွန့်ရမယ်၊ အဲလို **'စွန့်အပ်တဲ့ဟာ'**ကို စွန့်ရတယ်၊ မစွန့်ဘဲ မထားရဘူး၊ **'စွန့်ပြီ စွန့်ပြီးပြီ'**ဆို အေးသွားရော၊ **'စွန့်ရမယ့်ဟာ'** ကို မစွန့်ဘဲနဲ့ ပေါင်းထား ယူထား စွဲလမ်းထား ဖက်ထား အဲဒီလိုဟာတွေ စွဲလမ်းထားတယ်။

**'စွန့်ရမယ်'**၊ အဲဒီဟာလေးတစ်လုံး သိတာနဲ့ကို တော်တော်ကောင်းတယ်၊ ပြီးတော့ ငါ့သမီးလေး ဘယ့်နှယ်နေမှာတုံး၊ ငါသေသွားရင် ဘာရင် ညာရင် စွန့်ရမယ့် ဟာတွေကို အဲလို စိတ်မကူးရဘူး၊ ငါ့သမီးလေးလည်းမဟုတ်ဘူး ငါ့အမေလည်း မဟုတ်ဘူး၊ ဒါ **'ပရမတ်'** ဆိုလို့ရှိရင် **'သမုဒယနဲ့ ဒုက္ခ'** ပဲ၊ ဒီနှစ်ခုပဲရှိတယ်၊ **'သမုဒယ'** ကို စွန့်ရမယ်ဆိုတော့ **'ဒုက္ခ'** မရှိတော့ဘူး၊ အဲ့ဒီ **'ဓမ္မစကြာ'**ကို မြန်မာလိုပြောမှ သိတယ်၊ ပါဠိလိုချည်းပဲရွတ်ပြီး ဟောလို့ရှိရင် ချက်ချင်းဝမ်းထဲ မရောက်ဘူး၊ တကယ့် အဓိပ္ပါယ်သိမှရောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



**သုံးဆယ့်တစ်ဘုံတွေ ဘာတွေလည်း စွန့်ရမှာပဲ**

**'စွန့်ရမယ်'၊** ကိုယ့်ထဲဘာတွေ မကောင်းတာရှိတုံး၊ ဘာတွေ အစွဲအလမ်းရှိတုံး၊ တဏှာတွေ ဘာတွေ မိန်းမတွေရှိရင်ရာဂကရှိနေမှာပဲ၊ ယောကျ်ားတွေရှိရင်ရာဂကရှိနေမှာပဲ၊ ဒါကပညတ်တွေ သုံးဆယ့်တစ်ဘုံရှိရင် လည်နေမှာပဲ၊ သုံးဆယ့်တစ်ဘုံဆိုတာကလည်း **'အဝိဇ္ဇမာန ပညတ်-** ပရမတ္ထအားဖြင့် ထင်ရှားမရှိတဲ့ပညတ်'၊ သုံးဆယ့်တစ်ဘုံတွေ ဘာတွေလည်းစွန့်ရမှာပဲ။ **'ပရမတ်'**က **'နိဗ္ဗာန်'** ရောက်ပြီဆို စွန့်ရတယ်၊ **'ဉပါဒါန်တွေ'** ကို စွန့်ရတယ်၊ မျက်စိနဲ့ မြင်တာတွေကိုလည်း **'လူ'**လို့ မမြင်နဲ့၊ အဲဒါတွေစွန့်ရမယ်၊ မျက်စိထဲ မြင်တဲ့ဟာအကုန် **'လူတွေ'**လို့ ဖြစ်နေရင် အဲဒါတွေ **'စွန့်'**၊ ကြားတာကလည်း ဘယ်သူဘယ်ဝါလို့ပြောရင် အဲဒါ **'စွန့်'**၊ နားထောင်တာကလည်း **'ငါ သူ'** ဆိုရင် **'စွန့်'**၊ နားကို **'ငါ'**လို့ ဆိုတာကို၊ အဲဒါ **'ဉပါဒါန်'**၊ **'တဏှာ ဉပါဒါန်'**၊ **'ငါ'**ဆိုတာက ဒိဋ္ဌိကိုး၊ စင်စစ် **'ငါ့ကိုယ်ကြီး'** တောင် စွန့်ရမှာ၊ သေတဲ့အခါကျတော့ မစွန့်နိုင်ရင် ဒုက္ခပေါ့၊ စွန့်နိုင်တော့ စွန့်တဲ့ဟာ **'စာဂေါ'** ခေါ်တယ်၊ **'စာဂေါ'** က နိဗ္ဗာန် ခေါ်တယ်၊ အဲဒါ **'နိရောဓသစ္စာ'** ခေါ်တယ်။

**'စွန့်ရမယ်'** လို့ အဲလိုလေး သိပေးရတယ်၊ **'စွန့်ရမယ်'**လို့ သိပေးရတယ်၊ ဟိုပါဠိတော်က စွန့်အပ်တယ်လို့ဆိုတော့ မြန်မာစကားမဟုတ်ဘဲ ပါဠိစကား ဖြစ်သွားတယ်၊ **'ဉပါဒါန်-** အစွဲအလမ်းတွေ'ကို စွန့်ရမယ်၊ ဒါပဲ ဘာစွဲလမ်းသတုံး၊ ပိုက်ဆံတွေမရှိရင်လည်း ခက်ရချည်ရဲ့၊ တစ်လုံးတည်းမှတ်ထား **'စွန့်ရလိမ့်မယ်'၊** ပူရမယ့်ဟာတွေ သောကတွေ ဘာတွေပေါ့။

**'ပဟာတဗ္ဗန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဉဒပါဒိ ဉာဏံဉဒပါဒိ'**၊ အဲဒါ **'ဉာဏ်မျက်စိ'** ခေါ်တယ်၊ **'ပညာစက္ခု'** ခေါ်တယ်၊ **'ပရမတ္ထစက္ခု'**ခေါ်တယ်၊ ရှေးက ကျမ်းဆရာတွေက **'ပရမတ္ထစက္ခု'** တဲ့၊ **'ပရမတ္ထ'** ကိုမြင်တဲ့ **'စက္ခု'** ပေါ့၊ **'အာလောကောဉဒပါဒိ'** အလင်းရောင်ဖြစ်သွားတယ်။ ပယ်ရမယ့်ဟာကို **'စွန့်ရမယ်'**လို့ မသိတော့ ကြွေးတွေတင်နေတယ်၊ သွားစိတ်ကူးလိုက် ပူပြီ မပေးနိုင်ဘူး။ **'လောဘီ'** အဲဒါစွန့်ရမယ့်ဟာတွေ၊ ဒါတွေကို ဒီလိုတွေးရင် ဒီလို ပူလိမ့်မယ်၊ ပြီးတော့ **'သံယောဇဉ်တွေ'** နဲ့ ဒက်ထိတိုးလို့ရှိရင် ဒီလိုပူလိမ့်မယ်၊ အဲဒီဟာတွေ **'စွန့်ရမယ်'၊** ပူလိမ့်မယ် **'မီး'** ပါလို့ဆိုမှပဲ၊ ကိုင်ရမယ်လို့မှ မဆိုဘဲနဲ့၊ မီးဆိုရင် လွှတ်ချရမှာ **'စွန့်ရမယ်'**၊ မီးကိုင် မိနေပြီ၊ ငိုတယ်ဆိုရင် မစွန့်လို့ငိုတာ **'အယူ'**၊ သောက ပရိဒေဝ အဲဒါတွေကို **'စွန့်ရမယ်'**၊ အရင်က သိထားလို့ရှိရင် **'စွန့်တယ် စွန့်ပြီ'** လို့ဆိုရင် မငိုတော့ဘူး၊ မြတ်စွာဘုရားက တစ်လုံးတည်းနဲ့ စွန့်တယ်ဆို **'စာဂေါ'** ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## နိဗ္ဗာန်ဆိုတာ စာငေါ စွန့်ရမယ်

**'နိရောဓသစ္စံ သစ္ဆိကာတဗ္ဗန္တိမေ'** ဒီလိုဆိုရင် စာလုံးနဲ့ မသိတော့ဘူး၊ **'နိဗ္ဗာန်'**ဆိုတာ **'စာငေါ -** စွန့်ရမယ် စွန့်ပြီးပြီ' ဆိုရင် နိဗ္ဗာန်ရောက်ပြီးပြီတဲ့၊ အဲလို မြန်မာစကားလို နားလည်ဖို့ လိုတယ်၊ ငါတို့လည်း ငယ်ငယ်တုန်းက ပါဠိတွေကို ရတော့ရသားပဲ၊ ဒါပေမယ့် အဓိပ္ပါယ်ကို ဒီလိုမသိဘူး၊ **'စွန့်တာ'**ဟာ နိဗ္ဗာန် မျက်မှောက်ပြုတာပဲ၊ ကိုယ်ကစိတ်ထဲက စွန့်ထားတယ်၊ ဥပမာ ယောက်ျားတွေလည်း သူတို့သက်န်းဝတ်ချင်တယ်ဆိုလည်း **'စွန့်ရမယ်'**၊ အဲလိုသိမှ ဝတ်သွားလည်းမပူဘူး **'စွန့်တယ်'။**

**'စွန့်တာ'** ကိုလေသာငြိမ်းလို့ သူ့ကို **'နိဗ္ဗာန်'**လို့ ခေါ်တယ်၊ **'စွန့်တာ'** ဘာမှတ်နေလဲ၊ **'စွန့်တာ'** နိဗ္ဗာန်၊ **'နိရောဓသစ္စံ'၊** ဟိုက **'စာငေါ'**လို့လည်းပါတယ်။ **'စာငေါ ပဋိနိဿဂ္ဂေါမုတ္တိ'၊** အဲဒါ **'စာငေါ'** ဟာ နိဗ္ဗာန်ပဲ၊ **'နိဗ္ဗာနံ သစ္ဆိကာတဗ္ဗန္တိမေ'၊ 'နိရောဓသစ္စံ သစ္ဆိကာတဗ္ဗန္တိမေ-** နိရောဓသစ္စာကို မျက်မှောက်ပြုရမည်'လို့ စာထဲပါတယ်၊ စာထဲပါပေမယ့် မသိဘူး၊ **'စွန့်ရမယ်'**လို့ ဆိုတော့ သိတယ်။

**'စွန့်တယ်'၊** ယောက်ျားကြီး မိန်းမကြီးကလည်း ဘိက္ခုနီမ လုပ်ချင်တယ်၊ မယ်သီလ လုပ်ချင်တယ်ဆို၊ မလုပ်ပါနဲ့အုံးဟာ မစွန့်နိုင်ဘူး၊ စွန့်လိုက်တော့ အေးသွားတယ်၊ အဲဒါ ပဋိစ္စသမုပ္ပါဒ်၊ **'နိရောဓသစ္စံ သစ္ဆိကာတဗ္ဗန္တိမေ'၊ 'နိရောဓသစ္စံ-**နိရောဓသစ္စာ'ကိုတော့ စာလို ဆိုတော့ မသိဘူး၊ ကိုယ်နိဗ္ဗာန်ရောက်တယ်လို့ မထင်ဘူး၊ **'စွန့်ရမယ်'**လို့သိရမယ်။ ကလေး လေးတွေ သားလေးတွေ သမီးလေးတွေ ဘာလေးတွေက၊ ဟိုဒုက္ခ သုခဆိုတာ အက်ဆီးဒင့် (Accidence) ဆိုတာတွေ ဘာတွေ ညာတွေပေါ့၊ **'လောကဓံ'**ဆိုတာရှိတယ်၊ **'လောကဓံကြီး'** ကိုလည်းတွေ့ရမှာ၊ အဲလိုဟာတွေ အဲလိုတွေ့တဲ့အခါမျိုးတွေ **'လောကဓံ'** နဲ့ ကြုံတဲ့အခါတွေမှာ အဲလို **'စွန့်ရမယ်'**၊ အလွမ်းတွေ အပူတွေ အဆွေးတွေ သောကတွေ ပရိဒေဝတွေ ဒုက္ခတွေ အဲဒါ **'ဒုက္ခသစ္စာ'**ပဲလို့ သိရမယ်။

သောကတွေ ပရိဒေဝတွေ ဒုက္ခတွေ အဲဒါတွေကျတော့ **'ဣဒံ ဒုက္ခသစ္စံ ပရိညေယျန္တိမေ-** ပိုင်းခြားရမယ်'၊ အဲသလိုတွေ သစ္စာကတော့ လေးပါးပေါ့၊ ဒါပေမယ့် **'စွန့်ရမယ်'** လို့ဆိုတာ တစ်ခုတည်းသိတာနဲ့ကို အကုန်ငြိမ်းတယ်။ **'နိရောဓသစ္စံ သစ္ဆိကာတဗ္ဗံ**-မျက်မှောက်ပြုရမည်' လို့ ဆိုတာပဲ၊ ကဲဘယ်လိုပြုမတုံး ဆရာ့ဆိုတော့ စွန့်လိုက်တော့ အေးသွားတယ်လေ၊ ပူစရာ အကြွေးတွေ ငါပေးပြီးသား အကြွေးတွေ ဘယ်သူ့ဆီ သိန်းဘယ်လောက်ရှိတယ်၊ ဘယ်သူ့ဆီ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ရှိတယ်နဲ့ ဟင် ကိုယ့်လက်ထဲရှိတာမှ မဟုတ်ဘဲ၊ သူတို့ပေးမှရမှာ မပေးရင်ရမှာမှ မဟုတ်ဘဲ၊ မရှိဘဲနဲ့ တောင်းလည်းရမှာမှ မဟုတ်တာ၊ လိုတော့လိုချင်တာပေါ့၊ ဒါပေမယ့် မရမချင်း စွန့်ထားရမှာပဲ၊ အဲဒါ **'စွန့်ထားပြီ'** ဆိုရင် နိဗ္ဗာန်ကို မျက်မှောက်ပြုတာပဲ၊ အဲဟို ဓမ္မစကြာက မပြောတတ်လို့သာလျှင်၊ ပြောတတ်လျှင် တရားက အလွန်ကောင်းတယ်၊ **'စာဂေါ'** ဆိုတာ အဲဒီလိုတွေးမှ အေးတယ်၊ သို့မဟုတ်လို့ရှိရင် ဟိုကလည်း မပေးနိုင်၊ လူချင်းမျက်နှာ ချင်းတွေ့ အခင်တွေပျက် ဘာတွေပျက်၊ သွားသွားတွေ့ရင် ဟိုကလည်းအားနာ၊ ဒီကလည်း ဟဝ့ာမပြုနဲ့မကောင်း၊ အဲဒါမျိုးကို စွန့်ထားရင် **'စာဂေါ'** ခေါ်တယ်။

**'စွန့်တယ်'** ဆိုတာ နိဗ္ဗာန်ခေါ်တယ်၊ ငြိမ်းသွားအေးသွားတယ်၊ မအေနဲ့ သမီး သား၊ နှစ်ခုရှိတယ်၊ မအေကြီးသေသွားလိမ့်မယ်၊ အဲဒါ ဘယ်လိုဟာ ဘာ ညာနဲ့ ဒီလိုမလုပ်နဲ့ တစ်ခါတည်း နောက်ကျတော့ ကိုယ်ကလည်း မပေးနိုင်သေးပါဘူးဆိုတယ်၊ အကြွေးရှင်က တစ်ခါတစ်ခါ ရှောင်ရှောင်နေရသေးတယ်၊ အဲလိုမှ မဟုတ်ရင်သောကတွေ ပရိဒေဝတွေဟာ၊ **'စာဂေါ-**စွန့်ရမယ်**'**လို့ သိရမယ်၊ အဲဒါတွေက **'ဒုက္ခသစ္စာ'** လို့ သိရမယ်၊ ပိုင်းခြားသိရမယ့်ဟာတွေ **'ပိုင်းခြားသိရမယ်'**၊ မျက်မှောက်ပြုရမယ်ကျ အဲဒါကို **'မျက်မှောက်ပြုရမယ်'**။

အဲလို **'စွန့်ရမယ် စွန့်တယ်'**။ **'မျက်မှောက်ပြုရမယ်'** ကျတော့ အဲလို **'စွန့်ရမယ် စွန့်တယ် စွန့်ပြီးပြီ'**၊ မရ ရရ **'စွန့်ပြီးပြီ'** ဆို နိဗ္ဗာန် မျက်မှောက်ပြုတာပဲ၊ အေးချမ်းသွားတာကိုး သူ့စိတ်ထဲ **'ဥပါဒါန်'**လည်းမရှိ **'တဏှာ'** လည်း မရှိတော့ဘူး၊ သို့မဟုတ်လို့ရှိရင် ဒီပိုက်ဆံထုပ်ကြီး လိုချင် နေတာနဲ့ လိုချင်တော့ ကိုယ်လည်း ဖျားနေပြီဆို ဒီပိုက်ဆံထုပ်၊ လက်ထဲက ပိုက်ဆံထုပ်ကြီးက ဘာမှကိုယူသွားလို့ မရဘူး၊ ထားပစ်ခဲ့ရမှာ သား သမီးလေးတို့ မော်တော်ကားကြီးတို့၊ အဲဒါတွေ ကို **'စွန့်ရမယ်'** လို့ သိထားလို့ရှိရင် ငြိမ်းအေးသွားတယ်။

ပိုက်ဆံထုပ်ကြီးတို့ အိတ်ကြီးတို့ စွန့်ရမယ်လို့မသိတော့ ဟော ငါ့ကား ငါ့တိုက် ငါ့ဖအေ ငါ့ဖအေက ငါ့ယောက္ခမက ဆရာဝန်ကြီး ဘာကြီးနဲ့ အဲလိုဟာတွေ၊ ပူရမယ့်ဟာတွေကို **'ပိုင်းခြားပြီးသိရမယ်'**၊ အဲဒါတွေကိုလည်း **'စွန့်ရမယ် စွန့်တယ်'** လို့ ဆိုရင် နိဗ္ဗာန်ခေါ်တယ်။ **'စာဂေါ'**၊ မြန်မာလိုပြောရင် မလေးနက်လို့သာ၊ တကယ်မြန်မာလိုသိရင် တကယ့်ကို ငြိမ်းတဲ့ ဟာမျိုး၊ အဲဒီ တရားကို မြန်မာလို ကိုယ်ကလည်း သိရမယ်၊ ဟောလည်း ဟောတတ်ရမယ်၊ အဲဒါမှ လူတွေ သိတယ်၊ ဘုရားပွင့်တုန်းကဟာလိုပဲ၊ ဘုရားပွင့်တုန်းကလည်း ဒီလို ဟောတာပဲ၊ တို့အရင်တုန်း ကလည်း **'ဓမ္မစကြာ'**ရတာပဲ၊ ဟော ဗုဒ္ဓဂယာတောင် ရောက်ခဲ့သေး။

www.burmeseclassic.com

www.burmeseclassic.com



**စွန့်ပြီးတော့ မစွဲလမ်းနဲ့**

**'စွန့်ရမယ်'**လို့သိမှ မြတ်စွာဘုရားဟောတဲ့ဟာ ဒါပါပဲကလား၊ မဟုတ်ရင် ဗုဒ္ဓဂယာ ဆယ်ခေါက်ရောက် ဘာမှသိမှာ မဟုတ်ဘူး၊ **'စာဂေါ'** စွန့်ရလိမ့်ဦးမယ်၊ တစ်ခါတည်း မော်တော် ကားကြီးက လမ်းမှားသွားတော့ ချောက်ထဲ နောက်ဆုတ်ကြီးနဲ့ လူတွေကလည်း လေးဆယ် ငါးဆယ်နဲ့၊ မော်တော်ကားကြီး ချောက်ထဲမှာ၊ ကားဖင်ကြီးကို ချောက်ထဲကဆွဲ အတင်းလုပ်ယူ ရတဲ့ဟာ ကုန်းပေါ်ရောက်၊ အသက်ကိုလည်း စွန့်ရတတ်တယ်။ စွန့်ပြီးတော့ **'မစွဲလမ်း'** နဲ့ မြန်မာ ကုလား တရုတ် လူတွေ ဘာတွေကို မစွဲလမ်းနဲ့။ **'စွဲလမ်း'**လို့ရှိရင် အဲဒါ **'ဘဝ'** ဖြစ်သွား တာပေါ့ **'ကမ္မဘဝ'**၊ ဒါကြောင့် မစွဲလမ်းနဲ့ -**'စွန့်တယ်'**၊ **'စွဲလမ်းတာတွေ'** ကို **'စွန့်ရတယ်'၊ 'စွန့်ပြီးပြီ'**။

အဲဒါ **'စွန့်ရမယ်'**ဆိုတာက **'ပဟာတဗ္ဗန္တိမေ ဘိက္ခဝေ ပဟီနန္တိမေ ဘိက္ခဝေ**- စွန့်ပြီ'၊ **'ဤဟာ သမုဒယသစ္စာ'**လို့ အရင်သိတာ **'သစ္စဉာဏ်'** ဖြစ်သွားတယ်၊ **'လူတွေ'**လို့ ဆိုတာကို စွန့်တယ်၊ အဲဒီလို စိတ်ထဲကို စွန့်လိုက်ရင် **'ဥပါဒါန်'** မရှိဘူး၊ အဲဒါကို **'နိရောဓသစ္စာ'** လို့ ဖြစ်သွားတယ်၊ နင်တို့လည်း ပါဠိက အဲလိုအခံလေး နည်းနည်းရှိပေးထားတော့မှ၊ တရားနာ တယ်ဆိုတာ ဒီလိုအခံလေး ဘာလေးရှိရတယ်။ **'ဓမ္မစကြာ'**၊ မျက်မှောက်ပြုရမယ်ကျ ဟောပြီးရင် သောတာပန်ဖြစ်တာပဲ၊ **'စွန့်ရမယ်'** ဆိုတာ **'စွန့်တယ်'** ဆိုတာ အဲဒါ နိဗ္ဗာန်မျက်မှောက်ပြုတာ။

**ပဟာတဗ္ဗန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု၊ စက္ခုံဥဒပါဒိ ဉာဏံဥဒပါဒိ ပညာဥဒပါဒိ ဝိဇ္ဇာဥဒပါဒိ အာလောကောဥဒပါဒိ၊** ပါဠိက ဒီလိုဟောတယ်၊ ဒီလိုဟောလို့ရှိရင် မြန်မာလိုက **'စွန့်ရလိမ့်မယ်'**။

**ပျင်းတာတွေ ဘာတွေလည်း စွန့်ရမှာပဲ**

**'ထိနမိဒ္ဓ'** အကုသိုလ်ဖြစ်တဲ့ဟာတွေ၊ အဲဒါတွေကိုလည်း **'စွန့်ရမယ်'**၊ ပျင်းတာတွေက အကုသိုလ်ဖြစ်တာတွေကိုး၊ သူတို့ကို အလိုလိုက်မထားရဘူး၊ လူတွေဘာတွေ သုံးဆယ့်တစ်ဘုံ တွေလည်း စွန့်ရမှာပဲ၊ ဟော သေပြီဆိုတော့ မြတ်စွာဘုရားကြီးသိတဲ့ **'သရဏဂုံ'**တောင်မှ စွန့်ရသေးတယ်၊ ဒါကြောင့် **'သရဏဂုံ'** တင်တယ်ဆိုပြီးတော့တင်တယ်၊ ဒါပေမယ့် ဟိုကမသိ တော့ဘူး၊ အခုလို တရားနာနေတဲ့ဟာတွေလည်း အကုန် **'စွန့်ရမယ်'**၊ အဲဒါ **'ပဟာတဗ္ဗန္တိမေ-** စွန့်ရမယ်'လို့သိမှ၊ **'စွန့်နေတယ် စွန့်ပြီးပြီ'**ဆိုရင် နိဗ္ဗာန်ရောက်သွားပြီ။

**'စွန့်ရမယ်'**လို့ သိတာက **'သစ္စဉာဏ်'**။

**'စွန့်နေတယ်'** ဆိုတာက အဲဒါ **'ကိစ္စဉာဏ်'**။

**'စွန့်ပြီးပြီ'** ဆိုရင် **'ကတဉာဏ်'**။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ **'ပဋိစ္စသမုပ္ပါဒ်'**ကို၊ ပါဠိလေးက အဲလို **'သစ္စာလေးပါး'**ကို အဲလိုသိသွားတယ်၊ **'စွန့်တယ်'**ဆိုတဲ့ဟာက **'စာဂေါ'**ခေါ်တယ်။ **'တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော၊ စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော'**၊ **'အာလယ'** ပြတ်ရမယ်၊ ကိုယ့်ကိုယ်ကို မိန်းမကြီးလို့ထင်နေတဲ့ဟာလည်း **'အာလယ'** ပြတ်ရမယ်၊ ယောက်ျားကြီး မိန်းမကြီး လက်တွေ ခြေတွေလည်း သေသွားရင် ဘာမှမတတ်နိုင်ဘူး၊ လေဖြတ်ရင် လေမလျှောက်တော့ရင် သေသွားတော့တာ၊ နာမည်တွေကိုလည်း **'အာလယ'** ပြတ်ရမယ်။

**'စွန့်တယ် စွန့်တယ်'**၊ ပါးစပ်က ဆို ဆိုနေပြီး စွန့်နေ၊ သေခါနီးလည်း စွန့်လိုက်ပြီဆို ပထမတန်း၊ ဘယ်မှမစွဲလမ်းတော့ဘူးဆိုတော့ နိဗ္ဗာန်ရောက်သွားတယ်၊ **'ဓမ္မစကြာ'**ကို မြန်မာလို နားလည်ပေးရမယ်၊ ဒါကဟောတာ ဟိုဟာကလုပ်ရင် ကိုယ်ရတဲ့ဟာ ဆရာကဒီလို ပြောထားလို့ ဆိုတော့၊ ဟောဟန်သွားတယ်၊ ဘယ်ရောက်ရောက် ဘုရားမပွင့်တဲ့နေရာရောက်လည်း ကိစ္စ မရှိဘူး၊ **'သစ္စာလေးပါး'** သိပြီးသား၊ ပစ္စေကဗုဒ္ဓါတွေ **'သစ္စာလေးပါး'** သိသွားတယ်။

**တဏှာ ဥပါဒါန်တွေကို စွန့်ရမယ်**

**'စွန့်ရမယ်'**ဆိုတာ ဘာကိုသိတာတုံး၊ **'တဏှာတွေ၊ ဥပါဒါန်တွေ'** ကို **'စွန့်ရမယ်'** လို့ ပြောတာ၊ **'စွန့်တယ်'** ဆိုတော့မှ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်၊ **'စွန့်ရမယ်'**ဆိုလည်း နိဗ္ဗာန် မျက်မှောက်ပြုတာပါပဲ၊ **'တဏှာစွန့်တယ်'** ဆိုလည်း ငြိမ်းသွားတာပါပဲ၊ ကိုယ့်ကိုယ်ကို မိန်းမကြီး ရယ် နဖူးကြီးရယ် ခေါင်းကြီးရယ် အဲလိုမထားရဘူး၊ ကဲ**'စွန့်လိုက်ပြီ'**ဆိုရင် မငြိမ်းဘူးလား။ **'ခေါင်းကြီး'** ရောရှိသေးလား (မရှိပါဘူးဘုရား)၊ **'မျက်ခွက်ကြီး'** ရော(မရှိပါဘူးဘုရား)၊ **'ပါးကြီးရော'** (မရှိပါဘူးဘုရား)၊ **'နဖူးကြီး'**ရော (မရှိပါဘူးဘုရား)၊ အဲဒါတွေက ဘာတွေတုံးဆိုတော့ **'ဥပါဒါန်တွေ'**၊ ဘာတွေတုံး (ဥပါဒါန်တွေပါဘုရား)၊ **'တဏှာ ဥပါဒါန်'**၊ ကဲသေပြီ အဲဒီ ခေါင်းကြီး ယူသွားလို့ရသေးလား (မရပါဘူးဘုရား)၊ ခေါင်းကြီးမဟုတ်ဘူးတဲ့၊ အဲဒါ **'ပထဝီ အာပေါ တေဇော ဝါယောတွေ'**၊ **'ဒုက္ခသစ္စာတွေ'**၊ **'ဖြစ်ပျက်'**နေတာဟုတ်ကဲ့လား၊ အဲဒါ **'ပိုင်းခြားသိ'**။ **'ဒုက္ခသစ္စံ ပရိညေယျန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု၊ စက္ခုံဥဒပါဒိ ဉာဏံဥဒပါဒိ ပညာဥဒပါဒိ ဝိဇ္ဇာဥဒပါဒိ အာလောကောဥဒပါဒိ။**

**စာဂေါက နိရောဓသစ္စာ**

ကဲ အင်္ကျီတွေ ဘာတွေ မျက်ခွက်တွေ ခေါင်းတွေ လက်တွေ ရင်ဘတ်တွေက ဘာတွေ တုံး၊ **'ဥပါဒါန်တွေ'**၊ အဲဒါတွေ **'စွန့်ရမယ်'**လို့ သိရမယ်၊ ဒါမှ သေတော့လည်း ဘာ အရေးကြီးတုံး

www.burmeseclassic.com

www.burmeseclassic.com



ဘာစိုးရိမ်စရာရှိတုံး (မရှိပါဘူးဘုရား)။ အဲလိုဖြစ်သွားတော့ စိုးရိမ်စရာမရှိဘူးဆို နိဗ္ဗာန်ရောက်သွားတာပဲ၊ **'စာငေါ်'** နဲ့ အတူတူပဲ အဲလို သတ္တိတွေအလွန်ကောင်းရတယ်၊ **'ဓမ္မစကြာ'**က သတ္တိကောင်းတယ်၊ သတ္တိကောင်းတော့ မမြင်ဘူးလား၊ ဘုရားအမျိုးတွေ ဝိဋ္ဋမျှပက ဓားကြီးတွေနဲ့ လိုက်ခုတ်သတ်နေတာ သတ်ချင်သတ် မသတ်ချင်နေ ခေါင်းမှမရှိဘဲနဲ့-**'နာမ်ရုပ်'**၊ **'သိတာက နာမ်'**၊ အဲလိုဟာသိတာကို **'ငါ'** သိတာလို့ မစွဲလမ်းနဲ့၊ **'နာမ်'**ကသိတာ၊ မသိနဲ့လို့ရော မြင်ရင် မမြင်နဲ့လို့ရော ဆိုလို့ရလား (မရပါဘူးဘုရား)၊ အဲဒါသိတာ ထိုင်တာကြီးကိုရော **'ငါ'**လို့ မစွဲလမ်းနဲ့၊ **'ရုပ်'**မရှိဘဲနဲ့ ထိုင်လို့ရသလား၊ အဲဒါကို မစွဲလမ်းရင်ကိုပဲ တော်တော်ဟန်ပြီ၊ **'စာငေါ်'** က စွဲလမ်းတာတွေကို စွန့်ရမယ်တဲ့၊ အဲဒါ နိရောဓသစ္စာပဲ။

**'စာငေါ်'** က ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)။

**'မစွန့်နိုင်ဘူး'** ဆို တဏှာတို့ ဥပါဒါန်တို့က ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)။

**'ရုပ်တွေ နာမ်တွေ'** က ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

သူက **'ဖြစ်ပျက် ဖြစ်ပျက်'**နဲ့ နေရမှာပေါ့၊ ဟိုဟာတွေက ဖြစ်ပျက်၊ ဖြစ်ပျက် ဖြစ်ပျက် အရင်ကို ဒုက္ခမှန်း ဘာမှန်း အဲလိုဓမ္မစကြာက ဖော်ပေးတယ်၊ **'ဓမ္မစကြာရယ်၊ သတိပဋ္ဌာန်ရယ်၊ အနတ္တလက္ခဏာသုတ်ရယ်'** ညီအစ်ကိုတွေ၊ ဉာဏ်ရောက်ဖို့ ပထမတန်းတွေ၊ ဘုရားဟောထားတဲ့ ဉာဏ်က မရောက်ဘဲဖြစ်နေလို့ ခေါင်းတွေ ခြေတွေ လက်တွေ ဘာတွေရှိတယ်ဆိုပြီး မစွဲလမ်းနဲ့ **'ငါ'**ရှိတယ်ဆိုပြီး မစွဲလမ်းနဲ့ အဲဒီဟာတွေကို **'စွန့်ရမယ်'၊** စွန့်မှ နိရောဓသစ္စာ၊ ဘာကို စွန့်ရမတုံး (တဏှာ ဥပါဒါန်ပါဘုရား)။

အဲဒီလိုပဲ ဆွမ်းလောင်းတာတွေ ဘာတွေ ညာတွေဆိုလည်း အဲလိုဟာတွေ နှမြောတာတွေရှိသေးလား (မရှိပါဘူးဘုရား)။ ဆွမ်းလောင်းတာကို ဘယ်သူက ဘယ်လိုဆိုပြီး ဟိုဟာတွေ လျှောက်တွေး ဒီဟာတွေလျှောက်တွေးနဲ့ဆိုတော့ မစွန့်နိုင်ဘူး၊ အဲလို ဆွမ်းလောင်းတာလည်း စွန့်လိုက်တာပဲ၊ **'စာငေါ်'**ဆိုတာ စွန့်လိုက်တာပဲ၊ အဲလိုကို ရိပ်မိသွားရင် ပထမတန်း ရွတ်လို့လည်းကောင်း ဖတ်လို့လည်းကောင်း စိတ်ထဲကြည်လင်သွားပြီးတော့ တစ်ခါတည်း နေတယ်၊ အခု ထိုင်ရက်ကြီးကို **'ငါ'** လို့မစွဲလမ်းနဲ့ အဲဒါစွန့်လိုက်၊ ဆရာ့ဖြစ်ရဲ့လားဆိုတော့ ဘာလို့ မဖြစ်ဘဲနေရမှာလဲ၊ ဘုရားပါဠိတော်က ရှိတာကို ဟောတာပဲ။ **'ဘိက္ခဝေ** - ဘိက္ခဝေ ရဟန်းတို့၊ **ပဟာတဗ္ဗတ္တိ**- ပယ်စွန့်အပ်၏ဟူ၍၊ **ပုဗ္ဗေ**- ဘုရားမဖြစ်မီ ရှေးအဖို့၌၊ **အနနုဿုတေသု**- မကြားအပ်ဖူးကုန်သော၊ **ဓမ္မေသု**- သစ္စာ လေးပါးတရားတို့၌၊ **ဉာဏံ**- ဉာဏ်သည်၊ **ဥဒပါဒိ**-

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားဖြစ်ပြီ'။ အဲဒါကိုပြောတာ၊ အဲလိုပြောတာကို အဲလိုနားလည်သွားရင် အဲလိုဟန်သွားတယ်၊ မယုံရင်ကြည့်ပါအိပ်လို့ကိုပျော်တယ်၊ အခုတော့ အိမ်တံခါးလုံမှ လုံရဲ့လား၊ ကားသော့ကြီးဘယ်ထားခဲ့လဲ၊ ဟိုရောက်သွားပြီ အဲဒါတွေ၊ ဒါထက်မကတာတွေတောင် စွန့်ရမှာ၊ ဒီပိုက်ဆံလေးလောက်ကို၊ **'နိဗ္ဗာန်'**ဆိုတာက အကုန်စွန့်ရမှာချည်းပဲ၊ ကြွေးတွေကောစွန့်ရမှာပဲ၊ ခေါင်းကြီး၊ လက်ကြီး၊ ခြေကြီးတွေကော စွန့်ရမယ့်ဟာပဲ၊ အဲဒါတွေမထားနဲ့ ပြီးတော့ **'ရုပ်ကြီးတွေ'** ရှိတယ်၊ **'နာမ်ကြီးတွေ'** ရှိတယ်၊ ခြေထောက်ကြီးတွေရှိတယ်လို့လည်း မထားနဲ့ သူကလည်း **'အနိစ္စ ဒုက္ခ'**ဆိုပြီး ဖြစ်ပျက်နေတာ။

**'ရုပ်ကြီးတွေ'**ကိုလည်း စွန့်ရလိမ့်မယ်၊ **'နာမ်ကြီးတွေ'**ကိုလည်း စွန့်ရလိမ့်မယ်၊ **'ယောက်ျားကြီးတွေ'** ကိုလည်း စွန့်ရလိမ့်မယ်၊ **'မိန်းမကြီးတွေ'**ကိုလည်း စွန့်ရလိမ့်မယ်၊ **'သား သမီးကြီးတွေ'** ကိုလည်း စွန့်ရလိမ့်မယ်၊ **'အင်္ကျီတွေ'** ကိုလည်း စွန့်ရလိမ့်မယ်၊ အင်္ကျီတွေလည်း ကောင်းကောင်းထားတယ် မဝတ်ရက်ဘူးတဲ့၊ နှမြောလို့တဲ့၊ အဲလိုဟာကြီးတွေလည်း စွန့်ရမှာပဲ၊ အဲဒါ **'ပဟာတဗ္ဗန္တိ'**လို့ တစ်လုံးတည်း ဆိုထားလိုက်စမ်း၊ အကုန်ကိုပဲ နိဗ္ဗာန်ရောက် မသွားဘူးလား၊ ဘုရားဟောက အလွန်ကောင်းတယ်လို့ ငါကပြောတာ၊ ဒီလိုလေး နားလည်ပေးပါ။ အဲလိုဆိုရင် ပထမတန်းကောင်းပါတယ်လို့။

ပိုက်ဆံတွေရတယ်၊ တစ်နေ့ကျ သားသမီး ပေးရင်ပေး၊ ပေးလည်းကုန်၊ မပေးရင်လည်းကုန်၊ အဲလိုဟာတွေဖြစ်မှာ၊ အဲဒါကျ ဘယ်ဟာလဲဆိုရင် သမုဒယသစ္စာ၊ ပါဠိက **'သမုဒယသစ္စံ'** လို့ဆိုတယ်၊ **'သမုဒယသစ္စံ'** ဆိုတာ ကိုယ်လိုချင်တာ ကိုယ့်အသက်လေးများ နှမြောလိုက်တာ၊ အသက်လည်း နှမြောတာပဲ၊ ကိုယ့်ရှိတာလည်း နှမြောတယ်၊ အဲဒါမျိုးတွေကို **'သမုဒယသစ္စံ'**လို့ ခေါ်တယ်၊ ဘာခေါ်သတုံး (သမုဒယသစ္စံပါဘုရား)။ **'တဏှာ'**လို့၊ **'ဉပါဒါန်'**လို့ ခေါ်တယ်၊ **'အစွဲအလမ်း'** မထားနဲ့၊ **'အစွဲအလမ်း'** က ခေါင်းလို့ လည်း စွဲလမ်းထားတယ်၊ လက်လို့လည်း စွဲလမ်းထားတယ်၊ ပါဠိကတော့ **'သမုဒယသစ္စံ'** လို့ ဆိုတာပဲ။

### နှမြောရင် သမုဒယသစ္စာ၊ စွန့်တယ်ဆိုတာက နိရောဓ သစ္စာ

ကိုယ်က စွဲလမ်းတာက ခေါင်းတွေလို့ **'စွဲလမ်း'** တယ်၊ လက်ကြီးကိုလည်း ငါ့လက်ကြီးလို့ မစွဲလမ်းဘူးလား၊ ခေါင်းလည်း **'စွဲလမ်း'** တယ်၊ နားရွက်လည်း **'စွဲလမ်း'** တယ်၊ နှာခေါင်းလည်း **'စွဲလမ်း'**တယ်၊ မစွဲလမ်းဘူးလား၊ ခြေသည်း လက်သည်းကိုတောင်မှ ငါ့လက်သည်းလို့ **'စွဲလမ်း'** တယ်။ ဟိုမယ် တစ်တောင်လောက်ရှိတဲ့ လက်သည်းကြီးကို ကွေးကောက်လို့၊ လက်သည်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ဖြတ်ပစ်ရမှာ နှမြောနေတာ ဆေးကလည်းမဆိုးနိုင်တော့ဘူး၊ ဆိုးရင်လည်း တစ်တောင် လောက်ရှိတဲ့ လက်သည်းကြီးကို သူကတော့ လှမှာပဲ၊ ကြည့်ရတဲ့လူက ကောက်ကွေး ကြီးတွေ ထမင်းတောင်စားလို့လည်း မဖြစ်ဘူး၊ အဲဒါကြီးလည်း နှမြောတာပဲ နှမြောရင် **'သမုဒယသစ္စံ'** နှမြောတယ်ဆိုရင်ဘာ သစ္စာတုံး (သမုဒယသစ္စာပါဘုရား)။ အဲဒါတွေ အကုန် စွန့်ရမယ် စွန့်တယ်ဆိုတာက **'နိရောဓသစ္စံ၊'** ဘာပြုလို့ နိရောဓသစ္စံ စွန့်တယ်လို့ ဆိုရင်လည်း **'တဿာယေဝ တဏှာယ**-ထိုတဏှာ၏သာလျှင်'၊ တဏှာနဲ့ဝတ္ထုကာမ ကိလေသာ ကာမ၊ မင်းတို့ရှိနေတဲ့ တဏှာပေါ့၊ **'လိုချင်တာတွေ'**၊ **'လိုချင်တာ'**ဘာတုံး (တဏှာပါဘုရား)။

**လိုချင်စရာ နှင့် လိုချင်တာ**

လိုအပ်တဲ့ဟာ ပိုက်ဆံတွေဘာတွေက **'လိုချင်စရာ'** ဟုတ်ကဲ့လား၊ **'လိုချင်တာ'**က **'တဏှာ'**ခေါ်တယ်၊ တဏှာနဲ့ ဝတ္ထုကာမ၊ ကိလေသာကာမ ပြောဖို့လို့၊ **'လိုချင်တာ'** က တဏှာနော်၊ တဏှာက **'ကိလေသာကာမ'၊** အဲဒါလေး ဂရုစိုက် ဒီအသားတွေ အရိုးတွေ ကိုယ်ခန္ဓာကြီးက **'လိုချင်စရာကြီး'** ဘာကြီးတုံး (လိုချင်စရာကြီးပါဘုရား)၊ **'လိုချင်စရာကြီး'** က ဘာတုံး (ကာမဝတ္ထုပါဘုရား) ။

**'လိုချင်တာ'**က ဘာတုံး၊ **'တဏှာ'**ခေါ်တယ်၊ **'ကိလေသာကာမ'** အဲလို ခွဲရတယ်၊ **'ပူစရာကြီးတွေ'**က ဘာတုံး **'ကာမဝတ္ထု'**၊ ခွဲရမယ်၊ ကဲ ဆံပင်လေးတောင်မှ မယ်သီလ မလုပ် ခင်က ကတုံးကြီး တုံးပစ်လိုက်မယ်ဆို အဲဒီဆံပင်လေး နှမြောလား မနှမြောဘူးလား၊ နှမြောရင် ဘာတုံး **'တဏှာ'၊ 'တဿာယေဝ တဏှာယ'** ဓမ္မစကြာလေးကို နှလုံးသွင်း၊ အလွန်ကောင်းတဲ့ တရား၊ ဘုရားဟောနေသလိုပဲ၊ ကြည်ညိုလိုက်တာမှ တစ်ခါတည်းကို၊ သြော်ဒီလိုပါတကား၊ သြော် ဒီလိုပါတကားနဲ့ ကြက်သီးမွေးညင်းတွေထပြီး အဲဒီနားမှာ သောတာပန် ဖြစ်သွားနိုင်တယ်၊ ဘုရားရှိတုန်းကလို၊ ဟုတ်တယ်ဆံပင်လေးတောင်မှ မယ်သီလ မလုပ်ခင်ရိတ်လိုက်စမ်းဟဲ့၊ ဟော နှမြောနေ မရိတ်တော့ဘူး၊ ခေါင်းကလည်း ရိတ်သွားပြီ၊ မယ်သီလလည်း မလုပ်ရဘူးဆိုတော့ သူခေါင်းကြီးပတ်ထားတယ်၊ သူ့ကတုံးကြီးရှိမှန်းမသိအောင်လို့ တဘက်ကြီးနဲ့ ပတ်ထားတာ၊ အဲဒါဘာလုပ်တာတုံး **'တဏှာ'** ခေါ်တယ်။

**'တဿာ ယေဝ တဏှာယ အသေသဝိရာဂ နိရောဓော၊ စာဂေါ ပဋိနိဿဂ္ဂေါ'**၊ အဲဒီ **'တဏှာ'** စွန့်လိုက်တာနဲ့ပဲ **'နိရောဓသစ္စာ'** ဖြစ်သွားတယ်၊ **'တဏှာ'**က လူတွေ နတ်တွေ ယောကျ်ားတွေ မိန်းမတွေ အကုန်မဟုတ်လား၊ အဲဒီ **'တဏှာတွေကို စွန့်အပ်တယ်'**၊ တဏှာနဲ့

www.burmeseclassic.com

www.burmeseclassic.com



တဏှာဝတ္ထုနော်၊ လိုချင်တာနဲ့ လိုချင်စရာ။

**'လိုချင်စရာ'** က ဘာတုံး (ဝတ္ထုကာမပါဘုရား)။

**'လိုချင်တာ'**က ဘာတုံး (ကိလေသာကာမပါဘုရား)။

**'ဝတ္ထုကာမ၊ ကိလေသာကာမ'၊** အဲလိုနှစ်ခုခွဲ၊ အဲဒါမှ **'လိုချင်စရာ'** က တဏှာ မဟုတ်ဘူး၊ ကိုယ်က လိုချင်မှ တဏှာဖြစ်တယ်၊ အဲဒါကို **'စာဂေါ'** လုပ်လိုက်တဲ့အခါကျတော့ **'ပညတ်တွေ'** လည်း ရှိသေးလား (မရှိတော့ပါဘုရား)၊ **'လူ'** လည်းရှိသေးလား (မရှိတော့ပါဘုရား)။ **'စိတ် စေတသိက်'** တောင်မရှိတော့ဘူး၊ နိဗ္ဗာန်ပဲ ရှိတော့တယ်၊ **'စိတ် စေတသိက်'**က ဘာသစ္စာလည်း ဆိုတော့ ဒုက္ခသစ္စာဖြစ်သွားတယ်၊ **'စိတ် စေတသိက်'** တောင် မရှိတော့ဘူး၊ **'နိရောဓ'** ဖြစ်သွား တယ်၊ **'သစ္စာ'** ဖြစ်သွားတယ်၊ တရားက အလွန်ကောင်းပါတယ်ဆိုတာ၊ ကိုယ်က နည်းနည်းညံ့ နေရင်သာ မဟန်တာ၊ သို့မို့ရင် ပထမတန်းကောင်းတယ်။

**'တဏှာ'**ဆိုတော့ စာလုံးကြီးတွေနဲ့ အဝှါကြီးနဲ့ ခက်နေလို့ဟာ၊ စင်စစ် ဆံပင်လေးလည်း မနှမြောဘူးလား၊ ကဲ မျက်ခုံးမွေးရိတ်လိုက်မယ်ဆိုတော့ကော၊ ယိုးဒယားလိုဆိုရင် မျက်ခုံး မွေးကြီးကို ရဟန်းမဝတ်ခင် ရိတ်ရတယ်၊ အခုလည်း မျက်စိခွဲရမယ်၊ စိတ်ရမယ်ဆိုတော့ကော မျက်ခုံးမွေးကြီးကို ကိုက်ပစ်တယ် ရှည်လို့၊ အတုနဲ့ မကိုက်ဘဲနေမှာစိုးလို့ နှမြောရင် ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)။ အဲဒါကိုစွန့်ရမယ်တဲ့၊ မြတ်စွာဘုရားကပြောတာကို၊ လက်ကြီးတွေ မနှမြောဘူးလား၊ **'စွန့်ရမယ်'** ဆိုတော့ ဘုရားတောင်မှပဲ ကဲ့ရဲ့လိမ့်အုံးမယ်၊ မစွန့်နိုင်တာကြီး အစွန့်ခိုင်းတယ်လို့၊ မစွန့်ဘဲကော နေရမှာလား အဲဒီလို၊ **'စွန့်ရမယ်'** ။

**'သစ္ဆိကာတဗ္ဗန္တိမေ** - စွန့်တယ် စွန့်ပြီးပြီ၊ အဲ အဲဒါဆို **'အရိယာ'** ဖြစ်သွားပြီ၊ **'နိရောဓသစ္စ်'** အဲ မျက်မှောက်ပြုပြီးသွားပြီ၊ စွန့်ပြီးပြီဆိုတော့ သူ့မှာ နှမြောတာရှိသေးလား (မရှိတော့ပါဘုရား)။ မရှိတော့ **'တဏှာ'** ရှိသေးလား၊ အဲဒါပါဠိနဲ့ အဲဒီလိုအကိုက်ပဲ၊ ကိုယ့်ဟာလေးဆိုရင် အလွန် နှမြောတယ်၊ ကိုယ့်ဟာလေးဆိုတော့ ဘာဉပါဒါန်တုံး (ဒိဋ္ဌုပါဒါန်ပါဘုရား)။ **'ဒိဋ္ဌုပါဒါန်'** ဘာ သစ္စာတုံး၊ **'ဒိဋ္ဌုပါဒါန်'**ဆိုတာ သမုဒယသစ္စာ၊ အဲဒါလေးကို တစ်လုံးတည်းကိုင်ထား၊ **'စွန့်ရ လိမ့်မယ် စွန့်ရလိမ့်မယ်'** အဲလိုလုပ်ထား၊ **'စွန့်နိုင်ပြီ'** ဆိုရင် နိဗ္ဗာန် ရောက် သွားပြီ၊ အဲလိုမှတ်ထား စိန်နားကပ်လေးတွေ နှမြောတဲ့ဟာလေးတွေ မော်တော်ကားလေးတွေ အကျႌကလေးတွေ ကိုယ့်အသက်ကလေးတွေပေါ့၊ အသက်ကလေးတွေဘာတွေပေါ့။ **'ဇီဝိတိန္ဒြေရုပ်၊ ရုပ်ဇီဝိတိန္ဒြေ၊ နာမ်ဇီဝိတိန္ဒြေ'၊ 'ဇီဝိတိန္ဒြေ'** အသက်၊ အဲဒါ နှမြောစရာကကောင်း၊ အနှမြောဆုံးပေါ့၊ အဲဒါတွေ

www.burmeseclassic.com

www.burmeseclassic.com



လည်း စွန့်ရမှာတဲ့၊ မြတ်စွာဘုရားကပြောတာ၊ ဘယ်ပါဠိကပြောတုံးဆို **'သမုဒယသစ္စာ ပဟာတဗ္ဗန္တိမေ'** က ပြောတယ်၊ အဲဒီလိုပဲ **'စွန့်ရတော့မယ်'** ဆိုကာမှ၊ အသက်ကိုလည်း **'စွန့်ရလိမ့်မယ်'** ဆိုကာမှ တော်ကြာသုံးလလောက်ခံတော့မယ်ဆိုတော့ တစ်ခါတည်း ဟိုရောက် ဒီရောက်ရောက်ကုန်ရော၊ စွန့်ရလိမ့်မယ်ဆို မစွန့်နိုင်ဘူး ဖြစ်နေရင် အဲဒီဟာနဲ့ မကိုက်ဘူး၊ အဲဒီဟာမျိုးတွေ သိထားရတယ်၊ **'စွန့်တယ် စွန့်ပြီးပြီ'** ကိုယ့်ဟာကိုယ် အဲလိုလေး နှလုံးသွင်းနေရင် ကိုပဲ ကောင်းနေတယ်၊ ဝမ်းထဲဒုက္ခလည်းမရှိတော့ဘူး သုခပဲရှိတယ်၊ ဟောတဲ့ ဒုက္ခလည်း မရှိတော့ဘူး၊ သုခပဲရှိတယ်၊ အဲလိုသိတော့ ဝမ်းထဲမှာ ဘာမှသိပ်မရှိတော့ဘူး၊ ဝမ်းထဲဒုက္ခတောင် မရှိတော့ဘူး၊ ဖြစ်လာတဲ့ဟာ ပျက်သွားတော့ ဒါဒုက္ခသစ္စာကိုး၊ ဖြစ်လာတဲ့ဟာ ပျက်မသွားဘူးလား စိတ်ကူးထဲမှာ (ပျက်သွားပါတယ်ဘုရား)၊ ဖြစ်လာလို့ရှိရင် ပျက်သွားတာက ဘာသစ္စာလေးတုံး (ဒုက္ခသစ္စာပါဘုရား)၊ **'ဒုက္ခသစ္စံ ပရိညေယျန္တိမေ ဘိက္ခဝေ'**။

**'ဣဒံ ဒုက္ခသစ္စန္တိမေ ဘိက္ခဝေ'၊ 'ဣဒံ** -ဤဖြစ်မှု ပျက်မှုသည်၊ **ဒုက္ခသစ္စံ**-ဒုက္ခသစ္စာမည်၏၊ **ဣတိ**-ဤသို့၊ **ပုဗ္ဗေ**-ရှေးအဖို့၌**'**၊ ဉရုဝေလကဿပ ဒုက္ကရစရိယာ ကျင့်စဉ်က အဲလိုဟာတွေ သူမသိခဲ့ဘူး၊ ဘုရားဖြစ်မှသိတယ် **'ဓမ္မစကြာ'** ဟောတယ်၊ ဓမ္မစကြာကို အစဆုံး သိဖို့အလွယ်ဆုံးကတော့ **'စွန့်ရမယ် စွန့်ရမယ်'၊ 'စွန့်တယ် စွန့်တယ်'၊ 'စွန့်ပြီးပြီ စွန့်ပြီးပြီ'**လို့၊ ကိုယ်ကိုယ့်ကို အိုရအုံးမှာ၊ နာရအုံးမှာကို စွန့်ထားတယ်၊ **'စွန့်ပြီးပြီ'**ဆိုတော့ နိဗ္ဗာန်ရောက်ပြီးပြီဆိုတာနဲ့ အတူတူပဲ။ **'စာဂေါ'**ဆိုတာ နိဗ္ဗာန်ကိုခေါ်တယ်၊ မစွန့်နိုင်သေးဘူးဆိုရင် **'တဏှာ'** ရှိသေးတယ်၊ **'ဉပါဒါန်'** ရှိသေးတယ်၊ အဲလိုဆိုတဲ့ဟာ၊ အဲလို ဓမ္မစကြာက၊ ကဲ ဟောတဲ့လူကလည်း ဆရာရှာ၊ **'ဤဟာ ဒုက္ခသစ္စာ'**ဆိုတာ စိတ်ထဲမှာ ဖြစ်တာပျက်တာကို ခေါ်တယ်၊ အခု နားကြားပြီး ပျက်မသွားဘူးလား၊ အခု နားကြားတာဖြစ်တာ ပျက်တာကို။

**'ဣဒံ ဒုက္ခသစ္စန္တိမေ ဘိက္ခဝေ'**၊ **'ဣဒံ**- ဤဖြစ်တာပျက်တာကို၊ **ဒုက္ခသစ္စန္တိ**- ဒုက္ခသစ္စာဟူ၍၊ **ပုဗ္ဗေ** -ရှေးအဖို့၌၊ ဘုရားမဖြစ်မီ ရှေးအဖို့၌၊ **အနနုဿုတေသု**-မကြားအပ်ဖူးကုန်သော၊ **ဓမ္မေသု**- သစ္စာတရားတို့၌၊ **ဉာဏံ**- ကိုယ်ပိုင်ဉာဏ်သည်၊ **ဉဒပါဒိ**-ထင်ရှားဖြစ်ပြီ**'**။

**ပယ်ရမယ်ဆိုတာ 'ငါ ' ထင်တဲ့ဟာတွေကို ပယ်ရမှာ**

ကဲ **'ဖြစ်တာပျက်တာကြီးတွေ'** ဟာ ဒုက္ခသစ္စာပါလားလို့ဆိုတော့ **'မျက်စိ'**က မြင်တာလည်း ဖြစ်တာပျက်တာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ **'နား'** က ကြားရင်ရော (ဖြစ်ပါတယ်ဘုရား)၊ အဲဒါတွေကိုလည်း သိရမယ်လို့ပြောတာ၊ ပယ်ရမယ်လို့ မပြောဘူး။ ပယ်ရမယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



**‘ငါ’** ထင်တဲ့ဟာတွေကို ပယ်ရမှာ၊ ပယ်လိုက်ရင်ကို **‘သိ’၊ ‘ပယ်’၊ ‘ဆိုက်’၊ ‘ပွား’**လည်း ဖြစ်သွားတယ်၊ အစတုန်းက နှလုံးသွင်းဖို့ကတော့ **‘စွန့်တယ် စွန့်တယ် စွန့်ပြီ’၊** အဲဒါ နှလုံးသွင်း ခြေလှမ်းတစ်လှမ်း လှမ်းသွားတယ်၊ နောက်ကကားကြီးက ‘ဒုန်း’ ဆို လုပ်လိုက်တယ်၊ ဟော စွန့်လိုက်တယ်ဆိုရင် ဘာမှမရှိတော့ဘူး၊ နိဗ္ဗာန်ရောက်သွားတာ။ မစွန့်နိုင်ဘူးဆိုတော့ ဘုရားပေါ်ရောက်သွားတာနဲ့ ဆွမ်းဦးပုညရှင်ရောက်သွားတာနဲ့ အဲဒါမစွန့်ရင် အမေရိကန်ရောက်သွားတာနဲ့ အင်္ဂလန် ရောက်သွားတာနဲ့ သားတွေရှိတဲ့ စင်္ကာပူရောက်သွားတာနဲ့ အဲသလိုမျိုး အဲဒါကြောင့် **‘စွန့်ရမယ် စွန့်ရမယ်’** လို့ အရင်နှလုံးသွင်း၊ စွန့်တာလေးကို အာရုံပြု ကျန်တာတွေ အာရုံမပြုနဲ့ အဲဒါက **‘သမုဒယသစ္စာတွေ’၊ ‘သမုဒယသစ္စာ’** ကို ပယ်ရမယ်လို့ သိရတယ်၊ **‘ဒုက္ခသစ္စာ’**ကို ပိုင်းခြား ရမယ်လို့သိရတယ်၊ အခု အဲဒီ တစ်လုံးတည်းဆိုပေး **‘စွန့်ရမယ်’၊ ‘ စွန့်ရမယ်’**၊ စွန့်တာက **‘စာဂေါ’** ကလာတာ၊ **‘တဿယေဝ တဏှာယ’** တဏှာကိုစွန့်ရမယ်၊ **‘ဥပါဒါန်’** ကို စွန့်ရမယ်၊ **‘တဏှာက လာတဲ့ ဥပါဒါန်’၊ ‘ဥပါဒါန်’** ဘယ်ကလာ (တဏှာကပါဘုရား)၊ **‘တဏှာ’**ကဆိုတော့ **‘သမုဒယ သစ္စာ’** ဆိုတော့ ဟော ဓမ္မကို စကြာလှည့်သလို သမုဒယတို့ မဂ္ဂတို့၊ အဲလို လှည့်နေတယ်လို့။

**‘ဓမ္မစက္က - ဓမ္မစကြာ’၊ ‘ဓမ္မ’** ကတရား၊ **‘စက္က’**က လှည့်တယ်၊ အဲဒါကြောင့် **‘ဓမ္မစက္က ပဝတ္တန’၊ ‘ဓမ္မ’** က ဓမ္မ၊ သစ္စာလေးပါး ဓမ္မ၊ **‘စက္က’**က လည်နေတယ်၊ **‘ပဝတ္တန’**က ဖြစ်နေတာ၊ နိရောဓသစ္စာရောက်တော့ စကြာကရပ်သွားတယ်ဆိုတော့ ဓမ္မစကြာကြီးလည်း ရပ်သွားတယ်၊ နိရောဓသစ္စာရောက်တော့ ဘာဖြစ်သွားလဲ (ရပ်သွားပါတယ်ဘုရား)၊ အဲသလို မြတ်စွာဘုရားက အဲလိုဟောတာ၊ ရပ်သလား၊ ရပ်တယ်၊ ဟိုဟာက **‘ပဋိစ္စသမုပ္ပါဒ်’** ရပ်တယ်၊ ဒီဟာက **‘ဓမ္မစကြာ’** ရပ်တယ် ရိပ်မိပြီပေါ့။

## ‘လူ’မရှိတော့ ကိလေသာ ရှိသေးလား

ဓမ္မစကြာက အရင်ဟောတာ၊ ဟိုဟာတွေလည်း သိတော့သိတာပဲ၊ ဒါပေမယ့် ဓမ္မစကြာ က လူတွေနဲ့ကိုက်တယ်၊ **‘လူတွေ’** ဆိုတာ ဘာသစ္စာတုံး၊ ကိုယ့်စိတ်ထဲမှာ **‘လူတွေ’**လို့ ထင်ရင် ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)၊ **‘လူတွေ’**လို့ ဆိုတော့ မလိုချင်ဘူးလား။

**‘လိုချင်စရာ’** က ဘာဝတ္ထုတုံး- ဝတ္ထုကာမ၊ ကာမဝတ္ထု။

**‘လိုချင်တာ’** က ဘာတုံး- ကိလေသာကာမ။

**‘ကိလေသာ’**ကို ပယ်ရမယ်လို့ဆိုတော့ **‘လူ’**မရှိတော့ ကိလေသာရှိသေးလား (မရှိပါ ဘုရား)၊ အဲဒါကြောင့် **‘စွန့်ရမယ် စွန့်ရမယ်’၊ ‘ပယ်ရမယ် ပယ်ရမယ်’** အဲလိုဟာတွေကို သိသွား၊

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေ မိန်းမတွေဆိုတာ ဘာတုံး (ကာမဝတ္ထုပါဘုရား)၊ သမုဒယသစ္စာနဲ့ ပြောစမ်း (တဏှာပါဘုရား)၊ အေး **'တဏှာတွေ'** သူတို့စွန့်ရမယ်ဆိုတော့ **'ပဟာတဗ္ဗန္တိ'**၊ ယောက်ျား မိန်းမတွေလည်း စွန့်ရမယ်ဆိုတော့ မစွန့်ပဲနဲ့သေရင် ဘယ်ရောက်တုံး၊ လူတွေ ဘာတွေ နတ်တွေ မရောက်ဘူးလား၊ ခွေးတွေ ဘာတွေ ရောက်တယ်၊ ယောက်ျား မိန်းမ ဆိုတာက လိုချင်စရာ ဝတ္ထုကြီး၊ အင်္ဂါကြီးတွေကို မလိုချင်ဘူးလား၊ အင်္ဂါကြီးတွေက **'ဝတ္ထုကာမ'**၊ ဝတ္ထုဆိုတာ ဝတ္ထု ရှိတယ်၊ **'လူ'**ဆိုတာ ဘာလို့ကို အရင်သိမှ၊ ယောက်ျား မိန်းမဆိုတာ ဘာတုံး (သမုဒယသစ္စာ ပါဘုရား)။ ယောက်ျား မိန်းမဆိုတော့ လိုချင်တယ်၊ ဟုတ်ကဲ့လား၊ ကြက်တွေ ဝက်တွေ မဖြစ် ဘူးလား၊ အဲဒါ မစွန့်ဘဲနဲ့သေလို့၊ အဲဒါဘာပြုလို့တုံး (မစွန့်ဘဲနဲ့သေလို့ပါဘုရား)။ စွန့်ရမှာက ဘာစွန့်ရမှာတုံး **'တဏှာ'**၊ **'လူ'**ဆိုတာက တဏှာဥပါဒါန်၊ **'လူ'**ကို လိုချင်တာ မဖြစ်ဘူးလား၊ ငယ်ငယ်တုန်းကလေ၊ **'လိုချင်တာ'**ကဘာတုံး (ကိလေသာကာမပါဘုရား)၊ **'လိုချင်စရာ'**က ဘာတုံး (ဝတ္ထုကာမပါဘုရား)၊ **'ကိလေသာကာမ ဝတ္ထုကာမ'**။ စွန့်ရမယ်ဆိုတော့ **'လူ'**ဆိုတဲ့ ဟာက စိတ်ထဲထားရမလား မထားရဘူးလား (မထား ရပါဘူးဘုရား)၊ ကဲ အဲဒါ **'လူ'** ထဲလည်း စိတ်မရှိတော့ဘူး၊ အဲဒါ ဘယ်ရောက်သွားတုံး၊အဲဒါ **'စာဂေါ'** ထဲရောက်သွားတယ်။

**သစ္စာလေးပါးထဲမှာလူရှိသလား**

အလွန့်အလွန် ကောင်းတာကို မကြုံတတ်လို့၊ အကျိချုပ်တာတောင်မှပဲ မကြုံတတ်ရင် ချုပ်တတ်သေးလား၊ မချုပ်တတ်လို့ ဟိုကချုပ်၊ ဒီကချုပ်နဲ့ အဝတ်တွေ ပျက်မသွားဘူးလား၊ အဲလိုမယူတတ်ရင်ခက်တယ်၊ အဲလိုပြောတာ၊ အခု စိတ်ထဲမှာ **'လူတွေ'**၊ မျက်စိသာ မှိတ်ထား လူတွေ ယောက်ျားတွေ မိန်းမတွေ ရှိသေးလား၊ **'သမုဒယ'** မှန်းသိသွားပြီ၊ **'ရုပ်နာမ်'** ကမှ **'ဒုက္ခသစ္စာ'** ကိုး၊ **'လူတွေဖြစ်ကြောင်း'** က ရုပ်နာမ်ဟုတ်ရဲ့လား။

**'လူတွေဖြစ်ကြောင်း'** က မျက်စိတွေ နားတွေ ခေါင်းတွေ၊ အဲဒါတွေ **'လူ'** ဖြစ်သွားတယ်၊ မျက်စိတွေ နားတွေ နှာခေါင်းတွေကို **'အာယတန'** မှန်းမသိရင် **'လူ'** ဖြစ်မသွားဘူးလား၊ ဘယ်သူက လှတယ်၊ ဘယ်သူက ချောတယ်ဆိုတာ ဘယ်သူ့ခေါ်တာတုံး၊ မျက်စိတွေ နားတွေ နှာခေါင်းတွေ ခေါင်းတွေဟုတ်ရဲ့လား၊ ခေါင်းကဘာတုံး၊ ခေါင်းက **'ကာယပသာဒ ကာယာယတန'**၊ မျက်စိတွေ နားတွေ အဲဒါတွေကို **'လူ'**ခေါ်တယ်၊ **'သစ္စာလေးပါး'**ထဲမှာ လူရှိသလား (မရှိပါဘုရား)၊ **'လူ'**ကို သစ္စာလေးပါးထဲက ဘာသွင်းတုံး (သမုဒယသစ္စာထဲသွင်းပါတယ်ဘုရား)၊ အေး **'သမုဒယသစ္စာ'** ထဲသွင်းတယ်၊ **'လူ'** မရှိလိုက်လို့ရှိရင် ရာဂကရှိသေးလား (မရှိပါဘုရား)၊ အဲဒါဘာသစ္စာတုံး

www.burmeseclassic.com

www.burmeseclassic.com



(နိရောဓသစ္စာပါဘုရား)၊ အေး အဲသလို ပထမတန်းဖြစ်အောင် တစ်ခါတည်း ကြံရတယ် လုပ်ရတယ်၊ ဒါဟာသူ့တရား ကိုယ့်တရားမဟုတ်ဘူး၊ ဘုရား တရား ဖြစ်တဲ့ **'ဓမ္မစကြာတရား'**၊ ဘာတရားတုံး (ဓမ္မစကြာတရားပါဘုရား)၊ **'လူ'** ဆိုတာ ဘာလို့ကိုအရင်သိမှ ယောကျ်ား မိန်းမ ဆိုတာ ဘာတုံး (သမုဒယသစ္စာပါဘုရား)၊ အေး ယောကျ်ား မိန်းမဆိုတော့ လိုချင်တယ်၊ ယောကျ်ား မိန်းမဆိုတာက လိုချင်စရာ ဝတ္ထုကြီး၊ အင်္ဂါကြီးတွေကို မလိုချင်ဘူးလား၊ အင်္ဂါကြီး တွေက ဝတ္ထုကာမ၊ **'ဝတ္ထုဆိုတာ ဝတ္ထု ရှိတယ်'**။

**'ဝတ္ထု'** ဆိုတာသိလား၊ **'ဒြပ်ကြီး'**ကိုခေါ်တယ် ဘာတယ်နဲ့ အရင်းရှင်ဘာညာနဲ့ အဲဒါ ရုပ်ဝတ္ထု၊ ကိုယ်ကောင်ကြီးက ဘာဝတ္ထုကြီးတုံး၊ ကိုယ့်ကိုယ် ကောင်ကြီးကိုလည်း မနှစ်သက် ဘူးလား မလိုချင်ဘူးလား၊ လိုချင်တော့ကို **'ပဟာတဗ္ဗ -** စွန့်ရမယ် စွန့်ရမယ်'လို့ မပွားတော့ စွန့်နိုင်သေးသလား (မစွန့်နိုင်ပါဘူးဘုရား)၊ မစွန့်နိုင်တော့ ဘာတွေ ဖြစ်လဲဆိုရင် ငရဲရောက်တဲ့ တိရစ္ဆာန်တွေ ပြိတ္တာတွေ အဲဒါ ဖြစ်သွားတယ်၊ **'စွန့်တယ်'**ဆိုတော့ ဖြစ်သေးလား (မဖြစ်တော့ပါ ဘုရား)၊ အဲဒါ **'ဓမ္မစကြာ'** ခေါ်တယ်၊ အဲလို အဲလို သရုပ်ခွဲရတယ်၊ မအေတွေ ဖအေတွေ လယ်ယာတွေ ဥယျာဉ်တွေ တိုက်တာတွေ မော်တော်ကားတွေ **'လိုချင်တာ'**၊ ကိလေသာကာမ။ **'ကိလေသာကာမ'** ဆိုတာ ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)၊ **'လိုချင်စရာ'**၊ အဲဒါ ဝတ္ထု ကာမ၊ အဲဒါဘာတွေခေါ်တုံး (ဝတ္ထုကာမပါဘုရား)။

**'လိုချင်တာ'**ကို ဘာခေါ်တုံး သမုဒယသစ္စာခေါ်တယ်၊ **'လိုချင်စရာ'**က ဒုက္ခသစ္စာ၊ ကဲ ရုပ်ဝတ္ထု မဟုတ်လား၊ ရုပ်ဝတ္ထုမှန်းလည်း သိရမယ်၊ လူတွေဘာတွေလို့ မသိနဲ့၊ **'သစ္စာလေးပါး'** နဲ့ခွဲ ဟုတ်ရဲ့လား၊ **'နိရောဓသစ္စာ'**လည်း ခွဲရမယ်။

**'စွန့်ရမယ် စွန့်ရမယ်၊ စွန့်တယ် စွန့်တယ်၊ စွန့်ပြီးပြီ စွန့်ပြီးပြီ'**။

ကဲ **'လူတွေ'** ရှိသေးလား (မရှိတော့ပါဘုရား)၊ အေး အဲသလို တရားနဲ့ အလွန် ကောင်းတာလို့မှတ်ထား၊ **'သစ္စာလေးပါး'** နဲ့ သရုပ်ခွဲ၊ **'ဓမ္မစကြာ'**နဲ့ သရုပ်ခွဲ၊ အဲဒီလိုနဲ့ ကဲ မိန်းမတွေ ယောကျ်ားတွေ မိန်းမတွေ ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)၊ ကဲ စက်ာပူမရှိဘူးလား၊ အမေရိကန်တို့ အင်္ဂလန်တို့ရော မရှိဘူးလား၊ အဲဒါ ဘာသစ္စာတွေတုံး (သမုဒယသစ္စာတွေ ပါဘုရား)၊ သမုဒယသစ္စာတွေကို ဘာလုပ်ရမှာတုံး (ပယ်ရပ့်မယ်ဘုရား)။

**'ပဟာတဗ္ဗန္တိမေ'**ဆိုတော့ ဘုရားတရားနဲ့မကိုက်ရင် အဲလိုပူတယ်၊ **'ဝတ္ထုကာမ၊ ကိလေသာကာမ'** မရှိဘူးဆိုတော့ **'နိရောဓသစ္စာ'** ချုပ်ရုံပဲရှိတော့တယ်၊ ဘုရားတရားနဲ့ကိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်မှမပူတော့ဘူး၊ လူတွေ ဘာတွေရှိနေတယ်ဆိုတော့ ငရဲ တိရစ္ဆာန် ပြိတ္တာ နတ်တွေ ဘာတွေ သွားရမယ်၊ **'လူတွေ'**ကရော မရှိဘူးဆိုတော့ **'နိရောဓသစ္စာ'** ကျမှချုပ်ရုံပဲရှိတော့တယ်၊ **'ဝတ္ထုကာမ၊ ကိလေသာကာမ'** မရှိဘူးတဲ့၊ စွန့်လိုက်ပြီဆိုတော့ စွန့်တာက နိဗ္ဗာန်ခေါ်တယ်၊ မိန်းမတွေ ယောက်ျားတွေရှိသေးလား (မရှိတော့ပါဘုရား)။ ကိုင်း ဘာရှိသေးတုံး၊ **'နိဗ္ဗာန်'**ကတော့ရှိတယ်၊ အေးတာကတော့ ရှိတယ်၊ စွန့်လို့ အေးတာတွေလေ၊ စွန့်လို့ အေးတာကို မျက်မှောက်ပြုရတယ်၊ စွန့်လိုက်တာက ဘာက စွန့်လိုက်တာတုံး၊ **'မဂ္ဂသစ္စာ'** က စွန့်လိုက်တာ၊ ကဲ ဒကာမကြီးတို့က စွန့်တာလား၊ **'မဂ္ဂသစ္စာ'**က စွန့်တာလား (မဂ္ဂသစ္စာက စွန့်တာပါဘုရား)။

အဲလိုလည်း သိပေး ဦးမှပေါ့၊ တရားတွေ ရိပ်မိသွားပြီ၊ သစ္စာလေးပါးကို ဓမ္မစကြာနဲ့နော်၊ အဲဒါဘုရားဟောလို့ ခေါ်တယ်၊ မကိုက်သေးလို့သာမဟန်တာ ကိုက်ရင် အလွန်ဟန် အိမ်တွေ ဘာတွေ မအေတွေ ဖအေတွေ မောင်တွေ နှမတွေ ဘာတွေ ဝတ္ထုပစ္စည်းတွေ ကဲ ကိုယ်ကြီး အင်္ဂါတွေပေါ့၊ အဲဒါတွေက ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)၊ **'သမုဒယသစ္စာ'** ဘာလုပ်ရမှာတုံး (ပယ်ရမှာပါဘုရား)။ ပယ်ရ စွန့်ရမယ်၊ အဲလိုသိပေးရတယ်၊ **'စွန့်ရမယ်'** အဲဒါ မြန်မာလို သိတာ၊ ဟိုက **'သမုဒယသစ္စာ ပဟာတဗ္ဗန္တိ'** လို့ ဘုရားဟောတာရှိတယ်၊ ဘုရားဟောနဲ့ မဆန့်ကျင်နဲ့ မဆန့် ကျင်ဘူးလို့ဆိုရင် ကဲ မဟန်ဘူးလား ဟန်သလား၊ အေး အဲဒါ တရားနဲ့ မဆန့်ကျင်နဲ့ ရာထူးတွေ ဘာတွေ လခတွေ ပိုက်ဆံတွေ အကုန်ခေါ်တဲ့ဟာတွေပေါ့၊ ချစ်စရာတွေပေါ့။

**'လိုချင်စရာတွေ'** ပေါ့ အဲဒါတွေက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)၊ အေး ဒုက္ခသစ္စာ၊ ဓမ္မစကြာနဲ့ပြောလို့ ဒုက္ခသစ္စာ၊ **'လိုချင်စရာ'**က ဝတ္ထု၊ ရုပ်တွေ နာမ်တွေခေါ်တယ်၊ ဟိုဟာက ပိုက်ဆံကြီးတွေ သိန်း(၄၀)က **'ဝတ္ထုကာမ'** ဆိုပါတော့၊ **'လိုချင်တာ'** ကရော သမုဒယသစ္စာ၊ **'လိုချင်တာ'** က ဘယ်သူတုံး (ကိလေသာပါဘုရား)၊ **'လိုချင်တာ'**ကအဇ္ဈတ္တမှာ ကိုယ့်ဝမ်းထဲမှာ လေ၊ **'လိုချင်စရာ'** က ဗဟိဒ္ဓ၊ အဲလို သိလို့ရှိရင် ကိုယ်က သိန်း(၄၀)ရှိပေမယ့် သူကလိုချင်သေးလား၊ ဟော ဘုရား ရဟန္တာကြီးသွားလျှ လိုချင်သေးလား (မလိုချင်ပါဘူးဘုရား)။

အေးအဲလိုမျိုး၊ ကိုယ်က မလိုချင်ဘူးလား လိုချင်သလား၊ လိုချင်ရင် ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)၊ **'သမုဒယသစ္စာ'** ပယ်ရမယ်လို့ သိလို့လား (မသိပါဘုရား)၊ ဘုရားက မသိဘူးလား သိသလား (သိပါတယ်ဘုရား)၊ အဲဒါ **'သမုဒယသစ္စာ'** ပယ်ရမယ် ပယ်ရမယ်၊ စွန့်ရမယ် စွန့်ရမယ်၊ သိပြီးမှ **'စာဂေါ-စွန့်ပြီးပြီ'** ဆို နိဗ္ဗာန်ရောက်သွားတယ်၊ ရိပ်မိသလား (ရိပ်မိပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



## စွန့်ရလိမ့်မယ် စွန့်တယ် စွန့်နိုင်ပြီ

မအေ ဖအေတွေလည်း **'စွန့်နိုင်ပြီ'**၊ ရွှေတွေ ငွေတွေရော **'စွန့်နိုင်ပြီ'**၊ နားရွက်တွေ ပါးတွေ နှာခေါင်းတွေ ခေါင်းကြီးကိုလည်း **'စွန့်နိုင်ပြီ'**၊ ဟော ရှေးရှေးတုန်းက ရဟန္တာတွေ ခေါင်းတွေကို ဖြတ်တယ်၊ ခေါင်းကြီးကိုရော မစွန့်ရဘူးလား စွန့်ရမှာလား (စွန့်ရမှာပါဘုရား)။ **'ခေါင်းကြီး'** က ဘာကာမတုံး **'ဝတ္ထုကာမ'**၊ **'ခေါင်းကြီး'** က ဘာကာမတုံး (ဝတ္ထုကာမပါ ဘုရား)၊ **'ခေါင်းကြီး'** ကို နှမြောတာက ဘာတုံး **'ကိလေသာကာမ'**၊ ကဲ အဲဒါတွေတောင် စွန့် ရတယ်၊ **'ခေါင်းကြီး'** ကိုလည်း မစွန့်ရဘူးလား (စွန့်ရမှာပါဘုရား)၊ မျက်စိတွေ နှာခေါင်းတွေရော မျက်နှာကိုရော (စွန့်ရမှာပါဘုရား)၊ သေတဲ့အခါမှာ မစွန့်နိုင်လည်း စွန့်ရမယ်၊ အဲဒါကြောင့် **'စွန့်ရမယ် စွန့်ရမယ်'**။

**'စွန့်ရမှာသေချာတယ်၊ စွန့်မှအေးလိမ့်မယ်'**။

**'စွန့်နိုင်ပြီ'**ဆို နိဗ္ဗာန်ရောက် သွားတယ်၊ မစွန့်နိုင်မချင်း အဲဒါ စွန့်နိုင်အောင် လုပ်ရမယ်၊ ခေါင်းကိုက်လိုက်တာ မူးလိုက်တာ၊ ဟာ မူးနောက် ဝေဆာမနေသာဘူး၊ ချာချာလည်နေတယ်၊ တစ်ခါတည်း ဘယ်ရောက်မှန်းမသိဘူး၊ **'ဝတ္ထုကာမ'** ရှိတဲ့နောက် သိတာရှိတယ်၊ ခေါင်းကြီး တွေရော ဘာတွေရော နောက်တာကြီးတွေရော **'စွန့်တယ် စွန့်တယ်'**၊ အဲလိုဆို စွန့်တဲ့အခါ ကျတော့ **'နိရောဓသစ္စာ'** ဖြစ်သွားတယ်၊ **'ချုပ်တာ'** ဖြစ်သွားတယ်၊ **'မဖြစ်'**ရင်ဘာဖြစ်သွားလဲ (ချုပ်တာဖြစ်သွားပါတယ်ဘုရား)၊ **'စွန့်တယ်'** ဆိုတော့ မဖြစ်ဘူး၊ **'မဖြစ်ဘူး'**ဆိုတော့ ချုပ်တာ ဖြစ်သွားတယ်၊ **'စွန့်တယ်'** ဆိုတော့ **'နိရောဓသစ္စာ'** ဖြစ်သွားတယ်၊ **'မဖြစ်'**ရင် ဘာဖြစ်သွားမတုံး (ချုပ်တာဖြစ်သွားပါတယ်ဘုရား)၊ အဲဒါ **'စွန့်ရ လိမ့်မယ် စွန့်ရလိမ့်မယ်'** တစ်ခုတည်းနဲ့ပဲ ကောင်းတဲ့ တရား၊ အဲဒါ **'သမုဒယသစ္စာ ပဟာတဗ္ဗန္တိမေ'** ဆိုစမ်း (သမုဒယသစ္စာ ပဟာတဗ္ဗန္တိမေ)။

ဒီနေ့တရားက **'သမုဒယသစ္စာ ပဟာတဗ္ဗန္တိမေ တရားတော်'** လို့ အဲလိုမှတ်ထား။

ကဲ--- တော်ကြဦးစို့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



# " သတ္တဋ္ဌာန ကုသလ တရားတော် "

၁၃. ၄. ၂၀၀၈

## လှုပ်ရင်ရုပ်ပဲ

လှုပ်တာက **'ရုပ်'** ပဲ၊ အဲလိုသိ၊ **' ရူပဥ္စ ပဇာနာတိ '၊** ရုပ်ကို သိတာပဲ၊ လှုပ်တာ **'ရုပ်'**၊ လက်လှုပ်လှုပ် ဘာလှုပ်လှုပ် လှုပ်ရင် **'ရုပ်'** ပဲ၊ **'ဝါယော'** ထင်ရှားလို့ လှုပ်တာ၊ **'ဝါယော'** အဓိကလို့ ခေါ်တယ်၊ **'ရုပ်'** လို့သာ ဆိုလိုက်၊ **'ဣဟာ ရုပ်'**၊ **'ရူပဥ္စ**-ရုပ်ကိုလည်း၊ **ပဇာနာတိ**-သိ၏**'**။ လှုပ်တာဟာ **'ရုပ်'**၊ လူတွေမဟုတ်ဘူး ယောကျ်ားတွေ မိန်းမတွေ မဟုတ်ဘူး၊ **'ဝါယော'** က လှုပ်တာ၊ သူလည်း ငြိမ်မနေဘူး **'စလတော-**တုန်လှုပ်တတ်သောအားဖြင့်လည်းကောင်း**'**၊ **'စလ'** လှုပ်တာရုပ်၊ တောလေးဆယ်ထဲမှာလည်း **'စလတော'** လို့ပါတယ်၊ လှုပ်တာဟာ**'လူ'** မဟုတ်ဘူး **'ဝါယော'**၊ **'ဝါယော'**ဆိုတာ ရုပ်ပဲ၊ အဲလိုဆိုရင် **'နာမရူပ ပရိစ္ဆေဒ၊ ဒိဋ္ဌိဝိသုဒ္ဓိ'** ဖြစ်သွားတယ်၊ **'ရုပ်'**ကို သိလိုက်တာ။

### ၁။ ရူပဥ္စ ပဇာနာတိ

အရင်တုန်းကလို လူတွေ ယောကျ်ားတွေ မိန်းမတွေလို့ မသိနဲ့ **'ရုပ်'** ကို သိလိုက်တာ-**'ရုပ်'**၊ တွန်းတာ တိုးတာ တောင့်တာ တင်းတာ **'ရုပ်'** ပဲ၊ မလှုပ်ဘဲလည်း မနေနိုင်ဘူး၊ လှုပ်တာဟာ **'ရုပ်'**ပဲ၊ မြတ်စွာဘုရားကတော့ **'ဣဟာရုပ်'**တဲ့၊ **'ဣတိရူပံ'** မြတ်စွာဘုရားရှုတာ **'ဣတိရူပံ'**၊ သကဒါဂါမ် ရှုတာကတော့ **'ဣဒံရူပံ'**၊ **'ဣဟာရုပ်'** လှုပ်တယ် တွန်းတယ် တိုးတယ် ရွေ့ရှုတယ် သွားတယ်၊ လှုပ်တာကိုမှ သွားတယ် ထိုင်တယ်လို့ ဖြစ်သွားတယ်၊ လှုပ်တာသိလို့ ရှိရင် ထိုင်တာတွေရော ဘာတွေရော အကုန်သိတော့ အဲဒါ **'ရူပဥ္စပဇာနာတိ'**၊ **'ရူပဥ္စ -** ရုပ်ကိုလည်း၊ **ပဇာနာတိ-** သိ၏**'**၊ ဘုရားဟောနဲ့ ကိုက်တယ်။

### ၂။ ရူပသမုဒယဉ္စ ပဇာနာတိ

လှုပ်ပြီဆိုရင် ဖြစ်တော့တာပါပဲ၊ အဲဒါ **'ရူပသမုဒယဥ္စ ပဇာနာတိ'**၊ **'ရူပသမုဒယဥ္စ-** ရုပ်ဖြစ်ခြင်းကိုလည်း၊ **ပဇာနာတိ -** သိ၏**'**၊ **'ရုပ်တွေ'** ဖြစ်နေတယ်၊ နှစ်ခုသိပြီ၊ လူတွေလို့ မသိနဲ့ ယောကျ်ားတွေ မိန်းမတွေ နွားတွေ သတ္တဝါတွေလို့ မသိနဲ့၊ ရုပ်တွေက **'ပြုပြင်တာ'**ကိုး၊ လှုပ်တာတွေ တွန်းတာတွေ တိုးတာတွေ သွားတာတွေ အဲဒါတွေ **'ပြုပြင်တာ'**ကိုး၊ လှုပ်တာတွေ တွန်းတာတွေ တိုးတာတွေ သွားတာတွေ အဲဒါတွေ ပြုပြင်လို့ **'သင်္ခါရ'** လို့ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**'သဗ္ဗေသင်္ခါရာ အနိစ္စာ'** တဲ့ ဒီလိုဆိုတာ၊ စင်စစ် **'ရုပ်'**ကို ဆိုကတည်းက အနိစ္စပဲ၊ **'ရုပ်'**လို့ဆို ဆိုပေး၊ လှုပ်တာဟာ **'ရုပ်'**ပဲ၊ **'ဝါယောရုပ်'**ပဲ၊ အဲဒါကို **'ဝါယောရုပ်'**ပဲလို့ သိရင် **'ရူပဥ္စ ပဇာနာတိ'** တဲ့၊ **'ရုပ်'**ကို သိတယ်၊ ဒီပြင်ဟာတွေ မသိနဲ့၊ လူတွေ မသိနဲ့၊ ယောကျ်ားတွေမသိနဲ့၊ ဖောင်းတာတွေလည်း **'ရုပ်'**ပဲ၊ ပိန်တာတွေလည်း **'ရုပ်'** ပဲ၊ လေရှူတာလည်း **'ရုပ်'**ပဲ၊ လေထုတ်တာလည်း **'ရုပ်'**ပဲ၊ **'ရုပ်'**လို့ပဲရှု မမြဲတာတွေရော အကုန်ပါတယ်၊ **'ရုပ်'** မေ့နေတယ်၊ ထိုင်တာ တွေရော **'ရုပ်'**ပဲ၊ **'ရုပ်'**မရှိဘဲနဲ့ ထိုင်လို့မဖြစ်ဘူး၊ **'ဝါယော'**က ရုပ်ကိုး၊ **'ဝါယော'**ကလှုပ်လက်ပြီးတော့မှ ထိုင်ရတာ၊ အောက်ခွေပြီး အထက်က မတ်ထားတော့ ထိုင်တာဖြစ်သွားတယ်၊ အဲဒါ **'ရုပ်'**။

**အနိစ္စန္တိ ခန္ဓပဉ္စကံ**

**'အဇ္ဈတ္တ စိန္တိ သတိမာ'** တဲ့၊ အဇ္ဈတ္တ ကြံရပြုရတယ်၊ ဗဟိဒ္ဓ မကြံနဲ့၊ အဇ္ဈတ္တ ရုပ်ပဲ၊ **'ရူပဥ္စပဇာနာတိ'** ရုပ်ကို သိတာ၊ လှုပ်တာတွေက ရုပ်ပဲ၊ ပြီးတော့ **'ရူပသမုဒယဥ္စ ပဇာနာတိ'** **'ရုပ်'** ဖြစ်တာကို သိတယ်၊ **'ရုပ်ဖြစ်ကြောင်း'** ဆိုတာက **'ကံ စိတ် ဥတု အာဟာရ'** ပေါ့၊ **'အဝိဇ္ဇာ တဏှာ ဥပါဒါန်'** အဲဒါကြောင့် ရုပ်ဖြစ်တယ်၊ **'စိတ်'**ကြောင့်လည်းဖြစ်တယ်၊ **'ကံ'**ကြောင့်လည်း ဖြစ်တယ်၊ မျက်ခုံးတို့ မျက်လုံးတို့ဟာ **'ကံ'**ကြောင့်ဖြစ်တဲ့ဟာ မျက်ခွက်တို့ ချောတာလှတာတို့ပေါ့၊ အဲဒါလည်း **'ရုပ်'**ပဲ၊ **'ဤဟာရုပ်'**၊ မြတ်စွာဘုရားဆိုတယ် **'ဣတိရူပံ'** တဲ့၊ အဲဒါ **'ရူပက္ခန္ဓာ'** ခေါ်တယ်၊ **'ရူပက္ခန္ဓာ'**ဆိုရင် **'အနိစ္စန္တိ ခန္ဓပဉ္စကံ'**၊ ခန္ဓာဆိုရင် အနိစ္စဖြစ်သွားပြီ။

**'အနိစ္စသင်္ခတံ'**၊ **'သင်္ခတ'** မို့လို့ဖြစ်တာ ပျက်တာပါလာတယ်၊ လွယ်လွယ်လေးပဲ၊ အစ မူတည် **'ဤဟာရုပ်'**၊ ရုပ်ကို သိလိုက်လို့ရှိရင် **'ရူပဥ္စပဇာနာတိ'**၊ ရုပ်ဖြစ်တာကို သိလိုက်လို့ ရှိရင် လှုပ်ပြီ တိုးပြီ ပြင်ပြီ၊ ပြင်ချင်တယ် ပြင်ပြီ၊ အဲဒါ ရုပ်ဖြစ်တာပဲ၊ ယားတယ် ကုတ်ချင်ပြီ၊ အဲဒါ ဘယ်သူတွေတုံးဆရာဆိုရင် **'ရူပ သမုဒယဥ္စ'** ရုပ်ဖြစ်တာပဲ၊ **'လူတွေ'** ဖြစ်တာ မဟုတ်ဘူးတဲ့၊ **'ရုပ်'** ဖြစ်တာပဲ၊ ဖြစ်ပြီးတော့ ဒီယားတာလေးတွေ လှုပ်တာလေးတွေဟာ မြဲနေသလားလို့ဆိုတော့ **'မမြဲ'**ဘူး။

**၃။ ရူပ နိရောဓဥ္စ**

ဖြစ်ပြီးရင် **'ရူပအတ္ထင်္ဂမဉ္စ'** ရုပ်ချုပ်သွားတာပဲတဲ့၊ အဲဒါဆို သုံးခုသိသွားပြီ၊ ချုပ်သွားပြီ၊ ချုပ်သွားရင် **'ရူပ နိရောဓဉ္စ'** ပေါ့၊ ရုပ်ချုပ်သွားတယ်၊ လက်လှုပ်လို့ ပြင်လို့ နောက်အသစ် ဖြစ်သွားရင် အရင်ဟာချုပ်တယ်၊ အဲဒါ **'ရူပနိရောဓဉ္စ'** သုံးခု သိသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



**၄။ ရူပ နိရောဓ ဂါမိနိ ပဋိပဒဉ္စ**

ပြီးတော့ **'ရူပ နိရောဓ ဂါမိနိ ပဋိပဒဉ္စ'** တဲ့၊ **'ရူပ နိရောဓ ဂါမိနိ ပဋိပဒဉ္စ-**ရုပ်ချုပ်ကြောင်း အကျင့်ကိုလည်း၊ **ပဇာနာတိ** - သိ၏'၊ အဲဒီ **'ရုပ်တွေ'**ဟာ ချုပ်ရမယ်၊ အဲဒါဘာတုံးဆိုတော့ **'သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ'**ပေါ့၊ အခုသိသိနေတာ **'သမ္မာဒိဋ္ဌိ'၊** ကြံကြံပေးရတယ် **'သမ္မာသင်္ကပ္ပ'၊** ရုပ်မှန်းသိတော့ **'သမ္မာသတိတွေ'**ပေါ့။

လူမှန်းသိရင် **'သမ္မာသတိ'** မဟုတ်ဘူး၊ **'မိစ္ဆာသတိ'၊** လူတွေ ခွေးတွေ ဝက်တွေ မိန်းမတွေ ယောကျ်ားတွေ ကားတွေ ဘာတွေပေါ့၊ အဲဒါ **'မိစ္ဆာသတိ'၊** ဝိပဿနာနဲ့ဆိုရင် အမှတ်ရရင်ရုပ်ကို အမှတ်ရမှ **'သမ္မာသတိ'** တစ်ခုတည်း၊ အဲဒါ လေးခုဖြစ်သွားပြီ၊ လေးခုသိရာ ရောက်သွားတယ်။

**၅။ ရူပအဿာဒဉ္စ**

ပြီးတော့ **'ရူပအဿာဒဉ္စ-** ရုပ်ကို သာယာနေတယ်' တဲ့ ငါးခု၊ ဘာဖြစ်လို့ သာယာမှန်း မသိဘူး၊ ငါသာယာတယ် သူသာယာတယ်လို့ပဲ သိနေတယ်၊ **'ရုပ်တွေ'** မကြည့်နဲ့၊ စင်စစ်တော့ အဲဒီ **'ရုပ်'**ကိုစွဲပြီး **'သုခ သောမနဿ'** ဖြစ်တယ်တဲ့၊ ငါးခု၊ ဒီပြင်ဟာတွေလည်း **'ရုပ်တွေ'**လို့ဆိုရင် မကြည့်ချင်ဘူး၊ **'လူတွေ'**ဆိုရင်တော့ ကြည့်ချင်တယ်၊ အဲဒါ **'သမုဒယ'** ဖြစ်သွားတယ်။ ရေပက်တာတွေ ဘာတွေလည်း လှုပ်တာပဲ၊ အဲဒါလည်း **'ရုပ်တွေ'**လို့ ရှု မကြည့်ချင်တော့ဘူး၊ ရေပက်လို့ရှိရင်လည်း မခံပြင်းနဲ့ **'ရုပ်တွေ'** ပဲ၊ အာပေါ **'ရုပ်တွေ'**ပဲ၊ မခံပြင်းနဲ့ မဆဲနဲ့ ပက်တာလည်း လှုပ်လို့ပက်တာ ဖြစ်တာ၊ မလှုပ်ရင်ပက်တာ မဖြစ်ဘူး၊ အဲဒါတွေ **'ရုပ်တွေ'** ပဲ၊ **'ရုပ်တွေ'**ကို နုတ်လိုက်လို့ရှိရင် **'ဓာတ်လေးပါး'** သာ နုတ်လိုက်၊ တစ်လောကလုံး ဘာမှ မရှိတော့ဘူး။

ပက်တယ်ဆိုတာက **'သမုတိ'**၊ သင်္ကေတဆိုတာက **'ပညတ်'** ခေါ်တယ်၊ **'သင်္ကေတ ပညတ်'** ရေပက်တာမဟုတ်ဘူး၊ လှုပ်တာ၊ လှုပ်တာသိလို့ရှိရင် **'ရုပ်'**ကိုသိတယ်၊ **'ရုပ်'**ကို ပက်ချင်တယ်၊ ပျော်လို့ပက်ချင်တယ်၊ ရေပက်ရတာပျော်တယ်၊ ရေပက်ခံထွက်မယ်၊ ရေပက်ခံ ထွက်ရတာလည်းပျော်တယ်။ အဲဒါ **'ရုပ်'**ကိုစွဲပြီး သုခ သောမနဿဖြစ်တယ်၊ **'ရုပ်'**ကိုစွဲပြီး ဘာဖြစ်တုံး (သုခ သောမနဿ ဖြစ်ပါတယ် ဘုရား)၊ အဲဒါ **'ရူပဿ အဿာဒေါ'** တဲ့၊ ဘာတဲ့တုံး (ရူပဿ အဿာဒေါပါဘုရား)၊ **'ရုပ်'**ကို သာယာတာ၊ လူတွေ ဘာတွေ မဟုတ်ဘူး။

**သတ္တဋ္ဌာန ကုသလော**

အဲဒါ ယောကျ်ားမြတ် မိန်းမမြတ်ဖြစ်မယ့် အကျင့်၊ **'သတ္တဋ္ဌာန ကုသလော'** တဲ့ ဆိုလိုက်စမ်း (သတ္တဋ္ဌာန ကုသလော)၊ **'ခုနစ်ပါးသောဌာန'** ၌ လိမ္မာသွားတယ်တဲ့၊ အဲ ငါးခု

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပြီ၊ **'ရုပ်'**ကို ဘာပြုလို့သာယာမှန်း သိပြီလား (သိပါပြီဘုရား)၊ **'ရုပ်'**ကိုစွဲပြီး သုခ သောမနဿဖြစ်တယ်၊ မိန်းမတွေ ယောကျ်ားတွေ ယူတာလည်း အဲဒါပဲ၊ ရေပက်တာလည်း အဲဒါပဲ၊ ကတာတွေလည်း အဲဒါပဲ၊ ဆိုတာတွေလည်း အဲဒါပဲ။

**'ယံ ရူပံ နိဿာယ'**၊ **'ယံ ရူပံ** - အကြင်ရုပ်ကို၊ **နိဿာယ** - မှီ၍၊ **သုခ သောမနဿံ -** သုခ သောမနဿသည်၊ **ဟောတိ** - ဖြစ်၏၊ **ဣဒံ** - ဤရုပ်ကိုစွဲ၍ဖြစ်သော သုခသောမနဿ သည်**၊ ရူပဿ** - ရုပ်၏၊ **အဿာဒေါ** - အသာဒတရားမည်၏**'**။

အဲဒီ **'ရုပ်တွေ'**ကို သာယာနေရင်တဲ့၊ အဲဒါ **'အဿာဒတရား'** လို့ ဆိုတယ်၊ ဒကာမကြီးတို့ မဟုတ်ဘူး၊ **'သုခ သောမနဿ'**ကလည်း ဝေဒနာ၊ **'ရုပ်'**ကလည်း ရူပက္ခန္ဓာ၊ **'ဝေဒနာ'**ကလည်း ဝေဒနာက္ခန္ဓာ၊ ဒကာမကြီးတို့မဟုတ်ဘူး၊ **'ဤဟာရုပ်'**၊ **'ဤဟာဝေဒနာ'**၊ အဲဒါဖြစ်သွားတယ်၊ ပျက်သွားတယ်၊ အဲဒါ ငါးခုမြောက်။

အရင်တုန်းက **'ငါ'**သာယာတယ်၊ **'ငါ'**ကောင်းတယ်လို့ အဲလိုမှတ်တာပေါ့၊ မဟုတ်ဘူး၊ **'သုခ သောမနဿ'**ကြောင့် ရုပ်ကို သာယာနေတာ၊ ဒကာမကြီးတို့ ထိုင်နေတာတွေဟာ ရုပ်ပဲ၊ **'ဝါယောရုပ်တွေ'** ပဲ၊ **'သုခ သောမနဿတွေ'** ကြောင့် အဲဒီရုပ်တွေကို သာယာနေတယ်၊ ဒကာမကြီးတွေရော ဒကာကြီးတွေရောပေါ့၊ **'သုခ သောမနဿ'** ဆိုတာ **'ဝေဒနာ'**၊ သာယာ တာက **'တဏှာ'**၊ အဲဒါ ငါးခုမြောက်။

## လှုပ်သမျှဟာ ရုပ်တွေပါ လူဟာမရှိဘဲ

(၁) **ရူပဥ္စပဇာနာတိ**

(၂) **ရူပသမုဒယဥ္စ ပဇာနာတိ- 'ရူပ သမုဒယဥ္စ-**ရုပ်ဖြစ်တာ**'**။

(၃) **ရူပနိရောဓဥ္စ ပဇာနာတိ-** လှုပ်တာလေးတွေ မရှိ မရှိ ဖြစ်သွားတာ **'ရူပနိရောဓဥ္စ'**။

(၄) **ရူပ နိရောဓဂါမိနိ ပဋိပဒဥ္စ**

**'ရူပ နိရောဓဂါမိနိ ပဋိပဒဥ္စ-** ရုပ်ချုပ်ကြောင်းအကျင့်ကိုလည်းကောင်း**'**၊ အဲဒါလေးခု၊ အဲဒီလို **'သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပလေး'** လုပ်ပေးမှ ချုပ်တယ်၊ သို့မဟုတ်ရင် မချုပ်သေးဘူး။

**'လှုပ်သမျှဟာ ဝါယောပါ လူဟာမရှိဘဲ'**၊ အဲလိုဆိုမှလည်း **'ဒိဋ္ဌိ'**ကလည်း ပြုတ်ဦးမှာ၊ **'လူတွေ'** ရှိတယ်ဆိုရင် ဒိဋ္ဌိမပြုတ်သေးဘူး၊ **'လှုပ်သမျှဟာ ရုပ်တွေ'** ပဲလို့ဆိုမှ လူတွေ ပြုတ်သွား တယ်၊ လှုပ်တယ်ဆိုတော့ **'ဝါယော'**ပေါ့၊ လှုပ်တယ်ဆို ဒီ့ပြင်ဟာတွေ ပထဝီ တေဇောတွေရော

www.burmeseclassic.com

www.burmeseclassic.com



အာပေါတွေရော အကုန်ပါလာတယ်။ လှုပ်တယ် လှုပ်တယ် သတိထား၊ လှုပ်တာကို **'သမုဒယ အတ္ထင်္ဂမ'** ဖြစ်တယ် ပျက်တယ်၊ ဒါ မြန်မာလို၊ **'ရုပ်ဝါယော'** ဖြစ်ပျက်နေတာ၊ အခု သွားတာ လာတာတွေပေါ့၊ ဖြစ်တာက **'ရူပ သမုဒယဋ္ဌ'**၊ ပျက်တာက **'ရူပ နိရောဓဋ္ဌ'** သုံးခုဖြစ်သွားတယ်။ **'ရူပ နိရောဓဂါမိနိ ပဋိပဒဋ္ဌ'** လေးခုဖြစ်သွားတယ်။

(၅) **'ရူပအဿာဒဋ္ဌ'** ငါးခုဖြစ်သွားတယ်၊ **'အဿာဒ'** ဆိုတာ သာယာတာ၊ **'သုခ သောမနဿ'၊ 'ရုပ်'**ကိုစွဲပြီးတော့ သာယာတော့ **'ရုပ်'**ကိုသာယာတာ ဖြစ်သွားတယ်တဲ့။

၆။ **ရူပဿ အာဒီနဝေါ**

အခု ရေပက်တာတို့ ရေပက်ခံတာတို့ ပျော်တာတို့ အိမ်ထောင်ပြုတာတို့ သားမယား ယူတာတွေကို အဲဒါ **'ရုပ်'** ကိုစွဲပြီး သုခ သောမနဿဖြစ်တာ၊ **'ရူပ အဿာဒ'** ခေါ်တယ်၊ ဒါပေမယ့် ဘယ်လိုကောင်းကောင်း၊ ဘယ်လို သုခ သောမနဿ ဖြစ်ဖြစ်၊ သူက အနိစ္စ ဒုက္ခ အနတ္တတဲ့၊ **'ယံ ရူပံ နိဿာယ'၊ 'သုခ သောမနဿတွေ'** ကတော့ **'အဿာဒ'** ခေါ်တယ်။ **'ယော ရူပဿ အနိစ္စာ ဒုက္ခာ အနတ္တာ၊ အယံ ရူပဿ အာဒီနဝေါ'၊** အဲဒီ အနိစ္စ ဒုက္ခတွေ နေရာတိုင်းပါတယ်၊ အဲဒီဟာ **'အာဒီနဝ**-ရုပ်ရဲ့အပြစ်' ခေါ်တယ်၊ ခြောက်ခုဖြစ်သွားတယ်။

၇။ **ရူပဿ နိဿရဏံ**

ရုပ်ကိုပယ်ခြင်းတဲ့။ **'ဆန္ဒရာဂပဟာနံ ဆန္ဒရာဂဝိနိယော အယံ ရူပဿ နိဿရဏံ'**၊ အဲဒီ **'ရုပ်'**အပေါ်မှာ **'ဆန္ဒ ရာဂ'**ကိုသာ ပယ်လိုက်တဲ့၊ အဲဒါ **'ရုပ်'** မှ လွတ်မြောက်သွားတာပဲတဲ့၊ လှုပ်တဲ့အပေါ်မှာ **'ဆန္ဒ ရာဂ'** ရှိနေတယ်။ လက်ချိုးစမ်း---

(၁) **ရူပဋ္ဌ ပဇာနာတိ** (ရူပဋ္ဌ ပဇာနာတိ)

(၂) **ရူပ သမုဒယဋ္ဌ ပဇာနာတိ** (ရူပ သမုဒယဋ္ဌ ပဇာနာတိ)

(၃) **ရူပ နိရောဓဋ္ဌ ပဇာနာတိ** (ရူပ နိရောဓဋ္ဌ ပဇာနာတိ)

(၄) **ရူပ နိရောဓ ဂါမိနိ ပဋိပဒဋ္ဌ ပဇာနာတိ** (ရူပ နိရောဓ ဂါမိနိ ပဋိပဒဋ္ဌ ပဇာနာတိ)

(၅) **ရူပ အဿာဒဋ္ဌ ပဇာနာတိ** (ရူပ အဿာဒဋ္ဌ ပဇာနာတိ)

(၆) **ရူပ အာဒီနဝဋ္ဌ ပဇာနာတိ** (ရူပ အာဒီနဝဋ္ဌ ပဇာနာတိ)

(၇) **ရူပ နိဿရဏဋ္ဌ ပဇာနာတိ** (ရူပ နိဿရဏဋ္ဌ ပဇာနာတိ)

**အယံ သတ္တဋ္ဌာန ကုသလော** (အယံ သတ္တဋ္ဌာန ကုသလော)။

www.burmeseclassic.com

www.burmeseclassic.com



**ဥတ္တမပုရိသော ဥတ္တမဏ္ဏတ္တိ**

အဲဒီ သတ္တဋ္ဌာနခုနစ်ပါးမှာ လိမ္မာလို့ရှိရင် ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် **'ဥတ္တမပုရိသော-** ယောကျ်ားမြတ်'၊ **'ဥတ္တမဏ္ဏတ္တိ-** မိန်းမမြတ်' လို့ ခေါ်တယ်တဲ့၊ အဲဒါ လယ်တီဆရာတော်က **'ဥတ္တမပုရိသဒီပနီကျမ်း'** လို့ရှိတယ်၊ လယ်တီဆရာတော်ရေးတာ၊ မြတ်စွာဘုရားက ခန္ဓဝဂ္ဂသံယုဂ်မှာ **'သတ္တဋ္ဌာနကုသလော'**လို့ မြတ်စွာဘုရားဟောတာ၊ ယောဂီတွေ အဲဒီအတိုင်းဖြစ်ရမယ်၊ ဘယ်ယောဂီမဆို အဲဒီခုနစ်ပါးလိမ္မာမှ **'ဥတ္တမပုရိသ-**ယောကျ်ားမြတ်' **'ဥတ္တမဏ္ဏတ္တိ-**မိန်းမမြတ်'၊ အဲဒါ ဘုရားသာသနာတော်မှာ **'အရိယာ'** ဖြစ်သွားတယ်၊ အဲဒီလောက်ထိအောင် ကြိုးစားရမယ်၊ အခု ရေတတ်ပြီလား၊ ရေလိုက်စမ်း။

(ရူပဥ္စ ပဇာနာတိ၊ ရူပသမုဒယဥ္စပဇာနာတိ၊ ရူပနိရောဓဥ္စပဇာနာတိ၊ ရူပနိရောဓဂါမိနိပဋိပဒဥ္စပဇာနာတိ၊ ရူပ အဿာဒဥ္စပဇာနာတိ၊ ရူပအာဒီနဝဥ္စပဇာနာတိ၊ ရူပနိဿရဏဥ္စပဇာနာတိ၊ အယံသတ္တဋ္ဌာန ကုသလော)။

အဲဒီ ခုနစ်ပါးသိအောင်လုပ်ရမယ်၊ မခက်ပါဘူး၊ သိပြီးသားပဲ၊ **'ရုပ်'**ဆိုလို့ရှိရင် မမြဲဘူး၊ **'ဝါယော'**ပေါ့၊ လှုပ်တာတွေ သွားတာတွေကလည်း **'ရုပ်'**၊ **'လူတွေ'**သာ မလုပ်နဲ့ **'ရုပ်'**သာလုပ်၊ အဲဒီ **'ရုပ်ကြီး'** ကလည်းချုပ်ရော နိဗ္ဗာန်လည်းရောက်ရော၊ **'သမ္မာဒိဋ္ဌိနဲ့ သမ္မာသက်ပ္ပ'** သာလုပ်၊ **'သမ္မာဒိဋ္ဌိ'**က မမြဲတာ သိပေ့စေ၊ သူ့သာယာတာရော သိပေ့စေ၊ သာယာတာတွေလည်း **'အနိစ္စ ဒုက္ခ'** ထဲသွင်းပစ် **'အာဒီနဝ'**၊ အနိစ္စ ဒုက္ခ အနတ္တ အသုဘ တောလေးဆယ်ထိအောင်၊ **'စလတော ပဘင်္ဂုတော'** ပျက်တာတွေသိအောင် တုန်လှုပ်တာတွေ၊ အဲဒါ **'ရုပ်'**ပဲ၊ **'ဝါယော'** ဆိုတာလည်း ရုပ်ပဲ၊ **'ပထဝီ'**လည်း ရုပ်ပဲ။

**ဒီသာသနာတော်မှာ အဲဒီခုနစ်ပါးကိုနိုင်မှ အရိယာဖြစ်တယ်**

**'ဉာဏ်'** ငုံနိုင်သလောက် လုပ်ရတယ်၊ အားတင်း၊ ဒီသာသနာတော်မှာ အဲဒီ ခုနစ်ပါးကို နိုင်မှ **'အရိယာ'** ဖြစ်တယ်၊ ပြန်ရေလိုက်စမ်း---

(ရူပဥ္စ ပဇာနာတိ၊ ရူပသမုဒယဥ္စပဇာနာတိ၊ ရူပနိရောဓဥ္စပဇာနာတိ၊ ရူပနိရောဓဂါမိနိပဋိပဒဥ္စပဇာနာတိ၊ ရူပအဿာဒဥ္စပဇာနာတိ၊ ရူပအာဒီနဝဥ္စပဇာနာတိ၊ ရူပနိဿရဏဥ္စပဇာနာတိ၊ အယံသတ္တဋ္ဌာနကုသလော)။

ခုနစ်ပါးမှာ လိမ္မာတယ်၊ **'ရုပ်'**မှာ ခုနစ်ပါးလိမ္မာသလို၊ **'ဝေဒနာ'**လည်း ခုနစ်ပါးလိမ္မာရတယ်၊ **'သညာ'**လည်း ခုနစ်ပါး လိမ္မာရတယ်၊ **'သင်္ခါရ'**လည်း ဝေဒနာ သညာမှ ကြွင်းတဲ့ **'စေတသိက်တွေ'**ကိုလည်း လိမ္မာရတယ်၊ **'ဝိညာဏ်'** အခုသိနေတဲ့ဟာလည်း---

www.burmeseclassic.com

www.burmeseclassic.com



(၁) **ဝိညာဏဋ္ဌ ပဇာနာတိ** ဆိုလိုက်စမ်း--- (ဝိညာဏဋ္ဌ ပဇာနာတိ)

(၂) **ဝိညာဏ သမုဒယဋ္ဌ ပဇာနာတိ** (ဝိညာဏ သမုဒယဋ္ဌ ပဇာနာတိ)

(၃) **ဝိညာဏ နိရောဓဋ္ဌ ပဇာနာတိ** (ဝိညာဏ နိရောဓဋ္ဌ ပဇာနာတိ)

(၄) **ဝိညာဏ နိရောဓ ဂါမိနိ ပဋိပဒဋ္ဌ ပဇာနာတိ**

(ဝိညာဏ နိရောဓ ဂါမိနိ ပဋိပဒဋ္ဌ ပဇာနာတိ)

(၅) **ဝိညာဏ အဿာဒဋ္ဌ ပဇာနာတိ** (ဝိညာဏ အဿာဒဋ္ဌ ပဇာနာတိ)

(၆) **ဝိညာဏ အာဒီနဝဋ္ဌ ပဇာနာတိ** (ဝိညာဏ အာဒီနဝဋ္ဌ ပဇာနာတိ)

(၇) **ဝိညာဏ နိဿရဏဋ္ဌ ပဇာနာတိ** (ဝိညာဏ နိဿရဏဋ္ဌ ပဇာနာတိ)

**အယံ သတ္တဋ္ဌာန ကုသလော။** (အယံ သတ္တဋ္ဌာန ကုသလော)။

အဲဒါ **'ဝိညာဏ်'**မှာလည်း ဒီလိုပဲ၊ **'ဝေဒနာ'**မှာလည်း ဒီလိုပဲ၊ **'သညာ'** ဖြစ်ရင် ယောက်ျား တွေ မိန်းမတွေအမှတ်ရလို့ **'သညာ'** ဖြစ်ရင်လည်း အဲဒီခုနစ်ပါးရှိတယ်၊ ခုနစ်ငါးလီ (၃၅ပါးပါ ဘုရား)၊ ငါးက **'ခန္ဓာငါးပါး'၊** ခုနစ်က **'သတ္တဋ္ဌာန်'၊** ငါးက ဘာတုံး (ခန္ဓာငါးပါးပါဘုရား)၊ ခုနစ်က (သတ္တဋ္ဌာနပါဘုရား)၊ ခုနစ် ငါးလီ (၃၅ပါးပါဘုရား)။

## သွားရင်းလာရင်း နှလုံးသွင်း

အဲဒါတွေနဲ့ ရှေးတုန်းက ဘုရားဖြစ်တယ်၊ ရဟန္တာတွေ ဖြစ်ကုန်ကြတယ်၊ အခုယောဂီ တွေ အဲဒီဟာလိုတယ်၊ အဲ့လောက် ကြိုးစားပေးရတယ်၊ ဒါ ဘာမှ မခဲယဉ်းဘူး၊ သွားရင်းလာရင်း နှလုံးသွင်း၊ **'သမ္မာဒိဋ္ဌိနဲ့ သမ္မာသကပ္ပ'၊ 'သမ္မာသတိ'** လည်းပါသပေါ့၊ ခန္ဓာတွေ အမှတ်ရရင် သမ္မာသတိ၊ အဲဒါကြိုးစားပေး၊ နေ့မအိပ် ညမအိပ်။ ငါတို့အရင်တုန်းက ငယ်ငယ်တုန်းက ကလေးကတည်းက အဲဒီ **'ဥတ္တမ ပုရိသဒီပနီကျမ်း'၊** လယ်တီဆရာတော့်ကျမ်းတွေ အကုန်ဖတ်ဖူး တာပဲ၊ ဒါပေမယ့် အဲလိုမပြောတတ်ဘူး မသိဘူး၊ အခုမှပြောတတ်တာ ဉာဏ်ကအဲဒီကိုရောက် လို့၊ ယောဂီတွေလည်း ဉာဏ်ရောက်ရင် အဲဒီလို ပြောတတ် လုပ်တတ်တယ်၊ အဲလိုလည်း လုပ်တတ်ကိုင်တတ်ရော တရားလည်းဟန်တာပဲ၊ ခုနစ်ခုကြီးတောင် နားလည်ပေါ့ မဟန်ဘဲ နေပါ့မလား၊ အဲလိုကြိုးစားပေးလိုက်၊ ကိုယ့်ဟာကိုယ် ဗလာစာအုပ်ထဲ ချရေးလိုက်။

## ဉာဏ်တွေဖြာသွားတော့ ကိလေသာတွေက မလာတော့ဘူး

**'ဝါယော'** တစ်ခုလေးပဲ လိမ္မာဦး၊ **'ပထဝီ'**လည်း လိမ္မာဦး၊ ဥပမာ- **'ခေါင်းကြီး'** ကိုင်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပါဦး မမာဘူးလား (မာပါတယ်ဘုရား)၊ **'မာတာ'** ဘာတုံး(ပထဝီပါဘုရား)၊ အေး အဲဒါ **'ရုပ်'**ပဲ၊ **'ရုပ်'** ကို ခေါင်းလို့မသိနဲ့၊ **'မာတာ'** ကိုသိရင် **'ရူပဋ္ဌ ပဇာနာတိ'**။ **'မာတာကြီး'** က မာမာပြီး မနေဘူးလား(နေပါတယ်ဘုရား)၊ အဲဒါတွေက **'ရူပ သမုဒယဋ္ဌ ပဇာနာတိ'**၊ အဲဒီ **'မာမာကြီး'** ကလည်း ချုပ်ချုပ်နေတာပဲ၊ **'ခေါင်းကြီး'** ကလည်း ချုပ်ချုပ်နေတာပဲ၊ **'ဝါယော'** လိုပဲ၊ အဲဒါကြောင့် **'ရူပ နိရောဓဋ္ဌ ပဇာနာတိ'**။

**'ခေါင်းကြီး'**က မာတယ်၊ **'မာတာကြီး'** ကလည်း အနိစ္စပဲ ဒုက္ခပဲလို့ ဆိုဆိုနေတာက ဘာတုံးဆိုတော့ **'ရူပ နိရောဓ ဂါမိနိ ပဋိ ပဒဋ္ဌ ပဇာနာတိ'** လေးခုရောက်သွားပေါ့၊**'ရူပ အဿာဒဋ္ဌ ပဇာနာတိ'** ခေါင်းကြီးစွဲပြီး ခေါင်းကြီးကလည်း ကြည်တာကြီးတွေ မရှိဘူးလား၊ ပျော်တာတွေ၊ အဲဒါတွေက **'ရူပ အဿာဒဋ္ဌ'** ပဲ။ ဘာမှ မခက်တော့ဘူး၊ တစ်ခုသိလိုက်ရင် အကုန် **'ဉာဏ်တွေ'** ဖြာသွားတယ်၊ **'ဉာဏ်တွေ'** ဖြာသွားတော့ **'ကိလေသာတွေ'** က မလာတော့ဘူး၊ **'ရုပ်တွေ'** က ခုနစ်ဌာနပဲ လိမ္မာပေါ့၊ ဘယ်နှယ်လုပ် ယောက်ျား မိန်းမက လာတော့မတုံး၊ ရာဂက လာတော့ မတုံး၊ အဲဒီ ခုနစ်ဌာနမှာ မလိမ္မာလို့သာလျှင် လာတာ။

**တဏှာဘက် မရောက်စေနဲ့**

**'ခေါင်းကြီး'** ကို ဘာပြုလို့ သာယာတုံး။

**'ယံ ရူပံ နိဿာယ သုခ သောမနဿံ အယံ ရူပဿ အဿာဒေါ'**၊ **'ယံ ရူပံ** - အကြင်ရုပ်ကို၊ **ယံ ရူပံ** - အကြင်ပထဝီကို၊ **နိဿာယ**- မှီ၍၊ **သုခ သောမနဿံ**- ချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည်၊ **ဥပ္ပဇ္ဇတိ**- ဖြစ်၏၊ **တဋ္ဌ**- ထိုအကြင်ရုပ်ကိုစွဲ၍၊ သုခ သောမနဿ ဖြစ်ခြင်းသည်၊ **ရူပဿ**- ရုပ်၏၊ **အဿာဒေါ**- သာယာခြင်းမည်၏'။

အဲဒီ **'သုခ သောမနဿ'**ကို မသာယာနဲ့၊ ဒါကောင်းရင် ကောင်းတယ်ပေါ့၊ ချမ်းသာရင် ချမ်းသာတယ်၊ **'တဏှာ'** ဘက်ကို မရောက်စေနဲ့၊ **'ရုပ်'** ကိုမှီပြီးတော့ ချမ်းသာတဲ့ဟာ။ အဲဒါကို **'အဿာဒ'** ဖြစ်နေတယ်၊ အဲဒါ အကုန်ပါ အကုန်ပါ၊ လောကီတွေနဲ့ကတော့ **'ရုပ်ကိုစွဲ၍'** သာယာတာ **'မာတာ ပထဝီ'**၊ ခေါင်းကလည်း ခေါင်းကိုစွဲတာပဲ၊ ကိုယ်ကြီးကလည်း ကိုယ်ကြီး စွဲတာပဲ၊ အဲဒါတွေစွဲပြီး **'သုခ သောမနဿ'** ဖြစ်တယ်။

**အနိစ္စ ဒုက္ခ အနတ္တတွေသိမှ အာဒီနဝ ဖြစ်တယ်တဲ့**

အဲဒီဟာ မသာယာတော့ဘူး၊ သူကလည်း **'အနိစ္စ ဒုက္ခ အနတ္တ အသုဘတွေ'** ပဲလို့ ဆိုလိုက်တဲ့အခါကျတော့ မသာယာတော့ဘူး၊ အဲဒါ **'အာဒီနဝ'** ဖြစ်သွားရော၊ နောက်တော့

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဟာတွေကို **'ဆန္ဒ ရာဂတွေ'** ပယ်လိုက်ရော၊ အဲဒီ **'ရုပ်ကြီး'**က လွတ်သွားရော၊ အဲဒါ နိဗ္ဗာန်ရောက်သွားတယ်၊ အဲဒါ ခုနစ်ဌာန။

**'ယော ရူပဿ အနိစ္စာ ဒုက္ခာ အနတ္တာ အယံ ရူပဿ အာဒီနဝေါ'။**

**'ရုပ်ကြီး'**ဟာ အနိစ္စ ဒုက္ခ အနတ္တကလွဲရင် ဘာမှမဖြစ်ဘူး၊ ကိုယ့်အလိုလိုက်တာ မဟုတ်ပါဘူး၊ **'အကြောင်းရုပ်ကိုစွဲပြီး'** သုခ သောမနဿဖြစ်ပြီးတော့၊ အဲဒီ သုခ သောမနဿလည်း အနိစ္စ ဒုက္ခဖြစ်သွားတာပါပဲ၊ အဲဒါကြောင့် အနိစ္စ ဒုက္ခဟာ **'ရုပ်ရဲ့ အာဒီနဝ'** တဲ့၊ ဘာရဲ့ **'အာဒီနဝ'**တုံး (ရုပ်ရဲ့ အာဒီနဝပါဘုရား)၊ အဲဒီလို အနိစ္စ ဒုက္ခ အနတ္တတွေသိမှ **'အာဒီနဝ'** ဖြစ်တယ်တဲ့၊ သို့မဟုတ်လို့ရှိရင် အဲဒီ **'ရုပ်'** ကို သုခ သောမနဿပဲ ဖြစ်နေမှာပဲ။

**အဲဒီ သတ္တဋ္ဌာနနဲ့ ပြည့်စုံပြီးတော့ ဘုရားကြီးက ယောက်ျားမြတ်ကြီး ဖြစ်သွားတယ်**

**'သုခ သောမနဿ'**က လူချမ်းသာ သာဖြစ်တာမဟုတ်ဘူး၊ ဆင်းရဲတဲ့ ကောင်းစားတဲ့ သူတွေလည်း **'ရုပ်'**ကို သုခ သောမနဿဖြစ်တာပဲ၊ ခွေးတွေရော ဖြစ်တာပဲ၊ တစ်လောကလုံး လည်းအဲဒီ **'သတ္တဋ္ဌာန'** က မျက်နှာမလိုက်ဘူး၊ ဘုရားရဲ့သတ္တဋ္ဌာနကလည်း အဲဒီသတ္တဋ္ဌာန ပဲ၊ ဒါကြောင့် 'ဗောဓိပင် သတ္တာဟ၊ အဇပါလ သတ္တာဟ' အဲဒီ **'ရုပ်ခုနစ်ပါး'** ကို လိမ္မာအောင် လုပ်တာပဲ၊ အဲဒါလည်း သတ္တဋ္ဌာန ခေါ်တယ်၊ အဲဒီ သတ္တဋ္ဌာနနဲ့ ပြည့်စုံပြီးတော့ ဘုရားကြီးက ယောက်ျားမြတ်ကြီးဖြစ်သွားတယ်၊ အခုယောဂီတွေလည်း အဲဒီခုနစ်ခုသာ၊ ရပြီမဟုတ်လား ရရင် ဆိုလိုက်စမ်း---(ရူပဉ္စ ပဇာနာတိ၊ ရူပသမုဒယဉ္စပဇာနာတိ၊ ရူပနိရောဓဉ္စပဇာနာတိ၊ ရူပနိရောဓ ဂါမိနိပဋိပဒဉ္စပဇာနာတိ၊ ရူပအဿာဒဉ္စပဇာနာတိ၊ ရူပ အာဒီနဝဉ္စပဇာနာတိ၊ ရူပနိဿရဏဉ္စ ပဇာနာတိ၊ အယံသတ္တဋ္ဌာနကုသလော)။ BURMESE CLASSIC .com

အဲဒါပဲ **'ဆန္ဒ ရာဂ'** ကို ပယ်နိုင်တဲ့အဆင့် ရောက်သွားလို့ရှိရင် **'ဥတ္တမ ပုရိသ'**၊ အဲဒါ ဘယ်သူကမေးတုံးဆိုတော့ ရှင်သာရိပုတ္တရာမေးလို့ မြတ်စွာဘုရားဟောတာ၊ **'ခန္ဓဝဂ္ဂသံယုဂ်'**၊ အဲဒါကို လယ်တီဆရာတော်က **'ဥတ္တမ ပုရိသဒီပနီကျမ်း'** ဆိုပြီးတော့ အဲဒီဟာ ခုနစ်ခုကို လိမ္မာအောင်ဆိုပြီးတော့ ရေးတယ်၊ နောက် မိုးညှင်းတရားတွေလည်း အဲဒီယောဂီတွေ အဲဒီ တရားတွေလုပ်တယ်၊ မဆိုးဘူး။

မိုးညှင်းတို့ ပေါ်တုန်းကတော့ အဲဒီတုန်းကတို့က ၁၀နှစ်သား လောက်ပဲရှိသေးတယ်၊ လယ်တီတို့ပေါ်တုန်းက ၁၀နှစ်သားလောက်ရှိသေးတယ်၊ အခု ၆၀၊ ၇၀၊ ၈၀ လောက်ကျမှ အဲဒီဟာနားလည်လာတယ်၊ ယောဂီဒကာမကြီးတို့ကတော့ အခုကတည်းကစပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ်ဆိုရင် နောင်ငါးနှစ် ခြောက်နှစ်ဆိုရင် အဲဒီ ယောဂီတွေ ပထမတန်း ဖြစ်သွားတယ်၊ အဲလိုမှတ်ထား။

**ယောဂီတွေ ဉာဏ်အလွန်ကျယ်ပွားတယ်**

ဘယ်ဌာနမဆို အဲဒီက ဒီကတော့ အလွတ်ဆိုတော့ ဘာမပြော ညာမပြော ပါဠိတွေ ဝါဒတွေ မပတ်ဘူး၊ ဒီကတော့ မြတ်စွာဘုရားဟောသမျှအကုန် **'ဓာတ်'** ဆိုလည်း ဓာတ်၊ ဘာဆိုလည်းဘာ၊ အကုန်လုပ်လိုက်တော့ **'ကမ္မဋ္ဌာန်းတွေ'** ကျယ်ပွားသွားတယ်၊ **'ဓမ္မာနုပဿနာ'၊** အခု **'သတ္တဋ္ဌာနကုသလ'**၊ အဲဒါတွေဟာပထမတန်း ယောဂီတွေ ဉာဏ်အလွန် ကျယ်ပွားတယ်၊ အဲဒါကြောင့် နောင် အနှစ် ၂၀ဆိုရင် တော်တော်ဟန်သွားမယ့်ဟာမျိုး။

**ဆန္ဒ ရာဂ ပယ်လိုက်တာ အပြောတွေ လွတ်သွားတယ်**

တို့ ၁၀နှစ်သားတုန်းက ကြားခဲ့ရတဲ့ အဲဒီ **'သတ္တဋ္ဌာနကုသလ'**၊ အဲဒါ **'ဝိပဿနာ သတ္တဋ္ဌာန'**၊ မြတ်စွာဘုရားလည်း တရားလုပ်ရင်းမတ်တတ် **'သတ္တဋ္ဌာနကုသလ'**၊ အဲဒီဟာကို လုပ်တာပဲ၊ ဒါကြောင့် **'ရူပဥ္စ ပဇာနာတိ'၊** လှုပ်ရင် ထိုင်ရင် **'ရုပ်'** ပဲ၊ **'လူ'**မဟုတ်ဘူး အဲလိုမှတ်ထား၊ ခေါင်းလှုပ်တယ်နော် **'ရုပ်'** သိလိုက်၊ လှုပ်တယ်လို့ သိလိုက်၊ စကားပြောချင်ရင်နော် စကား ပြောတာတွေ **'ရုပ်'**ပဲ၊ အဲဒါဖြစ်သွားတာ ချုပ်သွားတာသိလိုက်၊ ပြောချင်လိုက်တယ်ဆိုရင် သုခ သောမနဿ ဖြစ်တော့ **'အဿာဒ'** သိလိုက်၊ ပြောတာလည်း အနိစ္စ ဒုက္ခပဲလို့ သိလိုက်ရင် **'အာဒီနဝ'** ဖြစ်သွားတယ်။

ပြီးတော့မှ မပြောချင်တော့ပါဘူးဟယ်ဆိုတော့ **'ဆန္ဒ ရာဂ'** ပယ်လိုက်တာ၊ အပြောတွေ လွတ်သွားတယ်၊ အဲလို အဲဒီခုနစ်ပါးလည်း အဲဒီသဘောမျိုး၊ **'ပထဝီ'**လုပ်လည်း ဖြစ်တယ်၊ ခေါင်းကြီးက မာတယ်၊ ဒူးတွေက မာတယ်ပေါ့၊ ပြီးတော့ ပေါင်တွေ ဖိုက်တွေ ပျော့တာတွေ ကလည်း **'ပထဝီ'** ပဲ။ အဲဒီ **'ပထဝီ'** ကိုစွဲပြီး သုခ သောမနဿဖြစ်တာ၊ ဒကာမကြီးတို့ ချမ်းသာတာ မဟုတ်ဘူး၊ ဒကာကြီးတို့ ချမ်းသာတာ မဟုတ်ဘူး၊ အဲဒီ **'ရုပ်ကြီး'** ကြောင့် ချမ်းသာတာ၊ အဲဒီ **'ရုပ်ကြီး'**ကို သာယာတာ ဖြစ်သွားတယ်၊ **'အဿာဒ'** ဖြစ်သွားတယ်၊ အဲဒီဟာတွေလည်း အနိစ္စ ဒုက္ခ အနတ္တပဲဆိုတော့ **'အာဒီနဝ'** ဖြစ်လာပြီ၊ **'အာဒီနဝ'** ဖြစ်လာပြီဆိုတော့ နောက်လွတ်ရုံ ကတော့ **'ဆန္ဒ ရာဂ'** ပယ်လိုက်ရုံပဲ ရှိတော့တယ်။ ဘာမှခဲယဉ်းတာလည်းမဟုတ်ဘူး၊ နားလည်တဲ့ အခါကျ လွယ်လွယ်လေးပဲ၊ ဒါပေမယ့် အောင်မာ ခဲယဉ်းရင် မသိ တော်တော်ခဲယဉ်းတာ၊ **'ဆန္ဒ ရာဂ ပဟာန်'**၊ **'ရုပ်'** သာ ဆန္ဒ ရာဂ မရှိနဲ့တော့၊ သုခ သောမနဿလည်း **'ရုပ်'** စွဲပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာတွေပဲ၊ တဏှာတွေရော ဘာတွေရော **'ရုပ်'** မရှိဖြစ်သလား (မဖြစ်ပါဘူး)၊ နိဗ္ဗာန်မှာ **'ရုပ်'** ရှိသလား (မရှိပါဘူး)၊ အဲဒါကြောင့် **'နိဿရဏ'** ဖြစ်အောင် လုပ်ရတယ်၊ ဉာဏ်တွေထုတ်၊ ခုနစ်ခု လုပ်တတ်ပြီလား။

**ဉာဏ်ကြီးကြီးနဲ့ အလွှတ်လုပ်ပေး**

**ဝေဒနဋ္ဌ ပဇာနာတိ** ဆိုစမ်း (ဝေဒနဋ္ဌ ပဇာနာတိ၊ ဝေဒနာ သမုဒယဋ္ဌ ပဇာနာတိ၊ ဝေဒနာ နိရောဓဋ္ဌ ပဇာနာတိ၊ ဝေဒနာ နိရောဓ ဂါမိနိ ပဋိပဒဋ္ဌ ပဇာနာတိ၊ ဝေဒနာ အဿာဒဋ္ဌ ပဇာနာတိ၊ ဝေဒနာ အာဒီနဝဋ္ဌ ပဇာနာတိ၊ ဝေဒနာ နိဿရဏဋ္ဌ ပဇာနာတိ)။

**'ယံ ဝေဒနာ -** အကြင်ဝေဒနာကို၊ **ပဋိစ္စ -** စွဲ၍၊ **နိဿာယ -** မှီ၍၊ **သုခသောမနဿံ-** သုခသောမနဿသည်၊ **ဟောတိ -** ဖြစ်၏'။

'**အယံ** - ဤဝေဒနာကို' စွဲပြီး သုခ သောမနဿ ဖြစ်တာကိုပင်လျှင် **'ဝေဒနာ အဿာဒ'** သာယာတာ ဖြစ်သွားတယ်၊ အဲဒါ **'တဏှာ'** ဖြစ်သွားတာပဲ၊ ဟိုက ဝေဒနာက တဏှာမကူးဘူး ဆိုတာ အဲဒီဟာလေး **'အဿာဒ'** မဖြစ်ရင် တဏှာ မကူးဘူးဘဲ၊ ဝိပဿနာတရားတွေ အဲဒီထဲ အကုန်ဝင်တာပဲ၊ **'ဓမ္မာနုပဿနာတွေ'**ရော၊ **'သတ္တဋ္ဌာနကုသလတွေ'**ရော၊ ဉာဏ်ကြီးကြီးနဲ့ အလွှတ်လုပ်ပေး။

**သညာမှီပြီးတော့ ဆန္ဒ ရာဂတွေဖြစ်တာ**

**'သညာ'** ဆိုစမ်း (သညဋ္ဌ ပဇာနာတိ၊ သညာ သမုဒယဋ္ဌ ပဇာနာတိ၊ သညာ နိရောဓဋ္ဌ ပဇာနာတိ၊ သညာ နိရောဓ ဂါမိနိ ပဋိပဒဋ္ဌ ပဇာနာတိ၊ သညာ အဿာဒဋ္ဌ ပဇာနာတိ၊ သညာ အာဒီနဝဋ္ဌ ပဇာနာတိ၊ သညာ နိဿရဏဋ္ဌ ပဇာနာတိ)။

**'နိဿရဏ'**ဆိုတာက ဆန္ဒ ရာဂကို ပယ်ရတာနော်၊ **'သညာ'** မှီပြီးတော့ ဆန္ဒ ရာဂ ဖြစ်တယ်၊ ဒါလည်း ဘာမှခက်တာမဟုတ်ဘူး၊ ဒကာနဲ့ ဒကာမကြီးနဲ့ တွေ့တော့ **'သညာ'**ပါမှ၊ **'ကာမသညာ'** ပဲ၊ အဲဒါ **'သညာ'** မှီပြီးတော့ ဆန္ဒ ရာဂတွေဖြစ်တာ၊ အဲဒါလေးပယ်လိုက်လို့ရှိရင် **'ဆန္ဒ ရာဂ ဝိနယော'** ဆိုရင် နိဿရဏ ဖြစ်သွားတာပဲ၊ **'သညာရဲ့ နိဿရဏ'** ဖြစ်သွားတာပဲ၊ အဲလိုကို မသိဘူး။ တို့အရင်တုန်းက အဘိုးကြီးအို အမယ်ကြီးအိုတွေ ၇၀၊ ၈၀ တိုင်အောင် ချစ်တုန်း၊ သေတာတောင်မှ ငါ့သားတွေ မရှက်နိုင်တော့ဘူးဆိုပြီးတော့ သူက ရိုးမြေကျပေါင်းဖို့ ဆိုပြီးတော့ သစ္စာဆိုလာခဲ့တာကိုးကွ၊ ဟိုပက်လက်ကြီး သနပ်ခါးတွေနဲ့ ဒကာမကြီးကို အသုဘ လိမ်းထားတာ၊ ငါ့သားတွေ မရှက်နိုင်တော့ အဲဒီဒကာမကြီးနဲ့ ဖက်အိပ်တယ်၊ အနိစ္စ ဒုက္ခ၊

www.burmeseclassic.com

www.burmeseclassic.com



၇၀၊ ၈၀တွေ၊ ဘာမှတ်လို့တုံး၊ အခု ကပ္ပိယတွေလည်း အဲလိုသွားမလုပ်နဲ့ ဟုတ်လား ၇၀၊ ၈၀။ **'သင်္ခါရက္ခ ပဇာနာတိ'** ဆိုစမ်း (သင်္ခါရက္ခ ပဇာနာတိ၊ သင်္ခါရ သမုဒယဉ္စ ပဇာနာတိ၊ သင်္ခါရ နိရောဓဉ္စ ပဇာနာတိ၊ သင်္ခါရ နိရောဓ ဂါမိနိ ပဋိပဒဉ္စ ပဇာနာတိ၊ သင်္ခါရ အဿာဒဉ္စ ပဇာနာတိ၊ သင်္ခါရ အာဒီနဝဉ္စ ပဇာနာတိ၊ သင်္ခါရ နိဿရဏဉ္စ ပဇာနာတိ)။

အဲဒါမှ ယောဂီတွေ လိမ္မာသွားတယ်၊ တို့ငယ်ငယ်တုန်းကဟာတွေ၊ အခုမှလည်း သိအောင်ပြောတတ်တယ်၊ အခုလည်း ပြောတတ်လို့ ဆက်လုပ် ဆက်လုပ်၊ လူတွေလည်း သိအောင်လုပ်ပေး ပြောပေး။

### အခုမှပဲ သတ္တဋ္ဌာန ကုသလကို ကြားရတော့တယ်

**'ဝိညာဏဉ္စ ပဇာနာတိ'** (ဝိညာဏဉ္စ ပဇာနာတိ၊ ဝိညာဏ သမုဒယဉ္စ ပဇာနာတိ၊ ဝိညာဏ နိရောဓဉ္စ ပဇာနာတိ၊ ဝိညာဏ နိရောဓ ဂါမိနိ ပဋိပဒဉ္စ ပဇာနာတိ၊ ဝိညာဏ အဿာဒဉ္စ ပဇာနာတိ၊ ဝိညာဏ အာဒီနဝဉ္စ ပဇာနာတိ၊ ဝိညာဏ နိဿရဏဉ္စ ပဇာနာတိ)။

အခု **' မြင်တာတွေ '** လည်း ဝိညာဏ်တွေနော်၊ **' ကြားတာတွေ '** လည်း ဝိညာဏ်တွေ၊ **'ဝိညာဏက္ခန္ဓာတွေ'**၊ အဲဒီ **'ဝိညာဏ်တွေ'** ရဲ့ သမုဒယကို သိရမယ်၊ အခုမြင်ရင် မြင်တယ်လို့ သိရမယ်၊ အလွန်ဉာဏ်ကောင်းတဲ့ဟာ၊ **' ဝိညာဏ် '**ချုပ်သွားတာတွေရော၊ ဥပါဒ် ဌီ ဘင် ချုပ်ရမယ်၊ အခုကြားတဲ့ဟာ ချုပ်ရမယ်၊ ဒါ **' ဝိညာဏ် '** ရဲ့ နိရောဓပဲ၊ ကြားတာ **' ဝိညာဏ် '** ရဲ့ သမုဒယပဲ၊ ကြားတာ ချုပ်သွားပြီ နိရောဓပဲ၊ အဲ ချုပ်လိုက်တယ်ကွလို့ သိလိုက်တာဟာ **'သမ္မာဒိဋ္ဌိ'** က **' နိရောဓ ဂါမိနိ ပဋိပဒဉ္စ'** ပဲ၊ **'ဝိညာဏ်'**ချုပ်တာ။

**'ဝိညာဏ အဿာဒဉ္စ'**၊ တရားကလည်း ကြားလို့ကောင်းလိုက်တာဆို **'အဿာဒ'** ဖြစ်သွားတာ၊ မကောင်းနဲ့၊ ကြား ကြားရုံပဲထား၊ ဆိုးလိုက်တာဆိုပြီး ငြိုးမသွားနဲ့၊ အဲဒါ **'အာဒီနဝ'** ဖြစ်သွားတယ်၊ ဝိပဿနာဆိုတာ အဲလိုပဲ၊ သွားရင်း လာရင်း နှလုံးသွင်းရတယ်။ အဲဒါ ရှေးတုန်းက ဘုရားဉာဏ်တွေ **'ခန္ဓဝဂ္ဂသံယုဂ်'**၊ ရှင်သာရိပုတ္တရာမေးလို့ မြတ်စွာဘုရားဟောတဲ့တရား၊ သူတို့လည်းသိတာ၊ နောက်အနှစ် ၂၀၀၀ ကျော်မှ လယ်တီ ဆရာတော်၊ ဟော အခုမှပဲ **'သတ္တဋ္ဌာနကုသလ'** ကို ကြားရတော့တယ်။

ကဲ--- တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



၁၉. ၄. ၂၀၀၈ တွင် စမ်းချောင်းမြို့နယ် ကံမြင့်ကျောင်းတိုက်ဓမ္မာရုံ၌ ဟောကြားတော်မူသော

## " မျက်စိကမြင်တယ် မနောကမြင်တယ် လူကမြင်တယ် တရားတော် "

**ဣမသ္မိံ** - ဤနာမ်ရုပ်သည်၊ **သတိ** - ရှိခဲ့သော်၊ **ဣဒံ** - ဤမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မန ခြောက်ဒွါရသည်၊ **ဟောတိ** - ဖြစ်၏၊ **ဣမသ္မိံ** - ဤနာမ်ရုပ်သည်၊ **အသတိ-** မရှိခဲ့သော်၊ **ဣဒံ** - ဤမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မန ခြောက်ဒွါရသည်၊ **နဟောတိ**- မဖြစ်။

### သိတာကနာမ်

**'ဣမသ္မိံ-** ဤနာမ်ရုပ်သည်**'**၊ ဟော **'သိတာကနာမ်'**လို့ခေါ်တယ်၊ လူတွေကလည်း သိတာ မဟုတ်ဘူး၊ ယောက်ျားတွေကလည်း သိတာမဟုတ်ဘူး၊ မိန်းမတွေက သိတာလည်း မဟုတ်ဘူး၊ ခွေးတွေ ဝက်တွေကလည်း သိတာမဟုတ်ဘူး၊ **'သိတာကနာမ်'** လို့ခေါ်တယ်၊ သိတာကို ဘာလို့ခေါ်တယ် (နာမ်လို့ခေါ်ပါတယ်ဘုရား)၊ **'ငါ'** ကလည်းသိတယ်၊ **'ငါသိတယ်'** လို့မဆိုနဲ့ (မှန်ပါဘုရား)။ **'ဒွါရနဲ့ အာရုံနဲ့'** ကရှိနေတယ်၊ **'ဒွါရနဲ့ အာရုံနဲ့'** ကရှိနေတော့သိနေတယ်၊ တစ်ဒွါရက အာရုံမရှိပေမယ့် အခြားတစ်ဒွါရနဲ့ တစ်အာရုံက ရှိနေတယ်၊ **'အတ္ထိပစ္စယော'** လို့ခေါ်တယ်၊ **'ဒွါရနဲ့ အာရုံနဲ့'** ကရှိနေတယ်၊ အဲဒီသိနေတာကို **'နာမ်'**လို့ ခေါ်တယ်၊ အဲဒီသိတာ ဘာလို့ ခေါ်တယ် (နာမ်လို့ခေါ်ပါတယ်ဘုရား)။

အေး**' နာမ် '**လို့ခေါ်တယ်၊ **'နာမ်'**ကသိတယ်လို့မှတ်ထား၊ **'ငါ'** ကသိတယ်၊ ယောက်ျားက သိတယ်၊ မိန်းမက သိတယ်လို့ မရှိရင် **'အတ္တ'** က ပြုတ်သွားတယ် အဲလိုမှတ်ထား၊ ဒါကြောင့် **'သိတာကနာမ်'**၊ သိတာက **'နာမ်'**၊ မြင်တာတွေကလည်း **'နာမ်'**ပဲ၊ ကြားတာတွေကလည်း **'နာမ်'**ပဲ၊ နာမည်တွေ သဏ္ဌာန်တွေ မရောက်စေနဲ့၊ နာမည်တွေ သဏ္ဌာန်တွေရောက်ရင် **'မနော'** ဖြစ်သွားတယ်။ **'မျက်စိကမြင်တယ်၊ မနောကမြင်တယ်၊ လူကမြင်တယ်'**။

### မျက်စိက မြင်တာ၊ ငါမြင်တာ မဟုတ်ဘူး

**'မျက်စိ'** ကမြင်တာကတော့ အဝါအစိမ်းတွေ နာမည်မပါဘူး၊ **'မျက်စိ'**က မြင်တာ နာမည်မပါဘူး (တင်ပါ့ဘုရား)၊ အနီ အဝါ အပြာတွေမြင်တယ်၊ နာမည်တွေ ပန်းပွင့်တွေ ကုလားထိုင်တွေ အဲလို အဲလို မသိဘူး၊ **'မျက်စိ'**ကမြင်တယ်။ ဒါကြောင့်---**'မျက်စိက မြင်တယ်'**၊

www.burmeseclassic.com

www.burmeseclassic.com



မြင်ရတာ လောဘ ဒေါသ မောဟတွေ လူတွေလည်း မပါဘူး၊ မြတ်စွာ ဘုရားလည်းမြင်တယ်၊ ဒကာ ဒကာမကြီးတွေလည်း မြင်တယ်၊ မြင်တာကို **' ငါ '**က မြင်တယ်လို့မလုပ်နဲ့၊ **'မျက်စိ'**က မြင်တယ်ဆိုမှမှန်တယ်၊ မြင်တာဘယ်သူက မြင်တုံး (မျက်စိကမြင်ပါတယ်ဘုရား)။ **'မျက်စိ'** ကမြင်တာ၊ **'ငါ'** မြင်တာမဟုတ်ဘူးဆိုကတည်းက **'အတ္တ'**က ပယ်ပြီးသွားပြီ၊ **'အတ္တ'** ကပယ်ပြီးရင် **'သက္ကာယ'** ကမရှိဘူး၊ **'မျက်စိ'** ကမြင်တယ်ဆိုကတည်းက တွေးတာတွေ ခေါ်တာတွေ မရှိတော့ဘူး၊ **'ဝိစိကိစ္ဆာတွေ'** ဘာတွေ မရှိတော့ဘူး၊ **'ငါ'**က မြင်တယ်ဆိုရင် လူတွေ ဘယ်သူ့ မြင်တယ်၊ ဘယ်ဝဲ့မြင်တယ် လျှောက်မြင်သွားတယ်၊ အဲလိုလျှောက်မြင်သွားတယ်၊ အဲလို လျှောက်မြင်သွားတာကို **'မနောကမြင်တယ်'**လို့ခေါ်တယ်၊ ဘာလို့ခေါ်တယ် (မနောက မြင်တယ် လို့ခေါ်ပါတယ်ဘုရား)။

အဲဒီ**'မနော'**ကမြင်တာကို **'ငါ'** မြင်တယ်လို့မဆိုဘူး၊ **'မနောကမြင်တယ်'**လို့ သိရင် အဲဒါ **'သမ္မာဒိဋ္ဌိ'** လို့ခေါ်တယ်၊ **'မနော'** ကမြင်တာတွေကို အနိစ္စ ဒုက္ခ လုပ်ပစ်လိုက်တော့ **'မနော'** မရှိတော့ဘူး၊ အဲလိုမှတ်၊ ဒါကြောင့် **'ယေ စိတ္တံ သံယမေဿန္တိ မောက္ခန္တိ မာရဗန္ဓနာ'**၊ အဲဒီ မြင်တာလေးက ပိုတာလေးကို အနိစ္စဒုက္ခ လုပ်ပစ်တော့ **'မနော'** မရှိတော့ဘူး (မှန်လှပါဘုရား)။ **'လူ'**ကတော့နဂိုကတည်းက မရှိတာ၊ အဲလိုမှတ်ထား (မှန်လှပါဘုရား)။

အဲဒါမှ ဒကာကြီးတို့တောင်းထားတဲ့ 'နိဗ္ဗာန်ကိုရပါလို၏ အရှင်ဘုရား' ဆိုတဲ့ အဲဒီ **'မနော'**မရှိတာတွေရနေတယ်၊ **'မနော'**က လူတွေ ယောကျ်ားတွေ မိန်းမတွေကို အဲဒါတွေ **'မနော'**၊ စိတ်ကို ခေါ်တာ၊ **'မနော'** ဆိုတာ ဘယ်သူ့ခေါ်တာတုံး (စိတ်ကိုခေါ်ပါတယ်ဘုရား)။

မြတ်စွာဘုရားက **'ယေ စိတ္တံ သံယမေဿန္တိ မောက္ခန္တိ မာရဗန္ဓနာ'**၊ **'ယေ**- အကြင်ယောဂီ ပုဂ္ဂိုလ်တို့သည်၊ **စိတ္တံ**- စိတ်ကို'၊ မြင်ရတဲ့အခါ မြင်ရတဲ့စိတ်ကို၊ ကြားရတဲ့အခါ ကြားရတဲ့စိတ်ကို အဲဒါ **'မနော'**ဖြစ်သွားတယ်၊ ဘယ်သူ့မြင်တယ်၊ ဘယ်ကိုယ်တော် အတှာ ဘာညာနဲ့ အဲလို မလုပ်နဲ့၊ လုပ်ရင် **'မနော'** ဖြစ်တယ်။

အဲဒီ **'မနော'**ကို တစ်ခါတည်း **'သံယမေဿန္တိ'**ဆိုတာ သမ္မာဒိဋ္ဌိ သမ္မာသက်ပွတွေ ရှုရတယ်၊ ရှုတာတွေကလည်း **'လူ'**မဟုတ်ဘူး၊ **'ဉာဏ်'**ခေါ်တယ်၊ **'ယဒါ ပညာယ ပဿတိ'** ဆိုတော့ ရှုတာကဉာဏ်ခေါ်တယ်၊ မရှုဘဲနေလိုက်လို့ **'မနောကြီး'**ပဲ ထားမယ်ဆိုရင် သွားပြီ၊ တစ်ခါတည်းတောက်လျှောက် နာမည်တွေရော သဏ္ဌာန်တွေရော၊ အဲ နာမည် သဏ္ဌာန်ပါရင် **'မနော'** ရောက်ပြီလို့ မှတ်ထား၊ **'မနော'**ပါရင် စိတ်ဖြစ်သွားပြီလို့မှတ်ထား (မှန်လှပါဘုရား)၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ **'မနောကမြင်တယ်'**လို့ခေါ်တယ်၊ ဘာမြင်တယ်လို့ ခေါ်တယ် (မနောကမြင်တယ်လို့ ခေါ်ပါတယ်ဘုရား)။ **'မျက်စိကမြင်တယ်၊ မနောကမြင်တယ်'**။ အဲဒီ **'မနော'** ကိုသိ၊ အဲဒီ **'မနော'** ကိုသိလိုက်၊ သိလိုက်တော့တစ်ခါတည်း ဒါသည်ပဲ ကိုယ့်ကိုယ်ကိုသိသွားတယ်၊ အဲဒီ **'မနော'**က ရာဂလည်းသူပဲ၊ ဒေါသလည်း သူဖြစ်တာပဲ၊ မောဟလည်းသူပဲ၊ **'မနော'** မပါရင်မပြီးဘူး၊ အဲဒီ **'မနော'** ဖြစ်တာကိုပဲ **'လူ'** ဖြစ်တယ်လို့ ထင်နေတာ၊ **'မနော'**ဖြစ်တာကို ဘာဖြစ်တယ်လို့ ထင်တုံး (လူဖြစ်တယ်လို့ထင်တာပါဘုရား)၊ **'မနော'** ဖြစ်တာနဲ့ **'လူ'**ဖြစ်တာ ကွဲပြီလား (ကွဲပါပြီဘုရား)။

**'မနော'** ဖြစ်ရင် **'လူ'** ဖြစ်တာပဲ၊ **'မနော'** ဖြစ်ရင် **'လူ'** ဖြစ်နေတယ်၊ **'မနော'**က ကြံတာကိုး၊ **'မနော'**ကလူတွေကြံ နတ်တွေကြံ ခွေးတွေကြံ ဝက်တွေကြံ အဲလိုမကြံကြဘူးလား၊ သုံးဆယ့် တစ်ဘုံ မကြံဘူးလား(ကြံပါတယ်ဘုရား)၊ သုံးဆယ့်တစ်ဘုံဟာဘယ်သူမှတ်တုံး၊ အဲဒီ **'မနော'**၊ သုံးဆယ့်တစ်ဘုံဟာ ဘယ်သူမှတ်တုံး (မနောပါဘုရား)၊ အဲဒီ **'မနော'** ရှိရင် သုံးဆယ့်တစ်ဘုံ ရှိတယ်၊ **'မနော'**မရှိရင် သုံးဆယ့်တစ်ဘုံမရှိဘူး ဟုတ်ကဲ့လား(မှန်လှပါဘုရား)၊ သုံးဆယ့်တစ်ဘုံ မရှိရင်ဘယ်ရောက်သွားတုံး (နိဗ္ဗာန်ရောက်သွားပါတယ်ဘုရား)။

အဲသလို အခု ၁၃၇၀ ခုနှစ်မှာ အဲလို နိဗ္ဗာန်တွေက ပထမတန်းဟန်တော့မှာတွေ ဟုတ်ကဲ့လား၊ ကိုယ့်ကိုယ်ကို အထင်မနည်းနဲ့ ဟုတ်ကဲ့လား (မှန်လှပါဘုရား)၊ ဟော တို့က **'မနော'**နဲ့ မကွဲလို့ဘဲကိုး ဟုတ်ကဲ့လား (မှန်ပါဘုရား)။

**မနောမှာ မာရ်မင်းရဲ့ အနှောင်အဖွဲ့ရှိတယ်**

အဲဒီ **'မနော'** မှာပဲ **'မာရ ဗန္ဓနာ'** ဆိုတဲ့ မာရ်မင်းရဲ့ အနှောင်အဖွဲ့ရှိတယ်၊ **'ကိလေသာ အနှောင်အဖွဲ့'** ဟုတ်ကဲ့လား၊ မစ္စုအနှောင်အဖွဲ့၊ အနှောင်အဖွဲ့တွေရှိတယ်၊ စိတ်မှာ မာရ်တွေ **'ဗန္ဓနာ-** မာရ်မင်းရဲ့ အနှောင်အဖွဲ့'က ဘယ်မှာ ဖြစ်နေတုံးဆိုတော့ **'စိတ်'**မှာ ဖြစ်နေတာ၊ ဘယ်မှာဖြစ်နေတုံး (စိတ်မှာဖြစ်ပါတယ်ဘုရား)။

အဲ **'စိတ်နဲ့ လူနဲ့'**လည်း မကွဲဘဲနဲ့ **'လူ'**ကလည်း စိတ်၊ **'စိတ်'**ကလည်း လူလို့ဖြစ်နေတယ်၊ အဲလိုခွဲ ကိုယ့်ဟာကိုယ်ဉာဏ်ရှိရင်ကွဲတာပဲ၊ ဘာခက်တာမှတ်လို့ ဘုရားလက်ထက်တုန်းက လည်း အဲလိုပဲ (မှန်လှပါဘုရား)၊ အေး အဲဒီလို **'မျက်စိကမြင်တယ်'** (မျက်စိကမြင်တယ်)၊ အဲဒါတွေကလည်း သာမညလေးမဟုတ်ဘူး။

**'မျက်စိ'**က **စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ မနောဝိညာဏဓာတုယာစ၊ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ**

www.burmeseclassic.com

www.burmeseclassic.com



**အနန္တရပစ္စယေန ပစ္စယော။** **'မျက်စိ'** မြင်ပြီးတဲ့နောက်မှာ **'မနောကြီး'** ရောက်သွားတယ်၊ အဲဒါက **'မနောဓာတ်'** စာလိုတော့ **'မနောဝိညာဏဓာတ်'**က ဇောဆိုတော့ကုသိုလ် အကုသိုလ်ဖြစ်သွားတယ်၊ အဲဒီ မျက်စိမြင်ပြီးတဲ့နောက်မှာ **'မနော'** ဖြစ်တယ်၊ အဲဒီဟာလေးကို ဒါပဋ္ဌာန်း၊ **'ပဋ္ဌာန်းဉာဏ်'**က ဝိပဿနာ၊ တရားအလွန် မြင်လွယ်တယ်၊ အဲဒါကြောင့် **'ပဋ္ဌာန်းဉာဏ်ကြီး'**ကို ပြောနေရတယ်၊ **'မျက်စိကမြင်တယ်'** (မျက်စိကမြင်တယ်)၊ **'မျက်စိကမြင်တယ်'**ဆိုတဲ့နေရာမှာ **'မျက်စိ'** ကမြင်တာ မဟုတ်ဘူးနော်၊ **'စက္ခုဝိညာဏ်'** ဆိုတဲ့ဟာက မြင်တာနော် (မှန်လှပါဘုရား)။

အေး အဲလိုလေးသိပေးအုံးမှ၊ သို့မဟုတ်လို့ရှိရင် **'မျက်စိကမြင်တယ်'**လို့ မှတ်နေမယ်၊ အိမ်ဆူတယ်လို့ဆိုရာမှာ အိမ်ကမဆူဘူး အိမ်ကကလေးတွေက ဆူတာ၊ အဲလိုပဲ **'စက္ခုဝိညာဏ်'** က မြင်တာ အဲလိုမှတ်နော်၊ **'စက္ခုဝိညာဏ်'**ကမြင်တာနော်၊ **'ငါ'** မြင်တယ်လို့ မမှတ်နဲ့နော် (မှန်လှပါဘုရား)။

ဒါကြောင့် ပဋ္ဌာန်းက **'စက္ခုဝိညာဏဓာတု-** စက္ခုဝိညာဏဓာတ်သည် လည်းကောင်း**'**၊ သူပါလို့ရှိရင် ဖဿ၊ ဝေဒနာ၊ သညာတွေပါတယ်၊ ဒါတွေကျတော့ ဉာဏ်လေးကလည်း နည်းနည်းလေးထုတ်ပေးအုံးမှ ဖဿ၊ ဝေဒနာ၊ သညာပါတယ်၊ **'ခန္ဓာငါးပါး'**ပေါ့၊ ဒါကြောင့် **'အနိစ္စ'**လို့ဆိုလိုက်တော့ အဲဒါတွေမရှိတော့ဘူး၊ **'အနိစ္စ'**ဆိုလို့ရှိရင် **'ခန္ဓာ'**သာ ရှိတယ်၊ **'လူတွေ'** မရှိတော့ဘူး။

**'အနိစ္စန္တိ ခန္ဓ ပဉ္စကံ'**၊ **'အနိစ္စန္တိ-** အနိစ္စ ဟူသည်ကား၊ **ခန္ဓ ပဉ္စကံ-** ခန္ဓာငါးပါးတည်း**'**။

အနိစ္စဆိုတာ **'ဟုတွာအဘာဝတော အနိစ္စံ'**၊ **'ဟုတွာ-** ဖြစ်ပြီး၍၊ **အဘာဝတော-** မရှိခြင်းကြောင့်၊ **အနိစ္စံ-** အနိစ္စမည်၏**'**။

## အနိစ္စက အနိမိတ္တ နိဗ္ဗာန်ကို အာရုံပြုတယ်

**'အနိစ္စ'**ဆိုလို့ရှိရင် အဲဒီပရိသတ်ကြီးတွေ လူကြီးတွေရှိတယ် မထားရဘူး၊ **'သုညတ'** ဖြစ်သွားတယ်၊ **'အနိစ္စ'**ကကို **'အနိမိတ္တ နိဗ္ဗာန်'** ကို အာရုံပြုတယ်၊ အနိစ္စနဲ့ အနိမိတ္တလည်း အတူတူပဲ၊ **'ရာဂေါ နိမိတ္တ ကာရဏံ'**၊ ရာဂတို့ ဒေါသတို့ မောဟတို့က **'နိမိတ်'** ကိုပြုတတ်တယ်၊ ဒါကြောင့် **'နိမိတ်'** မပြုအောင်လို့ **'အနိစ္စ သင်္ခတံ'**။ ဘာပြုလို့ **'အနိစ္စ'** ဖြစ်တုံးဆို **'သင်္ခတ'**မို့လို့ အနိစ္စဖြစ်တယ်တဲ့၊ **'သင်္ခတ'**ဆိုတာ အကြောင်း ပြုပြင်မှုဖြစ်တာကို **'သင်္ခတ'**ခေါ်တယ်၊ သူလည်း အနိစ္စပဲ၊ **'သင်္ခတ'**မို့လို့ အနိစ္စခေါ်တယ်၊ ဘာပြုလို့ **'သင်္ခတ'**ဖြစ်တုံးဆို **'ပဋိစ္စသမုပ္ပန္န'**မို့လို့

www.burmeseclassic.com

www.burmeseclassic.com



သင်္ခတဖြစ်တယ်၊ အနိစ္စဖြစ်တယ်၊ အကြောင်းကို စွဲလို့ **'စက္ခုဝိညာဏ်'** ဖြစ်တယ် မဟုတ်ဘူးလား၊ အဲဒါ **'ပဋိစ္စသမုပ္ပန္န'**ခေါ်တယ်။ ဒါကြောင့် **'အနိစ္စ သင်္ခတံ၊ ပဋိစ္စ သမုပ္ပန္နံ၊ ခယဓမ္မံ ဝယဓမ္မံ'** ကုန်တယ်၊ ပျက်တယ်၊ ကုန်တတ်တယ် ပျက်တတ်တယ်လို့သိမှ အဲဒီရောက်မှ **'ဒုက္ခသစ္စာ'** သိတယ်၊ ကုန်တယ်ပျက်တယ်လို့ ဆို ဆို ပေးရတယ်၊ မဆိုလို့ရှိရင် လူတွေ မနောတွေ ရောက်သွားတတ်တယ်၊ အဲလိုဆိုနေရင် **'သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ'**ရောက်တယ်၊ ဒါမှ **'ယဒါ ပညာယ ပဿတိ'**နဲ့လည်း ကိုက်တယ်၊ ဒါကြောင့်ဆို ဆိုပေးရတယ်။

**'ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ'၊ 'ရာဂ'**ဘယ်မှာရှိတော့မတုံး၊ ဒါကြောင့် **'ဝိရာဂ'**ခေါ်တယ်၊ **'ပဋိစ္စသမုပ္ပါဒ်လေး'** ထဲမှာ ကုသိုလ် အကုသိုလ် မပါသေးဘူး၊ **'ရာဂ'**မပါတော့ အဲဒီတော့ **'ဝိရာဂ'** ခေါ်တယ်၊ **'နိရောဓ ဓမ္မံ'**၊ အဲဒါ **'စမ္မခဏ်ဂါထာ'**ကို မီးနဲ့ရှို့လို့မရတာ အဲဒီဂါထာကြောင့် မရတာ၊ နိဗ္ဗာန်ပြောနေတဲ့ ဂါထာ၊ ဒကာကြီးရရပါလို၏ဆိုတဲ့ နိဗ္ဗာန်က **'စမ္မခဏ်ဂါထာ'**မှာ ရှိတယ်၊ အဲဒါကြောင့် မီးနဲ့ရှို့လို့မရတာ မီးလုံတယ်၊ ဒကာမကြီးတွေ အဲဒါရွတ်ပေး၊ နိဗ္ဗာန် လည်းရောက်တယ် (မှန်လှပါဘုရား)၊ **'အနိစ္စ'**ဆိုကတည်းက ရောက်သွားပြီ၊ **'လူတွေ'** ကမရှိ တော့ဘူး၊ **'ခန္ဓာငါးပါး'**ကိုး။

**'မျက်စိက မြင်တယ်'**၊ အဲဒါကိုက **'ခန္ဓာငါးပါး'**၊ မြင်ပြီးရင် **'ဟုတွာအဘာဝတော'** မြင်ပြီး ရင် မရှိတော့ဘူး၊ အဲဒီလိုလုပ်မှ သို့မဟုတ်လို့ရှိရင် **'သဿတ'** တို့၊ **'ဥစ္ဆေဒ'**တို့ ဖြစ်တယ်၊ မြင်ပြီး မရှိတော့ဘူး မရှိတော့ဘူးဆိုတော့ ဒီပရိသတ်ကြီးမရှိတော့ဘူး **'အနိစ္စ'**လို့ဆိုလိုက်ရင် အဲဒါ **'ဉာဏ်'**နဲ့မကြည့်တာ၊ ဘာနဲ့မကြည့်တာတုံး (ဉာဏ်နဲ့မကြည့်တာပါဘုရား)။ **'ကံ'**နဲ့ဆို သွားကြည့် တယ်၊ အဲလို **'ကံ'** မဖြစ်အောင် **'ဉာဏ်'**ကအရင် လုပ်ရတယ်နော်၊ အေး အဲလိုမှတ်နော် (မှန်လှပါ ဘုရား)၊ **'မျက်စိက မြင်တယ်'** ဆိုတာခန္ဓာငါးပါးမြင်တာကို ပြောတာနော် (မှန်လှပါဘုရား)။

**'မြင်တာက ဝိညာဏက္ခန္ဓာ၊ အခုလိုငြိမ်နေတာက ဝေဒနာက္ခန္ဓာ'**။

အဲဒါ **'ဥပေက္ခာဝေဒနာ** ခေါ်တယ်၊ **'ဥပေက္ခာ ပန သန္တတ္တာ၊ သုခ မိစ္စေဝ ဘာသိတာ'**၊ **'ဥပေက္ခာနှင့် ယှဉ်ခြင်းသည် ငြိမ်သက်သည်၊ ထိုသို့ငြိမ်သက်ခြင်းသည် ချမ်းသာဟူ၍ ဆိုအပ်၏'** အဲလို **'ငြိမ်နေတာ'** က ဝေဒနာ ခံစားတာ၊ **'ငြိမ်နေတာ'** ဘာလုပ်တာတုံး (ဝေဒနာခံစားတာပါ ဘုရား)၊ **'ဝေဒနာခံစားတာ'**များ **'ငါ'**လို့မထင်နဲ့၊ အဲလိုမထင်နဲ့၊ မြတ်စွာဘုရားတို့ မြင်တယ်၊ ဒကာ ဒကာမကြီးတို့မြင်တယ်၊ မြင်တာ ဘာထူးတုံး၊ ဘယ်လိုထူးသတုံးဆိုရင် မြတ်စွာဘုရား တို့က **'ရူပနဒဿန'** မဖြစ်ဘူး၊ ဒကာ ဒကာမကြီးတွေက ဘာပြုလို့ဖြစ်တုံးဆိုတော့ **'သူတွေ'**

www.burmeseclassic.com

www.burmeseclassic.com



**'ငါတွေ'** ရှိလို့ **'ရုပ်ပါရဲ့'**ကိုမြင်တယ်၊ **'စက္ခုဥ္စ ပဇာနာတိ'၊** ဒီနေရာမှာ **'ဓမ္မာနုပဿနာ'** ကလာပါတယ်၊ **'ဓမ္မာနုပဿနာနဲ့ ပဋ္ဌာန်းနဲ့'** က အလွန်ကိုက်တဲ့ဟာ၊ အေး **'ဓမ္မာနုပဿနာ'၊ 'စက္ခုဥ္စ-** စက္ခုပသာဒ ကိုလည်း၊ **ပဇာနာတိ-**သိ၏'၊ ဒကာမကြီးတို့သိလား၊ ကိုယ်ဘာသာမသိတာ ကိုယ်ဘာသာကျင့်။

**မျက်စိကမြင် မြင်ရုံမြင်၊ ဆင်ခြင် မနောမှတ်**

**'စက္ခုဥ္စပဇာနာတိ၊ ရူပေစပဇာနာတိ'၊ 'စက္ခုဥ္စ-** စက္ခုပသာဒကိုလည်း၊ **ပဇာနာတိ-** သိ၏၊ **ရူပေစ-** အဆင်းတို့ကိုလည်း၊ **ပဇာနာတိ-** သိ၏'။

အဝါ အပြာနော်၊ ပန်းတွေမဟုတ်ဘူး၊ အဝါ အပြာ အနီ အစိမ်း၊ အဲဒါမှ **'အဆင်း'** ခေါ်တယ်၊ အဲဒါ အဆင်း မြင်တဲ့အဆင်း၊ **'အဆင်း'** ဆိုတာ **'ရုပ်'၊** ရုပ်ဆိုတာ ဖြစ်ပျက်တယ်၊ နေရာမရွေ့ဘူး၊ **'နေရာ'**ရွေ့ပြီးမှ ပျက်ရင် **'သဏ္ဌာန်'**ဖြစ်သွားတယ်၊ **'သဏ္ဌာန်'** ဖြစ်ရင် **'ပုဂ္ဂိုလ်'** ဖြစ်သွားတယ်၊ **'နေရာ'** မရွေ့ဘဲနဲ့ပျက်မှ **'ခန္ဓာ'၊ 'နေရာ'** မရွေ့ဘဲနဲ့ ပျက်မှ **'အနိစ္စ'**ခေါ်တယ်၊ **'ခန္ဓာ'** ခေါ်တယ်၊ **'ဖြစ်ပျက်'** ခေါ်တယ်၊ **'ဥဒယ ဝယ'** လို့လည်း ရှုနိုင်တယ်၊ **'ခယ ဝယ'**လို့လည်း ရှုနိုင်ပါတယ်၊ **'ဉာဏ်'**နဲ့ နားထောင်နော်၊ **'ဉာဏ်'** နဲ့ဆို ပထမတန်း **'ဉာဏ်'**နဲ့ ဆိုတစ်ခါတည်း။

**'မျက်စိကမြင်တယ်'၊ 'မနော'** မရောက်စေနဲ့၊ **'မနော'**ရောက်လိုက်လို့ရှိရင်လူတွေ သတ္တဝါတွေ ယောကျ်ား မိန်းမတွေ ရာဂရော ဒေါသတွေရော ဘာတွေရော ပစ္စည်းရေးတွေရော၊ အဲဒါ **'မနော'**ရောက် သွားပြီ၊ ဘယ်ရောက်သွားပြီတုံး (မနောရောက်သွားပါတယ်ဘုရား)၊ **'မနော'**ရောက်သွားရင် မဆင်ခြင်ဘူးလား (ဆင်ခြင်ပါတယ်ဘုရား)၊ **'ဆင်ခြင်တာ'**က ပဉ္စဒွါရာဝဇ္ဇန်း၊ **'ဆင်ခြင်တာ'**က ဘာတုံး (ပဉ္စဒွါရာဝဇ္ဇန်းပါဘုရား)။

ပြီးတော့ **'စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုန်း သန္တီရဏ ဝုဋ္ဌော ဇော'၊** အဲဒါ **'အနန္တရပစ္စည်း'** ခေါ်တယ်၊ ဘာခေါ်တုံး (အနန္တရပစ္စည်းပါဘုရား)၊ **'အနန္တရပစ္စည်း'** ရောက်သွားတယ်၊ အဲဒါ **'အနန္တရပစ္စည်းကြီး'**က အကြောင်းပြုပြီး မြင်တာလို့ အဲလိုမှတ်ထား၊ ဒကာကြီးတို့ ဒကာမကြီးတို့ မြင်တယ်မမှတ်နဲ့၊ **'အနန္တရပစ္စည်း'၊ 'အနန္တရပစ္စည်း'**လို့ အဲလို တစ်ခုတည်းကို ဉာဏ်ကလေးနဲ့ ပုတီးစိတ်ရင် အဲဒါတရားရတယ် (မှန်လှပါဘုရား)၊ **'သဟမ္ပတိပြဟ္မာတွေ'** ထက်တောင်မကဘူး။

**'အနန္တရပစ္စည်း'** ကမျက်စိမြင်တာတွေပါတယ်၊ **'မနော'**ဆင်ခြင်တာတွေလည်းပါတယ်၊ **'မနော'**ရောက်သွားလို့ရှိရင်၊ ဆင်ခြင်လိုက်လို့ရှိရင်လည်း **'အနန္တရပစ္စည်း၊ အနန္တရပစ္စည်း'**လို့သာ ဆိုလိုက်မလွဲဘူး၊ အဲဒါတရားရနိုင်တယ်၊ မြတ်စွာဘုရားလည်း ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ အဲဒီပဋ္ဌာန်းတွေရောပါတယ်၊ အဲဒါတရားရတယ်၊ အေး အဲလိုမှတ်ထား။

www.burmeseclassic.com

www.burmeseclassic.com



**'ယေ စိတ္တံ သံယမေဿန္တိ'၊ 'ယေ-** အကြင်ယောဂီတို့သည်၊ ယောဂီဆိုတာ **'ယောဂီစက္ခု'၊**

**'ဓမ္မစက္ခု၊ မံသစက္ခု၊ ပညာစက္ခု၊ ဗုဒ္ဓစက္ခု၊ ဒိဗ္ဗစက္ခု'၊ 'စက္ခု'**ငါးခုရှိတယ်၊ ယောဂီဆိုတာ လူတွေဘာတွေ အာရုံမပြုရဘူး၊ အဲဒါ **'ယောဂီစက္ခု'** မဟုတ်ဘူး၊ **'ယောဂီစက္ခု'**ဆိုတာ **'ရုပ်နာမ်'** ကို အာရုံပြုမှ **'ယောဂီစက္ခု'**ခေါ်တယ်၊ ဟုတ်ကဲ့လား (မှန်လှပါဘုရား)၊ အဲဒါ **'ဓမ္မစက္ခု'** ဆိုတာလည်း **'ခန္ဓာရုပ်နာမ်တွေ'** ကို အာရုံပြုမှ **'ဓမ္မစက္ခု'** ခေါ်တယ်။

**ပုဂ္ဂိုလ်မပါ ဓမ္မသာ ဓမ္မစက္ခုဖြစ်သတည်း။**

**ပုဂ္ဂိုလ်ပါလျှင် သူငါဝင် ဤတွင်ဒိဋ္ဌိဖြစ်သတည်း။**

**ဒိဋ္ဌိဖြစ်လျှင် ချစ်မုန်းဝင် ဤတွင် လောကဖြစ်သတည်း။**

အဲဒါ **'မနော'** ဖြစ်သွားပြီ၊ **'မနော'** ဖြစ်လို့ရှိရင် **'ယေ စိတ္တံ သံယမေဿန္တိ'**တဲ့၊ ဒါ **'မနော'** ပဲလို့ သိလိုက်ရတယ်။

**မနောကိုလည်း သိရမည်**

**'မနဉ္စ ပဇာနာတိ'**၊ **'မနဉ္စ** - မနောကိုလည်း၊ **ပဇာနာတိ**- သိ၏**'**။

အဲဒီ **'ဓမ္မာနုပဿနာ'** က ဝိပဿနာရောပါတယ်၊ **'မနော'** လည်းသိလိုက်ရမယ်၊ သိလိုက်ပြန်တော့ **'မနော'** သိလို့ ရှေ့မတက်ရင် လူတွေ ဘာတွေ ယောက်ျားတွေ မရှိတော့ဘူး၊ အဲဒီနား **'မနော'** လူတွေဘာတွေ မပါဘဲ သေသွားရင် စုတိစိတ်ကျပြီးတော့ နတ်တွေရော မပါဘူး ဆိုတော့ ဘယ်ရောက်တုံးဆိုတော့ ဘာမှမဖြစ်တဲ့ **'နိဗ္ဗာန်'** ရောက်သွားတယ်၊ မီးစာကုန်တော့ ဘာဖြစ်သွားလဲ (မီးငြိမ်းသွားပါတယ်ဘုရား)၊ အေး အဲသလိုမျိုး လွယ်လွယ်လေးနဲ့။

**'ယေ စိတ္တံ သံယမေဿန္တိ မောက္ခန္တိ မာရ ဗန္ဓနာ'။**

အဲဒါနဲ့ **'ဓမ္မာနုပဿနာ'** နဲ့လည်း ဆက်တယ်၊ အဲလိုမှတ်ထား၊ သို့မဟုတ်လို့ရှိရင် ဘာမှန်းညာမှန်း အဲလိုတွေးနေတတ်တယ်။**'မျက်စိကမြင်တယ်၊ မနောကမြင်တယ်'**၊ လူကမြင်တာတော့ မမြင်နဲ့တော့၊ အဲလိုဆို **'ယောဂီစက္ခု'** မဟုတ်ဘူး၊ **'လူကမြင်တယ်'** ဆိုရင် လောကီစီးပွားရေးတို့၊ ဘာရေးတို့၊ ညာရေးတို့ လူမြင်ဖြစ်သွားတယ်၊ **'ယောဂီစက္ခု'**က အဲဒါတွေမရှိဘူး၊ အဲဒါတွေမရှိတော့ ရှင်းလို့၊ ဘာမှစိတ်ထဲ ဒါတွေမရောက်ဘူး၊ **'မနဉ္စ-** မနောကိုလည်း၊ **ပဇာနာတိ**- သိ၏**'**၊ အဲဒါ **'ဓမ္မာနုပဿနာ'၊** ဟိုကဓမ္မ - **'မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော'**။

www.burmeseclassic.com

www.burmeseclassic.com



ဒကာကြီးတို့ ဉာဏ်မလိုက်နိုင်ဘဲနေမှာစိုးလို့ အဲလိုပြောပြတာ၊ **'အနန္တရပစ္စည်း'** ဆိုရင်လည်း ဟန်သွားတာပဲ၊ လူတွေ ဘာတွေမရှိဘူး၊ **'နိဗ္ဗာန်'**ရောက်သွားတာပဲ၊ မြတ်စွာဘုရားလည်း **'အနန္တရပစ္စယော'** ဆိုတာနဲ့ နိဗ္ဗာန်ရောက်သွားတာပဲ၊ အေး အဲလိုမှတ်ထား ဘာပြုလို့တုံး ဆိုတော့ ရှေ့စိတ်နဲ့ နောက်စိတ်ကို၊ **'ဆင်ခြင်'** ပြီးမှ စက္ခုဝိညာဏ်ဖြစ်တယ်၊ **'မဆင်ခြင်'** ရင် စက္ခုဝိညာဏ်မဖြစ်ဘူး၊ **'စက္ခုဝိညာဏ်'** ဖြစ်ပြီးရင် သမ္ပဋိစ္ဆိုန်း၊ သန္တီရဏတွေ လျှောက်ဖြစ်သွားတယ်၊ ဉပါဒ် ဌီ ဘင်။

## ဖြစ်ပြီး၍ မရှိခြင်းကြောင့် အနိစ္စမည်၏

**'နာမ်'** က ဉပါဒ် ဌီ ဘင်၊ **'ရုပ်'** က စ စဉ် အို သေ၊ **'ဉပစယ'** က စတာ၊ ဟော ထိုင်တာ စတာ စပြီဆိုရင် **'ဉပစယ ရုပ်'** ခေါ်တယ်။ **'ဉပစယ သန္တတိ ဇရတာ အနိစ္စတာ'**၊ အဲဒါ **'ရုပ်ရဲ့လက္ခဏာတွေ'** ခေါ်တယ်၊ ခန္ဓာဆိုတာ **'အနိစ္စသင်္ခတံ'၊ 'အနိစ္စ'** ဆိုတာ ခန္ဓာရတယ်၊ **'အနိစ္စ'** ဆိုတာ ဘာရတုံး (ခန္ဓာရပါတယ်ဘုရား)၊ ခုမကြားဘူးလား (ကြားပါတယ်ဘုရား)၊ ကြားပြီးမပျက်ဘူးလား (ပျက်ပါတယ်ဘုရား)၊ အဲဒါ **'ခန္ဓာ'** ပဲ၊ အဲဒါမှ **'ခန္ဓာ'** ဟုတ်တာ၊ ရှေ့မဆက်နဲ့၊ ယောက်ျားတွေ မိန်းမတွေမပါဘူး၊ ကြားပြီး ပျက်တယ်။

**'ဟုတွာ အဘာဝတော အနိစ္စံ'၊ 'ဟုတွာ**- ဖြစ်ပြီး၍၊ **အဘာဝတော**-မရှိခြင်းကြောင့်၊ **အနိစ္စံ** - အနိစ္စမည်၏'၊ **'အနိစ္စန္တိ ခန္ဓပဥ္စကံ'၊ 'အနိစ္စန္တိ**- အနိစ္စဟူသည်ကား၊ **ခန္ဓပဥ္စကံ**- ခန္ဓာငါးပါးတည်း'။

**'ခန္ဓာငါးပါး'**ဆိုတာ မြင်တာတွေ ကြားတာတွေဟာ **'ခန္ဓာငါးပါး'**ခေါ်တယ်၊ အဲဒါ အနိစ္စကို **'ယဒိ ပညာယ ပဿတိ'**၊ နိဗ္ဗာန်ထဲရောက်လို့ **'နိဗ္ဗိန္ဒတိဒုက္ခေ ဧကာယနောမဂ္ဂေါ ဝိသုဒ္ဓိယာ'** ဖြစ်သွားတာပဲ၊ ကြာကြာကြီးမဟုတ်ဘူး၊ **'ဉာဏ်'**နဲ့ ဘုရားလက်ထက်က ဟောသလို တရားနာပြီးသွားရင် တရားနာကတည်းကကို ဟန်ဟန်သွားတယ်၊ အဲလိုစေ့စေ့ ပေါက်ပေါက်လေး လုပ်လုပ်ပေးရတယ်၊ **'အနိစ္စ'** ဆိုတာမှန်းလည်း သိတယ်၊ **'သင်္ခတ'** ဆိုတာမှန်းလည်း သိတယ်။ **'သင်္ခတ'**ဆိုတာ **'စိတ် စေတသိက် ရုပ်'**ခေါ်တယ်၊ **'စိတ် စေတသိက် ရုပ်'** က အကြောင်းရှိမှ ဖြစ်တာပါ၊ ဒါကြောင့် ကြားတာဖြစ်တာပေါ့၊ ဒီကလည်း **'စိတ်'**က ပြောချင်လို့ အသံတွေ ဖြစ်တာပေါ့၊ အဲဒါ **'သင်္ခတ'** ခေါ်တယ်၊ ဖြစ်တဲ့သဘောရှိတယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား) အေး အဲလို မှတ်ထား။ **'မျက်စိက မြင်တယ်'**၊ ခဏ ခဏဆို ဆို ပေး **'မြင်တယ် မြင်တယ်၊ မျက်စိက**

www.burmeseclassic.com

www.burmeseclassic.com



**မြင်တယ်’** အဲဒီဟာနဲ့ပဲ၊ တစ်ခါတည်း **‘ဒွါရ’**ကို ပိတ်လိုက်တာ၊ အနိစ္စနဲ့ပြောရင် **‘သောတအလျှဉ်’** ခေါ်တယ်၊ **‘အလျှဉ်’** ကိုအနိစ္စနဲ့ပိတ်ရတယ်၊ **‘သဗ္ဗေသင်္ခါရာ အနိစ္စာ’** နဲ့ ပိတ်ရတယ်၊ **‘အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ’** နဲ့လည်း ပိတ်ရတယ်၊ **‘ယံကိဉ္စိသမုဒယဓမ္မံ’** နဲ့ လည်းပိတ်ရတယ်၊ အပေါက်ပိတ်တဲ့နည်းက (၂၂)ခုရှိတယ်ထားအုံး (မှန်လှပါဘုရား)၊ ဒကာကြီးတို့ လွယ်လွယ်လေး ဖြစ်အောင်လို့။ **‘မျက်စိက မြင်တယ်၊ မနောကမြင်တယ်’**၊ အဲလိုခွဲ မျက်စိမြင်တာကို မြင်တုန်း **‘မြင်တယ် မြင်တယ်၊ မျက်စိက မြင်တယ်’** လို့လုပ်၊ သူတွေငါတွေ မပါစေနဲ့၊ ရာဂတွေ ဘာတွေ မပါစေနဲ့၊ ပါလာရင် **‘မနောက မြင်တာ’**၊ **‘မနော’**ကဆင်ခြင်တာမဖြစ်ဘဲနဲ့ **‘မျက်စိ’** ကမြင်တာ ချည်းပဲ ဖြစ်သွားရင် ဟန်သွားတယ်၊ အဲလိုကွဲလို့၊ ဘာပြုလို့ (ကွဲလို့ပါဘုရား)။

မြတ်စွာဘုရား **‘ပဋိသမ္ဘိဒါ’** ဆိုတာခွဲတာ၊ **‘ပဋိသမ္ဘိဒါပတ္တ’၊** ဆိုတာ ဘာပြုလို့ရောက်တာတုံး၊ ခွဲလို့ရောက်တာ၊ ဘာပြုလို့ ရောက်တာတုံး (ခွဲလို့ရောက်တာပါဘုရား)။ မခွဲဘဲနဲ့နေတော့ ဒကာမကြီးတို့မရောက်ဘူး၊ အဲလိုခွဲရင် ရောက်သွားတယ် အဲဒါ **‘ပဋိသမ္ဘိဒါပတ္တ’** ဒါကို ဘာမှညာမှ မလုပ်နဲ့၊ **‘ဉာဏ်’**ကရောက်အောင် လုပ်ရတယ်၊ ဟုတ်ကဲ့လား (မှန်လှပါဘုရား)။

**‘မျက်စိကမြင်တယ်၊ နားကကြားတယ်’**၊ **‘ပဋ္ဌာန်း’**ကပါ လာတယ်၊ **‘နား’** ကကြားတာကို ဒကာမကြီးတို့က ကြားတာလား (မဟုတ်ပါဘူးဘုရား)၊ အဲဒါကို သတိနဲ့လုပ်လိုက်တာ၊ **‘သတိ’** နဲ့ဖြစ်ဖြစ်၊ **‘သမ္မာဒိဋ္ဌိ’** နဲ့ဖြစ်ဖြစ်၊ **‘သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသမာဓိ’** အဲဒီ ငါးခုနဲ့ဖြစ်တာ၊ ငါးခုနဲ့ပြုတာ၊ မျက်စိမြင်တယ်ဆိုတာ ငါးခုနဲ့ရှုတာ၊ ရှုတာ ဒကာမကြီးတို့ ရှုတာမဟုတ်ဘူး၊ မဂ်ငါးပါးကရှုတာ၊ မဂ်ငါးပါးက ရှုလိုက်တော့ **‘အနိစ္စ၊ ဒုက္ခ’**လို့ ရှုလိုက်တော့ **‘တောလေးဆယ်’** နဲ့ ရှုလိုက်တဲ့ အခါကျတော့ ရှုတဲ့ထဲမှာ အဲဒါ **‘သမ္မာဝါစာတွေ’** ဖြစ်သွားတယ်၊ ဘာဖြစ်သွားတယ် (သမ္မာဝါစာတွေ ဖြစ်သွားပါတယ်ဘုရား)။

မဂ်ငါးပါးထဲမှာ မဂ်ရှစ်ပါးလုံးပါသွားတယ်၊ ရှုတာတွေက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတွေ ဖြစ်သွားတယ်၊ ရိပ်မိပြီလား၊ အောင်မာတခြားရယ်လို့ သွားမလုပ်နဲ့ ရှုတာထဲ တစ်ခါ တည်းပါသွားတယ်၊ အဲလိုမှတ်။ **‘မျက်စိမြင်တယ်၊ နားကကြားတယ်’**၊ အဲလိုလေးဆိုဆို ပေးရတယ်၊ ဘာပြုလို့တုံးဆိုတော့ မေ့မေ့နေတာကိုး၊ ဖွတ်ကြီး ပုတက်ကြီးလို မေ့နေတာ မမေ့နဲ့၊ မျက်စိကမြင်တာကိုးလို့ဆိုတော့ **‘ငါ’**မရှိတော့ ‘I’ မရှိတော့ဘူး၊ ဟုတ်ကဲ့လား (မှန်လှပါ ဘုရား)၊ မျက်စိကမြင်တာဆိုတော့ **‘ငါ’**မပါတော့ ‘I’ မရှိတော့ဘူး၊ ‘I’ မရှိတော့‘You’ လည်း

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူးဆိုတော့၊ **'သုညတ'**ကိုရောက်အောင် ဒီကတော်တော်ပို့တာ ဟုတ်ကဲ့လား (မှန်လှပါဘုရား)။မြန်အောင်လို့ မြန်အောင်လို့၊ နေ့းနေတာပုဂံခေတ်က လှည်းကြီးတွေလို ဖြစ်နေလို့၊ ပုဂံခေတ်က လှည်းကြီးတွေလို တအိအိသွားနေတယ်၊ အနှစ် (၅၀)ရှိပြီသွားနေတာ ဟုတ်ကဲ့လား (မှန်လှပါဘုရား)၊ အေး အဲလိုလေးသွားနေတာ ခုထက်ထိ သိပ်မဟန်သေးဘူး၊ ဟုတ်ကဲ့လား (မှန်လှပါဘုရား)၊ **'မျက်စိကမြင်တယ်၊ နားကကြားတယ်'**၊ ကြားပြီးရင်ပျက်တာပဲနော်၊ ဟုတ်ကဲ့လား (မှန်လှပါဘုရား)၊ **'နှာခေါင်းကနံတယ်'**၊ ဘာကနံတာတုံး **'ဃာနဝိညာဏ်'** ကနံတာ၊ အဲလိုမှတ်ထား၊ နံပြီး **'ပျက်တယ်'** မဟုတ်လား (မှန်လှပါဘုရား)၊ ဒကာကြီးတို့က အဲလိုနံပြီး **'ပျက်'**တော့ အဲဒါမှ **'ဉာဏ်'** ဖြစ်သွားတယ်။

### မနောကိုသိရင် စိတ်အနှောင်အဖွဲ့တွေက လွတ်တယ်

**'နှာခေါင်းကနံတယ်'**၊ နှာခေါင်းက**'ရုပ်'** မဟုတ်လား (မှန်လှပါဘုရား)။

**'ဆန္ဒရာဂ ပဟာနံ ဆန္ဒရာဂ ဝိနယော အယံရူပဿနိဿရဏံ'**။

**'ရုပ်မှထွက်မြောက်ခြင်း'** ရှိတယ်၊ ထွက်မြောက်တာ ဘယ်ဟာတွေပါထွက်မြောက်တုံး၊ **'ဝိညာဏ်'**လည်း ထွက်မြောက် တယ်၊ **'ဝိညာဏ သို့ယောစ ဆန္ဒရာဂ ဝိနယံ၊ ဆန္ဒရာဂ ပဟာနံ၊ ဆန္ဒ ရာဂ ဝိနယော၊ အယံဝိညာဏဿ နိဿရဏံ'** အဲဒါနိဗ္ဗာန်ပဲ။

**'ဆန္ဒရာဂ'** ပယ်လိုက်ရင်တစ်ခါတည်း **'နိဗ္ဗာန်'** ရောက်သွားတာ၊ ဟိုလိုကြီးလုပ်ရတယ် ဒီလိုကြီးဖြစ်မှ ဟိုလိုကြီးဖြစ်မှ ဝမ်းထဲကတကယ်မဖြစ်ရင် တကယ်မဟန်သေးဘူး၊ ဝမ်းထဲက တကယ်ဖြစ်မှ တကယ်ဟန်တယ်၊ **'မနော'** က ဖြစ်တာတွေ၊ **'ဉာဏ်'** ကဖြစ်တာတွေ အဲလိုလည်း ကြံကြည့်ကြနော်၊ ဟုတ်ကဲ့လား (မှန်လှပါဘုရား)။

**'နှာခေါင်းကနံတယ်၊ လျှာကအရသာသိတယ်'**၊ အဲလိုဂရုစိုက်၊ ကျကျနနလေး ဂရုစိုက်ရင် တစ်ထိုင်တည်းနဲ့ ဟန်ချင်ဟန်နိုင်တယ် အဲလိုဟာမျိုး။

**'မနောကကြံတယ်၊ မနောကသိတယ်'**၊ **'ကြံချင်တယ်'**ဆိုတာ ဘယ်သူကကြံတာတုံး (မနောကကြံတာပါဘုရား)၊ **'လူ'** ရှိသလား (မရှိပါဘူးဘုရား)၊ အဲလိုဆိုပထမတန်းဖြစ်သွားတယ်၊ အဲလိုဆို မနောကကြံတယ်သိမှ 'I' မရှိတော့ 'you' လည်းမရှိတော့ဘူး၊ သူတွေငါတွေမရှိတော့ **'ဒိဋ္ဌိ'**မရှိတော့ဘူး၊ သူတွေငါတွေမရှိတော့ သူ့ကြောင့်ငါ့ကြောင့်လည်းမရှိတော့ဘူး၊ **'ဝိစိကိစ္ဆာ'** လည်း မရှိတော့ဘူး။ အဲဒါ **'ယေစိတ္တံ သံယမေဿန္တိ'**၊ အဲဒါ **'မနော'** သိလိုက်တာနဲ့ အဲဒီ စိတ်အနှောင်အဖွဲ့တွေကလွတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**မနောက ကြံလျှင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်**

**'မနဉ္စပဇာနာတိ၊ ဓမ္မေစပဇာနာတိ၊ ယဉ္စတဒုဘယံပဋိစ္စ၊ ဥပ္ပဇ္ဇတိသံယောဇနံ တဉ္စပဇာနာတိ'၊ 'မနောကိုလည်း သိရမယ်၊ ဓမ္မာရုံကိုလည်း သိရမယ်၊ သံယောဇဉ်ကိုလည်း သိရမယ်၊ သုံးခုသိလျှင် နိဗ္ဗာန်ခွင် လျှင်လျှင်ပြေးတော့သည်'။**

အဲလိုတောင်စပ်ထားတာရှိတယ်၊ **'မနော'** သူက သံယောဇဉ်ဖြစ်တယ်၊ သံယောဇဉ်ကို ပယ်ရင် **'ပဟီနဿ'**၊ 'ဘုရားတပည့်တော်သည်၊ **သံယောဇနဿ**- သံယောဇဉ်၏၊ **'အာယတိံ အနုပ္ပါဒေါ-** နောင်အခါ၌ မဖြစ်ခြင်းသည်၊ **ဟောတိ**- ဖြစ်၏'။ **'တဉ္စ ပဇာနာတိ'**၊ အဲဒီ **'ဆန္ဒရာဂ'** မဖြစ်ဘူးဆိုရင် နောင်မဖြစ်ဘူးဆိုရင် **'နိဗ္ဗာန်'** ရောက်သွားတယ်၊ အဲလိုမျိုးအဲဒါ **'ဓမ္မာနုပဿနာ'** ကတိုက်ရိုက်ပြောတာတွေ ကြာရှည်ကြီး မဟုတ်ဘူး၊ ဒါကြောင့် ဒါလေးကို ဂရုစိုက်ကြစမ်းလို့ ပြောတာ ဟုတ်ကဲ့လား၊ မျက်စိကမြင်တာလည်း သိရမယ်နော်။

**ရှုတဲ့ သမ္မာဒိဋ္ဌိကလည်း အနတ္တ၊ မနောကလည်း အနတ္တ**

**မျက်စိကမြင်တယ်၊ မနောကမြင်တယ်၊ လူကမြင်တယ်။**

**နားကကြားတယ်၊ မနောကကြားတယ်၊ လူကကြားတယ်။**

**နှာခေါင်းကနံတယ်၊ မနောကနံတယ်၊ လူကနံတယ်။**

လူကနံတယ်လို့ မလုပ်ကြနဲ့ ဟုတ်ကဲ့လား (မှန်ပါဘုရား)။

စိတ်ဆိုးတာ ထုတာ ရိုက်တာတွေဖြစ်တတ်တယ်၊ ဒေါသတွေဖြစ်တယ်၊ **'လူ'** မရှိဘူး၊ **'မနော'**ကိုလူလို့ခေါ်တာ၊ သေခါနီးမှာ **'လူ'** လို့မမှတ်နဲ့ အဲဒါမနော၊ **'မနော'** မရှိမှသေတာ၊ **'မနော'** ရှိရင်မသေဘူး၊ **'မနော'** မရှိရင်လည်းသေတာပါပဲ၊ **'မနော'** ဂရုစိုက် ဟုတ်ကဲ့လား၊ **'မနော'** မသေရင် လူကလည်းမသေပါဘူး။ လူသေလိမ့်မယ်ဆိုတော့ ကြောက်သွားတယ်၊ အဲလို မကြောက်အောင်လို့ ဟိုတစ်နေ့က ငါးထပ်တိုက်ကြီး တောင်ကိုရီးယားမှာ ပြိုလိုက်တာ၊ ဟာ လူတွေကို ကြောက်ခမန်းလိလိ ဟိုပြေး ဒီပြေးနဲ့ အဲလိုဟာမျိုးတွေ၊ အရေးကြီးတဲ့အခါကျအဲလို ကြောက်တတ်တယ်၊ ကြောက်တတ်တော့ အဲဒီဟာတွေချပေးတာ၊ **'အနာဒါနံ အကိဉ္စနံ'**၊ **'ငါ'** လို့မယူရဘူး၊ သူ့ဟာသူသေချင်သေ သူ့ဟာသူ သေတာပဲမဟုတ်လား၊ ကိုယ်ကသေချင်လို့ သေရတာမှမဟုတ်တာ၊ သူ့ဟာသူလို့ ဆိုလိုက်ရင် **'အနတ္တ'** ဖြစ်သွားရင် နိဗ္ဗာန်ရောက်သွားပြီ **'အနတ္တ နိဗ္ဗာန်'** ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှုတဲ့ **'သမ္မာဒိဋ္ဌိ'**ကလည်းဘာတုံး (အနတ္တပါဘုရား)၊ **'မနော'**ကလည်းဘာတုံး (အနတ္တပါဘုရား)၊ **'အနတ္တ'**လို့ ရှုမှ **'အနတ္တနိဗ္ဗာန်'** ရောက်တယ်၊ **'ငါ'** ကရှုတယ်ဆိုရင် နိဗ္ဗာန် မရောက်ဘူး၊ ရှုတာကိုက **'သမ္မာဒိဋ္ဌိ'** နဲ့ **'သမ္မာသင်္ကပ္ပ'** က ရှုမှ၊ အနတ္တ အနတ္တ အချင်းချင်း နိဗ္ဗာန် ရောက်တယ်လို့မှတ်။ **'နှာခေါင်းကနံတယ်၊ မနောကနံတယ်၊ လူကနံတယ်'**၊ အဲသလို အခုအထိ မရှိစေနဲ့၊ **'လူတွေ'** ဘာတွေမရှိစေနဲ့၊ ပဋ္ဌာန်းထဲလည်း **'လူ'**မပါဘူး၊ ပဋိစ္စသမုပ္ပါဒ်ထဲလည်း **'လူ'**မပါဘူး၊ နာမ်ရုပ်၊ ခန္ဓာငါးပါးပဲ၊ **'လူ'**ပါတော့ ငါတွေသူတွေ ရှိသွားတယ်၊ ငါတွေ သူတွေရှိသွားတော့ **'ဒိဋ္ဌိ'** ဖြစ်သွားတယ်၊ ငါတွေ သူတွေ မပြောနဲ့တော့၊ အဲဒါ **'ဒိဋ္ဌိ'** ဖြစ်သွားတယ်၊ ဟိုဘဝတွေလျှောက်တွေး၊ ဒီဘဝတွေလျှောက်တွေး တွေးတာ သံယောဇဉ်၊ **'ရုပ် နာမ်'** ခုဖြစ် ခုပျက်ဆိုတော့ ဘာတွေးစရာရှိသေးတုံး၊ ဘာမှတွေးစရာမရှိဘူး မဟုတ်ဘူးလား (မှန်ပါဘုရား)။

**'ဟုတွာ**-ဖြစ်ပြီး၍၊ **အဘာဝတော**- မရှိခြင်းကြောင့်၊ အနိစ္စံ- အနိစ္စမည်၏**'** ဆိုတာမှတ်ထား၊ သူတကာပြောတာတွေ တေး တေးမထားနဲ့၊ သူတကာပြောတာတွေ ကဲ့ရဲ့တာတွေ၊ သူကဘယ်လိုပြောတယ်၊ ငါကဘယ်လိုပြောတယ်နဲ့၊ ကဲ့ရဲ့တာတွေ တေး တေး မထားနဲ့၊ ချက်ချင်းဖြစ်၊ ချက်ချင်းပျက်၊ ဖြစ်ပြီးပျက် ဘာမှမရှိတော့ဘူး၊ ဟုတ်တယ်မို့လား(မှန်ပါဘုရား)။

အဲသလိုမှ နိဗ္ဗာန်ရောက်မှာပေါ့၊ တရားတော့လုပ်ပါရဲ့ ရန်ကထောင်ချင်သေးတယ်ဆိုရင် မရောက်သေးဘူး ဟုတ်ကဲ့လား အဲလိုမှတ်ထားနော်။

**'လျှာကချိုတယ်၊ မနောကချိုတယ်'**၊ **'လူ'**ကချိုတယ်မလုပ်နဲ့၊ ချပေးတာက သိပါစေလို့ ချပေးတာ၊ တကယ်ရှိလို့ချပေးတာ မဟုတ်ဘူး၊ ကဲသေသွားပြီတဲ့ ကိုယ့်ဟာကိုယ် လူမရှိဘူး၊ နတ်မရှိဘူး၊ ပြိတ္တာ မရှိဘူးဆိုတော့ ဖြစ်အုံးမလား ပြိတ္တာ၊ ခုတော့ မသေခင်ကတည်းက ပြိတ္တာကြီး ရှိရှိနေတော့ ဖြစ်နေတယ်၊ ဒါကြောင့်ဖြစ်တတ်တယ်၊ ဒါကြောင့် **'ဉပါဒါန်'** စွဲမနေနဲ့။

**လူဟုမယူ နာမ်ရုပ်ယူ ထိုသူ ဉပါဒါန်ကင်းသတည်း။**

**ဉပါဒါန်ကင်း ကံတွေကင်း ဇာတိစသည်ပါ ကင်းသတည်း။**

အဲဒါ တို့ ချ ချပေးတာတွေပါတယ်၊ **'ကာယကထိတယ်၊ ကိုယ်ကထိတယ်၊ မနောကထိတယ်၊ လူကထိတယ်'**၊ အဲလိုမလုပ်နဲ့ **'မနော'** ကထိတာသွားမလုပ်လိုက်နဲ့၊ **'ကိုယ်'** ကထိတာကတော့ ထိရုံထိတယ်၊ မနောတွေပါမှ သုခတွေ ဒုက္ခတွေ ဝေဒနာတွေပါလာတယ်၊ အဲဒါ မနောနဲ့ထိတာ၊ ကာယနဲ့ထိတာက ထိရုံ ထိတာ၊ **'မနော'** နဲ့ ထိတာက လောဘ ဒေါသဆိုတဲ့ ဝေဒနာတွေပါတယ်၊ **'ကာယ'**က ထိရုံထိတာ။

www.burmeseclassic.com

www.burmeseclassic.com



**'ကာယနဲ့ ထိတယ်၊ မနောနဲ့ ထိတယ်၊ လူနဲ့ ထိတယ်'၊ 'လူ'**နဲ့ ထိတယ်ဆိုတော့ **'လူ'** ရှိတော့ ချက်ချင်းရာဂတွေ ဖြစ်သွားတယ်၊ အဲလို **'လူ'** မရှိတော့ ရာဂမရှိဘူး၊ ကာယကထိတာ ဒီက ဉာဏ်နဲ့သာ လုပ်လိုက်၊ **'လူ'** မရောက်ရင် ရာဂမရောက်ဘူး၊ အဲသလိုမျိုး **'ဓမ္မာနုပဿနာ'**က တရားရော ဘာရော ဝိပဿနာရော အကုန်ပါတယ်။

**'ဆင်ခြင်တာကိုသိတယ်၊ ဆင်ခြင်တယ်၊ မနောကဆင်ခြင်တယ်၊ လူကဆင်ခြင်တယ်'**၊ **'လူ'** ကဆင်ခြင်တာမဟုတ်ဘူး၊ **'မနော'** ဆင်ခြင်တာကို **'လူ'**ဆင်ခြင်တယ်လို့ခေါ်တာ၊ **'လူ'**က မရှိတော့ မနောကဆင်ခြင်တယ်၊ အဲဒီ မနောဆင်ခြင်တာတွေက အကုသိုလ်တွေ ဖြစ်မယ်ဆိုရင် **'ယေ စိတ္တံ သံယမေဿန္တိ မောက္ခန္တိ မာရ ဗန္ဓနာ'**၊ အဲဒီ **'မနော'**ကိုစောင့်စည်းလိုက်တဲ့၊ **'ယေ စိတ္တံ သံယမေဿန္တိ'**၊ ဟို ဦးပဥ္စင်းလေး တစ်ပါး သူတစ်ပါးစိတ်သိတဲ့ မယ်ကြီးအိုကြီးဆီအသွားမှာ **'စိတ်'** စောင့်စည်းလိုက်တာနဲ့ပဲ တစ်ရက်နှစ်ရက်နဲ့ ဟန်သွားတယ်၊ ဟုတ်တယ်မို့လား၊ အဲဒါ **'စိတ်'** စောင့်စည်းသွားတာ၊ မင်းများများကြီးမလုပ်နိုင်ရင် တစ်ခုစောင့်နိုင်မလား၊ စောင့်နိုင်ပါတယ် ဘုရား၊ **'စိတ်'**သာ စောင့်လိုက်ဆို အဘိဓမ္မာတွေ ခက်လို့ လူထွက်တော့မယ်ကြံတာ ဟန်သွား တာပဲ၊ အဲဒါ **'မနော'** သာစောင့်၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)။

**'ယေ စိတ္တံ သံယမေဿန္တိ မောက္ခန္တိ မာရ ဗန္ဓနာ'၊ 'ယေ-**အကြင်ယောဂီတို့သည်၊ **စိတ္တံ-**စိတ်ကို၊ **သံယမေဿန္တိ-**စောင့်စည်း၏၊ **မာရ ဗန္ဓနာ-**မာရ်မင်း၏ အနှောင်အဖွဲ့မှ၊ **မောက္ခန္တိ-**လွတ်၏**'**။

အေး ဧနာရီထိုးပြီထင်တယ် ဒီလောက်ဆို နည်းနည်းဟန်သွားပြီနော် (မှန်လှပါဘုရား)၊ အေး--- တော်ကြဦးစို့ သာဓုခေါ်ကြ၊ (သာဓု--- သာဓု--- သာဓု)။

ဘန္တေ - အရှင်ဘုရား၊ ဣဒံပုညံ- ဤတရားနာ ကုသိုလ်သည်၊ သုညတဖြစ်သော နိဗ္ဗာန်အကျိုးငှာ၊ ဖြစ်ပါစေသတည်း၊ ဤကောင်းမှုကို အမိ အဖ၊ ဆရာသမား ဘိုးဘွားကစ၊ အားလုံးသော ဝေနေယျအပေါင်းတို့အား၊ အမျှဝေပေးပါကုန်၏ ၊ သာဓုအနုမောဒနာ၊ ခေါ်ကြပါ စေကုန်သတည်း။ အားလုံးကြားကြားသမျှ အမျှ--- အမျှ--- အမျှ ယူတော်မူကြပါကုန်သော်။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# "ဝယမ္မော သင်္ခါရာ တရားတော်"

## (နာဂစ်လေဘေးတရားတော်)

၂၈. ၅. ၂၀၀၈

### အနိစ္စာဝတ သင်္ခါရာ

အိမ်တွေကျတော့ ပြိုတယ်တဲ့၊ အမိုးတွေကျတော့ ကွာတယ်တဲ့၊ လူတွေပြောကြတာပေ့ါ၊ ခတ်မီးတိုင်တွေကျတော့ လဲတယ်တဲ့၊ ဘုရားတွေကျတော့ ထီးတွေပြုတ်ကျတယ်တဲ့၊ လူတွေတို့ သတ္တဝါတွေတို့ကျတော့ သေတယ်တဲ့၊ ဘုန်းကြီးတွေကျတော့ နတ်ရွာစံတယ်တဲ့၊ ဟော ဘုရားကျတော့ ပရိနိဗ္ဗာန်စံတယ်တဲ့၊ ခေါ်ကြတယ်၊ အဲဒါခေါ်ကြတယ်။

ခွေးတွေ ဝက်တွေ ဆင်တွေ၊ သတ္တဝါတွေကျ သေတယ်တဲ့၊ သစ်ရွက်တွေကျတော့ ကြွေတယ်တဲ့ အဲလိုခေါ်ကြတယ်၊ မီးကျတော့လောင်တယ် ကျွမ်းတယ်တဲ့၊ လေကျတော့ တိုက်တယ်တဲ့၊ အဲလိုအမျိုးမျိုးခေါ်ကြတယ်၊ သေတယ်တဲ့ အမိုးတွေကျတော့ လန်တယ်တဲ့၊ အဲဒါပျက်တာတွေ အကုန်လုံး **'သင်္ခါရ'** ယူလိုက်၊ **'အနိစ္စာဝတ သင်္ခါရာ'**တဲ့၊ **'အနိစ္စ'**ဆိုတာ သင်္ခါရရတယ်၊ သင်္ခါရ ယူလိုက်ရတယ်၊ သင်္ခါရဆိုတော့ **'အနိစ္စာဝတ သင်္ခါရာ'** ကျတော့၊ **'ဉပ္ပါဒဝယဓမ္မိနော'**ဆိုတော့၊ **'သင်္ခါရ'** ယူတာကျတော့ ဖြစ်ပြီး ပျက်တယ်၊ အဲလို **'သင်္ခါရ'** ယူလိုက်လို့ရှိရင် ဖြစ်ပြီးပျက်တယ်တဲ့၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတာလည်း ပျက်တယ်တဲ့၊ **'ဝယဓမ္မာ သင်္ခါရာ'**တဲ့။

### သင်္ခါရမမေ့ရင် ပျက်တာလည်းမမေ့တော့ဘူး

**'သင်္ခါရ'**အနေနဲ့ကြည့်ရင် ပျက်တာပဲရှိတယ်၊ ကလေးလေးတွေသေတယ်တဲ့၊ မွေးတယ်တဲ့၊ ထမင်းစားဝတယ်တဲ့၊ အလုပ်ရတယ်တဲ့၊ မျက်စိမြင်တယ်တဲ့၊ နားကကြားတယ်တဲ့၊ အကုန် အကုန်လျှောက်ဖြစ်နေတာ၊ လူတွေပြောတာ ပြောတာ၊ အဲဒါတွေပြောတာ စကားကျပြောတယ်တဲ့၊ ရန်ထောင်တယ်တဲ့၊ စစ်တိုက်တယ်တဲ့၊ ဘယ်မှာဗုံးချတယ်တဲ့၊ ဘယ်မှာမြေကြီးပြိုတယ်တဲ့၊ အဲဒီလိုပြောတယ်၊ အဲဒါတွေကို **'သင်္ခါရ'** လုပ်လိုက်၊ **'သင်္ခါရ'** ကျတော့ ဖြစ်ပြီးပျက်တယ်တဲ့၊ ဖြစ်ပြီးပျက်တယ်လို့ ဆိုရတယ်၊ နှာခေါင်းလေရှူတာတို့ မျက်စိမြင်တာတို့ နားကြားတာတို့ လေရှူတာတို့ ပါးစပ်စားတာတို့ ကိုယ်ကြီးကထိတာတို့ ကြမ်းနဲ့ဘာနဲ့ ထိတာတို့၊ အဲဒါ **'သင်္ခါရ'** ယူလိုက်တော့ ဖြစ်ပြီးပျက်တယ်တဲ့၊ **'ပျက်တယ်'** လို့ယူရတယ်၊ ဒို့ပြင်ဘာမှမရှိတော့ဘူး၊ ပျက်တာပဲရှိတယ်၊ ဒါကြောင့် **'ဝယဓမ္မာ သင်္ခါရာ'**၊ **'သင်္ခါရ'** ဆိုတာ ပျက်တာပဲရှိတယ်လို့ ယူရတယ်၊ နှာခေါင်းလေက ထွက်ပြီး **'ပျက်'**သွားတယ်၊ မျက်စိမြင်ပြီးတော့လည်း

www.burmeseclassic.com

www.burmeseclassic.com



**'ပျက်'** သွားတယ်လို့ဆို၊ နားကြားပြီးတော့လည်း **'ပျက်'**တယ်၊ စားပြီး တော့လည်း **'ပျက်'**တယ်၊ လက်လှုပ်ပြီးတော့ **'ပျက်'**သွားတယ်၊ **'သင်္ခါရ'** ဆိုရင် လက်မပါဘူး၊ ကွေးတယ်၊ ဆန့်တယ် **'သင်္ခါရ'** ဆိုရင် လက်မပါဘူး၊ ဖြစ်ပြီးပျက်တယ်၊ ထိုင်ပြီးပျက်တယ်၊ ဒါကြောင့် **'သင်္ခါရ'** မမေ့ရင် ပျက်တာရော မမေ့တော့ဘူး။

**သမ္ဘဝသင်္ခါရာ**

**'လူ'** ဆိုလို့ရှိရင် သေတယ်လို့ရောက်သွားတယ်၊ **'လက်'**ဆိုရင်လှုပ်တယ် ကွေးတယ်လို့၊ **'စကား'**ဆိုရင် ပြောတယ်လို့၊ **'တရား'**ကျတော့လည်း ဟောတယ်လို့ လုပ်ပြန်ရော၊ တရားကျတော့ဟောတယ်၊ ကလေးချင်းကျ ရန်ထောင်တယ်၊ ရန်ဖြစ်တယ်၊ အဲဒါတွေဟာ အကုန်လုံး **'သင်္ခါရ'**တဲ့၊ **'သမ္ဘဝ သင်္ခါရာ'**တဲ့၊ အဲဒါတွေ **'အကုန်လုံးသင်္ခါရ'**တဲ့။

မျက်တောင်ခတ်တယ်၊ စကားပြောတယ်၊ ထမင်းစားတယ်၊ လှူတာတွေလည်း ပါတာပေ့ါ၊ ဘယ်သူက ဆန်တွေ ဘယ်လောက်လှူတယ်၊ ဘယ်တိုင်းပြည်က ဘယ်လောက်လှူတယ်၊ ဘယ်သူက သုံးဆယ်လှူတယ်၊ ဘယ်သူက သုံးရာလှူတယ်တဲ့၊ အဲလိုလှူတဲ့ဟာတွေလည်း **'သင်္ခါရ'**ပဲ၊ ဘယ်သူကသတ်တယ်၊ ဘယ်သူနဲ့ ဘယ်သူနဲ့ သတ်ပြန်တယ်၊ ရန်ဖြစ်ပြန်တယ်၊ စစ်တိုက်ပြန်တယ်၊ တော်လှန်ပြန်တယ်၊ အဲဒါတွေ ဘာတွေတုံးဆိုတော့ **'သင်္ခါရတွေ'**တဲ့၊ ဒါကြောင့် **'သမ္ဘဝသင်္ခါရာ'**လို့ ခေါ်တယ်။

**'အနိစ္စာဝတ သင်္ခါရာ'** သင်္ခါရတွေ၊ **'ဥပ္ပါဒဝယ ဓမ္မိနော-** ဖြစ်ခြင်း ပျက်ခြင်း အလေ့ရှိကုန်တယ်'တဲ့၊ **'သင်္ခါရ'**လို့ ရှုလိုက်တော့ အိတ်နှိုက်တာတို့၊ ပိုက်ဆံနှိုက်တာတို့၊ ဈေးဝယ်သွားတာတို့၊ ထမင်းစားတာတို့၊ ဘာဖြစ်ဖြစ်ပေ့ါ **'အကုန်လုံးသင်္ခါရတွေ'**ပဲ၊ ဒါကြောင့် **'သမ္ဘဝ သင်္ခါရာ'၊** ရှေးတုန်းကတရားတွေက ဒီလိုလွယ်လွယ်လေး ဟောပြောတဲ့လူမရှိတော့ ခက်နေတယ်၊ ဟောပြောတဲ့ လူရှိတော့ မခက်တော့ဘူး၊ အဲလို အဲဒါတွေ **'သင်္ခါရ'** လို့ခေါ်တယ်။

**အကျဉ်းချုံးလိုက်တော့ သင်္ခါရထဲသွင်းလိုက်တာကိုး**

လူလို့ ယောကျ်ားလို့ မိန်းမလို့ မခေါ်နဲ့၊ မိန်းမလို့ခေါ်တယ်၊ လက်ထပ်တယ်တို့၊ ရှင်ပြုတယ်တို့၊ အဲလိုလုပ်တာတွေ ဘာတွေတုံးဆိုတော့ **'သင်္ခါရတွေ'**၊ **'သင်္ခါရတွေ'**ဆိုတော့ **'ဥပ္ပါဒဝယ ဓမ္မိနော**- ဖြစ်ခြင်းပျက်ခြင်း အလေ့ရှိတယ်' ဆိုတော့ ပျက်တယ်၊ ဖြစ်ပြီးတော့ ပျက်တယ်၊ အဲလောက်ပဲသိပေး၊ အကျဉ်းချုံးလိုက်တော့ **'သင်္ခါရ'**ထဲ သွင်းလိုက်တာကိုး၊ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



**'သဗ္ဗေ သင်္ခါရာ'**၊ **'အနိစ္စာ၀တ သင်္ခါရာ'**၊ ဘယ်သူနဲ့ ရန်ဖြစ်တယ်၊ ဘယ်သူနဲ့ တရားဖြစ်တယ်၊ ထောင်ကျ တယ်၊ ဘာပြုတယ်ဆိုတာတွေလည်း **'သင်္ခါရတွေ'**ပဲ၊ စိုးရိမ်တယ် ပူဆွေးတယ်ပေ့ါလေ၊ ကလေး မွေးဖွားတယ်လို့ပေ့ါလေ၊ အဲဒါ ဖြစ်ပြီးပျက်တယ်လို့ပဲ ယူလိုက်၊ အကုန်ဖြစ်ပြီး ပျက်တယ်လို့ပဲ ယူလိုက်၊ ဖြစ်တာ ပျက်တာပဲယူတော့ **'ဒုက္ခံ တေ ဘူမကံ ၀ဋ္ဋံ'** ဆိုတော့ လူတွေရော နတ်တွေရော ငရဲတွေရော တိရစ္ဆာန်တွေရော အကုန်လုံးသုံးဆယ့်တစ်ဘုံရော၊ အဲလို **'ဒုက္ခံ တေဘူမကံ ၀ဋ္ဋံ'** ဆိုတော့ ၀ဋ္ဋတရားတွေ ဒုက္ခတွေ အဲလိုမှတ်ရတယ်၊ ဆံပင်တွေ ဖြီးတယ်၊ သနပ်ခါးတွေလိမ်းတယ်၊ အဲလို မဟုတ်ဘူး၊ **'သင်္ခါရတွေ'**ခေါ်တယ်၊ **'သဗ္ဗေ သင်္ခါရာ'**။

**ဖြစ်ပြီးပျက်တယ်ဆိုတော့ မလိုချင်တော့ဘူး**

နှာခေါင်းကလေးရှူတယ်၊ မျက်စိကကြည့်တယ်၊ နားကကြားတယ်၊ အဲဒါ **'သင်္ခါရတွေ'** ခေါ်တယ်၊ **'သင်္ခါရ'**ဆိုတာ ဖြစ်ပြီးပျက်တယ်၊ အဲလိုပြောပြလိုက်တော့ ဟောနင်တို့ ယောက်ျား တွေလား မိန်းမတွေလားဆိုတော့မဟုတ်ဘူး၊ ဖြစ်ပြီးပျက်တဲ့ဟာတွေလို့ဆိုတော့ ဟော **'လောဘ'**က မလိုချင်တော့ဘူး၊ **'ဒေါသ'**ကလည်း စိတ်ကမဆိုးချင်တော့ဘူး၊ စိတ်ကမဆိုး ချင်တော့ **'အဘိဇ္ဈာနဲ့ဗျာပါဒ'**က ၀မ်းထဲမရှိတော့ဘူး။

အဲလို ပိုင်ပိုင်ကြီး **'သင်္ခါရ'** သိသွားလို့ရှိရင် လူတွေလည်း မဟုတ်ဘဲကိုး **'သင်္ခါရတွေ'**၊ မျက်စိတွေကလည်း **'သင်္ခါရ'**၊ နှာခေါင်းတွေကလည်း **'သင်္ခါရ'**၊ လျှာတွေကလည်း **'သင်္ခါရ'**၊ နားတွေကလည်း **'သင်္ခါရ'**၊ ရင်ဘတ်ကြီးဖောင်းတယ် ပိန်တယ်ကလည်း **'သင်္ခါရ'**၊ ဗိုက်ကြီး ဖောင်းတယ် ပိန်တယ်ကလည်း **'သင်္ခါရ'**၊ သွားတယ်၊ လက်တွေကလည်း ဟိုအယားဖျောက်၊ ဒီအယားဖျောက်၊ အဲဒါကိုလည်း **'သင်္ခါရ'**၊ ထဘီ၀တ်တယ်၊ အင်္ကျီ၀တ်တယ်၊ အဲဒါတွေလည်း **'သင်္ခါရ'**၊ **'သင်္ခါရ'**ဆိုတာ ဖြစ်ပြီးပျက်တယ်လို့ လုပ်လိုက်ရော၊ ဟော တစ်ခါတည်း ဘာမဆို **'၀ိပဿနာ'** ဖြစ်သွားတယ်၊ **'ယဒါ ပညာယ ပဿတိ'**၊ အဲဒါ **'သင်္ခါရ'** ရောက်သွားရင် **'ပညာ'** ဖြစ်သွားတယ်၊ **'သဗ္ဗေသင်္ခါရာ အနိစ္စာ ယဒါ ပညာယ ပဿတိ'** ဆိုရင် ပညာလည်း ဖြစ်သွား တယ်၊ လူတွေ ယောက်ျားတွေ မိန်းမတွေဆိုရင်လည်း **'ပညာ'**မပါဘူး၊ မျက်မှန်၀တ်တယ်၊ ဘာလုပ်တယ်၊ ထိုင်တယ်၊ **'အကုန်လုံး သင်္ခါရ'**ပဲ ဖြစ်သွားတယ်၊ အဲဒါအကုန်လုံးဆိုတော့ **'သဗ္ဗေသင်္ခါရာ'** ပါဠိတွေကို မြန်မာလိုလုပ်လိုက်တာ။

အနိစ္စကောင်ကြီး အနိစ္စကောင်မဆိုတာ အနိစ္စတွေဖြစ်သွားတယ်၊ ငါတွေ သူတွေ မဟုတ်တော့ဘူး၊ **'သဗ္ဗေသင်္ခါရာ အနိစ္စာ ယဒါ ပညာယ ပဿတိ'**၊ အဲဒီ **'ပညာ'** နဲ့ ရှုလိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းလေရှူတာ **'သင်္ခါရ'**၊ နားက ကြားတာ **'သင်္ခါရ'**၊ မျက်စိကြည့်တာ **'သင်္ခါရ'**၊ လျှာက စားတာ **'သင်္ခါရ'**၊ ဘာမဆို **'အကုန်သင်္ခါရ'** ဖြစ်သွားတယ်။

**နိဗ္ဗာန်တရားပဲ မဖြစ်မပျက်တော့တယ်**

**'သင်္ခါရ'**ဆိုရင် **'အနိစ္စာဝတ သင်္ခါရာ'** တဲ့၊ **'ဥပ္ပါဒဝယ ဓမ္မိနော'**တဲ့၊ **'ခန္ဓာတွေ'** လည်း သင်္ခါရလုပ်လိုက်၊ **'ဓာတ်တွေ'**လည်း သင်္ခါရလုပ်လိုက်၊ **'သစ္စာတရား'**လည်း သင်္ခါရ လုပ်လိုက်၊ **'ပဋိစ္စသမုပ္ပါဒ်'** လည်း သင်္ခါရလုပ်လိုက်၊ ဟော **'နိဗ္ဗာန်တရား'**ပဲ မဖြစ်မပျက်တော့တယ်။ **'အနိစ္စာဝတ သင်္ခါရာ'** ဉာဏ်က အဲလိုသိသွားတယ်၊ ဉာဏ်ကသိသွားတော့ နိဗ္ဗာန်ရောက် သွားတယ်၊ နိဗ္ဗာန်ရောက်သွားတော့ ရေကလည်းမနစ်တော့ဘူး၊ မီးကလည်းမလောင်တော့ဘူး၊ ဟော လေကလည်း မတွန်းတော့ဘူး၊ မြေကလည်း မဖိနှိပ်တော့ဘူး။

**သဗ္ဗေ သင်္ခါရာ ဆိုတာ အဲလိုလုပ်ရတယ်**

ဟော မြေပြိုကျ၊ တိုက်တွေပြိုကျတော့၊ ဟော မြေလျှင်လှုပ်တယ်ဆိုတာလည်း **'သင်္ခါရ'**ပဲ၊ ဆူနာမီတို့ ဘာတို့ဆိုတာလည်း **'သင်္ခါရ'**ပဲ၊ မြေကြီးက ကြီးလာတယ်ဆိုတာလည်း **'သင်္ခါရ'**၊ ကျွန်းတွေပျောက်ကုန်တယ်ဆိုတာလည်း **'သင်္ခါရ'**၊ အိုဇုန်းလွှာပေါက်သွားတယ် ဆိုတာလည်း **'သင်္ခါရ'**၊ မြေကြီးတွေ ပူပူလာတယ်ဆိုတာလည်း **'သင်္ခါရ'**၊ အခု သစ်ပင်ကြီးတွေ ငုတ်တိုကြီးတွေဆိုတာလည်း **'သင်္ခါရ'**။

မျက်စိနဲ့မြင်တာ **'သင်္ခါရ'**၊ နားနဲ့ကြားတာ **'သင်္ခါရ'**၊ နှာခေါင်းနဲ့နံတာ **'သင်္ခါရ'**၊ အာယတနတွေကိုလည်း **'သင်္ခါရ'**လုပ်လိုက်၊ ရုပ်ကလည်း ရူပက္ခန္ဓာကလည်း **'သင်္ခါရ'**၊ ဝေဒနာကလည်း **'သင်္ခါရ'**၊ ဝေဒနာကလည်း ပြုပြင်မှ ဝေဒနာဖြစ်တာကိုး၊ အဲဒါကြောင့် သူလည်း **'သင်္ခါရ'**၊ ဖဿကလည်း **'သင်္ခါရ'**၊ သဠာယတနတွေ မျက်စိ နားတွေဆိုတာလည်း **'သင်္ခါရ'** လုပ်လိုက်၊ ကိုယ်ကို အရိုးတွေ အသားတွေဆိုတာကလည်း **'သင်္ခါရ'**၊ အူတွေ အသည်းတွေ ဆိုတာကလည်း **'သင်္ခါရ'** သူက ရုပ်ထဲပါတာကိုး၊ ခန္ဓာကလည်း **'သင်္ခါရ'**၊ ဒါကြောင့် **'သဗ္ဗေ သင်္ခါရာ'** နင်တို့ လုပ်စမ်းပါဟဲ့ ဆိုရင်မလုပ်တတ်ဘူး၊ **'သဗ္ဗေ သင်္ခါရာ'**ဆိုတာ အဲလိုလုပ်ရတယ်၊ အဲလိုလုပ်မှ ကုန်သွားတယ်၊ အို နာ သေ ဘယ်တော့လွတ်မှာတုံး အဲလိုမေး၊ အို နာ သေဆိုတာ **'သင်္ခါရ'** ရှိတုန်း မလွတ်ဘူး၊ **'နိဗ္ဗာန်'**ရောက်မှပဲလွတ်မယ်၊ ကိုယ့်ဘာသာဉာဏ်တွေပေါ်လာတယ်၊ ဒါကြောင့် နိဗ္ဗာန်ရောက်အောင် လုပ်ကြရမှာ၊ အဲလိုဖြစ်သွားတယ်၊ နိဗ္ဗာန် ရောက်အောင် လုပ်တော့၊ လူတွေ ဘာတွေလည်းမရှိဘူး၊ လူတွေလည်း **'သင်္ခါရ'** ဖြစ်သွားတယ်၊ မိန်းမတွေလည်း

www.burmeseclassic.com

www.burmeseclassic.com



**'သင္ခတသင်္ခါရ'** ဖြစ်သွားပြီ၊ ရာဂဆိုတာလည်း **'သင်္ခါရ'** ဖြစ်သွားပြီ၊ ယောက်ျားရတယ်ဆိုတာလည်း **'သင်္ခါရ'**ပဲ၊ ကလေးမွေးတယ်ဆိုတာလည်း **'သင်္ခါရ'**ပဲ၊ ဆေးရုံတက်ရတယ်ဆိုတာလည်း **'သင်္ခါရ'** ပဲ၊ ဒီလိုပြောတတ်ဖို့ကလည်း မလွယ်ဘူး၊ သင်ပေးတာ တရားနာတယ်ဆိုတာက ပရိယတ်၊ တရားဟောတယ်ဆိုတာက ပရိယတ်သင်ပေးတာ၊ အဲလို သင်ပေးတာ၊ ဒါမှ **'သင်္ခါရ'** မှန်း သိတယ်။

အဲဒါသူတို့မေးကြည့် **'သင္ခတသင်္ခါရ'**ဆိုတာ ဘာလဲဆရာ့လို့ဆိုရင် **'သင်္ခါရ'** ပေါ့ဟယ်နဲ့ နင်တို့ ဟိုက ပြောလိုက်လိမ့်မယ်၊ ဒီ့ပြင် သူဘာမှမသိဘူး၊ အဲဒါ **'အကုန်သင်္ခါရ'**လို့ ခေါ်တယ်၊ မိန်းမတွေကလည်း **'သင်္ခါရ'**၊ စာရေးတယ် မှတ်တာတွေကလည်း **'သင်္ခါရ'**၊ ဆွမ်းပြင်တယ်ဆိုတာကလည်း **'သင်္ခါရ'**ပဲ၊ ရန်ဖြစ်တယ်ဆိုတာလည်း **'သင်္ခါရ'**ပဲ၊ **'သင္ခတ'**ဆိုတာ **'အကုန်သင်္ခါရ'**ချည်းပဲ။

မိန်းမကြီးဆိုတာလည်း **'သင်္ခါရ'**ပဲ၊ လိုက်ပြေးတယ်ဆိုတာလည်း **'သင်္ခါရ'**ပဲ၊ တံတားကြီးပေါ်က ခုန်ချတယ်ဆိုတာကလည်း **'သင်္ခါရ'**ပဲ၊ ရန်ဖြစ်တယ်ဆိုတာလည်း**'သင်္ခါရ'**ပဲ၊ **'သင္ခတသင်္ခါရာ အနိစ္စာ'**ဆိုတာ **'သင်္ခါရ'**ဆိုတာကို မမေ့ရင် နိဗ္ဗာန်ဆိုတာက သူ့ဘာသာ ဖြစ်လာတယ်၊ ဟော နှာခေါင်းတွေကလည်း **'အနိစ္စ'**၊ ကိုယ်ကြီးမှာ အရိုးတွေ အသားတွေကလည်း **'အနိစ္စ'**ပဲ၊ **'ပထဝီ'** ကလည်း ဖြစ်ပြီးပျက်တာပဲ၊ အဲလို **'သင်္ခါရ'**လုပ်မှ ဖြစ်ပြီး ပျက်မှန်းသိတယ်။

နဖူးကြီးလည်း **'ပထဝီကြီး'**၊ ခေါင်းကြီးကလည်း **'ပထဝီကြီး'**ပဲ၊ ဒူးကြီးကလည်း မာတာ၊ လက်ကြီးကလည်း မာတာ၊ **'ပထဝီကြီးတွေ'** ကိုလည်း သင်္ခါရလုပ်လိုက်၊ ဖြစ်ပြီးပျက်တယ်၊ ဒူးကြီးတွေ ပေါင်ကြီးတွေကလည်း ဖြစ်ပြီးပျက်တယ်၊ ဖြစ်ပြီးပျက်တယ်ဆိုတော့ မလိုချင်တော့ဘူး၊ ယောက်ျားဆိုတာလည်း ဖြစ်ပြီးပျက်တယ်ဆိုတော့ မလိုချင်တော့ဘူး၊ ဒါကြောင့် **'အနိစ္စ'**က အလွန်ကောင်းတယ်၊ ဖြစ်ပြီးပျက်တယ်ဆိုတော့ မလိုချင်တော့ဘူး၊ ဆရာ့ ဘာပြုလို့ ဖြစ်ပြီး ပျက်တာလို့ လုပ်လိုက်သတုံးဆိုတော့ မလိုချင်အောင် လုပ်ရတယ်။

စက္ကူတွေရတယ်၊ ငွေတွေရတယ်၊ ငွေတွေကိုလည်း **'သင်္ခါရ'**ခေါ်ရတယ်၊ ဒေါ်လာတွေကလည်း **'သင်္ခါရ'**၊ ရအောင် သွားလုပ်ရတာတွေလည်း **'သင်္ခါရ'**ပဲ၊ ဘယ်ကဘယ်လို ဘယ်လို ရတယ်၊ ဘယ်က ဘယ်လို ကုန်တယ်၊ ဘယ်မှာ ဓားပြတိုက်တယ်၊ ဟိုမှာ ဓားပြလည်း တိုက်တာပဲ၊ ရ ထားတဲ့ဟာတွေ ဟိုကောင်လေး တစ်ခါတည်း သူ့ဆေးခန်းမှာ ဓားပြလာတိုက်တာ သေနတ်တောင်ပါသေးတယ်၊ အရင်ကတော့မပါဘူး၊ ရှိတာတွေ အကုန်ယူသွားတယ်၊ ဆေးတွေရော၊ မလေးရှားမှာ ငါ့ကိုပြောတယ်၊ ဆရာရယ် အဲဒါကယ်ပါဦး၊ သူများ တိုင်းပြည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ကြောက်လည်း ကြောက်ရတယ်၊ မကြောက်နဲ့ **'အသောကံ ဝိရဇံ'** မစိုးရိမ်နဲ့၊ အဲလိုမှ ဘေးလွတ်တယ်၊ အဲလိုပြောရတယ်၊ အနိစ္စကောင်၊ ဒုက္ခကောင်၊ **'သဗ္ဗေသင်္ခါရာ အနိစ္စာ'**လို့ဆို၊ မိန်းမကြီးတွေ ယောကျ်ားကြီးတွေ မဆိုနဲ့၊ ဒါမှ **'သင်္ခါရ'** ဆိုမှ၊ **'အနိစ္စ'**မှ ဖြစ်ပြီး ပျက်တယ်၊ အဲလိုယူ၊ ကိုအတ္တာကြီး ယောကျ်ားကြီးလို့ မယူနဲ့၊ **'သင်္ခါရ'** လို့ယူ၊ ကိုယ့်ကိုယ်ကိုလည်း **'လူ'**လို့မယူနဲ့၊ **'လူ'**လို့ယူရင် သေတာဖြစ်သွားတယ်၊ သူက **'သင်္ခါရ'** ဖြစ်ပြီးပျက်တာဆိုတော့ သေတယ်လို့ မယူရဘူး၊ ဘာပြုလို့တုံးဆိုတော့ **'သင်္ခါရ'** ဆိုတော့ ဉာဏ်နဲ့ နှလုံးသွင်းတာကိုး၊ အမေလည်း မဟုတ်ဘဲ၊ အမေလည်း **'သင်္ခါရ'**၊ သမီးလည်း **'သင်္ခါရ'** ပဲ၊ အနိစ္စဆိုတော့ မချစ်ချင်တော့ဘူး၊ မဟုတ်ရင် သမီးဆို ချစ်သွားတယ်၊ အမေဆိုရင် စိုးရိမ်သွားတယ်၊ **'သင်္ခါရ'** ဆိုတော့ ဟော မလိုချင်တော့ဘူး၊ မစိုးရိမ်တော့ဘူး၊ အဲလိုဖြစ်သွားတယ်၊ **'သဗ္ဗေ'**ဆိုတာ အလုံးစုံ၊ **'ဥပ္ပါဒဝယ ဓမ္မိနော'**ဆိုတာ ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့သဘော ရှိကုန်၏။

**သင်္ခါရကို ဘယ်ရောက်ရောက်မမေ့နဲ့**

လူတွေကလည်း **'သင်္ခါရ'**၊ ဆေးရုံကလည်း **'သင်္ခါရ'**၊ ကင်ဆာဆိုရင်လည်း **'သင်္ခါရ'**၊ နင်တို့ **'သင်္ခါရ'**မမေ့နဲ့တဲ့၊ **'ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ'**တဲ့။ ဘယ်ရောက်ရောက် မမေ့နဲ့၊ အဲဒါ ပရိနိဗ္ဗာန်စံခါနီးပြောတာ၊ **'သင်္ခါရ မမေ့နဲ့'**တဲ့၊ အခုလည်း အဲလိုပဲ **'သင်္ခါရ'** မေ့ပြီးတော့ လူတွေတို့ ယောကျ်ားတွေတို့ မိန်းမတွေတို့ သွားလုပ်တော့ **'သင်္ခါရ'** မေ့ပြီး လူတွေ သောကတွေ ပရိဒေဝတွေဖြစ်တတ်တာပေါ့၊ တစ်ရွာမှာ ငါးယောက်လောက်ကျန်တယ်လို့၊ တစ္ဆေတောင်ခြောက်မယ်၊ တစ်ရွာမှာ ငါးယောက်နဲ့ ဘယ့်နှယ့်လုပ် နေဖြစ်လိမ့်မတုံး၊ တစ်ရွာလုံး အကုန်လုံး လူငါးထောင်လောက်ရှိတဲ့ရွာကြီး၊ ငါးသောင်းလောက် ရှိတဲ့ရွာကြီး လေးငါးယောက် ကျန်တော့တာ။

ထန်းပင်တက်တာတို့၊ အုန်းပင်တက်တာတို့၊ အုန်းပင်ကန္တဲ့တယ်၊ ပြီးတော့ အမြစ်လည်း ခိုင်တယ်၊ အရှေ့ကလေတိုက်အနောက်ဘက်ယိုင်တယ်၊ အနောက်ကလေတိုက် အရှေ့ယိုင်တယ်၊ ယိုင်ယိုင်နေတယ် လွတ်မသွားနဲ့၊ ရေက အောက်ကကြီးလာပြီဆို အထက်ပေါ် တက်လိုက်၊ ဟာ ရင်ဘတ်တွေပွန်းလို့ တစ်ခါတည်းပွန်းတဲ့ ရင်ဘတ်နေရာမှာ ဆားငန်ရေထိ ဆားငန်ရေက အလွန်စပ်တယ်၊ ဆားငန်ရေက ဒီပြင်ဟာ ထိတာနဲ့မတူဘူး၊ အနာမရှိရင် မစပ်ဘူး၊ အခုလူတွေ လည်း **'တဏှာ'** ရှိရင်စပ်တယ်၊ စိုးရိမ်တယ်၊ **'တဏှာ'**မရှိရင် မစပ်ဘူး၊ **'တဏှာ'**က သမုဒယ ဖြစ်သွားတယ်၊ ဘာပြုလို့တုံးဆိုတော့ **'တဏှာ'**မှန်းမသိဘူး၊ ဘယ်နှယ့်လုပ် **'လူတွေ'**လို့ သိတယ်။

www.burmeseclassic.com

www.burmeseclassic.com



**သင်္ခါရလို့ အောက်မေ့လိုက်တော့ တစ်ခါတည်း အပူတွေအေးသွားတယ်**

အုန်းပင်လို့ဆိုတာလည်း **'သင်္ခါရ'**ပဲ၊ ငှက်ပျောပင်ဆိုတာကလည်း **'သင်္ခါရ'**ပဲ၊ **'အနိစ္စာဝတ'** ဆိုတာ ဟိုအပြစ်ပြော၊ ဒီအပြစ်ပြောနဲ့ **'သင်္ခါရ'** ဆိုတာ ဖြစ်ပြီးပျက်တယ်၊ အဲလိုယူမှ လေမုန်တိုင်းတိုက်တယ်၊ **'သဗ္ဗေသင်္ခါရ'**ဆိုတော့၊ ဟော **'ဖြစ်ပြီးပျက်တယ်'** ဆိုတော့ အေးသွားတယ်ဆိုကတည်းက နိဗ္ဗာန်ရောက်သွားတာနဲ့ အတူတူပဲ။

**'တေသံ ဝူပသမော'၊ 'တေသံ-** ထိုအပူတို့၏၊ **ဝူပသမော-** ကင်းငြိမ်းခြင်းသည်**'** **'သင်္ခါရ'**လို့ ဆိုလိုက်တာနဲ့ သားသမီးလေး ဘယ်လောက်ပါသွားတယ်၊ ငပုတောတို့ လပွတ္တာတို့ ဘယ်လောက်ပါသွားတယ်ဆိုတာတွေ မရှိတော့ဘူး၊ **'သင်္ခါရ'**လို့ အောက်မေ့လိုက်တော့ တစ်ခါတည်း အပူတွေအေးသွားတယ်၊ **'လူတွေ'**ဆိုတော့ အပူတွေက မအေးဘူး၊ **'သင်္ခါရ'** ဆိုတော့ အပူတွေ အေးသွားတယ်၊ နှာခေါင်းလေကြီးထွက်နေတာ၊ ရေက ၁၅ ပေ၊ ပေ ၂၀၊ ၃၀ တက်လာတယ် ဆိုတော့၊ ဟော ရေမွန်းသွားရော၊ ဟော နှာခေါင်းလေကြီးက မရှူနိုင်တော့ဘူး၊ ရှူပြန်တော့လည်း အဆုတ်ထဲရေဝင်သွားပြီးသေတော့မှာ။

**'သင်္ခါရ'**ဆိုတော့ ဖြစ်ပြီးပျက်တယ်ဆိုတော့၊ ဟော **'သင်္ခါရ'**မှန်း သိလိုက်တော့ အပူတွေ ပျောက်သွားတယ်၊ **'လူ'**ဆိုလိုက် တော့ ငိုချင်သွားတယ်၊ သောက ပရိဒေဝဖြစ်သွားတယ်၊ အဲဒါ **'အာသဝေါကုန်တဲ့ တရားကြီး'**လို့ အဲလိုအဲလိုမှတ်ပြီး၊ အဲဒီစာလေးကို လူတွေကို ဖြန့်ဝေပေးစမ်း၊ ဒါမှ အပူအေးမှာ၊ တစ်ချို့ဆိုရင် ပြောသေးတယ်၊ နောက်မှာလည်း ရှိသေးတယ်တဲ့၊ ကြောက်စရာတွေ အပူတွေ ပိုဖြစ်လာတယ်၊ အဲဒါတွေ **'သင်္ခါရ'**လုပ်လိုက်၊ ကိုယ့်ကိုယ်ကိုကြီး **'သင်္ခါရ'** လုပ်လိုက်၊ ဟိုရွှေ့ ဒီရွှေ့လည်း **'သင်္ခါရ'** ပဲ။

အသားတွေ ဆိုတာ ပထဝီဆိုတာလည်း **'သင်္ခါရ'** ပဲ၊ အရိုးတွေဆိုတာလည်း **'သင်္ခါရ'**ပဲ၊ ဖြစ်ပြီးပျက်တယ်၊ အူတွေကလည်း **'သင်္ခါရ'** ပဲလုပ်၊ ဒါကြောင့် **'သဗ္ဗေသင်္ခါရာ'** ဆိုပေး၊ အဲဒါ နင်တို့အရင်က ပါဠိလိုသာဆိုတတ်တာ၊ **'သင်္ခါရ'** ဘာမှန်းလည်း မသိဘူး၊ နှာခေါင်းလေ ရှူနေတာလည်း **'သင်္ခါရ'**ပဲ၊ ရေကနစ်ပြီ၊ ရေက နစ်တော့ နှာခေါင်းလေက မရှူနိုင်ဘူး၊ အဲဒါကြီးက မရှူနိုင်တော့ **'သင်္ခါရ'**က မရှူနိုင်တာ **'ငါ'**မရှူနိုင်တာ မဟုတ်ဘူးလို့ ဆိုလိုက်တော့ ငြိမ်းသွားတယ်၊ အဲဒါ **'သင်္ခါရ'**လို့ ဆိုလိုက်တာနဲ့ နိဗ္ဗာန်ရောက်သွားတယ်၊ ရောက်လို့လည်း ရောက်မှန်း မသိကြပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



**သင်္ခါရမို့လို့ ပျက်တာဆိုတော့ နိဗ္ဗာန်ရောက်သွားတယ်**

မြတ်စွာဘုရားကလည်း ပရိနိဗ္ဗာန်စံခါနီး **'သင်္ခါရမမေ့နဲ့'**လို့ ဆိုလိုက်တာ၊ အခုလည်း **'သင်္ခါရ'**ကို မမေ့နဲ့၊ **'ငါ'**မဟုတ်ဘူး **'သင်္ခါရ'**လို့ဆိုတော့ သေရမှာမကြောက်ဘူး၊ အေးသွားရော ဟိုဘဝရောက်တယ်ဆိုတာလည်း **'သင်္ခါရ'**ပဲ၊ ဘဝကူးတယ်ဆိုတာလည်း **'သင်္ခါရ'**ပဲ၊ အိမ်မက် မက်တယ်ဆိုတာကလည်း **'သင်္ခါရ'**ပဲ၊ ဘယ်သူ့ဆီရောက်သွားပြီ၊ ဘယ်သူ့ဝမ်းထဲဝင်သွားပြီ ဆိုတာလည်း **'သင်္ခါရ'**လို့သာလုပ်၊ စကားပြောတာလည်း **'သင်္ခါရ'** ပဲ၊ မြတ်စွာဘုရားက အဲဒါတွေ ကိုမြင်လို့ **'အပ္ပမာဒေန'**တဲ့၊ **'ဝယဓမ္မာသင်္ခါရာ'**တဲ့။

**'သင်္ခါရ'**ဆိုတာ ပျက်တတ်တယ်တဲ့၊ နင်တို့ လေရှူနေတာ **'သင်္ခါရ'**ပဲ၊ စကားပြောတာ **'သင်္ခါရ'**၊ နင်တို့ နားကြားနေတာ **'သင်္ခါရ'**ပဲ၊ ဒီက ဟောတဲ့ ဆရာတော်ကြီးကလည်း**'သင်္ခါရ'**ပဲ၊ အဲ သူလည်း **'ပျက်'** တတ်တယ်၊ မဟုတ်ရင် ပျံလွန်တော်မူတယ်ဆိုရင် ငိုလိုက်ကြတာ၊ အဲလိုဖြစ် သွားတယ်၊ အဲဒါ **'သင်္ခါရ'** မို့လို့ ပျက်တာဆိုတော့၊ မငိုတော့ဘူး၊ နိဗ္ဗာန်ရောက်သွားတယ်၊ **'အသောကံ ဝိရဇံ ခေမံ'**၊ ငိုချင်တယ်၊ ငိုချင်တာက **'တဏှာ'**ကြောင့် ငိုချင်တာ **'လူ'** ရှိတာကို၊ ဒါကြောင့် **'လူတွေမရှိ အပူမရှိ'**၊ အင်း လူမရှိတော့ အပူမရှိတော့ဘူး။

ဟိုကောင်မလေးက Emptiness လို့ပြောတယ်၊ အဲဒီစာရွက်ကလေး ငါစက်ဘ်ပူက ယူလာတယ်၊ နှစ်ရွက်ထဲရှိတာ ကုန်သွားတယ်၊ မနေ့က ဒေါ်လှလှချောပေးလိုက်တယ်၊ အဲဒီ စာရွက်ထဲမှာ Form is emptiness. Emptiness is form. အဲဒီပုံကြီးတွေမထားနဲ့ ပုံကြီးတွေလည်း ဖြစ်သွားတယ်၊ ကောင်မလေးမှာ **'သုညတကြီး'** ဖြစ်သွားတယ်၊ အောင်မာ Completeman ဖြစ်သွားတယ်တဲ့၊ အောင်မာ ဟို ငါက စာရွက်အစိမ်းကလေးကို ဖတ်ပြတာ။

သိတာက**'နာမ်'**၊ ထိုင်တာက**'ရုပ်'**၊ **'နာမ်ရုပ်'**၊ နာမ်ဆိုတာလည်း **'သင်္ခါရ'**ပဲ၊ ရုပ်ဆိုတာ လည်း **'သင်္ခါရ'**ပဲ၊ ပျက်တယ် **'ဝယဓမ္မာ သင်္ခါရာ'** ဆိုတာလည်း **'သင်္ခါရ'**ပဲ၊ ပျက်တယ် သိပြီး ပျက်တယ်ကို သိတာက နာမ်၊ **'သိတာကနာမ်'** ဆိုစမ်း (သိတာကနာမ်)၊ အဲဒီ **'နာမ်'**လည်းသိပြီး ပျက်သွားပြီ၊ အဲလိုဆို ဘာပြုလို့ပျက်တုံး ဆရာဆိုရင် **'သင်္ခါရ'**မို့လို့။

အဲဒီညဏ် ဒီနေ့ညဏ်က ပိုကောင်းတယ်၊ **'သိတာကနာမ်'**ဆိုတာလည်း သင်္ခါရမို့လို့ ပျက်သွားတယ်၊ အရင်တုန်းက သိတာကြီးကမပျက်ဘူးလို့ ထင်နေတာ၊ အောင်မာ မနေ့က သိတာကြီးက ဒီနေ့သိတာ ထင်နေတာ မဟုတ်ဘူး၊ **'သိတာကနာမ်'**ဆိုရင် ပျက်သွားတယ်၊ **'ထိုင်တာကရုပ်'**၊ **'ရုပ်'**ကလည်း သင်္ခါရကြီးပျက်နေတာပဲ၊ ဖြစ်ပြီး ပျက်တယ်၊ **'ဥပ္ပါဒဝယ ဓမ္မိနော**

www.burmeseclassic.com

www.burmeseclassic.com



**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ**၊ **'နိရုဇ္ဈန္တိ**- ချုပ်ကုန်၏**'**တဲ့၊ မချုပ်ဘူးလား၊ မျက်စိ ကလည်း ချုပ်တာပဲ၊ အလင်းက မီးပဲ၊ **'အလင်းကြီး'**ကလည်း သင်္ခါရပဲ၊ **'အလင်းကြီး'**လည်းဖြစ်ပြီး ချုပ်တာပဲ၊ **'မျက်စိ အကြည်ကြီး'** လည်း ဖြစ်ပြီးချုပ်တာပေါ့၊ **'ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ'**၊ ဆရာ အဲဒါကြီးက သေမှနိဗ္ဗာန်ရောက်မှာ မဟုတ်ဘူးလားနဲ့ ဆိုရင်၊ ဟိုနိဗ္ဗာန်က သေမှ ရောက်တဲ့နိဗ္ဗာန်။

**သင်္ခါရမှန်း သိသွားရင် မကြောက်တော့ဘူး**

အခု **'သင်္ခါရကြီး'** ပျက်တယ်သာရှုရင် စိုးရိမ်သေးသလား၊ **'အသောကံ ဝိရဇံ'** မဖြစ် ဘူးလား၊ အဲဒါ **'ပျက်တယ်'** လို့သိတာနဲ့ **'သင်္ခါရ'** မှန်းသိတာနဲ့ နိဗ္ဗာန်ရောက်သွားပြီ၊ မစိုးရိမ် တော့ဘူး၊ စိုးရိမ်သေးလား (မစိုးရိမ်တော့ပါဘူးဘုရား)။ ကဲ မင်းတို့သေသွားပြီး နှာခေါင်းကြီးက လေမရှူနိုင်တော့ဘူး၊ စိုးရိမ်သေးသလား (မစိုးရိမ်တော့ပါဘူးဘုရား)၊ အဲဒါ နိဗ္ဗာန်ရောက်သွား တာပဲ၊ **'သင်္ခါရ'**မှန်းသိသွားရင် မကြောက်တော့ဘူး၊ ဒီနေ့တရားတော်တော်ကောင်းတယ်၊ လေတွေတိုက်တာက တရားကောင်းဖို့လို့ မှတ်ထား၊ ငါ့အရင်တုန်းက အဲလိုဟောတတ်သလား။

**'မြေကဖိတယ် ရေကမွန်းတယ် မီးကကျွမ်းတယ် လေကတွန်းတယ်'** တဲ့၊ နင်တို့ကို နင်တို့လည်း အဲဒီဟာတွေလို့ မှတ်ထား၊ **'သင်္ခါရ'** လို့မှတ်ထား၊ အဲဒါ **'လူတွေ'**လို့ မမှတ်နဲ့ မိန်းမတွေလို့ မမှတ်နဲ့၊ **'သင်္ခါရ'** လို့မှတ်၊ **'သင်္ခါရ'** မို့လို့ ပျက်သွားတယ်။

**'ဥပ္ပါဒဝယ ဓမ္မိနော'** တဲ့၊ **'ဥပ္ပဇ္ဇိတွာ-** ဖြစ်ကုန်ပြီး၍၊ **နိရုဇ္ဈန္တိ -** ချုပ်ကုန်၏**'**တဲ့၊ ထွက်လေ ဝင်လေတွေ ထွက်ပြီးတော့ ချုပ်ကုန်၏တဲ့၊ အဲ **'သင်္ခါရ'** ဆီရောက်သွားတော့ ကိုယ့်ကိုယ်ကိုကြီး စိုးရိမ်သေးသလား၊ စိုးရိမ်တော့ကောလွတ်မှာလား (မလွတ်ပါဘုရား)၊ ဒီတော့ မစိုးရိမ်ဘဲ နေလိုက်တာပဲ၊ သေချင်လည်း သေသွားပစေ အေးတာပဲဆိုပြီး မဟုတ်ဘူးလား၊ နှာခေါင်းလေက မွန်းနေပြီလေ၊ ၁၃ ပေ၊ ၁၄ ပေ တက်လာပြီလေ၊ ပြီးတော့ အုန်းပင်လည်း မတက်နိုင်ဘူးလေ။

မိန်းမတွေဆိုတော့ ဘယ့်နှယ်အုန်းပင်တက်နိုင်မတုံး၊ ယောက်ျားတွေသာ အုန်းပင် တက်နိုင်လို့ ၄-၅ ယောက်လောက် ကျန်တော့တာ၊ ကလေးတွေရောသေ၊ အဲဒါသေတာက ယောက်ျားတွေ မိန်းမတွေ ကလေးတွေလို့ဆိုလို့ စိုးရိမ်တာ၊ **'သင်္ခါရ'** ဆိုတော့ စိုးရိမ်သေးလား၊ အဲဒီ **'သင်္ခါရ'** မမေ့တာနဲ့ဘဲ နိဗ္ဗာန်ရောက်သွားတယ်။

**သင်္ခါရ မမေ့ခြင်းရဲ့ အကောင်းဆုံး တရားတော်ဖြစ်သွားတယ်**

ဒါကြောင့် **'ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ'**၊ ဘုရားကြီး ပရိနိဗ္ဗာန်စံ

www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ဉာဏ်က ဒီနေ့ဉာဏ်နဲ့ ဟော ၁၃၇၀ ခုနှစ် လေကြီးတာနဲ့ လေကြီးတာဘာခေါ်တယ် (နာဂစ်ပါဘုရား)၊ အဲဒါ **'သင်္ခါရ မမြဲခြင်းရဲ့ အကောင်းဆုံးတရားတော် ဖြစ်သွားတယ်'** လို့ အဲလိုမှတ်ထား၊ လူတွေမသေလို့ရှိရင် **'သင်္ခါရ'** မှန်းလည်း သိမှာ မဟုတ်ဘူး၊ ဟောလိုက်ရတာ တစ်နှစ်လုံး တစ်ခါမှ **'သင်္ခါရ'** မရောက်ဖူးဘူး ရောက်သလား (မရောက်ပါဘူးဘုရား)။

ဟော ခုတော့ ထိုင်တာလည်း **'သင်္ခါရ'**၊ စကားပြောတာလည်း **'သင်္ခါရ'**၊ ဒူးကြီးကဘာလဲ (သင်္ခါရပါဘုရား)၊ နားကြီးကဘာလဲ (သင်္ခါရပါဘုရား)၊ **'သင်္ခါရ'** ဆိုတာဘာလဲ (ဖြစ်ပြီး ပျက်တာပါဘုရား)၊ အာယတနလည်း **'သင်္ခါရ'**၊ ဓာတ်လည်း **'သင်္ခါရ'**၊ **'သစ္စာ'** ဆိုတာလည်း ဘာတုံး (သင်္ခါရပါဘုရား)၊ ဖြစ်ပြီးပျက်တာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)၊ မဖြစ်ပြီး မပျက်တာ ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)။

မဖြစ်ပြီး မပျက်တော့ဘူး မစိုးရိမ်တော့ဘူး၊ နင်တို့ လူမဟုတ်ဘူး ယောက်ျား မိန်းမ မဟုတ်ဘူး၊ အမေ အဖေလည်း မဟုတ်ဘူး၊ **'သဗ္ဗေသင်္ခါရ-** အကုန်လုံး သင်္ခါရတွေ' တဲ့၊ ပါဠိက ဟိုတုန်းကတည်းကရှိတာ **'ဝယဓမ္မာ'** တဲ့၊ ဟို နှစ်ပေါင်း ၂၅၀၀ ကတည်းကရှိတာ၊ အခု ၁၃၇၀ ခုနှစ်ကျမှပဲ အခု **'သင်္ခါရ'** ဟာ ထင်ပေါ်တော့တယ်၊ အခုထိုင်နေတာ လူတွေလား၊ သင်္ခါရ တွေလား (သင်္ခါရတွေပါဘုရား)၊ ကဲ အဲလို သိလိုက်တာနဲ့ အကုန်နိဗ္ဗာန်ရောက်သွားတယ်၊ မပူတော့ဘူး၊ တိုက်ကြီးပြိုသွားတယ်၊ အမိုးတွေ လန်သွားတယ်၊ အဲဒါဘာတုံး (သင်္ခါရပါဘုရား)၊ တိုက်ကိုကျတော့ အမိုးလန်တယ် ပြောတယ်၊ လူတွေကျတော့ သေတယ်ပြောတယ်၊ သစ်ရွက် ကျတော့ ကြွေတယ် ပြောတယ်၊ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။

ဘုန်းကြီးကျတော့ နတ်ရွာစံတယ် ပြောတယ်၊ အဲဒါ စံချင်မှ စံမှာ၊ ဘုရားကတော့ ပရိနိဗ္ဗာန်စံတယ် **'အနုပါဒိသေသ'** စံတယ်၊ သင်္ခါရလို့ သိလိုက်တာနဲ့ **'သဉပါဒိသေသ နိဗ္ဗာန်'** ရောက်တယ်၊ နောက်သေတော့လည်း မစိုးရိမ်လို့ရှိရင် ဘုရားလိုပဲ **'အနုပါဒိသေသ နိဗ္ဗာန်'** ရောက်တယ်၊ အေး အဲလို မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)၊ ဒီနေ့ ဘုရားလိုပဲ အကောင်းဆုံးဖြစ်သွားတယ် သာဓုခေါ်လိုက်ကြ။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# "ရူပီ– ရုပ်ရှိသော တရားတော်"

၁၄. ၆. ၂၀၀၈

## ရုပ်ဆိုတော့ မလွတ်တော့ဘူး

**'ရုပ်'**ရှုတာက ထွက်လေ ဝင်လေလို့ မရှုဘူး၊ **'ထွက်လေ ဝင်လေ'** လို့ ရှုရင် **'အာနာပါန'** ဖြစ်တယ်၊ ထွက်လေ ဝင်လေ၊ အဲဒီထဲမှာလည်း **'ရုပ်'** ပါတယ်၊ ထွက်လေ ဝင်လေထဲမှာလည်း **'ရုပ်'**၊ လှုပ်တာလည်း **'ရုပ်'**ပေါ့၊ **'ရုပ်'** လို့ရှု၊ မြတ်စွာဘုရားလည်း **'ဣဟာရုပ်'**လို့ ရှုတယ်၊ **'ရုပ်'** လို့ရှုတော့ ရှုတဲ့ဟာက **'နာမ်'** ဖြစ်သွားတယ်၊ **'ရုပ်နာမ်'**၊ **'စက္ခုဉ္စပဋိစ္စ ရူပေစဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ'**၊ အဲဒါကလည်း **'ရုပ်နာမ်'**ပဲ၊ စက္ခုနဲ့ ရူပက **'ရုပ်'**၊ သိတဲ့ဟာက **'နာမ်'**၊ **'ရုပ်နာမ်'**၊ **'ရုပ်နာမ်'** ရှုလို့ရှိရင် **'ဓမ္မာနုပဿနာ'**တဲ့၊ ထွက်လေ ဝင်လေရှုရင် **'အာနာပါန'**တဲ့၊ တရားချည်းတည်းပါပဲ၊ ထိုင်တာတွေလှုပ်တာတွေကလည်း **'ရုပ်'**ပဲ၊ **'ရုပ်'**ဆိုတော့ မလွတ်တော့ဘူး၊ **'ရုပ်'**လို့သာရှု၊ ဆံပင်တွေ ခေါင်းတွေ ခြေတွေ လက်တွေ မာတာတွေကလည်း **'ရုပ်'**ပဲ။

## ရူပီ–ရုပ်ရှိသော

အဲဒါ **'ရုပ်'** ပြီးတော့မှ **'ရူပီ-** ရုပ်ရှိသော'တဲ့၊ **'ရုပ်ရှိသော'** ဆိုရင် **'နာမ်'**ပေါ့၊ **'ရူပီ-** ရုပ်ရှိသော'၊ **'ရုပ်ရှိသော'** ဆိုလည်း နာမ်ရတယ်၊ ရုပ်ရော နာမ်ရော၊ **'ရုပ်'**ဆိုရင် မလွဲတော့ဘူး၊ ထွက်လေ ဝင်လေကလည်း**'ရုပ်'**၊ သွားတာလာတာကလည်း **'ရုပ်'**၊ လှုပ်တာ ရှားတာတွေကလည်း **'ရုပ်'**၊ **'ရူပီ-ရုပ်ရှိသော'** ဆိုလိုက်စမ်း(ရူပီ-ရုပ်ရှိသော)၊ **'ရုပ်ရှိသော'**ဆို အဲဒါမှ **'နာမ်'** မှန်းသိတယ်။

## 'ရူပီ' ဆိုလိုက်ရင် ဉာဏ်ကောင်းတယ်

ထရံတွေ ဘာတွေကတော့ သူတို့က **'ရုပ်'**ပဲ၊ **'နာမ်ပါမှ ရုပ်ရှိသော'**လို့ ဖြစ်သွားတယ်၊ အဲဒီနာမ်မှာ ရုပ်ရှိတယ်တဲ့၊ အဲဒီနာမ်ဟာ **'ရုပ်မရှိရင် နာမ်မရှိဘူး'**တဲ့၊ စက္ခုကလည်း **'ရုပ်'**၊ အာရုံ-ရူပါရုံကလည်း **'ရုပ်'**၊ **'စက္ခုဝိညာဏ်'** အဲဒါဆိုရင် **'ရုပ်ရှိတယ်'**၊ အဲလို ကိုက်တယ် **'ဉာဏ်'**က **'ဉာဏ်'** က၊ **'ဉာဏ်'** ထုတ်ရတယ်၊ **'ရူပီ'** လို့ ဆိုလိုက်လို့ရှိရင် **'စက္ခုပသာဒ'** ရောရတယ်၊ **'ရူပါရုံ'** လည်းရတယ်၊ **'မြင်တဲ့ဟာ'** လည်းရတယ်၊ အဲဒီမြင်တဲ့ဟာတွေက **'ရုပ်ရှိတယ်'** တဲ့၊ မမြင်ဘူးလို့ဆိုလိုက်လို့ရှိရင် **'ရုပ်မရှိတော့ဘူး'** တဲ့၊ ဉာဏ်ကလေး ဉာဏ်ကလေးနဲ့၊ ဘဝကူးမယ်ဆိုလည်း အဲလိုမြင်သွားတယ်၊ ပြီးတော့ ကူးသွားတယ်၊ ဖြစ်သွားတယ်ပေါ့၊ **'ရူပီ'** ဆိုလိုက်ရင် ဉာဏ်ကောင်းတယ် **'ရူပီ-** ရုပ်ရှိသော'၊ **'အစမူလ'** ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**စတုမဟာဘူတိကော**

ဟိုဟာကတော့ **'မာတာပေတ္တိကသမ္ဘဝေါ'**ကတော့ ဒါကတော့ လူတွေဘာတွေ၊ တိရစ္ဆာန်တွေ ဆင်တွေ နွားတွေ ကျွဲတွေ ခွေးတွေ ဝက်တွေ သူတို့လည်း အမိအဖတွေ ရှိသေးတာကိုး၊ အမိအဖရှိပေမယ့် လူလို မှတ်မထားဘူး၊ လူကတော့ အမိတွေ အဖတွေနဲ့၊ ဆရာတွေ ဘာတွေနဲ့ရှိတယ်၊ ခွေးတွေမှာတော့ မရှိဘူး၊ အဲလို မအေနဲ့ သားနဲ့သူတို့ကျတော့ ကာမဂုဏ်ပဲ ရှိတယ်၊ ဒါကြောင့် မကျွတ်နိုင်တာပေါ့၊ ကာမဂုဏ်ပဲရှိတယ်၊ အဲဒါတွေရှောင်မှ မူလက သက်ရှိ သတ္တဝါတွေပြောတာ။ **'စတုမဟာဘူတိကော'**တဲ့။

စတုမဟာရာဇ်လည်း လူလိုပဲတဲ့၊ ရုက္ခစိုး ပြိတ္တာလေးတွေ သားလေးတွေ တွဲလောင်းနဲ့၊ သစ်ပင်မခုတ်ရဘူးဆိုတဲ့နေရာမှာ သူတို့ ခုတ်မိလျက်သားရှိနေလို့၊ သီလသမာဓိ ရှိတဲ့သူက သူတို့ ခုတ်မိတတ်တယ်၊ ဒါကြောင့် ရပ်ထဲရွာထဲသွားရင် လက်တောင် မယမ်းရဘူး၊ လက်တွေ ယမ်းလို့ရှိရင် အဲဒီပြိတ္တာလေးတွေ ဘာလေးတွေကို သွားထိတယ်၊ တံတောင်ဆစ်နဲ့ ရင်ခေါင်းနဲ့ အတည့်ပဲတဲ့၊ ခိုက်လို့နာလိုက်တာလေတဲ့၊ အဲဒီတစ္ဆေမလေးက ပြောတာ၊ နောက်ဘဝတုန်းက သူတစ္ဆေဖြစ်တာ၊ မန်ကျည်းရွက်တွေပေါ်လည်းအစေ့ပဲ၊ မန်ကျည်းပင်ပေါ်လည်း တစ္ဆေလေးတွေ၊ ဝိညာဏ်လေးတွေကိုး။

**'ရူပီ-**ရုပ်ရှိသော၊ **စတုမဟာဘူတိကော-** မဟာဘုတ်လေးပါး၌မှီသော**'**၊ ဝိညာဏ်လေးက **'မဟာဘုတ်'**ကလေးတွေကို မှီနေတာ၊ အဲဒီနာမ်ကလေးက မဟာဘုတ်ကလေးတွေကို မှီတာပေါ့၊ **'မဟာဘုတ်'** ဆိုတာ မွစိနောက်ကယ်၊ ထွက်လေ ဝင်လေဟာ **'မဟာဘုတ်'**ပေါ့၊ ထိတာ **'မဟာဘုတ်'**ပေါ့၊ ဒါကြောင့် **'ရုပ်'**လို့ဆိုရတယ်၊ မြတ်စွာဘုရားလည်း **'ရုပ်'**၊ **'ဤဟာရုပ်'**၊ သူက **'ဣတိရူပံ'** လို့ဆိုတယ်၊ **'ဤဟာရုပ်'**ပါပဲ။

**ဤဟာရုပ်ဆိုရင် လူတွေပျောက်သွားတယ်**

ရုပ်ထက် မပိုဘူး၊ တိရစ္ဆာန်တွေ ဘာတွေဆိုပေမယ့် ရုပ်ပါပဲ၊ လူတွေဘာတွေ ဆိုပေမယ့် လည်း **'ရူပီ** - ရုပ်ရှိသော'၊ အခုမြင်တာဟာ **'ရုပ်'** ရှိလို့ မြင်တာ၊ ဘာဖြစ်လို့မြင် (ရုပ်ရှိလို့ မြင်တာပါ)၊ **'စက္ခုပသာဒက ရုပ်'**၊ **'ရူပါရုံကရုပ်'**၊ အဲဒီ **'ရုပ်'**ရှိလို့ မြင်တာ၊ ကြားတာလည်း **'ရုပ်'** ရှိလို့ကြားတာပဲ၊ **'ရူပီ-** ရုပ်ရှိသော'၊ **'ရုပ်'** ကဘယ်လောက်တောင် **'ရုပ်'**ကရှိတုံးဆရာလို့ဆိုတော့မှ၊ **'စတုမဟာဘူတိကော-** မဟာဘုတ်လေးပါး၌မှီသော'၊ **'မဟာဘုတ်'**လေးပါးလည်းရှိတယ်၊ **'စက္ခုပသာဒ'** မှာ မဟာဘုတ်လေးပါးလည်း ရှိတယ်တဲ့၊ **'စက္ခုပသာဒက'** မဟာဘုတ်လေးပါးကို

www.burmeseclassic.com

www.burmeseclassic.com



မှီရတဲ့ အကြည်ဓာတ်ကလေးကိုခေါ်တယ်၊ စက္ခုပသာဒလေးလည်း **'ရုပ်'**ပဲ၊ မဟာဘုတ်လည်း **'ရုပ်'** ပဲ၊ **'ရုပ် ရုပ်'** လို့ အဲလိုဆိုပေး၊ သဘောကျသွားတယ်၊ **'လူ လူ'** လို့ဆိုတော့ ကြောက်သွားတယ်၊ **'ဤဟာရုပ်'** ဆိုရင် လူတွေပျောက်သွားတယ်။

## ဥပါဒါရုပ်

အမေရိကန်တို့ စင်ကာပူတို့ ဘာမှမရှိတော့ဘူး၊ **'ရူပီ**-ရုပ်ရှိသော**'** မျက်စိမှာလည်း **'ရုပ်'** ရှိတယ်၊ အုတ်တံတိုင်းတွေမှာလည်း **'ရုပ်'** ရှိတယ်၊ သူကတော့ **'နာမ်မပါတဲ့ ရုပ်'**ပေ့ါ၊ ဒီက စက္ခုပသာဒကလည်း **'ရုပ်'**၊ ရူပါရုံကလည်း**'ရုပ်'**၊ အဲဒါ ဘာရုပ်တုံး ဆိုရင် **'ဥပါဒါရုပ်'**၊ ရုပ်က ဘာရုပ်တုံး (ဥပါဒါရုပ်ပါဘုရား)။

**'ဥပါဒါရုပ်'**ဆိုတော့ **'ဥပါဒါန်နဲ့တကွဖြစ်တဲ့ရုပ်၊ အစွဲအလမ်းနဲ့တကွဖြစ်တဲ့ရုပ်'**၊ ဒါကြောင့် မျက်စိမြင်တာကို **'လူ'**လို့စွဲရင် အဲဒါအစွဲအလမ်းနဲ့တကွ ဖြစ်တဲ့ရုပ်ဖြစ်သွားတယ်၊ စေ့စေ့ပေါက်ပေါက်ကလေးကြားဖူးမှ အဲဒါ **'ပရိယတ်'**ပေ့ါ၊ စာသင်တာပေ့ါ၊ တရားနာတာပေ့ါ၊ အဲဒီထဲမှာ **'ပဋိဝေဓ'**ကလည်း ပါသွားတယ်၊ လူမဟုတ်ပါဘဲဆိုရင် **'အနတ္တ'** ဖြစ်သွားတယ်၊ **'သြော် အနိစ္စပါပဲလား ဒုက္ခပါပဲလား အနတ္တပါပဲလား'**၊ အဲလို စေ့စေ့ပေါက်ပေါက်ဟောမှ၊ အဲဒါ ပါဠိမှာ ပါတယ်၊ အဲဒါ မူလအခြေခံပေ့ါ။

## မာတာပေတ္တိက သမ္ဘဝေါဆိုတာက သက်ရှိသတ္တဝါတွေကို ပြောတာ

ဟိုဟာကတော့ **'မာတာပေတ္တိက သမ္ဘဝေါ'**ဆိုတာက သက်ရှိသတ္တဝါတွေကိုပြောတာ၊ **'ရူပီ- ရုပ်ရှိသော'**၊ အဲဒါကြောင့်လည်း **'ရုပ်'**ကရှိလာတယ်တဲ့၊ **'မာတာပေတ္တိက သမ္ဘဝေါ**- အမိအဖတို့၏ ဥတုသွေး သုက်သွေးတို့ကြောင့်ဖြစ်သော**'**၊ အဲဒါလည်းပါတယ်၊ အဲဒီထဲမှာလည်း **'ရုပ်'** ရှိတယ်တဲ့၊ **'ရုပ်'** ရှိတယ်ဆိုတော့ နာမ်လည်းရှိသလို ဆိုသလိုပေ့ါ၊ ဝေဒနာလေးတွေ သူ့နားမှာလည်းရှိတာကိုး၊ ဥတုသွေး သုက်သွေး နားမှာလည်း ဝေဒနာရှိတယ်။ **'ရူပီ**-ရုပ်ရှိသော၊ **စတုမဟာဘူတိကော** - မဟာဘုတ်လေးပါးကိုမှီသော**'**၊ **'မဟာဘုတ်'** မရှိဘဲနဲ့လည်း အမိရဲ့ ဥတုသွေး သုက်သွေးတွေမဖြစ်ဘူး။ စက္ခုပသာဒဆိုတာလည်း **'မဟာဘုတ်'** ကို မှီရတယ်တဲ့၊ အဲဒီ **'စက္ခုပသာဒ'** လည်း ရူပီ၊ **'ရူပါရုံ'**လည်းရူပီ။

## ရုပ်ရှိသောနာမ်

**'ရူပ'**ဆိုစမ်း (ရူပ)၊ **'ရူပီ'** (ရူပီ)၊ အဲဒါနှစ်ခု၊ သူတကာတွေ သိပ်ပြောတာ မကြားသေးဘူး၊

www.burmeseclassic.com

www.burmeseclassic.com



**‘ရူပ’**ဆိုတာက စက္ခုပသာဒနဲ့ ရူပါရုံ၊ **‘ရူပ’**ဆိုတာ ဘာတုံး (စက္ခုပသာဒနဲ့ ရူပါရုံပါဘုရား)။**‘ရူပီ’** ဆိုတာ စက္ခုဝိညာဏ်ကမြင်တဲ့ဟာ၊ **‘ရူပီ’**ဆိုတာဘာတုံး (စက္ခုဝိညာဏ်ကမြင်တဲ့ဟာ)၊ မြင်တဲ့ဟာတွေ ကြားတဲ့ဟာတွေ နံတဲ့ဟာတွေ စိတ်ကူးတဲ့ဟာတွေ တွေးတဲ့ဟာတွေ ထိတဲ့ဟာတွေက **‘ရူပီ’**ဖြစ်သွားတယ်၊ **‘ရုပ်ရှိသောနာမ်’**ပေါ့၊ ဘာတဲ့တုံး (ရုပ်ရှိသောနာမ်ပါဘုရား)။

**ကမ္မဝိပါက**

အဲဒီ **‘ရုပ်’** ကလေးရှိမှ **‘နာမ်’** ကလေးကလည်းရှိတယ်၊ တစ္ဆေလေးတွေ သရဲလေးတွေ ပြိတ္တာလေးတွေ အသူရကာယ်လေးတွေ နတ်ကလေးတွေပေါ့၊ ငရဲထဲလည်း **‘ရုပ်’** ရှိတာပဲ၊ သူကလည်း နာတာကိုး၊ အဲဒီနာတာက **‘ကံ’**ကြောင့် ဖြစ်တဲ့ရုပ် အကုသိုလ်။

**‘ကမ္မဝိပါကော’** ဆိုတော့ ဘာဖြစ်လို့ပူလဲဆိုတော့ **‘ကမ္မဝိပါကော အစိန္တိယော’** **‘ကမ္မဝိပါက’**၊ ငရဲကျတော့ **‘ကမ္မဝိပါက’** တစ်မျိုး၊ ငှက်ကလေးကတစ်မျိုး၊ တီလေးက တစ်မျိုး၊ လူလေးတွေက တစ်မျိုး၊ နတ်လေးတွေကတစ်မျိုး ဒီလိုများသွားတော့ **‘ကမ္မဝိပါက’**၊ မျက်လုံးကလည်း **‘ကမ္မဝိပါက’**၊ နှာခေါင်းကလည်း **‘ကမ္မဝိပါက’**၊ အဲဒါ ဗဟုသုတပြောတာပါ။

**သွားတာသိတဲ့နာမ်က ‘ရူပီ’**

ရုပ်ဆိုရင်တော့ **‘အနိစ္စ’** ကဖြစ်သွားတယ်၊ **‘ရူပီ**-ရုပ်ရှိသော’၊ အခု လာတာ ထတာ သွားတာတွေက သွားနိုင်တာတွေကဘာတုံး (ရူပီပါဘုရား)၊ သွားနိုင်တယ်၊ သွားချင်တယ်၊ သွားတဲ့ဟာကမှ **‘ရုပ်’**၊ ဟုတ်ကဲ့လား၊ သွားတာဘာတုံး(ရုပ်ပါဘုရား)၊ သွားတာ သိတဲ့နာမ်က **‘ရူပီ’**၊ အဲဒါ ဉာဏ်နဲ့ ရှုစမ်း။

**‘ရူပီ**-ရုပ်ရှိသော’၊ **‘ရုပ်’** ကလည်း မဟာဘုတ်ကိုး၊ **‘စတုမဟာဘူတိကော’** ကျတော့ မဟာဘုတ်မှီနေတော့ ပျက်ပျက်နေတဲ့ဟာတွေ၊ အဲဒါလေးနဲ့ကို တရားဖြစ် တယ်၊ ဒါမူလ၊ နတ်တွေ ဘာတွေ ငရဲတွေ တိရစ္ဆာန်တွေ ပဉ္စဝေါကာရဘုံမှာ **‘ရူပီ’** မပါဘဲနဲ့ မဖြစ်ဘူး။

**ငါဟောခဲ့တဲ့ တရားတွေက သင်တို့ရဲ့ဆရာဖြစ်လိမ့်မယ်**

**‘ရူပီ**-ရုပ်ရှိသော’ လို့ဆိုမှ၊ **‘ရုပ်’**ကြောင့် ဆင်းရဲတယ်ဆိုပြီး အမြင်တစ်မျိုး မြင်သွားတော့ **‘နာမ်’**ဖြစ်သွားတယ်၊ **‘အရူပ’**ရောက်သွားတယ်၊ အခုဟာကတော့ အဲလိုမရောက်အောင် **‘ရုပ်ရှိသော’**ဆို **‘နာမ်’၊ ‘နာမ်’**လည်း **‘အနိစ္စ’**ဆို အဲလိုမှ၊ သူတို့ကျတော့ **‘အနိစ္စ’**မပါဘူး၊ **‘ရုပ်’**ကိုပဲ အပြစ်မြင်တော့ နာမ်ချည်းပဲသွားဖြစ်တာ အဲလိုဟာမျိုး၊ ဒီကတော့ **‘အနိစ္စ’**ပါသွားတော့ ဘုရားဉာဏ်ပါသွားတယ် ပရမတ်ကိုး။ **‘ပရမတ္ထ ဉာဏဿ ဥတ္တမဿ သဗ္ဗညုတဉာဏဿ**

www.burmeseclassic.com

www.burmeseclassic.com



**အတ္တောဂေါစရော**'တဲ့၊ **'သဗ္ဗညုတ ဉာဏ်အာရုံ**'တဲ့၊ အဲဒီ **'ရူပီ**'ဆိုတာ အဲဒါသူသင်ပြခဲ့တာစာထဲ မှာပါတယ်၊ **'ငါဟောခဲ့တဲ့ တရားတွေက သင်တို့ရဲ့ဆရာဖြစ်လိမ့်မယ်**'တဲ့၊ အဲဒီ **'ရူပီ'** ဆိုတာလည်း သင်ပေးတာ သူဟောတဲ့ဟာပဲ၊ **'ရူပီ'** ဆိုရင် သုံးဆယ့်တစ်ဘုံလုံးကို အကုန်ခြုံမိတယ်။

**ရုပ်ရှိသောဆိုတာက ပဉ္စဝေါကာရဘုံ**

**'ရူပီ**-ရုပ်ရှိသော'၊ အဲဒါလေးဆိုလိုက်၊ စိတ်ဆိုးတယ်ဆိုရင် **'ရူပီ**-ရုပ်ရှိသော'၊ **'ရုပ်'**ရှိလို့ စိတ်ဆိုးတာပေ့ါ၊ အခုတော့ ဟိုလူကြီးကလည်းရှိသေးတယ် **'ရုပ်'**၊ စိတ်ဆိုးပြီဆို **'ရူပီ'**ပဲ။

**'ရုပ်'**ရှိလို့ စိတ်ဆိုးတာ၊ **'ရုပ်'**မရှိဘူးတဲ့ စိတ်ဆိုးလို့ဖြစ်သေးလား (မဖြစ်တော့ပါဘူး)၊ နာမ်ကလေးတွေ၊ **'အရူပဘုံ'**ကျတော့ မမြင်ရဘူး၊ **'ရုပ်မရှိသော'** ဖြစ်သွားတယ်၊ ဘာတဲ့တုံး (ရုပ်မရှိသော)၊ **'အရူပီ**-ရုပ်မရှိသော**'**၊ အဲဒါ **'အရူပဘုံ'** ရောက်သွားတယ်၊ **'ရုပ်ရှိသော'**ဆိုတာက **'ပဉ္စဝေါကာရဘုံ'**၊ **'ရုပ်'**ရှိတိုင်းလားဘုရားဆိုတော့ **'အသညသတ်'**ကျတော့ **'ရုပ်'**တော့ ရှိတယ်၊ **'နာမ်'** မရှိဘူး၊ အဲဒါ ဘယ်လိုကွဲသွားတုံးဆိုတော့ ဈာန်ကလည်းကွဲသွားတယ်၊ ဈာန်က သုခဖြစ်တယ်၊ ဈာန်ကသုခဖြစ်တော့ သုခက ဝေဒနာဖြစ်တယ်၊ သူက **'ခန္ဓာ'** မရောက်တော့ဘူး၊ **'ပုဂ္ဂိုလ်'**တင် ဖြစ်နေတယ်၊ **'ဝေဒနာ'** ဆိုတာ ခန္ဓာရောက်တယ်၊ **'ခန္ဓာ'** ကျမှ ဉာဏ်ရောက်သွား ပြီးတော့မှ နိဗ္ဗာန်ရောက်သွားတယ်၊ သူက **'ခန္ဓာ'**မရောက်ဘူး၊ **'ပုဂ္ဂိုလ်'** ရောက်သွားတယ်။

**ခန္ဓာရောက်မှ သုံးဆယ့်တစ်ဘုံက လွတ်မှာကိုး**

**'အရူပီ**-ရုပ်မရှိသော'၊ အဲဒါ **'နာမ်ခန္ဓာလေးပါး'** ရတယ်၊ **'ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်'**၊ အဲဒါ **'နာမ်'**ပဲ၊ **'အရူပီ'** ရုပ်မရှိတဲ့ဟာ၊ **'အရူပီ**-ရုပ်မရှိသော**'**၊ အဲလိုပေးလိုက်လို့ရှိရင် တော့ **'အရူပဘုံ'** ရောက်သွားတယ်။

ဒါပေမယ့် အဲဒီ နာမ်တို့ ဝေဒနာတို့ဟာ **'ရုပ်'**နဲ့ ကင်းသလားလို့ဆိုတော့ စဉ်းစားကြည့်၊ ဝေဒနာဟာ **'ရုပ်'**နဲ့ ကင်းသလား (မကင်းပါဘူးဘုရား)၊ အဲဒါ **'ရူပီ-** ရုပ်ရှိသော' ဖြစ်တာပေ့ါ၊ **'ရုပ်'**မရှိဘဲနဲ့လည်း ဝေဒနာရှိသလား (မရှိပါဘူးဘုရား)၊ အဲဒါကြောင့် **'ရူပီ**-ရုပ်ရှိသော'၊ အဲဒီ **'ဝေဒနာ'** မှာလည်း ရုပ်ရှိတယ်တဲ့၊ ဉာဏ်ကဘယ်လောက်အထက်တန်း ကျသွားတုံး၊ **'ဝေဒနာ'** မရှိဘဲနဲ့ ဒကာမကြီးတို့မှာ **'တဏှာ'**က ရှိဦးမလား (မရှိပါဘူးဘုရား)။ **'ရုပ်'**မရှိဘဲနဲ့ စိတ်ကော ဖြစ်ပဲ့မလား (မဖြစ်ပါဘူးဘုရား)၊ **'ဝေဒနာ'** မဖြစ်ဘဲနဲ့လည်း တဏှာဖြစ်ပဲ့မလား (မဖြစ်ပါဘူး ဘုရား)၊ အဲလိုမဖြစ်အောင် **'ရူပီ**-ရုပ်ရှိသော'၊ အဲဒါလေးဆို **'ရူပီ**-ရုပ်ရှိသော' ဆိုတော့ ဝေဒနာ သိတယ် သညာသိတယ်၊ အဲဒီရဲ့ သညာတွေက **'အရူပဘုံ'** တို့ဆိုတော့၊ **'အသညသတ်ဘုံ'**

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့၊ သူက**'ခန္ဓာမဟုတ်ဘူး'**၊ **'ပုဂ္ဂိုလ်ဖြစ်သွားတယ်'**၊ ဒါကြောင့် သုံးဆယ့်တစ်ဘုံထဲက မလွတ်ဘူး၊ **'ခန္ဓာ'**ရောက်မှ သုံးဆယ့်တစ်ဘုံက လွတ်မှာကိုး။

**ဉာဏ်က ခြေသည်း လက်သည်းနဲ့ တူတယ်**

**'ခန္ဓာ'**ဆိုတော့ **'အနိစ္စ'**၊ **'ခန္ဓာ'**ဆိုတော့ ဘာတုံး(အနိစ္စပါဘုရား)၊ **'စက္ခု'** ကလည်း **'မဟာဘုတ်'**ကိုး။ **'စတုမဟာဘူတိကော**- မဟာဘုတ်လေးပါးဖြင့်ပြီးသော'။ **'စက္ခု'** မှာလည်း မဟာဘုတ်ပါတယ်၊ **'ဉာဏ်'**က တစ်စ တစ်စကောင်းတာ၊ သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်ဆိုတော့ အဲလို **'ဉာဏ်တွေ'** ကောင်းမှ၊ **'ဉာဏ်'**က ဘာနဲ့တူတုံးဆိုတော့ ခြေသည်းလက်သည်းနဲ့တူတယ်၊ **'ဉာဏ်'**က ဘာနဲ့တူတုံး (ခြေသည်းလက်သည်းနဲ့ တူပါတယ်ဘုရား)။

**အဝိဇ္ဇာက ဥခွံကြီး နဲ့တူတယ်၊ တဏှာက အစေးနဲ့တူတယ်**

**'ဥခွံကြီး'** က အဝိဇ္ဇာနဲ့တူတယ်တဲ့၊ **'အဝိဇ္ဇာတည်းဟူသော ဥခွံတွင်းမှ'**၊ အဲဒီဥခွံထဲမှာ **'တဏှာ'**က အစေးနဲ့တူတယ်တဲ့၊ ကြက်ဥထဲပါတဲ့ **'အစေး'** ခေါ်တယ်၊ **'ဥခွံကြီး'**က အဝိဇ္ဇာနဲ့တူတယ်။ **'ဥခွံကြီး'**က ဘာနဲ့တူတုံး(အဝိဇ္ဇာနဲ့တူပါတယ်)။ **'တဏှာ'**ကဘာနဲ့ တူတုံး (အစေးနဲ့ တူပါတယ်ဘုရား)။

**အဝိဇ္ဇာပါးပြီးတော့ တဏှာအစေးခြောက်သွားတယ်**

ကြက်မကြီးက မဝပ်ဘဲနဲ့ ဘေးကနေ အော်နေလို့ရှိရင် အဲဒီကြက်ကလေး ပေါက်ပါ့မလား(မပေါက်ပါဘူးဘုရား)၊ ဝပ်ရတယ်တဲ့၊ တောင်ပံကြီးက ဖြန့်ပြီးတော့ ဆယ်လုံး၊ ကိုးလုံးဆိုရင် အဲဒီဥ လုံအောင်တောင်ပံက ဖြန့်ရတယ်၊ တောင်ပံဖြန့်ပြီးတော့ ကြက်ငွေ့ပေးရတယ် **'အငွေ့'**၊ ကြက်ငွေ့က ဘာတုံး(အငွေ့)၊ **'အငွေ့'**ဆိုတာအပူ၊ အဲဒီတော့မှ ဥထဲက အစေးတွေက ခြောက်သွားတယ်၊ ဘယ်လိုဖြစ်သွားတယ် (ဥထဲက အစေးတွေက ခြောက်သွားပါတယ်)၊ ဒါကြောင့် ဓာတ်နဲ့ဖောက်တဲ့ ကြက်ဥဆိုလည်း အတူတူပဲ အပူငွေ့ပေးရတယ်၊ ဒါမှ ကြက်ဥထဲပါတဲ့ **'အစေးတွေ'**ပေါ့။ အဲဒီဟာခြောက်သွားတယ်၊ ဒကာကြီးတို့လည်း တဏှာအစေးခြောက်မှ၊ ဘာဖြစ်သွားလဲ။

**'အဝိဇ္ဇာပါးပြီးတော့ တဏှာအစေးခြောက်သွားတယ်'**၊ **'ရူပီ**-ရုပ်ရှိသော'လို့ ဆိုလိုက်လို့ရှိရင် တဏှာရှိသေးလား (မရှိပါဘူးဘုရား)၊ အဲလိုဆို တော့ **'ရုပ်ရှိသောနာမ်'**ပေါ့၊ **'ရုပ်နာမ်'**လို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ တဏှာရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ လူလို့ ယောက်ျားလို့ မိန်းမလို့ဆိုတော့မှ တဏှာဖြစ်တော့မှာပေါ့၊ **'ရူပီ-**ရုပ်ရှိသော' ဆိုတော့ တဏှာရှိသေးလား (မရှိပါဘူး)၊ အဲဒီ ကြက်ဥကြီးမှာ **'တဏှာအစေး'** ခြောက်သွားတယ်တဲ့၊ ကြက်မကြီးကဝပ်လို့ မဝပ်ဘဲနဲ့ အဲဒီ ကြက်ဥက အစေးမခြောက်ဘူး၊ အစေးခြောက်မှ ဥခွံက လည်းပါးလာတယ်၊ အစေးခြောက်တော့ ဘာဖြစ်သွားလဲ (ဥခွံကပါးလာပါတယ်)။

ဥခွံက ပါးလာတော့ ကြက်ကလေးတွေရဲ့ ခြေသည်းတို့ နှုတ်သီးတို့ဟာ မာလာတယ်၊ ကြက်ကလေးရဲ့ ခြေသည်းနဲ့ နှုတ်သီးက ဘယ်လိုဖြစ်လာတုံး(မာလာပါတယ်ဘုရား)၊ သူက ဝပ်လိုက်တယ်ဆိုတော့ ဟို ပူအောင် **'ဝီရိယလေး'**ထားပြီး ရှုပေးပါတဲ့၊ ဟုတ်ကဲ့လား၊ အဲလို ကြက်ငွေ့မသွင်းလို့ရှိရင် အစေးကမခြောက်ဘူးတဲ့၊ **'ဝီရိယ'**မပါရင် အစေးကမခြောက်ဘူး။ ဟုတ်ကဲ့လား၊ အဲဒါကြောင့် **'ဝီရိယလေး'** ထည့်ပေးပါတဲ့။ အဲဒါမှ အစေးခြောက်သွားမယ်၊ အစေးခြောက်ပြီး ဥခွံကပါးတော့ ဥခွံကပါးပြီးတော့မှ တစ်ခါတည်းခြေထောက်နဲ့ နင်းလိုက်တယ်၊ နှုတ်သီးနဲ့ 'ဒေါက် ဒေါက် ဒေါက်ဒေါက်' သိပ်တော့ မမာပါဘူး၊ ခြေထောက်ကဆန့်လိုက်တဲ့ အခါကျတော့မှ ဥခွံကပါးတော့ပေါက်သွားတယ်၊ အဲဒီ ကြက်ကလေးပေါက်သွားတယ်။

### ငါဘုရားဟာအဝိဇ္ဇာတည်းဟူသော ဥခွံထဲမှ ပထမဆုံးပေါက်လာတာတဲ့

ကြက်ဥ ကိုးလုံး ဆယ်လုံးထဲတင် ပထမဆုံးပေါက်တဲ့ ကြက်ကို ဘယ်လိုခေါ်မတုံးတဲ့၊ အစ်ကိုကြီးလို့ ခေါ်တယ်၊ အေး ငါလည်း အဲလိုပဲတဲ့၊ ငါဘုရားလည်း တစ်ကမ္ဘာလုံးမှာ ငါဟာ အဝိဇ္ဇာတည်းဟူသောဥခွံထဲမှ အဲလိုပေါက်လာတာတဲ့၊ ရိပ်မိပြီလား(ရိပ်မိပါပြီဘုရား)။ **'ရူပီ-**ရုပ်ရှိသော' လို့ဆိုပေး၊ အဲဒါမှ**'ဝီရိယ'**ထားပေး၊ **'ဝီရိယ'**ထားတော့ **'ပညာ'**ကခြေသည်း လက်သည်းနဲ့ တူတယ်၊ **'အဝိဇ္ဇာ'**တည်းဟူသော ဥခွံကြီးကို တစ်ခါတည်း ဖောက်ချလိုက်တာ အပြင်ဘက်မှာ လင်းချင်းပြီးတော့မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)၊ အဲဒါ သစ္စာလေးပါးနဲ့ နိဗ္ဗာန်ရောက်သွားတယ်တဲ့၊ အဲဒီကြက်နဲ့ ဥပမာပေးတယ်တဲ့၊ အဲလိုမှတ်ထား ဟုတ်ကဲ့လား။

### ငြိမ်ငြိမ်ကလေး ကြာကြာကြီးသာနေ

ဒါကြောင့် **'ရူပီ**-ရုပ်ရှိသော'၊ **'ရုပ်ရှိသော'**ဆို **'နာမ်'**ရတယ်၊ **'နာမ်'** ဆိုတော့ မြင်တာပေါ့၊ မြင်တာတွေ ကြားတာတွေ နံတာတွေ စိတ်ကူးတာတွေ၊ ရုပ်မရှိဘဲနဲ့ စိတ်ကူးလို့ရသလား (မရပါဘူးဘုရား)၊ ရှုတဲ့အခါမှာ ပါးစပ်ကလေးမပြောဘဲ စေ့သလို စေ့ထားရတယ်၊ ဒါ **'စိတ္တ ပရိဂ္ဂဟော-** စိတ်ကို သိမ်းဆည်းခြင်း' ခေါ်တယ်။ မြတ်စွာဘုရားက ကမ္မဋ္ဌာန်းထိုင်ဖို့သင်ပေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ငြိမ်လေးနေအောင်လက်ကလေးနဲ့ ဒီလိုလေးလုပ်ထား၊ အဲဒါ **'ကာယပရိဂ္ဂဟော- ကိုယ်ကို သိမ်းဆည်းခြင်း'** ခေါ်တယ်၊ ဘာခေါ်တုံး (ကာယပရိဂ္ဂဟော- ကိုယ်ကိုသိမ်းဆည်းခြင်း)၊ ကိုယ်ကို သိမ်းဆည်းတော့ တင်ပျဉ်ခွေလေး ငြိမ်ငြိမ်လေးနေရတယ်၊ **'ဥဇုံကာယံပဏိဓာယ'**တဲ့၊ **'ပရိမုခံသတိံဥပဋ္ဌပေတွာ'** နဲ့ စာကအဲလို ဟာတွေရှိတယ်၊ အခြေခံသင်ပေးတဲ့ဟာ၊ ငြိမ်ငြိမ် ကလေး ကြာကြာကြီးသာနေ။

## လူတွေရောက်သွားရင် အဝိဇ္ဇာဥခွံကြီး မာပြီ

**'ရူပီ-**ရုပ်ရှိသော'၊ ငါးမိနစ် ဆယ်မိနစ်မှာ တရားထူးက ဟန်သွားနိုင်သတဲ့၊ ပါးစပ် ကလေးက စကားမပြောတဲ့အခါ စေ့နေသလို စေ့နေရတယ်၊ ထွက်လေဝင်လေကိုလည်း သတိ ထားနေရတယ်၊ အဝိဇ္ဇာဥခွံကြီး ဖောက်မှာကိုး၊ အရင်တုန်းကတော့ **'အဝိဇ္ဇာ'**ကို သစ္စာ လေးပါး မသိတာ ဘာညာနဲ့ ပြောရတာကိုး၊ အခုတော့ **'အဝိဇ္ဇာ'**ဆိုတာ လူတွေ၊ **'လူတွေ'** ရောက်သွားရင် အဝိဇ္ဇာဥခွံကြီးမာပြီ၊ လူတွေ ယောကျ်ားတွေ မိန်းမတွေ ရောက်သွားရင် ဘာဖြစ်သွားတုံး (အဝိဇ္ဇာဥခွံကြီးမာပြီ)၊ ဥခွံကြီးက မပေါက်နိုင်ဘူး၊ နှစ်ထပ် သုံးထပ် ထူထူသွားတယ်၊ အဲလို ဖြစ်သွားတယ်။

**'လူတွေ'**မရောက်မှ၊ **'သတ္တဝါတွေ'**မရောက်မှအဝိဇ္ဇာကလည်း မရောက်မှာ၊ လူတွေ ရောက်တယ်၊ ယောကျ်ားတွေ မိန်းမတွေ ရောက်တယ်ဆိုတော့ **'ရာဂ'**က မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ဖြစ်တော့ ဥထဲက **'အစေးတွေ'**က များမလာဘူးလား (များလာပါတယ်)၊ များတော့ မပေါက်နိုင်ဘူး၊ ခြေသည်းတွေကလည်းမရင့်နိုင်ဘူး၊ နှုတ်သီးတို့ ခြေသည်း လက်သည်းတို့ ဆိုတဲ့ဟာတွေက မရင့်နိုင်ဘူး၊ အလွန်ကောင်းတဲ့ ဥပမာ အဲဒါ မြတ်စွာဘုရား ပေးတဲ့ ဥပမာ။

## အရင်ပေါက်တဲ့ကြက်က အကြီးဆုံးပါပဲ

အဲဒီဥပမာဘယ်တုန်းက ဘယ်လိုပေးတုန်းဆိုတော့မှ သူ့ကိုပုဏ္ဏားတွေက ကြီးတဲ့သူကို ရှိခိုးခိုင်းလို့၊ သုဒ္ဓေါဒနမင်းကြီး သူ့ဘုရားဆီ သွားတဲ့အခါကျ အောင်မာသိဒ္ဓတ္ထမင်းသား ငါတို့သားလေး ငါတို့တူလေးဆိုပြီးရှိမခိုးဘူး၊ ကလေးလေးတွေ ရှေ့ကထားပြီးတော့နေတာ၊ ကလေးလေးတွေတော့ ရှိခိုးရတယ်၊ ဘာဖြစ်လို့ဆိုတော့ သိဒ္ဓတ္ထမင်းသားလည်း ငယ်တာကိုး၊ ငယ်တဲ့သူတွေ ရှေ့ကထားတယ်၊ ငယ်တဲ့သူတွေကသာ ရှိခိုးတာ၊ ကြီးတဲ့သူတွေ ရှိမခိုးဘူး။

အဲဒါကို မြတ်စွာဘုရားက အဲဒီလို ကြက်ဥ ဥပမာလေးပြတော့ အဲဒီထဲမှာ ဘယ်သူက

www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးလဲတဲ့၊ အရင်ပေါက်တဲ့ ကြက်က အကြီးဆုံးပါပဲ၊ အဲဒီလိုပဲ တကယ်လို့သာ ငါက ဝတ်ချလိုက်မယ်ဆိုရင် နင်တို့ဦးခေါင်းရှစ်စိတ်ကွဲကုန်မှာ ဟုတ်ကဲ့လား၊ အဲလိုလည်းပြောရ သေးတယ်၊ မပြောလို့ရှိရင် မကြောက်ဘူး၊ ဒီတော့မှ သုဒ္ဓေါဒနမင်းကြီးက တန်ခိုးတွေမြင် တာကိုး၊ ရေမီးအစုံ၊ ရေမီးအစုံဆိုတာ ခါးအောက်ပိုင်းက ရေတွေဆို အထက်ပေါ်ကမီး၊ အဲဒါလည်း **'စတုမဟာဘူတိကော'** ကလာတာ၊ **'မဟာဘုတ်'**။

**'ရေမီးအစုံ တန်ခိုးဂုဏ်နှင့် လုံးစုံပြည့်ဝ သမ္မာသမ္ဗုဒ္ဓ'** အဲလိုလေးလည်း ပျင်းတဲ့အခါလေး ရာဂ ဒေါသတွေ ဖြစ်လာတဲ့အခါ ရေမီးအစုံကို ကြည့်ရတယ်၊ ဟော **'ထိနမိဒ္ဓတွေ'** မရှိတော့ဘူး၊ အဲဒါ ဘုရားဂုဏ်၊ **'သဗ္ဗတ္ထက ကမ္မဋ္ဌာန်း'** ခေါ်တယ်၊ ဘုရားဂုဏ်လည်း မမေ့နဲ့၊ အဲဒီတော့မှ **'အဝိဇ္ဇာ'**တည်းဟူသော ဥခွံထဲမှ ပေါက်တာ ငါအကြီးဆုံးတဲ့၊ **'လူတွေ'** မရှိဘူးဆိုတော့လည်း အဝိဇ္ဇာက မပေါက်ဘူးလား၊ အဲဒါကဘယ်သူက အရင်ပြောသတုံး (မြတ်စွာဘုရားက)၊ အဲဒါလည်း အကြီးဆုံးပေါ့၊ **'လူ'**မရှိဘူး ဆိုတဲ့ဟာ မကောင်းဘူးလား၊ ဒီတော့ အဝိဇ္ဇာတွေ တဏှာတွေ ပါးမကုန်ဘူးလား၊ ပါးကုန်တော့ **'ရုပ်နာမ်တွေ' 'ရူပီ'** မထင်ဘူးလား၊ **'ရူပီ'**လို့ ဆိုလိုက်တာနဲ့ ပြီးသွားပြီ၊ **'လူတွေ'** မရှိတော့ဘူး။

**မြတ်စွာဘုရား စကားတစ်လုံးက အကုန်ရတယ်**

**'ရူပီ**-ရုပ်ရှိသော'၊ မြင်တာဟာ **'ရုပ်'**ရှိလို့မြင်တာပေါ့၊ **'ရုပ်'** ရှိလို့ ကြားတယ်၊ **'ရုပ်'** ရှိလို့ သိတယ်၊ **'ရုပ်'** ရှိလို့စားတယ်၊ **'ရုပ်'** မပါဘဲနဲ့ စားလို့ဖြစ်သလား (မဖြစ်ပါဘူး)၊ **'ရုပ်'** မပါဘဲနဲ့ ကြည့်လို့ဖြစ်သလား (မဖြစ်ပါဘူး)၊ ကြည့်တာက ဘယ်သူတုံး (ရုပ်)၊ မြင်တာက ဘယ်သူတုံး (နာမ်ပါဘုရား)၊ **'ရုပ်နာမ်'**၊ ပထမတန်းဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်)၊ **'လူတွေ'** မပျောက် ဘူးလား (ပျောက်ပါတယ်)။ **'ရူပီ'** တစ်လုံးတည်း ဆိုလိုက်စမ်း (ရူပီ)၊ **'ရုပ်ရှိသော'** (ရုပ်ရှိသော)၊ မြတ်စွာဘုရား စကားတစ်လုံးက အကုန်ရတယ်၊ **'စက္ခု'**လည်းရတယ်၊ **'ရူပ'**ရတယ်၊ **'စက္ခုဝိညာဏ်'** ရတယ်၊ ခုတ်တစ်ဆယ့်ရှစ်ပါးထဲ ဒို့ပြင်ရှိသေးလား (မရှိပါဘူး)၊ အဲလိုဖြစ်သွားတယ်၊ **'ရူပီ'**လို့ ဆိုလိုက်တာနဲ့ ဒကာမကြီးတို့ အရင်တုန်းက **'ရူပီ'** မှန်းသိရဲ့လား (မသိပါဘူးဘုရား)၊ ကိုယ့်ကိုယ် ကို မိန်းမတွေ ယောကျ်ားတွေ လို့သာသိတယ်။ **'ရူပီ**- ရုပ်ရှိတယ်'၊ **'ရုပ်'**ရှိရင်ရောဂါလည်းရှိတယ်၊ **'ရုပ်'**ရှိရင်ဘာတုံး (ရောဂါရှိတယ်)၊ **'ရုပ်'** ရှိလို့ ကင်ဆာတွေ ဘာတွေ၊ သားအိမ်ကင်ဆာတို့ အစုံပေါ့၊ သားမြတ်ကင်ဆာတို့ **'ရုပ်'** ရှိလို့သာဖြစ်တာ **'ရုပ်'**မရှိရင် ဖြစ်သေးလား(မဖြစ်ပါဘူး)၊ ကင်ဆာဆိုတာ ဘာခေါ်တုံး **'ရူပီ**-ရုပ်ရှိသော'၊ **'ရုပ်'**ရှိရင် ဝေဒနာမရှိဘူးလား (ရှိပါတယ်)၊ အနာရောဂါဟာ ဝေဒနာ၊ **'ဝေဒနာ'** ဆိုတာက ခံစားတဲ့ သဘောနော်။

www.burmeseclassic.com

www.burmeseclassic.com



**'စိတ်ကခံစားတယ်၊ ရုပ်က နာတယ်'**၊ **'ရုပ်'**က နာတယ်ဆိုတာ **'ရုပ်'**က ဖောက်ပြန်တာ၊ ဖောက်ပြန်တော့မှ နာတယ်၊ မဖောက်ပြန် မနာဘူး၊ အဲဒီဟာကို **'စိတ်'** ကဝေဒနာကခံစားတယ်၊ အဲဒါ **'ဝေဒနာက္ခန္ဓာ'** ခေါ်တယ်၊ **'ခံစားတာ'** ဘာခန္ဓာတုံး(ဝေဒနာက္ခန္ဓာပါဘုရား)၊ **'ဝေဒနာက္ခန္ဓာ'** ဟာ ငါလားသူလား (မဟုတ်ပါဘူး)၊ ယောက်ျားလား မိန်းမလား(မဟုတ်ပါဘူး)၊ အေး အဲဒါ **'ရူပီ-ရုပ်ရှိသော'** အကုန်ရတယ် တရားအကုန်ရတယ်၊ ကင်ဆာတွေရော ဘာတွေရော လူမှုရေးတွေရော၊ **'ရုပ်'**ရှိလို့ စကားပြောနိုင်တာ၊ တယ်လီဖုန်းမပြောနိုင်ဘူးလား၊ ဘာပြုလို့ပြောနိုင်တုံး (ရုပ်ရှိလို့ပါ)၊ အေး **'ရုပ်'**ရှိလို့တဲ့၊ **'ရုပ်ကြီး'**ကပြောတာ ဟုတ်ကဲ့လား၊ **'ရုပ်ကြီး'**က လှုပ်ပြီးတော့ **'နာမ်ကြီး'**က မပြောဘူးလား (ပြောပါတယ်)၊ **'ရုပ်နာမ်ကြီး'**ကပြောတယ်ဆိုတော့ **'ဒိဋ္ဌိဝိသုဒ္ဓိတွေ'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

အကြောင်းကြောင့်ဖြစ်တဲ့အကျိုးဆိုပြီးတော့ အကုန်ဖြစ်သွားတယ်၊ အဲဒီ **'ရုပ်'** ရှိလို့ ရှိရင် **'စတုမဟာဘူတိကော-** မဟာဘုတ်လေးပါး၌ မှီသော**'၊ 'မဟာဘုတ်'** မပါဘဲနဲ့ အဲဒီ **'ရူပီ'**က ဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)၊ ဒါကြောင့် အဲဒီ **'ရူပီ'**ကလည်း မဟာဘုတ်ပဲတဲ့။

## ကြက်ဥခွံထဲ ပြန်ပြန်မဝင်နဲ့

**'မဟာဘုတ်'** ဆိုတာ လေတို့လှုပ်တာတို့၊ **'မဟာဘုတ်တွေ'** ပျက်ပျက်နေတယ်၊ **'စတုမဟာဘူတိကော'** ဆိုတော့ မိန်းမ မပါဘူး၊ ယောက်ျားမပါဘူး၊ သွားတာ လာတာတွေ လှုပ်တာတွေတော့ပါတယ်၊ **'စတုမဟာဘူတိကောကြီး'**က မသွားဘူးလား(သွားပါတယ်ဘုရား)၊ စကားမပြောဘူးလား (ပြောပါတယ်ဘုရား)၊ တယ်လီဖုန်းမကိုင်ဘူးလား (ကိုင်ပါတယ်)၊ မငိုဘူးလား (ငိုပါတယ်)၊ **'မဟာဘုတ်'** မရှိဘဲနဲ့ ငိုလို့ဖြစ်ရဲ့လား (မဖြစ်ပါဘူး)။

အဲဒါ **'စတုမဟာဘူတိကော'**ဆိုရင် ရေနစ်တာတွေလည်း ဘာမှမကြောက်နဲ့၊ ပိတာတွေ၊ သေတာတွေ၊ **'မဟာဘုတ်လေးပါး'**ရှိလို့ သေတာမဟုတ်လား၊ နိဗ္ဗာန်မှာသေသေးလား (မသေပါဘူး)၊ အဲဒါ **'စတုမဟာဘူတိကော'**မရှိဘူး၊ **'ရူပီ'**လည်းမရှိဘူး၊ အဲလိုဉာဏ်တွေ မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)၊ တစ်ခါတည်းနိဗ္ဗာန်အရောက်ဉာဏ်က ပို့လိုက်တာ ကြက်ဥခွံထဲ ပြန်ဝင်တယ်ဆိုတာ **'အဝိဇ္ဇာ'**ခေါ်တယ်၊ **'လူ'**ရှိတာခေါ်တယ်။

## မြတ်စွာဘုရား ကြက်ဥပေါက်တာနဲ့ ဉပမာပေးတယ်

ကြက်ဥခွံထဲပြန်ဝင်တာ ဘာရှိတာခေါ်တုံး (လူရှိတာခေါ်ပါတယ်ဘုရား)၊ လူရှိတယ် ယောက်ျားရှိတယ် မိန်းမရှိတယ်ဆိုရင် **'တဏှာ'** ဖြစ်သွားတော့ ကြက်ဥကြီးမစိုဘူးလား စိုသလား

www.burmeseclassic.com

www.burmeseclassic.com



(စိုပါတယ်ဘုရား)၊ စိုတော့ ကြက်ဥကြီး ပြန်မထူဘူးလား ထူသလား (ထူပါတယ်ဘုရား)၊ နှုတ်သီးဖျားလေးတွေ ခြေသန်းဖျားလေးတွေက နုနေတော့ ပေါက်သေးသလား (မပေါက်တော့ပါဘူး)၊ အဲဒီလို ငါတို့မပေါက်တာဟာ ဘာကြောင့်မပေါက်သတုံးလို့ အဲလိုစဉ်းစား၊ ဟုတ်ကဲ့လား၊ ကြက်မကြီး ကြက်ဥပေါက်သလိုလေ၊ မြတ်စွာဘုရားက တရားနဲ့ဥပမာပေးတယ်၊ သူတို့ ဝတ်မချလို့၊ ဟုတ်ကဲ့လား၊ သူကကြီးတဲ့သူတွေ ရှိသေရမယ်၊ နေရာပေးရမယ်၊ လူအိုကြီးတွေ လာရင် နေရာပေးရမယ်၊ မြတ်စွာဘုရားကို နေရာခင်းပေးရမယ်၊ ဝေယျာဝစ္စတွေ ပြုရမှာကိုး၊ အဲလိုလုပ်မှ သူတို့ရဲ့အမျိုးထဲ လိုက်စားရာကျတယ်၊ မြတ်စွာဘုရားက ကြက်ဥပေါက်တာနဲ့ ဥပမာပေးတယ်၊ ဟုတ်ကဲ့လား၊ အဲလိုမှတ်နော်။

ကြက်ဥခွံကြီးက ဘာကြီးတုံး (အဝိဇ္ဇာ)၊ ကြက်ဥထဲပါတဲ့ အစေးကဘာတုံး (တဏှာပါဘုရား)၊ တဏှာကလည်း အစေးတွေနဲ့ ကြက်ကလေးကို ဖုံးအုပ်ထားတာ၊ ဥခွံဘေးနားက အကာတွေ ထူထူကြီးတွေ မပါဘူးလား (ပါပါတယ်)၊ အဲဒီ ထူထူကြီးတွေ ပါး ပါးသွားမှ ကြက်ဥပေါက်တာ၊ ဒီအထူကြီး မပါးရင် မပေါက်ဘူး၊ အဲဒီ ဥခွံအထဲထဲမှာ အဲဒီလို အဖတ်ကြီးတွေ ပါတယ်မို့လား၊ ကြက်ဥပေါက်စတုန်းကဆိုရင် ကြက်ကလေးက မွစိနောက် ကုပ်ကုပ်ကလေး ငယ်ငယ်လေးရယ်၊ နောက်မှ ဟိုဟာတွေ ပါးပါးပြီးကြီးကြီးလာတယ်မို့လား။

**တဏှာတွေ အဝိဇ္ဇာတွေလည်း ကြက်ဥပုပ်သလိုပဲ**

ငယ်ငယ်တုန်းက လက်သန်းလေး ကောက်ထားသလို အဲလောက်ကလေးရယ်၊ ဥအခွံကြီးက မထူဘူးလား (ထူပါတယ်ဘုရား)၊ အခုထူတာဘာတုံး(အဝိဇ္ဇာပါ)၊ ဘာကြောင့် ထူသတုံး (တဏှာကြောင့်ပါ)၊ ဘာပြုလို့ တဏှာကြောင့်တုံး လူ ယောကျ်ား မိန်းမ၊ ဘာပြုလို့ တဏှာကြောင့်တုံး (လူ ယောကျ်ား မိန်းမကြောင့်)။ အဲဒါနဲ့ **'သညာတွေ'** ပေါ့၊ အဲဒါကြောင့် ထူတယ်၊ ဘာပြုလို့ထူတုံး၊ ဥခွံအတွင်းက အကာတွေ မဟုတ်လား၊ နင်တို့ကြက်ဥဖောက်တယ်ဆိုတာ ဒီလိုဖောက်ရတာ မဟုတ်လား၊ အရည်တွေဖြစ်အောင် မဟုတ်ဘူးလား၊ အဲဒါတွေက ထူနေတယ်၊ မာနေတယ်၊ ကြက်ကလေးပေါက်လို့ ရသေးလား(မရပါဘူး)၊ အထဲထဲတင် သေသွားတယ် ပုပ်မသွားဘူးလား၊ **'တဏှာတွေ၊ အဝိဇ္ဇာတွေ'** လည်း ကြက်ဥပုပ်သလိုပဲ၊ ဒကာကြီးတွေလည်း အဲလို ပုပ်သွားတယ်၊ နောက်တစ်ခါဖြစ်ပြန်ရော၊ ကဲ--- တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## " ရဟာတ်ဓမ္မတရားတော် "

၁၅ . ၆ . ၂၀၀၈

### လောကီနဲ့လောကုတ္တရာ

အကုသိုလ်မဟုတ်တဲ့ဟာတွေလည်း ကုသိုလ်ပဲ၊ ဒါပေမယ့် လောကုတ္တရာ ကုသိုလ်ကျတော့ **'အနိစ္စ'**တစ်လုံးပါရတယ်၊ ဒါမှ လောကုတ္တရာ ရောက်သွားရော၊ အဲဒီ နှာခေါင်း လေနားဘာနားဆိုတာ လောကီမရောက်ဖို့ဘဲ၊ နိဝရဏတွေ မရောက်ဖို့ဘဲ၊ သူက လောကီတွေကိုး။

### နိဗ္ဗာနံပန လောကုတ္တရ သင်္ခါတံ

အဲဒါ **'နိဗ္ဗာန်'** ဆိုတာ လောကုတ္တရာတဲ့၊ မျက်စိမြင်တာလည်း လောကုတ္တရာ မဟုတ်ဘူး၊ **'လောကီ'** ပဲ၊ **'ဝိပါက်စိတ်'** ကမြင်တာ၊ သူ့ကို **'ဝိပါက်စိတ်'**က မြင်တယ်ဆိုတော့ အဲဒီလို **'ဝိပါက်စိတ်'**က **'ဥပါဒ် ဌီ ဘင် အနိစ္စ'** ဆိုမှ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရောက်သေးရင် ဒီ **'အနိစ္စ'** တောင်မှ လောကီပဲဖြစ်သေးတယ်၊ ဒါပေမယ့် သူက **'အနိစ္စ'** က နိဗ္ဗာန်နဲ့ နီးတယ်။

စိတ်ထဲက **' နိဗ္ဗာနံပန လောကုတ္တရ သင်္ခါတံ '** အဲဒီလောက်လေးကိုရမှ၊ ဒါမှ **'နိဗ္ဗာန်သည်ကား လောကုတ္တရာဟု ဆိုအပ်သော'၊ 'နိဗ္ဗာန်ကို လောကုတ္တရာလို့ ဆိုရတယ်'** တဲ့၊ တစ်လုံးရရင်ပဲ မနည်းပါဘူး၊ **'လောကုတ္တရာ'** ဆိုတော့ **'လောကီ'** ထက်ကောင်းတာပေါ့။

အဲဒီလိုတရားနဲ့မဟုတ်ရင် မျက်စိတွေကလည်း **'လောကီ'၊** နားတွေကလည်း**'လောကီ'၊** ဒီ့ပြင် လောကီတွေဆိုရင် ဖြစ်တာ ပျက်တာပါတယ်၊ **'အနိစ္စ'** ပါတယ်၊ သူက **'ဒုက္ခသစ္စာ'**၊ အဲဒီလိုဆိုရင်လည်း မဆိုးပါဘူး၊ လောကုတ္တရာက **'အနိစ္စ ဒုက္ခ အနတ္တ'** ပါတယ်၊ **'ဝဓကေတော'၊** တောလေးဆယ်ပါတယ်၊ ခန္ဓာငါးပါးကိုး၊ **'နိဗ္ဗာန်'**က ခန္ဓာမရှိတဲ့ဟာ၊ အဲဒီလို **'ဉာဏ်'**က ရောက်ရောက်သွားရတယ်၊ အခုမြင်တာ ကြားတာတွေက ခန္ဓာ-**'ခန္ဓာငါးပါး'**၊ နိဗ္ဗာန်သွားတဲ့ လမ်းကြောင်းမှာ လူတွေကမပါမှ၊ လူတွေ ယောကျာ်းတွေ မိန်းမတွေမပါမှ၊ နာမ်ရုပ်နဲ့သွားမှ၊ အနိစ္စ ဒုက္ခ အနတ္တနဲ့သွားမှ နိဗ္ဗာန်ရောက်မှာကိုး။

### လောကီဆိုတာဖြစ်ခြင်း ပျက်ခြင်းအလေ့ရှိတယ်

လောကီပဲရှိသေးတယ်ဆိုရင် **'ဒုက္ခသစ္စာ'**၊ သစ္စာနဲ့ဆိုလိုက်တော့ မနည်းပါဘူး၊ လောကီတွေက**'ဒုက္ခသစ္စာ'**၊ **'ဒုက္ခသစ္စာ'**ဆိုတာက မမြဲတဲ့ဟာခေါ်တယ်၊ လောကီကို ခေါ်တာပေါ့၊ ဖြစ်တာ ပျက်တာကလည်း လောကခေါ်တယ်။ **'လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော'**၊ **'လုဇ္ဇိတုံ ပလုဇ္ဇိတုံ-** ဖြစ်ခြင်း ပျက်ခြင်းငှာ၊ **သီလံ-**အလေ့သည်၊ **အတ္ထိ -** ရှိ၏၊ **ဣတိတသ္မာ-**ထို့ကြောင့်၊

www.burmeseclassic.com

www.burmeseclassic.com



**လောကီ-**လောကီမည်၏**’**။ **‘လောကီ’**ဆိုတာဖြစ်ခြင်း ပျက်ခြင်းအလေ့ရှိတယ်တဲ့၊ အဲဒါ ဒုက္ခသစ္စာ၊ တစ်လုံးတည်းနဲ့သွားတယ်၊ ကြားကြည့် မဖြစ်ပျက်ဘူးလား၊ နံကြည့် မဖြစ်ပျက်ဘူးလား၊ မြင်ကြည့်လည်း ဖြစ်ပျက်ပဲ၊ အဲဒီလိုဟာမျိုးတွေ။

**လောကုတ္တရာဆိုတာဖြစ်ခြင်း ပျက်ခြင်းမှ လွန်မြောက်တယ်**

**‘လောကတော -** ဖြစ်ခြင်း ပျက်ခြင်းမှ၊ **ဥတ္တရာ -** လွန်မြောက်သည်တည်း၊ **လောကုတ္တရာ -** ဖြစ်ခြင်း ပျက်ခြင်းမှ လွန်မြောက်သည်**’**။ အဲဒီလို **‘ဉာဏ်’**၊ ဉာဏ်က အဲဒီလို ထုတ်နေရတယ်၊ **‘ထွက်လေ ဝင်လေ’** ဖြစ်ခြင်း ပျက်ခြင်းပဲ၊ **‘သိ’**တဲ့ဟာလည်း ဖြစ်ခြင်း ပျက်ခြင်းပဲ၊ အဲဒါတွေက လောကီ၊ အဲဒီလိုဖြစ်ခြင်း ပျက်ခြင်းတို့ အနိစ္စ ဒုက္ခတို့သိရင် အဲဒါ နိဗ္ဗာန်နဲ့ နီးတယ်။ နိဗ္ဗာန်ကို **‘ဉာဏတ္တယ မုခေန’၊** မြတ်စွာဘုရားဟောတဲ့ ဉာဏ်သုံးပါးအဦးမူသဖြင့် လက္ခဏာ ယာဉ်ခေါ်တယ်၊ အနိစ္စ ဒုက္ခ အနတ္တ၊ အသုဘ၊ ဝဓကေ သူသတ်သမား၊ ခန္ဓာငါးပါးရှိရင် သေတယ် **‘မတ’**၊ လူတွေ ဘာတွေ ညာတွေ သစ်ပင်တွေ သစ်ပင်ကလည်း ရုပ် **‘ရူပက္ခန္ဓာ’၊** ရွာပျောက် ဘာပျောက် သေကုန်တယ်၊ အဲဒါခန္ဓာဆိုတော့ **‘ဝဓကတော’** - သူသတ်သမားကြီး ကို တစ်ခါ တည်း အကျွမ်းဝင်ပြီး ပေါင်းသင်းနေရတာ၊ အခုသွားတာ လာတာတွေက **‘ခန္ဓာငါးပါး’** ခေါ်တယ်၊ **‘လူတွေ’** မဟုတ်ဘူး လောကီ၊ အဲဒီလိုခေါ်တယ်။

**‘နိဗ္ဗာနံ ပန လောကုတ္တရ သင်္ခါတံ’၊ ‘နိဗ္ဗာနံ ပန -** နိဗ္ဗာန်ကိုကား၊ **လောကုတ္တရ သင်္ခါတံ** - လောကုတ္တရာ’ တဲ့၊ နိဗ္ဗာန်ဆိုတာ လောကုတ္တရာပဲ၊ အဲဒီလိုမှန်းလည်း အရင်သိထားမှ သို့မို့ နိဗ္ဗာန်ကို ဘယ်လိုသွားရမှန်း မသိဘူး၊ လောကုတ္တရာလို့ဆိုလိုက်တော့ **‘လောကီ’** ကို အနိစ္စ ဒုက္ခ အနတ္တလုပ်လိုက်ရင် **‘လောကုတ္တရာ’** က ရောက်သွားတယ်။

**လောကုတ္တရာက ဉာဏ်နဲ့မှ သိရတယ်**

လောကီကို အနိစ္စ ဒုက္ခကလည်း မလုပ်နိုင်၊ လောကီဆိုတာက သားတွေ သမီးတွေ စားစရာတွေ သောက်စရာတွေ ဝတ်စရာတွေ အဲဒါတွေ ဖြစ်တယ်၊ အဲဒါလောကီခေါ်တယ်၊ နိဗ္ဗာန်ဆိုတာ လောကုတ္တရာ၊ လောကီဆိုတာ ဒုက္ခသစ္စာ၊ နိဗ္ဗာန်ဆိုတာ နိရောဓသစ္စာ။ **‘လောကီဆိုတာ ဒုက္ခသစ္စာ၊ နိဗ္ဗာန်ဆိုတာ နိရောဓသစ္စာ၊ လောကီဆိုတာ ဒုက္ခသစ္စာ၊ လောကုတ္တရာ ဆိုတာ နိဗ္ဗာန်’၊** လောကုတ္တရာဆိုတာ လောကီမဟုတ်ဘူး၊ မျက်စိနဲ့မြင်ရတာလည်း မဟုတ်ဘူး၊ နားနဲ့ကြားရတာလည်းမဟုတ်ဘူး၊ နှာခေါင်းနဲ့နံရတာလည်း မဟုတ်ဘူး၊ လျှာနဲ့စားရတာလည်း မဟုတ်ဘူး၊ ကိုယ်နဲ့ထိရတာလည်းမဟုတ်ဘူး၊ **‘ဉာဏ်’** နဲ့မှ သိရတာ၊ လောကုတ္တရာက **‘ဉာဏ်’**

www.burmeseclassic.com

www.burmeseclassic.com



နဲ့သိရတယ်။

**'ဣဒမ္ပိ ဓီရာ ယထာယံ ပဒီပေါ၊ ဣဒမ္ပိ သံဃေ ယထာယံ ပဒီပေါ'၊** ရတနသုတ်ရှိတယ်၊ အဲဒီလို ပါးစပ်ကပြောလိုက်လို့ရှိရင် ပါဠိပေါ်လာတယ်။ **'နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ '** တဲ့၊ **'အယံ ပဒီပေါ** - ဤမီးကြီးသည်၊ **နိဗ္ဗာတိ ယထာ** - ငြိမ်းသကဲ့သို့၊ **တေ ဓီရာ** - ထိုရဟန္တာ ပညာရှိတို့သည်၊ **နိဗ္ဗန္တိ**- ငြိမ်းတော်မူကုန်၏'၊ ဒီမီးကြီး ငြိမ်းသွားတယ်။

**အဖြစ်မခဲတာက သင်္ခတ**

ခန္ဓာအဖြစ်ကြီး မငြိမ်းဘူး၊ ခန္ဓာအခုဖြစ်နေတယ်၊ အဲဒီလို အဖြစ်မခဲဘူး၊ အခုထိုင်နေတာကြီးက အဖြစ်မခဲဘူး၊ အဲဒါ **'သင်္ခတ'** ခေါ်တယ်၊ အဲဒီလိုလည်း သိအုံးမှ၊ အဖြစ်မခဲတာက ဘာတုံးဘုရားဆိုတော့ **'သင်္ခတ'** တဲ့။ **'သင်္ခတရုပ်နာမ်ငယ် အဟုတ်ဉာဏ် မတင်စီးနိုင်ရ၊ ဒီမီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပါ့မယ်လို့ မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာဆီမှာ၊ ခါတော်မီ သီမဝေ့နိုင်ဘု ဒီကွေ့တွင် နေကုန်မျောပါရ၊ အတောဘယ်မသတ်နိုင်တဲ့ ရဟတ်ဗွေ'**။

**' သင်္ခတရုပ်နာမ်ကို အဟုတ်ဉာဏ် မတင်စီးနိုင်ရ'**၊ လယ်တီဆရာတော် ရှစ်ဝါလောက်တုန်းက၊ **'သင်္ခတ'** ဆိုတာ ရုပ်နာမ်ခေါ်တယ်၊ အခုထိုင်တာ လှုပ်တာတွေက **'ရုပ်'**၊ သိတာက **'နာမ်'**၊ **'သိတာက နာမ်၊ ထိုင်တာကရုပ်၊ နာမ်ရုပ်'**၊ အဲဒီ **'နာမ်ရုပ်'** ဆိုတာ ဘာတုံး သင်္ခတ၊ **'နာမ်ရုပ်'** ဆိုတာ ဘာတုံး (သင်္ခတပါဘုရား)၊ **'သင်္ခတ'** ဆိုတာ **'ဥပ္ပါဒ ဝယ လက္ခဏာ'** ရှိတယ်၊ အဖြစ်အပျက် လက္ခဏာရှိတယ်၊ ဒကာမကြီးတို့ဟာ လူတွေမဟုတ်ဘူး၊ **'သင်္ခတတွေ'**၊ **'သင်္ခတ'** ဆိုတာ ဘာတုံးဆိုတော့ ရုပ်နာမ်တွေ၊ **'ရုပ်နာမ်တွေ'**ဆိုတာ လောကီတွေ၊ အဲဒီလိုခွဲရတယ်၊ ဒါမှ ထင်းကိုခွဲပြီးစိုက်မှ မီးတောက်တယ် မဟုတ်လား၊ **'ဉာဏ်'** ကလည်း အဲဒီလို ခွဲရတယ်၊ ထင်းလည်းခွဲရတယ်၊ ခွဲပြီးမှ မီးဖိုထဲထည့်မှ မီးတောက်တယ်၊ မခွဲဘဲနဲ့ အတုံးလိုက်ကြီးဆိုတော့ မီးမတောက်နိုင်ဘူး၊ အဲဒီလို ရုပ်နဲ့နာမ်လည်း ခွဲရတယ်၊ **'သိတာက နာမ်၊ ထိုင်တာက ရုပ်၊ နာမ်ရုပ်'**၊ နာမ်ရုပ်၊ သဘောချင်းဆိုရင် တစ်မျိုးစီဖြစ်သွားတယ်။

**သင်္ခတရုပ်နာမ်ကို အဟုတ်ဉာဏ် မတင်စီးနိုင်ရ၊ ဒီမီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပါ့မယ်လို့**၊ အဲဒါ လယ်တီဆရာတော်ကြီးငြီးတာ၊ ဘယ်သူငြီးတာတုံး (လယ်တီဆရာတော်ငြီးတာပါဘုရား)၊ **'ရုပ်နာမ်'**ဆိုတာ **'သိတာက နာမ်၊ ထိုင်တာက ရုပ်'**၊ အဲဒီ နာမ်ရုပ်မှာမှ **'ဉာဏ်'** က မတင်စီးနိုင်ဘူးတဲ့၊ စင်စစ် **'ထိုင်တယ် ထိုင်တယ်'** ဆိုလို့ရှိရင်၊ **'တယ်'** က **'နာမ်'**၊ ထိုင်တာကြီးက **'ရုပ်'**၊ အဲဒါခွဲလိုက်တာပဲ၊ သတိပဋ္ဌာန်တွေပေါ်မှ အဲဒီလိုခွဲနိုင်တာ၊ တို့ ငါးဝါ ခြောက်ဝါ

www.burmeseclassic.com

www.burmeseclassic.com



လောက်တုန်းက အဲဒီသတိပဋ္ဌာန်တွေကပေါ်တာ၊ သတိပဋ္ဌာန်ပေါ်တာ အခု အနှစ်ငါးဆယ် ကျော်ပြီ၊ အဲဒါမှ **'ရုပ်နာမ်'** ကွဲတယ်၊ အဲဒီလိုမှတ်၊ **'သွားတယ်'**ဆိုရင် သွားတာက **'ရုပ်'**၊ **'တယ်'** ပါရင် **'နာမ်'**၊ အဲဒါ **'ရုပ်နာမ်'**၊ အဲဒီ ရုပ်နာမ်ဟာ **'သင်္ခတ'** ပဲ၊ သူ့မှာ ဖြစ်ကြောင်းရှိတယ်၊ သူလည်း အဝိဇ္ဇာ မကင်းသေးဘူး၊ လောကီပဲ ဖြစ်သေးတယ်။

**'နိဗ္ဗာနံပန** - နိဗ္ဗာန်ကိုကား၊ **လောကုတ္တရသင်္ခါတံ** - လောကုတ္တရာဟု ဆိုအပ်သော**'၊** **'နိဗ္ဗာနံ ပန** - နိဗ္ဗာန်ကိုကား**'**၊ အဲဒီလောကုတ္တရာက **'အဖြစ်'** မရှိဘူး၊ လောကီက **'အဖြစ်'** ရှိတယ်၊ အဲဒီလို ခွဲလိုက်ရင် ထင်းလိုပေါ့၊ ခွဲလိုက်ရင် မီးက နည်းနည်းတောက်ချင် လာတယ်၊ ခွဲစိတ်လိုက်ရင် **'ဉာဏ်'** က နိဗ္ဗာန်နဲ့ နီးသလိုဖြစ်သွားတယ်၊ မခွဲဘူးဆိုတော့ မျက်စိက ကြည့်ရင် မြင်တဲ့အတိုင်းဆိုတော့ လူတွေပဲ၊ လူတွေဆိုတော့ ယောက်ျားတွေ မိန်းမတွေပဲဆိုတော့ လောကီ ဖြစ်သွားတယ်၊ အဲဒါတွေက ဖြစ်ပျက်တွေ လောကီ။

**သင်္ခတရောက်ရင် အသင်္ခတနဲ့ နီးနီးသွားတယ်**

**'လုဇ္ဇတုံ ပလုဇ္ဇတုံ သီလံ ယဿာတိ လောကီ'**၊ **'ယတ္ထ** - အကြင် လောကီအား၊ **လုဇ္ဇိတုံ** - ဖြစ်ခြင်းငှာလည်းကောင်း၊ **ပလုဇ္ဇိတုံ**- ပျက်ခြင်းငှာလည်းကောင်း၊ **သီလံ** - အလေ့သည်၊ **အတ္ထိ** - ရှိ၏**'**။

**'ပလောက'** ခေါ်တယ်၊ **'ပျက်နေတယ် ပျက်နေတယ်'** ဆိုမှ မှန်တယ်၊ ထိုင်နေတယ် ဆိုရင်မမှန်ဘူး၊ ပျက်နေတယ်၊ ဟော မီးကြီးတောက်နေသလို ရေကြီးစီးနေသလိုပဲ၊ **'ပျက်နေတယ် ပျက်နေတယ်'** ဆိုမှ ဉာဏ်ရောက်တယ်၊ ဒီအတိုင်းထားရင် လူကောင်ကြီး၊ ခွေးကောင်ကြီး၊ ဝက်ကောင်ကြီး၊ အကောင်တွေ အထည်တွေဖြစ်နေတယ်၊ အကောင်တွေ၊ အထည်တွေ ဖြစ်နေရင် **'သင်္ခတ'**တောင်မှ မရောက်သေးဘူး၊ **'ရုပ်နာမ်'** မရောက်သေးဘူး၊ ရုပ်နာမ်ရောက်မှ **'သင်္ခတ'** ရောက်တယ်၊ အဲဒီ **'သင်္ခတ'** မရှိမှ **'အသင်္ခတ'** ရောက်တယ်၊ လွယ်လွယ်နီးအောင် ပြောရတာ၊ ဒါ့ကြောင့် **'လောကုတ္တရာ'** ခေါ်တယ်။

**'နိဗ္ဗာနံပန လောကုတ္တရ သင်္ခါတံ'**၊ **'နိဗ္ဗာနံပန**-နိဗ္ဗာန်ဟုဆိုအပ်သော၊ **လောကုတ္တရံပန**- လောကုတ္တရာဟူသည်ကား**'**၊ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာ ဟူသည်ကားဆိုတော့ **'လောကုတ္တရာ'** ဆိုတာလောကီမပါဘူး၊ **'လောကတော**-ဖြစ်ခြင်း ပျက်ခြင်းမှ၊ **ဥတ္တရာ**- လွန်မြောက်သည်တည်း၊ **လောကုတ္တရာ** - လောကမှ လွန်မြောက်သည်၊ ဖြစ်ခြင်း ပျက်ခြင်းမှ လွန်မြောက်သည်**'**၊ အဲဒါမှ **'အသင်္ခတ'** ရောက်သွားတယ်၊ ဖြစ်ခြင်း ပျက်ခြင်းမရှိဘူး၊ အဲဒါမှ **'နိဗ္ဗာန်'** ရောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



**သင်္ခတရုပ်နာမ်ကို ဉာဏ်က တင်စီးနိုင်ရမယ်**

**'ဥပ္ပါဒေါ န ပညာယတိ၊ ဝယော န ပညာယတိ'၊** အဲဒါနိဗ္ဗာန်ကို **'ဉာဏ်'** နဲ့ မှန်းသလို၊ ဉာဏ် ဉာဏ်၊ အခု ထွက်လေ ဝင်လေတွေ သိတာတွေက ဖြစ်ပျက်နေတယ်၊ ဉာဏ်က မဖြစ်မပျက်ရာကို ဉာဏ်နဲ့မှန်းရမယ်၊ ထင်းချောင်းကြီး တစ်တုံးကို ထိပ်ကခွဲချလိုက်တော့ နှစ်ခုဖြစ်သွားတယ်၊ ထင်းချောင်းကြီး (သို့မဟုတ်) ဝါးလုံးကြီး ပေါ့ နှစ်ခုခွဲလိုက်တယ်၊ ခွဲမှလည်း မီးတောက်မှာကိုး၊ လူကြီးက ထင်းချောင်းကြီး၊ ယောကျ်ားကြီး မိန်းမကြီးဆိုတဲ့ ထင်းချောင်းကြီးကို ထိပ်ကခွဲလိုက်တော့ **'နာမ်ရုပ်'**ဆိုပြီး နှစ်ခု ဖြစ်သွားတယ်။

**'သိတာကနာမ်၊ ထိုင်တာကရုပ်၊ နာမ်ရုပ်'**၊ သွားသွား လာလာ စားစား သောက်သောက် အဲဒါ လှုပ်သမျှဟာ **'ရုပ်'**ပဲ၊ **'ရုပ်'**လို့ ဆိုရတယ်၊ **'ဤဟာ ရုပ်'**၊ နာမ်ကနေပြီး **'ရုပ်'**လို့ ဆိုလိုက်တာ၊ ဩော် ဆိုတဲ့ဟာက **'နာမ်'**၊ ဟိုဟာက **'ရုပ်'**၊ လူကြီးဆိုတဲ့ ထင်းချောင်းကြီးကို ထိပ်ကခွဲလိုက်တော့ နှစ်ခုဖြစ်သွားတယ်၊ တစ်ခုက ရုပ်၊ တစ်ခုက နာမ်၊ နှစ်ခု မခွဲဘဲ ထင်းချောင်းကြီးတစ်ချောင်းအတိုင်းထားရင် လူ ယောကျ်ား မိန်းမဖြစ်သွားတယ်၊ တစ်ချောင်းတည်းထားတော့ ရာဂ ဒေါသဖြစ်တယ်၊ နှစ်ခုခွဲလိုက်တော့ ထင်းချောင်းကြီး ပြတ်သွားပြီး ထင်းကွဲကြီးဖြစ်သွားတယ်၊ ခွဲသားကြီးဖြစ်သွားတယ်၊ အရင်ကဘာတုံး သစ်သားကြီး၊ သစ်သားကြီးခွဲလိုက်တော့ ဘာဖြစ်သွားလဲ (ခွဲသားကြီး ဖြစ်သွားပါတယ်ဘုရား)။

အရင်ကလူကြီး ယောကျ်ားကြီး မိန်းမကြီး နှစ်ခုခွဲလိုက်မှ **'နာမ်ရုပ်'** ဖြစ်သွားတယ်၊ အဲဒီ **'နာမ်ရုပ်'**ကလေးတောင်မှ မကွဲချင်ဘူး၊ အဲဒီ **'နာမ်ရုပ်'**ကမှ **'သင်္ခတ'**ခေါ်တယ်။ **'သင်္ခတရုပ်နာမ်ကို အပတ်ဉာဏ် မတင်စီးနိုင်ရ၊ ဒီမီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပါ့မယ်လို့'**၊ အဲဒါက လောဘမီး ဒေါသမီး မောဟမီးက၊ လူကြီးပဲထားရင် လောဘမီး ဒေါသမီး မောဟမီးက လောင်လို့မဆုံးဘူးတဲ့၊ လူကြီးမထားနဲ့တဲ့၊ ထင်းတုံးကြီးအတိုင်းမထားနဲ့ နှစ်ခု ခွဲလိုက်၊ နှစ်ခုခွဲလိုက်တော့ **'ရုပ်နာမ်'**ဖြစ်သွားတယ်၊ ရုပ်နာမ်ဖြစ်သွားတော့မှ **'သင်္ခတ'** ဖြစ်သွားတယ်။

**'သင်္ခတ'** က ဖြစ်ခြင်း ပျက်ခြင်း လက္ခဏာရှိတယ်တဲ့၊ နှာခေါင်းက လေထွက်တယ်၊ ထွက်တာက **'ရုပ်'**၊ ထွက်တာကြီးကို သိလိုက်တာက **'နာမ်'**၊ ကဲ ထွက်တာရှိသေးလား၊ ထွက်တာကို သိတဲ့ စိတ်လည်း မရှိတော့ဘူး။ ထွက်တာက **'ရုပ်'**၊ သိတာက **'နာမ်'**၊ မရှိတာသိတာက **'အနိစ္စ'**။အဲဒါမှ **'သင်္ခတရုပ်နာမ်ကို ဉာဏ်ကတင်စီးနိုင်တယ်'**လို့ ခေါ်တယ်၊ သို့မို့လို့ရှိရင် မသိဘဲနဲ့ ဖြစ်တယ်ဟဲ့ ပျက်တယ်ဟဲ့နဲ့လုပ်နေတာ၊ တကယ့်ကိုသိပြီးလုပ်နေရမှာ၊ ဝေဘူ ဆရာတော်လည်း ဒီလိုပဲသိတာ။

www.burmeseclassic.com

www.burmeseclassic.com



**ဒွတ္တိုသာစုံ ရတနာပုံ၊ ကြည့်ရှုံ့ ဝေဘူထား**

ဝေဘူဆရာတော်က ၂၄ နာရီ အဆက်မပြတ်ကြည့်တယ်တဲ့၊ ဆွမ်းခံသွားရင်လည်း ထွက်လေ ဝင်လေ ကြည့်နေတာပဲ၊ ရေသောက်ရင်လည်း ထွက်လေ ဝင်လေ ကြည့်နေတာပဲ၊ ဆွမ်းစားရင်လည်း ထွက်လေ ဝင်လေ ကြည့်နေတာပဲ၊ စကြိုလျှောက်ရင်လည်း ထွက်လေ ဝင်လေ ကြည့်နေတာပဲ၊ ဝေဘူဆရာတော်က မအိပ်ဘူး။

**သိတာကနာမ်၊ ထွက်တာကရုပ်၊ နာမ်ရုပ်။ သိတာကနာမ်၊ ဝင်တာကရုပ်၊ နာမ်ရုပ်။**

**'သင်္ခတရုပ်နာမ်ကို'** အဲဒီလိုမှ **'ဉာဏ်'**က တင်စီးသွားတယ်၊ သိသွားတယ်၊ **'ထွက်လေ ဝင်လေ'**ဟာ မွေးကတည်းက ကလေးလေးကတည်းက ထွက်တယ် ဝင်တယ်၊ သေခါမှပဲ ဆုံးသွားတယ်၊ တစ်ခါတည်း ထွက်ဝင်နေတာပဲ၊ 'ထွက်လေ ဝင်လေကြီးမရှိဘဲ ပြတ်သွားတာ သိသာပါတယ်ဗျာ'တဲ့၊ ရေငတ်နေတဲ့သူ ရေသောက်ရသလိုပဲ၊ နိဗ္ဗာန်လိုချင်တဲ့သူဟာ နိဗ္ဗာန်ရသွားတယ်၊ အဲ ထွက်လေ ဝင်လေရော သိတာကြီးလည်း မရှိရော **'လောကုတ္တရာ'** ဖြစ်သွားတယ်၊ ထွက်လေ ဝင်လေကြီးနဲ့ သိတာက **'လောကီ'**။

ထွက်လေ ဝင်လေကြီးနဲ့ သိတာက ဘာလဲ (လောကီပါဘုရား)၊ ထွက်လေ ဝင်လေကြီးနဲ့ သိတာ မရှိတာက ဘာလဲ (လောကုတ္တရာပါဘုရား)။ အေး 'အဲဒီလို လောကီနှင့် လောကုတ်က သိသာပါတယ်ဗျာ'တဲ့၊ အဲဒီလိုလည်း လုပ်လုပ်ကြည့်၊ သွားရင်းမတ်တတ် လာရင်းမတ်တတ် ထိုင်ရင်းမတ်တတ် လုပ်လုပ်ကြည့်၊ အဲဒါ ထင်းချောင်းကြီး နှစ်ခုခွဲတာပဲ၊ ငါးခု- ခန္ဓာငါးပါးတောင် မခွဲသေးဘူး၊ နှစ်ခု- ရုပ်နာမ်မှာ တစ်ခုက နာမ်လေးခု၊ တစ်ခုက ရုပ်ဆိုတော့ ငါးခုဖြစ်သွားတယ်၊ အဲဒါလည်း **'သင်္ခတ'** ပဲ၊ အဲဒါလည်း **'လောကီ'** ပဲ၊ ခန္ဓာ နာမ်ရုပ်ပဲ။

**လူမဟုတ်ဘူး ရုပ်နာမ်**

**သင်္ခတရုပ်နာမ်ကို အဟုတ်ဉာဏ် မတင်စီးနိုင်ရ ဒီမီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပါ့မယ်လို့။** အဲဒါလေးကို ဆိုဆိုနေ၊ မီးငြိမ်းအောင်လို့ ပြောရတာ၊ လူတွေ ဘာတွေဆိုရင် လောဘမီး ဒေါသမီး မောဟမီးနဲ့ ဟို **'ကင်ဆာတွေ'** ဖြစ်မှာ မကြောက်ဘူးလား၊ ဟိုကြောက်ရ ဒီကြောက်ရနဲ့ အဲဒါ လူတွေရှိလို့ ကြောက်ရတာ၊ လောကီဆိုတာ ကြောက်တယ်၊ လောကုတ္တရာ ဆိုတာ မကြောက်ဘူး၊ လောကီနဲ့ လောကုတ္တရာကလည်း ဒီလောက်ပဲကွဲတာ၊ သိပ်ကွဲတာ မဟုတ်ဘူး။

**လောကီက ကြောက်တယ်၊ လောကုတ္တရာက မကြောက်ဘူး။**

**လောကီက စိုးရိမ်တယ်၊ လောကုတ္တရာက မစိုးရိမ်ဘူး။**

www.burmeseclassic.com

www.burmeseclassic.com



**လောကီက ငိုတယ်၊ လောကုတ္တရာက မငိုဘူး။**

**လောကီက ဆင်းရဲတယ်၊ လောကုတ္တရာက မဆင်းရဲဘူး။**

အဲဒီလိုဟာနဲ့ ခွဲတာပဲ၊ ထင်းချောင်းကြီးခွဲသလိုပဲ၊ သစ်ပင်ကြီးလဲတယ်၊ ခေါင်းပေါ် ပိသွားရင် ဘယ့်နှယ့်လုပ်မတုံး၊ ရေတွေမွှန်းသွားတယ်၊ ဘယ့်နှယ့်လုပ်မတုံး၊ လူကြီးဆိုတော့ **'ငါ'**လို့ယူတယ်၊ လူမဟုတ်ဘူးဆိုတော့ **'ငါ'**လို့ ယူသေးလား (မယူပါဘူးဘုရား)၊ **'ငါ'**လို့ မယူရင် ဘာတုံး၊ မယူရင် **'စွန့်တာ'**၊ စွန့်တာက **'စာဂေါ'**တဲ့၊ **'မုတ္တိ'**တဲ့၊ **'အနာလယော'**တဲ့၊ အာလယ မရှိတာက စွန့်တာ၊ **'နိဗ္ဗာန်'**ခေါ်တယ်၊ အဲဒါ **'ငါ'**လို့ မယူတာ၊ သတင်းစာထဲက ခေတ်ပုံကြီးမှာ လည်ပင်းကြီးကိုဓားနဲ့လှီးထားတာ၊ ဂုတ်ကြီးမှာဟလို့ မသေရုံဘဲကျန်တယ်၊ သတင်းစာထဲမမြင် ဘူးလား၊ အနိစ္စ ဒုက္ခ၊ အဲဒီလိုပဲလည်ပင်းကြီးက ပထဝီ၊ ဓားကရောဘာတုံး (ပထဝီပါဘုရား)။

အဲဒါ ဉာဏ်ရောက်ရင် ပြောပါတယ်၊ **'ငါ'** လို့ မယူရဘူး၊ လှီးတဲ့ဟာကြီးက ဘာတုံး ဝါယော၊ လှုပ်ပြီးတော့ မလှီးဘူးလား၊ ထင်းတုံးကြီးကို လွှနဲ့တိုက်သလိုပေါ့၊ အဲဒါကြီးက ဘာတုံးဆိုတော့- **'ခန္ဓာ'၊** အောက်ကလူကြီးက ဘာတုံး-**'ခန္ဓာ'၊** အထက်လူကြီးကလည်း- **'ခန္ဓာ'၊** အထက်ကလည်း လူကြီး၊ အောက်ကလည်း လူကြီး၊ အဲဒါ လူလို့သိပြီး လှီးတာ၊ လူ မဟုတ်ဘူး ဆိုရင် မလှီးတော့ဘူး။ လူ မဟုတ်ဘူးဆိုရင် ဘာတုံး (ရုပ်နာမ်ပါဘုရား)။

ရုပ်နာမ် မရှိရင် ဘာတုံး (နိဗ္ဗာန်ပါဘုရား)။ အဲဒီလို **'ဉာဏ်'** က သိရတယ်၊ ဒကာမကြီး တို့ကိုလှီးခိုင်းရင် လှီးမလား (မလှီးပါဘုရား)၊ အေးအဲဒီလိုမှတ်ထား၊ မလှီးတော့ဘူး၊ 'ပါဏာတိ ပါတာ ဝေရမဏီ' မဆိုရဘူး။ တစ်ခါတည်း ပြီးသွားရော၊ အဲဒါ **'ရုပ်နာမ်'** မှန်းသိသွားတယ်။

**သင်္ခတကိုသိရင် အသင်္ခတရောက်တယ်**

**'သင်္ခတရုပ်နာမ်ကို အဟုတ်ဉာဏ် မတင်စီးနိုင်ရ'**၊ ဉာဏ်က တင်စီးပြီ ဆိုလို့ရှိရင် **'ဖြစ်ပျက်'** ကို သိသွားတယ်၊ ထွက်တာက ပျက်သွားတယ်၊ သိတဲ့ဟာလည်း ပျက်သွားတယ်၊ အဲဒါ **'သင်္ခတ'** ခေါ်တယ်၊ အဲဒါ လုပ်နေတာပဲ၊ ဒါပေမယ့် အဲဒီလိုခွဲခြမ်းမှ ထွက်တာ ဘာတုံး (ရုပ်ပါဘုရား)။ ထွက်တာ သိတာကဘာတုံး (နာမ်ပါဘုရား)။ ထိုင်တာကဘာတုံး (ရုပ်ပါဘုရား)။ ထိုင်တာ သိတာက ဘာတုံး (နာမ်ပါဘုရား)။ အဲဒါ **'သင်္ခတ'** ခေါ်တာပဲ၊ ရုပ်နာမ်ကို **'သင်္ခတ'** ခေါ်တာပဲ၊ ခန္ဓာငါးပါးက **'သင်္ခတ'**၊ အာယတနက **'သင်္ခတ'**၊ ဓာတ်ကလည်း **'သင်္ခတ'**၊ နိဗ္ဗာန် ကျမှ **'အသင်္ခတ'၊** ဒီလိုခွဲတယ်၊ သင်္ခတကို **'ဉာဏ်'**က အုပ်စီးနိုင်လို့ရှိရင် အသင်္ခတရောက်တယ်၊ လွယ်အောင်လို့ တစ်ခါတည်းသွားနေတာ၊ စာလိုပြောနေရင် တရားနာတဲ့သူတွေ ဘာမှန်း မသိဘူး ဖြစ်သွားတယ်၊ ကဲ **'နိဗ္ဗာန်'** က လောကုတ္တရာ၊ **'ရုပ်နာမ်'** ကလောကီ၊ **'သင်္ခတ'** က

www.burmeseclassic.com

www.burmeseclassic.com



လောကီ။ အဲဒီလိုခေါ်တယ်၊ လောကီဆိုတာ ဘာတုံးဆိုမှ - ဖြစ်ခြင်း၊ ပျက်ခြင်းအလေ့ရှိတယ်၊ **'လုဇ္ဇတုံ ပလုဇ္ဇတုံ သီလံ ယဿာတိ လောကီ'၊** လောကီဆိုတာလည်း ရုပ်နာမ်ပဲ၊ ရုပ်နာမ်ဆိုတာ သင်္ခတ၊ သင်္ခတဆိုတာ ဖြစ်ခြင်း ပျက်ခြင်း အလေ့ရှိတယ်၊ လပွတ္တာမြို့တို့မှာ သေသွားတယ်၊ ဘာတယ်ဆိုတာ ရုပ်နာမ်၊ **'ရုပ်နာမ်'** ဆိုတာ ဘာတုံး (သင်္ခတပါဘုရား)၊ **'သင်္ခတ'** ဆိုတာ ဘာတုံး (ဖြစ်ခြင်း ပျက်ခြင်းပါဘုရား)။

**ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ တီဏိ မာနိ ဘိက္ခဝေ၊ သင်္ခတဿ သင်္ခတလက္ခဏာနိ၊ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ'၊** အဲဒီလို ခက်မှာစိုးလို့။ **'ဘိက္ခဝေ -** ရဟန်းတို့၊ **သင်္ခတဿ -** သင်္ခတ၏၊ **လက္ခဏာနိ-** လက္ခဏာတို့သည်၊ **ဣမာနိ တီဏိ** - ဤသုံးပါးတို့ပင်တည်း၊ **ကတမာနိ တီဏိ** - အဘယ်သုံးပါးတို့နည်းမူကား၊ **ဥပ္ပါဒေါ -** ဖြစ်ခြင်းသည်လည်း၊ **ပညာယတိ -** ထင်ရှား၏၊ သိအပ်၏။ **ဝယော-** ပျက်ခြင်းသည်လည်း၊ **ပညာယတိ -** ထင်ရှား၏၊ သိအပ်၏'။

**'ဌိတဿ အညထတ္တ** - တည်နေသောတရားရဲ့ ပျက်ခြင်းဘင်ဘက်သို့ ယိုင်လဲနေခြင်းသည်လည်း၊ **ပညာယတိ** - ထင်ရှား၏၊ သိအပ်၏'။ ထင်ရှားတယ်လို့ သိအပ်တယ်တဲ့၊ အဲဒါ မြတ်စွာဘုရား ဟောတာ၊ ဟောတာကို ဒကာမကြီးတို့ **'ဉာဏ်'** က လိုက်ပေး၊ ကြားရင်လည်း ဘာတုံး (သင်္ခတပါဘုရား)၊ ကြားတာလည်း သင်္ခတပဲ၊ **'သင်္ခတ'** ဆိုရင် ဘာလက္ခဏာရှိသတုံး (ဖြစ်ခြင်း ပျက်ခြင်းလက္ခဏာရှိပါတယ်ဘုရား)၊ **'သင်္ခတရုပ်နာမ်ကို အဟုတ်ဉာဏ် မတင်စီးနိုင်ရ'** အဲဒီလို ဉာဏ်နဲ့ တင်စီးနိုင်ရမယ်။

**ဒီမီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပါ့မယ်လို့**

ဒီမီးတာဆိုတာက လောဘမီး ဒေါသမီး မောဟမီးကိုခေါ်တယ်၊ လောဘမီး ဒေါသမီး မောဟမီးဆိုတာက လူတွေရှိရင် လောင်တယ်၊ လူတွေမရှိရင် မလောင်ဘူး၊ မဟုတ်ဘူးလား လပွတ္တာလို့ ဆိုလိုက်ပါလား၊ ဇာတိမီး ဇရာမီး ဗျာဓိမီး မရဏမီးနဲ့ လောင်သွားပြီ၊ မရဏမီး လောင်သွားတယ်၊ ဇာတိမီး ဇရာမီး ဗျာဓိမီးတို့က ဒကာမကြီးတို့မှာလည်း မရှိဘူးလား၊ (ရှိပါတယ်ဘုရား)၊ အဲဒီမီးတွေ၊ ဒီမီးတာသုံးခုပေါ့။ ဇာတိမီး ဇရာမီး မရဏမီး ကသုံးခု၊ လောဘမီး ဒေါသမီး မောဟမီးက သုံးခု၊ သောကမီး ပရိဒေဝမီး ဒုက္ခမီး ဒေါမနဿမီး ဥပါယာသမီးက ငါးခု၊ အားလုံး ဆယ့်တစ်မီး၊ ဆယ့်တစ်မီးငြိမ်းတယ်ဆိုတာ အဲဒါခေါ်တယ်၊ **'ရာဂ စသည့် ဆယ့်တစ်မီး ငြိမ်းပြီး ထိုနိဗ္ဗာန်'၊** သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ၊ **'ဥပါယာသ'** ဆိုတာ ရှိုက်ကြီးတငင်ဖြစ်တာ၊ အထက်လေကလည်း နှာခေါင်းအပြင်မထွက်ဘူး၊ နှာခေါင်းလေ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ချက်ဆီ မဝင်ဘူး၊ အဲဒီလို ပါးစပ်ကြီးဟနေတာခေါ်တယ်၊ **'ဥပါယာသ'** ခေါ်တယ်၊ အဲဒီ **'ဥပါယာသ'** ကလည်း မီးပဲ၊ အဲဒါ **'သင်္ခတ'** မှာဖြစ်တာ၊ **'နိဗ္ဗာန်'** မှာ မဖြစ်ဘူး၊ **'သောက'** လည်း **'သင်္ခတ'** မှာ ဖြစ်တယ်၊ **'နိဗ္ဗာန်'** မှာ မဖြစ်ဘူး၊ အဲဒီလို ခွဲပေး၊ ထင်းချောင်းလိုခွဲ။

**'သင်္ခတနဲ့ အသင်္ခတကို ခွဲ၊ ထင်းချောင်းကြီးလို ခွဲ'**၊ အဲဒါမှ နှစ်ခုကွဲသွားတာပေါ့၊ သင်္ခတမှန်း အသင်္ခတမှန်း မသိဘူးလား၊ သိသွားတယ်၊ သို့မို့ဆိုရင် လုပ်တာလုပ်နေတာ ဘာမှန်းလည်း မသိပါဘူး၊ ညာမှန်းလည်း မသိပါဘူး၊ အဲဒီလို ဖြစ်သွားတယ်။ **'သင်္ခတရုပ်နာမ်ကို အဟုတ်ဉာဏ်မတင်စီးနိုင်ရ၊ ဒီမီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပါ့မယ်လို့'**။

## မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာဆီမှာ

**'မိုက်မလင်းနိုင်လို့'**၊ **'အမိုက်'** ဆိုတာဘာလဲ-**'အဝိဇ္ဇာ'** မဟုတ်ဘူးလား၊ **'အဝိဇ္ဇာ အမှောင်'** ကလူတွေ ယောကျ်ားတွေ မိန်းမတွေရှိနေရင် အဲဒါ **'အဝိဇ္ဇာအမှောင်'** ပဲ၊ ဒကာမကြီးတို့ စိတ်ထဲ အဲဒီဟာတွေ ရှိမနေဘူးလား (ရှိပါတယ်ဘုရား)၊ အဲဒါ **'အမိုက်'** ပဲ၊ လောဘမီး ဒေါသမီး မောဟမီးတွေပေါ့။ **'မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာဆီမှာ'**-မြိုက်ခင်းဆိုတာ၊ **'အမြိုက်'** ဆိုတာက **'အမတ - နိဗ္ဗာန်'** ကိုခေါ်တယ်၊ မြတ်စွာဘုရားကြီးက ပွင့်သွားပြီတဲ့၊ ဟုတ်ပြီလား။

**'မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာဆီမှာ၊ ခါတော်မီ သီ မဝေ့နိုင်ဘု ဒီကွေ့တွင် နေကုန်မျောပါရ'**။ အဲဒါ ဒကာကြီး ဒကာမကြီးတို့နဲ့ မကိုက်ဘူးလား ကိုက်သလား (ကိုက်ပါတယ် ဘုရား)၊ အေး ကိုက်တယ်၊ အဲဒါမှ **'ပထမတန်း ဉာဏ်'**၊ အဲဒီလိုမှ သိလည်းသိလွယ်တယ်၊ မဟုတ်ဘူးလား၊ အခု **'လူတွေ'** ဆိုတာ မိုက်နေတာ၊ လူတွေရှိတယ် ယောကျ်ားရှိတယ် မိန်းမတွေ ရှိတယ်၊ မမိုက်ဘူးလား (မိုက်ပါတယ်ဘုရား)၊ အမိုက်တွေ မလင်းနိုင်ကြဘူး၊ **'ရုပ်နာမ်တွေ'** မရောက်ဘူး၊ **'လောကီတွေ'** ပဲ ရောက်နေတယ်၊ ဟုတ်ပြီလား။

## နာမ်ရုပ်လို့မှတ်ရင် အမိုက်တွေ လင်းသွားမယ်

**'မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာဆီမှာ၊ ခါတော်မီ သီ မဝေ့နိုင်ဘု ဒီကွေ့တွင် နေကုန် မျောပါရ၊ အတော ဘယ်မသတ်နိုင်တဲ့ စိုးနှောင့်သင်္ချေ'**။ အတောတွေ မသတ်နိုင်ဘူးတဲ့၊ စိုးရိမ်ရတာတွေ ကြောင့်ကြရတာတွေ အဲဒါတွေ အသင်္ချေ အနန္တများနေတယ်တဲ့၊ ဒကာမကြီးတို့ မရမှာ ရမှာတွေ မပူဘူးလား (ပူပါတယ်ဘုရား)၊ အဲဒီလိုဖြစ်နေတယ်၊ အဲဒါဘာဖြစ်လို့တုံးဆိုတော့ **'အမိုက်မလင်းနိုင်လို့'** တဲ့၊ ဒီကရှင်းပေးလိုက်တာ က အမိုက်လင်းအောင်က လူတွေမဟုတ်ဘူး၊ ယောကျ်ားတွေမဟုတ်ဘူး၊ မိန်းမတွေမဟုတ်ဘူး။

သိတာက **'နာမ်'**၊ ထိုင်တာက **'ရုပ်'**၊ **'နာမ်ရုပ်'**၊ **'နာမ်ရုပ်'** ရှိရင် မျက်စိတွေ နားတွေ

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ မျက်စိတွေ နားတွေ မြင်လို့ရှိရင် **'နာမ်ရုပ်'** လို့ မှတ်ရမယ်၊ လူတွေလို့ မမှတ်ရဘူး၊ **'မျက်စိ နားသာ မြင်လေပါ သူဟာ လူမဟုတ်ပြီ'**။ အဲဒါ အမိုက်လင်းသွားတာပဲ၊ အမိုက်လင်းတာ လင်းမှန်းသိလိုက်ရဲ့လား (သိပါတယ်ဘုရား)၊ လူတွေမှ မရှိတာ ရာဂ ဒေါသက ရှိအုံးမှာလား (မရှိပါဘုရား)၊ သောက ပရိဒေဝ- သား သမီးဆိုတာလည်း လူမဟုတ်ဘူးလား၊ ကဲ သူတို့ကြောင့် ပူအုံးမှာလား ဆွေးအုံးမှာလား (မပူတော့ပါဘူး မဆွေးတော့ပါဘူးဘုရား)၊ ဒါတောင်မှ **'နာမ်ရုပ်'** ရောက်ရုံရှိသေးတယ်။ **မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာဆီမှာ၊ ခါတော်မီ သီ မဝေ့နိုင်ဘု ဒီကွေ့တွင် နေကုန်မျောပါရ၊ အတောဘယ်မသတ်နိုင်တဲ့ ရဟတ်ဗွေ**။

**'ရဟတ်ဗွေ'** ဆိုတာ သိလား လည်တာကို **'ဗွေ'** ခေါ်တယ်၊ အထဲမှာ နည်းနည်းလေး ဒီလို ဒီလို ပြန်ပြန်ရစ်တယ်၊ အဲဒါကို **'ဗွေ'** ခေါ်တယ်၊ **'အတော ဘယ်မသတ်နိုင်တဲ့ ရဟတ်ဗွေ'** ဒကာမကြီးတို့လည်း အဲဒီလိုလှည့်နေတယ်တဲ့၊ **'ရဟတ်ဗွေကြီး'** ပဲ အဲဒါ အဓိပ္ပါယ် ကိုက်သလား မကိုက်ဘူးလား၊ ဒကာမကြီး တို့နဲ့လည်း မကိုက်ဘူးလား (ကိုက်ပါတယ်ဘုရား)၊ ဒကာကြီးတို့လည်း ရအောင်ဆို၊ အဲဒီလို လူတွေဖြစ်သလား မဖြစ်ဘူးလား၊ အဲဒါ လယ်တီဆရာတော် ရှစ်ဝါတုန်းက၊ လယ်တီဆရာတော်က ၁၂၀၈ခုနှစ်မှာ ဖွားတယ်၊ ငါတို့က ၁၂၈၄ခုနှစ်၊ အဲဒီတုန်းကတည်းက အဲဒီလိုဟာမျိုးတွေပေါ်နေတယ်၊ အဲဒါ သူ့ဟာသူရှာတာ သူက ဆရာကြီး စာတွေ ပေတွေထဲက ရှာတာ၊ အဲဒါ **'မိုက်မလင်းနိုင်လို့'**၊ **'အမိုက်'** ဆိုတာက လောဘ ဒေါသ မောဟတွေ၊ **'မလင်းနိုင်ဘူး'** ဆိုတာက **'ဝိဇ္ဇာဉာဏ်'** မရောက်သေးဘူးတဲ့၊ လောဘ ဒေါသ မောဟတွေနဲ့ ချည်းပဲနေတယ်၊ **'ဝိဇ္ဇာဉာဏ်'** မရောက်ဘူးတဲ့၊ အဲဒါကြောင့် **'အမြိုက်'** ဆိုတဲ့ **'နိဗ္ဗာန်'** ကို မရလိုက်ဘူးတဲ့၊ မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံသွားပြီတဲ့၊ ဟုတ်ကဲ့လား အခုလည်း ပိဋကတ်သုံးပုံ အပုံကြီးထဲမှာ ထိုင်နေတာ လယ်တီဆရာတော်ကြီးတို့ ရှစ်ဝါလောက်တုန်းက အဲဒီလိုငြီးတယ်။ **'ဒီကွေ့တွင် နေကုန်မျောပါရ'** ဆိုတာက ဟောဒီ သံသရာကွေ့ ကြီးထဲကနေပြီး ဘယ်ကိုမှ မထွက်နိုင်ကြဘူး၊ ဒီကွေ့ထဲမှာပဲ လူက ခွေးဖြစ်လိုက်၊ ခွေးက လူဖြစ်လိုက်၊ အဲဒီလိုပဲ သုံးဆယ့် တစ်ဘုံမှာ လည်နေရတယ်တဲ့။

'သို့ပါသော်လည်း၊ ပူနှယ်ဆွေးနဲ့ အရေးကျယ်သလို၊ အေးဝယ် ထင်မှတ်၊ ငါ တလူလူ ပမာမူ ရွာသူတို့ ဝက်၊ အစာများ ထူ အသားလူ၊ ဆူလေလေ ခက်ပါလျက်၊ ရမ္မက်ကယ်ဟန်ဝင် သူ့အသင်းမှာ၊ သူ မင်းပဲထင်လိုက်လို့ ရွှင်နိုင်မျှ ဝက်သဏ္ဍာန်လို၊ အချက်မှန်ပေါ် မလင်းစေဖို့၊ ဖော်သင်းရွှေ မိတ်သင်ယှက်သည့်ပြင်၊ ခင်မက်ဘွယ် အရံစုံပ၊ မာန်တဂုဏ် ဟန်ပုံနှင့် ဖုံးရှာကြ ရှုံးပလေ ထုံးမြေပြာစု မိတ်တွေမို့' လို့ လယ်တီဆရာတော်ကြီး စပ်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ထုံးထဲ ပြာတွေစုနေတော့ ဘာမှ သုံးမရတော့ဘူး၊ ထုံးလည်းသုံးမရ ပြာလည်း သုံးမရတော့ဘူး၊ အဲဒီလိုပဲ ရွာသူတို့ ဝက်၊ ဝက်နဲ့တူတယ်တဲ့၊ အစာပေါတဲ့ ဝက်ကြီးက မ ပေါတဲ့ ဝက်ကြီးကို တစ်ခါတည်း 'အွန့် အွန့်' နဲ့ ထိုးပြီးတော့ ဒကာမကြီးတို့လည်း အစာပေါတဲ့သူက မာနကြီးတယ်၊ အစာရှားလို့ တောင်းမစားရပေမယ့်လည်း လုပ်ရ ကိုင်ရ ဆင်းရဲတာတောင်မှ လူရာမသွင်းချင်ဘူး၊ 'အစာများသူ အသားငယ်ထူ ဆူလေလေ ခက်ပါဘိ'။

သူတို့ကျတော့ ပါးစပ်ထဲက ကဗျာနဲ့ နံလွန်းလို့တဲ့၊ မန်လည်ဆရာတော်ကြီးလည်း ပါးစပ်ကထွက်လိုက်ရင် ကဗျာတွေထွက်ကုန်တာ၊ ဒါကြောင့် မဃဒေဝလင်္ကာသစ်ကြီးဆိုတာ ကဗျာတွေနဲ့ပဲ တစ်အုပ်လုံးပြီးသွားတယ်၊ ဒကာမကြီးတို့လည်း သူတို့လို တစ်ပုဒ်လောက်ရေးစမ်း ဆိုတော့ ဘယ့်နှယ်လုပ်မလဲ၊ သူတို့လိုလည်း မလေ့ကျင့် တောထဲ တောင်ထဲမှာလည်း တစ်ခါမှ သွားမနေဘဲနဲ့ အဲဒီလို ဖြစ်သွားတယ်၊ ကဲ **'မိုက်မလင်းနိုင်လို့'** ဆိုပါအုံး တစ်ခေါက်လောက် (မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာဆီမှာ ခါတော်မီ သီ မဝေ့နိုင်ဘု ဒီကွေ့တွင် နေကုန်မျှောပါရ အတောဘယ်မသတ်နိုင်တဲ့ ရဟတ်ဗွေ)၊ အေး အဲဒါလေးဆိုနေလည်း မနည်းပါဘူး၊ **'မိုက်မလင်းနိုင်လို့'** ဆိုတာက **'အဝိဇ္ဇာ'**၊ မလင်းနိုင်လို့ အခုတော့ လင်းပါပြီ။

**အဝိဇ္ဇာမရှိ လူမရှိ ငြိမ်း၏ စိတ်ထဲမှာ**

ကဲ လယ်တီဆရာတော် အသက်တစ်ရာကျော်လောက်ရှိမှ ပြန်အုပ်နိုင်တယ်၊ ကဲ ဟုတ်ရဲ့လား၊ အဲဒီလို ပြန်အုပ်တဲ့သူ ရှားသလား မရှားဘူးလား (ရှားပါတယ်ဘုရား)၊ ရှားပါတယ်၊ ဟိုက **'မိုက်မလင်းနိုင်လို့'** ဆိုတော့ ဒီက အမိုက်လင်းသွားပြီ၊ ဘာနဲ့လင်းသလဲဆိုတော့ လူမရှိတာနဲ့ လင်းသွားတယ်၊ လူမရှိတော့လောဘ ဒေါသ မောဟရှိသေးလား (မရှိပါဘူးဘုရား)။ **'လူမရှိသောစိတ်၊ စိတ်မရှိသောလူ'** ကဲ ပြောလို့ဆုံးသေးလား၊ အဲဒီဘက် ပြန်ပြန် ရောက်တယ်၊ ဟုတ်တယ် မဟုတ်လား၊ အမိုက်က လင်းသွားပြီလေ၊ **'မောဟ'** ဆိုတာ အမိုက်ပဲ၊ **'အဝိဇ္ဇာ'** ဆိုတာ အမိုက်ပဲ။ **'အဝိဒိတံ ဝိန္ဒတီတိ အဝိဇ္ဇာ'၊ 'အဝိဒိတံ** - မသိအပ်သော ယောကျ်ား မိန်းမ အစရှိသည်ကို၊ **ဝိန္ဒတိ** - သိတတ်၏၊ **ဣတိတသ္မာ** - ထို့ကြောင့်၊ **သောမောဟော** - ထိုမောဟ သည်၊ **အဝိဇ္ဇာ** - အဝိဇ္ဇာမည်၏'။ မသိရမည့် မိန်းမတွေ ယောကျ်ားတွေသိတာ **'အဝိဇ္ဇာ'** ခေါ်တယ်၊ မိန်းမတွေ ယောကျ်ားတွေလို့ သိနေလို့ရှိရင် **'မိုက်မလင်းသေးဘူး'** တဲ့၊ လူတွေလို့ သိနေရင် **'မိုက်မလင်း သေးဘူး'**၊ လပွတ္တာဖြစ်မယ်၊ ကျုံမငေး ဖြစ်မယ်၊ နာမည်တွေနဲ့ ဖြစ်ကုန်မှာပဲ၊ နာမည်တွေနဲ့ ဖြစ်နေရင် အမိုက်လင်းပြီလား (မလင်းသေးပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**'မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာဆီမှာ'**၊ အမြိုက်ဆိုတဲ့ **'အမတ နိဗ္ဗာန်ကြီး'**ကို မရောက်သေးဘူးတဲ့၊ ဘုရားတွေပွင့်လိုက်တာမှ ဒီကမ္ဘာမှာပင် လေးဆူရှိသွားပြီတဲ့၊ အဲဒီလေးဆူ ထဲမှာ တစ်ဆူထဲမှာမှ မပါဘူး၊ အဲဒါ **'အမိုက် မလင်းနိုင်လို့'** တဲ့၊ မြတ်စွာဘုရားက **'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ'** မဆိုဘူးလား (ဆိုပါတယ်ဘုရား)။

**'အဝိဇ္ဇာ ပစ္စယာ** - မောဟဟူသောအကြောင်းကြောင့်၊ မိုက်မလင်းနိုင်ဘူးဟူသော အကြောင်းကြောင့်'၊ အမိုက်ကို မလင်းနိုင်ဘူး၊ **'လူတွေ'**လို့ စိတ်ကမဖြစ်လိုက်နဲ့ ဖြစ်လိုက်ရင် မိုက်သွားပြီ၊ ဘာဖြစ်လို့တုံးဆိုတော့ သူ့မှာ ရာဂ သောကတွေနဲ့ သူ့မှာ ဝမ်းထဲမှာ အပုံပဲဖြစ်သွား တယ်၊ လူတွေလို့ ဖြစ်လိုက်တာကိုး၊ ဟို သမီးဘယ်လိုလုပ်ရပါ့မလဲ သူ့မှာ အိမ်ထောင်လည်း မရှိသေးဘူး အိမ်ထောင်ကလည်း ချချင်တယ်၊ ဟိုကလည်း မကြိုက်ဆိုတော့ ခက်ပြန်ရော အဲဒီလို ခက်ခက်နေကြတယ်၊ အဲဒါ **'မိုက်မလင်းနိုင်လို့'** အဲဒါသာဆိုလိုက် ပျောက်သွားတယ်၊ သားရေးသမီးရေးတွေ နေရေးစားရေးတွေ မိုက်မလင်းနိုင်သာဆိုလိုက်ရင် အမိုက်လင်း သွားလိမ့်မယ်။

**'မြိုက်ခင်း'** ဆိုတာ **'အမတ'** ခေါ်တယ်၊ မောဟနဲ့ အမြိုက်နဲ့၊ **'အမြိုက်သုဒ္ဓါဘုတ်'** ခေါ်တယ်၊ **'သုဒ္ဓါ'**ဆိုတာ နတ်သြဇာ လွတ်စားလို့ကောင်းတယ်၊ နိဗ္ဗာန်ဆိုတာ မဖြစ်တာက လည်းအလွန်ငြိမ်းတယ်၊ အဲဒီငြိမ်းတာကို **'အမြိုက်'**ခေါ်တယ်၊ **'အမြိုက်သုဒ္ဓါဘုတ်'**၊ ရှေးလူကြီး တွေမှ ဆိုတတ်တယ်၊ ဒကာမကြီးတို့က **'အမြိုက်'** လည်းမသိဘူး၊ **'ဘုတ်'**ဆိုတာ စားရတဲ့ဟာကို ခေါ်တယ်၊ အမြိုက်သုဒ္ဓါဘုတ်၊ အဲဒါ နိဗ္ဗာန်နဲ့တူတယ်တဲ့၊ ဒကာမ ကြီးတို့ ဟင်းကောင်းကောင်းနဲ့ စားရရင် မကောင်းဘူးလား၊ မမြိန်ဘူးလား (မြိန်ပါတယ်ဘုရား)၊ အဲဒီလို **'သန္တိ'**ကလွတ်သွားရင် အဲဒီလိုမြိန်ပြီတဲ့ ဟုတ်ပြီလား၊ အဲဒီလို မှတ်ထားနော်။

**'မြိုက်ခင်းညာဆီမှာ ခါတော်မီ သီ မဝေ့နိုင်ဘု ဒီကွေ့တွင် နေကုန်မျောပါရ'**၊ အခု မမျောတော့ဘူးဆိုတာ သိပြီလား (သိပါပြီဘုရား)၊ **'လူတွေ'** မဟုတ်လို့ရှိရင် မမျောတော့ဘူး၊ **'လူတွေ'**ဆိုတော့ ကင်ဆာတွေ ယောကျ်ားတွေ မိန်းမတွေ ရှိပြီးတော့ ရာဂမီး ဒေါသမီး မောဟမီး တွေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ဇာတိမီး ဇရာမီး မရဏမီးတွေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ မီးတွေမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲဒါ ဆယ့်တစ်မီး၊ **'ဒီမီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပါ့မယ်လို့'**၊ အခု အဲဒီမီးတွေ အကုန်ငြိမ်းသွားပြီ၊ **'ရာဂ စသည့် ဆယ့်တစ်မီး ငြိမ်းပြီး ထိုနိဗ္ဗာန်'**။ **'ရာဂ'**က လူမရှိရင် ငြိမ်းသွားတာပေါ့၊ ဟုတ်တယ် မဟုတ်လား၊ ယောကျ်ားမရှိ မိန်းမမရှိ **'နာမ်ရုပ်'**၊ **'သင်္ခါ'**၊

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်မြင် ဖြစ်ပျက်မှုန်းဆိုတာလည်း အဲဒီဟာတွေထဲက မလွန်နိုင်ဘူး၊ **'သဒ်တ'**က မလွန်နိုင်ဘူး၊ **'သဒ်တ'**ကို ဖြစ်ပျက်ဆိုတာ ဒကာမကြီးတို့ လူမဟုတ်ဘူး **'သဒ်တ'**ပဲ၊ လူလား သဒ်တလား (သဒ်တပါဘုရား)၊ သဒ်တဆိုတာ **'ရုပ်နာမ်'**၊ **'ရုပ်နာမ်'** မှာ ဘာရှိတုံး (ဖြစ်ပျက်ရှိပါတယ်ဘုရား)။

**သဒ်တရုပ်နာမ်ကို အဟုတ်ဉာဏ် တင်စီးနိုင်ပြီ**

**'သဒ်တရုပ်နာမ်ကို အဟုတ်ဉာဏ် မတင်စီးနိုင်ရ'**၊ **'ရုပ်နာမ်'** ကို အခု တင်စီးနိုင်ပြီ။

သိတာက**'နာမ်'**၊ ထိုင်တာက**'ရုပ်'**၊ **'နာမ်ရုပ်'**။

သိတာက**'နာမ်'**၊ သွားတာက**'ရုပ်'**၊ **'နာမ်ရုပ်'**။

သိတာက**'နာမ်'**၊ အိပ်တာက**'ရုပ်'**၊ **'နာမ်ရုပ်'**။

အဲဒီလို **'နာမ်ရုပ်'**၊ **'နာမ်ရုပ်'** နဲ့ **'သဒ်တ'**ဆိုတာ ဖြစ်ပျက်တွေချည်းပဲ၊ အိပ်နေရင်းလည်း ကြည့်နေ ဖြစ်ပျက်ပဲရှိတယ်၊ သိတာလေးလည်း သိနေ၊ ဒီ တစ်သိကနေ ဟိုတစ်သိ သိ သိပြီး အသိပြောင်းပြောင်းသွားတာကို **'သဒ်တ'** လို့မှတ်ထား၊ **'သဒ်တရုပ်နာမ်ကို'** လယ်တီဆရာတော်က **'မတင်စီး'** နိုင်ဘူးတဲ့၊ အခုတော့ **'တင်စီး'** နိုင်ပါပြီတဲ့၊ **'သဒ်တ'** က ဖြစ်ပျက်ပဲ၊ ဒကာမကြီး ထွက်လေ ဝင်လေဟာ **'သဒ်တ'** ပဲ၊ ထိုင်တာကြီးနဲ့ စိတ်ဟာ **'သဒ်တ'**ပဲ၊ ယောကျ်ားတွေ မိန်းမတွေ မဟုတ်ဘူးဆိုရင် **'လောကုတ္တရာ'** ဖြစ်သွားတာပဲ၊ ဒါ့ကြောင့်-

**'နိဗ္ဗာနံ ပန လောကုတ္တရ သင်္ခါတံ'**၊ အဲဒါကို အရင်သိရတယ်၊ လောကုတ္တရာလို့ သိလိုက်ရင်ပဲ တော်တော်ဟန် သွားပါပြီ။ **'လောကီ'** ဆိုတာ- ဖြစ်ခြင်း ပျက်ခြင်း အလေ့ရှိသည်။ **'လောကုတ္တရာ'** ဆိုတာ- လောကမှ လွန်မြောက်သည်။ ကိုယ့်ကိုယ်ကို ဖြစ်ပျက်ကြီးထဲမှာ နေသလား၊ လွန်မြောက်အောင် နေသလား၊ အိမ်ရောင်းချင်တယ်၊ ဘာလုပ်ချင်တယ်ဆိုရင် ဖြစ်ပျက်ကြီးထဲမှာနေတာ၊ ဘာမရလို့ ညာမရလို့ တွေးခေါ်နေပြီဆိုရင် **'လောကီ'**၊ လောကီဆိုတော့ **'သဒ်တ'**၊ ဟော အဲဒါမျိုးမဖြစ်ဘူးဆိုရင် **'လောကုတ္တရာ'** တဲ့၊ ဒါ့ကြောင့် **'နိဗ္ဗာနံ ပန လောကုတ္တရ သင်္ခါတံ'**၊ လောကုတ္တရာလို့ သိတယ် ဆိုရင်ပဲ မဆိုးဘူးတဲ့။

ကဲ - တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## " ဝိညာဏ်လေးပါး တရားတော် "

၂၆ . ၆ . ၂၀၀၈

### သဘာဝဝိညာဏ် (ဝါ) ဥပါဒါန်ဝိညာဏ်

**'သဘာဝဝိညာဏ်'၊ 'သဘာဝဝိညာဏ်'**ဆိုတာ **'ဥပါဒါန်ဝိညာဏ်'၊** သူ့အကြောင်းကြောင့် သူ့အကျိုးဖြစ်တယ်၊ အဲဒါ **'သဘာဝဝိညာဏ်'၊ 'တထာဘူတဿ-** ထိုစက္ခုဝိညာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား၊ **ယံရူပံ-** အကြင်ရုပ် သည်၊ **အတ္ထိ-** ရှိ၏။ **တံ ရူပံ-** ထိုရုပ်သည်၊ **ရူပုပါဒါနက္ခန္ဓေ-** ရူပုပါဒါနက္ခန္ဓာ၌ (ဝါ) ဥပါဒါန် စွဲသောရုပ်၌၊ **သင်္ချာ-** ရေတွက်ခြင်းသို့၊ **ဂစ္ဆတိ-** ရောက်၏'။ **'ဥပါဒါနက္ခန္ဓာ'- 'ရုပ်'**ဆိုရင် ရုပ်ဥပါဒါ နက္ခန္ဓာ ရူပုပါဒါနက္ခန္ဓာ၊ **'ဝိညာဏ်'** ကျတော့ ဝိညာဏ် ဥပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာ၊ ဥပါဒါန်ဝိညာဏ်။

### ပဋိစ္စသမုပ္ပါဒ် ဝိညာဏ်

**'ပဋိစ္စသမုပ္ပါဒ် ဝိညာဏ်** - အကြောင်းကိုစွဲပြီး ဖြစ်တဲ့ဝိညာဏ်'၊ အဲဒါ **'ပဋိစ္စသမုပ္ပါဒ် ဝိညာဏ်'**၊ နားယားလို့ ကုတ်တာတွေကျတော့ ပဋိစ္စသမုပ္ပါဒ် ဝိညာဏ်၊ မျက်စိနဲ့မြင်တာ ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်၊ စက္ခုဝိညာဏ်။

### သံယောဇဉ် ဝိညာဏ်

လူတွေ ဘာတွေမြင်သွားရင် **'သံယောဇဉ်ဝိညာဏ်'** ဖြစ်သွားပြီ၊ ဓမ္မာနုပဿနာက **'သံယောဇဉ် ဝိညာဏ်'** ခေါ်တယ်၊ **'စက္ခုဉ္စပဇာနာတိ၊ ရူပေစပဇာနာတိ၊ ယဉ္စတဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ'** ဆိုတော့ **'သံယောဇဉ်ဝိညာဏ်'** ဖြစ်သွားတယ်၊ စက္ခုဝိညာဏ်ကကို **'သံယောဇဉ်'** ဖြစ်သွားတယ်၊ **'ဒိဋ္ဌိ သံယောဇဉ်'** ဘာလို့ဖြစ်တုံးဆိုတော့ လူတွေ ယောကျ်ားတွေ မိန်းမတွေ သွားမြင်တယ်၊ အဲဒါ သံယောဇဉ်ဝိညာဏ်၊ သံယောဇဉ်ဝိညာဏ်ကို ဖြတ်နိုင်ရတယ်၊ အဲဒါတွေကို မဖြတ်နိုင်ရင် **'သံယောဇဉ်'**နဲ့ လည်မှာပေါ့၊ အခုလိုသိတော့ **'သံယောဇဉ်'**နဲ့ မလည်တော့ဘူး။

### ပီယဝိညာဏ်

ဥပါဒါန်ဝိညာဏ်၊ ပဋိစ္စသ မုပ္ပါဒ်ဝိညာဏ်၊ သံယောဇဉ်ဝိညာဏ်ပြီးတော့လည်း **'စက္ခု လောကေ ပိယရူပံ သာတရူပံ'**နဲ့ အဲဒီလိုဖြစ်သွားပြန်တော့ **'ပိယဝိညာဏ်'**၊ လောဘမူရဲ့ အာရုံဖြစ်တဲ့၊ ပိယဝိညာဏ် သာတဝိညာဏ်- **'လောဘမူဝိညာဏ်'**၊ ပိယရုပ် သာတရုပ်က ဖြစ်တဲ့ ဝိညာဏ်ဖြစ်သွားတယ်၊ ဝိညာဏ်တွေ အဲဒီလိုခွဲရတယ်။

www.burmeseclassic.com

www.burmeseclassic.com



**လောကုတ္တရာဝိညာဏ်**

အဲဒီလိုသိမှ မျက်စိတွေကို ကျော်ပြီးကြည့်နိုင်တော့မှ **'လောကုတ္တရာ ဝိညာဏ်'၊ 'ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ'** ကျတော့ အဲဒါ လောကုတ္တရာဝိညာဏ် ဖြစ်သွားတယ်၊ ဘယ်လောက် ကောင်းထားတုံး၊ အဲဒါ လူရယ်လို့လည်း မရှိဘူး၊ ယောကျ်ားတွေ မိန်းမတွေရယ်လို့လည်း မရှိဘူး၊ ဒိဋ္ဌိလည်း မရှိဘူး၊ အဲဒီလိုသိတော့ လွန်သွားတယ်၊ လောကုတ္တရာဝိညာဏ် အဲဒီလိုမှတ်။

**ဝိညာဏ်လေးမျိုး**

**ဝိညာဏ်လေးမျိုးရှိပါသည်၊ ဝိညာဏ်လေးမျိုးဟူသည်ကား- ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်၊ ဥပါဒါန်ဝိညာဏ်၊ သံယောဇဉ်ဝိညာဏ်၊ ပိယဝိညာဏ်။** ဝိညာဏ်လေးမျိုး၊ အဲဒီဝိညာဏ်တွေ ကျော်မှ **'လောကုတ္တရာဝိညာဏ်'** ဆိုတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဝိညာဏ် ဖြစ်သွားတယ်၊ အဲဒါ ကျော်ကြည့်နိုင်တယ်၊ ယောကျ်ားတွေမြင်လည်း ကျော်ကြည့်နိုင်တယ်၊ မိန်းမတွေမြင်လည်း ကျော်ကြည့်နိုင်တယ်၊ ဘာပြုလို့တုံးဆိုတော့ သူကသိထားတာကိုး၊ ဩော်လူတွေ ယောကျ်ားတွေဆိုတာက **'ဥပါဒါန်ဝိညာဏ်'** အဲလိုသိသွားတယ်၊ **'တထာဘူတဿ-** ထိုစက္ခုဝိညာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား**'**လို့ ဆိုတာက ဥပါဒါန်ဝိညာဏ်။ ပြီးတော့ သံယောဇဉ်၊ ဓမ္မာနုပဿနာက**'သံယောဇဉ်ဝိညာဏ်'**၊ ပြီးတော့ **'ပိယလောကေ သာတလောကေ'** ဆိုတာကတော့ **'ပိယဝိညာဏ်'**။ ပြီးတော့ **'အနိစ္စဝိညာဏ်'**၊ **'ပဋိစ္စသမုပ္ပါဒ် ဝိညာဏ်'**ဆိုရင် သူကအနိစ္စ ဖြစ်သွားတာပါပဲ၊ အခုအသံကြားလို့ ကြားတဲ့ဝိညာဏ် ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်၊ အဆင်းရှိလို့ အလင်းရှိလို့ မြင်တဲ့ ဝိညာဏ်၊ အဲဒါ ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်။

**'စက္ခုဝိညာဏ်'**က ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်၊ အဲဒါကလည်း အကြောင်းရှိမှမြင်တဲ့ဝိညာဏ်၊ အကြောင်းလည်း မရှိတော့ပျက်သွားတယ်၊ **'ဉာဏ်'**က ဝိညာဏ် ပေါ်ကိုနေမှ၊ **'ဉာဏ်'**က ဝိညာဏ်ပေါ်မနေဘူးဆိုရင် အဲဒီဝိညာဏ်က ဉာဏ်ပေါ်ရောက်သွား ပြီးတော့ မျက်စိတွေက အဝိဇ္ဇာ တဏှာ ဥပါဒါန်တွေ ဖြစ်သွားတယ်၊ ဒါကြောင့် မျက်စိကမမှန်ဘူး၊ လောကုတ္တရာလမ်း သွားမယ်ဆို အဲဒါမျိုး သိရတယ်၊ ဝိညာဏ် သူ့အကြောင်းတွေ သိရတယ်။

အဲဒါတွေကိုပဲ **'အတ္တဝိညာဏ်'၊** အနတ္တ လိပ်ပြာလေး ဘာလေး လိပ်ပြာချုပ်တယ်၊ ဘာလုပ်တယ်၊ ချိန်ခွင်လေးနဲ့ချိန်ပြီး သင်္ချိုင်းကုန်းမှာလေ၊ မအေကြီးက သေသွားလို့ ဝမ်းထဲက ကလေးက ကျန်နေခဲ့တယ်၊ မအေကြီးကလည်း မသေနိုင်လို့ အစွဲအလမ်းနဲ့ ဖြစ်နေလို့ လူကြီးတွေက မစွဲလမ်းအောင်လို့ဆိုပြီး သူ့သားကလေး ဘယ်လိုလုပ်မယ်၊ ဘယ်လို ထိန်းသိမ်းမယ် ဆိုပြီး အဲလိုပြောဆိုပြီးမှ မအေကြီးက သေသွားတယ်၊ အဲဒါ လိပ်ပြာချုပ်တယ်၊ လိပ်ပြာစွန့်

www.burmeseclassic.com

www.burmeseclassic.com



တယ်နဲ့ အဲလိုဟာ သင်္ချိုင်းကုန်းမှာ အဲလိုရှိတဲ့ဟာရှိတယ်၊ အဲဒါ **'ဥပါဒါန်ဝိညာဏ်'** ပေ့ါ၊ သားဖွား ပြီးတော့ သေသွားတယ်၊ မအေက မသေနိုင်ဘဲဖြစ်နေတာပေ့ါ၊ အဲဒီတော့မှ လူကြီးတွေ ဘာတွေ က ပြောပြီးတော့မှ သေသွားတယ်၊ အဲဒါဂရုစိုက် ကြားဖူးတယ်မို့လား၊ **'ဥပါဒါန် ဝိညာဏ်'**၊ အဲဒီဝိညာဏ်က သူ့ဟာသူ နာမည်ထွက်လာတာ။

**ဝိညာဏ်ဖြစ်ရင် ကျန်တဲ့ခန္ဓာတွေဖြစ်တယ်**

**'ဝိညာဏ်'-** အရင်တုန်းက မခွဲတတ်ဘူး၊ မခွဲတတ်ရင် သူတကာမြင်ရင် သားစိတ် မယားစိတ် လင်စိတ် သားစိတ်တွေကူးသွားတယ်၊ အဲသလိုမျိုး ပုထုဇဉ်ခေါ်တာပေ့ါ၊ **'ဝိပလ္လာသ'** ရှိတဲ့ပုဂ္ဂိုလ်ကို ပုထုဇဉ်ခေါ်တယ်၊ **'သညာဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသ စိတ္တဝိပလ္လာသ'** က တကယ့်ကို **'လူ'** ထင်တယ်၊ အဲဒီ **'ဝိပလ္လာသ'** ကြောင့် ပုထုဇဉ် ဖြစ်တယ်၊ အရိယာမဖြစ်သေးဘူး၊ **'ဝိပလ္လာသ'** ကို ဝိပလ္လာသမှန်းသိမှ အရိယာဖြစ်တယ်၊ ပုထုဇဉ်မဟုတ်တော့ဘူး၊ ကလျာဏဆိုတော့ အဲလို ဖြစ်သွားတယ် အဲလိုမှတ်ထား၊ **'ဝိညာဏ်လေးမျိုး'**၊ အဲလိုသိလိုက်တော့ ဝမ်းထဲ အဲဒီဝိညာဏ် မရှိတော့ဘူး၊ မျက်စိကမြင်တယ်၊ နားကကြားတယ်၊ အဲဒါ **'ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်-** အကြောင်းကို စွဲ၍ အကျိုးဖြစ်သော ဝိညာဏ်၊ **'ပဋိစ္စသမုပ္ပါဒ် ဝိညာဏ်'၊** ချက်ချင်းဖြစ်ပြီး ချက်ချင်းပျက် သွားတယ်၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ **'အနိစ္စ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ'** အနိစ္စဖြစ်သွားပြီ၊ **'ပဋိစ္စသမုပ္ပန္နံ'** ခေါ်တယ်၊ **'ဒွါရနဲ့အာရုံ'**က ပဋိစ္စသမုပ္ပါဒ်။ အဲဒီမှာ ဝိညာဏ်ဖြစ်လို့ရှိရင် ဒီ့ပြင်ခန္ဓာလေးပါး လည်းဖြစ်တယ်။

**'ဧကံခန္ဓံ ပဋိစ္စ တယောခန္ဓာ၊ တယောခန္ဓေ ပဋိစ္စ ဧကောခန္ဓော'၊ 'ဝိညာဏ်'** လို့ ဆိုလိုက် လို့ရှိရင် ဒီ့ပြင် ခန္ဓာသုံးပါးလည်းပါတယ်တဲ့၊ **'ဝေဒနာ'**ရယ်၊ **'သညာ'**ရယ်၊ **'သင်္ခါရ'**ရယ်၊ ပြီးတော့ ဝိညာဏ်ကတော့ **'ဝိညာဏက္ခန္ဓာ'**ပေ့ါ၊ ခန္ဓာလေးပါး ဖြစ်သွားတယ်၊ **'စက္ခုနဲ့ရူပ'** ကတော့ **'ရုပ်ခန္ဓာ'** ခေါ်တယ်၊ ဒွါရအာရုံ၊ အာရုံကြောင့်ဖြစ်တဲ့ ခန္ဓာငါးပါး၊ အဲဒီခန္ဓာငါးပါးက **'ဥပါဒါနက္ခန္ဓာ'** ခေါ်တယ်။ အဲဒီခန္ဓာငါးပါးကို **'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ'**ဆိုတာ ဒုက္ခသစ္စာခေါ်တယ်၊ အခုဖြစ်ပြီး အခုပျက်တယ်၊ အဲလိုသိမှ၊ ပဋိစ္စသမုပ္ပါဒ်ခန္ဓာမှန်းသိမှ ဖြစ်တာပျက်တာသိတယ်၊ ပဋိစ္စ သမုပ္ပါဒ်မှန်းမသိရင် ဖြစ်တာပျက်တာမှန်းမသိဘူး၊ ခု **'စက္ခုဝိညာဏ်'** က ပဋိစ္စသမုပ္ပါဒ် ဝိညာဏ်၊ အဲလိုဖြစ်သလို **'မနောဝိညာဏ်'** ကလည်း ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်၊ မနောဝိညာဏ် ကလည်း ဘာဝိညာဏ်တုံး (ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်ပါဘုရား)၊ အေး အဲလို သို့မဟုတ်ရင် **'မနော'**ကို ငါမှတ်နေရော၊ ပဋိစ္စသမုပ္ပါဒ်လို့ မမှတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ်က 'တစ်ဝိညာဏ်'ရတယ်၊ အစဆုံး 'တစ်'က **'ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်-** အကြောင်းကိုစွဲ၍အကျိုးဖြစ်တဲ့ ဝိညာဏ်'။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာနုပဿနာက 'နှစ်ဝိညာဏ်' ရတယ်။ ဓမ္မာနုပဿနာက **'စက္ခုလောကေ ပိယရူပံ သာတရူပံ'**နဲ့ အဲလိုဆိုတာကိုး၊ အဲဒါက **'ပိယဝိညာဏ်'**၊ ဝိညာဏ်ဖြစ်လာရင်လည်း သံယောဇဉ် ဖြစ်သွားတယ်၊ အဲဒါက **'သံယောဇဉ်ဝိညာဏ်'**၊ **'ပိယဝိညာဏ်၊ သံယောဇဉ်ဝိညာဏ်'**။

စက္ခုဝိညာဏ်တွေ၊ သောတဝိညာဏ်တွေဖြစ်လာတော့ ဥပါဒါန်ဖြစ်တယ်၊ **'ဥပါဒါန် ဝိညာဏ်'**၊ **'တံ သမင်္ဂီ ပုဂ္ဂလော'** လို့ဖွင့်တယ်၊ **'တထာဘူတဿ**-ထိုစက္ခု ဝိညာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား' လို့ဆိုရင် အဲဒီထဲပါတဲ့ခန္ဓာတွေဟာ **'ဥပါဒါနက္ခန္ဓာ'** ဖြစ်သွား တယ်၊ ဥပါဒါနက္ခန္ဓာက ဘယ်ဟာတုံးဆိုလို့ရှိရင် 'စက္ခုဝိညာဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်အား'၊ အဲဒီထဲမှာပါတဲ့ **'ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်'**တို့ဟာ **'ဥပါဒါနက္ခန္ဓာ'**ခေါ်တယ်။

အဲဒါ **'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ'**၊ ဒုက္ခသစ္စာထဲပါတယ်၊ အဲဒါက **'ဓမ္မစကြာ ဝိညာဏ်'** လည်း ဖြစ်သွားတယ်၊ ငါးဝိညာဏ် ဖြစ်သွားတယ်၊ ဒိဋ္ဌိတွေ ကျန်တဲ့ ဝိညာဏ်တွေ မပါသေးဘူး၊ ကျန်တဲ့ ဝိညာဏ်တွေက **'အတ္တဝိညာဏ်'**၊ အင်း ပြောရင်ရှုပ်သွားလိမ့်တယ်၊ **'ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ'**၊ နိဗ္ဗာန်ကလည်း ဝိညာဏ်ပါသေးတယ်၊ ဒါတွေ ပြောရင် ရှုပ်သွားလိမ့်မယ်၊ အဲလိုဂရုစိုက်။ **'ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်၊ ဥပါဒါန်ဝိညာဏ်၊ သံယောဇဉ်ဝိညာဏ်၊ ပိယဝိညာဏ်'**။

## ဥပါဒါန်ဝိညာဏ်မှန်းသိတော့ ဥပါဒါန်လည်းမရှိတော့ဘူး

အဲဒီဟာသိမှ၊ အဲဒါဝိညာဏ်ကို **'ဝိညာဏက္ခန္ဓာ အနိစ္စ'**ဆိုတော့ **'ပဋိစ္စ သမုပ္ပါဒ်ဝိညာဏ်'** ခေါ်တယ်၊ ဟိုဟာတွေလည်း အဲလိုခေါ်တာပါပဲ၊ အဲဒီဝိညာဏ်မရှိလို့ရှိရင် ဥပါဒါန်လည်း မရှိတော့ဘူး၊ **'ဥပါဒါန်ဝိညာဏ်'**မှန်းသိတော့ ဥပါဒါန်လည်းမရှိတော့ဘူး၊ **'ပိယဝိညာဏ်'**ဆိုတော့ ပီယလည်း မရှိတော့ဘူး၊ သြော် ဝိညာဏ်ကြောင့် ပိယရုပ် သာတရုပ်ဖြစ်တာကိုး။

**'စက္ခု လောကေ ပိယရူပံသာတရူပံ'**၊ သြော် မျက်စိတွေကြောင့် ပိယရုပ် သာတရုပ် လောဘမှုဖြစ်တာကိုး၊ ဟော အဲဒါတွေကို ကျော်ကြည့်လိုက်တော့ **'လောကုတ္တရာ'** ဖြစ်သွား တယ်၊ ကျော်ကြည့်ဆိုရင် ဘယ်လိုကြည့်တုံးဆရာဆိုရင် ဒိဋ္ဌိတွေလည်းမဖြစ်ဘူးလေ၊ ဝိညာဏ်က **'ဥပါဒါန်ဝိညာဏ်'**ကိုး၊ တဏှာကလည်း ဝိညာဏ်ကိုး၊ အဲလိုဝိညာဏ်မှန်းသိရင် သားစိတ် မယားစိတ် လင်စိတ် အဲလိုစိတ်တွေ မကူးတော့ဘူး။

သို့မဟုတ်လို့ရှိရင် စိတ်ကူးလို့မဆုံး တစ်မိုးချုန်း၊ ပြီးတော့ရလားဆိုရင် တကယ်လည်း မရဘူး၊ **'ဥပါဒါန်'**ကို အစွဲအလမ်းဖြစ်လို့ အဲဒီစိတ်ဖြစ်တာ၊ အဲလိုစိတ်ဖြစ်တော့ လင်စိတ် သားစိတ်

www.burmeseclassic.com

www.burmeseclassic.com



တွေကူးပြီးတော့ ကူးရုံတင်မကဘူး တကယ်ယူလိုက်ပြီးဆုပ်ကိုင်ထားတော့ အဲဒါလွှတ်ပါ ဆိုတော့ မလွှတ်နိုင်ဘူး၊ အဲဒါ ဒုစရိုက်တွေမဖြစ်မှ၊ ဒုစရိုက်ဖြစ်ရင် ငါ့မယားမထိနဲ့ ငါ့သားမထိနဲ့ ဒေါသ လောဘ မာနတွေကြီးနဲ့၊ အဲဒါတွေနဲ့ကိုပဲ ဒုက္ခများပြန်ရော၊ ဒါကြောင့်အဲလိုသိထား ရမယ်၊ ကိုယ့်ကိုယ်ကိုကြီးရော၊ **'ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်'**မှန်း သိရမယ်၊ အကြောင်းကိုစွဲ၍ ဖြစ်တဲ့ဝိညာဏ်ဆိုတော့ အကြောင်းကိုမစွဲတော့ဘူးဆိုတော့ နိဗ္ဗာန်ရောက်သွားတာပေါ့၊ ပဋိစ္စသမုပ္ပါဒ်က **'ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ'**၊ အဲဒါ ပဋိစ္စသမုပ္ပါဒ်ခေါ်တယ်။

**ဝိပလ္လာသတို့ကြောင့် ပုထုဇဉ်တို့သည် ရှုးသွပ်ကုန်၏**

ဟိုဒကာမကြီးဆိုရင် သားကလေး ရေထဲပါသွားလို့ အုန်းပင်ပေါ်တက်နေရတာ၊ မအေ ရော ဖအေရော၊ ရေတွေက ခါးလောက်ရှိတော့ အိမ်ကြီးက ကျွတ်ပြီးတော့ ပြိုလဲပြီးပါသွားရော၊ သစ်ပင်တွေကလည်း ဒီ့ပြင်သစ်ပင်တွေက မရှိတော့ဘူး၊ ခါးလောက်မှ နေနိုင်သေးတယ်၊ ရေတွေက ခါးအထက်ရောက်လာပြီဆို မနေနိုင်တော့ဘူး၊ တစ်ခါတည်း ဒီပြင့်သစ်ပင်ကလည်း မရှိတော့ အုန်းပင်ပေါ်တက်ရတယ်၊ အဲဒီရေလွတ်အောင် အုန်းပင်တက်ပြီး ဖက်နေရတယ်၊ ခြောက်ပေ၊ ခုနှစ်ပေ၊ ဆယ်ပေ၊ ဆယ့်နှစ်ပေ၊ ဆယ့်သုံးပေလို့ဆိုရင် အဲဒီဟာ လွတ်အောင် တက်ရတာ၊ မိန်းမတွေ ဘယ်တက်နိုင်မတုံး၊ အသက်ကြောင့်တက်ရတာ အဝတ်တွေကစို၊ အဲဒါ (၅)နာရီကတိုက်တာ၊ (၇)နာရီကျတော့ မမြင်ရတော့ဘူး၊ သူ့လည်းမမြင်ရ၊ ငါ့လည်းမမြင်ရ၊ သားသမီးတွေလည်း မမြင်ရ၊ သစ်ပင်လည်းမမြင်ရဘူး၊ (၇)နာရီကနေ တစ်ညလုံး မနက်၁၀နာရီ ကျမှ ပြန်ဆင်းနိုင်တော့တယ်။

ဆင်းနိုင်တော့မှ သားသမီးတွေ ကြည့်လိုက်တဲ့အခါကျတော့ မရှိတော့ဘူး၊ အဲဒီနား နှစ်ရွာ သုံးရွာ၊ သန်သန်မာမာကြီးတွေလည်း သေတာပဲ၊ များသောအားဖြင့် ဘိုးကြီးအို မယ်ကြီး အိုတွေနဲ့ ကလေးတွေအသေများတယ်၊ အဲဒီကလေးကတော့ ဆယ်နှစ်ရှိတယ်၊ မော်လမြိုင် ကျွန်းပေါ် ကျောင်းနေတယ်၊ ကျောင်းပိတ်တော့ ရွာပြန်နေတာ အဲဒါလေမိသွားတယ်၊ ဒကာမကြီး ငိုမနေနဲ့ ငိုလို့ရှိရင် အမှတ်ရတိုင်းငိုမှာပဲ၊ အဲလို ငိုရတဲ့မျက်ရေတွေ သမုဒ္ဒရာလေးစင်းထက် သာသေးတယ်၊ မြတ်စွာဘုရားမြင်တာ သမုဒ္ဒရာလေးစင်းထက် သာတယ်။

အခုတစ်ဘဝငိုတဲ့မျက်ရည်ကို အလယ်တယ်ပန်းကန်တစ်လုံးလောက် နှစ်ဘဝ နှစ်လုံး၊ သုံးဘဝ သုံးလုံးနဲ့ ဆယ်ဘဝဆိုရင် ဆယ်လုံး၊ အလယ်တယ်ပန်းကန်နဲ့ဆယ်လုံးလောက်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြည်သားလောက်ရှိမှာ၊ ဆယ်ဘဝ တစ်ပြည်သားဆိုရင်၊ ဆယ့်တစ်ဘဝဆိုရင် တစ်ခါတည်း တစ်ပြည်ကနေ နှစ်ပြည်-တစ်တင်း၊ တစ်တင်းကနေ ကိုးတင်း၊ ဆယ်တင်း အင်း မြစ်ချောင်းကြီး လောက်ရှိလာရော။ တစ်ခါတည်း **'ပဋာစာရီ'** ဆိုရင်ဒိုတာ လင်ကလည်းသေ၊ သားသမီးတွေ ကလည်းသေ၊ အိမ်သွားမယ်ဆိုတော့လည်း မောင်တွေ ဘတွေ အမေတွေကလည်းသေ၊ ဟော တစ်ယောက်တည်း မျောက်သစ်ကိုင်းလွတ်သလို ဘာမှမတတ်နိုင်ဘူး၊ အဲတော့ စိတ်က ရူးသွားတယ်၊ အဲဒီ မောင်တွေ လင်တွေ သားတွေ မိခင်တွေဆိုတာတွေက ဘာတွေတုံးဆိုတော့ **'ဝိပလ္လာသ'**။ **'ဝိပလ္လာသေဟိ**-ဝိပလ္လာသတို့ကြောင့်၊ **ပုထုဇနေ**- ပုထုဇဉ်တို့သည်၊ **ဥမ္မာဒန္တိ**- ရူးသွပ်ကုန်၏**'**၊ အဲလို ပုထုဇဉ်တို့က အဲလိုဘေးနဲ့တွေ့ရင် ရူးသွပ်တတ်တယ်၊ ဘာလို့ ရူးသွပ်လဲဆိုရင် ပုထုဇဉ်တွေမို့လို့၊ ဘာလို့ ပုထုဇဉ်ဖြစ်လဲဆိုရင် **'ဝိပလ္လာသ'** ရှိလို့။ **'သညာဝိပလ္လာသ**၊ **စိတ္တ ဝိပလ္လာသ**၊ **ဒိဋ္ဌိဝိပလ္လာသ'**။

**'ငါ့ဟာ' လို့မစွဲနဲ့**

အဲဒါ ခန္ဓာငါးပါးကြီးကို **'ဝိပလ္လာသ**-အထင်မှားအမြင်မှား**'**၊ **'ဝိပလ္လာသ'** ဆိုတာ အဲလို ဖြစ်တတ်တယ်၊ ဝိပလ္လာသတွေဖြစ်တော့ ပုထုဇဉ်ဖြစ်တယ်၊ ပုထုဇဉ်ဖြစ်လို့ရှိရင် ရူးတယ်၊ အဲဒါဒိုလွန်းလို့ ရူးသွားတာ၊ မဒိုနိုင်တော့ဘူး၊ သောကတွေများလွန်းပြီး လင်သေလို့ ဘယ့်နှယ့် စားရပဲ့မတုံးဆိုတဲ့ သောကတွေများသွားတယ်။ အဲတော့ ပုထုဇဉ်မဖြစ်နဲ့၊ ရှေးတုန်းက ဘုရားရဲ့ တရားကြားလိုက်တာနဲ့ အရိယာ ဖြစ်တယ်ဆိုတာ အဲလိုသိလို့၊ **'သညာဝိပလ္လာသ'** မဖြစ်နဲ့၊ မိန်းမတွေ ယောက်ျားတွေ ဆန်အလှူ ခံသွားအုံးမယ်၊ ဆန်ဘယ်နှစ်ပြည်လောက်ရတယ်နဲ့၊ ဟော သူ့အိတ်ထဲက နှိုက်ယူသွားရင် နှမြောရော၊ ငါ့ဆန် ငါ့ဆန်နဲ့ သူတကာပေး လိုက်တာလေး ကို **'ငါ့ဟာ'** လို့ မစွဲနဲ့။ **'သညာ ဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသ'။**

အဲဒီ **'ဝိပလ္လာသ'** ရှိရင် ပုထုဇဉ်ဖြစ်တယ်၊ အဲဒီ **'ဝိပလ္လာသ'** ရှိရင် ဘာဖြစ်တုံး (ပုထုဇဉ် ဖြစ်ပါတယ်ဘုရား)၊ ပုထုဇဉ်ဖြစ်ရင် ဘာဖြစ်တုံး (ရူးကြပါတယ်ဘုရား)၊ **'ဥမ္မာဒန္တိ -** ရူးကြတယ်**'**တဲ့။ **'ဝိပလ္လာသေဟိ**-ဝိပလ္လာသတို့ကြောင့်၊ **ပုထုဇနေ**-ပုထုဇဉ်တို့သည်၊ **ဥမ္မာဒန္တိ**- ရူးသွပ်ကုန်၏**'**၊ **'ဝိပလ္လာသ'** ကြောင့်လည်း ပုထုဇဉ်ဖြစ်တယ်၊ **'ပုထုဇဉ်'** ကြောင့်လည်း ဝိပလ္လာသဖြစ်တယ်၊ အဲလိုမှတ်ထား၊ မြင်တာတွေကို **'လူ'** လို့မစွဲနဲ့၊ မျက်စိက မြင်တာမဟုတ်ဘူးလား၊ လူလို့ပြောရင် **'ဒိဋ္ဌိဝိပလ္လာသ'**၊ မျက်စိကမြင်တာကို တကယ့်လူကြီးလို့ သိနေပြန်ရင်လည်း **'စိတ္တ ဝိပလ္လာသ'**၊ သညာကရော မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား)၊ **'သညာဝိပလ္လာသ'**။

www.burmeseclassic.com

www.burmeseclassic.com



**ဥပါဒါနက္ခန္ဓာကို ဒုက္ခသစ္စာ ခေါ်တယ်။**

**'မျက်စိမြင်တာက ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်'၊ 'စက္ခုဉ္စ ပဋိစ္စ ရူပေစ'** ဆိုတာ **'ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်'** ခေါ်တယ်။ **'တထာဘူတဿ-**ထိုစက္ခုဝိညာဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ် အား' ဆိုရင် စက္ခုဝိညာဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဆိုရင် စက္ခုဝိညာဏ်ထဲပါတဲ့ရုပ်ဟာ- **'ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာ'**၊ အဲဒါ **'ဥပါဒါနက္ခန္ဓာ'** ခေါ်တယ်၊ မျက်စိတွေ နားတွေ နှာခေါင်းတွေ လျှာတွေ ကိုယ်တွေ မနောတွေ ထဲက ဖြစ်တဲ့ ခန္ဓာဟာ **'ဥပါဒါနက္ခန္ဓာ'** ခေါ်တယ်၊ အဲဒီ **'ဥပါဒါနက္ခန္ဓာ'** ဟာ ဒုက္ခသစ္စာတဲ့၊ ဝမ်းထဲမှာ မရှိဘူး ဖြစ်ပြီးပျက်သွားတယ်၊ ဝမ်းထဲမှာ အဆုတ် အသည်း နှလုံးတွေ ကျောက်ကပ်တွေ အူတွေ ကျင်ကြီး ကျင်ငယ်တွေ အဲဒါတွေရှိတယ်၊ အဲဒီထဲမှာ၊ တစ်ခါတည်း လူတွေ ယောကျ်ားတွေ မိန်းမတွေ ခေါင်းထဲလည်း ဦးနှောက်တို့ ဒါပဲရှိတယ်၊ ခေါင်းထဲ ဘာတွေရှိတယ် (ဦးနှောက်တွေပါ ဘုရား)၊ ဝမ်းထဲဘာတွေရှိတယ် (အူတွေ အသည်းတွေပါဘုရား)။

**ဝိပလ္လာသတို့ကြောင့် ပုထုဇဉ်ဖြစ်တယ်**

အဲဒီရှိတာထက် ဒကာမကြီးတို့မပိုဘူးလား၊ ယောကျ်ားတွေရှိတယ်၊ မိန်းမတွေရှိတယ် ဆိုတော့ မပိုဘူးလား၊ ပိုလို့ပိုမှန်းသိရဲ့လား (မသိပါဘူးဘုရား)၊ အဲဒါ **'ငါ'** က၊ **'ဒိဋ္ဌိ'** က ဝိပလ္လာသ ကြောင့် မသိဘူး။ **'သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသ'**၊ **'ဝိပလ္လာသ'** တို့ကြောင့် ပုထုဇဉ်ဖြစ်တယ်၊ **'ပုထုဇဉ်'** ကြောင့် ဝိပလ္လာသ ဖြစ်တယ်၊ အဲဒီ **'ပုထုဇဉ်'** ဆိုတာ အဲလိုအရေးနဲ့ ကြုံရင် ရှူးသွားတယ်၊ ဟုတ်ကဲ့လား၊ ပဋ္ဌာစာရီ သောကဖြစ်သွားတယ်၊ သောကဖြစ်သွားတော့ ပရိဒေဝ ငိုတာပေါ့၊ ငိုလို့ကလည်း မဆုံးဘူး၊ အမှတ်ရတိုင်း ငိုနေတာ၊ ငိုတယ်ဆိုတာ ခုနတုန်းက မနေ့က ဒကာမကြီးလိုပေါ့၊ သားလေး အမှတ်ရတိုင်း ငိုတယ်၊ အမှတ်က မရပါနဲ့ဆိုလည်းနေမှာ မဟုတ်ဘူး၊ ဒီပြင်ဟာဖြစ်နေရင် အမှတ်မရဘူး၊ အမှတ်ရရင် ငိုပြန်ရော၊ ဟော ငိုလို့ဆုံးသေးလား (မဆုံးပါဘူးဘုရား)။ ငိုလို့မဆုံး တစ်မိုးချုန်း တစ်ဘဝ ငိုတာက အခါခါငိုတယ်။ တစ်နေ့ငိုရင် မျက်ရည်တွေက ဘယ်လောက်ကျတုံး ဂုံညင်း လောက်ကျတယ်၊ ဆယ်ရက်ဆို ဂုံညင်းဆယ်လုံး၊ တစ်လဆိုရင် ဂုံညင်းသုံးဆယ်၊ တစ်နှစ်ဆိုရင် ဂုံညင်းသုံးရာ့ခြောက်ဆယ်၊ မျက်ရည်တွေ အလယ်တယ်ပန်းကန်နဲ့ တစ်လုံး မကတော့ဘူး၊ အဲဒါတစ်ဘဝ၊ ဒကာမကြီးတို့က နာတော့တာ နာတာပါ၊ ဒီလိုကြဲတော့ မကြဲတတ်ဘူး၊ နာပြီးရင်ကြဲပေး၊ အခုမြင်တာ ကြားတာတွေက ဘာဝိညာဏ်တုံး (ပဋိစ္စသမုပ္ပါဒ် ဝိညာဏ်ပါဘုရား)၊ ခန္ဓာကိုယ်ထဲမရှိဘူးနော်၊ ခန္ဓာကိုယ်ထဲမှာ အူတွေ အသည်းတွေ အဆုတ်တွေ **'သုံးဆယ့်နှစ်ကောဋ္ဌာသတွေ'** ရှိတယ်၊ အဲဒါတွေ

www.burmeseclassic.com

www.burmeseclassic.com



ရေနေရင်လည်း တရားရတယ်၊ ခေါင်းထဲမှာ ဦးနှောက်ပဲရှိတယ် မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)၊ ကိုယ်ထဲ မှာလည်း အူတွေ အသည်းတွေ အဆုတ်တွေ။ **'လူတွေမဟုတ် အူအဆုတ် လမ်းဘေးပစ်ထားကောက်မသွား ခွေးကားချီလေ၏'**၊ ဆံပင် မွေးညင်း အူတွေ အသည်းတွေ အဆုတ်တွေကပိုတဲ့ဟာဆိုရင် လူတွေဖြစ် သွားတယ်၊ အူတွေ အသည်းတွေကို လူလို့ခေါ်တာ မဟုတ်လား (ဟုတ်ပါတယ်ဘုရား)၊ ခေါ်တဲ့ဟာ လိုက်သွားတော့ **'ဥပါဒါန်'** ဖြစ်သွားတယ်။

**'ရှိတာမခေါ် မရှိတာခေါ်၊ သူသော် အရူးဖြစ်သတည်း'**၊ ရှိတာက အူတွေ အသည်းတွေ၊ ရှိတာကို ဆိုနေမှပေ့ါ၊ အဲဒါကိုမဆိုဘူး ဘယ်သူရေ တယ်လီဖုန်းကြီးနဲ့ ဟိုသွားပြော ဒီသွားပြော၊ မရှိတာပြောတာပေါ့ **'သညာဝိပလ္လာသ'**၊ အဲလို သိပြီးမှခေါ် သက်သာတယ်၊ မသိဘဲနဲ့ခေါ်တော့ တကယ်စွဲလမ်းတယ်၊ တကယ်လူတွေ ထင်တော့ တကယ်စွဲလမ်းတယ်၊ သိတော့ မစွဲလမ်းဘူး၊ သိတာကညာဏ်ကိုး။ ကဲ မြင်တာ ကြားတာတွေ ဘာပြုလို့ဖြစ်တယ်၊ **'ပဋိစ္စသမုပ္ပါဒ်'** ကြောင့်ဖြစ်တယ်၊ ဘာပြုလို့ဖြစ်တယ် (ပဋိစ္စသမုပ္ပါဒ်ကြောင့် ဖြစ်ပါတယ်ဘုရား)၊ **'ပဋိစ္စသမုပ္ပါဒ်'** ခေါ်တယ်၊ စက္ခုပသာဒနဲ့ ရူပါရုံကိုစွဲပြီးတော့ **'စက္ခုဝိညာဏ်'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

နားကလည်း **'သောတဝိညာဏ်'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

နှာခေါင်းကလည်း **'ဃာနဝိညာဏ်'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

လျှာကလည်း **'ဇိဝှါဝိညာဏ်'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

ကိုယ်ကလည်း **'ကာယဝိညာဏ်'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

မနောကြီးကလည်း **'မနောဝိညာဏ်'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

အဲဒါ **'ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်'**၊ ဘာဝိညာဏ်တုံး (ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်ပါဘုရား)၊ **'ပဋိစ္စ'** ဖြစ်မှသမုပ္ပါဒ်ဖြစ်တယ်၊ ပဋိမစရင် သမုပ်မပါဒ်ဘူး၊ ဒါဝိညာဏ်မြဲသလား မမြဲဘူးလား (မမြဲပါဘူးဘုရား)၊ အမြဲတမ်းရှိနေတယ်ဆိုရင် **'သဿတ'** ခေါ်တယ်၊ မရှိပါဘူးလို့ ငြင်းလည်း **'ဥစ္ဆေဒ'** ဖြစ်ပြန်တယ်၊ အဲဒါကြီးကို ငါလို့ယူပြန်ရင်လည်း **'သက္ကာယ'** ဖြစ်တယ်၊ ဒါကြောင့် **'ဝိညာဏ် လေးမျိုးရှိပါသည်၊ ဝိညာဏ်လေးမျိုးဟူသော်ကား-ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်၊ ဥပါဒါန်ဝိညာဏ်၊ သံယောဇဉ်ဝိညာဏ်၊ ပိယဝိညာဏ်'**၊ ဝိညာဏ်လေးမျိုးကို ရေလိုက်စမ်း (ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်၊ ဥပါဒါန်ဝိညာဏ်၊ သံယောဇဉ်ဝိညာဏ်၊ ပိယဝိညာဏ်)။

**တထာဘူတသ – ထိုစက္ခုဝိညာဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်အား**

အဲဒီ **'ဝိညာဏ်'** ကိုတစ်ခါတည်း ဝိပလ္လာသဖြစ်သွားပြီး **'ဝိညာဏ်ဝိပလ္လာသ'**၊ ဝိညာဏ်ထဲကကိုက ဝိပလ္လာသသုံးပါးဖြစ်သွားပြီ၊ အဲဒီဝိညာဏ်ဖြစ်လို့ရှိရင် နာမ်ခန္ဓာလေးပါးဖြစ်တယ်။ **'ဇကာံ ခန္ဓံ ပဋိစ္စ တယောခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကောခန္ဓော၊ ဒွေဒွေခန္ဓေ ပဋိစ္စ ဒွေဒွေခန္ဓာ'**၊

www.burmeseclassic.com

www.burmeseclassic.com



ဒါက ပဋ္ဌာန်း၊ နိဿယပစ္စည်း၊ အညမညတို့ သဟဇာတ၊ အတ္ထိ၊ အဝိဂတ ငါးခု ဖြစ်သွားတယ်၊ **‘ဥပါဒါန်ဝိညာဏ်’** ကတော့ တစ်ခါတည်း **‘တထာဘူတဿ’**၊ **‘တထာဘူတဿ’**က ဘာလုပ်တာ တုံးဆိုတော့မှ **‘စက္ခုဉ္စ အပရိဘိန္နော’**၊ **‘စက္ခုဉ္စ** - စက္ခုပသာဒသည်လည်း၊ **အပရိဘိန္နော** - မပျက်သေး၊ **ရူပေစ** - ရူပါရုံတို့သည်လည်း၊ **အာပါထ မာဂစ္ဆန္တိ -** ထင်ခြင်းသို့ ရောက်ကုန်၏’။

**‘အာပါထ** - ရှေးရှုထင်တာ’၊ ရူပါရုံကြီးကရှေးရှုထင်တာ၊ အသံကလည်းနားထဲကို ရှေးရှုထင်တာ **‘အာပါထ’**၊ **‘အာပါထ** - ကျရောက်ခြင်း’ လို့လည်းဆိုတယ်၊ အဲလို နှစ်ခုဆုံမှ **‘တထာဘူတဿ** - ထိုစက္ခုဝိညာဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်အား၊ **ယံရူပံ**- အကြင်ရုပ်သည်’၊ စက္ခု ဝိညာဏ်နဲ့ပြည့်စုံတော့ **‘ရုပ်’** ကတော့ ရူပါရုံရုပ်နဲ့ စက္ခုပသာဒရုပ်ပဲ၊ ဒါပေမယ့် အဲဒီ **‘စက္ခုဝိညာဏ်’** ဆိုကတည်းက **‘ဝိညာဏ်’** ဆိုဟာ ပညာမဟုတ်ဘူး၊ **‘ဝိညာဏ်’** ဆိုတာဘာလဲ (ဝိညာဏ်ဆိုတာ ပညာမဟုတ်ပါဘူးဘုရား)၊ ဒီကိုယ်ကောင်ကြီးကထွက်တဲ့ဟာကြီး၊ ငါးပိဘယ်က ထွက်လဲ ငါးကထွက်တယ်၊ ငါးပိကမနံဘူးလား၊ **‘စက္ခုဝိညာဏ်’** ကလည်း ပသာဒကြီး ကထွက်တဲ့ ဝိညာဏ်၊ အဲဒီ **‘ဝိညာဏ်’** ကဘယ်သူကထွက်တဲ့ ဝိညာဏ်တုံး (ပသာဒကထွက်တဲ့ ဝိညာဏ်ပါဘုရား)၊ အဲဒီစက္ခုဝိညာဏ်နဲ့ပါတဲ့ရုပ်ဟာတဲ့။ **‘ရူပုပါဒါနက္ခန္ဓာ**-စက္ခုဝိညာဏ်နဲ့ ပြည့်စုံပါ’။

**ဥပါဒါန်ဝိညာဏ်က ဒုက္ခသစ္စာ ဖြစ်ပျက်**

**‘စက္ခုဝိညာဏ်’** ဖြစ်လို့ရှိရင် ရုပ်ပါလာတယ်၊ **‘စက္ခုဝိညာဏ်’** ဖြစ်လို့ရှိရင် ဘာပါလာလဲ (ရုပ်ပါလာပါတယ်ဘုရား)၊ အခုစက္ခုဝိညာဏ်မြင်တယ်ဆိုတော့ လက်ကြီးကို မမြင်ဘူးလား၊ ခြေထောက်ကြီးကို မမြင်ဘူးလား (မြင်ပါတယ်ဘုရား)၊ သူက ရူပါရုံကလာတာ၊ ခြေထောက်ကြီးတို့ လက်ကြီးတို့ ဖြစ်လာတယ်၊ အဲဒီခြေထောက်ကြီးတို့ **‘မြင်တဲ့ဝိညာဏ်’** က ဘာဝိညာဏ်တုံး (ဥပါဒါန် ဝိညာဏ်ပါဘုရား)၊ ကဲ ဒကာမကြီးတို့ မျက်စိဖွင့်ကြည့်လိုက်ပြီဆိုရင် အဲဒီခြေထောက်ကြီးတို့ လက်ကြီးတို့ မြင်တာပဲ၊ ရင်ဘတ်ကြီးတို့ဘာတို့ အကုန်လျှောက်မမြင်ဘူးလား (မြင်ပါတယ်ဘုရား)၊ အေး အဲဒါဘာဝိညာဏ်တုံး (ဥပါဒါန်ဝိညာဏ်ပါဘုရား)။ အေး **‘ဥပါဒါန်ဝိညာဏ်’** မှန်းသိမှ၊ အဲဒီ **‘ဥပါဒါန်ဝိညာဏ်’** ကို ကျော်ကြည့်နိုင်တယ်၊ ဥပါဒါန်ဝိညာဏ်မှန်းမသိရင် အဲဒီထဲပဲ တိုး တိုးနေတယ်၊ ဒကာမကြီးတို့ သံသရာက မလွတ်နိုင်ဘူး၊ အခု အဲဒါတွေသိရင် ဥပါဒါန်ဝိညာဏ် မှန်းသိရင် အဲဒီထဲမရောက်ဘူး၊ **‘ဥပါဒါန်ဝိညာဏ်’** က ဒုက္ခသစ္စာ ဖြစ်ပျက်၊ **‘ဥပါဒါန်ဝိညာဏ်’**က ဘာတုံး (ဒုက္ခသစ္စာဖြစ်ပျက်ပါဘုရား)။ အဲဒါ **‘ဒုက္ခသစ္စာ’** တစ်ပါးတည်းသိလိုက်တာနဲ့ပဲ သစ္စာ လေးပါးသိသွားတယ်၊ ရှေးတုန်းက တရားနာပုံ၊ အဲဒါက **‘ပဉ္စုပါဒါနက္ခန္ဓာ ပိ ဒုက္ခာ’**၊ ဒုက္ခသစ္စာ ရောက်သွားရင် **‘ဓမ္မစကြာ ဝိညာဏ်’** လည်းဖြစ်သွားတယ်၊ ဟုတ်ကဲ့လား၊ ဓမ္မစကြာဝိညာဏ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒကာမကြီးတို့ **'ပဌမတန်းတရား'** ရောက်သွားတယ်။ အဲဒါ **'ဝိညာဏ်ငါးမျိုး'**ပေ့ါ၊ အဲလိုဟန်သွားတယ်၊ အရင်တုန်းက ဒကာမကြီးတို့က ကြားလည်း မကြားဖူးတော့သိလည်းမသိဘူး၊ မပြောလည်း မပြောတတ်ဘူး၊ အဲဒီပဲရောက်သွားတော့၊ အခု **'ရူပုပါဒါနက္ခန္ဓာ'** ဆိုတော့ လူတွေတို့ ယောက်ျားတွေတို့ လှတာတွေတို့ ချောတာတွေ နာမည်တွေရော သဏ္ဌာန်တွေရော အဲဒါတွေ သွားမြင်သွားတယ်၊ ဘာခန္ဓာတုံး (ရူပုပါဒါ နက္ခန္ဓာပါဘုရား)၊ အဲဒါကြီးနဲ့ မခံစားဘူးလား၊ အဲဒါ **'ဝေဒနုပါဒါနက္ခန္ဓာ'**၊ ဒါမှ ဘုရားဟောတဲ့ **'ဥပါဒါနက္ခန္ဓာ ဒုက္ခသစ္စာ'** ဆိုတာ အဲလိုဟာမျိုး၊ ကဲ ဒကာမကြီးတို့ ပဌမတန်း မကောင်းဘူးလား၊ ကောင်းသလား (ကောင်းပါတယ်ဘုရား)။

မျက်စိကမြင်ရော၊ မျက်စိကမြင်တာကိုက **'တထာဘူတဿ - ထိုစက္ခုဝိညာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား'** လို့ပါတယ်၊ ဒကာမကြီးတို့က စက္ခုဝိညာဏ်နဲ့ ပြည့်စုံနေပြီ၊ ပြည့်စုံတော့ **'အဆင်း'** မြင်သလား၊ **'လူကြီး'** မြင်သလား၊ လူကြီးတို့ မိန်းမကြီးတို့ ကျောင်းကြီးတို့ အကုန်မြင်တာပေ့ါလေ၊ မြင်တော့ အဲဒီမြင်တဲ့ လူကြီးက ဘာလူကြီးလဲဆိုတော့ လက်ကြီးတွေရော ခြေထောက်ကြီး ဘာကြီးတွေရော ခေါင်းကြီးတွေရော ဆံပင်ကြီးတွေရော မပါဘူးလား (ပါပါတယ်ဘုရား)၊ **'စက္ခုဝိညာဏ်'**က တစ်ခြားနော်၊ **'စက္ခုဝိညာဏ်'**က အဆင်းမြင်ရမှာနော်၊ အခုဟာက **'ဝိညာဏုပါဒါနက္ခန္ဓာ'** ကို ပြောနေတယ်၊ ဘာပြောနေတယ် (ဝိညာဏုပါဒါနက္ခန္ဓာကို ပြောနေပါတယ်ဘုရား)။

**'တထာဘူတဿ-** ထိုစက္ခုဝိညာဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်အား၊ **ယံရူပံ -**အကြင်ရုပ်သည်၊ **အတ္ထိ-** ရှိ၏၊ **တံရူပံ-** ထိုရုပ်သည်၊ **ရူပုပါဒါနက္ခန္ဓေ-**ရူပုပါဒါနက္ခန္ဓာ၌ (ဝါ) ဥပါဒါန်စွဲသောရုပ်၌၊ **သင်္ချာ** - ရေတွက်ခြင်းသို့၊ **ဂစ္ဆတိ-** ရောက်၏'။ အဲဒါ **'ရုပ်'၊** ဓမ္မာနုပဿနာမှာ **'ဥပါဒါနက္ခန္ဓာ'** ဆိုတာ ဒကာမကြီးတွေ အရင်ကမသိဘူး၊ အခုမှသိတော့တယ်ဘုရားဆိုပြီးတော့ **'ဓမ္မာနုပဿနာ'** ကိုလွှတ်ကျေးဇူးတင်သွားတယ်၊ အဲဒီ ဓမ္မာနုပဿနာ၊ ပိယရုပ် သာတရုပ် လည်းပါတယ်လေ၊ ပြီးတော့ သံယောဇဉ်လည်းပါတယ်၊ ဝိညာဏ်က **'သံယောဇဉ်ဝိညာဏ်'။ 'ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ တဉ္စ ပဇာနာတိ'၊** အဲဒါကပါဠိဆိုတော့ ဒကာမကြီးတို့က အဲလိုမှ အနက်မပေးတတ်တော့ အဲလိုအနက်ပေးရတယ်၊ ကိုယ့်ဘာသာကိုယ် အိပ်ရာဝင်တော့ပေး၊ **'စက္ခုဝိညာဏ်'** က **'ဥပါဒါန်ဝိညာဏ်'** ဆိုတော့ သူက သူမြင်တဲ့အဆင်း မမြင်တော့ဘူး၊ ဥပါဒါန်ကမြင်လိုက်တာကိုး၊ ဘယ်သူက မြင်လိုက်တာလဲ (ဥပါဒါန်က မြင်လိုက် တာပါဘုရား)၊ ဥပါဒါန်ဆိုတာ လောဘနဲ့ဒိဋ္ဌိ၊ ဥပါဒါန် ဆိုတာ ဘာလဲ (လောဘနဲ့ ဒိဋ္ဌိပါဘုရား)။ **'ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ အတ္တဝါဒုပါဒါန်၊ သီလဗ္ဗတုပါဒါန်'** ဆိုတာပဲ၊ သုံးခုကို တရား ကိုယ်ကောက်ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



လောဘနှင့်ဒိဋ္ဌိက အဲဒီ ဝိညာဏ်ကို မကပ်ဘူးလား၊ ကပ်သလား (ကပ်ပါ တယ်ဘုရား)။ အဲဒီတော့ **'ဒိဋ္ဌိ'** ကပ်သွားပြီ၊ **'လောဘ'** ကပ်သွားပြီ၊ အဲဒါကို ဥပါဒါန် ဝိညာဏ်၊ အဲဒီဥပါဒါန် ဝိညာဏ်မှန်းသိတော့ အဲလိုကပ်အုံးမလား (မကပ်တော့ပါဘူးဘုရား)၊ ယောကျ်ား ကြီးမြင်ရင် တကယ့်ယောကျ်ားကြီးပုံလို့ လောဘနဲ့ယူအုံးမလား (မယူတော့ပါဘူးဘုရား)။ အေး မယူတော့ဘူး၊ အဲသလိုနဲ့ တစ်ခါတည်းဟန်သွားကာ၊ သားစိတ် မယားစိတ် လင်စိတ်လည်း မကူးတော့ဘူး၊ ဘာပြုလို့-**'ဥပါဒါနက္ခန္ဓာ'** မှန်းသိလို့၊ ဘာပြုလို့ (ဥပါဒါနက္ခန္ဓာမှန်းသိလို့ပါဘုရား)။

**မျက်စိကမြင် အဆင်းမြင်၊ လူမြင်အာသဝ**

အေး အဲဒါဒုက္ခသစ္စာသိလိုက်တာနဲ့ လောဘလည်းမပယ်ဘူးလား ပယ်ပါတယ်ဘုရား၊ အဲဒါ လောဘပယ်ရမယ်ဆိုတာ ငါ့ရှေးတုန်းကမသိဘူးတဲ့၊ အဲဒီစကားထွက်တာက ဓမ္မစကြာ၊ အခုတော့သိပြီဆိုပြီးတော့ လောဘကြီးပယ်လိုက်တာ ဘုရားဖြစ်သွားတာကိုး၊ ဘာဖြစ်သွား လည်း (ဘုရားဖြစ်သွားပါတယ်ဘုရား)၊ ဒကာမကြီးတို့ရောမဖြစ်နိုင်ဘူးလား ဖြစ်နိုင်လား၊ ဖြစ်နိုင်တယ်၊ အခု တရား တစ်ထိုင်တည်းပဲ၊ အဲဒါလေးသာအမှတ်ရ၊ ဒီကလည်း **'မျက်စိကမြင် အဆင်းမြင်၊ လူမြင် အာသဝ'** နဲ့ အရင်ချပေးတယ်၊ မျက်စိမှာမြင်တာ-မျက်စိမှာ ဘယ်သူကပ်ပြီး မြင်သတုံး၊ လောဘနဲ့ ဒိဋ္ဌိကပ်မြင်တယ်၊ ဒိဋ္ဌိမြင်ပုံက မျက်လုံးကြီးတို့ ပါးကြီးတို့ နှုတ်ခမ်းကြီးတို့ လှတာတွေ လျှောက်မြင်တယ်ပေါ့။

အရုပ်ဆိုးတာတွေ သွားမမြင်တော့ဘူး၊ သွားခေါ်ကြီးမှ လှပြန်တယ်၊ အဲလိုတွေဖြစ်ကုန် တယ် ဟုတ်ကဲ့လား၊ မျက်စိလေးမှေးတာလေးမှ တစ်ချို့က သဘောကျတယ်၊ တစ်ချို့က သွားခေါ်မှသဘောကျ၊ သူကသဘောကျတာမဟုတ်ပါဘူး၊ ဒိဋ္ဌိနဲ့လောဘက သဘောကျတာ၊ ဥပါဒါန်ဆိုတော့ မဟုတ်တာတွေ လျှောက်လျှောက်သဘောကျတယ်၊ ဝိပလ္လာသဖြစ်ရင် ဘာဖြစ် တုံး၊ ပုထုဇဉ်ဖြစ်တယ်၊ ပုထုဇဉ်ဖြစ်ရင်ဘာဖြစ်တုံး (ဝိပလ္လာသဖြစ်ပါတယ်ဘုရား)။စိတ်ထဲမှာ မရှုးဘူးလား၊ အဲဒါ **'ဝိပလ္လာသ'** ကြောင့်ရှုးတာ၊ အခုဒကာမကြီးတို့မှာ ဝိပလ္လာသမရှိတော့ဘူး၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ အဲလိုတွေးလိုက်လို့ရှိရင် **'ဝိပလ္လာသ'၊ 'ဥပါဒါနက္ခန္ဓာ'** လို့ဆိုလိုက်၊ ဘယ်လိုဆိုမယ် (ဥပါဒါနက္ခန္ဓာလို့ ဆိုရပါမယ်ဘုရား)၊ မမှန်ဘူးလား မှန်လား (မှန်ပါတယ်ဘုရား)၊ မှန်ရင်- သစ္စာ၊ ဥပါဒါနက္ခန္ဓာလို့ဆိုရင် ဒုက္ခသစ္စာ၊ **'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ'** ဓမ္မစကြာမှာ မပါဘူးလား (ပါပါတယ်ဘုရား)။

ဒါကြောင့်တရားမသိ ဓမ္မစကြာနဲ့ ညှိလို့၊ ဓမ္မစကြာသာရောက် တရားကရတယ်၊ ဥပါဒါနက္ခန္ဓာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)၊ **'ဥပါဒါနက္ခန္ဓာ'** ဆိုတာ ရိပ်မိပလား၊ စိတ်ကူး

www.burmeseclassic.com

www.burmeseclassic.com



ထဲကသိတဲ့အသိ လောဘနဲ့ ဒိဋ္ဌိ၊ စိတ်ကူးထဲ ဘယ်သူကကူးလဲဆိုရင် လောဘနဲ့ ဒိဋ္ဌိ၊ ဘယ်သူ ကောင်းဖို့ကူးတုံး ငါကောင်းဘို့ကူးတယ်၊ အဲဒါ **'အတ္တငါ'**ခေါ်တယ်၊ အဲဒီစိတ်ကူးမရှိရင် အဲဒါကို မရှိတော့ဘူး ရိပ်မိပလား၊ အင်း ဟိုမှာ တရားကြီးတွေ တစ်ခါတည်း ရှုလိုက်တာ အဲလိုသိရဲ့လား၊ ပြန်လာရင် အနိစ္စ ဒုက္ခကိုရောက်လို့ ရာဂတွေကပေါ်လာပြန်ရော၊ အဲဒါကြောင့် **'လူမရှိသော စိတ်'** နဲ့ လုပ်ပါဆို၊ လူရှိတာ ဘာပြုလို့တုံး-ဥပါဒါန်ရှိလို့၊ ကဲ ဥပါဒါန် မရှိရင် **'လူ'** ရှိသေးလား (မရှိတော့ပါဘူးဘုရား)။

အဝိဇ္ဇာတောင်မရှိဘူး၊ **'အဝိဇ္ဇာမရှိ လူမရှိ'**တဲ့ ပထမတန်းကောင်းတဲ့တရား၊ အခုခန္ဓာ ကိုယ်ကြီး ဘာရှိတယ်ဆိုတာသိပလား၊ ဘာတွေရှိတုံး **'သုံးဆယ့်နှစ်ကောဋ္ဌာသ'** ရှိတယ်၊ ခန္ဓာ ကိုယ်ကြီး ဘာရှိတုံး (သုံးဆယ့်နှစ်ကောဋ္ဌာသရှိပါတယ်ဘုရား)၊ **'ဓာတ်လေးပါး'** ရှိတာပေါ့၊ အဲ ခုနတုန်းက ဥပါဒါန်တွေဘာတွေ ရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အေးအဲဒီဟာကြီးနဲ့ နေတယ်ဘုရားဆိုတာ၊ သုံးဆယ့်နှစ်ကောဋ္ဌာသကြီးနဲ့နေတယ် ဥပါဒါန်နဲ့မနေဘူး၊ ရိပ်မိပလား၊ အောင်မာ ပထမတန်းကောင်းတဲ့ တရားကို ကောင်းမှန်းရောသိရဲ့လား (သိပါတယ်ဘုရား)။

နာရင်းကိုပဲ ဘာမှမရှိဘူး၊ ဘာမှမရှိဘူးဆိုတာသိလား (သိပါတယ်ဘုရား)၊ သိသွား တယ်၊ တရားနာရင်းမတ်တတ်ကိုပဲ၊ ဒီနေ့တရား ပထမတန်းကောင်းတဲ့တရားကို လုပ်လိုက် ကြစမ်း၊ ဥပါဒါနက္ခန္ဓာလေး ပြောလိုက်တာနဲ့ကို ဟန်သွားတယ်၊ **'မျက်စိကမြင်'** ဘာတွေမြင်တုံး (အဆင်း မြင်ပါဘုရား)၊ **'အဆင်း'** မြင်တာမဟုတ်ဘဲနဲ့ **'ဥပါဒါနက္ခန္ဓာတွေ'** မြင်တယ်၊ ပါးကြီးတွေ မြင်တယ်၊ ရင်ခေါင်းကြီးမြင်တယ်၊ မမြင်ဘူးလား (မြင်ပါတယ်ဘုရား)၊ အဲဒါလောဘတွေ မဖြစ်ဘူးလား၊ တဏှာတွေရော မဖြစ်ဘူးလား၊ အေး အဲလိုသိ၊ စင်စစ် တဏှာဖြစ်အောင် ကြည့်တဲ့အကြည့်က ဘာအကြည့်လဲ (ဥပါဒါန်အကြည့်ပါဘုရား)၊ အေး အဲဒါမှ လင်စိတ် သားစိတ်ကူးတာ၊ တဏှာကကြည့်တာ၊ ဘယ်သူကကြည့်လဲ (တဏှာက ကြည့်တာပါဘုရား)။

အဲဒီတဏှာက တဏှာရှိတဲ့သူကကြည့်တာ၊ မြတ်စွာဘုရားတို့မှာ တဏှာမရှိဘူး၊ အဲဒါ ကြည့်သေးလား (မကြည့်တော့ပါဘူးဘုရား)၊ ကဲ သူ့မှာတဏှာရှိသလား (မရှိပါဘုရား)၊ အေး အဲသလို ဒကာကြီးတို့လည်း အဲလိုဖြစ်သွားနိုင်တဲ့အရည်အချင်းရှိတယ်၊ အဲဒါ **'အကြောင်း အကျိုး'** ပြောတာ။

**'တထာဘူတဿ** - ထိုစက္ခုဝိညာဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်အား၊ **ယံရူပံ** - အကြင် ရုပ်သည်၊ **အတ္ထိ** - ရှိ၏၊ **တံရူပံ** - ထိုရုပ်သည်၊ **ရူပုပါဒါနက္ခန္ဓေ** - ရူပုပါဒါနက္ခန္ဓာ၌ (ဝါ) ဥပါဒါန်စွဲသောရုပ်၌၊ **သင်္ဂဟ** - ရေတွက်ခြင်းသို့၊ **ဂစ္ဆတိ** - ရောက်၏'။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီရုပ်ကလည်း **'ဥပါဒါနက္ခန္ဓာဖြစ်တဲ့ရုပ်'** တဲ့ဗျ၊ **'ဥပါဒါနက္ခန္ဓာ'**မှာ ရေတွက်အပ်တဲ့ ရုပ်ဖြစ်သွားတယ်၊ **'ဥပါဒါနက္ခန္ဓာရုပ်'** ဆိုတာ ရိပ်မိသွားပလား၊ ဒိဋ္ဌိကိုက လူလို့ မိန်းမတွေလို့ အပျိုလို့ ယောကျ်ားလို့ အဲလိုစိတ်ကူးတာ၊ အဲဒါ ဥပါဒါန်က လူလို့ ယောကျ်ားလို့ မိန်းမလို့ စိတ်ကူးတယ်နော်၊ လောဘက ရာဂဖြစ်အောင် စိတ်ကူးတယ်၊ **'လောဘ'**က ဘာဖြစ်အောင် စိတ်ကူးလဲ (ရာဂဖြစ်အောင် စိတ်ကူးပါတယ်ဘုရား)၊ **'ဒိဋ္ဌိ'**ကဘာဖြစ်အောင်စိတ်ကူးလဲ၊ လူဖြစ်အောင်စိတ်ကူးတယ်၊ ဒိဋ္ဌိက ဘာဖြစ်အောင် စိတ်ကူးလဲ (လူဖြစ်အောင် စိတ်ကူးပါတယ် ဘုရား)၊ **'လောဘ'**က ဘာဖြစ်အောင်စိတ်ကူးလဲ (ရာဂဖြစ်အောင် စိတ်ကူးပါတယ်ဘုရား)၊ အဲဒီ **'ဥပါဒါနက္ခန္ဓာ'** မှန်းသိ၊ ဘာသစ္စာတုံး ခဏခဏ မဖြစ်ဘူးလား၊ ဖြစ်ရင် ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)၊ အေး အဲသလို **'ဒုက္ခသစ္စာ'**သိမှ ဒကာမကြီးမှာ အဲလိုစိတ်မကူးမှာ မဟုတ်ရင် သမီးသွား စိတ်ကူးလိုက်၊ လင်သွား စိတ်ကူးလိုက် အနိစ္စ ဒုက္ခကြီးရောက်လို့၊ ကိုအတ္တ၊ ကိုအတ္တနဲ့၊ အဲဒါလေး တစ်ခုသိတာနဲ့ကိုပဲ **'တထာဘူတသ'** မှတ်ထားနော်၊ အဲဒီ **'ဝိညာဏ်လေးမျိုး'**။ **'ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်၊ ဥပါဒါန်ဝိညာဏ်၊ သံယောဇဉ်ဝိညာဏ်၊ ပိယဝိညာဏ်'**။

### ဥပါဒါန်ကိုစွဲ၍ ဖြစ်သော ခန္ဓာ–ဥပါဒါနက္ခန္ဓာ

**'ဥပါဒါနက္ခန္ဓာ'** ဆိုတော့ ဒုက္ခသစ္စာ၊ ဝိညာဏ်လည်းဖြစ်သွားတာပဲ၊ အဲလို ဉာဏ်ကောင်းတယ်၊ ဒကာမကြီး၊ အဲလိုအခုပြန်စစ်ပါ ကိုယ့်ဘာသာစိစစ်ပါ၊ ရာဂဒေါသစိတ်ကူးမလား မကူးဘူးလားဆိုတော့ မကူးတော့ဘူး၊ ဒကာမကြီးရဲ့ ပထမတန်း ဘာပြုလို့ ဘုရားဟောတဲ့ ဒုက္ခသစ္စာ၊ အဲဒီ ဥပါဒါနက္ခန္ဓာ ကျုပ်မှာမှအစစ်ဆိုတော့ သစ္စာလေးပါး သိသွားပြီ။

**'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခသစ္စာ'**၊ အဲဒါဘာတုံး **'ဓမ္မစကြာ'** အတိုင်း တရားက ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)၊ ပေါ်လာတယ်တဲ့၊ ဓမ္မာနုပဿနာအတိုင်း ဟောတာ **'တထာဘူတသ'**၊ အဲဒီ ပါဠိကို ကျုပ်တို့လည်း အရင်တုန်းက ဥပါဒါနက္ခန္ဓာကို အနက်ပေးတာ 'ဥပါဒါန်ကိုစွဲ၍ဖြစ်သောခန္ဓာ'နဲ့၊ ဝိဂြိုဟ်တွေကို 'ဥပါဒါန်တို့၏ခန္ဓာ'နဲ့၊ အဲလိုဆိုတော့ ခုလိုသေချာမသိဘူး၊ ခုမှအဲလိုသေချာသိတော့ ပထမတန်း ဟန်တယ်၊ မဟန်ဘူးလား ဟန်သလား (ဟန်ပါတယ်ဘုရား)၊ ကဲ စိတ်ကူးမလား မကူးဘူးလား (မကူးပါဘူးဘုရား)၊ **'ဥပါဒါနက္ခန္ဓာ'** မှန်းသိရင် ရန်ဖြစ်စရာတွေ၊ စိတ်ဆိုးစရာတွေရော ကူးလို့ ဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)။ ဥပါဒါန်ပါမှဖြစ်တာ၊ အဲဒါအရင်းခံတရားဆိုတာ အဲလိုနာရတယ်၊ ဓမ္မစကြာက ပါဠိသာ အရွတ်များတယ်၊ ဒီလိုအဓိပ္ပါယ်သိက နည်းတယ်၊ ဒကာမကြီးတို့ကျ အဓိပ္ပါယ် အသိများအောင် လုပ်ရတယ်၊ အစဆုံးကတော့ ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်။

www.burmeseclassic.com

www.burmeseclassic.com



**‘ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်၊ ဥပါဒါန်ဝိညာဏ်၊ သံယောဇဉ်ဝိညာဏ်၊ ပိယဝိညာဏ်’**။

အဲဒီဝိညာဏ်ကိုက **‘စိတ္တဝိပလ္လာသ’** ထဲပါသွားပြီ၊ **‘စိတ္တဝိပလ္လာသ’** က စိတ်ဖောက်ပြန်တယ် ၊ရုပ်ဖောက်ပြန်တယ်၊ သည်းခြေဖောက်ပြန်တယ်ဆိုတာ **‘သည်းခြေရူး’**ပေါ့၊ ဒေါသဖြစ်တယ်ဆိုတာ စိတ်ဖောက်ပြန်တာ **‘ဒေါသရူး’** ခေါ်တယ်၊ တဏှာဆိုတာလည်း **‘တဏှာရူး’** ခေါ်တယ်၊ အရူးရှစ်ပါး၊ ဒိဋ္ဌိဖြစ်ပြန်လည်း **‘ဒိဋ္ဌိရူး’** ပဲ၊ ထန်းရည်မူးတာလည်း **‘အသူရာအရူး’** ခေါ်တယ်။

မူးပြန်တော့လည်း တောင်ပြောမြောက်ပြောနဲ့ရူးပြန်ရော၊ အဲဒီ **‘ဝိညာဏ်လေးမျိုး’** ကို ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ အဲဒါမျိုးစိတ်ကူးတယ် မကူးဘူးဆိုတာလည်း ကိုယ့်ကိုယ်ကို မသိဘူးလား (သိပါတယ်ဘုရား)၊ မကူးဘူးဆိုရင် မသန့်ရှင်းဘူးလား သန့်ရှင်းသလား (သန့်ရှင်းပါတယ်ဘုရား)၊ သန့်ရှင်းတယ်ဆိုရင် **‘အရိယာ’** ဖြစ်သွားတယ်၊ ပုထုဇဉ် မဟုတ်တော့ ဘူး၊ အဲဒီလူကို အသတ်ခိုင်း အခိုးခိုင်းရင်ခိုးမလား (မခိုးပါဘူးဘုရား)၊ ကာမေသုမိစ္ဆာလည်း အလုပ်ခိုင်းမယ်လုပ်မလား (မလုပ်ပါဘူးဘုရား)။

ဘာပြုလို့ ဒုစရိုက်တွေလုပ်တုံးဆိုတော့ **‘ဝိပလ္လာသတွေ’** ကြောင့်လုပ်တာ မဟုတ်ဘူးလား၊ ဘုရားတို့ အရိယာတို့မှာ စိတ်တောင်မကူးတဲ့ဟာတွေ၊ သူကမလုပ်ဘူးလား၊ ဘုရားရဟန္တာတွေ စိတ်တောင်မကူးတဲ့ဟာတွေကို သူတို့လုပ်တယ်၊ မိန်းမတွေလုပ်ရင် မိန်းမတွေက ဘာလဲ ဥမ္မတ္တက ပုထုဇဉ်၊ ဒါကြောင့် ပုထုဇဉ်တွေ တရားနာလိုက်တော့ ပုထုဇဉ်ဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ အဲသလိုဟာမျိုး **‘ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်’**၊ အခု မျက်စိတွေ ခန္ဓာကိုယ်ကြီးရှိတာက ရုပ်တွေနော်၊ သုံးဆယ့်နှစ်ကောဋ္ဌာသရှိတာ၊ သုံးဆယ့်နှစ်ကောဋ္ဌာသက ဓာတ်လေးပါးနဲ့လုပ်တော့ ဓာတ်လေးပါးလို့ရှိတယ်၊ အဲဒါပဲရှိတော့ အဲဒါကလည်း **‘ပဋိစ္စသမုပ္ပါဒ်’** ဆိုတော့ **‘မီးခတ်နဲ့ကျောက် ပွတ်တိုက်လောက် မီးတောက်ပေါ်သည်မှတ်’**၊ အဲဒါ **‘ပဋိစ္စသမုပ္ပါဒ်’**၊ မီးခတ်နဲ့ကျောက်ပွတ်တိုက်မှ မီးတောက်ပေါ်လာသလို၊ **‘အာရုံနဲ့ ဒွါရနဲ့’** ပေါင်းလိုက်ခါမှ **‘ဝိညာဏ်’** ဆိုတာပေါ်လာတယ်၊ ဟုတ်ကဲ့လား အဲလိုမှတ်ထားနော်၊ တော်ကြာ **‘ဝိညာဏ်ကြီး’** က အမြဲရှိတယ်ဆိုရင် **‘သဿတ’** ဖြစ်သွားတယ်။

**တထာဘူတဿ – ထိုမနောဝိညာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား**

ပဋိစ္စသမုပ္ပါဒ်က ‘စက္ခုဉ္စ ပဋိစ္စ’ ဆိုရင် အဲဒါ **‘ပဋိစ္စသမုပ္ပါဒ် ဝိညာဏ်’**၊ **‘တထာဘူတဿ’** က **‘ဥပါဒါန်ဝိညာဏ်’**၊ **‘ဓမ္မာနုပဿနာ’**က **‘သံယောဇဉ်ဝိညာဏ်’**၊ **‘စက္ခုလောကေ ပိယရူပံ သာတရူပံ’** ဆိုတာလည်း **‘ပိယဝိညာဏ်’**၊ အဲဒီထဲမှာ **‘တထာဘူတဿ** - ထိုစက္ခုဝိညာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်’ တောင်မှ အဲဒီခန္ဓာငါးပါးဖြစ်တော့ **‘မနောဝိညာဏ်ကြီး’** မဖြစ်ဘူးလား

www.burmeseclassic.com

www.burmeseclassic.com



(ဖြစ်ပါတယ်ဘုရား)၊ **'မနော ဝိညာဏ်ကြီး'** ကရော အဲဒါမပါဘူးလား (ပါပါတယ်ဘုရား)။ **'တထာဘူတဿ**- ထိုမနောဝိညာဏ်နဲ့ ပြည့်စုံသောပုဂ္ဂိုလ်အား**'၊ 'မနောဝိညာဏ်'** နဲ့ ဘာဖြစ်လို့ပြည့်စုံတုံးဆိုရင် ပဋိစ္စသမုပ္ပါဒ်ကြောင့် **'မနောဝိညာဏ်'** ဖြစ်လာတာနော်၊ အမြဲတမ်း အူတွေ အသည်းတွေထဲမှာ ရှိနေတယ်လို့ မမှတ်နဲ့ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အရိယာ မျက်လုံးနဲ့ **'ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်'** လို့မှတ်၊ တကယ့် ဝိညာဏ်ကြီးက အမြဲတမ်းဂဏန်းတွက်သလို အမြဲတမ်း တွက်နေတာမဟုတ်ဘူး၊ တကယ်ရှိတာမဟုတ်ဘူး၊ အမြဲတမ်းရှိတာမဟုတ်ဘူး၊ အပေါင်းအနုတ်ကလည်း ဂဏန်းနဲ့၊ အာရုံနဲ့၊ မနောနဲ့တွေ့မှ၊ အဲဒီ အပေါင်းအနုတ်ဆိုတဲ့ ဝိညာဏ်ပေါ်လာတာ၊ အရင်မပေါ်ဘူး။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်မှန်း သိရတယ်၊ မဟုတ်ရင် အလုပ်တွေက များလိုက်တာ၊ ဘာကများလိုက်တာနဲ့ ဆင်းရဲနေတာ၊ ဆင်းရဲတယ်ဆို **'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ'** ကြောင့် ဆင်းရဲတာ၊ ဘယ်သူကြောင့် ဆင်းရဲတာလဲ (ဥပါဒါနက္ခန္ဓာကြောင့်ဆင်းရဲတာပါဘုရား)၊ ဆင်းရဲတဲ့ **'ငါ'** ရှိသေးလား (မရှိတော့ပါဘူးဘုရား)။ အဲဒါတင်ကိုပဲဒုက္ခသစ္စာမှန်းသိသွားပြီ၊ အဲဒါ အရေးထားပါ၊ **'ဥပါဒါန်ဝိညာဏ်'** မျက်စိနဲ့ မြင်လို့ရှိရင် ဥပါဒါန်ဖြစ်မယ့်ဟာကျော်ကြည့်၊ ခေါင်းတွေ ခြေတွေလက်တွေ မကြည့်နဲ့၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ မိန်းမ ယောကျ်ားဆိုတဲ့ နိမိတ်ကြီးလည်း မကြည့်ရဘူး။ **'စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ'၊** ဘုရားရဲ့တရားက တစ်ခုနဲ့ တစ်ခုအလွန်ဆက်စပ် တယ်၊ မျက်စိနဲ့မြင်လို့ရှိရင် မိန်းမတွေ ယောကျ်ားတွေမယူရဘူးတဲ့။

**မိန်းမတွေ ယောကျ်ားတွေ ယူလိုက်ပါ  သူဟာ ဒိဋ္ဌုပါဒါန်ဖြစ်သတည်း။**

**ကာမုပါဒါန်လည်းဖြစ်သတည်း။**

အဲဒါ **'ဥပါဒါနက္ခန္ဓာ'** ဖြစ်တယ်၊ မိန်းမတွေလို့ကို စိတ်ထဲမယူတော့ဘူး၊ ကဲ ဘယ့်နှယ့် နေတုံး၊ ယောကျ်ားတွေလို့ကို မယူတော့ဘူး၊ ယူလိုက်ရင် **'ဥပါဒါနက္ခန္ဓာ'** ဒုက္ခသစ္စာမှန်း သိတဲ့ သူက မယူဘူး ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ ဒုက္ခသစ္စာမသိတဲ့သူက (ယူပါတယ်ဘုရား)၊ မယူတော့ ဒုက္ခဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ ဓမ္မစကြာရောက်သွားပြီ၊ ဒကာမကြီးတို့ ဒီနေ့မှ ပထမတန်းဖြစ်သွားတယ်၊ ဟုတ်ရဲ့လား၊ ကဲ --- တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## " မနောဓာတ် ဓမ္မဓာတ် တရားတော် "

၂၂. ၇. ၂၀၀၈

### သတိက အဆင်းဓာတ်ကိုမြင်တယ်

မျက်စိမြင်တာတွေ **'ရူပဓာတ်'** ခေါ်တယ်၊ **'ရူပဓာတ်'** လို့ကြည့်၊ **'လူတွေ'** လို့ မကြည့်နဲ့၊ **'သတိ'**က ရူပဓာတ်လို့ဆိုလိုက်တာနဲ့ပဲ **'အနိစ္စ ဖြစ်ပျက်ကြီး'** ဖြစ်သွားတယ်၊ လူလို့မြင်တယ် ကြည့်တယ်ဆိုရင် တိုက်တွေ တာတွေလို့ဆိုရင် ဖြစ်ပျက်ကို မမြင်ဘူး၊ တိုက်တွေ တာတွေ ဖြစ်သွားတယ်။ **'အဆင်းဓာတ်'** ရှိသကဲ့သို့ **'အသိနယ်'** ပြောင်းသွားတယ်၊ **'အဆင်း'** ဟာ **'အဆင်းဓာတ်'** ပဲ၊ **'မျက်စိမြင်တဲ့ ရူပါရုံ'** ဆိုတာ ရူပါရုံဟာ အဆင်းဓာတ်၊ အဲ့ဒါကို **'သတိ'** က လွတ်သွားတယ်၊ **'အဆင်းဓာတ်'** မဟုတ်ဘဲနဲ့ **'လူ'** ဖြစ်သွားတယ်၊ **'သတိ'** က မြင်ရင်ကို အဆင်းဓာတ်၊ သွားတွေ မြင်လည်း အဆင်းဓာတ်ပဲ၊ **'သတိ'** လက်လွတ်သွားတာ။

### ဓာတ်ရောက်မှ အပျက်ရောက်တယ်

ကုတ်လို့ယားတယ်ဆိုတာလည်း **'ဝါယောဓာတ်တွေ'** ပဲ၊ လှုပ်ရင် **'ဝါယောဓာတ်'**၊ မြင်ရင် **'စက္ခုဝိညာဏဓာတ်'**၊ မမြင်ခင်က **'စက္ခုဓာတ်'**။ **'မြင်ရင် စက္ခုဝိညာဏဓာတ်၊ မမြင်ခင် စက္ခုဓာတ်၊ မျက်စိနဲ့မြင်တာတွေက ရူပဓာတ်'**၊ အဲ့လိုဆိုမှ တေဇောပါတယ်၊ **'တေဇောဓာတ်'**၊ လောင်ကျွမ်းတဲ့ အပျက်တွေပါတယ်၊ ဓာတ်ရောက်မှ အပျက်တွေရောက်တယ်၊ အဲ့ဒီတော့မှ မြင်တဲ့ဟာက **'အဆင်းဓာတ်'** ရောက်လို့ ရှိရင် သံသရာမလည်တော့ဘူး။

### အဆင်းဓာတ် ရှိ တကယ်ကို အသိနယ်ကျော်လွှား၍

အပြင်က **'အဆင်းဓာတ်'**၊ အတွင်းက **'စက္ခုဓာတ်'**၊ ပေါ်တာက **'စက္ခုဝိညာဏဓာတ်'**။ ဒီတော့ပျက်တာ မသိဘဲနေတော့မလား၊ ဓာတ်ရောက်ရင် **'ပျက်တာ'** သိတော့တယ်၊ ပျက်တာ သိလို့ရှိရင် အဆင်းက သံသရာ မလည်ဘူး၊ အသိဉာဏ် မဖောက်ပြားတော့ဘူး။ **'အဆင်းဓာတ် ရှိ တကယ်ကို အသိနယ်ကျော်လွှား၍၊ မော်ကြွားကြသူငါထင် ရုပ်နာမ် မမြင်'၊ 'အဆင်းဓာတ် ရှိ တကယ်ကို အသိနယ်ကျော်လွှား၍'**၊ ကဲ အသိနယ်တွေက လူတွေ ယောကျ်ားတွေ မိန်းမတွေ ဖြစ်မသွားဘူးလား၊ ပြောစမ်း(ဖြစ်သွားပါတယ်)၊ အဲဒါ ဘယ်သူ လွဲတာတုံး၊ ကိုယ်လွဲတာလား၊ သူလွဲတာလား (ကိုယ်လွဲတာပါ)၊ လွဲတာက အခုမှ သိပြီလား၊ အရင်တုန်းကသိသလား(မသိပါဘူး ဘုရား)၊ အရင်တုန်းက **'အဆင်းဓာတ်'** သိရင်၊ အရင်တုန်း က အဆင်းဓာတ်က အသိနယ် မကျော်လွှားဘူး၊ အဆင်းကို အဆင်းပဲသိတယ်လို့ ဆိုလို့ရှိရင် အဆင်းဟာဓာတ်မဟုတ်ဘူးလား၊ ဓာတ်ဟာ **'လူ'** ဖြစ်သွားတယ်၊ **'လူ'** ဖြစ်သွားတော့ မှားမသွားဘူးလား (မှားသွားပါတယ်)။

www.burmeseclassic.com

www.burmeseclassic.com



## လူမရှိသော စိတ်ဆိုတာ

မျက်စိနဲ့မြင်တာ ဘာမြင်တုံး (အဆင်းမြင်ပါတယ်)၊ **'အဆင်းဓာတ်'** မရှိဘူးလား ရှိလား (ရှိပါတယ်ဘုရား)၊ **'အဆင်းဓာတ် ရှိ တကယ်ကို'**၊ ဆိုလိုက်စမ်း (အဆင်းဓာတ် ရှိ တကယ်ကို၊ အသိနယ်ကျော်လွှား၍၊ မော်ကြွားကြသူငါထင်၊ ရုပ်နာမ်မမြင်)၊ အဲဒါလေးပဲ အခု **'ရုပ်နာမ်'** မြင်ပြီလား။ **'အဆင်းဓာတ်နဲ့ ရူပဓာတ်'** က ဘာတုံး (ရုပ်ဓာတ်ပါဘုရား)။ သွက်သွက် လက်လက် ကလေး လုပ်ရတယ်၊ ဓာတ်တစ်ဆယ့်ရှစ်ပါး ခေါ်တယ်၊ လူတွေ ဟုတ်သေးလား (မဟုတ်ပါဘူး)၊ **'လူမရှိသောစိတ်'** ဆိုတာ အဲဒီဟာခေါ်တယ်၊ **'အဆင်းဓာတ် ရှိ တကယ်ကို၊ အသိနယ် ကျော်လွှား ၍ မော်ကြွားကြသူငါထင်၊ ရုပ်နာမ် မမြင်'**၊ အခုတော့ **'ရုပ်နာမ်'** မြင်ရင် **'ဖြစ်ခြင်း ပျက်ခြင်း'** ပေ့ါ၊ **'အဆင်း'** ဆိုတာ ဘာအာရုံတုံး (ရူပါရုံပါဘုရား)။

**'အာရုံကိုသိ မကပ်ငြိ လွတ်၏ သံသရာ'**။ မျက်စိကမြင်တာ ဘယ်သူတွေ ဖြစ်နေတုံး (လူတွေဖြစ်နေပါတယ်ဘုရား)၊ လူတွေဖြစ်နေတာ မှားသွားတယ်တဲ့၊ မြတ်စွာဘုရားက ရူပါရုံကို **'အဆင်းဓာတ်'**လို့ ခေါ်တယ်တဲ့။ **'ရူပါရုံ'** ဘာဓာတ်တုံး (အဆင်းဓာတ်ပါဘုရား)။ **'စက္ခုပသာဒ'**က ဘာဓာတ်တုံး (စက္ခုဓာတ်)။ စက္ခုပသာဒက **'မြင်တာ'** ကိုဘာဓာတ်တုံး (စက္ခုဝိညာဏဓာတ်)။ အေးအဲ့လို **'ဓာတ်'**ကိုမြင်၊ ဓာတ်ကိုမြင်မှ ဓာတ်ကိုမြင်တော့ အေးသွားတာပေ့ါ။ သူ့ဟာသူ ဘာမှကို လုပ်စရာ မရှိတော့ဘူး။

## ဓာတုမနသိကာရ

**'ဓာတုမနသိကာရ'**၊ ဘုရားရဟန္တာတွေလည်း ဒီဟာတွေကို နှလုံးသွင်းရတယ်၊ ဒါတွေ နှလုံးသွင်းပြီး လူတွေကို ဒါတွေ ဟောတာပဲ၊ လူတွေက ဒီလို သိသွားရင် ဒီလိုပဲ ဟန်သွားတာပဲ၊ အခုတော့ ဓာတ်က ပျင်းသွားတော့ ဓာတ်ကြီး ပျင်းသွားတော့ သမ်းသွားတာပေ့ါ၊ ကြွားလို့က မကောင်းဘူး၊ မပျော်ရဘူးပေ့ါ၊ ဓာတ်ဆိုတော့ ငြီးငွေ့သွားတယ်၊ သမ်းတာလည်း ငြီးငွေ့တယ် ခေါ်တယ်၊ သြော် လူမဟုတ်ဘဲကိုး၊ ကိုယ့်ကိုယ်ကို ဘာကြီးတုံး (ဓာတ်ကြီးပါဘုရား)။

**'ဓာတ်တစ်ဆယ့်ရှစ်ပါး၊ သစ္စာလေးပါး'**၊ အဲဒီလိုသိတော့ **'လောဘ'** ပါသေးလား (မပါပါဘူးဘုရား)၊ **'လောဘ'**ကို မရှိတော့ဘူး၊ ပထမတန်းပဲ၊ **'သိ ပယ် ဆိုက် ပွား'** ဆိုလိုက်စမ်း (သိ ပယ် ဆိုက် ပွား)၊ **'သစ္စာလေးပါး'** တရားက ဒီလိုလာတာ၊ အဆင်းကို မသိဘဲနဲ့ လူတွေလို့ သိရင် ဘယ့်နှယ့်လုပ်ပယ်မတုံး၊ အဆင်းလူကြီး ဖြစ်နေတယ်၊ အဲ့ဒါ **'အဆင်း'** ကို အဆင်းမှန်း သိရင် ပယ်သွားတာပဲ၊ **'လူ'** မရှိတော့ လောဘပယ်တယ်။ **'အသံဓာတ် ရှိ တကယ်ကို၊ အသိနယ် ကျော်လွှား၍၊ မော်ကြွားကြ သူငါထင်၊ ရုပ်နာမ်မမြင်'**။

www.burmeseclassic.com

www.burmeseclassic.com



**ဥပါဒ် ဌီ ဘင်၊ စ စဉ် အို သေ**

**'ရူပါရုံ'** က ဘာဓာတ်တုံး (ရူပဓာတ်ပါဘုရား)။

**'စက္ခုပသာဒ'** က ဘာဓာတ်တုံး (စက္ခုဓာတ်ပါဘုရား)။

**'မြင်တာ'** က ဘာဓာတ်တုံး (စက္ခုဝိညာဏဓာတ်)။

မြင်တာကကို **'စက္ခုဝိညာဏဓာတ်'**လို့ သိရမှာ၊ မြင်တာကဘာတုံး-ဥပါဒ် ဌီ ဘင်၊ မြင်တာက ဘာတုံး (ဥပါဒ် ဌီ ဘင်ပါဘုရား)၊ မြင်တာက နာမ်တရားမို့လား-ဥပါဒ် ဌီ ဘင် ပဲ ဖြစ်ရမယ်၊ **'စက္ခုပသာဒနဲ့ ရူပါရုံ'** က ဘာတုံး (ရုပ်ပါဘုရား)၊ **'ရုပ်'**ဆိုရင် စ စဉ် အို သေ၊ **'ရုပ်'** မျက်စိ မဖွင့်လိုက်ဘူးလား-စ စဉ် အို သေပဲ။ **'စ'** က ဥပစယ၊ **'စဉ်'** ကသန္တတိ၊ **'အို'** တာ ပျက်ဖို့ ယိုင်တာက ဇရတာ၊ **'သေ'** တာပျက်တာက အနိစ္စတာ၊ အဲ့လိုရှုရတယ်၊ **'ဥပါဒ် ဌီ ဘင်၊ စ စဉ် အို သေ'**၊ ဒုက္ခသစ္စာလား၊ သမုဒယသစ္စာလား (ဒုက္ခသစ္စာပါဘုရား)၊ အဲ့ဒီဒုက္ခသစ္စာကို မမြင်ဘူးတဲ့၊ ခန္ဓာမှာသံသရာရှိတယ်။

**အသက်လို့မထင်အောင် ဓာတ်တစ်ဆယ့်ရှစ်ပါး ဟောရတယ်တဲ့**

**'မြင်တာဟာ လူမဟုတ်၊ ရူပရုပ် တကယ်ပေါ့'**၊ ထိတာတွေလည်း ဖောဋ္ဌဗ္ဗရုပ်တွေ၊ လက်ကြီးတွေ မဟုတ်ဘူး၊ **'ဓာတ်တစ်ဆယ့်ရှစ်ပါး'** နဲ့သွား၊ အဲ့ဒါကို ဓာတ်တစ်ဆယ့်ရှစ်ပါး၊ အသက်လို့ ထင်ကြတယ်တဲ့၊ အသက်လို့မထင်အောင် **'ဓာတ်တစ်ဆယ့်ရှစ်ပါး'** ဟောရတယ်တဲ့။

**'မြင်တာ'** က ဘာဓာတ်တုံး (စက္ခုဝိညာဏဓာတ်ပါဘုရား)။

**'ကြားတာ'** ကရော ဘာဓာတ်တုံး (သောတဝိညာဏဓာတ်ပါဘုရား)။

**'နံတာ'** က ဘာဓာတ်တုံး (ဃာနဝိညာဏဓာတ်ပါဘုရား)။

**'လျက်တာ'**က ဘာဓာတ်တုံး (ဇိဝှါဝိညာဏဓာတ်ပါဘုရား)။

**'ထိတာ'** က ဘာဓာတ်တုံး (ကာယဝိညာဏဓာတ်ဘုရား)။

ထိရင် ကာယဝိညာဏဓာတ်-ဥပါဒ် ဌီ ဘင်၊ ကဲ နှလုံးသွင်းရဲ့လား၊ ဥပါဒ် ဌီ ဘင်လို့ နှလုံးမသွင်းတော့ ထိတာ သိတာ တစ်နေကုန် မနေ့ကလည်းထိ ဒီနေ့လည်းထိ တစ်ထိတည်း မထိဘူးလား (ထိပါတယ်ဘုရား)၊ အဲဒါကို **'သန္တတိယာ ပရိစ္ဆန္နော'**၊ **'သန္တတိယာ**-သန္တတိဖြင့် အစဉ်ဖြင့်၊ **ပရိစ္ဆန္နော**-ဖုံးလွှမ်းအပ်သည်'။ ဒီမီးတောက်ကြီးဟာ တစ်လင်းတည်း လင်းနေတယ် မဟုတ်လား၊ တစ်လင်းတည်း လင်းနေတာကို သန္တတိလို့ ဖုံးလွှမ်းနေတော့ ခုနတုန်းက (၆)နာရီက ထွန်းထားတဲ့ ဒီမီးပဲ၊ (၇)နာရီကျတော့လည်းဒီမီးပဲ၊ (၈)နာရီကျတော့လည်း ဒီမီးပဲလို့ မထင်ဘူးလား (ထင်ပါတယ်ဘုရား)၊ အဲဒါ သန္တတိ ဖုံးလွှမ်းသွားတယ်တဲ့၊ ဘာဖုံး (သန္တတိ ဖုံးသွားပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**ခဏပစ္စုပ္ပန်ရောက်မှ ဉာဏ်ရောက်တယ်**

သန္တတိဖုံးတော့ **‘အနိစ္စလက္ခဏံ**-အနိစ္စလက္ခဏာကို၊ **နဉပါဒါတိ**-မထင်**’၊** အနိစ္စလက္ခဏာကို မထင်တော့ လူဖြစ်သွားတာပေ့ါ၊ အခုမီးမွှေးပြီး ထမင်းချက်တယ်ဆိုရင် အခုမွှေး အခုတောက်၊ ကျက်မှငြိမ်းမှပဲ ဒီမီးကြီး သေတော့တယ်လို့ အဲ့လို မမှတ်နဲ့၊ အဲ့ဒါ ပစ္စုပ္ပန်ခေါ်တယ်၊ **‘သန္တတိပစ္စုပ္ပန်’** ဘာတဲ့တုံး၊ သန္တတိကြီးက ပစ္စုပ္ပန်ဖြစ်တယ်၊ စင်စစ် **‘ခဏပစ္စုပ္ပန်’** ရောက်မှ ဉာဏ်ရောက်တယ်၊ **‘ပျက်ပျက်နေတယ်’** ဆိုလိုက်စမ်း (ပျက်ပျက်နေတယ်)၊ မီးဖိုကြီးက ပျက်ပျက်နေတယ်၊ အခု မီးတောက်ကြီးက ကော (ပျက်ပျက်နေတယ်)၊ မီးတွေ ထွန်းထားရင် ပျက်ပျက်နေတယ်ပဲ၊ အခု ခန္ဓာကြီးကရော ဘယ်လိုတုံး (ပျက်ပျက်နေတယ်)၊ အဲ့လိုသိရတယ်၊ အပျက်မမြင်လို့၊ အဲဒ့ါ ဉာဏ်နဲ့မှ မြင်မှာ၊ ဉာဏ်တို့ သတိတို့၊ သတိသမ္ပဇဉ်ရှိရင် တစ်နေ့နေ့မှာ တရားဟန်တယ်၊ **‘သတိသမ္ပဇဉ်’** မရှိရင်တော့ မဟန်ဘူး၊ **‘သတိ’** ရှိရတယ်၊ **‘ပျက်ပျက်နေတယ်’**၊ **‘ရုပ်နာမ်’**။

**သဘောမသိ လူတွေရှိ ဒိဋ္ဌိအစွဲသန်**

အခုသွားတာတွေ လှုပ်တာတွေ **‘အပျက်တွေ’**၊ အဲ့လို တစ်ခါတည်းမှတ်၊ ခန္ဓာကိုယ်ကြီးက ဘာဓာတ်တုံး- **‘ကာယဓာတ်’**၊ ခန္ဓာကိုယ်ကြီးက ဘာဓာတ်တုံး (ကာယဓာတ်)၊ သူနဲ့တွဲတာက ဘာတုံး- **‘ဖောဋ္ဌဗ္ဗဓာတ်’**၊ ပြီးတော့ ထိတာ မသိဘူးလား (သိပါတယ်ဘုရား)၊ အဲ့ဒါ **‘ကာယဝိညာဏဓာတ်’**ပဲ၊ ဒီကိုယ်ကြီးကို **‘ဓာတ်သုံးပါး’** လုပ်ပစ်ရတယ်၊ သို့မဟုတ်လို့ရှိရင် **‘လူတွေ’** ပဲ ဖြစ်မှာပေ့ါ၊ လူတွေပဲ မိန်းမတွေပဲ ယောကျ်ားတွေပဲလို့ ဖြစ်နေလို့ရှိရင် **‘လောဘ’**ဆိုတဲ့ **‘ရာဂဒေါသ’** က ကပ်တယ်၊ **‘ဒိဋ္ဌိ’**ကလည်း ကပ်တယ်။ **‘သဘောမသိ လူရှိထင်တယ်’။**

**‘သဘောမသိ လူတွေရှိ ဒိဋ္ဌိအစွဲသန်’၊ ‘လူတွေ’** ရှိရင် ဒိဋ္ဌိအစွဲသန်တယ်၊ **‘ဉာဏ်’**ထဲမှာ လူမပါရဘူး၊ မျက်စိက ဖွင့်လိုက်ရင် ဉာဏ်မပါဘဲ ဖြစ်နေတာပေ့ါ၊ ရှေးက ဆရာတော်တွေက ဣန္ဒြေတွေနဲ့ စက္ခုတွေကို မြင်သော်လည်း မမြင်သလိုနေရတယ်တဲ့၊ **‘အန္ဓောဝိယ’** မျက်စိက မြင်တာက မမှန်ပဲကိုး၊ အဲဒါမြင်ပေမယ့် မမြင်သလိုနေရတယ်၊ ကြားပေမယ့်ဘယ်လိုတုံး (မကြားသလိုနေရတယ်)၊ အခုတော့ ကြားချင်မနေဘူးလား **‘ကြားချင်လို့ နားပြင်နေတယ်’** ဆိုတော့ ဒုက္ခကို ဘယ့်နှယ့်လုပ် သိမတုံး၊ **‘နားကဒုက္ခသစ္စာ’**၊ နားမဖြစ်ပျက်ဘူးလား (ဖြစ်ပျက်ပါတယ်)၊ ကြားတာက မဖြစ်ပျက် ဘူးလား (ဖြစ်ပျက်ပါတယ်)၊ ဖြစ်ပျက်ရင် ဒုက္ခသစ္စာပေ့ါ။ **‘ဝိပရိဏာမလက္ခဏံ ဒုက္ခသစ္စံ’၊ ‘ဒုက္ခသစ္စံ**-ဒုက္ခသစ္စာသည်၊ **ဝိပရိဏာမလက္ခဏံ** - ဖောက်ပြန်ခြင်းလက္ခဏာရှိ၏၊ **ပီဠနကိစ္စံ** - နှိပ်စက်ခြင်းကိစ္စရှိ၏**’**၊ အဲ့ဒါတွေက **‘ဒုက္ခသစ္စာရဲ့ အနက်တွေ’**

www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ပြီးတော့အော်ရော ငရဲကျတော့ မအော်ဘူးလား (အော်ပါတယ်ဘုရား)၊ အဲ့ဒါ သုခဝေဒနာတွေကို ကြွေးဆပ်တာ၊ သုခဝေဒနာတွေ ဘာလုပ်သတုံး (ကြွေးဆပ်တာပါဘုရား)၊ သူတစ်ပါးသားသမီးတွေ မတရားကာမလုပ်တယ် ဆိုပါတော့၊ သူတကာ ဟိုဟာမပြောဘဲနဲ့ လုပ်လိုက်တော့ အဲ့ဒီဟာတွေက ငရဲကျတယ်ဆိုတာ အဲ့ဒီသုခကို ကြွေးဆပ်တာ။

**ဓမ္မာရုံ ဓမ္မာရုံ**

ဒီက မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ကို ကုဋေတစ်သိန်းပျက်တယ်ဆိုတော့ အဲဒီလောက်ဟိုမှာခံရတယ်၊ အနှစ်ခြောက်သောင်း ဟို ဒု သ န သော သူဌေးသားတွေ၊ နှစ်ခြောက်သောင်း ပူလို့ ချည်းနေတယ်။ အဲ့ဒီ **'မနော'** ကလည်း **'မနော'**ကဘာတုံး (မနောဝိညာဏဓာတ်ပါဘုရား)၊ **'မနော ဝိညာဏဓာတ်'** ဆိုတာ သိတာကိုခေါ်တယ်၊ **'ဓမ္မဓာတ်'**၊ **'စိတ် စေတသိက် ပသာဒရုပ် သုခုမရုပ် ပညတ် နိဗ္ဗာန်'**၊ အဲ့ဒါ **'ဓမ္မဓာတ်'** ခေါ်တယ်၊ ဓမ္မဓာတ်-ဓမ္မာရုံ၊ စိတ် စေတသိက် ပသာဒရုပ် သုခုမရုပ်သောဠသ နိဗ္ဗာန် ပညတ်၊ အဲ့ဒါ **'ဓမ္မဓာတ် - ဓမ္မဓာတ် ခြောက်ပါးရှိပါသည်၊ ခြောက်ပါး ဟူသော်ကား၊ စိတ် စေတသိက် ပသာဒရုပ် သုခုမရုပ်သောဠသ နိဗ္ဗာန် ပညတ်'**။

အဲ့ဒါက **'ဓမ္မာရုံ'**၊ ပသာဒရုပ်ကို စိတ်ကလေးနဲ့ ကြည့်လို့မရဘူးလား၊ စက္ခုကို မျက်စိကို စိတ်ကလေးနဲ့ ကြည့်လိုက်စမ်း၊ နားဆီကို စိတ်ကလေးနဲ့ကြည့်လိုက်စမ်း၊ ကြည့်လိုက်တဲ့ဟာက ပေါ်တဲ့ဟာက **'မနောဝိညာဏ်'**၊ အဲ့လိုများ ကြည့်ဖူးလား၊ မကြည့်ဖူးတော့ မသိဘူး ဖြစ်သွားပါတယ်၊ မကြည့်ဖူးရင်ဘာတုံး (မသိဘူးဖြစ်သွားပါတယ်)၊ ဆရာကပြောပြမှသိတာ၊ အဲ့ဒါကြောင့် အနိစ္စမ ဒုက္ခမ ဘာမှန်းလည်းမသိ၊ အဲ့လိုကိုယ့်ဟာကိုယ် ဆိုရတယ်။

**မနောဓာတ် ဓမ္မဓာတ် မနောဝိညာဏဓာတ်**

ဝမ်းထဲက စိတ်ကလေးက၊ အတိတ်က မူလတန်းတုန်းက အတိတ်စိတ်ကလေးကို အာရုံပြုလိုက်စမ်း၊ အတိတ်ကဟာ ဘာတုံး-ဓမ္မာရုံ၊ အတိတ်စိတ်ကဘာတုံး (ဓမ္မာရုံပါဘုရား)၊ အာရုံပြုလိုက်တာဘာတုံး (မနောပါဘုရား)၊ သိလိုက်တာက (မနောဝိညာဏဓာတ်ပါဘုရား)။ အဲဒါမပေါ်ဘူးလား(ပေါ်ပါတယ်ဘုရား)၊ **'မနောဓာတ် ဓမ္မဓာတ် မနောဝိညာဏဓာတ်'**၊ ဘယ်နှစ်ခုတုံး (သုံးခုပါဘုရား)၊ အေး သုံးခုဖြစ်သွားတယ်၊ အဲ့လိုမှတ်၊ ဒါမှ သုံးခြောက်လီ (တစ်ဆယ့်ရှစ်ပါဘုရား)၊ **'ပသာဒရုပ်ငါးခု'**၊ အဲ့ဒါကရေတွက်ပြတာ၊ သချာခေါ်တယ်၊ မျက်စိကလေး ခုနေ ပူရှက်ဆိတ်ဝင်တော့ မယားဘူးလား (ယားပါတယ်ဘုရား)၊ မျက်စိလေး အာရုံပြုလိုက်စမ်း။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိလေးက **'ဓမ္မာရုံ'၊** အာရုံပြုလိုက်တာက **'မနော'**၊ သိတာက **'မနောဝိညာဏ်'**၊ အာရုံပြုတယ်ဆိုတာ ဆင်ခြင်တာပေါ့၊ **'ဆင်ခြင်တာ'** က မနော၊ **'သိတာ'** က မနော ဝိညာဏ်၊ အဲလိုလေး ဆိုဆိုနေမှ သိသိနေမှ၊ သိတယ်၊ သို့မှို့လို့ရှိရင် မသိဘူး၊ သို့မှို့လို့ရှိရင် ကိလေသာက လူတွေဖြစ်ပြီး ကိလေသာချည်းကပ်ကပ်နေတယ်၊ လူတွေ သားသမီးတွေ ယောက်ျားတွေ မိန်းမတွေ၊ အဲ့ဒါ **'ပညတ် ဓမ္မာရုံ'** မသိဘူး။

**'အာရုံကိုသိ မကပ်ငြိ လွတ်၏သံသရာ'၊** အဲ့ဒါ အာရုံမှန်း မသိဘဲဖြစ်နေတယ်၊ နားက ကြားတယ်၊ ကိုယ့်ဟာကိုယ် ကြားတာကိုအာရုံပြုလိုက်စမ်း၊ ကြားတာက **'သောတ ဝိညာဏ်'**၊ အဲ့ဒီကြားတာက သောတဝိညာဏ်က ဓမ္မဓာတ်ကြီး-ဓမ္မာရုံ၊ မနောနဲ့ ကြားတာကို အာရုံပြုတယ်၊ **'ကြားတယ် ကြားတယ်၊ ကိုယ်ကြားတာကို အာရုံပြုတယ်'**၊ ကိုယ်ကြားတာကို အာရုံပြုတာ ဘာတုံး (မနော)။

**'နား'** ကဘာတုံး (သောတပသာဒ)၊ **'အသံ'** က ဘာတုံး (သဒ္ဒဓာတ်)၊ **'ကြားတာ'** က ဘာတုံး (သောတဝိညာဏ်ဓာတ်)၊ အေး အဲ့လိုသိမှ အာရုံမှန်းသိတယ်၊ **'ဓမ္မာရုံ ခြောက်ပါး ရှိပါသည်၊ ခြောက်ပါးဟူသော်ကား-စိတ်၊ စေတသိက်၊ ပသာဒရုပ်၊ သုခုမရုပ်သောဠသ၊ နိဗ္ဗာန်၊ ပညတ်'**၊ နာမည်တွေနော်၊ အရေအတွက်ကျတော့ ပသာဒရုပ် ငါးခုတောင်ရှိတာ၊ သုခုမရုပ်က သောဠသ တစ်ဆယ့်ခြောက်ပါးတောင်ရှိတာ၊ သုခုမရုပ် သောဠသ၊ ဩဠာရိကရုပ် ဆယ့်နှစ်ပါး မပါဘဲ ကျန်တဲ့ဟာကိုခေါ်တာ၊ ဆယ့်နှစ်ပါးနဲ့ ဆယ့် ခြောက်ပါးနဲ့ပေါင်း (နှစ်ဆယ့်ရှစ်ပါးပါ ဘုရား)၊ ဆယ့်နှစ်ပါးက ဩဠာရိကရုပ်၊ ကျန်တဲ့ဟာက (သုခုမရုပ်ပါဘုရား)။

**'ဥပစယ သန္တတိ ဇရတာ အနိစ္စတာ'**၊ စ စဉ် အို သေ လည်းပါတယ်၊ စ စဉ် အို သေက ဘာတုံး (သုခုမရုပ်ပါဘုရား)၊ သုခုမရုပ်ဆိုတာ အာရုံကြီး၊ သုခုမရုပ်ဆိုတာ ဘာတုံး (အာရုံကြီးပါဘုရား)၊ အာရုံပြုလိုက်တာ ဆင်ခြင်တာကဘာတုံး (မနော)၊ စ စဉ် အို သေလို့ သိလိုက်တာက ဘာတုံး-မနောဝိညာဏ်၊ စ စဉ် အို သေက ဘာတုံး (သုခုမရုပ်ပါဘုရား)၊ အခုထိုင်တဲ့ဟာဘာတုံး ကာယဝိညတ်၊ စကားပြောတာက ဝစီဝိညတ်၊ ဘာတုံး အာရုံခေါ်တယ်-ဓမ္မာရုံ၊ ထိုင်တာနဲ့ စကားပြောတာက ဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)၊ အေး-ဓမ္မာရုံ၊ ကိုယ်ကြီးက ပေါ့ပါးတယ်-**'ကာယလဟုတာ'**၊ နူးညံ့တယ်-**'မုဒုတာ'**၊ အလုပ်လုပ်လို့ကောင်းတယ်-**'ကာယကမ္မညတာ'**၊ အဲ့ဒါ **'ဝိကာရရုပ်'**သုံးပါး၊ အဲ့ဒါ ဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)၊ သုခုမရုပ်ထဲပါတယ်၊ **'ဣတ္ထိဘာဝ**- မိန်းမ'၊ **'ပုမ္ဘာဝ**- ယောက်ျား'-ဘာအာရုံတုံး (ဓမ္မာရုံဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**ဝိညာဏံ အတ္တတော**

ဒကာကြီး၊ ဒကာမကြီးတို့က **'ဓမ္မာရုံ'**ကို ငါယောက်ျားကြီး ငါမိန်းမကြီးလို့ မသိဘူးလား (သိပါတယ်ဘုရား)၊ စင်စစ်တော့ ဣတ္ထိဘာဝ ပုမ္ဘာဝဆိုတာ ဘာတုံး(ဓမ္မာရုံပါဘုရား)၊ ကဲ ဓမ္မာရုံလို့ မသိဘူး၊ တကယ့်ယောက်ျားကြီး၊ တကယ့်မိန်းမကြီးလို့ မှတ်တယ်၊ ဆင်ခြင်တာက ဘယ်သူတုံး (မနောဓာတ်ပါဘုရား)၊ ဣတ္ထိဘာဝ ပုမ္ဘာဝက ဘာတုံး (ဓမ္မာရုံပါဘုရား)၊ မိန်းမမှန်း ယောက်ျားမှန်း သိတာကဘာတုံး(မနောဝိညာဏဓာတ်ပါဘုရား)။

အဲ့ဒီ **'မနောဝိညာဏ်'**ကိုလည်း ငါလုပ်သေးတယ်၊ **'ဝိညာဏံ အတ္တတော'** ငါလုပ်တယ်၊ စင်စစ် မနောဝိညာဏ်လို့သိရင် နောက်လုပ်ဦးမလား(မလုပ်တော့ပါဘူး)၊ မလုပ်လို့ရှိရင် ဖြစ်သေးလား (မဖြစ်တော့ပါဘူး)၊ မဖြစ်ရင် ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)၊ တစ်ခါတည်း တန်းရောက်မယ့်ဟာကိုမရောက်ဘူး၊ ဉာဏ်ကလေးက ခြားထားတာ၊ **'တဏှာ မာန ဒိဋ္ဌိ'** ရှိရင် ဒိဋ္ဌိလေးက ခြားထားတာ၊ ရှင်အနုရုဒ္ဓါဆိုရင် ဒိဗ္ဗစက္ခုရပြီးသား၊ ရှင်သာရိပုတ္တရာကိုပြောတာ၊ သူက သိကြားက ခဏခဏ ဖြစ်တဲ့အရှင်အနုရုဒ္ဓါ၊ ဒါကြောင့် ဒိဗ္ဗစက္ခု၊ အခု ဆီမီးတွေ ဘာတွေ လှူတာလည်း ဒိဗ္ဗစက္ခု ဖြစ်ခြင်းရဲ့အကြောင်း၊ ဘုရားတွေ မီးတွေဘာတွေလှူတာမြင်ရတယ် မို့လား၊ ဒိဗ္ဗစက္ခု အကြောင်းတွေ ခေါ်တယ်၊ ဒိဗ္ဗစက္ခုကို ဒကာမကြီးတို့ရဖူးတာပါပဲ၊ ဒါပေမယ့် အာသဝေါတော့ မကုန်ဘူးတဲ့၊ ကဲ အဲ့လိုပြောတာ၊ ဒကာမကြီးတို့လည်း အဲ့လိုသိမှ အာသဝေါ ကုန်မှာ။

**ဓာတ်သိမှ ဓာတ်ရောက်တော့မှာပေါ့**

မိန်းမဟာ ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ ဓမ္မာရုံမှန်း သိရဲ့လား(မသိပါဘူး)၊ ယောက်ျားဟာ ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ အာရုံက ဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)၊ ထိနမိဒ္ဓဟာ ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ အခု သမ်းတာတွေက ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ ကဲ သိသေးလား၊ ငါသမ်းတယ်လို့ မသိဘူးလား၊ မလွဲဘူးလား လွဲသလား (လွဲပါတယ် ဘုရား)၊ သမ်းတာဟာ ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ စေတသိက်ခေါ်တယ်၊ အဲ့လို သိတော့ မသမ်းတော့ဘူး၊ သို့မို့ ခဏခဏ သမ်း၊ ခဏခဏ မျက်ရည်တွေထွက်၊ ရုပ်တွေ ဓမ္မဓာတ်တွေကို လူတွေမှတ်နေတယ်၊ သမ်းတာ မပျင်းလို့ သမ်းတာလား၊ ပျင်းလို့ သမ်းတာလား (ပျင်းလို့ သမ်းတာပါဘုရား)၊ ပျင်းတာက ဘာတုံး(စေတသိက်)၊ စေတသိက်က ဘာဓာတ်တုံး (ဓမ္မဓာတ် ပါဘုရား)၊ အဲ့လိုကို သိရတယ်၊ ဒါမှ ပြုံးနိုင်တယ် သို့မို့မပြုံးနိုင်ဘူး၊ သူတကာ ပြုံးလည်း

www.burmeseclassic.com

www.burmeseclassic.com



သူပျင်းနေတော့တာပဲ၊ သမ်းနေတော့တာပဲ၊ အဲ့လို ဓာတ်ကိုမသိဘူး။ **'ဓာတ်'** မသိဘဲနဲ့ နိဗ္ဗာန်ကြီးကတော့ ရောက်ချင်လိုက်တာ၊ **'ဓာတ်'**သိလိုက်ရင် ရောက်သွားတဲ့ဟာကို ဓာတ်မသိဘဲနဲ့ ရောက်ပါ့မလား (မရောက်ပါဘူးဘုရား)၊ သိတော့မှ ရောက်တယ်၊ သိတာက ဘာသစ္စာတုံး (မဂ္ဂသစ္စာပါဘုရား)၊ ရောက်တာက ဘာသစ္စာတုံး (နိရောဓ သစ္စာပါ)၊ ဘယ်သူရောက်တာတုံး၊ ဒကာမကြီး ရောက်တာလား၊ ဓာတ်တွေရောက်တာလား (ဓာတ်တွေရောက်တာပါ)၊ **'ဓာတ်'**သိမှ ဓာတ်ရောက်တော့မှာပေါ့၊ ဒကာမကြီးက နိဗ္ဗာန် ရောက်ချင်လို့မရဘူး၊ ဓာတ်ကမှ နိဗ္ဗာန် ရောက်တာ၊ အဲ့လိုသိရင် တစ်ခါတည်း ရောက်သွားတယ်။ ပျင်းနေတော့ ခဏခဏ သမ်းနေတယ်၊ **'ထိန မိဒ္ဓ စေတသိက်'**၊ ဘာစေတသိက်တုံး (ထိန မိဒ္ဓ စေတသိက်ပါဘုရား)၊ ထိန မိဒ္ဓ ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ **'ဓမ္မဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်'**၊ ဒကာမကြီးတို့ အဲသလိုမျှား ကိုယ့်ဟာကိုယ်မျှား ခွဲဖူးသလား (မခွဲဖူးပါဘူး ဘုရား) ခွဲခွဲနေရတယ်။

ယောက်ျားတွေ သွားအောက်မေ့ရင် ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ ဒကာမကြီးတို့က ဆင်ခြင်တော့ ဘာဓာတ်တုံး (မနောဓာတ်ပါဘုရား)၊ သိတာက ဘာဓာတ်တုံး (မနောဝိညာဏဓာတ်ပါဘုရား)၊ ရာဂဖြစ်တာက ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ **'ရာဂ'**က စေတသိက်ပဲ၊ **'ရာဂ'**ကဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ **'ဓမ္မဓာတ်'**၊ **'ရာဂ'** ဖြစ်တာက ဒကာမကြီးတို့က ဓမ္မဓာတ်မှန်းသိလား (မသိပါဘူးဘုရား)၊ ကောင်းတယ်လို့ မသိဘူးလား (သိပါတယ်)၊ ကောင်းတယ်ဆိုတော့ တဏှာဖြစ်မသွားဘူးလား၊ ဝေဒနာကလည်း ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ ကောင်းတာကလည်း ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)။

တဏှာကလည်း ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ **'တဏှာ'**ကလည်း စေတသိက်ပဲ၊ **'တဏှာ'**ကဘာတုံး(စေတသိက်ပါဘုရား)၊ **'လောဘ စေတသိက်'**၊ အဲ့ဒီ လောဘစေတသိက်ကို ဓမ္မဓာတ်လို့ သိသေးလား(မသိပါဘူးဘုရား)၊ မသိတာ ဘယ်သူ့အပြစ်တုံး (ဒိဋ္ဌိအပြစ်)၊ ကိုယ့်ဟာကိုယ် မသိဘူးလေ၊ ကိုယ့်ဟာကိုယ်က မသိတာ၊ ကိုယ့်ဟာကိုယ်ဆိုတော့လည်း **'ဒိဋ္ဌိ'** ဖြစ်သွားပြီ၊ **'ဒိဋ္ဌိ'**ကလည်း ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ **'ဓမ္မဓာတ်'** ပဲလို့ သိရတယ်။

**ဓမ္မဓာတ်တွေ ပိတ်ထားတယ်**

**'ဓမ္မဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်'**၊ **'ဓာတ်'**ကသုံးပါး၊ အဲ့ဒီ **'ဓာတ်သုံးပါး'** ထဲမှာ ဓမ္မဓာတ်က စေတသိက်လည်း ပါတယ်၊ **'ဓမ္မဓာတ်'**က ဘာပါတုံး (စေတသိက်ပါပါတယ်)၊ **'စေတသိက်'** ကိုမသိတော့ ဒကာမကြီးတို့က **'ငါ'** ဖြစ်သွားတာပေါ့။ **'ဒိဋ္ဌိ'**ကလည်း ဘာဓာတ်တုံး

www.burmeseclassic.com

www.burmeseclassic.com



(ဓမ္မဓာတ်ပါဘုရား)။ **'လောဘ'**ကလည်း ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)။ **'သားကလေး'** ဆိုတာ ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)။ **'မိန်းမ'**ဆိုတာ ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ **'ယောကျ်ား'** ဆိုတာ ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)။

ယောကျ်ားဆိုတာ ဘာဖြစ်တာတုံး၊ စေတသိက်ဖြစ်တာ၊ **'ဒိဋ္ဌိစေတသိက်'** ကနေ တဏှာ ဖြစ်တော့ **'လောဘစေတသိက်'** ဖြစ်သွားတာပဲ၊ တန်းဖြစ်သွားတယ်၊ စေတသိက်က ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ ဒကာမကြီးတို့ဖြစ်တာဟာ စေတသိက်တွေ၊ ဒကာမကြီးတို့ ဖြစ်တာဟာ ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ **'စိတ်'**ကလည်း ဘာဓာတ်တုံး (ဓမ္မဓာတ်ပါ ဘုရား)၊ **'မနော'** ကလည်း ဘာဓာတ်တုံး(မနောဓာတ်)၊ **'မနောဓာတ် ဓမ္မဓာတ် မနော ဝိညာဏဓာတ်'** အဲ့ဒီဟာကို တော်တော်ရှင်းရတယ်၊ နိဗ္ဗာန်ဟာလည်း ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ ပညတ် ကလည်း ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)။ မိန်းမကြီးဆိုတာဟာ ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)။ မိန်းမကြီး မရှိရင် ဘာဓာတ်ရောက်သွားတုံး (နိဗ္ဗာနဓာတ်)၊ အေး နိဗ္ဗာနဓာတ်၊ သူ့ဟာ သူ နိဗ္ဗာန်ကို မရောက်အောင်တောင် ဘယ်သူက ပိတ်ထားတယ်နဲ့ ဆိုတော့ ဓမ္မဓာတ်တွေ ပိတ်ထားတယ်၊ ရိပ်မိလား။

**စေတသိက် ငါးဆယ့်နှစ်ပါး**

မိန်းမကြီးဆိုတာက ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)-**'စေတသိက်'**၊ သညာကလည်း ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)-**'စေတသိက်'**။

**'ပသာဒရုပ်၊ သုခုမရုပ်၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်၊ ပညတ်'၊** အဲ့ဒါ ဓာတ်ခြောက်ပါး မဟုတ်ဘူးလား-**'ဓမ္မာရုံ'**၊ အဲ့ဒီ ဓမ္မာရုံကို သိရမယ်၊ အခု ဒကာမကြီးတို့ဖြစ်နေတာတွေက စေတသိက်တွေ ဖြစ်နေတာ၊ ဟုတ်ရဲ့လား၊ **'ငါဆိုတာ'** ဘာ စေတသိက်တုံး (ဒိဋ္ဌိစေတသိက်ပါ ဘုရား)၊ **'မာနကြီးတာ'** ဘာစေတသိက်တုံး (မာနစေတသိက်ပါဘုရား)၊ **'ရာဂဖြစ်တာ'** ဘာ စေတသိက်တုံး (လောဘစေတသိက်ပါဘုရား)။ **'ငြူစူတာ'** ဘာစေတသိက်တုံး (ဣဿာ စေတသိက်ပါဘုရား)၊ **'ယုံမှားတာ'** ဘာစေတသိက်တုံး (ဝိစိကိစ္ဆာစေတသိက်ပါဘုရား)။

အဲ့ဒါတွေက စေတသိက်တွေပဲ၊ စေတသိက်တွေက ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ ဓမ္မဓာတ်တွေလို့မှတ်ရမယ်၊ စေတသိက်တွေကိုမှတ်၊ စေတသိက် ငါးဆယ့်နှစ်ပါး၊ အဲ့ဒါတွေ မရှိတော့မှ မဂ်ဉာဏ်၊ **'မဂ်ဉာဏ်'** ဆိုတာလည်း စေတသိက်ပဲ၊ **'ဉာဏ်'** ဆိုတာကလည်း ဘာတုံး (စေတသိက်ပါဘုရား)၊ **'စေတသိက်'** က ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**ဩဠာရိကရုပ် ဆယ့်နှစ်ပါး**

**ပသာဒရုပ် ငါးပါး** ရေလိုက်စမ်း

(၁) စက္ခု ပသာဒ
(၂) သောတ ပသာဒ
(၃) ဃာန ပသာဒ
(၄) ဇိဝှါ ပသာဒ
(၅) ကာယ ပသာဒ

**ဝိသယရုပ် ခုနစ်ပါး** ရေလိုက်စမ်း

(၁) ရူပါရုံ
(၂) သဒ္ဒါရုံ
(၃) ဂန္ဓာရုံ
(၄) ရသာရုံ
(၅) ဖောဋ္ဌဗ္ဗာရုံ - ပထဝီ
(၆) - တေဇော
(၇) - ဝါယော

အဲဒီ ခုနစ်ပါးကို **'ဝိသယရုပ်'**လို့ ခေါ်တယ်၊ ဟုတ်ကဲ့လား၊ အဲဒါဝိသယရုပ်-အာရုံရုပ်ပေ့ါ၊ **'ဝိသယရုပ်ခုနစ်ပါး'** ဆိုလိုက်စမ်း (ဝိသယရုပ် ခုနစ်ပါး)၊ **'ပသာဒရုပ်ငါးပါး'** (ပသာဒရုပ် ငါးပါး)၊ အဲ့ဒါကို **'ဩဠာရိကရုပ်ဆယ့်နှစ်ပါး'** လို့ခေါ်တယ်၊ ဘာခေါ် (ဩဠာရိကရုပ် ဆယ့်နှစ်ပါးပါဘုရား)၊ အဲ့ဒါတွေကို သိရတယ်၊ မျက်စိမမြင်ဘူးလား (မြင်ပါတယ်ဘုရား)၊ ဩဠာရိကရုပ်၊ **'မျက်စိ'** က ဩဠာရိကရုပ်၊ **'အဆင်း'** က ရူပဓာတ် မီးဓာတ် တေဇောဓာတ်၊ **'မြင်တာ'** က စက္ခုဝိညာဏ်၊ အဲ့ဒါတွေက ပစ္စုပ္ပန်ပဲ၊ ရုပ်နာမ်ဆိုရတယ်။

**အနိပ္ဖန္နရုပ် ဆယ်ပါး**

(၁) **ပရိစ္ဆေဒရုပ်** ဆိုစမ်း (ပရိစ္ဆေဒရုပ်)--- အာကာသပေါက် ဒွါရပေါက်

(၂) **ကာယဝိညတ်** (ကာယဝိညတ်)
(၃) **ဝစီဝိညတ်** (ဝစီဝိညတ်)
— ဝိညတ်ရုပ် နှစ်ပါး

(၄) **ရူပဿလဟုတာ** (ရူပဿလဟုတာ)
(၅) **ရူပဿ မုဒုတာ** (ရူပဿ မုဒုတာ)
(၆) **ရူပဿ ကမ္မညတာ** (ရူပဿကမ္မညတာ)
— ဝိကာရရုပ် သုံးပါး

(၇) **ဉပစယ** (ဉပစယ)
(၈) **သန္တတိ** (သန္တတိ)
(၉) **ဇရတာ** (ဇရတာ)
(၁၀) **အနိစ္စတာ** (အနိစ္စတာ)
— လက္ခဏရုပ် လေးပါး

www.burmeseclassic.com

www.burmeseclassic.com



ရုပ် အစစွာဖြစ်ခြင်းကို **'ဥပစယ'** ခေါ်တယ်၊ မျက်တောင်ခတ်လိုက်တာ အစဖြစ်လိုက်တယ် **'ဥပစယ'**၊ အစဖြစ်တာ ဘာရုပ်တုံး (ဥပစယ)၊ လှည့်တယ်၊ စောင်းတယ်၊ အဲဒါ **'ဥပစယရုပ်'** ခေါ်တယ်၊ လှည့်နေတုန်းက **'သန္တတိ'**။

**ပရိစ္ဆေဒရုပ်**

**'ပရိစ္ဆေဒ'** ဆိုတာ**'အာကာသ'**၊ ပါးစပ်ပေါက်တွေ နားပေါက်တွေ **'ဒွါရပေါက်တွေ'** ပေ့ါ၊ အဲ့ဒါ ပရိစ္ဆေဒရုပ်တွေ၊ ဒကာမကြီး ပရိစ္ဆေဒရုပ်မှန်း သိရဲ့လား၊ ဒွါရကြီးက အပေါင်းတွေ မစွန့်ဘူးလား၊ ကျင်ငယ် ကျင်ကြီးတွေ (စွန့်ပါတယ်ဘုရား)၊ အဲ့ဒါ ဘာရုပ်တုံး (ပရိစ္ဆေဒ ရုပ်ပါဘုရား)၊ အာကာသခေါ်တယ်၊ ပရိစ္ဆေဒရုပ် မသိတော့ **'ငါကြီး'** ဖြစ်တော့ 'င့ါဘာ င့ါဘာ' နဲ့ တိုင်းတာနှိုင်းတာတွေ အဲ့ဒါပဲ၊ ဘာရုပ်တုံး (ပရိစ္ဆေဒရုပ်ပါဘုရား)၊ ပရိစ္ဆေဒဆိုတာ ဘာတုံး (အာကာသပါဘုရား)၊ အာကာသဆိုတာ ဘာတုံး (ဒွါရပေါက်)၊ ဒွါရထွက်ပေါက်။

ချွေးတွေက ထွက်ဘူးလား (ထွက်ပါတယ်ဘုရား)၊ အဲ့ဒါလည်း အာကာသပေါက်ပဲ၊ မျက်ရည်တွေ မထွက်ဘူးလား(ထွက်ပါတယ်ဘုရား)၊ အဲ့ဒါလည်း အာကာသပေါက်ပဲ၊ တံတွေးတွေ မထွက်ဘူးလား (ထွက်ပါတယ်ဘုရား)၊ အဲ့ဒါလည်း ဘာတုံး (အာကာသပေါက်ပါဘုရား)၊ နှပ်တွေ မထွက်ဘူးလား (ထွက်ပါတယ်ဘုရား)၊ ထွက်ရင်ဘာပေါက်တုံး (အာကာသပေါက်ပါဘုရား)၊ ထွက်ရင် ဘာရုပ်တုံး (ပရိစ္ဆေဒရုပ်ပါဘုရား)၊ အခု သိပြီ၊ ရုပ်မှန်း မသိဘူးလား သိသလား (သိပါပြီဘုရား)။

အဲ့ဒါ **'ရူပေစ ပဇာနာတိ**-ရုပ်ကိုလည်း သိရတယ်**'** ဆိုတာ ဘယ်သူမှ သင်မပေးတော့ မသိဘူး၊ မသိတာနဲ့ ချာချာလည်တော့ တရားတွေလိုက်ရှာ၊ ဟိုသွားလုပ် ဒီသွားလုပ် အဲ့လိုဟာတွေပေ့ါ၊ ပြီးတော့ ဟိုဟာဖြစ်ခဲ့ ဒီဟာဖြစ်ခဲ့ အဲ့လိုဟာတွေပေ့ါ၊ ကဲ-**'ပရိစ္ဆေဒရုပ်'** ရောက်ရင် **'လူ'** မပျောက်ဘူးလား ပျောက်သလား (ပျောက်ပါတယ်ဘုရား)၊ **'ပရိစ္ဆေဒရုပ်'** ကြောင့် ဒကာမကြီးတို့ အသက်ရှည်သလား မရှည်ဘူးလား (ရှည်ပါတယ်ဘုရား)၊ အပေါင်းတွေ မထုတ်ပစ်ဘူးလား(ထုတ်ပစ်ပါတယ်)၊ အဲ့ဒါ ဘယ်ရုပ်ကထုတ်တာတုံး (ပရိစ္ဆေဒရုပ်ကပါ)၊ ဆီးတွေ ထုတ်နိုင်တယ်၊ အဲ့ဒါရုပ်လို့ မသိလိုက်ရင်ဒကာမကြီးတို့ ယောကျ်ား မိန်းမ မကွဲဘူးလား ကွဲသလား (ကွဲပါတယ်ဘုရား)၊ **'ပညတ်'** ဖြစ်သွားတယ်၊ ရုပ်ကဘာတုံး- **'ပရမတ်'**၊ ရုပ်က ဘာတုံး(ပရမတ်ပါဘုရား)၊ **'ပရိစ္ဆေဒရုပ်'** ခေါ်တယ်၊ အဲ့ဒါကို **'အနိပ္ဖန္နရုပ်'** ခေါ်တယ် ဟုတ်ရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



## သုခုမရုပ် သောဠသ

**'အာပေါ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတရုပ်၊ အာဟာရဇရုပ်၊ ဝတ္ထုရုပ်'၊** ဘယ်နှစ်ပါးလဲ (ခြောက်ပါးပါဘုရား)၊ ခြောက်ပါးနဲ့ အနိပ္ဖန္နရုပ် ဆယ်ပါးနဲ့ပေါင်း (တစ်ဆယ့်ခြောက်ပါးပါဘုရား)၊ အဲ့ဒါကို **'သုခုမရုပ် သောဠသ'** ခေါ်တယ်၊ အဲ့ဒါတွေ ရေတွက်ထား၊ ပသာဒရုပ်ကငါးပါး၊ သုခုမရုပ်ကသောဠသ တစ်ဆယ့်ခြောက်ပါး၊ စိတ် စေတသိက်။ ပျင်းရင် ဘာစေတသိက်တုံး (ထိနမိဒ္ဓစေတသိက်)။ စကားကောင်းကောင်းပြောရင် ဘာစေတသိက်တုံး (သမ္မာဝါစာစေတသိက်)။ စကားဆိုးဆိုး ပြောရင် ဘာစေတသိက်တုံး (မိစ္ဆာဝါစာစေတသိက်)။ ဒါကျတော့ ဒိဋ္ဌိရတယ်၊ စကားဆိုးဆိုးပြောရင် ဒေါသလည်း မပါဘူးလား (ပါပါတယ်)၊ ဒေါသစေတသိက်လည်း ရတယ်။ အလုပ်ကောင်းကောင်းလုပ်ရင် ဘာစေတသိက်တုံး (သမ္မာကမ္မန္တစေတသိက်)။

**'သမ္မာကမ္မန္တ'** က ပါဏာတိပါတာရယ် အဒိန္နာဒါနာရယ် ကာမေသုမိစ္ဆာစာရရယ်၊ အဲ့ဒါလုပ်ရင် **'သမ္မာကမ္မန္တ'** မဖြစ်ဘူး၊ **'ပုထုဇဉ်'** က အဲ့ဒီ သမ္မာကမ္မန္တ မဖြစ်တာတွေကို လုပ်တယ်၊ မရှောင်နိုင်ဘူး၊ **'အရိယာ'** က ရှောင်တယ်၊ **'သောတာပန်'** ဆိုရှောင်တယ်။

**'သမ္မာအာဇီဝ'**က **'ဝစီဒုစရိုက်က လေးပါး'** ဆိုလိုက်စမ်း (ဝစီဒုစရိုက်ကလေးပါး)၊ **'ကာယဒုစရိုက်သုံးပါး'**၊ အဲဒီကရတာနဲ့ အသက်မမွေးတာကို သမ္မာ အာဇီဝခေါ်တယ်၊ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)၊ အဲ့ဒါလည်း စေတသိက်ပဲ၊ အဲ့ဒါ ဘာတုံး (စေတသိက်ပါဘုရား)။

## ဓမ္မဆိုတာ သဘောခေါ်တယ်

သမ္မာဝါစာ စေတသိက်၊ သမ္မာကမ္မန္တစေတသိက်၊ အဲ့ဒါစေတနာပါတယ်၊ စေတနာက ကံဖြစ်သွားတယ်၊ စေတသိက်ကလုပ်တာ ဖြစ်သွားတယ်၊ ယောကျ်ားလိုချင်တာ ဘာစေတသိက်တုံး (လောဘစေတသိက်ပါဘုရား)၊ မိန်းမလိုချင်တာ ဘာစေတသိက်တုံး (လောဘ စေတသိက်ပါဘုရား)၊ ပိုက်ဆံတွေ လိုချင်တာ ဘာစေတသိက်တုံး (လောဘစေတသိက်ပါ ဘုရား)။ လိုချင်ရင် ဘာစေတသိက်တုံး (လောဘစေတသိက်ပါဘုရား)။ စေတသိက်၊ အဲ့ဒါ ဓမ္မဓာတ်ခေါ်တယ်၊ ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ ဓမ္မဓာတ် ခေါ်တယ်၊ **'ဓမ္မ'** ဆိုတာ **'သဘော'** ခေါ်တယ်၊ ဓမ္မဆိုတာဘာတုံး (သဘောပါဘုရား)၊ **'နိဿတ္တ နိဇ္ဇီဝသဘော'** ခေါ်တယ်၊ **'ဓမ္မဓာတ်တွေ'** ကိုဒကာမကြီးတို့က **'လူ'** လို့မှတ်နေတယ်၊ အဲ့ဒါ စေတသိက်တွေ။

ထမင်းချက်တယ်၊ အလုပ်လုပ်လို့ကောင်းတယ်၊ ဘာစေတသိက်တုံး (သမ္မာကမ္မန္တ စေတသိက်ပါဘုရား)၊ သမ္မာကမ္မန္တ၊ သမ္မာကမ္မန္တလည်း မပျင်းဘူးဆိုတော့ **'ကာယ ကမ္မညတာ'**

www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်လို့ ကောင်းတယ်၊ ကားမောင်းလို့ ကောင်းတယ်၊ ကားမောင်းရင်လည်း မပျင်းဘူးလား၊ ပျင်းသလား (ပျင်းပါတယ်ဘုရား)၊ ကားမောင်းလို့တစ်ခါတစ်ခါ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)၊ အဲ့ဒါ ဓမ္မဓာတ်၊ **'ကာယကမ္မညတာ စေတသိက်၊ ထိနမိဒ္ဓစေတသိက်၊ ဥဒ္ဓစ္စကုက္ကုစ္စ စေတသိက်၊ ဝိစိကိစ္ဆာစေတသိက်၊ လောဘစေတသိက်၊ ဒိဋ္ဌိစေတသိက်၊ မောဟစေတသိက်၊ အဟိရိက စေတသိက်'**။

**လူတွေလုပ်တာတွေက ဓမ္မဓာတ်တွေပဲ**

**'အဟိရိက'** ဆိုတာ မရှက်တာ ခေါ်တယ်၊ ဒုစရိုက်လုပ်ရမှာ မရှက်ဘူး။

**ဒုစရိုက်လုပ်ရမှာ မရှက်တာ အဟိရိက ခေါ်သတည်း။**

**ဒုစရိုက်လုပ်ရမှာ မကြောက်တာ အနောတ္တပ္ပခေါ်သတည်း။**

ဟိရိတို့ ဩတ္တပ္ပတို့ဆိုတာက **'ကုသိုလ်စေတသိက်'**၊ ယောကျ်ားရှာတော့ ယောကျ်ားကြီးနဲ့ မကောင်းတာကြီးတွေလုပ်တယ်မို့လား၊ အဲ့ဒါ မရှက်တော့ဘူး၊ ယောကျ်ားနဲ့မိန်းမနဲ့ အဲ့လို အတူပြုပြီဆိုရင် သူတို့အချင်းချင်း မရှက်တော့ဘူး၊ အဲ့ဒါ **'ဟိရိ'** မရှိတော့ဘူး၊ ရှက်သေးလား (မရှက်တော့ပါဘူး)၊ ရှက်သေးရင် ကာမဂုဏ် စပ်ယှက်လို့ မဖြစ်တော့ဘူး၊ မရှက်မှဖြစ်တာ၊ ဘာစိတ်တုံး (ဓမ္မဓာတ်)၊ ငါ မထင်ဘူးလား(ထင်ပါတယ်ဘုရား)၊ ငါမကောင်းဘူးလည်း မထင်ဘူးလား (ထင်ပါတယ်ဘုရား)၊ ကောင်းတယ်ဆိုးတယ်ဆိုတာ ဘာစေတသိက်တုံး (ဝေဒနာစေတသိက်ပါဘုရား)၊ ဝေဒနာစေတသိက်ကဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ ဘာအာရုံတုံး (ဓမ္မာရုံပါဘုရား)။ အဲ့လို **'အာရုံ'** မှန်းသိတယ်၊ အိမ်ကျတော့ တကယ်ရေကြည့်စမ်း၊ လူတွေလုပ်တာတွေ ဓမ္မဓာတ်တွေပဲ။ **'မနောဓာတ် ဓမ္မဓာတ်'**၊ **'မနောဝိညာဏဓာတ်'** (မနောဝိညာဏဓာတ်)၊ မနော ဝိညာဏဓာတ်က အဲ့ဒီဟာတွေ သိတာကို မနောဝိညာဏဓာတ် လို့ခေါ်တယ်။ အခု ဒကာမကြီး တွေလုပ်နေတာ ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ ဆင်ခြင်တာက ဘာဓာတ်တုံး (မနောဓာတ်ပါဘုရား)၊ ပဉ္စဒွါရာဝဇ္ဇန်းရယ် သမ္ပဋိစ္ဆိုန်းဒွေးရယ်။

**'ပဉ္စဒွါရာဝဇ္ဇန်း** - အာရုံကို ဆင်ခြင်တာ၊ **သမ္ပဋိစ္ဆိုန်းဒွေး** - အာရုံကိုလက်ခံတာ**'**၊ ဆင်ခြင်တာက **'အာဝဇ္ဇန်း'**၊ လက်ခံတာက **'သမ္ပဋိစ္ဆိုန်း'**၊ ငါးအာရုံဆင်ခြင်တာ **'ပဉ္စဒွါရာဝဇ္ဇန်း'**၊ ဆဋ္ဌအာရုံကို ဆင်ခြင်တာ **'မနောဒွါရာဝဇ္ဇန်း'**။

**အနန္တရပစ္စည်းလို့ခေါ်တယ်**

**'စက္ခုဝိညာဏံစ** - စက္ခုဝိညာဏ်သည်လည်းကောင်း၊ **တံသမ္ပယုတ္တကာ** - ထိုစက္ခု

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဏ်နှင့်ယှဉ်ကုန်သော၊ **ဓမ္မာစ** - စေတသိက်တို့သည်လည်းကောင်း၊ **မနောဓာတုယာစ** - မနောဓာတ်အားလည်းကောင်း၊ **တံသမ္ပယုတ္တကာနဉ္စ** - ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော၊ **ဓမ္မာစ** - စေတသိက်တို့သည်လည်းကောင်း၊ **အနန္တရ ပစ္စယေန၊ သမနန္တရ ပစ္စယေန၊ နတ္ထိ ပစ္စယေန၊ ဝိဂတပစ္စယေန**-အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း၊ နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်းတို့ဖြင့်၊ **ပစ္စယော** -ကျေးဇူးပြုသည်၊ **ဟောတိ** -ဖြစ်၏'။ **'မနောဓာတုစ** - မနောဓာတ်သည်လည်းကောင်း၊ **တံ သမ္ပယုတ္တကာ**-ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော၊ **ဓမ္မာစ**-စေတသိက်တို့သည်လည်းကောင်း၊ **မနောဝိညာဏ ဓာတုယာ** - မနောဝိညာဏဓာတ်အားလည်းကောင်း၊ **တံ သမ္ပယုတ္တကာ** - ထို မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ **ဓမ္မာစ**-စေတသိက်တို့သည်လည်းကောင်း၊ **အနန္တရပစ္စယေန** - အနန္တရပစ္စည်းဖြင့်၊ **ပစ္စယော** -ကျေးဇူးပြုသည်၊ **ဟောတိ** - ဖြစ်၏'။

**'စက္ခုဓာတ်'**က မနောဓာတ်ကို အာရုံပြုတယ်၊ **'မနောဓာတ်'**က မနောဝိညာဏဓာတ်ကို သွားကျေးဇူးပြုတယ်၊ အဲဒါ အခြားမရှိဘဲနဲ့ ကျေးဇူးပြုတယ်၊ **'အနန္တရပစ္စည်း'** လို့ ခေါ်တယ်။

**မြင်တာကို ဂရုစိုက်**

မြင်ပြီးရင် မကြိုက်ဘူးလား ကြိုက်သလား (ကြိုက်ပါတယ်)၊ ဒါ့ကြောင့် မြင်တာကို ဂရုစိုက်၊ မြင်တာက ဘာဓာတ်တုံး (စက္ခုဝိညာဏဓာတ်ပါဘုရား)၊ ချောတယ် လှတယ် မဆင်ခြင်ဘူးလား (ဆင်ခြင်ပါဘုရား)၊ အဲ့ဒါက ဘာဓာတ်တုံး (မနောဓာတ်ပါဘုရား)၊ ပြီးတော့ ရာဂ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ရာဂဖြစ်တာက ဘာဓာတ်တုံး (မနောဝိညာဏဓာတ်ပါ ဘုရား)၊ အေး ဇောကျတော့ ရာဂဇောကျတော့ အကုသိုလ်ဖြစ်သွားတာပေါ့၊ အဲ့ဒါ **'မနော ဝိညာဏဓာတ်'** ဖြစ်သွားတယ်၊ ဒကာမကြီးတို့ မဟုတ်ဘူးလား ဟုတ်သလား (မဟုတ်ပါဘူး)၊ **'ဓာတ်တွေ'** ပဲလို့ အဲ့လို မှတ်ထား၊ ဘာတွေတုံး(ဓာတ်တွေပါဘုရား)၊ အေး ဓာတ်တွေတဲ့။ ကိုယ့်ကိုယ်ကို တစ်ယောက်တည်းကျတော့ မခွဲတတ်သေးဘူးနော်၊ ခွဲပေးနော်၊ ဒါမှ ဟန်မှာ၊ အဲ့ဒီထဲမှာ တရားတွေရှိတယ်၊ နိဗ္ဗာန် မပါဘူးလား ပါသလား (ပါပါတယ်ဘုရား)၊ နိဗ္ဗာန်နဲ့ ဘာတုံး (ဉာဏ်)၊ **'နိဗ္ဗာန်'**ကို **'ဉာဏ်'**နဲ့မှ အာရုံပြုနိုင်တယ်၊ **'ဉာဏသမ္ပယုတ်'** ခေါ်တယ်။

**'လူ'**မရှိမှ သူ့ဆီရောက်တယ်၊ လူတွေ ယောကျ်ားတွေ မိန်းမတွေမရှိမှ သူ့ဆီ ရောက်တယ်၊ သို့မို့လို့ရှိရင် လူနဲ့ပဲ ဒကာမကြီးတို့စိတ်က ချာချာမလည်ဘူးလား (လည်ပါ တယ်ဘုရား)၊ လူနဲ့ပဲ လည်နေတယ်၊ နိဗ္ဗာန်ရောက်လား မရောက်ဘူးလား (မရောက်ပါဘူး)၊ စိတ် စေတသိက် ရုပ်တွေက ဘာတွေတုံး လောကီတွေ၊ **'တေဘူမက'** တရားလည်း ခေါ်တယ်၊ နိဗ္ဗာန်က ဘာတုံး (လောကုတ္တရာပါဘုရား)၊ အဲ့လိုသိ၊ တရားနာရင်း မတ်တတ်ကို ပထဟာန်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်၊ ယောဂီမှာ **'လူတွေ'** ဖြစ်နေတာ ဘာတွေတုံးဆို ဓမ္မာရုံတွေ၊ **'လူတွေ'** ဖြစ်နေတာ ဘာဓာတ်တွေတုံး (ဓမ္မဓာတ်ပါဘုရား)၊ **'ဓမ္မဓာတ်'** ကို သိပြီလား (သိပါပြီဘုရား)၊ **'ဓမ္မာရုံ ခြောက်ပါး'** ဟုတ်ရဲ့လား။

**လူတွေလွတ်မှ နိဗ္ဗာန်ကရောက်မှာ**

**'ပသာဒရုပ် ငါးပါး'**၊ **'သုခုမရုပ် သောဠသ'**၊ ရုပ်ကနှစ်မျိုး၊ စိတ် စေတသိက်က နှစ်မျိုး၊ စိတ် စေတသိက် ဓမ္မာရုံ၊ ကောင်းတာတွေ မကောင်းတာတွေ သူက ဘယ်လိုပြောခဲ့တယ် အမှတ်ရမနေဘူးလား၊ ဒကာကြီးက သူ့သေခါနီးကို မှာပစ်ခဲ့တယ်၊ ဒကာမကြီးက အမှတ် မရဘူးလား၊ အမှတ်ရတာဘာစေတသိက်တုံး **'မနောဓာတ်'**။ ဒကာကြီး ပြောခဲ့တာ အမှတ်ရတာ ဘာဓာတ်တုံး (မနောဓာတ်ပါဘုရား)။ ဒကာကြီး ပြောခဲ့တဲ့ စကားတွေက ဘာအာရုံတုံး (ဓမ္မာရုံ)၊ ဒကာမကြီးက ငိုတာက ဘာဓာတ်တုံး (မနောဝိညာဏဓာတ်)။

**'လူတွေ'** ဖြစ်တာ ဓာတ်ထဲမှာ အကုန်ပါတယ်၊ အဲ့ဒါတွေ လွတ်မှ **'လူတွေ'** လွတ်မှ **'နိဗ္ဗာန်'** က ရောက်မှာ၊ အဲ့ဒါ ကွဲပြီလား၊ မကွဲသေးရင် ကွဲအောင်ကို ကိုယ့်ဟာကိုယ် လုပ်ရတယ်၊ ကြံရတယ်၊ ဖန်ရတယ်၊ မကြံဖန်ဘဲနဲ့ရသလား(မရပါဘူး)၊ နိဗ္ဗာန်ရော မကြံဖန်ဘဲနဲ့မရဘူး၊ အဲ့လို ကို လုပ်ရတယ်၊ အဲ့လို လုပ်တော့ မရပါနဲ့ဆိုလို့တောင် နေပ့ါမလား(မနေပါဘူးဘုရား)၊ သူ့ဟာ သူရသွားတယ်၊ **'အသိဉာဏ်'** က ပို့လိုက်တာ ကိုယ်ကလုပ်လို့မဟုတ်ဘူး၊ ကိုယ်လုပ်ရင်အတ္တကြီး ဖြစ်မှာပေ့ါ၊ **'သိတာတွေ'** က ရသွားတာ။

**လောဘကြီးလေ ဒေါသကြီးလေ**

**'ရာဂ'** ဆိုတာ ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ **'ဓမ္မဓာတ်'** မှန်းသိတော့ လုပ်ဦးမလား (မလုပ်တော့ပါဘုရား)၊ လုပ်တဲ့တိုင်အောင် သိပ်မလုပ်တော့ဘူး၊ ပုထုဇဉ်က လွှတ်လုပ်တယ်၊ သေအောင်တောင် လုပ်တယ်၊ မြွေတွေ အရေလိုက်နေတုန်း သွားအနားမကပ်လိုက်နဲ့၊ အဲ့လို ကိုက်ရင် သေတယ်၊ ဆင်တွေရော မုန်ယိုရင်၊ လူတွေရော အိပ်တဲ့ အခန်းထဲ မဝင်ရဘူး၊ ရဟန်း တွေဆို အဲ့ဒီထဲ ဝင်မသွားရဘူး၊ အဲ့လို ဝင်သွားတုန်း အဲ့လို တွေ့လိုက်လို့ရှိရင် ထသတ်ရင် သေရော၊ အလွန် ဒေါသကြီးတယ်။

**'လောဘကြီးလေ ဒေါသကြီးလေ၊ ဒေါသကြီးလေ မောဟကြီးလေ'**၊ အဲ့ဒါနဲ့ပဲ ငရဲရောက် ကြတာ၊ **'အာရုံ'**-အာရုံကို အာရုံမှန်းလည်း မသိဘူး။ **'သုခုမရုပ် သောဠသ'**၊ **'ဣတ္ထိဘာဝ ပုမ္ဘာဝ'** က ဘာရုပ်တုံး (သုခုမရုပ်ပါဘုရား)၊ **'သုခုမရုပ်'** ဆိုတာ မသိမ်မွေ့ဘူးလား (သိမ်မွေ့ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား)၊ **'ရာဂ'** ဆိုတာလည်း သုခုမရုပ်ကြောင့် မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)၊ သုခုမရုပ်ဖြစ်တဲ့ **'ရာဂ'**က လည်းဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ အဲ့ဒါပယ်နိုင်သေးလား (မပယ်နိုင်ပါဘူး)၊ အနာဂါမ်ကျမှ ပယ်နိုင်တယ်၊ အဲ့ဒါတွေ **'ဓမ္မဓာတ်တွေ'** ပဲ ဟုတ်ရဲ့လား၊ မိန်းမယောကျ်ားဆိုတာ ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ ရာဂဆိုတာ ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ **'ဓမ္မဓာတ်'** ကို ဘယ်သူဆင်ခြင်မှ သိသတုံး (မနောဓာတ်ကဆင်ခြင်မှပါဘုရား)၊ **'မနောဓာတ်'** က ဉာဏ်ပါသလား (မပါပါဘူးဘုရား)၊ မဆင်ခြင်ဘဲနေရင် **'ဉာဏ်'** ရှိတယ်၊ ဆင်ခြင်တော့ **'ဉာဏ်'** မဖြစ်တော့ဘူး၊ **'ဉာဏ်'** လည်း မဖြစ်ရော ရာဂလည်းဖြစ်ရော။

**'ဓမ္မဓာတ်'** မှန်းလည်း သိရော မဆင်ခြင်တော့ဘူး၊ **'ရာဂ'** လည်း ဖြစ်သေးလား၊ မဖြစ်တော့ဘူး၊ မဖြစ်ရင် ဘာဖြစ်တုံး (နိဗ္ဗာန်ရောက်ပါတယ်)၊ အေး ရာဂမဖြစ်ရင် **'အသင်္ခတဓာတ်'** ခေါ်တယ်၊ ဒီလိုမှန်းလည်း မသိတော့ ဟော ဟိုလုပ်လိုက် ဒီလုပ်လိုက်နဲ့ ပြီးတော့ ဘာမှလည်း မဟုတ်ဘူး၊ အဲ့လိုဖြစ်သွားတယ်၊ အဲ့လိုလေး သိတာနဲ့ မဟုတ်ဘူးလား ဟုတ်သလား (ဟုတ်ပါတယ်ဘုရား)၊ **'ဟုတ်ရင်ယထာဘူတ'**၊ မဟုတ်ရင် လွဲသွားတာပေါ့၊ **'မနောဓာတ် ဓမ္မဓာတ် မနောဝိညာဏဓာတ်'**။ အဲ့ဒါနဲ့ခွဲနော်၊ လျူတာ တန်းတာတွေ ဘာတွေညာတွေလည်း **'ဓမ္မဓာတ်'** ထဲပါတယ်၊ ကုသိုလ်တွေ အကုသိုလ်တွေလေ၊ **'နိဗ္ဗာန်- ငြိမ်းအေးခြင်း'** ကတော့ အဲ့ဒါတွေထဲက အလွတ် ခေါ်တယ်။

### မိမိသဘောကို ဆောင်တာ ဓာတ်ခေါ်တယ်

**'မနောဓာတ်'** က များနေတော့ သံသရာမှာလည်တော့ **'မနောဓာတ်'** လည်း သူ့ခမျာ ဘာဖြစ်လို့မှားရသလဲဆိုတော့ မျက်စိနဲ့ မြင်တာ ဘာဓာတ်တုံး **'ရူပဓာတ်'**၊ **'ရူပဓာတ်ကြီး'** ကို **'လူ'** လို့မမှတ်ဘူးလား(မှတ်ပါတယ်ဘုရား)၊ အဲ့ဒါကို **'ငါ'** ဖြစ်သွားတယ်၊ **'လူ'** ဖြစ်သွားတယ်၊ အဲ့ဒါ မျက်စိကစပြီး မမှားဘူးလား မှားသလား(မှားပါတယ်ဘုရား)။ **'မျက်စိ'** က ဘာဓာတ်တုံး (စက္ခုဓာတ်)။ **'အာရုံ'** က ဘာဓာတ်တုံး (ရူပဓာတ်ပါဘုရား)။ **'မြင်တာ'** က ဘာဓာတ်တုံး (စက္ခုဝိညာဏဓာတ်ပါဘုရား)။ **'ဓာတ်'** ဆိုတာက၊ **'အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု'**၊ **'အတ္တနော သဘာဝံ** - မိမိ သဘောကို၊ **ဓာရေတိ** - ဆောင်တတ်၏၊ **ဣတိတသ္မာ** -ထို့ကြောင့်၊ **ဓာတု** - ဓာတ်မည်၏'၊ မိမိသဘောကို ဆောင်တာ **'ဓာတ်'** ခေါ်တယ်။ **'မိမိသဘောသာ ဆောင်လေပါ သူဟာဓာတ်လို့ခေါ်သတည်း'**၊ ကဲ **'လောဘ'** ဆိုတာကလည်း သူ့ဓာတ်သူဆောင် သွားတာ၊ ဒကာမကြီးတို့က **'ငါ'** လုပ်လိုက်တာ၊ **'ငါ'** မဟုတ်ဘူး **'ဓာတ်'** ပဲလို့ဆိုရင် **'ငါ'** ပြုတ်ရင်

www.burmeseclassic.com

www.burmeseclassic.com



**‘ကာမဓာတ်’** လည်း အကုန်ပြုတ်တာပဲ၊ **‘ငါ’** ပြုတ် ဖို့အရင်လိုတယ်၊ **‘လိုချင်တာ’** ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ ဓမ္မဓာတ်ပဲ **‘လောဘစေတသိက်’**၊ လောဘဆိုတာဘာတုံး (စေတသိက်ပါဘုရား)၊ စေတသိက်ဆိုတာ ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)။

**ဓမ္မဓာတ်တွေ**

**‘စိတ်၊ စေတသိက်၊ ပသာဒရုပ်၊ သုခုမရုပ်သောဠသ၊ နိဗ္ဗာန်၊ ပညတ်’**

နာမည်တွေ သဏ္ဍာန်တွေ မှန်သမျှ အကုန် **‘ပညတ်တွေ’**၊ **‘ပညတ်တွေ’**က ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)၊ စေတသိက်က ဘာဓာတ်တုံး (ဓမ္မဓာတ်ပါဘုရား)။

**‘ကြံတာတွေ စည်တာတွေ’** ဘာစေတသိက်တုံး (ဝိတက်စေတသိက်)။

**‘စဉ်းစားတာတွေ’** ဘာစေတသိက်တုံး (ဝိစာရစေတသိက်)။

**‘နှစ်သက်တာ’** ဘာစေတသိက်တုံး (ပီတိစေတသိက်)။

**‘ချမ်းသာတာ’** ဘာစေတသိက်တုံး (သုခစေတသိက်)။

**‘ဆင်းရဲတာ’** ဘာစေတသိက်တုံး (ဒုက္ခစေတသိက်)။

**‘စိတ်ဆိုးတာ’** ဘာစေတသိက်တုံး (ဒေါသစေတသိက်)။

**‘ဝမ်းသာတာ’** ဘာစေတသိက်တုံး (သောမနဿစေတသိက်)။

**‘ငိုတာ’** ဘာစေတသိက်တုံး (ဒေါသစေတသိက်)။

**‘သောကဖြစ်တာ စိုးရိမ်တာ’** ဘာစေတသိက်တုံး (ဒေါသစေတသိက်)။

**‘စကားကောင်းကောင်းပြောတာ’** ဘာစေတသိက်တုံး (သမ္မာဝါစာ စေတသိက်)။

**‘အမှုကောင်းကောင်း လုပ်တာ’** ဘာစေတသိက်တုံး (သမ္မာကမ္မန္တစေတသိက်)။

**‘ကောင်းကောင်းအသက်မွေးတာ’** ဘာစေတသိက်တုံး (သမ္မာအာဇီဝစေတသိက်)။

**‘အမြင်မှန်တာ’** ဘာစေတသိက်တုံး (သမ္မာဒိဋ္ဌိစေတသိက် ပညာစေတသိက်)။

**‘အကြံမှန်တာ’** ဘာစေတသိက်တုံး (သမ္မာသင်္ကပ္ပစေတသိက်)။

**‘သမ္မာသင်္ကပ္ပစေတသိက်’**၊ အဲ့ဒါဝိတက်ရတယ်၊ **‘ဝိတက်စေတသိက်’**၊ အဲ့ဒါတွေက လည်း ဒကာမကြီးတို့ **‘ဓမ္မဓာတ်တွေ’**၊ အဲ့ဒါတွေသိမှရမှာ၊ ဒို့ကို တော်တော်အသေးစိတ်ပြောရဦးမယ်၊ ကဲ--- ဒီနေ့တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# " စေတသိက်နဲ့ လူနဲ့ ခွဲ တရားတော် "

၂၄. ၇. ၂၀၀၈

## ထိနမိဒ္ဓ စေတသိက်

**'ထိနမိဒ္ဓ စေတသိက်'** သူကသမ်းတတ်တယ်၊ သူက ဝေဒနာ သညာမဟုတ်ဘူး၊ **'သင်္ခါရက္ခန္ဓာ'**၊ ထိနမိဒ္ဓက **'ငါ'** မဟုတ်ဘူး၊ ထိနမိဒ္ဓက **'အနိစ္စ'** ထဲပါတယ်၊ ပျင်းတာကြီးကလည်း ကြာရှည်မနေဘူး ခဏလေးပျင်းတယ်၊ ကြာရှည်ကြီးနေမှဖြင့် ဒုက္ခ၊ ပျင်းတာလေးက ထိနမိဒ္ဓ၊ **'သံယောဇဉ်'** လည်းခေါ်တယ်၊ **'နီဝရဏ'** လည်း ခေါ်တယ်၊ **'ထိနမိဒ္ဓ နီဝရဏ'**၊ **'နီဝရဏ ဖယ်ရှင်း နိဗ္ဗာန်လင်း'** ဆိုတဲ့ စာအုပ်ထဲမှာ လည်းပါတယ်၊ **'ထိနမိဒ္ဓ'** က နီဝရဏ၊ ကိုယ့်ကိုယ်ကို သိလိုက်၊ **'ထိနမိဒ္ဓ'** က နီဝရဏ၊ လက်လှုပ်တယ်၊ ခြေလှုပ်တယ်ဆိုတာ **'ကာယဝိညတ်ရုပ်'**၊ ရုပ်လို့ဆို၊ နာမ်လို့လည်းဆို၊ အဲဒါ **'လူ'** လုပ်မနေနဲ့၊ **'လူ'** လို့လိမ်နေတာ။

**'လူ'**မဟုတ်ဘူး **'စေတသိက်'**၊ အဲလို ဘုရားအရိယာတို့ကျတော့ **'ထိနမိဒ္ဓ'** မှန်းသိတယ်၊ ပုထုဇဉ်ကျတော့ **'ထိနမိဒ္ဓ'** လို့ မသိဘူး။ **'ငါ'** ဖြစ်နေတယ်၊ **'ထိနမိဒ္ဓ'** ဆိုတာ အကုသိုလ် စေတသိက်။

## ဝိစိကိစ္ဆာစေတသိက်

ထိန၊ မိဒ္ဓ၊ ဝိစိကိစ္ဆာ သုံးခု၊ သို့လောသို့လောလည်းမတွေးတောနဲ့ **'ဝိစိကိစ္ဆာ'**၊ သင်္ခါရက္ခန္ဓာ အနိစ္စ၊ **'ဝိစိကိစ္ဆာ'** က ကိုယ်လက်လှုမ်းမမှီတာ သွားတွေးပြန်တော့လည်းတွေးရင် ဝိစိကိစ္ဆာ ဖြစ်တယ်။

**'သဘာဝံဝိစိနန္တော'**၊ **'သဘာဝံ** - သဘောတရားကို၊ **ဝိစိနန္တော** - စူးစမ်းဆင်ခြင်သည် ရှိသော် ပင်ပန်းတတ်၏၊ **ကိစ္ဆတိ တသ္မာ** - ထို့ကြောင့်၊ **ဝိစိကိစ္ဆာ** - ဝိစိကိစ္ဆာမည်၏**'**။

**'ဝိစိကိစ္ဆာ'** က သဘောတရား၊ စဉ်းစားဆင်ခြင်လိုက်ရင် ပင်ပန်းတတ်တယ်၊ အဲဒါကြောင့် **'ဝိစိကိစ္ဆာ'** လို့ခေါ်တယ်၊ အဲဒါစေတသိက် **'လူ'** မဟုတ်ဘူး၊ ခန္ဓာအားဖြင့်တော့ **'သင်္ခါရက္ခန္ဓာ'**၊ အကုသိုလ်စေတသိက်၊ သူကခဏပဲနေတယ် တော်ကြာကျပျောက်သွားတယ်။

## စေတသိက်တွေက သင်္ခါရက္ခန္ဓာ

**'ထိနမိဒ္ဓတွေ'** က 'ဝါး' ဆို သမ်းပြီးထွက်သွားတယ်၊ အဲဒါ **'ထိနမိဒ္ဓ'** ထွက်သွားတယ်၊ ထိနမိဒ္ဓနဲ့ယှဉ်တဲ့စိတ်၊ လမိုင်းကပ်တယ်လို့ လောကီတွေက ဆိုကြတယ်၊ စုန်းဝင်တယ် ထွက်သွားပြီ၊ သမ်းတာလေးနဲ့ ထွက်သွားပြီ စင်စစ် **'ထိနမိဒ္ဓစေတသိက်'**၊ အဲဒီအိပ်ချင်တော့ ဆင်ခြင်တဲ့ စိတ်က မရှိတော့ဘူး၊ အိပ်ချင်တာဆင်ခြင်တဲ့ စိတ်ကမရှိတော့ဘူး၊ အဲဒီထဲဝင်သွားတာ အဲလို

www.burmeseclassic.com

www.burmeseclassic.com



စုန်းမကဝင်သွားတာ၊ စုန်းမဆိုတာလည်း စိတ်ပဲ၊ ဝင်သွားတော့ အဲဒီစိတ်က အဝင်ခံရတဲ့ သူက လူစိတ်ပျောက်သွားတယ်။ အဲဒါ ဟိုက စုန်းမက စကားပြောတယ်၊ ဘာလိုတယ်၊ နင်တို့ ဘာကြောင့်ညာကြောင့်နဲ့ လူတွေ အဲလိုပြောကြတာ၊ အဲဒါကို ဆရာလုပ်တဲ့ လူကဘာဆေး ညာဆေးနဲ့ အဲလိုလုပ်တယ်၊ စင်စစ် ဘုရားတရားဆေးပါပဲ၊ အဲဒါနဲ့ ပျောက်သွားတယ်၊ ရေ တစ်ခွက်ပေးပါတော့တဲ့၊ ရေတစ်ခွက်ပေးလိုက်တာ ရေသောက်လိုက်တော့ ပျောက်သွားတယ်၊ အဲဒါတွေ တကယ်မမှတ်နဲ့ **'ထိနမိဒ္ဓ နီဝရဏ'၊ 'ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ'** အဲဒါတွေမရှိရင် ဘုရား ရဟန္တာဖြစ်တယ်။

ပျံ့လွင့်တာက **'ဥဒ္ဓစ္စ'**၊ တည်နေတာက **'ဧကဂ္ဂတာ'**၊ စေတသိက်တွေပဲ၊ **'သင်္ခါရက္ခန္ဓာ' 'ဤဟာသင်္ခါရ'** လို့ လုပ်ရတယ်။ ဓမ္မာနုပဿနာ ဘုရားကျင့်တာကတော့ **'ဤဟာသင်္ခါရ'**လို့ သိရတယ်၊ သင်္ခါရလို့ မသိခဲ့တာတွေ ကြာလှပေါ့၊ **'ထိနမိဒ္ဓ'**ကပျင်းတယ်၊ မလုပ်ချင်ဘူး၊ ကမ္မဋ္ဌာန်းလည်း မထိုင်ချင်ဘူး၊ အိပ်တာနေချင်တော့တယ်။ ဟော ဟိုကောင်မလေးဆို အိပ်လိုက် တာ ညဆယ်နာရီ ဆယ့်တစ်နာရီကနေပြီး မနက် ကိုးနာရီမှ ထတော့တယ်၊ ပြီးတော့ သူ့ကို နဂါးသိုက်က ခေါ်သလေးဘာလေးနဲ့၊ ဒကာမတွေ ဆွေမျိုးတွေ ခေါ်ချင်တယ်နဲ့ ဆရာတွေနဲ့ လုပ်နေတာ၊ စင်စစ်တော့ **'ထိနမိဒ္ဓ'**ပျင်းတာ၊ ထလမ်း လျှောက်ပစ်လိုက်၊ စက်ဘီးတွေစီးပြီး ထလမ်းလျှောက်ပစ်လိုက် ပျောက်သွားတာပဲ။

အိပ်လိုက်ချည်းပဲဆိုရင် အလုပ်ကလည်းမရှိ လခကလည်း အလုပ်မလုပ်ရင် မပေးဘူး၊ တစ်ဝက်ပေး တော်ကြာဖြုတ်ချလိုက်တယ်၊ ခြောက်လရှိရင် ဖြုတ်ချလိုက်မှာ၊ အဲဒါတွေလည်း ကြောက်၊ အဲဒီကောင်မလေး လခတွေပေးတုန်း အိပ် အိပ်နေ၊ သမာဓိတွေလုပ်လွှန်းမကလုပ် တော့လည်း **'ထိန မိဒ္ဓ'**ဝင်၊ နဂါးသိုက်က ဘာသိုက်ကနဲ့လာ၊ အဲဒါတွေ တကယ်မှတ်၊ အဲဒါ **'သင်္ခါရက္ခန္ဓာ'** မှန်းမသိလို့။ အကုသိုလ် စေတသိက် တစ်ဆယ့်လေးလုံးရှိပါသည်၊ တစ်ဆယ့် လေးလုံးဟူသော်ကား **'မောဟမူစိတ်'** က လေးခု - မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ၊ **'ဒေါသမူစိတ်'**က လေးခု-ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ၊ **'လောဘမူစိတ်'** က သုံးခု-လောဘ ဒိဋ္ဌိ မာန၊ **'အဆုံးတြိ-** ထိန မိဒ္ဓ ဝိစိကိစ္ဆာ၊ လေးနဲ့လေးနဲ့ပေါင်းရှစ်၊ ရှစ်နဲ့သုံးနဲ့ပေါင်း တစ်ဆယ့်တစ်၊ တစ်ဆယ့်တစ်နဲ့ သုံးနဲ့ပေါင်း တစ်ဆယ့်လေး၊ **'အကုသိုလ်စိတ်'** တစ်ဆယ့်လေးလုံး။

**မောစတုက်လေးလုံး**

**'မောစတုက်လေးလုံး'**၊ ဆဲရမှာတွေမရှက်ဘူး၊ အတင်းပြောရမှာတွေ မရှက်ဘူး၊ ပြီးတော့ ကုန်းတိုက်ရမှာတွေ မရှက်ဘူး၊ အိမ်လည်ပြီး အသိမ်အဖျင်းပြောရမှာတွေ မရှက်ဘူး၊ အဲဒါတွေ

www.burmeseclassic.com

www.burmeseclassic.com



**'ဝစီဒုစရိုက်'** ခေါ်တယ်၊ အဲဒါတွေ မောဟကြောင့် မရှက်တာ၊ **'အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ မောဟ'**။ အဲဒါတွေသိမှ ပယ်နိုင်တယ်၊ မောဟက **'လူ'** ဖြစ်နေတယ်၊ စေတသိက်နဲ့ ပြောမယ်ဆိုရင် မောဟက **'လူ'** ဖြစ်နေတော့၊ **'အဟိရိက'**က **'ငါ'** မရှက်ဘူး၊ **'ဒိဋ္ဌိ'**က ငါ၊ မရှက်တာက **'အဟိရိက'**၊ ဒုစရိုက်လုပ်ရမှာကို မကြောက်ဘူး၊ **'ငါ'** က ဒိဋ္ဌိ၊ မကြောက်တာက **'အနောတ္တပ္ပ'**၊ **'ငါကြီး'**ပါ နေတယ်၊ **'ငါ'** ပျင်းတယ်၊ အဲဒါတွေပါတယ်၊ **'မောစတုက်လေးလုံး'**၊ မောဟနဲ့ယှဉ်တယ် မောဟ မရှိရင် အဲဒါတွေမရှိဘူး၊ လူမရှိရင် အဲဒီ မောဟမရှိတော့ဘူး။ သစ္စာလေးပါးကို မသိခြင်း၊ အာရုံ၏သဘောအမှန်ကို မသိခြင်းလက္ခဏာရှိသော **'မောဟ စေတသိက်'** လည်းကောင်း၊ အဲဒီ **'မောဟကြီး'**က အရင်းခံနေတယ်၊ အဲဒါတွေနှင်ထုတ်၊ ဒါတွေ **'ကိုယ်'** မဟုတ်ဘူး။

**'အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ မောဟ'**၊ အဲဒါ မောစတုက်လေးလုံးတဲ့၊ **'မောဟ စတုက္က-** မောဟကစ၍လေးလုံးမြောက်**'** ခေါ်တယ်၊ အဲဒါ **'မောစတုက္က'** ခေါ်တယ်၊ **'မောဟ'**ဆိုတာ စေတသိက် **'သင်္ခါရက္ခန္ဓာ'**၊ ဒကာမကြီးတို့ မဟုတ်ဘူး၊ ဒကာကြီး လည်းမဟုတ်ဘူး၊ လူလည်း မဟုတ်ဘူး **'စေတသိက်'**၊ စေတသိက်ကို လက်မခံရင်ပြီးတာပဲ၊ ခုတော့ အဲဒီ **'မောဟကြီး'**ကို လက်ခံနေတယ်၊ မောဟရဲ့သဘောက **'အဝိဇ္ဇာ'** ခေါ်တယ်။ **'သောမောဟော-** အကြင်မောဟသည်၊ **အဝိဒိတံ-** မသိအပ်သော မိန်းမ ယောကျ်ား စသည်ကို၊ **ဝိန္ဒတိ-** သိတတ်၏၊ **ဣတိတသ္မာ-** ထို့ကြောင့်၊ **သောမောဟော-** ထိုမောဟသည်၊ **အဝိဇ္ဇာ-** အဝိဇ္ဇာမည်၏'။

## မနောထဲလူဝင်တယ်

**'အဝိဇ္ဇာနဲ့ မောဟ'** ကအတူတူပဲ၊ **'လူတွေ'** ရယ်လို့ မသိနဲ့၊ သိရင် လူဝင်တယ်၊ မနောထဲလူဝင်တယ်ဆိုတာ၊ အဲဒါဂရုစိုက်လိုက်စမ်း၊ **'ဝိညာဏ်'** ဆိုရင် မနောထဲတန်းရောက်သွားတယ်၊ **'မနောထဲလူဝင်တယ်'**၊ အဲဒါအဓိပ္ပါယ်သိရဲ့လား၊ လူဝင်တော့ အဲဒီ စိတ်မဖြစ်ဘူးလား၊ အဲဒါ သူခိုးဝင်တာ **'မောဟဝင်တာ'**၊ ဘာဝင်တာတုံး (မောဟဝင်တာပါဘုရား)၊ မိန်းမတွေကျတော့ ယောကျ်ားတွေလိုချင်တယ်၊ ယောကျ်ားတွေကျတော့ မိန်းမတွေ လိုချင်တယ်၊ အဲဒါဘာဖြစ်တာတုံးဆိုစမ်း **'မောဟဝင်တာ'**၊ ဘာဖြစ်တာတုံး (မောဟဝင်တာပါဘုရား)၊ အဲဒါအစကတည်းက အဝင်မခံလို့ရှိရင် မောဟရှိသေးလား (မရှိပါဘူးဘုရား)၊ အေး အဲလိုသိရတယ်၊ သမီးလေး ဝင်လာပြီ၊ အဲဒါဘာဝင်တာတုံး (မောဟဝင်တာပါဘုရား)၊ နိုင်ငံခြားက သားလေးဝင်လာပြီ၊ အဲဒါဘာဖြစ်တာတုံး (မောဟဝင်တာပါဘုရား)။ မနေ့ကဒကာမကြီးဆို ငိုလို့ လည်ပင်းလေး အကြိတ်ပေါက်တယ်၊ သားလေးခွဲရတော့မှာ၊ ဒီသားလေး တစ်ယောက်တည်းရှိပါတယ်ဘုရားနဲ့ ပူလိုက်တာမှတခါတည်း ငိုလို့၊ အဲဒါလည်း **'လူ'**ဝင်တာ၊ နာရီ **'အချိန်'**ဝင်သွားပြီ၊ နာရီကြည့်ရင်

www.burmeseclassic.com

www.burmeseclassic.com



ဘာဝင်သွားတာတုံး (အချိန် ဝင်သွားတာပါဘုရား)၊ ဘယ်ထဲဝင်သတုံး (မနောထဲဝင်သွားတာပါဘုရား)။ စိတ်ထဲဝင်သွားပြီ၊ အဲဒါတွေက အခြေခံကစပြီးသိမှ၊ သို့မဟုတ်လို့ရှိရင် မောဟဝင်လို့ဝင်မှန်းမသိဘူး၊ ဒေါသကြီးကအရင်ရှိသလား (မရှိပါဘူးဘုရား)၊ စိတ်ဆိုးတော့ မဝင်ဘူးလား (ဝင်ပါတယ်ဘုရား)၊ ဘယ်ထဲဝင်သတုံး (မနောထဲဝင်သွားပါတယ်ဘုရား)။

အေး **'မနော'**ထဲဝင်သွားတယ်၊ ဝင်တာသိ၊ မဝင်ဘူးလို့ဆိုရင် ဒီလူ ဘုရားမဖြစ်ဘူးလား ဖြစ်သလား၊ အဲသလောက်ကလေးကို အဝင်ခံ ခံနေတာ၊ အဲဒါဝင်မှန်းမဝင်မှန်းကလည်း **'ဧကဂ္ဂတာ'၊** ထွက်လေ ဝင်လေလေးလုပ်မယ်ကြံ၊ 'ဝါး'ဆို သမ်းချလာပြီ၊ အဲဒါဘာ ဝင်တာတုံး (ထိနမိဒ္ဓဝင်တာပါဘုရား)၊ အေး **'ထိနမိဒ္ဓ'** ဝင်တာ၊ သူတို့က ဘာစေတသိက်တုံး **'အကုသိုလ်စေတသိက်'**၊ အဲလိုမှတ်ထား၊ ဘာခန္ဓာတုံး (သင်္ခါရက္ခန္ဓာပါဘုရား)၊ အဲဒါဘယ်လို ဆိုမတုံး **'ဤဟာသင်္ခါရ'**၊ အဲဒါဘုရားဆိုတာ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာ၊ **'သင်္ခါရငါးဆယ်ရှိတယ်'**။

**ကိုယ့်ဘာသာသိမှ ပယ်လို့ရတယ် မဟုတ်ရင်ပယ်လို့ကို မရဘူး**

အဲဒါ **'အဝိဇ္ဇာပစ္စယာသင်္ခါရာ'**ပဲ၊ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ငါးဆယ်၊ အဝိဇ္ဇာမရှိရင် အဲဒီငါးဆယ်ရှိသေးလား၊ အဲဒီအဝိဇ္ဇာဘာကြောင့်ဖြစ်တုံး **'ပညတ်'**၊ **'လူတွေ'**ကြောင့်၊ လူတွေ ယောကျ်ားတွေ မော်တော်ကားတွေ မိန်းမတွေ အဲဒါတွေကို **'ပညတ်'** မှန်းသိရဲ့လား၊ တကယ့်လူတွေလို့မသိဘူးလား၊ တကယ့်လူတွေလို့သိတာဘာတုံး **'ဒိဋ္ဌိ'၊** ကိုယ့်ဘာသာသိမှပယ်လို့ရတယ်၊ မဟုတ်ရင်ပယ်လို့ကိုမရဘူး၊ ဒါကြောင့်တရားနာရတယ်၊ မသိဘဲနဲ့ဘယ့်နှယ့်လုပ် ပယ်မလဲ၊

**'သိ ပယ် ဆိုက် ပွား'**၊ **'သိ'**မှ **'ပယ်'**တယ်၊ မသိရင်မပယ်ဘူး၊ သိပြီလား၊ ခုသမ်းတာက ဘာတုံး (ထိနမိဒ္ဓပါဘုရား)၊ မသမ်းစေနဲ့ ပျင်းတာက ဘာတုံး (ထိနမိဒ္ဓပါ ဘုရား)၊ မလုပ်နိုင်တာက ဘာတုံး၊ **'ထိနမိဒ္ဓ'**ပဲ၊ အောင်မာ အနိစ္စကောင် ဒုက္ခကောင်တွေ ဘာမှန်းမသိ ညာမှန်းမသိ၊ အဲဒါသိလို့ပယ်တဲ့ဟာက **'ဉာဏ်'**၊ **'ဉာဏ်'** နဲ့ပယ်တာ၊ ကိလေသာတွေကို သတ်ပြီးပယ်လိုက်တယ်ဆိုတာ **'မဂ်'**က ပယ်တာ၊ **'ဉာဏ်'**နဲ့ပယ်တာ **'မဂ်ဉာဏ်'**ခေါ်တယ်၊ ကိလေသာတွေကို ဝမ်းထဲအဝင်မခံနဲ့၊ ဘယ်ထဲဝင်သတုံး (မနောထဲဝင်ပါတယ်ဘုရား)။ အေး စိတ်ထဲဝင်သွားတယ်၊ ဝမ်းထဲဝင်သွားတယ်၊ ပါးစပ်က 'ဝါး' ဆိုသမ်းချလိုက်တာ အဲဒါ **'ထိနမိဒ္ဓ'** အလေ့အကျင့်မလုပ်နဲ့ သူ့ကိုနှင်ထုတ်မှ ပယ်သတ်မှ၊ **'ထိနမိဒ္ဓ'** ဘာခေါ်သတုံး **'နီဝရဏ'** လို့ခေါ်တယ်၊ **'ထိနမိဒ္ဓ'** ဘာခေါ်သတုံး (နီဝရဏပါဘုရား)၊ ပြီးတော့ **'သံယောဇဉ်'** လည်းမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ **'ထိနမိဒ္ဓသံယောဇဉ်'**။ **'ထိနမိဒ္ဓနီဝရဏ'** လည်း ခေါ်တယ်၊ မပျင်းစေနဲ့၊ ခေါင်းမငုံ့နဲ့၊ တစ်ခါတည်း မတ်မတ် ကလေးနေရတယ်၊ ငယ်ထိပ်ဆီထား ကမ္မဋ္ဌာန်းတွေက အပုံပဲ၊ ငယ်ထိပ်ဆီထားတော့ 'ဆရာသက်နည်း' ဖြစ်သွားတယ်၊ အခုနေဆိုရင် လောဘမရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



**လောဘဒိဋ္ဌိ**

**'လောဘ ဒိဋ္ဌိ မာန'**၊ အဲဒီသုံးပါးဘာခေါ်တုံး (လောဘတြိပါဘုရား)၊ လောဘနဲ့ ယှဉ်တာတွေပေါ့။

**ဒေါစတုက်လေးလုံး**

**ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ** ---ဆိုစမ်း (ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ)။

**စင်စစ် စေတသိက်မှန်းသိလိုက်ရင်မငြူစူတော့ဘူး**

အဲဒါကို **'ဒေါစတုက်လေးလုံး'** ခေါ်တယ်---ဆိုစမ်း (ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ)၊ မငြူစူဘူးလား ငြူစူသလား၊ ငြူစူရင် ဘယ်သူတုံး (ဣဿာပါဘုရား)၊ **'ဣဿာ'**က ငြူစူတာ၊ ဒကာမကြီးတို့က အဲဒီ**'ဣဿာ'**ကို **'ငါ'** ငြူစူတယ်လို့ ဒီလိုမှတ်တယ်၊ စင်စစ် **'စေတသိက်'**မှန်းသိလိုက်ရင်၊ **'သင်္ခါရက္ခန္ဓာ'** ခန္ဓာမှန်းသိလိုက်ရင် မငြူစူတော့ဘူး၊ အရင်တုန်းကတော့ အဲဒီ **'ဣဿာ'**ကို လူလို့မထင်ဘူးလား၊ ဘယ်သူကြောင့်ထင်တုံး **'ငါ'** ငြူစူတယ်၊ မဟုတ်ဘူးလား **'ငါ'** မဖြစ်ဘူးလား၊ **'ငါ'**ဆိုတာ ဘယ်သူတုံး (ဒိဋ္ဌိပါဘုရား)၊ **'ဒိဋ္ဌိ'**ဆိုတာ ဘယ်သူ့ကြောင့်ဖြစ်တုံး (မောဟကြောင့်ပါဘုရား)၊ **'မောဟ'**ကြောင့် **'လူ'** ဖြစ်သွားလို့ ဒိဋ္ဌိဖြစ်တယ်၊ **'လူ'** ဖြစ်လို့ **'ဣဿာ'** ဖြစ်တာ၊ ကဲ မြတ်စွာဘုရားက **'နိဿတ္တ နိဇ္ဇီဝ သဘာဝါ**- သတ္တဝါလည်းမဟုတ် အသက်လည်း မဟုတ်ဘူး' ဆိုတော့ ကဲ ငြူစူလို့ ဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)၊ ကဲ **'နိဿတ္တ-** သတ္တဝါ မဟုတ်ဘူး**'** ဆိုတဲ့ဟာ အလွန်အရေးကြီးတယ်၊ ခေါင်းတွေ ခြေတွေ လက်တွေပါနေရင် ဘာတွေ ဖြစ်နေတုံး၊ သတ္တဝါဖြစ်နေတယ်။

**ဓာတ်ရောက်ရင်လူပျောက်တယ်**

ခေါင်းတွေ ခြေတွေ လက်တွေမထားနဲ့ **'ဓာတ်'**၊ ခေါင်းက မမာဘူးလား မာသလား (မာပါတယ်ဘုရား)၊ မာရင်ဘာတုံး (ပထဝီပါဘုရား)၊ **'ပထဝီကြီး'** ကိုခေါင်းလုပ်နေတာ မာတာကလည်း ဘယ်သူလုံးပေးထားတုံး (အာပေါလုံးပေးထားပါတယ်ဘုရား)၊ **'အာပေါ'** လုံးပေးထားတယ်၊ ခြောက်အောင်ဘယ်သူလုပ်ပေးထားတုံး (တေဇောလုပ်ပေးထားပါတယ်ဘုရား)။ အဲဒါသုံးပါး **'တယောမဟာဘူတေပဋိစ္စ ဇော်မဟာဘူတံ'**။

အဲဒါခေါင်းကြီးဖြစ်သွားတာ မာတာကြီးဖြစ်သွားတာ၊ မာတာကြီးကို **'ပထဝီ'** လို့ခေါ်၊ ခေါင်းလို့မခေါ်နဲ့၊ အဲဒါလေးနဲ့ တော်တော်ဟန်သွားတယ်၊ ခြေထောက်ကြီးတွေ ရင်ဘတ်ကြီးတွေ နောက်ကျောရိုးကြီးတွေ၊ ကဲ မမာဘူးလား (မာပါတယ်ဘုရား)၊ လက်ကြီးတွေ ပေါင်ကြီးတွေ တင်ပဆုံကြီးတွေ မပျော့ဘူးလား(ပျော့ပါတယ်ဘုရား)၊ ပျော့တာလည်း ဘာတုံး၊ ပျော့တာလည်း

www.burmeseclassic.com

www.burmeseclassic.com



**'ပထဝီ'** ခေါ်တယ်၊ **'ဓာတ်'**ရောက်သွားရင် **'လူ'** ပျောက်သွားတာပဲ၊ အဲဒီကျတော့ **'အဝိဇ္ဇာ'**လည်း မရှိဘူး၊ **'မောဟ'**လည်း မရှိတော့ဘူး၊ ကဲ **'မောဟ'**မရှိတော့ ဒီပြင်ဟာတွေ ရှိသေးလား (မရှိတော့ပါဘူးဘုရား)။ အဟိရိကတို့ အနောတ္တပ္ပတို့ ဥဒ္ဓစ္စတို့ရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အဲဒါ **'ပထဝီ'** ခေါင်းကြီးကလိုချင်သလား၊ လောဘကလိုချင်သလား ပြောစမ်း (လောဘကလိုချင်တာပါ ဘုရား)၊ ခေါင်းကြီးမှာ လောဘရှိသလား (မရှိပါဘူးဘုရား)၊ အဲဒါနဲ့ကို ဟန်နေတာ အဲလို ခွဲပါလို့ဆိုနေ ဘယ်မှာ လောဘရှိတုံး၊ **'ခေါင်းကြီး'**ကို လူထင်တယ်၊ **'လူ'**ထင်ပြီးတော့မှ လောဘ ဖြစ်တယ်၊ **'ခေါင်းကြီး'**ကို ဘာထင်တုံး (လူထင်ပါတယ်ဘုရား)၊ **'လူ'** ထင်ပြီးရင် ဘာဖြစ်တုံး (လောဘဖြစ်ပါတယ်ဘုရား)၊ **'လူ'**ရောက်မှ လောဘဖြစ်တယ်၊ **'ဒိဋ္ဌိ'** ရောက်ရင် လောဘ ဖြစ်တယ်၊ ဒါ **'စေတသိက်'**ရဲ့ အကြောင်းတွေပြောနေတာပါ။

**'စေတသိ**- စိတ်၌၊ **ဘဝင်**- ဖြစ်သည်တည်း၊ **စေတသိကံ**- စိတ်၌ဖြစ်သည်**'**။

အဲဒီ **'စိတ်'**မှာ **'မနော'**မှာ ဖြစ်နေတယ်၊ မာတာကိုခေါင်းကြီးလို့ ဆိုလိုက်တာ ဘယ်သူတုံး-**'မနော'**၊ မာတာကို ခေါင်းကြီးလို့ဆိုလိုက်တာ ဘယ်သူတုံး (မနောပါဘုရား)၊ မနောပေ့ါ- **'အဝိဇ္ဇာမနောကြီး'**ပဲ၊ ပထဝီမရှိဘဲနဲ့ ခေါင်းကြီးရှိပ့ါမလား၊ **'ပထဝီ'**က အရင်လား၊ **'ခေါင်း'** က အရင်လား (ပထဝီကအရင်ပါဘုရား)။ အေး မြတ်စွာဘုရားက **'ပထဝီ'**က အရင်မှန်း သိတယ်၊ သူက သိဒ္ဓတ္ထမင်းသားတုန်းကလို မဟုတ်ဘူး၊ ဘုရားဖြစ်ပြီးနောက် မပြော မဖြစ်လို့ ပြောရတာ၊ **'တထာဂတ'**လို့ ခေါ်တယ်၊ ရှေးဘုရားတို့နှင့်အတူ ကြွလာတော်မူခြင်းကြောင့် **'တထာဂတော'**၊ လက်တွေက မပျော့ဘူးလား (ပျော့ပါတယ်ဘုရား)၊ ပျော့တာဘာလဲ (ပထဝီပါဘုရား)၊ **'ပထဝီ'** ကို လက်ကြီးလို့ ခေါ်တယ်၊ **'လက်ကြီး'** ဖြစ်တော့မှ **'ငါ့လက်'** လို့ မခေါ်ဘူးလား။

**'ပျော့တာ မာတာ ပထဝီပါ၊ ခေါင်း ခြေ လက်ဟာ အဝိဇ္ဇာ၊ လူတွေ နတ်တွေ သတ္တဝါတွေရောပါ'**၊ ခေါင်းခြေလက်ရောက်သွားရင် **'အဝိဇ္ဇာ'** ရောက်သွားတယ်၊ **'လူ'** ဖြစ်သွားတယ်၊ ဒါကြောင့် **'လူ'**လို့မလုပ်နဲ့၊ **'လူ'**လုပ်ရင် ဒိဋ္ဌိဖြစ်သွားတယ်၊ **'အဝိဇ္ဇာ'**ကြောင့် ဒိဋ္ဌိဖြစ်သွားတယ်၊ အဲဒီ **'စေတသိက်'** ကလေးတင်ပဲ တရားတွေအပုံပဲ၊ **'ငါ'**မဖြစ်ဘူးလား၊ **'ငါ'** ဖြစ်တော့ **'ငါ့သား' 'ငါ့အိမ်'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ **'ငါ့အကျီလေး'** မနှမြောဘူးလား (နှမြောပါတယ်ဘုရား)၊ အဲဒါ ဘယ်သူကဖြစ်တာတုံး**'ဒိဋ္ဌိ'**ကဖြစ်တာ၊ **'ဒိဋ္ဌိ'** ဘယ်သူကဖြစ်တုံး-**'မောဟ'**က ဖြစ်တာ၊ အဲလိုလေးသိရင် ပထမတန်းကောင်းတာ၊ ဟိုရှည်ရှည် ဝေးဝေးကြီးတွေမဟုတ်ဘူး၊ ခေါင်းတွေ ခြေတွေ လက်တွေမှာ **'ငါ'** ရှိသေးလား (မရှိတော့ပါဘူးဘုရား)။ အဲသလိုပယ်ရတယ်၊ မာတာ ပျော့တာရောက်ရင် ခေါင်းတွေ ခြေတွေ လက်တွေ မရှိတော့ဘူး၊ အူတွေ အသည်းတွေကရော မာတာလား ပျော့တာလား (ပျော့တာပါဘုရား)၊ အဲဒါလည်း **'ပထဝီ'**၊ အရိုးတွေ

www.burmeseclassic.com

www.burmeseclassic.com



ခြေသလုံးတွေကရော မမာဘူးလား (မာပါတယ်ဘုရား)၊ မာတာက ဘာတုံး (ပထဝီပါဘုရား)၊ အဲဒါ **'ပထဝီ'**ကို ခြေသည်းတို့ လက်သည်းတို့ သွား ဆံပင်တို့ နဖူးတို့ အရိုးတို့ သွားခေါ်တယ်၊ အဲဒါ မာတဲ့အထဲကို မြတ်စွာဘုရားက **'ပထဝီ'** လို့ **'သတ္တဝါ'** မဟုတ်ဘူး၊ **'အဇ္ဈတ္တပထဝီ'၊** ဘာတဲ့တုံး (အဇ္ဈတ္တ ပထဝီပါဘုရား)။

## ငါ ရှုတာ မဟုတ်ဘူး သင်္ခါရကပဲရှုတာ

လမ်းတွေ ကျောက်တွေ တောတောင်တွေကို **'ဗဟိဒ္ဓပထဝီ'**တဲ့၊ **'အဇ္ဈတ္တိကာ စ ပထဝီဓာတု'** ဆိုလိုက်စမ်း (အဇ္ဈတ္တိကာ စ ပထဝီဓာတု)၊ အနက်ပေးလိုက်စမ်း၊ (အဇ္ဈတ္တိကာ စ- အဇ္ဈတ္တ၌လည်း၊ ပထဝီဓာတု- ပထဝီဓာတ်ပင်တည်း)။ **'အဇ္ဈတ္တ'**မှာလည်း ပထဝီဓာတ်တဲ့၊ အဲလို ဆိုလိုက်ရတာပဲ၊ အဲလိုဆိုလိုက်မှ ပွားလိုက် တာမှန်သွားတယ်၊ မှန်သွားတာ ဘာခေါ်တုံး (သမ္မာဒိဋ္ဌိပါဘုရား)၊ **'မဂ္ဂင်ရှစ်ပါး'** ခေါ်တယ်၊ **'သမ္မာဒိဋ္ဌိ'**၊ မှန်သွားတာ ဘာခေါ်တုံး (သမ္မာဒိဋ္ဌိပါ ဘုရား)၊ ဘယ်သူကမှန်တာတုံး **'ငါ'** က မှန်တာလား၊ **'သမ္မာဒိဋ္ဌိ'** ကမှန်တာလား (သမ္မာဒိဋ္ဌိက မှန်တာပါဘုရား)။ အဲဒါ **'ငါ'**၊ **'လူ'** မရှိဘူး၊ **'ငါ'**ရှုတယ် မဟုတ်ပြန်ဘူး၊ ဟုတ်တယ်မို့လား၊ **'သင်္ခါရ'** ကပဲရှုတာ၊ အဲလို အသေးစိတ်ကိုသင်မှ မဟုတ်ရင် **'ငါ'**တတ်တယ်၊ **'ငါ'**သိတယ်နဲ့။ **'ငါအရှိ ငါအသိ ထင်တယ်'**၊ မြင်တာ ပဋိစ္စသမုပ္ပါဒ် ငါတွေ သူတွေမဟုတ်ဘူး၊ လက်တွေ ခြေတွေက ဘာတွေတုံး (ပထဝီပါဘုရား)၊ လှုပ်တာက ဘာတုံး (ဝါယောပါဘုရား)၊ လက်ခြေ မလှုပ်ဘူးလား လှုပ်သလား (လှုပ်ပါတယ်ဘုရား)။

လက်ခြေလှုပ်တာကို ပဌာန်းအားဖြင့်ပြောပါ- **တယောမဟာဘူတေပဋိစ္စ ဧကံ မဟာဘူတံဖြစ်ပါသည်-**ဆိုစမ်း (တယောမဟာဘူတေပဋိစ္စ ဧကံမဟာဘူတံဖြစ်ပါသည်)။ အဲလို သင်ပေးမှတတ်တယ်၊ သို့မဟုတ်ရင်မတတ်ဘူး။ လက်လှုပ်တာ ခြေလှုပ်တာ ဘာခေါ်တုံး ပဌာန်း လိုပြောပါ-(တယောမဟာဘူတေပဋိစ္စ ဧကံမဟာဘူတံဖြစ်ပါသည်)။ ငယ်ထိပ်လှုပ်တာကို ပဌာန်းလိုပြောပါ- (တယောမဟာဘူတေပဋိစ္စ ဧကံမဟာဘူတံပါဘုရား)။ ခြေထောက်က သွားတာကို ပဌာန်းလိုပြောပါ- (တယော မဟာဘူတေ ပဋိစ္စ ဧကံမဟာဘူတံပါဘုရား)။ ဝမ်းဗိုက် ကြီးဖောင်းတာကို ပဌာန်းလိုပြောပါ-(တယောမဟာဘူတေပဋိစ္စ ဧကံမဟာဘူတံပါဘုရား)။

ဓာတ်သွားတာတွေ လေလည်တာတွေ ကျင်ကြီးကျင်ငယ် စွန့်တာတွေကစ အဲဒါတွေပဲ၊ ပဌာန်းနဲ့အဲလိုကျမှ **'လူ'** ပျောက်သွားတယ်၊ ပဌာန်းက သုံးပါးကြောင့် တစ်ပါးဖြစ်သွားတယ်၊ ရင်ဘတ်ကြီးတွေ နောက်ကျောကြီးတွေက ဘာတွေတုံး (မဟာဘုတ်သုံးပါးပါဘုရား)၊ အဲ ပဌာန်းပါဠိ သံသရာကလွတ်အောင်လို့ မြတ်စွာဘုရားကသင်ပေးတာ၊ အမောဆိုက်တယ် ဆိုတာဘာတုံး (တယောမဟာဘူတေပဋိစ္စ ဧကံမဟာဘူတံပါဘုရား)။ အေး ဟုတ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကင်ဆာပေါက်တယ်ဆိုတာ ဘာတုံး၊ ကင်ဆာကလည်း အသားတွေ အရိုးတွေရှိမှ ပေါက်တာ၊ အသား အရိုးမရှိရင် ပေါက်ရဲ့လား (မပေါက်ပါဘူးဘုရား)၊ အဲဒါ ပိုက်ဆံတွေပေါအောင်လုပ်၊ သူတကာ့တိုင်းပြည်သွားကု၊ ကုန်ရော့ နှစ်ဆယ်၊ သုံးဆယ်၊ ခြောက်ဆယ်၊ ဟို 'မြိတ်'က ဒကာကြီးကုန်ရော၊ ကုန်မှတရားကရတယ်၊ အသားဆိုတာ ဘာတုံး (ပထဝီပါဘုရား)။

ကင်ဆာဆိုတဲ့ဟာ ရောဂါတွေက **'ပထဝီ'** မရှိဘဲနဲ့ ကင်ဆာဖြစ်ရဲ့လား၊ ကင်ဆာဆိုတာ **'ငါ'** လား **'ပထဝီ'** လား (ပထဝီပါဘုရား)၊ **'ပထဝီ'** ဟာတဲ့ မြွေကြီးလေးကောင်နဲ့တူတယ်၊ သူကသတ်တယ်၊ သူရှိရင် ကင်ဆာတွေရော အနာတွေရော ဘာတွေရော အကုန်ပေါက်တာပဲ၊ မြွေကြီးလေးကောင်၊ အဲဒါဘယ်ကျမှမရှိတုံးဆိုတော့ **'နိဗ္ဗာန်'** ကျမှ မရှိတယ်၊ အဲဒါမှတ်ထား သို့မို့ ဘယ်သွားစရာမရှိဘူး၊ ကင်ဆာ ဓာတ်ကြီးလေးပါးမရှိတဲ့ နေရာဟာ **'နိဗ္ဗာန်'**ပဲ။

**'အရောဂေါ နိဗ္ဗာန်'၊ 'အရောဂေါ**- ကင်ဆာမရှိသော အနာမရှိသောနေရာသည်၊ **နိဗ္ဗာနံ**- နိဗ္ဗာန်မည်၏**'**။

**အာဝဇ္ဇန်းနှစ်ခုကလည်း သခေါ်ရက္ခန္ဓာ**

ကဲ **'နိဗ္ဗာန်'**ဟာ ခက်သလား၊ ကင်ဆာမရှိ ပထဝီမရှိတဲ့နေရာဟာ **'နိဗ္ဗာန်'** ပဲ၊ အဲဒီ **'ငါ'** သာမလုပ်နဲ့ **'ပထဝီကြီး'** က ပျောက်သွားတာပဲ၊ **'စိတ်ကူးတယ်'၊ 'မနော'**ထဲမှာ အဲဒါဝင်နေတယ်၊ အာရုံတွေဝင်နေတယ်၊ အဲလိုလည်းသိရတယ်၊ သတိပဋ္ဌာန် လည်းလုပ်၊ စိတ္တာနုပဿနာလည်း လုပ်၊ ဓမ္မာနုပဿနာလည်းလုပ်၊ မနောကဘယ်သွားလဲဆို ဉပါဒ် ဌီ ဘင် နဲ့သွားတယ်၊ အဲဒီမှာ **'အာရုံ'** က ဝင်လာတယ်၊ **'မနော'** ထဲမှာ ဝင်လာတယ်၊ **'မနော'**ဆိုတာ ဘာတုံး-**'ပဥ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်းဒွေး'**။ **'မနော'** ဆိုတာဘာတုံး (ပဥ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်းဒွေးပါဘုရား)၊ အဲဒါကို **'မနောဓာတ်'** ခေါ်တယ်၊ အလကားနေ အဲဒီထဲရောက်ပြီး ဟိုတွေး ဒီတွေး ဟိုစာဖတ် ဒီစာဖတ် **'မနော'** ထဲ ဝင်တာလို့မသိ၊ **'မနော'** ထဲ ဘာဝင်တာတုံး ပညတ်ဝင်တာ၊ တော်ကြာ ဝတ္ထုတွေ ဖတ်တော့ ဟိုကချစ်တယ် ကြိုက်တယ်နဲ့ ရာဂမဖြစ်ဘူးလား။

အဲဒါ **'မနော'**ထဲ ဘာဝင်သွားတုံး (ပညတ်တွေ ဝင်တာပါဘုရား)၊ **'ပညတ်တွေ'၊ 'ဇော'**ဝင်သွားတယ်တဲ့၊ အဲလိုလည်းသိမှ၊ အဲဒါတွေ ကောင်းပြီး ဝတ္ထုတွေ လျှောက်ဖတ်၊ အဲလို ဟာမျိုး **'မနော'၊** ပြီးတော့မှ **'မနောဝိညာဏ'**က **'ဇော'** ဖြစ်သွားတယ်။ **'မနောနဲ့ မနောဝိညာဏ'၊ 'မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ'။ 'ဓာတု'** တင်ထားရတယ်၊ ဟိုဟာကျတော့ **'ယာ'** ထိအောင်သွားရတယ်။ **'မနောဝိညာဏ ဓာတုယာ၊ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ၊ အနန္တရ ပစ္စယေန ပစ္စယော'** ၊ အဲဒီ **'မနော'**ထဲမှာ အာရုံဝင်သွားတော့ **'ကိလေသာ'** ဖြစ်သွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



**'မနောဝိညာဏ်'** ခေါ်တယ်၊ ဟိုဟာက**'မနော'**က ဆင်ခြင်တာ၊ **'မနောဓာတု'** တင်ထား **'ယာ'** မလုပ်နဲ့၊ **'သည်'** ဆိုရင် **'ယာ'** မလုပ်ရဘူး၊ **'အား'** ဆိုမှ **'ယာ'** လုပ်ရတယ်၊ **'နာမ်တို့အား'**၊ မနောဓာတ်တို့မှ **'ယာ'** လုပ်ရတယ်။

**'မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ'**၊ **'မနောဓာတ်'**နဲ့ယှဉ်တဲ့ စေတသိက်တဲ့၊ မနောဓာတ်နဲ့ယှဉ်တဲ့ နေရာမှာ ဆန္ဒတို့ ပီတိတို့ ဝီရိယတို့ မပါဘူး၊ သူ့ဟာသူဆင်ခြင်တာ၊ အဲဒါဆယ်ခုရှိတယ်၊ **'သဗ္ဗစိတ္တသာဓာရဏစေတသိက်'** ခုနစ်ခု၊ အဲဒီပြောရင် မသိဘဲနေမှာစိုးလို့ သိရုံလောက်ကလေး၊ **'မနော'** ကနေစောင့် မဝင်ဘူး ဝင်တယ်၊ အဲဒါ ဝိပဿနာကမ္မဋ္ဌာန်းပဲ၊ **'မနော'**ကဘာတုံး- **'ဒွါရ'**၊ **'မနော'**ကဘာတုံး (ဒွါရပါ ဘုရား)၊ **'မနော'** ကနေစောင့် မဝင်စေနဲ့၊ အဲဒါကမ္မဋ္ဌာန်းလုပ်တာပဲ၊ စောင့်တတ်ပလား၊ **'ဒွါရ'** တစ်ခုကနေစောင့်၊ **'ဇော'** မဖြစ်လို့ရှိရင် အဲဒါ နိဗ္ဗာန်ရောက်တာပဲ။ **'ကုသိုလ်ဇော၊ အကုသိုလ်ဇော၊ ကာမဇော၊ မဟဂ္ဂုတ်ဇော'**၊ အဲဒါ **'မနော'** ထဲမှာ **'အာရုံ'** မဝင်စေနဲ့လို့ပြောတာ၊ **'အာရုံ'** ကြောင့် အဲဒါက ဆင်ခြင်တာ ဖြစ်သွားတယ်၊ **'အာရုံ'** မရှိရင် အဲဒီ **'မနော'**က ဆင်ခြင်လို့ မဖြစ်ဘူး၊ **'မနော'** ရဲ့အာရုံက ဘာတုံး ဆရာ့ဆိုရင် **'ပဥ္စာရုံ'** ခေါ်တယ်၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဒါက ဆင်ခြင်တာပါပဲ၊ ခရမ်းသီးချက်ကလေးက ကောင်းလိုက်တာ၊ ကြက်သားလေးက ကောင်းလိုက်တာ၊ ဘယ် အင်္ကျီလေးက ကောင်းလိုက်တာနဲ့ အဲလိုမဆင်ခြင်ဘူးလား၊ အဲဒါ **'ပဥ္စဒွါရာဝဇ္ဇန်း'**၊ **'မနောဓာတ်'** လို့ခေါ်တယ်၊ ဘာခေါ်တယ် (မနောဓာတ်လို့ခေါ်ပါတယ်ဘုရား)။ အဲလိုသိမှ၊ သို့မဟုတ်ရင် သင်မပေးရင် **'ငါ'** ဖြစ်သွားတယ်၊ အလွန်သနားစရာ ကောင်းတာ၊ ဘာမဟုတ်တာလေးနဲ့ **'ငါ'** သွား သွား လုပ်နေတယ်၊ လူတွေ ယောကျ်ားတွေ မိန်းမတွေ မဟုတ်ဘူး၊ အဲဒါကို အရင်ထား၊ ထားပြီး **'မနောဒွါရ'**။ စောင့်တာ **'သတိ'**၊ သဠာရက္ခန္ဓာပဲ၊ ထွက်လေ ဝင်လေလုပ်နေတော့ တော်ကြာပျင်းမလာဘူးလား၊ ပေါင်ဒြလမထေရ်ကြီး တစ်ခါတည်း ဒွါရငါးပေါက် ပိတ်တယ်လို့ မဆိုဘူးလား၊ ဖွတ်ကြီးကို မနောဒွါရက ဖမ်းတယ်လို့ မဆိုဘူးလား။

**'ပဥ္စဒွါရာဝဇ္ဇန်း မနောဒွါရာဝဇ္ဇန်း'**၊ **'မနော'**ကဆင်ခြင်တာ၊ **'ပဥ္စဒွါရာဝဇ္ဇန်း'** လွန်ပြီးတော့ **'မနောဒွါရာဝဇ္ဇန်း'**၊ **'မနောဒွါရာဝဇ္ဇန်း'** လို့ခေါ်တယ်၊ အဲဒီ **'မနောဒွါရာဝဇ္ဇန်း'** နောက်မှာတော့ ကုသိုလ် အကုသိုလ်ပဲ ဝင်တော့တယ်၊ **'ပဥ္စဒွါရာဝဇ္ဇန်း'** နောက်မှာတော့ သမ္ပဋိစ္ဆိုန်း သန္တီရဏ **'သမ္ပဋိစ္ဆိုန်းဒွေး'** ခံနေတယ်၊ **'ပဥ္စဒွါရာဝဇ္ဇန်း မနောဒွါရာဝဇ္ဇန်း'**၊ **'အာရုံငါးပါး'** ဆင်ခြင်တာက ပဥ္စဒွါရာဝဇ္ဇန်း၊ အာရုံငါးပါးဆင်ခြင်တာဘာတုံး (ပဥ္စဒွါရာဝဇ္ဇန်းပါဘုရား)၊ စိတ်ကူးကိုဆင်ခြင်တာကဘာတုံး (မနောဒွါရာဝဇ္ဇန်းပါဘုရား)၊ အဲလို **'အာဝဇ္ဇန်း'**နှစ်ခုမှတ်ထား၊ အဲဒီ အာဝဇ္ဇန်း **'သဠာရ**

www.burmeseclassic.com

www.burmeseclassic.com



**ကွန္ဓာ**'ကိုလည်း **'ငါ'**လို့မှတ်တယ်။ **'သင်္ခါရေ အတ္တတော သမနုပဿတိ'**၊ အဲဒါတွေကပါငြိသင်ဖူး မှုလုပ်တတ်တာ။ **'သင်္ခါရေ**-သင်္ခါရက္ခန္ဓာတို့ကို၊ **အတ္တတ္တော**-ငါဟူ၍၊ **သမနုပဿတိ**-ရှု၏'။

**ငါအရှိ ငါအသိထင်တယ်**

ခေါင်းလေးဖြီးလိုက်တာဘယ်သူတုံး (သင်္ခါရပါဘုရား)၊ အဲဒါကို ခေါင်းလေးဖြီးတယ်လို့ မဆိုဘူးလား (ဆိုပါတယ်ဘုရား)၊ အဲဒါ **'ဒိဋ္ဌိ'**၊ ဖြီးတယ် ဖြီးတယ် **'ငါ'** မလုပ်လိုက်ရင် ဒိဋ္ဌိက မရှိတော့ဘူး။ **'ငါအရှိ ငါအသိထင်တယ် အတ္တဝင် ဒိဋ္ဌိဖြစ်သလေး'**၊ အတ္တဝင်သွားရင် ဒိဋ္ဌိဖြစ်သွားတယ်၊ **'ငါရှိတယ်'**၊ **'ငါသိတယ်'** ထင်နေတယ်၊ အခု ဘယ်သူသိသတုံး **'မနောတွေ'**က သိတယ်၊ ဟုတ်ကဲ့ လား၊ **'ခန္ဓာတွေ'**ကသိတာ၊ အဲဒါ ဒကာမကြီးတို့က သိသလား (မဟုတ်ပါဘူး ဘုရား)၊ အဲဒါ ဒကာမကြီးတွေ မရှိဘူးလို့မှတ်ထားမှ၊ ဒကာကြီးတွေလည်းမရှိဘူး ခန္ဓာကသိတာ၊ ဒီလိုလုပ်တာ တောင်မှ **'ငါ'**ကရှိနေတာ၊ ဒကာမကြီးတွေက ရှိနေတယ်၊ ဒကာမကြီးရှိနေတော့ ဆရာတော်ကြီး အဲဒီဘုန်းကြီးရှိတာပေါ့၊ အဲဒါကြီး ကြည်ညို။ **'သဒ္ဓါတရားတွေ'** ဖြစ်တာပေါ့၊ **'သဒ္ဓါတရား'** ဘာခန္ဓာတုံး (သင်္ခါရက္ခန္ဓာပါဘုရား)၊ မြဲသလား မမြဲဘူးလား (မမြဲပါဘူးဘုရား)၊ အေး အဲသလိုကိုသိရတယ်၊ သိတာ ဘာစေတသိက်တုံး-**'ပညိန္ဒြေ စေတသိက်'**။

**'သိတာ'** ဘာစေတသိက်တုံး (ပညိန္ဒြေ စေတသိက်ပါဘုရား)။

**'သနားတာ'** ဘာစေတသိက်တုံး (ကရုဏာ စေတသိက်ပါဘုရား)။

တို့လူမျိုးတွေက သနားတတ်တယ်။ ခန္ဓာအားဖြင့် ဘာခန္ဓာတုံး (သင်္ခါရက္ခန္ဓာပါဘုရား)။

**'ဝမ်းမြောက်တာ'** ဘာစေတသိက်တုံး (မုဒိတာ စေတသိက်ပါဘုရား)။

**'မုဒိတာ စေတသိက်'** ဘာခန္ဓာတုံး (သင်္ခါရက္ခန္ဓာပါဘုရား)။

အဲဒီ **'သင်္ခါရက္ခန္ဓာ'** ကုသိုလ်မဟုတ်ဘူးလား ဟုတ်လား (ဟုတ်ပါတယ်ဘုရား)။

**'အဝိဇ္ဇာ'** မပါဘူးလား ပါလား (ပါပါတယ်ဘုရား)။

**ကြည်ညိုတာ သဒ္ဓါစေတသိက်ထောက်ရင် ဒကာကြီး ဒကာမကြီးတွေ မပျောက်ဘူးလား**

**'အဝိဇ္ဇာ'**၊ အာသဝေါတရားနှင့် တကွဖြစ်သောအဝိဇ္ဇာ၊ ကုသိုလ်ဟူသော သမုဒယ ခေါ်တယ်၊ အဲဒါမှတ်ထား စေတသိက် ငါးဆယ့်နှစ်လုံးကိုသေချာသိရမယ်၊ ပြီးတော့ အဲလို ခွဲခြားပြောမှ တကယ်သိတာ၊ တကယ်သိမှ တကယ်ဟန်တယ်၊ လွှတ်ဟန်တာ နည်းနည်းလေး ဟန်တာမဟုတ်ဘူး တော်တော်ဟန်သွားပြီ၊ **'ကြည်ညိုတာ'** ဒကာမကြီးတွေလား (မဟုတ်ပါ ဘူးဘုရား)၊ ဘာစေတသိက်တုံး၊ စေတသိက်က အရင်သွား (သဒ္ဓါစေတသိက်ပါဘုရား)၊ **'သဒ္ဓါ**

www.burmeseclassic.com

www.burmeseclassic.com



**စေတသိက်’** သဒ္ဓါစေတသိက် ထောက်ရင် ဒကာကြီး ဒကာမကြီးတွေ မပျောက်ဘူးလား (ပျောက်ပါတယ်ဘုရား)၊ **‘နွားသတ်တာ’** ဟာ ဘယ်စေတသိက်တုံး (ဒေါသစေတသိက်ပါဘုရား)၊

ဒေါသရော လောဘရောပေါ့၊ အဲဒါ **‘ဒေါသစေတသိက်တွေ’**၊ အကုသိုလ် စေတသိက်တွေ၊ **‘စကားကောင်းကောင်းပြောတာ’** ဘာစေတသိက်တုံး (သမ္မာဝါစာ စေတသိက်ပါဘုရား)၊ အဲဒီတော့ ဒကာကြီး ဒကာမကြီးဟုတ်သေးလား (မဟုတ်ပါဘူးဘုရား)၊ အဲဒါကို ပျောက်ရမယ်၊ ဘုန်းကြီးတွေ ဘာတွေရော အုတ်တိုက်တွေရော အကုန်ပျောက်ရမယ်၊ ဒါမှ **‘သင်္ခါရက္ခန္ဓာ’** မှန်းသိတယ်။ **‘ခန္ဓာငါးပါးသိပြားက မှတ်ရသောတာပန်’**၊ အဲဒီ **‘ခန္ဓာငါးပါး’** သိရင်ကို သောတာပန် ဖြစ်သွားတယ်၊ အဲလိုမသိဘဲနဲ့ သမာဓိတွေ ဟိုလုပ် ဒီလုပ်လုပ်တော့ ဟိုဟာဖြစ်၊ ဒီဟာဖြစ်၊ အဲဒါကို သောတာပန်လို့ ခေါ်ပြန်တာ၊ မြတ်စွာဘုရားကတော့ ခန္ဓာငါးပါးပဲ၊ ယောကျ်ား မိန်းမ မရှိရင် ခန္ဓာငါးပါးပဲ၊ အဲဒီရောက်ရင် နိဗ္ဗာန်ရောက်တာပဲ၊ **‘န သတ္တော၊ န ဇီဝေါ’** လို့ခေါ်တယ်။ **‘ပဥ္စက္ခန္ဓာ န သတ္တော၊ န ဇီဝေါ၊ န ကတ္တိ၊ န ပုရိသော’**။

**သတ္တဝါမဟုတ်ဘူးလို့သိရင် ဒေါသဖြစ်အုံးမလား**

**‘ခန္ဓာငါးပါး’** ကို **‘မိန်းမ ယောကျ်ားမဟုတ်ဘူး’** လို့ သိလိုက်တော့ အဲဒါ သောတာပန်ပဲ အဲဒီနှစ်လုံးတည်းရှိတယ်၊ အဲဒါ ပါဠိတော်ပဲ။ **‘ပဥ္စက္ခန္ဓာ န သတ္တော၊ န ဇီဝေါ၊ န ကတ္တိ၊ န ပုရိသော၊ န မာဏဝေါ၊ နာ ဟံ၊ န မမ’**။ အဲလို **‘ငါ’** မဟုတ်ဘူး၊ ပဥ္စက္ခန္ဓာပဲလို့သိရင် သောတာပန် ဖြစ်တာပဲ၊ သတ္တဝါ မဟုတ်ဘူး လို့သိရင် ဒေါသဖြစ်အုံးမလား၊ နွားမရှိဘူးလို့သိရင် သတ်အုံးမလား (မသတ်တော့ပါဘူးဘုရား)၊ တစ်ခါတည်း ဓမ္မနဲ့ သွားတာ **‘ဉာဏ်’**က **‘ဉာဏ်’**က၊ အကြံဉာဏ်တွေ က အဲလိုမရှိဘဲ ဖြစ်သွားလို့၊ လူတွေအများနဲ့ များရာလိုက်သွားတာ အဲလိုမျိုး၊ များလာတော့ ကောင်းတယ်၊ နာမည် ကျော်တယ်၊ ကြီးတယ်နဲ့ အဲလိုဖြစ်သွားတယ်၊ အဓိပ္ပါယ်ကတော့ အဲလိုပဲ၊ ဘုရားပါဠိတော် အတိုင်းပဲ၊ **‘ပဥ္စက္ခန္ဓာ’** လို့ဆိုရင် အဲဒီဒကာကြီး ဒကာမကြီးတွေ မိန်းမတွေ ယောကျ်ားတွေလို့ ပါသေးလား (မပါပါဘူးဘုရား)၊ မပါမှန်းလည်း သိပလား၊ စေတသိက်ကွဲမှ မပါမှန်းသိတယ်။

**‘ခိုးတာ’**က ဘာစေတသိက်တုံး (လောဘစေတသိက်ပါဘုရား)၊ **‘လိမ်ပြောတာ’** ဘာ စေတသိက်တုံး၊ **‘မောဟစေတသိက်’**ပေါ့၊ **‘လူတွေ’** ရှိလို့ လိမ်ပြောတာ၊ အဲလိုစေတသိက်နဲ့ အလုပ်အကိုင်နဲ့ ခွဲရတယ်၊ တရားသူကြီးလုပ်တာ ဘာစေတသိက်တုံး၊ **‘အဓိမောက္ခ စေတသိက်’**၊ မဆုံးဖြတ်ဘူးလား၊ မှားတယ် မှန်တယ် မဆုံးဖြတ်ဘူးလား (ဆုံးဖြတ်ပါတယ်ဘုရား)၊ **‘အဓိမောက္ခ စေတသိက်’**၊ အကုန်ပါတယ်၊ သူတောင်းစားတောင်းတာ ဘာစေတသိက်တုံး၊ **‘လောဘ**

www.burmeseclassic.com

www.burmeseclassic.com



**စေတသိက်'** ပေါ့၊ လိုချင်လို့ တောင်းတာမဟုတ်လား၊ အင်း စေတသိက်တွေ အကုန်ပါတယ်။ အခုလို ပြောတတ် ဆိုတတ်တာတွေက ဘာစေတသိက်တုံး (ပညိန္ဒြေစေတသိက်ပါ ဘုရား)၊ ကဲ ဘုန်းကြီးဟုတ်သေးလား (မဟုတ်ပါဘူးဘုရား)၊ မဟုတ်ဘူး အဲဒါမှ နိဗ္ဗာန် ရောက်မှာ၊ သို့မဟုတ်ရင် ဘုန်းကြီးဖြစ်နေရင်ကြည်ညိုတဲ့ **'သဒ္ဓါတရား'** ပဲဖြစ်နေမှာ၊ ဟိုက တစ်ခါတည်း **'ပညာ'** ဖြစ်သွားတယ်၊ ဒါကြောင့် ရှင်ယမက ရဟန္တာသေရင် ပြတ်တယ်လို့ ပြောတာနဲ့ပဲ သူ့**'ဒိဋ္ဌိ'**ဖြစ်သွားတယ်၊ စင်စစ် **'သိတာ'**က ဘာစေတသိက်တုံး (ပညိန္ဒြေစေတသိက်ပါဘုရား)၊ **'သနားတာ'** ဘာစေတသိက်တုံး (ကရုဏာစေတသိက်ပါဘုရား)၊ သနားတော့သွား မလှူဘူးလား (လှူပါတယ်ဘုရား)၊ **'ကရုဏာ ဥပနိဿာယ ဒါနံ ဒေတိ'၊** ဒါ ပဋ္ဌာန်းထဲက အကုန်ပါတယ်၊ သနားတာကို စွဲပြီးသွားလှူတာ၊ ငါလှူတာလို့သွားမလုပ်ဘူးလား၊ **'လှူတာ'**က ဘာ စေတသိက်တုံး (အလောဘစေတသိက် သဒ္ဓါစေတသိက်ပါဘုရား)။

လှူတာက **'သဒ္ဓါစေတသိက်'** လည်း ဟုတ်တယ်၊ **'အလောဘ စေတသိက်'** လည်း ဟုတ်တယ်၊ မေတ္တာပို့တာ ဘာစေတသိက်လဲ၊ **'အဒေါသစေတသိက်'**၊ အဲလိုအကုန်ခွဲ၊ လူတွေ လုပ်သမျှတွေ အကုန်ရတယ်၊ စားသင်တာ ပညာတတ်ချင်တာ ဘာစေတသိက်တုံး (ဆန္ဒ စေတသိက်ပါဘုရား)၊ ဆန္ဒတို့ လောဘတို့ မဟုတ်ဘူးလား၊ စားသင်တာ စားသင်ချင်တာ၊ နွား ဖြစ်တာ ဘာစေတသိက်တုံး-**'ဒိဋ္ဌိစေတသိက်'** ရော၊ **'မောဟတွေ'** ရောပါတာပေါ့၊ ကြွက် ဖြစ်တာရော ဘာစေတသိက်တုံး (ဒိဋ္ဌိစေတသိက် မောဟစေတသိက်တွေပါဘုရား)။ **'ဒိဋ္ဌိ စေတသိက်တွေ'** ပါတယ်၊ ဟိုဟာတွေက ပြောမဖြစ်လို့ ဥပမာအနေနဲ့ ပြောတာ၊ စင်စစ် ဘာရှိတုံး-**'စေတသိက်တွေ'** ရှိတယ်၊ အဲဒီ စေတသိက်ကြောင့်၊ ဟိုဟာကို **'စိတ်'** လို့ ခေါ်တယ်၊ **'အကုသိုလ်စိတ်'**၊ အကုသိုလ်က စေတသိက်၊ **'စိတ်'** ကစိတ်၊ အကုသိုလ်ကဘာတုံး (စေတသိက် ပါဘုရား)၊ မောဟတို့ အဟိရိကတို့ အနောတ္တပ္ပ တို့ **'စေတသိက်တွေ'**၊ **'စိတ်'** ကဘာတုံး-စိတ်၊ အဲဒီ **'စိတ်'** အကုသိုလ် မရှိရင် ဘယ့်နှယ့်နေတုန်း။

**'ဒိဋ္ဌိ ဝိစိကိစ္ဆာ'** မရှိရင် ဘာစိတ်တုံး (သောတာပန်စိတ်ပါဘုရား)၊ **'ကာမရာဂ'**ဆိုတာ ဘာစေတသိက်တုံး (လောဘစေတသိက်ပါဘုရား)၊ **'ဗျာပါဒ'** ဆိုတာ ဘာစေတသိက်တုံး (ဒေါသ စေတသိက်ပါဘုရား)၊ အဲလို စေတသိက်တွေ အကုန်ကောက်တတ်သွားတယ်၊ အကုန်ဖြစ်သွား တယ်၊ **'ကာမရာဂ ဗျာပါဒ'** နည်းလိုက်လို့ရှိရင် ဘာစိတ်တုံး (သကဒါဂါမိစိတ်ပါဘုရား)၊ **'ကာမရာဂ ဗျာပါဒ'** မရှိဘူးဆိုရင် ဘာစိတ်တုံး(အနာဂါမိစိတ်ပါဘုရား)၊ မောဟတို့ အဟိရိကတို့ အနောတ္တပ္ပတို့ မရှိဘူးဆိုရင် ဘာစိတ်တုံး (အရဟတ္တမဂ်စိတ်ပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



## လူက ဒိဋ္ဌိ၊ လုပ်တာက သင်္ခါရက္ခန္ဓာ

အဲ **'ထိနမိဒ္ဓ'** တို့ အဲသလိုသွား၊ အဲလိုဟာတွေလည်းသိ သိထားမှ၊ အဲဒီ စေတသိက်နဲ့ လူ၊ လူနဲ့စေတသိက်က အတူတူပဲ၊ အဲဒါ လူလုပ်နေတာ၊ စေတသိက်ကဘာလဲ (လူလုပ်နေတာပါဘုရား)၊ **'လူ'**က **'ဒိဋ္ဌိ'**၊ **'လုပ်တာ'** က **'သင်္ခါရက္ခန္ဓာ'** မဟုတ်ဘူးလား။ **'သောဘဏ စေတသိက် ခြောက်လုံး၊ သောဘဏသာဓာရဏစေတသိက် တစ်ဆယ့် ကိုးလုံး'**၊ တစ်ဆယ့်ကိုးနဲ့ ခြောက်နဲ့ပေါင်း၊ အဲဒီနှစ်ဆယ့်ငါးကို **'သောဘဏစေတသိက်'**လို့ ခေါ်တယ်၊ **'သောဘဏ စေတသိက်ခြောက်လုံး'**၊ **'ဝိရတိစေတသိက်သုံးပါး -** သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ၊ **အပ္ပမညာစေတသိက်နှစ်ပါး** - ကရုဏာ မုဒိတာ၊ **ပညိန္ဒြေစေတသိက်တစ်ပါး'**။

## စေတသိက်မသိတော့ လူဖြစ်တော့ကုသိုလ်ဖြစ်ရော

**'သောဘဏ စေတသိက်ခြောက်လုံး'**၊ **'ဝိရတိစေတသိက်သုံးပါး**-သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ၊ **အပ္ပမညာစေတသိက် နှစ်ပါး**-ကရုဏာ မုဒိတာ၊ **ပညိန္ဒြေစေတသိက် တစ်ပါး'**၊ အဲဒီ ခြောက်လုံးကို **'သောဘဏစေတသိက်အစစ်'** လို့ခေါ်တယ်၊ **'သမ္မာဝါစာ စေတသိက်'**က သမ္မာဝါစာ စေတသိက်ပဲရတယ်၊ သူ့ပဲရတယ်၊ စကားကောင်းကောင်းပြောတယ်၊ ဝစီဒုစရိုက် လေးပါးရှောင်ပြောတယ်၊ အဲဒါ သမ္မာဝါစာ၊ **'သမ္မာကမ္မန္တ'**က ကာယဒုစရိုက်သုံးပါး ရှောင်ပြီး တော့လုပ်တာ၊ **'သမ္မာအာဇီဝ'** ဆိုတာ အဲဒီပထမဟာတွေရှောင်ပြီး အသက်မွေးတာကိုခေါ်တာ၊ **'စေတသိက်တွေ'**၊ အဲဒါ **'စေတသိက်'** မသိတော့ **'လူ'** ဖြစ်တော့ ကုသိုလ်ဖြစ်ရော၊ ကုသိုလ် ဖြစ်တော့ နတ်ပြည်တွေမှာဖြစ်ရော၊ နတ်ပြည်တွေမှာဖြစ်တော့ အဲဒီ **'စေတသိက်'** က ကောင်းတယ်ဆိုပြီး ခံစားရော၊ တော်ကြာကုန်တော့ ပြန်ကျရော။

**'ခယဓမ္မေန**- ကုန်တတ်သော သဘောကြောင့်၊ **အနိစ္စံ**- အနိစ္စမည်၏'။ အဲဒါမှ ဟိုပြောင်း ဒီရွှေ့နဲ့၊ ဟိုကကုန် ဒီရွှေ့၊ ဒီကကုန် ဟိုရွှေ့နဲ့၊ ပစ္စည်းက ဒီက ကုန်တော့ရော အထုပ် ကလေးနဲ့ ဘယ်သွားတုံး၊ မအေ့အိမ်သွားတယ်၊ ဒီက ယောကျ်ားတွေ မိန်းမတွေ လင်တွေ ကလေးတွေရော မရှိဘူးဆိုတော့ အဲဒီ ဒကာမကြီးဘယ်သွားတုံး၊ မအေ့ အိမ်သွားတယ်၊ အထုပ်ကလေးနဲ့ အဲဒါ ကုန်လို့သွားတာပေ့ါ၊ **'ခယဓမ္မေန အနိစ္စံ'** ဆိုစမ်း (ခယဓမ္မေနအနိစ္စံ)၊ **'အနိစ္စ'** ခေါ်တယ်တဲ့၊ ဒုက္ခတွေ ရောက်တတ်တယ်၊ အဲလိုဟာတွေ ဂရုစိုက်၊ **'လူနဲ့ စေတသိက်'** ကွဲပြီလား (ကွဲပါပြီဘုရား)။

## သတ္တာဝါတွေပျောက်ပြီး စေတသိက်ရောက်သွားရင် လွတ်မြောက်သွားတယ်

အကုန် အကုန် လူလုပ်သမျှဟာတွေ **'စေတသိက်'** လုပ်ပစ်ရတယ် ဟုတ်ကဲ့လား၊

www.burmeseclassic.com

www.burmeseclassic.com



**'ကုန်းတိုက်တာ'** ဟာ ဘာစေတသိက်တုံး၊ အင်း ကုန်းတိုက်တယ်၊ သူတကာနဲ့ သူတကာ မတည့်အောင်လုပ်တယ်၊ **'ဒိဋ္ဌိ'** ကတော့ အရင်းခံပဲ၊ **'ဒိဋ္ဌိ'**က အရင်ပယ်ရမယ့်ဟာ၊ **'ဒိဋ္ဌိ ဝိစိကိစ္ဆာ'** ကအရင် ပယ်ရမယ့်ဟာ၊ **'ဒိဋ္ဌိ'** ပြီးတော့မှ **'လောဘနဲ့ဒေါသ'**ကို ပယ်ရမယ့်ဟာ၊ နောက်ပြီးတော့မှ **'မာန'**ကို ပယ်ရမယ့်ဟာ၊ အဲလိုမှတ်ထား **'သတ္တဝါတွေ'** သာမရှိနဲ့၊ **'စေတသိက်တွေ'**ပဲရှိလိုက်၊ အဲဒီ**'စေတသိက်တွေ'**က သဘာဝမဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)။

ဖြစ်တော့ ဟို တစ်ခါတည်း ရှင်ဘုရင်ကြီး တောလိုက်သွားတဲ့အခါ ကျောက်ဖျာကြီး ပေါ်ထိုင်ပြီးတော့ ပိုက်နဲ့ ငှက်တွေဖမ်းတဲ့ မုဆိုးကြီးကို ထိုင်ကြည့်နေတာ၊ ငှက်တွေဆိုတော့ ပိုက်ကွန်ထဲမမိဘူးလား (မိပါတယ်ဘုရား)၊ ဘာတွေကြောင့် မိသတုံး၊ နှုတ်သီးတွေ တောင်ပံတွေ ကြောင့်မိတာ၊ ငှက်တွေ ဘာကြောင့်မိသတုံး (နှုတ်သီးတွေ တောင်ပံတွေကြောင့်ပါဘုရား)၊ ပြီးတော့ အောက်က အစာတွေရောပါတယ်၊ လောဘတွေရောပါတယ် ဟုတ်ကဲ့လား၊ ပိုက်ကွန် ထဲ လေဟာမိသေးလား (မမိပါဘူးဘုရား)၊ ကဲ နိဗ္ဗာန်လည်း လေလို ဟိုဘက် မထွက်နိုင်ဘူးလား (ထွက်နိုင်ပါတယ်ဘုရား)၊ ငှက်တွေလိုမိသေးလား (မမိပါဘူးဘုရား)၊ လွတ်မြောက်သွားတယ် သတ္တဝါတွေပျောက်ပြီး စေတသိက်ရောက်သွားတယ် ဟုတ်ကဲ့လား။

**လူတွေပျောက်သွားတော့ ခန္ဓာရောက်**

အကုသိုလ်စေတသိက် ၁၄-ခု၊ ကုသိုလ်စေတသိက် ၂၅-ခု၊ အညသမာန်းစေတသိက် ၁၃-ခု၊ ပေါင်း ၅၂- ခု။ အဲဒီ **'အညသမာန်း စေတသိက်'** တစ်ဆယ့်သုံးခုကတော့ ဟိုဘက်ပါ ဒီဘက်ပါနဲ့၊ အဲဒါကြောင့် **'အညသမာန်း စေတသိက်'**ခေါ်တယ်၊ ဝိတက် ဝိစာရတွေရယ်၊ ဝေဒနာ သညာတွေရယ်၊ သဗ္ဗရယ် အဲဒါတွေက၊ အဲလိုမှတ်ထားနော် စေတသိက်ငါးဆယ့်နှစ်ပါးကို အဲလိုရေနော်၊ ရေပြီး ကုသိုလ် အကုသိုလ်ခွဲနော်၊ အဲဒါမှ ဒကာကြီး ဒကာမကြီးပျောက်သွားတယ်၊ ဒကာကြီး ဒကာမကြီးပျောက်သွားတော့၊ **'လူတွေ'** ပျောက်သွားတော့၊ **'ခန္ဓာ'** ရောက်တော့၊ **'ပဉ္စက္ခန္ဓာ န သတ္တော၊ န ဇီဝေါ၊ န ကတ္တိ၊ န ပုရိသော'**၊ အဲဒီ **'သင်္ခါရက္ခန္ဓာစေတသိက်'** ငါးဆယ့်နှစ်ထဲက **'ဝေဒနာ'** နဲ့ **'သညာ'**က ဝေဒနာက္ခန္ဓာနဲ့ သညာက္ခန္ဓာ၊ ကျန်စေတသိက်ငါးဆယ် က သင်္ခါရက္ခန္ဓာ၊ သုံးခုရတယ်၊ **'စိတ်'**က ဝိညာဏက္ခန္ဓာရတယ်။

အဲဒါကလည်း **'သုံးခုကြောင့် တစ်ခုဖြစ်တယ်'**၊ **'တစ်ခုကြောင့် သုံးခုဖြစ်တယ်'**၊ **'နာမ်ခန္ဓာ'** လေးပါးနော်၊ ခန္ဓာကိုယ်မနာဘူးလား နာသလား (နာပါတယ်ဘုရား)၊ **'ဝေဒနာက္ခန္ဓာ'** ဆိုပါတော့၊ ဝေဒနာ ဘယ်သူကြောင့်ဖြစ်သတုံး (သညာ သင်္ခါရ ဝိညာဏ်ကြောင့်ပါဘုရား)၊ ဆိုလိုက်စမ်း **'သညာ သင်္ခါရ ဝိညာဏ်'** (သညာ သင်္ခါရ ဝိညာဏ်)၊ အဲဒီသုံးပါး ကြောင့် ဝေဒနာဖြစ်တာ၊ **'ဝိညာဏ်'**က စိတ်၊ **'ဝိညာဏ်'** ကဘာတုံး (စိတ်ပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**ခန္ဓာနဲ့ လူနဲ့ ခွဲ၊ ခွဲလိုက်တော့ လူမရှိဘူး**

မျက်စိက မြင်တယ်၊ နားက ကြားတယ်ဆိုတာ **'ဝိညာဏ်တွေ'** ပေါ့၊ **'စေတသိက်'**က ဝေဒနာမှတစ်ပါး၊ ငါးဆယ့်တစ်ပါးမှ တစ်ပါးပေါ့ ၊ သညာကတစ်လုံးတည်းနဲ့ **'သညာက္ခန္ဓာ'**၊ ဝေဒနာကလည်း တစ်လုံးတည်းနဲ့ **'ဝေဒနာက္ခန္ဓာ'**၊ သင်္ခါရက္ခန္ဓာက ငါးဆယ်ရှိမှ **'သင်္ခါရက္ခန္ဓာ'**၊ ငါးဆယ်မှ တစ်ခု၊ ငါးဆယ်မှ တစ်ခုခေါ်တယ်၊ အဲဒါဘာဖြစ်လို့၊ ဟိုဟာကျ ငါးဆယ်ခွဲပြီး ဒီဟာကျမှ တစ်လုံး၊ တစ်လုံးတည်း ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ ဖွဲ့တုန်းဆိုတော့ သူတို့က အရေးကြီးလို့ ဟုတ်ကဲ့လား။

**'ဝေဒနာ'** ရှိရင် ဘာမဆိုလုပ်တာပဲ မဟုတ်လား၊ ဟိုဟာတွေက အလုပ်သမား၊ ဝေဒနာက ဆရာ၊ ဝေဒနာကပျော်ချင်သလား၊ မပျော်ချင်ဘူးလား၊ ပျော်ချင်တယ်ဆိုရင် အကုသိုလ်တွေနဲ့ပျော်၊ ကုသိုလ်နဲ့ပျော်တာကတော့ ဘုရားတရား အပေါ်မှာ ပုတီးစိပ်တာကို ကုသိုလ်နဲ့ ပျော်၊ ပျော်တယ်ဆိုတာ ဘာခန္ဓာတုံး (ဝေဒနာက္ခန္ဓာပါဘုရား)။

ဝေဒနာက္ခန္ဓာ အဲဒီ သုခသောမနဿ ချမ်းသာတာပေါ့၊ အဲဒီ သင်္ခါရက္ခန္ဓာက များတယ်၊ ဝေဒနာက္ခန္ဓာက တစ်လုံးတည်းနဲ့ သွားလုပ်တာ ဘောလုံးသွားကန်တယ်၊ ပျော်တာကတော့ တစ်လုံးတည်းပဲ၊ ကန်တာကတော့ သုံးပါး။ **'တယောခန္ဓေ ပဋိစ္စ ဧကံခန္ဓံ၊ ဧကံခန္ဓံ ပဋိစ္စ တယောခန္ဓာ'**၊ အဲဒါ **'နာမက္ခန္ဓာ'** ခေါ်တယ်၊ အညမည၊ **'သညာ'** ရွာကို အမှတ်ရပြီ၊ ဟောမော်လမြိုင်ကျွန်း လပွတ္တာ၊ **'သညာ'** ရွာတွေ နေခဲ့ဖူးတာတွေ၊ အမေရိကန်၊ ထိုင်း၊ ရောက်ခဲ့ဖူးတာတွေ အမှတ်ရပြီ၊ အမှတ်ရတာ ဘာခန္ဓာတုံး (သညာက္ခန္ဓာပါဘုရား)၊ **'သညာက္ခန္ဓာ'** ဘာပြုလို့အမှတ်ရတုံး (ဝေဒနာ သင်္ခါရ ဝိညာဏ်ကြောင့်ပါဘုရား)။

အဲဟိုဟာတွေ ကောင်းတာတွေ ဆိုးတာတွေ တွေ့ခဲ့တယ်မဟုတ်လား (မှန်ပါ့ဘုရား)၊ အဲဒါကြောင့် အမှတ်ရတာ သုံးပါးကြောင့် တစ်ပါးဖြစ်တာပဲ မဟုတ်ဘူးလား (မှန်ပါဘုရား)၊ ဒကာမကြီးတွေ လူတွေ ပါသလား (မပါပါဘူးဘုရား)။ အေး အဲလို **'ခန္ဓာနဲ့၊ လူနဲ့'** ခွဲ၊ ခွဲလိုက်တော့ လူမရှိဘူး၊ **'လူ'** မရှိရင် **'အဝိဇ္ဇာ'** လည်း မရှိဘူး၊ **'ဒိဋ္ဌိ'** လည်းမရှိဘူး၊ အဲဒီမှာတင် သူငြိမ်းနေတော့ ဖိုလ်ချမ်းသာ ခံစားတော့တာ၊ အဲဒါ တရားရိပ်မိပလား၊ ကဲ--- သာဓုခေါ်လိုက်ကြ။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## “ဘဝအင်္ဂါမသိရှာ သူ့ဟာ အာဠာရ ဖြစ်သတည်း”

၂၅ • ၇ • ၂၀၀၈

### မသိတခြား သိတခြား နှစ်ပါးရုပ်နဲ့နာမ်

**‘ဆံပင်’** ကလည်း ‘ငါ ခေါင်းပေါ်မှာ ပေါက်နေတာလို့မသိဘူး’ ဆိုတာတွေက အဲဒါတွေက **‘ရုပ်ခွဲ၊ နာမ်ခွဲတွေ’**နော်၊ အဲဒါလေးတွေဆိုပေးမှ သို့မဟုတ်လို့ရှိရင် **‘ရုပ်နဲ့ နာမ်နဲ့’** မခွဲလို့ရှိရင် လူလို့ ငါလို့ထင်တတ်တယ် **‘ရုပ်နဲ့ ငါနဲ့’** ခွဲမှ အခုကတည်းကခွဲတော့၊ ဟော သေခါနီးကျတော့ **‘ငါ’**မဟုတ်ဘူးလို့ မပြောရတော့ဘူး၊ **‘ငါ’** မဟုတ်ဘူးဆိုတော့ ရုပ်ခွဲနာမ်ခွဲက သစ္စာလေးပါး ရောက်သွားတယ်၊ ရုပ်မခွဲနာမ်မခွဲရင် **‘ငါ’** ဟုတ်နေတယ်၊ ယောကျ်ားတွေ မိန်းမတွေ ဟုတ်နေတော့ သေခါနီးလန့်တတ်တယ်၊ ကြောက်တယ်တယ်၊ နွားခွေ့တယ်၊ တစ္ဆေ ခြောက်တယ်၊ ကြောက်တာ လန့်တာတွေက ရုပ်ခွဲနာမ်ခွဲ မခွဲလို့၊ အဲဒါ ဆံပင်က ငါခေါင်းပေါ် ပေါက်နေတယ်လို့ မသိဘူး ဆိုလိုက်ရုံလေးပဲ၊ ဆံပင်က **‘ရုပ်’၊ ‘ရုပ်’** ဆိုတာ ဓာတ်ရှစ်ပါးရုပ်၊ ဒါလည်း ခွဲနိုင်သေးတယ်။

**‘ပထဝီ’**ကလည်း အာပေါနဲ့တွဲနေတယ်ဆိုတာမသိဘူး၊ **‘ပထဝီနဲ့အာပေါ’** အတူတူသာနေတယ်ဆိုတာ၊ ငါနဲ့ အာပေါနဲ့ အတူတူနေတယ်ဆိုတာမသိဘူး၊ **‘သဟဇာတ’** ဆိုတာကို မသိဘူး၊ **‘တေဇောနဲ့ ဝါယော’**ကလည်း၊ **‘တေဇော’**က ငါက ပူတယ်လို့မသိဘူး၊ **‘အာပေါ’** ကလည်း သူ့ဟာနဲ့သူ ဖွဲ့တယ်လို့ မသိဘူး၊ ဆို ဆို ပေးမှ၊ **‘မသိတာတခြား သိတခြား’** နဲ့ဖြစ်နေတော့ ခွဲ ခွဲ ပေးမှ၊ သို့မဟုတ်လို့ရှိရင် မခွဲလို့ရှိရင် **‘လူ’**လို့ **‘ငါ’**လို့ဖြစ်နေတယ်၊ **‘လူ’**လို့ **‘ငါ’**လို့ ဖြစ်နေတော့ နွားဝှေ့လိုက်တယ်၊ သစ်ပင်ပိလိုက်တယ်၊ ကြောက်သွား တယ်၊ ကြောက်လို့ရှိရင် ဒေါသဖြစ်သွားတယ်၊ **‘ငါ’** ဆိုရင် ကြောက်တတ်တယ်၊ လိုချင်တယ်၊ **‘ငါ’** က ဒိဋ္ဌိ၊ **‘ကြောက်တာ’** က ဒေါသ၊ **‘လိုချင်တာ’**က လောဘ။

### ငါမြင်တာက ဒိဋ္ဌိ အကုသိုလ်စေတသိက်

အဲဒီမှာ မျက်စိတွေနားတွေရှိသေးတယ်၊ မြင်လို့ကြောက်တာ၊ မြင်လို့ ခင်မင်တာ၊ ကြားလို့ ခင်တာမင်တာ၊ အဲဒါက အဟိတ်စိတ် အကုသိုလ်စိတ်တွေကို **‘အသောဘဏစိတ်’**လို့ ခေါ်တယ်၊ အဲဒီဟာမရှိမှ **‘စက္ခုမီး’** မရှိတော့ဘူး၊ မီးငြိမ်းတယ်၊ **‘ရာဂစသည့်ဆယ့်တစ်မီး’** မီးငြိမ်းတာကို နိဗ္ဗာန်ခေါ်တယ်၊ မျက်စိက **‘အဟိတ်စိတ်’**၊ စက္ခု သောတ ဃာန။ ဥပေက္ခာ ဝေဒနာနှင့် တစ်ကွဖြစ်သော **‘ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်’** တစ်ခု၊ **‘အဟိတ်စိတ်’**၊

www.burmeseclassic.com

www.burmeseclassic.com



လောဘဖြစ်တာ ဒေါသဖြစ်တာ **'အကုသိုလ်စိတ်'**၊ မြင်တာက အဟိတ်စိတ်၊ အဲဒါ **'ငါ'** မြင်တယ်ဆိုရင် ဒိဋ္ဌိ ဖြစ်သွားတယ်၊ အကုသိုလ်နဲ့ အဟိတ်နဲ့က ညီအစ်ကိုတော်တယ်၊ အကုသိုလ်စိတ်က အဟိတ်စိတ်ဆိုမလား၊ အဟိတ်စိတ် အကုသိုလ်စိတ်လို့ပြန်ဆို၊ မြင်တယ်လို့ သဘောမထားရင် **'ငါ'** မြင်တယ်လို့ဖြစ်သွားတယ်။

**'ငါ'** မြင်တာက ဒိဋ္ဌိ၊ အကုသိုလ် စေတသိက်၊ အကုသိုလ်စိတ် အဟိတ်စိတ်ဖြစ်တာ သိပေးမှ၊ အကုသိုလ်စိတ် အဟိတ်စိတ်မှန်း မသိလို့ရှိရင် **'ငါ'** ဖြစ်သွားတယ်၊ **'အကုသိုလ်စိတ်'**က တစ်ဆယ့်နှစ်ပါး၊ **'အဟိတ်စိတ်'** ကတစ်ဆယ့်ရှစ်ပါး၊ ပေါင်းလိုက်တော့ သုံးဆယ်ဖြစ် သွားတယ်။ အဲဒီ သုံးဆယ်ကို **'အသောဘဏစိတ်'** လို့ခေါ်တယ်၊ ငယ်ငယ်တုန်းကတော့မသိဘူး၊ ဘာပြုလို့ **'အသောဘဏ'** လို့ခေါ်တာလဲဆိုတော့ အကုသိုလ်ဖြစ်တတ်တယ်။ သူက **'မီး'**၊ အောင်မာ ရာဂမီး ဒေါသမီး၊ အကုသိုလ်စိတ်က ရာဂ ဒေါသ၊ ရာဂ ဒေါသဆိုတာက အကုသိုလ် စိတ်တွေ၊ **'မီး'** ဆိုတာက မျက်စိတွေက လူတွေ ယောကျ်ားတွေ မိန်းမတွေမြင်ရော လှတဲ့မိန်းမတွေ မြင်တော့ **'အကုသိုလ်စိတ်'** ဖြစ်ရော၊ အဲဒါက **'မီး'** ဖြစ်တယ်။ အကုသိုလ်စိတ်က **'မီး'**၊ ပုထုဇဉ်နဲ့ မီးနဲ့ကဖြင့် **'ပုထုဇဉ်နဲ့ မီး၊ မီးနဲ့ ပုထုဇဉ်'** ဆိုလိုက်စမ်း (ပုထုဇဉ်နဲ့ မီး၊ မီးနဲ့ ပုထုဇဉ်)။

အေး အဲဒါကို မီးငြိမ်းအောင်လုပ်ကြတာ၊ ဥရုဝေလကဿပတို့က၊ ရေငုပ်မီးလှုံ၊ တုံးခုန် ဇယ်ခတ်၊ ကျည်းသားရိုက်၊ ထုပ်ဆီးလည်းတိုးတာပဲ၊ ကစားတာတွေ သူတို့ဘာမှ အလုပ် မရှိဘဲ ဉယျာဉ်ကြီးထဲမယ်၊ အဲဒါပဲ လုပ်နေတာ၊ သဲတွေ သွားပုံလိုက်၊ ပုဆိုးနဲ့လွယ်ပြီး သွားပုံလိုက်၊ **'ကာမဝိတက်'** ဖြစ်လိုက် တစ်ခါသွားပုံလိုက်နဲ့၊ သဲပုံကြီးကို အကြီးကြီးဥယျာဉ်ထဲမှာ၊ မီးကိုလည်း လှုံသေးတယ်၊ မီးဖိုနေတော့ မီးလှုံနေတော့ တော်ရုံ ရာဂ မဖြစ်ဘူး၊ မီးကိုပူဇော်နေကြတယ်၊ မြတ်စွာဘုရားကတော့ မီးကိုပူဇော်ရတာမဟုတ်ဘူး။ မီးကို **'ဓာတ်ကြီးလေးပါး'** လို့သိရတာ၊ မီးက ငါ့ကို မွှေးနေတယ်၊ ငါ့ကို တောက်နေတယ်၊ ငါ့ကို ပူဇော်နေတယ်ဆိုတာ မီးကသိသလား (မသိပါဘူးဘုရား)၊ မီးက ဘာတုံး (ရုပ်ပါဘုရား)၊ **'ရုပ်'** ကို ရုပ်မှန်း မသိဘူး၊ **'ရူပေစ ပဇာနာတိ'** က လာတာ၊ **'ရုပ်'**ကို ရုပ်မှန်း သိရတယ်၊ **'ရူပေစ**- ရုပ်ကိုလည်း၊ **ပဇာနာတိ**- သိ၏'။

## ရုပ်လို့သိ ရုပ်လို့ဆို

ကိုယ့်ကိုယ်ကိုကြီးကို **'ရုပ်'**လို့မသိဘူး၊ ဆံပင်တို့ ခြေသည်း လက်သည်းတို့ သွားတို့ အရေတို့ အရေကလည်း **'ရုပ်'**ပဲ၊ မံသံ- အသားတို့ အကြောတို့ အရိုးတို့ ရိုးတွင်းချဉ်ဆီ အညို့တို့ ဟာ **'ရုပ်တွေ'**၊ အဲဒီရုပ်တွေကို ရုပ်မှန်းမသိဘဲနဲ့ **'လူ'**လို့ သိသွားတယ်၊ အဲဒါ အကုသိုလ်စိတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတယ် **'ဒိဋ္ဌိ'**၊ အသိလေးပဲ၊ အသိလေးက လူလို့သာမသိနဲ့၊ အရိုးလို့ တစ်ခါတည်းသိနေ၊ အရေလို့ သိနေ၊ အဲဒါ **'ရုပ်'**ကို သိတာပဲ၊ ရုပ်သိရင် **'သမ္မာဒိဋ္ဌိ'** ဖြစ်တာပဲ။ အဲဒီ **'သမ္မာဒိဋ္ဌိ'** ကို မဖြစ်နိုင်လို့ တကဲကဲနဲ့၊ ကဲ ရွာထဲမှာနေတဲ့ အလုပ်တွေ အကိုင် တွေနဲ့ **'ရုပ်'** ကိုမသိဘူး၊ တစ်ခါတည်း ပြင်ဆင်နေတာ ရုံးသွားဖို့ပြင်ကတည်းက **'ငါကြီး'** ပဲ၊ ခေါင်းဖြီးလိုက်၊ လက်ပတ်နာရီ လိုက်ရှာလိုက် ဘာလုပ်လိုက်၊ ပိုက်ဆံလေး အိတ်ထဲထည့်လိုက်၊ လက်ကိုင်ပုဝါလေး ထည့် လိုက်နဲ့၊ ခဲတံလေးရှာလိုက် ဘောပင်လေးရှာလိုက်နဲ့ ရုံးသွားမယ်ဆို ကျောင်းသွားမယ်ဆို ပြင်လိုက်ဆင်လိုက်ရတာ **'ရုပ်'**လို့သိ၊ **'ရုပ်'**လို့ဆို။ **'ဤဟာရုပ်'၊ 'ဣတိ ရူပံ၊ ဣဒံ ရူပံ၊ တွေ့ကံရူပံ၊ န ဣတော ဘိယျော'**၊ အဲဒီကျမှ ကုန်သွားတယ်၊ အဲဒါ မြတ်စွာဘုရား ဟောတဲ့ဟာ နင်တို့ အပြည့်အစုံလည်းမရှုဘူး၊ အခုတောင်မှပဲ မရှုနိုင်ဘူး။

**'ဣတိ** - ဤ နှစ်ဆယ့်ရှစ်ပါးသည်၊ **ရူပံ** - ရုပ်မည်၏။ **ဣဒံ** - ဤ နှစ်ဆယ့်ရှစ်ပါးသည်၊ **ရူပံ** - ရုပ်မည်၏။ **ရူပံ** - ရုပ်ဟူသည်ကား၊ **တွေ့ကံ** - ဤမျှလောက် နှစ်ဆယ့်ရှစ်ပါးသာတည်း၊ **ဣတော** - နှစ်ဆယ့်ရှစ်ပါးထက်၊ **ဘိယျော** - အလွန်၊ **နတ္ထိ** - မရှိ'။

**ရုပ်လို့ ယူလိုက်လို့ရှိရင် လူလည်းမရှိတော့ဘူး**

အဲ **'ရုပ်'**ပဲ၊ **'ဣတ္ထိဘာဝ'**ဆိုတာလည်း **'ရုပ်'**ပဲ၊ **'ပုမ္ဘာဝ'**ဆိုတာလည်း **'ရုပ်'**ပဲ၊ မိန်းမတွေ ယောကျ်ားတွေလို့ မယူနဲ့၊ **'ရုပ်'**လို့ယူလိုက်လို့ရှိရင် မိန်းမလည်း မရှိတော့ဘူး၊ ယောကျ်ားလည်း မရှိတော့ဘူး၊ လူလည်း မရှိတော့ဘူး၊ နတ်လည်း မရှိတော့ဘူး၊ ခွေးလည်း မရှိတော့ဘူး၊ သစ်ပင် လည်းမရှိတော့ဘူး၊ ဘာမှလည်းမရှိတော့ဘူး၊ ဟိုဟာတွေက ပညတ်တွေ၊ **'ဤဟာ ရုပ်'** လို့သာ ဆိုနေ၊ ဟော ဆံပင်ကလည်း ငါခေါင်းပေါ်ပေါက်နေတယ်လို့ မသိဘူး၊ အဲဒီမသိတဲ့ ဆံပင်ကြီး ကိုပဲ ကတ်ကြေးနဲ့ ဟိုကညှပ် ဒီကညှပ် ဘီးကြီးနဲ့ဖြီး၊ နောက်ပြီးအဖျားတွေ ဟိုကိုက် ဒီကိုက်နဲ့ ကြားထဲကိုက်လိုက် အဖျားကိုက်လိုက်နဲ့ တစ်ခါတည်း အနိစ္စဒုက္ခရောက်လို့၊ ဆံပင်က ငါ့ကို ကိုက်နေတယ်လို့ဆိုတာမသိဘူး၊ အဲလို ဒကာမကြီးတို့လည်း အဲလိုဆံပင်ကိုက်ခံရင် အဲလိုဆို၊ ငါ့ကို ကတ်ကြေးကြီးနဲ့ ကိုက်နေတယ်ဆိုတာကို ဆံပင်ကြီးက မသိဘူး၊ အဲဒါ **'ရုပ်နဲ့ နာမ်နဲ့'** ကွဲတာပဲ၊ ငါ့ကို ဆံပင်ကြီးကို ကိုက်နေတယ်လို့ ဆံပင်ကြီးကမသိဘူးတဲ့၊ သိတာက **'နာမ်'**၊ သိတဲ့နာမ်ကလည်း ပစ္စုပ္ပန်ပေါ်တာလေးတင်ပဲ **'နာမ်'** ခေါ်တယ်၊ စိတ်ထဲတင်ပဲ **'ရုပ်နဲ့နာမ်'** ဖြစ်သွားတယ်၊ ဆံပင်ကခေါင်းပေါ်မှာ ငါပေါက်နေတယ်ဆိုတာ မသိဘူးဆိုလိုက်တော့ **'နာမ်'** ဖြစ်သွားတယ်၊ **'နာမ်'** ကဆိုလိုက်တော့ **'ရုပ်'** ဖြစ်သွားတယ်။ ငါတစ်လုံးနယ် အနှုံးငယ်ကျယ်၊

www.burmeseclassic.com

www.burmeseclassic.com



သုံးသွယ်မြုံသိုက် ဘုံတစ်လှိုက်မှာ၊ တုန်ရိုက်ကယ် ဆူညံ မြူမချန်ပူလှုံ့တောက်ညီး၊ အမြဲစတေ မစဲခွေ၊ အသေမီးတဲ့ အပြီးငယ်ကုန်စင်၊ ဘုံတစ်ခွင်ကို အတွင်လောင်မြိုက်၊ အပြောင်တိုက်လို့ အမိုက်ကယ်ဝင်နွှယ်၊ အဖြစ်မစဲ သစ်သစ်လဲ၊ သဲသဲကြွယ် လည်း အကယ်မလောက်၊ သူကသာ မောက်တော့၊ နောက်နောက်ကမ္ဘာ ဖန်ဖန်လာလည်း၊ အစာသူ့တွင် တစ်ခုသာဝင်ကြရ၊ သခ်ိတ ရုပ်နာမ်ငယ် အဟုတ်ဉာဏ်မတင်စီးနိုင်ရ၊ ဒီမီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပ့ါမယ်လို့။

ကဲ အဲဒါ လယ်တီဆရာတော် ရှစ်ဝါရတုန်းက ညည်းတာ ညည်းတာ၊ **'နာမ်'** ပဲ၊ စင်စစ် **'ရုပ်နာမ်'**၊ မျက်ခွက်ကြီးမဟုတ်ဘူး၊ နှာခေါင်းမဟုတ်ဘူး၊ မျက်စိကြီး မဟုတ်ဘူး၊ **'မျက်စိနားသာ မြင်လေပါ သူဟာ လူမဟုတ်ပြီ'**၊ မျက်စိ နားသာ မြင်ရင် **'လူ'**မလုပ်နဲ့၊ **'နာမ်ရုပ်'** လို့သာယူလိုက်၊ ဘယ့်နှယ့်လုပ်မှ ရာဂ ဒေါသ မဖြစ်တော့ဘူး၊ အဲဒီဟာလေးသာ ဆိုလိုက် **'မျက်စိနားသာ မြင်လေပါ သူဟာ လူမဟုတ်ပြီ'**။

**'လူ'**မဟုတ်ဘူး၊ အရာရှိကငေါက်လည်း အဲလိုသာဆိုလိုက် မကြောက်တော့ဘူး၊ ဝန်ထောက်ကြီးကဆိုလည်း မကြောက်တော့ဘူး၊ ကျောင်းဆရာတွေ ကြောက်လိုက်ရတာ ဝန်ထောက်ဆိုရင်၊ ပညာအုပ်ဆိုရင် မပြောနဲ့တော့၊ တောကကျောင်းဆရာတွေ လွှတ်ကြောက် မြို့ကကျောင်းဆရာတွေက ဒီလောက်မကြောက်ဘူး၊ **'စက္ခု'** ကဘာတုံး **'ရုပ်'**၊ **'စိတ်'**ကျမှ **'အဟိတ်စိတ်'** ခေါ်တယ်၊ **'စက္ခု'**က ဘာတုံး (ရုပ်ပါဘုရား)။

**'စက္ခု'**ဆိုတာ **'စက္ခုပသာဒ'**ကို ခေါ်တယ်နော်၊ **'စိတ်'**ကျတော့ အဲဒီပေါ်မှာရှိတဲ့စိတ်ကို **'အဟိတ်စိတ်'** ခေါ်တယ်၊ မြတ်စွာဘုရားမိန့်လို့သိတာ၊ အဟိတ်စိတ်ဆိုတာ **'ဟေတု'**၊ လောဘ ဒေါသ မောဟနဲ့ မယှဉ်ဘူး အဲဒါလေးနဲ့ အရှိအတိုင်းထားလိုက် **'လောဘမရှိဘူး၊ လောဘ မရှိဘူး'** နဲ့ဆို၊ မြင်တာ လောဘမရှိဘူး၊ ဒေါသမရှိဘူး၊ မောဟမရှိဘူး၊ အဲလိုဆို ခွဲမှ ကွဲတယ်၊ အဲဒါ **'မျက်စိ'** ကမြင်တာ၊ **'မနော'**က မြင်တာကမှ ကုသိုလ် အကုသိုလ်စိတ်ဖြစ်တယ်၊ အဲဒီ ကုသိုလ် အကုသိုလ် စိတ်ကို **'ကာမာဝစရစိတ်'** လို့ခေါ်တယ်၊ **'ကာမာဝစရစိတ်'** နှစ်ဆယ့် လေးပါးက အကုသိုလ်မပါဘူး ကုသိုလ်ပဲ။

ကုသိုလ်ပေမယ့် **'ဉာဏသမ္ပယုတ်'** နဲ့ **'ဉာဏဝိပ္ပယုတ်'** ရှိတယ်၊ ဉာဏသမ္ပယုတ်နဲ့ ဉာဏဝိပ္ပယုတ်ပဲရှိတယ်၊ ဒို့ပြင်ဟာမရှိဘူး၊ အဲလိုစိတ်ကလေးတွေခွဲတာ **'စိတ္တုယမိုက်'** ခေါ်တယ်၊ အောင်မာ စိတ်ကလေးတွေခွဲတာ၊ **'အကုသိုလ်စိတ်'** က လောဘ ဒေါသ မောဟ၊ **'အဟိတ်စိတ်'** က စက္ခု သောတ ဃာန၊ ဘုရားတရားက **'သောဘဏစိတ်'**၊ **'သောဘဏစိတ်က နှစ်ဆယ့်**

www.burmeseclassic.com

www.burmeseclassic.com



**လေးပါး၊ အသောဘဏစိတ်က သုံးဆယ်'၊ 'သောဘဏစိတ်'** နှစ်ဆယ့်လေးထဲမှာ အကုသိုလ် လောဘ ဒေါသ မပါဘူး၊ သူက အလောဘ အဒေါသ အမောဟ၊ အဲလိုခွဲတာ၊ ခွဲလိုက်တာနဲ့ ကွဲရော **'ငါ'** မဟုတ်ဘူး အဲလို ဖြစ်သွားတယ်၊ **'ငါ'**ဆိုတာက အကုသိုလ်၊ **'ငါ'** ဆိုတာကဘာတုံး (ဒိဋ္ဌိပါဘုရား)၊ **'လောဘ'** ကလိုချင်တာနော်၊ **'ဒိဋ္ဌိ'**က **'ငါ'** ထင်တာနော်၊ ဒိဋ္ဌိနဲ့ လောဘနဲ့မတူဘူး။ **လောဘက လိုချင်တာ၊ ဒိဋ္ဌိက လူထင်တာ'**၊ ယောက်ျား မိန်းမထင်နေရင် **'ဒိဋ္ဌိစေတသိက်'**၊ ဒိဋ္ဌိစိတ်၊ အကုသိုလ်ထဲမှာ လောဘ ဒိဋ္ဌိ မောဟပါတာ၊ အဲဒီစိတ်ကိုမသိဘူး၊ ပုထုဇဉ်က **'ငါ'** လို့ပဲသိတယ်၊ **'ငါ'**လုပ်တယ်၊ **'ငါ'** ကိုင်တယ်၊ လောဘမရှိရင် **'ကာမာဝစရ'** ပြုတ်တယ်၊ အခု ပြောနေဆိုနေတာက **'ဉာဏသမ္ပယုတ် သောဘဏစိတ်'**၊ ဉာဏသမ္ပယုတ်က ဉာဏ်နဲ့ယှဉ်တာ။

အဲဒီ **'ကာမဝစရစိတ်'** နှစ်ဆယ့်လေးပါးက အကုသိုလ် မဖြစ်ဘူး၊ အလောဘ အဒေါသ အမောဟဖြစ်တယ်၊ အမောဟဖြစ်ရင် ဉာဏ်၊ အလောဘနဲ့ အဒေါသဖြစ်ရင် ဉာဏ်မဟုတ်ဘူး **'ဉာဏဝိပ္ပယုတ်'**၊ အလောဘ အဒေါသ အမောဟ သုံးခုဖြစ်မှ **'တိဟိတ်'**၊ **'တိဟိတ်'** ဖြစ်မှဉာဏ်၊ **'အနိစ္စ'** ပါမှ ဉာဏ်၊ **'အမောဟ'** ဖြစ်တယ်၊ **'စိတ်နဲ့စေတသိက်'** ဖြစ်ရင်လည်း တရားဖြစ်သွားတာပဲ၊ အလောဘ အဒေါသက ဒါန သီလ၊ **'အဒေါသ'**က သီလ၊ **'အလောဘ'** က ဒါန၊ **'အမောဟ'** က ဝိပဿနာ၊ **'ဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ်'** ခွဲရတယ်၊ အနိစ္စတုံး၊ ဒုက္ခတုံး။

**စိတ်တွေ စေတသိက်တွေ လုပ်တာကို ငါလုပ်တယ်လို့ မထင်နဲ့**

အဲဒါလေးတွေက အခြေခံလေးတွေ၊ အခြေခံလေးတွေဆိုပေမယ့် နိဗ္ဗာန်ရောက်တဲ့ အခြေခံ၊ **'မူလဘူတ'** မှန်တာပေါ့၊ လောဘ ဒိဋ္ဌိ မောဟ၊ အဲဒါက **'အာသဝေါတရား'** ခေါ်တယ်။ အဲဒါ **'အကုသိုလ်စိတ်'** လောဘ ဒိဋ္ဌိ မောဟ၊ **'ကုသိုလ်စိတ်'**က အလောဘ အဒေါသ အမောဟ၊ အလောဘက ဒါန၊ အဒေါသက သီလ၊ အမောဟက သမထဝိပဿနာ၊ **'စိတ်တွေ'**၊ **'စေတသိက်တွေ'**၊ အဲဒါကို **'ငါ'** လုပ်တယ်လို့ မထင်နဲ့၊ အဲဒီ **'စိတ်နဲ့ စေတသိက်'** ကို ပြောမယ်၊ **'ရုပ်နဲ့နာမ်'** ကွဲပြီဆိုရင် လူတွေမရှိတော့ဘူး၊ ယောက်ျား မိန်းမ မရှိတော့ဘူး၊ အဲဒါကိုပင် **'ဒိဋ္ဌိဝိသုဒ္ဓိ'** ခေါ်တယ်။

**'ဒိဋ္ဌိစိတ်သာ မရှိပါ သူဟာ ဒိဋ္ဌိဝိသုဒ္ဓိ၊ နီဝရဏသာ မရှိပါ သူဟာ စိတ္တဝိသုဒ္ဓိ'**။

ကာမစ္ဆန္ဒတို့ ဗျာပါဒတို့ ထိနမိဒ္ဓတို့က အကုသိုလ်တွေ၊ **'အကုသိုလ်စေတသိက်တွေ'**၊ အလောဘ အဒေါသ အမောဟက ကျောင်းလာတယ်၊ တရားနာတယ်၊ တရားဆင်ခြင်တယ် ဆိုတာက ကိုယ့်ကိုယ်ကို သိ သိပေး၊ အလောဘ အဒေါသ အမောဟ အဲလိုဆိုရင် **'သောဘဏ စိတ်'**၊ အဲလိုဆိုရင် ဘာစိတ်တုံး (သောဘဏစိတ်ပါဘုရား)၊ **'သောဘဏ'** ဆိုတာ တင့်တယ်တာ

www.burmeseclassic.com

www.burmeseclassic.com



ကိုခေါ်ပါတယ်၊ **'အသောဘဏ'**ဆိုတာက မတင့်တယ်တာကိုခေါ်တယ်၊ **'အသောဘဏ'** ဆိုတာဘာခေါ်တုံး(မတင့်တယ်တာကိုခေါ်တာပါဘုရား)။

**အဲဒီဝိပါက်စိတ်က အိပ်တဲ့စိတ်**

လူတွေ နတ်တွေ ဗြဟ္မာတွေကျတော့ အလောဘ အဒေါသ အမောဟ၊ **'ကာမာဝစရ စိတ်'** က နှစ်ဆယ့်လေးပါး- ကုသိုလ်စိတ်က ရှစ်ပါး၊ ဝိပါက်စိတ်က ရှစ်ပါး၊ ကြိယာစိတ်က ရှစ်ပါး၊ ရှစ်သုံးလီ (နှစ်ဆယ့်လေးပါးပါဘုရား)။ အဲဒါက **'ကာမာဝစရစိတ်'** ခေါ်တယ်၊ အဲဒါ **'သောဘဏစိတ်'** တဲ့၊ တင့်တယ်တဲ့စိတ်၊ သူနဲ့ အကုသိုလ်တို့ အဟိတ်တို့နဲ့ သွားမတွဲနဲ့၊ သွားတွဲလိုက်တော့မှ အဲဒါဘာဖြစ်သွားတုံးဆိုရင် **'ကာမစိတ်'** ဖြစ်သွားတယ်၊ အဲဒါတွေ ဘာတွေ လျှောက်ပြောနေတာတုံးဆရာ့ဆိုရင် အဲဒီ **'ဝိပါက်စိတ်'** က အိပ်တဲ့စိတ်ဖြစ်တယ်။ **'ကာမာဝစရ ဝိပါက်စိတ်က ရှစ်ပါး'**၊ **'အဟိတ်ဝိပါက်စိတ် နှစ်ပါး'**၊ **'ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် အကုသလ ဝိပါက်'** ခေါ်တယ်။ **ဥပေက္ခာသဟဂတံ သန္တီရဏ စိတ္တံ အကုသလ ဝိပါက်၊ 'ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ကုသလ ဝိပါက်'၊ ဥပေက္ခာသဟဂတံ သန္တီရဏစိတ္တံ ကုသလ ဝိပါက်။**

**ကာမမျိုးစေ့ ကာမပဋိသန္ဓေ**

**'ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် အကုသလဝိပါက်'** က အကုသိုလ်သန္တီရဏ အဟိတ်စိတ် ငရဲသွားတဲ့စိတ်၊ **'ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ကုသလဝိပါက်'** က ကုသိုလ် သန္တီရဏစိတ်၊ ပိုလီယိုရောဂါလေးတို့ အဆွံ့ အ အ လေးတို့ အကန်းလေးတို့ ဖြစ်တဲ့စိတ်၊ အဲဒါလေးမှတ်ထား၊ **'သန္တီရဏ'**ဆိုတာ ကုသိုလ်မဟုတ်ဘူး အကုသိုလ်မဟုတ်ဘူး၊ စုံစမ်းတာပဲ၊ နှုတ်ခမ်းမွေးနဲ့ ပိုးကောင်လေးတွေ ဟိုစမ်း ဒီစမ်းပြီးမှသွားတယ်၊ အဲလိုစမ်းတယ် **'သန္တီရဏ'**က ကုသိုလ်ဖြစ်လား အကုသိုလ်ဖြစ်လား၊ ကုသိုလ်ဖြစ်မှန်းလည်းမသိဘူး၊ အကုသိုလ်ဖြစ်မှန်းလည်း မသိဘူး၊ အဲလိုစုံစမ်းနေတာပဲ၊ လူချမ်းသာဝမ်းထဲဝင်ပြီးတော့ အဆွံ့ အ အ လေးတွေ ဖြစ်သွားတယ်တဲ့၊ အဲဒါ ဒုတိယ သန္တီရဏစိတ်၊ ပထမ သန္တီရဏစိတ်ကတော့ ငရဲဒုစရိုက်သွားတယ်၊ ပြီးတော့ အဲဒီ ရှစ်ပါးထဲက **'ဉာဏဝိပ္ပယုတ်စိတ်က လေးပါး၊ ဉာဏသမ္ပယုတ်စိတ်က လေးပါး'**။ အဲဒီ ဉာဏဝိပ္ပယုတ်စိတ်လေးပါးနဲ့ဆိုရင် ရုပ်မချောဘူး၊ ပစ္စည်းမပေါဘူး၊ ပညာ မတတ်ဘူး၊ ဆယ်တန်းတောင် အောင် အောင်မသင်နိုင်ဘူး၊ လေးတန်း ငါးတန်းလေးနဲ့ ဟို သာကေတမှာ တစ်ခါတည်း အလုပ်လုပ်တဲ့ကောင်လေးတွေက၊ အခုနာဂစ်နဲ့မှ သူတို့အလုပ်ရှိတယ်၊ အရင် အလုပ်မရှိလို့ တစ်ခါတည်းထမင်းလည်း မရှိဘူး၊ မအေ ဖအေကလည်း မင်းအိမ်ကို မလာနဲ့တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အလုပ်မရှိရင် ထမင်းမကျွေးနိုင်ဘူး၊ အိမ်မှာလည်း အမိုးကလည်းမရှိဘူး၊ သာကေတတို့ ဥက္ကလာပတို့သွားကြည့်၊ အဲဒါလေးတွေက **'ဉာဏဝိပ္ပယုတ်စိတ်'** လေးပါး၊ ဒွိဟိတ် စိတ်ခေါ်တယ်၊ **'ဉာဏဝိပ္ပယုတ်'** ဆိုတာ ဘာစိတ်ခေါ်တယ် (ဒွိဟိတ်စိတ်ခေါ်ပါတယ်ဘုရား)။ဟိုဟာက **'အဟိတ်'**၊ သူက **'ဒွိဟိတ်'**၊ နောက်တစ်ခါမှ **'တိဟိတ်'**၊ အဲလို လာတာဉာဏ်၊ ဉာဏ် အခုစာသင်တာလည်း ဝိပဿနာပဲ၊ ဟိုလိုချည်းဆို **'အနိစ္စ'** မှန်းမသိဘူး၊ အဲလိုကျမှသိတာ၊ အဲဒီဟာကြီးက အပင်ပေါက်လာတယ်၊ ဒွိဟိတ်ဆိုတော့ **'ပဋိသန္ဓေစိတ်'** ဘာစိတ်တုံး (ပဋိသန္ဓေ စိတ်ပါဘုရား)၊ အဲဒါ မျိုးစေ့စိတ်ခေါ်တယ် - **'ကာမမျိုးစေ့'**။ **'ကာမပဋိသန္ဓေက တစ်ဆယ်'**။

စာသင်တာက အဲဒီစိတ်တွေ ဥပါဒ် ဌီ ဘင် လို့မှတ်ထား၊ **'ဒွိဟိတ်စိတ်'** လည်း ဥပါဒ် ဌီ ဘင် ပဲ၊ ဟောအိမ်ကောင်းကောင်းနဲ့ တိုက်ကောင်းကောင်းနဲ့ အရာရှိကြီးတွေ ဘကြီးတွေ ညာကြီးတွေ ကိုယ်ကတော့ သူတို့လောက် မဖြစ်ဘူးဆိုတော့၊ ဟော သူတို့ကို ကဲ့ရဲ့တယ်၊ အပြစ်တင်တယ် ငြူစူတယ်၊ မငြူစူဘူးလား၊ အဲဒါ **'ဒွိဟိတ်စိတ်'**တဲ့။ အမောဟပါမှ **'တိဟိတ်စိတ်'** တဲ့၊ ဟိတ်သုံးပါးပါတယ်၊ အလောဘ အဒေါသ အမောဟ၊ ဟိုဆင်းရဲတဲ့လူကတော့ **'ဒွိဟိတ် စိတ်'** တဲ့၊ ဉာဏ်မရှိဘူး၊ ဉာဏ်မရှိတော့ အပေါင်းအသင်း မရှိဘူး၊ အပေါင်းအသင်းမရှိတော့ သူငယ်ချင်းအသိတွေမရှိဘူး၊ အသိတွေ ဘာတွေမရှိတော့ အလုပ် အကိုင်တွေ ဘာတွေမရဘူး ဖြစ်ကုန်တယ်၊ အဲဒါ **'ဒွိဟိတ်စိတ်'**၊ **'အဟိတ်စိတ်'** အဲဒီစိတ်ထဲမှာ ဥပေက္ခာသဟဂုတ် သန္တီရဏ နှစ်ခု၊ ပြီးတော့ ကာမဝိပါက်စိတ်က ရှစ်ခု၊ ပေါင်းလိုက်တော့ အဲဒီ ဆယ်ခုက ပဋိသန္ဓေစိတ်တို့ ဘဝင်စိတ်တို့ စုတိစိတ်တို့ အဲဒီ ဆယ်ခုနဲ့ ဖြစ်တယ်၊ အဲဒီ **'ကာမပဋိသန္ဓေ'**၊ ကာမပဋိသန္ဓေစိတ်နဲ့ ပဋိသန္ဓေနေတယ်။

**ဘဝင်စိတ်က ဝိပါက်စိတ်၊ ဝိပါက်စိတ်ကလည်း ဥပါဒ် ဌီ ဘင်နဲ့ ပျက်နေတယ်**

ဉာဏဝိပ္ပယုတ်စိတ်လေးပါး-**'ဒွိဟိတ်'**၊ ဉာဏသမ္ပယုတ်စိတ်လေးပါး-**'တိဟိတ်'**နဲ့ ပဋိသန္ဓေနေတယ်၊ ပြီးတော့ အကုသိုလ် **'အဟိတ်စိတ်'** နဲ့နေတယ်၊ **'ဥပေက္ခာသဟဂုတ်'**က အဟိတ်စိတ်၊ **'သန္တီရဏ အဟိတ်စိတ်'**က အပဒါ ဒွိပဒါ စတုပ္ပဒါ ဗဟုပ္ပဒါ သံသေဒဇ ဩပပါတိက၊ ခြေထောက်မရှိတဲ့ဟာတွေ ဘာတွေ ငရဲတိရစ္ဆာန်တွေ **'အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်'** နဲ့နေတယ်။ အဲဒီ ငရဲ တိရစ္ဆာန် ပြိတ္တာဖြစ်တယ်ဆိုတာ ဥပေက္ခာသဟဂုတ် ပထမ သန္တီရဏ၊ ဒုတိယ သန္တီရဏက ပိုလီယိုရောဂါလေးတွေ၊ အဆွံ့ အ အ လေးတွေ၊ တတိယ သန္တီရဏကတော့ သာကေတတို့ အိမ်မကောင်းတဲ့ အမိုးမရှိတဲ့

www.burmeseclassic.com



ဟာလေးတွေ၊ ဘယ်လောက်ပေါ်ထားတုံး၊ သူတကာ ဆောက်ပေးရတယ်၊ အိမ်ကလေးမှ ငယ်တာလေးတွေရယ်၊ (၂၄၀) လောက်ရှိတယ်၊ ရွာထောင်ပေးတာ 'ဇေကမ္ဘာ'က၊ အိမ်လေးတွေမှ ငယ်တာလေးတွေ မီးဖိုချောင်လောက် ကလေးတွေပေ့ါ၊ အဲဒါလေးတွေ အများကြီး၊ အဲဒါလေးတွေက **'ဒွိဟိတ်စိတ်'**၊ အလောဘ အဒေါသ အမောဟ မပါဘူး၊ ဒကာကြီးတို့က အိမ်ကောင်းရင် ပါတယ်၊ **'တိဟိတ်စိတ်'** ခေါ်တယ်၊ အဲဒီ **'တိဟိတ်စိတ်'** က ကာမပဋိသန္ဓေဆိုတော့ - **'ဘဝင်စိတ်'** ဆိုစမ်း (ဘဝင်စိတ်)။

**'ပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိစိတ်'၊** အဲဒါမှာ အိပ်တဲ့စိတ်တွေပါတယ်၊ အဲဒီ **'ဘဝင်စိတ်'** က ဝိပါက်စိတ်၊ **'ဝိပါက်စိတ်'**ကို သိတယ် သိတယ်နဲ့ လုပ်ပေး၊ သူလည်း ဉပါဒ် ဌီ ဘင်နဲ့ ပျက်နေတယ်၊ ဘာနဲ့ပျက်နေတယ် (ဉပါဒ် ဌီ ဘင်နဲ့ ပျက်ပါတယ်ဘုရား)၊ ကုသိုလ်လေး ဘာလေး ဘုရားဆွမ်းကပ်လိုက်တယ်ဆိုရင်၊ **'ကုသိုလ်စိတ်'** မဟုတ်ဘူးလား၊ **'ကုသိုလ်စိတ်'** ဖြစ်တဲ့အခါလည်း သိတယ် သိတယ်နဲ့ ကုသိုလ်စိတ် ဖြစ်တယ်လို့သိပေး၊ ဟုတ်ကဲ့လား။

**'ဣတိ ဝိညာဏံ** - ဤဟာဝိညာဏ်၊ **ဣတိ ဝိညာဏဿ သမုဒယော** - ဤဟာဝိညာဏ် ဖြစ်ကြောင်း၊ **ဣတိ ဝိညာဏဿ အတ္ထင်္ဂမော** - ဤဟာဝိညာဏ်ချုပ်ကြောင်း'၊ အဲဒါမြတ်စွာဘုရားရှုတာ၊ အဲဒါဝိညာဏ်ကို ကုသိုလ်စိတ်အကုသိုလ်စိတ်လို့ သိရတယ်။

**အဲဒီဘဝင်ရှိသမျှကာလပတ်လုံး အဲဒီသတ္တဝါတွေဖြစ်နေမှာပဲ**

အဲဒါ ဝိညာဏ်ကို သိပေးရတယ်၊ ဝိညာဏ်ကို မသိလိုက်လို့ ရှိရင် **'သူ ငါ'** ဖြစ်သွားတယ်၊ **'ငါ'** ဖြစ်သွားတော့ အဲဒီဘဝင်စိတ်က တစ်ခါတည်း ဘဝင်စိတ်ပြီး ပဋိသန္ဓေတို့ စုတိတို့ အဲဒီစိတ်တွေဖြစ်တယ်၊ **'ဝိပါက်စိတ်တွေ'** ဖြစ်တယ်၊ အဲဒီ **'ဘဝင်စိတ်'**ဆိုတာ **'ဘဝဿ အင်္ဂံ ဘဝင်္ဂံ'**တဲ့၊ **'ဘဝဿ**- ဘဝ၏ ကမ္မဘဝ ဉပပတ္တိဘဝ၏၊ **အင်္ဂံ**- အကြောင်းတည်း၊ **ဘဝင်္ဂံ**- ကာမဘဝ ဉပပတ္တိဘဝ၏၊ **အင်္ဂံ**- အကြောင်း'၊ အဲဒီ **'ဘဝင်'** ရှိသမျှ ကာလပတ်လုံး အဲဒီသတ္တဝါ တွေဖြစ်နေမှာပဲ။

**'ရူပစိတ်'** က ကုသိုလ်ငါးခု ဝိပါက်ငါးခု ကြိယာငါးခု။

**'ကာမစိတ်'** ကတော့ ကာမကုသိုလ်ရှစ်ခု ဝိပါက်ရှစ်ခု ကြိယာရှစ်ခု။

**'အရူပစိတ်'** ကတော့ ကုသိုလ်လေးခု ဝိပါက်လေးခု ကြိယာလေးခု။

ကာမပဋိသန္ဓေစိတ်က တစ်ဆယ်၊ ရူပဝိပါက်စိတ်က ငါးခု၊ အရူပဝိပါက်စိတ်ကလေးခု စုစုပေါင်း **'ဘဝင်္ဂုပစ္ဆေဒ တစ်ဆယ့်ကိုး'**။ အဲဒါ **'ဘဝင်္ဂုပစ္ဆေဒတစ်ဆယ့်ကိုး'**၊ ဘဝင်္ဂုပစ္ဆေဒ တစ်ဆယ့်ကိုး၊ အဲဒီ **'ဘဝင်'** ရှိသမျှ ကာလပတ်လုံး ဘဝတွေရှိနေတယ်၊ **'ဘဝင်'** ရှိသမျှ ကာလ

www.burmeseclassic.com

www.burmeseclassic.com



ပတ်လုံး ဘာတွေရှိနေတယ် (ဘဝတွေရှိနေပါတယ်ဘုရား)၊ **'ကာမဘဝင်'** ရှိရင် ကာမဘဝ ဖြစ်တယ်၊ **'ရူပဘဝင်'** ရှိရင် ဘာတုံး (ရူပဘဝဖြစ်ပါတယ်ဘုရား)၊ **'အရူပဘဝင်'** ဖြစ်ရင် ဘာတုံး (အရူပဘဝဖြစ်ပါတယ်ဘုရား)။

**ဘဝင်ဆိုတာ ဘဝဖြစ်ကြောင်းအင်္ဂါ**

အဲဒီ**'ဘဝင်'** ကို၊ **'ဘဝရဲ့အင်္ဂါ'**ကို မြတ်စွာဘုရားကမြင်တယ်၊ အာဠာရ ဥဒကတို့က အဲဒီ**'ဘဝင်'** ကို မမြင်ဘူး၊ ဘုရားဖြစ်တဲ့အခါမှာ မြင်ပြီးတဲ့အခါမှာ ဘုရားက မဟောလိုက်ရလို့ **'နေဝသညာ နာသညာ'** သွားဖြစ်တယ်၊ အဲဒါ ဘာပြုလို့ ဖြစ်တုံးဆိုတော့ အဲဒီ **'ဘဝင်'** ကို မမြင်လို့၊ **'ဘဝင်'** ဆိုတာဘာတုံး- **'ဘဝရဲ့ အင်္ဂါ'**၊ **'ဘဝင်'** ဆိုတာဘာတုံး- **'ဘဝဖြစ်ကြောင်းအင်္ဂါ'**။

**'ဘဝင်'** ဆိုတာ ဘာတုံး (ဘဝဖြစ်ကြောင်းအင်္ဂါ)၊ ဒကာမကြီးတို့လည်း အဲလိုမမြင်ရင် အဲလိုဖြစ်ရင်ဖြစ်တယ်၊ ဒါ ဒကာမကြီးတို့မဟုတ်ဘူး၊ ဓမ္မဓိဋ္ဌာန်ကိုဆိုတာ၊ ဒကာမကြီးတို့ကတော့ သူတို့ရဲ့နိမိတ်တွေပေါ့၊ **'ဘဝင်'** ဆိုတာက ဝိပါက်၊ **'ကုသိုလ်စိတ်'** ဖြစ်တဲ့အခါ သိတယ် မဟုတ်လား၊ **'ကုသိုလ်စိတ်'** ဖြစ်တဲ့အခါ သိသလား၊ မသိဘူးလား (သိပါတယ်ဘုရား)။

ဥပုသ်လေးစောင့်တယ်၊ သူတကာ မေတ္တာပို့တယ်၊ ကျွေးမွေးလိုက်နဲ့ အဲလို စိတ်ဖြစ်တဲ့ အခါ **'ကုသိုလ်စိတ်'** ဖြစ်တယ်လို့ သိပေး သိတယ်၊ **'အကုသိုလ်စိတ်'** ဖြစ်တဲ့အခါလည်း သိတယ် မဟုတ်လား၊ အဲဒါလည်းသိပေး၊ **'ကုသိုလ်နဲ့အကုသိုလ်'** တော့သိတယ်၊ အဲဒီ **'ဝိပါက်စိတ်'** ဖြစ်တာ မသိဘူးလို့ ဆိုလိုက်လို့ရှိရင် အဲဒီ **'ဘဝင်စိတ်'** ကဖြစ်တာပဲ၊ အဲဒီ **'ဝိပါက်စိတ်'** ထဲမှာလည်း **'ဥပါဒ် ဌီ ဘင်'** ဆိုတာရှိတယ်။

**'ဝိပါက်စိတ်'** မှာ ဘာရှိလဲ (ဥပါဒ် ဌီ ဘင် ရှိပါတယ်ဘုရား)။

**'ကုသိုလ်စိတ်'** ကရော (ဥပါဒ် ဌီ ဘင် ရှိပါတယ်ဘုရား)။

**'အကုသိုလ်စိတ်'**ကရော (ဥပါဒ် ဌီ ဘင်တွေရှိပါတယ်ဘုရား)။

အေး **'ဥပါဒ် ဌီ ဘင်တွေ'** ရှိတယ်၊ အဲဒီ ဥပါဒ် ဌီ ဘင်တွေကို သတိတို့ ဉာဏ်တို့မပါဘဲနဲ့ မသိနိုင်ဘူး၊ **'သတိနဲ့ဉာဏ်'**ပါမှ။ **'သတောဘိက္ခဝေ ဘိက္ခု ဝိဟရေယျ'**'**ဘိက္ခဝေ**-ရဟန်းတို့၊ **သတော**-သတိရှိသည်ဖြစ် ၍၊ **သမ္ပဇာနော**- ဉာဏ်ပညာအဆင်ခြင်ရှိသည်ဖြစ်၍၊ **ဝိဟရေယျ**- နေရာ၏**'**။

**ဘဝင်စိတ်ကအိပ်တဲ့စိတ်၊ ဘဝင်ကိုစွဲမတပ်တော့ဘူးဆိုရင် နိဗ္ဗာန်ရောက် သွားတယ်**

သတိသမ္ပဇဉ်နဲ့ နေရမယ်တဲ့၊ **'ဝီရိယ'** ကတော့ အထောက်အပံ့၊ ပိုက်ဆံတွေ ဘာတွေ

www.burmeseclassic.com

www.burmeseclassic.com



လောကီဘက်ရောလောကုတ္တရာဘက်ရောနွယ်တယ်၊ **'သတိနဲ့ သမ္ပဇဉ်'**ကတော့ လောကုတ္တရာဘက်ကိုနွယ်တယ်၊ အဲဒီ အခုလို ငြိမ်နေတဲ့ အခါမျိုး **'ဝိပါက်စိတ်'** ဖြစ်နေတဲ့ အခါမျိုး သိတယ် သိတယ်၊ **'ဣဟာဝိညာဏ်'** လို့ဆိုပေး၊ ဒါမှ အဲဒီ **'ဘဝင်စိတ်'**က အိပ်တဲ့စိတ်၊ **'ဘဝင်ကိစ္စ'** မတပ်တော့ဘူး၊ **'ပဋိသန္ဓေကိစ္စ'**လည်း မတပ်တော့ဘူး၊ **'စုတိကိစ္စ'**လည်း မတပ်တော့ဘူးဆိုရင် အဲဒီ **'ဘဝင်စိတ်'**က ဘာဖြစ်သွားတုံးဆိုရင် **'နိဗ္ဗာန်'** ရောက်သွားတယ်၊ **'ကြိယာစိတ်'** ဖြစ်သွားတယ်၊ ရိပ်မိလား၊ အဲဒီဟာလေးတွေ၊ ဘုရားပရိနိဗ္ဗာန်စံတယ်ဆိုတာက **'ဝိပါက်စိတ်တွေ'** မဖြစ်တော့ဘူး၊ **'ကြိယာစိတ်'** ပဲဖြစ်သွားတယ်၊ အဲဒါကြောင့် ဒကာမကြီးတို့လည်း မဖြစ်နိုင်ဘူးလား၊ မအိပ်နဲ့၊ **'ဘဝင်စိတ်'**။

**'ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်'**၊ အဲဒီဟာက ကိစ္စသုံးခုတပ်တော့၊ **'သူနဲ့ပဲ ပဋိသန္ဓေနေတယ်၊ သူနဲ့ပဲ အိပ်တယ်၊ သူနဲ့ပဲ သေတယ်'**၊ အဲဒီ မြတ်စွာဘုရားတို့က အဲဒီစိတ်မရှိတော့ဘူး၊ ဘုရား တရား သံဃာ၊ ရိပ်မိပြီလား၊ အဲဒီ **'ဝိပါက်စိတ်'** မဖြစ်တော့ဘူး၊ အဲဒါမှတ်ထား၊ ဒကာမကြီးတို့က အဲဒီ **'ဝိပါက်စိတ်'**ကို ခင်မင်တွယ်တာပြီးတော့ လုပ်အုံးမယ်ဆိုရင် ဘဝကဖြစ်အုံးမှာပဲ၊ အာဋ္ဌာရနဲ့ ဥဒက ကလည်း အဲလိုပဲ အရူပဖြစ်တာ၊ သူတို့က **'အရူပစိတ်တွေ'**၊ **'အရူပ'**မှာလည်း **'ဘဝင်'**မပါဘူးလား ပါသလား (ပါပါတယ်ဘုရား)၊ အဲဒီ **'ဘဝင်စိတ်'** ကို သူတို့မသိဘူးလား သိသလား (မသိပါဘူးဘုရား)၊ မသိတော့ **'ဝိပါက်စိတ်'** နဲ့ပဲ ဘဝင်ဖြစ်သွားတော့ အရူပဘုံရောက်သွားတယ်၊ အဲဒါကို **'ဘဝင်'** မှန်းမသိလိုက်ဘူး၊ ပြီးတော့ **'အရူပစိတ်'** မှန်းလည်း မသိလိုက်ဘူး။

**အာကာသာနဉ္စာယတန ကုသလစိတ္တံ၊ ဝိညာဏဉ္စာယတန ကုသလစိတ္တံ၊ အာကိဉ္စညာယတန ကုသလစိတ္တံ၊ နေဝသညာနာသညာယတန ကုသလစိတ္တံ။**

**အာကာသာနဉ္စာယတန ဝိပါကစိတ္တံ၊ ဝိညာဏဉ္စာယတန ဝိပါကစိတ္တံ၊ အာကိဉ္စညာယတန ဝိပါကစိတ္တံ၊ နေဝသညာနာသညာယတန ဝိပါကစိတ္တံ။**

**အာကာသာနဉ္စာယတန ကြိယာစိတ္တံ၊ ဝိညာဏဉ္စာယတန ကြိယာစိတ္တံ၊ အာကိဉ္စညာယတန ကြိယာစိတ္တံ၊ နေဝသညာနာသညာယန ကြိယာစိတ္တံ။**

**စိတ္တုပ္ပါဒေတိ ဣမာနိ စတ္တာရိ အရူပါဝစရ စိတ္တာနိ နာမ။**

**ဘဝင်စိတ်တာ သိလေပါ သူဟာ ဘုရားဖြစ်သတည်း**

မြတ်စွာဘုရားတို့ကျတော့ **'ကြိယာ'** ဖြစ်သွားတယ်၊ အရူပပြဟ္မာတွေကျတော့ **'ဝိပါက်'**နဲ့ နေတယ်၊ အဲလောက်ကလေးပြောင်းသွားတာလေးကို မသိလိုက်တာတော်တော်နာတယ်၊ အာဋ္ဌာရနဲ့ ဥဒက ဘဝတော်တော်နာသွားတယ်၊ မြတ်စွာဘုရားက **'ဘဝင်စိတ်'**ကို သိသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဘဝင်စိတ်တာ သိလေပါ သူဟာ ဘုရားဖြစ်သတည်း။**

**ဘဝင်စိတ်တာ မသိပါ သူဟာ အာဠာရ ဖြစ်သတည်း။**

အဲသလိုပဲ၊ အဲဒါလေးပဲ ကွာသွားတာ၊ သူက **'အာကာသာနဉ္စာယတန'** က ကောင်းကင်ကြီးကို **'အာကာသဝေါ အနန္တော'**လို့ ပွားတယ်၊ ဒီ့ပြင်ဟာတွေ ဘာမှမရှိဘူး၊ ကာမတွေ ဘာတွေ ဘာမှမရှိဘူး၊ အခုလည်းယောဂီမှာ အဲလိုဖြစ်နိုင်တယ်၊ ရင်ခေါင်းထဲမှာ **'ကာမာဝစရ ဝိပါက်စိတ်'** ရှိတယ်၊ ရင်ခေါင်းထဲမှာ ဘာရှိတုံး (ကာမာဝစရဝိပါက်စိတ်ရှိတယ်ဘုရား)၊ **'သန္တီရဏ'** လည်း ရင်ခေါင်းထဲမှာရှိတယ်။

မျက်စိမှာရှိတာက **'စက္ခုဝိညာဏ်စိတ်'။**

နားမှာရှိတာက **'သောတဝိညာဏ်စိတ်'။**

နှာခေါင်းမှာရှိတာက **'ဃာနဝိညာဏ်စိတ်'။**

လျှာမှာရှိတာက **'ဇိဝှါဝိညာဏ်စိတ်'။**

ကိုယ်မှာရှိတာက **'ကာယဝိညာဏ်စိတ်'။**

အဲဒီ **'ဒွေပဉ္စဝိညာဏ်'** တစ်ဆယ်ရယ်၊ **'ရူပဝိပါက်စိတ်'** လေးခုရယ်ပေါင်းရင် တစ်ဆယ့်လေးခု၊ ဒီလောက် ကလေးထားအုံး၊ **'ကြွင်းကျန်တဲ့ စိတ်တွေက ဟဒယဝတ္ထု'**။

**'ကာမစိတ်'**ရှစ်ဆယ့်တစ်ကို ဒွေပဉ္စဝိညာဏ်တစ်ဆယ် ကြဉ်လိုက်တော့ခုနစ်ဆယ့်တစ်က **'မနော'**မှာဖြစ်တယ်တဲ့၊ ဟဒယဝတ္ထုမှာဖြစ်တယ်၊ အဲဒီ **'ဒွေပဉ္စဝိညာဏ်'** ဆယ်ခုက ဒွါရငါးခုမှာ ဖြစ်တယ်ရိပ်မိပလား၊ ကျန်တဲ့ခုနစ်ဆယ့်တစ်ခုက ဘယ်မှာဖြစ်တုံး (မနောမှာဖြစ်ပါတယ်ဘုရား)၊ အေး မနောမှာဖြစ်တယ်၊ ရှစ်ဆယ့်တစ်ခုဆိုရင်လည်း ရှစ်ဆယ့်တစ်ခုထဲမှာ တစ်ဆယ်နုတ်၊ ခုနစ်ဆယ့်တစ်ခု၊ အဲဒါ **'ဟဒယ မနော'** မှာ အဖြစ်များတယ်၊ အဲဒီ **'မနော'** မှာအိပ်နေတယ်။

**'မနော'** ထဲမှာ ပုန်းညက်စေ့ လောက်ရှိတဲ့ သွေးရှိတယ်၊ အလုံးလေးရှိတယ်၊ အဲဒါလေးက အကြောမာလေး၊ **'ဟဒယဝတ္ထု'** ဆိုတာ အသားထဲမှာ ကိုက်လို့မရတဲ့ အကြောမာဆိုတာပါတယ် အဲလိုဟာလေး၊ အလုံးလေးက ပုန်းညက်စေ့လောက်လေး၊ ကွမ်းသီးလောက်မရှိဘူး ပုန်းညက်စေ့လို အလုံးလေး၊ အဲလောက် အလုံးလေး တစ်ဝက်လောက်မှာ သွေးတွေရှိတယ်၊ အဲဒီသွေးမှာ၊ **'စက္ခု ဝိညာဏ်'**က မျက်စိမှာ မှီ ဖြစ်တယ်၊ နေတယ်ဆိုပေမယ့် အမြဲတမ်းနေတာမဟုတ်ဘူး၊ အခု **'နား'**၊ အသံရှိမှ **'ကြားတာ'** ဖြစ်တယ်၊ **'မှီ ဖြစ်တယ်'**၊ ဒီပြင့်စိတ်တွေလည်း အဲလိုမှီ ဖြစ်တာပဲ၊ ဒါ **'မှီရာတွေ'** ခေါ်တယ်၊ **'နိဿယပစ္စည်း'**။

www.burmeseclassic.com

www.burmeseclassic.com



**ဝိပါက်စိတ်သာမဖြစ်ပါ သူဟာဘဝကုန်သတည်း**

**'စက္ခုပသာဒ'**က **'နိဿယ'**၊ **'စက္ခုဝိညာဏ်'** က မှီတတ်တဲ့ဟာ၊ **'စက္ခုပသာဒ'**က မှီရာ၊ အဲဒီနေရာလေးရှိတော့ **'မှီ'** ဖြစ်တယ်၊ မီးဖိုချောင်ထဲမှာ မီးမွှေးသလိုပေါ့၊ မှန်ရှိမှ အရိပ်ကလေး ထင်သလို၊ အဲဒီစိတ်မှာ **'ဘဝင်စိတ်'** ရှိတယ်၊ အဲဒီစိတ်ရှိရင် **'ဘဝ'** ဖြစ်မှာပဲ။

**ဝိပါက်စိတ်သာဖြစ်လေပါ သူဟာ ဘဝဖြစ်သတည်း။**

**ဝိပါက်စိတ်သာမဖြစ်ပါ သူဟာ ဘဝကုန်သတည်း။**

အဲဒီ **'ဘဝင်စိတ်'** ရှိနေသမျှ ကာလပတ်လုံး **'ဘဝ'** ကရှိနေမှာပဲ၊ **'ဘဝင်ကိစ္စ'** တပ်တာ ဘယ်သူတုံးဆိုတော့၊ **'ကာမဝိပါက်ရှစ်ခု၊ အဟိတ်ပဋိသန္ဓေနှစ်ခု၊ မဟဂ္ဂုတ်ဝိပါက်ကိုးခု'**။

**သတ္တဋ္ဌာနကုသလကိုသိရင် ဘဝမှ လွတ်မြောက်မယ်**

အဲဒီ **'ဘဝင်စိတ်'** ရှိနေသမျှ ကာလပတ်လုံး **'ဘဝ'** ကရှိနေမှာပဲ၊ **'ကာမဝိပါက်ရှစ်ခု၊ အဟိတ်ပဋိသန္ဓေနှစ်ခု၊ မဟဂ္ဂုတ်ဝိပါက်ကိုးခု'**၊ အဲဒါ **'ဘဝင်္ဂုပစ္ဆေဒ တစ်ဆယ့်ကိုး'** ခေါ်တယ်၊ အဲဒါ ဘာပြုလို့မဖြစ်ပါလိမ့်ဆိုရင် အဲလို **'အသိ'** လိုတယ်၊ အဲဒီ အသိလေးပေါ့။ အဲဒီ **'ဝိပါက်စိတ်'** က ဘဝင်ကိစ္စတပ်နေမယ်၊ စုတိကိစ္စတပ်နေမယ်၊ ပဋိသန္ဓေကိစ္စတပ်နေမယ်၊ သုံးကိစ္စတပ်နေမယ် ဆိုရင် ဘဝလွတ်မြောက်ရေးမဖြစ်ဘူး၊ အခုအာဋ္ဌာရတို့ ဥဒကတို့မှာ ဘဝလွတ်မြောက်ရေး မဖြစ်ဘူး၊ မြတ်စွာဘုရားက ဘဝလွတ်မြောက်ရေး ဖြစ်သွားတယ်။

အဲဒါ ဘဝလွတ်မြောက်ရေးကဘာတုံး၊ **'ဣတိ ဝိညာဏံ၊ ဣတိ ဝိညာဏ သမုဒယော ဣတိ ဝိညာဏ အတ္ထင်္ဂမော၊ ဣတိ ဝိညာဏ အဿာဒေါ၊ ဣတိ ဝိညာဏ အာဒီနဝေါ၊ ဣတိ ဝိညာဏ နိဿရဏော၊ ဣတိ ဝိညာဏ နိရောဓဂါမိနီ ပဋိပဒါ'**။ **'သတ္တဋ္ဌာန'**ခုနစ်ခုရှိတယ်၊ အဲဒါမှလွတ်မြောက်တယ်၊ ဟိုတစ်ခါ ဟောပြီးပြီ၊ ရုပ်မှာ-'ရုပ်ကိုလည်းသိရမယ်၊ ရုပ်ဖြစ်ကြောင်း ကိုလည်း သိရမယ်၊ ရုပ်ချုပ်ကြောင်းကိုလည်း သိရမယ်၊ ရုပ်မှလွတ်မြောက်တာကိုလည်း သိရမယ်'။ **'သတ္တဋ္ဌာန ကုသလော'** ယောက်ျားမြတ် မိန်းမမြတ်ဖြစ်တဲ့ဟာ၊ အဲလိုမှ အဲဒါ လွတ်တယ်တဲ့၊ အဲဒီတော့ 'ဝိညာဏ်ကိုလည်း သိရမယ်၊ ဝိညာဏ်ဖြစ်ကြောင်းကိုလည်း သိရမယ်၊ ဝိညာဏ်ချုပ်ကြောင်းကိုလည်း သိရမယ်'၊ **'ဝိညာဏ်ရဲ့ အဿာဒေါ'** က သုခ သောမနဿကို ခေါ်တယ်၊ ဟုတ်ကဲ့လား၊ **'ဝိညာဏ်ရဲ့ အာဒီနဝ'** ဆိုတာ အနိစ္စ ဒုက္ခ အနတ္တကိုခေါ်တယ်။ **'ရုပ်'** လည်း ဒီလိုပါပဲ၊ ရုပ်ကတော့ မူလရှိတဲ့ နှစ်ဆယ့်ရှစ်ပါးကိုသိရမယ်၊ ရုပ်ဖြစ်တယ်ဆိုတာ ကလည်း ကံ စိတ် ဥတု အာဟာရတို့ အာရုံတို့ ဘာတို့ အဲဒါကြောင့် ရုပ်ဖြစ်တယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သိရမယ်၊ **'ရုပ်ကိုသာယာတယ်'** ဆိုတာလည်း သုခ သောမနဿရှိလို့ သာယာတာ၊ **'ရုပ်ရဲ့အပြစ်'** ဆိုတာက အနိစ္စ ဒုက္ခ အနတ္တထင်မှ၊ ရုပ်မှာအပြစ်ရှိတယ်၊ **'ဝေဒနာ'**အပြစ်မရှိဘူးဆိုရင် ဒကာမကြီးတို့ တစ်ခါတည်းဘယ်လောက် သဘောကျလိုက်မလဲမသိဘူး၊ **'ဝေဒနာ'**မှာ အနိစ္စ ဒုက္ခ အနတ္တမရှိဘူးဆိုရင် လူတွေကတော့ ပြောမကုန်ပေါင် တောသုံးတောင်ဖြစ်သွားတယ်။

**ဝေဒနာမှာ ငါမပါ အဝိဇ္ဇာပျောက် သစ္စာရောက်၏**

**'ဝေဒနာ'**လည်း အပြစ်ရှိတယ်၊ အနိစ္စ ဒုက္ခ အနတ္တဆိုတာ **'ဝေဒနာရဲ့ အပြစ်'၊** ဝေဒနာ သုခဆိုပေမယ့် မမြဲဘူးမဟုတ်ဘူးလား၊ ဆင်းရဲတယ်၊ မမြဲတာနဲ့ ခဏခဏလုပ်ရတော့ ဆင်းရဲတယ်၊ **'ဝေဒနာ'**ဟာ **'အနတ္တ'၊** ဖဿဖြစ်မှ ဝေဒနာဖြစ်တယ် ဟုတ်ကဲ့လား၊ အေး အဲဒါ **'အနတ္တ'** ခေါ်တယ်၊ အဲဒါကြောင့် **'အာဒီနဝ'** ရှိတယ်၊ **'ဝေဒနာ'**မှ လွတ်မြောက်သွားပြီဆိုရင် **'ဝေဒနာ'** မရှိတော့ဘူး၊ အဲဒီတင်မှ **'နိဗ္ဗာန်'** ရောက်သွားတာပဲ၊ အဓိပ္ပါယ်က သွားစိတ်မကူးလိုက်နဲ့၊ **'ဤဟာ ဝိညာဏ်'**ကြောင့် ဝေဒနာရှိတာရိပ်မိပလား၊ မိန်းမတွေ ယောကျ်ားတွေဆိုတာ စိတ်ကူးလိုက်လို့ ဖြစ်သွားတာ မဟုတ်လား၊ **'ဤဟာဝိညာဏ်'** လို့သာဆိုလိုက်၊ ဘယ်တော့မှ မိန်းမတွေ မဖြစ်တော့ဘူး၊ မိန်းမတွေသွားပြီး အာရုံမပြုဘူးလား ပြုသလား (ပြုပါတယ်ဘုရား)၊ ပြုတာ ဘယ်သူ တုံး-**'ဝိညာဏ်'**က ပြုတာကို၊ **'ငါ'**ကပြုတာလို့ **'ငါ'**ကို မနုတ်တော့ **'ငါ'** ရှိနေသေးတော့ အဲဒါ ဝိညာဏ်ဖြစ်တာပဲ၊ **'ငါ'** မရှိရင် ဝိညာဏ်မဖြစ်ဘူး၊ အဓိပ္ပါယ်က အဲဒါလွတ်မြောက်သွားတာပဲ။

**'ဝေဒနာမှာ ငါမပါ အဝိဇ္ဇာပျောက် သစ္စာရောက်၏'။**

**'ဝေဒနာ'** ထဲမှာ ငါမပါ၊ **'ဒိဋ္ဌိ'**က အကုသိုလ်စိတ်မဟုတ်လား၊ အကုသိုလ်စိတ်က စေတသိက်မဟုတ်လား၊ အကုသိုလ် စေတသိက်တွေပါနေတော့ ဘယ့်နှယ့်လုပ် နိဗ္ဗာန်ရောက် မတုံး၊ **'ငါ'**ဆိုတာ အကုသိုလ်စိတ်လို့ မှတ်ထား။ **'သင်္ခါရ'** လည်း **'ဣတိ သင်္ခါရာ'**၊ 'ဤဟာသင်္ခါရ၊ ဤဟာသင်္ခါရဖြစ်ကြောင်း၊ ဤဟာ သင်္ခါရချုပ်ကြောင်း၊ ဤဟာသင်္ခါရ၏ သာယာဖွယ်၊ ဤဟာသင်္ခါရ၏ အပြစ်၊ ဤဟာသင်္ခါရ ချုပ်ကြောင်း အကျင့်၊ ဤဟာသင်္ခါရမှ လွတ်မြောက်ရာ'၊ အဲလိုသိရတယ်၊ အဲလိုသိမှ။

ကဲ--- တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# "သစ်တရုပ်နာမ်ကို အဟုတ်ဉာဏ်တင်စီးပြီ တရားတော်"

၂၉၊ ၇၊ ၂၀၀၈

## ပညတ်ကို ပယ်လိုက်ရင် ပရမတ်ဖြစ်သွားတယ်

အမှတ်ရတာကို ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိတဲ့၊ တရားအမှတ်ရတာ ကောင်းတယ်။ ဒီပြင်ဟာတွေကို အမှတ်မရနဲ့၊ **'ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ'၊** အဲဒါတွေကို အမှတ်ရ၊ ငယ်ငယ်တုန်းကဟာတွေ အမှတ်မရနဲ့၊ အဲဒါတွေက ခန္ဓာ၊ စိတ် စေတသိက် ဓမ္မာရုံ၊ ပညတ်ဓမ္မာရုံ၊ နာမည်တွေ သဏ္ဍာန်တွေက ပညတ်ဓမ္မာရုံ၊ ကိလေသာ ဆိုတာလည်း ပညတ်ဓမ္မာရုံ၊ **'ဗုဒ္ဓါနုဿတိ'** ကတော့ ဘုရားဂုဏ်တော် ဓမ္မာရုံ၊ သူကတော့ **'အရဟံ'**တို့၊ **'ဗုဒ္ဓ'** တို့၊ ထွက်လေ **'အရဟံ'၊** ဝင်လေ **'ဗုဒ္ဓေါ'** တို့နဲ့ တစ်ဘဝလုံးဟန်ချင်ဟန် သွားတယ်၊ အရဟံ- ဗုဒ္ဓေါ၊ ဗုဒ္ဓေါ- အရဟံနဲ့ ဘုရားကြည်ညိုပြီးတော့သွားတယ်။

**'အရဟံ'** ဆိုတော့ ဝမ်းထဲမှာ **'ရာဂ'** မရှိဘူး၊ ရာဂမရှိဘူးဆိုတာ ပညတ်မရှိဘူးဆိုတာနဲ့ အတူတူပဲ၊ ပညတ်ရှိရင် ရာဂရှိတယ်၊ အဲဒီလို ဘုရားဂုဏ်တော်ပွားလိုက်ရင် သူ့ရဲ့အာရုံက ဘာလဲဆိုတာ သိရတယ်၊ သူက တောထဲနေကတည်းက နန်းတော်တို့ ဘာတို့ကို အမှတ်မရဘူး၊ သူ ဘုရားဖြစ်ဖို့ပဲ ကြိုးစားတယ်၊ ယောဂီလည်းဒီလိုပဲ၊ ဒီပြင်ဟာတွေ အမှတ်မရနဲ့၊ တရားရဖို့ပဲ ဘယ်လိုလုပ်မလဲဆိုတာ အမှတ်ရ။ တရားရဖို့ဆိုတာလည်း မခက်ပါဘူး၊ **'ပညတ်'** ကိုပယ်လိုက် ရင် **'ပရမတ်'** ဖြစ်သွားတာပဲ၊ ပညတ်က **'အနိစ္စ'** မထင်ဘူး၊ ပရမတ်က **'အနိစ္စ'** ထင်တယ်၊ **'ပရမတ်'** ဆိုတာကရှိတဲ့ ဟာခေါ်တယ်၊ **'ပညတ်'**ဆိုတာ ခေါ်တဲ့ဟာခေါ်တယ်၊ ခေါ်တဲ့ဟာခေါ်ပုံ က ကုလားထိုင် ခေါ်ပေမယ့် ကုလားထိုင်ကြီးဖျက်ပစ်လိုက်ရင် ကုလားထိုင် မရှိတော့ဘူး၊ ကုလားထိုင်ကမာတယ်၊ **'မာတာ'**က **'ကုလားထိုင်'**၊ ဉာဏ် ဉာဏ်၊ ကုလားထိုင်ကြီး ဖျက်ပစ်တယ်၊ **'ကုလားထိုင်'**က**'ပညတ်'**၊ ကုလားထိုင်ဖျက်ပြီးပေမယ်လို့ **'မာတာကြီး'**ကတော့ ရှိသေးတယ်။

ကုလားထိုင်ကြီးက ထင်းချောင်းဖြစ်သွားပြီ၊ အဲဒီလို **'ပညတ်'** ဆိုတာ ပြောင်းလဲသွား တယ်၊ **'ပရမတ်'**ကတော့ မာတာကိုခေါ်တယ်၊ ကုလားထိုင်ကလည်း မာတာပဲ၊ ထင်းချောင်း လည်း မာတာပဲ၊ ပြာဖြစ်ပြီဆိုရင် ပြာလည်း မာတာ ချောတာပဲ၊ အဲဒါ ဉာဏ် ဉာဏ်၊ မိန်းမတွေ ယောကျ်ားအဝတ်ကြီး ဝတ်လိုက်၊ နှုတ်ခမ်းမွှေးကြီးတပ်လိုက်ရင် ယောကျ်ားကြီးဖြစ်သွားတာပဲ၊ ယောကျ်ားကြီးကို ကိုင်စမ်းကြည့်ရင် မာတာပဲ၊ မိန်းမကြီးလည်း ကိုင်စမ်းကြည့် မာတာပဲ၊ ခုတော့ မိန်းမကြီးဖြစ်နေတယ်၊ ယောကျ်ားကြီးဖြစ်နေတယ်၊ နှုတ်ခမ်းမွှေးကြီးနဲ့ ခေါင်းပေါင်းကြီးနဲ့။

www.burmeseclassic.com

www.burmeseclassic.com



**ရုပ်မှန်းသိရင် ပညတ်တွေမရှိတော့ဘူး**

**'ပညတ်'**က ပြောင်းတယ်၊ **'ပရမတ်'**က မပြောင်းဘူး၊ **'မာတယ်'**ဆိုရင် ပရမတ်ပဲ ရောက်သေးတာ၊ ပရမတ်ကို **'အနိစ္စ ဒုက္ခ အနတ္တ'** လုပ်ရသေးတယ်၊ ပရမတ်က **'အကြောင်း၊ အကျိုး'** ရှိတယ်၊ ကုလားထိုင်ဆိုတာက အကြောင်းအကျိုးမရှိဘူး၊ **'မာတယ်'** ဆိုတာက အကြောင်းသုံးပါးရှိတယ်၊ **'စိတ္တဇပထဝီ'** ဆိုရင် လက်သီးနဲ့ထိုးတယ်၊ လက်သီးမာတာကြီးက **'စိတ္တဇပထဝီ'** ခေါ်တယ်၊ ဘောလုံးကန်တဲ့ ဘောလုံးသမားတွေရဲ့ခြေထောက်၊ တောင်တက်သမားတွေရဲ့ ခြေထောက်၊ ခြင်း၊ ချိုင့် ဆွဲသူတွေရဲ့ လက်၊ အဲဒီ မာတာတွေက **'စိတ္တဇပထဝီ'** ခေါ်တယ်။

ကုလားထိုင်သစ်သား မာတာနဲ့မတူဘူး၊ သစ်သားမာတာက **'ဥတုဇပထဝီ'၊ 'နာမ်ရုပ်'** ကို ဆင်ခြင်တာ ပိုင်းခြားတာက **'နာမရူပပရိစ္ဆေဒဉာဏ်'၊** အဲဒါမှ ဉာဏ်ဖြစ်တယ်၊ မနေ့က ကနီနည်း ထွက်သိပျက် ဝင်သိပျက် လုပ်နေတာ၊ **'နာမ်ရုပ်'** အကြောင်းပြောတော့ **'လူတွေမှာ မျက်စိတွေ နားတွေရှိသလား'** ဆိုတော့၊ ရှိတယ်လို့ချည်းပြောနေတယ်၊ သမာဓိက **'ပညာ'** ဖြစ်မှ၊ **'သီလ သမာဓိ ပညာ'၊ 'ပညာ'** ကမှ အဘိဓမ္မာရောက်တယ်၊ သုတ္တန်က **'သမာဓိ'** ပဲရောက်သေးတယ်၊ အဘိဓမ္မာက **'ပညာ'** ရောက်တယ်၊ **'ပညာ'** ရောက်ရင် ဆံပင်တို့ ဘာတို့ မရှိဘူး၊ **'သုံးဆယ့်နှစ်ကောဋ္ဌာသ'** လည်း လွန်သွားတယ်။

အရင် မာတိကာ ဒကာမကြီးပေါ့၊ ဆံပင် မွေးညင်းလုပ်တာ၊ ဘုန်းကြီးတွေလည်း ဆံပင် မွေးညင်းလုပ်တာပဲ၊ ဒါပေမယ့် သူက **'သမာဓိ'** ရရုံ၊ **'ဉာဏ်'**ကျတော့ ဆံပင်မရှိတော့ဘူး၊ **'ဓာတ်'** ရောက်သွားတယ်၊ **'ပထဝီဓာတ်'** အဋ္ဌကလာပ်ခေါ်တယ်၊ အဲဒါ ဆံပင်မဟုတ်တော့ဘူး၊ အဲဒါကြောင့်သေတယ်၊ လူသေကောင်ကြီးမြင်တယ်၊ အဲဒါက **'ဥတုဇရုပ်'** ခေါ်တယ်၊ လူသေကောင်ကြီးမှာ **'စိတ္တဇရုပ်'**လည်း မရှိတော့ဘူး၊ စကားလည်း မပြောနိုင်တော့ဘူး၊ စကား ပြောနိုင်တာက **'စိတ္တဇရုပ်'**။

**'ဝိညတ္တိ ဒွယံ-** ဝိညတ်ဒွေးသည်၊ **စိတ္တဇမေဝ-** စိတ်ကြောင့်သာလျှင်ဖြစ်၏**'**။ သွားတာတွေ လာတာတွေ ထိုင်တာတွေဟာ **'ကာယဝိညတ် ဝစီဝိညတ်ရုပ်'** ခေါ်တယ်၊ ဟိုတစ်နေ့က သင်ပေးသေးတယ်၊ အဲဒါ **'သုခုမရုပ် သောဠသ'** ထဲပါတယ်၊ အဲဒီ **'ရုပ်'** ကို မသိရင် လူလို့ မှတ်တတ်တယ်၊ လက်လှုပ်တာတွေ ခြေလှုပ်တာတွေက **'ကာယဝိညတ် ရုပ်'၊** မျက်တောင်ခတ်တာတွေ လေရှူတာတွေရော ပါတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



**'ကာယကြီးကလုပ်သမျှ ကာယဝိညတ်ရုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်'**၊ အဲဒါ **'စိတ်'**ကြောင့်ဖြစ်တာ၊ ထိုင်တာတွေ သွားတာတွေကို **'ကာယဝိညတ်ရုပ်'** ခေါ်တယ်၊ လူမခေါ်နဲ့ ယောကျ်ားမခေါ်နဲ့ မိန်းမ မခေါ်နဲ့ အဲဒါကို **'ကာယဝိညတ်ရုပ်'** ခေါ်တယ်၊ ကိုယ်ကြီးထိုင်လို့ကောင်းတာက **'ကာယကမ္မညတာ'** ခေါ်တယ်၊ ကိုယ်ကြီးပေ့ါပါးတာက **'ကာယလဟုတာ'** ခေါ်တယ်၊ ခန္ဓာကိုယ်ကြီးနူးညံ့တာက **'ကာယမုဒုတာ'** ခေါ်တယ်၊ ညောင်းရင် နူးညံ့သေးလား။

ခန္ဓာကိုယ်ညောင်းရင် ဖောက်ပြန်တယ်၊ ခြေထောက်ကြီးကို တောင့်ပြီး ညောင်းလိုက်တာကွ နှိပ်စမ်းပါအုံးနဲ့ ကိုယ်ကြီးတောင့်နေတယ်၊ အဲဒါ မနူးညံ့လို့ ညောင်းတာ၊ မညောင်းဘူးဆိုရင် ခြေသလုံးစမ်းကြည့်လိုက် ပျော့နေတယ်၊ သွားနိုင်လာနိုင်တယ်၊ အဲဒါ **'ကာယကမ္မညတာ'၊** အဲဒါ **'ဝိကာရရုပ်'**၊ အောင်မာ **'ရုပ်'** လို့ မမှတ်ဘူး၊ အဲဒါ **'ငါ'** လို့မှတ်နေတာ၊ ပေါင်ကြီး ခြေသလုံးကြီး တောင့်နေတယ်၊ နင်းပေးပါအုံးနဲ့ အနှိပ်ခံတယ်။

**ကံ စိတ် ဥတု အာဟာရ အကြောင်းလေးပါးကြောင့် ဖြစ်နေတဲ့ရုပ်**

ပါးစပ်ကြီးလှုပ်တယ်၊ အသံမထွက်ဘူးဆိုရင် **'ကာယဝိညတ်ရုပ်'**၊ ပါးစပ်ကြီး လှုပ်တယ်၊ အသံထွက်တယ်ဆိုရင် **'ဝစီဝိညတ်ရုပ်'**၊ အဲဒါ **'စိတ်ကဖြစ်တဲ့ရုပ်'၊** အဲဒီလိုမှတ်၊ မျက်စိကြည်တယ်၊ နားကြည်တယ်၊ အဲဒါ **'ကံကြောင့်ဖြစ်တဲ့ ရုပ်'** လို့ဆို၊ သို့မို့လို့ရှိရင် **'ငါ'** ဖြစ်တယ်၊ ထမင်းစားလို့ ဝလို့ သွားနိုင်တယ်၊ ထမင်း အစာကြေတယ်၊ အဲဒါ **'အာဟာရကြောင့်ဖြစ်တဲ့ ရုပ်'။**

အခု ပူတယ်၊ အေးတယ်၊ ချမ်းတယ်ဆိုရင် အင်္ကျီထူထူဝတ်တယ်၊ အိုက်ရင် အင်္ကျီတွေချွတ်ပစ်တယ်၊ ပါးပါးလေးဝတ်တယ်၊ အဲဒါ **'ဥတုဇရုပ်'၊** ချက်ချင်းပြောင်းလဲနေတယ်၊ လူသေကောင်ကြီးကျတော့ **'ဥတုဇရုပ်'** ပဲကျန်တော့တယ်၊ ဒီ့ပြင်ဟာ မရှိတော့ဘူး၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းလေးပါးကြောင့် ဖြစ်နေတာကို အသက်ရှင်တယ်လို့ဆိုတယ်၊ ကိုယ့်ဟာကိုယ်များ တည်တန့်တယ်လို့ မအောက်မေ့နဲ့ ထမင်းကလည်း စားနိုင်သေးတယ်၊ အစာမကြေတဲ့သူမှာတော့ မစားနိုင်တော့ဘူး၊ ရက်နှစ်ဆယ်လောက်နေတော့ မစားနိုင်တော့ဘူး၊ မနေ့က ဒကာကြီးက အသက်ရှစ်ဆယ်၊ ဆေးရုံတက်ရမယ်တဲ့၊ အဲဒါ ကြောက်နေတယ်။

**'ကြောက် နှစ်သက်ခြင်း ကင်းရှင်းပေသည်'**၊ အဲဒါ အကြောက်တွေ ကင်းရမယ်၊ ဝိပဿနာလုပ်ရင် အကြောက်တွေကင်းတယ်၊ ဘာလို့ ကြောက်သတုံးဆိုတော့ **'ငါ'** ဆိုပြီးတော့ ကြောက်တယ်၊ **'လောဘ'** က သက်တောင့် သက်သာလေးနဲ့ ကောင်းချင်တယ်၊ **'တဏှာ'** ဆိုတာကလည်း သက်တောင့် သက်သာလေး၊ ဖိမ်လေးနဲ့ လူချမ်းသာကြီးပေ့ါ၊ တချို့ကျတော့ ဒီအာရုံနဲ့ပဲ မဟုတ်ဘဲနဲ့ ဆေးတွေသောက်ပြီး ကောင်းအောင်လုပ်ပြန်ရော။ ဆေးဆိုတာလည်း

www.burmeseclassic.com

www.burmeseclassic.com



အာဟာရပဲ၊ ဆေးဆိုတာဘာတုံး (အာဟာရပါဘုရား)၊ အေး 'အစာလည်းဆေး၊ ဆေးလည်း အစာ'တဲ့၊ အဲဒီ ဆေးတွေကလည်း 'အဖိုးတန်တဲ့ အာဟာရ'၊ အဖိုးတန်တဲ့ အာဟာရကို ဘာခေါ်တုံး (ဆေးခေါ်ပါတယ်ဘုရား)၊ တစ်သိန်း၊ ကိုးသောင်း၊ ခြောက်သောင်းနဲ့ အဲဒီလို ပေးရတယ်၊ အဲဒါ တစ်နေ့ တစ်လုံးစားရတယ်၊ အဆက်မပြတ်စားရင် တစ်ချိန်လုံး ပျော်လို့ချည်း နေတာပဲ၊ သတ်ဖို့ရာလည်း ဝန်မလေးဘူး၊ မော်တော်ကား ဖုံးခွဲရမှာ၊ သေမှာလည်း ဝန်မလေးဘူး၊ အေး အဲဒီလိုဟာတွေ ဖြစ်သွားတယ်၊ အဲဒီလိုဖြစ်တော့ ဘာဖြစ်မှာတုံးဘုရားဆိုပြီး ငါ့ကို မေးတယ်၊ သူက 'ဆေးသမား'၊ သူ့မှာ အကုသိုလ်လည်းမရှိ ဆိုပြီး သေရင်ဘာဖြစ်မှာလဲ သိချင် တယ်၊ 'မင်းတို့ အပေါင်းအဖော်ထဲ ရောက်သွားမှာပေ့ါ' လို့ ငါက ပြောရတယ်၊ ဟုတ်တယ်၊ နောက်ဘဝမှာလည်း သူတို့အပေါင်းအဖော်တွေရှိတယ်။

အင်္ဂုလိမာလ ဖိုထိုးတဲ့သူတွေလည်း သူတို့အပေါင်းအဖော်ထဲ ရောက်သွားတာပဲ၊ ယောဂီတွေလည်း နောက်ဘဝကျရင် သူတို့အပေါင်းအဖော်ထဲ ရောက်သွားတာပဲ၊ တန်ရာ တန်ရာပေ့ါ၊ စိတ်တူ ကိုယ်တူပေ့ါ၊ ဒါကြောင့် တာဝတိံသာမှာ အစိမ်းဆို အစိမ်းကြီးပဲဝတ်တာ၊ အဝါဆို အဝါကြီးပဲဝတ်တယ်၊ အနီဆို အနီကြီးပဲဝတ်တယ်၊ အပြာဆို အပြာကြီးပဲဝတ်တယ်၊ အဲဒါ စိတ်တူ ကိုယ်တူ သဘောတူတွေ၊ ကုသိုလ်တူ လူတူ စိတ်တူ သဘောတူ၊ အဲဒီ အပေါင်း အဖော်ထဲ ရောက်ရောက်သွားတယ်၊ အဲဒီလို မှတ်ထား။

အဲဒါ မြတ်စွာဘုရားပြောလို့ တို့က ပြောတတ်တာ၊ သို့မဟုတ်ဆိုရင် မပြောတတ်ဘူး၊ လိစ္ဆဝီမင်းသားတွေလာတော့ အပြာတွေဝတ်ထားတယ်၊ မြတ်စွာဘုရားက မင်းတို့ တာဝတိံသာ နတ်ပြည်က နတ်သားတွေမြင်ဖူးလားတဲ့၊ ဘုရားကတော့ မြင်ဖူးမှာပေ့ါ၊ ဈာန်မရတဲ့ ရဟန်း တွေကတော့ မမြင်ဖူးဘူးပေ့ါ၊ အေး မင်းတို့ ဝေသာလီမင်းသားတို့ လိစ္ဆဝီမင်းသားတို့ကို ကြည့်ကြတဲ့၊ မင်းသမီးတွေလည်း အစိမ်းဆို အစိမ်းချည်းပဲ၊ အပြာ အနီနဲ့ သူတို့ပရိသတ်ကြီး ဘုရားရှေ့ရောက်ရင် အဲဒီလိုတွေ့ရတယ်၊ အဲဒါ မင်းသားပရိသတ်ကြီး၊ နတ်သားတွေ နတ်သမီး တွေလည်း သူတို့လိုပဲ၊ သိကြားမင်းရဲ့ အခြွေအရံအဖြစ် လိုက်လာကြတာ။

သိကြားမင်းက နတ်ပြည် နှစ်ထပ်မှာ ရှင်ဘုရင်။ တစ်ထပ်မှာတော့ စတုမဟာရာဇ် နတ်မင်းကြီး လေးပါးထားတယ်။ ယာမာနတ်ပြည်မှာ ယာမာနတ်မင်းကြီးရှိတယ်။ အဲဒီဟာတွေ ရောက်သွားမှာ။ တုသိတာကျတော့ ဘုရားလောင်းတို့ ဘာတို့နေတယ်။ အရိမေတ္တေယျ ဘုရားလောင်းက အဲဒီမှာတဲ့။ **'နိမ္မာနရတိ'**၊ အနက်ပေးစမ်း - **'နိမ္မာန**- ဖန်ဆင်း၍ **ရတိ**- မွေ့လျော်တယ်**'**။ သူကြိုက်သလို ဖန်ဆင်းပြီး အဲဒါလေးနဲ့ နေတော့တာပဲ။ အသက်တွေ

www.burmeseclassic.com

www.burmeseclassic.com



မရှည်ဘူးလား ရှည်သလား(ရှည်ပါတယ်ဘုရား)။ အဲဒီ ပျော်ပါးတဲ့ဟာ က ဘာစေတသိက်တုံး (လောဘစေတသိက်ပါဘုရား)။ **'လောဘစေတသိက်'** က ကုသိုလ်လား အကုသိုလ်လား (အကုသိုလ်ပါဘုရား)။ အကုသိုလ်ဆိုရင် တစ်နေ့ကျတော့ ကုသိုလ်မကုန် ဘူးလား (ကုန်ပါတယ် ဘုရား)။ ကုန်တော့ဘယ်ရောက်မလဲ (အပါယ်လေးဘုံပါဘုရား)။ အေး အဲဒါကြောင့် ဒကာမ ကြီးတို့ ပျော်တာတွေကို သဘောမကျနဲ့။ သဘောကျရင် အဲဒီရောက်သွားပြီး ပျော်နေတော့ အချိန်က ကုန်သွားတယ်။

**ရုပ်နာမ်ကို ဉာဏ်နဲ့တင်စီးနိုင်ရမယ်**

အချိန်က ကုန်မှန်းမသိကုန်တယ်။ ကလေးတွေ ထုပ်ဆီးတိုးတယ်။ အမေကခေါ် တယ်။ ကစားတာကောင်းနေတော့ ထမင်းစားဖို့ ကလေးတွေ မလာဘူး။ အဲဒီလို ပျော်ပါးတာက အချိန်ကုန်လွယ်တယ်။ ပျော်ပါးမနေနဲ့။ ငြိမ်ငြိမ်ဝပ်ဝပ် နေရမယ်။

ဒီ **'ခန္ဓာ'**က လွတ်အောင် ဘယ်လိုလုပ်မတုံး။

ဒီ **'ရုပ်နာမ်'**က လွတ်အောင် ဘယ်လိုလုပ်မတုံး။

အေး အဲဒီလို ကြံရတယ်။ ဒီလို မကြံဘဲနဲ့လည်း မဖြစ်ဘူး။ ဒီ ရုပ်နာမ်ကြီးနဲ့လည်း နေရမှာပဲ။ **'သင်္ခတရုပ်နာမ်ကို အပဟုတ်ဉာဏ် မတင်စီးနိုင်ရ'**၊ ဉာဏ်နဲ့သာ ဒီ **'ရုပ်နာမ်'** ကို ကြည့်မယ်ဆိုရင် **'မီးတွေ'** ပဲ။ **'ရာဂစသည့် ဆယ့်တစ်မီး'**၊ ဘယ်တော့ငြိမ်းပါ့မလဲ။ **'ဒီမီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပါ့မယ်လို့'** တဲ့။ လယ်တီဆရာတော်ကြီး စပ်ထားတယ်။ **'ရုပ်နာမ်'** ကို **'ဤဟာရုပ်'** လို့ဆိုပြီး ရုပ်အပေါ်မှာ **'ဉာဏ်'** က အုပ်လိုက်တာ။ **'ရုပ်'** လို့မဆိုရင် ရုပ်လို့ သိပါ့မလား (မသိပါဘုရား)။ လူလို့ သိသွားမှာပေါ့။ ယောက်ျား မိန်းမလို့ သိသွားမှာပေါ့။

**'သင်္ခတရုပ်နာမ်ကို အပဟုတ်ဉာဏ် မတင်စီးနိုင်ရ'**၊ **'ရုပ်နာမ်'** ရော သိပြီလား။ ထိုင်တာ က ဘာတုံး (ရုပ်ပါဘုရား)၊ သိတာက ဘာတုံး (နာမ်ပါဘုရား)၊ အေး-**'ရုပ်နာမ်'**ဆိုတော့ မိန်းမတွေ ယောက်ျားတွေ မလုပ်နဲ့နော်။ အဲဒါဆိုရင် ရုပ်နာမ်ကို သညာက အုပ်စီးသွားတယ်။ **'ငါ'** ယောက်ျား၊ **'ငါ'** မိန်းမဆိုရင် ဒိဋ္ဌိက အုပ်စီးသွားတယ်။ **'ဤဟာရုပ်'** လို့ဆိုမှ **'ရုပ်'** ကို သိသွားတယ်။ **'ဤဟာဝေဒနာ'** ဆိုရင် ဝေဒနာကို အုပ်စီးမိသွားတယ်။ အခု ငြိမ်နေတာ ဝေဒနာကို ခံစားတယ် လို့ခေါ်တယ်။ အဲဒါက **'နာမ်'**ကို အုပ်စီးတယ်လို့ခေါ်တယ်။ **'သင်္ခတရုပ်နာမ်ကို အပဟုတ်ဉာဏ် မတင်စီးနိုင်ရ'**၊ အဲဒါလေးဆိုဆိုနေ၊ အခုသွားတယ်ဆိုတာ လူတွေဆိုရင် **'ဉာဏ်'**က မတင်စီး တော့ဘူး။ **'မောဟ'** ကပဲ တင်စီးတော့တယ်။ မောဟ တွေ ဒိဋ္ဌိတွေကို အတင်စီးမခံနဲ့၊ **'ဤဟာ ရုပ်'** လို့ဆိုလိုက်စမ်း (ဤဟာရုပ်)။ သွားတာ လာတာ ဘယ်သူတုံး (ရုပ်ပါဘုရား)။ ရုပ်လို့ဆိုမှ

www.burmeseclassic.com

www.burmeseclassic.com



လူမှတ်နေကြတယ်။ သွားတယ်ဆိုရင်လည်း ဒူးကြီးတွေ ပေါင်ကြီးတွေ မပါစေနဲ့ လှုပ်တာလေးပဲ သိပါစေ။ **'လှုပ်တာလေးကို ရုပ်မှတ်ပါ၊ ဒူးဟာ ပညတ်မှတ်'၊** လှုပ်တာလေးပဲ ရုပ်လို့ ခေါ်တယ်။ ဒူးတွေ ပေါင်တွေဆိုတာ ပညတ်ခေါ်တယ်။ ဒူးကြီး ပြတ်သွားတယ်ဆိုရင် မကြောက်ဘူးလား (ကြောက်ပါတယ်ဘုရား)။ **'သင်္ခါရုပေက္ခာဉာဏ်'** မှာ ကြောက်တာပါသေးလား (မပါပါဘူးဘုရား)။ **'သင်္ခတရုပ်နာမ်ကို အဟုတ်ဉာဏ် မတင်စီးနိုင်ရ'။**

ကဲ - အခုကတည်းက မကြောက်အောင်လုပ်ရမှာ။ ဒူးကြီး ပေါင်ကြီး ပြတ်သွားတယ်ဆိုရင် **'ပညတ်'** ပါလို့ ကြောက်တာ။ **'ရုပ်'** ဆိုတော့ ပညတ်ရှိသေးလား(မရှိပါဘုရား)။ အသားဆိုတာဘာတုံး (ရုပ်ပါ ဘုရား)။ အခု အဲဒီလို **'ရုပ်နာမ်'** ကို တင်စီးလိုက်၊ ထိုင်နေတာဘာတုံး (ရုပ်ပါဘုရား)။ အဲဒါ **'ဝိညတ်ရုပ်'၊** ခွဲနိုင်ရင် သာ ကောင်းသေးတယ်။ ထိုင်တာတွေ သွားတာတွေ ထတာတွေ အိပ်တာ တွေက ဘာရုပ်တုံး (ကာယဝိညတ်ရုပ်ပါဘုရား)။ ချော့တာက ဘာရုပ်တုံး (ဝစီဝိညတ် ရုပ်ပါ ဘုရား)။ ရုပ်မှန်းသိရဲ့လား။ မသိရင် ဘာဖြစ်တုံး (မောဟဖြစ်ပါတယ်ဘုရား)။ **'မောဟ'** ဖြစ်တယ်၊ **'အဝိဇ္ဇာ'** ဖြစ်တယ်။ **'အဝိဇ္ဇာ'** ဖြစ်လို့ဖြစ်မှန်း မသိကြဘူး။

**'သင်္ခတရုပ်နာမ်ကို အဟုတ်ဉာဏ် မတင်စီးနိုင်ရ ဒီမီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပါ့မယ်လို့'၊ 'မီး'** က ဘယ်နှစ်ပါးရှိသတုံး (ဆယ့်တစ်ပါးပါဘုရား)။ ရေတတ်သလား၊ ရေကြည့်စမ်း (ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီးပါဘုရား)။ **'ရာဂစသည့်ဆယ့်တစ်မီး ငြိမ်းပြီးထိုနိဗ္ဗာန်'** အဲဒီရောက်အောင် ဘယ်လိုလုပ်မတုံးဆိုတော့ **'သင်္ခတရုပ်နာမ်ကို အဟုတ်ဉာဏ် မတင်စီးနိုင်ရ ဒီမီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပါ့မယ်လို့'** - လယ်တီဆရာတော် ရှစ်ဝါရတုန်း က ငြီးတယ်။ ပျံလွန်တော်မူတာက ၁၂၈၅ ခုနှစ်။ မွေးတာက ၁၂၀၈ ခုနှစ်။ သက်တော် (၇၈)နှစ် မှာ ပျံလွန်တော်မူတော့မှ မီးငြိမ်းသွားတယ်။ အဲဒီလို မီးတွေလည်းသိမှ၊ မီးစာလည်း သိမှ။

**ရာဂစသည့် ဆယ့်တစ်မီး ဖြစ်ရတာ ပညတ်တွေရှိလို့ပဲ**

**'ရာဂမီး'** ဘာလို့လောင်တယ်ဆိုတာ သိပြီလား။ ရာဂမီးဆိုတာ လူတွေ ယောကျ်ားတွေ မိန်းမတွေရှိလို့ပေါ့။ **'ပညတ်တွေ'** ရှိလို့ပေါ့။ နာမည်တို့ သဏ္ဌာန်တို့ရှိလို့။ နာမည် သဏ္ဌာန်တို့ မရှိရင် ပညတ်မရှိဘူး။ **'ပညတ်'**မရှိရင် ရာဂမရှိဘူး။ **'ဒေါသမီး'** ဘာဖြစ်လို့ ဖြစ်သတုံး (ပညတ်တွေရှိလို့ပါဘုရား)။ အေး-**'ပညတ်တွေ'** လူတွေ ယောကျ်ားတွေ မိန်းမတွေ သဏ္ဌာန်တွေ။ **'မောဟမီး'** ဘာဖြစ်လို့ ဖြစ်သတုံး (ပညတ်တွေရှိလို့ပါဘုရား)။ အေး **'ပညတ်တွေ'** ရှိလို့ အေး - သူတကာတွေက အဲဒီလို မပြောတတ်ဘူး။ **'ဇာတိမီး'** ဘာဖြစ်လို့ ဖြစ်သတုံး (ပညတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ပါဘုရား)။ မော်လမြိုင်ကျွန်းတို့ လပွတ္တာတို့ဆိုလိုက်ရင် ဆွေမျိုးတွေဆီရောက် မသွားဘူးလား (ရောက်သွားပါတယ်ဘုရား)။ အကြွေးတွေ ဘယ်လောက်ရှိတယ်ဆိုရင် ရောက်မသွားဘူးလား (ရောက်သွားပါတယ်ဘုရား)။ အဲဒါဘာမီးလဲ (ဇာတိမီးပါဘုရား)။ **'ဇာတိမီး'** ဘာ့ကြောင့်ဖြစ်သတုံး (ပညတ်တွေကြောင့်ပါဘုရား)။

အဲဒီ **'ပညတ်တွေ'** ကြောင့် **'လောဘ'** ဖြစ်သွားတယ်။ **'လောဘ'**က လိုချင်သွားတာပေ့ါ။ လိုချင်တော့ ရောက်သွားတာပေ့ါ။ ဘေးမမြင် ရန်မမြင်သွားတာ၊ အကြွေး ရှိလို့ နာဂစ်မတိုင်ခင် ၄-၅ ရက်လောက်ကသွားတာ။ နာဂစ်ဖြစ်တော့ အနိစ္စဒုက္ခရောက်သွားတယ်။ အဲဒါ အကြွေးရှိလို့ရစရာရှိလို့သွားတာ၊ အဲဒါတွေလည်း သိရသေးတယ်။ **'သောကမီး'** လည်း ဘာဖြစ်လို့ဖြစ်သတုံး (ပညတ်တွေရှိလို့ပါဘုရား)။ အေး အဲဒါတွေကြောင့် ဒါဆိုရင် နောက်ကို သားသမီးတွေကြောင့် ဘာကြောင့်ဆိုပြီး ဒကာမကြီး မငိုတော့ဘူးပေ့ါ။

**'ဇရာမီး'** ရော ဘာကြောင့်ဖြစ်သတုံး (ပညတ်တွေကြောင့်ပါဘုရား)။ **'ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေ'**လည်း ပညတ်တွေကြောင့် ဖြစ်ရတယ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေလည်း ဘာကြောင့်ဖြစ်ရသတုံး (ပညတ်တွေကြောင့်ပါဘုရား)။ **'ဒီမီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပါ့မယ်လို့၊ ဒီမီးတာ ဒီတစ်ကိန်းမှာမှ ငြိမ်းပြီမှတ်စို့'၊** အဲဒီလို ပညတ်တွေမှန်းသိရင် ငြိမ်းပြီလို့မမှတ်ရဘူးလား (မှတ်ရပါတယ်ဘုရား)။ အဲဒါ ဘယ်သူ့ သွားရှာနေရမှာတုံး။

**'သင်္ခတရုပ်နာမ်ကို အဟုတ်ဉာဏ် မတင်စီးနိုင်ရ၊ ဒီမီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပါ့မယ်လို့'၊** သင်္ခတဆိုတာ ဘာတုံး (ရုပ်နာမ်ပါဘုရား)၊ သင်္ခတဆိုတာ ဘာတုံး (ဖြစ်တာပျက်တာပါဘုရား)၊ ဖြစ်တာ ပျက်တာဆိုတာ ဘာတုံး (သင်္ခတပါဘုရား)၊ **'အဟုတ်ဉာဏ် မတင်စီးနိုင်ရ'** ဆိုတာ ဘာဖြစ်လို့တုံး (တရားမနာရလို့ပါဘုရား)။ တရားနာလို့ရှိရင် သိသွားပြီ။ တရားမနာရင် ပညတ်မှန်းလည်း မသိဘူး။ လူမှန်းလည်းမသိဘူး။ သူတို့ကလူတကယ်ရှိတယ် မှတ်နေကြတယ်။ အခုရုပ်နဲ့ရေလိုက်ရင် လူရှိသေးလား (မရှိပါဘုရား)၊ ထိုင်တာ ဘာရုပ်တုံး (ကာယဝိညတ်ရုပ်ပါဘုရား)၊ စကားပြောတာ ဘာရုပ်တုံး (ဝစီဝိညတ်ရုပ်ပါဘုရား)၊ မိန်းမကြီးက ဘာရုပ်တုံး (ဣတ္ထိဘာဝရုပ်ပါဘုရား)၊ ယောကျ်ားကြီးက ဘာရုပ်တုံး (ပုမ္ဘာဝရုပ်ပါ ဘုရား)၊ မျက်စိကြီးက ဘာရုပ်တုံး (စက္ခုပသာဒရုပ်ပါဘုရား)၊ ကိုယ်ကြီးက ဘာရုပ်တုံး (ကာယပသာဒ ရုပ်ပါဘုရား)။ မသိတာရှိသေးလား။ ဒကာမကြီးတို့ ဟန်သွားတယ်။ သနားတာ ဘာ စေတသိက်တုံး (ကရုဏာစေတသိက်ပါဘုရား)။ ဝမ်းမြောက်တာ ဘာ စေတသိက်တုံး (မုဒိတာစေတသိက်ပါ ဘုရား)။ အယူမှားတာ ဘာ စေတသိက်တုံး (ဒိဋ္ဌိစေတသိက်ပါ ဘုရား)။ အယူမှန်တာ ဘာ စေတသိက်တုံး

www.burmeseclassic.com

www.burmeseclassic.com



(သမ္မာဒိဋ္ဌိစေတသိက်ပါ ဘုရား)။

**သံယောဇဉ်ပြတ်ရင် နိဗ္ဗာန်ရောက်တယ်**

အဲဒါ **'စေတသိက်'** မှန်းသိ။ **'ငါ'** လို့မသိနဲ့။ လူလို့မသိနဲ့။ လူကို သံယောဇဉ်ဖြတ်လိုက်။ အဲဒါ **'စေတသိက်တွေ'**ကို လူလို့ခေါ်နေတယ် မဟုတ်လား။ လူတို့ ယောက်ျားတို့ မိန်းမတို့ကို သံယောဇဉ် ဖြတ်လိုက်တော့ **'သံယောဇဉ်'** မပြတ်ဘူးလား (ပြတ်ပါတယ်ဘုရား)။ ပြတ်ရင် ဘယ်ရောက်သတုံး (နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။ စိတ္တသူကြွယ်ဆိုတာ အနာဂါမ်ပုဂ္ဂိုလ်ကြီး။ နွားနီဆိုတာလည်း သံယောဇဉ် မဟုတ်ဘူး၊ နွားနက်ကလည်း သံယောဇဉ်မဟုတ်ဘူးတဲ့။ ကြိုးကသာ **'သံယောဇဉ်'** ဆိုတော့ ဒကာမကြီးတို့က **'ပညတ်'** နဲ့ **'လောဘ'** သာဖြတ်လိုက်။ အဲဒီ **'သံယောဇဉ်'** ပြတ်ကရော။ သမီးဆိုတာ ဘယ်လိုသိတာတုံး (ပညတ်နဲ့သိတာပါဘုရား)။

**'စိတ် စေတသိက် ရုပ် နိဗ္ဗာန် ပရမတ်'** ထဲမှာ သမီးပါသလား (မပါပါဘူးဘုရား)။ သားရော ပါသလား (မပါပါဘူးဘုရား)။ ဆွေမျိုးရောပါသလား (မပါပါဘူးဘုရား)။ ဒါ့ကြောင့် တစ်ယောက်တည်းသွားရတာ။ အဲဒီလိုမှတ်ထား အဲဒါ မီးငြိမ်းအောင် ဟောနေတာ။ နည်းနည်းတော့ ငြိမ်းပါပြီ။ များများကြီးတော့ မငြိမ်းသေးဘူးပေါ့။ စက်ဘီးလေးတော့ အနင်းခံနိုင်ပြီ။ မော်တော်ကားတော့ အနင်းမခံနိုင်ဘူးပေါ့။ အဲဒီလိုဟာမျိုး။

**'သင်္ခတရုပ်နာမ်ကို အဟုတ်ဉာဏ် မတင်စီးနိုင်ရ၊ ဒီမီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပါ့မယ်လို့'**၊ သနားတာ ဘာ စေတသိက်တုံး (ကရုဏာစေတသိက်ပါဘုရား)၊ ဘာ ခန္ဓာတုံး (သင်္ခါရက္ခန္ဓာပါဘုရား)၊ ထမင်းစားလို့ကောင်းတာ ဘာစေတသိက်တုံး (ဝေဒနာစေတသိက်ပါ ဘုရား)။ ဖျားနာလို့ ဆိုးတာ ဘာစေတသိက်တုံး (ဝေဒနာစေတသိက်ပါဘုရား)။ **'ဤဟာ ဝေဒနာ'** ဝေဒနာလို့ဆိုလိုက်ရင် ဝေဒနာက မအုပ်စီးဘူး။ **'ဉာဏ်'** က အုပ်စီးသွားတယ်။ **'ခန္ဓာ'** သိတာကိုး။ သောတာပန်ဆိုရင် **'ခန္ဓာ'** သိတယ်။ သောတာပန် မဟုတ်ရင် **'ငါ'** လို့သိတယ်။ **'ခန္ဓာငါးပါးသိပြားက မှတ်ရသောတာပန်၊ ပုထုဇဉ် မှန်သမျှ ကန်းကြ အမှန်၊ အပါဒါန် ရွှေဉာဏ်နဲ့ ဖယ်ရှား၊ ကိုယ့်ကိုယ်ကို ဘယ်လိုဖြစ်တယ်၊ တွေးကြံကြလား'**၊ ကိုယ့်ကိုယ်ကို တွေးကြံကြတဲ့။ **'ခန္ဓာငါးပါး'** သိပြီလား၊ ကိုယ့်ဘာသာ ရေ ရေကြည့်။ ဒေါသထွက်တယ် စိတ်ဆိုးတယ်။ အဲဒါဘာ စေတသိက်တုံး-**'ဒေါသစေတသိက်'**။ ယောက်ျားစိတ်ဆိုးတယ်၊ မိန်းမစိတ်ဆိုးတယ်ဆိုတာ ဘာ့ကြောင့်လဲ (ပညတ်ကြောင့် စိတ်ဆိုးတာပါဘုရား)။ **'ပညတ်'**ကို လက်မလွှတ်နဲ့၊ အဲဒီ **'ပထမတန်းအသိတွေ'**၊ ဒါမှ **'ရုပ်နာမ်ကို တင်စီးနိုင်တာ'**။ မတင်စီးနိုင်ရင် ကိုယ်ချည်းပဲ အတင်စီး ခံရတာ။ နွားကြီးလို အခိုင်းခံရတာ။ အရှင်က နှာဖားကြိုးတပ်ပြီး ဟိုသွားဆို သွားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်က တုတ်ကြီးနဲ့ရိုက်သေးတယ်။ ပြီးတော့ သံချွန်ကြီးနဲ့ ထိုးသေးတယ်။ အဲဒါ ဘယ်သူက တင်စီးတာတုံး (ပညတ်တွေကပါ ဘုရား)။ **'ပညတ်တွေ'** ရဲ့ အတင်စီးကို မခံနဲ့ အဲဒီလို မှတ်ထား။ မီးတွေက ဘယ်နှစ်မီးလဲ (ဆယ့်တစ်မီးပါဘုရား)။

**ဇာတိမီးမပြစ်ရင် နိဗ္ဗာန်ရောက်တယ်**

**'ဇာတိမီး'** ဘာကြောင့်ဖြစ်သတုံး(ပညတ်ကြောင့်ပါဘုရား)။ အေး အဲဒါကို ဂရုစိုက်။ ပညတ်ကို **'ဇာတိမီး ဇာတိမီး'** လို့ ဆိုဆိုနေ။ **'ဇာတိ'** မလာရင် နိဗ္ဗာန်ရောက်တာပဲ။ **'ဇာတိ'** ကြောင့် မရဏဖြစ်ရတာ။ မွေးတုန်းကလည်း **'ဇာတိ'** ကြောင့်ပဲ။ အခုလည်း **'ဇာတိတွေ'** ဖြစ်ဖြစ်နေတယ်။ မွေး မွေးနေတယ်။ ဘာတွေမွေးသလဲဆိုတော့ **'ရုပ်နာမ်တွေ'** မွေး မွေးနေတယ်။ ဟုတ်သလား၊ ဘယ်ကမွေးသလဲဆိုတော့ **'စိတ်'** က မွေးတယ်။ **'ဒွါရတွေ'** က မွေးတယ်၊ စိတ်ကလည်း **'မနောဒွါရ'**၊ ဒကာကြီးတို့ မွေးမွေးနေတယ်။ အဲဒါ **'ဇာတိမီးတွေ'**။ အခမ်းအနား သွားရအုံးမယ်၊ အဲဒါ ဘာမွေးတာတုံး(ဇာတိမီးပါဘုရား)၊ ပိုက်ဆံတွေ တောင်းမရဘူးဆိုရင် စိတ်မဆိုးဘူးလား၊ အဲဒါ ဘာမီးလဲ(ဒေါသမီးပါဘုရား)။ ဒေါသမီးနဲ့ ဇာတိမီးနဲ့ အတူတူပဲ၊ မီးဆယ့်တစ်ပါးတွေက **'ဇာတိမီး'** မလွတ်ဘူး။ **'ဇာတိမီး'** မဖြစ်ဘဲနဲ့ ဒို့ပြင် မီးမဖြစ်ဘူး။ ရိပ်မိပြီလား။

**'ဇာတိမီး'** ဖြစ်ရင် ဒို့ပြင် မီးတွေဖြစ်တယ်။ ကဲ ဒီဉာဏ်မျိုးက **'ပထမတန်း'** ကောင်းတာ။ ဆရာဉာဏ်ကောင်းမှ တပည့်ဉာဏ်ကောင်းတယ်။ သို့မို့လို့ရှိရင် သူတို့မှာ ဘာမှန်း ညာမှန်းမသိဘူး။ အဲဒီလိုဆိုမှ၊ မီးဆယ့်တစ်ပါးထဲမှာ **'ဇာတိမီး'** သိသွားလိုက်ရင် တစ်ခုတည်းပဲ ရတယ်။ မီး ဆယ့်တစ်ပါးကို တစ်ခုတည်းချုံ့လိုက်ရင် ဘာရသလဲ (ဇာတိမီးပါဘုရား)။ **'ဇာတိ'** မဖြစ်ရင် ကျန်တဲ့မီးတွေဖြစ်သေးလား (မဖြစ်တော့ပါဘုရား)။ **'ဇာတိ'** မရဘူးဆိုရင် ဘယ်နေရာ ရောက်သွားတုံး (နိဗ္ဗာန်ပါဘုရား)။ **'အသင်္ခတ'** ရောက်သွားတယ်။ အဲဒီလို ဉာဏ်တွေရှိမှ နိဗ္ဗာန် ရောက်တာ။ ဟိုလိုလျှောက်လုပ် ဒီလိုလျှောက်လုပ်လို့ နိဗ္ဗာန် မရောက်ဘူး။ ဝိပဿနာဆိုတာ **'ဉာဏ်'** နဲ့သွားရတယ်။ နိဗ္ဗာန်ဆိုတာ **'ဉာဏ်'** နဲ့ ရောက်သွားတယ်။ သမာဓိကောင်းလို့ ငိုက်သွား ရင် ဘဝင်ဖြစ်သွားတယ်။ **'ဒုက္ခဝေဒနာ'** ဖြစ်သလား၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ ဒုက္ခ ဝေဒနာဆိုတာ **'ခန္ဓာ'၊ 'နာမ်'** ပေါ့။ **'သင်္ခတရုပ်နာမ်ကို အပဟုတ်ဉာဏ် မတင်စီးနိုင်ရ'၊ 'ခန္ဓာ'**လည်း ရုပ်နာမ်ပဲ၊ **'အာယတန'** လည်း ရုပ်နာမ်ပဲ၊ **'ဓာတ်တစ်ဆယ့်ရှစ်ပါး'** လည်း ရုပ်နာမ်ပဲ၊ **'သစ္စာ လေးပါး'** လည်း ရုပ်နာမ်ပဲ၊ အဲဒါ ဘာမှမထူးဘူး၊ ပြောတတ် ဟောတတ် လုပ်တတ်ရမယ်။ အဲဒါမှ ဓမ္မကထိက ဖြစ်ပြီး ဟန်မှာပေါ့။ အခုတော့ တရားနာတာ နာတယ် 'ဟောစမ်းပါဟဲ့' ဆိုရင် တစ်ယောက်မှ အဟော မထွက်ဘူး။ ထွက်ပါဟဲ့-'သိတာကနာမ် ထိုင်တာကရုပ် နာမ်ရုပ်၊

www.burmeseclassic.com

www.burmeseclassic.com



နာမ်ရုပ်ရှိလို့ရှိရင် မျက်စိတွေ နားတွေရှိတယ်' ဆိုတာလည်း ရရဲ့သားနဲ့လည်း မပောကြဘူး။ အဲဒါပောပေးကြ။

ဒါမှ ပြောလိုက်ရင် ချုံ့တတ်ရမယ်။ မချုံ့တတ်ရင် **'ဝိစိကိစ္ဆာ'** ဖြစ်တယ်။ မီးဆယ့် တစ်ပါး ချုံ့လိုက်ရင် ဘယ်ရောက်သွားသတုံး(ဇာတိမီးရောက်ပါတယ်ဘုရား)။ **'ဇာတိမီး'** မရှိရင် ဘယ်ရောက်သွားသတုံး (နိဗ္ဗာန်ရောက်သွားပါတယ်ဘုရား)။ **'မီး'** မဟုတ်တဲ့ ဇာတိဆိုတာ ရှိသလား (မရှိပါဘူးဘုရား)။ **'ဇာတိ'** ဆိုရင် မီးပဲ။ အခု နားကြားတာ ဘာ မီးလဲ **'ဇာတိမီး'**ပဲ။

မျက်စိမြင်တာ ဘာမီးလဲ (ဇာတိမီးပါဘုရား)။ ယားလို့ကုတ်တာ ဘာမီးလဲ (ဇာတိမီးပါ ဘုရား)။ **'ဇာတိမီး'**မရှိရင် ဘယ့်နှယ်နေမလဲ၊ မယားတော့ဘူး၊ မကုတ်တော့ဘူး။ **'ဇာတိ'** မရှိရင် နိဗ္ဗာန်၊ **'ဒီမီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပါ့မယ်လို့၊ ဇာတိကုန်ရင် ဒီမီးတာ ဒီတစ်ကိန်းမှာမှ ငြိမ်းပြီမှတ်စို့'**၊ အေး **'ဇာတိ'**သာမရှိရင် ငြိမ်းသွားပြီ။ အခု ဖြစ် ဖြစ်နေတာတွေ က **'ဇာတိ'**။ အဲဒါ မဖြစ်တော့ဘူးဆိုရင် **'ဇာတိ'** မဖြစ်တာဘဲ။ နောက်ဘဝ မဖြစ်တော့ဘူး၊ ပဋိသန္ဓေဇာတိ မရှိတော့ဘူးဆိုရင် မီးငြိမ်းသွားတာပဲ။ **'ဇာတိ'** ဖြစ်အုံးမယ်ဆိုရင် သွားအုံးပေ့၊ နောက်တစ်ဘဝ၊ ဟုတ်ပြီလား အဲဒီလိုမှတ်ထားနော်။ အဲဒီအခါကျတော့ လုပ်ခဲ့တဲ့အာရုံတွေကို အမှတ်ရတယ်။ ဥပမာ- ဈေးရောင်းတုန်းက ကမ်းနားမှာသွားရောင်းတယ်။ ကိုယ်လုပ်ခဲ့တဲ့ ဟာတွေကို **'ကံ'** ခေါ်တယ်။ ဒကာမကြီးတို့က ဘုရား ကျောင်းတွေသွားတယ်။ အဲဒါ ဘာနိမိတ်တုံး (ကမ္မနိမိတ် ပါဘုရား)။ အဲဒါတွေ အမှတ်ရရင် **'ခန္ဓာ'** လို့လုပ်လိုက်။ ဘာ **'ခန္ဓာ'**တုံး (သင်္ခါရက္ခန္ဓာပါဘုရား)။

**ပညတ်အာရုံဆိုတဲ့ မီးစာကုန်သွားရင် ဇာတိမီး ငြိမ်းပြီ**

အဲဒါ **'ရုပ်နာမ်ကို အဟုတ်ဉာဏ် မတင်စီးနိုင်ရ'** ဆိုတော့ **'ရုပ်နာမ်'** ကို ဉာဏ်က မတင်စီးနိုင်တော့ အဲဒီလို **'ကမ္မနိမိတ်'** သွားဖြစ်တာပဲ။ ရိပ်မိပြီလား။ အဲဒီလို ဖော်ဖော်မပေးရင် **'ဉာဏ်တွေ'** က ငုတ် ငုတ်နေတယ်။ **'ဂတိနိမိတ်'** ဆိုတာက ရုက္ခစိုးပြည်တို့ ငရဲပြည်တို့ ဆိုတာက ပညတ်ကြီးတွေ မဟုတ်ဘူးလား (မှန်ပါဘုရား)။ နတ်ပြည်ဆိုတာက ဘာလဲ (ပညတ်ပါဘုရား)။ အဲဒါ **'ပညတ်'**ကို မအုပ်စီးနိုင်တော့ဘူး။ **'သညာနဲ့ ပညတ်'**ဆိုတော့၊ **'သညာ'**ကိုလည်း မအုပ်စီး နိုင်တော့ဘူး။ **'သညာ'**နဲ့ **'ပညတ်နိမိတ်'** ဘယ်လိုကွာသတုံး၊ **'သညာ'** က အမှတ်ရတာ- **'အာရမ္မဏိက'**၊ **'ပညတ်'** က-**'အာရုံ'**၊ ကိုယ့်နာမ်ထဲမှာ **'သညာ'** ရှိတယ်။ အဲဒီဟာကိုလည်း **'အနိစ္စ'** လုပ်ပစ်ရမယ်။ အဲဒါက **'အာရုံကြောင့်ဖြစ်တဲ့ အာရမ္မဏိက'**၊ **'ယံ ယံ ဓမ္မံ ပဋိစ္စ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ-**အကြင် အာရုံတရားကိုစွဲ၍ အကြင် စိတ် စေတသိက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်’ ဆိုတော့ ဒကာကြီးတို့ ဒကာမကြီးတို့က အမှတ်မရဘူးလား ရသလား (ရပါတယ်ဘုရား)။ အဲဒါဘာလဲ ဆိုစမ်း (ယံ ယံ ဓမ္မံ ပဋိစ္စ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ)၊ ဒီလောက်ဆိုရင် တော်ပြီ၊ ဒါ စိတ် စေတသိက် ဖြစ်မှုန်းသိတယ်။ သို့မို့ဆိုရင် **‘ငါ’** ဖြစ်တယ်လို့ မှတ်သွားတယ်။ အဲဒါကြောင့် **‘ငါ’** က တဏှာ မာန ဒိဋ္ဌိဆိုတဲ့ **‘ပပဉ္စတရား’** ဖြစ်သွားတယ်။ တဏှာက လိုချင်သွားတယ်။ အဲဒါကြောင့် နတ်ပြည်ကြီးကို လိုချင်ပြီး ရောက်သွားတယ်။

ဟိုတစ်နေ့က ကျားသစ်က ရေထဲကပေါ်လာတဲ့ မိချောင်းကြီးခေါင်းကို ခဲထားတယ်။ ကျားသစ်ရဲ့ပါးစပ်က တော်တော်ကိုကျယ်တာ၊ ဒါကြောင့် ‘ကျားပါးစပ်’ လို့ ခေါ်တာ။ ဒကာကြီးကိုမျှားခဲလိုက်ရင် ကြောင်ပါးစပ်ထဲရောက် သွားတဲ့ အိမ်မြှောင်ကလေးကို ခဲသွားသလိုဖြစ်မှာ။ ဒါကြောင့် ရေစပ်တွေနား သိပ်မသွားနဲ့၊ မိချောင်းကြီးက အမြီးနဲ့ရိုက်ချတတ်တယ်။ မိချောင်းကြီးမှာ အလောင်းစင်ပါတယ်တဲ့၊ ဟောဒီလို လက်ယှက်နဲ့ညှပ်ပြီးတော့ ပြေးသွားပြီးတော့ ဟိုဘက်ရောက်မှ စားတယ်တဲ့။ အဲဒီလို ဝေဒနာဖြစ်ရင် မိချောင်းတို့ ဘာတို့ မလုပ်နဲ့။ မအော်နဲ့တော့၊ သေမှာပဲ။ ဒီတော့ ကိုယ့်မှာ **‘ဝေဒနာ’** ပဲလုပ်ရတော့မယ်။ ကျားဆွဲသွားတဲ့ ပုဂ္ဂိုလ်ကြီးလိုပေ့ါ။ အဖော်ရဟန်းတွေက ‘ငါတို့တော့ ဝတ္တရားကျေပြီ။ မင်းရဲ့အစွမ်းသတ္တိပဲပြပေတော့’တဲ့။ အဲဒီတော့ **‘ဉာဏ်အစွမ်း’** ပြရတော့တယ်။ သို့မို့လို့ဆိုရင် တစ်ဘဝသွားပြန်ရော။

**‘သင်္ခါရုပ်နာမ်ကို အဟုတ်ဉာဏ် မတင်စီးနိုင်ရ၊ ဒီမီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပါ့မယ်လို့’**၊ အဲဒီလို မီးငြိမ်းအောင် ခန္ဓာကိုအုပ်စီးရမယ်တဲ့၊ ဤဟာရုပ်၊ ဤဟာရုပ် ဖြစ်ကြောင်း၊ ဤဟာဝေဒနာ၊ ဤဟာဝေဒနာဖြစ်ကြောင်း၊ ဤဟာသညာ၊ ဤဟာသညာ ဖြစ်ကြောင်း၊ **‘ပညတ်တွေ’** က ဝေဒနာဖြစ်ကြောင်း၊ သညာဖြစ်ကြောင်းတွေနော်။ ပညတ်တွေ ဖယ်လိုက်ရင် **‘ပရမတ်’** ဖြစ်သွားတယ်။ **‘အာရုံ’** မရှိရင် အဲဒီဝေဒနာဟာ အဲဒီနားတွင် ချုပ်သွား တယ်။ **‘အာရုံတွေ’**ကြောင့် ဖြစ်နေတဲ့ ဝေဒနာ။ **‘အာရုံ’** မရှိရင် ဒီဝေဒနာ ဖြစ်အုံးမလား (မဖြစ်တော့ပါဘုရား)၊ အာရုံဆိုတာ **‘မီးစာ’**၊ **‘မီးစာတွေ’**ကြောင့်ဖြစ်နေတဲ့ မီး၊ **‘မီးစာ’** ကြောင့် ဖြစ်တဲ့ ဝေဒနာ။ **‘မီးစာ’**ကုန်သွားရင် မီးရှိသေးလား(မရှိပါဘုရား)။ **‘သင်္ခါရုပ်နာမ်ကို အဟုတ်ဉာဏ် တင်စီးက ဒီမီးတာ ဒီတစ်ကိန်းမှာမှ ငြိမ်းပြီမှတ်စို့’**၊ **‘ ဒီတစ်ကိန်းမှာမှ ’** ဆိုတာက မြတ်စွာဘုရားသာသနာတော်မှာ **‘ငြိမ်းပြီမှတ်စို့’**တဲ့။ အဲဒီမှာ ငြိမ်းသွားပြီတဲ့။ အေး - အဲဒါလေးကို ဆိုဆိုနေ။ ကဲ - သွားကြတော့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



# " စိတ်ကို သိလျက် ရှုအံ့တရားတော် "

၂၄. ၈. ၂၀၀၈

## ဝိပါက်အဗျာကတရုပ်

အခုဟာကဟို- **'ဇာတိ ဇရာ မရဏ'** ခေါ်တယ်။ **'ဝိပါက်အဗျာကတရုပ်'** ခေါ်တယ်။ ထွက်လေဝင်လေ ရှုပြီးတော့ **'အဗျာကတရုပ်'** ခေါ်တယ်။ **'ဝိပါက်အဗျာကတ'**။ ကုသိုလ်လည်း မဖြစ်သေးဘူး၊ အကုသိုလ်လည်း မဖြစ်သေးဘူး။ အခုမျက်စိတွေ မြင်နေတယ်၊ နှာခေါင်း လေရှူနေတယ်။ အဲ့ဒါ **'ဝိပါက်'**၊ လူမဟုတ်ဘူး ယောကျ်ား မိန်းမ မဟုတ်ဘူး။ ဘာခေါ်တုံး ပြောစမ်း (ဝိပါက်အဗျာကတရုပ်ပါဘုရား)။ **'ဝိပါက်အဗျာကတရုပ်'** ခေါ်တယ်။ အဲ့ဒီလို ပြောပေးမှ ဆရာက ပြောပေးမှလည်းသိတယ်။ သို့မို့လို့ရှိရင် လူတွေ ယောကျ်ားတွေ မိန်းမတွေလို့ မှတ်နေတယ်။ လူတွေ ယောကျ်ားတွေ မိန်းမတွေလို့ မှတ်တော့ စိတ်ဆိုးတယ်။

## စိတ္တာပဋိသံဝေဒီ

အဲဒါကြောင့် **'စိတ္တပဋိသံဝေဒီ- စိတ်ကိုသိလျက်'**၊ စိတ်ကဘယ်လိုကြီးတုံးဆိုတာ သိပြီးတော့ အဲ့လိုရှုရတယ်။ **'စိတ်ကိုသိလျက် ရှုအံ့'** ဆိုစမ်း (စိတ်ကိုသိလျက် ရှုအံ့)။ ဒါမှ စိတ်မဆိုးဘူး ဆိုးတယ်ဆိုတာသိတယ်။ သို့မို့စိတ်က ထွက်ပြီး ဆိုးပစ်လိုက်တာပဲ။ ဘာလို့တုံး ဆိုတော့ **'လူတွေ'** မှတ်လို့ဆိုးတယ်။ **'လူတွေ'** မရှိလို့ မမှတ်ဘူးဆိုရင် စိတ်ကမဆိုးတော့ဘူး။ အဲ့ဒါ **'နိရောဓသစ္စာ'** ခေါ်တယ်။

## စိတ္တသင်္ခါရ

စိတ်ဆိုးမှုဖြင့် ကဲ သုခလား ဒုက္ခလား ပြောပါဦး (ဒုက္ခပါဘုရား)။ **'ဒုက္ခသစ္စာကြီး'** အဲ့လိုသစ္စာကို သိတယ် တစ်ခါတည်း။ စိတ်မဆိုးဘူးဆိုတော့ သုခလား ဒုက္ခလား(သုခပါဘုရား)။ **'နိဗ္ဗာန်'** ဖြစ်သွားတယ်။ အဲ့ဒါ **'ဝိပါက်အဗျာကတကြီး'**က ဟိုဘက် မဆက်အောင်လို့၊ စိတ်က ဘာပြုလို့ဆိုးတုံးဆိုတော့ **'သညာ'**။ **'သညာ'**က သူတွေ ငါတွေမှတ်တယ်။ သူတွေ ငါတွေ မှတ်တာ ဘယ်သူတုံး (သညာပါဘုရား)။ **'သညာ'** ခေါ်တယ်။ ပြီးတော့ သူတွေ ငါတွေဖြစ်တော့ သူကပြောလိုက်တော့ ကိုယ့်မှာ မခံပြင်းဘူးလား။ ခံပြင်းသလား (ခံပြင်းပါတယ်ဘုရား)။ ခံပြင်း တာက **'ဝေဒနာ'** ဖြစ်သွားတယ်။ **'သညာနဲ့ဝေဒနာ'** ဘာခေါ်တယ် (သညာနဲ့ဝေဒနာ)၊ အဲ့ဒါကို **'စိတ္တသင်္ခါရ'** ခေါ်တယ်။ ဘာခေါ် (စိတ္တသင်္ခါရ ခေါ်ပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ **'သညာနဲ့ဝေဒနာ'**က စိတ်ကို စိတ်ဆိုးအောင်လည်းလုပ်တတ်တယ်၊ စိတ်ကောင်းတယ်လည်း လုပ်တတ်တယ်။ အဲ့လိုဟာတွေ မသိတော့ **'ငါ'** စိတ်ဆိုးတယ်၊ **'သူ'** စိတ်ဆိုးတယ်နဲ့ ဒီလိုဖြစ်တာ။ **'ငါ'**လည်း မရှိဘူး၊ **'သူ'** လည်းမရှိတော့ စိတ်ကမဆိုးဘူး၊ **'ငါသူတွေ'** ရှိလို့စိတ်ဆိုးတာ။ အဲ့လို စိတ်ဆိုးတာ ဘာလို့ စိတ်ဆိုးတုံးဆိုတော့ **'စိတ္တသင်္ခါရ'** မသိလို့။ပါဠိလို **'စိတ္တသင်္ခါရ'** ဆိုတာ **'စိတ်ကိုပြုပြင်တတ်တာ'**ကို ခေါ်တယ်။ စိတ်ကို ပြုပြင်တတ်တာ ဘယ်သူတုံး **'သညာနဲ့ဝေဒနာ'** ။ စိတ်ကို ပြုပြင်တတ်တာ ဘယ်သူတုံး (သညာနဲ့ ဝေဒနာပါ ဘုရား)။ **'သညာ'** ဆိုတာ ဘယ်သူတုံး-**'သူငါ'** မှတ်တာ။ **'ငါ့'**သမီး၊ **'ငါ့'**သားတွေ၊ **'ငါ့'** ဥစ္စာတွေ အဲ့လိုမှတ်ထားတာတွေက စိတ်ကို ပြုပြင်တဲ့ **'စိတ္တသင်္ခါရ'**၊ ဘာခေါ်တုံး (စိတ္တသင်္ခါရပါဘုရား)။

**'ငါ့'** စက္ကူတွေ၊ **'ငါ့'**ကြွေးတွေ၊ **'သူ့'** ပိုက်ဆံတွေ၊ **'ငါ့'** ပိုက်ဆံ ဘယ်လောက်ရှိ ဘယ်ဝါရှိ အဲ့ဒါတွေက ဘာတုံး **'သညာ'**၊ **'သညာ'** ဆိုတော့ ကောင်းစရာရှိ ကောင်းပြီးတော့ ဆိုးစရာရှိ ဆိုးမသွားဘူးလား (ဆိုးသွားပါတယ်ဘုရား)။ အဲ့ဒါ ဘာတုံး (ဝေဒနာပါဘုရား)။ အဲ့ဒီ **'သညာနဲ့ ဝေဒနာ'** ကဘာလုပ်တတ်သတုံး (စိတ်ကိုပြုပြင်တတ်ပါတယ်ဘုရား)။ စိတ်ကို ပြုပြင်တတ်တော့ ဘာခေါ်တုံး (စိတ္တသင်္ခါရခေါ်ပါတယ်)။ **'စိတ္တသင်္ခါရကို သိလျက် ရှူအံ့'**၊ လေရှူလည်း အဲ့လို ရှူရတယ်။ အကြမ်းပြင်းရှူတော့ စိတ်ငြိမ်ရုံပဲ ရှိတယ်။ အဲ့လိုသိမှ သစ္စာလေးပါးရော တစ်ခါတည်း သိတယ်။ ကဲ လေရှူနေတာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။ 'မရှူနဲ့ဟဲ့' ဆိုလို့ရသလား (မရပါဘူးဘုရား)။ ဘာပြုလို့မရတုံး (အနတ္တမို့လို့ပါ ဘုရား)။ **'အနတ္တ'** ဆိုတာက **'သန်္တတ အနတ္တ'** လည်းရှိတယ်၊ **'အသန်္တတ အနတ္တ'** လည်းရှိတယ်။

အနိစ္စကောင်၊ ပထမတန်း ဉာဏ်ကောင်းအောင် လုပ်နေတာ။ အဲ့ဒါ ပိဋကတ်ဉာဏ်တွေ။ အခုမှ ထုတ်ပြောတာပါ။ ငယ်ငယ်တုန်းက အဲ့ဒါတွေ သင်ခဲ့ရတယ်၊ ဒါပေမယ့် ဒီလို မသိဘူး။ စိတ်ကြီးက ဘယ်လိုနေတယ် သိရဲ့လား၊ မသိဘူး။ အိပ်နေတုန်းက သိရဲ့လား (မသိပါဘူးဘုရား)။ မအိပ်တော့ မသိဘူးလား (သိပါတယ်ဘုရား)။ **'သိတာ'**က ဘာတုံး(စိတ်ပါ)။ **'စိတ္တပဋိသံဝေဒီ'** ပါဠိနဲ့ ကိုက်အောင်လို့ စိတ်ကလည်း **'နာမ်'**ပါပဲ။

**စိတ္တပဋိသံဝေဒီ အဿသိဿာမိ**

**'စိတ္တပဋိသံဝေဒီ** - စိတ်ကို သိလျက်၊ **အဿသိဿာမိ** - ဝင်သက်ကို ရှူအံ့'၊ စိတ်ကို သိပြီးဝင်သက်ကိုရှူရတယ်၊ အဲ့လိုရှူတော့မှ စိတ်ကြီးက ဘယ်လိုကြီးတုံး ငြိမ်ငြိမ်ကြီးသိနေတယ်။ ငြိမ်ငြိမ်ကြီးသိတာ ဘာစိတ်တုံး (ဝိပါက်စိတ်ဘုရား)၊ **'ဝိပါက်စိတ်'** ခေါ်တယ်။ **'ကုသိုလ်စိတ်'** ကို သိတယ်မဟုတ်လား၊ သဒ္ဓါတရားလေးနဲ့ လျှချင်တန်းချင်လေးနဲ့ ဘုန်းကြီး ကျောင်းလာ

www.burmeseclassic.com

www.burmeseclassic.com



ရင် ကြည်ကြည်လင်လင်လေးနဲ့။ ကြည်ကြည်လေးနဲ့ ဖြစ်တာ ဘာစိတ်တုံး (ကုသိုလ်စိတ်ပါဘုရား)။ နောက်နောက်ကျူကျူလေးနဲ့ဖြစ်တာ ဘာစိတ်တုံး (အကုသိုလ်စိတ်ပါဘုရား)။ ငြိမ်ငြိမ်လေးနေတဲ့စိတ်က ဘာစိတ်တုံး (ဝိပါက်စိတ်ပါဘုရား)၊ အဲ့လို **'စိတ်ကိုသိလျက်ရှုအံ့'** တဲ့။ ဒို့ပြင်ယောဂီတွေ စိတ်မသိဘဲနဲ့ အရမ်းရှုနေတာ မဟုတ်ဘူးလား၊ စိတ်ကဘာလုပ်တတ်သတုံး ဆိုးတတ်တယ်၊ ဆိုးတာ ဘာစိတ်တုံး (အကုသိုလ်စိတ်ပါဘုရား)၊ **'အကုသိုလ်စိတ်'** က ဘာတုံး- **'သင်္ခါရ'၊ 'အဝိဇ္ဇာပစ္စယာသင်္ခါရာ'** ထဲပါတယ်။ တရားဆိုတာက အဲ့လိုထိုင်မှ အဲ့လိုသိမှ သိတယ်။ သို့မို့မသိဘူး။ ငြိမ်းတာလေးပဲသိတယ်။ တော်ကြာဆိုးစရာရှိရင် ဆိုးလာတာ၊ အဲ့ဒါ**'စိတ်'**။

အဲ့လို စိတ်ကို သိလျက်ရှုတာ ဘယ်လိုခေါ်သတုံး၊ **'စိတ္တပဋိသံဝေဒီ အဿသိဿာမီတိသိက္ခတိ**- စိတ်ကိုသိလျက် ရှုအံ့**'** စိတ်ကဘယ်လို၊ စိတ်ဆိုတာ သိပြီလား (သိပါပြီဘုရား)၊ စိတ်က ဘာလုပ်တတ်တုံး (ဆိုးတတ်ပါတယ်ဘုရား)၊ ဆိုးရင် ဘာစိတ်တုံး (အကုသိုလ်စိတ်ပါဘုရား)။ ကြည်လင်လို့ ကောင်းလို့ရှိရင် ဘာစိတ်တုံး (ကုသိုလ်စိတ်ပါဘုရား)၊ ပကတိ ငြိမ်ငြိမ်သက်သက်ကလေးစိတ်က ဘာစိတ်တုံး (ဝိပါက်စိတ်ပါဘုရား)။ **'ဝိပါက်စိတ်'** ကို **'အဗျာကတ'** ခေါ်တယ်။ အဲ့ဒီစိတ်မရှိဘူးလားရှိသလား (ရှိပါတယ်ဘုရား)။ ရှိတာတွေ မသိရင်ဘာတုံး (အဝိဇ္ဇာပါဘုရား)။ အဲ့လိုဆရာသင်ပေးမှသိတယ်။ အဲ့ဒါ **'ပရိယတ္တိဓမ္မ'**။ အဲ့ဒါ စိတ်က သိတာနဲ့ပဲ။ စိတ်မသိလို့ ရှုလို့ရှိရင် မဆိုးဘူးလား ဆိုးသလား (ဆိုးပါတယ်ဘုရား)။ စိတ်သိရင် ရှုလို့ရှိရင် အခုနေခါးကြီးတို့လိုက်မယ် ဘယ်နှယ့်နေမတုံး။ ရှင်သာရိပုတ္တရာ နောက်ကျောကြီး ထုလိုက်သလို ဒကာမကြီးတို့ကို လက်ညှိုးကြီးနဲ့ နောက်ကျောကြီး ဘေးကြီးကိုထိုးလိုက်မယ် ဘယ်နှယ့်နေမတုံးပြောစမ်း။ မဆိုးဘူးလားဆိုးသလား (ဆိုးပါတယ်ဘုရား)။ အဲ့ဒါဘာပြုလို့ ဆိုးတုံး **'အကုသိုလ်စိတ်'** ဖြစ်လို့။ သပ်သပ်ပေးတော့ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။ ကောင်းတာဘာတုံး-**'ကုသိုလ်စိတ်'** ဖြစ်လို့။

**ကုသလာ ကုသလံဓမ္မာ**

ဘုရားရဟန္တာတို့မှာ-**'ကုသလာ ကုသလံဓမ္မာ** -ကုသိုလ် အကုသိုလ်မရှိဘူး**'** တဲ့။ ဘယ်လောက်ကောင်းလဲ စာလေးနဲ့ပဲ ပထမတန်းကောင်းနေပြီ။ **စိတ်ဘယ်နှစ်မျိုးရှိပါသနည်း၊ သုံးမျိုးရှိပါသည်၊ သုံးမျိုးဟူသော်ကား-'ကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ အဗျာကတစိတ်'**။ အဲ့လိုပြောရင် **'စိတ်'** ခေါ်တယ်၊ ဘာပြုလို့ **'အကုသိုလ်'** ဖြစ်သတုံး (ဆိုးလို့ဖြစ်ပါတယ်)၊ ဘာပြုလို့ **'ကုသိုလ်'** ဖြစ်သတုံး (ကောင်းလို့ဖြစ်ပါတယ်)။ ကောင်းတာနဲ့ဆိုးတာ ဘယ်သူက လာသတုံး (ဝေဒနာကလာတာ)၊ အဲ့ဒီ **'ဝေဒနာ'** ဘယ်သူကလာသတုံး၊ **'သညာ'** ကလာတယ်။ အဲ့ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



**'စိတ်'**၊ **'စိတ်'** အတိုင်းဆိုလို့ရှိရင် အဲ့သလို အကောင်းအဆိုးမဖြစ်ရဘူး။ ရှင်သာရိပုတ္တရာကြီး နောက် ကျောကြီးကို ထုလိုက်တော့ ဘယ့်နှယ့်မှ မရှိဘူး။ ဒကာမကြီးတို့ ခါးထိုးလိုက်ရင် လက်ညှိုးကြီး နဲ့ထိုးလိုက်ရင် တစ်ခါတည်း ထလှည့်ပြီးတော့ 'နင်က ဘာလုပ်တာတုံး။ ဘာလဲ ငါကဘာလုပ်တာတုံးနဲ့'၊ **'နင်ငါတွေ'** ဖြစ်သွားတယ်။ **'သူငါတွေ'** ဖြစ်သွားတယ်။ သူငါတွေဖြစ်တာ ဘာ့ကြောင့် ဖြစ်သလဲ **'သညာ'** ကြောင့်။ **'သူငါ'** ဖြစ်တာ ကောင်းသလား မကောင်းဘူးလား (မကောင်းပါဘူးဘုရား)။ မကောင်းရင် ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။ ဖြစ်ပြီးပျက် မသွားဘူးလား (ပျက်သွားပါတယ်ဘုရား)။ အဲ့လိုဟာကို **'ဒုက္ခသစ္စာ'** ခေါ်တာ။ ကိုယ့်ကိုယ်ကို ကြီးကို သိတာ၊ ဘာသစ္စာ မှန်းဘာမှန်း သိတာဟာ အဲ့လိုသိတာခေါ်တယ်။

**သစ္စံ သတ္တော ပဋိသန္ဓိ**

ဒါကြောင့် **'သစ္စံ သတ္တော ပဋိသန္ဓိ ပစ္စယာကာရမေဝစ'** တဲ့။ **'သစ္စာ'** ရယ်၊ **' သတ္တဝါ'** ရယ်၊ **'ပဋိသန္ဓေ'** နေတာရယ်၊ **' ပဋိစ္စသမုပ္ပါဒ် '**ရယ်။ အဲ့ဒီ လေးခုက ဟောဖို့လည်း ခက်တယ်၊ သိဖို့လည်း ခက်တယ်တဲ့၊ အဋ္ဌကထာဆရာတွေ ညည်းတဲ့ဟာ။ အဲ့လို ညည်းတာတွေကိုတတ်မှ စာတတ်ပေတတ် ပထမတန်းဖြစ်တယ်။ သို့မို့လို့ရှိရင် 'ဘာမှန်းလည်းမသိ ညာမှန်းလည်း မသိ' လုပ်သာလုပ်နေရတယ်၊ အခုသိပြီမို့လား၊ အဲ့လို စိတ်မဆိုးအောင် ရှုရတယ်။ ဘယ်လိုရှုရတုံး (စိတ်မဆိုးအောင် ရှုရပါတယ်ဘုရား)၊ စိတ်မဆိုးအောင်ဘာကို သိရှု ရတုံး (စိတ်ကို သိရှုရပါ တယ်ဘုရား)၊ စိတ်ကသိရှုလိုက်တော့ စိတ်ကဘယ်နှစ်မျိုးရှိသတုံး။ (သုံးမျိုးရှိပါတယ်ဘုရား)၊ စိတ်ဆိုးတတ်တဲ့အမျိုး၊ စိတ်ကောင်းတတ်တဲ့အမျိုး၊ မဆိုးမကောင်းနေတဲ့အမျိုး။ အဲ့လိုသုံးမျိုး ရှိတယ်။ ဒါသူတကာပြောမှမဟုတ်ဘူး။

အခုတော့သူတကာ ပြောပေး ရတာပေါ့။ ဒါပေမယ့် ကိုယ့်ဟာကိုယ်သိရတယ်။ သိတာ က စိတ်ကိုသိတာ။ **'စိတ္တ ပဋိသံဝေဒီ-**စိတ်ကိုသိလျက် **'**၊ စိတ်သိပြီမို့လား(သိပါပြီဘုရား)၊ အဲ့ဒီ **'စိတ်ကောင်းဆိုး'** က ဘာပြုလို့ဖြစ်သတုံး (သညာနဲ့ဝေဒနာကြောင့်ပါဘုရား)။ **'သညာနဲ့ ဝေဒနာ'** ကောင်းဆိုးတာကဝေဒနာ၊ အဲ့ဒီ **'အကောင်းအဆိုး'** ဘာပြုလို့ဖြစ်တုံး (သညာကြောင့်ပါ ဘုရား)။ **'သညာနဲ့ဝေဒနာ'** ဘာခေါ်တုံး-**'စိတ္တသင်္ခါရ'** ခေါ်တယ်။ **'စိတ္တသင်္ခါရ ပဋိသံဝေဒီ-** စိတ်ကို ပြုပြင် တတ်သော သညာဝေဒနာကို သိလျက်၊ **အဿသိဿာမိ-** ဝင်သက်ကိုရှုအံ့၊ **'အဿသိဿာမိ'** ဝင်သက်ကိုရှုတာ။ မသိဘဲနဲ့ရှုတော့ မသိရှုကြီးဖြစ်တော့ **'မသိတာ'** က ဘာတုံး (အဝိဇ္ဇာပါ ဘုရား)၊ **'ရှုတာ'**က ဘာတုံး **'သင်္ခါရ'**၊ **'ရုပ်သင်္ခါရ'** ဖြစ်သွားတယ်။ အဲ့ဒါကို **'ဝိပါက်အဗျာကတ'** ခေါ်တယ်။ အဲ့ဒါကို **'ဇာတိ ဇရာ မရဏ'**လို့ ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**စိတ်ကိုသိလျက် စိတ္တသင်္ခါရကို သိလျက်**

**'ဇာတိဇရာ မရဏံ အနာဂတော အဒ္ဓါ'**၊ အနာဂတ်မှာ အဲ့ဒါမျိုးဖြစ်တာပဲ၊ ဘာမှထူးတာ မဟုတ်ဘူး။ အဲ့လိုဖြစ်နေတာ မသိဘူး။ တို့တစ်တွေ မင်းတို့တစ်တွေ အဲ့လိုဟာမျိုး။ အခုတော့ သိပြီးလား (သိပါပြီဘုရား)။ အဲ့လိုမှတ်ထား။ 'ပထမတန်း'၊ **'စိတ်ကို သိလျက်၊ စိတ္တသင်္ခါရကို သိလျက်'**၊ ဘယ်နှစ်မျိုးတုံး (နှစ်မျိုးပါဘုရား)၊ နှစ်မျိုးသိရမယ်။ အဲ့လိုသိပြီး ရှုရတယ်။ ခလုတ်တိုက်တယ် နင့်အမေလို့မဆဲဘူးလား၊ ခလုတ်တိုက်တာတောင် ဆဲတယ်၊ သူတကာကို မပြောနဲ့။ ခွေးကလိုက်ပြီ မဆဲဘူးလား မလန့်ဘူးလား (လန့်ပါတယ်ဘုရား)။ ဘာဖြစ်လို့ လန့်သတုံး- **'သညာ'** ကြောင့် စိတ်ကိုပြုပြင်တတ်တာ မသိဘူး။ လမ်းသွားနေတာ ဘာသွား နေတာတုံး- **'ဝိပါက်ကြီး'** သွားနေတယ်၊ **'ဝိပါက်အဗျာကတစိတ်'** ကို သိပြီး ရှုရမှာလေ။ **'စိတ်'** ကို သိဖို့ ပြောပါတယ်။ အဲ့လို ပြောတာနဲ့ပဲ သစ္စာလေးပါး သိတယ်။ အခုလို**'ငြိမ်နေတာ'** ဘာစိတ်တုံး (အဗျာကတစိတ်ပါဘုရား)။ သူတကာက ခါးထိုး လိုက်တယ်။ သူတကာက ဟိုနားရွှေ့ပါ ဒီနားရွှေ့ပါပြောလို့ စိတ်ဆိုးလိုက်တယ်။ **'စိတ်ဆိုး'** လိုက်ရင် ဘာစိတ်တုံး (အကုသိုလ် စိတ်ပါဘုရား)၊ စိတ်ကောင်းလိုက်ရင်-တော်ပါပေ့ တော်ပါပေ့ **'စိတ်ကောင်း'** လိုက်ရင် ဘာစိတ်တုံး (ကုသိုလ်စိတ်ပါဘုရား)။

**'ကုသိုလ်နဲ့အကုသိုလ်'** ဖြစ်အောင် ပြုပြင်တာ ဘယ်သူတုံး (သညာနဲ့ ဝေဒနာပါဘုရား)။ ဒကာမကြီးတို့ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဘုရား)။ **'ရုပ်'** က ဘာခန္ဓာတုံး (ရူပက္ခန္ဓာပါဘုရား)၊ **'စိတ်'** က ဘာခန္ဓာတုံး (ဝိညာဏက္ခန္ဓာပါဘုရား)၊ **'ဝေဒနာ'** က ဘာခန္ဓာတုံး (ဝေဒနာက္ခန္ဓာပါဘုရား)၊ **'သညာ'**က ဘာခန္ဓာတုံး (သညာက္ခန္ဓာပါဘုရား)၊ **'သင်္ခါရ'** က ဘာခန္ဓာတုံး (သင်္ခါရက္ခန္ဓာပါဘုရား)၊ အေး အဲ့ဒါကြီးကို မသိတာ။ အဲ့ဒီ **'ခန္ဓာငါးပါး'** မသိဘဲနဲ့ လူတွေ ယောကျ်ားတွေ မိန်းမတွေကို သိတာ၊ အဲ့လို အမျိုးအစား။ အဲ့သလောက်ကလေး သိတာနဲ့ကို တော်တော် ဟန်နေပြီ။ စိတ် ဝေဒနာ သညာ။ စိတ်ဆိုးလိုက်တာက **'သင်္ခါရက္ခန္ဓာ'**။ ဒေါသက **'သင်္ခါရက္ခန္ဓာ'** ခေါ်သွားတယ်။

အဲ့ဒါ **'ဝိပါက်အဗျာကတ'**။ ဝိပါက်ကဋတ္တာလို့ ခေါ်တာတွေပါ။ စာတတ်မှ ခေါ်တတ်တယ်။ စာမတတ်ရင် မခေါ်တတ်ဘူး။ စာမသိတော့ **'သူငါ'** လို့ပဲ ခေါ်တာပဲ။ ခေါ်ရင် ဘယ်လို ခေါ်တုံး (သူငါလို့ပဲ ခေါ်တယ်)။ အဲ့လို သိတော့ **'သူငါ'** ဟုတ်သေးလား (မဟုတ်ပါဘူးဘုရား)။ အနတ္တ ဖြစ်သွားတယ်။ **'အနတ္တ'**ရောက်ရင် **'နိဗ္ဗာန်'** ရောက်သွားတယ်။

**သူငါရှိရင် စိတ်ဆိုးတယ်၊ သူငါမရှိရင် စိတ်ကောင်းတယ်**

**'ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာ နိဿတ္တ နိဇ္ဇီဝ သဘာဝါ'**။

www.burmeseclassic.com

www.burmeseclassic.com



**'သတ္တဝါ'** မဟုတ်ဘူးတဲ့၊ **'သဘာဝ'**တဲ့၊ ဒကာမကြီးတို့ကတော့ **'သတ္တဝါ'** လို့ထင်တယ်။ မြတ်စွာဘုရား ပြောတာပါ။ မြတ်စွာဘုရားက **'သတ္တဝါမဟုတ်ဘူး'** လို့ သိတယ်။ သူသိလို့ သူတကာ ဟောလို့ရှိရင် ဒကာမကြီးတို့ ဒကာကြီးတို့ကလည်း ဘယ်လိုသိမတုံး(သတ္တဝါမဟုတ်ဘူးလို့သိရမယ်)။ နိဗ္ဗာန်မရောက်ဘူးလား ရောက်သလား (ရောက်ပါတယ်ဘုရား)၊ **'သတ္တဝါ'** ရှိတော့ဘယ်လိုဖြစ်သတုံး၊ **'သူငါ'** ဖြစ်တယ်။ ကုသိုလ်နဲ့အကုသိုလ်လေးကို **'သူငါ'** ဖြစ်နေတယ်။ လူတွေဖြစ်ပုံ ဖြစ်ပုံ၊ မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)။ အဲ့လိုဂရုစိုက်ပါ။

မျက်စိက **'မြင်တာ'** ဘာစိတ်တုံး (ဝိပါက်စိတ်ပါဘုရား)၊ နားက **'ကြားတာ'** ဘာစိတ်တုံး (ဝိပါက်စိတ်ပါဘုရား)၊ နှာခေါင်းက **'နံတာ'** ဘာစိတ်တုံး (ဝိပါက်စိတ်ပါဘုရား)၊ လျှာက **'စားတာ'** ဘာစိတ်တုံး (ဝိပါက်စိတ်ပါဘုရား)၊ ကောင်းလိုက်တာဟယ် ဆိုးလိုက်တာဟယ် စပ်လိုက်တာဟယ် စားတဲ့အခါမှာ ဒီလိုမလုပ်နဲ့၊ အဲ့ဒါ **'ဝိပါက်စိတ်တွေ'**၊ စိတ်သာမဆိုးနဲ့-**'ဝိပါက်စိတ်'**ပဲ။ ဝိပါက်နဲ့ကုသိုလ် အကုသိုလ်နဲ့။ **'ဝိပါက်စိတ်၊ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်'** အဲ့လိုဖြစ်တယ်။ အခုနေ ဟိုဟာလေးလျှုလိုက် ဒီဟာလေးလုပ်လိုက်နဲ့ စိတ်တွေမကြည်လင်ဘူးလား (ကြည်လင်ပါတယ်ဘုရား)။ ကြည်လင်ရင်ဘာစိတ်တုံး (ကုသိုလ်စိတ်ပါဘုရား)။ မကြည်လင်ရင် ဘာစိတ်တုံး (အကုသိုလ်စိတ်ပါဘုရား)။

မကြည်လင်တာနဲ့ ကြည်လင်တာ ဘာဖြစ်လို့ဖြစ်သတုံး (သညာနဲ့ ဝေဒနာကြောင့်ပါဘုရား)၊ **'သညာက သူငါ၊ သူငါရှိရင် စိတ်ဆိုးတယ်'၊ 'သူငါ'** ရှိရင် ကောင်းကောင်းလေး ပြောလိုက်တော့ စိတ်မကောင်းဘူးလား သဘောမကျဘူးလား (ကျပါတယ်ဘုရား)။ **'သူငါရှိရင် စိတ်ဆိုးတယ်၊ သူငါမရှိရင် စိတ်ကောင်းတယ်'၊** ရှင်သာရိပုတ္တရာကြီး နောက်ကျောကြီးရိုက်လိုက်တော့ စိတ်ဆိုးသလား (မဆိုးပါဘူးဘုရား)။ အဲ့ဒါဘာပြုလို့တုံး (သူငါမရှိလို့ပါဘုရား)။ ဒကာကြီးတို့လည်း **'သူငါ'** မရှိရင် ပထမတန်း ဖြစ်သွားတယ်။ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)။ မျက်စိနဲ့ မြင်တော့ **'သူငါ'** ရှိတော့ မေးကြီးငေါ့ မပြဘူးလား (ပြပါတယ်ဘုရား)။ စိတ်မဆိုးဘူးလား (ဆိုးပါတယ်ဘုရား) နှုတ်ခမ်းကြီး မမဲ့ဘူးလား (မဲ့ပါတယ်ဘုရား)။ အဲ့ဒါ ဘာပြုလို့တုံး (သူငါ ရှိလို့ပါဘုရား)။ **'သူငါ'** ရှိတော့ မနာလိုဝန်တိုပြီးတော့ အဲ့လိုဖြစ်သွားတယ်။ ဒါကုသိုလ်လား အကုသိုလ်လား (အကုသိုလ်ပါဘုရား)။ အဲ့ဒီ အကုသိုလ် ဘာပြုလို့ ဖြစ်တုံး (သူငါရှိလို့)။ **'သူငါ'** ဆိုတာဘာတုံး-**'သညာ'**၊ **'သညာ'** ရှိရင် ဝေဒနာမရှိဘူးလား (ရှိပါတယ်ဘုရား)။ အဲ့ဒီ **'သညာဝေဒနာ'**က ဘာလုပ်တတ်တဲ့ဟာတုံး (စိတ်ကိုပြုပြင်တတ်ပါ တယ်ဘုရား)။ အဲ့လိုသိလို့ ဘုရားတို့ ရဟန္တာတို့က အဲ့လို စိတ်မဆိုးတာတွေ ခေါ်တယ်။ အဲ့လို ရိပ်မိရတယ်။ ကိုယ်လည်း စိတ်မဆိုးချင်ရင် **'စိတ်'** ကိုသာသိလိုက်။

www.burmeseclassic.com

www.burmeseclassic.com



**တရားမနာရတဲ့အဖြစ်ကြောင့် တရားမှ ဆုတ်ယုတ်တယ်**

အခု **'ငြိမ်ငြိမ်လေး'** နေတဲ့ စိတ်ကဘာစိတ်တုံး (ဝိပါက်စိတ်ပါဘုရား)၊ **'ကြည်ကြည်လင်လင်'** ဖြစ်တဲ့စိတ်က ဘာစိတ်တုံး (ကုသိုလ်စိတ်ပါဘုရား)၊ ဘုရားလေး ပန်းလေးကပ်လိုက်ရင် **'ကြည်ကြည်လင်လင်လေး'** ဖြစ်သွားရင်ဘာစိတ်တုံး (ကုသိုလ်စိတ်ပါဘုရား)။ **'မကြည်မလင်လေး'** ဖြစ်သွားရင် ဘာစိတ်တုံး (အကုသိုလ်စိတ်ပါဘုရား)၊ မဖြစ်လွယ်ဘူးလား ဖြစ်လွယ်သလား (ဖြစ်လွယ်ပါတယ်ဘုရား)။ အဲ့လို မသိလို့ဖြစ်လွယ်တာ ခုလိုသိတော့ ဖြစ်ဦးမလား (မဖြစ်တော့ပါဘူးဘုရား)။ တရားနာပြီးသား ပုဂ္ဂိုလ်က တရားမနာရတဲ့ အဖြစ်ကြောင့် တရားမှဆုတ်ယုတ်တယ်၊ တရားနာရင် မဆုတ်ယုတ်ဘူးတဲ့၊ တိုးတာ တိုးတက်တယ်။ တိုးတက်တယ်ဆိုတာ ဘယ်လိုဟာတုံးဆိုတော့ ဝမ်းထဲမှာ **'ကိလေသာ'** မရှိတာ ခေါ်တယ်။

**စိတ်ဆိုးစိတ်ညစ် ကိုယ့်ကြောင့်ဖြစ် ပယ်ပစ်သူတကာ။**
**စိတ်ညစ် ပယ်ချိုး စိတ်မဆိုး ရောက်ရိုး နိဗ္ဗူတာ။**

**'သူငါ'**ကြောင့် ဘာဖြစ်သတုံး (သညာဖြစ်ပါတယ်ဘုရား)၊ **'သူငါ'**ဆိုတာ ဘယ်သူတုံးဆိုတော့ **'ဒိဋ္ဌိ'**။ ဒကာမကြီးတို့ ပယ်ရမယ့်ဟာ ဘယ်ဟာပယ်ရမတုံး (ဒိဋ္ဌိပယ်ရမှာပါဘုရား)။ **'ဒိဋ္ဌိ'** ဆိုတာ ဘယ်လိုဟာတုံး (သူငါပါဘုရား)။ **'သူငါ'** ကြောင့် စိတ်ဆိုးတယ်။ **'သူငါ'** ရှိရမှာလား မရှိရဘူးလား(မရှိရပါဘူးဘုရား)။ အခု ရုပ်ကြီးက ဘာရုပ်ကြီးတုံး **'ဝိပါက် အဗျာကတရုပ်'**၊ **'ဝိပါက်အဗျာကတရုပ်ကြီး'** က လူလား ယောက်ျားလား မိန်းမလား (မဟုတ်ပါဘူးဘုရား)၊ ရုပ်ဟာ ရုပ်ပဲ။ မြတ်စွာဘုရားက **'ဤဟာရုပ်'** တဲ့၊ ဒကာမကြီးတို့ကဆိုရဲ့လား (မဆိုပါဘူးဘုရား)။ မဆိုပါဘူး-**'ဤဟာငါ'** လို့ ဆိုတာ။ **'ငါ'**ရောင်းတယ်၊ **'ငါ'**ဝယ်တယ်၊ **'ငါ့'**အင်္ကျီ၊ **'ငါ့'**လုံချည်၊ **'ငါ့'**ခေါင်း။

**ပကတိ အနတ္တ**

မနေ့ကပြောတာ **'ငါ့ခေါင်း'** ဆိုတာ- **'ပကတိအနတ္တ ပထဝီဓာတ်မျှပါတကားဟူ၍၊ မှတ်ကြောင်းဖြစ်သော ဘာဝနာတရားကို၊ ဘာဝေယံ-** ပွားများကြကုန်ရာ၏'၊ **'ပကတိအနတ္တ'**၊ ဟော-ပကတိအနတ္တဆိုတော့ အပေါင်းလက္ခဏာသုံးရဲ့ ပကတိတန်ဖိုး I +၃I =၃ ပဲ ဖြစ်တယ်တဲ့။ အနုတ်လက္ခဏာသုံးရဲ့ပကတိတန်ဖိုးI-၃I =၃ ပဲ ဖြစ်တယ်မဟုတ်လား (ဟုတ်ပါတယ်ဘုရား)။ အဲ့ဒီအတိုင်းပဲ ရွှေဟာ တစ်ခါတည်း ဟို လက်ကောက်လုပ်လို့လည်း မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ လက်စွပ်လုပ်လို့ရော မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ ဆွဲကြိုးလုပ်လို့ရော (ဖြစ်ပါတယ်ဘုရား)။ ဘာပြုလို့ ဖြစ်သတုံး ရွှေရှိလို့၊ ရွှေမရှိရင်ဖြစ်သေးလား (မဖြစ်ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



ဘုရား)။ ရွှေဟာ **'ပကတိ'** ခေါ်တယ်။ လက်ကောက်တို့ လက်စွပ်တို့ဟာဘာတုံး-**'ဝိကတိ'** ခေါ်တယ်။ တို့ရုပ်တွက်တော့လည်း ဒီလိုပဲ။ ဒါ့ကြောင့် **'ပကတိအနတ္တ ပထဝီဓာတ်မှုပါတကား ဟူ၍၊ မှတ်ကြောင်းဖြစ်သောဘာဝနာ တရားကို၊ ဘာဝေယုံ**-ပွားများကြကုန်ရာ၏**'**။ အဲ့လို ဆိုရတယ်နော်။

**မဂ္ဂင်ရှိရင်ဝိရာဂ**

ကြည့်ပြီး ဟိုဟာအောက်မေ့ ဒီဟာအောက်မေ့ မအောက်မေ့နဲ့။ **'အဗျာကတ'** နဲ့ အောက်မေ့လို့ရှိရင် **'သင်္ခါရ'** ဖြစ်သွားတယ်။ ကိုယ့်စိတ် ကိုယ်သိရတယ်။ အဲ့ဒါတွေ **'ဖြစ်ပျက်'** နေတာကို **'ဒုက္ခသစ္စာ'** လို့ ခေါ်တယ်။ **'သူငါ'** ရှိတော့ **'သမုဒယသစ္စာ'**ပေါ့။ **'သူငါ'** ရှိရင်ဘာ သစ္စာတုံး (သမုဒယသစ္စာပါဘုရား)။ သစ္စာလေးပါးဟာ ဘာခက်တုံး။ **'သူငါ'** မရှိရင်ဘာသစ္စာ တုံး (နိရောဓသစ္စာပါဘုရား)၊ အေး အဲ့လို ဖြစ်သွားတာပဲ။ ရိပ်မိပြီလား ဒီသစ္စာသုံးခုပြောတာနဲ့။

**'စိတ္တ ပဋိသံဝေဒီ**- စိတ်ကို သိလျက်၊ **စိတ္တ သင်္ခါရ ပဋိသံဝေဒီ-** စိတ်ကိုပြုပြင် တတ်သော သညာဝေဒနာကိုသိလျက်**'**၊ အဲ့ဒီနှစ်ခု သိရတယ်။ အဲ့ဒီနှစ်ခုသိတာနဲ့ တော်တော် ဟန်သွားတယ်။ အဲ့လိုသိရတယ်။ အဲ့ဒါသစ္စာပဲ၊ သစ္စာလေးပါးပဲ။ ဒါဘယ်သူ့မှာဖြစ်တုံး ကိုယ့်မှာ ဖြစ်တယ်။ ဖြစ်ရင်ပျက်တာပဲ **'ဖြစ်ပျက်'၊ 'ဒုက္ခသစ္စာ'**ပဲ။ ကဲ စိတ်ဆိုးတွေ စိတ် ကောင်းတွေ မဖြစ်ဘူးတဲ့။ မဖြစ်တာ ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)။ ဘာဖြစ်လို့မဖြစ်တုံး၊ သမ္မာဒိဋ္ဌိ ကြောင့် မဂ္ဂင်တရားကြောင့် မဟုတ်ဘူးလား။ အဲ့ဒီမဂ္ဂင်တရားကို **'ဝိရာဂတရား'** ခေါ် တယ်။ **'မဂ္ဂင်ရှိရင် ဝိရာဂ'**၊ မဂ္ဂင်မဟုတ်ဘဲနဲ့ဆိုတော့ မဂ္ဂင်မပါလို့ရှိရင် ရာဂဖြစ်တယ်။ လူကြီး ဖြစ်နေတော့ ရာဂတို့ ဒေါသတို့ဆိုတာ အဲ့လိုဖြစ်တယ်။ အခုဆိုဖြစ်ဦးမလား (မဖြစ်တော့ပါဘူး ဘုရား)၊ အဲ့လိုမှတ်ထား။

**စိတ်ကိုသိလျက်ရှုခြင်း**

**စိတ်ကို ပြုပြင်တတ်သော သညာဝေဒနာကို သိလျက်ရှုခြင်း**

**'လေရှုတာ နှစ်မျိုးသိရပါသည်၊ နှစ်မျိုးဟူသော်ကား-စိတ်ကို သိလျက် ရှုခြင်း၊ စိတ်ကို ပြုပြင်တတ်သော သညာ ဝေဒနာကို သိလျက်ရှုခြင်း'**၊ အဲ့လိုဆိုတာနဲ့ပဲ ဟန်သွား တာပဲ။ ဒါ့ကြောင့် နွားနို့တစ်ညှစ်စာပဲ။ ငြိမ်နေတာ ငါလို့ မထင်နဲ့၊ ငြိမ်နေတာဘာတုံး (ဝိပါက်အဗျာကတ ရုပ်ပါဘုရား)။ **'ဝိပါက်အဗျာကတ'** ဆိုတာ **'ဇာတိ ဇရာ မရဏ'** ခေါ်တယ်၊ သူက ဖြစ်ပျက်။ **'ဇာတိ ဇရာ မရဏံ အနာဂတောအဒ္ဓါ'**-ဇာတိ ဇရာ မရဏကို အနာဂတ် လို့ခေါ်တယ်။ **'အဝိဇ္ဇာ သင်္ခါရာ အတီတော အဒ္ဓါ'**- အဝိဇ္ဇာနဲ့ သင်္ခါရကို အတီတ်လို့

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်။ ပါဠိလိုပြောနေလို့ ဒကာမကြီးတို့ မသိတာပါ။ စိတ်ကောင်းစိတ်ဆိုးတွေ ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား)။ ဖြစ်နေရင်ဘာတုံး **'ဇာတိ'**။ အခု **'ဝိပါက်တွေ'** ဖြစ်နေတာ ဘာတုံး **'ဇာတိ'**ပဲ။ ငြိမ်ငြိမ်ကလေးတွေ ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်)။ အဲ့ဒါဘာဖြစ်တာတုံး၊ ဝိပါက်တွေဖြစ်နေတယ် ဟုတ်ကဲ့လား၊ **'ဝိပါက်'** ဆိုတာဘာတုံး (စိတ်)။ **'စိတ်'** ကလည်း ဝိပါက်၊ **'ရုပ်'** ကလည်း မျက်စိကလေးတွေ နားလေးတွေ နှာခေါင်းတွေက **'ဝိပါက်'**ပဲ။ **'ဝိပါက်အဗျာကတရုပ်'**။ **'ရုပ်'**က တစ်မျိုးနော်။ ထွက်တယ် ဝင်တယ်ဆိုတာရုပ်၊ ထွက်တာ ဝင်တာ လှုပ်တာ ပထဝီ တေဇောတွေပေါ့၊ ပါးကြီးတွေ နှာခေါင်းတွေလို့ မခေါ်နဲ့၊ အဲ့ဒါတွေက သညာ။ ပါးကြီးတွေလှတော့ မကောင်းဘူးလား ကောင်းသလား (ကောင်းပါတယ်ဘုရား)။ အဲ့ဒါဘာတုံး (သညာဝေဒနာ)၊

**'မျက်စိ နားသာမြင်လေပါ သူဟာ လူမဟုတ်ပြီ'၊ 'လူ'** မဟုတ်တော့ ကောင်းတာဆိုးတာ ရှိသေးလား (မရှိတော့ပါဘူး)။ အဲ့ဒါ ပထမတန်းတရားကို ပြောနေတာ အရင်ကပြောထားတာ။ ညီမဖြစ်သေးလား (မဖြစ်တော့ပါဘူး)၊ အစ်မကြီးရော ဖြစ်သေးလား (မဖြစ်တော့ပါဘူး)၊ မောင်နှမတွေ မွေးချင်းတွေရော ဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)။

**ဝိဇ္ဇာစရဏ သမ္ပန္နော**

**'မျက်စိ နားသာမြင်လေပါ သူဟာ လူမဟုတ်ပြီ'၊** တပည့်တော်မ လူမဟုတ်အောင်တော်တော်လုပ်ယူရမယ်ဘုရားတဲ့။ **'လူ'** မဟုတ်အောင် **'သိတာ'**က **'ဝိဇ္ဇာ'** ခေါ်တယ်၊ အခုနတုန်းက ပြောတဲ့ဟာက **'အကျင့်'**ခေါ်တယ်။ **'ဝိဇ္ဇာ စရဏသမ္ပန္နော'** မြတ်စွာဘုရားကပြည့်စုံသွားပြီ။ ဒကာမကြီးတို့ မပြည့်စုံသေးလို့ အဲ့လိုဖြစ်နေတာ။ ပြည့်စုံသွားလို့ရှိရင် ဒကာမကြီးတို့လည်း ရာဂဒေါသ ဖြစ်ပါဆိုလို့တောင် မဖြစ်တော့ဘူး။ ခါးထိုးလို့တောင်မှ စိတ်မဆိုးတော့ဘူး။ ခါးထိုးရင် စိတ်ဆိုးဦးမှာလား (မဆိုးတော့ပါဘူးဘုရား)၊ နောက်ကျောကြီးထိုးရင်ကော (မဆိုးတော့ပါဘူး)၊ ထိပ်ကြီးပုတ်လိုက်ရင်ကော (မဆိုးတော့ပါဘူး)၊ အဲ့လို ရှင်သာရိပုတ္တရာကို နောက် ကျောကြီးပုတ်လိုက်တာ စိတ်ဆိုးသေးလား (မဆိုးတော့ပါဘူးဘုရား)။ အဲ့ဒါဘာပြုလို့မဆိုးတုံး (သူငါမရှိလို့)။ **'သူငါ'** ဆိုတာ ဘယ်သူ့ခေါ်တာ တုံး၊ **'လူ'** မှတ်ပြီးတော့ခေါ်တာ။ **'လူ'** မှတ်တယ်ဆိုတာ ဘယ်သူတုံး (သညာ)၊ ဘာသညာတုံး(ဒိဋ္ဌိသညာပါဘုရား)၊ ပထမတန်း သိရမယ်။ သိတာ ဘာခေါ်တုံး **'ဝိဇ္ဇာ'**၊ သိအောင်လုပ်တာ ဘာခေါ်တုံး **'အကျင့်' 'စရဏ'**။ တရားနာနေတာကို **'စရဏ'** ခေါ်တယ်။ သိအောင်လုပ်တာ၊ အိမ်မှာ အိပ်နေတော့သိသေးလား (မသိပါဘူးဘုရား)၊ သိအောင်မလုပ်ရင် ဘာတုံး (ဝိဇ္ဇာစရဏမရှိဘူး)၊ သိအောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရင်ဘာတုံး (ဝိဇ္ဇာစရဏ)။ **'ဝိဇ္ဇာစရဏသမ္ပန္နော သော သေဋ္ဌော ဒေဝမနုသေ'၊ 'ဒေဝမနုသေ-** နတ်လူ၌၊ **ဝိဇ္ဇာစရဏသမ္ပန္နော-** အကျင့်အသိနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ **သေဋ္ဌော-** မြတ်၏'တဲ့။**'အကျင့်အသိ'** နဲ့ပြည့်စုံတဲ့သူမြတ်တယ်။ **'အကျင့်အသိ'** မရှိရင် ဘယ့်နှယ့် လုပ်နေတုံး အယုတ်တွေဖြစ်သွားတယ်။ **'ဟီနာ ဓမ္မာ'** ဖြစ်သွားတယ်၊ ရိပ်မိပြီလား။

**လူဟုမယူ နာမ်ရုပ်ယူ**

**'စိတ်ကို သိလျက်ရှုအံ့၊ အရှု နှစ်မျိုးရှိပါသည်၊ နှစ်မျိုး ဟူသော်ကား- စိတ်ကို သိလျက်ရှုခြင်း၊ စိတ်ကို ပြုပြင်တတ်သော သညာဝေဒနာကို သိလျက် ရှုခြင်း'**၊ လေရှုတာနဲ့ ကို ပထမတန်း ဖြစ်သွားတယ်။ လေရှုတာ **'သိ'**ရှုတာကိုး၊ အိပ်နေတုန်း ရှုတော့ သိသေးလား (မသိပါဘူးဘုရား)။ ဒီလို ပကတိအတိုင်းနေလို့ရှုတော့ သိသေးလား (မသိပါဘူးဘုရား)။ လေရှုတာကိုက **'သိပြီး'** ရှုရတာ။ **'မသိ'** ဘဲနဲ့ရှုရင် ဘာဖြစ်တုံး (အဝိဇ္ဇာ)၊ **'အဝိဇ္ဇာ'**၊ **'မောဟ'** ဖြစ်တာပေါ့။ **'သူငါ '** ဖြစ်တာမဟုတ်ဘူးလား(ဟုတ်ပါတယ်)။

မျက်စိတွေ နှာခေါင်းတွေ မြင်ရင်ဘာတုံး- **'ဝိပါက်အဗျာကတရုပ်တွေ'**။ စိတ်ကလည်း **'ဝိပါက်အဗျာကတ စိတ်'** မရှိဘူးလား (ရှိပါတယ်ဘုရား)။ သူလည်း **'ဇာတိ ဇရာ မရဏ'**ပဲ။ **'ရှုတာ'** သိတာက တစ်စိတ်၊ **'ထွက်တာ'** သိတာက တစ်စိတ်။ **'ရှုတာနဲ့ ထွက်တာ'** က ဘာတုံး **'ရုပ်'**။ **'သိတာ'** က ဘာတုံး(နာမ်ပါဘုရား)၊ **'ရုပ်နာမ်'။**

**လူမယူ နာမ်ရုပ်ယူ ထိုသူဉပါဒါန်ကင်းသတည်း။**
**ဉပါဒါန်ကင်း ကံတွေကင်း ဇာတိစသည်ပါ ကင်းသတည်း။**

မှန်ထဲမျှားသွားကြည့်လိုက်လို့ရှိရင် နှာခေါင်းကြီး မျက်ခွက်ကြီး မြင်ပြီးတော့ **'ငါကြီး'** သွားမလုပ်လိုက်နဲ့။ မှန်ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်တယ်တဲ့။ မှန်ရှေ့ဘယ်လို ထိုင်တုံး (ကျုံ့ကျုံ့ လေးထိုင်ပါတယ်)။ မှန်ရှေ့မှာ ရိုသေလိုက်တာ ဒီ့ပြင်ဘုရားတွေကျ မရိုသေဘူး။ ကျုံ့ကျုံ့လေး ထိုင်ပြီး နားတွေ မျက်စိတွေမြင်ရင် ဘယ်သူလို့ ထင်သတုံး (လူလို့ထင်ပါတယ်)။ **'လူ'** လို့ မထင်နဲ့၊ ဟုတ်ကဲ့လား။ **'မျက်စိနားသာ မြင်လေပါ သူဟာ လူမဟုတ်ပြီ'၊** အဲ့ဒါလေး ဆိုဆိုကြည့်။ မိန်းမတွေ ယောကျ်ားတွေ မြင်ရင်လည်း အဲ့ဒါ မျက်စိ နားတွေ မြင်လို့ရှိရင် **'လူ'** မဟုတ်ဘူးလို့ ကြည့်ရင် **'ရာဂ'** ဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ **'ရာဂ'** မဖြစ်ရင် ဘာ သစ္စာတုံး (နိရောဓသစ္စာပါဘုရား)။ အစတုန်းကတည်းက **'သစ္စာ'** သွင်းပေးထားတာ၊ အဲ့ဒါ တွေကို ဂရုစိုက်လို့၊ အခုဟောတဲ့တရားက ရှေးတုန်းကဟောတာနဲ့ တစ်ထပ်တည်း အတူတူ ကျကျသွားတာပဲ။ အဲ့လိုမှ မှန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဝိဇ္ဇာက ပညာရှိ ဖြစ်သွားတယ်

စိတ်က အရင်က ဆိုးသလား (မဆိုးပါဘူးဘုရား)။ အဲ့ဒါ **'ပကတိအနတ္တ'** ခေါ်တယ်။ ရွှေ-မလုပ်သေးဘူး ရွှေလေးပဲ ရှိသေးတယ်။ လက်ကောက်တို့ လက်စွပ်တို့ မလုပ်သေးဘူး။ **'လုပ်လိုက်တာ'** ဘာခေါ်တုံးဆို **'သင်္ခါရ'**ခေါ်တယ်။ မလုပ်ပဲ ထားတာက **'အသင်္ခါရ'**နဲ့ **'အသင်္ခတ'** လိုပဲ မပြုပြင်ဘဲထားတာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ မပြုပြင်ရင် ဘာဓာတ်တုံး (အသင်္ခတဓာတ်ပါဘုရား)။ မပြုပြင်ရင် ဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)။ **'မဖြစ်ရင်'** ဘာဓာတ်တုံး (အသင်္ခတဓာတ်ပါဘုရား)၊ **'ဖြစ်ရင်'** ဘာဓာတ်တုံး (သင်္ခတ ဓာတ်ပါ ဘုရား)။

စိတ်ဆိုးတာဟာ မဖြစ်တာလား ဖြစ်တာလား (ဖြစ်တာပါဘုရား)။ စိတ်မဆိုးတာက (မဖြစ်တာပါဘုရား)။ မဆိုးတာဟာ မဖြစ်တာပဲ၊ ဆိုးတာဟာ ဖြစ်တာပဲ။ **'ဖြစ်တာ'**ဟာ မပျက်ဘူးလား(ပျက်ပါတယ်ဘုရား)။ **'ပျက်'**ရင် ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။ အဲ့ဒါမေး မေးပြီး ကိုယ့်ဟာကိုယ်လုပ်လိုက်ရင် စိတ်ဆိုးဟဲ့ ဆိုတာတောင် မဆိုးဘူး။ ဘာပြုလို့-**'ဝိဇ္ဇာ'**က ပညာရှိ ဖြစ်သွားတယ်။ ရှင်သာရိပုတ္တရာ ပညာမရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား)။

## ခန္ဓာဟာ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံကြောင့်ဖြစ်တယ်

**'အနုပ္ပါဒေါသုခံ'**၊ **'သုခ'**ဆိုတာက **'နိဗ္ဗာန'** ခေါ်တယ်။ **'ဥပ္ပါဒေါဒုက္ခံ'**၊ **'ဥပ္ပါဒေါ-** ဖြစ်ရခြင်းသည် **ဒုက္ခံ-**ဒုက္ခမည်၏'၊ **'ဒုက္ခ'** ဘာပြုလို့ ဖြစ်တုံး၊ စိတ်ကိုပြုပြင်တတ်သော သညာ ဝေဒနာရှိလို့ ဟုတ်ကဲ့လား။ **'သညာဝေဒနာ'** ဘာခန္ဓာတုံး (သညာက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ)၊ **'ခန္ဓာ'**ဟာ ဘာကြောင့်ဖြစ်တုံး-**'အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ'** ကြောင့်ဖြစ်တယ်။ **'အဝိဇ္ဇာ'** ဆိုတာ ဘယ်ဟာတုံး-**'သူ ငါ'**။ **'သူငါ'** ရှိလို့ အဝိဇ္ဇာဖြစ်တယ်။ **'သူငါ'** မရှိရင် အဝိဇ္ဇာ ဖြစ်သေး လား (မဖြစ်ပါဘူးဘုရား)၊ ပထမတန်း အကြံဉာဏ်တွေ ထုတ်ရတယ်။ ဆရာကောင်း တပည့်ပန်း ကောင်းပန် နောက်ဆံ တဝင့်ဝင့်ပေါ့၊ ဆရာကောင်းတပည့် လုပ်ပြီးတော့ စိတ်ကြီးက ဆိုးလိုက် တာ ငြူစူလိုက်တာဆို ဘယ်ကောင်းမတုံး၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊ အေး စိတ်မဆိုးမှ။ **'စိတ်ဆိုး စိတ်ညစ် ကိုယ့်ကြောင့်ဖြစ်'**၊ ကိုယ်ဆိုတာသိရဲ့လား (သိပါတယ်ဘုရား)၊ ဘယ်ဟာ တုံး-**'သူငါ'**။ သူငါဆိုတာ ဘာတုံး (အတ္တပါဘုရား)၊ ပကတိကဘာတုံး (အနတ္တပါဘုရား)၊ **'ပကတိ အနတ္တ'** ပဲ။ **'သူငါ'** ဝင်လိုက်မှ အတ္တဖြစ်သွားပြီ၊ စိတ်ဆိုးတာ စိတ်ဆိုးတော့မယ် ဆိုးတော့မယ် ဆိုစမ်း (စိတ်ဆိုးတော့မယ် ဆိုးတော့မယ်)၊ ကြားတယ် ကြားတယ် (ကြားတယ် ကြားတယ်)။ ကြားတာက ဘာတုံး **'ဝိပါက်'**၊ အသံကလည်း ဘာတုံး (ဝိပါက်ပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



အသံထဲမှာလည်း **'သူငါ'** ပါနေတယ်။ ဟုတ်ကဲ့လား၊ ညည်းက ဘယ်လို၊ ငါက ဘယ်လိုနဲ့ အသံထဲမှာ **'သူငါ'** မပါဘူးလား (ပါပါတယ်ဘုရား)။

**သူငါထည့်ပြောတဲ့ အသံဆိုရင် ပုထုဇဉ်**

**'အသံ'** နဲ့ **'သူငါ'** ကို ဂရုစိုက်။ **'သူငါ'** ထည့်ပြောတဲ့ အသံဆိုရင် ပုထုဇဉ်၊ မှတ်ထား။ ညည်းက ဘယ်လို ငါက ဘယ်လို၊ ဘယ်သူနဲ့ ဘယ်လိုလိုက်သွားပြီနဲ့၊ သူတကာ့အကြောင်းတွေ လျှောက်ပြောတာပဲ၊ မပြောဘူးလား ပြောသလား (ပြောပါတယ်ဘုရား)။ သူတကာနဲ့လိုက်သွားပြီ၊ ဟာ ကဲ့ရဲ့လို့မဆုံး တစ်မိုးချုန်းဖြစ်သွားတယ်။ အဲ့ဒါဘာပြုလို့-**'သူငါ'**ရှိလို့၊ **'သူငါတွေသာ မရှိပါ သူဟာ နိဗ္ဗာန်ရောက်သတည်း'**၊ **'သူငါ'**ဆိုတာဘာတုံး-**'ဒုက္ခသစ္စာ'**၊ **'သူငါ'** မရှိတာ ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)။ အဲ့ဒီလို ခွဲခွဲလုပ်ရတယ်၊ သစ္စာဆိုတာနေရာတိုင်းမှာ ရှိတယ်၊ ကိုယ့်ဝမ်းထဲမှာပဲ မျက်စိတွေ ဘာတွေမြင်တာ ဘာခန္ဓာတုံး- **'ဝိပါက်ခန္ဓာ'**။ **'ဝိပါက်ခန္ဓာ'**ကို **'သူငါ'** သွားလုပ်လိုက်တော့ အတ္တဖြစ်သွားတယ်။ ရှိတာက **'ဝိပါက်'**။ မျက်စိတွေ နားတွေက ဘာတွေတုံး (ဝိပါက်ခန္ဓာပါဘုရား)။ **'ဝိပါက်ခန္ဓာကြီး'**က ဘာကြီးတုံး၊ နဂိုက **'ပကတိအနတ္တ'**၊ ဘာဓာတ်ကြီးတုံး၊ နှာခေါင်းကြီးတွေ မျက်စိကြီးတွေက မမာဘူးလား၊ နှာခေါင်းကြီးက ဘာဓာတ်တုံး (ပထဝီဓာတ်ပါဘုရား)။ အဲ့ဒါ **'သူငါ'** မလုပ်ဘူးလား လုပ်သလား (လုပ်ပါတယ်ဘုရား)။

ဆံပင်ကြီးတွေကို ဘေးချထားတယ်၊ မင်းသမီးကြီးတွေလို မင်းသမီးကြီးတွေက ဆံပင်ကြီးဘေးက ချထားတော့ လူတွေလည်း ဘေးကချထားတယ်။ မချဘူးလား ချသလား (ချပါတယ်ဘုရား)။ အဲ့ဒီဆံပင်ကို ဘာလို့ ခေါ်သတုံး၊ ဗျာပါဆံတဲ့ တစ်ဆုပ် နှစ်ဆုပ် အင်းကြားဖူးရဲ့လား (ကြားဖူးပါတယ်ဘုရား)။ မမလေးရယ်တဲ့ တစ်သွယ်နှစ်သွယ်ဆိုပြီး မမလေးရယ် ရွှေခြေကျင်းနဲ့ သီချင်းတွေ ဘာတွေ မရှိဘူးလား။

အနိစ္စကောင် ဒုက္ခကောင် ဘာမှန်းလည်းမသိ ညာမှန်းလည်းမသိ၊ အဲ့ဒါကြောင့် **'အဝိဇ္ဇာ'** ဆိုတာ **'နိဝရဏ'**နဲ့ ဖြစ်တယ်လို့ပြောတာ၊ ခက်မှာစိုးလို့ စာလိုခက်မှာစိုးလို့ လွယ်အောင်ပြောပြောနေရတာ။ စာတွေ အခက်ကြီးတွေ သွားလုပ်တော့ မသိပဲဖြစ်နေတယ်။ စာကိုလွယ်အောင်လုပ်ရတယ်။ လွယ်အောင်လုပ်ပြီးပြောတော့မှ သိလွယ်တယ်။ တတ်လွယ်တယ်။ **'သိတာ'** က ဘာခေါ်တုံးဆို-**'ဝိဇ္ဇာ'**၊ သိအောင်လုပ်တာက **'စရဏ'** ခေါ်တယ်။ **'အကျင့်'** ခေါ်တယ် တရားနာတယ်ဆိုတာ။ အဲ့လိုသိထားတော့ ဟောအိမ်ရောက်တော့ **'သူငါ'** လုပ်ဦးမလား (မလုပ်တော့ပါဘူးဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**သူငါတွေသာ ရှိလေပါ လောဘ ဒေါသ ဖြစ်မြဲတည်း။**
**သူငါတွေသာ မရှိပါ လောဘ ဒေါသ မဖြစ်သတည်း။**
**သူငါတွေသာ မရှိပါ သူဟာ နိဗ္ဗာန် ရောက်သတည်း။**

**'သူငါ'** ဆိုတာ ဒိဋ္ဌိခေါ်တယ်။ သက္ကာယဒိဋ္ဌိပေ့ါ၊ အသိကလည်း အဲ့လိုပဲ၊ မြတ်စွာဘုရားရှေ့ တရားနာပြီးသွားတော့ ဝိသာခ ဒကာကြီးဆို အနာဂါမ်တောင် ဖြစ်သွားတယ်။ ဒကာမကြီးတို့ **'သူငါ '** မပယ်နိုင်ဘူးလား ပယ်နိုင်သလား (ပယ်နိုင်ပါတယ်ဘုရား)။ **'သူငါ '** ပယ်နိုင်သွားလို့ရှိရင် ဒေါသတွေလည်း ပယ်နိုင်တယ်။ **'သူငါ'** လို့ သိနေတာက မောဟကြီး ဖြစ်နေတယ်။ ဟုတ်ကဲ့လား။ **'မျက်စိနားသာ မြင်လေပါ သူဟာ လူမဟုတ်ပြီ'၊ 'လူ'**ဟုတ်လို့ရှိရင် **'သူငါ'** ဖြစ်သွားတယ်။ **'လူ'**မဟုတ်လို့ရှိရင် **'အနတ္တ'** ဖြစ်သွားတယ်။ **'သူငါ'** မဟုတ်ဘူး။ အဲ့ဒါက **'ပကတိအနတ္တ'**။ **'ပကတိ'** ရှိတာက မျက်စိတွေ နှာခေါင်းတွေသာ ရှိတယ်၊ မျက်စိရှိနေတာ **'နာမ်ရုပ်'**ကြောင့်ရှိနေတာ။ **'နာမရူပပစ္စယာ**-နာမ်ရုပ်ကြောင့်၊ **သဠာယတန -** မျက်စိတွေ နားတွေ ဖြစ်တယ်**'**။ မျက်စိတွေ နားတွေ မြင်လို့ရှိရင် **'နာမ်ရုပ်'**လို့ မှတ်ရမယ်တဲ့။

သိတာက ဘာတုံး (နာမ်ပါဘုရား)၊ မျက်စိ နားတွေက ဘာတုံး (ရုပ်ပါဘုရား)၊ နာမ်ရုပ်ရှိလို့ရှိရင် မျက်စိတွေ နားတွေ ရှိတယ်၊ မျက်စိတွေ နားတွေမြင်လို့ရှိရင် နာမ်ရုပ်လို့ မှတ်ရမယ်။ အဲ့ဒါ အရင်က ချထားတာတွေကို စင်စင်သွားအောင် လုပ်လုပ်ပေးတာ။ မျက်စိတွေ နားတွေ မြင်ရင် ဘာလို့ မှတ်ရမလဲ (နာမ်ရုပ်လို့ မှတ်ရမယ်)။ မျက်စိတွေ နားတွေဆိုတာ နာမ်ရုပ်ဆိုတော့ **'ဝိပါက်ရုပ်'**၊ သူတို့မှာ မျက်စိတွေ နားတွေမှာ ကုသိုလ် အကုသိုလ် ရှိသလား (မရှိပါဘူးဘုရား)။ ကုသိုလ် အကုသိုလ်တွေဟာ ဘာ့ကြောင့်ဖြစ်သတုံး (သညာဝေဒနာကြောင့်ပါ)။ မျက်စိ နားတွေရဲ့ သညာဝေဒနာ ဖြစ်သွားတယ်။ **'ငါ့ဟာ မကိုင်နဲ့'**၊ **'ငါ့ဟာ မလုပ်နဲ့'**၊ **'ငါ'** ဖြစ်သွားတယ်။ ဘာတွေကို **'ငါ'** လုပ်သတုံး မျက်စိနားက မြင်တာတွေကို **'ငါ'**လုပ်တယ်။ ဒါကြောင့် မျက်စိနားမြင်လို့ရှိရင် **'ငါ'** မဟုတ်ဘူးလို့ အဲ့လိုမှတ်ထား။ **'စက္ခုံ အနတ္တတော'** လို့ မရှုရဘူးလား (ရှုရပါတယ်ဘုရား)၊ မျက်စိက **'အနတ္တ'**၊ နားက **'အနတ္တ'**-ဟုတ်ရဲ့လား မျက်စိကို အတ္တလို့ မလုပ်ဘူးလား (လုပ်ပါတယ်ဘုရား)။ မြင်တာကို **'ငါ'** လို့ မလုပ်ဘူးလား (လုပ်ပါတယ်ဘုရား)။ **'နာမ်ရုပ်'** ကြောင့် သဠာယတနဖြစ်တာ။ **'သဠာယတန'**ကြောင့် ဖဿဖြစ်တာ၊ **'ဖဿ'** ကြောင့် ဝေဒနာဖြစ်တာ၊ ပဋိစ္စသမုပ္ပါဒ်ပြောလို့ရှိရင် အဲ့လိုပြောရတယ်။ ဘာမှခက်တာ မဟုတ်ဘူး၊ လူနဲ့ ပဋိစ္စသမုပ္ပါဒ်၊ လူနဲ့ ပဋ္ဌာန်း အဲ့လိုကိုက်အောင် ပြောရတယ် ဟုတ်ကဲ့လား။ လူတွေဟာ **'ပဋိစ္စသမုပ္ပါဒ်'** ဖြစ်သွားတယ်။ **'အဗျာကတော ဓမ္မော'**ဆိုတော့ လူတွေဟာဘာဖြစ်သွားတုံး-**'ပဋ္ဌာန်း'**ဖြစ်သွားတယ်။ မျက်စိတွေဟာကုသိုလ်လား အကုသိုလ်လား-**'အဗျာကတ'**ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**ကမ္မဿ ကာရကော နတ္ထိ**

**အဗျာကတော ဓမ္မော အကုသလဿဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။**

**'အာရုံ'**က မကင်းတာကို မြတ်စွာဘုရားက **'အကြောင်း'**- အာရမ္မဏပစ္စယေနလို့ နှစ်ဆယ့်လေးပစ္စည်းကို **'အကြောင်း'** လို့ ပြောထားတယ်။ **'စက္ခုဝိညာဏ်'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ **'ဖြစ်'** တဲ့ဟာကို **'အကျိုး'** လို့ခေါ်တာ။ **'အကျိုး'** ကို ဘာခေါ်တုံး (ဝိပါက် အဗျာကတပါဘုရား)။ မြင်တော့ စိတ်ဆိုးမလာဘူးလား (ဆိုးလာပါတယ်)။ စိတ်ဆိုး လာတာ ဘာခေါ်တုံး (အကျိုးပါဘုရား)။

မြင်လို့ စိတ်ဆိုးရင် **'မြင်တာ'** ကဘာတုံး(အကြောင်းပါဘုရား)။ **'စိတ်ဆိုးတာ'** က ဘာတုံး (အကျိုးပါဘုရား)၊ စိတ်ဆိုးလို့ အော်လိုက်မယ် ငေါက်လိုက် မယ်ဆိုရင် **'စိတ်ဆိုးတာ'** ကဘာတုံး (အကြောင်းပါဘုရား)။ **'အော်လိုက် ငေါက်လိုက်တာ'** က ဘာတုံး (အကျိုးပါ ဘုရား)။ သတ်လိုက်တာ ဖြတ်လိုက်တာဘာတုံး (အကျိုးပါဘုရား)။ **'အကြောင်း အကျိုး'** ခေါ်တယ်။ ဒါကြောင့် **'ကမ္မဿ ကာရကော နတ္ထိ'** သတ္တဝါမရှိဘူးလို့ပြောတာ အဲ့ဒါပြောတာ။ ပြုတတ်တဲ့ သူမရှိဘူးဆိုတာ အဲ့လိုဟာမျိုးခေါ်တယ်။ **'အဗျာကတတွေ'**၊ ဒီလို ငြိမ်ငြိမ်နေတာ ကို ဘယ့်နှယ့်လုပ်သိမတုံး။ ကုသိုလ် အကုသိုလ်-**'အဝိဇ္ဇာ'** ရှိမှ ပြုလာတာ။ ဒါ့ကြောင့် **'စိတ်ကို သိလျက်ရှုအံ့'**၊ **'အဗျာကတစိတ်'**နဲ့ ငြိမ်နေတဲ့ စိတ်ကိုသိပြီးရှု၊ အဲ့ဒီထဲမှာ အမှတ်ရလာပြီ အိမ်ကလေး အမှတ်ရလာပြီ ကိုယ်သိခဲ့တဲ့ မိတ်ဆွေတွေအမှတ်ရပြီ ဆိုရင် **'သညာ'။**

**'အမှတ်ရတာ သညာပါ၊ ခံစားတာ ဝေဒနာမှတ်'**၊ ခံစားတာ လူလား နတ်လား (မဟုတ်ပါဘူးဘုရား)။ ဒါပေမယ့် **'ငါ'** ခံစားတယ်ဆိုတော့ **'ငါလေး'**က စွဲနေတယ်။ **'ခံစား တာမှာ ငါမပါ သူဟာ နိရောဓဖြစ်သတည်း'၊ 'နိရောဓသစ္စာ'**ကို သွားဖြစ်တယ်။ ရိပ်မိပလား၊ **'သမုဒယ'** ပယ်လိုက်တာ၊ **'ငါ'**ဆိုတာ သမုဒယပဲ၊ သမုဒယကြောင့် ဖြစ်တယ်။ **'ဇာတိဒုက္ခ'** ဖြစ်တယ်။ **'သမုဒယ'** ကြောင့် ဘာဖြစ်တုံး (ဇာတိဒုက္ခဖြစ်ပါတယ်ဘုရား)၊ **'သမုဒယ ကြောင့် ဖြစ်ထ ဇာတိ ဒုက္ခ'**၊ ကဲ အခု **'သမုဒယ'** ဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ မဖြစ်တော့ ဘာမဖြစ်တုံး (ဇာတိဒုက္ခမဖြစ်တော့ပါဘူး)၊ အေး **'ဇာတိဒုက္ခ'** မဖြစ်တော့ဘူး။ အဲ့လို လွတ်ကောင်းတဲ့တရား၊ ကဲ--- တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# “တပေါခ ဖြဟ္မစရိယဉ္စ တရားတော်”

၁၀. ၉. ၂၀၀၈

## သတိသမ္ဗောဇ္ဈင်

**‘ရှု’၊ ‘ရှု’** လိုက်တာက အထဲထဲမလိုက်နဲ့၊ တွန်း တွန်း တွန်းတာရှု၊ တွန်းတယ်ဆိုတာက **‘နာမ်’**၊ လေက **‘ရုပ်’**။ ရှုပြီးတော့ တွန်းတယ်ဆိုတာက ဓာတု ဝ ဝတ္ထာန်ကမ္မဋ္ဌာန်း၊ ဓာတု ဝ ဝတ္ထာန် ကမ္မဋ္ဌာန်းရယ်၊ ဣရိယာပုထ်ကမ္မဋ္ဌာန်းရယ်၊ သမ္ပဇာန ကွေးတာဆန့်တာ ဝတ်တာတွေရော ဘာတွေရော ထမင်းချက်တာတွေရော အကုန်ပါတယ်၊ လှုပ်တာမှန်သမျှအကုန် သမ္ပဇာန၊ မျက်တောင်ခတ်တာတွေ ဘာတွေ အဲဒါ နှစ်ဆယ့်နှစ်ပါး၊ အဲဒီ နှစ်ဆယ့်နှစ်ပါးက ကိုယ်ကြီးက လှုပ်တာ စာရေးတာတွေရော ဘာတွေရော အကုန် **‘သမ္ပဇာန’**ဆိုတာ **‘ဉာဏ်’၊** ကွေးတယ် ဆန့်တယ်ဆိုတာ **‘သတိ’**၊ ထိုင်တယ်ရှုတယ်ဆိုတာ **‘သတိ’- ‘သတိ သမ္ဗောဇ္ဈင်’**၊ ရှုတယ်တွန်းတယ် တွန်းတာထဲ အကုန်ပါတယ်၊ ရွေ့တယ်၊ အကုန်ပါတယ်။

## ဘာမဆို သဘာဝဆို မမြဲတော့ဘူး

**‘ရုပ်’**ကမ္မဋ္ဌာန်း၊ **‘နာမ်’**ကမ္မဋ္ဌာန်း၊ တွန်းတယ်ဆိုတာက **‘နာမ်’**၊ **‘နာမ်’**ကလည်း သတိထား အုံးမှ၊ သတိမထားရင် ငါတွန်း သူတွန်းဖြစ်သွားတယ်၊ တွန်းတာ **‘ဝါယော’**၊ ခတ်တစ်ပါးမှ မသိရင် ဟိုလေးပါးတွေ မသိတော့ဘူး။ အဲဒီတွန်းတာကြောင့် ထမင်းတွေစား၊ ရေတွေသောက်၊ ရေတွေချိုး၊ အကုန်လုပ်တာ အဲဒါတွန်းတာလေးရှိလို့၊ လူသေကောင်မှာ တွန်းတာလေးမရှိ တော့ဘူး၊ **‘ဝိတ္ထမ္ဘိတ လက္ခဏာ’**၊ **‘ဝိတ္ထမ္ဘိတလက္ခဏာ’** ဆိုတာ **‘သဘာဝလက္ခဏာ’** ခေါ်တယ်။

**‘အနိစ္စလက္ခဏာ’**က ဘာမဆိုမမြဲတာကို ခေါ်တယ်။ **‘သဗ္ဗေသင်္ခါရာ’** ဘာမဆို သဘာဝ ဆိုမမြဲတော့ဘူး၊ တွန်းတာလေးက မမြဲဘူး၊ တွန်းတယ်လို့သိတာလေးကလည်း မမြဲဘူး၊ သိတာလေးက ဝိညာဏ်ကလေး သတိကလေးပေ့ါ၊ အဲဒါနာမ်လေး၊ **‘နာမ်နဲ့ရုပ်’** ပေ့ါ၊ တွန်းတာ လေးက **‘ရုပ်’**၊ တွန်းတယ်လို့ သိတာလေး တွန်းလို့ဆိုတာလေးက **‘နာမ်’** ကလေး၊ **‘နာမ်ရုပ်’**၊ လက္ခဏာလေးသိအောင်လို့ တွန်းတာလေးက **‘လက္ခဏာ’၊** ရွေ့တာလေးက **‘ကိစ္စ’၊** အဲ တွန်းတာလေးကို သိ။

ဟို မျက်စိဖွင့်တာလည်း တွန်းတာပဲ၊ အထက်မျက်ခွံကို တွန်းလိုက်တာ အဲဒါတွန်းတာ ပဲ၊ အဲဒါ ဝါယောပဲ၊ တွန်းလိုက်မှမြင်တယ်၊ မျက်စိကမြင်တယ်၊ နားကတော့လည်း အပေါက်ကြီး ဆိုတော့ သူ့ထဲလာတိုး ကြားရော၊ အဲဒါလည်း တွန်းလို့ကြားတာပဲ၊ တွန်း တွန်းနေလို့၊ လူသေ ကောင်က တွန်း တွန်းနေတာမရှိတော့ဘူး၊ **‘ဝိတ္ထမ္ဘိတ လက္ခဏာ’** မရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



## အဲလို့ရှုရတာက လူမဟုတ်အောင်လို့ လူလို့မသိအောင်လို့ လူလို့သိရင် အဝိဇ္ဇာ

**'ပထဝီ'**ဆိုတဲ့ အခံလက္ခဏာပဲ ရှိတော့တယ်၊ အဲသလိုသိဖို့ **'လူ'**မဟုတ်အောင်၊ ထိုင်နေတာက **'ရုပ်'**၊ **'ဣရိယာပထရုပ်'**၊ အဲလို့ရှုရတာက လူမဟုတ်အောင်လို့ လူလို့မသိအောင်လို့ **'လူ'** လို့သိရင် အဝိဇ္ဇာ၊ ယောကျ်ား မိန်းမလို့သိရင် အဝိဇ္ဇာ၊ **'သူငါ'** လို့သိရင်လည်း အဝိဇ္ဇာပဲ၊ ဒိဋ္ဌိဖြစ်တာကိုး၊ အဲဒါကြောင့် သူငါလို့မသိအောင် မိန်းမယောကျ်ားလို့ မသိအောင်၊ ဒါမှ **'ဣန္ဒြိယသံဝရ'**။ မျက်စိဖြင့်မြင်ရင်လည်း မိန်းမတွေ ယောကျ်ားတွေတို့ လက်ခြေတို့ကိုမယူမှ **'ဣန္ဒြိယ သံဝရ'** ဖြစ်တယ်၊ အဲဒီ ဣန္ဒြေကိုစောင့်မှ **'ကာမေသုမိစ္ဆာစာရာ'** ကို မလုပ်တယ်၊ ဒုစရိုက်ကို မလုပ်ဘူး၊ ဒါမှ **'အရိယသစ္စာ'** ဖြစ်သွားတယ်။

ဒုစရိုက်မလုပ်မှ ဒိဋ္ဌိပြုတ်သွားတယ်၊ ဒုစရိုက် မလုပ်တာကိုပင် **'အရိယသစ္စာ'** လို့ ခေါ်တယ်၊ ဒုစရိုက်မလုပ်တော့ ငြိမ်းတာပေါ့၊ **'သန္တိငြိမ်ပေ့ မရွေ့ လက္ခဏာ'** ဒုစရိုက် မလုပ်တော့ ငြိမ်သွားတယ်၊ စိတ်ထဲမှာ **'ကာမေသု'** မလုပ်ဘူး။ **'သန္တိငြိမ်ပေ့မရွေ့လက္ခဏာ နိမိတ်မှာမရှိ'**၊ နိမိတ်မှာမရှိ အဲဒါက နိရောဓသစ္စာ၊ နိမိတ်ဆိုတာ မိန်းမတွေ ယောကျ်ားတွေ နိမိတ်မရှိလို့ **'ကာမေသု မိစ္ဆာစာရ'**ကို မကျူးလွန်တာပေါ့၊ မိန်းမ ယောကျ်ားရှိရင် **'ကာမေသု'** ကျင့်တယ်၊ ဒုစရိုက်ဖြစ်သွား တာပေါ့၊ အဲဒါ ပဋိစ္စသမုပ္ပါဒ်မှာ တဏှာ ဥပါဒါန် ကံ ဖြစ်သွားတယ်။ ဒါကြောင့် အဘိဇ္ဈာတို့ အဲဒီ **'အဘိဇ္ဈာ'** ရှိရင် **'ဒေါမနဿ'** စိတ်ဆိုးတယ်၊ **'အဘိဇ္ဈာ'**က လောဘက ကောင်းတယ်လို့ ထင်ရတယ်၊ အဲဒီ ကောင်းတယ်ထင် တာကြောင့် စိတ်ဆိုးတာ ဖြစ်ရတယ်၊ **'အဘိဇ္ဈာ'** မရှိမှ စိတ်ဆိုးတာမရှိတာ၊ မိန်းမယောကျ်ားရှိရင် ရာဂ ကောင်းတယ်၊ **'ကောင်းတယ်'**ဆိုတော့ စိတ်ဆိုး တာရှိလာတယ်၊ **'ကောင်းတယ်'**မရှိမှ စိတ်ဆိုးတာမရှိတာ၊ ကောင်းတယ်ဆိုတာက **'လောဘ'**၊ စိတ်ဆိုးတယ်ဆိုတာက **'ဒေါမနဿ'**၊ အဲဒါ **'ပါပက'** ခေါ်တယ်။

## အဲဒါကို အရိယသစ္စာန ဒဿနံ လို့ ခေါ်တယ်

မိန်းမတွေ ယောကျ်ားတွေ လက်ခြေတွေ ရှိလို့ ရှိရင် ဣန္ဒြေမစောင့်ဘူး၊ ဣန္ဒြေမစောင့်ရင် မိန်းမတွေ ယောကျ်ားတွေရှိတယ်၊ မိန်းမတွေ ယောကျ်ားတွေရှိရင် **'ကာမေသု'**ဆိုတဲ့ ဒုစရိုက် လုပ်တယ်၊ အဲဒီ ဒုစရိုက်မရှိဘူးဆိုမှ နိဗ္ဗာန်၊ ဒုစရိုက်က လောဘ ဒိဋ္ဌိ၊ ဒိဋ္ဌိရှိတာ ဒုစရိုက်ပေါ့၊ နိဗ္ဗာန်နဲ့ ဒုစရိုက်ကတော့ **'ဒုစရိုက်မလုပ် ဒိဋ္ဌိပြုတ်'**။ ကိုယ့်စိတ်ထဲကို **'ဒုစရိုက်'**မလုပ်နဲ့၊ အဘိဇ္ဈာ သွားလုပ်တာ ဒကာကြီးနဲ့ ဒကာမကြီးနဲ့ အဲလိုလုပ်တယ် အဘိဇ္ဈာ၊ အဲဒါ **'ကာမေသု'**၊ မျက်စိတွေ မမြင်မှ **'သန္တိငြိမ်ပေ့ မရွေ့ လက္ခဏာ နိမိတ်မှာမရှိ'** ဆိုတဲ့ဟာ နိဗ္ဗာန်ရဲ့လက္ခဏာ၊ သူက **'ဖြစ်ခြင်း ပျက်ခြင်း'** မရှိဘူး။သူ့အသက် သတ်တာ **'ဖြစ်ခြင်း ပျက်ခြင်း'** ရှိတယ်။ အဒိန္နာဒါနာ **'ဖြစ်ခြင်း**

www.burmeseclassic.com

www.burmeseclassic.com



**ပျက်ခြင်း'** ရှိတယ်။ ကာမေသု ဆိုတာက **'ဖြစ်ခြင်း ပျက်ခြင်း'** ရှိတယ်။ ဒုစရိုက်လုပ်ရင် **'ဖြစ်ခြင်း ပျက်ခြင်း'** ရှိတာပေါ့။ ဒုစရိုက်မလုပ်တော့ **'ဖြစ်ခြင်း ပျက်ခြင်း'** မရှိဘူး၊ ဒိဋ္ဌိပြုတ်သွားတယ်၊ အဲဒီ ဒိဋ္ဌိပြုတ် နေတယ်၊ ခု **'ကာမေသု'**လည်း မလုပ်၊ **'ပါဏာတိပါတာ'** လည်းမလုပ်၊ **'မုသာဝါဒ'**လည်းမလုပ် မပြော၊ အဲဒါကို ဒိဋ္ဌိပြုတ်နေတယ်၊ အဲဒီ ဒိဋ္ဌိပြုတ်တာထဲမှာ **'နိရောဓသစ္စာ'** ရှိနေတယ်၊ အဲဒါကို **'အရိယသစ္စာန ဒဿနံ'** လို့ခေါ်တယ်။

**'ဉာဏ်'** က အဲလောက်လေး ရောက်သွားမှ ငါတို့ လုပ်နေတာ တော်တော်တန်ဖိုး ရှိပါကလားဆိုတာ သိတယ်၊ အခုထိုင်နေတယ်၊ ဒုစရိုက်မလုပ်ဘူး၊ ဒုစရိုက်မလုပ်တော့ **'ငါ'** **'သူ'** မရှိဘူး၊ ဒိဋ္ဌိပြုတ်နေတယ်၊ အဲဒီ ဒိဋ္ဌိလည်းပြုတ်ရော ငြိမ်လည်း ငြိမ်သက်သွားတယ်၊ မရွှေ့လျားတော့ဘူး၊ မိန်းမတွေနိမိတ် ယောကျ်ားတွေနိမိတ် နိမိတ်လည်းမရှိတော့ဘူး၊ အဲဒါ **'နိရောဓသစ္စာ'**။ သမ္မာဒိဋ္ဌိက **'မဂ္ဂသစ္စာ'**၊ **'အရိယသစ္စာ'**ကို မြင်သွားတယ်၊ မြင်နေတယ်လို့မှတ်၊ မြင်သွားတယ်လို့ မမှတ်နဲ့၊ ဒါမှ **'အရိယသစ္စာန ဒဿနံ'** မင်္ဂလာသုတ်ရှိတယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြု-**'နိဗ္ဗာန သစ္ဆိကိရိယာ စ'**။ အဲဒီငြိမ်သက်တဲ့ ဒုစရိုက်မလုပ် ဒိဋ္ဌိပြုတ်နေတာလေး မျက်မှောက်ပြု။ ဒိဋ္ဌိပြုတ်တော့ သူငါလည်း ပြုတ်နေတော့ ကာမဂုဏ်လည်း မရှိဘူးပေါ့။

### နိဗ္ဗာန သစ္ဆိကိရိယာ စ-ဒုစရိုက် ပြုတ်တာကို မျက်မှောက်ပြု

ကာမဂုဏ်က ရှောင်လိုက်တာက **'ပြဟ္မစရိယဥ္စ'** ခေါ်တယ်၊ ကိလေ္လကို စောင့်လိုက်တာက **'အာရတီ ဝိရတီ'** က **'တပေါစ'** ခေါ်တယ်၊ ပြီးတော့မှ ဒိဋ္ဌိပြုတ်တာလေးက **'သူငါ'** ပြုတ်တာလေးက ငြိမ်သက်နေတယ်၊ အဲဒါကို **'အရိယသစ္စာန ဒဿနံ'**လို့ခေါ်တယ်၊ **'နိဗ္ဗာန သစ္ဆိကိရိယာ စ'**၊ ဒုစရိုက် ပြုတ်တာကို မျက်မှောက်ပြု၊ **'ငါ'**မလုပ် **'သူ'**မလုပ်။ တွန်းတာ တိုးတာလေးက**'ရုပ်'**၊ သိတာက **'နာမ်'**၊ **'နာမ်နဲ့ရုပ်'** ဆိုတော့ ငါမဟုတ် သူမဟုတ်၊ ငါမလုပ် သူမလုပ်တော့ ဒိဋ္ဌိပြုတ်။

### တွန်းတာလေးက သဘာဝလက္ခဏာ၊ မမြဲတာလေးက သာမည လက္ခဏာ

တွန်းတာလေးက **'သဘာဝလက္ခဏာ'**၊ မမြဲတာလေးက **'သာမညလက္ခဏာ'**၊ နိဗ္ဗာန်လေးက **'မြဲတဲ့ လက္ခဏာ'**၊ အဲဒီ **'တပေါစ'**ကိုကျင့်၊ အဲဒီမင်္ဂလသုတ်မှာ **'အရိယသစ္စာ'**ကိုရော မြင်ပြီးသား၊ **'နိဗ္ဗာန်'**ရော မျက်မှောက်ပြုပြီးသား၊ မင်္ဂလသုတ် ကြားလိုက်တာနဲ့ တစ်ဆယ့်နှစ်ကုဋေတရားရကုန်တယ်။ အရင်တုန်းက မင်္ဂလာက **'သုတမင်္ဂလာ'**၊ **'ဒိဋ္ဌမင်္ဂလာ'** မနက်စောစော ကောင်းတာမြင်ရ၊ ကောင်းတာကြားရရင် မင်္ဂလာရှိတယ်လို့ ဒီလိုယူတာ၊ **'မုတမင်္ဂလာ'**က ကောင်းကောင်းလေးစား၊ ကောင်းကောင်းလေးပျော် အဲဒီလို၊ အဲဒါကို မင်္ဂလာလို့ဆိုတော့ မင်္ဂလာကို မသိဘူး၊ မြတ်စွာဘုရားက မင်္ဂလာဟောလိုက်ကာမှ **'မင်္ဂလာ'** သိလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဣန္ဒြေကို မစောင့်တော့ အဘိဇ္ဈာ ဒေါမနဿ ဖြစ်တယ်တဲ့**

အခုဟောနေတာက **'တပေါစ'** ဆိုတဲ့ မင်္ဂလာ၊ **'ဗြဟ္မစရိယ'** မြတ်သောအကျင့်ကို ကျင့်တယ်ဆိုတာ မေထုန်ကို ရှောင်တာ၊ **'ကာမေသု'** မေထုန်က တစ်ခါတည်း **'သူငါ'** ရှိလို့ ပြင်းထန်တာ၊ **'သူငါ'** မရှိရင် မပြင်းထန်တော့ဘူး၊ အဲဒါ **'ဗြဟ္မစရိယ'**၊ သူငါမရှိတော့ မပြင်းထန်တော့ဘူး၊ **'ဗြဟ္မစရိယ'** ခေါ်တယ်၊ မေထုန်မှုကို ရှောင်လိုက်တာ **'ဗြဟ္မစရိယ'** ခေါ်တယ်။

မူးတယ်၊ အရိယာကျတော့ အရက်လည်း မသောက်တော့ဘူး။ အရက်သောက်တော့ မူးတယ်၊ ငါ့ ဘာထင်တုံးနဲ့ဆိုတာ **'လူထင်တယ်'**၊ မေ့သွားတော့ **'ငါထင်'**၊ **'သူထင်'** ဖြစ်သွားတယ်၊ အခုတော့ မမေ့တော့ **'ငါထင်'**၊ **'သူထင်'** မဖြစ်ဘူး၊ ပြီးတော့မနေ့ကပြောတဲ့ **'နာညတြ ဗောဇ္ဈာတပသာ'** နဲ့လည်း ကိုက်တယ်၊ **'ဣန္ဒြိယ သံဝရ'** ဣန္ဒြေကို စောင့်လိုက်တာနဲ့ပဲ၊ ဣန္ဒြေကို မစောင့်တော့ အဘိဇ္ဈာ ဒေါမနဿ ဖြစ်တယ်တဲ့။

**'စက္ခုန္ဒြိယံ အသံဝုတံ နေ့ဘိက္ခုံ ပါပကာ'**တဲ့၊ **'ပါပကာ'** ဆိုတာ ယုတ်မာတဲ့ မေထုန်တို့ ကာမဂုဏ်တို့ အဘိဇ္ဈာခေါ်တယ်၊ ဒေါမနဿက စိတ်ဆိုးတယ်၊ ဣန္ဒြေကို စောင့်လိုက်တာနဲ့ပဲ စိတ်မဆိုးတော့ဘူး၊ အဘိဇ္ဈာ မရှိတော့ဘူးဆိုတော့ **'ကာမေသု'**လည်း မရှိတော့ဘူး၊ အဲဒါဣန္ဒြိယ သံဝရသီလနဲ့ လောဘမရှိတာကိုး။ **'တပေါစ'** မင်္ဂလာနဲ့ **'ဣန္ဒြိယသံဝရသီလ'** နဲ့ တစ်ခါတည်း နိဗ္ဗာန်ကို၊ မင်္ဂလသုတ်က **'နိဗ္ဗာန သစ္ဆိကိရိယာ စ'** တဲ့၊ **'သန့်ငြိမ်ပေ မရွေ့လက္ခဏာ၊ နိမိတ်မှာ မရှိ နိဗ္ဗာန်၏ မျက်မှောက်သိ လက္ခဏာ'၊ 'သန့်ငြိမ်ပေ မရွေ့လက္ခဏာ နိမိတ်မှာမရှိ'၊ 'နိမိတ်'** မရှိတယ်ဆိုတာ ယောက်ျားနိမိတ်၊ ယောက်ျား မိန်းမဆိုတာက **'နိမိတ်ကြီး'** ခေါ်တယ်၊ ဒါက ရာဂဖြစ်ဖို့ မိန်းမတွေ သဏ္ဌာန်တို့ ဘာတို့ ဒါကလည်း ရာဂ ဖြစ်ဖို့ **'နိမိတ်'**၊ အဲလို **'နိမိတ်'**မရှိဘူး ဆိုတော့ **'ဣန္ဒြိယသံဝရသီလနဲ့ နိဗ္ဗာန်နဲ့'** က မညီညွတ်ဘူးလား မကိုက်ဘူးလား၊ အဲလို **'ဉာဏ်'**က ထုတ်ပေးရတယ်၊ သူတကာတွေ ကတော့ ဟိုပြော ဒီပြော ပြောမှာပဲ၊ ပြောပေမယ့် ပြောတာ မယူနဲ့၊ မငြင်းလည်း မငြင်းနဲ့အုံး၊ နောက်ကျမှ နားလည်မှ အဲဒီဟာမျိုးက ရှင်းတယ်၊ နားလည်မှ ရှင်းတယ် နားမလည်ရင် မရှင်းဘူး။

**'စက္ခုနာရူပံဒိသွာ နနိမိတ္တဂ္ဂါဟီ ဟောတိ၊ နာနုဗျဉ္ဇနဂ္ဂါဟီ ယတွာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟာရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာဓမ္မာ အန္ဝာဿဝေယျုံ'**၊ အဲဒါ **'ပါပက'** ဖြစ်သွားတယ်တဲ့၊ **'စက္ခုန္ဒြေ'**ကို မစောင့်စည်းလိုက်တာ၊ **'နေ့ ဘိက္ခုံ'** တင်မဟုတ်ပါဘူး။ **'နေ့က္ကတ္တိ၊ နေ့ပုရိသံ'** အဲဒီယောက်ျားတွေကလည်း **'ပါပကတွေ'** ဖြစ်သွားတယ်တဲ့၊ ယုတ်ညံ့သွားတယ်၊ မျက်စိနဲ့မြင်လိုက်လို့ ယောက်ျားတွေ မိန်းမတွေလို့ မြင်လိုက်ရင်ကိုပဲ **'ပါပကာ'** ဖြစ်သွားတယ်တဲ့၊ **'အဘိဇ္ဈာ ဒေါမနဿ'** ဖြစ်သွားတယ်တဲ့၊ အဲဒါ **'ဣန္ဒြိယ သံဝရသီလ'**

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဓမ္မာနုပဿနာက **'စက္ခုဥ္စ ပဇာနာတိ'** နဲ့ဆိုရတာ၊ **'သန္တိငြိမ်ပေ့ မရွေ့ လက္ခဏာ'**၊ မရွေ့တာက **'အစ္စုတိရသံ'**၊ သန္တိက **'လက္ခဏာ'**၊ ငြိမ်သက်တာ သန္တိ၊ ငြိမ်သက်သောတဲ့၊ ကိုယ်ကြီးလှုပ်တယ်ဆိုတာက ရွေ့လို့လှုပ်တာ၊ အဲဒါ ဝါယောရဲ့ **'ဝိတ္ထမ္ဘိတ လက္ခဏာ'၊** ရွေ့တယ်ဆိုတာ **'သမုဒီရဏ ရသော'**၊ **'သမုဒီရဏ ရသော** - ရွေ့တဲ့ကိစ္စ'။ အဲဒါ**'ဝါယော'**ရဲ့ကိစ္စ၊ **'ဝါယော'**မှာ လှုပ်တဲ့ကိစ္စရှိတယ်၊ တွန်းတဲ့ လက္ခဏာရှိတယ်၊ အဲဒါ **'သဘာဝ လက္ခဏာ'**၊ **'အနိစ္စ လက္ခဏာ'**၊ အနိစ္စဖြစ်သွားပြီဆို **'ဝါယော'** မရှိတော့ဘူး၊ အဲဒါမှ **'အနိမိတ္တ'** ဖြစ်သွားတယ်၊ ငြိမ်တဲ့လက္ခဏာဖြစ်သွားတယ်၊ **'ဝါယော'**သိတာက **'ဒုက္ခသစ္စာ'**သိတာ။ တွန်းတာ တိုးတာ သိတာက **'ဒုက္ခသစ္စာ'** သိတာ၊ ဒါကြောင့် **'အရိယသစ္စာန ဒဿနံ'**၊ အဲဒါအကောင်းဆုံးလို့ **'ဧတံမင်္ဂလမုတ္တမံ'**၊ **'ဥတ္တမံ'** မြတ်တာပေါ့၊ မင်္ဂလာက အကောင်းဆုံး၊ နှာခေါင်းလေးနားမှာ တွန်းရှုတယ်၊ တွန်းတယ် တွန်းတယ်၊ အဲဒါ **'ဝါယော'**၊ **'သဘာဝ လက္ခဏာ'**။

**'သာမည လက္ခဏာ'**၊ သူက အနိစ္စနဲ့ **'အနိစ္စ'**ကို သာမညခေါ် တယ်၊ **'အနိစ္စ ဒုက္ခ အနတ္တ'** ကို ဒီ့ပြင်ဟာတွေ ဘယ်ဟာလာလာသိတယ်၊ သမုဒ္ဒရာရေလိုပေါ့၊ သမုဒ္ဒရာ ဘယ်မြစ်ကစီးစီး သမုဒ္ဒရာထဲ ရောက်တော့ အငန်တွေဖြစ်သွားတယ်၊ အဲလိုအငန်တွေ ဖြစ်သွားတယ်၊ ဘယ်နေရာကရောက် ရောက် **'ကိလေသာ'** လွတ်တာပဲ၊ **'ကိလေသာ'** ကသာ လွတ်အောင်လုပ်၊ ဒါ **'ဝိမုတ္တိ'**ပဲ။**'ကိလေသာ'**က မလွတ်ဘူးဆိုရင်တော့ **'ဝိမုတ္တိ'** မဟုတ်ဘူး။

## ဣန္ဒြေကိုစောင့်မှ ကိလေသာလွတ်တယ်

**'ဝိမုတ္တိအရသာ'** ဆိုစမ်း (ဝိမုတ္တိ အရသာ)၊ **'ဝိမုတ္တိအရသာ'**ဆိုတာ **'ကိလေသာ'**တို့မှ လွတ်တာကိုခေါ်တယ်။ **'ခန္ဓာ'**မှလွတ်တာကိုလည်း ခေါ်တာပေါ့၊ မြတ်စွာဘုရားတို့ဆို **'နောက်ဆုံးပိတ်ခန္ဓာ'** မှလွတ်တာ၊ အခုတော့ **'ကိလေသာ'**မှလွတ်တာ၊ **'ကိလေသာ'** မှ လွတ်တယ်ဆိုတာကလည်း **'ဣန္ဒြေ'** စောင့်တာကလည်း **'ဝါယော'**ကိုသိမှ၊ မျက်ခုံးလေးပင့်လိုက်ရင် **'ဝါယော'**ကလှုပ်ပြီ၊ **'ဝါယော'** က တွန်းလိုက်တော့ မျက်ခွံကြီးကို အထက်တွန်းလိုက်တာ ပွင့်သွားတယ်၊ အဲတော့မှ မြင်တာ၊ **'ဝါယော'** ကအစ၊ **'မြင်တာ'**က နောက်။ ဒါကြောင့် တွန်းတယ် တွန်းတယ်ကို ဂရုစိုက်၊ ခြေလှမ်းလှမ်းတာလည်း တွန်းတာပဲ၊ အဝတ်လျှော်တာလည်း တွန်းတာပဲ၊ အဲဒါ**'လူတွေ'**ချည်းမှတ်နေတယ်၊ စင်စစ်**'ဝါယော'**၊ **'ဝါယော'** မရှိဘဲနဲ့ **'လူ'**မရှိဘူး။

**'ဝါယောကိုသာ မမေ့ပါ '**၊ **'လူ'**မရှိတော့ဘူး၊ **'ဝါယော'** ပဲရှိတော့တယ်၊ လက်လှုပ်တာတွေ **'ဝါယော'**ပဲ၊ လှုပ်တာပဲရှိတော့တယ်၊ လက်တွေမပါဘူး၊ လက်တွေက ဣန္ဒြိယသံဝရထဲက လက်ခြေက **'နိမိတ်'**၊ **'လက်ခြေဆိုတာ နိမိတ်ငယ်'**၊ အဲဒါ **'တွယ်ဖို့မဟုတ် သိဖို့အလုပ်'** အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



**'ငါ့'**လက် **'ငါ့'**ခြေလို့ တွယ်မထားနဲ့။ တွယ်ထားလို့ရှိရင် **'ငါ့'**လက်ကြီး ပြတ်သွားပြီဆို လက်တိုကြီးနဲ့ ဝမ်းနည်းပြီးငိုရော၊ လက်က **'ငါ့'** လက်မှ မဟုတ်ဘဲနဲ့၊ **'ပထဝီ'** ကိုး။ **'အာပေါ'** တို့ကြောင့် လက်ကြီးဖြစ်သွားတာ၊ **'အာပေါ'** ကြောင့် လက်ကြီးဖြစ်တော့မှ **'ဝါယော'** ကြောင့် လှုပ်တာ ဖြစ်တာ၊ အဲဒါ လက်လှုပ်နိုင်တယ် ဖြစ်သွားတယ်။

**'ပထဝီ'** မုန့်မှုန့်၊ **'အာပေါ'** က ရေနဲ့ဖျန်း လက်ကြီးလို ဖြစ်သွားပြီးတော့ **'တေဇော'**က ခြောက်အောင်လုပ်ပြီးတော့မှ၊ **'ဝါယော'** ကလှုပ်၊ လက်ကြီးတွေ ဘာကြီးတွေ မထားနဲ့၊ မျက်စိ **'စက္ခုန္ဒြေ'** ကိုစောင့်လိုက်တယ်ဆိုရင် အဲဒီလက်ကြီးတွေ ခေါင်းကြီးတွေ ရှိသေးလား (မရှိတော့ပါဘူးဘုရား)။ အေး အဲသလို **'စက္ခုန္ဒြေ'** စောင့်သလို နေရတယ်၊ **'စက္ခုန္ဒြေ စောင့်သလိုနေ'။** အဲဒါ **'ဉာဏ်'** မဟုတ်ဘူးလား၊ ဘာမှမခက်ဘူး၊ **'စက္ခုန္ဒြေ'** စောင့်သလိုနေလိုက်တော့ ခေါင်းတွေ ခြေတွေ လက်တွေမရှိတော့ဘူး၊ တစ်ခါတည်း နိဗ္ဗာန်တောင် ရောက်သွားလိုက်သေးတယ်။ ခေါင်းတွေ ခြေတွေ လက်တွေမရှိတော့ တစ်ခါတည်း လောဘ ဒေါသမရှိတော့ဘူးလေ၊ **'အဘိဇ္ဈာ ဒေါမနဿတွေ'** လည်း မလိုက်တော့ဘူး၊ **'သန္တိလက္ခဏာ'** လည်း ရောက်သွားတယ်။

ခေါင်းတွေ ခြေတွေ လက်တွေမရှိတော့ စိတ်ထဲက ဘယ်သူ့လိုချင်ပါတယ်၊ ဘယ်ဝို့ လိုချင်ပါတယ်နဲ့ မရှိတော့ဘူး၊ **'စက္ခုန္ဒြေ'**ရဲ့အလုပ်၊ ခေါင်းတွေ ခြေတွေ လက်တွေရှိတာ ဘာပြုလို့ရှိတုံး-**'စက္ခုန္ဒြေ'**မစောင့်စည်းလို့၊ ခေါင်းတွေ ခြေတွေ လက်တွေရှိတာ ဘာပြုလို့ ရှိတုံး (စက္ခုန္ဒြေမစောင့်စည်းလို့ပါဘုရား)။ ဒီက **'စက္ခုန္ဒြေ'** စောင့်လိုက်တာ မိန်းမတွေ ယောကျ်ားတွေ တောင် မရှိတော့ဘူး။ **'စက္ခုန္ဒြေသာ စောင့်လိုက်ပါ'**၊ ကဲ မိန်းမတွေ ယောကျ်ားတွေရှိနေတာ ဘာပြုလို့ရှိတုံး (စက္ခုန္ဒြေကို မစောင့်လို့ပါဘုရား)။

**တပေါစကိုကြံရင် ဝိစိကိစ္ဆာမဖြစ်**

**'တပေါစ-** ဣန္ဒြေတို့ကို ခြိုးခြံစွာ ကျင့်ရခြင်းသည်လည်းကောင်း' ဆိုတော့ ဟော **'စက္ခုန္ဒြေ'** လည်းစောင့်ရော မိန်းမတွေ ယောကျ်ားတွေမရှိတော့ဘူး၊ မိန်းမတွေ ယောကျ်ားတွေ မရှိတော့၊ ဟော **'ကာမေသုမိစ္ဆာ'**က ရှိအုံးမလား (မရှိတော့ပါဘူးဘုရား)။ ကဲ ဒိဋ္ဌိမပြုတ်ဘူးလား (ပြုတ်ပါတယ်ဘုရား)။ အဲဒီဟာ **'နိဗ္ဗာန်'** ရောက်သွားတာပေါ့၊ ဒါ **'သန္တိ လက္ခဏာ'** ဖြစ်သွားတယ်၊ ဒါကြောင့် ဣန္ဒြေစောင့်တာ **'တပေါစလေး'** နဲ့ ရှေ့ဆုံးကနိဗ္ဗာန်ရောက်တယ်၊ အခု နိဗ္ဗာန်ရောက် အောင်က မကြံတတ်လို့ ပြောပေးရတယ်၊ ခုကြံတတ်ပြီလား (ကြံတတ်ပါပြီဘုရား)၊ **'တပေါစ'** သာကြံလိုက်၊ အရင်တုန်းက ခက်မနေဘူးလား (ခက်ပါတယ်ဘုရား)။ အေး ခက်နေတယ်၊ မခက်နဲ့။ ခက်ရင်ကြံတော့ **'ဝိစိကိစ္ဆာ'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ အဲ ဒိဋ္ဌိဖြစ်လို့ **'ဝိစိကိစ္ဆာ'**

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာ၊ ဒိဋ္ဌိမဖြစ်လို့ရှိရင် ဘယ်ဟာမှ **'ဝိစိကိစ္ဆာ'**မဖြစ်ဘူး၊ **'ဝိစိကိစ္ဆာ'**ဆိုတာ မဝေခွဲနိုင်ဘူး၊ **'နိဗ္ဗာန်'**ဆိုတာ ဘယ်လိုဟာ၊ **'အရိယသစ္စာ'**ဆိုတာ ဘယ်လိုဟာ၊ အခုဝေခွဲတတ်ပြီလား (ဝေခွဲတတ်ပါပြီဘုရား)။ အဲလို ဝေခွဲတတ်မှ **'ဝိစိကိစ္ဆာ'** မရှိတာ၊ မဝေခွဲတတ်ရင် **'ဝိစိကိစ္ဆာ'** ရှိတယ်၊ မိန်းမတွေ ယောကျ်ားတွေမှ ဟုတ်လေသလား မဟုတ်လေသလားတဲ့၊ ကဲ မိန်းမတွေ ယောကျ်ားတွေကို ဘယ်လိုဆိုတယ် (ဟုတ်လေသလား၊ မဟုတ်လေသလားပါဘုရား)။ အဲဒါ ဘယ်သူတုံး **'ဝိစိကိစ္ဆာ'**၊ အခု **'ဝိစိကိစ္ဆာ'** မရှိဘူးဆိုတော့ မိန်းမတွေ ယောကျ်ားတွေဆိုတာ ရှိသေးလား (မရှိတော့ပါဘူးဘုရား )။ မိန်းမတွေ ယောကျ်ားတွေရှိတာ ဘယ်သူ့အလုပ်တုံး ဆိုတော့ **'စက္ခုန္ဒြေ'**ကို မစောင့်စည်းတဲ့အလုပ်၊ **'စက္ခုန္ဒြေ'** ကိုလည်း စောင့်စည်းလိုက်ပြီ၊ ခုတော့ **'မနိန္ဒြေ'** ကိုလည်း စောင့်စည်းလိုက်ပြီ၊ **'မနိန္ဒြေ'** ဆိုတာ ဝမ်းထဲကမနောကိုပြောတာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ အဲဒီ **'မနိန္ဒြေ'**ကိုလည်း စောင့်စည်းလိုက်ပြီ၊ ဘယ်နှယ့်လုပ် ရာဂ ဒေါသ ဖြစ်အုံးမတုံး (မဖြစ်တော့ပါဘူးဘုရား )။

**စက္ခုန္ဒြေစောင့်စည်းလိုက်တော့ မနိန္ဒြေကလည်း နိမိတ်ကြီး နိမိတ်ငယ် မရှိတော့ဘူး**

အေး အဲဒီလို **'ဉာဏ်'**က ခွဲလည်း ခွဲတတ်ရတယ်၊ ဝေလည်း ဝေဖန်တတ်ရတယ်၊ သူတကာလည်း လိုလားတဲ့သူမှ ပြောရတယ်၊ မလိုလားတဲ့သူပြောရင် ငြင်းတတ်တယ်၊ ငြင်းတော့ ဝိစိကိစ္ဆာတွေ ဝိဝါဒတွေ ဒေါသလောဘတွေဖြစ်သွားတတ်တယ် ဂရုစိုက်။ **'စက္ခုန္ဒြေ'** သာ စောင့်စည်းလိုက်၊ **'ဣန္ဒြေ'**စောင့်စည်းလိုက်၊ **'မနိန္ဒြေ'** ကလည်း စက္ခုန္ဒြေစောင့်စည်း လိုက်တော့ နိမိတ်ကြီး နိမိတ်ငယ် အဲဒါမရှိဘူး၊ **'နိမိတ်ကြီး'**ဆိုတာ မိန်းမတွေ ယောကျ်ားတွေလို့ ခေါ်တဲ့ အခေါ်၊ **'နိမိတ်ငယ်'** ဆိုတာ လက်ခြေသဏ္ဌာန် ရင်ခေါင်းတို့ ဝမ်းဗိုက်တို့ ခေါင်းတို့ ခြေထောက်တို့ အဲဒါတွေပေါ့၊ အဲဒါ နိမိတ်ငယ်-ကိလေသာ။ သူ့ကြည့်ရင်လည်း **'ကိလေသာ'** ဖြစ်တတ်တယ်။ မိန်းမတွေက ယောကျ်ားတွေကြည့် သန်သန်မာမာကြီးဆို **'ကိလေသာ'** ဖြစ်တတ်တယ်၊ အဲလို မကြည့်နဲ့ **'စက္ခုန္ဒြေ'** ကိုစောင့်၊ **'မနိန္ဒြေ'** ကိုစောင့်၊ **'စက္ခုန္ဒြေ'**ကို မစောင့်ရင်တော့ အဘိဇ္ဈာ ဒေါမနဿက ဖြစ်တာပဲ၊ အဘိဇ္ဈာ ဒေါမနဿဆိုတာက လောဘနဲ့ဒေါသကိုခေါ်တယ်။ ကာမေသုတို့ စိတ်ဆိုးတာတို့ စိတ်တိုတာတို့။ **'တပေါစ**- ဣန္ဒြေတို့ကိုခြိုးခြံစွာကျင့်ရခြင်းသည် လည်းကောင်း၊ **ဗြဟ္မစရိယဉ္စ**- မြတ်သော အကျင့်ကိုကျင့်ရခြင်းသည်လည်းကောင်း၊ မြတ်သော အကျင့်ကျင့်တယ်ဆိုတာ ကာမေသု မလုပ်တာကိုခေါ်တယ်။ **အရိယသစ္စာနဒဿနံ**- အရိယာတို့သိအပ်သော သစ္စာကို သိရခြင်းသည်လည်းကောင်း၊ **နိဗ္ဗာန သစ္ဆိကိရိယာ စ**-နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည်လည်းကောင်း'။

www.burmeseclassic.com

www.burmeseclassic.com



**'ဣန္ဒြေ'**ကိုစောင့်လိုက်တော့ ဘာဖြစ်သွားတုံး၊ **'ပြဟ္မစရိယဥ္စ'** မြတ်သောအကျင့်ဖြစ်သွားတယ်၊ ဣန္ဒြေကိုစောင့်လိုက်တော့ ဘာဖြစ်သွားတုံး (ပြဟ္မစရိယဥ္စ မြတ်သောအကျင့်ဖြစ်သွားပါတယ်)။ မြတ်သောအကျင့် ကျင့်လိုက်တော့ ဘယ်လိုဖြစ်သွားတုံး၊ **'အရိယသစ္စာ'**ကို သိမြင်သွားတယ်၊ **'အရိယသစ္စာ'** ကိုသိတော့ဘာဖြစ်တုံး (နိဗ္ဗာန်ကိုရောက်သွားပါတယ်ဘုရား)။ အေး **'နိဗ္ဗာန်'**ဆိုတာ ဘယ်လိုဟာတုံး **'သန္တိငြိမ်ပေ့'**၊ အေး နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် လည်းကောင်းတဲ့။ **'တပေါစ'** ကတစ်ခု၊ **'ပြဟ္မစရိယဥ္စ'** ကတစ်ခု၊ **'အရိယသစ္စာနဒဿနံ'** ကတစ်ခု၊ **'နိဗ္ဗာနသစ္ဆိကိရိယာ'** ကတစ်ခု၊ အဲဒီလေးခု တစ်ခါတည်းသိသွားတယ်။ ဒါကြောင့်မျက်စိနဲ့ မြင်လို့ ရှိရင် မိန်းမတွေ ယောကျ်ားတွေလို့မယူနဲ့၊ **'မြင်တာနဲ့ မယူတာနဲ့'**၊ **'မြင်တာနဲ့ ယူတာနဲ့'**၊ နင်တို့ စိတ်ထဲဘယ်လိုနေတုံးကွဲရဲ့လား၊ **'မြင်ပေမယ့် မယူဘူး'** ဆိုလိုက်စမ်း (မြင်ပေမယ့်မယူဘူး)။

မြင်ရင်ယူတယ်၊ မြင်ရင်ယူတာ ဘယ်သူတုံး-ပုထုဇဉ်၊ မြင်ရင်ယူတာ ဘယ်သူတုံး (ပုထုဇဉ်ပါဘုရား)။ မကြားဖူးတဲ့သူကို **'အသုတဝါ ပုထုဇနော'** ခေါ်တယ်၊ မြင်တာနဲ့ ယူတာ တူသလား (မတူပါဘူးဘုရား)။ မျက်စိက ဘာလုပ်တတ်တုံး (မြင်တတ်ပါတယ်ဘုရား)။ မြင်တဲ့ သဘောရှိတယ်၊ ဒိဋ္ဌိက ဘယ်လိုသဘောရှိတုံး (ယူတဲ့သဘောရှိပါတယ်ဘုရား)။ **'ငါသူ'**လို့ ယူတဲ့သဘောရှိတာ ဘယ်သူတုံး (ဒိဋ္ဌိပါဘုရား)။ ဒိဋ္ဌိကဘယ်မတုံး၊ **'ဒိဋ္ဌိ'**က မနောမှာ၊ **'မနော'**က ယူတာ၊ ဒိဋ္ဌိက မျက်စိကယူသလား၊ မနောကယူသလား (မနောကယူတာပါဘုရား)။

**'မနော'**က မယူလို့ရှိရင် ဒိဋ္ဌိရှိသေးလား၊ အဲလို **'ဉာဏ်'**ကလည်း ကွဲရသေးတယ်၊ **'ဉာဏ်'**က မကွဲလို့ရှိရင် ဒီတိုင်းဒီတိုင်းပဲ၊ နလပိန်းတုံး သစ်တုံးကြီးလို ဖြစ်နေတာ၊ **'ဓမ္မဝိစယသမ္ဗောဇ္ဈင်'**။ မြတ်စွာဘုရားက ဗောဇ္ဈင်အကျင့် ကျင့်ပါလို့ဆိုတာ **'ဓမ္မဝိစယသမ္ဗောဇ္ဈင်'**လည်း မလုပ်တတ် မကိုင်တတ်။ လုပ်တတ်ပေမယ့် မလုပ်ဘူး၊ ဒီလိုပဲ မြင်နေတဲ့ဟာပဲ ယောကျ်ားတွေ မိန်းမတွေလို့ပဲ ခေါ်နေတာပဲ ကိုယ်ရေ မောင်ရေနဲ့၊ တစ်နေ့လာလည်း ကိုယ်ရေ မောင်ရေနဲ့ ပြီးနေတော့ အဲဒါပဲ အမှတ်ရတယ်၊ ဒီပြင့်အရေးကြီးတာတော့ အမှတ်မရဘူး၊ ကဲ သေတော့ ကိုယ်ရေ မောင်ရေက ကယ်နိုင်သေးလား (မကယ်နိုင်ပါဘူးဘုရား)။ သူ့လမ်းသူသွား ကိုယ့်လမ်း ကိုယ်သွားဆိုတော့ ဒီက**'နိဗ္ဗာန သစ္ဆိကိရိယာ စ'** က ဘယ်သွားမတုံး၊ ဘယ်မှမသွားဘူး အဘိဇ္ဈာ ဒေါမနဿမှ မဖြစ်ဘဲနဲ့ ချုပ်ငြိမ်းသွားတယ်၊ အဘိဇ္ဈာ ဒေါမနဿ ဖြစ်သေးလား (မဖြစ်တော့ ပါဘူးဘုရား)။ **'အဘိဇ္ဈာ ဒေါမနဿ'** က ဘယ်မှာဖြစ်တုံး-လူမှာ ယောကျ်ား မိန်းမမှာဖြစ်တယ်။ **'အဘိဇ္ဈာ ဒေါမနဿ'** မဖြစ်တော့ လူရယ် ယောကျ်ားရယ် မိန်းမရယ် ရှိသေးလား (မရှိတော့ ပါဘူးဘုရား)။ **'စက္ခုနာရူပံဒိသွာ နနိမိတ္တဂ္ဂါဟီ ဟောတိ၊ နာနုဗျဥ္ဇနဂ္ဂါဟီ ယတွာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာဓမ္မာ အန္ဝာဿဝေယျုံ၊**

www.burmeseclassic.com

www.burmeseclassic.com



**တသသံဝရာ ပဋိပဇ္ဇတိ ရက္ခတိ စက္ခုန္ဒြိယံ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ'၊** အဲဒီ **'အဘိဇ္ဈာ ဒေါမနဿ'** မဖြစ်တာကို ခေါ်တယ်တဲ့ဗျာ၊ အဲဒါ **'ဣန္ဒြိယသံဝရသီလ'၊** အခု **'အဘိဇ္ဈာ ဒေါမနဿ'** ဖြစ်သလား (မဖြစ်ပါဘူး ဘုရား)။ **'အဘိဇ္ဈာ ဒေါမနဿ'** မဖြစ်တာ ဘာလို့မဖြစ်တုံး၊ ဣန္ဒြေကို စောင့်လို့၊ ပြောတတ်ရတယ် ဆိုတတ်ရတယ်။

**ဣန္ဒြေသာမစောင့်ပါ သူ့မှာ အဘိဇ္ဈာဒေါမနဿ ဖြစ်သတည်း။**

**ဣန္ဒြေကိုသာစောင့်လိုက်ပါ အဘိဇ္ဈာဒေါမနဿ မဖြစ်သတည်း။**

**'အဘိဇ္ဈာ ဒေါမနဿ'**ဆိုတာ ဣန္ဒြေမစောင့်လို့ ဖြစ်တာတဲ့။ **'ဣန္ဒြေ'**ဆိုတာ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ အဲဒီ **'ဣန္ဒြေ'**က ဒကာမကြီးတို့လား ဣန္ဒြေလား (ဣန္ဒြေပါဘုရား)။ **'ဣန္ဒြေ'**ကို ငါလုပ်လို့ ယောကျ်ား မိန်းမလုပ်လို့ စင်စစ် ဣန္ဒြေဟာ ဣန္ဒြေပဲ၊ **'ဣန္ဒြေ'** အတိုင်းပဲ ထားလိုက်လို့ရှိရင် ဒကာမကြီးတို့ နိဗ္ဗာန်မရောက်ဘူးလား ရောက်သလား (ရောက်ပါတယ် ဘုရား)။ **'မြင်'** မြင်တဲ့အတိုင်း၊ **'ဣန္ဒြေ'**ကို ဣန္ဒြေအတိုင်း ထားလိုက်လို့ရှိရင် မိန်းမ ယောကျ်ား ရော ရှိသေးသလား (မရှိတော့ပါဘူးဘုရား)။

**ဣန္ဒြေအတိုင်းသာ ထားလိုက်ပါ သူဟာ နိဗ္ဗာန်ရောက်သတည်း။**

**ဉာဏ်ကလည်း မထုတ်တော့ ကံက မပြုတ်တော့ဘူးပေါ့**

ကဲ အဲလိုဆိုတော့ လွယ်မသွားဘူးလား။ အဲလို **'ဉာဏ်'**က ထုတ်ပါမှပေါ့၊ **'ဉာဏ်'**က လည်း မထုတ်တော့ **'ကံ'**က မပြုတ်တော့ဘူးပေါ့၊ 'ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကိုပျောက်ပါစေခြင်း'ဆိုတာ ခုပျောက်သွားတာပေါ့။ **'ဣန္ဒြေ'**စောင့် လိုက်တာ **'သူငါတွေ'** ရှိသေးလား (မရှိတော့ပါဘူးဘုရား)။

**ဣန္ဒြေခြောက်ပါးသာ စောင့်လိုက်ပါ သူ့မှာ အဘိဇ္ဈာ မရှိသတည်း။**

ဣန္ဒြေခြောက်ပါး စောင့်လိုက်တဲ့အခါကျတော့ သူ့မှာ ယောကျ်ားတွေ မိန်းမတွေ ကျောင်းကြီးတွေ အိမ်ကြီးတွေ ငွေတွေ ရွှေတွေရောရှိသလား (မရှိတော့ပါဘုရား)၊ အေး အဲဒါ **'ဣန္ဒြေ'** ကို မစောင့်စည်းတဲ့ အပြစ်က ကြီးကျယ်တယ်တဲ့၊ **'နိဗ္ဗာန်'** နဲ့လည်း တော်တော်ဝေးတယ်၊ **'ဣန္ဒြေ'** စောင့်လိုက်တာနဲ့ပဲ တစ်ခါတည်း **'နိဗ္ဗာန်'** နဲ့ နီးကြောင်းကို ဘယ်ပါဠိက ပြသတုံးဆိုရင် **'တပေါစ'** ဆိုတဲ့ မင်္ဂလသုတ်က ပြတယ်လို့ အဲလိုမှတ်ထား။ အင်း သို့မဟုတ်လို့ရှိရင် ဘာမှန်း လည်း မသိ ညာမှန်းမသိ ဖြစ်တတ်တယ်၊ ကဲ တော်ကြဦးစို့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



# " မိလိန္ဒပဥှာတရားတော် "

၁၂. ၉. ၂၀၀၈

## ဒွါရ ခြောက်ပါးမှာ စိတ်ရှိတယ်

ဒွါရ ခြောက်ပါးမှာ စိတ်ရှိတယ်။ ဒွါရ ခြောက်ပါးက နေရာခြောက်ခု၊ စိတ်ကကြားတဲ့အခါမှာ သောတဝိညာဏ်စိတ်၊ မြင်တဲ့အခါမှာ စက္ခုဝိညာဏ်စိတ်၊ တစ်ခုဖြစ်နေတဲ့အခါမှာ ဒီ့ပြင်ဟာတွေ မဖြစ်ဘူး ။ ခြောက်ခုလှည့်ဖြစ်နေတယ်။ မနောနဲ့တိုက်မှ မနောဝိညာဏ် ဖြစ်တယ်။ ဓမ္မာရုံနဲ့တိုက်မှ မနောဝိညာဏ်ဖြစ်တယ်။ အသံနဲ့တိုက်မှ သောတဝိညာဏ် ဖြစ်တယ်။ နှာခေါင်းနဲ့ တိုက်မှ ဃာနဝိညာဏ်ဖြစ်တယ်။

**'စိတ္တံနိယမေ ဆသုဒွါရေသု'၊ 'ဆသုဒွါရေသု**-ခြောက်ပါးသောဒွါရတို့၌၊ **စိတ္တံ**- စိတ်သည်၊ **နိယမေ**-အာရုံအားဖြင့်ဖြစ်၏၊ အာရုံအားလျော်စွာဖြစ်၏**'** အဲ့ဒါလှည့်ဖြစ်နေတယ်။ ကြားနေတုန်းကြားတာဖြစ်တယ်။ ပြီး ပျက်သွားတယ်။

## ကိလေသာဖြစ်တဲ့ ဒွါရကို ဝိပဿနာက သတ်တယ်

**'ကိလေသာ တတ္ထ လဂ္ဂါစေ'** တဲ့၊ **တတ္ထ** - ထိုဒွါရခြောက်ပါးတို့တွင် တစ်ပါးပါး၌၊ **ကိလေသာ** - ကိလေသာတို့သည်၊ **လဂ္ဂါ** - ငြိကပ်ကုန်သည်၊ **စေဟောန္တိ** - အကယ်၍ ဖြစ်ကုန်ငြားအံ့**'**၊ အဲ့ဒီ ဒွါရခြောက်ပါးမှာ ဘယ်နေရာ ကိလေသာက ငြိသတုံး၊ အဲ့ဒါ ဂရုစိုက်။ အဲ့ဒီ ငြိတဲ့နေရာကို ဝိပဿနာက **'ဟန္တဝတေ-**ကိလေသာ သတ်တဲ့အကျင့်**'** ကျင့်ရတယ်။ ကိလေသာ သတ်တဲ့အကျင့်ကျင့်တာ။ ကိလေသာလုပ်တဲ့အကျင့် မကျင့်ရဘူး။

သတ်တဲ့အကျင့်က ကျင့်တာက **'ဝိပဿနာ'**၊ ကိလေသာဖြစ်တဲ့အကျင့် ကျင့်တာ မဟုတ်ဘူး။ သတ်တဲ့အကျင့် ကျင့်တာ။ **'ဟန္တဝတေ'** တဲ့။ **'ကိလေသာ'** ဖြစ်တဲ့ **'ဒွါရ'**ကို **'ဝိပဿနာ'** က သတ်တယ်တဲ့ ။ မိလိန္ဒမင်းကြီးကမေးတော့ 'အရှင်မင်းကြီး၊ ပင့်ကူအိမ်လိုပဲ'တဲ့။ ပင့်ကူအိမ် ပင့်ကူကအမျှင်တွေ ထုတ်ထားတယ်။ သူက တစ်နေရာရာနေတယ်။ လှုပ်ပြီဆိုရင် အဲ့ဒီနားမှာ ခြင်လေးတွေ၊ ပိုးရွလေးတွေ၊ အင်းဆက်လေးတွေ အဲဒီနားတိုးပြီ။ တိုးတဲ့နေရာ အဲ့ဒီနေရာကို ပင့်ကူကသွားပြီးတော့ စားလိုက်ပြီး၊ ပြီးတော့မှ သူ့နေရာသူ ပြန်နေတယ်။ တစ်နေရာရာ နှာခေါင်းနား **'ထိ'**နေ၊ **'ထိ'**နေတာ သိနေတယ်။ **'စိတ္တနိယမေ'** ပေါ့။ စိတ်က အဲ့ဒီနေရာနေတယ်။ ဒီနေရာထားရင် ဒီနေရာနေတယ်။ အဲ့ဒီနေရာက နေပြီးတော့ **'ကိလေသာ'** ဖြစ်တဲ့ ဒွါရကို အဲ့ဒီစိတ်ကလေးက သွားသွားသိလိုက်တာပဲ။ အဲ့လို သိလိုက်လို့ရှိရင် **'ကိလေသာ'**က မရှိဘူး။ မရှိတော့ သူ့နေရာသူ ပြန်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ကိလေသာ မဝင်ဘူး ဝင်တယ်ကလည်း နဂို နဲ့ အပိုနဲ့**

ပိုးကောင်လေးတွေက မတိုးဘူး၊ မတိုးတော့ဘူးဆိုရင်တော့ သူ့နေရာသူ ပြန်နေတယ်။ **'ကိလေသာ တတ္ထ လဂ္ဂါစေ'** တဲ့၊ **'တတ္ထ** - ထိုဒွါရခြောက်ပါးတို့တွင် တစ်ပါးပါး၌၊ **ကိလေသာ**- ကိလေသာတို့သည်၊ **လဂ္ဂါ** - ငြိကပ်ကုန်သည်၊ **စေဟောန္တိ** - အကယ်၍ ဖြစ်ကုန်ငြားအံ့'**။ အဲ့ဒါလက်မခံဘူး၊ ရှေးတုန်းက မထေရ်ကြီးတွေဆိုရင် သွားတုန်းဖြစ်တဲ့ **'ကိလေသာ'**ကို ထိုင်တုန်း မပါဘူး။ သွားနေတုန်း မတ်တတ်ရပ်နေပြီးတော့ ပြေကာမှ သွားတယ်။ ကိုယ့်ဝမ်းထဲမှာ **'ကိလေသာ'**အကပ်မခံဘူး။ မကပ်ဘူး ကပ်တယ်ဆိုတာ ကိုယ့်ဟာကိုယ်မှသိတယ်။ ကိလေသာကို **'ဉာဏ်'**ကသာသတ်တယ်။ ကိလေသာ မဝင်ဘူး ဝင်တယ်ဆိုတာကလည်း **'နဂို'** နဲ့၊ **'အပို'**နဲ့၊ ဥပမာ ကြားလိုက်တယ် ကွက်လို့သိသွားတယ်၊ အဲ့ဒါ **'ကိလေသာ'** ဝင်တာပဲ။ ကြားတာက ကြားတာပဲ **'နဂို'**၊ **'သဋ္ဌာယတန'**၊ အာယတန ခြောက်ပါးပဲ၊ ကြားတယ် ကြားတာက ကွက်ဖြစ်သွားတယ်၊ သူခိုးဖြစ်သွားတယ်၊ လူဖြစ်သွားတယ်။ အဲ့ဒါ **'ဒိဋ္ဌိကိလေသာ'** ဝင်တာပဲ။

**'ဝိပဿနာသမား'**ဆိုတာ နှာခေါင်းက နံတယ်၊ ငါးပိနံ့၊ ချစ်စိန်မုန့်နံ့ ဖြစ်သွားပြီဆိုရင် **'ကိလေသာ'** ငြိကပ်တာပဲ-**'ဒိဋ္ဌိကိလေသာ'**။ ကြားတာတင်မကဘူး။ သူက ငါးပိတို့၊ ချစ်စိန်မုန့်တို့ ဖြစ်သွားတယ်။ မျက်စိကမြင်လည်း **'အဆင်း'**တင်မဟုတ်ဘူး။ ဒီ့ပြင် လူတွေ ဘာတွေ သွားမြင်တယ်ဆိုရင် အဲ့ဒါ **'ကိလေသာ'** ကပ်တာပဲ။ အဲ့ဒါ **'အဆင်း'**က နဂိုရှိတာ။ နဂိုကမြင်တဲ့အတိုင်းပဲ၊ ဒါပေမယ့် လူတွေ ဘာတွေလို့ အိပ်ရာခင်းတို့ စောင်တို့ပေါ့ သွားမြင်ပြီ။ **'အဆင်း'** မဟုတ်ရင် ဒိဋ္ဌိကပ်တာပဲ။ ဒိဋ္ဌိတို့ ဝိစိကိစ္ဆာတို့ လူတို့ပေါ့။ ရာဂကပ်တယ်၊ ဣဿာကပ်တယ်၊ မစ္ဆရိယကပ်တယ်၊ ကုက္ကုစ္စကပ်တယ်၊ ကိလေသာ ဆယ်ပါးပေါ့။

**ကိလေသာ တတ္ထ လဂ္ဂါစေ**

အဲ့ဒါ ကပ်တာကို **'ဝိပဿနာ'**က သတ်တယ်တဲ့၊ **'ဝိပဿနာ'**ဆိုတာ ဉာဏ်ပေါ့ ရှုတဲ့ဟာ၊ ဉာဏ်နဲ့ရှုပြီးသတ်တယ်။ ဒါမှ ကိလေသာ ကင်းစင်တယ်။ ကိလေသာမရှိဘူးဆိုတော့ **'မဂ်ဉာဏ်'** ဖြစ်သွားတာပေါ့။ **'ကိလေသာ မာရရေန္တော'** ကိလေသာ သတ်တာပဲ။ ဝိပဿနာက သတ်တာ၊ ကိလေသာမရှိတာဟာ နိဗ္ဗာန်ပေါ့။ **'ကိလေသာ တတ္ထ လဂ္ဂါစေ'** တဲ့၊ **'ကိလေသာ တတ္ထ လဂ္ဂါစေ'**၊ ကိလေသာက ကိလေသာပေါ့။ **'လဂ္ဂါ'** လရေ 'လ' ဂငယ်နှစ်လုံးဆင့် 'လဂ္ဂါ'-**'လဂ္ဂါစေ'**။ **'ကိလေသာ**- ကိလေသာတို့သည်၊ **တတ္ထ** - ထိုဒွါရခြောက်ပါးတို့တွင် တစ်ပါးပါး၌၊ **လဂ္ဂါ** - ငြိကပ်ကုန်သည်၊ **စေဟောန္တိ** - အကယ်၍ဖြစ်ကုန်ငြားအံ့'၊ ဒွါရခြောက်ပါးမှာ တစ်ပါးပါးမှာ ကိလေသာတွေ ငြိကပ်နေတယ်တဲ့။ ငြိနေပုံက 'ကြားတယ်' ကြားတာ ကွက်ကလေးဖြစ်သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကြွက်လို့ဆိုလိုက်ရင် ငြိကပ်သွားပြီ သတ္တဝါဖြစ်သွားတာကိုး။ သတ္တဝါဖြစ်သွားရင် **'ဒိဋ္ဌိ'** ဖြစ်သွားတယ်။ ကြားတာက **'ကြွက်သံ ကားသံ လူသံ နွဲ့သံ၊ 'အသံ'** ပဲလို့ဆိုရင်တော့ မငြိကပ်ဘူး။ အဲ့လို လူတွေ ဘာတွေ ဖြစ်သွားပြီဆိုရင် ငြိကပ်သွားတယ်။ ငြိကပ်သွားလို့ရှိရင် ဒွါရခြောက်ပါးမှာ တစ်ပါးပါး ငြိကပ်သွားလို့ရှိရရင် **'ဟန္တဝတေ ဝိပဿနာတိ'**၊ **'ဝိပဿနာ'**၊ **'ဝိပဿနာ'**က အဲ့ဒီကိလေသာကို သတ်တယ်တဲ့။ မဟုတ်ဘူး၊ 'ခွေး ကြောင် မဟုတ်ဘူး'၊ ကြားတာနဲ့ ခွေး ကြောင်နဲ့ မော်တော်ကားနဲ့၊ အဲ့လိုပဲ ထိတာနဲ့ ကြားတာနဲ့၊ ခွေး ကြောင်၊ ကြားတဲ့အတိုင်းဆိုရင် အဲ့ဒါ ဝိညာဏ်ပဲ၊ **'စိတ္တံ နိယမေ'** စိတ်က အသံရှိရင် ကြားတာပဲ။ **'စိတ္တံ နိယမေ ဆသုဒွါရေသု'**တဲ့။

**'ဒွါရ ခြောက်ပါးတို့၌'**၊ ခြောက်ပါးလုံး 'ဝုန်း'ဆို တစ်ခါတည်းဖြစ်တာ မဟုတ်ဘူး နော်။ **'စိတ္တံ နိယမေ'** ဒွါရခြောက်ပါးတို့၌ ဖြစ်တယ်တဲ့၊ မြဲတယ်။ **'ဒွါရခြောက်ပါးတို့၌'** ဖြစ်တယ်လို့ ဆိုတာနော်။ **'လူတွေ'**မှာ ဖြစ်တယ်လို့ဆိုတာ မဟုတ်ဘူး။ **'ဆသုဒွါရေသု** - ဒွါရခြောက်ပါးတို့၌'တဲ့။ **'ဒွါရ'**ဆိုတာ **'ရုပ်'**။ သိတာက **'နာမ်'**၊ ထိုင်တာက **'ရုပ်'**။ ရုပ်နဲ့ ဒွါရနဲ့ အတူတူပဲ။ မျက်စိကမြင်တယ် အဲ့ဒါ **'လူ'**မရှိရဘူး၊ **'လူ'** ရှိလို့ရှိရင် ဒိဋ္ဌိဝင်တယ်။ မျက်စိ ကမြင်တာက **'အဆင်း'**လေ၊ **'လူ'** ဖြစ်နေရင် **'လူ'** ရှိရင် ဝိပဿနာဉာဏ်မဟုတ်ဘူး။ ဝိပဿနာ သမားဆိုတာ အဲ့လောက်ထိအောင် လူမရှိရဘူး။ လူရှိရင် **'ဒိဋ္ဌိ'**။

## ကိလေသာက ပိုးကောင်လေးတွေတိုးတာ၊ ဒွါရခြောက်ပါးက ပင့်ကူအိမ်

သွားတယ် လာတယ်ကိုက လူမရှိရဘူး၊ 'အရှင်ဘုရားတဲ့ အရဟတ္တဖိုလ်ရောက်အောင် ဘယ်လိုကျင့်ရပါသတုံးတဲ့'-- မိလိန္ဒမင်းကြီးက မေးတယ်။ 'မင်းကြီး၊ ပင့်ကူမျှင်လား ပင့်ကူလို မှတ်ထား'တဲ့ ။ ပင့်ကူက ဗဟိုမှာထားပြီးတော့ အမျှင်တွေ ဝိုင်းဝိုင်းကြီး လုပ်ထားတယ်တဲ့။ အဲ့ဒီမှာ၊ အဖျားမှာလာလာပြီး ပိုးကောင်လေးတွေ လာလာတိုးတယ်တဲ့။ သူက ဗဟိုမှာ နေပြီးတော့ သွားသွားပြီးတော့ စားတယ်၊ ပြီးတော့ ပြန်ပြန်ပြီး နေတယ်တဲ့။ ဥပမာက အဲ့ဒီ ပိုးကောင်လေးတွေတိုးတာ **'ကိလေသာ'**တဲ့၊ **'ဒွါရခြောက်ပါး'**က အဲ့ဒီပင့်ကူအိမ်။ ဒွါရခြောက်ပါး က ဒွါရနော်၊ ဒွါရခြောက်ပါးမှာ **'အာရုံ'** တိုးတာ၊ **'လူ'** တိုးတာမဟုတ်ဘူး။ လူတိုးတာ၊ ယောကျ်ား တိုးတာ ခွေးတိုးတာ ကြွက်တိုးတာ မဟုတ်ဘူး။ အဲ့ဒါ တိုးတာ လေးတွေက **'ကိလေသာ'**။

## ပင့်ကူဆိုတာ ဝိပဿနာစိတ်

ပိုးကောင်လေးတွေက **'ကိလေသာ'**၊ ပင့်ကူဆိုတာ **'ဝိပဿနာ စိတ်'**၊ ပင့်ကူအိမ်က **'ဒွါရခြောက်ပါး'**၊ 'ဒွါရခြောက်ပါးတို့၌ ကိလေသာဟာ တကယ်လို့ ငြိကပ်သည်ဖြစ်အံ့'တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာဟာ **'ဟန္တဝတေ'** သတ်ခြင်း၊ ကိလေသာကို သတ်ခြင်း အကျင့်ရှိတယ်တဲ့။ သိသိပြီး သတ်လိုက်တာပဲ၊ သိရင် သိတာပဲ။ ဝိပဿနာက **'ဉာဏ်'**နဲ့သိတာ၊ **'ဉာဏ်'**နဲ့သိတယ်ဆိုတာက နားနဲ့သိရင် အသံလို့ သိရမယ် **'ရုပ်'**၊ နားကလည်း **'ရုပ်'**၊ မျက်စိနဲ့သိရင်လည်း မျက်စိက**'ရုပ်'**၊ အဆင်းက **'ရုပ်'**၊ အဲ့ဒါ **'ဝိပဿနာ'**သိတာ။ **'ကိလေသာ'** သိတယ်ဆိုတာကတော့ ရုပ်မှတစ်ပါး ရုပ်တို့ ဝေဒနာတို့ သညာတို့ မသိဘဲနဲ့ တစ်ခါတည်း ဒို့ပြင်ပိုးကောင်၊ ကြားလိုက်တဲ့အခါမှာ ကြွက်လို့သိတယ်။ ကြားလိုက်တာက အသံ၊ သိတာက အသံမသိဘဲနဲ့ ကြွက်လို့သိတယ်။ အဲ့ဒါ **'ဒိဋ္ဌိ'**ကပ်တာပေါ့။ အဲ့ဒါ ပိုးကောင်လေးပေါ့။ **'ဝိပဿနာဉာဏ်'**က ဒါမဟုတ်ဘူး၊ အဲ့လိုကို ရိပ်မိရမှာ၊ နားက ကြားတယ်၊ ကြားတာက ကြွက်သံ ကြားတယ်၊ ဝိပဿနာမှာ **'ရုပ်နာမ်'**သာ ရှိတာ၊ ကြွက်မရှိဘူး၊ အဲ့လိုခွဲရမယ်။ ကြားတာက **'စိတ်'**၊ အသံက **'ရုပ်'** နားကလည်း **'ရုပ်'**။ **'ရုပ်နာမ်'**သာ ကြားရမယ်။ ကြွက်တို့ ကားတို့ဘာတို့ဆိုရင် အဲ့ဒါ **'ဥပါဒါနက္ခန္ဓာ'** ဖြစ်သွားပြီ။

**'ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော'**၊ **'ရုပ်နာမ်'**တင်နေရင် ပိယေဟိ အပ္ပိယေဟိ မပါဘူး၊ ဇာတိပိတော့ပါတယ်။ **'ယံပိစ္ဆံ နလဘတိ တံပိဒုက္ခံ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ'** ဆိုရင် အဲ့ဒီနားနဲ့ ကြားတာဟာ ကြွက်တို့ လူတို့ ခွေးတို့ ဝက်တို့ အဲ့လိုဖြစ်သွားပြီဆိုလို့ရှိရင် သူက **'ပဉ္စုပါဒါနက္ခန္ဓာ'** ဖြစ်သွားပြီ၊ တရားဆိုတာ ရိပ်မိရဲ့လား။

## ဘယ်လောက် အဆီညှစ်ပြီးတော့ အကာပစ်ထားလဲဆိုတာ

ကြားတဲ့ဟာက ဇာတိပိဒုက္ခာ၊ ကြားတာက ဇာတိပိဒုက္ခာ၊ ဗျာဓိပိဒုက္ခာ၊ မရဏံပိဒုက္ခာ ရောက်သွားပြီ။ **'အပ္ပိယေဟိ'** မဟုတ်ဘူး၊ ကြားတာ **'အသံ'**ပဲ။ ဉာဏ်တွေ ဉာဏ်တွေ။ **'ဓမ္မစကြာ'** ရောပါတယ်။ ဒွါရခြောက်ပါးက **'ဓမ္မာနုပဿနာ'** ရောပါတယ်။ ဘယ်လောက် အဆီညှစ်ပြီးတော့ အကာပစ်ထားလဲဆိုတာ အဲ့ဒီဟာ ရိပ်မိဖို့ ရိပ်မိဖို့။ မျက်စိကမြင်ရင် **'အဆင်း'**၊ ဒို့ပြင်ဟာဆိုရင် **'ပိယေဟိ'** ဖြစ်သွားပြီ၊ မရဏံပိဒုက္ခံ၊ **'ပိယေဟိ ဝိပ္ပယောဂေါဒုက္ခော'**၊ အဲ့ဒီခန္ဓာကြီးနဲ့ နေရတာ လည်းမကောင်းဘူးတဲ့၊ **'အပ္ပိယေဟိ သမ္ပယောဂေါ'** ခေါ်တယ်၊ **'ပိယေဟိ ဝိပ္ပယောဂေါ'**ဆိုတာ အခုရာဂတွေနဲ့ ဘာတွေနဲ့နေချင်တယ်။ အဲ့ဒီစိတ်က ရာဂနဲ့ပဲနေချင်တယ်၊ ခုမနေဘူး။ အဲ့ဒါ **'ပိယေဟိ ဝိပ္ပယောဂေါ'** ဖြစ်နေတယ်။ အခုနေပုံ အခုနေပုံ။ **'ပိယေဟိ သမ္ပယောဂေါ'** လို့ ဆိုရင်ကော ဒုက္ခမဟုတ်ဘူးလား။ သူလည်း ဟုတ်တာပဲ။ **'ပိယေဟိ ဝိပ္ပယောဂေါ'** ဖြစ်နေတယ်၊ **'ပိယေဟိ ဝိပ္ပယောဂေါ'**ဆိုတာဘယ်လိုဟာတုံး။ ကာမဂုဏ်နဲ့အခု အတူမနေဘူး၊ ဒုက္ခသစ္စာတို့ ပြောနေတယ်။ **'အပ္ပိယေဟိ သမ္ပယောဂေါ'** ဖြစ်နေတယ်၊ ခန္ဓာကြီးက ဇာတိတွေ ဘာတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်။ မလှုပ်နဲ့ လှုပ်တာက **'ဝါယောကြီး'၊ 'ငါ'** မဟုတ်ဘူး၊ **'ဇာတိ ပိ ဒုက္ခာ'** ဆိုတာလည်း ခက်မနေနဲ့၊ နားကြားလိုက်တဲ့ဟာ **'ဇာတိပိ'** ပဲ၊ မြင်လိုက်တဲ့ဟာ **'ဇာတိပိ'**၊ အဲ့တော့မှ **'ဇရာပိ မရဏံပိ'**၊ ကြားလိုက်ရင် **'ဇာတိ ဇရာ မရဏ'** ဖြစ်သွားပြီ။ ပိယေဟိ အပ္ပိယေဟိတွေက **'ဥပါဒါ နက္ခန္ဓာတွေ'**၊ လူတွေဘာတွေပေါ့၊ ချစ်တာတွေ မချစ်တာတွေပေါ့၊ ဓမ္မစကြာကို အဲ့လိုခွဲပြောမှ။

**ကိလေသာနဲ့ဝိပဿနာ ကွဲပြီလား**

နားကကြားတာ **'အသံ'** လေ၊ နားကကြားတဲ့အသံက ကြွက်ဖြစ်သွားတယ်၊ **'ကြွက်သံ'** တွေ၊ ဟော အဲ့ဒါဆို နားမှာ ကိလေသာ **'ငြိကပ်'** ပြီ၊ နားမှာ ကြွက်သံမဟုတ်ဘူး။ အခုထိုင်နေ တာလည်း လူလို့ဆိုရင် **'ငြိကပ်'** ပြီ၊ ငါထိုင်တယ် သူထိုင်တယ် ဖြစ်ကုန်တာပေါ့။ ထိုင်ချင်တယ် ထိုင်ချင်တယ်၊ ထိုင်ချင်တာ စိတ္တာနုပဿနာ **'စိတ်'**၊ ထိုင်ချင်လို့ ထိုင်တယ် **'ရုပ်'**၊ လူကလာထိုင် တာမဟုတ်ဘူး၊ လူက လာထိုင်တယ်ဆိုရင် ဘယ်ဒိဋ္ဌိပြုတ်လိမ့်မတုံး။ ယောကျ်ားလာထိုင်တာ မိန်းမလာထိုင်တာ မဟုတ်ဘူး၊ ဉာဏ်မှာ ဒါက ဝိပဿနာက **'ဟန္တဝတေ'** တဲ့၊ **'ဝိပဿနာ'**က ကိလေသာကိုသတ်တဲ့အကျင့်၊ ကိလေသာနဲ့ ဝိပဿနာကွဲပြီလား။

**အရဟတ္တဖိုလ်ပေါက်တယ်ဆိုတာက သတ္တဝါတွေ မရှိရဘူးလေ**

**'ကိလေသာ'** က **'ဒိဋ္ဌိ'** ကိလေသာရှိတယ်၊ **'လောဘ'**ကိလေသာရှိတယ်၊ **'ဒေါသ'** ကိလေသာရှိတယ်၊ **'မာန'**ကိလေသာရှိတယ်၊ **'ဝိစိကိစ္ဆာတွေ'**ရော။ အဲ့ဒီကိလေသာကို **'တတ္ထ လဂ္ဂါ'** ဘယ်မှာ ငြိကပ်နေသတုံး (ဒွါရခြောက်ပေါက်မှာ)။ ခြောက်ပေါက်လုံးချည်းမှာ မငြိကပ်တဲ့ အခါမငြိကပ်ဘူး၊ ခြောက်ပေါက်လုံးချည်းမှာ ငြိကပ်တဲ့အခါငြိကပ်တယ် ဟုတ်ကဲ့လား။ အဲ့ဒါနဲ့ ဒါအရဟတ္တဖိုလ် ပေါက် ပြောနေတာ၊ **'စိတ်'**နဲ့ **'ကိလေသာမရှိတဲ့စိတ်'**၊ **'ဒွါရ'**မှာ ငြိကပ်တယ်။ **'ဒွါရ'** ဆိုတာလည်း စိတ်နဲ့ ကိလေသာ၊ **'ဒွါရ'** မှာ စိတ်ပဲဖြစ်ရမယ့်ဟာ ကိလေသာက ငြိကပ် နေတယ်တဲ့။ ငြိကပ်တဲ့ဟာကို **'ဝိပဿနာ'**က သတ်တဲ့အလေ့ရှိတယ်။ **'ဒွါရ'** ထဲမှာ စိတ်လား ကိလေသာလား၊ အဲ့ဒါ ဂရုစိုက်။

**ကိလေသာ မရှိဘူးဆိုရင် ကိလေသေ မာရေန္တောပဲ**

ကိလေသာမရှိဘူးဆိုရင် **'ကိလေသေ မာရေန္တော'**ပဲ၊ **'နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ'** ဆိုတာ မဂ်ဉာဏ်စိတ်ဖြစ်သွားတယ်။ အဲ့ဒီမဂ်ဉာဏ်စိတ်ဖြစ်သွားတော့ **'နိဗ္ဗာန သစ္ဆိကိရိယာစ'** ဆိုတာ နိဗ္ဗာန်ကို မျက်မှောက်ပြုရာလည်း ရောက်သွားတယ်၊ နိဗ္ဗာန်ကလည်း **'သစ္ဆိကိရိယကိစ္စ'**။

**'သစ္ဆိကာတဗ္ဗန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ ဉာဏံဥဒပါဒိ'**

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အဲ့ဒီကိလေသာမရှိတဲ့ဟာကို မျက်မှောက်ပြုရမှာ။ မဂ္ဂသစ္စာက **'ဘာဝေန္တော'** ဆိုတာက **'ဝိပဿနာ'**က **'မဂ္ဂသစ္စာ'**ပဲ၊ အဲ့ဒီဟာလေး သွားပြီးတော့ရတယ်။ **'ဒုက္ခသစ္စာ'**က ဘယ်လိုဟာတွေ တုံးဆိုတော့ **'ဒွါရ'**ထဲမှာ လာလာဖြစ်တဲ့ဟာတွေ၊ အဲ့ဒါစိစစ်တာခေါ်တယ်။ **'ဓမ္မဝိစယသမ္ဗောဇ္ဈင်'** ခေါ်တယ်။ **'သတိသမ္ဗောဇ္ဈင်'**ခေါ်တယ်။ တရားဆိုပေမယ့် အဲလို စိစစ်တဲ့တရား။ အဲ့ဒါဂရုစိုက်၊ **'ဒွါရ'**ထဲမှာ စိတ်ဖြစ်သလား၊ ကိလေသာ ဖြစ်သလား။

**'တတ္ထ-** ထိုဒွါရခြောက်ပါးတို့တွင် တစ်ပါးပါး၌၊ **ကိလေသာ**- ကိလေသာတို့သည်၊ **လဂ္ဂါ**- ငြိကပ်ကုန်သည်၊ **စေဟောန္တိ-** အကယ်၍ဖြစ်ကုန်ငြားအံ့**'**။

**နဂိုက အာယတန၊ အပိုက ဥပါဒါနက္ခန္ဓာ**

**'ကိလေသာ'** မငြိကပ်ရင် ဝိပဿနာက သတ်စရာမလိုဘူး၊ **'ကိလေသာ'** ငြိကပ်မှ ဝိပဿနာက သတ်တယ်။ ဝိပဿနာက ဉာဏ်ခေါ်တယ်။ ဒကာမကြီးတို့လို ယောက်ျားကြီးတွေ မိန်းမကြီးတွေ မဟုတ်ဘူး၊ **'ဒွါရကြီးတွေ'**လို့လုပ်။ ဒွါရပဲရှိတယ်။ **'ဆအဇ္ဈတ္တိကာယတနာနိ'** ဆိုတာ အာယတနခြောက်ပါးပဲပြောတယ်။ အဲ့ဒါဒွါရပေါ့။ ဒွါရခြောက်ပါး အဲ့ဒါ **'နဂိုအရှိ'**၊ **'လူ'** မလုပ်နဲ့။ လူ ယောက်ျား မိန်းမသွားမလုပ်နဲ့၊ **'အပို'** ဖြစ်သွားတဲ့ဟာပေါ့။ **'နဂို'** က အာယတန၊ **'အပို'**က **'ဥပါဒါနက္ခန္ဓာတွေ'** သွားဖြစ်တယ်။

**'ဆသုဒွါရေသု**- ဒွါရ ခြောက်ပါးတို့၌**'** သာဆိုတယ်၊ လူတို့၌ မိန်းမတို့၌ ယောက်ျားတို့၌ မပါဘူး။ **'ဆသုဒွါရေသု'**တဲ့၊ ခြောက်ပါးသော ဒွါရတို့၌။ **'စိတ္တံ နိယမေ'** တဲ့။ အဲ့ဒီစိတ်က အဲ့ဒီ ဒွါရခြောက်ပါးတို့မှာ ဖြစ်နေတယ်တဲ့။ **'သတိပဋ္ဌာနေဝရုတ္တမေ**- သတိပဋ္ဌာန်တည်းဟူသော ကွန်ယက်ကြီးထဲမှာ'တဲ့။ **'ကိလေသာတတ္ထလဂ္ဂါစေ'** တဲ့။ **'ဒွါရ'** ထဲမှာ ကိလေသာတွေ ငြိကပ်တယ်လို့ ဆိုလို့ရှိရင်တဲ့၊ ကိုယ့်ဟာကိုယ်ငြိကပ် မငြိကပ်လည်း အဲ့လိုသိရဦးမှာ၊ **'ဒွါရ'**လို့သာ ဆိုတယ်၊ လူတွေ ယောက်ျားတွေ မိန်းမတွေလို့ မဆိုဘူး။ **'လူ'** ဖြစ်သွားလို့ရှိရင် အဲ့ဒါ **'ငြိကပ်'** ပြီ။ ယောက်ျားဖြစ်သွားရင် **'ငြိကပ်'** ပြီ၊ မိန်းမဖြစ်သွားရင် **'ငြိကပ်'** ပြီ။

ဘယ်မှာငြိကပ်တုံး-**'ဒွါရ'**ထဲမှာ၊ ဒွါရထဲမှာငြိကပ်ပြီ။ ရှေးကဘုရားတွေ ရဟန္တာတွေ တရားနာတယ်ဆိုတဲ့အတိုင်းမှတ်ထား၊ အခု သာမညမဟုတ်ဘူး။ **'ဒွါရ'**ခြောက်ပါးတို့၌ **'စိတ်'** ကရှိတယ် စိတ်ကမြဲတယ်။ **'စိတ်'** က ဒွါရခြောက်ပါးတို့၌ဖြစ်တယ်။ **'သတိပဋ္ဌာန်'**တည်းဟူသော ကွန်ယက်ကြီးထဲမှာတဲ့ ဒွါရခြောက်ပါးတွင် တစ်ပါးပါးမှာ ကိလေသာကပ်ငြိနေတယ်ဆိုလို့ရှိရင် **'ဝိပဿနာ'** နဲ့ သတ်ရမယ်တဲ့။ အဲ့ဒါ အရဟတ္တဖိုလ်ဖြစ်သွားတာပဲ။ စင်စစ်ကတော့ **ဒွါရ**

www.burmeseclassic.com

www.burmeseclassic.com



**ခြောက်ပါးဟူ၍သိခြင်း'**၊ ဒွါရ ခြောက်ပါးလို့သိတဲ့ အခါမှာ ဒကာကြီးတွေ ဒကာမကြီးတွေမပါ တော့ဘူး။ ဒါသူ့ပါဠိထဲကရှိတဲ့အတိုင်း စစ်စစ်ကိုပြောနေတာ။

**အဲ့ဒီ တရားလည်း ပြီးရော အရဟတ္တဖိုလ် ဖြစ်သွားတာပဲ**

မိလိန္ဒမင်းကြီးနဲ့ ရှင်နာဂသိန်ပြောနေတာ၊ အရှင်နာဂသိန်က ရဟန္တာ။ နောက် မိလိန္ဒ မင်းကြီးလည်း ရဟန္တာဖြစ်မှာ။ မေးတဲ့သူလည်းဖြစ်တယ်။ သူတို့မေးတာတွေက တကယ်ဖြစ်နိုင် တဲ့သတ္တိတွေရှိတယ်။ **'ဒွါရ'**ခြောက်ပါး၌ ငြိကပ်တယ် မငြိကပ်ဘူးဆိုတာ ရိပ်မိပြီလား။ မငြိကပ်ဘူး ဆိုရင် ရဟန္တာပေါ့။ **'ကိလေသာ တတ္ထ လဂ္ဂါစေ'** တဲ့။ **'တတ္ထ-** ထိုဒွါရခြောက်ပါးတို့တွင် တစ်ပါးပါး ၌၊ **ကိလေသာ**- ကိလေသာတို့သည်၊ **လဂ္ဂါ**- ငြိကပ်ကုန်သည်၊ **စေဟောန္တိ**- အကယ်၍ ဖြစ်ကုန် ငြားအံ့**'**။ **'ဒွါရ'**ထဲမှာ ကိလေသာ မငြိကပ်ဘူး။ ငြိကပ်လာလို့ရှိရင် **'ဝိပဿနာ'**နဲ့ သတ်တယ်၊ နှင်ထုတ်တယ်၊ ဝမ်းထဲ **'သန္တာန်'**မှာ အဲ့ဒီရာဂတွေ မရှိဘူး။ အဲ့သလောက်ကလေး ကွာတာ၊ ဒါစေ့စေ့ပေါက်ပေါက် တကယ်တရားနာပါ။

ကိုယ့်ဝမ်းထဲ သန္တာန်မှာ လောဘတွေ ဒေါသတွေ ဖြစ်လာရင် ငြိကပ်ပြီ။ စင်စစ်တော့ **'ဒွါရ'**ခြောက်ပါးတို့၌။ **'ဒွါရ'**ခြောက်ပါးရှိရင် **'စိတ်'**ကတော့ ဖြစ်တာပေါ့။ ကြားပြီဆိုရင် ကွက်သံ မကြားနဲ့၊ ကွက်သွားမလုပ်နဲ့၊ ကွက်ဆိုရင် ငြိကပ်ပြီ။ **'လူ'**ဆိုရင် ငြိကပ်ပြီ၊ **'အသံ'** ဆိုရင်တော့ **'မငြိကပ်'**ဘူး။ ကားသံ မြင်းသံ ရန်ဖြစ်တဲ့အသံ အဲ့လိုအသံတွေဖြစ်သွားပြီဆိုရင် **'ငြိကပ်'** ပြီ၊ အဲ့ဒီအသံတွေ-**'လောကီသံတွေ'** ဖြစ်ရင်ငြိကပ်ပြီ။ **'လောကီသံ'** ဟာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ ဘုရား)။ အေးဘာဖြစ်လို့ **'ဒုက္ခသစ္စာ'** ရှိသတုံး၊ **'လောဘ'** ရှိလို့ **'လောဘ'** ကလူပဲ။ အဲ့ဒီနေရာမှာ ပထမတန်းဉာဏ်ကောင်းတဲ့နေရာတွေ၊ အဲ့ဒီတရားလည်းပြီးရော အရဟတ္တဖိုလ်လည်း ဖြစ်သွားတာပဲ။

**အာရုံခြောက်ပါး တစ်ပါးပါးမှာဖြစ်ပြီဆိုရင် ငြိကပ်ပြီ**

မေးကတည်းက 'အရှင်ဘုရားတဲ့ အရဟတ္တဖိုလ် ရောက်အောင် ဘယ်လိုကျင့်ရမတုံးတဲ့' မင်းကြီးက တစ်ခါတည်းဒီလိုပြောတာ၊ သူလည်း ဖြစ်ချင်တာပေါ့။ ဒကာမကြီးတို့ ဒကာကြီးတို့ လည်း ဒီလိုပဲဖြစ်ချင်တာပဲ။ အဲ့ဒီ **'ဒွါရ'**ခြောက်ပါးတို့မှာတဲ့ ကိလေသာငြိကပ်တယ်။ အဲ့ဒါ **'ဝိပဿနာ'**နဲ့ သတ်တယ်တဲ့။ မင်းကြီး ပင့်ကူအိမ်လိုပဲတဲ့။ ပင့်ကူမျှင်လိုပဲတဲ့။ တစ်နေရာရာက စောင့်ပြီးတော့ **'ကိလေသာ'**မဝင်ဘူးဝင်တယ်၊ အဲ့လိုစောင့်ဖမ်း။ **'ကိလေသာ'**က **'ဒိဋ္ဌိ'**ကိလေသာ ရှိတယ်။ လောဘဆိုတဲ့ **'ရာဂ'** ကိလေသာရှိတယ်။ **'ဒေါသ'**ကိလေသာရှိတယ်။ **'ဗျာပါဒ'**

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာရှိတယ်။ ဒေါမနဿရှိတယ်။ စိတ်ဆိုးတာရှိတယ်။ အဲ့ဒီ ကိလေသာဆယ်ပါး အကုန်လုံးမဟုတ်ဘူး။ တစ်ပါးပါး ငြိကပ်တယ်တဲ့။ **'ဒွါရ'**မှာ ငြိကပ်လို့ရှိရင် **'ဝိပဿနာ'**က အဲ့ဒီ ငြိကပ်တဲ့ **'ကိလေသာ'**ကို သတ်တယ်တဲ့။ ဥပမာ- **'ဒိဋ္ဌိ'** ဘာပြုလို့ရှိသတုံး ပြောစမ်း (လူတွေရှိလို့)၊ **'လူတွေ'** မရှိဘူး။ **'လူ'** ကိုမရှိရဘူး။ **'ဒွါရ'**ကိုး။ **'ဆသု -** ခြောက်ပါးကုန်သော၊ **ဒွါရေသု** - ဒွါရတို့၌၊ **စိတ္တံ**- စိတ်သည်၊ **နိယမေ** - အာရုံအားဖြင့်ဖြစ်၏**'**။ အာရုံအားဖြင့် ဖြစ်တာပဲ-**'နိယမေ'**။ ဒွါရမှာ အာရုံအားဖြင့် ဖြစ်တာ-**'နိယမေ'**။ **'ဒွါရ'**မှာ အာရုံအားဖြင့် ဖြစ်တာ၊ မနေ့က တရားကတော့ အဲ့ဒီ**'အာရုံ'**မှာ သတ္တိရှိတယ်၊ **'ဒွါရ'** မှာလည်း သတ္တိရှိတယ်။ အရှိန်အဝော်ရှိတယ်။ အဲ့ဒီ စက္ခုက **'သမုဒ္ဒေါ'** - သမုဒ္ဒရာနဲ့ တူတယ်တဲ့။ မနေ့က ပြောလိုက်တဲ့ဟာတွေက အဲ့လိုပဲ တစ်ခုနဲ့တစ်ခု၊ ဘုရားတရားဆိုတာက သဘာဝ အလွန်ကိုက်တယ်။ အဲ့လို စဉ်းစားတဲ့ **'ဉာဏ်တွေ'** ကလည်းရှိမှ၊ **'သစ္စာ'**ဆိုတာကလည်း ဘယ်တရားမဆို သစ္စာလေးပါးက ရှိပြီးသား ပါပြီးသား။ **'ဒွါရခြောက်ပါးတို့၌'** ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။ တရားဟောလိုက်လို့ ရှိရင်ကို သစ္စာကို တန်းသိရမယ်။

**'ဒွါရ ခြောက်ပါးတို့၌'** ဆိုတာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)၊ **'ကိလေသာ** - ကိလေသာတို့သည်၊ **စေလဂ္ဂါ** - အကယ်၍ ငြိကပ်ကုန်သည်ဖြစ်အံ့**'**တဲ့၊ **'ဒွါရ'**မှာ ကိလေသာ ငြိကပ်တယ်တဲ့၊ **'ကိလေသာ'** ဆိုတာ ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)၊ **'မငြိကပ်ဘူး'**ဆိုရင် ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)၊ မြတ်စွာဘုရားတရား အလွန်အားထုတ်ဖို့ ကောင်းတာ၊ မငြိကပ်ဘူးနဲ့ ငြိကပ်တယ်ဆိုတာ ဒကာမကြီးတို့ မရိပ်မိဘူးလား ရိပ်မိသလား (ရိပ်မိပါတယ်ဘုရား)။ ဘယ်လိုဆိုရင် ငြိကပ်သတုံး ပြောစမ်း။ **'အာရုံခြောက်ပါး'** တစ်ပါးပါးမှာ ဖြစ်ပြီဆိုရင် ငြိကပ်ပြီ။ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)။ သစ္စာလေးပါးမှာ ပထမတန်းကောင်းတဲ့တရား။

### ဒွါရမှာ ကိလေသာ မရှိရင် နိဗ္ဗာန်ရောက်သွားတယ်

အာရုံခြောက်ပါးက၊ မြင်တာက**'အဆင်း'**၊ ကြားတာက **'အသံ'**၊ ကြေးစည်သံ မလုပ်နဲ့။ ကြားတာပဲ။ **'အသံ'**ထဲမှာ ကြေးစည်သံလို့ မလုပ်နဲ့ နားကကြားတာ အသံဆိုအသံပဲ၊ **'နားက ကြားလျှင်အသံပင် ဒို့ပြင်မဟုတ်ပြီ'**၊ ဒို့ပြင်က **'ဒိဋ္ဌိ'** ငြိကပ်သွားတာပဲ။ ဘာငြိကပ် (ဒိဋ္ဌိငြိကပ်သွားပါတယ်ဘုရား)။ **'လူသံ'** လို့ဆိုတော့ ချစ်တာတွေ ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဘုရား)၊ **'လူသံ'**က ဘာတုံး-**'ဒိဋ္ဌိ'**။ **'လူသံ'** က ဘာကိလေသာတုံး (ဒိဋ္ဌိကိလေသာပါဘုရား)။ **'ချစ်တာ'**က ဘာကိလေသာတုံး (လောဘကိလေသာပါဘုရား)၊ အေး လောဘကိလေသာ။ **'မုန်းတာ'**က ဘာကိလေသာတုံး (ဒေါသကိလေသာ)။ အေးဘယ်မှာငြိကပ်တုံး (ဒွါရမှာပါဘုရား)။ **'ဒွါရ'**မှာ မငြိကပ်ဘူးဆိုရင် ဘာဖြစ်သတုံး (နိရောဓသစ္စာပါဘုရား)။ အဲ့ဒီ**'ဒွါရခြောက်'**မှာ

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ဖြစ်သွားတယ်၊ အရဟတ္တဖိုလ် ရောက်သွားတာပေါ့၊ ဘယ်မှာနိဗ္ဗာန်ရောက်သွားတုံး (ဒွါရမှာပါဘုရား)။ **'ဒွါရ'**မှာ ကိလေသာမရှိရင် နိဗ္ဗာန်ရောက်သွားတယ်၊ မဟုတ်ဘူးလား (မှန်ပါ့ ဘုရား)၊ **'ဖဿနိရောဓာ'**၊ **'ပဋိစ္စသမုပ္ပါဒ်'** နဲ့ သွားလည်းရတယ်၊ **'သစ္စာလေးပါး'** နဲ့သွားလည်း ရတယ်။ ဘာနဲ့သွားသွား မဂ္ဂင်ရထားပေါ်သာရောက်၊ ဘယ်မဆိုနိဗ္ဗာန်ရောက်တာပဲ။ **'ဒွါရ'** ဆိုတာသိပြီ။

**'ဆသုဒွါရေသု**- ဒွါရခြောက်ပါးတို့၌၊ **စိတ္တံ**- စိတ်သည်၊ **နိယမေ**- အာရုံအားလျော်စွာ ဖြစ်၏၊ **သတိပဋ္ဌာနေ**- သတိပဋ္ဌာန်ဟုဆိုအပ်သော၊ **ဝရုတ္တမေ**- မြတ်သောအကျင့်၌၊ **ဟန္တဝတေ ဝိပဿနာတိ**-ဝိပဿနာကကိလေသာကိုသတ်သောအကျင့်ကျင့်၏'၊ **'ဥတ္တမ'**ဆိုတာကိုက **'အဝိဇ္ဇာ'** မရှိတော့ဘူး။ **'အဝိဇ္ဇာ'**နုတ်ပြီးသားပဲ-**'ဥတ္တမ'**၊ ဒွါရခြောက်ပါးလို့ ဆိုကတည်းက ဒကာမကြီးတို့ မဟုတ်တော့ဘူး။ အာယတနခြောက်ပါးပဲ၊ အဲ့ဒါဂရုစိုက်ပါ၊ မိန်းမတွေ ယောကျ်ားတွေဆိုတာ အဲ့ဒီ ဒွါရခြောက်ပါးမှန်း အရင်တုန်းက မသိခဲ့လို့၊ ဒွါရခြောက်ပါးလုံးမှာ အာရုံအားလျော်စွာ **'စိတ်'** ဖြစ်တာကို မသိခဲ့လို့။

**'မသိတာ'**ဘာတုံး-**'အဝိဇ္ဇာ'**၊ အဲ့ဒီ **'အဝိဇ္ဇာ'**ကို အ ဖြုတ်လိုက်ရင် ဘာဖြစ်သတုံး (ဝိဇ္ဇာ ဖြစ်သွားတယ်)။ အဲ့ဒီ အ လေးကို **'သင်္ခါရ'** သွားကပ်လိုက်ရင်ဘာဖြစ်တုံး (အသင်္ခါရ ဖြစ်ပါတယ် ဘုရား)။ **'အသင်္ခါရ'** ဖြစ်သွားတယ်၊ ပထမတန်း ဖြစ်သွားတယ်၊ **'ဝိညာဏ်'** ဖြစ်သေးလား (မဖြစ် တော့ပါဘူး)၊ အေး **'စိတ်'** တောင်မဖြစ်တော့ဘူး။ ဒီတရားက ပထမတန်း ဉာဏ်ကောင်းတဲ့ တရား ဟုတ်ကဲ့လား (မှန်ပါဘုရား)။

**လူမှ မရှိတော့ဘူး မငြိကပ်တော့ဘူးလို့ဆိုတော့ ပထမတန်းဖြစ်သွားတယ်**

**'ဒွါရ ခြောက်ပါးတို့၌ ကိလေသာ ငြိကပ်သည်ရှိသော် ဝိပဿနာက သတ်၏'**၊ အဲ့ဒါ **'သစ္စာလေးပါး'** ဖြစ်သွားတာပဲ။ **'ဝိပဿနာ'**ကို သိပေးရတယ်၊ **'ကိလေသာ'**ကို သတ်သတ် ပေးရတယ်၊ အဲ့လိုမသတ်လို့ရှိရင် **'လောဘ'** ဆိုတဲ့ ကိလေသာက ကုန်ပဲ့မလား (မကုန်ပါဘူး ဘုရား)။ **'ဒေါသ'** ဆိုတဲ့ ကိလေသာကလည်း ကုန်ပဲ့မလား (မကုန်ပါဘူးဘုရား)။ **'ဒိဋ္ဌိ'**-ငါဆိုတာ ကလည်း ကုန်ပဲ့မလား (မကုန်ပါဘူးဘုရား)။ **'လောဘ'**-ယူချင်တယ် ဆိုတာလည်း ကုန်ပဲ့မလား (မကုန်ပါဘူး)။ အဲ့လိုဟာတွေ ဖြစ်ဖြစ်သွားတာပေါ့။ ပြီးတော့ စားတာလည်း **'ငါ'**စားတာ မဟုတ်ဘူး။ **'ဒွါရခြောက်ပါးတို့၌'**ဆိုရင် လူမရှိတော့ဘူးနော် (မှန်ပါ့ဘုရား)၊ ကိလေသာ ငြိကပ် တာနဲ့ မငြိကပ်ဘူးဒါပဲ။ အဲ့ဒါသစ္စာလေးပါးရှိတယ်။ အရဟတ္တဖိုလ်လည်းဖြစ်တယ်။ တကယ်လို့ သာ ဒွါရခြောက်ပါးမှန်း သိပေ့စေ။ လူလို့မသိနဲ့၊ ယောကျ်ား မိန်းမလို့ မသိနဲ့၊ ငါလို့လည်း

www.burmeseclassic.com

www.burmeseclassic.com



မသိနဲ့၊ ဝိစိကိစ္ဆာလည်း မဖြစ်နဲ့၊ ဥဒ္ဓစ္စ ကုက္ကုစ္စ ကိလေသာတွေ အကုသိုလ်တွေ မဖြစ်နဲ့။ ဖြစ်လို့ရှိရင်လည်း **'ဝိပဿနာ'**နဲ့ သတ်။ ဖြစ်ရင် ဘာနဲ့သတ် (ဝိပဿနာနဲ့သတ်)၊ **'ဝိပဿနာ'** ဆိုတာဘာတုံး-**'ဉာဏ်'**။ **'ဝိပဿနာ'** ဆိုဘာတုံး (ဉာဏ်ပါဘုရား)။ **'ဝိပဿနာ'**က သိတဲ့ဟာနော် ဉာဏ်နော်၊ **'ဒွါရ'**မှာ လာလာကပ်လို့ရှိရင် သိတဲ့ဟာ။ ဥပမာ- ပင့်ကူလေးဟာ သူ့ပိုက်ထဲ လာတိုးလို့ရှိရင် သူဒီကနေ ထိုင်နေရင် မသိဘူးလား (သိပါတယ်ဘုရား)။

ပိုးကောင်လေးက ဘာလေးတုံး (ကိလေသာပါဘုရား)၊ သွားစားတဲ့ ပင့်ကူလေးက ဘာလေးတုံး (ဝိပဿနာပါဘုရား)၊ ငြိကပ်တာက ဘယ်မှာ ငြိကပ်တုံး (ဒွါရမှာပါဘုရား)၊ ဟိုကျတော့ ပင့်ကူအိမ်ကျတော့ ပိုက်ကလေးမှာ ပိုးကောင်လေး **'ငြိကပ်'**တယ်။ အဲ့ဒါ နဲ့သာ တူအောင်လုပ် အရဟတ္တဖိုလ်ဖြစ်တယ်တဲ့၊ အရှင်နာဂသိန် ဟောတာ။ အဲ့ဒါသာ စေ့စေ့ ပေါက်ပေါက်ကလေး သိပါစေ၊ တကယ်ပထမတန်းဖြစ်တဲ့တရား။ ကိုယ့်ကိုယ်ကိုလည်း **'ဆသုဒွါရေသု'** လို့ပဲမှတ်ထား။ လူတွေ ယောကျ်ားတွေလို့ မမှတ်နဲ့၊ အဲ့ဒီသစ္စာလေးပါးထဲမှာ **'မငြိကပ်'**ဘူး။ **'ဒွါရ'** တို့မှာ ကိလေသာမငြိကပ်ဘူးဆိုရင် ဒါအရဟတ္တဖိုလ်ပဲ တရားပဲ၊ ဒွါရခြောက်ပါး တို့မှာ ကိလေသာ **'ငြိကပ်'**နေတယ် လုပ်လုပ်နေရသေးတယ်ဆိုရင် သေက္ခပုဂ္ဂိုလ်ခေါ်တယ်။ လူမှမရှိတော့ဘူး **'မငြိကပ်'** တော့ဘူးလို့ဆိုတော့ ပထမတန်း ဖြစ်သွားတယ်။

**ဒီနေ့ ကမ္မဋ္ဌာန်းက မိလိန္ဒကမ္မဋ္ဌာန်း**

အဲ့လို **'ဒိဋ္ဌိ'**ဆိုတာ သတ္တဝါတွေရှိရင် ဒိဋ္ဌိရှိတယ်၊ **'ရာဂ'**ဆိုတာလည်း မိန်းမတွေ ယောကျ်ားတွေရှိရင် ရာဂဖြစ်တယ်။ **'ဒိဋ္ဌိ'**ဆိုတာလည်း **'လူတွေ'**ရှိရင် ဒိဋ္ဌိလည်းဖြစ်တယ်။ ရာဂလည်းဖြစ်တယ်။ မာနလည်းဖြစ်တယ်။ ဒကာမကြီးတို့ဖြစ်သလား မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ **'ဒွါရ'**လို့မသိလို့၊ ဘာကိုမသိလို့ ဖြစ်သတုံး (ဒွါရလို့မသိလို့ပါဘုရား)။ **'လူ'**လို့သိတော့ ဗိုလ်မှူးကြီးလို့ ဘာကြီးလို့ သိနေတာကိုး။ **'ဒွါရ'** လို့မှ မသိဘဲ။ အဲ့လိုကဲ တစ်ကမ္ဘာလုံး **'ဒွါရ'** လို့ သိသလား (မသိပါဘူးဘုရား)။ ဘာလို့သိတုံး (လူလို့သိပါတယ်ဘုရား)။ လူမျိုးတွေ ဘာသာတွေကလည်း ကွဲပြီးတော့ တစ်ခါတည်း ဒေါသတွေ လောဘတွေမဖြစ်ဘူး လား (ဖြစ်ပါတယ်ဘုရား)။

**'စိတ္တံ နိယမေ ဆသုဒွါရေသု၊ သတိပဋ္ဌာနေဝရုတ္တမေ'**၊ အခုဟာ အနက်ပေးကလည်း တော်တော်ခက်တဲ့ဟာမျိုး။ ပြီးတော့ **'ကိလေသာ တတ္ထလဂ္ဂါစေ၊ ဟန္တဝတေ ဝိပဿနာတိ'**၊ ရှေးကလူကြီးတွေ ကောင်းပုံက နားထောင်လို့ကောင်းအောင် ဟောတာမဟုတ်ဘူး **'ကိလေသာ'** ဖြစ်အောင် ဟောတာမဟုတ်ဘူး၊ **'ကိလေသာ'** ကင်းအောင်ဟောတာ ရိပ်မိပလား (ရိပ်မိပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား)။ အခုလည်း မကင်းဘူးလား ကင်းသလား ပြောစမ်းပါ (ကင်းပါတယ်ဘုရား)။ **'ဒွါရ'** လို့သာသိ လူတွေ ယောကျ်ားတွေ မိန်းမတွေလို့ မသိနဲ့၊ ဝိပဿနာနဲ့ ဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေလည်း **'ဒွါရ'** မှန်းမသိဘူး။ မနေ့ကတုန်းက ကောင်လေးက 'တပည့်တော် ဖြစ်ပျက် ဘယ်လို ရှုရမတုံး ဘုရား'တဲ့၊ 'ဘယ်ဟာ ဖြစ်ပျက်တုံးဘုရား'တဲ့၊ လာမေးတယ်၊ အနိစ္စကောင် ဒုက္ခကောင်။ **'ဒွါရ'** သိရင် ဖြစ်ပျက်တာလည်း သိတာပေါ့။ **'ဒွါရ'** မှန်းမသိရင် ဘယ့်နှယ့်လုပ် ဖြစ်ပျက်က သိမတုံး၊ ခု မကြားဘူးလား (ကြားပါတယ်ဘုရား)။ ကြားတာဘာတုံး၊ ဖြစ်ပြီး ပျက်သွားတာပဲ။

တရားကလည်း **'ကမ္မဋ္ဌာနဝိနိမုတ္တော ဓမ္မောနာမံ နတ္ထိ'**၊ တစ်ခုသိရင် အကုန်သိတဲ့ ဟာမျိုး။ **'ဒွါရ'**ကိုသိမှ ဖြစ်ပျက်သိမပေါ့။ **'ဒွါရ'**မသိဘဲ ဘယ့်နှယ့်လုပ်ဖြစ်ပျက်သိလိမ့်မတုံး **'လူ'** လို့သိနေတာကိုး။ မေးကတည်းက ဥပါဒါန်တွေနဲ့။ ဒါ့ကြောင့်---

**လူဟုမယူ နာမ်ရုပ်ယူ ထိုသူဥပါဒါန်ကင်းသတည်း။**

**ဥပါဒါန်ကင်း ကံတွေကင်း ဇာတိစသည်ပါ ကင်းသတည်း။**

**'ဇာတိ'**က ဘယ်မှာရှိသတုံးဆိုတော့ **'ဒွါရ'** နဲ့ **'အာရုံ'** ထဲမှာရှိတာ။ ဒီနေ့ကမ္မဋ္ဌာန်းက **'မိလိန္ဒကမ္မဋ္ဌာန်း'** ဟုတ်တယ်မို့လား။ ပထမတန်းကောင်းတဲ့ ကမ္မဋ္ဌာန်းတဲ့၊ တစ်ခါတည်း လွယ်လွယ်ကူကူလေးနဲ့ အရဟတ္တဖိုလ်ပေါက် ရောက်တယ်၊ အဲ့လိုမှတ်ထား။

## လူတွေမရှိဘူးဆိုရင် 'ကဝိ' မှတ်ပေတော့

မျက်စိတို့ ဘာတို့ မြင်တာတွေကို လူတွေမြင်တယ်မမှတ်နဲ့၊ **'ဒွါရ အာရုံ'** မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။ **'ကိလေသာ'** ငြိကပ် မငြိကပ် ဒါပဲလိုတယ်၊ **'ကိလေသာ'** မငြိကပ်ရင် ဘယ်မှဘာမှ သွားမေးစရာမလိုဘူး။ ကိုယ့်ဟာကိုယ်သိနေတာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ **'ဒွါရ'** ထဲမှာသာ ကိလေသာ မငြိကပ်နဲ့၊ အရဟတ္တဖိုလ် ဖြစ်သွားတယ်။ **'ဒိဋ္ဌိ'**ကအရင်၊ ဒိဋ္ဌိပြီးတော့ **'ရာဂ'** ဖြစ်တယ်၊ **'ဒေါသ'** ဖြစ်တယ်၊ **'မာန'** လည်းဖြစ်တယ်။ **'လူ'** သာမရှိပါနဲ့ မဖြစ်ပါဘူး။ **'ဒွါရ'** လို့သာသိ။

**'လူတွေမရှိ ဒွါရရှိ ကဝိမှတ်ကုန်ကြ'**၊ **'လူတွေ'**မရှိဘူးဆိုရင် **'ကဝိ'**လို့သာ မှတ်ပေတော့၊ **'လူတွေ'** ရှိရင်သာ သူ ဟိုသွား ရန်ဖြစ်လိုက်၊ ဒီသွား ခံပြင်းလိုက် မခံပြင်းလိုက်။ **'လူတွေ'**ရှိလို့ ခံပြင်းတာ ဖြစ်တာပေါ့၊ သို့မို့ဘယ့်နှယ့်လုပ် ခံပြင်းမတုံး။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# "ဓမ္မဋ္ဌိတိဉာဏ် တရားတော်"

## ပုဗ္ဗေ ဓမ္မဋ္ဌိတိ ဉာဏံ

**'ဉာဏ်'**က ဓမ္မဋ္ဌိတိ ဉာဏ်၊ ပုဗ္ဗေ ဓမ္မဋ္ဌိတိ ဉာဏံ၊ **'ဓမ္မဋ္ဌိတိ ဉာဏံ'** ဆိုတာက **'ပဋိစ္စသမုပ္ပါဒ် ဉာဏ်'**၊ ပဋိစ္စသမုပ္ပါဒ်ဉာဏ်ကို **'ဣန္ဒြိယသံဝရ'**နဲ့ သွားတယ်၊ **'တေသု ဂုတ္တော'**တဲ့၊ **'စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေ'**ဆိုတဲ့ **'ဒွါရက္ကန္ဒြေ'** ခြောက်ပါးတို့၌ လုံခြုံတယ်ဆိုတော့ ထိုက္ကန္ဒြေခြောက်ပါးတို့က နိမိတ်မယူရဘူး၊ က္ကန္ဒြေခြောက်ပါးတို့က မျက်စိနဲ့ မြင်ပြီရှိသော် နိမိတ်မယူရဘူး။ နာမည်တို့ သဏ္ဌာန်တို့ မယူရဘူး။ **'နာမ သဏ္ဌာန်မရောက်ရန် အမှန်သတိပြု၊ သဏ္ဌာန် နာမ မရောက်က ညွတ်ကြဘယ်မရှိ ညွတ်ခြင်းမရှိလျှင် ဂတိ အာဂတိ အသွား အပြန် မရှိ'**။ အသံကြားရင်လည်း နိမိတ်မယူရဘူး။ အသံကလေးတင်ပဲထား၊ အသံကြောင့် အကုသိုလ်မဖြစ်စေရဘူး။ အဲဒါမှ **'တေသုဂုတ္တော- က္ကန္ဒြေတို့ကို လုံခြုံတယ်'**၊ အကုသိုလ်တို့ အဘိဇ္ဈာတို့မဖြစ်ဘူး။

## ပစ္ဆာနိဗ္ဗာနေဉာဏံ

အကုသိုလ်တို့ အဘိဇ္ဈာတို့ မဖြစ်ဘူးဆိုရင် **'ပစ္ဆာနိဗ္ဗာနေဉာဏံ'**၊ အဲဒါ **'ဓမ္မဋ္ဌိတိဉာဏ်'** ဖြစ်သွားလို့၊ လူတွေ ယောကျာ်းတွေ မိန်းမတွေရှိတော့ တရားပေါ်မှာ မတည်ဘူး။ ပဋိစ္စသမုပ္ပါဒ်မှာ မတည်ဘူး။ သဘောတရားမှာ မတည်ဘူး။ က္ကန္ဒြေတွေလုံတော့ **'ဓမ္မဋ္ဌိတိဉာဏ်'** ရသွားတယ်။

**မျက်စိကမြင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။**

**နားကကြားလျှင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။**

**နှာခေါင်းကနံလျှင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။**

**လျှာက စားလျှင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။**

**ကိုယ်ကထိလျှင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။**

**မနောကကြံလျှင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။**

အဲဒီတော့ က္ကန္ဒြေတို့ကို **'တေသုဂုတ္တော'**တဲ့။ က္ကန္ဒြေတို့ကို လုံခြုံတယ်ဆိုရင် လူ ယောကျာ်းတွေ မိန်းမတွေ သဏ္ဌာန်တွေလို့ မယူဘူး။ ဘာပြောတယ်လို့ မယူဘူး။ ဆဲရင် ဆဲတယ်လို့ မယူဘူး။ အပြစ်ပြောရင် ပြောတယ်လို့ မယူဘူး။ အဲဒါ **'ပုဗ္ဗေ ဓမ္မဋ္ဌိတိ ဉာဏံ'**၊ မဖြစ်ခင်က တရားပေါ်မှာ တည်တဲ့ဉာဏ်ဆိုတဲ့ **'ပဋိစ္စသမုပ္ပါဒ်ဉာဏ်'**။ မြင်လို့ ဖြစ်တာပဲ။ ကြားလို့ ဖြစ်တာပဲ။ အဲဒါ **'ဓမ္မဋ္ဌိတိဉာဏ်'**။ မျက်စိက မြင်လို့ သံယောဇဉ် ဖြစ်တာပဲ။ အကုသိုလ်မဖြစ်ရင်

www.burmeseclassic.com

www.burmeseclassic.com



**'နိဗ္ဗာနေဉာဏံ-** နိဗ္ဗာန်သိသွားတဲ့ ဉာဏ်' ဖြစ်သွားတယ်။ **'ပုဗ္ဗေ ဓမ္မဋ္ဌိတိ ဉာဏံ'** ဆိုတော့ တရားပေါ်မှာတည်တဲ့ဉာဏ်- **'ပဋိစ္စသမုပ္ပါဒ်ဉာဏ်'**ဆိုတော့ကို **'ကိုယ့်'**ပြောတယ်၊ **'ငါ'**ပြောတယ်။ **'သူ'** အမိန့်ပေးတယ်၊ **'ငါ'** အမိန့်ပေးတယ်ဆိုရင် **'ဓမ္မဋ္ဌိတိ'** မဟုတ်ဘူး။ အဲဒါကြောင့် စိတ်ဆိုးတာ ဖြစ်သွားတယ်။ စိတ်ဆိုးရင် နိဗ္ဗာန်မရောက်ဘူး။ **'ဓမ္မဋ္ဌိတိဉာဏ်'** ဆိုရင် စိတ်ဆိုးတာ မရောက်ဘူး။ စိတ်မဆိုးရင် နိဗ္ဗာန်ရောက်တယ်။ အဲဒီလို လေ့ကျင့်ယူရတယ်။ သွားရင်း လာရင်းမတ်တတ် ကြံပေးရတယ်။ စိတ်ဆိုးသေးတယ်ဆိုရင် **'ဓမ္မဋ္ဌိတိဉာဏ်'** မရှိသေးဘူး။ **'နိဗ္ဗာနေဉာဏံ'** လည်း မရှိ သေးဘူး။ ဣန္ဒြေကို လုံခြုံပြီဆိုရင် **'ဓမ္မဋ္ဌိတိဉာဏ်'** ဖြစ်သွားပြီ။ **'ဝီရိယိန္ဒြေ'** တဲ့။ ဣန္ဒြေတို့လို့ပဲ သိထားရမယ်။ ဣန္ဒြေခြောက်ပါးပဲလို့ သိထားရမယ်။ အဲဒါကျတော့ **'သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ'** အဲဒီအကျင့် ဣန္ဒြေငါးခုရှိတယ်။ အဲဒီအကျင့် ဣန္ဒြေ ငါးခုနဲ့ ဒွါရဣန္ဒြေ ခြောက်ခုတို့ဖြင့် **'ဓမ္မဋ္ဌိတိဉာဏ်'** ရောက်ရော။

**မသိအပ်သေးသော သစ္စာလေးပါးကို သိအောင်အားထုတ်မယ်**

ပြီးတော့ **'အနညာတညဿာမီတိန္ဒြေ'** ဖြစ်အောင်လုပ်ရမယ်။ **'အနညာတံ**- မသိအပ် သေးသော သစ္စာလေးပါးကို၊ **တညဿ**- သိအောင်အားထုတ်မယ်'။ မသိအပ်သေးသော သစ္စာလေးပါးကို၊ **'တညဿ**- သိအောင် အားထုတ်မယ်' ဆိုတဲ့ အဲဒီဣန္ဒြေက သောတာပတ္တိမဂ် ရောက်သွားတယ်။ အဲဒါ **'ဓမ္မဒ္ဓေ'** နဲ့ အတူတူပဲ။ သောတိန္ဒြေစတဲ့ ဒွါရဣန္ဒြေခြောက်ပါး၊ ဝီရိယိန္ဒြေစတဲ့ အကျင့်ဣန္ဒြေငါးပါးရှိပြီဆိုရင် **'နိဗ္ဗာနေဉာဏံ'** နိဗ္ဗာန်ရောက်တယ်။

သစ္စာလေးပါးရှိပြီဆိုရင် **'နိဗ္ဗာနေဉာဏံ'**၊ နိဗ္ဗာန်ရောက်တယ်။ နိဗ္ဗာန်ရောက်တယ် ဆိုတော့ စိတ်မဆိုးတာကိုခေါ်တယ်။ **'မျက်စိကမြင် သံယောဇဉ် ဉာဏ်တွင်သိ၍ပယ်ရမည်'**- သံယောဇဉ်မှန်းသိလိုက်ရင် စိတ်မဆိုးတော့ဘူး။ နဂိုတည်းကကို သိထားရမယ်။ နဂိုတည်းကကို **'စက္ခုန္ဒြေ'** မျက်စိကမြင်တယ်၊ **'သောတိန္ဒြေ'** နားကကြားတယ်ဆိုတာက ဒွါရ ဣန္ဒြေခြောက်ပါး၊ အဲဒီ ဒွါရ ဣန္ဒြေခြောက်ပါးကနေ အကုသိုလ်တွေဖြစ်တယ်။ သံယောဇဉ်တွေဖြစ်တယ်။ စိတ်မဆိုးလွယ်ဘူးဆိုရင် **'လောကုတ္တရာဣန္ဒြေ'** ရောက်ပြီ။ **'အနညာတညဿာမီတိန္ဒြေ'** ခေါ်တယ်။ ကဲ--- တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## "ဒေါသငြိမ်းတာ နိဗ္ဗာန်"

**အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိမေ၊**

**ယေ စ တံ ဥပနယှန္တိ၊ ဝေရံ တေသံ န သမ္မတိ။**

**'မံ** - ငါ့ကို၊ **အက္ကောစ္ဆိ** - ဆဲရေးခဲ့၏။ **မံ** - ငါ့ကို၊ **အဝဓိ** - ညှဉ်းဆဲခဲ့၏။ **မံ** - ငါ့ကို၊ **အဇိနိ** - အောင်နိုင်ခဲ့၏။ **မေ** - ငါ၏၊ **ဓနံ** - ဥစ္စာကို၊ **အဟာသိ** - ဆောင်ယူခဲ့၏။ **ဣတိ** - ဤသို့၊ **ယေ** - အကြင်သူတို့သည်၊ **ဝေရံ** - ရန်ကို၊ **ဥပနယှန္တိ** - ထိုသူ့အပေါ်၌ ရန်ငြိုးဖွဲ့ကုန်၏။ **တေသံ** - ထိုသူတို့အား **ဝေရံ** - ရန်သည်၊ **န ဥပသမ္မတိ** - မငြိမ်း**'**။

**အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိမေ၊**

**ယေ စ တံ နုပနယှန္တိ၊ ဝေရံ တေသူပသမ္မတိ။**

**'မံ** - ငါ့ကို၊ **အက္ကောစ္ဆိ** - ဆဲရေးခဲ့၏။ **မံ** - ငါ့ကို၊ **အဝဓိ** - ညှဉ်းဆဲခဲ့၏။ **မံ** - ငါ့ကို၊ **အဇိနိ** - အောင်နိုင်ခဲ့၏။ **မေ** - ငါ၏၊ **ဓနံ** - ဥစ္စာကို၊ **အဟာသိ** - ဆောင်ယူခဲ့၏။ **ဣတိ** - ဤသို့၊ **ယေ** - အကြင်သူတို့သည်၊ **ဝေရံ** - ရန်ကို၊ **နုပနယှန္တိ** - ထိုသူ့အပေါ်၌ ရန်ငြိုးမဖွဲ့ကုန်။ **တေသံ** - ထိုသူတို့အား **ဝေရံ** - ရန်သည်၊ **ဥပသမ္မတိ** - ငြိမ်း၏**'**။ **'မံ** - ငါ့ကို၊ **အဝဓိ** - ညှဉ်းဆဲခဲ့၏**'**။ ငါ့ကို ညှဉ်းဆဲတယ်လို့ နှလုံးမသွင်းနဲ့၊ **'မေ** - ငါ၏၊ **ဓနံ**- ဥစ္စာကို အဟာသိ- ဆောင်ယူခဲ့၏**'**၊ ငါ၏ဥစ္စာကိုယူဖူးပြီလို့ နှလုံးမသွင်းနဲ့။ အဲဒီလိုဆိုတာနဲ့ သောတာပန်ဖြစ်သွားတယ်။ အဲဒါကို ကဿပဘုရားရှင် လက်ထက်ကတည်းက ရန်ဖြစ်လာတဲ့ ဒကာကြီး ဒကာမကြီးတွေပေါ့။ ဒီဂေါတမ ဘုရားရှင်လက်ထက်မှာ မင်းတို့ကအဲဒီတုန်းကတည်း က ရန်ဖြစ်လာကြတာတဲ့။

### 'မံ– ငါ့ကို' လို့ နှလုံးမသွင်းနဲ့

**'မံ** - ငါ့ကို'က me လို့ဆိုတော့၊ me လို့ မယူရဘူး၊ I လည်း မယူရဘူး၊ You လည်း မယူရဘူး။ I တွေ၊ You တွေ၊ me တွေက **'အတ္တဘောကြီး'** ပဲ။ me လုပ်ရင် ရန်မငြိမ်းဘူး။ ရာဂ ဒေါသဆိုတာ **'အတ္တဘော'** ကြောင့်ဖြစ်တယ်။ You မရှိဘူး၊ I မရှိဘူး၊ me မရှိဘူး၊ အဲဒီလို သုံးခုဆိုမှ ရန်ငြိမ်းတယ်။ အဲဒါ **'အနတ္တ'**ပဲ။ **'သမ္မာဒိဋ္ဌိ'**၊ **'သမ္မာသက်ပွ'**တို့က သစ္စာလေးပါး သိခြင်းအကြောင်းဆိုတော့ အဲဒီဟာတွေ၊ me တွေ မလုပ်ရဘူး။ me မရှိမှ သစ္စာလေးပါး သိတယ်။ **'မံ** - ငါ့ကို၊ **အက္ကောစ္ဆိ** - ဆဲရေးခဲ့၏**'**။ me ငါ့ကိုမလုပ်ရင် ရန်ငြိမ်းတယ်။ ဒေါသငြိမ်းတယ်။ ဒေါသငြိမ်းတာကိုပဲ နိဗ္ဗာန်ခေါ်တယ်။ ကဲ---တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## "ရေအို ရေဟောင်း သွန်းလောင်းပြီးသော လှေ"

**သိတ္တာတေ လဟု မေဿတိ။ အ သိတ္တာတေ ဂရု မေဿတိ။ စိတ္တံ ဂုတ္တံ သုခါဝဟံ။**

**'သိတ္တာတေ လဟု မေဿတိ'၊ 'သိတ္တာတေ** - ရေအိုရေဟောင်းသွန်းလောင်းပြီးသော အတ္တဘောတည်းဟူသော လှေသည်၊ **လဟုံ** - လျင်မြန်စွာ၊ **ပါရံ** - တစ်ဘက်ကမ်းသို့ **ဧဿတိ**- ရောက်လတ္တံ့**.'**၊ **'အ သိတ္တာတေ ဂရု မေဿတိ'၊ 'အသိတ္တာတေ** - ရေအို ရေဟောင်းမသွန်းလောင်းရသေးသော အတ္တဘောတည်းဟူသော လှေသည်၊ **ဂရုံ** - နှေးစွာ၊ **ပါရံ** - တစ်ဘက်ကမ်းသို့ **ဧဿတိ** - ရောက်လတ္တံ့**.'**၊ **'စိတ္တံ ဂုတ္တံ သုခါဝဟံ'၊ 'စိတ္တဂုတ္တံ** - စိတ်လုံလျှင် စိတ်အပေါက်ပိတ်နိုင်လျှင်၊ **သုခါဝဟံ** - မဂ် ဖိုလ် နိဗ္ဗာန်အထိ ချမ်းသာကိုရွက်ဆောင်နိုင်၏**'**။

### ခန္ဓာကိုယ် အတ္တဘောကြီးက လှေကြီးနဲ့တူတယ်

ရေအို ရေဟောင်းဆိုတာ ကိလေသာတွေ၊ နီဝရဏတွေ၊ သံယောဇဉ်တွေပဲ။ စိတ်အပေါက်က ခြောက်ပေါက်-မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မန ဆိုတဲ့ အပေါက် ခြောက်ပေါက်။ ကမ်းနားမှာ လှေကြီးတစ်စင်းဆိုက်ထားတယ်။ အဲဒီလှေကြီးကို တစ်ဘက် ကမ်းသို့ရောက်အောင်လှော်ရမယ်။ အဲဒါ ဥပမာပေးတာ။ လှေမှာ ပျဉ်ပြားချပ်တွေ စပ်ထားတဲ့ နေရာကို **'မအိုးကွဲ'**လို့ ခေါ်တယ်။ အဲဒီ မအိုးကွဲကနေ ရေတွေဝင်တယ်။ လှေထဲဝင်လာတဲ့ ရေတွေကို ခပ်ထုတ်ပေးရတယ်။ အဲဒါမှ ပေါ့ပေါ့ပါးပါးနဲ့ တစ်ဘက်ကမ်းကို လျင်မြန်စွာ ရောက်နိုင်တယ်။ **'ခန္ဓာကိုယ် အတ္တဘောကြီး'** ကို လှေနဲ့တူတယ်လို့ သဘောထားလိုက်ပါ။

### ကိလေသာတွေက ဒွါရခြောက်ပေါက်ကဝင်တယ်

ဒီခန္ဓာကိုယ် အတ္တဘောကြီးထဲကို မအိုးကွဲနဲ့တူတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနဆိုတဲ့ အပေါက်ခြောက်ပေါက်ကနေ **'ကိလေသာတွေ'** ဝင်လာတယ်။ မျက်စိပေါက်၊ နားပေါက်တွေက ဝင်လာတယ်။ အများအားဖြင့် မနောပေါက်က ဝင်လာတယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနဆိုတဲ့ **'ဒွါရ'**ခြောက်ပေါက်နဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ထိတွေ့မှု၊ တွေးတော ကြံစည်မှုဆိုတဲ့ **'အာရုံ'** ခြောက်ပါးထိတွေ့တဲ့အခါ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာန ဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဆိုတဲ့ **'ဝိညာဏ်'** ခြောက်ပါးဖြစ်လာ တယ်။ အဲဒါ **'စိတ်အပေါက်'**လို့ခေါ်တယ်။ စိတ်အပေါက်ကနေ လောဘ၊ ဒေါသ၊ မောဟလို့ ခေါ်တဲ့ **'ကိလေသာတွေ'** ဝင်လာတယ်။ ဒါကြောင့် စိတ်အပေါက်ဆိုတာ ကိလေသာတွေဝင်တဲ့ အပေါက်တွေပဲ။ လှေထဲမှာရှိတဲ့ ရေအို ရေဟောင်းတွေကို လူက ခပ်ထုတ်ပေးရတယ်။ **'အတ္တဘော'** တည်းဟူသော လှေအတွင်းရှိ **'ကိလေသာ'**ဆိုတဲ့ ရေအိုရေဟောင်းတို့ကို ခပ်ထုတ်ပေးရမယ်။ နောက်ထပ် **'ကိလေသာ'** ဆိုတဲ့ ရေအသစ်တွေထပ်မဝင်အောင် **'စိတ်အပေါက်'**ကို

www.burmeseclassic.com

www.burmeseclassic.com



လုံအောင် ပိတ်ကြရမယ်။ အဲဒါ ဥပမာ ဥပမေယျနဲ့ ပြောတာ။ **'စိတ်အပေါက်တွေ'** ဘယ်လို ပိတ်ကြမလဲ၊ ရေအို ရေဟောင်းတွေကို ဘယ်လို ခပ်ထုတ်ကြမလဲ၊ သတိ၊ ဝီရိယ၊ ပညာတို့နဲ့ ပိတ်ကြရမယ်၊ ခပ်ထုတ်ရမယ်။

**သညာဝေဒနာ၊ ပညာဝေဒနာ**

ပညာနဲ့လည်း **'စိတ်အပေါက်'**ကို ပိတ်ရမယ်။ စွန်းလွန်းဆရာတော်က **'သညာဝေဒနာ'** မဖြစ်စေနဲ့။ **'ပညာဝေဒနာ'** ဖြစ်ပါစေတဲ့။ **'ဒီကားလေးက ကောင်းလိုက်တာ'**၊ **'ဒီကားလေး'** ဆိုတာက - သညာ၊ **'ကောင်းလိုက်တာ'** ဆိုတာက - ဝေဒနာ၊ **'သညာဝေဒနာ'** ဖြစ်သွားပြီ။ **'ကောင်းတာ ဆိုးတာဟူသမျှ ဝေဒနာတရားပင်တည်း'** တဲ့။ **'သညာဝေဒနာ'** ဆိုတော့ **'စိတ္တသင်္ခါရ'** ဖြစ်သွားပြီ။ စိတ်ကိုပြုပြင်လိုက်ပြီ။ **'သင်္ခါရ ပစ္စယာ ဝိညာဏံ'** ဆိုတော့ ပဋိစ္စသမုပ္ပါဒ် လည်ပြီ။ အနုလောမဖြစ်ပြီ။ ဒြပ်ရှိတော့ သညာရှိတယ်။ ဒြပ်ဆိုတာ သညီကို ခေါ်တယ်။ လူတွေ၊ သတ္တဝါတွေ၊ အိမ်တွေ၊ ကားတွေရှိနေတာ၊ အဲဒါ **'အဝိဇ္ဇာ'**ကြောင့်ဖြစ်တာ။ **'အဝိဒိတံ ဝိန္ဒတီတိ အဝိဇ္ဇာ'**၊ **'အဝိဒိတံ -** မသိအပ်သော ယောကျ်ား မိန်းမအစရှိသည်ကို၊ **ဝိန္ဒတိ -** သိတတ်၏။ **ဣတိတသ္မာ -** ထို့ကြောင့်၊ **အဝိဇ္ဇာ -** အဝိဇ္ဇာမည်၏**'**။

**'အဝိဇ္ဇာ'** ရှိရင် လူတွေရှိတယ်။ **'အဝိဇ္ဇာ'**မရှိရင် လူမရှိဘူး။ **'ပညာ ဝေဒနာ'** ကျတော့ အဝိဇ္ဇာမရှိဘူး။ လူတွေ မရှိဘူး။ **'လူမရှိသော စိတ်၊ စိတ်မရှိသောလူ'** နဲ့နေတယ်။ **'ပညာ ဝေဒနာ'**မှာ စိတ္တသင်္ခါရ မဖြစ်တော့ဘူး။ စိတ်ကို ပြုပြင်ခြင်းမရှိဘူး။ ပဋိစ္စသမုပ္ပါဒ် ပဋိလောမ ဖြစ်သွားတယ်။ **'သင်္ခါရ နိရောဓာ ဝိညာဏ နိရောဓော'** ဖြစ်သွားတယ်။ ဒါကြောင့် **'ပညာ ဝေဒနာ'** သည် သမ္မာဒိဋ္ဌိနဲ့ယှဉ်တဲ့ ဝေဒနာ။ **'သမ္မာဒိဋ္ဌိ'** ဖြစ်တော့ နိရောဓသစ္စာဖြစ်သွားတယ်။ **'ပညာ ဝေဒနာ'** ဆိုတော့ ဖြစ်ပျက်ပဲ သိတော့တယ်။ **'နိဿတ္တ၊ နိဇ္ဇီဝ၊ သဘာဝ'** ဖြစ်သွားတယ်။ သတ္တဝါမရှိ၊ အသက်မရှိ၊ သဘာဝပဲ အာရုံပြုတယ်။ မျက်စိကမြင်ပြီးရင်၊ နားကြားပြီးရင် ပျက်သွားမှန်းသိလိုက်တယ်။ **'ပရမတ် ဝေဒနာ'** ဖြစ်သွားတယ်။

**အဝိဇ္ဇာရှိ လူတွေရှိ လူ့ပြ၏ စိတ်ထဲမှာ၊ အဝိဇ္ဇာမရှိ လူမရှိ ငြိမ်း၏ စိတ်ထဲမှာ။**

ဒါ့ကြောင့် **'ကိလေသာ'**တည်းဟူသော ရေအိုရေဟောင်းသွန်းလောင်းပြီးသော **'ခန္ဓာကိုယ်အတ္တဘော'** တည်းဟူသော လှေသည် တစ်ဘက်ကမ်းနိဗ္ဗာန်ဆီသို့ လျင်မြန်စွာ ရောက်နိုင်ကြပါစေသတည်း။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## " ဝိပဿနာဉာဏ်စဉ် တစ်ဆယ့်ခြောက်ပါး တရားတော် "

**'ဖောင်းရုပ်၊ မှတ်နာမ်'** ကစတာ။ ဖောင်းတာက **'ရုပ်'**၊ မှတ်တာက **'နာမ်'**။

**'ဖောင်းရုပ်၊ မှတ်နာမ်၊ ပိန်မှတ်နာမ်နှင့်'**၊ ပိန်တော့ **'ပိန်တယ်'** လို့ မှတ်တာက၊ ပိန်တာက **'ရုပ်'**၊ မှတ်တာက **'နာမ်'**၊ အဲဒါ **'ရုပ်နာမ်'**ပေါ့။ အဲဒါက **'နာမရူပ ပရိစ္ဆေဒဉာဏ်'**။

**'ဖောင်းကြောင်းမှတ်ကျိုး'** တဲ့၊ ဖောင်းလို့ **'ဖောင်းတယ်'** လို့ မှတ်ရတာက၊ ဖောင်းတာက **'အကြောင်း'**၊ မှတ်တာက **'အကျိုး'**။

**'ဖောင်းကြောင်းမှတ်ကျိုး၊ ပိန်မှတ်ကျိုးတည်း'** တဲ့။ ပိန်လို့ **'ပိန်တယ်'** လို့ မှတ်ရတာက၊ ပိန်တာက **'အကြောင်း'**၊ မှတ်တာက **'အကျိုး'**။

**'ဖောင်းကြောင်းမှတ်ကျိုး၊ ပိန်မှတ်ကျိုးတည်း၊ တစ်မျိုးမှတ်သော် သွားချင် လာချင် အကြောင်းမြင်ပြီး'** တဲ့၊ သွားချင်လို့ သွားတာကိုး။ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ် သွားချင်လို့ သွားတာကိုး၊ ထိုင်ချင်ရင် ထိုင်တယ်။ **'သွားချင် လာချင် အကြောင်းမြင်ပြီး'** တဲ့၊ သွားချင်တာက **'အကြောင်း'** - နာမ်က အကြောင်းပေါ့၊ သွားတဲ့ရုပ်က **'အကျိုး'**ပေါ့။

**'သွားချင် လာချင် အကြောင်းမြင်ပြီး၊ သွားကျိုး လာကျိုး ဤကြောင်းကျိုးတည်း၊ တစ်မျိုး ဝိသုဒ္ဓိနှိုင်းကာညှိသော် ဒိဋ္ဌိဝိသုဒ်၊ ကင်္ခါသုဒ်ဟု တစ်မုဟုတ်ချင်း အမြင်လင်းသည် မှတ်ရင်း စူဠသောတာတည်း'** တဲ့။ အဲဒါ မှတ်ရင်းမတ်တတ် စူဠသောတာပန်ဖြစ်တယ်တဲ့။ နောက်ဟာက အကြောင်းအကျိုးကို သိတဲ့ဉာဏ်- **'ပစ္စယ ပရိဂ္ဂဟဉာဏ်'**။ ပထမဟာက **'ဒိဋ္ဌိဝိသုဒ္ဓိ'**၊ **'နာမရူပ ပရိစ္ဆေဒဉာဏ်'** ခေါ်တယ်။

**'သမ္မသန ဤဉာဏ်စသော် ထစ်ထစ်ပိန်ဖောင်း၊ ရှည်ပိန်ဖောင်းနှင့် အဖောင်းမကျ ဂွတတတည်း'** တဲ့။ ဖောင်းတာကြီးက အရှည်ကြီးဖြစ်သွားတယ်။ ပိန်တော့လည်း ကပ်သွားတော့ တစ်ခါတည်း ပြန်မဖောင်းနိုင်ဘူး။ အဲဒါ **'သမ္မသနဉာဏ်'** တဲ့။ ဖောင်းလိုက်တဲ့အခါလည်း ထစ် ထစ် ထစ်နဲ့ မဖောင်းနိုင်ဘူး။ ဖောင်းချင်မှ ဖောင်းတယ်။ **'သမ္မသန ဤဉာဏ်စသော် ထစ်ထစ် ပိန်ဖောင်း၊ ရှည်ပိန်ဖောင်းနှင့် အဖောင်းမကျ ဂွတတတည်း'** တဲ့။ **'သမ္မသန'** ဆိုတာ **'အတိတ်'**ကလည်း ဒီလိုပဲ နာမ်ရုပ်၊ **'ပစ္စုပ္ပန်'**လည်း နာမ်ရုပ်ပဲ၊ **'အနာဂတ်'** ဖြစ်မှာလည်း နာမ်ရုပ်ပဲ ဆိုတော့ သူက အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် သုံးသပ်တာကို သူက **'သမ္မသနဉာဏ်'** ခေါ်တယ်။ **'ဥဒယဗ္ဗယဉာဏ်'** အနုစားကျတော့ ပီတိဖြစ်တယ်။ **'ဥဒယဗ္ဗယ ဤဉာဏ်စသော် ကြက်သီး**

www.burmeseclassic.com

www.burmeseclassic.com



**ထခြင်း၊ ကိုယ်ယိမ်းခြင်းနှင့် အလင်းပီတိ ကိုယ်ဝယ်ပြည့်၍'** တစ်ကိုယ်လုံးက အလင်းရောင်တွေနဲ့ပဲ နေတယ်။ ကြက်သီးတွေထတယ်။ နောက်ကျောတွေကလည်း ဖျဉ်းဖျဉ်း ဖျဉ်းဖျဉ်းနဲ့ ချမ်းတယ်။ **'အလင်းပီတိ ကိုယ်ဝယ်ပြည့်၍ ပဿဒ္ဓိစသား ဤဆယ်ပါးကား'** ကိုယ်ကြီးငြိမ်းချမ်းပြီးတော့ မှတ်လို့ကောင်းနေတယ်။ မှိန်းပြီးတော့ နေချင်တယ်။ **'အလင်းပီတိ ကိုယ်ဝယ်ပြည့်၍ ပဿဒ္ဓိစသား ဤဆယ်ပါးကား ယေဘုယျအား အဖြစ်များ၏'။** အဲဒါ ယောဂီ တိုင်း ဖြစ်တတ်ပါတယ်တဲ့။ အဖြစ်များပါတယ်တဲ့။

**'ဘင်္ဂဉာဏ်'** တို့ကျတော့ ပျက်တာတွေကို မြင်တယ်။ **'မူးနောက်ဝေဆာ မနေသာဘဲ သေရွာသို့ရောက်၊ ကောင်းမည်လောက်တောင် ထင်ရောင် ထင်မှားနေမအားခဲ့၊ မှတ်မယ်လို့ကြံ အပျက်မြန်၏'။**

**'ဘယဉာဏ်'** တို့ကျတော့ ကြောက်တာတွေ မြင်တတ်တယ်။ **'ခေါင်းပြတ် ခြေပြတ် လက်ခြေပြတ်နှင့်'** သူတို့ကြိုးဆွဲချတာတွေ ဘာတွေ အကုန်မြင်တတ်တယ်။ အမွေးကြီးတွေကလည်း အထူကြီးတွေနဲ့၊ မျက်စိကြီးနဲ့ ကြည့်နေတာ၊ မကြောက် ကြောက်အောင် ဖြစ်သွားတယ်။ မကောင်းတဲ့ဟာတွေ မြင်တယ်။ ကြောက်စရာကြီးတွေ မြင်တာပေါ့။ ခေါင်းမပါတဲ့ အပြတ်ကြီးတွေမြင်ချင်မြင်တာ။ အဲဒါ **'ဘယဉာဏ်'**-ကြောက်စရာတွေ။

ကြောက်စရာဉာဏ်တွေမှာ ဆရာ့အနားနေပြီးတော့မှတ်။ သေမှာလား ရူးမှာလားလို့ ဒကာကြီးက ကြောက်သွားတာ (မှန်ပါဘုရား)။ အဲဒီနေရာမှာ ထွက်ပြေးတတ်တယ်။ ဆေးကုလို့လည်းမရ။ မျက်စိတွေကလည်း ပြူးကြောင်ကြီးဖြစ်နေတယ်။ ဒီကလည်း သိုင်းတွေပြနေတာကိုး။ တုတ်တွေ ဓားတွေနဲ့ ဟာ သူ့မှာ မျက်လုံးပြူးကြီးနဲ့ ကြောက်နေတယ်။ ဟို စိတ္တဇဆေးရုံသွားပို့ရတယ်။ ပို့တော့ ဟိုရောက်တော့ Shock ရိုက်ရတာပေါ့။ နားတွေ ဘာတွေပိတ်ပြီးတော့ပေါ့။ တစ်ခါတည်း အိပ်ပျော်သွားတယ်။

**'အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်တို့'** ကလည်း ဒီလိုပဲ။ မူးနောက်ဝေဆာနဲ့၊ အစာစားလို့လည်း မကောင်းဘူး။ **'မူးနောက်ဝေဆာ မနေသာဘဲ သေရွာသို့ရောက်၊ ကောင်းမည်လောက်တောင် ထင်ရောင်ထင်မှား နေမအားခဲ့၊ မှတ်မယ်လို့ကြံ အပျက်မြန်၏'**၊ အဲဒါ ဘင်္ဂတို့၊ ဘယတို့၊ အာဒီနဝတို့၊ နိဗ္ဗိန္ဒာတို့။ နောက်တစ်ခါကျတော့မှ အလင်းရောင်ကြီးက တစ်ခါတည်း ထိုးလာတယ်။ ကားမီးကြီးနဲ့ထိုးသလို မျက်စိကြီးထိုးလာတယ်။ ဒီ့ပြင် အလင်းတွေ လင်းတာနဲ့ မတူဘူး။ အဲဒါ **'မုဉ္စိတုကမျတာတို့၊ ပဋိသင်္ခါတို့'** ရောက်သွားတယ်။ အဲဒီအခါ မြင်ပြီး ထပြီး

www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်တဲ့အခါ ရှုမှာလားဟ ဘာလားဟနဲ့။ **'ဟာတာရင်ထဲ အသည်းပြုတ်လို့ ကြွေလု မတတ် ဆင်းရဲတတ်က နှိပ်စက်ထန်ပြင်း လျှောင်အိမ်တွင်းဝယ် ထွက်ချင်ကျားလို ပမာဆိုလို့ ဤလိုသာမော ပိုမပြောသည် မောဟိုက်ချွေးတွေ စိုရွှဲသည်'**။ တစ်ခါတည်း ရွက်လှေပေါ်က ခုန်ချချင်တယ်။ သေချင်တယ်။ အဲဒီအခိုက်အတန့်မှာ သေရမှာ မကြောက်ဘူး။ အဲဒါ **'မုဉ္စိတုကမျတာ၊ ပဋိသင်္ခါ'** တို့ပေါ့။ နောက်ကျမှ **'သင်္ခါရုပေက္ခာဉာဏ်'** ကို ပြောင်းသွားတယ်။

**'သင်္ခါရုပြောင်း မှတ်လို့ကောင်း၏။ မညောင်းမညာ အတော်ကြာလည်း၊ မထချင်ဘဲ အသည်းစွဲဖြင့်၊ ထူးကဲသွက်လက် မှတ်ချက်ကစွဲ၊ လစ်ကနဲသွား'** တဲ့။ သုံးနာရီလောက်မှတ်နိုင်မှ အမှတ်ကောင်းသွားတယ်။ အဲဒီမှာ အမှတ်တွေက ထူးကဲသွက်လက်ပြီး အမှတ်တွေက သွက်သွက် သွက်သွက်နဲ့ အမှတ်တွေမြန်လာတယ်။ အမှတ်တွေမြန်သွားပြီး မသိလိုက်တာ ဖြစ်သွားတယ်။ အဲဒါ **'ဝုဋ္ဌာနဂါမိနီတွေ'**၊ ဘာတွေပေါ့၊ မသိလိုက်တာဖြစ်တယ်။ လွတ်သွားတယ်။ **'ပဝတ္တသင်္ခါရ'** - ဖြစ်နေတဲ့ သင်္ခါရကနေ လွတ်သွားတယ်။ အဲဒါ ထိတာတွေ၊ သိတာတွေ မရှိတော့ဘူး။ အဲဒါ **'ဝုဋ္ဌာနဂါမိနီ ဝိပဿနာ'** ခေါ်တယ်။ အင်း **'သိခါပတ္တ'** အထွတ်အထိပ် ရောက်သွားပြီတဲ့။

**'သင်္ခါရုပြောင်း မှတ်လို့ကောင်း၏။ မညောင်းမညာ အတော်ကြာလည်း မထချင်ဘဲ အသည်းစွဲဖြင့် ထူးကဲသွက်လက်'**၊ မှတ်ရင်း မှတ်ရင်းနဲ့ အမှတ်တွေ သွက်လာတယ်။ **'မှတ်ချက် ကစွဲ၊ လစ်ကနဲသွား'** တဲ့၊ အမှတ်တွေ ထိ ထိ ထိနဲ့၊ ပြီးတော့ကပ် ကပ်သွားတယ်။ လစ်ကနဲ သွားပြီးတော့ ဆင်ခြင်တယ်။ ခုနက ဘာဖြစ်လိုက်တာတုံး။ အဲဒီလို ဆင်ခြင်များပြီး၊ အမှတ်က ကြွသွားတယ်၊ **'ဥဒယဗ္ဗယ'** လို အရောင်အလင်းတွေ ပြန်လာချင်ရင် လာတတ်တယ်။ ဟ ငါ့ ပြန်ကျသွားပြီလို့ ဒီလို မှတ်တတ်တယ်။

**'မှတ်ချက်က စွဲ၊ လစ်ကနဲသွား၊ ဆင်ခြင်များ၍၊ ကြွသွားအမှတ်၊ တက်လတ်ဉာဏ်စဉ်၊ ဖိုလ်သို့ဝင်သည်'**၊ အဲဒီတော့မှ **'ဂေါတြဘူတို့၊ မဂ်တို့'** နဲ့ ပုထုဇဉ်အနွယ်ကို ဖြတ်လိုက်တာပဲ။ သောတာပန်တို့၊ ဘာတို့ဆိုတာ အဲဒီလိုဟာပဲ။ **'တက်လတ် ဉာဏ်စဉ်၊ ဖိုလ်သို့ဝင်သည်၊ ကမ္ဘာတွင်တော့ လူမော်တည်း'** တဲ့။ ကဲ--- ပြီးပြီ။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## " ဝိပဿနာဉာဏ်စဉ် တစ်ဆယ့်ခြောက်ပါး သံပေါက်လင်္ကာ "

ဖောင်းရုပ်မှတ်နာမ်၊ ပိန်မှတ်နာမ်နှင့် ဖောင်းကြောင်းမှတ်ကျိုး၊ ပိန်မှတ်ကျိုးတည်း။ တစ်မျိုးမှတ်သော် သွားချင် လာချင် အကြောင်းမြင်ပြီး၊ သွားကျိုး လာကျိုး ဤကြောင်းကျိုးတည်း။ တစ်မျိုး ဝိသုဒ္ဓိ နှိုင်းကာညှိသော်၊ ဒိဋ္ဌိဝိသုဒ် ကင်္ခါသုဒ်ဟု တစ်မုဟုတ်ချင်း အမြင်လင်းသည် မှတ်ရင်း **'စူဠသောတာ'** တည်း။ **(နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ်)**

**'သမ္မသန'** ဤဉာဏ်စသော် ထစ်ထစ်ပိန်ဖောင်း၊ ရှည်ပိန်ဖောင်းနှင့် အဖောင်းမကျ ဝွတတတည်း။

**'ဥဒယဗ္ဗယ'** ဤဉာဏ်စသော် ကြက်သီးထခြင်း၊ ကိုယ်ယိမ်းခြင်းနှင့် အလင်းပီတိ ကိုယ်ဝယ်ပြည့်၍ ပဿဒ္ဓိစသား ဤဆယ်ပါးကား ယေဘုယျအား အဖြစ်များ၏။

မူးနောက်ဝေဆာ မနေသာဘဲ၊ သေရွာသို့ရောက် ကောင်းမည်လောက်တောင် ထင်ယောင်ထင်မှား နေမအားခဲ့၊ မှတ်မယ်လို့ကြံ အပျက်မြန်၏။ **( ဘင်္ဂဉာဏ် )**

ခေါင်းပြတ်၊ ခြေပြတ်၊ လက်ခြေပြတ်နဲ့ အပျက်ကြီးသာ မြင်ကုန်ပါ၍ ဟာတာ ရင်ထဲ အသည်းပြုတ်လို့ ကြွေလုမတတ်၊ ဆင်းရဲတတ်က နှိပ်စက်ထန်ပြင်း၊ လျှောင်အိမ်တွင်းဝယ် ထွက်ချင်ကျားလို ပမာဆိုလို့၊ ဤလိုသာမော ပိုမပြောသည်၊ မောဟိုက်ချွေးတွေ စို့ရွှဲသည်။ **(ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ် )**

**'သင်္ခါရု'** ပြောင်း မှတ်လို့ကောင်း၏။ မညောင်းမညာ အတော်ကြာလည်း၊ မထချင်ဘဲ အသည်းစွဲဖြင့်၊ ထူးကဲသွက်လက် မှတ်ချက်ကစွဲ၊ လစ်ကနဲသွား ဆင်ခြင်များ၍၊ ကြဲသွားအမှတ် တက်လတ်ဉာဏ်စဉ် ဖိုလ်သို့ဝင်သည်၊ ကမ္ဘာတွင်တော့ လူမော်တည်း။

**(သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်)**

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# ကျေးရှူးတော်ရှင် ဓမ္မာနုပဿနာ ပစ္စက္ကူဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဣန္ဒောဘာသ မဟာထေရ် (အနိစ္စဆရာတော်) ၏ ဆုံးမဩဝါဒ သံပေါက်လင်္ကာများ

**လူမရှိသောစိတ်၊ စိတ်မရှိသောလူ**

- သိတာကနာမ်၊ ထိုင်တာကရုပ်၊ နာမ်ရုပ်။ နာမ်ရုပ်ရှိလို့ရှိရင် မျက်စိတွေ၊ နားတွေရှိတယ်။
  မျက်စိတွေ၊ နားတွေမြင်လို့ရှိရင် နာမ်ရုပ်လို့မှတ်ရမယ်။
- မျက်စိ၊ နားသာ မြင်လေပါ သူဟာ လူမဟုတ်ပြီ။
- မျက်စိမြင် နားကြား စိတ်မသွား သူကားဒုက္ခအေးသတည်း။
- မျက်စိ မြင်တုံ ရူပါရုံ လူ့ပုံမမှတ်ရ။ မျက်စိကမြင် မနှိုင်းယှဉ် ဤတွင်တရားရ။
  နားက ကြားတုံ သဒ္ဒါရုံ လူ့ပုံမမှတ်ရ။ နားကကြားလျှင် မနှိုင်းယှဉ် ဤတွင်တရားရ။
  နှာခေါင်းက နံတုံ ဂန္ဓာရုံ လူ့ပုံမမှတ်ရ။ နှာခေါင်းကနံလျှင် မနှိုင်းယှဉ် ဤတွင်တရားရ။
  လျှာက စားတုံ ရသာရုံ လူ့ပုံမမှတ်ရ။ လျှာက စားလျှင် မနှိုင်းယှဉ် ဤတွင်တရားရ။
  ကိုယ်က ထိတုံ ဖောဋ္ဌဗ္ဗာရုံလူ့ပုံမမှတ်ရ။ ကိုယ်ကထိလျှင် မနှိုင်းယှဉ် ဤတွင်တရားရ။
  မနောက ကြံတုံ ဓမ္မာရုံ လူ့ပုံမမှတ်ရ။ မနောကကြံလျှင် မနှိုင်းယှဉ် ဤတွင်တရားရ။
- မျက်စိကမြင် အဆင်းမြင် လူမြင်အာသဝ။
  နားကကြားလျှင် အသံပင် လူထင်အာသဝ။
  နှာခေါင်းက နံလျှင် အနံ့ပင် လူထင်အာသဝ။
  လျှာက စားလျှင် အရသာပင် လူထင်အာသဝ။
  ကိုယ်ကထိလျှင် ဖောဋ္ဌဗ္ဗပင် လူထင်အာသဝ။
  မနောကကြံလျှင် ဓမ္မာရုံပင် လူထင်အာသဝ။
- မျက်စိကမြင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။
  နားကကြားလျှင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။
  နှာခေါင်းက နံလျှင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။
  လျှာက စားလျှင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။
  ကိုယ်ကထိလျှင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။
  မနောကကြံလျှင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



- မျက်စိအကြည်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကို သိရမှာ။
  နားအကြည်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကို သိရမှာ။
  နှာခေါင်းအကြည်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကို သိရမှာ။
  လျှာအကြည်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကို သိရမှာ။
  ကိုယ်အကြည်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကို သိရမှာ။
  မနောအကြည်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကို သိရမှာ။
- မြင်၊ ကြည်၊ ဆင်း၊ သံ - ဥပါဒ်၊ ငြီ၊ ဘင်၊ စ၊ စဉ်၊ အို၊ သေ။
  ကြား၊ ကြည်၊ သံ၊ သံ - ဥပါဒ်၊ ငြီ၊ ဘင်၊ စ၊ စဉ်၊ အို၊ သေ။
  နံ၊ ကြည်၊ နံ့၊ သံ - ဥပါဒ်၊ ငြီ၊ ဘင်၊ စ၊ စဉ်၊ အို၊ သေ။
  စား၊ ကြည်၊ ရ၊ သံ - ဥပါဒ်၊ ငြီ၊ ဘင်၊ စ၊ စဉ်၊ အို၊ သေ။
  ထိ၊ ကြည်၊ ဖော၊ သံ - ဥပါဒ်၊ ငြီ၊ ဘင်၊ စ၊ စဉ်၊ အို၊ သေ။
  ကြံ၊ ကြည်၊ ရုံ၊ သံ - ဥပါဒ်၊ ငြီ၊ ဘင်၊ စ၊ စဉ်၊ အို၊ သေ။
  ဤလေးတွေ သိလေ တရားဖြစ်သတည်း။

**ပညတ်မလာလေ ဉာဏ်တွေလာလေ၊ ပညတ်လာလေ ဉာဏ်တွေနည်းလေပဲ**

- ရာဂ ဒေါသ ဖြစ်လေရာ ပညတ်တွေလည်းပါရပါ။
- နာမ သဏ္ဌာန် မရောက်ရန် အမှန်သတိပြု၊ သဏ္ဌာန် နာမ မရောက်က ညွတ်ကြ ဘယ်မရှိ၊ ညွတ်ခြင်းမရှိက ဂတိ အာဂတိ အသွားအပြန်မရှိ။

**မသိအပ်ရာ သိလေတာ မှတ်ပါ အဝိဇ္ဇာ**

- **အဝိဒိတံ ဝိန္ဒတီတိ အဝိဇ္ဇာ**

  **အဝိဒိတံ** - မသိအပ်သော ယောကျာ်း၊ မိန်းမ အစရှိသည်ကို၊ **ဝိန္ဒတိ**-သိတတ်၏။

  **ဣတိတသ္မာ** - ထို့ကြောင့်၊ **သောမောဟော** - ထိုမောဟသည်၊ **အဝိဇ္ဇာ** - အဝိဇ္ဇာမည်၏။
- အဝိဇ္ဇာရှိ လူတွေရှိ၊ လူပ်၏ စိတ်ထဲမှာ။
  အဝိဇ္ဇာမရှိ လူမရှိ၊ ငြိမ်း၏စိတ်ထဲမှာ။
- အာရုံ ပညတ် ထိုနှစ်ရပ်၊ အဝိဇ္ဇာဖြစ်ကြောင်းမှတ်။ အဝိဇ္ဇာဖြစ်လျှင်ကမ္မဝင် ဝိညာဏ် ဖြစ်ကြောင်းမှတ်။ ဝိညာဏ်၊ နာမ်ရုပ် ခြောက်ခုထုတ်၊ အဟုတ်ဒုက္ခမှတ်။

www.burmeseclassic.com

www.burmeseclassic.com



**သိတာကနာမ်၊ ထိုင်တာကရုပ်၊ နာမ်ရုပ်**

- သိတာကနာမ်၊ မသိတာကရုပ်၊ သိတဲ့နာမ်မှာလေးမျိုးထုတ်၊ ယောက်ျား မိန်းမ မဟုတ်၊ အဲဒါ ဒိဋ္ဌိပြုတ်။
- လူမရှိ နတ်မရှိ ရှိတာနာမ်ရုပ်ပေ၊ မရှိတာ အသာနေ၊ ရှိတာရှာဖွေ၊ နာမ်ဏ္ဍန္ဓေ ငြိမ်ငြိမ်နေ၊ အဲဒါမှ ဒုက္ခအရှိန်သေ။
- လူဟုမယူ နာမ်ရုပ်ယူ ထိုသူ ဉပါဒါန်ကင်းသတည်း။ ဉပါဒါန်ကင်း ကံတွေကင်း ဇာတိစသည်ပါကင်းသတည်း။
- မသိတခြား သိတခြား နှစ်ပါးရုပ်နဲ့နာမ်။ မသိ အသိ ပေါင်းဖက်မိ သက်ရှိထင်လေပြန်။ အသက်မဟုတ် နာမ်နဲ့ရုပ် တွဲ၍လုပ်ရဟန်။ သဘောမသိ လူတွေရှိ ဒိဋ္ဌိအစွဲသန်။
- အပြင်ဘက်မှာ ရုပ်သာရှိ၊ ကိုယ့်နာမ်ကသွား၍သိ၊ စိတ်မှာဖျက်ဆီးဘိ။
- အကြောင်းညီညွတ် အဟုတ်မှန်သော်၊ ရုပ်နာမ်ခေါ်တရား၊ ပစ္စုပ္ပန်ထင်ရှားသာပ၊ ဖြစ်ပွားလို့ ပျောက်ကွယ်၊ မြင်အရှိစာတ်တကယ်ကို အသိနယ်ကျော်လွှား၍ မော်ကြွားကြ သူငါထင် ရုပ်နာမ်မမြင်၊ 'ငါ'အရှိ 'ငါ'အသိထင်တယ်၊ အတ္တဝင် ဒိဋ္ဌိဖြစ်သလေး။
- မြင်ကြားပျောက် သိပြတ်စင်အောင် ရှိစာတ်တွင်သိရပ်စို့လေး။

**ခန္ဓာငါးပါးသိပြားက မှတ်ရသောတာပန်**

- ခန္ဓာငါးပါးသိပြားက မှတ်ရသောတာပန်၊ ပုထုဇဉ် မှန်သမျှ ကန်းကြအမှန်၊ အပါဒါန်ရှေ့ဉာဏ်နဲ့ဖယ်ရှား၊ ကိုယ့်ကိုယ်ကို ဘယ်လိုဖြစ်တယ် တွေးကြံကြလား။
- ကောင်းတာဆိုးတာသညာပါ၊ သုံးဆောင်ဝေဒနာမှတ်၊ လိုက်၍သိတာသင်္ခါရာ၊ ဖောက်ပြန်ရုပ်ဟုမှတ်၊ အရာရာမှာသိတဲ့ဟာ ခန္ဓာဝိညာဏ်မှတ်။
- ဖောက်ပြန်၊ ခံစား၊ မှတ်သား၊ စေ့ဆော်၊ သိလျှင်ဝိညာဏ်၊ ဤငါးအင် ဖြစ်လျှင်ခန္ဓာမှတ်။
- ခန္ဓာရှိလို့ထိနိုင်တာ၊ တောမှာရွာမှာထိလို့မဆုံး၊ ခန္ဓာမရှိတဲ့နိဗ္ဗာန်မှာ အဘယ်ဖသထိနိုင်မတုံး။
- ခန္ဓာ့အပြင်ဘက် စိတ်မထွက် ရှုကွက်မှန်လေပြီ။
- စိတ်နှင့်ကိုယ်ပူး တရားထူးမည်။
- ခန္ဓာမှာ ငါမကပ်နဲ့၊ ငြိမ်းရာမှာရပ်၊ ဒုစရိုက်ကိုရှောင်ကြဉ်ပါ၊ ထီးဖြူအောက်မှာ၊ ပရိနိဗ္ဗာန်စံလေရဲ့ သုဒ္ဓေါဒနတဲ့။

www.burmeseclassic.com

www.burmeseclassic.com



**သတ္တဝါမရှိသော အသိသည်သာလျှင် လိုရင်းဖြစ်သည်**

- **နိဿတ္တာ၊ နိဇ္ဇီဝ၊ သဘာဝါ**- သတ္တလည်းမဟုတ်၊ အသက်ဇီဝလည်းမဟုတ်ကုန်သော သဘော တရားတို့သည်၊ **သံဝိဇ္ဇန္တိ**-ထင်ရှားရှိကုန်၏။
- ရုပ်ရိပ် နာမ်ရိပ် ကံရိပ်ပေါ်လာ အဲဒါဘယ်မှာလဲ သတ္တဝါ။
- ထင်အောင်ရောလို့ အစွဲပါ၊ မမြဲတာကမရှိလို့၊ မြဲတာကရှိလို့၊ သတိမချို့ ပမာတင်၊ လေဟာပြင်နဲ့ ရုပ်ရှင်ကား၊ ပိတ်ကားမှာတော့ ဘိတ်မရှိ၊ အရိပ်ငြိတော့ သင်္ခါရ၊ ဇာတ်ကား မှာတော့ အပျိုစင်၊ အပိုထင်လို့ သဿတစော၊ သတ္တဝါလောကဆို စိတ်ထဲမှာ၊ အရိပ်စွဲတာက တစ်ခဏ၊ သင်္ခါရဆိုတာနဂိုမရှိ၊ အပျိုကြည့်လည်း အရိပ်မြင်၊ စိတ်ထဲထင်လို့ပါးစပ်ပြော၊ ဓာတ်သဘောက ပဋိစ္စ၊ မပဋိစ္စတော့ ဘာတွေရှိ၊ ဒါတွေသိမှ သဘောမြင်၊ သဘောမြင်မှ သန္တိ၊ ဖလသမာပတ် က နိဗ္ဗာန်၊ ဇာတံ အဇာတံ အကတံ အဘူတံ နိဿရဏံ ပညာယတိ၊ ဒါလိုသိမှ အဓိတပ်၊ အဘိ ဆိုလို့ အပိုမပါ၊ အသိမှာတော့ အကုန်စင်၊ မယုံရင်လည်း ကြံကြည့် ကြ၊ နိမန္တနိယ အဓိပ္ပါယ်၊ သိပ်မကျယ်ဖို့ ခပ်ကျဉ်းကျဉ်း၊ ပါးစပ်ငြင်းမှာ စိတ်ကစိုးသဖြင့် ကဲ ရှာစား နိဿရဏ တန်ခိုး ပြတော်မူလိုက်စမ်း။
- စိတ်ကကြံတာ သတ္တဝါ၊ ဓမ္မာရုံနဲ့လွဲနေပြီ။ စိတ်ကကြံတာ သတ္တဝါ၊ ပညတ်တွေလည်း ပါရတာ။ မကြံတာက နိဗ္ဗာန်နဲ့ပရမတ်တရား။
- သတ္တဝါမဟုတ်၊ မဟာဘုတ် အဟုတ်အိမ်နှင့်တူသတည်း။ အိမ်နှင့်တူရာ ဧည့်သည်လာ ကိစ္စထွေရာများသတည်း။ ဒုက္ခသစ္စာဖြစ်သတည်း။
- သတ္တဝါကုန် အတ္တမြဲ့သည်သာ အရိယာ။
- သတ္တဝါရှိတယ်ဆိုတဲ့အယူကိုဖျက်ဆီးပစ်လို့ မြတ်စွာဘုရားကို 'သတ္တဝိနာသက' ပုဂ္ဂိုလ်ကြီး လို့ဆိုကြတယ်။
- ပုဂ္ဂိုလ်မပါ ဓမ္မသာ ဓမ္မစက္ကူဖြစ်သတည်း။ ပုဂ္ဂိုလ်ပါလျှင် သူငါဝင် ဤတွင် ဒိဋ္ဌိဖြစ်သတည်း။ ဒိဋ္ဌိဖြစ်လျှင် ချစ်မုန်းဝင် ဤတွင်လောကဖြစ်သတည်း။ ဒုက္ခသစ္စာဖြစ်သတည်း။

**ဝိပလ္လာသ**

- သညာဖောက်ပြန် ပုံသဏ္ဌာန်၊ လူဟန် နတ်ဟန် ထင်ကြတယ်။
- စိတ်ကဖောက်ပြန် မူယာဟန်ခြောက်တန် ဝိညာဏ်စွဲကြတယ်။
- ဒိဋ္ဌိဖောက်ပြန် လွန်ပြင်းထန် ငါ့ကံ သူ့ဉာဏ်စွဲကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



**အကြောင်းအားလျော်စွာဖြစ်နေတာ မှတ်ပါသဘာဝ**

- အဘိဓမ္မာ သဘာဝရယ်က ဆန်းကြယ်လှ လက္ခဏာ၊ မြင်လိုက်လို့ ကိုင်လိုက်ပါ မြင်တာကို မကိုင်မိ၊ ငါ သူတစ်ပါး ယောကျ်ား မိန်းမကို ကိုင်မိတယ်လို့ ဉာဏ်နုသူ လူအများတို့ကို လှည့်စားကာ ဖမ်းတတ်တယ်၊ ဆန်းတဲ့မျက်လှည့်။
- ပန်းလေးတစ်ပွင့် သူများမြင်၊ မြင်သူမခူး သူများခူး၊ ခူးသူမပန် သူများပန်၊ ပန်သူမမွှေး သူများမွှေး။
- လူတွေဆိုတာ အနိစ္စတုံးပါကလား၊ ဒုက္ခတုံးပါကလား၊ အနတ္တတုံးပါကလား၊ လက္ခဏာသုံး လို့ဆိုချင်၊ လက္ခဏာဆိုတာ အသီးသီးပါကလား၊ ကိုယ်စီကိုယ်ငှ ရှိကြမြဲပင် ရှိကြမြဲပင်။
- သခ်တာ ဓမ္မာ မသိဘဲမို့ တစ်စေ့တည်း စုံဖော်နေကြတယ်၊ ရှိတယ် ထင်သမျှ ပမ်းစရာနဲ့ နေမယ်၊ မရှိတာမြင်မှ ချမ်းသာကိုတွေ့မယ်၊ ချမ်းသာအတွေ့နဲ့ ပျော်မွေ့တဲ့ အာရုံကို ယူစမ်းကွယ်။

**ခန္ဓာတွေသာ စဉ်လိုက်ပါ၊ သူဟာသံသရာဖြစ်တော့သည်**

**ခန္ဓာနဉ္စ ပဋိပါဋိ ဓာတု အာယတနာနဉ္စ အဗ္ဗောစ္ဆိန္နာ ပဝတ္တမာနာ သံသာရောတိ ပ-ဝုစ္စတိ။**

**ခန္ဓာနဉ္စ ဓာတု အာယတနာနဉ္စ**- ခန္ဓာ၊ ဓာတ်၊ အာယတနတို့၏၊ **အဗ္ဗောစ္ဆိန္နာ** -မပြတ်၊ **ပဝတ္တမာနာ**- ဖြစ်သော၊ **ပဋိပါဋိ**- အစဉ်ကို၊ **သံသာရောတိ**-သံသရာဟူ၍(ဝါ) ဖြစ်ပျက် ပြောင်းလဲ အစဉ်ဟူ၍၊ **ဝုစ္စတိ**- ဆိုအပ်၏။

- ခန္ဓာက 'ဖြစ်'၊ ပုဂ္ဂိုလ်က 'စဉ်'၊ ဖြစ်စဉ်။
- **ခန္ဓ သန္တာနော ပုဂ္ဂလော။ ခန္ဓ သန္တာနော** - ခန္ဓာအစဉ်သည်၊ **ပုဂ္ဂလော** - ပုဂ္ဂိုလ်မည်၏။
- အစဉ်ကိုသာ ဖြတ်လိုက်ပါ ပုဂ္ဂိုလ်ဖြတ်တာ ဖြစ်သတည်း။ အစဉ်မရှိလျှင် ပုဂ္ဂိုလ်မရှိ။
- ခန္ဓာနဲ့အစဉ် ကွဲလျှင်ပင် ဤတွင်ကိလေသာ မရှိပြီ။
- အဟောင်းပျောက် အသစ်ရောက် တဖြောက်ဖြောက်ကြားပေါက်ဘယ်မရှိ။
- မီးစက်ဝန်းနှယ်၊ သဲကြောင်းသွယ်သို့ ရှေ့ပြယ်နောက်ထပ်၊ အစဉ်မပြတ်မှတ်လေ သန္တတိ။
- ခန္ဓာဖြစ်ပျက် ပရမတ်၊ နေရာမရွေ့တရစပ်။ နေရာရွေ့ပြီးပျက်နေတာမှတ်ပါ ပညတ်တည်း။

**အဟံ 'ငါ' မပါ**

အချိန်၊ နေရာ၊ သဘာဝါ အဟံ 'ငါ' မပါ။ အတိတ်၊ အနာဂတ် ၊ ပစ္စုပ္ပန် အဟံ 'ငါ' မပါ။ အဇ္ဈတ္တံ၊ ဗဟိဒ္ဓံထိုနှစ်တန် အဟံ 'ငါ' မပါ။

www.burmeseclassic.com

www.burmeseclassic.com



**နာဟံကွစနိ။ ကွစနိ**- တစ်စုံတစ်ခုသော ဌာန၊ ကာလ၊ သဘာဝဓမ္မ၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၌၊ **အဟံ**- ငါဟုဆိုဖွယ်ရာကိုယ်သည်၊ **န**- မရှိလုံးလုံးသုဉ်းချေ၏တကား။

- မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်သော ရုပ်တရားကို 'ငါ'ဟု ယူခြင်းငှာမသင့်ဆိုရင် သက္ကာယဒိဋ္ဌိ ပြုတ်သွားတယ်။
- သစ္စာ ရုပ်နာမ် ကြံလေပါ သူဟာမမည်း မဖြူဖြစ်တော့သည်။
- 'ငါ' လို့မသိ၊ မနောလို့သိ၊ ငြိမ်း၏ထိုနိဗ္ဗာန်။ လူတွေမရှိ၊ နိဗ္ဗာန်ရှိ၊ ငြိမ်း၏ထိုနိဗ္ဗာန်။
- 'ငါ' မမြင်ဘဲ 'ငါ' မြင်စွဲ။ 'ငါ' မသိဘဲ 'ငါ' သိစွဲ။
- 'ငါ' လိမ်နေတာကို သိရမည်။ 'ငါ' လိမ်နေတာ မသိလျှင် ခံကြပေတော့။ 'ငါ' နဲ့ မပေါင်းနဲ့။ 'ငါ' မရှိမှအေး၏။

**ပဋ္ဌာန်းဉာဏ်၊ ဝိပဿနာဉာဏ်ကေန်တုသည့်မှတ်**

- တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ။
  သုံးခုသော မဟာဘုတ်တို့ကို စွဲ၍ တစ်ခုသော မဟာဘုတ်ဖြစ်၏။
- ဧကံ မဟာဘူတံ ပဋိစ္စ၊ တယောမဟာဘူတာ။
  တစ်ခုသော မဟာဘုတ်ကိုစွဲ၍ သုံးခုသော မဟာဘုတ်တို့ ဖြစ်၏။
- ဒွေဒွေ မဟာဘူတေ ပဋိစ္စ၊ ဒွေဒွေ မဟာဘူတာ။
  နှစ်ခုသော မဟာဘုတ်တို့ကိုစွဲ၍ နှစ်ခုသော မဟာဘုတ်တို့ ဖြစ်၏။
- ဧကံ ခန္ဓံ ပဋိစ္စ၊ တယော ခန္ဓာ။
  တစ်ခုသော နာမ်ခန္ဓာကိုစွဲ၍ သုံးခုသော နာမ်ခန္ဓာတို့သည် ဖြစ်၏။
- တယော ခန္ဓာပဋိစ္စ၊ ဧကံ ခန္ဓံ။
  သုံးခုသော နာမ်ခန္ဓာတို့ကိုစွဲ၍ တစ်ခုသော နာမ်ခန္ဓာသည် ဖြစ်၏။
- ဒွေဒွေ ခန္ဓာ ပဋိစ္စ၊ ဒွေဒွေခန္ဓေ။
  နှစ်ခုသော နာမ်ခန္ဓာ တို့ကိုစွဲ၍ နှစ်ခုသော နာမ်ခန္ဓာတို့သည် ဖြစ်၏။
- မျက်စိအကြည်၊ နားအကြည် ခေါ်သည် နိဿယ။
  မဟာဘုတ်လေးပါး၊ ဤတရား ခေါ်ပြားနိဿယ။
- အမာခံနဲ့ ဖွဲ့တာနဲ့၊ ပူနွေးတာနဲ့ လှုပ်တာနဲ့၊ မြစ်ရေကြီးလို စီးသကွဲ့၊ ဆီမီးခွက်လို ငြိမ်းသဟဲ့၊ တစ်ခဏချင်း ဖြစ်သဟဲ့။

www.burmeseclassic.com

www.burmeseclassic.com



- ပထဝီ၊ အာပေါ၊ ဝဏ္ဏော ဖက်စပ်ဘေးကြီးညှပ် ထင်လတ်ဒြပ်တိုင်း။
  တေဇောလှည့်ပတ် ရှေ့နောက်စပ် ထင်လတ်အသက်တိုင်း။
  လှည့်ပတ် ဝါယော အရှင်သောနှယ် နှစ်သွယ်ဝိညတ်၊ ရုပ်စုံဓာတ် ထင်လတ် သတ္တဝါတိုင်း။
- ပထဝီဓာတ်ကြ အာပေါတွဲ၍၊ အခဲကိုမြင်၊ လူဟုထင်၊ ဤတွင် သက္ကာယဒိဋ္ဌိ ဖြစ်သတည်း။
- ဓာတ်တစ်လုံး ကိုယ်မှာကျေလျှင်၊ ဟိုဘဝါဘဝေ ကရွတ်ကင်းမလျှောက်ရတော့ဘဲ၊ အို နာ
  သေ ဆိုတဲ့ ဝဋ္ဋဇာတ်ခင်းပျောက်ကြပါပေ့၊ အမှောင်မသမ်းတဲ့ ဓမ္မာအခြေ လင်းရာမှာဖြင့်၊
  အောင်နန်း အမတပြည် လွှတ်မယ့်၊ လမ်းစဉ်ကြီးအစစ် ဖြစ်ပါလေတော့သတည်း။
- **အဇ္ဈတ္တိကာစ ပထဝီဓာတု၊ ဗာဟိရ္ဒါစ ပထဝီဓာတု၊ ပထဝီ ဓာတု ယေဝေသာ။ နေတံမမ၊
  နေသော ဟမသ္မိ၊ နမေသော အတ္တာတိ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။**
- အတွင်းအပ နှစ်ဌာန သဘာဝပထဝီပါ။ အတွင်းပထဝီ အပြင်ပထဝီ အညီမထူးပါ။ နေတံမမ၊
  နေသော ဟမသ္မိ၊ နမေသော အတ္တာတိ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။
- မသေမီ ခြေထောက်၊ သေပြီးခြေထောက် မဖောက်အတူပါ။
  လမ်းပေါ်ကကျောက်၊ ဒူးကကျောက် မဖောက်တူလေသည်။
- မာတာ ပထဝီ ဖြစ်ပြန်ပြီ ဖြစ်ပြန်ပြီ။ မာတာ ပထဝီ ဖြစ်ပျက်။ အနိစ္စ အမြဲမရှိ။
- ကြမ်းချောခုခံ (ပထဝီ) ကိုသာ သိလိုက်ပါ။ သူဟာ နိဗ္ဗာန် တစ်ဝက်ကျိုးပြီတည်း။
  ဖွဲ့စည်းယိုစီး (အာပေါ) ကိုသာ သိလိုက်ပါ။ သူဟာ နိဗ္ဗာန် တစ်ဝက်ကျိုးပြီတည်း။
  ပူအေး (တေဇော) ကိုသာ သိလိုက်ပါ။ သူဟာ နိဗ္ဗာန် တစ်ဝက်ကျိုးပြီတည်း။
  တွန်းတိုး (ဝါယော) ကိုသာ သိလိုက်ပါ။သူဟာ နိဗ္ဗာန် တစ်ဝက်ကျိုးပြီတည်း။
- ဓာတ်လေးပါးသာ သိလိုက်ပါ၊ သူဟာ နိဗ္ဗာန်တစ်ဝက် ကျိုးပြီတည်း။
- ကြမ်းချောမသိ၊ လူလို့သိ၊ မှတ်ဘိ အဝိဇ္ဇာ။
  ကြမ်းချောမရှိ၊ လူတွေရှိ၊ ဖြစ်၏ တဏှာ ဉပါဒါန်။
- ကိုယ်ငွေ့မသိ၊ လူလို့သိ၊ မှတ်ဘိ အဝိဇ္ဇာ။
  တေဇောလို့သိ၊ ကိုယ်ငွေ့ရှိ သိဉာဏ် အမှန်ဖြစ်တော့သည်။
- ကိုယ်ငွေ့သန္တာန်၊ ကိုယ်သဏ္ဌာန် အမှန်သိရမည်။
- စနက်ယမ်းမီး ပမာမှီးကာ သူ့ထက်ငါ ထွက်ပြေးကြရရှာ။
- ကုန်ပြီးပျက်တာ တေဇောပါ၊ အကောင်မရှိပြီ။
- တေဇောမရှိလျှင် နိဗ္ဗာန်ဝင် ဧကန်မုချဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



- အရိပ်အရောင် အမှောင် သံ လေ နေနှင့်အနံ့ နူးညံ့လှစွာ ရုပ်တို့မှာ ရှစ်ဖြာဓာတ်စု ပေါ်အောင်ရှု။
- ဓာတ်ရှစ်ပါးသာ ပေါင်းလိုက်ပါ ဆံပင်ဟုခေါ်ရသည်။
  ဓာတ်ရှစ်ပါးသာ ခွဲလိုက်ပါ ဆံပင်ဟာမရှိပြီ။
- ဓာတ်ရှစ်ပါးသာ ပေါင်းလိုက်ပါ လူဟာရှိစမြဲ။
  ဓာတ်ရှစ်ပါးသာ ခွဲလိုက်ပါ လူဟာမရှိမှတ်။
- ဝါဂွမ်းနှစ်ခုကောက်၍ထု နာမှုမရှိ ဥပေက္ခာ။ (ဥပါဒါရုပ်)
  ကျောက်ခဲနှစ်ခု ကောက်၍ထု နာမှု အနန္တ။ (မဟာဘုတ်)
- ပိယရုပ်၊ သာတရုပ်၊ မဟာဘုတ် ကွဲလျှင် တဏှာချုပ်။
  ပိယရုပ်၊ သာတရုပ်၊ မဟာဘုတ် မကွဲလျှင် တဏှာယုတ်။

**စိတ်၏ ပျော်မွေ့ရာ ဆွဲကိုင်ရာ မှတ်ပါ အာရုံခေါ်သတည်း**

- **ယောသဘာဝေါ**- အကြင်သဘောတရားသည်၊ **အာရမ္မဏော**- အာရုံ၌၊ **သဋ္ဌေတိ**- အာရုံမှန်းမသိ၍ ကပ်ငြိတတ်၏။ **က္ကတိတသ္မာ**- ထိုသို့ အာရုံမှန်းမသိ၍ ကပ်ငြိတတ်သော သတ္တိကြောင့်၊ **သောသဘာဝေါ** - ထိုသဘောတရားသည်၊ **သတ္တော**- သတ္တဝါမည်၏။
- **ယံယံ ဓမ္မံ အာရဗ္ဘ ၊ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ စိတ္တ စေတသိကာဓမ္မာ၊ တေတေ ဓမ္မာ၊ တေသံ တေသံ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။ ယံယံ ဓမ္မံ** -အကြင် အကြင် ဓမ္မကို (ဝါ) အကြင် အကြင် သဘာတရားကို၊ **အာရဗ္ဘ** - အာရုံပြု၍၊ **ယေယေဓမ္မာ စိတ္တ စေတသိကာဓမ္မာ** - အကြင် စိတ် စေတသိက်တရားတို့သည်၊ **ဥပ္ပဇ္ဇန္တိ-** ဖြစ်၏။ **တေတေ ဓမ္မာ** - ထိုထို အာရုံ သဘောတရားတို့သည်၊ **တေသံ တေသံ ဓမ္မာနံ**- ထိုထို စိတ် စေတသိက်သဘောတရားတို့အား၊ **အာရမ္မဏ ပစ္စယေန**- အာရမ္မဏပစ္စည်းဖြင့်၊ **ပစ္စယော ဥပကာရကော** - ကျေးဇူးပြုသည်၊ **ဟောတိ** - ဖြစ်၏။
- စိတ် စေတသိက် ကွဲအောင်ကြိတ် တိဟိတ် မဂ်ခေါ်ပေ။
- အာရုံနှင့်စိတ် ကွဲအောင်ကြိတ် တိဟိတ် မဂ်ခေါ်ပေ။
- အာရုံနှင့်တွဲ စိတ်ကိုခွဲ မနည်းကြိုးစားလေ။
- အာရုံကိုသိ မကပ်ငြိ လွတ်၏ သံသရာ။

www.burmeseclassic.com

www.burmeseclassic.com



- အာရုံခြောက်ပါးတွင် နှစ်သက်လျှင် ဤတွင်ဗာလမှတ်။
  အာရုံခြောက်ပါးတွင် မနှစ်သက်လျှင် ဤတွင်ပဏ္ဍိတ။
- အာရုံခြောက်ပါးမှာ တွေဝေကာ၊ သူဟာ သံသရာလည်တော့သည်။
- 'သိတာ' တင်ထား အစဉ်မသွား၊ သူကား တဏှာချုပ်သတည်း။
- 'မြင်တာ' တင်ထား အစဉ်မသွား၊ သူကား တဏှာချုပ်သတည်း။
- ဝတ္ထုကာမ ကိလေသာကာမ ထိုနှစ်ဝ ခွဲကြ စဉ်နှစ်ဖြာ။
- အာရုံငါးပါး ဟူသမျှ ဝတ္ထုကာမမှတ်။
- 'လိုချင်စရာ' က ဗဟိဒ္ဓ-ဝတ္ထုကာမ၊ ဒုက္ခသစ္စာ။
- 'လိုချင်တာ' က အဇ္ဈတ္တ-ကိလေသာကာမ၊ သမုဒယသစ္စာ။
- အာရုံကိုနုတ်၊ စိတ်ရှုပ်ကိုပယ်၊ ကုန်တယ်လို့သိ။
- အာရုံလည်းချုပ်၊ စိတ်လည်းချုပ်၊ ချုပ်တာ နိရောဓ။
- ခန္ဓာ၊ အာယတန၊ အာရုံ 'ဆ' ၌ တည်ထ၊ ဒုက္ခသစ္စာ။
- ကာမအာရုံ လွန်မြောက်ကုန် မှတ်တုံ နိက္ခမ။
  အာရုံငါးပါး ထွက်မြောက်ငြား မှတ်သားနိက္ခမ။
- ရူပါရုံ သဒ္ဒါရုံ ခြောက်အာရုံ ခေါ်တုံ ဟိုဘက်ကမ်း။
  မျက်စိ နား နှာ လျှာ ကိုယ် မန ခြောက်ဒွါရ ခေါ်ကြ ဒီဘက်ကမ်း။
  ကမ်းပါးကိုမူ 'ငါ' မယူ၊ ထိုသူ အပူကင်းသတည်း။
- ကမ္မဋ္ဌာန်းခြောက်ကျောင်းရှိပါသည်။ မျက်စိကလည်း ကမ္မဋ္ဌာန်းကျောင်း၊ နားကလည်း ကမ္မဋ္ဌာန်းကျောင်း၊ နှာခေါင်းကလည်း ကမ္မဋ္ဌာန်းကျောင်း၊ လျှာကလည်း ကမ္မဋ္ဌာန်းကျောင်း၊ ကိုယ်ကလည်း ကမ္မဋ္ဌာန်းကျောင်း၊ မနောကလည်း ကမ္မဋ္ဌာန်းကျောင်း။
- စရိုက် ခြောက်ပါးရှိပါသည်။ အဘယ်တို့နည်းမူကား- ဒေါသစရိုက်၊ ရာဂစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ပညာစရိုက်၊ ဝိတက်စရိုက်။
- ဓမ္မာရုံ ခြောက်ပါးရှိပါသည်။
  ပသာဒ သုခုမ ထိုနှစ်ဝ မှတ်ကြဓမ္မာရုံ။
  စိတ် စေတသိက် ကောင်းဆိုးစိတ် မှတ်ပိမ့် ဓမ္မာရုံ။
  ပညတ် နိဗ္ဗာန် ထိုနှစ်တန် မှတ်ရန်ဓမ္မာရုံ။

www.burmeseclassic.com

www.burmeseclassic.com



- မနော နှစ်ပါးရှိပါသည်။ ဘဝင်စိတ် ဆင်ခြင်စိတ် ထိုနှစ်စိတ် မှတ်ပိမ့် မနောဖြစ်သတည်း။
- မျက်စိကိုလည်း သိရမည်၊ အဆင်းကိုလည်း သိရမည်၊ သံယောဇဉ်ကိုလည်း သိရမည်။ ဤသုံးခုသိလျှင် နိဗ္ဗာန်ခွင် လျင်လျင်ပြေးတော့သည်။
- နားကိုလည်း သိရမည်၊ အသံကိုလည်း သိရမည်၊ သံယောဇဉ်ကိုလည်း သိရမည်။ ဤသုံးခု သိလျှင် နိဗ္ဗာန်ခွင် လျင်လျင်ပြေးတော့သည်။
- နှာခေါင်းကိုလည်း သိရမည်၊ အနံ့ကိုလည်း သိရမည်၊ သံယောဇဉ်ကိုလည်း သိရမည်၊ ဤသုံးခုသိလျှင် နိဗ္ဗာန်ခွင် လျင်လျင်ပြေးတော့သည်။
- လျှာကိုလည်း သိရမည်၊ အရသာကိုလည်း သိရမည်၊ သံယောဇဉ်ကိုလည်း သိရမည်၊ ဤသုံးခုသိလျှင် နိဗ္ဗာန်ခွင် လျင်လျင်ပြေးတော့သည်။
- ကိုယ်ကိုလည်း သိရမည်၊ ဖောဋ္ဌဗ္ဗကိုလည်း သိရမည်၊ သံယောဇဉ်ကိုလည်း သိရမည်၊ ဤသုံးခုသိလျှင် နိဗ္ဗာန်ခွင် လျင်လျင်ပြေးတော့သည်။
- မနောကိုလည်းသိရမည်၊ ဓမ္မာရုံကိုလည်းသိရမည်၊ သံယောဇဉ်ကိုလည်း သိရမည်။ ဤသုံးခု သိလျှင် နိဗ္ဗာန်ခွင် လျင်လျင်ပြေးတော့သည်။

**ဝဋ်သုံးပါးသာ သိလိုက်ပါ လွတ်မှာသေချာသည်**

- ဝိပါကဝဋ် အချင်းချင်း ဆက်သွယ်လျဉ်း မယှဉ်းကိလေသဝဋ် ဖြစ်သတည်း။
  ကိလေသဝဋ်သာ ဖြစ်လေပါ ကမ္မဝဋ်ဟာဖြစ်သတည်း။
  ကမ္မဝဋ်သာ ဖြစ်လေပါ ဝိပါကဝဋ်ဟာဖြစ်သတည်း။
- ဝိပါကဝဋ်အချင်းချင်း အဆက်အသွယ်ကင်း အလျဉ်းကိလေသဝဋ် မဖြစ်သတည်း။
  ကိလေသဝဋ်သာ မဖြစ်ပါ ကမ္မဝဋ်ဟာ မဖြစ်သတည်း။
  ကမ္မဝဋ်သာ မဖြစ်ပါ ဝိပါကဝဋ်ဟာ မဖြစ်သတည်း။
- ဝိပါကဝဋ်သာ မဖြစ်ပါ သူဟာ အရိယာဖြစ်သတည်း။
  ဝဋ်သုံးပါးသာ သိလိုက်ပါ လွတ်မှာသေချာသည်။
  သုံးပါးအထက် ပို၍စွက် လွတ်ရက်မရှိပြီ။
- မျက်စိက ဝိပါက၊ ဆဲချင်တာက ကိလေသာ၊ ဆဲလိုက်တာက ကမ္မာ။
- ဉပါဒါရုပ် အဆက်အသွယ်လုပ်၊ တစ်မုဟုတ် ဝိညာဏ်ဖြစ်သတည်း၊ ဝိညာဏ်ဖြစ်ရာ ခန္ဓာမှာ ဉပါဒါနက္ခန္ဓာဖြစ်သတည်း၊ ဒုက္ခသစ္စာဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



- အာယတန နှစ်ခုတိုက်ဆိုင်မှု လူဟုခေါ်ကြသည်။ လူတွေမရှိ ဓာတ်သာရှိ ကဝိမှတ်ရမည်။
- အာယတန နှစ်ခုတိုက်ဆိုင်မှု အသက်ဟု ခေါ်ကြသည်။ အသက်မရှိ အသေရှိ ကဝိမှတ်ရမည်။
- မတီးမမြည် တီးမှမြည်သံ စည်သံ၊ မောင်းသံ၊ ခေါင်းလောင်းသံကဲ့သို့ ပါတကား။
- စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ လေးခုမှာ ဥပေက္ခာသာဖြစ်။
  သုခ ဒုက္ခ နှစ်ပါးဖြစ် ကာယဝိညာဏ်တစ်။
  ငါးပါးလုံးသာ တစ်ခါဖြစ် မနောဝိညာဏ်တစ်။
- ဒွါရ အာရုံ၊ နှစ်ခုဆုံ၊ ဖြစ်ရုံ စိတ်ဟုခေါ်။ ဒွါရ အာရုံ၊ နှစ်ခုဆုံ၊ ပျက်ရုံ စိတ်ဟုခေါ်။
- မီးခတ်နှင့်ကျောက် ပွတ်တိုက်လောက် မီးတောက်ပေါ်သည်မှတ်။
- သူရောမရှိ၊ ငါရောမရှိ၊ သုညဟူ၍ သိ။
- မနော ပညတ်၊ စိတ်ဓာတ် ဝိညာဏ်၊ ဆုံလျှင် ဖဿဖြစ်သတည်း။
  မနော ပညတ်၊ စိတ်ဓာတ် ဝိညာဏ်၊ မဆုံလျှင် နိဗ္ဗာန်ရောက်သတည်း။
  မနော ပညတ်၊ စိတ်ဓာတ် ဝိညာဏ်၊ သံယောဇဉ်။
  မနော ပရမတ်၊ စိတ်ဓာတ် မဂ္ဂင်၊ နိဗ္ဗာန်ဝင်။
- ဝိပါက်ကမြင်၊ ခင်မင်တဏှာ၊ ဥပါဒါန်နှော မနောကမ္မ၊ မဂ္ဂင်ရောက် ပျောက်ကြဝေကန်၊
  ကမ်းစပ်ရောက် ပျောက်ကြ တောမီးမှန်၊ ဆိပ်ကမ်းရောက် ပျောက်၏ တောမီးမှန်။
- ဝိပါက်ကကြားရင်၊ ခင်မင်တဏှာ၊ ဥပါဒါန်နှော မနောကမ္မ၊ မဂ္ဂင်ရောက် ပျောက်ကြဝေကန်၊
  ကမ်းစပ်ရောက် ပျောက်ကြ တောမီးမှန်၊ ဆိပ်ကမ်းရောက် ပျောက်၏ တောမီးမှန်။
- ဝိပါက်ကနံရင်၊ ခင်မင်တဏှာ၊ ဥပါဒါန်နှော မနောကမ္မ၊ မဂ္ဂင်ရောက် ပျောက်ကြဝေကန်၊
  ကမ်းစပ်ရောက် ပျောက်ကြ တောမီးမှန်၊ ဆိပ်ကမ်းရောက် ပျောက်၏ တောမီးမှန်။
- ဝိပါက်က စားရင်၊ ခင်မင်တဏှာ၊ ဥပါဒါန်နှော မနောကမ္မ၊ မဂ္ဂင်ရောက် ပျောက်ကြဝေကန်၊
  ကမ်းစပ်ရောက် ပျောက်ကြ တောမီးမှန်၊ ဆိပ်ကမ်းရောက် ပျောက်၏ တောမီးမှန်။
- ဝိပါက်က ထိရင်၊ ခင်မင်တဏှာ၊ ဥပါဒါန်နှော မနောကမ္မ၊ မဂ္ဂင်ရောက် ပျောက်ကြဝေကန်၊
  ကမ်းစပ်ရောက် ပျောက်ကြ တောမီးမှန်၊ ဆိပ်ကမ်းရောက် ပျောက်၏ တောမီးမှန်။
- ဝိပါက်က ကြံရင်၊ ခင်မင်တဏှာ၊ ဥပါဒါန်နှော မနောကမ္မ၊ မဂ္ဂင်ရောက် ပျောက်ကြဝေကန်၊
  ကမ်းစပ်ရောက် ပျောက်ကြ တောမီးမှန်၊ ဆိပ်ကမ်းရောက် ပျောက်၏ တောမီးမှန်။
- မနောသုစရိုက်သုံးပါး- အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိ
- မနောဒုစရိုက်သုံးပါး- အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ

www.burmeseclassic.com

www.burmeseclassic.com



- စိတ်ကောင်း၊ ကြည်လင်၊ ဝမ်းမြောက်လျှင် သုံးအင်ပုညပြည့်စုံကြ၊
  ပုညပြည့်စုံ လူနတ်ဘုံ၊ သူဌေးဖြစ်ရ လူ့ဘဝ။
- စိတ်ဆိုး၊ စိတ်ညစ် ကိုယ့်ကြောင့်ဖြစ်၊ ပယ်ပစ်သူတကာ၊
  စိတ်ညစ်ပယ်ချိုး စိတ်မဆိုး၊ ရောက်ရိုး နိဗ္ဗူတာ။
- **စက္ခုနာ ရူပံ ဒိသွာ နနိမိတ္တဂ္ဂါဟီ၊ နာနုဗျဉ္ဇနဂ္ဂါဟီ။**
  **စက္ခုနာ**- မျက်စိဖြင့်၊ **ရူပံ** - ရူပါရုံကို၊ **ဒိသွာ** - မြင်သည်ရှိသော်၊ **နနိမိတ္တဂ္ဂါဟီ**- ယောကျ်ား မိန်းမဟူသော နိမိတ်ကြီးကိုလည်းကောင်း၊ **နာနုဗျဉ္ဇနဂ္ဂါဟီ**- ခေါင်း၊ ကိုယ်၊ ခြေ၊ လက် ဟူသော နိမိတ်ငယ်တို့ကိုလည်းကောင်း ယူလေ့မရှိသည်။ **ဟောတိ** - ဖြစ်၏။
- နိမိတ်ကြီး နိမိတ်ငယ် အသွယ်သွယ် စိတ်ဝယ်မကြံရ။
  ဤခြောက်ခုသာ ဆင်ခြင်ပါ၊ မှန်စွာတရားရ။
- မျက်စိကဖြစ် တဏှာညစ်ကို စင်စစ်ခွာရန် နင်သည်းခံ အမှန် နိဗ္ဗာန်ရောက်မည်တည်း။
- မျက်စိထဲတွင် ကိလေသာဝင် ဤတွင်ကြမ်းတမ်းသည်။
- မျက်စိထဲတွင် ကိလေသာမဝင် ဤတွင်နူးညံ့သည်။
- **စက္ခုနာ သံဝရော သာဓု၊ သာဓု သောတေန သံဝရော၊ ဃာနေန သံဝရော သာဓု၊ သာဓု ဇိဝှါယ သံဝရော၊ ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော၊ မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော၊ သဗ္ဗတ္ထ သံဝုတော ဘိက္ခု၊ သဗ္ဗ ဒုက္ခာ ပမုစ္စတိ။**
- **စက္ခုနာ**-မျက်စိဖြင့် ၊ **သံဝရော**-စောင့်စည်းခြင်းသည်၊ **သာဓု**-မင်္ဂလာဖိုလ်တိုင်အောင်ကောင်း၏။ **သောတေန**-နားဖြင့်၊ **သံဝရော**-စောင့်စည်းခြင်းသည်၊ **သာဓု**-မင်္ဂဖိုလ်တိုင်အောင်ကောင်း၏။ **ဃာနေန**- နှာခေါင်းဖြင့်၊ **သံဝရော**-စောင့်စည်းခြင်းသည်၊ **သာဓု**-မင်္ဂဖိုလ်တိုင်အောင် ကောင်း၏။ **ဇိဝှါယ**-လျှာဖြင့်၊ **သံဝရော**-စောင့်စည်းခြင်းသည်၊ **သာဓု**-မင်္ဂဖိုလ်တိုင်အောင် ကောင်း၏။ **ကာယေန**-ကိုယ်ဖြင့်၊ **သံဝရော**-စောင့်စည်းခြင်းသည်၊ **သာဓု**-မင်္ဂဖိုလ်တိုင် အောင်ကောင်း၏။ **ဝါစာယ**-နှုတ်ဖြင့်၊ **သံဝရော**-စောင့်စည်းခြင်းသည်၊ **သာဓု**-မင်္ဂဖိုလ် တိုင်အောင်ကောင်း၏။ **မနသာ**-စိတ်ဖြင့်၊ **သံဝရော**-စောင့်စည်းခြင်းသည်၊ **သာဓု**- မင်္ဂဖိုလ်တိုင်အောင်ကောင်း၏။ **သဗ္ဗတ္ထ**-အလုံးစုံသော အာရုံခြောက်ပါး၌၊ **သံဝရော**- စောင့်စည်းခြင်းသည်၊ **သာဓု**-မင်္ဂဖိုလ်တိုင်အောင်ကောင်း၏။ **သဗ္ဗတ္ထ**-အလုံးစုံသော အာရုံ ခြောက်ပါး၌၊ **သံဝုတော**-စောင့်စည်းသော၊ **ဘိက္ခု**-ရဟန်းသည်၊ **သဗ္ဗ ဒုက္ခာ**-အလုံးစုံသော ဆင်းရဲအပေါင်းမှ၊ ဒုက္ခသစ္စာမှ၊ **မုစ္စတိ**-လွတ်မြောက်၏။

www.burmeseclassic.com

www.burmeseclassic.com



**နာညတြ ဗောဇ္ဈင်္ဂ တပသာ၊ နာညတြိန္ဒြိယ သံဝရာ၊ နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။**

- **ဗောဇ္ဈင်္ဂ တပသာ-** ဗောဇ္ဈင်အကျင့်ကို၊ **အညတြ-** ကြဉ်ထား၍၊ **ပါဏိနံ-** သတ္တဝါတို့၏၊ **သောတ္ထိံ**- ချမ်းသာရာကို၊ **အဟံ**- ငါဘုရားသည်၊ **နပဿာမိ**-မြင်တော်မမူ။
- **ဣန္ဒြိယသံဝရာ** - ဣန္ဒြေခြောက်ပါးစောင့်ထိန်းခြင်းကို၊ **အညတြ**- ကြဉ်ထား၍၊ **ပါဏိနံ-** သတ္တဝါတို့၏၊ **သောတ္ထိံ**- ချမ်းသာရာကို၊ **အဟံ**- ငါဘုရားသည်၊ **နပဿာမိ**-မြင်တော်မမူ။
- **သဗ္ဗနိဿဂ္ဂါ-** အလုံးစုံသော လောဘ ဒေါသကိုစွန့်၍ နိဗ္ဗာန်ရောက်ခြင်းကို၊ **အညတြ-** ကြဉ်ထား၍၊ **ပါဏိနံ-** သတ္တဝါတို့၏၊ **သောတ္ထိံ**- ချမ်းသာရာကို၊ **အဟံ**- ငါဘုရားသည်၊ **နပဿာမိ**- မြင်တော်မမူ။
- **စိတ္တံ ဂုတ္တံ သုခါဝဟံ**- စိတ်ကိုစောင့်စည်းခြင်းဖြင့် ချမ်းသာကိုရွက်ဆောင်နိုင်၏။
- **စိတ္တံ ဒန္တံ သုခါဝဟံ** - စိတ်ကိုယဉ်ကျေးစေခြင်းဖြင့် ချမ်းသာကိုရွက်ဆောင်နိုင်၏။
- **စိတ္တံ ရက္ခေထ မေဓာဝီ** - ပညာရှိသည် စိတ်ကိုစောင့်ရှောက်၏။
- **စိတ္တဿ ဒမထော သာဓု**- စိတ်ကို ယဉ်ကျေးစေခြင်းငှာ ဆုံးမခြင်းသည်ကောင်း၏။
- **ယဿ ကာယေန ဝါစာယ၊ မနသာ နတ္ထိ ဒုက္ကဋံ၊ သံဝုတံ တီဟိ ဌာနေဟိ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ**၊ **ယဿ**-အကြင်ပုဂ္ဂိုလ်အား၊ **ကာယေန**-ကိုယ်ဖြင့်လည်းကောင်း၊ **ဝါစာယ**-နှုတ်ဖြင့်လည်းကောင်း၊ **မနသာ**-စိတ်ဖြင့်လည်းကောင်း၊ **ဒုက္ကဋံ**-မကောင်းမှုကိုပြုခြင်း၊ **နတ္ထိ**-မရှိပေ။ **တီဟိ ဌာနေဟိ**-ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောဌာနတို့၌ ဒုစရိုက်ဆယ်ပါး မဖြစ်ပွားအောင်၊ **သံဝုတံ-**စောင့်စည်းသောသူကို၊ **ဗြာဟ္မဏံ**-မကောင်းမှုမှ အပပြုပြီးသော သူဟူ၍၊ **ဝဒါမိ**-ဟောတော်မူ၏။
- ကံသုံးပါးမှာ ဒုမပါ သူဟာ မိထွေးတော်ဂေါတမီဖြစ်သတည်း။
- **စိတ္တဿဟာဘူတော** - စိတ်နှင့်တကွဖြစ်သည်။ **စိတ္တာနုပရိဝတ္တိနော** - စိတ်သို့အစဉ်လိုက် တတ်သည်။
- **ဒူရင်္ဂမံ ဧကစာရံ အသရီရံ ဂုဟာသယံ၊ ယေစိတ္တံ သံယမေဿန္တိ မောက္ခန္တိ မာရဗန္ဓနာ။** **ဒူရင်္ဂမံ**-ဝေးဝေးကြီးလည်းသွားတတ်သော၊ **ဧကစာရံ**-တစ်ယောက်တည်းပဲ စိတ်ကူးသော၊ **အသရီရံ**-ကိုယ်ကြီးမရှိသော၊ **ဂုဟာသယံ**-နှလုံးလှိုဏ်ခေါင်းထဲမှာနေသော၊ **စိတ္တံ**-စိတ်ကို၊ **ယေ**- အကြင်ယောဂီတို့သည်၊ **သံယမေဿန္တိ**-စောင့်စည်းခြင်းဖြင့်၊ **မာရဗန္ဓနာ**-ကိလေသာ မာရ်အနှောင်အဖွဲ့မှ၊ မာရ်မင်း၏ အနှောင်အဖွဲ့မှ၊ **မောက္ခန္တိ**-လွတ်မြောက်ကြရာ၏။

www.burmeseclassic.com

www.burmeseclassic.com



**ပျက်နေတယ် ပျက်နေတယ် မှန်စွာ သူည သိရမယ်– သူညံ ပဿေ ပုနပ္ပုနံ**

**- ခယသ္မိံ ပထမံ ဉာဏံ**

- **ခယသ္မိံ** - ကုန်ခြင်း၌၊ **ဉာဏံ** - သိသောဉာဏ်သည်၊ **ပထမံ** - ရှေးဦးစွာဖြစ်၏။
- **ဆိန္ဒသောတံ ပရက္ကမ္မ** - အလျဉ်(အယဉ်)ကိုဖြတ်

**ကာမေ ပနုဒ ဗြာဟ္မဏ** - မမြတ်တာကိုပယ်

**သင်္ခါရာနံ ခယံ ဉတွာ** - ကုန်တယ်လို့ရှု

**အကတညျူသိဗြာဟ္မဏ** - မပြုပြင်အပ်သည်ကို သိလော့။

- **ဝယဓမ္မာ သင်္ခါရာ** - သင်္ခါရတို့သည်ပျက်တတ်သော သဘောရှိသည်။
- **ခယဋ္ဌေန အနိစ္စ**- ကုန်တတ်သောကြောင့် အနိစ္စမည်၏။
- **ဟုတွာ အဘာဝတော အနိစ္စံ**

**ဟုတွာ** - ဖြစ်ပြီး၍၊ **အဘာဝတော** - မရှိခြင်းကြောင့်၊ **အနိစ္စံ** - အနိစ္စမည်၏။

- **အနိစ္စန္တိ ခန္ဓ ပဉ္စကံ၊ အနိစ္စန္တိ**- အနိစ္စဟူသည်ကား၊ **ခန္ဓ ပဉ္စကံ**- ခန္ဓာငါးပါးတည်း။
- **အနိစ္စ သင်္ခတံ၊ ပဋိစ္စ သမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂ ဓမ္မံ၊ နိရောဓ ဓမ္မံ၊ ခမတိ။**

**- ပဉ္စက္ခန္ဓေ အနိစ္စတော အနုပဿန္တော အနုလောမခန္တိံ**

**ပဉ္စက္ခန္ဓေ-** ခန္ဓာငါးပါးကို၊ **အနိစ္စတော**- အနိစ္စအားဖြင့်၊ **အနုပဿန္တော**-ရှုသည်ရှိသော်၊ **အနုလောမခန္တိံ**-လောကုတ္တရာ တရားအားလျော်သောဉာဏ်(ဝါ)အနုလောမခန္တီဉာဏ်ရ၏။

- **ပဉ္စက္ခန္ဓာ နသတ္တော၊ နဇီဝေါ၊ နနရော၊ နမာဏဝေါ၊ နက္ကတ္ထိ၊ နပုရိသော၊ နအတ္တာ၊ နအတ္တနိယံ၊ နာဟံ၊ နမမ၊ နကောစိ၊ န ကဿစိ။** သတ္တဝါမရှိဘူး၊ အသက်မရှိဘူး၊ လူမရှိဘူး၊ လုလင်ပျိုမရှိဘူး၊ မိန်းမမရှိဘူး၊ ယောကျ်ားမရှိဘူး၊ ငါ့ကိုယ်ကြီးမရှိဘူး၊ ငါ့ကိုယ်နှင့်စပ်တာမရှိဘူး။ ငါမရှိဘူး၊ ငါ့ဉစ္စာမရှိဘူး၊ တစ်ပါးသောသူမရှိဘူး၊ တစ်စုံတစ်ယောက်မရှိဘူး၊ ခန္ဓာငါးပါးပဲရှိတယ်။

**- တဒါ ရမ္မဏတာ စိတ္တံ ဘိဇ္ဇတိ၊ တဿ ဘင်္ဂံ ပဋိသင်္ခါ**

**တဒါ ရမ္မဏတာ**- ထိုအာရုံလျှင် အာရုံရှိသော၊ **စိတ္တံ** - စိတ်သည်၊ **ဘိဇ္ဇတိ** - ပျက်၏။

**တဿ ဘင်္ဂံ ပဋိသင်္ခါ-** ထိုအပျက်ကို ဆင်ခြင်သောစိတ်သည်လည်းပျက်၏။

- **မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ ၊ မနောမယာ၊ ဓမ္မာ**- စေတသိက်နာမ်ခန္ဓာသုံးပါးသည်၊ **မနောပုဗ္ဗင်္ဂမာ**- 'ဝိညာဏ်' နာမ်ခန္ဓာသာလျှင် ပြဋ္ဌာန်းခြင်းရှေ့သွားရှိ၏။ **မနောသေဋ္ဌာ**- 'ဝိညာဏ်' နာမ်ခန္ဓာသာလျှင် အကြီးအကဲဖြစ်၏။ **မနောမယာ**- 'ဝိညာဏ်' နာမ်ခန္ဓာသာ စီရင်ရာဖြစ်ပွားကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



- ဖြစ်သမျှကို စိတ်ထဲကဆို၊ အပိုအလိုမထားနဲ့။
- ထိမှု သိမှု ထိုနှစ်ခု သတိကြပ်ကြပ်ပြု။
- မြင်ရင် မြင်တယ် မှတ်ကြကွယ် သတိပဋ္ဌာန်နည်းကလွယ်။
- ကြားရင် ကြားတယ် မှတ်ကြကွယ် သတိပဋ္ဌာန်နည်းကလွယ်။
- ကြံရင် ကြံတယ် မှတ်ကြကွယ်သတိပဋ္ဌာန်နည်းကလွယ်။
- စဉ်းစားရင် စဉ်းစားတယ် မှတ်ကြကွယ် သတိပဋ္ဌာန်နည်းကလွယ်။
- အတိတ်စိတ်သာ နှိပ်ကွပ်ပါ၊ သစ္စာလေးဖြာ သိစမြဲ။
- ဖြစ်ခဲ့ပြီးတာ အရာရာ၊ ပြန်ကာမတွေးနဲ့။ အနာဂတ်ရေး မျှော်ကာတွေး၊ ပူဆွေးမနေနဲ့။ ပစ္စုပ္ပန်ဖြစ်ဆဲ ခန္ဓာလည်း အစွဲမကြီးနဲ့။
- မြင် ကြားစသည့် ကြံသိသမျှ သင်္ခါရကား၊ အနိမိတ္တ အနိစ္စ ဇောန် ဒုက္ခမှန်သည်၊ ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ၊ ပရမတ္ထ သစ္စာသဘော ပညာဖောပင်။ ဝိညာဏ်မြင်ကြံ၊ လောကမှန်မှာ တောသံ တောင်သံ၊ ပဲ့တင်သံလို ဉာဏ်ပညာမှာ ဖန်ဖန်ခါခါ ရှာသော်မရ အနိစ္စ ဒုက္ခ အနတ္တသဘော အရိယသစ္စာ မြတ်ဓမ္မာသည်၊ ပမာနေလ ထင်ရှားသည်။
- ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ ပစ္စုပ္ပန်ကာလ ဒုက္ခသစ္စာ၊ သူ့အထဲ အမြဲ အဝိဇ္ဇာပါ။

**ဖြစ် မဖြစ် ပရမတ္ထအစစ်။ ဖြစ်ချင် ဖြစ်၊ မဖြစ်ချင် မဖြစ်၊ သစ္စာလေးပါးအစစ်**

- သမုဒယကြောင့် ဖြစ်ထ ဇာတိ ဒုက္ခ၊ သမုဒယချုပ် ချုပ်ရ ထိုဒုက္ခ၊ ဖြစ်လိုမှုကြောင့် ဖြစ်ထ ဇာတိဒုက္ခ၊ ဖြစ်ချင်လိုမှု ပယ်စွန့်ပြု ချုပ်မှု နိရောဓ၊ ဤလေးခု သိမှု သောတာပန်။
- သစ္စာလေးပါး ဤတရား ပိုင်းခြားသိအောင်မှတ်၊ ဖြစ်ခြင်းပျက်ခြင်း ဖောက်ပြန်ခြင်း မယွင်းဒုက္ခသစ္စာမှတ်၊ ဖြစ်ချင်ပါက သမုဒယ ဒုက္ခဖြစ်ကြောင်းမှတ်၊ ဖြစ်ပျက်ကိုမြင် မဖြစ်ချင် မဂ္ဂင်တရားမှတ်၊ မဖြစ်ပါမှ နိရောဓ ဒုက္ခ အေးငြိမ်းမှတ်၊ သံပေါက်ကဗျာ ဤလင်္ကာ စိတ်မှာ စွဲမြဲမှတ်။
- ဒိဋ္ဌေ ဝိစိ ပယ်သတ်ဘိ၊ အာဒိ မဂ်သောတာ။

  ကာ ဗျာ နှစ်ထွေ၊ ကြွင်းကျန်လေ၊ မှတ်လေ သကဒါဂါမ်။

  ကာ ဗျာ နှစ်ထွေ၊ အကုန်ခွါ၊ မှတ်လေ အနာဂါမ်။

  သဗ္ဗကိလေ၊ အကုန်ခွါ၊ မှတ်လေ အရဟတ္တာ။

www.burmeseclassic.com

www.burmeseclassic.com



- အကုသိုလ်ကာမ၊ ကင်းလေစွ၊ မှတ်ကြ ပထမစျာန်။
ဝိတက် ဝိစာရ၊ ကင်းလေမှ၊ မှတ်ပါ ဒုတိယစျာန်။
ပီတိနှဲ့သာ၊ မကင်းလေပါ၊ မှတ်ပါ တတိယစျာန်။
ထွက်လေ ဝင်လေ ကင်းပါပေ၊ မှတ်လေ စတုတ္ထစျာန်။
ရုပ်တရားက ကင်းလေက၊ မှတ်ကြ အရူပ။
ရုပ်တရားသာ ကင်းဆိတ်ပါ၊ မှတ်ပါ အရူပ။
သဉ်တမှ ကင်းဆိတ်က၊ မှတ်ပါ အသဉ်တ။
- ပညတ် နာမ်ရုပ်၊ ပုံကို နုတ်၍၊ နာမ်ရုပ်ပီပြင် နိဗ္ဗာန်ခွင်ကို၊ ကောင်းကင်လို့ခေါ်သည်။
- သန္တိငြိမ်ပေ့၊ မရွေ့လက္ခဏာ၊ နိမိတ်မှာမရှိ၊ နိဗ္ဗာန်၏ မျက်မှောက်သိ လက္ခဏာ။
- **တပေါစ**- ကိလေသာတို့ကို ခြိုးခြံစွာကျင့်ရခြင်းသည်လည်းကောင်း၊
**ဗြဟ္မစရိယဉ္စ**- မြတ်သောအကျင့်ကို ကျင့်ရခြင်းသည် လည်းကောင်း၊
**အရိယသစ္စာန ဒဿနံ** - အရိယာတို့သိအပ်သော သစ္စာကိုသိရခြင်းသည်လည်းကောင်း၊
**နိဗ္ဗာနသစ္ဆိကိရိယာစ**- နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည်လည်းကောင်း၊
**မင်္ဂလံ**- မင်္ဂလာမည်၏။
- ကိလေသာခြောက်ပါးသာစောင့်လိုက်ပါ၊ သူ့မှာ အဘိဇ္ဈာ ဒေါမနဿ မဖြစ်သတည်း။
- ကိလေသာ အတိုင်းသာ ထားလိုက်ပါ၊ သူဟာ နိဗ္ဗာန်ရောက်သတည်း။
- **အနိစ္စာဝတ သင်္ခါရာ၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ**-အလုံးစုံသော သင်္ခါရတရားတို့သည်မမြဲ။
**ဥပ္ပါဒ ဝယ ဓမ္မိနော**- ဖြစ်ခြင်း ပျက်ခြင်း သဘောရှိတယ်။
**ဝူပသမော သုခေါ**- ဖြစ်ခြင်း ပျက်ခြင်းတို့ ကင်းငြိမ်းရာဖြစ်သောနိဗ္ဗာန်။
**- ရူပံ ဘိက္ခဝေ သုညံ၊ ဝေဒနာ ဘိက္ခဝေ သုညံ၊ သညာ ဘိက္ခဝေ သုညံ၊ သင်္ခါရာ ဘိက္ခဝေ သုညံ၊ ဝိညာဏံ ဘိက္ခဝေ သုညံ-နိစ္စေနဝါ၊ ဓုဝေနဝါ၊ အတ္တေနဝါ၊ အတ္တနိယေနဝါ၊ သဿတေနဝါ၊ အဝိပရိဏာမနေနဝါ။**
- **အသုတဝါ ပုထုဇ္ဇနော၊ သုတဝါ အရိယသာဝကော၊ ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ။**
**- ဖေဏ ပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ၊ မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ၊ မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာ ဒိစ္စ ဗန္ဓုနာ။**

www.burmeseclassic.com

www.burmeseclassic.com



- ရူပံဤရုပ်၊ ရေမြှုပ်သဏ္ဍာန်၊ အနိစ္စပဲမမြဲကေန်၊
  မကင်းဘဲမို့ဆင်းရဲပူပန်၊ အနတ္တမှတ်ကြဇေဝကန်။
- ဝေဒနာရေပွက်၊ တူတဲ့သဏ္ဍာန်၊ အနိစ္စပဲမမြဲကေန်၊
  မကင်းဘဲမို့ဆင်းရဲပူပန်၊ အနတ္တမှတ်ကြဇေဝကန်။
- သညာ နာမ်ဓာတ်၊ တံလျှပ်သဏ္ဍာန်၊အနိစ္စပဲမမြဲကေန်၊
  မကင်းဘဲမို့ ဆင်းရဲပူပန်၊ အနတ္တမှတ်ကြဇေဝကန်။
- သင်္ခါရက္ခန္ဓာ၊ ငှက်ပျောသဏ္ဍာန်၊ အနိစ္စပဲ မမြဲကေန်၊
  မကင်းဘဲမို့ ဆင်းရဲပူပန်၊ အနတ္တမှတ်ကြဇေဝကန်။
- ဝိညာဏ်မျက်လှည့်၊ တူတဲ့သဏ္ဍာန်၊ အနိစ္စပဲ မမြဲကေန်။
  မကင်းဘဲမို့ ဆင်းရဲပူပန်၊ အနတ္တမှတ်ကြ ဇေဝကန်။
- **ဣမေ**- ဤလောဘ ဒိဋ္ဌိ မောဟတို့သည်၊ **အာသဝါ**- အာသဝတို့ဖြစ်ကုန်၏။
- **ဒိဋ္ဌိ**- မြင်အပ်သော ရုပ်ရုံအစရှိသည်၌၊ **နလဗ္ဘတိ**- မငြိကပ်။
- **ဒိဋ္ဌိ ပဋိစ္စ ဒေါသော ဥပ္ပဇ္ဇတိ**
  **ဒိဋ္ဌိ**- ဒိဋ္ဌိကို၊ **ပဋိစ္စ**- စွဲ၍၊ **ဒေါသော**- ဒေါသသည်၊ **ဥပ္ပဇ္ဇတိ**- ဖြစ်၏။
- **ဒေါသံ ပဋိစ္စ ဝိဒ္ဒေသော ဥပ္ပဇ္ဇတိ**
  **ဒေါသံ**- ဒေါသကို၊ **ပဋိစ္စ**- စွဲ၍၊ **ဝိဒ္ဒေသော**- မုန်းခြင်းသည်၊ **ဥပ္ပဇ္ဇတိ**- ဖြစ်၏။
- **ဒိဋ္ဌိ ပဋိစ္စ ဝေဒနာ ဥပ္ပဇ္ဇတိ**၊ **ဒိဋ္ဌိ**-ဒိဋ္ဌိကို၊ **ပဋိစ္စ**-စွဲ၍၊ **ဝေဒနာ**-ဝေဒနာသည်၊ **ဥပ္ပဇ္ဇတိ**-ဖြစ်၏။
- **ဝေဒနာ အတ္တတော သမနုပဿတိ**၊ **ဝေဒနာ**- ဝေဒနာကို၊ **အတ္တတော**- ငါဟူ၍၊ **သမနုပဿတိ**- ရှု၏။ ဝေဒနာကို 'ငါ' ဟူ၍မရှုရင် ဒိဋ္ဌိမရှိဘူး။
- ဝေဒနာမှာ 'ငါ' မပါ၊ အဝိဇ္ဇာပျောက် သစ္စာရောက်၏။ ချုပ်ပျောက် တဏှာ အဝိဇ္ဇာနှင့် ဥပါဒါန်လည်း မဖိစီးတော့၊ ကမ္မဘဝချုပ်ပျက်ရ၍ ပဋိစ္စသမုပ္ပါဒ် ဘဝဇာတ်သည် အပြတ် ဉာဏ်ကြောင့် ဖြစ်သတည်း။ အပြတ် ပရမတ္ထကြောင့် ဖြစ်သတည်း။ ပဋိစ္စသမုပ္ပါဒ်ဘဝဇာတ် သည် အပြီးဒီတွင် ချုပ်သတည်း။
- ဉာဏဝိပ္ပယုတ် အကုသိုလ်၊ လောကီကိုသာ အာရုံပြုစမြဲ။
  ဉာဏသမ္ပယုတ် အဘိညာဉ်၊ အရဟတ္တဖိုလ်ကြဉ်၊ အကုန်အာရုံပြုစမြဲ။
- **သတိသ ကထံဝိညာဏံ ဥပရုဇ္ဈတိ**
  သတိနဲ့ယှဉ်ပြီး ကျင်လည်ကျက်စားသွားလာနေတဲ့ ပုဂ္ဂိုလ်ဝိညာဏ် ဘယ်အခါချုပ်သနည်း။

www.burmeseclassic.com

www.burmeseclassic.com



**အဇ္ဈတ္တဝေဒနာ ဗဟိဒ္ဓဝေဒနာ အနဘိနန္ဒတော**

သတိနဲ့ယှဉ်ပြီး ကျင်လည်ကျက်စားသွားလာနေတဲ့ ပုဂ္ဂိုလ်သည် အဇ္ဈတ္တဝေဒနာ ကို လည်းကောင်း၊ ဗဟိဒ္ဓဝေဒနာကိုလည်းကောင်း မနှစ်သက်လျှင်ဝိညာဏ်ချုပ်၏။

- **တတြာ ဘိရတိ မိစ္ဆေယျ၊ ဟိတွာကာမေ အကိဉ္စနော၊**
  **ပရိယောဒပေယျ အတ္တာနံ၊ စိတ္တ က္လေသေဟိ ပဏ္ဍိတော။**

  **ကာမေ**-အာရုံငါးပါးတို့ကို၊ **အကိဉ္စနော**-ကြောင့်ကြမဲ့၊ **ဟိတွာ**-ပယ်စွန့်၍၊ **တတြ -** ထိုနိဗ္ဗာန်၌၊ **အဘိရတိံ**-အလွန်မွေ့လျော်ခြင်းကို၊ **ဣစ္ဆေယျ**-အလိုရှိရာ၏၊ **ပဏ္ဍိတော**- ပညာရှိသည်၊ **အတ္တာနံ**-မိမိကိုယ်ကို၊ **စိတ္တက္လေသေဟိ**-စိတ်အညစ်အကြေးတို့မှ၊ **ပရိယောဒပေယျ**- ဖြူစင်စေရာ၏။

- **နိဗ္ဗာနံ အဓိမုတ္တာနံ**- နိဗ္ဗာန်ကို နှလုံးသွင်းကုန်သောသူတို့အား၊ **အာသဝါ**- အာသဝေါတရား တို့သည်၊ **အတ္ထံ**- ချုပ်ခြင်းသို့၊ **ဂစ္ဆန္တိ**- ရောက်ကုန်၏။

- **စရံဝါ**- သွားသောအခါ၌လည်းကောင်း၊ **တိဋ္ဌံဝါ**- ရပ်သောအခါ၌ လည်းကောင်း၊ **နိသိန္နောဝါ**- ထိုင်သောအခါ၌လည်းကောင်း၊ **သယံဝါ**- လျောင်းသောအခါ၌ လည်းကောင်း၊ **အဇ္ဈတ္တံ**-အဇ္ဈတ္တ သန္တာန်၌၊ **သမယံ**- အခါ၊ **စိတ္တံ**- စိတ်သည်၊ **သန္တံ**- ငြိမ်သက်ခြင်းကို၊ **အဇ္ဈဂါ**- ရပြီ။

- **ဧကော**- တစ်ယောက်ထဲတည်း၊ **ဝူပကဋ္ဌော**- တိတ်ဆိတ်သည်ဖြစ်၍၊ **အာတာပီ**- ပြင်းထန် သော ဝီရိယရှိပြီး၊ **ပဟိတတ္တော**- ကိုယ်နှင့်အသက်မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍၊ **အာရဒ္ဓော**- အားထုတ်သည်ရှိသော်၊ **နစိရဿေဝ**- မကြာမြင့်မီ သာလျှင်၊ **အာသဝေဟိ**- အာသဝေါတရားတို့မှ၊ **ဝိမုတ္တော**- ကင်းလွတ်သည်ဖြစ်၍၊ **အရဟတ္တံ**- အရဟတ္တ ဖိုလ်သို့၊ **အပါပုဏိ**- ဆိုက်ရောက်လေပြီ။

- အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါး ဤတရားကို၊ ဖွားဖွားနှုတ်ဝယ် သရဇ္ဈာယ်၍ ကိုယ်ဝယ်စောင့်ရှောက်၊ ဆောက်တည်ကြလေ၊ လည်တွင်ဆွဲတဲ့ ပုလဲကုံးသို့မြဲကြစေ။
- အနိစ္စ ဒုက္ခ အနတ္တနှင့်၊ လက္ခဏာသုံး ပုလဲကုံးကို၊ စွဲသုံးပန်ဆင်မေတ္တာဝင်၍ တွင်တွင်နေ့ည၊ အားထုတ်ကြသော်၊ ရောက်ရအမှန်ပြည်နိဗ္ဗာန်ကို၊ ဧကန်လက်ခတ်မလွဲတည်း။
- အနိစ္စကောင် ဒုက္ခကောင်ထင်အောင် နှလုံးသွင်း။
- အနိစ္စတုံး ဒုက္ခတုံး လုံးလုံးမှတ်ကြမင်း။

www.burmeseclassic.com

www.burmeseclassic.com



- သက်တော်ထင်ရှားဘုရားရှိသေးတယ်၊ အမှားနဲ့အမှန်၊ ဘုရားဆို 'ဉာဏ်'၊ အမှားကို အမှန်မလုပ်နဲ့၊ တရားဆို 'နာမ်ရုပ်'ကွဲ၊ ဟန်မလုပ်နဲ့ ပေ့၊ 'ကံ' ပြုတ်အောင် ကြိုးစားကြ။
- ငိုချင် လိုချင် ထိုနှစ်ချင် အစဉ်ပယ်ဖျောက်လေ။
- မှန်စွာပြောပြု မြင်မှု မှန်ကြံ၊ စိတ်နေ စိတ်ထား၊ ကြိုးစားကြပါန်၊ ဤရှစ်ချက် တစ်ချက်မဂ်ကိစ္စ၊ အကုန်ပြီး မငြီးနိဗ္ဗာန်စံ။

**ဆုပေးသံပေါက်လက်ာ**

- ပထမတန်း ၊ ကောင်းခန်းအလွန်၊ ကာယဗလ တောင့်လှအလွန်၊ လူတွင်ရုပ်ချော၊ သဘော ကကောင်း အပြောကောင်းနှင့်၊ အကောင်းတွေစုံ၊ လူ့ဘုံလောက၊ ထိပ်တန်းကျအောင်၊ ဂုဏ်ကထွက်၊ အောင်ချက်ကကောင်း၊ ဒီတွေ (Distinction) လောင်း၍၊ အကြောင်းမျိုးစုံ တစ်ပုံ တစ်ပင်၊ မယုံချင်စရာ ဖြစ်စေသတည်း။
- ကျန်းမာ၊ ချမ်းသာ၊ ဝမ်းသာ၊ ရွှင်ပျဖြစ်စေသတည်း။
  ဣစ္ဆိတံ လောကီ၊ လောကုတ္တရာ လိုရာရ၍ ဝမ်းမြောက်ရစေသတည်း။

**ဓမ္မာနုပဿနာဆိုတာ–**

- တကယ်ရှိတဲ့ ဓမ္မသဘာဝတွေကို ဓမ္မအတိုင်း အမှန်သိသိပေးနေတဲ့ ဉာဏ်ကို ခေါ်တယ်။
- ပညတ်မဖက် သက်သက်သော ပရမတ်တရားကို တိုက်ရိုက်ရှုတာ ဓမ္မာနုပဿနာပဲ။
- ပညတ် ပရမတ်ကို အထူးခွဲခြားသိရတယ်။
- ပရမတ်ဉာဏ်နဲ့ ကြာကြာနေနိုင်အောင် အလေ့အကျင့် လုပ်ပေးရတယ်။

**ဓမ္မာနုပဿနာနဲ့ ရှုပွားနေရင်**

- လုပ်ရင်းကိုင်ရင်း နှလုံးသွင်း ထင်လင်းရှုနိုင်ချက်
- သွားရင်းလာရင်း နှလုံးသွင်း ထင်လင်းရှုနိုင်ချက်
- ရောင်းရင်းဝယ်ရင်း နှလုံးသွင်း ထင်လင်းရှုနိုင်ချက်
- ခရုဖမ်းသထက် လွယ်ကူချက် အပျက်မြင်နိုင်ချက်
- ဖြစ်တာက ဥဒယဉာဏ်၊ ပျက်တာက ဝယဉာဏ်
- ပျက်နေတယ် ပျက်နေတယ် မှန်စွာသုညသိရမယ်။
- ဓမ္မာနုပဿနာဆိုတာ ဉာဏ်၊ ဓမ္မာနုပဿီဆိုတာ ပုဂ္ဂိုလ်။
- ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိဆိုတာ ဓမ္မနဲ့နေသော ပုဂ္ဂိုလ်။

www.burmeseclassic.com

www.burmeseclassic.com



# ကျေးဇူးတော်ရှင် စမ္မာနုပဿနာ ပခုက္ကူဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဣန္ဒောဘာသ မဟာထေရ် (အနိစ္စဆရာတော်) စုစည်းထားသည့် ကမ္မဋ္ဌာန်းနည်းများ

- ဖောင်းပိန် မဟာစည်၊ ဟံသာဝတီ လယ်တီ နှာသီးဖျား
- ပြင်းပြင်းရှူလျှင် စွန်းလွန်းပင်၊ သန်လျင် လက်ထိပ်ဖျား
- ယနခွဲလျှင် မိုးညှင်းပင်၊ မင်းကွန်းသတိပဋ္ဌာန်ပွား
- စိစစ်ဖို့ကော မကောင်းဘူးလော သူဟောမုံလယ်တရား
- ကသစ်ဝိုင်၊ မိုးကုတ် ဖြစ်ပျက်လုပ် ကျဉ်းချုပ် နိဗ္ဗာန်သွား
- အလံတစ်ရာ ရိုးစုသာ ကြည့်ကာရှုကာပွား
- လက်ပံတန်း ရင်ချိုင့်၊ စိတ်ကိုစိုက် ရှုလိုက် ဓာတ်တရား
- ကနီရေတွက်၊ ဆရာသက် ထိပ်ထက် ကွက်၍ထား
- ဒွတ္တိုသာစုံ ရတနာပုံ၊ ကြည့်ရုံ ဝေဘူထား
- တုံးနာမ် တိုင်နာမ် တစ်နည်းဖန် အမှန်ကြောင်ပန်းတရား
- ကျောက်သဘော်ဆရာတော် တစ်နည်းဖော် သူသော်စိတ်တိုင်းထား
- မိုးညိုထိသိ ပွားသတိ၊ များ၏ အကျိုးတရား
- ဗုဒ္ဓါနုဿတိ ကြို့ကုန်း၏ နည်းသိ ကမ္မဋ္ဌာန်းတရား
- ဉာဏစာဂီ မဟာထီ သူသည် ငယ်ထိပ်ထား
- ရွှေတောင်ဆရာတော် တစ်နည်းဖော် သူသော် မြက်တရား
- နိုင်ငံခြားမှ တရားပြ သူက ဦးဘခင်
- ခန္ဓာဒွါရ တစ်နည်းပြ သူက ဦးမြင့်သိန်း
- ထွက်လေဝင်လေ ပြသူတွေ သူလေ ဖားအောက်မှတ်
- ယထာဘူတ လမ်းညွှန်ပြ သူကဦးစံသိမ်း
- ဣရိယာပုထ်ကြာမှ သဘောကျ သူက ဦးစိုးညွှန့်
- ဝိပဿနာသုံးဆယ်ဟောနည်းကျယ် မှတ်ဖွယ် ကမ္ဘာ့ဝိပဿနာတရား
- မော်ဘီကမူ နှစ်ဆရှု၍ ဝေဒနာတစ်မတ် ရှုတစ်မတ်နှင့် ကျပ်ဝေဒနာ ကျပ်ရှုကာဖြင့် ခန္ဓာကိုယ်အား အသုဘပွားသည် မှတ်သား မြန်ပြည် ကမ္မဋ္ဌာန်းတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ဘုရားကြီး ဘဒ္ဒန္တဣန္ဒောဘာသ မဟာထေရ် (အနိစ္စဆရာတော်) ၏ “ ဝဋ်သုံးပါးသာ သိလိုက်ပါ လွတ်မှာသေချာသည် တရားတော်”

♦ ဝိပါကဝဋ် အချင်းချင်း အဆက်အသွယ်ကင်း အလျဉ်းကိလေသဝဋ် မဖြစ်သတည်း။

သူကလည်း ဝိပါကဝဋ်၊ ကိုယ်ကလည်း ဝိပါကဝဋ်နော်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနတွေက ဝိပါကဝဋ်၊ ဝိပါကဝဋ်ဆိုတော့ ကုသိုလ် အကုသိုလ် မဖြစ်သေးတာနော်။

♦ ကိလေသဝဋ်သာ မဖြစ်ပါ ကမ္မဝဋ်ဟာ မဖြစ်သတည်း။

ကိလေသာ ဆိုတာက လောဘ၊ ဒေါသ၊ မောဟပေါ့၊ လိုချင်တာတွေ၊ ချစ်တာတွေ၊ မုန်းတာတွေပေါ့၊ အဲဒါတွေက ကိလေသဝဋ်ပေါ့။ လောဘ၊ ဒေါသ၊ မောဟတွေ၊ ချစ်တာ၊ မုန်းတာတွေ မဖြစ်ဘူးဆိုရင် ကာယကံ၊ ဝစီကံ၊ မနောကံတွေ မဖြစ်ဘူးလို့မှတ်၊ အဲဒါ ကိုယ့်ဟာကိုယ်မဟုတ်ဘူး၊ ဟုတ်တယ်၊ ကိုယ့်ဟာကိုယ် ချိန်ဆလို့ရတယ်။

♦ ကမ္မဝဋ်သာ မဖြစ်ပါ ဝိပါကဝဋ်ဟာ မဖြစ်သတည်း။

ကမ္မဝဋ်က ကာယကံအပြစ်၊ ဝစီကံအပြစ်၊ မနောကံအပြစ်တွေရှိတယ်။ မနောကံအပြစ်ဆိုတာ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတွေကို ခေါ်တယ်။

♦ ဝိပါကဝဋ်သာ မဖြစ်ပါ သူဟာ အရိယာ ဖြစ်သတည်း။

♦ ကံသုံးပါးမှာ မဂ္ဂင်ပါ သူဟာအရိယာဖြစ်သတည်း။

မနောကံအပြစ်မဖြစ်ဘူး၊ လောဘ၊ ဒေါသ၊ မောဟ၊ ချစ်ခြင်း၊ မုန်းခြင်းလည်း မဖြစ်ဘူး ဆိုရင် အရိယာဖြစ်တာပေါ့၊ အရိယသစ္စာန ဒဿနံ ဆိုတာ အဲဒါခေါ်တာပေါ့။

♦ ဝဋ်သုံးပါးသာ သိလိုက်ပါ လွတ်မှာ သေချာသည်။

သူငါ မထားတော့ လောဘလည်း မဖြစ်တော့ဘူး၊ ဒေါသလည်း မထွက်တော့ဘူး၊ ဝိပါကဝဋ်၊ ကိလေသဝဋ်၊ ကမ္မဝဋ်ဆိုတဲ့ ဝဋ်သုံးပါးလည်း မရှိတော့ဘူး၊ သံသရာက လွတ်မြောက်ရာ နိဗ္ဗာန်ကို ရောက်တာပေါ့။

www.burmeseclassic.com